ERIA
Economic Research Institute for ASEAN and East Asia




# ထွန်းတောက်လာသော အာဆီယံ

## ၂၀၁၅ အလွန် အာဆီယံနှင့် အာဆီယံ စီးပွားရေး အသိုက်အဝန်း

Ponciano Intal, Jr., Yoshifumi Fukunaga, Fukunari Kimura,
Phoumin Han, Philippa Dee, Dionisius Narjoko, Sothea Oum

# ထွန်းတောက်လာသော အာဆီယံ

## ၂၀၁၅ အလွန် အာဆီယံနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း

Ponciano Intal, Jr., Yoshifumi Fukunaga, Fukunari Kimura,
Phoumin Han,Philippa Dee, Dionisius Narjoko, Sothea Oum

National Library of Indonesia Cataloguing in Publication Data
-ASEAN RISING:ASEAN AND AEC BEYOND 2015-
Jakarta:Economic Research Institute for ASEAN and East Asia, 2008

Published by Economic Research Institute for ASEAN and East Asia (ERIA)
© 2014

All rights reserved. No part of this publication may be reproduced, stored in a retrieval system, or transmitted, in any form or by any means, electronic, mechanical, photocopying, recording or otherwise, without prior notice to or permission from the Publisher.

| | |
|---|---|
| Myanmar Translation | : MMRD Business Insight and Yangon University of Economics |
| Cover Design | :MMRD Publication Division |
| Layout and Design | :MMRD Publication Division |

# ကျေးဇူးတင်လွှာ

ယခု "ထွန်းတောက်လာသော အာဆီယံ- ၂၀၁၅ အလွန် အာဆီယံနှင့် အာဆီယံ စီးပွားရေး အသိုက်အဝန်း" အမည်ရှိ အစီရင်ခံစာ အပြည့်အစုံသည် မြောက်များလှစွာသော လူတစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်းမှု၊ ပံ့ပိုးမှုများ မပါဘဲ ယခုအခြေအနေသို့ မည်သည့်နည်းနှင့်မှ ရောက်မလာနိုင်ပေ။ ကျွန်ုပ်တို့၏ အာဆီယံနှင့် အရှေ့အာရှဆိုင်ရာ စီးပွားရေး သုတေသန အဖွဲ့အစည်း (ERIA) အနေဖြင့် ဒေသတွင်းရှိ ၃၀ ထက် မနည်းသော ကျွမ်းကျင်ပညာရှင်များနှင့် အထူးပြုပညာရှင်များအား ၎င်းတို့၏ ယူဆချက်များကို အတွေးအမြင်များ၊ စာတမ်းများမှတဆင့် ရေးသားဖော်ပြ မျှဝေပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။ ထိုပညာရှင်များထဲမှ အတော်များများသည်လည်း ယခု စာတမ်းရေးသားရာတွင် လူကိုယ်တိုင် ပူးပေါင်းပါဝင်ခဲ့ကြပါသည်။ (နောက်ဆက်တွဲတွင် ထိုစာရေးဆရာများနှင့် ၎င်းတို့၏ စာတမ်းများကို ဖော်ပြထားပါသည်။) ERIA အနေဖြင့် အာဆီယံ စီးပွားပေါင်းစည်းမှု အဆင့်မြင့် အလုပ်အဖွဲ့ (ASEAN High Level Task Force on Economic Integration) ကိုလည်း ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ဂျကာတာ၊ ကွာလာလမ်ပူ၊ ရန်ကုန်နှင့် မနီလာတို့တွင် ပြုလုပ်သော အလုပ်ရုံ ဆွေးနွေးပွဲများ တစ်လျှောက်တွင် ၎င်းတို့၏ စဉ်ဆက်မပြတ် ပံ့ပိုးပေးခဲ့သည်များအတွက် ကျေးဇူး အထူး တင်ရှိကြောင်း ဖော်ပြလိုပါသည်။ တဖန် ထိုအလုပ်ရုံ ဆွေးနွေးပွဲများမှာ အောက်ဖော်ပြပါ အဖွဲ့အစည်းများနှင့် အစိုးရ အဖွဲ့များ၏ အကောင်းဆုံးသော ပူးပေါင်းဆောင်ရွက်မှုနှင့် ပူးပေါင်းလုပ်ကိုင်မှုများ မရှိပါက မည်သည့်နည်းနှင့်မျှ အောင်မြင်ရန် မဖြစ်နိုင်ပါသဖြင့် ကျေးဇူးတင်ကြောင်းကို လေးနက်စွာ ပြောကြားလိုပါသည်။

ထိုအဖွဲ့အစည်းများမှာ -

| | |
|---|---|
| ဂျကာတာ | မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာမှု စင်တာ (Centre for Strategic and International Studies) နှင့် ကုန်သွယ်မှု ဝန်ကြီးဌာန (Ministry of Trade) |
| ကွာလာလမ်ပူ | မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာမှု အဖွဲ့အစည်း (Institute for Strategic and International Studies)နှင့် နိုင်ငံတကာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန (Ministry of International Trade and Industry) |
| ရန်ကုန် | ရန်ကုန် စီးပွားရေး တက္ကသိုလ် (Yangon University of Economics) နှင့် အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန (Ministry of National Planning and Economic Development) |
| မနီလာ | ဖိလစ်ပိုင် ဖွံ့ဖြိုးမှု လေ့လာရေး အဖွဲ့အစည်း (Philippine Institute for Development Studies)နှင့် ကုန်သွယ်ရေးနှင့် စက်မှုဌာန (Department of Trade and Industry) |

ERIA အနေဖြင့် ၎င်း၏ (ဝါရင့်) စီနီယာ အသင်းဝင်များ ဖြစ်ကြသော Ponciano Intal, Jr. (senior researcher)၊ Fukunari Kimura (chief economist)၊ Yoshifumi Fukunaga (senior policy coordinator) နှင့်Dionisius Narjoko (researcher) တို့ကိုလည်း ၂၀၁၃ ခုနှစ် ပရောဂျက် ကာလတလျှောက်နှင့် ယခု စာအုပ်အတွက် ပြင်ဆင်မှု ပြုလုပ်သည့် ကာလတလျှောက်တွင် လုပ်ငန်းဆောင်တာများကိုနိုင်နင်းစွာဖြင့် ပူးပေါင်းလုပ်ဆောင်ခဲ့ကြသည့်အတွက် အထူးပင် ဂုဏ်ယူကြောင်း ပြောကြားလိုပါသည်။

ERIA အနေနှင့် အခြားဝန်ထမ်းများ၊ အစီရင်ခံစာအတွက် ပြင်ဆင်နေစဉ်တွင် သက်ဆိုင်ရာ စာတမ်းကိုယ်စီဖြင့် လာရောက် အားဖြည့်ပေးခဲ့ကြသော Han Phoumin, Osthea Oum, Lili Yan Ing, Fauziah Zen နှင့် Ikumo Isono အစရှိသည့် စီးပွားရေး ပညာရှင်များ၏ ပူးပေါင်းပါဝင်မှုကိုလည်း အသိအမှတ်ပြုကြောင်း ဖော်ပြလိုပါသည်။ ထိုသည်တို့ကြောင့် အဖွဲ့

အစည်းအားလုံး ပါဝင်အားထုတ်ထားသည့် အာဆီယံနှင့် ၂၀၁၅ အလွန် အာဆီယံ စီးပွားရေး အသိုက်အဝန်း စီမံချက်၏ အစိတ်အပိုင်းဖြစ်သော"ထွန်းတောက်လာသော အာဆီယံ- ၂၀၁၅ အလွန် အာဆီယံနှင့် အာဆီယံ စီးပွားရေး အသိုက်အဝန်း" စာအုပ်သည် အားလုံး ပေါင်းစည်း ပါဝင်ထားသော နောက်ဆုံး အသီးအပွင့်ပင် ဖြစ်ပါသည်။

ယခု "ထွန်းတောက်လာသော အာဆီယံ- ၂၀၁၅ အလွန် အာဆီယံနှင့် အာဆီယံ စီးပွားရေး အသိုက်အဝန်း" အစီရင်ခံစာသည် ERIA မှ အာဆီယံနှင့် အရှေ့အာရှ နိုင်ငံများ၏ ဒေသတွင်း ပေါင်းစည်းမှုအတွက် မရပ်မတန့် ထောက်ပံ့ပေးခဲ့မှုများ၏ နောက်ဆုံး ပြုလုပ်ထားသော ကြိုးပမ်းအားထုတ်မှုပဲ ဖြစ်ပါသည်။ ERIA အဖွဲ့အစည်း အနေနှင့် အစီရင်ခံစာထဲတွင် အကောင်းမြင်ဝါဒများသာ ရေးသားဖော်ပြထားပါသည်။ ထိုသို့ ပြုရခြင်းမှာလည်း အာဆီယံနှင့် ၎င်း၏ ဒေသတွင်း နိုင်ငံ များသည် စိန်ခေါ် မှုများကို ရင်ဆိုင်ဖြေရှင်းရန်နှင့် အခွင့်အလမ်းများကို ဖော်ထုတ်ကြရန်တို့တွင် အတူတကွ ညီညွတ်စွာ လုပ်ဆောင်ခဲ့ကြသည့်အတွက် ဒေသတွင်း တွင် ပိုမိုနက်ရှိုင်းသော ပေါင်းစည်းမှုများ ဖြစ်ပေါ် ပေါက်ဖွားလာစေသောကြောင့် ဖြစ်ပါသည်။ ယခု အစီရင်ခံစာပါ ရေးသားဖော်ပြချက်များသည် အာဆီယံနှင့် ၎င်း၏ ဒေသတွင်းနိုင်ငံများကို ၂၀၁၅ နှင့် ယင်းအလွန် ကာလများသို့ ယုံကြည်ချက် ခိုင်မာစွာဖြင့် ချီတက်ရန် အထောက်အပံ့ ဖြစ်စေလိမ့်မည်ဟု ကျွန်ုပ်တို့မှ မျှော်လင့်ပါသည်။ ERIA အနေနှင့် အာဆီယံကြီး ပေါ် ထွန်း လာရေးအတွက် လိုအပ်သည်များကို (ပံ့ပိုး) ပါဝင်အင်အားဖြည့်ရန် အဆင်သင့် ရှိနေမည် ဖြစ်ကြောင်း အဆုံးသတ် ပြောကြားလိုပါသည်။

Prof. Hidetoshi Nishimura

Executive Director

ERIA

20 January 2014

# လေ့လာရေး အသင်း ဖွဲ့စည်းပုံ

## ERIA ကမကထ ပြုလုပ်သည့် အသင်း -

Ponciano Intal, Jr.

Yoshifumi Fukunaga

Dionisius Narjoko

Fukunari Kimura (overall coordinator)

## ပေါင်းစပ် အစီရင်ခံစာရေးသူများ -

Ponciano Intal, Jr.

Yoshifumi Fukunaga

Han Phoumin

Philippa Dee, ANU

Sothea Oum

## စာတမ်းရေးသူများ -

A. ပေါင်းစည်းမှုနှင့် ယှဉ်ပြိုင်မှု မြင့်မားသော အာဆီယံ

Fukunari Kimura (ERIA/Keio), *Reconstructing the concept of "single market and production base" for ASEAN beyond 2015*

Jonathan Koh (Crimson Logic), *Towards a Truly Seamless Single Windows and Trade Facilitation Regime in ASEAN beyond 2015*

Oliver Cadot (Universite de Laussane), Ernawati Munadi (Universitas Wijaya Kusuma) and Lili Yan Ing (ERIA), *Streamlining NTMs in ASEAN: the Way Forward*

Simon Pettman (EAS Strategic Alliance), *Standards harmonization in ASEAN: Progress, challenges and moving beyond 2015*

Seiya Sukegawa (JETR0), *Improving further the investment climate in ASEAN, including taxation and incentives harmonization*

Casey Lee (Wollongong University) and Yoshifumi Fukunaga (ERIA), *Competition policy challenges of single market and production base*

Chia Siow Yue (Singapore Institute of International Affairs (SIIA)), *Towards freer movement of skilled labor in ASEAN beyond 2015*

Alan Khee-Jin Tan (National University of Singapore (NUS)), *Towards a Single Aviation Market in ASEAN: Regulatory reform and Industry challenges*

Philippa Dee (Australian National University), Dionisius Narjoko (ERIA) and Yoshifumi Fukunaga (ERIA), *In pursuit of informed regulatory conversations and regulatory coherence in ASEAN towards AEC 2015 and beyond: logistics services sector and trade facilitation*

Monica Wihardja (CSIS/ World Bank), *Financial integration challenges in ASEAN beyond 2015*

Ruperto Majuca (De La Salle University (DLSU)), *Managing economic shocks and macroeconomic coordination in an integrated region: ASEAN beyond 2015*

## B. ယှဉ်ပြိုင်မှုများနှင့် အင်နှင့်အားတိုက်တက်ကြွမှုရှိသော အာဆီယံ

Mitsuyo Ando (Keio University) and Fukunari Kimura (ERIA/Keio University), *The changing shape of industrial restructuring in East Asia: what are the opportunities and challenges for ASEAN?*

Hideo Kobayashi (Waseda University), *Building ASEAN as a global automotive hub*

Vo Tri Thanh (Central Institute of Economic Management, Viet Nam), *Engendering industrial clusters and SME development in ASEAN*

Yose Rizal Damuri (Centre for Strategic and International Studies

(CSIS)), *Service sector development and value chain upgrading and competitiveness of the goods sector in ASEAN beyond 2015*

Hisanobu Shishido (Tokyo Women's Christian University), Shintaro Sugiyama (ERIA) and Fauziah Zen (ERIA), *Moving MPAC Forward: strengthening Public-Private Partnership, improving project portfolio, and in search of practical financing schemes*

Rajah Rasiah (University of Malaya), *Stimulating innovation in ASEAN: institutional support, R & D activity and intellectual property rights*

Tomohiro Machikita (Institute of Developing Economies (IDE)) and Yasushi Ueki (IDE), *Who disseminates technology to whom, how and why: evidence from buyer-seller networks*

Hank Lim (SIIA), *Government policies, technology transfer and innovation: lessons and recommendations for ASEAN beyond 2015*

Titik Anas (CSIS) and Haryo Ashwichoyo (CSIS), *Can ASEAN cities be centers of liveability and creativity?*

Tereso Tullao Jr (De La Salle University), *Education and human capital development to strengthen R & D capacity in ASEAN*

Wing Thye Woo (Penang Institute), *Overcoming the middle income trap: lessons from historical and comparative experiences and their relevance to AMSs and ASEAN*

## C. အားလုံး အကျုံးဝင်၍ ကြံ့ခိုင်သော "အာဆီယံ" ဖန်တီးရေးဆီသို့

Ikumo Isono (ERIA) and Fukunari Kimura (ERIA/Keio), *Geographic Inclusiveness: Success Achieved and Challenges Ahead*

Toshihiro Kudo (IDE), Satoru Kumagai (MIER) and So Umezaki (JETRO), *Making Myanmar the star growth performer in ASEAN in the next decade: a proposal of five growth strategies*

Nipon Poapongsakorn (Thailand Development Research Institute), *Whither ASEAN agriculture in a fast industrializing region?*

Paul Teng (RSIS) and Mely Anthony (RSIS), *Thought/Issues paper on*

*ASEAN food security: Towards a more comprehensive framework*

Yasuyuki Sawada (University of Tokyo) and Fauziah Zen (ERIA), *Disaster Management in ASEAN*

Mukul Asher (NUS) and Fauziah Zen (ERIA), Jakarta Framework and the *design of the social safety nets for ASEAN countries*

D. ကမ္ဘာ့အာဆီယံ

Simon Tay (SIIA), *Growing an ASEAN voice? A common platform in global and regional governance*

Dennis Hew (APEC PSU), *AEC beyond 2015 and APEC beyond Bogor goals: Exploiting Synergies*

Chiang Jae Lee (KIEP) and Shujiro Urata (Waseda University/ERIA), *Interaction among AEC, RCEP, TPP and WTO*

Titik Anas (CSIS) and Dionisius Narjoko (ERIA), *Interaction among AEC, RCEP, TPP and WTO: Perspective from an AMS*

Steve Wong (Institute for Strategic and International Studies), *Role of track 2 and 1.5 Institutions in ASEAN integration process*

Rizal Sukma (CSIS), *ASEAN Beyond 2015: The imperatives for further institutional changes*

E. စွမ်းဆောင်ချက်နှင့် အလားအလာများ

Ken Itakura (Nagoya City University), *ASEAN prospects beyond 2015: a baseline simulation with GTAP*

John Paolo Rivera (De La Salle University), *ASEAN Performance*

## သုတေသနပြု ပုဂ္ဂိုလ်များ

Muhamad Sowwam

Riandy Laksono

Robertus Herdiyanto

# မာတိကာ

ကျေးဇူးတင်လွှာ ........................................................................... ဏ
လေ့လာရေး အသင်း ဖွဲ့စည်းပုံ....................................................................... င
ဇယားများ စာရင်း ........................................................................... ၅
ကားချပ်များ စာရင်း........................................................................... ဏ
အတိုကောက်စကားလုံးများ ........................................................................... န
အခန်း(၁) အာဆီယံနှင့် အေအီးစီ၊ တိုးတက်မှုနှင့် စိန်ခေါ်မှုများ
သိသာထင်ရှားသောစီးပွားရေးနှင့် လူမှုရေးဆိုင်ရာတိုးတက်မှု ..............၁
စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် သိသာထင်ရှားသော တိုးတက်မှု ...၃၁
စိန်ခေါ်မှုများ ...........................................................................၄၄
အခန်း(၂- က) မျှော်မှန်းချက်နှင့် ရည်ညွှန်းရလဒ်များ
၂၀၁၅ အလွန် အာဆီယံမျှော်မှန်းချက်များ ....................................၅၉
ဆန္ဒရှိသော ရလဒ်များ - ရည်ရွယ်ချက်မြင့်မား အာဆီယံ! ..................၆၆
အခန်း(၂- ခ) ASEAN အတွင်းစဉ်ဆက်မပြတ် မြင့်မားပြီးညီမျှသော တိုးတက်မှုရရှိရန် ရည်ရွယ်သောမူဘောင်
အခြေခံမူဘောင် ...........................................................၁၀၉
AEC နှင့် ASEAN ဒေသတွင်းပေါင်းစည်းရေး နှင့် ဖွံ့ဖြိုးမှုပုံစံ..............၁၃၉
အခန်း(၃) တစ်ခုတည်းသောအာဆီယံဈေးကွက်နှင့် ထုတ်လုပ်မှု အခြေခံဒေသကို ဦးတည်သော ပေါင်းစည်းမှုနှင့် ယှဉ်ပြိုင်မှုမြင့်မားသော အာဆီယံ
အကောက်ခွန် ...........................................................၁၅၃
အကောက်ခွန်မဟုတ်သောနည်းလမ်းများ/ အကောက်ခွန်မဟုတ်သော အတားအဆီးများ ...........................................................၁၅၄
ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် ကုန်စည်များ လွယ်ကူစွာ ထောက်ပံ့ ပို့ဆောင်ခြင်း.....................................................၁၆၉

ကာလလတ်နှင့် ကာလရှည် - ၂၀၂၀ ကျော်လွန်ပြီးနောက်..............၁၇၈
အာဆီယံကုန်သွယ်မှုတွင် နည်းပညာဆိုင်ရာ အတားအဆီးများကို
ဖော်ပြခြင်း- စံသတ်မှတ်ချက်များနှင့် ထုံးတမ်းစဉ်လာနှင့် ကိုက်ညီမှု....၁၈၁
ပြိုင်ဆိုင်မှုမြင့်မားသော စျေးကွက်များ : ဝန်ဆောင်မှုများ၊
ရင်းနှီးမြှုပ်နှံမှုများနှင့် ပြိုင်ဆိုင်မှု မူဝါဒ ........................................၁၉၁
ဆက်နွယ်သည့်အာဆီယံ .......................................................၂၀၄
အခန်း(၄) ယှဉ်ပြိုင်မှုများ နှင့် အင်တိုက်အားတိုက်တက်ကြွမှုရှိသော အာဆီယံ
နိဒါန်း...................................................................................၂၁၇
ဒုတိယချည်နှောင်မထားခြင်း၊ ထုတ်လုပ်မှု ကွန်ယက်နှင့်အာဆီယံ......၂၂၁
အင်တိုက်အားတိုက်တကကြွမှုများနှင့် ပြိုင်ဆိုင်မှုရှိသော
စက်မှုလုပ်ငန်းအစုများ..........................................................၂၃၇
တီထွင်မှုရှိသောအာဆီယံသို့ရွေ့ရှားခြင်း.......................................၂၅၆
အခန်း(၅-က) အားလုံးအကျုံးဝင်၍ ကြံ့ခိုင်သော ' အာဆီယံ' ဖန်တီးရေးဆီသို့
နိဒါန်း...................................................................................၂၇၉
အာဆီယံနိုင်ငံများတွင် အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးမှု..၂၈၁
အာဆီယံအတွင်း ဖွံ့ဖြိုးမှုကွာဟချက်များကျဉ်းမြောင်းစေရေး-
IAI နှင့် မြန်မာ .........................................................................၂၉၇
ချိတ်ဆက်မှု၊ ပထဝီဝင်အနေအထားအရ အကျုံးဝင်မှုနှင့် အခြေခံ
အဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ...................................၃၀၇
လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် ရိက္ခာဖူလုံမှု ...........................၃၂၁
အာဆီယံအတွက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်
ဘေးကင်းရေးဖော်ဆောင်မှု .....................................................၃၃၃
အခန်း(၅-ခ) စွမ်းအင်ကြံ့ခိုင်စိမ်းလန်းသော အာဆီယံဆီသို့ မျှော်မှန်းလျက် စွမ်းအင်
ဒဏ်ခံနိုင်ရည်နှင့် စွမ်းအင်လုံခြုံရေးအတွက် အကြောင်းအရင်းများ
ရှာဖွေခြင်း
နိဒါန်း...................................................................................၃၄၆
စွမ်းအင်သုံးစွဲမှုနှင့် စွမ်းအင်ထိန်းသိမ်းမှုဆိုင်ရာ စီးပွားရေးအရအကျိုး
သက်ရောက်မှု..........................................................................၃၄၈
အာဆီယံအတွင်း စွမ်းအင်ကြံခိုင်မှုနှင့် စိမ်းလန်းသောတိုးတက်
ဖွံ့ဖြိုးမှုဆီသို့စွမ်းအင်လုံခြုံမှုအတွက်စုဆောင်းသိမ်းဆည်းခြင်း..........၃၅၇

အသစ်ပြန်လည်အစားထိုးနိုင်သောစွမ်းအင်မြှင့်တင်မှု.....................၃၆၅
စွမ်းအင်ကြွခိုင်စွမ်းရှိမှုနှင့် စိမ်းရောင်စိုဖွံ့ဖြိုးတိုးတက်မှုအတွက်
အာဆီယံတွင်သင့်လျော်သော စွမ်းအင်မူဝါဒအတွက် RE wave
နှင့် လိုအပ်ချက် ဆွဲဆောင်ခြင်း...............................................၃၇၄
အခန်း(၆) ကမ္ဘာ့အာဆီယံ
နိဒါန်း.................................................................................၃၈၅
ဒေသဆိုင်ရာလွှမ်းခြုံဖြန့်ကျက်သောစီးပွားရေးမိတ်ဖက်
တည်ဆောက်မှု (RCEP)......................................................၃၈၆
အာဆီယံအင်စတီကျူးရှင်း အင်အားတောင့်တင်းလာစေရေး ...........၄၁၀
APEC နှင့် မိတ်ဖက်ခြင်းကို ပို၍နက်ရှိုင်းပါစေ..............................၄၂၁
ကမ္ဘာ့နိုင်ငံများအသိုင်းအဝန်းအတွင်း အာဆီယံ၏အသံ..................၄၂၄
အခန်း(၇) တုံ့ပြန်မှုရှိသော အာဆီယံ
နိဒါန်း.................................................................................၄၂၉
အာဆီယံရှိလုပ်ငန်းပါတ်ဝန်းကျင် - တိုးတက်မှုနှင့် စိန်ခေါ်မှုများ ........၄၃၀
အလိုက်သင့်တုံ့ပြန်နိုင်သော စည်းမျဉ်း၊စည်းကမ်းချမှတ်မှု
စနစ် ៖ အခြေခံမှု ..........................................................................၄၄၁
အသိအမြင်များသော စည်းမျဉ်းသတ်မှတ်မှုဆိုင်ရာ ပြောဆို
ဆွေးနွေးမှုများ..............................................................................၄၄၉
ပြဿနာဟုဆိုသင့်ပါသလား?..................................................၄၅၅
လုပ်ဆောင်နိုင်ပါသလား ?......................................................၄၅၉
ရှေ့တွင်ဆောင်ရွက်ရမည့်နည်းလမ်းများ .....................................၄၆၄
အခန်း(၈) ရွေ့လျားပြောင်းလဲလျက်ရှိသောအာဆီယံနှင့် ၂၀၁၅ လွန်နှစ်များဆီ
ရှေ့သို့လှမ်းချီ အေအီးစီ ၂၀၁၅ လွန်၊ အေအီးစီလမ်းညွှန်ပုံစံနောက်
ဆက်တွဲ ကောက်နုတ်တင်ပြချက်များ ကောက်ချက်များနှင့်အရေးပါ
သည့် အကြံပြုဆွေးနွေးချက်များ
အာဆီယံနှင့် AEC တိုးတက်လာမှုနှင့် စိန်ခေါ်မှုများ ........................၄၆၇
မျှော်မှန်းချက် ရည်ညွှန်းချက်ရလာဒ်နှင့် မူဘောင်..........................၄၇၀
အာဆီယံပေါ်ထွန်းလာခြင်း အာဆီယံ! အရှိန်အထက်ဆုံးအချိန် ........၅၁၆
ရည်ညွှန်းချက်များ.................................................................................၅၂၉

# ဇယားများ

အခန်း(၁)

ဇယား (၁.၁) ကမ္ဘာပေါ်ရှိ ရွေးချယ်ထားသော ဒေသများ၏ ပျမ်းမျှတိုးတက်မှုနှုန်း
(ရာခိုင်နှုန်း) ..................................................................၂
ဇယား (၁.၂) ပျမ်းမျှဂင်ငွေ တိုးတက်မှုနှင့် တစ်ဦးကျဂင်ငွေ တိုးတက်မှုနှုန်း ................၄
ဇယား (၁.၃) အသုံးစရိတ်အရ စီးပွားရေးဖွံ့စည်းမှု ပုံသဏ္ဍာန်။ (စုစုပေါင်းတွင်
ပါဝင်မှုရာခိုင်နှုန်း)..............................................................၁၁
ဇယား (၁.၄) နိုင်ငံအလိုက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီးဝင်မှုအခြေအနေ
(ပုံသေ အရင်းတည်ဆောက်မှု၏ အချိုးအဖြစ်ဖော်ပြသည်။)..............၁၆
ဇယား (၁.၅) ၁၉၉၀ မှ ၂၀၁၁ ခုနှစ်အတွင်း အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံချင်းစီတွင်
တန်ဖိုးမြင့် စက်မှုကုန်ချောထုတ်ကုန်နှင့် စက်မှုကုန်ချောပို့ကုန်များ
ပေါ်တွင် FDI စီးဝင်လာမှုနှင့် ပမာဏ၏ အကျိုးသက်ရောက်မှု ...........၂၀
ဇယား (၁.၆) အာဆီယံနိုင်ငံများ၏ လူမှုရေးညွှန်ကိန်းများ
(၁၉၉၀-၂၀၀၅ နှင့် ၂၀၁၂ ခုနှစ်) ...............................................၃၁
ဇယား (၁.၇) အာဆီယံနှင့် ရွေးချယ်ထားသော ကုန်သွယ်ဖက်နိုင်ငံများကြား
ပို့ကုန်-သွင်းကုန် ဝေစုနှင့် ကုန်သွယ်ရေး စူးစိုက်မှုပြ ညွှန်ကိန်း ...........၄၂

အခန်း(၂-က)

ဇယား (၂က.၁-က)လူဦးရေနှင့် ဆင်းရဲမှု - ခန့်မှန်းခြေ.......................................၇၂
ဇယား (၂က.၁-ခ)၂၀၂၀ နောက်ပိုင်း ကာလများတွင် အာဆီယံ၊ တရုတ်၊
အိန္ဒိယတို့ရှိစာတတ်မြောက်မှုနှုန်းနှင့် (ကလေး) အာဟာရ
ချို့တဲ့မှုနှုန်း...................................................................၇၃
ဇယား (၂က.၂) အညွှန်းကိန်း ရလာဒ် တိုးတက်မှုနှုန်းများ, ၂၀၁၂-၂၀၃၀,
တစ်နှစ်ချင်း ရာခိုင်နှုန်း........................................................၈၀
ဇယား (၂က.၃)ဖွံ့ဖြိုးဆဲ စီးပွားရေးများ အားလုံးနှင့် ကမ္ဘာတွင် GDP, ကုန်သွယ်ရေးနှင့်
FDI တို့ ပါဝင်မှု အချိုးအစား - အာဆီယံနှင့် ရွေးချယ်ထားသော
ပါတနာများ.....................................................................၉၄
ဇယား (၂က.၄)အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးပတ်ဝန်းကျင် အညွှန်းကိန်း
အဆင့်နှင့်ရမှတ်များ..........................................................၉၉

ဇယား (၂က.၅)အာဆီယံ အဖွဲ့ဝင်နိုင်ငံများတွင် အစားအသောက်ဖူလုံမှု အညွှန်းကိန်း
အဆင့်နှင့် ရမှတ်များ..........................................................၁၀၅
ဇယား (၂က.၆)ပုံမှန်စီးပွားရေး အခြေအနေ (Business as Usual) နှင့်မူဝါဒ
အပြောင်းအလဲကာလ (Alternative Policy Scenario) တို့တွင်
စွမ်းအင် လိုအပ်ချက်များ......................................................၁၀၈

အခန်း(၂-ခ)
ဇယား(၂ခ.၁) ၂x၃ မူဝါဒဝန်းကျင်အခြေအနေဖြန့်ကျက်စီမံထားရှိမှုနှင့်
အစုအပုံဖြစ်လာခြင်း ..........................................................၁၄၇

အခန်း(၃)
ဇယား (၃.၁.က) AVE များ၏ ဈေးနှုန်းအခြေပြု ခန့်မှန်းချက်များ -
အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်......................................................၁၅၈
ဇယား (၃.၁.ခ) AVE များ၏ ဈေးနှုန်းအခြေပြု ခန့်မှန်းချက်များ -
ကမ္ဘောဒီးယားနှင့် လာအို ......................................................၁၆၀
ဇယား (၃.၂) Mode 1 ဖြေလျှော့မှုနှုန်းများ AFAS 7 နှင့် 8 အတွက် ကတိခံဝန်မှုများ
'Unbound'ကို ကန့်သတ်ချက်များအဖြစ် သို့မဟုတ် ကန့်သတ်ချက်
မဟုတ်သည်များအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း (ရာခိုင်နှုန်းဖြင့်)......၁၉၃
ဇယား (၃.၃) Mode 3 ဖြေလျှော့မှုနှုန်းများ AFAS 5, AFAS 7 နှင့် AFAS 8
ကတိခံဝန်ချက်များ အစုအဖွဲ့အလိုက်(ရာခိုင်နှုန်းဖြင့်) .....................၁၉၅

အခန်း(၄)
ဇယား (၄.၁) စုစုပေါင်းပို့ကုန် ပေါင်းစပ်ဖွဲ့စည်းမှုအချက်များ..............................၂၂၉
ဇယား (၄.၂) အရှေ့အာရှ၏ ဒေသတွင်း ကုန်သွယ်ရေး ၉- တန်ဖိုးနှင့်
ဈေးကွက် ဝေစု.................................................................၂၃၆
ဇယား (၄.၃.က) အမေရိကန် ပြည်ထောင်စု၊ အာဆီယံတို့တွင်မူပိုင်ခွင့်
လျှောက်လွှာတင်ခြင်း, ၂၀၀၆-၂၀၁၂ ....................................၂၅၈
ဇယား (၄.၃.ခ)မူပိုင်ခွင့် အရေအတွက် - တိုက်ရိုက် လျှောက်လွှာတင်ခြင်းများ
(လူဦးရေ တစ်သန်းလျှင်)......................................................၂၅၈
ဇယား (၄.၄) ကမ္ဘာလုံးဆိုင်ရာ အသစ်အဆန်း တီထွင်မှု ညွှန်းကိန်း, ၂၀၁၃ ..........၂၅၉

ဇယား (၄.၅) အာဆီယံအတွက် တူညီသည့် အချက်များပေါ်အခြေခံ၍
ခွဲထားသော မူဝါဒဘောင် ....................................................၂၆၂
ဇယား (၄. ၆) ကမ္ဘာ့ အသစ်အဆန်း တီထွင်မှု ညွှန်းကိန်း၂၀၁၃ တွင်
အစိတ်အပိုင်းအလိုက် နိုင်ငံများ ရမှတ်......................................၂၇၁
ဇယား (၄.၇) အာဆီယံ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားတို့ရှိ သုတေသနနှင့်
ဖွံ့ဖြိုးမှု (R&D) အခြေအနေ - R&D ကုန်ကျစရိတ်များနှင့်
သုတေသီ အရေအတွက် .....................................................၂၇၄

အခန်း(၅-က)
ဇယား (၅က.၁)စီးပွားရေးအဆောက်အဦတွင် အသေးစားနှင့်အလတ်စား
စက်မှုလုပ်ငန်းများ၏အရေးပါမှု(ရွေးချယ်ထားသောနှစ်များ)..............၂၈၂
ဇယား (၅က.၂)ဒေဗာအို နှင့် မာနာဒို၊ ဟောင်ကောင်-မနီလာ-ဒေဗာအို-မာနာဒို-
ဆူရာဘာရ-ဂျကာတာ လမ်းကြောင်းတို့ကြား RoRo ၏ စီးပွားရေး
အကျိုးသက်ရောက်မှုများ (၂၀၁၆-၂၀၂၅ အတွင်း စုပေါင်း
သက်ရောက်မှုများကို၂၀၁၀ GDP/GRDP တို့နှင့် နှိုင်းယှဉ်၍)...............၃၁၃
ဇယား(၅က.၃)အာဆီယံအတွင်း ချိတ်ဆက်မှု ဆိုင်ရာ ညွှန်းကိန်းများ.......................၃၁၆
ဇယား (၅က.၄)အာဆီယံ စိုက်ပျိုးရေးနှင့် တရုတ်တို့၏စုစုပေါင်း
ထုတ်ကုန်တိုးတက်မှုနှုန်း (နှစ်စဉ် %) .........................................၃၂၄

အခန်း(၅-ခ)
ဇယား (၅ခ.၁) နည်းပညာ အမျိုးအစားအလိုက် ကုန်ကျစရိတ်များ ..........................၃၆၄
ဇယား (၅ခ.၂) EAS စီးပွားရေး အဆောက်အအုံများရှိ RE အမျိုးအစားများ, ၂၀၁၀ ........၃၆၆
ဇယား (၅ခ.၃) ဇီဝလောင်စာများအပေါ်ထားရှိသော ယူဆချက်များ/ ရည်မှန်းချက်များ -
နိုင်ငံအလိုက် အနှစ်ချုပ်စာရင်း...................................................၃၆၈
ဇယား (၅ခ.၄) စီမံကိန်းများ၏ သတင်းအချက်အလက်များ ..................................၃၇၁
ဇယား (၅ခ.၅) EAS တွင် တပ်ဆင်ထားသော ပမာဏ (မဂ္ဂါဝပ်), ၂၀၁၁ .................... ၃၇၂
ဇယား (၅ခ.၆) ၂၀၁၀ ခုနှစ်၌ ကမ္ဘာပေါ်တွင် အဓိက ဘူမိစွမ်းအင် ထုတ်လုပ်သူများ....... ၃၇၃

အခန်း(၆)
ဇယား(၆.၁) AFAS နှင့် ASEAN + 1 လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက်များရှိ WTO Plus (ဟိုက်မင်းညွှန်းကိန်းများဖြင့်) ............................၃၉၅
ဇယား (၆.၂) WTO ၏ ပဋိပက္ခဖြေရှင်းမှုယန္တရားကိုအသုံးပြုမှု..............................၄၀၀
ဇယား (၆.၃) TPP, RCEP, အာဆီယံအပေါင်းတစ် FTA နှင့် AEC တို့၏ အကြောင်းအရာ ပိုင်ဆိုင်ရာခြုံငုံမှု .............................................၄၀၇

အခန်း(၇)
ဇယား (၇.၁) အာဆီယံ ယှဉ်ပြိုင်မှု ရမှတ်အဆင့်..............................................၄၃၄
ဇယား (၇.၂) လက်ရှိ ပြည်တွင်းစီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင် ........................၄၃၉

အခန်း(၈)
ဇယား (၈.၁) တဦးကျ GDP နှင့် GDP တိုးတက်နှုန်း ခန့်မှန်းချက် ........................၅၁၈
ဇယား (၈.၂) ထပ်တိုးရင်းနှီးမြှုပ်နှံမှုတိုးတက်မှု..................................................၅၂၀
ဇယား (၈.၃) ထပ်တိုးပို့ကုန်ပမာဏနှင့် သွင်းကုန်ပမာဏတိုးတက်မှု....................၅၂၁
ဇယား (၈.၄) အာဆီယံ တွင် ကဏ္ဍအလိုက် ကုန်ထွက် ပမာဏပါဝင်မှုနှင့် ကဏ္ဍအလိုက် ခန့်မှန်းပါဝင်မှု ..................................................၅၂၄

## ကားချပ်များ

အခန်း (၁)
ကားချပ်(၁.၁)အာဆီယံ၊ တရုတ်နှင့် အိန္ဒိယ နိုင်ငံတို့၏တစ်ဦးကျ ဂျီဒီပီ တိုးတက်မှုနှုန်းပြပုံ ..............................................................၃
ကားချပ် (၁.၂)စီးပွားရေးအဆောက်အအုံတွင် စက်မှုကဏ္ဍ၏ ပါဝင်မှု ပုံသဏ္ဍာန် (စုစုပေါင်းတွင် စက်မှု၏ ပါဝင်မှုရာခိုင်နှုန်း).......................................၈
ကားချပ် (၁.၃)နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီးဝင်လာမှုနှင့်တစ်ဦးကျပမာဏ.........၁၈
ကားချပ် (၁.၄)အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်၊ အိန္ဒိယနှင့်ဘရာဇီးနိုင်ငံတို့ ဆင်းရဲနွမ်းပါးသူနှုန်း ..............................................................၂၄
ကားချပ် (၁.၅)အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်၊ အိန္ဒိယနှင့် ဘရာဇီးနိုင်ငံတို့၏ ဆင်းရဲနွမ်းပါးမှု ကွာဟချက်နှုန်း.................................................၂၅

ကားချပ်(၁.၆)အာဆီယံဒေသတွင်း ဆင်းရဲနွမ်းပါးသူများနှင့် အလယ်အလတ်
အဆင့်လူတန်းစားများ၏ ပြောင်းလဲလာမှုအခြေအနေ......................၂၆
ကားချပ်(၁.၇.က) ဝင်ငွေကြားပိုင်းတစ်ခုအတွင်းလူဦးရေအလယ်အလတ်
အဆင့်(၃<x<၁၂) ...............................................................၂၈
ကားချပ်(၁.၇.ခ) ဝင်ငွေကြားပိုင်းတစ်ခုအတွင်းလူဦးရေအလယ်အလတ်
အဆင့်(၄<x<၃၀) ...............................................................၂၈
ကားချပ် (၁.၈)၂၀၀၀မှ ၂၀၁၂ ခုနှစ်အတွင်း အာဆီယံနိုင်ငံများ၏
ပျမ်းမျှ CEPT နှုန်းများ...........................................................၃၄
ကားချပ် (၁.၉)၂၀၀၉-၂၀၁၁ ခုနှစ်အတွင်း အကောက်ခွန်ရှင်းလင်းရေး
လုပ်ငန်းများတွင်တိုးတက်မှုကို ဖော်ပြပုံ.......................................၃၆
ကားချပ် (၁.၁၀) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလွတ်လပ်ခွင့်ပြုမှုနှုန်း ...............................၃၇
ကားချပ် (၁.၁၁) ၁၉၉၅ မှ ၂၀၁၂ ခုနှစ်အတွင်း အာဆီယံအတွင်း ကုန်သွယ်မှုတွင်
အာဆီယံ - တရုတ် ကုန်သွယ်မှုနှင့်အာဆီယံ အိန္ဒိယ
ကုန်သွယ်မှု၏ အချိုး ..............................................................၄၃
ကားချပ် (၁.၁၂) ၁၉၇၀ခုနှစ်များ အလယ်ပိုင်းမှ ၂၀၀၀ ခုနှစ်များ နောက်ပိုင်းထိ
အာဆီယံ၊ တောင်အာရှနှင့် လက်တင်အမေရိက နိုင်ငံများအတွက်
Gini Index ........................................................................၄၈
ကားချပ် (၁.၁၃) အာဆီယံနှင့် ရွေးချယ်ထားသော နိုင်ငံများ၏လုပ်အားထုတ်လုပ်
နိုင်စွမ်း တိုးတက်မှုနှင့် စုစုပေါင်း ထုတ်လုပ်မှု အင်အားစုများ၏
ထုတ်လုပ် နိုင်စွမ်းတိုးတက်မှု (နှစ်စဉ်ပျမ်းမျှ) .................................၅၁
ကားချပ်(၁.၁၄)ဖွံ့ဖြိုးဆဲ စီးပွားရေး အဆောက်အအုံများ အားလုံး၏ စုစုပေါင်းတိုင်းပြည်
ထုတ်ကုန် ကုန်သွယ်မှုနှင့်နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ၏ ဝေစု
(အာဆီယံနှင့် ရွေးချယ်ထားသော နိုင်ငံများ) (ရာခိုင်နှုန်း) .................၅၂

အခန်း (၂-က)
ကားချပ် (၂က.၁.က) တစ်ဦးချင်း ဝင်ငွေ- လူဦးရေအလိုက် ဆင်းရဲမှုနှုန်း
(၂၀၀၅ ခုနှစ် ဈေးနှုန်းအရ PPP ၁.၂၅ ဒေါ်လာအောက်)
အာဆီယံ၊ တရုတ်၊အိန္ဒိယတို့နှင့် ဆက်စပ်၍ ..................................၇၆

ကားချပ် (၂က.၁.ခ) တစ်ဦးချင်း ဝင်ငွေ- လူဦးရေအလိုက် ဆင်းရဲမှုနှုန်း
(၂၀၀၅ ခုနှစ် ဈေးနှုန်းအရ PPP ၁.၂၅ ဒေါ်လာအောက်)
အာဆီယံနှင့် ဆက်စပ်၍..............................................၇၆
ကားချပ် (၂က.၂.က) တစ်ဦးချင်း ဝင်ငွေ- လူဦးရေအလိုက် ဆင်းရဲမှုနှုန်း
(၂၀၀၅ ခုနှစ် ဈေးနှုန်းအရ PPP ၂ ဒေါ်လာ အောက်)
အာဆီယံ၊ တရုတ်၊ အိန္ဒိယ တို့နှင့် ဆက်စပ်၍......................၇၈
ကားချပ် (၂က.၂.ခ) တစ်ဦးချင်း ဝင်ငွေ - လူဦးရေအလိုက် ဆင်းရဲမှုနှုန်း
(၂၀၀၅ ခုနှစ် ဈေးနှုန်းအရ PPP ၂ ဒေါ်လာ အောက်)
အာဆီယံနိုင်ငံများနှင့် ဆက်စပ်၍......................................၇၉
ကားချပ် (၂က.၃) အိမ်ထောင်တစ်စုဝင်ငွေ - GINI ညွှန်းကိန် - အာဆီယံ၊ တရုတ်၊
အိန္ဒိယ၊ လက်တင် အမေရိကနှင့် မြောက် အာဖရိကနိုင်ငံများ
(နိုင်ငံများအလိုက်)..........................................................၈၆
ကားချပ် (၂က.၄.က) တစ်ဦးကျ GINI ဝင်ငွေ- အာဆီယံ၊ တရုတ်၊ အိန္ဒိယ၊ လက်တင်
အမေရိကနှင့် မြောက် အာဖရိက နိုင်ငံများနှင့် ဆက်စပ်၍.........၈၇
ကားချပ် (၂က.၄.ခ) တစ်ဦးကျ GINI ဝင်ငွေ- အာဆီယံ နိုင်ငံများနှင့် ဆက်စပ်၍ .......၈၇
ကားချပ် (၂က.၄.ဂ) တစ်ဦးကျ GINI ဝင်ငွေ- အာဆီယံ နိုင်ငံများနှင့် ဆက်စပ်၍
(မလေးရှား မပါ)..........................................................၈၇
ကားချပ် (၂က.၄.ဃ) တစ်ဦးကျ GINI ဝင်ငွေ- အာဆီယံ နိုင်ငံများ (မလေးရှား မပါ)၊
အီဂျစ်၊ဂါနာ၊ မော်ရိုကို၊ တရုတ်၊ အိန္ဒိယတို့နှင့် ဆက်စပ်၍.........၈၇
ကားချပ် (၂က.၅) အာဆီယံ အဖွဲ့ဝင်နိုင်ငံ တစ်ခုချင်းစီ၏ စုစုပေါင်း ကုန်သွယ်မှုတွင်
အာဆီယံ ကုန်သွယ်ရေး (ပို့ကုန်/ သွင်းကုန်) ပါဝင်မှုအချိုး............၉၁
ကားချပ် (၂က.၆) ရွေးချယ်ထားသောအာဆီယံနိုင်ငံများ၊တရုတ်နှင့်ဂျပန်တို့၏
ဆန်စပါးအညွှန်းကိန်းများ.................................................၁၀၄

အခန်း (၂-ခ)
ကားချပ် (၂ခ.၁) ၂၀၁၅ အလွန် အာဆီယံ ရှေ့ဆက်ခရီး အတွက်အဓိက
မဏ္ဍိုင် (၄) ရပ်နှင့် ခိုင်မာသော အခြေခံအုတ်မြစ် တစ်ခု .................၁၁၀
ကားချပ် (၂ခ.၂) အပိုင်းများ ဖြန့်ကျက်ခြင်း သီအိုရီ : ထုတ်လုပ်မှု အုပ်စု အဖွဲ့များနှင့်
ဝန်ဆောင်မှု ချိတ်ဆက်လမ်းများ ..............................................၁၄၁
ကားချပ် (၂ခ.၃) နှစ်ဖက်မြင်အပိုင်းများ ဖြန့်ကျက်ခြင်း - သရုပ်ပြပုံ ......................၁၄၂

အခန်း (၃)


ကားချပ် (၃.၁)ဂျီဒီပီ အပေါ် အကျိုးသက်ရောက်မှု (၂၀၁၁-၂၀၁၅ ကို အခြေပြု၍ ၂၀၁၅ တွင် တိုးလာသော စုစုပေါင်း ရာခိုင်နှုန်း) ..........................၁၅၃

ကားချပ် (၃.၂)NTM ကို ပြန်လည် သုံးသပ်ရန် ယုတ္တိကျသော လုပ်ငန်းစဉ် ............၁၆၈

ကားချပ် (၃.၃)ပြတင်း တစ်ပေါက်စနစ်၏ တိုးတက်မှုဖြစ်စဉ်..............................၁၇၅

ကားချပ် (၃.၄)အာဆီယံ စံသတ်မှတ်ချက်များနှင့် ထုံးတမ်းစဉ်လာနှင့် ကိုက်ညီမှု မူဘောင် ..........................................................၁၈၃

ကားချပ် (၃.၅)အားလုံး ခြုံငုံထားသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဖြေလျော့မှုနှုန်း ........၁၉၂

ကားချပ် (၃.၆)ကုန်တင်ကားများဖြင့် နယ်စပ်ကို ဖြတ်ရာတွင် ကုန်ကျသည့် စရိတ်နှင့် အချိန်..............................................၂၀၇


အခန်း (၄)


ကားချပ် (၄.၁)အရှေ့အာရှတွင် စက်မှုကုန်သွယ်ခြင်း- စုစုပေါင်း ပို့ကုန်/သွင်းကုန် တန်ဖိုးများ .......................................၂၃၃


အခန်း (၅-က)


ကားချပ် (၅က.၁) အသေးစားနှင့်အလတ်စားလုပ်ငန်းဖွံ့ဖြိုးမှု မူဝါဒဘောင်နှင့် လုပ်ငန်းလည်ပတ်ပုံ ..........................................................၂၈၇

ကားချပ် (၅က.၂) အာဆီယံအသေးစားနှင့်အလတ်စား လုပ်ငန်းမူဝါဒဆိုင်ရာညွှန်းကိန်း-ပျှမ်းမျှ .......................................၂၉၁

ကားချပ် (၅က.၃) အာဆီယံအသေးစားနှင့်အလတ်စား လုပ်ငန်းမူဝါဒဆိုင်ရာ ညွှန်းကိန်း-နိုင်ငံများ၏အုပ်စုအလိုက်နှင့် မူဝါဒဆိုင်ရာရှုဒေါင့် ........၂၉၂

ကားချပ် (၅က.၄) မြန်မာနိုင်ငံအတွက်တိုးတက်မှုမဟာဗျူဟာ...........................၃၀၂

ကားချပ် (၅က.၅) ပေါ်ထွန်းလာသော အဆက်အသွယ် ဆုံမှတ်အဖြစ် မြင်ရသည့် မြန်မာ ..........................................................၃၀၆

ကားချပ် (၅က.၆) အပြည်ပြည်ဆိုင်ရာထောက်ပံ့ပို့ဆောင်အသွင်အပြင်ညွှန်ကိန်း (LPI) နှင့် တစ်ဦးကျ GDP ..........................................................၃၁၀

ကားချပ် (၅က.၇) မြန်မာ့ ဖွံ့ဖြိုးမှု၏ စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ (သက်ရောက်မှု သိပ်သည်းဆ, တစ်စတုရန်း ကီလိုမီတာလျှင် USD, ၂၀၃၀) ..........................................................၃၁၂

ကားချပ်(၅က.၈) ဂျကာတာနှင့် ဘန်ကောက်တို့ရှိ အစုအဝေး အရွယ်အစားများ.......၃၁၅
ကားချပ်(၅က.၉) အာဆီယံအတွင်း ICT ဆိုင်ရာ ညွှန်းကိန်းများ (၂၀၀၀-၂၀၁၁)......၃၁၇

အခန်း (၅-ခ)
ကားချပ်(၅ခ.၁)စုစုပေါင်း အဓိကစွမ်းအင် သုံးစွဲမှု ..........................................၃၄၉
ကားချပ်(၅ခ.၂)EAS တွင် စုစုပေါင်း အဓိကစွမ်းအင် သုံးစွဲမှု- ၁၉၉၀ မှ ၂၀၃၅ ထိ.....၃၅၀
ကားချပ်(၅ခ.၃)EAS တွင် ဓါတ်အား ထုတ်လုပ်မှု ...........................................၃၅၁
ကားချပ်(၅ခ.၄)EAS တွင် ဓါတ်အား ထုတ်လုပ်မှု ဝေစု ....................................၃၅၁
ကားချပ်(၅ခ.၅)စုစုပေါင်း စွမ်းအင်နောက်ဆုံးသုံးစွဲမှု.........................................၃၅၃
ကားချပ်(၅ခ.၆)စွမ်းအင်အမျိုးအစားအလိုက် စွမ်းအင်နောက်ဆုံးသုံးစွဲမှု ................၃၅၄
ကားချပ်(၅ခ.၇)ကဏ္ဍအလိုက် စွမ်းအင်နောက်ဆုံးသုံးစွဲမှု..................................၃၅၅
ကားချပ်(၅ခ.၈)အဓိက EAS နိုင်ငံများတွင် GDP ပြောင်းလဲမှုနှုန်း .......................၃၅၇

အခန်း (၆)
ကားချပ်(၆.၁) အေအီးစီ၊ အာဆီယံ+FTAများနှင့် RCEP တို့၏
အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ဂျီဒီပီပေါ် သို့သက်ရောက်မှု ..................၃၈၈
ကားချပ် (၆.၂)TPP နှင့် RCEP နိုင်ငံများ၏တစ်ဦးကျစုစုပေါင်းပြည်တွင်းထုတ်ကုန်
လူဦးရေ၊ စုစုပေါင်းပြည်တွင်းထုတ်ကုန် .....................................၄၀၉

အခန်း (၇)
ကားချပ်(၇.၁)ကောင်းမွန်သောစည်းမျဉ်းစည်းကမ်းများ၏အနှစ်သာရ...................၄၄၁
ကားချပ်(၇.၂)အလိုက်သင့်တုံ့ပြန်နိုင်သောစည်းမျဉ်း၊စည်းကမ်းများ .....................၄၄၆
ကားချပ်(၇.၃)ပြုပြင်ပြောင်းလဲမှု နေရာ .......................................................၄၄၉
ကားချပ်(၇.၄)မူဝါဒ ပြန်လည်သုံးသပ်ရန်မရှိမဖြစ်လိုအပ်ချက်များ........................၄၅၀
ကားချပ်(၇.၅)အာဆီယံထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းကိုပံ့ပိုးပေးသူများက
သတ်မှတ်သည့်ဝန်ထုပ်ဝန်ပိုး...................................................၄၅၈

# အတိုကောက် စာလုံးများ စာရင်း

| | | |
|---|---|---|
| AADMER | = | ASEAN Agreement on Disaster Management and Emergency Response |
| AANZFTA | = | ASEAN-Australia-New Zealand Free Trade Agreement |
| ABIF | = | ASEAN Banking Integration Framework |
| ABIS | = | ASEAN Business Investment Summit |
| ACCSQ | = | ASEAN Consultative Committee on Standards and Quality |
| ACFTA | = | ASEAN-China Free Trade Agreement |
| ACIA | = | ASEAN Comprehensive Investment Agreement |
| AC-SPS | = | ASEAN Committee on Sanitary and Phytosanitary |
| ACT | = | ASEAN Consultation to Solve Trade and Investment Issues |
| ACTD | = | ASEAN Technical Dossiers |
| ACTR | = | ASEAN Common Technical Requirement |
| ACTS | = | ASEAN Credit Transfer System |
| ACWL | = | Advisory Center for WTO Law |
| AEC | = | ASEAN Economic Community |
| AEM | = | ASEAN Economic Ministers |
| AFAFGIT | = | ASEAN Framework Agreement on the Facilitation of Goods in Transit |
| AFAFIST | = | ASEAN Framework Agreement on the Facilitation of Inter-State Transport |
| AFAMT | = | ASEAN Framework on Multimodal Transport |
| AFAS | = | ASEAN Framework Agreement on Services |
| AFSIS | = | ASEAN Food Security Information System |
| AFTA | = | ASEAN Free Trade Agreement |
| AHTN | = | ASEAN harmonized tariff nomenclature |
| AIF | = | ASEAN Infrastructure Fund |
| AIFDR | = | Australia-Indonesia Facility for Disaster Reduction |
| AIFS | = | ASEAN Integrated Food Security |

| | | |
|---|---|---|
| AIFTA | = | ASEAN-India FTA |
| AJCEP | = | ASEAN-Japan Comprehensive Economic Partnership |
| AKFTA | = | ASEAN-Korea Free Trade Area |
| AMCHAM | = | American Chamber of Commerce |
| AMRO | = | ASEAN+3 Macroeconomic Research Office |
| AMSs | = | ASEAN Member States |
| ANZ | = | Australia-New Zealand |
| APBSD | = | ASEAN Policy Blueprint for SME Development |
| APEC | = | Asia Pacific Economic Cooperation |
| APS | = | Alternative Policy Scenario |
| APSA | = | ASEAN Petroleum Security Agreement |
| APTERR | = | Asian Plus Three Emergency Rice Reserve |
| ARDEX | = | ASEAN Regional Disaster Emergency Response Simulation Exercise |
| ARIC ADB | = | Asia Regional Integration Center Asian Development Bank |
| ARPDM | = | ASEAN Regional Program on Disaster Management |
| ASAM | = | ASEAN Single Aviation Market |
| ASCOPE | = | ASEAN Council on Petroleum |
| ASEAN | = | Association of Southeast Asian Nations |
| ASEC | = | ASEAN Secretariat |
| ASTP | = | ASEAN Strategic Transport Plan |
| ASW | = | ASEAN Single Window |
| ATIGA | = | ASEAN Trade in Goods Agreement |
| ATR | = | ASEAN Trade Repository |
| ATS | = | Alternative Technologies |
| AUN | = | ASEAN University Network |
| AUN-SEED | = | ASEAN University Network-Southeast Asia Engineering Education Development Network |
| BAPPENAS | = | Badan Perencanaan Pembangunan Nasional/ National Development Planning Agency |

| | | |
|---|---|---|
| BCLMV | = | Brunei, Cambodia, Lao PDR, Myanmar, Viet Nam |
| BOCM | = | Bilateral Off-set Credit Mechanism |
| BSEC | = | Black Sea Economic Community |
| CADP | = | Comprehensive Asian Development Plan |
| CCA | = | Coordinating Committee for Implementation of ATIGA |
| CCRIF | = | Caribbean Catastrophic Risk Insurance Facility |
| CCT | = | Clean Coal Technology |
| CEPEA | = | Comprehensive Economic Partnership for East Asia |
| CEPT | = | Common Effective Preferential Tariff |
| CERM | = | Coordinated Emergency Response Mechanism |
| CGE | = | Computable General Equilibrium |
| CJK-FTA | = | China-Japan-Korea FTA |
| CLMV | = | Cambodia, Lao PDR, Myanmar, Viet Nam |
| CMIM | = | Chiang Mai Initiative Multilateralisation |
| COMESA | = | Common Market for Eastern and Southern Africa |
| COO | = | Certificates of Origin |
| CSME | = | Caribbean Single Market and Economy |
| DRR | = | Disaster Risk Reduction |
| DSM | = | Dispute Settlement Mechanism |
| DVA | = | Domestic Value Added |
| EAFTA | = | East Asian FTA |
| EAS | = | East Asia Summit |
| EASG | = | East Asia Study Group |
| EAVG | = | East Asia Vision Group |
| EDSM | = | Enhanced Dispute Settlement Mechanism |
| EEC | = | Energy Efficiency |
| EFTA | = | European Free Trade Association |
| EIB | = | European Investment Bank |
| ERIA | = | Economic Research Institute for ASEAN and East Asia |
| ESB | = | Eastern Seaboard Development |

| | | |
|---|---|---|
| EU | = | European Union |
| FDI | = | Foreign Direct Investment |
| FIT | = | Feed-in-Tariff |
| FSI | = | French-Singapore Institute |
| FTAAP | = | Free Trade Area of the Asia-Pacific |
| GATS | = | General Agreement on Trade in Services |
| GCI | = | Global Competitiveness Index |
| GDP | = | Gross Domestic Product |
| GII | = | Global Innovation Index |
| GSI | = | German-Singapore Institute |
| GTAP | = | Global Trade Analysis Project |
| GVC | = | Global Value Chain |
| HDI | = | Human Development Index |
| IAI | = | Initiative for ASEAN Integration |
| ICT | = | Information and Communication Technology |
| IEA | = | International Energy Agency |
| IMF | = | International Monetary Fund |
| IPR | = | Intellectual Property Rights |
| IRENA | = | International Renewable Energy Agency |
| JETRO | = | Japan External Trade Organization |
| JICA | = | Japan International Cooperation Agency |
| JSI | = | Japan-Singapore Institute |
| JV | = | Joint Ventures |
| LAIA | = | Latin American Integration Area |
| LCOE | = | Levelised Cost of Energy |
| LPI | = | Logistics Performance Index |
| LSPs | = | Logistics Services Providers |
| MAAS | = | Multilateral Agreement on Air Services |
| MAFLAFS | = | Multilateral Agreement on the Full Liberalisation of Air Freight |

| | | |
|---|---|---|
| MAFLPAS | = | Multilateral Agreement on the Full Liberalisation of Passenger Air Service |
| MCDV | = | Myanmar Comprehensive Development Vision |
| METI | = | Ministry of Economy, Trade and Industry |
| MNC | = | Multinational Corporations |
| MNPED | = | Myanmar Ministry of National Planning and Economic Development |
| MPAC | = | Master Plan on ASEAN Connectivity |
| MTR | = | Mid-Term Review |
| NAFTA | = | North American Free Trade Agreement |
| NEDA | = | National Economic and Development Authority |
| NRE | = | New Renewable Energy |
| NSW | = | National Single Window |
| NSWs | = | National Single Windows |
| NTB | = | Non-Tariff Barriers |
| NTM | = | Non-Tariff Measures |
| ODA | = | Official Development Assistance |
| OECD | = | Organisation of Economic Co-operation and Development |
| PBCE | = | Project Bond Credit Enhancement |
| PDC | = | Penang Development Corporation |
| PIDS | = | Philippine Institute for Development Studies |
| PPP | = | Public-Private Partnership |
| PPP | = | Purchasing Power Parity |
| PSDC | = | Penang Skills Development Center |
| QAB | = | ASEAN Qualified Banks |
| RCEP | = | Regional Comprehensive Economic Partnership |
| RIA | = | Roadmap for Integration of ASEAN |
| RIA | = | Regulatory Impact Assessment |
| RIATS | = | Roadmap for Integration of Air Travel Sector |
| RIN | = | Research Institutes Network |

| | | |
|---|---|---|
| ROK | = | Republic of Korea |
| ROO | = | Rules of Origin |
| RORO | = | Roll-on/Roll-off |
| RPS | = | Renewable Portfolio Standard |
| S&C | = | Standards and Conformance |
| SAPASD | = | Strategic Action Plan for ASEAN SME Development |
| SAR | = | Search and Rescue |
| SEOM | = | Senior Economic Officials Meeting |
| SKRL | = | Singapore-Kunming Railway Link |
| SMEs | = | Small and Medium Enterprises |
| SPA-FS | = | Strategic Plan of Action on Food Security |
| SPR | = | Strategic Petroleum Reserve |
| SPS | = | Sanitary and Phytosanitary |
| STOM | = | Senior Transport Officials Meeting |
| SWOT | = | Strengths, Weaknesses, Opportunities, Threats |
| TBT | = | Technical Barriers to Trade |
| TFP | = | Total Factor Productivity |
| TPES | = | Total Primary Energy Supply |
| TPP | = | Trans-Pacific Partnership |
| TPRM | = | Trade Policy Review Mechanism |
| TRIPS | = | Trade Related Aspects of Intellectual Property Rights |
| UNCED | = | United Nations Conference on Environment and Development |
| UNCTAD | = | United Nations Conference on Trade and Development |
| UNISDR | = | United Nations International Strategy for Disaster Reduction |
| USA | = | United Sates of America |
| USAID | = | United States Agency for International Development |
| WIPO-ASEAN | = | World Intellectual Property Organization-ASEAN |
| WIPO-INSEAD | = | World Intellectual Property Organization-Institut Européen d'Administration des Affaires |
| WTO | = | World Trade Organization |

# အခန်း(၁)

# အာဆီယံနှင့် အေအီးစီ၊ တိုးတက်မှုနှင့် စိန်ခေါ်မှုများ

## သိသာထင်ရှားသောစီးပွားရေးနှင့် လူမှုရေးဆိုင်ရာတိုးတက်မှု

လွန်ခဲ့သောနှစ်ဆယ့်ငါးနှစ်အတွင်းအာဆီယံသည်သိသာထင်ရှားသောစီးပွားရေးတိုးတက်မှု ရှိခဲ့ပါ သည်။ ထိုကာလအတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် စီးပွားရေး အသွင်ပြောင်းမှုများ သိသိသာသာ ရှိခဲ့ပါသည်။ ဒေသတွင်း ဆင်းရဲနွမ်းပါးမှုနှုန်းနှင့် ဆင်းရဲနွမ်းပါးမှု ကွာဟချက်တို့ကို သိသိသာသာ လျှော့ချနိုင်ခဲ့ခြင်းဖြင့် ဒေသ၏ စီးပွားရေးတိုးတက်မှုမှသည် လူမှုရေးတိုးတက်မှုကိုပါ ရရှိခဲ့ပြီး ကျန်းမာရေးနှင့် စာတတ်မြောက်မှု ရလဒ်ကောင်းများကိုလည်း ပြသခဲ့ပါသည်။

## စီးပွားရေးတိုးတက်မှု

၁၉၈၀ ခုနှစ်များနှောင်းပိုင်းနှင့် ၁၉၉၀ ခုနှစ်များ အစောပိုင်းကာလအတွင်း ရွှေခေတ်ဟု ခေါ်နိုင်လောက်အောင် အာဆီယံသည် ဂျီဒီပီတိုးတက်မှုနှုန်း အလွန်မြင့်မားခဲ့ပါသည်။ ဇယား(၁-၁)တွင် တွေ့ရသကဲ့သို့ ဆယ်စုနှစ်တစ်ခုအတွင်း ပျမ်းမျှတိုးတက်မှုနှုန်း နှစ်ဆနီးပါးရှိခဲ့ပါသည်။ ၁၉၉၇ ခုနှစ်တွင် ထိုင်းနိုင်ငံမှ စတင်ခဲ့သော အရှေ့အာရှဘဏ္ဍာရေးဆိုင်ရာ အကြပ်အတည်းကြောင့် ၁၉၉၈ ခုနှစ်တွင် အာဆီယံ၏ တစ်ဦးကျဝင်ငွေ (GDP per capita ) သိသိသာသာကျဆင်းခဲ့ပါသည်။ ၂၀၀၁ ခုနှစ်မှ ၂၀၀၇ခုနှစ် ကာလအတွင်း ကမ္ဘာတစ်ဝှမ်းလုံးတွင် အနည်းငယ်စီ တိုးတက်ခဲ့ပြီး ၂၀၀၈ ခုနှစ်မှစ၍ ကမ္ဘာ့ဘဏ္ဍာရေးဆိုင်ရာ အကြပ်အတည်းနှင့် ကမ္ဘာတစ်ဝှမ်း မတည်ငြိမ်မှုများ ထပ်မံရိုက်ခတ်ခံခဲ့ရပါသည်။ သို့ဖြစ်၍ ၂၀၀၀ ခုနှစ်များတွင် အာဆီယံ၏ ဂျီဒီပီသည် အသင့် အတင့်သာလျှင် တိုးတက်ခဲ့ပါသည်။

ဇယား ၁.၁ - ကမ္ဘာပေါ်ရှိ ရွေးချယ်ထားသော ဒေသများ၏ ပျမ်းမျှတိုးတက်မှုနှုန်း(ရာခိုင်နှုန်း)

| Country | 1991-1995 | 1996-2000 | 2001-2005 | 2006-2011 |
|---|---|---|---|---|
| China | 12.28 | 8.64 | 9.76 | 10.87 |
| India | 5.18 | 5.80 | 6.99 | 7.93 |
| Developing Asia | 6.92 | 5.43 | 6.45 | 7.15 |
| All-Developing Economies | 5.05 | 4.60 | 5.32 | 6.12 |
| ASEAN | 7.48 | 2.82 | 5.09 | 5.14 |
| LAIA | 2.98 | 3.18 | 2.65 | 3.90 |
| ROK | 7.90 | 5.35 | 4.50 | 3.81 |
| Russia | -8.50 | 1.77 | 6.14 | 3.80 |
| BSEC | 27.97 | 2.29 | 5.50 | 3.50 |
| ANZ | 3.29 | 3.71 | 3.53 | 2.54 |
| World | 2.10 | 3.43 | 2.87 | 2.36 |
| EU | 1.63 | 2.91 | 1.91 | 1.03 |
| USA | 2.55 | 4.35 | 2.40 | 0.86 |
| Japan | 1.42 | 0.85 | 1.20 | 0.17 |

ဇာစ်မြစ် - UNCTAD Stat (2013)

လွန်ခဲ့သောနှစ်ဆယ့်ငါးနှစ်အတွင်း အာဆီယံ၏ စီးပွားရေးစွမ်းဆောင်ချက်ကို အာဆီယံ၏ အိမ်နီးချင်း အင်အားကြီးနိုင်ငံ(၂)ခုဖြစ်ပြီး လွန်ခဲ့သော ဆယ်စုနှစ်၁ခုခွဲအတွင်း အရှေ့အာရှတွင် ဖွံ့ဖြိုးတိုးတက်မှု သိသာစွာရရှိခဲ့ကြသော တရုတ်နှင့် အိန္ဒိယတို့၏ တစ်ဦးကျ အမှန်ဂျီဒီပီနှင့် နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့်  သိရှိနိုင်မည်ဖြစ်ပါသည်။

ကားချပ် (၁-၁) တွင် တရုတ်၊ အိန္ဒိယတို့နှင့် နှိုင်းယှဉ်၍ အာဆီယံ၏စီးပွားရေးစွမ်းဆောင်ချက်ကို ဖော်ပြထားပါသည်။

၁၉၈၀ ခုနှစ်များအလယ်တွင် ဆင်းရဲ၍ သီးခြားရပ်တည်သော (သို့သော်) စီးပွားရေးလွတ်လပ်ခွင့်ပြုသော နိုင်ငံတစ်ခုအဖြစ်မှ ယနေ့ ကမ္ဘာ၏ ဒုတိယအကြီးဆုံး စီးပွားရေးအဆောက် အအုံအဖြစ်သို့ ရောက်ရှိခဲ့သော တရုတ်နိုင်ငံ၏ အားကျဖွယ် စီးပွားရေးတိုးတက်မှုအသွင်အပြင်ကို ပုံတွင်ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါသည်။ ဤအစီရင်ခံစာ၏ နောက်ပိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးထားသကဲ့သို့ တရုတ်နိုင်ငံ၏

အားကျဖွယ် စီးပွားရေးအသွင်ကူး ပြောင်းမှုသည် အာဆီယံနိုင်ငံများပါဝင်သော အိမ်နီးချင်းနိုင်ငံများအပေါ် မှတ်သားလောက်သော အကျိုးသက်ရောက်မှုရှိခဲ့သည်။ ကားချပ် (၁-၁)တွင် ဖော်ပြထားသည့်အတိုင်း ၁၉၈၈ ခုနှစ်မှ ၁၉၉၆ခုနှစ်အတွင်း အာဆီယံသည် အိန္ဒိယထက်ပိုမို လျင်မြန်စွာတိုးတက်ခဲ့ပါသည်။ (အိန္ဒိယသည် စီးပွားရေး လွတ်လပ်ခွင့် ဖြစ်စဉ်သို့ အသွားကာလအတွင်း ၁၉၉၁ခုနှစ်၌ စီးပွားရေး အကြပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရသည်။) သို့သော် ၂၀၀၀ခုနှစ်များအတွင်း အိန္ဒိယသည် အာဆီယံထက် ပိုမိုတောက်ပခဲ့ပါသည်။ ထို့ကြောင့် လွန်ခဲ့သော ဆယ်စုနှစ် အတွင်းကမ္ဘာ့ စီးပွားရေးဩဇာရွှေ့ပြောင်းမှု ဆွေးနွေးချက်များသည် ခေတ်စားလာခဲ့ပြီး တရုတ်နှင့် အိန္ဒိယ နိုင်ငံတို့၏ သတင်းခေါင်းစဉ်များတွင် နေရာယူခဲ့သည်မှာ အံ့ဩစရာ ဖြစ်ရပ်မဟုတ်တော့ချေ။

ကားချပ် ၁.၁ - အာဆီယံ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့၏ တစ်ဦးကျ ဂျီဒီပီတိုးတက်မှုနှုန်းပြပုံ




မှတ်ရန် - The data label means Constant (2005 dollar) GDP per capita.

ဇာစ်မြစ် - UNCTAD Stat (2013)

အာဆီယံသည် အင်အားကြီးမားသော နိုင်ငံတစ်နိုင်ငံမဟုတ်ပါချေ။ သို့သော် (၁၀)နိုင်ငံ ပေါင်းစည်းထားသော အသင်းအဖွဲ့တစ်ခုဖြစ်သည်။ ကားချပ် (၁ - ၁) ရှိ အာဆီယံ ပျမ်းမျှ ဇယား (၁-၂) တွင် ဖော်ပြထားသော အဖွဲ့ဝင်(၁၀) နိုင်ငံ၏ တိုးတက်မှုစွမ်းဆောင်ချက်ကို အခြေ ပြုထားပါသည်။ ၁၉၈၆ခုနှစ်မှ ၂၀၁၁ ခုနှစ် ကာလအတွင်း အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံ၏

တစ်နိုင်ငံ ချင်းစီ၏ စွမ်းဆောင်နိုင်မှုပေါ် မူတည်၍ ခွဲခြားလျှင် အုပ်စု(၃)စု ခွဲခြားနိုင်ပါသည်။

ပထမအုပ်စုတွင် အင်ဒိုနီးရှား၊ မလေးရှား၊ စင်္ကာပူနှင့် ထိုင်းနိုင်ငံတို့ ပါဝင်ပါသည်။ ထိုနိုင်ငံများသည် ၁၉၈၀ခုနှစ်များ အလယ်ပိုင်း၌ Plaza ACCORD အရ ငွေကြေးပြန်လည် ချိန်ညှိမှုပြုလုပ်ခြင်းဖြင့် ကနဦးအရှိန်မြှင့်ဆောင်ရွက်ခဲ့ကြသော အရှေ့အာရှတွင် ပေါ်ပေါက်လာသည့် ထုတ်လုပ်မှုကွန်ယက်ထဲသို့ စက်မှုထုတ်ကုန်ပစ္စည်းများ အကြီးအကျယ် တင်ပို့ခြင်းအားဖြင့် ၁၉၈၀ ခုနှစ်များ နှောင်းပိုင်းမှ ၁၉၉၀ ခုနှစ်များ အစောပိုင်းကာလ ၁၉၉၇ ခုနှစ် ဘဏ္ဍာရေးဆိုင်ရာ အကြပ်အတည်းမဖြစ်ခင်ကာလအထိ အာဆီယံ၏ ရွှေခေတ်ဖြစ်ခဲ့ကြပါသည်။ ထို (၄)နိုင်ငံလုံးသည် ကမ္ဘာ့ဘဏ်၏ ကျော်ကြားသော စာအုပ်ဖြစ်သည့် `ထွန်းသစ်စ အာရှ´ ဟူသော စာအုပ်တွင် တိုးတက်မှုနှုန်းမြင့်မားသည့် စီးပွားရေးအဆောက်အအုံများအဖြစ် ထင်ထင်ရှားရှား ညွှန်းဆိုခဲ့ပါသည်။

ဇယား ၁.၂ - ပျမ်းမျှဂင်ငွေ တိုးတက်မှုနှင့် တစ်ဦးကျဂင်ငွေ တိုးတက်မှုနှုန်း

| GDP Growth | 1986-1990 | 1991-1995 | 1996-2000 | 2001-2005 | 2006-2011 |
|---|---|---|---|---|---|
| Brunei | -1.65 | 3.17 | 1.35 | 2.08 | 0.94 |
| Cambodia | 8.49 | 6.46 | 7.18 | 9.36 | 6.80 |
| Indonesia | 6.93 | 7.83 | 1.06 | 4.71 | 5.86 |
| Lao PDR | 4.47 | 6.19 | 6.17 | 6.33 | 7.99 |
| Malaysia | 6.70 | 9.47 | 4.99 | 4.76 | 4.57 |
| Myanmar | -1.98 | 5.90 | 8.35 | 12.87 | 10.30 |
| Philippines | 4.74 | 2.19 | 3.59 | 4.60 | 4.75 |
| Singapore | 8.69 | 8.57 | 5.84 | 4.83 | 6.33 |
| Thailand | 10.34 | 8.50 | 0.87 | 5.45 | 3.09 |
| Vietnam | 4.16 | 8.21 | 6.96 | 7.51 | 6.83 |
| ASEAN (Aggregate) | 7.02 | 7.48 | 2.82 | 5.09 | 5.14 |
| GDP Per Capita Growth | 1986-1990 | 1991-1995 | 1996-2000 | 2001-2005 | 2006-2011 |
| Brunei | -4.37 | 0.35 | -1.08 | -0.03 | -1.26 |
| Cambodia | 4.54 | 3.14 | 4.89 | 7.83 | 5.59 |
| Indonesia | 4.98 | 6.15 | -0.29 | 3.40 | 4.73 |
| Lao PDR | 1.60 | 3.38 | 4.00 | 4.67 | 6.40 |
| Malaysia | 3.66 | 6.68 | 2.46 | 2.51 | 2.84 |
| Myanmar | -3.60 | 4.42 | 6.96 | 12.20 | 9.52 |
| Philippines | 2.03 | -0.17 | 1.33 | 2.50 | 2.96 |

| | | | | | |
|---|---|---|---|---|---|
| Singapore | 6.38 | 5.50 | 3.37 | 3.06 | 2.93 |
| Thailand | 8.44 | 7.55 | -0.27 | 4.30 | 2.38 |
| Vietnam | 1.96 | 6.11 | 5.64 | 6.35 | 5.67 |
| ASEAN (Aggregate) | 4.84 | 5.63 | 1.28 | 3.74 | 3.94 |

ဇာစ်မြစ် - UNCTAD Stat (2013)

၁၉၉၇ ခုနှစ်တွင် ဖြစ်ပွားသော အာရှဘဏ္ဍာရေးအကြပ်အတည်းကြောင့် တိုးတက်မှုနှုန်း မြင့်မားသည့်အဆင့်မှ ကျဆင်းခဲ့ရပြီး နောက်နှစ်ပေါင်း အနည်းငယ်ကာလအတွင်း ပြည်တွင်း ပြင်ဆင်ညှိနှိုင်းမှုများနှင့် မေကရိုစီးပွားရေး တည်ငြိမ်မှုများရရှိအောင် ကြိုးပမ်းခဲ့ရပါသည်။ သို့သော် တရုတ်သို့ ဦးတည်သည့်ကုန်စည်နှင့် သယံဇာတတိုးပွားမှု (အထူးသဖြင့် အင်ဒိုနီးရှား နှင့် မလေးရှားအတွက် အရေးပါသော)၊ ဒေသ၏ ထုတ်လုပ်မှုကွန်ယက် ပိုမိုကြီးထွားလာမှု (အထူးသဖြင့် ထိုင်းနိုင်ငံအတွက် အရေးပါဆုံးဖြစ်သော)၊ ဒေသ၏နည်းပညာသစ်များ တိုးတက်လာမှု (စက်ရုံ)တို့သည် ၂၀၀၀ ခုနှစ်များအတွင်း စီးပွားရေးတိုးတက်အောင် စွမ်းဆောင် နိုင်မှု ခိုင်မာလာစေရန်အတွက် တွန်းအားများဖြစ်ခဲ့ပါသည်။

ဒုတိယအုပ်စုတွင် CLMV ( ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်) နိုင်ငံများ ပါဝင်ပါ သည်။ ဇယား(၁-၂) တွင် ဖော်ပြထားသည့်အတိုင်း ၄ နိုင်ငံလုံးသည် ထိုကာလများအတွင်း လင်းလက်သော တိုးတက်မှုနှုန်းများ ရှိခဲ့ပါသည်။ ထို (၄) နိုင်ငံအနက် ဗီယက်နမ်သည် စံထားစရာဖြစ်၍ စီးပွားရေးအသွင်ပြောင်းမှုတွင် တရုတ်နိုင်ငံပြီးလျှင် ဒုတိယဖြစ်ကာ၊ ထိုကာလ အတွင်း ဆင်းရဲနွမ်းပါးမှုနှုန်း လျင်မြန်စွာ ကျဆင်းခဲ့ပါသည်။ ကမ္ဘောဒီးယား၏ စွမ်းဆောင် ရည်သည်လည်း အထင်ကြီးလောက်ဖွယ်ဖြစ်ပြီး တိုးတက်မှုသည်လည်း တသမတ်တည်း ဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး၊ မကြာသေးမီကပင် လာအိုနိုင်ငံသည်လည်း အလားတူ စီးပွားရေးတိုးတက်မှုရရှိခဲ့ပါသည်။ မြန်မာနိုင်ငံ၏ GDP သည် ယုံကြည်အားထားရမှု နည်းပါးသည်ဟု လက်ခံကြသည့်အတွက် မြန်မာ့စီးပွားရေးအဆောက်အအုံ အမှန်တကယ် တိုးတက်မှုပမာဏ မည်မျှရှိသည်ကို ပြောရန်ခဲယဉ်းပါသည်။ သို့သော် ထိုကာလများအတွင်း ၁၉၈၈ ခုနှစ်မတိုင်မီ ဆယ်စုနှစ်များထက်ပို၍ တိုးတက်မှု မြန်ဆန်လာသည်မှာ သံသယဖြစ် ဖွယ် မရှိပါချေ။ ဆည်မြောင်းတာတမံများနှင့် မြေယာရှင်းလင်းဖော်ထုတ်မှုများတွင် အစိုးရ၏ ပြင်းပြသော ရင်းနှီးမြှုပ်နှံမှုများသည် လယ်ယာထုတ်ကုန်တိုးတက်မှုများကို ဖြစ်ပေါ်စေခဲ့ ပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများက မြန်မာ့ပို့ကုန်ပစ္စည်းများကို တင်သွင်းမှုပိတ်ပင်တားမြစ်ခဲ့သော် လည်း ၂၀၀၀ ခုနှစ်များအတွင်း မြန်မာ့ပို့ကုန် တရှိန်ထိုးတိုးတက်မှုမှာ စွမ်းအင်အရင်းအမြစ်က သာ အဓိကဖြစ်ခဲ့ပါသည်။ ယခုအခါ မြန်မာနိုင်ငံသည် စီးပွားရေးစန်းပွင့်မှုရရန် လမ်းကြောင်း ပေါ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ CLMV (ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့်

ဗီယက်နမ်) တို့ သည် ဆက်လက်တိုးတက်လာဖွယ်ရှိပါသည်။

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်တို့၏ တိုးတက်မှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် သင်ခန်းစာယူဖွယ်ကိစ္စရပ်များနှင့်အတူ အာဆီယံ (ASEAN) ၏ အောင်မြင်မှုတစ်ခုဖြစ်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဖွင့်လှစ်လာခြင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းတို့မှ အကျိုးကျေးဇူးများရရှိလာခဲ့ပါသည်။ ဆင်းရဲသော CLMV (၄) နိုင်ငံနှင့်ပို၍ တိုးတက်သော `အာဆီယံ ၆ နိုင်ငံ´ တို့ကြား ဖွံ့ဖြိုးမှု ကွာဟချက်များကိုလည်း ကျဉ်းမြောင်းစေခဲ့ပြီဖြစ်ပါသည်။

နောက်ဆုံးအုပ်စုတွင် ဘရူနိုင်းဒါရုဆလင်နှင့် ဖိလစ်ပိုင်နိုင်ငံတို့ ပါဝင်ပါသည်။ ဇယား(၁-၂) တွင် ဖော်ပြထားသည့်အတိုင်း လွန်ခဲ့သော နှစ်ဆယ့်ငါးနှစ်အတွင်း ၎င်းနိုင်ငံ (၂)နိုင်ငံ၏ တိုးတက်မှုအသွင်အပြင်သည် အာဆီယံ၏ ကျန်နိုင်ငံများနှင့် မတူကွဲပြားသည်ကို တွေ့ရပါသည်။ ဘရူနိုင်းဒါရုဆလင်နိုင်ငံသည် လူဦးရေ လေးသိန်း နှစ်သောင်းတစ်ထောင်အတွက် ဝင်ငွေ မြင့်မားသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ တိုင်းပြည်ဝင်ငွေသည် အဓိကအားဖြင့် စွမ်းအင် အရင်းအမြစ်ပေါ် မူတည်၍ တိုင်းပြည်ဝင်ငွေ (GDP)တွင် ကုန်သွယ်မှုပို‌ငွေ ဆက်တိုက်အကြီးအကျယ် ရရှိခဲ့ပါသည်။ ထို့ကြောင့် ဘရူနိုင်းဒါရုဆလင်နိုင်ငံကို ထိရောက်စွာ အရင်းအနှီးတင်ပို့သူ (Capital exporter)ဟု ဆိုနိုင်ပါသည်။ သို့သော် ၎င်း၏ သယံဇာတ အရင်းအမြစ်များ တူးဖော်သုံးစွဲမှုကို အမြော်အမြင်ရှိရှိ စီမံခန့်ခွဲရမည်ဖြစ်ပြီး မြင့်မားသော တိုးတက်မှုသည် တိုင်းပြည်အတွက်မြင့်မားသော ဦးစားပေး သတ်မှတ်ချက်တစ်ခု မဟုတ်ဟုပြဆိုပါသည်။

ဖိလစ်ပိုင်နိုင်ငံ၏ တိုးတက်မှုစွမ်းဆောင်ရည် အသင့်အတင့်သာရရှိခြင်းမှာ-

(က) ၁၉၈၀ခုနှစ်များ အစောပိုင်းကာလ၏ စီးပွားရေးအကြပ်အတည်းနှင့် ကြွေးမြီတင်ရှိမှုတို့မှ ဖြစ်ပေါ်လာသော မေကရိုစီးပွားရေး အကန့်အသတ်ရှိနေခြင်း။

(ခ) လုပ်ခနှုန်းမြင့်မားခြင်း၊ လောင်စာနှုန်း မြင့်မားခြင်း၊ အခြေခံအဆောက်အအုံ ချို့တဲ့ခြင်း၊ ဒေသတွင်း အခြားယှဉ်ပြိုင်ဖက်နိုင်ငံများနှင့် ယှဉ်လျှင် စည်းမျဉ်းစည်းကမ်းနှင့်ပတ်သက်၍ အကန့်အသတ်များ ရှိနေခြင်းတို့နှင့် ရင်ဆိုင်နေရသဖြင့် စီးပွားရေးအဆောက်အအုံဖွင့်လှစ်ခြင်းနှင့် စက်မှုလုပ်ငန်းတည်ထောင်မှုတွင် အခက်အခဲများရှိနေခြင်း။

(ဂ) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပိုမိုရရှိရန် ဆွဲဆောင်ရာတွင် အခြားနိုင်ငံများနှင့်

ယှဉ်လျှင် မအောင်မြင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

သို့သော် ဖိလစ်ပိုင်နိုင်ငံသည် Outsourced services ( ပြင်ပဇာစ်မြစ်ဝန်ဆောင်မှုများ)တွင် ကမ္ဘာလုံးဆိုင်ရာ ပို့ကုန်နေရာကောင်းများ အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပါသည်။ မကြာသေးမီက ပိုမိုကောင်းမွန်တိုးတက်လာသော ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင် ဖန်တီးပေးနိုင်ခြင်းကြောင့်၊ ဖိလစ်ပိုင်နိုင်ငံသည် ပြည်တွင်းဈေးကွက်ရော၊ ပို့ကုန်ဈေးကွက်အတွက်ပါ ရည်ရွယ်၍ ကျွမ်းကျင်သော လုပ်သား ပိုမို စိုက်သုံးသည့် ထုတ်ကုန်များ ထုတ်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိရန် စွဲဆောင်နိုင်ခဲ့ပါသည်။ ထို့ကြောင့် လွန်ခဲ့သော ၂နှစ်အတွင်း ကျန် အာဆီယံနိုင်ငံများ၏ စီးပွားရေးစွမ်းဆောင်ချက်ကို ကျော်လွန်ပြီး မြင့်မားသော တိုးတက်မှုနှုန်းကို ရရှိခဲ့ပါသည်။

## စီးပွားရေးအသွင်ကူးပြောင်းမှု

လွန်ခဲ့သောဆယ်စုနှစ်နှစ်ခုအတွင်းစီးပွားရေးတိုးတက်မှုအခြေအနေသည်အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့၏ စီးပွားရေးအသွင်ပြောင်းမှုကို ဦးတည်ခဲ့ပါသည်။ ဗီယက်နမ်၊ မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားတို့သည် ထင်ရှားသော သာဓကဖြစ်ပါသည်။ ထိုကာလအတွင်း GDP တွင် စက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးမြင့်တက်လာခဲ့ပြီး လယ်ယာ၏ ပါဝင်မှုအချိုးကိုသိသာစွာ လျော့ချ နိုင်ခဲ့ပါသည်။ ဘရူနိုင်း ဒါရုဆလင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သည်လည်း GDP တွင် စက်မှု ကဏ္ဍ၏ ပါဝင်မှုအချိုး သိသာထင်ရှားစွာ တိုးတက်ခဲ့ပါသည်။ သို့သော် စိတ်ဝင်စားစရာကောင်းသည်မှာ ဝန်ဆောင်မှု ကဏ္ဍ၏ ပါဝင်မှုအချိုး လျော့ကျသွားပါသည်။ ဖိလစ်ပိုင်နိုင်ငံနှင့် စင်္ကာပူနိုင်ငံတို့၏ အခြေအနေမှာ ပြောင်းပြန်ဖြစ်ပါသည်။ GDP တွင် စက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးလျော့ကျပြီး၊ ဝန်ဆောင်မှုကဏ္ဍ၏ ပါဝင်မှုအချိုး သိသိသာသာ တိုးတက်ခဲ့ပါသည်။ မလေးရှားနှင့် ထိုင်းနိုင်ငံတို့သည် ထိုကာလအတွင်း ၎င်းကဏ္ဍတို့၏ ပါဝင်မှုအချိုးများမှာ တည်ငြိမ်ခဲ့ပါသည်။ (ကားချပ် ၁-၂ တွင် ကြည့်ပါ။)

အာဆီယံအဖွဲ့ဝင်နိုင်ငံများ(AMSs) အကြား စီးပွားရေးကဏ္ဍများ၏ ပါဝင်မှု အချိုးအပြောင်းအလဲများက ဖွံ့ဖြိုးမှုအဆင့် မတူညီမှုများနှင့် နိုင်းယှဉ်အကျိုးကျေးဇူး မတူညီမှုများကို အတိုင်းအတာ တစ်ခုအထိ ထင်ဟပ်ဖော်ပြပါသည်။ ထို့ကြောင့် ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တွင် စက်မှုကဏ္ဍ၏ပါဝင်မှုအချိုးသိသာစွာ တိုးတက်လာမှုသည် လုပ်အားကို စူးစိုက်အသုံးချသည့် ပို့ကုန်ဦးတည်သောစက်မှုလုပ်ငန်းများမှရရှိလာခြင်းကြောင့်ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း သစ်တောနှင့် ငါးလုပ်ငန်း အပါအဝင် လယ်ယာကုန်ထွက်လည်း အထူးသဖြင့် ဗီယက်နမ်

နိုင်ငံတွင် သိသိသာသာ တိုးတက်ခဲ့ပါသည်။ လာအိုတွင် သတ္တုနှင့် စွမ်းအင်၊ မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့တို့ကို အကြီးအကျယ် တင်ပို့နိုင်သဖြင့် စက်မှုကဏ္ဍ၏ ပါဝင်မှု သိသိသာသာ တိုးတက်ခဲ့ပါသည်။ အင်ဒိုနီးရှားတွင် အပိုင်း(၂)ပိုင်း ခွဲခြားကြည့်နိုင်ပါသည်။ ပထမပိုင်းတွင် အာဆီယံ၏ ခေတ်ကာလအတွင်း လုပ်အားစုးစိုက်သုံး ပို့ကုန်ဦးတည်သည့် စက်မှုလုပ်ငန်းများ သိသိသာသာ တိုးတက်မှု ရရှိခဲ့ပါသည်။ ဒုတိယပိုင်း ၂၀၀၀ ခုနှစ်များအတွင်း သယံဇာတများ ပိုမိုတူးဖော်ရရှိလာခြင်းပင် ဖြစ်သည်။ စက်မှုထုတ်ကုန်များအတွက် ပြည်တွင်းဝယ်လိုအား တိုးလာမှုကို ပြေလည်စေရန် ၎င်းသယံဇာတစန်းပွင့်မှုက ဆွဲဆောင်သည့် စက်မှုထုတ်ကုန်တိုးချဲ့မှု ဖြစ်ခဲ့ပါသည်။

### ကားချပ် ၁.၂ - စီးပွားရေးအဆောက်အအုံတွင် စက်မှုကဏ္ဍ၏ ပါဝင်မှု ပုံသဏ္ဍာန်( စုစုပေါင်းတွင် စက်မှု၏ပါဝင်မှုရာခိုင်နှုန်း)




ဇာစ်မြစ် - UNCTAD Stat (2013)

မလေးရှားနှင့် ထိုင်းနိုင်ငံတို့သည် ထိုကာလအတွင်း ပိုမိုဘက်မျှသော တိုးတက်မှုလမ်းကြောင်းကို ရရှိခဲ့ကြပါသည်။ မလေးရှားနိုင်ငံသည်လည်း ၎င်းတို့အကြီးအကျယ်ထုတ်လုပ်သော ဆီအုန်းထုတ်လုပ်မှုမှာ တရုတ်က ဆွဲဆောင်သည့် ကုန်စည်ဖွံ့ဖြိုးလာမှုမှ အကျိုး ကျေးဇူးများ ရရှိခဲ့ပါသည်။ ထို့ပြင် ခရီးသွားလုပ်ငန်းများလည်း အကြီးအကျယ် ဖွံ့ဖြိုးလာ ခဲ့ပါသည်။ သို့သော် အင်ဒိုနီးရှားနှင့် ဆန့်ကျင်ဘက်အခြေအနေမှာ မလေးရှားနိုင်ငံတွင် စက်မှုလုပ်ငန်းများ တိုးချဲ့မှုရှိခဲ့သော်လည်း မလေးရှား၏ ပြည်တွင်းဈေးကွက်သည် အင်ဒိုနီးရှားနှင့်ယှဉ်လျှင် ပိုမိုသေးငယ်ပြီး မလေးရှားမှ ထုတ်လုပ်သော လျှပ်စစ်ပစ္စည်းများ၊ လျှပ်စစ်အသုံးပြုစက်ကိရိယာများ စသည့်လုပ်ငန်းများသည် တရုတ်နိုင်ငံနှင့် ပြင်းထန်သော ယှဉ်ပြိုင်မှုကို ရင်ဆိုင်ခဲ့ရပါသည်။ ထိုင်းနိုင်ငံသည်လည်း ပိုမိုဘက်မျှသော တိုးတက်မှု (Cross -sectoral growth) နှင့် တွေ့ကြုံခဲ့ရသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ လယ်ယာအခြေခံ ပြုပြင်ထုတ်လုပ်သည့် အစားအစာလုပ်ငန်းသည် ဆက်လက်၍ ယှဉ်ပြိုင်နိုင်စွမ်း ရှိနေဆဲဖြစ်ပါသည်။ ထို့ကြောင့် ထိုင်းနိုင်ငံသည် အာဆီယံတွင် ထုတ်လုပ်မှုကွန်ယက်၏ ဗဟိုကျမှု (အဓိကနေရာ) ဖြစ်လာခဲ့၍ အထူးသဖြင့် မော်တော်ကား ထုတ်လုပ်မှုလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်း (Tourism) ဝန်ဆောင်မှု၊ ထောက်ပံ့ပို့ဆောင်ရေး (Logistics) လုပ်ငန်းများသည်လည်း အိမ်နီးချင်းနိုင်ငံများအတွက် အဓိကနေရာအဖြစ် ဆောင်ရွက်ပေးခဲ့ပါသည်။

ဖိလစ်ပိုင်နိုင်ငံနှင့် စင်္ကာပူနိုင်ငံတို့သည် GDP ၏ ထက်ဝက်ကျော်ကို ၎င်းတို့၏ ဝန်ဆောင်မှုကဏ္ဍမှရရှိနေသော အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြပါသည်။ စင်္ကာပူနိုင်ငံ၏ တိုင်းပြည်ဝင်ငွေရရှိရာ အဓိကဇစ်မြစ်မှာ ဝန်ဆောင်မှုကဏ္ဍဖြစ်သည်မှာ အံ့သြစရာမရှိပါချေ။ အကြောင်းမှာ ဒေသနှင့် ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများရှိခြင်း၊ ဒေသတစ်ခုလုံး၏ ဝန်ဆောင်မှုလုပ်ငန်းများအတွက် အဓိကနေရာဖြစ်ခြင်း၊ ဒေသတစ်ခုလုံး၏ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်းကဲ့သို့သော နည်းပညာစူးစိုက်သုံးသည့် လုပ်ငန်းများနှင့် အရည်အသွေးမြင့်မားသည့် လုပ်အားစူးစိုက်သုံးလုပ်ငန်းများ စင်္ကာပူနိုင်ငံတွင် ရှိနေခြင်းကြောင့်ဖြစ်ပြီး လုပ်ခလည်း မြင့်မားစွာရရှိကြပါသည်။

ဖိလစ်ပိုင်နိုင်ငံသည် ပြင်ပဇာစ်မြစ် စီးပွားရေးလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံရာ အဓိကနေရာအဖြစ် အရေးပါလာခြင်း၊ နိုင်ငံခြားသို့သွားရောက်လုပ်ကိုင်ကြသော ဖိလစ်ပိုင်နိုင်ငံသားများမှ မိမိတိုင်းပြည်သို့ ငွေလွှဲပို့နိုင်မှုများပြားလာခြင်း၊ ပြည်တွင်းစားသုံးမှု အကြီးအကျယ် တိုးတက်လာခြင်းတို့ကြောင့် ဖိလစ်ပိုင်၏ GDP တွင် ဝန်ဆောင်မှုကဏ္ဍ၏ ပါဝင်မှုအချိုးသိသိသာသာ တိုးတက်လာခြင်းဖြစ်ပါသည်။ သို့သော်လည်း ပြည်တွင်းဈေးကွက် အခိုင်

အမာ တိုးနေမှုကြောင့် ၂၀၀၀ ခုနှစ်အတွင်း အင်ဒိုနီးရှားတွင် ဖြစ်ပွားသကဲ့သို့ပင် မကြာသေးမီ နှစ်များတွင် ကုန်ချောထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်ရှင်သန်လာဖွယ်ရှိပါသည်။

## စီးပွားရေးတိုးတက်မှုနှင့် အသွင်ပြောင်းမှုအတွက် လှုံ့ဆော်မှုများနှင့် တွန်းအားများ

တိုင်းပြည်ဝင်ငွေ စာရင်းအင်းများ၏ အသုံးစရိတ်စာရင်းကို ကြည့်ခြင်းအားဖြင့် လွန်ခဲ့သော ဆယ်စုနှစ်(၂)ခုအတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးအသွင်ပြောင်းမှုနှင့် တိုးတက်မှု လက္ခဏာရပ်များကို သိရှိနိုင်ပါသည်။ ၎င်းကို ဇယား (၁-၃)တွင် ဖော်ပြထားပါသည်။ ဇယား(၁-၃) တွင် ဖော်ပြထားချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားကုန်သွယ်မှု သိသိသာသာ တိုးလာသည်ကို တွေ့ရပါသည်။ စီးပွားရေးတိုးတက်မှုနှုန်း မြင့်မားခြင်းသည် ရင်းနှီးမြှုပ်နှံမှုနှုန်းကို မြင့်မားစေပြီး တိုင်းပြည်ထုတ်ကုန် (National Output) တွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး၏ ပါဝင်မှုအချိုးမြင့်မားရန် အလားအလာရှိကြောင်းကို ဇယားတွင် ဖော်ပြထားပါသည်။

သယံဇာတအရင်းအမြစ်နှင့် အရင်းအနှီးရှားပါးသော စီးပွားရေးအဆောက်အအုံများအတွက် တိုးတက်မှုအဟုန်ကို လုပ်အားအင်အားစုပေါ်များစွာ ရရှိခြင်းကသာ သတ်မှတ်ပေးမည် ဖြစ်ပါသည်။ နိုင်ငံတကာ ကုန်သွယ်မှုတွင် ပါဝင်နိုင်မှုမြင့်မားခြင်းသည် ထိုနိုင်ငံသည် နှိုင်းယှဉ် အကျိုးကျေးဇူးရရှိနေသည်ကို ညွှန်ပြနေခြင်းဖြစ်ပြီး ၎င်းတွင်ရှိသည့် သယံဇာတ အရင်းအမြစ်များကို ပိုမိုထိရောက်စွာ အသုံးချနိုင်မည်ဖြစ်ပါသည်။

စင်္ကာပူနိုင်ငံသည် အာဆီယံဒေသ၏ ဆိပ်ကမ်းဝင်ပေါက်ဖြစ်ခြင်းကြောင့် GDP တွင် ကုန်သွယ်ရေးမှ ပါဝင်မှုအချိုး ထူးထူးခြားခြား အလွန်မြင့်မားကြောင်း တွေ့ရှိရပါသည်။ ဇယား (၁-၃) တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကုန်သွယ်မှုတွင် ပါဝင်မှုအခြေအနေများကို နှိုင်းယှဉ် ဖော်ပြ ထားပါသည်။ စင်္ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့သည် ဒေသ၏ ထုတ်လုပ်မှု ကွန်ယက်တွင် အဓိကပါဝင်သော နိုင်ငံဖြစ်ကြပါသည်။ ဤအခြေအနေကို နိုင်ငံ(၃)နိုင်ငံ၏ ကုန်သွယ်မှုအချိုး မြင့်မားခြင်းက ဖော်ပြပါသည်။ ၁၉၉၀ ခုနှစ်များနှင့် ၂၀၀၀ ခုနှစ်များ အတွင်းတွင် ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံများသည် ကုန်သွယ်မှုအချိုး သိသိသာသာ မြင့်မားလာသည်ကို ဇယားတွင် ဖော်ပြထားပါသည်။ ဗီယက်နမ်၏ ကုန်သွယ်မှုဝေစု တရှိန်ထိုး တိုးတက်လာခြင်းကို ကြည့်ခြင်းဖြင့် ဗီယက်နမ်သည် ဒေသ၏ ထုတ်လုပ်မှု ကွန်ယက်ထဲသို့ ဝင်ရောက်မှု တိုးလာသည်ကို တွေ့ရှိရပါသည်။ ကမ္ဘောဒီးယားနှင့်

ဗီယက်နမ် တို့သည် ကုန်ချောထုတ်ကုန်တင်ပို့မှုအတွက် သွင်းကုန်များပေါ်တွင် အလွန်အမင်း မှီခိုနေရခြင်းကြောင့် ပို့ကုန်နှင့် သွင်းကုန်(၂)ခုလုံး ပါဝင်မှုအချိုးများ မြင့်မားကြပါသည်။ ဒေသ ဆိုင်ရာထုတ်လုပ်မှု ကွန်ယက်များ၊ ယင်းကွန်ယက်များတွင် အာဆီယံနိုင်ငံများ၏ ပါဝင်မှု၊ ကုန်စည်အလိုက် ဒေသအတွင်း ကုန်သွယ်ရေး စူးစိုက်မှုတို့ကို ဤ Integrative Report ၏ အခန်း(၄) တွင် ဆွေးနွေးထားပါသည်။

ဇယား ၁.၃ - အသုံးစရိတ်အရ စီးပွားရေးဖွံ့စည်းမှု ပုံသဏ္ဍာန်။ (စုစုပေါင်းတွင် ပါဝင်မှုရာခိုင်နှုန်း)

| Country | Type of Expenditure | 1990 | 1995 | 2000 | 2005 | 2011 |
|---|---|---|---|---|---|---|
| Brunei | Total by Expenditure | 100 | 100 | 100 | 100 | 100 |
| | Private (Household) Consumption | 26.49 | 36.65 | 24.83 | 22.46 | 19.87 |
| | Government consumption (expenditure) | 22.02 | 26.75 | 25.82 | 18.41 | 17.33 |
| | Gross capital formation | 18.68 | 36.66 | 13.06 | 11.37 | 13.36 |
| | Exports of goods and services | 61.81 | 59.72 | 67.35 | 70.17 | 81.28 |
| | Imports of goods and services | 37.27 | 55.83 | 35.82 | 27.29 | 29.13 |
| | Statistical Discrepancies | 8.27 | -3.95 | 4.77 | 4.88 | -2.71 |
| Cambodia | Total by Expenditure | 100 | 100 | 100 | 100 | 100 |
| | Private (Household) Consumption | 90.43 | 90.91 | 88.81 | 84.29 | 82.86 |
| | Government consumption (expenditure) | 7.23 | 5.1 | 5.23 | 5.8 | 6.02 |
| | Gross capital formation | 8.31 | 13.4 | 17.53 | 18.47 | 17.1 |
| | Exports of goods and services | 2.44 | 32.7 | 49.85 | 64.08 | 54.08 |
| | Imports of goods and services | 8.4 | 43.92 | 61.76 | 72.75 | 59.5 |
| | Statistical Discrepancies | 0 | 1.81 | 0.35 | 0.1 | -0.56 |
| Indonesia | Total by Expenditure | 100 | 100 | 100 | 100 | 100 |
| | Private (Household) Consumption | 52.98 | 56.75 | 61.63 | 64.36 | 54.58 |
| | Government consumption (expenditure) | 8.05 | 7.13 | 6.62 | 8.11 | 8.99 |
| | Gross capital formation | 27.91 | 29.06 | 22.27 | 25.08 | 32.7 |
| | Exports of goods and services | 24.18 | 25.12 | 40.93 | 34.07 | 26.33 |
| | Imports of goods and services | 21.6 | 25.16 | 30.51 | 29.92 | 24.92 |

| Country | Type of Expenditure | 1990 | 1995 | 2000 | 2005 | 2011 |
|---|---|---|---|---|---|---|
| | Statistical Discrepancies | 8.48 | 7.11 | -0.94 | -1.7 | 2.26 |
| Lao PDR | Total by Expenditure | 100 | 100 | 100 | 100 | 100 |
| | Private (Household) Consumption | 89.11 | 90.11 | 93.5 | 69.93 | 63.2 |
| | Government consumption (expenditure) | 7.25 | 7.27 | 6.69 | 8.22 | 11.46 |
| | Gross capital formation | 16.83 | 16.73 | 13.9 | 36.35 | 31.13 |
| | Exports of goods and services | 11.33 | 23.22 | 30.03 | 25.81 | 22.83 |
| | Imports of goods and services | 24.52 | 37.33 | 44.11 | 38.97 | 28.76 |
| | Statistical Discrepancies | 0 | 0 | 0 | -1.35 | 0.13 |
| Malaysia | Total by Expenditure | 100 | 100 | 100 | 100 | 100 |
| | Private (Household) Consumption | 52.72 | 48.8 | 43.12 | 44.19 | 47.5 |
| | Government consumption (expenditure) | 12.53 | 11.24 | 9.44 | 11.47 | 13.02 |
| | Gross capital formation | 35.68 | 48.12 | 30.11 | 22.4 | 23.58 |
| | Exports of goods and services | 68.92 | 87.09 | 115.15 | 112.9 | 91.56 |
| | Imports of goods and services | 67.03 | 90.73 | 96.69 | 90.96 | 75.66 |
| | Statistical Discrepancies | -2.82 | -4.52 | -1.14 | 0 | 0 |
| Myanmar | Total by Expenditure | 100 | 100 | 100 | 100 | 100 |
| | Private (Household) Consumption | 74.74 | 78.4 | 68.75 | 76.5 | 70.18 |
| | Government consumption (expenditure) | 13.57 | 8.23 | 18.9 | 10.44 | 10.28 |
| | Gross capital formation | 13.38 | 14.24 | 12.45 | 13.19 | 19.3 |
| | Exports of goods and services | 1.94 | 0.83 | 0.5 | 0.16 | 0.11 |
| | Imports of goods and services | 3.63 | 1.7 | 0.59 | 0.09 | 0.1 |
| | Statistical Discrepancies | 0 | 0 | 0 | -0.2 | 0.22 |
| Philippines | Total by Expenditure | 100 | 100 | 100 | 100 | 100 |
| | Private (Household) Consumption | 69.45 | 72.25 | 72.2 | 75.01 | 73.37 |
| | Government consumption (expenditure) | 10.09 | 11.37 | 11.42 | 9.04 | 9.41 |
| | Gross capital formation | 27.77 | 25.81 | 18.37 | 21.55 | 21.8 |
| | Exports of goods and services | 23.62 | 31.21 | 51.37 | 46.14 | 31.19 |
| | Imports of goods and services | 30.52 | 40.51 | 53.36 | 51.74 | 36.21 |
| | Statistical Discrepancies | -0.41 | -0.41 | 0 | 0 | 0.42 |
| Singapore | Total by Expenditure | 100 | 100 | 100 | 100 | 100 |

| Country | Type of Expenditure | 1990 | 1995 | 2000 | 2005 | 2011 |
|---|---|---|---|---|---|---|
| | Private (Household) Consumption | 45.36 | 41.39 | 41.94 | 40.13 | 39.37 |
| | Government consumption (expenditure) | 9.54 | 8.39 | 10.89 | 10.49 | 10.32 |
| | Gross capital formation | 35.05 | 33.27 | 33.18 | 19.97 | 22.44 |
| | Exports of goods and services | 177.45 | 183.01 | 192.34 | 229.68 | 208.95 |
| | Imports of goods and services | 167.38 | 166.25 | 179.49 | 200.27 | 182.28 |
| | Statistical Discrepancies | -0.02 | 0.19 | 1.14 | 0 | 1.2 |
| Thailand | Total by Expenditure | 100 | 100 | 100 | 100 | 100 |
| | Private (Household) Consumption | 53.29 | 51.22 | 54.04 | 55.93 | 52.85 |
| | Government consumption (expenditure) | 10.03 | 11.27 | 13.52 | 13.65 | 15.75 |
| | Gross capital formation | 41.62 | 42.93 | 22.33 | 30.53 | 25.47 |
| | Exports of goods and services | 33.08 | 41.6 | 64.97 | 68.64 | 71.99 |
| | Imports of goods and services | 40.56 | 48.3 | 56.57 | 69.69 | 68.47 |
| | Statistical Discrepancies | 2.55 | 1.28 | 1.71 | 0.93 | 2.42 |
| Viet Nam | Total by Expenditure | 100 | 100 | 100 | 100 | 100 |
| | Private (Household) Consumption | 89.55 | 73.61 | 66.46 | 63.53 | 64.31 |
| | Government consumption (expenditure) | 7.54 | 8.19 | 6.42 | 6.15 | 6.48 |
| | Gross capital formation | 14.36 | 27.14 | 29.61 | 35.57 | 32.62 |
| | Exports of goods and services | 26.42 | 32.81 | 55.03 | 69.03 | 74.58 |
| | Imports of goods and services | 35.66 | 41.91 | 57.5 | 73.21 | 86.53 |
| | Statistical Discrepancies | -2.22 | 0.15 | -0.02 | -1.08 | 8.53 |
| ASEAN (Aggregate) | Total by Expenditure | 100 | 100 | 100 | 100 | 100 |
| | Private (Household) Consumption | 55.37 | 55.07 | 55.72 | 57.28 | 54.36 |
| | Government consumption (expenditure) | 9.73 | 9.53 | 10.09 | 10.19 | 10.79 |
| | Gross capital formation | 32.3 | 34.94 | 24.8 | 24.98 | 27.43 |
| | Exports of goods and services | 48.2 | 58.43 | 82.8 | 83.07 | 67.11 |
| | Imports of goods and services | 48.74 | 59.92 | 73.55 | 75.17 | 61.61 |
| | Statistical Discrepancies | 3.13 | 1.95 | 0.14 | -0.35 | 1.92 |
| China | Total by Expenditure | 100 | 100 | 100 | 100 | 100 |
| | Private (Household) Consumption | 48.85 | 44.88 | 46.44 | 38.99 | 35.05 |

| Country | Type of Expenditure | 1990 | 1995 | 2000 | 2005 | 2011 |
|---|---|---|---|---|---|---|
| | Government consumption (expenditure) | 13.64 | 13.25 | 15.86 | 14.11 | 13.1 1 |
| | Gross capital formation | 34.87 | 40.29 | 35.28 | 41.61 | 49.22 |
| | Exports of goods and services | 15.51 | 19.45 | 23.44 | 36.63 | 30.57 |
| | Imports of goods and services | 12.87 | 17 | 21.02 | 31.17 | 27.08 |
| | Statistical Discrepancies | 0 | -0.86 | 0 | -0.16 | -0.87 |
| India | Total by Expenditure | 100 | 100 | 100 | 100 | 100 |
| | Private (Household) Consumption | 65.9 | 62.78 | 63.7 | 58.29 | 56.03 |
| | Government consumption (expenditure) | 11.81 | 10.83 | 12.61 | 10.87 | 11.7 |
| | Gross capital formation | 27.81 | 29.27 | 24.16 | 34.28 | 35.52 |
| | Exports of goods and services | 7.11 | 10.92 | 13.23 | 19.28 | 24.64 |
| | Imports of goods and services | 8.54 | 12.11 | 14.15 | 22.03 | 29.85 |
| | Statistical Discrepancies | -4.08 | -1.69 | 0.44 | -0.69 | 1.97 |

ဇစ်မြစ် ။ ။ UNCTAD STAT (2013)

အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ဇယားတွင် ကုန်သွယ်မှုအချိုးတိုးလာသည်ဟု ဖော်ပြထားသော်လည်း အာဆီယံ၏ အဓိကနိုင်ငံများကြားတွင် ကုန်သွယ်မှုနည်းသော နိုင်ငံများဖြစ်ကြပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် အခြားနိုင်ငံများနှင့် ကုန်သွယ်မှု နည်းပါးရခြင်းမှာ ကြီးမားသော ပြည်တွင်းဈေးကွက်ရှိခြင်းနှင့် ပြည်တွင်းဈေးကွက်သို့ ရည်ရွယ်သည့် စက်မှုလုပ်ငန်းများ ရှိခြင်းကြောင့်ဖြစ်သည်။ ဒေသ၏ထုတ်လုပ်မှု ကွန်ယက်ထဲသို့ ကောင်းစွာဝင်ရောက်မှုမရှိချေ။ ဖိလစ်ပိုင်နိုင်ငံသည် ဒေသ၏ထုတ်လုပ်မှုကွန်ယက်ထဲသို့ ကောင်းစွာဝင်ရောက်သော်လည်း ၎င်း၏ထုတ်ကုန်အမျိုးအစား အရေအတွက်သည် အကန့်အသတ်နှင့်သာ ပါဝင်နိုင်သေးသည်။ ၁၉၉၀ခုနှစ်များနှင့် ၂၀၀၀ခုနှစ် များအတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ခြင်း နည်းပါးမှုနှင့်အတူ တိုင်းပြည်၏ကုန်ချောထုတ်ကုန်များအတွက် အခက်အခဲများသည် အခြားနိုင်ငံများသို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့နိုင်မှုကို အဟန့်အတားဖြစ်ခဲ့ပါသည်။ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်(၂)နိုင်ငံလုံးသည် ၂၀၀၀ ခုနှစ်များအတွင်း ပို့ကုန်တိုးချဲ့တင်ပို့သော်လည်း သွင်းကုန်ပေါ်မှီခိုမှု လျော့နည်းလာပါ သည်။ ပို့ကုန်တိုးချဲ့နိုင်ခြင်းမှာ လယ်ယာနှင့် သဘာဝသယံဇာတ တင်ပို့မှုများပြားမှုကြောင့် ဖြစ်ပါသည်။ သွင်းကုန်ပေါ်မှီခိုမှု နည်းရခြင်းမှာ စီးပွားရေးလုပ်ငန်းများနှင့် ဆက်စပ်သည့် ဝန်ဆောင်မှုများ တင်ပို့မှု တရိန်ထိုးတိုးလာခြင်းကြောင့် ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ အာဆီယံ၏ရွှေခေတ်ဖြစ်သော ၁၉၈၀ ခုနှစ် များ နောက်ပိုင်းနှင့်

၁၉၉၀ခုနှစ်များ အစောပိုင်းကာလများအတွင်း တိုးတက်မှုနှုန်းမြင့်မားသော တိုင်းပြည်များသည် ရင်းနှီးမြှုပ်နှံမှုနှုန်းများ မြင့်မားတိုးတက်ခဲ့ကြပြီး အင်ဒိုနီရှားသည် GDP ၏ ၃၀ ရာခိုင်နှုန်းနီးပါးထိ၊ မလေးရှား၏ ၅၀ရာခိုင်နှုန်းနီးပါးထိ တိုးတက်ခဲ့ကြပါသည်။ (ဇယား(၁-၃) တွင်ကြည့်ပါ) ၁၉၉၇ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်းကြောင့် အာဆီယံနိုင်ငံများ အထူးသဖြင့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်္ကာပူနှင့် ထိုင်းနိုင်ငံတို့သည် ၁၉၀၀ခုနှစ်များ နှောင်းပိုင်းနှင့် ၂၀၀၀ခုနှစ်များ အစောပိုင်း ကာလအတွင်း ရင်းနှီးမြှုပ်နှံမှုနှုန်းများ သိသိသာသာ ကျဆင်းခဲ့ပါသည်။ ထိုနိုင်ငံ(၅)ခုအနက် အင်ဒိုနီးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှုန်းသည်သာလျှင် ၂၀၀၀ခုနှစ်များအတွင်းတွင် ၁၉၉၇ခုနှစ် ဘဏ္ဍာရေးအကျပ်အတည်း မတိုင်မီရင်းနှီးမြှုပ်နှံမှုနှုန်းကို အပြည့်အဝ ပြန်လည်ရရှိခဲ့ပါသည်။ အကြောင်းမှာ အခြား(၄)နိုင်ငံနှင့်ယှဉ်လျှင် အင်ဒိုနီးရှားနိုင်ငံသည် ၂၀၀၀ ခုနှစ်များအတွင်း ခိုင်မာသော စီးပွားရေး တိုးတက်မှုနှုန်း ရှိခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ဗီယက်နမ်၏ ရင်းနှီးမြှုပ်နှံမှုနှုန်းသည် လွန်ခဲ့သော ဆယ်စုနှစ် (၂)ခုအတွင်း သိသိသာသာ တိုးတက်ခဲ့ပါသည်။ (၁၉၉၀ခုနှစ်တွင် GDP ၏ ၁၄ ရာခိုင်နှုန်းဝန်းကျင်မှ ၂၀၁၀ခုနှစ်တွင် GDP၏၃၉ရာခိုင်နှုန်းဝန်းကျင်ထိ)အကြောင်းမှာဗီယက်နမ်သည်စီးပွားရေးအသွင်ပြောင်းမှုကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့သောကြောင့် ဖြစ်ပါသည်။ အလားတူပင် ၁၉၉၀ ခုနှစ်များတွင် ကမ္ဘောဒီးယားနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုနှုန်း သိသိသာသာ တိုးတက်ခဲ့ပြီး ၂၀၀၀ခုနှစ်များတွင် လာအိုနိုင်ငံသည်လည်း ရင်းနှီးမြှုပ်နှံမှုနှုန်း အရှိန်အဟုန်နှင့် တိုးတက်ခဲ့ပါသည်။ ၂၀၀၀ခုနှစ်များအတွင်း ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့၏ ရင်းနှီးမြှုပ်နှံမှုနှုန်း တိုးတက်မှုကြောင့် စီးပွားရေးတိုးတက်မှုနှုန်း မြင့်မားခဲ့ကြပါသည်။ သို့သော် စီးပွားရေးတိုးတက်မှုကို ရရှိစေသည့် စက်မှုလုပ်ငန်းများ၏ သဘောသဘာဝ မတူညီသည်ကို တွေ့ရပါသည်။ အထူးသဖြင့် လာအိုနိုင်ငံ၏ နှိုင်းယှဉ် အကျိုးကျေးဇူးရရှိသည့် လုပ်ငန်းမှာ အရင်းအနှီးစူးစိုက်သုံးသည့် သတ္တုနှင့် စွမ်းအင်ကဏ္ဍများဖြစ်ကြပြီး ကမ္ဘောဒီးယားနိုင်ငံအတွက်မူ အရင်းအနှီးများစွာမလိုသော အထည်ချုပ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတို့ ဖြစ်ပါသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI)သည် အာဆီယံနိုင်ငံအများစု၏ မြင့်မားသော (သို့) ခိုင်မာသော ရင်းနှီးမြှုပ်နှံမှု တိုးတက်နှုန်းတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ အာဆီယံဒေသကြီးတစ်ခုလုံးအတွက် ပုံသေအရင်းတည်ဆောက်မှု၏ ဝေစုတစ်ခုအဖြစ် FDI စီးဝင်မှုသည် ၁၉၉၀-၁၉၉၆ခုနှစ် အတွင်း (၁၁)ရာခိုင်နှုန်းခန့်ရှိခဲ့ရာမှ ၂၀၀၅-၂၀၁၁ ကာလ

အတွင်း ပျမ်းမျှ (၁၉)ရာခိုင်နှုန်းခန့် ရှိခဲ့ပါသည်။ သို့သော် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပုံသေအရင်းတည်ဆောက်မှုတွင် FDI ၏ ပါဝင်မှုအချိုးများ အကြီးအကျယ်ကွဲပြားခြားနားကြပါသည်။ (ဇယား(၁-၄) တွင်ကြည့်ပါ) စက်ာပူ၏ ပုံသေအရင်း တည်ဆောက်မှုသည် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း FDI မှ အလွန်အမင်းရရှိခဲ့ပါသည်။ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့၏ ပုံသေအရင်းတည်ဆောက်မှုတွင် FDI ၏ ပါဝင်မှုအချိုးမှာ ၁၉၉၀ခုနှစ်များကတည်းက ဂဏန်းတစ်လုံး (Single digits)သာ ရှိခဲ့ပါသည်။ FDI အလွန်အမင်းရရှိသော စက်ာပူနိုင်ငံသည် လွတ်လပ်သော ကုန်သွယ်မှုကို တွန်းအားပေးရာတွင် ဦးစီးခေါင်းဆောင်နေရာတွင် ပါရှိပါသည်။ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများသည် ပြည်တွင်းပိုင်ဆိုင်မှုများသာ အဓိကဖြစ်ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု လွတ်လပ်ခွင့်ပြုရေး ကြိုးပမ်းအားထုတ်မှုများတွင် ပိုမိုသတိကြီးစွာ ဆောင်ရွက်ကြသည်။ တနည်းအားဖြင့်ဆိုသော် စက်ာပူနိုင်ငံသည် လွန်ခဲ့သော ဆယ်စုနှစ် (၂)ခုအတွင်း အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ထက် ဆွဲဆောင်ရာတွင် ပိုမိုအောင်မြင်မှုများ ရရှိခဲ့ကြောင်းကို ဇယားတွင် တွေ့ရှိနိုင်ပါသည်။ အမှန်ဆိုရသော် အာဆီယံသို့ FDI စီးဝင်မှုသည် စက်ာပူသို့ FDI စီးဝင်မှုဟု ပြောနိုင်လောက်အောင် သိသာထင်ရှားပါသည်။

ဇယား ၁.၄ - နိုင်ငံအလိုက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီးဝင်မှုအခြေအနေ (ပုံသေအရင်းတည်ဆောက်မှု၏ အချိုးအဖြစ်ဖော်ပြသည်။)

| YEAR | 1990 - 1995 | 1996 - 2001 | 2002 - 2007 | 2008 - 2011 |
|---|---|---|---|---|
| Brunei | 6.20 | 53.62 | 86.32 | 30.91 |
| Cambodia | 23.97 | 42.04 | 26.34 | 39.59 |
| Indonesia | 4.95 | -2.24 | 4.45 | 5.66 |
| Lao PDR | 13.89 | 24.47 | 8.37 | 11.83 |
| Malaysia | 16.73 | 12.48 | 14.32 | 13.50 |
| Myanmar | 23.27 | 48.87 | 20.54 | 17.81 |
| Philippines | 6.44 | 7.13 | 7.75 | 4.50 |
| Singapore | 32.06 | 46.56 | 82.57 | 65.45 |
| Thailand | 4.30 | 15.86 | 14.70 | 9.54 |
| Viet Nam | 33.52 | 23.08 | 13.70 | 23.65 |
| ASEAN (Aggregate) | 10.77 | 16.52 | 20.03 | 15.58 |
| China | 9.69 | 12.20 | 7.78 | 4.49 |
| India | 0.82 | 3.11 | 4.30 | 7.15 |

ဇာစ်မြစ် - UNCTAD Stat 2013.

အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများသည် စင်္ကာပူနှင့် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့ဖြစ်စဉ်ကြား တွင် ရှိကြသည်။ ဘရူနိုင်းဒါရူဆလင်နှင့် CLMVနိုင်ငံများသည် ပုံသေအရင်းတည်ဆောက်မှုအတွက် FDI အပေါ် မှီခိုမှုတွင် စင်္ကာပူနိုင်ငံနှင့်အတူ အာဆီယံ၏ ပျမ်းမျှထက် ပိုများသည်။ ဘရူနိုင်းနိုင်ငံသည် ရေနံထွက်ရှိသည့် နိုင်ငံဖြစ်သော်လည်း ကိုယ်တိုင်ပိုင်ဆိုင်သည့် ရေနံ သယံဇာတကို တူးဖော်ထုတ်လုပ်ဖွံ့ဖြိုးအောင်လုပ်နိုင်သည့် စွမ်းရည်မရှိခြင်းကြောင့် ကမ္ဘာ့ အဓိကရေနံကုမ္ပဏီများနှင့် ရေနံဝန်ဆောင်မှုကုမ္ပဏီများမှ FDI များ၊ ၎င်းတို့နှင့်တွဲ၍ အစုစပ် ကုမ္ပဏီများ တည်ထောင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ CLMV နိုင်ငံများ အထူးသဖြင့် ဗီယက်နမ်နှင့် ကမ္ဘောဒီးယားတို့တွင် နိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှုနှုန်းများ လျင်မြန်စွာ တက်လာစေရန်၊ စီးပွားရေးတိုးတက်မှုနှုန်း သိသိသာသာ မြင့်မားလာစေရန်နှင့် သိသာ ထင်ရှားသော စီးပွားရေးအသွင်ပြောင်းမှုများအတွက် FDI မြင့်မားမှုက အထောက်အကူ ဖြစ်ကြောင်း တစ်ညီတစ်ညွတ်တည်း သဘောတူမီးမောင်းထိုးပြကြသည်။

FDI ၏ အရေးပါမှုကို နောက်တစ်နည်းဖြင့် ကြည့်မည်ဆိုလျှင် အချိန်ကာလအလျောက် နိုင်ငံများ အကြား FDI စီးဝင်မှုနှင့် တစ်ဦးကျ FDI ပမာဏ (FDI stock per capita) တို့ကို နှိုင်းယှဉ်ရမည် ဖြစ်ပါသည်။ (ကားချပ်၁-၃တွင် ကြည့်ပါ)

အာဆီယံနိုင်ငံများကြားတွင်လည်းကောင်း၊ တရုတ်နှင့် အိန္ဒိယတို့ဖြင့် ယှဉ်ကြည့်လျှင်သော် လည်းကောင်း စင်္ကာပူနိုင်ငံတွင် FDI စီးဝင်မှုနှင့် တစ်ဦးကျ FDI ပမာဏ သည် အလွန် မြင့်မားသော အဆင့်တွင်ရှိပါသည်။ အလားတူပင် ဘရူးနိုင်းဒါရူဆလင်သည်လည်း FDI စီးဝင်မှုနှင့် FDI တစ်ဦးကျပမာဏ အလွန် မြင့်မားပါသည်။ ပုံ(၁-၃)တွင် ဖော်ပြထားသည့် အတိုင်း စင်္ကာပူနှင့် ဘရူနိုင်းဒါရူဆလင်တို့တွင် FDI စီးဝင်မှုနှင့် တစ်ဦးကျ ပမာဏသည် လွန်ခဲ့သော ဆယ်စုနှစ်(၂)ခုအတွင်း အာဆီယံသို့ ပျမ်းမျှစီးဝင်မှုထက် အဆပေါင်းများစွာ မြင့်မားပါသည်။ တိုက်ဆိုင်စွာပင် ဘရူနိုင်း ဒါရူဆလင်နှင့် စင်္ကာပူနိုင်ငံတို့သည် ယခုအခါ ဝင်ငွေမြင့်မားသော တိုင်းပြည်များဖြစ်ကြပါသည်။ အနည်းဆုံး ဆယ်စုနှစ်(၂)ခုကျော် အလွန် မြင့်မားသော တစ်ဦးကျ FDI စီးဝင်မှုရရှိအောင် ဆွဲဆောင်နိုင်ခဲ့ခြင်းသည် ၎င်းတို့ကို ယနေ့ကြွယ်ဝချမ်းသာသော နိုင်ငံများဖြစ်လာအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဘရူနိုင်းဒါရူဆလင်နှင့် စင်္ကာပူနိုင်ငံတို့သည် သေးငယ်သော မြို့တော်တိုင်းပြည် (City States)များ ဖြစ်ခြင်းကြောင့် ၎င်းတို့၏ တစ်ဦးကျ FDI သည် အင်ဒိုနီးရှား၊ ထိုင်းနှင့် မလေးရှား ကဲ့သော လူဦးရေများပြားသော နိုင်ငံများ၏ တစ်ဦးကျ FDI ထက်ပိုမိုမြင့်မားသည်ဟု ဆိုနိုင်ပါသည်။

## ကားချပ် ၁.၃ - နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်လာမှုနှင့် တစ်ဦးကျပမာဏ




ဇာစ်မြစ်- UNCTAD Stat (2013)

လက်ရှိအခြေအနေတွင် ဝင်ငွေအလယ်အလတ်အထက်အဆင့်ရရှိနေသော အာဆီယံအဖွဲ့ဝင်(၂)နိုင်ငံဖြစ်သည့် မလေးရှားနှင့် ထိုင်းနိုင်ငံတို့သည် လွန်ခဲ့သော ဆယ်စုနှစ်(၂)ခုအတွင်းတွင် အာဆီယံပျမ်းမျှထက်ပို၍ တစ်ဦးကျ FDI ပမာဏကို ရရှိကြပါသည်။ ထို(၂)နိုင်ငံလုံး၏ စီးပွားရေး အသွင်ပြောင်းမှုတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ အရှေ့အာရှ၏ ဒေသဆိုင်ရာ ထုတ်လုပ်မှုကွန်ယက်တွင် အထူးသဖြင့် (၂)နိုင်ငံလုံးသည် လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်မှုတွင်လည်းကောင်း၊ ထိုင်းနိုင်ငံသည် မော်တော်ယာဉ်ထုတ်လုပ်မှု လုပ်ငန်းများတွင်လည်းကောင်း အရေးပါသော ကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက်မူ တစ်ဦးကျ စီးဝင်မှုပမာဏမှာ FDI အာဆီယံ ပျမ်းမျှပမာဏထက်နည်းသော်လည်း မကြာသေးမီနှစ်များအတွင်းတွင် စီးဝင်မှု ပမာဏမှာ အထူးသဖြင့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်တို့တွင် သိသိသာသာ တိုးတက်လာခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကမ္ဘာ့စုစုပေါင်း FDI စီးဝင်မှုတွင် အာဆီယံသို့ စီးဝင်မှု သိသိသာသာတိုးလာကြောင်းကို ၂၀၀၇-၂၀၀၉အတွင်း ပျမ်းမျှ(၃.၇)ရာခိုင်နှုန်းမှ ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း ပျမ်းမျှ (၇.၄)ရာခိုင်နှုန်းသို့ တိုးလာခြင်းကို ကြည့်ခြင်းဖြင့် သိရှိနိုင်ပါသည်။ ထိုစဉ် ကာလအတွင်း တရုတ်နိုင်ငံသို့ FDI စီးဝင်မှုမှာ အနည်းငယ်သာတိုးတက်ခဲ့ပြီး (၂၀၀၇-၂၀၀၉ ခုနှစ်အတွင်း ပျမ်းမျှ (၆.၁)ရာခိုင်နှုန်းမှ ၂၀၁၀-၂၀၁၁ခုနှစ်အတွင်း (၈.၅) ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်။) အိန္ဒိယသို့ FDI စီးဝင်မှုမှာ ကျဆင်းခဲ့ကြောင်း တွေ့ရပါသည်။ ( ၂၀၀၇-၂၀၀၉ ခုနှစ်အတွင်း (၂.၂)ရာခိုင်နှုန်းမှ ၂၀၁၀-၂၀၁၂ ခုနှစ်အတွင်း (၂.၀) ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါသည်။)

တန်ဖိုးမြှင့်စက်မှုကုန်ချောထုတ်ကုန်များနှင့် စက်မှုကုန်ချောပို့ကုန်များအပေါ်တွင် FDI စီးဝင်မှုနှင့် FDI ပမာဏတို့၏ အကျိုးသက်ရောက်မှုကိုဖော်ပြသည့် ရီဂရက်ရှင်းများ (ဇယား(၁-၅) ကိုကြည့်ပါ) အရ အာဆီယံနိုင်ငံအတော်များများတွင် FDI စီးဝင်မှုနှင့် စက်မှုကုန်ချောကဏ္ဍ စွမ်းဆောင်ချက်တို့အကြား ခိုင်မာသော အပေါင်းဆက်စပ်မှု ရှိသည်ကို ဆုံးဖြတ်မှုပြကိန်း (R-squared) ကိုပါ ထည့်သွင်းစဉ်းစားခြင်ဖြင့် တွေ့ရှိရပါသည်။ အထူးသဖြင့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ စင်္ကာပူနှင့် ဗီယက်နမ်တို့တွင် သိသာထင်ရှားစွာ တွေ့ရပါသည်။ မျှော်မှန်းထားသည့် ဆုံးဖြတ်မှုပြကိန်း တန်ဖိုးသည် FDI စီးဝင်မှုထက် FDI ပမာဏတွင် ပိုမိုမြင့်မားကြောင်း တွေ့ရပါသည်။ စက်မှုကုန်ချောထုတ်လုပ်ငန်းများ၏ စွမ်းဆောင်ချက်အင်အားများသည် ရှုပ်ထွေးဖွယ်ရာရှိသည့်အတွက်ကြောင့် ရီဂရက်ရှင်းသည် အစီအစဉ်လိုက်ဆက်စပ်မှု(auto-correlation) ပြဿနာရှိကောင်း ရှိနိုင်ပါသည်။ သို့သော် ရီဂရက်ရှင်းရလဒ်များသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အရေးပါမှု တနည်းအားဖြင့် ဒေသတွင် စီးပွားရေးလုပ်ဆောင်ချက်များ တရှိန်ထိုးတိုးတက်မှုကို ဖော်ပြသော ထုတ်လုပ်မှုကွန်ယက်၏ အချက်အချာဖြစ်သော FDI ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းများ၏ ဆက်စပ်မှုကို မီးမောင်းထိုးပြပါသည်။

FDI စီးဝင်မှုသည် မမျှော်လင့်ဘဲ စီးဝင်လာခြင်းမျိုးမဟုတ်ပါ။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်အခြေအနေနှင့် ကမ္ဘာလုံးဆိုင်ရာ အခြေအနေများပေါ်တွင် မူတည်၍ နိုင်ငံတွင်းသို့ FDI ရင်းနှီးမြှုပ်နှံမှု စီးဝင်ကြခြင်းဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု သဘာဝ

နှင့်ပတ်သက်သည့် ပြဿနာများကို အခန်း (၇) တွင် ဖော်ပြထားပါသည်။ ထို့ပြင် စီးပွားရေး အဆောက်အအုံ၏ ရေရှည်တိုးတက်မှုအပေါ်တွင် အကျိုးသက်ရောက်မှု ရှိစေသော အခြား အချက်များလည်း ရှိပါသည်။ စီးပွားရေးအဆောက်အအုံတွင် ထုတ်လုပ်မှုအင်အားစုများ၏ စုစုပေါင်းထုတ်လုပ်နိုင်စွမ်းအားပေါ်တွင် အကျိုးသက်ရောက်စေသော အချက်အလက်များ၊ ဥပမာအားဖြင့် သုတေသနနှင့် တီထွင်ထုတ်လုပ်မှု)များရှိပါသည်။ လွန်ခဲ့သော ဆယ်စုနှစ် တစ်ခုခွဲအတွင်း စုစုပေါင်းထုတ်လုပ်မှုအင်အားစုများ၏ ထုတ်လုပ်နိုင် စွမ်းအား တိုးတက်မှုပေါ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စွမ်းဆောင်ချက်မှာ အမှန်တကယ်ပင် ရောစပ်နေပါသည်။ ထုတ်လုပ်နိုင်မှုစွမ်းအား တိုးတက်မှုပြဿနာနှင့် နည်းပညာလွှဲပြောင်းမှု၊ တီထွင်မှုများနှင့် ဆက်စပ်မှုများကို အခန်း(၄)တွင် ဆွေးနွေးထားပါသည်။

### ဇယား ၁.၅ - ၁၉၉၀ မှ ၂၀၁၁ ခုနှစ်အတွင်း အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံချင်းစီတွင် တန်ဖိုးမြှင့် စက်မှုကုန်ချောထုတ်ကုန်နှင့် စက်မှုကုန်ချောပို့ကုန်များပေါ်တွင် FDI စီးဝင်လာမှုနှင့် ပမာဏ၏ အကျိုးသက်ရောက်မှု

| Country/FDI Type | FDI Inflow | | | FDI Stock | | |
|---|---|---|---|---|---|---|
| | Coefficient | Intercept | R-Squared | Coefficient | Intercept | R-Squared |
| Brunei | 0.14 | 872.18 | 0.04 | 0.09 | 457.65 | 0.84 |
| Cambodia | 1.73 | 270.30 | 0.79 | 0.28 | 192.51 | 0.94 |
| Indonesia | 7.79 | 48599.00 | 0.76 | 0.94 | 36241.00 | 0.89 |
| Lao PDR | 1.63 | 61.94 | 0.69 | 0.33 | -5.00 | 0.95 |
| Malaysia | 3.72 | 13605.00 | 0.37 | 0.57 | 5537.80 | 0.89 |
| Myanmar | 4.87 | -511.16 | 0.80 | 0.87 | -1332.10 | 0.77 |
| Philippines | 6.24 | 15206.00 | 0.21 | 1.26 | 8058.10 | 0.90 |
| Singapore | 0.66 | 13012.00 | 0.80 | 0.06 | 13386.00 | 0.92 |
| Thailand | 6.08 | 21057.00 | 0.48 | 0.58 | 23249.00 | 0.94 |
| Viet N am | 2.23 | 2038.10 | 0.81 | 0.38 | 1020.10 | 0.98 |
| ASEAN (Aggregate) | 4.15 | 63777.00 | 0.87 | 0.36 | 85774.00 | 0.97 |
| Country/FDI Type | FDI Inflow | | | FDI Stock | | |
| | Coefficient | Intercept | R-Squared | Coefficient | Intercept | R-Squared |
| Brunei | 0.0325 | 298.34 | 0.042 | -0.0055 | 361.36 | 0.0426 |
| Cambodia | 4.3494 | 642.8 | 0.7833 | 0.8246 | 101.49 | 0.9455 |
| Indonesia | 1.7558 | 30258 | 0.6718 | 0.2169 | 25951 | 0.8176 |
| Lao PDR | 0.4098 | 163.58 | 0.3883 | 0.0935 | 126.39 | 0.6916 |
| Malaysia | 5.8995 | 60701 | 0.3833 | 0.8594 | 41454 | 0.7407 |

| | | | | | | |
|---|---|---|---|---|---|---|
| Myanmar | 0.0909 | 704.99 | 0.0167 | 0.081 | 352.2 | 0.269 |
| Philippines | 4.997 | 23094 | 0.1708 | 0.6981 | 19948 | 0.3026 |
| Singapore | 3.3861 | 81940 | 0.727 | 0.315 | 79662 | 0.9151 |
| Thailand | 11.4 | 10226 | 0.5017 | 0.8877 | 21448 | 0.9714 |
| Viet Nam | 5.8398 | -1456.9 | 0.7382 | 1.017 | -7430.3 | 0.9765 |
| ASEAN (Aggregate) | 5.4158 | 168817 | 0.8465 | 0.463 | 193122 | 0.9304 |

မှတ်ရန် - ရီဂရက်ရှင်း ညီမျှခြင်းများသည် မျဉ်းဖြောင့်ဆက်စပ်မှုဖြစ်ပါသည်။

အခြေခံအချက်အလက်ဇာစ်မြစ် - UNCTAD Stat 2013.

## လူမှုရေးဆိုင်ရာတိုးတက်မှု

အာဆီယံဒေသတွင် လူမှုရေးဆိုင်ရာတိုးတက်မှုကို ဆင်းရဲနွမ်းပါးမှုနှုန်းနှင့် ဆင်းရဲနွမ်းပါးမှုကွာဟချက် သိသိသာသာ လျှော့ချနိုင်ခြင်းနှင့် ဒေသတွင်း အလယ်အလတ်လူတန်းစား ထင်ထင်ရှားရှား တိုးတက်လာခြင်းတို့က အကောင်းဆုံးဖော်ညွှန်းပေးနိုင်ပါသည်။ ကားချပ် (၁-၄)တွင် အာဆီယံဒေသတစ်ခုလုံး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံ အတော်များများ၊ တရုတ်နှင့် အိန္ဒိယ တို့၏ ဆင်းရဲနွမ်းပါးသူနှုန်း (headcount poverty rate) ကို ဖော်ပြထားပြီး ကားချပ် (၁-၅)တွင် အထက်ဖော်ပြပါနိုင်ငံများ၏ ဆင်းရဲနွမ်းပါးမှု ကွာဟချက်နှုန်း (poverty gap rate) ကို ဖော်ပြထားပါသည်။ ဆင်းရဲနွမ်းပါးသူနှုန်းသည် တစ်နေ့လျှင် တစ်ဦးကျ PPP (၁.၂၅) ဒေါ်လာအောက်နိမ့်ကျသော ဝင်ငွေရရှိသော လူဦးရေရာခိုင်နှုန်းကို ဖော်ပြပါသည်။ ဆင်းရဲနွမ်းပါးမှုကွာဟချက်သည် ဆင်းရဲနွမ်းပါးမှုကို ဖော်ပြသောမျဉ်း (poverty line) အောက်တွင်ရှိသော လူဦးရေ၏ပျမ်းမျှဝင်ငွေနှင့် ဆင်းရဲနွမ်းပါးမှုမျဉ်းက ဖော်ပြသော ဝင်ငွေကြားကွာဟချက် ရာခိုင်နှုန်းကို ဆိုလိုပါသည်။ ဆင်းရဲနွမ်းပါးသူနှုန်းနှင့် ဆင်းရဲနွမ်း ပါးမှုကွာဟချက်တို့ကို တွက်ချက်ရန်အတွက် လိုအပ်သော အချက်အလက်များကိုကမ္ဘာ့ဘဏ်၏ Pov Cal Net database မှ ရယူထားပါသည်။ ဒေသတွင်း အလယ်အလတ်လူတန်းစားများ တိုးတက်လာမှုနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင် အာဆီယံ၏ စွမ်းဆောင်ချက်ကို ကားချပ်(၁-၆) တွင် ဖော်ပြထားပါသည်။

ကားချပ် (၁-၆) တွင် ဖော်ပြထားသည့်အတိုင်း အာဆီယံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၁၉၉၀ ခုနှစ်တွင် ၄၅ ရာခိုင်နှုန်းဝန်းကျင်တွင်ရှိရာမှ ၂၀၁၀ခုနှစ်တွင် မြန်မာကို ထည့်သွင်းမစဉ်းစားလျှင် ၁၄ရာခိုင်နှုန်းလောက်အထိ လျှော့ကျခဲ့ပြီး မြန်မာကိုထည့်သွင်းစဉ်းစားလျှင် ၁၅.၆ ရာခိုင်နှုန်းလောက်အထိ သိသိသာသာလျှော့ကျခဲ့ပါသည် [1]။ တရုတ်နိုင်ငံသည် ဆင်းရဲနွမ်းပါး

1 The poverty rate for ASEAN as an aggregate is the sum of people with income below the poverty line divided by the total population in ASEAN. ASEAN in this computation excludes Brunei Darussalam, Myanmar and Singapore because of lack of data; i.e., family income and expenditures data. For the estimate including Myanmar, the Myanmar poverty figure uses Myanmar national poverty line which may not be the same as the $ 1.25 PPP per capita per day at 2005 prices that was used in the PovCalNet computations for the ASEAN-7 countries.

မှုနှုန်းကို ၁၉၉၀ခုနှစ်တွင် ၆၀ ရာခိုင်နှုန်း ခန့်ရှိရာမှ ၂၀၀၉ခုနှစ်တွင် ၁၂ ရာခိုင်နှုန်းခန့်သို့ သိသိသာသာ လျှော့ချနိုင်ခဲ့သည့်အတွက် အာဆီယံ၏ စွမ်းဆောင်ချက်သည် တရုတ်နိုင်ငံနှင့် ယှဉ်လျှင် နည်းသည်ဟု ဆိုနိုင်ပါသည်။ သို့သော်လည်း အိန္ဒိယနိုင်ငံနှင့် ယှဉ်လျှင်မူ အိန္ဒိယနိုင်ငံသည် ၁၉၉၃ခုနှစ်တွင် ၄၉ ရာခိုင်နှုန်းခန့်ရှိရာမှ ၂၀၀၉ခုနှစ်တွင် ၃၃ရာခိုင်နှုန်းခန့် အထိသာ လျှော့ချ နိုင်သည့်အတွက် အာဆီယံသည် ဆင်းရဲနွမ်းပါးမှုကို ပိုမိုမြန်ဆန်စွာ လျှော့ချနိုင်သည်ဟု ဆို နိုင်ပါသည်။

ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် နောက်ဆုံး လာအိုနိုင်ငံသည်ပင်လျှင် ၁၉၉၀ ခုနှစ်များ အစောပိုင်းတွင် ၎င်းတို့၏ ဆင်းရဲနွမ်းပါးမှုနှုန်းကို သိသိသာသာ လျှော့ချနိုင်သည့် အတွက် အာဆီယံ၏ဆင်းရဲနွမ်းပါးမှု လျှော့ချရေး တွင် ခိုင်ခိုင်မာမာ စွမ်းဆောင်နိုင်မှုရှိသည်ဟု ဆိုနိုင်ပါသည်။ ထိုင်းနိုင်ငံသည် ၁၉၉၀ခုနှစ်များ အစောပိုင်းမှ ၂၀၀၀ခုနှစ်များ အလယ် လောက်အထိ ဆင်းရဲနွမ်းပါးမှု သိသိသာသာ လျှော့ချနိုင်ခဲ့ပါသည်။ မလေးရှားနှင့်ထိုင်းနိုင်ငံ တို့သည် ၂၀၀၀ခုနှစ်များ အလယ်မှ ၂၀၀၀ခုနှစ်များ နောက်ပိုင်းကာလအတွင်း ဆင်းရဲနွမ်း ပါးမှုနှုန်း `သုည´နီးပါးအထိ လျှော့ချနိုင်ခဲ့ပါသည်။ (ကားချပ်၁-၇တွင်ကြည့်ပါ) ဖိလစ်ပိုင်နိုင်ငံ သည် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ယှဉ်လျှင် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်မှုအခြေ အနေနှင့်စီးပွားရေးတိုးတက်မှုတွင်စွမ်းဆောင်နိုင်မှုအခြေအနေမှာအသင့်အတင့်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထို့ပြင် နိုင်းယှဉ်လျှင် ဝင်ငွေကွာဟချက် ကြီးမားသေးသည်ဟု ဆိုနိုင်ပါသည်။

အာဆီယံဒေသတွင် ဆင်းရဲနွမ်းပါးမှုနှုန်း သိသိသာသာလျှော့ချနိုင်မှုနှင့်အတူ ဆင်းရဲနွမ်းပါး မှု ကွာဟချက်သည်လည်း ၁၉၉၀ခုနှစ်တွင် ၁၄ရာခိုင်နှုန်း ဝန်းကျင်တွင်ရှိရာမှ ၂၀၁၀ခုနှစ်တွင် ၃ရာခိုင်နှုန်းဝန်းကျင်ထိ အကြီးအကျယ် ကျဆင်းအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ စာရင်း ဇယားများအရ ဗီယက်နမ်နှင့် အင်ဒိုနီးရှားတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများကြားတွင် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင် အကောင်းဆုံးစွမ်းဆောင်နိုင်သည့် နိုင်ငံများဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထိုင်းနိုင်ငံသည်လည်း ၎င်း၏ ဆင်းရဲနွမ်းပါးမှု ကွာဟချက်ကို ၁၉၈၀ခုနှစ်များ နောက်ပိုင်းမှ ၁၉၉၀ ခုနှစ်များ အလယ်တွင် `သုည´နီးပါးအထိ လျှော့ချနိုင်ခဲ့ပြီး ၂၀၀၀ခုနှစ် များ နောက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံသည်လည်း ဆင်းရဲနွမ်းပါးမှု ကွာဟချက်ကို သိသိ သာသာကျဆင်းအောင် ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ မှတ်သားရမည့်အချက်မှာ ဆင်းရဲနွမ်းပါး မှုကွာဟချက် ၃ရာခိုင်နှုန်းမျှလောက်သို့ လျှော့ချနိုင်ခြင်းသည် (အခြားနိုင်ငံများနှင့် ယှဉ် လျှင် ကွာဟချက်မြင့်မားသေးသေ လာအိုနိုင်ငံမှအပ။) အာဆီယံတွင် စဉ်ဆက်မပြတ် တိုးတက်မှုသို့ ထိုးထွက်လာမှုသည် ဆင်းရဲသားများကို ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်

လာနိုင်မည်ဟု စိတ်ဓာတ်မြှင့်တင်ပေးရာရောက်ပြီး အလယ်အလတ်ဝင်ငွေအဆင့်သို့ တက်လှမ်းရာ လမ်းပေါ်သို့ လျှောက်လှမ်းစေမည်ဖြစ်ပါသည်။

ကားချပ်(၁-၅)တွင် ဖော်ပြထားသည့်အတိုင်း အာဆီယံသည် ဆင်းရဲနွမ်းပါးမှုကွာဟချက်ကို လျှော့ချရာတွင် အိန္ဒိယထက် ပိုမိုအောင်မြင်ခဲ့ပါသည်။ ဘရာဇီးနိုင်ငံအနေ ဖြင့် ၁၉၈၀ခုနှစ်များကတည်းက ပိုမိုနည်းပါးသော ဆင်းရဲနွမ်းပါးမှု ကွာဟချက်ကို ရရှိခဲ့သော်လည်း ပပျောက်အောင် (ထိုင်းနိုင်ငံကဲ့သို့) ဆောင်ရွက်နိုင်မှုမရှိခဲ့ပေ။ ဘရာဇီးနိုင်ငံသည် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း တစ်ဦးကျဝင်ငွေမြင့်မားမှုနှင့် စီးပွားရေးတိုးတက်မှု ခိုင်ခိုင်မာမာရရှိခဲ့သော်လည်း ဆင်းရဲနွမ်းပါးမှုကွာဟချက် တည်မြဲနေခြင်းက စီးပွားရေးတိုးတက်မှု ရှိခြင်းသည် ဝင်ငွေမညီမျှမှု မြင့်မားနေခြင်းကြောင့် ထိရောက်သော ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးကို ဆောင်ရွက်နိုင်သည်ဟု မဆိုနိုင်ကြောင်း ဖော်ပြပါသည်။ (ဘရားဇီးနိုင်ငံသည် ကမ္ဘာပေါ်တွင် ဝင်ငွေမညီမျှမှု အများဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပါသည်။)

### ကားချပ် ၁.၄ - အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်၊ အိန္ဒိယနှင့်ဘရာဇီးနိုင်ငံတို့၏ ဆင်းရဲနွမ်းပါးသူနှုန်း







မှတ်ရန် - The aggregation is calculated over all available ASEAN member states data on a common poverty line (1.25$ PPP per day / 38$ PPP per month). The aggregation excluded Brunei, Myanmar, and Singapore in all years, as well as Malaysia only in 2008 and 2010 due to availability of data.

ဇာစ်မြစ် - PovcalNet: the on-line tool for poverty measurement developed by the Development Research Group of the World Bank (http://iresearch.worldbank.org/PovcalNet/index.htm?0)

ကားချပ် ၁.၅ - အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်၊ အိန္ဒိယနှင့် ဘရာဇီးနိုင်ငံတို့၏ ဆင်းရဲနွမ်းပါးမှု ကွာဟချက်နှုန်း







မှတ်ရန် - The aggregation is calculated over all available ASEAN member states data on a common poverty line (1.25$ PPP per day / 38$ PPP per month). The aggregation excluded Brunei, Myanmar, and Singapore in all years, as well as Malaysia only in 2008 and 2010 due to availability of data.

ဇာစ်မြစ် - PovcalNet: the on-line tool for poverty measurement developed by the Development Research Group of the World Bank (http://iresearch.worldbank.org/PovcalNet/index.htm?0)

ကားချပ် ၁.၆ - အာဆီယံဒေသတွင်း ဆင်းရဲနွမ်းပါးသူများနှင့် အလယ်အလတ်အဆင့် လူတန်းစားများ၏ ပြောင်းလဲလာမှုအခြေအနေ




ဇာစ်မြစ် - PovcalNet: the on-line tool for poverty measurement developed by the Development Research Group of the World Bank (http://iresearch.worldbank.org/PovcalNet/index.htm?0)

မှတ်ရန် -

- If the survey at reference year is not available, the nearest survey will be used. If the reference year is between two survey years, the poverty measurements at reference year are linear interpolation of poverty estimates at two survey years.
- Rural and urban distributions are included when aggregating poverty measures from a group of countries

## အလယ်အလတ်အဆင့် လူတန်းစားများမြင့်တက်လာမှု

လွန်ခဲ့သော ဆယ်စုနှစ်(၂)ခုအတွင်း အာဆီယံလူဦးရေတွင် အလယ်အလတ် လူတန်းစားအဆင့် မြင့်တက်လာမှုအခြေအနေကို ကားချပ် (၁-၇က)တွင် ဖော်ပြထားပါသည်။ အာဆီယံ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံရှိလူများကို ဝင်ငွေအတန်းအစားအလိုက် ကားချပ် (၁-၇က)တွင် အလွယ်ဖော်ပြထားပါသည်။ ဤပုံတွင်အသုံးပြုထားသောအချက်အလက်ကိန်းဂဏန်းများကို ကမ္ဘာ့ဘဏ်၏ PovCalNet database မှရယူထားပြီး ဤဇယားတွင် ဖော်ပြထားသော ဝင်ငွေအတန်းအစားခွဲခြားမှုသည် အောက်ပါအတိုင်းဖြစ်ပါသည်။ (PPP - purchasing power parity, ဝယ်နိုင်စွမ်းအား ညီမျှမှုနှုန်း)

| | | |
|---|---|---|
| ဆင်းရဲသား | - | လူတစ်ယောက်တစ်နေ့ဝင်ငွေPPP ၁.၂၅ အမေရိကန်ဒေါ်လာအောက်ရရှိသူ |
| ဝင်ငွေအဆင့်နိမ့်သူ | - | လူတစ်ယောက်တစ်နေ့ဝင်ငွေ PPP၁.၂၅ အမေရိကန်ဒေါ်လာ နှင့် ၃ဒေါ်လာ ကြားရရှိသူ |
| ဝင်ငွအလယ်အလတ် | - | လူတစ်ယောက်တစ်နေ့ ဝင်ငွေ PPP ၃ အမေရိကန်ဒေါ်လာနှင့် ၁၂ ဒေါ်လာကြား အဆင့်ရရှိသူ |
| ဝင်ငွေအထက် | - | လူတစ်ယောက်တစ်နေ့ဝင်ငွေ PPP အမေရိကန်ဒေါ်လာ ၁၂ဒေါ်လာအောက် အဆင့်ရရှိသူ |

အထက်ဖော်ပြပါဝင်ငွေအဆင့် ခွဲခြားမှုသည် Duflo and Banerjee (2007)နှင့် တရုတ်နိုင်ငံအတွက် the Mckinsey paper (Farrel , etal. , 2006 )တို့၏ အလယ်အလတ် ဝင်ငွေအဆင့် စံသတ်မှတ်ချက်ပေါ်တွင် အခြေခံထားပါသည်။

ပိုမိုတင်းကျပ်သော စံသတ်မှတ်ချက်အရဆိုလျှင် လူတစ်ယောက်တစ်နေ့ဝင်ငွေ PPP အမေရိကန်ဒေါ်လာ ၄ နှင့် ၃၀ ဒေါ်လာကြား ရရှိသူများကို အလယ်အလတ်အဆင့် ဝင်ငွေရရှိသူဟု သတ်မှတ်ပါသည်။ METI နှင့် ကိုက်ညီသောအလယ်အလတ်အဆင့်သတ်မှတ်ချက်စံကိုအခြေခံထားသောခန့်မှန်းခြေများကို ကားချပ်(၁-၇ခ)တွင် ဖော်ပြထားပါသည်။ (နိုင်ငံအလိုက် ခန့်မှန်းခြေများကို နောက်ဆက်တွဲ ဇယား(၁)တွင် ဖော်ပြထားပါသည်။) အလယ်အလတ် တန်းစားအဆင့်ခွဲခြားခြင်းနှင့် ပတ်သက်ပြီး လက်ခံထားသောအဓိပ္ပါယ်သတ်မှတ်ထားချက်မရှိသဖြင့် ယင်းသည်အခြေအနေကိုလိုက်၍ ခွဲခြားသည်။

## ကားချပ် ၁.၇.က - ဝင်ငွေကြားပိုင်းတစ်ခုအတွင်း လူဦးရေအလယ်အလတ်အဆင့် (၃<x<၁၂)




ဇာစ်မြစ် - PovcalNet: the on-line tool for poverty measurement developed by the Development Research Group of the World Bank (http://iresearch.worldbank.org/PovcalNet/index.htm?0)

## ကားချပ် ၁.၇.ခ - ဝင်ငွေကြားပိုင်းတစ်ခုအတွင်း လူဦးရေအလယ်အလတ်အဆင့် (၄<x<၃၀)




ဇာစ်မြစ် - PovcalNet: the on-line tool for poverty measurement developed by the Development Research Group of the World Bank (http://iresearch.worldbank.org/PovcalNet/index.htm?0)

ကားချပ်(၁.၇.က) တွင် အာဆီယံရှိ ဝင်ငွေအလယ်အလတ်အဆင့်ရရှိသည့် လူဦးရေကို ဖော်ပြထားပြီး ၁၉၉ဂခုနှစ်တွင် (၅၉)သန်းခန့်ရှိရာမှ ၂ဂ၁ဂခုနှစ်တွင် (၁၉၇)သန်းခန့်ထိတိုးလာကြောင်းကို တွေ့ရှိရပါသည်။ ဝင်ငွေအလယ်အလတ်အဆင့်ရရှိသည့် လူဦးရေမှာ စုစုပေါင်းလူဦးရေ၏ (၃၇) ရာခိုင်နှုန်းခန့်ရှိပါသည် (စာရင်းအင်းအချက်အလက်မရရှိနိုင်မှုကြောင့် ဘရူနိုင်း၊ စင်္ကာပူနှင့်မြန်မာနိုင်ငံတို့သည်ဤစာရင်းတွင်မပါဝင်ပါ)။ အာဆီယံ၏ဝင်ငွေအလယ်အလတ်အဆင့်ရရှိသည့် လူဦးရေသည် အိန္ဒိယနိုင်ငံထက်ပိုများပြီး အိန္ဒိယနိုင်ငံ၏ အလယ်အလတ်အဆင့်ဝင်ငွေရရှိသည့် လူဦးရေသည် စုစုပေါင်းလူဦးရေ၏ ၁၂ ရာခိုင်နှုန်းခန့်ရှိပြီး (၁၄၃) သန်းရှိပါသည်။ ပို၍တင်းကျပ်သော အဓိပ္ပာယ်ဖွင့်ဆိုချက်အရဆိုလျှင် အာဆီယံတွင် အလယ်အလတ်အဆင့် ဝင်ငွေရရှိသည့် လူဦးရေမှာ ၂ဂ၁ဂခုနှစ်တွင် (၁၄၉)သန်းခန့် ဖြစ်ပြီး စုစုပေါင်းလူဦးရေ၏ (၂၈) ရာခိုင်နှုန်း ရှိပါသည်။ ဘရူနိုင်းနှင့် စင်္ကာပူနိုင်ငံတို့သည် တစ်ဦးကျဝင်ငွေကိုအခြေခံပါက ကမ္ဘာပေါ်ရှိ အချမ်းသာဆုံးနိုင်ငံများတွင် ပါဝင်ပါသည်။ ထို့ကြောင့် ၎င်းတို့၏လူဦးရေမှာ အနည်းဆုံးအလယ်အလတ်ဝင်ငွေအုပ်စုတွင် ပါဝင်ကြပါသည်။ သို့ဖြစ်၍ အာဆီယံ၏ အလယ်အလတ်အဆင့် လူဦးရေအရွယ်အစားတွင် ထပ်မံ၍ ၄.၅ သန်းခန့် စာရင်းထပ်တိုးလာနိုင်ပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် အာဆီယံတွင် အလယ်အလတ်အဆင့်ဝင်ငွေရရှိသည့် လူဦးရေအုပ်စုတွင် အများဆုံးပါဝင်ပါသည်။ အကြောင်းမှာ အင်ဒိုနီးရှားသည် အာဆီယံ၏ လူဦးရေအများဆုံးနိုင်ငံဖြစ်ပြီး ကာလအများစုတွင် ခိုင်မာသော စီးပွားရေးတိုးတက်မှုရရှိအောင်ဆောင်ရွက်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ဗီယက်နမ်နိုင်ငံသည် ထိုကာလများအတွင်းစီးပွားရေးတိုးတက်မှုလျင်မြန်စွာရရှိနိုင်ခဲ့မှုနှင့် ဝင်ငွေဖြန့်ဖြူးမှုကိုလည်း ပိုမိုမျှတစွာဆောင်ရွက်နိုင်ခဲ့မှုတို့ကြောင့် ဝင်ငွေ အလယ်အလတ်အဆင့် ရရှိသည့် လူဦးရေ သိသိသာသာ တိုးလာခဲ့ပါသည်။ မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင် ကားချပ်(၁.၇.က)တွင် ဖော်ပြထားသည့်အတိုင်း ဝင်ငွေအလယ်အလတ်အဆင့် ရရှိသူအလွှာများပြားပြီး မြင့်မားသောဝင်ငွေအဆင့်ရရှိသူများလည်း တိုးလာခဲ့ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် စီးပွားရေးတိုးတက်ပေးမှုနှင့်အတူ ဝင်ငွေပြောင်းလဲလာမှုပုံသဏ္ဌာန်ကို ကားချပ်(၁.၇.က)တွင် ထင်ထင်ရှားရှားတွေ့မြင်နိုင်ပါသည်။ ဆင်းရဲသားအရေအတွက်နှင့် ရာခိုင်နှုန်းပါ သိသိသာသာကျဆင်းလာသည်ကို တွေ့ရပါသည်။ စုစုပေါင်းလူဦးရေ၏ ထက်ဝက်ကျော်မှာ ဝင်ငွေ အလယ်အလတ်အဆင့် ရရှိသူများဖြစ်ကြပါသည်။ လူဦးရေ၏ ၅ပုံ၁ပုံ မှာ စဉ်ဆက်မပြတ်ခိုင်မာသော စီးပွားရေးတိုးတက်မှုကြောင့် အလယ်

အလတ်ဝင်ငွေအဆင့်သို့ တက်လှမ်းရန် စပ်ကူးမတ်ကူးကာလသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ဆင်းရဲသည့် အခြေအနေမှ ဆင်းရဲမှုမှ လွတ်မြောက်သည့် အခြေအနေသို့ ရောက်ရှိလာပြီး ဆင်းရဲနွမ်းပါးမှု ကွာဟချက်လည်း ကျဉ်းမြောင်းလာပါသည်။ ကျန်ဝင်ငွေပြောင်းလဲလာမှု ပုံသဏ္ဍာန်ကို ကြည့်ခြင်းအားဖြင့် ဆင်းရဲနွမ်းပါးမှု လျော့ချနိုင်ရေးနှင့် ဝင်ငွေနိမ့်ကျသည့် အခြေအနေ (Low income) မှ ဝင်ငွေအလယ်အလတ်အဆင့်သို့ ရောက်ရှိသည့်အခြေအနေ (Middle clas status)သို့ ကူးပြောင်းနိုင်ရေးတို့အတွက် စဉ်ဆက်မပြတ်မြင့်မား၍ သာတူညီမျှသော စီးပွားရေးတိုးတက်မှုရရှိရေးနှင့် ထိန်းသိမ်းရေး၏အရေးပါမှုကို ကျန်ခဲ့သော ဆယ်စုနှစ်နှစ်ခုအတွင်းက ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သကဲ့သို့ ရှင်းရှင်းလင်းလင်း သိမြင်နိုင်ပါသည်။

## လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု (Human Development )

ဆင်းရဲနွမ်းပါးမှုနှုန်းလျော့ကျလာခြင်းနှင့် ဆင်းရဲနွမ်းပါးမှုကွာဟချက် နဲပါးလာခြင်းတို့ကို ကြည့်ခြင်းဖြင့် အာဆီယံဒေသတွင် လူမှုရေးတိုးတက်မှု (Social Progress) ရှိလာကြောင်း ပေါ်လွင်ပါသည်။ ကျန်းမာရေးနှင့် ပညာရေးတို့တွင် ထင်ရှားသောတိုးတက်မှုများ၊ ပညာရေးတို့တွင် ထင်ရှားသောတိုးတက်မှုများ၊ ဥပမာအားဖြင့် မွေးစကလေးသေနှုန်း သိသိသာသာကျဆင်းမှုနှင့် လူငယ်အရွယ်တတ်မြောက်မှုနှုန်း ထင်ထင်ရှားရှား တိုးတက်လာမှုတို့ကို လွန်ခဲ့သော ဆယ်စုနှစ်(၂)ခုအတွင်း ထင်ထင်ရှားရှားတွေ့မြင်ရပါသည်။ ကျောင်းပညာသင်ကြားရေးပြီးစီးမှုနှင့် သက်တမ်းသိသိသာသာတိုးလာကြောင်းတွေ့ရပါသည်။ သို့သော်လည်း ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (CLMV) နိုင်ငံတို့တွင် ကျောင်းပညာသင်ကြားရေးပြီးစီးမှုမှာ နဲပါးနေဆဲဖြစ်ပြီး အခြားအာဆီယံ(၆)နိုင်ငံနှင့် ယှဉ်လျှင် ကွာဟချက်ကြီးမားနေသေးသည်။ ဒေသတွင် စက်မှုထူထောင်ရေး သွက်လက်မြန်ဆန်လာသည်နှင့်အမျှ ကျွမ်းကျင်လုပ်သား လိုအပ်မှုပါ တစ်ပါတည်းများပြားလာမည်ဖြစ်သည့်အတွက် CLMV နိုင်ငံများတွင် ကျောင်းပညာသင်ကြားရေးပြီးစီးမှု နည်းပါးနေခြင်းမှာ တိုးတက်မှုအတွက် အဟန့်အတားတစ်ခု ဖြစ်လာနိုင်ပါသည်။

သို့ဖြစ်ပါ၍ ဤအကြောင်းအရာသည် CLMV နိုင်ငံများအတွက် ဖြေရှင်းရန်လိုအပ်သည့် မူဝါဒဆိုင်ရာ အလေးထားရမည့်ကိစ္စ (Policy Concern) ဖြစ်ပါသည်။ သို့မှသာလျှင် ယခုအချိန်အထိ မြင့်မားသော စီးပွားရေးတိုးတက်မှုကို နောင်အနာဂတ်ကာလအထိ ဆက်လက်ထိန်းထားနိုင်မည် ဖြစ်ပါသည်။

ဇယား ၁.၆ - အာဆီယံနိုင်ငံများ၏ လူမှုရေးညွှန်းကိန်းများ (၁၉၉၀-၂၀၀၅နှင့်၂၀၁၂ခုနှစ်)

| Country | Human Development | | | | | | | |
|---|---|---|---|---|---|---|---|---|
| | Index (HDI) value | | Education index | | Health index | | Income index | |
| | 1990 | 2012 | 1990 | 2012 | 1990 | 2012 | 1990 | 2012 |
| Brunei | 0.782 | 0.855 | 0.620 | 0.757 | 0.844 | 0.917 | 0.919 | 0.904 |
| Cambodia | N/A | 0.543 | 0.391 | 0.520 | 0.561 | 0.687 | N/A | 0.449 |
| Indonesia | 0.479 | 0.629 | 0.380 | 0.577 | 0.664 | 0.785 | 0.436 | 0.550 |
| Lao PDR | 0.379 | 0.543 | 0.304 | 0.453 | 0.542 | 0.754 | 0.331 | 0.471 |
| Malaysia | 0.635 | 0.769 | 0.532 | 0.731 | 0.789 | 0.859 | 0.612 | 0.726 |
| Myanmar | 0.305 | 0.498 | 0.267 | 0.402 | 0.588 | 0.721 | 0.182 | 0.428 |
| Philippines | 0.581 | 0.654 | 0.581 | 0.679 | 0.712 | 0.773 | 0.476 | 0.535 |
| Singapore | 0.756 | 0.895 | 0.607 | 0.804 | 0.877 | 0.966 | 0.815 | 0.925 |
| Thailand | 0.569 | 0.690 | 0.413 | 0.599 | 0.828 | 0.856 | 0.540 | 0.642 |
| Viet Nam | 0.439 | 0.617 | 0.374 | 0.539 | 0.719 | 0.874 | 0.315 | 0.501 |

ဇာစ်မြစ် - Human Development Report 2013

စီးပွားရေးနှင့် လူမှုရေးဆိုင်ရာတိုးတက်မှုများ ထပ်မံရရှိနိုင်ရေးအတွက် အာဆီယံမှ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ဤအခန်း၏ နောက်ဆုံးအပိုင်းတွင် ဆွေးနွေးထားပါသည်။

## စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် သိသာထင်ရှားသော တိုးတက်မှု

၁၉၉၀ခုနှစ်များနှင့် ၂၀၀၀ခုနှစ်များအတွင်းတွင် အာဆီယံနှင့် အရှေ့အာရှဒေသတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းအားထုတ်မှုများကို သိသိသာသာ ထင်ထင်ရှားရှား တွေ့ခဲ့ပြီးဖြစ်ပါသည်။ အာဆီယံသည် အရှေ့အာရှနှင့် ပူးပေါင်းဆောင်ရွက်ရန် အဓိက ကြိုးပမ်းအားထုတ်ခဲ့ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အရှေ့အာရှကြား နက်ရှိုင်းသော စီးပွားရေးဆက်စပ်မှုများနှင့်အတူ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်နှင့် တိုးတက်ခဲ့ပါသည်။

## အာဆီယံစီးပွားရေးပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းအားထုတ်မှု

လွန်ခဲ့သော ဆယ်စုနှစ်(၂)ခုအတွင်း အာဆီယံဒေသတွင် စီးပွားရေးပူးပေါင်း ဆောင်ရွက်ရန် ကြိုးပမ်းအားထုတ်မှုကို အရှိန်အဟုန်နှင့် ဆောင်ရွက်ခဲ့ကြပါသည်။ ၁၉၈၀ခုနှစ် များတွင် အာဆီယံဦးစားပေးအကောက်အခွန်အစီအစဉ် ( ASEAN Preferential Arrangements -PTA) မှသည် ၁၉၉၀ခုနှစ်များ အစောပိုင်းတွင် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ (AFTA) တည်ဆောက်ရန်နှင့် ၂၀၀၀ခုနှစ်များအစောပိုင်းတွင် အာဆီယံလူ့အသိုင်းအဝိုင်း

(ASEAN Community) ကို ၂၀၁၅ ခုနှစ်မှာစတင်နိုင်ရန်နှင့် ၂၀၂၀ ခုနှစ်တွင် ပီပြင်လာစေရန် တည်ထောင်ဖို့ ဆုံးဖြတ်ခဲ့ကြပါသည်။

အာဆီယံဒေသပူးပေါင်းဆောင်ရွက်ရေးဖြစ်စဉ် အရှိန်အဟုန်ဖြင့်တိုးတက်မှုတွင် ဒေသပြင်ပ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အကြောင်းခံတစ်ခုဖြစ်ခဲ့ပါသည်။ ၁၉၈၉ ခုနှစ်တွင် ဥရောပ သမဂ္ဂအောက်ရှိ ဥရောပခံတပ် (Fortress Europe) ၏အလားအလာကိုစိုးရိမ်မှု၊ NAFA တည်ထောင်မှု၊ APEC ကိုဖွဲ့စည်းတည်ထောင်မှုတို့သည်လည်း အာဆီယံပူးပေါင်း ဆောင်ရွက်ရေးကို နက်နက်ရှိုင်းရှိုင်းဆောင်ရွက်ရန်လိုအပ်သည်ဟု အာဆီယံစီးပွားရေး ဝန်ကြီးများမှ သဘောတူလက်ခံရန်အကြောင်းခံများ ဖြစ်ကြပါသည်။ ထို့ကြောင့် ၁၉၉၀ ခုနှစ်များတွင် အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသ (AFTA) ကို တည်ထောင် ခဲ့ကြပါသည်။ အလားတူပင် ၂၀၀၂ နှင့် ၂၀၀၃ ခုနှစ်များတွင် ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင် စားမှုသည် တရုတ်နိုင်ငံသို့ သိသိသာသာ ရွှေ့ပြောင်းမှုများဖြစ်ခဲ့ကြပါသည်။ သို့ဖြစ်၍ အာဆီယံ စီးပွားရေးအသိုက်အဝန်း (AEC) ကို မူလက ၂၀၂၀ခုနှစ်ထက် နောက်မကျစေဘဲ တည်ထောင်ရန်ဆုံးဖြတ်ချက်ကို ၂၀၁၅ ခုနှစ်သို့ ရှေ့တိုးသတ်မှတ်ခဲ့ပါသည်။

မည်သို့ဆိုစေကာမူ အာဆီယံဒေသတွင် နက်ရှိုင်းသော ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက် မှုဆီသို့ ဦးတည်သည့် ဒေသအတွင်း အင်အားစုစည်းနိုင်မှုသည် အာဆီယံစီးပွားရေးပူးပေါင်း ဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်နိုင်ရေးအတွက် တွန်းအားများဖြစ်ပါသည်။ AFTA တည်ထောင်ပြီးနောက် နှစ်အနည်းငယ်တွင် ထိုင်းနိုင်ငံ၌ ၁၉၉၇ခုနှစ် အရှေ့အာရှ အကြပ်အတည်း ဖြစ်ပွားခဲ့ပြီးနောက် လအနည်းငယ်အတွင်း ကွာလာလမ်ပူတွင် ကျင်းပသော ဒုတိယအကြိမ်မြောက် လွတ်လပ်သော ထိပ်သီးတွေ့ဆုံပွဲတွင် အာဆီယံခေါင်းဆောင်များ သည် ၁၉၉၇ ခုနှစ် အာဆီယံဗစ်ရှင်း ၂၀၂၀ (the 1997 ASEAN Vision 2020) ကို သဘောတူ လက်ခံခဲ့ကြပါသည်။ ၂၁ ရာစုကို ပုံဖော်သည့် မှတ်သားစရာကောင်းသည်က ဒေသအတွင်းပျံ့နှံ့နေသည့် စီးပွားရေးအကြပ်အတည်းအပေါ် အာဆီယံခေါင်းဆောင်များ၏ တုန့်ပြန်မှုသည် ရှေ့သို့မျှော်မြင်ပြီး ဒေသတွင်းနိုင်ငံများအကြား၊ ကမ္ဘာ့နိုင်ငံများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်နဲစေပါသည်။ ထိုသဘောတူညီချက်တွင် AEC Blueprint (အာဆီယံစီးပွားရေးအသိုက်အဝန်း အသေးစိတ်စီမံချက်) တွင် ပါဝင်မည့် အဓိက အကြောင်းအရာများကို သတ်မှတ်ပေးခဲ့ပါသည်။

AEC Blueprint 2009-2015ကို ၂၀၀၉ခုနှစ်တွင် အာဆီယံခေါင်းဆောင်များသည် အာဆီယံအသိုက်အဝန်း ၂၀၀၉- ၂၀၁၅ အတွက် လမ်းကြောင်းပြမြေပုံအဖြစ် the Cha-am Hua Hin ကြေငြာစာတမ်းတွင် ထောက်ခံခဲ့ကြပါသည်။ အာဆီယံအသိုက်အဝန်း ၂၀၀၉-၂၀၁၅တွင် အာဆီယံနိုင်ငံရေးလုံခြုံမှုအသိုက်အဝန်း (ASEAN Political-Security Community) နှင့် အာဆီယံလူမှုယဉ်ကျေးမှုအသိုက်အဝန်း (ASEAN Socio-Cultural Community) တို့လည်း ပါဝင်ပါသည်။

၂၀၁၂ ခုနှစ်တွင် AEC Blueprint အကောင်အထည်ဖော်မှု ကာလလယ် အစီရင်ခံစာကို အာဆီယံနှင့် အရှေ့အာရှစီးပွားရေးသုတေသနအဖွဲ့အစည်း (ERIA)မှ ဆောင်ရွက်ခဲ့ပါသည်။ ထိုကာလလယ် အစီရင်ခံစာတွင် AEC 2015 သို့ဦးတည်သည့် အာဆီယံ၏ထင်ရှားသော အောင်မြင်မှုများကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

* အာဆီယံနိုင်ငံများမှ ပြင်ပရှိနိုင်ငံများနှင့် အပြန်အလှန်ဦးစားပေးအခွန်ကောက်ခံသည့် အစီအစဉ် (CEPT) ကို လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ထိထိရောက်ရောက် လျှော့ချခဲ့ပြီးဖြစ်ပါသည်။ အာဆီယံ (၆)နိုင်ငံတွင် CEPTအစီအစဉ်အရ အကောက်ခွန် `သုည´ဖြစ်ရမည့် ကုန်စည်အမျိုးအစားများသည် ၂၀၀၀ခုနှစ်တွင် (၄၀) ရာခိုင်နှုန်းသာရှိရာမှ ၂၀၁၂ခုနှစ်တွင် (၉၉.၁၁)ရာခိုင်နှုန်းထိ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (CLMV) နိုင်ငံများသည်လည်း အစီအစဉ်အရ အကောက်ခွန် `သုည´ဖြစ်ရမည့် ကုန်စည်အမျိုးအသားများသည် ၂၀၀၀ခုနှစ်တွင် (၁၀) ရာခိုင်နှုန်းလောက်သာရှိရာမှ ၂၀၁၂ ခုနှစ် တွင် (၆၇.၆)ရာခိုင်နှုန်းသို့ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါသည်။ CLMV နိုင်ငံများအတွက် CEPT ပျမ်းမျှနှုန်းမှာ ၂၀၁၂ ခုနှစ်တွင် (၁.၆၉)ရာခိုင်နှုန်းဖြစ်ပြီး အာဆီယံ(၆)နိုင်ငံမှာမူ ၂၀၁၀ ခုနှစ်ကတည်းကပင် (၀.၀၅)ရာခိုင်နှုန်းဖြစ်ပါသည် (ကားချပ် (၁.၈) တွင် ကြည့်ရန်)။ မည်သည့်ဒေသဆိုင်ရာ လွတ်လပ်သော ကုန်သွယ်မှုနယ်မြေအတွက်မဆို အကောက်ခွန်လျှော့ချမှုသည် မရှိမဖြစ်သော လိုအပ်သော အရာဖြစ်ပြီး၊ အာဆီယံသည် ထိုအရာကို ကောင်းစွာ ဖြည့်ဆည်းနိုင်ခဲ့ပါသည်။ ဤအချက်သည် ဒေသတွင် နိုင်ငံရေးအရဆောင်ရွက်သော အလုပ်၏ အောင်မြင်မှုပင်ဖြစ်ပါသည်။

ကားချပ် ၁.၈ - ၂၀၀၀မှ ၂၀၁၂ ခုနှစ်အတွင်း အာဆီယံနိုင်ငံများ၏ ပျမ်းမျှ CEPTနှုန်းများ




ဇာစ်မြစ် - ASEAN Tariff Database 2013

* အာဆီယံသည် National Single Windows (နိုင်ငံတော်ပြူတင်းတစ်ပေါက်စနစ်)နှင့် ASEAN Single Window (အာဆီယံပြတင်းတစ်ပေါက်စနစ်) တို့ကိုလည်း အပြည့်အဝ ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိပါသည်။ Single Window များသည် ၂၀၁၅ ခုနှစ်အတွက်တွင် ကုန်သွယ်မှုလွယ်ကူချောမွေ့လာစေရေးဆောင်ရွက်ချက် (trade facilitation measure) တွင် အရေးကြီးဆုံးအချက်ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် အာဆီယံ(၅)နိုင်ငံ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်္ကာပူနှင့် ထိုင်းနိုင်ငံတို့သည် National Single Window ရှိပြီး ဘရူနိုင်းဒါရူဆလင်နိုင်ငံသည် ၂၀၁၃ ခုနှစ်နှောင်းပိုင်းတွင် လုပ်ဆောင်နေဆဲအဆင့်တွင် ရှိပါသည်။ National Single Window ဆောင်ရွက်နိုင်ရန်အတွက် အချိန်များစွာယူရမည်ဖြစ်ပြီး ကုန်သွယ်ရေးနှင့် ဆက်စပ်သော အစိုးရဌာနများက အချင်းချင်းနီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုလိုအပ်ခြင်း Single Windows ကို အပြည့်အဝဆောင်ရွက်နိုင်ရန်နှင့် အပြည့်အဝ ဖွံ့ဖြိုးလာစေရန်အတွက် ဘဏ္ဍာရေးလိုအပ်ချက်ကြီးမားခြင်းတို့ကြောင့် အဓိကအားဖြင့် စင်္ကာပူသည်National Single Windowကို အတိုင်းအတာအမြင့်ဆုံးဆောင်ရွက်နိုင်ခဲ့ပြီး မလေးရှားသည် စင်္ကာပူထက်နည်းသည့် အတိုင်းအတာကိုသာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျွန်းပေါင်းများစွာဖြင့် ဖွဲ့စည်းထားသော အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်၊ ဗီယက်နမ်သည်လည်း အတိုင်းအတာတစ်ခုအထိ ဆိပ်ကမ်းပေါင်းများစွာရှိခြင်းနှင့် ဌာနများ ပိုမိုပျံ့နှံ့နေခြင်းတို့က တစ်နိုင်ငံလုံးအတိုင်းအတာအရ Single Window ကို အပြည့်အဝ ဖွံ့ဖြိုးအောင်

ဆောင်ရွက်နိုင်ရေးအတွက် အဟန့်အတားဖြစ်စေသည်။ မည်သို့ပင်ဆိုစေကာမူ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်(၂)နိုင်ငံလုံးသည် အခြေခံအားဖြင့် အဓိကဆိပ်ကမ်းများရှိသော်လည်း Single Windows ကို လုပ်ဆောင်လျက်ရှိပါသည်။ ဖိလစ်ပိုင်နိုင်ငံသည် သက်ဆိုင်သောဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာမွမ်းမံမှုအဆင့်တွင် ရှိနေပါသေးသည်။

ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံ (CLM) တို့သည် National Single Window ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အလှမ်းဝေးလျက်ပင်ရှိနေသေးပြီး ဗီယက်နမ်သည် ထိုလမ်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ (၄)နိုင်ငံလုံးသည် National Single Windowကို အကောင်အထည်ဖော်ရန် နိုင်ငံရေးအရ ဆန္ဒရှိမှုပြင်းထန်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ၂၀၁၅ သို့ ရောက်ရှိရန် (၂)နှစ်မျှသာ လိုသည့်အတွက်ကြောင့် အကယ်၍ CLMနိုင်ငံများသည် ၂၀၁၅ ခုနှစ်တွင် အစိုးရဌာနအားလုံးမဟုတ်စေကာမူ ဌာနအနည်းငယ်နှင့် အဓိကကျသော ဆိပ်ကမ်း (ကုန်းတွင်းပိတ်နိုင်ငံဖြစ်သော လာအိုအတွက်မူ အဓိကနယ်စပ်စခန်း) တို့ပါဝင်သော ရှေ့ပြေးအစီအစဉ်ကို အကောင်းဆုံးဆောင်ရွက်နိုင်မည်ဆိုလျှင် ရှေ့သို့ဆက်လက်တက်လှမ်းရန် အံ့သြဖွယ်ဖြစ်မည်မဟုတ်တော့ချေ။ Single Window တည်ဆောက်ရန်အတွက် ကြိုတင်ပြုလုပ်ရမည့်လုပ်ငန်းစဉ်များ ဆီလျော်သော စည်းမျဉ်းစည်းကမ်းများ ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်နိုင်မှုနှင့် လုပ်ငန်းစဉ်များ ထိထိရောက်ရောက်ဆောင်ရွက်နိုင်မှုကဲ့သို့သော ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများမှများစွာသော အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း အသိပေးညွှန်ပြရန် လိုအပ်ပါသည်။ အာဆီယံဒေသတွင် ကုန်သွယ်မှုပိုမိုလွယ်ကူချောမွေ့လာစေရန် စုပေါင်းကြိုးပမ်းအားထုတ်မှုများမှ အသီးအပွင့်အချို့ကို ရရှိခံစားနေရပြီဖြစ်ပါသည်။ AEC အကောင်အထည်ဖော်ရေးနှင့် ပတ်သက်သည့်ကာလလယ်အစီရင်ခံစာအတွက် ဆောင်ရွက်သည့် အာဆီယံတွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအားလေ့လာသော ERIA Survey တွင် ၂၀၀၉-၂၀၁၁ ခုနှစ်အတွင်း ပို့ကုန်၊ သွင်းကုန်နှင့် အကောက်ခွန် ရှင်းလင်းခြင်းလုပ်ငန်းများတွင် တိုးတက်မှုများရှိလာကြောင်း သုတေသနမေးခွန်းလွှာဖြေကြားသူများက တုန့်ပြန်ကြောင်းတွေ့ရှိရပါသည်။ (ကားချပ် ၁.၉ ကို ကြည့်ပါ။)

ကားချပ် ၁.၉ - ၂၀၀၉-၂၀၁၁ ခုနှစ်အတွင်း အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများတွင် တိုးတက်မှုကို ဖော်ပြပုံ




ဇာစ်မြစ် ။ ။ Computed by Intal and Laksono

* ACIAအောက်တွင် ရင်းနှီးမြှုပ်နှံမှု လွတ်လပ်စွာဆောင်ရွက်မှုများအရ အာဆီယံအဖွဲ့ဝင် အများစုသည် ကုန်စည်ကဏ္ဍ အထူးသဖြင့် စက်မှုကုန်ချောထုတ်လုပ်ငန်းများတွင် လွတ်လပ်သော ရင်းနှီးမြှုပ်နှံမှုစနစ်ရှိကြောင်း တွေ့ရှိရပါသည် (ကားချပ်၁.၁၀ တွင်ကြည့်ပါ။) ထို့ကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ရင်းနှီးမြှုပ်နှံမှု လွတ်လွတ်လပ်လပ်စီးဆင်းမှု လမ်းကြောင်းပေါ်သို့ ကြီးမားသောအတိုင်းအတာအထိ ရောက်ရှိနေပြီဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု လွတ်လပ်စွာ စီးဆင်းနိုင်ရေးသည် AEC Blueprint တွင် အသေးစိတ် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းထားပြီး ASEAN Vision 2020 တွင် ရှင်းလင်းပြတ်သားစွာ ဖော်ထုတ်ပြောကြားထားသည့်အတိုင်း အာဆီယံတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုရရှိအောင် ဆောင်ရွက်သည့် အဓိကနည်းလမ်းများတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။

AEC Blueprintအကောင်အထည်ဖော်ရေးနှင့် ပတ်သက်သည့် ကာလလယ် အစီရင်ခံစာတွင်လည်း မကြာသေးမီနှစ်များအတွင်း အဖွဲ့ဝင်နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုချောမွေ့လာစေရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်အခြေအနေမှာ တိုးတက်ကောင်းမွန်လာကြောင်း

သုတေသနရလဒ်များက ဖော်ပြပါသည်။ အမေရိကန်ကုန်သည်ကြီးများအသင်း (the American Chambers of Commerce ) မှ ဆောင်ရွက်သောASEAN Business Outlook Survey 2014 ၏ ရလဒ်များအရလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ အထူးသဖြင့် ဖိလစ်ပိုင်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံသူများအတွက် ကျေနပ်နှစ်သက်မှုပိုမို တိုးတက်ကောင်းမွန်လာကြောင်း ညွှန်ပြထားပါသည်။

ကားချပ် ၁.၁၀ - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလွတ်လပ်ခွင့်ပြုမှုနှုန်း




ဇာစ်မြစ် ။ ။ Intal, etal. (2011), as updated by intal and Panggabean

* အာဆီယံသည် လေကြောင်းသယ်ယူပို့ဆောင်မှု၊ လေကြောင်းကုန်စည်သယ်ပို့မှု အပြည့်အဝ လွတ်လပ်ခွင့်ပြုရေး အပြန်အလှန်သဘောတူညီချက်၊ လေကြောင်းနှင့် ဝန်ဆောင်မှု အပြန်အလှန်သဘောတူညီချက်၊ လေကြောင်းခရီးသည် ဝန်ဆောင်မှု အပြည့်အဝလွတ်လပ်ခွင့်ပြုရေးက အပြန်အလှန်သဘောတူညီချက်တို့တွင် သိသာထင်ရှားသော တိုးတက်မှုများ ရရှိအောင် လုပ်ဆောင်နိုင်ခဲ့ပါသည်။ အာဆီယံဒေသတွင်း ကုန်သွယ်မှုတိုးလာခြင်း၊ အာဆီယံဒေသအတွင်း ကမ္ဘာလှည့်ခရီးသည်များ သွားလာမှုတိုးလာခြင်းနှင့် စရိတ်သက်သာသောလေကြောင်းပို့ဆောင်မှုများ များပြားလာခြင်းနှင့်အညီ ဒေသတွင်း လေကြောင်းခရီးချဲ့ထွင်မှုများ သိသိသာသာရှိလာခဲ့ပါသည်။ သို့ရာတွင် အထက်ဖော်ပြပါ သဘောတူညီ

ချက်များကို အာဆီယံအဖွဲ့ဝင်အားလုံးက လက်မှတ်ထိုး၊ အတည်ပြုချက်မရသေးသော ကြောင့် အာဆီယံ၏ တစ်ခုတည်းသော လေယာဉ်ပျံသန်းမှု ဈေးကွက်မရရှိသေးပါ။

*အခက်အခဲ အချို့ရှိနေသေးသော်လည်း နောက်ဆုံးရည်မှန်းချက်ကို ရရှိရန်အတွက် အချို့သော သဘောတူညီချက်များမှာ ရရှိခဲ့ပြီးဖြစ်၍ ဝန်ဆောင်မှုလုပ်ငန်းများအတွက် အာဆီယံ သဘောတူညီချက်မူဘောင် (AFAS)နှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များကို ဆောင်ရွက် လျက်ရှိပါသည်။ ဝန်ဆောင်မှုကဏ္ဍ လွတ်လပ်စွာလုပ်ဆောင်ခွင့်လုပ်ငန်းများ သိသာ ထင်ရှားစွာ လုပ်ဆောင်ခဲ့ကြပါသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) အောက်တွင် ကုန်သွယ်ရေ ညှိနှိုင်းမှုဆောင်ရွက်ရာတွင် ဝန်ဆောင်မှုလွတ်လပ်စွာလုပ်ဆောင်ရေးသည် ခက်ခဲသောလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် ဝန်ဆောင်မှုများလွတ်လပ်စွာ ဆောင်ရွက် ခွင့်ရရှိရေးညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်နေခြင်းသည် ဒေသတစ်ခုလုံး အတွက် ထုတ်လုပ်နိုင်စွမ်းရှိပြီး အထောက်အကူပြုသော လုပ်ငန်းတစ်ခုဖြစ်ပါသည်။
* အကန့်အသတ်များရှိသော်လည်း စံသတ်မှတ်ချက်နှင့် ကိုက်ညီမှု (Standard and conformance)၊ အပြန်အလှန် အသိအမှတ်ပြုမှု သဘောတူညီချက် (mutual recognition agreements)နှင့် အတတ်ပညာဆိုင်ရာဝန်ဆောင်မှုကို ဖြည့်စွမ်းပေးသူများ ရွှေ့ပြောင်းမှု သဘောတူညီချက် (Arrangements on the movement of professional sevice providers) တို့တွင်လည်း ရှေ့သို့တက်လှမ်းမှုများ ရှိခဲ့ပါသည်။ ထို့ပြင် အစားအစာနှင့် ပတ်သက်၍ လုံခြုံစိတ်ချရမှု (Food security) ယှဉ်ပြိုင်မှုမူဝါဒ (competition policy) မူပိုင်ခွင့် (intellectual property rights)၊ လယ်ယာစိုက်ပျိုးရေး(agriculture) စသည်တို့နှင့် ပတ်သက်၍ ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်နှင့် ရှေ့ဆောင်ဦးရွက် ပြုမှုများလည်း ပိုမိုဆောင်ရွက်ခဲ့ကြပါသည်။ ထိုအရာအားလုံးသည် ဒေသတွင်းလူမှု အသိုက်အဝန်း ပိုမိုခိုင်မာစွာ တိုးတက်လာစေရေးအတွက် ပေါင်းစပ်ဆောင်ရွက်ကြခြင်း ဖြစ်ပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သိသာထင်ရှားသည့် အောင်မြင်မှုများ ရှိခဲ့သော်လည်း အာဆီယံစီးပွားရေးအသိုက်အဝန်းအောက်တွင် အပြည့်အဝ ပူးပေါင်း ဆောင်ရွက်သော စီးပွားရေးဒေသသို့ သွားရာလမ်းကြောင်းမှာ ဝေးလျက်ပင်ရှိသေးသည်။ ၂၀၁၅ အလွန်တွင် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စများစွာကျန်ရှိနေသေးသည်။ အာဆီယံ အဆင့်မြင့်အရာရှိကြီးများနှင့် ဒေသ၏တိုးတက်မှုတွင် ပါဝင်ဆောင်ရွက်သူများအားလုံးသည် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်အတွက် ၂၀၁၅အလွန် အာဆီယံ၏အစီအစဉ်များကို ရေးဆွဲရမည် ဖြစ်ပါသည်။ ဤပေါင်းစပ်အစီရင်ခံစာသည် ဤဖြစ်စဉ်ကို အထောက်အကူပြုရန် မျှော်လင့်သည်။

## အရှေ့အာရှ၊ ကမ္ဘာတစ်ခုလုံးနှင့် အာဆီယံ၏ပူးပေါင်းဆောင်ရွက်မှု ကြိုးပမ်းအားထုတ်မှုများ

အာဆီယံသည် အရှေ့အာရှတွင် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်ရာတွင် ရှေ့တန်းသို့ ရောက်ရှိနေရုံသာမက ၎င်း၏အပြန်အလှန် မိတ်ဖက်နိုင်ငံများ ဖြစ်ကြသော တရုတ်၊ ဂျပန်တို့နှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့ပါသည်။ ၁၉၉၇-၉၉ ခုနှစ် အရှေ့အာရှဘဏ္ဍာရေးဆိုင်ရာ အကြပ်အတည်းသည် ပိုမိုနက်ရှိုင်းကျယ်ပြန့်သော အရှေ့အာရှ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် အဓိကပြောင်းလဲစေသောအရာ ဖြစ်ခဲ့ပါသည်။ ဘဏ္ဍာရေးဆိုင်ရာ အကြပ်အတည်းဖြစ်ပြီးနောက် လအနည်းငယ်အတွင်းမှာပင် ၁၉၉၇ ခုနှစ် ဒီဇင်ဘာတွင် ကွာလာလမ်ပူ၌ ASEAN + 3ထိပ်သီးညီလာခံကို ပထမဆုံးအကြိမ် ကျင်းပခဲ့ပါသည်။ (အာဆီယံ ထိပ်သီးညီလာခံ ကျင်းပနေစဉ်အတွင်းမှာပင် အာဆီယံ ခေါင်းဆောင်များသည် 1997အာဆီယံမျှော်မှန်းချက် ၂၀၂၀ကိုလည်း သဘောတူလက်ခံခဲ့ကြပါသည်။) ASEAN +3 ( တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယား) ထိပ်သီးညီလာခံအပြီးတွင် အရှေ့အာရှထိပ်သီးညီလာခံ (ဩစတြေးလျ၊ အိန္ဒိယနှင့် နယူးဇီလန် တို့နှင့် ထပ်မံပေါင်းစည်းခြင်း)တို့ကိုလည်း အာဆီယံထိပ်သီးညီလာခံနှင့် ဆက်စပ်ထိပ်သီးညီလာခံများအဖြစ် ကျင်းပခဲ့ပါသည်။ ၂၀၀၁ခုနှစ်တွင် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက် (ASEAN-China FTA) ပြုလုပ်ရန် တရုတ်၏အဆိုပြုချက်အရ ASEAN + 1FTAs စတင်လမ်းကြောင်းခဲ့ရာ ရှေးဦးစွာ ၂၀၀၄ခုနှစ်၌ အာဆီယံသည် တရုတ်နှင့်လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် (ACFTA)ကိုလည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် ကိုရီးယားနှင့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် (AKFTA) ကိုလည်းကောင်း၊ ၂၀၀၈ခုနှစ်တွင် ဂျပန်နှင့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် (AJCEP)ကိုလည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် (ဩစတြေးလျနှင့် နယူးဇီလန်တို့ဖြင့် လွတ်လပ်သော ကုန်သွယ်မှုသဘော တူညီချက် (AANZFTA) ကိုလည်းကောင်း၊ ၂၀၀၉ခုနှစ်တွင်ပင် အိန္ဒိယနှင့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် (AIFTA)ကိုလည်းကောင်း ဆောင်ရွက်ခဲ့ကြပါသည်။ AANZFTA မှတပါး ကျန်သဘောတူညီချက်များသည် ကုန်စည် ကုန်သွယ်မှုသဘောတူညီ ချက်မှစတင်၍ ဆောင်ရွက်ခဲ့ကြပြီး ဝန်ဆောင်မှုကုန်သွယ်ရေးသဘောတူညီချက်နှင့် ရင်းနှီးမြှုပ်နှံမှုသဘောတူညီချက်များကို ဆက်လက်ဆောင်ရွက်ခဲ့ကြပါသည်။ ဂျပန်နှင့် ဆောင်ရွက်ချက်မှာ ညှိနှိုင်းဆဲဖြစ်ပါသည်။

ဤအာဆီယံဗဟိုပြု FTAs များသည် ၎င်းတို့အကြားတွင် အကောက်ခွန်ဖယ်ရှားရေးနှင့် ပတ်သက်သည့် ရည်မှန်းချက်အရလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုပေါ်တွင်

လွတ်လပ် စွာလုပ်ဆောင်ခွင့်ပြုသည့် အတိုင်းအတာအရလည်းကောင်း၊ သိသာထင်ရှားစွာ ကွဲပြား ခြားနားကြပါသည်။ သို့ဖြစ်၍ ၎င်းတို့ကို အရှေ့အာရှလူမှုအသိုက်အဝန်းတစ်ခုပေါင်း စည်းရေးသို့ဦးတည်သည့် အကောင်းဆုံးသော ကနဦးအဓိကအဆင့်များအဖြစ် ယူဆကြပါ သည်။ အရှေ့အာရှခေါင်းဆောင်များသည် ၂၀၀၀ခုနှစ်များအစောပိုင်းတွင် East Asia Vision Group(EAVE)နှင့် East Asia Study Group (EASG) တို့ကို တည်ဆောက်ခဲ့ကြပါသည်။ ၎င်းတို့သည် အရှေ့ အာရှ လူမှုအသိုက်အဝန်း တည်ထောင်ရန်အတွက် လမ်းကြောင်းပြမြေပုံ ရေးဆွဲရန် လိုအပ်သည့် အခြေခံလုပ်ငန်းအဖြစ် ဆောင်ရွက်ရန် တောင်ကိုရီးယားမှ ရှေးဦးစွာ အဆိုပြုထားသည့် အုပ်စုများ ဖြစ်ကြပါသည်။ တရုတ်မှ ရပ်တည်ကာကွယ်သည့် အရှေ့အာရှ FTA အတွက် အဆိုပြုချက်နှင့် ဂျပန်မှရပ်တည်ကာကွယ်သည့် အရှေ့အာရှအတွက် ပြည့်စုံ သောစီးပွားရေးပေါင်းစည်းမှုအတွက် အဆိုပြုချက်တို့သည် အရှေ့အာရှ၏ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအတွက် ရှေ့ဆောင်နည်းလမ်းဖော်ထုတ်ရန်အတွက် တွန်းအားများ ဖြစ်ကြပါ သည်။ အရှေ့အာရှလူမှု အသိုက်အဝန်းအတွက် ရည်ရွယ်သည့် သဘောထားအမြင်နှင့် အဆိုပြုချက် ကွဲလွဲမှုများရှိသည့်အတွက်ကြောင့် အဆုံးတွင်အာဆီယံသည် ဒေသဆိုင်ရာ ပြည့်စုံသော စီးပွားရေးပေါင်းစပ်မှု (RCEP) တည်ထောင်ရန် ဆုံးဖြတ်ခဲ့ ကြသည်။ RCEPတွင် အရှေ့အာရှ ဒေသဆိုင်ရာ အဆောက်အအုံဖန်တီးရာတွင် အာဆီယံကို ဗဟိုပြုသော EAFTA နှင့် CEPEA (၂)ခုလုံး အကျုံးဝင်သည်။

ညှိနှိုင်းဆဲအဆင့်တွင်ရှိသေးသော RCEP သည် အရှေ့အာရှရှိ ကျန်သောနိုင်ငံများနှင့် အာဆီယံ၏ စီးပွားရေး ဆက်စပ်မှုနက်ရှိုင်းစွာရရှိရေးအတွက် အဓိကကျမည်ဖြစ်ပြီး အရှေ့ အာရှတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို နက်နက်ရှိုင်းရှိုင်းဆောင်ရွက်နိုင်ရန် ရှေ့ဆောင် ဦးရွက်ပြုမှုအတွက် အဓိကယန္တရားလည်းဖြစ်ပါသည်။ RCEPတွင် ပါဝင်ကြသော နိုင်ငံ (၁၆)နိုင်ငံ၏ ဖွံ့ဖြိုးမှုအဆင့်နှင့် စိတ်ဝင်စားမှုများ ကျယ်ပြန့်စွာကွဲပြားခြားနားမှုကြောင့် အောင်မြင်မှုများရရှိရန် RCEP ကို မည်သို့ ထိန်းကျောင်းမည်ဆိုသည်မှာ အာဆီယံ၏အဓိက စိန်ခေါ်မှုပင်ဖြစ်သည်။ ဤပြဿနာကို အခန်း(၆)တွင် အသေးစိတ်ဆွေးနွေးထားပါသည်။

## ဈေးကွက်ပေါင်းစည်းမှုကိုလေ့နက်စေခြင်း

ဒေသဆိုင်ရာပေါင်းစည်းမှုအတွက် တရားဝင်ရှေ့ဆောင် ဦးရွက်ပြုမှုများနှင့်အတူ အတိုင်း အတာတစ်ခုအထိ ၎င်းရှေ့ဆောင်ဦးရွက်ပြုမှုများကြောင့် အာဆီယံနှင့် အရှေ့အာရှတွင် ဈေးကွက်ပေါင်းစည်းမှုများ နက်နက်ရှိုင်းရှိုင်းဖြစ်ပေါ်ခဲ့ပါသည်။ ပို၍အရေးကြီးသည်မှာ ယင်းသို့ ပေါင်းစည်းမှုပမာဏနှင့် အရှိန်အဟုန်ကို သိသိသာသာ အကျိုးသက်ရောက်မှု

ဖြစ်စေသည့် စျေးကွက်၏ သဘောသဘာဝပင်ဖြစ်သည်။ အထူးသဖြင့် အရှေ့အာရှတွင် ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုဖြစ်စဉ် တစ်လျှောက်လုံးကို အချိန်မှီစီမံခန့်ခွဲနိုင်မှု၏ အရေးပါမှုတို့ကြောင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းအားထုတ်မှုများသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အစည်း (WTO) ၏ ကုန်သွယ်ရေးညှိနှိုင်းမှုများတွင် အဓိက ဘက်လိုက်မှုဖြစ်ကြသော လွတ်လပ်စွာ ကုန်သွယ်မှုပြုရေးပြဿနာများပေါ်တွင်သာ အာရုံစူးစိုက်မှုမပြုရန် လိုအပ်လာပါသည်။ ၎င်းအစား လွယ်ကူချောမွေ့စေရေးပြဿနာ (facilitation issues)၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးပြဿနာ (logistics and connectivity issues)၊ စံသတ်မှတ်ချက်နှင့် ကိုက်ညီမှု ပြဿနာ(standards and conformance issues)နှင့် ပြည်တွင်း၌ ဆောင်ရွက်ရန် စည်းမျဉ်းစည်းကမ်း သတ်မှတ်ထားမှုနှင့်ဆိုင်သည့်ပြဿနာ (domestic regulatory issues) တို့သည် အဓိကဖြစ်လာပြီး ဒေသဆိုင်ရာ ထုတ်လုပ်မှုကွန်ယက်တွင် ထိရောက်စွာ စွမ်းဆောင်နိုင်ရေးအတွက် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းအားထုတ်မှုများကို ကောင်းစွာဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာ အာဆီယံဒေသသည် ထုတ်လုပ်မှုနှင့် ပို့ကုန်တင်ပို့မှုတွင် ယှဉ်ပြိုင်နိုင်စွမ်း တိုးလာမည်ဖြစ်ပါသည်။

ဇယား(၁-၇)တွင် အာဆီယံနှင့် အရှေ့အာရှအတွင်း ကုန်သွယ်ရေးဆက်စပ်မှု ညွှန်ကိန်းများကို ဖော်ပြထားပါသည်။ ဇယားတွင် ASEAN, China, Japan နှင့် ASEAN+3တို့၏ပို့ကုန်နှင့် သွင်းကုန်ဝေစုများနှင့် ပို့ကုန်၊ သွင်းကုန်စူးစိုက်မှုအချိုးများ ဖော်ပြထားပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အခြား အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှုအမြင့်မားဆုံးဖြစ်ကြောင်း ဇယားတွင် ဖော်ပြထားပါသည်။ ဆိုလိုသည်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား အပြန်အလှန် ကုန်သွယ်မှုမှာ မျှော်မှန်းထားသည်ထက် ပိုမိုများပြားပါသည်။ ထို့ပြင် အာဆီယံသည် China, Japanနှင့် ASEAN+3တို့နှင့်လည်း ကုန်သွယ်မှု မြင့်မားကြောင်းတွေ့ရှိရပါသည်။ ဤဇယား တွင် ဖော်ပြထားချက်အရ ၂၀၀၀ခုနှစ်များတွင် အာဆီယံသည် တရုတ်နှင့် Export and import shares များ သိသိသာသာ တိုးတက်လာပြီး ဂျပန်နှင့်မှု Export and import share ကျဆင်းသွားကြောင်း တွေ့ရပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုအတွင်း အရှေ့အာရှဒေသတွင် ကုန်သွယ်ရေးဆက်စပ်မှုများ ဖွံ့ဖြိုးတိုးတက်လာမှုများထဲမှ တစ်ခုဖြစ်ပါသည်။ ဆိုလိုသည်မှာ အရှေ့အာရှ၏ဒေသဆိုင်ရာ ထုတ်လုပ်မှုကွန်ယက်၏မဏ္ဍိုင်အဖြစ် တရုတ်ပေါ်ထွက်လာမှုနှင့် ထိုကဲ့သို့သော ကွန်ယက်ဆက်စပ်မှုသည် ဂျပန်မှ တရုတ်သို့ ဦးတည်ချက်ပြောင်းလဲသွားမှုတို့ကို ဆိုလိုပါသည်။ ယင်းသို့ ထုတ်လုပ်မှုကွန်ယက် ပြောင်းလဲသွားမှုမှာ အမှန်တကယ်တွင် တရုတ်နှင့် အရှေ့တောင်အာရှတွင် အခြေစိုက်သော

ဂျပန်ကုမ္ပဏီကြီးများကြောင့်ပင်ဖြစ်ကြပါသည်။ အာဆီယံနှင့် ဂျပန်ကြား ကုန်သွယ်ရေး စီးပွားစိုက်မှုကျဆင်းမှုမှာ သွင်းကုန် ဘက်ခြမ်းတွင်သာ ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဂျပန်သည် အာဆီယံအတွက် တင်သွင်းမှုဇစ်မြစ်အဖြစ် အရေးပါမှုနည်းလာခြင်းဖြစ်ပါသည်။

### ဇယား ၁.၇ - အာဆီယံနှင့်ရွေးချယ်ထားသော ကုန်သွယ်ဖက်နိုင်ငံများကြား ပို့ကုန်-သွင်းကုန် ဝေစုနှင့် ကုန်သွယ်ရေးစီးပွားစိုက်မှုပြည့်ကိန်း

| Indicator | Country/Region | 1990 | 1995 | 2000 | 2005 | 2010 | 2012 |
|---|---|---|---|---|---|---|---|
| Export Share (%) | ASEAN | 18.94 | 24.41 | 22.98 | 25.33 | 25.03 | 25.92 |
| | China | 1.82 | 2.69 | 3.84 | 8.05 | 10.85 | 11.35 |
| | Japan | 18.89 | 14.23 | 13.44 | 11.12 | 9.84 | 10.27 |
| | ASEAN+3 | 43 | 44.44 | 43.93 | 48.32 | 50.01 | 51.96 |
| Import Share (%) | ASEAN | 15.22 | 17.95 | 22.47 | 24.34 | 24.17 | 23.18 |
| | China | 2.93 | 3.04 | 5.05 | 10.5 | 13.58 | 14.77 |
| | Japan | 23.13 | 23.45 | 19.08 | 13.95 | 12.23 | 11.05 |
| | ASEAN+3 | 44.42 | 48.88 | 51.4 | 53.47 | 55.98 | 55.24 |
| Trade Intensity Index | ASEAN | 4.06 | 3.32 | 3.68 | 4.24 | 3.74 | 3.57 |
| | China | 1.21 | 0.78 | 0.94 | 1.23 | 1.2 | 1.27 |
| | Japan | 2.82 | 2.53 | 2.45 | 2.35 | 2.34 | 2.36 |
| | ASEAN+3 | 2.84 | 2.35 | 2.38 | 2.39 | 2.18 | 2.18 |

ဇာစ်မြစ် - ARIC ADB (2013)

၁၉၉၀ခုနှစ်များမှသည် ၂၀၀၀ ခုနှစ်များ အစောပိုင်းတစ်လျှောက်လုံးတွင် အာဆီယံဒေသအတွင်း trade intensity တိုးတက်ခဲ့ပြီး ၂၀၀၀ ခုနှစ်များ နောက်ပိုင်းတွင် အတော်အတန်ကျသွားကြောင်း ဇယား(၁.၇) တွင် ဖော်ပြထားပါသည်။ ယင်းသို့ ကျဆင်းသွားခြင်းမှာ တခြား အာဆီယံနိုင်ငံများမှ တင်သွင်းမှု လျော့နည်းသွားပြီး အာဆီယံသည် တရုတ်နိုင်ငံမှ တင်သွင်းမှု တိုးလာခြင်းကြောင့် ဖြစ်ပါသည်။ အာဆီယံ၏ စုစုပေါင်း တင်သွင်းမှုတွင် တရုတ်၏ သွင်းကုန်ဝေစု တိုးလာခြင်းပင်ဖြစ်သည်။ ၂၀၀၀ ခုနှစ်များ နောက်ပိုင်းအတွင်း အာဆီယံ၏ စုစုပေါင်းတင်ပို့မှုတွင် အာဆီယံ၏ဝေစုမှာ ထင်ထင်ရှားရှားပြောင်းလဲမှုမရှိဘဲ ASEAN+3 ၏ ဝေစုမှာ အနည်းငယ် တိုးလာကြောင်းတွေ့ရပါသည်။ အဓိကအကြောင်းမှာ တရုတ်နှင့် ကုန်သွယ်မှု တိုးလာခြင်း ကြောင့်ဖြစ်ပါသည်။ အာဆီယံ၏ ကုန်သွယ်မှုတွင် တရုတ်၏ အရေးပါမှု တိုးလာကြောင်းကို ပုံ(၁-၁၁)တွင် ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါသည်။ တရုတ်နိုင်ငံသည် စက်မှုကုန်ချောပစ္စည်းများကို တပ်ဆင်သူအဖြစ် သာမက၊ စက်မှုထုတ်ကုန်ပစ္စည်းများ၏ အစိတ်အပိုင်းများကို အဓိကတင်ပို့သူအဖြစ် ပေါ်ထွက်လာခြင်းမှာ အာဆီယံ၏

ကုန်သွယ်မှုတွင် တရုတ်ဗဟိုပြုဟူသည့်အချက်ကို ထင်ဟပ်စေပါသည်။ ထို့ပြင် တရုတ်သည် ဗီယက်နမ်နှင့် ကမ္ဘောဒီးယား၏ အထည်ချုပ်လုပ် တင်ပို့မှုအတွက် အဓိကသွင်းအားစုရရှိရာ ဇစ်မြစ်ဖြစ်ပြီး ထိုနိုင်ငံများ၏ ပို့ကုန်အများစုမှာ အနောက်နိုင်ငံများသို့ တင်ပို့ကြခြင်းဖြစ်ပါသည်။

### ကားချပ် ၁.၁၁ - ၁၉၉၅ မှ ၂၀၁၂ ခုနှစ်အတွင်း အာဆီယံအတွင်း ကုန်သွယ်မှုတွင် အာဆီယံ - တရုတ် ကုန်သွယ်မှုနှင့် အာဆီယံ-အိန္ဒိယကုန်သွယ်မှု၏ အချိုး




ဇာစ်မြစ် - UNCTAD Statistics 2013

အာဆီယံဒေသအတွင်းကုန်သွယ်ရေးစူးစိုက်မှု ကျဆင်းခြင်းမှာ ဒေသအတွင်း အာဆီယံ စီးပွားရေးအသိုက်အဝန်း ၂၀၁၅ တည်ဆောက်ရေး၏ အစိတ်အပိုင်းအဖြစ် ကုန်သွယ်မှုပိုမို လွတ်လပ်ခွင့်ပြုရေး ပိုမိုဆောင်ရွက်သည့် ကာလအတွင်းဖြစ်ပေါ်ခဲ့ပါသည်။ ယင်းသို့ ကျဆင်းခြင်းမှာ မကြာသေးမီကာလအတွင်း အပြည်ပြည်ဆိုင်ရာ ကုန်စည်ဈေးနှုန်းများ အတိုင်းအတာ တစ်ခု အထိ ဖြေလျှော့ခြင်းကြောင့် ဖြစ်နိုင်ပါသည်။ အာဆီယံအတွင်း ကုန်သွယ်မှုတွင် အများစုမှာ ဆန်၊ စားအုံးဆီ၊ သကြား၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဲ့သို့သောလယ်ယာ ထုတ်ကုန်ပစ္စည်းများနှင့် သဘာဝအရင်းအမြစ် အခြေခံထုတ်ကုန်များသာ ဖြစ်ကြပါသည်။ မည်သို့ပင်ဆိုစေကာမူ တရုတ်သည် အာဆီယံ၏ စက်မှုထုတ်ကုန်များအတွက် လိုအပ်သော သွင်းအားစုရရှိရာ ဇစ်မြစ်ဖြစ်လာဖွယ်ရှိပါသည်။ ဤအချက်သည်နှင့် AEC အတွက် အရေးပါသော ဂယက်ရိုက်ခတ်မှုဖြစ်ပုံရပြီး အောက်ပါအတိုင်း ဖော်ပြထားပါသည်။

(၁) အာဆီယံသည် လုပ်ငန်းကြီးအကျိုးကျေးဇူးအရ စရိတ်သက်သာမှုကြောင့်လည်းကောင်း၊ စက်မှုလုပ်ငန်းများအစုအဝေးအလိုက်တည်ရှိမှုအရလည်းကောင်း၊ အချိန်မီထုတ်လုပ်တင်ပို့နိုင် စွမ်းရှိမှုအရလည်းကောင်း၊ တရုတ်နှင့်ယှဉ်ပြိုင်နိုင်လောက်အောင် လုံလောက်သည့် ပေါင်းစည်းမှုမရှိသေးကြောင်း တွေ့ရပါသည်။ သို့ဖြစ်၍ အာဆီယံသည် ထုတ်လုပ်မှုအတွက် အခြေခံနိုင်သည့် ဘက်ပေါင်းစုံမှ ပေါင်းစည်းထားသော ဒေသတစ်ခုဖြစ်လာစေရန်အတွက် ဆက်သွယ်ရေး၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး၊ အကောက်ခွန်မဟုတ်သော နည်းလမ်းများ စသည်တို့ကိုများစွာ ဆောင်ရွက်ရန် လိုအပ်သေးသည်ဟု ဆိုနိုင်ပါသည်။

(၂) အာဆီယံသည် တန်ဖိုးမြှင့်ကွင်းဆက်ဖြစ်စဉ်အရလည်း ယှဉ်ပြိုင်နိုင်စွမ်းလုံလုံလောက်လောက်မရှိသေးကြောင်း တွေ့ရပါသည်။ ဆိုလိုသည်မှာ အာဆီယံသည် တရုတ်နှင့်ယှဉ်လျှင် နည်းပညာမြန်မြန်ဆန်ဆန် မရွေ့နိုင်သေးပါ။ ယင်းသို့ဆိုလျှင် အာဆီယံအတွက် ရင်ဆိုင်ရမည့်စိန်ခေါ်မှုမှာထုတ်လုပ်မှုအတွက်အခြေခံနိုင်သည့်ဘက်ပေါင်းစုံမှပေါင်းစည်းထားသော ဒေသတစ်ခုဖြစ်လာစေရန်အတွက် သာမက၊ ပိုမို ယှဉ်ပြိုင်နိုင်စွမ်းတိုးလာအောင်လည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အာဆီယံသည် ၎င်းတို့၏ ကျွမ်းကျင်မှုမြှင့်တင်ရန် လိုအပ်ပါသည်။ ဆန်းသစ်တီထွင်မှုများ အတွက်မရှိမဖြစ် အရေးပါသော လူသားအရင်းအမြစ်ဖြစ်သည့် တတိယဆင့်ပညာရေးနှင့် ဘွဲ့လွန် ပညာရေးအရည်အသွေး မြှင့်တင်ရေးနှင့် သုတေသနနှင့် ဖွံ့ဖြိုးမှု တွင် ရင်းနှီးမြှုပ်နှံမှု တိုးလာစေရေးတို့ကိုလည်း ဆောင်ရွက်ရန်လိုအပ်ပါသည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ သုတေသနနှင့် ဖွံ့ဖြိုးမှုအသုံးစရိတ်နှင့် သုတေသနနှင့် ဆန်းသစ်တီထွင်နိုင်မှုစွမ်းရည်တို့တွင် တရုတ်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအများစု၏ ရှေ့တွင် ရှိနေကြောင်း တွေ့ရှိရပါသည်။

## စိန်ခေါ်မှုများ

လွန်ခဲ့သော ဆယ်စုနှစ်(၂)ခုကျော်အတွင်း အာဆီယံတွင် ဖြစ်ပေါ်လာသည့် တိုးတက်မှုများကို အထက်တွင် ဆွေးနွေးဖော်ပြထားပါသည်။ မည်သို့ပင်ဆိုစေကာမူ ဆင်းရဲနွမ်းပါးမှုကို လျှော့ချရန်နှင့် အာဆီယံဒေသရှိ လူဦးရေကို အလယ်အလတ် ဝင်ငွေအဆင့်သို့ တိုးလာစေရေးရည်မှန်းချက်မှာ ဝေးလျက်ရှိနေသေးသည်မှာ ဆွေးနွေးချက်တွင် သိသာထင်ရှားကြောင်း တွေ့ရပါသည်။ လူဦးရေအများစုမှာ ဆင်းရဲသည့်အဆင့်တွင်မှာပင် လည်းကောင်း၊ ဝင်ငွေနိမ့်ကျသည့် အဆင့်တွင်မှာပင်လည်းကောင်း ရှိနေကြသေးပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ရာသီဥတု၊ အစားအစာ၊ လောင်စာစွမ်းအင် စသည်တို့နှင့် ပတ်သက်၍ စိန်ခေါ်မှုများကို

ရင်ဆိုင်ကြရသည်။ အာဆီယံစီးပွားရေး အသိုက်အဝန်း ထူထောင်ရေးမှာ မပြီးသေးသော လုပ်ငန်းတစ်ခုဖြစ်ပြီး အရှေ့အာရှသို့ပေါင်းစည်းရေးမှာပို၍ ဝေးကွာနေပါသေးသည်။ကမ္ဘာနှင့် အထူးသဖြင့် တရုတ်နှင့် အိန္ဒိယတို့နှင့်ပေါင်းစည်းသော အရှေ့အာရှဖြစ်ရေးမှာ ပို၍မပြီးဆုံးနိုင် သေးကြောင်းထင်ရှားပါသည်။ ၂၀၁၅ အလွန် အာဆီယံအတွက် အဓိကစိန်ခေါ်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## *အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုတွင် ဆင်းရဲသားအများအပြားနှင့် ဆင်းရဲသား မဟုတ်ဟုဆိုနိုင်ယုံမျှရှိသူ များပြားနေသေးခြင်း*

၂၀၀၀ ခုနှစ်များနောက်ပိုင်းတွင် ဆင်းရဲသားဟုဆိုနိုင်သော လူဦးရေမှာ အာဆီယံတွင် မြန်မာနိုင်ငံမပါဝင်ဘဲ သန်းပေါင်း ၈၀ ဝန်းကျင်တွင် ရှိပါသည်။ မြန်မာအတွက် နှိုင်းယှဉ် လောက်သော စာရင်းအင်းအချက်အလက်မရှိသောကြောင့် ဖြစ်ပါသည်။ မည်သို့ပင်ဆို စေကာမူ တရားဝင်ဆင်းရဲနွမ်းပါးမှုမျဉ်းအရ မြန်မာနိုင်ငံ၏ဆင်းရဲနွမ်းပါးမှု အခြေအနေမှာ ၂၀၁၀ ခုနှစ်တွင် (၂၉)ရာခိုင်နှုန်းရှိပြီး လူဦးရေ(၁၇.၅)သန်း လောက်ရှိပါသည်။ ထို့ကြောင့် ၂၀၀၀ ခုနှစ်များ နောက်ပိုင်းတွင် အာဆီယံ၌ ဆင်းရဲသော လူဦးရေမှာ အနည်းဆုံး သန်း၁၀၀ လောက်ရှိနေသေးကြောင်း တွေ့ရပါသည်။ ၎င်းသန်း ၁၀၀ မှာ ဝယ်နိုင်စွမ်းအား (PPP) အရ တိုင်းထားသောလူတစ်ဦးကျတစ်နေ့ဝင်ငွေ(၁.၂၅)ဒေါ်လာဖြင့်တိုင်းတာထားခြင်းဖြစ်သည်။ ထို့ပြင် ပို၍တင်းကြပ်သော ဆင်းရဲနွမ်းပါးမှု မျဉ်းအဖြစ်သတ်မှတ်သည့် လူတစ်ဦးကျ တစ်နေ့ ဝင်ငွေ အမေရိကန် ၂ဒေါ်လာ (PPP) အောက် ကျရောက်သောလူဦးရေ (မြန်မာမပါ) သည် ၂၀၀၀ ခုနှစ်များ နောက်ပိုင်းတွင် (၁၂၁)သန်းရှိပြီး ၎င်းတို့ကို marginally non-poor ဟု သတ်မှတ်ထားပါသည်။ အာဆီယံလူဦးရေ၏ ၄ ပုံ ၂ ပုံမှာ ဆင်းရဲသား (poor) ဟုသော် လည်းကောင်း၊ ဆင်းရဲသားမဟုတ်ဟုဆိုနိုင်ယုံမျှရှိသူ (marginally non-poor) ဟုသော် လည်းကောင်း သတ်မှတ်နိုင်သည်ဟု ဆိုနိုင်ပါသည်။ ယခု အချိန်ကာလနှင့် ၂၀၁၅ အလွန်တွင် အာဆီယံက ရင်ဆိုင်ရမည့် အဓိကစိန်ခေါ်မှုမှာ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေး ဆင်းရဲသားနှင့် ဆင်းရဲသားမဟုတ်ဟုဆိုနိုင်ယုံမျှရှိသူတို့ပပျောက်ရေးပင် ဖြစ်ပါသည်။

AMS နှင့် ASEAN တစ်ခုလုံးအတွက် ဆက်စပ်သော မူဝါဒဆိုင်ရာစိန်ခေါ်မှုနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စိန်ခေါ်မှုမှာ အစားအစာ ဈေးနှုန်းသိသိသာသာ မြင့်တက်ခြင်း၊ သဘာဝ ဘေးအန္တရာယ်များနှင့် လောင်စာစွမ်းအင်ချို့တဲ့မှုများကို ဆင်းရဲသားများနှင့် မသိ မသာဆင်းရဲသူများက ပိုမိုထိခိုက်ခံစားကြရ မည်ဆိုသော အချက်ဖြစ်သည်။ ဆင်းရဲသားနှင့် မသိမသာဆင်းရဲသူများသည် ၎င်းတို့ဝင်ငွေအများစုကို အစားအစာအတွက် သုံးစွဲကြရ

သည်ဖြစ်ရာ အစားအစာဈေးနှုန်းသိသာစွာ မြင့်တက်ခြင်းနှင့် ဒီဇယ်ကဲ့သို့သော စွမ်းအင် လောင်စာ ရှားပါးခြင်းတို့ကြောင့် ၎င်းတို့အတွက် ဝင်ငွေရနိုင်သည့် အလုပ်များ ဥပမာ- လယ်ယာလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း စသည်တို့တွင် ပြောင်းရွှေ့လုပ်ကိုင်ကြရသည်။ ထို့ကြောင့် AMSS နှင့် ASEAN တို့သည် မြင့်မားသော စီးပွားရေးတိုးတက်မှုရရှိရေးသို့ ဦးတည်သည်နှင့်အတူ AMSS နှင့် ASEAN တို့သည် အစားစာပြည့်စုံလုံလောက်စွာရရှိရေး၊ စွမ်းအင်ဖူလုံရေးနှင့် ဒေသအတွင်း သဘာဝ ဘေးအန္တရာယ်များ ကျရောက်ပါက ဖြေရှင်းရန် အသင့်ဆောင်ရွက်ပေးရေးတို့တွင် ပို၍ အရေးပေးဆောင်ရွက်ရန် လိုအပ်ပါသည်။

## *ဝင်ငွေမညီမျှမှုကို ရောထွေးမှတ်တမ်းတင်မှု*

ဤအချက်သည် အထက်တွင်ဖော်ပြခဲ့သည့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးပြဿနာနှင့် အတိုင်းအတာတစ်ခုအထိ ဆက်စပ်မှုရှိပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် လွန်ခဲ့သော ဆယ်စုနှစ်(၃)ခုအတွင်း တိုးတက်မှုကြားတွင် ဝင်ငွေမညီမျှမှုနှင့် ပတ်သက်၍ ရောထွေးသော မှတ်တမ်းများ ရှိခဲ့ကြပါသည်။ ခြုံကြည့်မည်ဆိုလျှင် ၎င်းတို့၏ စွမ်းဆောင်နိုင်မှုသည် တရုတ်နိုင်ငံနှင့် လက်တင်အမေရိကန်နိုင်ငံများ၏ ဆောင်ရွက်နိုင်မှုထက် ပို၍ကောင်းမွန်ပါသည် ပုံ (၁.၁၂) တွင် ကြည့်ပါ။)

ပုံတွင် ဖော်ပြထားသည့်အတိုင်း အင်ဒိုနီးရှားနှင့် လာအိုတွင် ဝင်ငွေမညီမျှမှု ပိုမိုဆိုးဝါးလာနေကြောင်း တွေ့ရပါသည်။

မလေးရှားနိုင်ငံသည် ၁၉၈၀ခုနှစ်များနှင့် ၁၉၉၀ ခုနှစ်များ အစောပိုင်းတွင် AMSsများ အကြား ဝင်ငွေခွဲဝေမှု မညီမျှဆုံးသော နိုင်ငံဖြစ်ခဲ့ပါသည်။ ၁၉၉၀ခုနှစ်များ နောက်ပိုင်းနှင့် ၂၀၀၀ ခုနှစ်များ အစောပိုင်းအတွင် ဝင်ငွေမညီမျှမှု သိသိသာသာ ကျဆင်းလာခဲ့ပါသည်။ သို့သော် ၂၀၀၀ ခုနှစ်များ နောက်ပိုင်းတွင် တဖန်ပြန်၍ အရှိန်နှင့် တက်ခဲ့သဖြင့် ဝင်ငွေခွဲဝေမှု မညီမျှဆုံးသော အခြေအနေသို့ တစ်ဖန်ပြန်၍ ရောက်ရှိခဲ့ပါသည်။

ဖိလစ်ပိုင်သည် လက်ရှိအခြေအနေတွင် မလေးရှားပြီးနောက် ဒုတိယဝင်ငွေခွဲဝေမှုဆုံးသော နိုင်ငံဖြစ်သည်။ ဝင်ငွေမညီမျှမှုသည် ၁၉၉၀ ခုနှစ်များအတွင် ပိုမို ဆိုးရွားခဲ့ပြီး ၁၉၉၀ခုနှစ်များ နောက်ပိုင်းနှင့် ၂၀၀၀ ခုနှစ်များ အစောပိုင်းအတွင်း ASEAN တွင် အဆိုးဆုံး ဖြစ်ခဲ့သည်။ ထို့နောက် ၂၀၀၀ ခုနှစ်များအတွင်း အနည်းငယ်ပြန်တက်လာခဲ့သည်။ သို့ဖြစ်၍ လက်ရှိ အခြေအနေတွင် ဖိလစ်ပိုင်သည် အာဆီယံတွင် ဒုတိယဝင်ငွေ မညီမျှဆုံးသောနိုင်ငံဖြစ်ဆဲ

ပင်ဖြစ်သည်။ ဖိလစ်ပိုင်သည် AMSs ကြားတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်ချက်မှာ အားနည်းပြီး စီးပွားရေးတိုးတက်မှု အသင့်အတင့်သာ ရရှိသည်နှင့်အညီ အခြားနိုင်ငံများနှင့် ယှဉ်လျှင်ဝင်ငွေခွဲဝေမှုမညီမျှမှု ပိုမိုဖြစ်ပေါ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ဖိလစ်နိုင်ငံ၏ ဆောင်ရွက်ချက်သည် ဗီယက်နမ်နိုင်ငံနှင့် ဆန့်ကျင်ဖက် ဖြစ်သည်။

ထိုင်းနိုင်ငံသည် လွန်ခဲ့သော ဆယ်စုနှစ်(၂)ခုအတွင်း တိုးတက်မှု ရရှိခဲ့သည့်အကြားတွင် ဝင်ငွေခွဲဝေဖြန့်ဖြူးမှု ပိုမိုကောင်းမွန်သော အခြေအနေကို ရရှိခဲ့ပါသည်။ ၁၉၈၀ခုနှစ်များနောက်ပိုင်းနှင့် ၁၉၉၀ခုနှစ်များအစောပိုင်းအတွင်း မလေးရှားပြီးနောက် ဒုတိယဝင်ငွေမညီမျှဆုံးနိုင်ငံဖြစ်ခဲ့ပါသည်။ နောက်ပိုင်းတွင် တိုင်းပြည်၌ ဝင်ငွေမညီမျှမှု အခြေအနေကျဆင်းခဲ့ပြီး နောက်ဆုံး Gini Index (ကားချပ် (၁.၂) )တွင် ပြထားသည့်ဝင်ငွေ မညီမျှမှုအတိုင်းအတာ) သည် သတ်မှတ်အဆင့်ဖြစ်သော (၄၀)ရာခိုင်နှုန်းအောက်သို့ ကျဆင်းခဲ့ပါသည်။ သို့သော်လည်း ထိုင်းနိုင်ငံ၏ ဝင်ငွေခွဲဝေဖြန့်ဖြူးမှု မညီမျှမှုအခြေအနေသည် မလေးရှားနှင့် ဖိလပ်ပိုင်မှလွဲ၍ အခြား AMSs များထက်ပို၍ မြင့်မားသေးကြောင်း တွေ့ရပါသည်။

ကမ္ဘောဒီးယား၏ ဝင်ငွေခွဲဝေဖြန့်ဖြူးမှုသည် ၁၉၉၀ ခုနှစ်များမှ ၂၀၀၀ ခုနှစ်များ အလယ်ထိ အကြီးအကျယ်ဆိုးဝါးခဲ့ပြီး ၂၀၀၀ ခုနှစ်များ နောက်ပိုင်းတွင် တရိန်ထိုး ကျဆင်းခဲ့ပါသည်။ Gini Index အကြီးအကျယ်ပြောင်းလဲမှုမရှိဘဲ ဤသို့တရိန်ထိုးကျဆင်းသွားခြင်းမှာ စိတ်ဝင်စားစရာကောင်းပါသည်။ ဤအချက်သည် ကုန်စည်ဈေးနှုန်း ပြောင်းလဲမှု၊ လယ်ယာထုတ်လုပ်မှု အထူးသဖြင့် ဆန် တိုးလာခြင်းနှင့် လုပ်အားစူးစိုက်သုံး အထည်ချုပ် လုပ်ငန်းများနှင့်ခရီးသွားလုပ်ငန်းများတွင် ကမ္ဘောဒီးယားသည် အောင်မြင်မှုများရရှိလာခြင်းတို့ကြောင့် ဖြစ်ဖွယ်ရှိပါသည်။

လွန်ခဲ့သော ဆယ်စုနှစ်(၂)ခုအတွင်း စီးပွားရေးတိုးတက်မှုနှင့် ဝင်ငွေခွဲဝေမှုညီမျှသော အခြေအနေကိုရရှိအောင် ဖန်တီးဆောင်ရွက်နိုင်သည့်အတွက် အာဆီယံတွင် ဗီယက်နမ်သည် အအောင်မြင်ဆုံး အဖွဲ့ဝင်နိုင်ငံဖြစ်ဖွယ်ရှိပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်(၂)ခုအတွင်း ဗီယက်နမ်သည် မြင့်မားသော တိုးတက်မှုရရှိခဲ့သော်လည်း ဝင်ငွေခွဲဝေဖြန့်ဖြူးမှု အခြေအနေသည် တည်ငြိမ်သည်ဟုဆိုနိုင်ပါသည်။ အကြောင်းမှာ ဗီယက်နမ်သည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဖြစ်ပါသည်။ မည်သို့ဆိုစေ ဗီယက်နမ်သည် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင် တရုတ်ပြီးနောက် ကမ္ဘာတွင် ဒုတိယအကောင်းဆုံးနိုင်ငံ ဖြစ်သည်ဟုဆိုနိုင်ပါသည်။

ကားချပ် ၁.၁၂ - ၁၉၇၀ခုနှစ်များ အလယ်ပိုင်းမှ ၂၀၀၀ ခုနှစ်များ နောက်ပိုင်းထိ အာဆီယံ၊ တောင်အာရှနှင့် လက်တင်အမေရိက နိုင်ငံများအတွက် Gini Index







ဇာစ်မြစ် - Povcalnet, World Bank (2013)

AMSs ၏ စွမ်းဆောင်နိုင်မှုမှာ ရောထွေးနေသော်လည်း လက်တင်အမေရိကနိုင်ငံများသည် AMSs အားလုံးထက်ပို၍ ဝင်ငွေခွဲဝေဖြန့်ဖြူးမှု မညီမျှဖြစ်ပေါ်နေကြောင်းကို ကားချပ်(၁-၁၂) တွင် ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ အလားတူပင် တရုတ်၏လျင်မြန်သော စီးပွားရေး တိုးတက်မှုသည် ဝင်ငွေခွဲဝေဖြန့်ဖြူးမှုကို ပို၍ဆိုးသွားစေခြင်းပါ ယှဉ်တွဲဖြစ်ပေါ်လာသည်။[2] (Inverted U- hypothesis) အရ နိုင်ငံများသည် အစောပိုင်းမှ ဂင်ငွေအလယ်အလတ်အဆင့်ထိဂင်ငွေမညီမျှမှုသည် ဆိုးဂါးသွားရန်အလားအလာရှိသော်လည်း၊ ဖွံ့ဖြိုးမှုအဆင့်အလိုက်ဂင်ငွေမညီမျှမှု အခြေအနေအတွက် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အကြောင်းရင်းများရှိကြသည်။ ထို့ကြောင့် လွန်ခဲ့သော ဆယ်စုနှစ် ၂ခုအတွင်း ဗီယက်နမ်တွင် ဖြစ်ပေါ်သကဲ့သို့ ပို၍သာကူညီမျှသော တိုးတက်မှုရရှိရန်မှာ ဖိတ်ခေါ်မှုအဖြစ်ရှိနေသည်။

## အာဆီယံ၏ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရန် လိုအပ်ချက်

အာဆီယံအဖွဲ့ဂင်နိုင်ငံများ၏ ကာလရှည်ယှဉ်ပြိုင်နိုင်စွမ်းရှိမှုကို စုပေါင်းထုတ်လုပ်မှု အင်အားစုများ၏ တိုးတက်ထုတ်လုပ်နိုင်စွမ်းမှုနှုန်းက ခိုင်မာစွာ သတ်မှတ်ပြဌာန်းပေးပါသည်။ ၁၉၉၆-၂၀၁၁ ခုနှစ်ကာလအတွင်း AMSs, China, India, Korea, Taiwan, Japan, USA နှင့် Latin America နိုင်ငံများ၏ လုပ်အားထုတ်လုပ်နိုင်စွမ်း (Labor productivity)နှင့် စုစုပေါင်းထုတ်လုပ်မှု အင်အားစုများ၏ ထုတ်လုပ်နိုင်စွမ်းခန့်မှန်းချက်များကို ပုံ(၁-၁၃)တွင် ဖော်ပြထားပါသည်။ Conference Boardမှ ရယူထားသော ခန့်မှန်းခြေများသည် တူညီသော နည်းလမ်းကို အသုံးပြုထားသည်ဖြစ်၍ နှိုင်းယှဉ်၍ရပါသည်။ အရင်းအနှီးတိုးတက်မှု၊ အရင်းအနှီးကို စွမ်းဆောင်ရည်ရှိစွာအသုံးပြုနိုင်မှု၊ အသိပညာ တိုးတက်လာမှု၊ နည်းပညာ တိုးတက်မှုတို့သည်လုပ်အားထုတ်လုပ်နိုင်စွမ်းတိုးတက်မှုကို ဖြစ်ပေါ်စေပါသည်။ အရင်းအနှီးနှင့်လုပ်အားကိုစွမ်းဆောင်ရည်ရှိစွာ အသုံးပြုနိုင်မှုနှင့် အသိပညာတိုးတက်မှု၊ နည်းပညာတိုးတက်မှုတို့သည် စုစုပေါင်းထုတ်လုပ်မှုအင်အားစုများ၏ ထုတ်လုပ်နိုင်စွမ်း တိုးတက်မှုပေါ်တွင်အကျိုးသက်ရောက်စေပါသည်။

အချိန်ကာလတလျှောက်လုံးတွင် ကမ္ဘောဒီးယားနှင့် ဗီယက်နမ်လုပ်အားထုတ်လုပ်နိုင်စွမ်းအား တိုးတက်မှုကို ကားချပ်(၁-၁၃)တွင် ဖော်ပြထားပြီး ၂၀၀၀ ခုနှစ်များ နောက်ပိုင်းတွင် ဖိလစ်ပိုင် နှင့် အင်ဒိုနီးရှားတွင်လည်း လုပ်အားထုတ်လုပ်နိုင်စွမ်းအား တိုးတက်မှုအရှိန်

2 There may be complication in the case of China especially on the attribution of the millions of migrants into the urban areas primarily in China’s Eastern Seaboard.

အပေါ်ဟုန်နှင့် သိသာထင်ရှားစွာ တိုးတက်လာကြောင်းတွေ့ရပါသည်။ သို့သော်လည်းစုစုပေါင်း ထုတ်လုပ်မှုအင်အားစုများ၏ ထုတ်လုပ်နိုင်စွမ်းတိုးတက်မှုမှာ AMSs အများစုအတွက် အသင့်အတင့်ပင်ဖြစ်ပါသည်။ ဗီယက်နမ်သည် ထိုကာလအတွင်းတွင် စုစုပေါင်းထုတ်လုပ်မှု အင်အားစုများ၏ ထုတ်လုပ်နိုင်စွမ်း တိုးတက်မှုမှာ အနုတ်လက္ခဏာဖြစ်ခဲ့ပါသည်။ အရင်း အနှီးတိုးတက်မှုက ကုန်ထွက်တိုးတက်မှုထက် ပိုမိုမြင့်မားနေသောကြောင့်ဖြစ်ဖွယ်ရှိပါ သည်။ ကမ္ဘောဒီးယားသည် စုစုပေါင်းထုတ်လုပ်မှု အင်အားစုများ၏ ထုတ်လုပ်နိုင်စွမ်း အမြင့်မားဆုံးဖြစ်ပြီး ဖိလစ်ပိုင်သည်လည်း ၎င်း၏လုပ်အား ထုတ်လုပ်နိုင်စွမ်းအား တိုးတက်မှုနှင့် ယှဉ်လျှင် စုစုပေါင်းထုတ်လုပ်နိုင်စွမ်းတိုးတက်မှုက သိသာထင်ရှားသော တိုးတက်မှုရှိကြောင်း တွေ့ရှိရပါသည်။

AMSs၏ စုစုပေါင်း ထုတ်လုပ်နိုင်စွမ်းတိုးတက်မှုနှင့် ယှဉ်လျှင် China, India, South Korea နှင့် Taiwan တို့၏ တိုးတက်မှုသည် ပိုမိုခိုင်မာကြောင်း တွေ့ရှိရပါသည်။ ထိုနိုင်ငံများသည် AMSs နှင့် ယှဉ်လျှင်ပို၍ ယှဉ်ပြိုင်နိုင်စွမ်းရှိသော နိုင်ငံများဖြစ်ကြပါသည်။ ထို့ကြောင့် ဤရှုထောင့်မှကြည့်မည်ဆိုလျှင် အာဆီယံ၏ကာလရှည် ယှဉ်ပြိုင်နိုင်စွမ်းရှိမှုသည် ၎င်း၏ အိမ်နီးချင်းများ၊ အထူးသဖြင့် တရုတ်နှင့်ယှဉ်လျှင် ပိုမိုဆိုးရွားသွားသည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် အကယ်၍ အာဆီယံသည် ၎င်း၏ယှဉ်ပြိုင်နိုင်စွမ်းရှိမှုကို မြှင့်တင်ရန်၊ တန်ဖိုးမြင့် ဖြစ်စဉ်ကို မြင့်တက်လာစေရန်နှင့် ပို့ကုန်တင်ပို့မှုတွင် အောင်မြင်မှုရရန်အတွက် စရိတ် သက်သာသော လုပ်အားစရိတ်ပေါ်တွင် မှီခိုမှုလျော့နည်းစေရန် ရည်ရွယ်ပါကသည် ၎င်းတို့ ၏ အိမ်နီးချင်းများနှင့် ယှဉ်လျှင် စုစုပေါင်းထုတ်လုပ်နိုင်စွမ်းအား တိုးတက်မှုကို မြှင့်တင်ရန် လိုအပ်ပါသည်။

## ကားချပ် ၁.၁၃ - အာဆီယံနှင့် ရွေးချယ်ထားသော နိုင်ငံများ၏လုပ်အား ထုတ်လုပ်နိုင်စွမ်း တိုးတက်မှုနှင့် စုစုပေါင်းထုတ်လုပ်မှုအင်အားစုများ၏ ထုတ်လုပ်နိုင်စွမ်းတိုးတက်မှု (နှစ်စဉ်ပျမ်းမျှ)




ရင်းမြစ် - The Conference Board Total Economy Database (2013)

ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်မှုကို ဖော်ပြသော ညွှန်ကိန်းတစ်ခုမှာ ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံး၏ စုစုပေါင်း ကုန်သွယ်မှုနှင့် စုစုပေါင်းကုန်ထွက်တွင် အာဆီယံ၏ ဝေစုဖြစ်ပါသည်။ ဥပမာအားဖြင့်- ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံး၏ စုစုပေါင်းကုန်ထွက် (GDP)တွင် အာဆီယံ၏ ဝေစုမှာ ၁၉၉၀-၁၉၉၂ ခုနှစ် အတွင်း ပျမ်းမျှ (၈.၆) ရာခိုင်နှုန်းဖြစ်ပါသည်။ သို့သော် ၂၀၀၉-၂၀၁၁ခုနှစ်အတွင်း ပျမ်းမျှ (၁၀.၇) ရာခိုင်နှုန်းရှိရာမှ ၂၀၀၉-၂၀၁၁ ခုနှစ်အတွင်း (၂၆.၅)ရာခိုင်နှုန်းသို့ သိသိသာသာ တိုးတက်ခဲ့ပါသည်။ အိန္ဒိယ၏ဝေစုမှာ ၁၉၉၀-၁၉၉၂ ခုနှစ်အတွင်း (၆.၅)ရာခိုင်နှုန်းရှိရာမှ ၂၀၀၉-၂၀၁၁ခုနှစ် အတွင်းတွင် (၈.၄)ရာခိုင်နှုန်းသို့ တိုးလာကြောင်း တွေ့ရှိရပါသည် (ကားချပ်(၁.၄) ကိုကြည့်ပါ)။ ဖွံ့ဖြိုးဆဲနိုင်ငံအားလုံး၏ စုစုပေါင်း ကုန်ထွက်တွင် အာဆီယံ၏ဝေစုသည် ၁၉၉၀ တွင် ရှိခဲ့သည့် ဝေစုထိ တိုးလာမည်ဆိုလျှင် ၎င်းထက်ပိုမြင့်မားစွာ တိုးတက်လာမည်ဆိုလျှင် ၂၀၁၅ အလွန်တွင် အာဆီယံ၏ ယှဉ်ပြိုင် နိုင်စွမ်းတိုးတက်မှု အတိုင်းအတာတစ်ခုအထိ ဖြစ်လာဖွယ် ရှိပါသည်။ ဆိုလိုသည်မှာ အာဆီယံသည် ၂၀၁၅ အလွန်နှစ်များတွင် တရုတ်ထက် မသာလျှင်တောင် တန်းတူယှဉ်ပြိုင်နိုင်ရန် မြင့်မားသော စီးပွားရေးတိုးတက်မှုနှုန်း ရရှိရန်နှင့် ဆက်လက်

ထိန်းထားနိုင်ရန် လိုအပ်ပါသည်။ ပုံတွင် တွေ့ရှိရသည့်အတိုင်း ဖွံ့ဖြိုးဆဲစီးပွားရေး အဆောက်အအုံ အားလုံး၏ စုစုပေါင်းကုန်သွယ်မှုနှင့် ကမ္ဘာ့စုစုပေါင်းကုန်သွယ်မှု၏ ကြီးမားသောဝေစုကို အာဆီယံက ရရှိထားပြီး လက်တင်အမေရိကန်ပေါင်းစည်းမှု ဇရိယာ(LAIA)နှင့် ပင်လယ်နက် ဒေသစီးပွား ရေးအသိုက်အဝန်း (BSEC)နှင့် အိန္ဒိယတို့ထက်လည်း အာဆီယံက ပိုမိုကြောင်း တွေ့ရှိရပါသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် အာဆီယံသည် ယင်း၏အရွယ်အစားနှင့်စာလျှင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုတွင် ကြီးမားသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း သိရှိနိုင်ပါသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသည် အာဆီယံစီးပွားရေး အဆောက်အအုံတွင် ဖွံ့ဖြိုးဆဲကမ္ဘာရှိ အခြားဒေသဆိုင်ရာ ပေါင်းစည်းမှုဇရိယာများထက် ပိုမိုကြီးမားသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်ဟု ဆိုနိုင်ပါသည်။

### ကားချပ် ၁.၁၄ - ဖွံ့ဖြိုးဆဲ စီးပွားရေး အဆောက်အအုံများ အားလုံး၏ စုစုပေါင်း တိုင်းပြည်ထုတ်ကုန် ကုန်သွယ်မှုနှင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ၏ ဝေစု (အာဆီယံနှင့် ရွေးချယ်ထားသော နိုင်ငံများ) (ရာခိုင်နှုန်း)




ဇာစ်မြစ် - UNCTAD Stat (2013)

အာဆီယံ၏ ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်မှုကို ဖော်ပြသောအခြားညွှန်ကိန်းတစ်ခုမှာ ဖွံ့ဖြိုးဆဲ နိုင်ငံများအားလုံး၏ စုစုပေါင်းကုန်သွယ်မှုတွင် အာဆီယံ၏ဝေစုဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံ အားလုံး၏ စုစုပေါင်း ကုန်သွယ်မှုတွင် အာဆီယံ၏ဝေစုမှာ ၁၉၉၀-၁၉၉၂ခုနှစ်အတွင်းတွင်

(၁၉.၃)ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၀၉-၂၀၁၁ ခုနှစ်အတွင်းတွင် (၁၅.၉)ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါသည် (ကားချပ် ၁.၁၄ တွင် ကြည့်ပါ)။ ယင်းသို့ ကျဆင်းမှုမှာ ထိုကာလအတွင်းဖွံ့ဖြိုးဆဲနိုင်ငံအားလုံး၏ စုစုပေါင်းကုန်သွယ်မှုတွင် တရုတ်၏ဝေစုသိသိသာသာတိုးလာမှုကြောင့် ဖြစ်ပါသည်။ တရုတ်သည် ၁၉၉၀-၁၉၉၂ခုနှစ်အတွင်းတွင် (၇.၇)ရာခိုင်နှုန်းသာရှိရာမှ ၂၀၀၉-၂၀၁၁ခုနှစ် အတွင်းတွင် (၂၃.၇)ရာခိုင်နှုန်းအထိ တိုးလာခဲ့ပါသည်။ တရုတ်၏ ကုန်သွယ်ရေးတိုးတက်မှုမှာ အံ့မခန်းဖြစ်ပြီး ယခုအခါတရုတ်သည် ကမ္ဘာ့အကြီးဆုံးတင်ပို့သူဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံအားလုံး၏ စုစုပေါင်း ကုန်သွယ်မှုတွင် အာဆီယံ၏ဝေစုတိုးလာမှုသည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုတွင် အာဆီယံ၏ ယှဉ်ပြိုင်နိုင်စွမ်းတိုးလာမှုကိုပြသော အရေးကြီးသည့် လက္ခဏာရပ်တစ်ခုဖြစ်ပါသည်။ ဤအချက်သည် အာဆီယံကုန်သွယ်မှု၏ တိုးတက်မှုသည် ဖွံ့ဖြိုးဆဲစီးပွားရေးအဆောက်အအုံ အားလုံး၏ ကုန်သွယ်ရေးတိုးတက်မှု ထက်ပိုမိုမြင့်မားသည်ဟု သတ်မှတ်ပါလိမ့်မည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံး၏ စုစုပေါင်းကုန်ထွက်နှင့် စုစုပေါင်းကုန်သွယ်မှုတွင် အာဆီယံ၏ ဝေစုတိုးမြှင့်ရန် အာဆီယံ၏ကုန်ထွက်နှင့် ကုန်သွယ်မှုတွင် ခိုင်မာသော တိုးတက်မှုရှိရန်လိုပါမည်။ ဒေသ၏လိုအပ်ချက်များနှင့် ယှဉ်လျှင် အာဆီယံတွင် အရင်းအနှီးလိုအပ်ချက်မှာ အကန့်အသတ်နှင့်သာ ရှိသေးသည်ဖြစ်ရာ အာဆီယံသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ကို ပိုမိုဆွဲဆောင်ရန် လိုအပ်သည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် အာဆီယံသည် ဖွံ့ဖြိုးဆဲနိုင်ငံအားလုံး၏ စုစုပေါင်း FDI စီးဆင်းမှုတွင် အာဆီယံ၏ ဝေစုတိုးလာရန် လိုအပ်ပါလိမ့်မည်။ ပုံ(၁-၁၄)တွင် တွေ့ရသည့်အတိုင်း အာဆီယံသည် ၁၉၉၀ခုနှစ်များအတွင်း ဖွံ့ဖြိုးမှုကမ္ဘာသို့ FDI စီးဝင်မှုတွင် အကြီးမားဆုံး ဝေစုကို ရရှိခဲ့ပါသည်။ သို့သော် ၁၉၉၀ ခုနှစ်များနောက်ပိုင်းနှင့် ၂၀၀၀ခုနှစ်များအစောပိုင်းတွင် အာဆီယံ၏ဝေစုသိသိသာသာ ကျဆင်းခဲ့ပါသည်။ ယခုနှစ်ပိုင်းအတွင်းတွင် ကမ္ဘာ့ စီးဆင်းမှုတွင် FDI အာဆီယံ၏ ဝေစုတိုးလာသည်ကို တွေ့ရပါသည်။ သို့ဖြစ်၍ အာဆီယံသည် ဖွံ့ဖြိုးဆဲစီးပွားရေးအဆောက်အအုံအားလုံး၏ စုစုပေါင်း GDP နှင့် စုစုပေါင်းကုန်သွယ်မှု၊ ကမ္ဘာလုံး၏ စုစုပေါင်းGDPနှင့် စုစုပေါင်း ကုန်သွယ်မှုတွင် မြင့်မားသော ဝေစုရရှိရန် အလို့ငှာကမ္ဘာ့ FDI စီးဆင်းမှု၏ ကြီးမားသော ဝေစုကို ရရှိရန် ဆွဲဆောင်ဖို့လိုအပ်ကောင်း လိုအပ်ပါလိမ့်မည်။

## *အာဆီယံစီးပွားရေးအသိုက်အဝန်းကို တည်ဆောက်ခြင်း*

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) အကောင်အထည်ဖော်ရာတွင် ကြီးမားသော အောင်မြင်မှုများရှိသော်လည်း AEC ကို အပြည့်အဝ

ဆောင်ရွက်နိုင်ရန်အတွက် လုပ်ဆောင်ရန်များစွာ ကျန်ရှိနေသေးသည်။ ၂၀၁၅ နှင့် ၂၀၁၅ အလွန်တွင် ရင်ဆိုင်ဖြေရှင်းရန်လိုအပ်သော အဓိကကျသည့်အချက်အချို့မှာ အောက်ပါ အတိုင်းဖြစ် သည်။

* AMSs များတွင် အဓိကကျသော NTMs (အကောက်ခွန်မဟုတ်သည့်အတိုင်းအတာ) အထူးသဖြင့် အရေအတွက်အရ ကန့်သတ်ခြင်းများ သိသာထင်ရှားစွာရှိနေသေးသည်။CEPT အစီအစဉ်အရ အကောက်အခွန်မှာ လျင်မြန်စွာ လျော့နည်းလာခဲ့ပြီး အာဆီယံ(၆)နိုင်ငံ အတွက်မူ အကောက်ခွန် (သုည) ဖြစ်နေသည်များပင်ရှိသည်။ ယခုအခါ အကောက်ခွန် မဟုတ်သော အတိုင်းအတာမှာကြားတွင် ချောမွေ့သောကုန်သွယ်ရေးဆက်စပ်မှုတွင် အဓိက အတားအဆီး ဖြစ်လာပါသည်။

* AMSs အများစုတွင် National Single Windowsမှာ အပြည့်အဝ ဆောင်ရွက်နိုင် ခြင်းမရှိသေးပါ။ AMSs (၃)ခုသည်သာလျှင် ဆောင်ရွက်ထားပြီးဖြစ်ပါသည်။ ASEAN Single Window (ASW) မှာ သက်ဝင်လှုပ်ရှားမှုမရှိသေးပါ။ ထို့ပြင် ၂၀၁၅ အမီ ASW အတွက် ရည်ရွယ် ထားသောလုပ်ငန်းများမှာလည်း အာဆီယံအတွင်းနှင့် AMSs နှင့် ကမ္ဘာ၏ ကျန်သောအစိတ်အပိုင်းများကြား ကုန်သွယ်ရေးကိုထိရောက်သောအထောက်အကူပြုမှုများ ဆောင်ရွက်ရေးအတွက် အကန့်အသတ်များမှာလည်း များပြားစွာရှိနေသေးသည်။ ထို့ပြင် နိုင်ငံအလိုက်နှင့် ဒေသဆိုင်ရာ (၂)ခုလုံးအတွက် ကုန်သွယ်မှုစာရင်းအင်းအချက်အလက် များ ထားသိုရာ နေရာများထားရှိပြီး အပြည့်အဝလုပ်ငန်းလည်ပတ်ဆောင်ရွက်ရန် လိုအပ်ပါ သည်။ ဒေသတွင် စီးပွားရေးလုပ်ငန်းများရောင်းဝယ်လုပ်ကိုင်နေကြသော လုပ်ငန်းများ၊ လူများ အကျိုးကျေးဇူး ရရှိရန်အတွက် ကုန်သွယ်မှုနှင့် ဆက်စပ်သော မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများကို ပွင့်လင်းမြင်သာမှု တိုးလာစေရန် ကုန်သွယ်မှုစာရင်းအင်းအချက် အလက်များ ထားသိုရာနေရာ (trade reposotories) များတည်ထောင်ရန် လိုအပ်ပါသည်။

* စံသတ်မှတ်မှုနှင့် ကိုက်ညီမှု၊ အတတ်ပညာဆိုင်ရာဝန်ဆောင်မှုများနှင့် ပတ်သက်၍ အပြန် အလှန်အသိအမှတ်ပြုမှု သဘောတူညီချက်များတွင် တိုးတက်မှုအချို့ရှိသော်လည်း စံသတ်မှတ်မှုနှင့် နည်းပညာဆိုင်ရာစည်းမျဉ်းများတူညီမှု၊ စံနှင့်ကိုက်ညီမှုကို အကဲဖြတ် ချက်နှင့် ထောက်ခံချက်ပေါ်တွင် ယုံကြည်မှု၊ ဒေသအတွင်း ကျွမ်းကျင်သော အတတ် ပညာရှင်များ ရွှေ့ပြောင်းမှုတို့ ပိုမိုရရှိလာစေရန် ဆောင်ရွက်ရမည့်ကိစ္စများစွာ လိုအပ်နေပါ သေးသည်။

* AMSs များတွင် ဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှု လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုရေးနှင့် ပတ်သက်၍ ရောထွေးသောမှတ်တမ်းများ ရှိကြပါသည်။ AFAS 8 အလွန် AFAS အတွက် ညှိနှိုင်း ဆွေးနွေးမှုများသည် ပိုမိုခက်ခဲလာဖွယ်ရှိပါသည်။ အကြောင်းမှာ ဝန်ဆောင်မှု လွတ်လပ်ခွင့်ပြုရေးကို ကျယ်ကျယ်ပြန့်ပြန့်နက်နက်ရှိုင်းရှိုင်းကြိုးပမ်းအားထုတ်မှုများသည် AMSs တစ်ခုချင်းစီတွင် ပိုမိုထိခိုက်လွယ်သော ကဏ္ဍအားလုံးနီးပါးကို ထိခိုက်စေလိမ့်မည် ဖြစ်သည်။

ယှဉ်ပြိုင်မှုမြင့်မားသော ဝန်ဆောင်မှုကဏ္ဍနှင့်ကိုက်ညီသည့် ဝန်ဆောင်မှုကဏ္ဍ၏ လွတ်လပ်ခွင့်ပြုမှုအတိုင်းအတာကို AMSs က သတ်မှတ်ဆုံးဖြတ်ကောင်း ဆုံးဖြတ်ပေးမည် ဖြစ်သည်။

အာဆီယံသည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု နက်နက်ရှိုင်းရှိုင်းရှိလာစေရန်နှင့် တစ်ခုတည်းသော အသိုက်အဝန်းဖြစ်လာစေရန်အတွက် များစွာသော ရှေ့ဆောင်ဦးရွက်ပြုမှုများ ပြုလုပ်ခဲ့ကြပါသည်။ သို့သော်မပြီးဆုံးသေးဘဲ ဆက်လက်လုပ်ဆောင်ရန်လည်း ကျန်ရှိနေပါသေးသည်။

ခြုံ၍ဆိုရသော် အထက်ဖော်ပြပါ အခြေအနေများအရ အာဆီယံစီးပွားရေး အသိုက်အဝန်းသည် ၂၀၁၅ ခုနစ်တွင် ပြည့်စုံရမည့်အခြေအနေမှ ဝေးနေသေးဖွယ်ရှိပါသည်။ ASEAN နှင့် AMS အရာရှိများသည် အမှန်တကယ်ပေါင်းစည်းမည့် အာဆီယံစီးပွားရေးအသိုက်အဝန်း တစ်ခုဖြစ်ပေါ်လာစေရန် ဆက်လက်တိုက်တွန်း လှုံ့ဆော်ရာတွင် AEC ၂၀၁၅ကို အရေးပါသော သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ကောင်းစွာသိမြင်ကြပါသည်။ အာဆီယံသို့ အမေရိကန်သံအမတ်ကြီး၏ ပေါင်းရုံးသုံးသပ်ချက်အရ AEC နှင့် စပ်လျဉ်း၍ မည်သည့်ကိစ္စရပ်မဆို AEC ၂၀၁၅ ချည်းသက်သက်သာမဟုတ်။ Ambition နှင့် momentum လည်း ပါဝင်ပါသည်။ အာဆီယံ ခေါင်းဆောင်များသည် အာဆီယံစီးပွားရေးအသိုက်အဝန်း၊ ပရောဂျက် (AEC project) ကို ကျောထောက်နောက်ခံပြုထားသော Ambition နှင့် Vision တို့ကို တစ်သားတည်းပေါင်းစည်းထားကြပါသည်။ အာဆီယံအတွက် စိန်ခေါ်မှုမှာ ရရှိထားသော အဟုန်ကို ဆက်လက်ထိန်းသိမ်း တွန်းအားပေးရန် ၂၀၁၅ အလွန်တွင် အရှေ့အာရှရှိကျန်သော နိုင်ငံများနှင့် ကမ္ဘာကို နက်ရှိုင်းစွာ ဆက်စပ်ပေးသည့် ဘက်ပေါင်းစုံမှ ပေါင်းစည်းထားသော ယှဉ်ပြိုင်မှုမြင့်မားသော ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကြံ့ကြံ့ခံနိုင်သောဒေသတစ်ခုဖြစ်လာစေရေးကို ဦးတည်၍ ဆောင်ရွက်ရန်ဖြစ်ပါသည်။

## ဇယား ၁ - သတ်မှတ်ထားသော ဝင်ငွေ အတိုင်းအတာအတွင်း နေထိုင်ကြသော လူဦးရေ (METI အဓိပ္ပာယ်ဖွင့်ဆိုချက်အရ တွက်ချက်ထားသော လူဦးရေသန်းပေါင်း)

| IncomeClass | USDPerday percapita | | Cambodia | | | China | | | India | | | Indonesia | | | LaoPDR | | | Malaysia | | | Philippines | | | Thailand | | | Vietnam | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | 1994 | 2004 | 2009 | 1990 | 2005 | 2009 | 1993.5 | 2004.5 | 2009.5 | 1990 | 2005 | 2010 | 1992.2 | 2002.2 | 2008 | 1992 | 2004 | 2009 | 1991 | 2006 | 2009 | 1990 | 2006 | 2010 | 1992.7 | 2006 | 2008 |
| Poor | <1.25 | 4.8 | 5.0 | 2.6 | 683.2 | 211.9 | 157.1 | 458.5 | 467.6 | 394.7 | 100.0 | 48.7 | 43.3 | 2.5 | 2.4 | 2.0 | 0.3 | 0.1 | | 19.4 | 19.7 | 16.9 | 6.6 | 0.7 | 0.3 | 43.6 | 17.8 | 14.3 | 3.23 |
| LowIncome | 1.25<x<4 | 5.4 | 7.0 | 9.5 | 429.7 | 718.6 | 615.1 | 443.5 | 603.9 | 737.7 | 80.0 | 152.4 | 156.7 | 1.9 | 2.9 | 3.5 | 6.6 | 8.8 | 5.0 | 33.7 | 46.8 | 52.1 | 34.6 | 26.2 | 22.8 | 22.9 | 53.1 | 56.4 | |
| Middle Class | 4<x<30 | 0.6 | 1.2 | 1.9 | 22.2 | 371.2 | 550.4 | 26.1 | 51.2 | 74.6 | 4.4 | 25.9 | 39.8 | 0.1 | 0.2 | 0.4 | 11.7 | 16.4 | 20.6 | 10.0 | 20.6 | 22.6 | 15.6 | 39.4 | 45.1 | 2.0 | 12.4 | 14.4 | 3.4 |
| UpperIncome | >30 | 0.0 | 0.0 | 0.0 | 0.1 | 2.1 | 8.8 | 0.1 | 0.2 | 0.7 | 0.0 | 0.3 | 0.0 | 0.0 | 0.0 | 0.0 | 0.6 | 0.2 | 2.3 | 0.1 | 0.0 | 0.1 | 0.3 | 1.0 | 1.0 | 0.0 | 0.0 | 0.0 | 2.8 |
| Total | | 10.9 | 13.2 | 14.0 | 1135.2 | 1303.7 | 1331.4 | 928.2 | 1123.0 | 1207.7 | 184.4 | 227.3 | 239.9 | 4.4 | 5.5 | 6.0 | 19.2 | 25.6 | 27.9 | 63.2 | 87.1 | 91.7 | 57.1 | 67.3 | 69.1 | 68.5 | 83.3 | 85.1 | 2.01 |

## စုစုပေါင်း လူဦးရေ ရာခိုင်နှုန်းဖြင့်

| IncomeClass | USDPerday percapita | | Cambodia | | | China | | | India | | | Indonesia | | | LaoPDR | | | Malaysia | | | Philippines | | | Thailand | | | Vietnam | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | 1994 | 2004 | 2009 | 1990 | 2005 | 2009 | 1993.5 | 2004.5 | 2009.5 | 1990 | 2005 | 2010 | 1992.2 | 2002.2 | 2008 | 1992 | 2004 | 2009 | 1991 | 2006 | 2009 | 1990 | 2006 | 2010 | 1992.7 | 2006 | 2008 |
| Poor | <1.25 | | 44.5 | 37.7 | 18.6 | 60.2 | 16.3 | 11.8 | 49.4 | 41.6 | 32.7 | 54.3 | 21.4 | 18.1 | 55.7 | 44.0 | 33.9 | 1.6 | 0.5 | 0.0 | 30.7 | 22.6 | 18.4 | 11.6 | 1.0 | 0.4 | 63.7 | 21.4 | 16.9 |
| LowIncome | 1.25<x<4 | | 50.0 | 53.0 | 67.8 | 37.9 | 55.1 | 46.2 | 47.8 | 53.8 | 61.1 | 43.4 | 67.0 | 65.3 | 41.8 | 51.9 | 58.6 | 34.2 | 34.5 | 17.9 | 53.4 | 53.7 | 56.8 | 60.6 | 38.9 | 33.0 | 33.4 | 63.7 | 66.3 |
| Middle Class | 4<x<30 | | 5.5 | 9.2 | 13.5 | 2.0 | 28.5 | 41.3 | 2.8 | 4.6 | 6.2 | 2.4 | 11.4 | 16.6 | 2.5 | 4.2 | 7.4 | 61.0 | 64.1 | 73.8 | 15.8 | 23.7 | 24.7 | 27.3 | 58.6 | 65.3 | 2.9 | 14.9 | 16.9 |
| UpperIncome | >30 | | 0.0 | 0.1 | 0.1 | 0.0 | 0.2 | 0.7 | 0.0 | 0.0 | 0.1 | 0.0 | 0.1 | 0.0 | 0.0 | 0.0 | 0.1 | 3.2 | 0.9 | 8.3 | 0.1 | 0.0 | 0.2 | 0.5 | 1.6 | 1.4 | 0.0 | 0.0 | 0.0 |
| Total | | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 2.01 |

ရင်းမြစ် - PovcalNet:the online tool for poverty measurement developed by the Development Research Group of the World Bank (http://iresearch.worldbank.org/PovcalNet/index.htm?0

## ဇယား(၂)- သတ်မှတ်ထားသော ဂင်ငွေအတိုင်းအတာ၊ အတန်းအစားအတွင်း နေထိုင်ကြသော လူဦးရေ (လူဦးရေသန်းပေါင်း)

| Income Class | USDPerday percapita | Cambodia | | | China | | | India | | | Indonesia | | | LaoPDR | | | Malaysia | | | Philippines | | | Thailand | | | Vietnam | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | 1994 | 2004 | 2009 | 1990 | 2005 | 2009 | 1993.5 | 2004.5 | 2009.5 | 1990 | 2005 | 2010 | 1992.2 | 2002.2 | 2008 | 1992 | 2004 | 2009 | 1991 | 2006 | 2009 | 1990 | 2006 | 2010 | 1992.7 | 2006 | 2008 |
| Poor | <1.25 | 4.8 | 5.0 | 2.6 | 683.2 | 211.9 | 157.1 | 458.5 | 467.6 | 394.7 | 100.0 | 48.7 | 43.3 | 2.5 | 2.4 | 2.0 | 0.3 | 0.1 | N/A | 19.4 | 19.7 | 16.9 | 6.6 | 0.7 | 0.3 | 43.6 | 17.8 | 14.3 |
| LowIncome | 1.25<x<2 | 3.3 | 3.7 | 4.3 | 277.7 | 269.7 | 205.2 | 300.1 | 381.6 | 435.8 | 55.9 | 73.6 | 67.3 | 1.3 | 1.8 | 1.9 | 1.8 | 1.9 | 0.6 | 15.6 | 19.5 | 21.2 | 14.6 | 4.5 | 2.5 | 15.0 | 22.2 | 22.6 |
| | 2<x<3 | 1.6 | 2.3 | 3.5 | 119.5 | 276.9 | 234.2 | 113.0 | 170.6 | 228.6 | 18.7 | 56.1 | 59.3 | 0.4 | 0.8 | 1.2 | 2.5 | 3.5 | 2.2 | 12.0 | 17.1 | 19.3 | 13.0 | 11.0 | 8.9 | 5.9 | 20.6 | 22.2 |
| Middle Class | 3<x<12 | 1.1 | 2.1 | 3.4 | 54.0 | 514.8 | 657.0 | 55.3 | 99.4 | 142.5 | 9.6 | 46.9 | 67.9 | 0.2 | 0.5 | 0.8 | 11.2 | 17.2 | 14.9 | 15.1 | 28.3 | 31.6 | 20.5 | 42.9 | 48.4 | 3.9 | 22.1 | 25.1 |
| UpperIncome | >12 0.0 | 0.1 | 0.2 | 0.8 | 30.4 | 77.9 | 1.3 | 3.8 | 6.2 | 0.1 | 2.0 | 2.0 | 0.0 | 0.0 | 0.0 | 3.4 | 3.0 | 10.2 | 1.1 | 2.5 | 2.8 | 2.5 | 8.2 | 9.1 | 0.0 | 0.6 | 0.9 | 2.8 |
| Total | | 10.9 | 13.2 | 14.0 | 1135.2 | 1303.7 | 1331.4 | 928.2 | 1123.0 | 1207.7 | 184.4 | 227.3 | 239.9 | 4.4 | 5.5 | 6.0 | 19.2 | 25.6 | 27.9 | 63.2 | 87.1 | 91.7 | 57.1 | 67.3 | 69.1 | 68.5 | 83.3 | 85.1 |

## စုစုပေါင်း လူဦးရေ ရာခိုင်နှုန်းဖြင့်

| Income Class | USDPerday percapita | Cambodia | | | China | | | India | | | Indonesia | | | LaoPDR | | | Malaysia | | | Philippines | | | Thailand | | | Vietnam | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | 1994 | 2004 | 2009 | 1990 | 2005 | 2009 | 1993.5 | 2004.5 | 2009.5 | 1990 | 2005 | 2010 | 1992.2 | 2002.2 | 2008 | 1992 | 2004 | 2009 | 1991 | 2006 | 2009 | 1990 | 2006 | 2010 | 1992.7 | 2006 | 2008 |
| Poor | <1.25 | 44.5 | 37.7 | 18.6 | 60.2 | 16.3 | 11.8 | 49.4 | 41.6 | 32.7 | 54.3 | 21.4 | 18.1 | 55.7 | 44.0 | 33.9 | 1.6 | 0.5 | N/A | 30.7 | 22.6 | 18.4 | 11.6 | 1.0 | 0.4 | 63.7 | 21.4 | 16.9 |
| LowIncome | 1.25<x<2 | 30.7 | 28.4 | 30.9 | 24.5 | 20.7 | 15.4 | 32.3 | 34.0 | 36.1 | 30.3 | 32.4 | 28.1 | 29.1 | 32.9 | 32.1 | 9.6 | 7.3 | 2.3 | 24.7 | 22.4 | 23.1 | 25.5 | 6.6 | 3.7 | 22.0 | 26.6 | 26.5 |
| | 2<x<3 | 14.3 | 17.4 | 25.3 | 10.5 | 21.2 | 17.6 | 12.2 | 15.2 | 18.9 | 10.2 | 24.7 | 24.7 | 9.9 | 14.6 | 19.4 | 12.8 | 13.5 | 7.9 | 19.0 | 19.6 | 21.0 | 22.7 | 16.4 | 12.8 | 8.6 | 24.7 | 26.1 |
| Middle Class | 3<x<12 | 10.0 | 15.6 | 24.0 | 4.8 | 39.5 | 49.4 | 6.0 | 8.8 | 11.8 | 5.2 | 20.7 | 28.3 | 5.2 | 8.4 | 14.0 | 58.4 | 67.1 | 53.3 | 23.9 | 32.5 | 34.4 | 35.9 | 63.8 | 70.0 | 5.6 | 26.5 | 29.4 |
| UpperIncome | >12 | 0.4 | 0.9 | 1.1 | 0.1 | 2.3 | 5.9 | 0.1 | 0.3 | 0.5 | 0.0 | 0.9 | 0.8 | 0.0 | 0.2 | 0.6 | 17.6 | 11.5 | 36.6 | 1.8 | 2.9 | 3.0 | 4.3 | 12.2 | 13.1 | 0.0 | 0.7 | 1.1 |
| Total | | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 |

ဇာစ်မြစ် - PovcalNet:the online tool for poverty measurement developed by the Development Research Group of the World Bank (http://iresearch.worldbank.org/PovcalNet/index.htm?0)

# အခန်း ၂(က)

# မျှော်မှန်းချက်နှင့် ရည်ညွှန်းရလဒ်များ

## ၂၀၁၅ အလွန် အာဆီယံမျှော်မှန်းချက်များ

၂၀၁၁ မေလ၊ ဂျာကာတာ တွင်ကျင်းပခဲ့သော (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ သမ္မတ H.E. Dr. Susilo Bambang Yudhoyono က "၂၀၁၅ အလွန် အာဆီယံမျှော်မှန်းချက်ပေါ် အောင်မြင်သောဆွေးနွေးချက် " နှင့်ပတ်သက်၍ ပထမဦးဆုံး စတင်ကြေငြာအသိပေးခဲ့သည်။ထိုအရေးသည် အာဆီယံအတွက် တစ်ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းအဖြစ် အာဆီယံအသိုက်အဝန်း၏ အခန်းကဏ္ဍပေါ်တွင် အရေးတကြီး ချက်ခြင်း ဆွေးနွေးသဘောတူရမည်ဖြစ်ကြောင်းနှင့် ၂၀၁၅ အာဆီယံအသိုက်အဝန်း ဖွဲ့စည်းပြီးနောက် အနာဂတ်စိန်ခေါ်မှုများကို ရင်ဆိုင်ရန် စိတ်ဓာတ်မြှင့်တင်ပေးသော အာဆီယံ၏ အခန်းကဏ္ဍကို ပြီးပြည့်စုံအောင် ပြင်ဆင်ထောက်ပံ့ပေးလိမ့်မည်ဟု ၎င်းကယုံကြည်ပါသည်။

(၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် သဘာပတိ၏ အဆိုအမိန့်မှာ " ယှဉ်ပြိုင်မှု၊ သာတူညီမျှမှု၊ အားလုံးအကျုံးဝင်မှု၊ အစိမ်းရောင် စဉ်ဆက်မပြတ် အရှိန်အဟုန်ကောင်းများနှင့်၂၀၁၅ အလွန် အာဆီယံမျှော်မှန်းချက် "ကို အလေးပေးဆွေးနွေးခဲ့ခြင်း ဖြစ်သည်။ ၂၀၁၁ နိုဝင်ဘာတွင် ဘာလီမြို့၌ ကျင်းပသော (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် သဘာပတိ၏ အဆိုအမိန့်မှာ "၂၀၁၅အလွန် အာဆီယံမျှော်မှန်းချက်အတွက် သာတူညီမျှဖွံ့ဖြိုးမှုသည် အဓိက အချက်တစ်ခုဖြစ်သည်" ဟု အသားပေး ပြောကြားခဲ့သည်။ ထိုအကြောင်းအရာကို The Government of Indonesia – ERIA – Harvard Symposium report တွင်" ၂၀၁၅ ဆီသို့ဦးတည်အာဆီယံအသိုက်အဝန်းနှင့် ၂၀၁၅အလွန် "နှင့်ပတ်သက်၍ ဆွေးနွေးပွဲ၌ အာဆီယံခေါင်းဆောင်များ၏ ကျေနပ်သဘောကျမှုရှိကြောင်း ပြခဲ့သည်။ "၎င်းဆွေးနွေးချက်သည် ၂၀၁၅ အလွန် အာဆီယံတစ်ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်မှု၊ ယှဉ်ပြိုင်မှု၊ တက်ကြွမှု၊ အားလုံးပါဝင်ပတ်သက်မှု၊ စဉ်ဆက်မပြတ်ရှိမှု စသော အကြံဉာဏ်ကောင်းများ ပေးစွမ်းသည်" ၂၀၁၃ ဧပြီ၊ Bandar Seri Begawan ၌ ကျင်းပသော (၂၂) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် သဘာပတိ၏ အဆိုအမိန့်မှာ " အမှန်အတိုင်း လက်တွေ့အကောင်အထည်ဖော်ခြင်း " " ပြည်သူဗဟိုပြု " " ၂၀၁၅ အလွန် အာဆီယံ မျှော်မှန်းချက်၏ အဓိကလိုအပ်ချက်သည် ASEAN ပင် ဖြစ်သည်။ " ပြည်သူဗဟိုပြု

အာဆီယံ၏ အနှစ်သာရသည် အာဆီယံအသိုက်အဝန်း တည်ဆောက်ရာတွင် ပြည်သူလူထု၏ အခန်း ကဏ္ဍကို အလေးပေးသော "တူညီစွာလုပ်ငန်းရှိ ဒို့အနာဂတ်ဆီ" ဟူသော ၂၀၁၃ အာဆီယံ ထိပ်သီးအစည်းအဝေး၏ အာဘော်မှ ကောက်နှုတ်ချက် ဖြစ်သည်။

၂၀၁၅ ခုနှစ်သို့ တဖြည်းဖြည်းနီးကပ်လာသောကြောင့် H.E. President Yudhoyono ၏ ၂၀၁၁ မေလစရီးစဉ်တွင် " ၂၀၁၅ အလွန် အာဆီယံမျှော်မှန်းချက်အတွက် လတ်တလော လိုအပ်ချက်ပေါ်တွင် အောင်မြင်သောဆွေးနွေးတိုင်ပင်မှု " နှင့်ပတ်သက်၍ အလေးဂရုပြုရန် လိုအပ်လာသည်။ (၁၈)ကြိမ်၊ (၁၉)ကြိမ် နှင့် (၂၂)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး ပွဲများအတွင်း သဘာပတိ၏အဆိုအမိန့်များသည် ကောင်းမွန်သောခြေလှမ်းစတစ်ခု ဖြစ်သည့် အားလျော်စွာ ပိုမိုရှင်းလင်းပီသသော ဆွေးနွေးနိုင်သော အာဆီယံအမြင်တစ်ခု လိုအပ်လာ သည်။ ထိုအမြင်သည် အာဆီယံမျှော်မှန်းချက်အတွက် လမ်းညွှန်မြေပုံများကို အထောက် အကူပြုလမ်းညွှန်ရန်အလို့ငှာ၂၀၀၉-၂၀၁၅ အာဆီယံအသိုက်အဝန်း လက်ရှိလမ်းညွှန်မြေပုံ သက်တမ်းစေ့ပြီးနောက် ရှေ့ဆက်ရမည့် ၂၀၁၅ လွန်အတွက် ASEAN သည် အသေးစိတ် နည်းလမ်းနှင့် ပိုမိုကျွမ်းကျင်စွာ ဖန်တီးလုပ်ဆောင်ရန် လိုအပ်သည်။

၂၀၁၅ ခုနှစ်သည် အလွန်နီးကပ်စွာရှိနေပြီး လက်ရှိအဓိကဖြစ်နေရခြင်းမှာ ၁၉၉၇ အာဆီယံ ၂၀၂၀ မျှော်မှန်းချက်ကို ပြန်လည်ရည်ညွှန်းပြောဆိုသောကြောင့် ဖြစ်ပါသည်။ လတ်တလော စိန်ခေါ်မှုတစ်ရပ်သည် မူဘောင်ပြန်လည်သတ်မှတ်ရန်၊ ခေတ်နှင့်အညီ ပြန်လည်ပြင်ဆင် မွမ်းမံရန်၊ အနာဂတ်ဆောင်ရွက်ရမည့် မျှော်မှန်းချက်များနှင့် ၂၀၁၅အလွန် အာဆီယံအတွက် အာဆီယံခေါင်းဆောင်များ ပိုမိုအလေးပေးထည့်သွင်းဖော်ပြခဲ့သော ရှုထောင့်အမြင်သစ်များ ဖြစ်သည့်လက်ရှိလေ့လာမှုများ၊ ဆန်းစစ်ချက်များနှင့် မရှိမဖြစ် ထည့်သွင်းစဉ်းစားရမည့်အရာ များပင် ဖြစ်ပါသည်။ ရှေ့တွင်ဖော်ပြခဲ့သော သဘာပတိ၏ အဆိုအမိန့်များသည် စံနမူနာပြ အချက်များပင် ဖြစ်ပါသည်။

## *၁၉၉၇ အာဆီယံ ၂၀၂၀ မျှော်မှန်းချက်*

၁၉၉၇ ၊ ဒီဇင်ဘာ (၁၅) ကွာလာလမ်ပူတွင် ပြုလုပ်သော အာဆီယံခေါင်းဆောင်များ အစည်း အဝေးက လက်ခံခဲ့သော ၂၀၂၀ အာဆီယံမျှော်မှန်းချက်သည် ဘဏ္ဍာရေးနှင့် စီးပွားရေးအကြပ် အတည်းဖြစ်နေစဉ်အတွင်း ချမှတ်ခဲ့သော ရည်မှန်းချက်နှင့် မျှော်မှန်းချက် ဖြစ်သောကြောင့် မဖြစ်မနေလုပ်ဆောင်ရမည့်အရာအဖြစ် ရှေ့ဆက်ရှိနေသည်။ ၁၉၉၇ အာဆီယံ ၂၀၂၀ မျှော်မှန်းချက် အခြေခံသဘောထားအမြင်မှာ အောက်ပါအတိုင်းဖြစ်သည်။

*"ASEAN သည် အရှေ့တောင်အာရှနိုင်ငံများ အဖွဲ့ တစ်ခုအဖြစ်လည်းကောင်း၊ ပြင်ပနိုင်ငံများ နှင့် မျှော်ချင့်ဆက်ဆံခြင်းဖြင့်လည်းကောင်း၊ တည်ငြိမ်အေးချမ်းပြီး ကြီးပွားချမ်းသာစွာနေထိုင် ခြင်းဖြင့်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်မှုတွင် တွဲလက်မဖြုတ် အကျိုးတူပူးပေါင်းဆောင်ရွက် ခြင်းနှင့် ကာကွယ်စောင့်ရှောက်ပေးသော အာဆီယံသိုက်အဝန်းအဖြစ်လည်းကောင်း တည် ရှိနေသည်။"*

လုပ်ရှားတက်ကြွသော အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုအပိုင်းတွင် ASEAN ခေါင်းဆောင်များ ပြောဆိုခဲ့သည်မှာ -

*"ကျွန်ုပ်တို့သည် ပိုမိုစည်းလုံးညီညွတ်စွာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်၊ အဖွဲ့ဝင် နိုင်ငံများအတွင်း ဖွံ့ဖြိုးမှုအဆင့်ကွာဟချက် နည်းပါးအောင်ဆောင်ရွက်ရန်၊ မျှတပြီးလွတ်လပ် သော နိုင်ငံတကာကုန်သွယ်ရေးစနစ်တစ်ခု ဖြစ်တည်လာစေရန်နှင့် ကမ္ဘာတဝှမ်း ယှဉ်ပြိုင်မှု ကောင်း ရရှိနေစေရန် ဦးတည်မည်ဟု ကျွန်ုပ်တို့ကိုယ်တိုင် ကတိပြုပါသည်။*

*ကျွန်ုပ်တို့သည် ကုန်စည်နှင့် ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာစီးဆင်းမှုရှိသော၊ ပိုမိုလွတ်လပ်သော အရင်းအနှီးစီးဆင်းမှုရှိသော၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ညီမျှသော၊ ဆင်းရဲမွဲတေမှုနှင့် လူမှုစီးပွားကွာဟချက်များ လျော့နည်းသော၊ တည်ငြိမ်ကြီးပွားတိုးတက်ပြီး ယှဉ်ပြိုင်မှုအားကောင်းသော ASEAN Economic Region တစ်ခုဖန်တီးအံ့။ " (P.3)*

ကျန်ရှိသော Section တွင် အထက်ဖော်ပြပါ ထုတ်ဖော်ပြောပြချက်များ၏ ပိုမိုတိကျသော အကြောင်းအရာများကို အသေးစိတ် ဖော်ပြထားပါသည်။ ဖော်ပြပါ ရည်ညွှန်းဖော်ပြချက် များနှင့် တစ်ဆက်တည်း ဆောင်ရွက်ချက်များသည် AEC Buleprint 2009 -2015 ၏ အနှစ်သာရနှင့် အဓိကအစိတ်အပိုင်းများကို အနှစ်ချုပ် ဖော်ပြထားခြင်းဖြစ်ပါသည်။

၁၉၉၇ ASEAN ၂၀၂၀ မျှော်မှန်းချက်၏ အခန်းကဏ္ဍဖြစ်သော " a community of caring societies " သည်အမြင်ကျယ်သော အရွေ့ဖွံ့ဖြိုးတိုးတက်မှုနှင့် လေးနက်သောအကျိုးတူ ပူးပေါင်းမှုဆိုင်ရာ အရွေ့ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပါသည်။ ထိုအချက်သည် ASEAN ၂၀၂၀ မျှော်မှန်းချက်၏ အရေးကြီးဆုံးအပိုင်းဖြစ်ပြီး " a community of caring societies " ကဏ္ဍတွင်ပါဝင်သော အာဆီယံခေါင်းဆောင်များ၏ အလေးပေးထုတ်ဖော်ပြော ကြားချက်များမှာ -

*"အားလုံးသော လူသားအပေါင်းတို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူတိုင်းအတွက် သာတူညီမျှ အခွင့်အရေးများ ခံစားရရှိနိုင်သော ထက်မြက်ပြီးပွင့်လင်းသော လူ့အဖွဲ့အစည်းများကို ကျွန်ုပ်တို့ နားလည်ပါတယ်"*

*"ဆာလောင်မွတ်သိပ်မှု၊ အာဟာရချို့တဲ့မှု၊ ဆင်းရဲခြင်းနှင့် မွဲတေမှု စသည်တို့သည် ရေရှည် အခြေခံပြဿနာများ မဖြစ်ရေးအတွက် လူမှုရေးအရ စည်းလုံးညီညွတ်ပြီး စောင့်ရှောက်မှု ပေးသော ASEAN တစ်ရပ်ဖြစ်ပေါ်လာရေးကို ကျွန်ုပ်တို့စိတ်ကူးမြင်ယောင်ပါတယ် "အောက်တစ်ပိုဒ်မှစ၍ယူမည်)*

*"နည်းပညာပိုင်းဆိုင်ရာ အရည်အသွေးပြည့် လေ့ကျင့်ပျိုးထောင်ထားသော လုပ်သားအင်အားစု အလုံအလောက်နှင့်အတူ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အဖွဲ့အစည်းများ၊ အရည်အချင်း ထူးချွန်ဗဟိုဌာနများ၏ ကွန်ယက်ချိတ်ဆက် အားကောင်းမှုနှင့်အတူ၊ နည်းပညာဆိုင်ရာယှဉ် ပြိုင်မှုရှိသော အာဆီယံတစ်ခုဖြစ်ပေါ်လာရေးကို ကျွန်ုပ်တို့စိတ်ကူး မြင်ယောင်ပါသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အပြည့်အဝသတ်မှတ်ပြဋ္ဌာန်းထားသော လုပ်ထုံး ယန္တရားများ(mechanisms) နှင့်အတူ သန့်ရှင်းပြီး စိမ်းလန်းသော အာဆီယံတစ်ခု ဖြစ်ပေါ် လာရန် ကျွန်ုပ်တို့စိတ်ကူး မြင်ယောင်ပါသည်"*

*"သဘောတူညီမှုနှင့်အတူ ပြည်သူများပိုမိုပူးပေါင်းပါဝင်လာအောင် အုပ်ချုပ်သော နိုင်ငံများ အဖြစ် ကျွန်ုပ်တို့ စိတ်ကူးမြင်ယောင်မိပါသည်"*

*" လာမည့်ရာစုနှစ်တွင် တွေ့ကြုံရမည့်စိန်ခေါ်မှုများကို တုံ့ပြန်နိုင်ပြီး မျှော်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်နိုင်စွမ်းရှိသော အာဆီယံဖြစ်လာရန် အာဆီယံအဖွဲ့အစည်းများနှင့် လုပ်ထုံးလုပ်နည်းများ ဖွံ့ဖြိုးပြီး အားကောင်းလာစေရန် ကျွန်ုပ်တို့ဆုံးဖြတ်ဖြေရှင်းသွားမည်။ ထို့အပြင် ကျွန်ုပ်တို့၏မျှော်မှန်းချက်ကို အမှန်တကယ် လက်တွေ့အကောင်အထည်ဖော် ဆောင်မှုတွင် ပံ့ပိုးပေးရန်ဟူသော ကဏ္ဍနှင့်အတူ ခိုင်မာအားကောင်းသော အာဆီယံအတွင်း ရေးမှူးချုပ်ရုံးတစ်ခု လိုအပ်မှုကို ကျွန်ုပ်တို့မြင်ယောင်မိပါသည်။ "(စာမျက်နှာ ၅)*

"ပြင်ပရှုမျှော်အာဆီယံ(Outward – Looking ASEAN) " အပိုင်းကဏ္ဍနှင့်ပတ်သက်၍ အာဆီယံခေါင်းဆောင်များ ထုတ်ဖော်ပြောပြခဲ့သည်မှာ -

*"ပြင်ပရှုမျှော်အာဆီယံက နိုင်ငံတကာစင်မြင့်များတွင် အဓိကအခန်းကဏ္ဍမှပါဝင်နေပြီး၊ အာဆီယံ၏ ဘုံအာရုံစူးစိုက်မှုကို မြှင့်ပေးနေသည်ဟု ကျွန်ုပ်တို့မြင်ပါတယ်" (စာမျက်နာ ၅)*

ဘာလီသဘောတူညီချက် (၃) (The Bali Concord III) - ၂၀၁၁ နိုဝင်ဘာ (၁၇)ရက်နေ့တွင် ဘာလီ၌ ကျင်းပခဲ့သော အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက နိုင်ငံများ၏ ကမ္ဘာလုံးဆိုင်ရာအသိုင်းအဝိုင်းတွင် အာဆီယံအသိုက်အဝန်းပေါ် ဘာလီကြေငြာချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ပြင်ပရှုမျှော်အာဆီယံက နိုင်ငံတကာစင်မြင့်များထက်တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေပြီး အာဆီယံ ဘုံစိတ်ဝင်စားမှုကို မြှင့်တင်ပေးသည်ဟု အပြည့်အဝဖော်ပြပေးခဲ့သည်။ [ဘာလီ သဘောတူညီချက် (၃) -စာမျက်နာ ၃]

*"အများကဘုံအာရုံစိုက်မှုရှိသော တစ်ကမ္ဘာလုံးဆိုင်ရာပြဿနာအမျိုးမျိုးပေါ်တွင် အာဆီယံ၏အမြင်မျှဝေခြင်းနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတို့သည် အာဆီယံအသိုက်အဝန်း တစ်ခုတည်ဆောက်ရန် ကြိုးပမ်းချက်နှင့် အားကောင်းသောအသိုက်အဝန်းတစ်ခု ဖြစ်လာစေရန် အာဆီယံအချက်အချာကျမှုနှင့် ဒေသတွင်းစီမံဖန်တီးမှုပုံစံတွင် အာဆီယံ၏ အခန်းကဏ္ဍကို တိုးမြှင့်ထိန်းသိမ်းသွားရန်ဟူသော ကြိုးပမ်းချက်များကို ထပ်လောင်းဖြည့်စွက်ပေးကြောင်းတို့ဖြစ်ပါသည်။" [ဘာလီသဘောတူညီချက်(၃)-စာမျက်နာ၁၃]*

ဘုံအာရုံစိုက်မှုနှင့် ဘုံသက်ဆိုင်မှုနယ်ပယ်ဆိုင်ရာကဏ္ဍတွင် (က) နိုင်ငံရေးအရ လုံခြုံရေး ပူးပေါင်းဆောင်ရွက်ခြင်း ၊ အထူးသဖြင့် ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့်အတူ နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှု (ခ) စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ခြင်း၊ အထူးသဖြင့် စီးပွားရေးအရ ပေါင်းစည်းမှု၊ စီးပွားရေးတည်ငြိမ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (ဂ) လူမှုရေးနှင့်ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ခြင်းတွင် အထူးသဖြင့် ဘေးဒုက္ခဆိုင်ရာစီမံခန့်ခွဲမှု၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု၊ ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှု၊ ကျန်းမာရေး၊ သိပ္ပံနှင့် နည်းပညာ၊ ပညာရေး၊ လူသားအရင်းအမြစ်များ၊ ယဉ်ကျေးမှုနှင့် လူ့ဘဝအရည်သွေးကောင်းတို့ အကျုံးဝင်သည်။

၁၉၉၇ ခုနှစ်တွင် အာဆီယံခေါင်းဆောင်များဖော်ပြခဲ့သော အဆိုအမိန့်များ ဖြစ်သော်ငြားလည်း အာဆီယံ၏အနာဂတ်အတွက် အလွန်ဆီလျော်အဓိကကျပြီး ယနေ့အထိ အရေးကြီးအရာများအဖြစ် ကျန်ရစ်နေသည်။ မည်သို့ပင်ဆိုစေ၊ AEC ၏ အလုပ်များစွာနှင့် အခြေပြု

ဆောင်ရွက်ချက်များနှင့်အတူ အတိတ်ဆယ်စုနှစ်ကာလ အာဆီယံထိပ်သီး အစည်းအဝေးများတွင် ပြောကြားသော သဘာပတိအဆိုအမိန့်များသည် ၁၉၉၇ ခုနှစ်တွင် အာဆီယံခေါင်းဆောင်များချမှတ်ခဲ့သော မျှော်မှန်းချက်ကို အားမြှင့်စေပြီး လက်တွေ့အကောင်ထည်ဖော်လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ထို့အပြင် ဘာလီသဘောတူညီချက် (၃)သည် အာဆီယံ ၂၀၂၀ မျှော်မှန်းချက်ကို အားဖြည့်စေပြီး၊ အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးနှင့် ဒေသတွင်းစီမံဖန်တီးမှုပုံစံ ပြောင်းလဲဖြစ်ပေါ် နေခြင်းတွင် အချက်အချာကျရေးတို့တွင် တစ်ကမ္ဘာလုံးဆိုင်ရာပြဿနာများအတွက် အာဆီယံဘုံစင်္ကြံ (ASEAN Common Platform) ပြီး အောက်ပါအချက်များဖြင့် သတ်မှတ်ဖော်ပြရန် လိုအပ်လာပါသည်။

- နိုင်ငံတကာစင်မြင့်များတွင် အာဆီယံ၏တူညီသော သဘောထားအမြင်ကို ပိုမိုကောင်းမွန်စေမည့် အာဆီယံ၏ဝေမျှ ကမ္ဘာလုံးဆိုင်ရာအမြင်ပေါ်တွင် အခြေခံ၍ ပူးပေါင်းဆောင်ရွက်သော ပိုမိုစည်းလုံးသော၊ ဘုံအာရုံစိုက်မှုနှင့် ဘုံလုပ်ငန်းဆိုင်ရာ ပြဿနာများကိုပိုမိုညှိနှိုင်းပြီးပိုမိုကြောင်းကျိုးညီညွတ်သောအာဆီယံရပ်တည်မှုပြုခြင်း။

- အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ယင်းတို့၏ပြည်သူများကို အကျိုးဖြစ်ထွန်းစေမည့် ဘုံအာရုံစိုက်မှုနှင့် ဘုံလုပ်ငန်းဆိုင်ရာ သော့ချက်ကျသော ကမ္ဘာလုံးဆိုင်ရာပြဿနာများကို ဖြည့်ဆည်းပံ့ပိုးပေးရန်နှင့် တုံ့ပြန်ရန် အာဆီယံစွမ်းအားတိုးမြှင့်ခြင်း။

- အာဆီယံကို အဓိကထားသော အာဆီယံအသိုက်အဝန်း ပိုမိုအားကောင်းလာခြင်း။

*အာဆီယံမျှော်မှန်းချက်နှင့် ၂၀၁၅အလွန် AEC: ၂၀၁၅ လွန် အာဆီယံမျှော်မှန်းချက်။*

၁၉၉၇ အာဆီယံ ၂၀၂၀ မျှော်မှန်းချက်မှအချက်များစွာကို အဓိကအနေဖြင့်ဆက်လက်မှတ်ယူပြီး၂၀၁၅ အလွန်အာဆီယံနှင့် AEC ဆီသို့ဆက်လက်ချီတက်ရာတွင်၂၀၁၃မျှော်မှန်းချက်သည် ၁၉၉၇ခုနှစ် အာဆီယံခေါင်းဆောင်များ မျှော်မှန်းချက်ကို အခြေခံအားဖြင့် ပြန်လည်မဆုတ်မနစ်ဆောင်ရွက်ခြင်းဖြစ်သည်။ စိန်ခေါ်မှုမှာ ပိုမိုလေးနက်သော ရှုထောင့်အမြင်များ၊ လက်တွေတွင် အမှန်တကယ်ဖြစ်ပေါ်နေမှုအမျိုးမျိုး၊ ပြောင်းလဲနေသောအခြေအနေများ၊ ပတ်ဝန်းကျင်များနှင့် ဒေသအတွင်းရင်ဆိုင်နေရသော စိန်ခေါ်မှုအသစ်များကို သတိပြုမိစေရန်၊ မျှော်မှန်းချက်ကို ပြန်လည်မွမ်းမံရန်၊ ပြန်လည်ဘောင်ဝင်စေရန်၊ ပိုမိုလေးနက်စေရန်၊ ခေတ်နှင့်အညီ ဖြစ်စေရန်နှင့် ချဲ့ထွင်ရန်တို့ဖြစ်သည်။

အကွက်(က) တွင် ၂၀၁၅ လွန် အာဆီယံအဆိုပြုမျှော်မှန်းချက် အထူးသဖြင့် ၂၀၁၅/၂၀၃၀ အာဆီယံမျှော်မှန်းချက်ကို ဖော်ပြထားပါသည်။ ၂၀၁၅ အလွန် အဆိုပြုအာဆီယံမျှော်မှန်းချက်သည် စီးပွားရေးနယ်ပယ် (economic sphere)ကို ချိန်မှတ်ထားပြီး အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးတွင် လိုအပ်သောလူမှုရေး-နိုင်ငံရေးနှင့် အခြားစီးပွားရေးမဟုတ်သော နယ်ပယ်အတော်များများကို မခြုံငုံမိပေ။ ထို့ကြောင့် အာဆီယံအတွက် ပြီးပြည့်စုံပြီး ဘက်စုံလွှမ်းခြုံသော မျှော်မှန်းချက်တစ်ခု ဖြစ်လာလိမ့်မည် မဟုတ်ပေ။

## အကွက်(က) - အားလုံးအကျုံးဝင်သော၊ ခိုင်မာပြီးအလိုက်သင့်ရှိသော၊ စဉ်ဆက်မပြတ်သော ပြည်သူ့ဗဟိုပြု အာဆီယံအသိုက်အဝန်း

*၂၀၁၅ အလွန် အာဆီယံသည် ဆင်းရဲနွမ်းပါးမှု၊ ပညာမတတ်မြောက်မှုနှင့် အာဟာရချို့တဲ့မှု တို့သည် ရေရှည်အခြေခံပြဿနာများမဖြစ်စေရန် ပွင့်လင်းပြီးထက်မြက်သော၊ အားလုံး အကျုံးဝင်သော၊ ကြံ့ခိုင်သော၊ စိမ်းလန်းပြီး စဉ်ဆက်မပြတ်သော၊ ပါဝင်လုပ်ဆောင်စွမ်းရှိသော လူ့အဖွဲ့အစည်းများ နှင့်စုစည်းထားသော အသိုက်အဝန်း တစ်ခုဖြစ်သည်။*

*၂၀၁၅ အလွန် အာဆီယံသည် ထက်မြက်ပြီး ပွင့်လင်းသော လူ့အဖွဲ့အစည်းများ၏ အသိုက် အဝန်းတစ်ခုဖြစ်ပြီး ဒေသ၏သမိုင်းကြောင်းကိုလည်း ကောင်းစွာသိမြင်နားလည်သော၊ ဒေသ တွင်း မတူညီကွဲပြားခြားနားချက်များကို နွေးထွေးပျူငှာစွာ ကမ်းလင့်ကြိုဆိုလက်ခံပြီး ခိုင်မြဲ စွာချည်နှောင်ထားသော တစ်သားတည်းကျ ဘုံဒေသကြီးတစ်ခုလည်း ဖြစ်ပါသည်။*

*၂၀၁၅အလွန် အာဆီယံသည်အားလုံးကျုံးဝင်ပြီး သာတူညီမျှဖွံ့ဖြိုးတိုးတက်မှုဆိုသည့် အချက်ကို တာဝန်ခံထားသော၊ အဖွဲ့အစည်းတစ်ခုဖြစ်ခြင်းကြောင့် ပြည်သူလူထုအားလုံး သည် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုအစုစုအတွက် ညီမျှသောအခွင့်အလမ်းများ ရရှိခံစား နိုင်ခြင်းနှင့် ဗဟိုအချက်အချာကျသောဒေသနှင့် အစွန်အဖျားကျသောဒေသတို့အကြား ဖွံ့ဖြိုးမှုကွာဟချက်များ၊ ကျေးလက်နှင့်မြို့ပြ ကွာဟချက်များ၊ ဆင်းရဲချမ်းသာ ကွာဟချက်များ သိသိသာသာနည်းသွားစေမည်။ အားလုံးအကျုံးဝင်သည့် အာဆီယံသည် အလယ်အလတ် လူတန်းစားများ ထပ်လောင်းတိုးပွားလာမှုနှင့်အတူ ဒေသတွင်းစီးပွားရေးတိုးတက်မှု မထိခိုက်ပဲ ခိုင်ခံ့လာသည်။*

## သန်မာပြီး ပြင်ပရှုမျှော်ကမ္ဘာ့အနံ့ဆောင်ရွက်သောအာဆီယံ

*အာဆီယံအတွင်းရေးမှူးချုပ်ရုံး အပါအဝင် အာဆီယံ၏အဖွဲ့အစည်းများကို ပေါင်းစည်းသော၊ ယှဉ်ပြိုင်မှုမြင့်မားသော ရွေ့လျားနေသော၊ အားလုံးအကျုံးဝင်သော၊ စဉ်ဆက် မပြတ်သော၊ ကြံ့ခိုင်သော ၊*

*ပြည်သူလူထု ဗဟိုပြုအသိုက်အဝန်းတစ်ခုဖြစ်လာရေး မျှော်မှန်း ချက်ကို အာဆီယံအနေဖြင့် တတ်စွမ်းနိုင်စေမည့် လုပ်ထုံးယန္တရားများ အားကောင်းလာစေရန် AMS များက ကြိုးပမ်းသည်။*

*အာဆီယံအသိုက်အဝန်းသည် နိုင်ငံများ၏ကမ္ဘာလုံးဆိုင်ရာအသိုက်အဝန်း (global community of nations) တွင် အလွန်အရေးပါသော အခန်းကဏ္ဍတစ်ခုမှ ဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံသည် အရှေ့အာရှဒေသတွင်ပိုမို လေးနက်သော ဒေသဆိုင်ရာပေါင်းစည်းမှု၏ အခရာလည်းဖြစ်သည်။ အာဆီယံသည် ကမ္ဘာတစ်ခုလုံးနှင့် အာရှ - ပစိဖိတ်ဒေသ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အစွန်းမရောက် ကြားနေရေး တို့အတွက် ထိရောက်သောတွန်းအားတစ်ခုလည်း ဖြစ်သည်။ လွတ်လပ်ပြီး မျှတသော နိုင်ငံတကာကုန်သွယ်ရေးစနစ်တစ်ခု ရှိနေစေရန်လည်း အာဆီယံမှ တက်တက်ကြွကြွပါဝင် ဆောင်ရွက်လျက် ရှိနေပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ယင်းတို့၏ပြည်သူများ အားလုံးကို အကျိုးဖြစ်ထွန်းစေသော ဘုံအာရုံစူးစိုက်မှုနှင့် ဘုံသက်ဆိုင်မှု၏ သော့ချက် ပြဿနာများကိုတုန့်ပြန်ရန် အပြည်ပြည်ဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများကို အာဆီယံအနေ ဖြင့် တက်တက်ကြွကြွ စည်းစည်းလုံးလုံးနှင့် ပူးပေါင်းဆောင်ရွက်နေပါသည်။ ငြိမ်းချမ်းရေးနှင့် ဝေမျှခံစား ကြီးပွားချမ်းသာရေးအတွက် စံနှုန်းများနှင့် ထိရောက်သော ပံ့ပိုးမှုများမှတဆင့် ကမ္ဘာတစ်ဝှမ်းသိအောင် အာဆီယံ၏ သဘောထားအသံကို မြှင့်တင်သွားမည်။*

## ဆန္ဒရှိသော ရလဒ်များ - ရည်ရွယ်ချက်မြင့်မား အာဆီယံ!

ဒေသတွင်းပေါင်းစည်းမှု၊ ပြုပြင်ပြောင်းလဲမှု၊ အဖွဲ့အစည်းတည်ထောင်မှုနှင့် ညှိနှိုင်းကြိုးပမ်း ဆောင်ရွက်မှုများ၊ ဆက်လက်သက်ဝင်လှုပ်ရှားနေစေရန်နှင့် စဉ်ဆက်မပြတ်စေရန် အလို့ငှာ အဓိပ္ပါယ်ရှိရှိ မြင့်မားသောရည်ညွှန်းရလဒ်များက ရွေ့လျားနေသော၊ ကြံ့ခိုင်သော၊ ပြည်သူ ဗဟိုပြုသော၊ အားလုံးအကျုံးဝင်သော၊ နက်ရှိုင်းစွာပေါင်းစည်းထားသော၊ အရှေ့တစ်ခု၏ ရည်မှန်းချက် ပြည့်ဝလာစေရန်၊ ကြံ့ခိုင်ပြီး ပြည်သူဗဟိုပြု၊ နက်ရှိုင်းစွာ ပေါင်းစည်းထားသည့် ကမ္ဘာတစ်ဝှမ်း အရေးပါသောအာဆီယံဖြစ်လာစေရန် အာဆီယံခေါင်းဆောင်များ၏ အဓွန့် ရှည်ခိုင်မြဲသော မျှော်မှန်းချက်နှင့်ရည်မှန်းချက်ကို ဖြည်းဆည်းပေးသည်။

ယင်း Integrative Report တွင် ၂၀၃၀ ခုနှစ်အထိနောင်လာမည့် ဆယ်စုနှစ်တစ်ခုခွဲအတွက် ရည်ညွှန်းရလဒ်များကို အဆိုပြုတင်ပြထားသည်။ အဆိုပါ ရည်ညွှန်းရလဒ်များကို အဓိက နယ်ပယ် (၃)ခု ခွဲထားပါသည်။ ဦးစွာပထမ အဆိုပြုရည်ညွှန်းရလဒ်များကို အကျဉ်းချုပ် ဖော်ပြထားသည်။ ထို့နောက်အဆိုပြု ရည်ညွှန်းရလဒ်များအတွက် အခြေခံအကြောင်း တရားကို အသေးစိတ် ဆွေးနွေးထားသည်။

၁။ ၂၀၃၀ ခုနှစ်တွင် စဉ်ဆက်မပြတ်မြင့်မား၍ အားလုံးအကျုံးဝင်သော တိုးတက်မှုကို ဖြစ်ပေါ်စေသော၊ အလွန်အမင်းဆင်းရဲနွမ်းပါးမှုကို ပပျောက်စေသော၊ ဒေသတွင်း အလယ်အလတ်အဆင့်လူတန်းစားက အများဆုံးဖြစ်လာသော၊ "အံဖွယ်အာဆီယံ" ။

ထို့ကြောင့် အောက်ဖော်ပြပါအချက်များသည် အကျိုးဆက်ရည်ညွှန်းရလဒ်များ ဖြစ်သည်။

- ၂၀၃၀ ခုနှစ် အာဆီယံတွင် အလွန်အမင်းဆင်းရဲနွမ်းပါးမှု (၂၀၀၅ ခုနှစ် ဈေးနှုန်းများအရ တစ်ဦးကျ တစ်နေ့တာအသက်ရှင်နေထိုင်ရပ်တည်မှုသည် $ 1.25 PPP အောက်နိမ့်သော အခြေအနေကိုဆိုလိုသည်)ကို ကင်းစင်ပပျောက်အောင်လုပ်မည်။ လိုလားအပ်သောရလဒ်တစ်ခုမှာ ၂၀၀၅ ခုနှစ် ဈေးနှုန်းများအရ $ 2 PPP အောက်နိမ့်သော လူတစ်ဦး တစ်နေ့တာအသက်ရှင်နေထိုင်ရပ်တည်မှု ရာခိုင်နှုန်းသည် ၂၀၁၀ တွင် ၄၂% ခန့်ရှိနေရာမှ ၂၀၃၀ တွင် ၁၂% ခန့်အထိ သိသိသာသာ လျော့ချသွား နိုင်ခြင်း ရှိမည်ဟူသောအကျိုးဆက် ရလဒ်ကောင်းတစ်ခုဖြစ်သည်။ ၂၀၃၀ အာဆီယံတွင် စာမတတ်သူပပျောက်ရေးနှင့် အလွန်အမင်းအာဟာရချို့တဲ့မှု ကင်းစင်ရေး စသည့် အရေးကိစ္စများနှင့် ပတ်သက်၍လည်း ဆောင်ရွက်မှုများရှိမည် ဖြစ်သည်။

- ၂၀၃၀ ရောက်သည်အထိ တစ်နှစ်လျှင် ပျမ်းမျှဝင်ငွေတိုးနှုန်းကို ၅.၂ နှင့် ၇.၃ ရာခိုင်နှုန်းအတွင်းရှိနေရန် ဝင်ငွေအနိမ့်နှင့် ဝင်ငွေအလယ်အလတ်တန်းအောက် အာဆီယံနိုင်ငံများ၏ တစ်ဦးကျဝင်ငွေ တိုးနှုန်းမြင့်မားလာမည့် ရလဒ်တစ်ခုဖြစ်သည်။ ထိုတိုးတက်နှုန်းများသည် ၂၀၂၅ - ၂၀၃၀ ကာလ အတောအတွင်း ဒေသတွင်း၌ အလွန်အမင်းဆင်းရဲနွမ်းပါးမှုကို လျော့ချရန်အတွက် လိုအပ်သော တိုးတက်မှုနှုန်းများပင် ဖြစ်ပါသည်။

- အာဆီယံအတွင်း ပိုမိုညီမျှသော တိုးတက်မှု ဖြစ်ထွန်းစေသည့်အပြင် အာဆီယံနိုင်ငံများ အချင်းချင်းအကြားတွင် ဖွံ့ဖြိုးမှုကွာဟချက်များနည်းလာပြီး အာဆီယံနိုင်ငံများအတွင်း တိုးတက်မှုပိုမိုညီမျှလာခြင်းကို inclusive growth ဟုဆိုခြင်းဖြစ်သည်။ ကျိုးကြောင်း ခိုင်လုံ ကောင်းမွန်သော indicative outcome သည် ၂၀၂၀ နှစ်များနောက်ပိုင်း မဟုတ်သော်မှ အစောပိုင်းကာလများတွင် ASM တစ်နိုင်ငံချင်းစီ အတွက် ၄၀အောက် ယေသော (၁၀၀ တွင် ၄၀၊ ၁၀၀ ဆိုလျှင် မညီမျှမှု အများဆုံး ဖြစ်သည်) Gini Index တစ်ခု ရရှိရန် ဖြစ်ပါသည်။ အခြားအရေးကြီးသော indicator မှာ ၂၀၃၀ ၌ AMS အားလုံးတို့တွင် လူလတ်တန်းစား ပိုမိုများပြားမြင့်တက်လာခြင်း ဖြစ်ပါသည်။

ဆိုလို သည်မှာ ၂၀၃၀ တွင် AMS အများစုတွင် လူဦးရေ၏ ၅၀% ကျော်သည် လူလတ်တန်းစား ဖြစ်သည်ဟု သတ်မှတ်သည်။

၂။ ယှဉ်ပြိုင်နိုင်စွမ်း၊ အရွေ့စွမ်းအားနှင့် အရင်းအနှီးဆွဲဆောင်သော စီးပွားရေးအသိုက်အဝန်းဖြစ်ထွန်းစေခြင်း။ ASEAN Miracle စဉ်ဆက်မပြတ် လက်တွေ့အကောင်အထည်ဖော်နိုင်ရန်နှင့် အလုံးစုံတိုးတက်မှုရရှိရန် ဆောင်ရွက်မှုတို့တွင် အာဆီယံသည် နိုင်ငံတကာဈေးကွက်နှင့် ပြည်တွင်းဈေးကွက်များတွင် ယှဉ်ပြိုင်မှုစွမ်းရည်ရှိသောကြောင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများကို အလွန်ပင်ဆွဲဆောင်နိုင်ပါသည်။ အဆိုပြုအရေအတွက်ဆိုင်ရာ indicative outcomes များမှာ -

- စုစုပေါင်းကုန်သွယ်မှု၊ GDP စသည်တို့တွင် ASEAN ၏ ပါဝင်မှုအချိုးအစားမှာ သိသိသာသာ တိုးတက်လာပြီး၊ အထူးသဖြင့် ၂၀၃၀အထိ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ကမ္ဘာတဝှမ်း၏ FDI များ သိသိသာသာ တက်လာမည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စုစုပေါင်းကုန်သွယ်မှုတွင် ASEAN share သည် ၁၉၉၀ နှစ်များ အစောပိုင်းတွင် ၁၉.၃% နီးပါးရှိနေရာမှ ၂၀၀၉ - ၂၀၁၁ အတွင်း ၁၅.၉% နီးပါးသို့ သိသိသာသာ ကျဆင်းသွားခဲ့သည်။ ၂၀၃၀ တွင် ကျွန်ုပ်တို့အဆိုပြုထားသော indicative outcome သည် ၁၇.၅% ခန့်ရှိမည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စုစုပေါင်း GDP တွင် ASEAN ၏ ပါဝင်မှုသည် ၁၉၉၀နှစ်များ အစောပိုင်းတွင် ၈.၆% နီးပါးရှိနေရာမှ ၂၀၀၉ -၂၀၁၁ အတွင်း ၈.၁% နီးပါးသို့ ကျဆင်းသွားခဲ့သည်။ ၁၉၉၀ နှစ်များ အစောပိုင်းတွင်ရှိခဲ့သော ASEAN share ပြန်ရရန် ရည်ရွယ်ထားခြင်းသည် လွယ်ကူသောကိစ္စမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ကာလတော်တော်များများတွင် ယင်းအချိုးအစားသည် China နှင့် Inida တို့တွင် တိုးသောနှုန်းထက် ပိုမိုမြန်ဆန်နေသောကြောင့် ဖြစ်သည်။ မည်သို့ဆိုစေ အချိုးအစားအချို့ တိုးလာခြင်းသည် ကျေနပ်ဖွယ်ကောင်းသော ရလဒ်တစ်ခုပင် ဖြစ်ပါသည်။ ကုန်သွယ်မှုနှင့် GDP တွင် ပါဝင်မှုမြင့်မားလာခြင်း၏ indicative outcome ကို ထောက်ဆကြည့်လျှင် ASEAN အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများဆီသို့ စုစုပေါင်း FDI စီးဆင်းမှုတွင် ၎င်း၏ ပါဝင်မှုအချိုးအစားကို သိသိသာသာတိုးလာအောင် ကြိုးပမ်းအားထုတ်ရန် လိုအပ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများဆီသို့ စီးဆင်းသော FDI အားလုံးတွင် ASEAN ပါဝင်မှုအချိုးအစားသည် ၁၉၉၀ နှစ်များ အစောပိုင်း၌ ၃၂% နီးပါးရှိရာမှ ၂၀၀၉ - ၂၀၁၁ အတွင်း ၁၃% နီးပါးသို့ သိသိသာသာ ကျဆင်းသွားခဲ့သည်။ ၂၀၂၀ ခုနှစ်နှောင်းပိုင်းများတွင် Share ကို အနည်းဆုံး ၁၆% တိုးရန် ကျွန်ုပ်တို့ရည်ရွယ် အဆိုပြုထားပါသည်။

- ၂၀၂၀ နှစ်များအစောပိုင်းတွင် အာဆီယံနိုင်ငံများ၏ နိုင်ငံတကာရပ်တည်နိုင်မှု သိသိသာသာ တိုးတက်လာခြင်းကြောင့် စီးပွားရေးလုပ်ဆောင်ရာတွင်၊ ပို့ဆောင်ရေး စီမံဖွဲ့စည်းမှုဆောင်ရွက်ရာတွင်နှင့် Global competitiveness indices များတွက်ချက်ရာတွင် လွယ်ကူအဆင်ပြေလာစေမည်။ ၂၀၂၀ ခုနှစ် နှောင်းပိုင်းများတွင်လည်း global innovation index တွက်ချက်မှု၌ လွယ်ကူအဆင်ပြေလိမ့်မည်။ developing economies အားလုံး၏ FDI, trade နှင့် GDP share များ တိုးတက်စေရန် ရည်ရွယ်ထားရှိမှုသည် အခွင့်သာသော စီးပွားရေးအခြေအနေများနှင့်အတူ အရင်းအနှီးများ ပိုမိုဆွဲဆောင်ရန် ASEAN အတွက် လိုအပ်လာပါသည်။ ၂၀၂၀ နှစ်များ အစောပိုင်းတွင် ease of doing business, logistic performance နှင့် global competitiveness indices စသည်တို့နှင့် တစ်ကမ္ဘာလုံးအတိုင်းအတာ တန်းညှိ ကြည့်လိုက်လျှင် AMSS အားလုံး၏ indicative outcomes များသည် ထိပ်ဆုံးအဆင့် ထက်ဝက်နေရာတွင် ရှိပြီးကြောင်းနှင့် အာဆီယံနိုင်ငံအများစုသည် ထိပ်ဆုံးအဆင့် တတိယ နေရာတွင် ရှိနေကြောင်း ကျွန်ုပ်တို့က အဆိုပြုထားပါသည်။ ထို့အပြင် အာဆီယံနိုင်ငံအများစုသည် ၂၀၂၀ ခုနှစ်နှောင်းပိုင်းများတွင် global innovation index အရ တစ်ကမ္ဘာလုံး တန်းညှိ ကြည့်လိုက်လျှင် ထိပ်ဆုံးအဆင့် ထက်ဝက်နေရာတွင် ရှိနေပါမည်။ global innovation index ranking ဆိုသည်မှာ ကျန် ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်၍ အာဆီယံနိုင်ငံများ၏ innovation capacity ကို တိုင်းတာသော အတိုင်း အတာတစ်ခုဖြစ်သည်။

- ASEAN SME Policy Index values များသည် ၂၀၂၀ နှစ်များအစောပိုင်း၌ အာဆီယံနိုင်ငံ အားလုံးတို့တွင် သိသိသာသာ တိုးတက်လာမည်။ ပိုမိုလေးနက်ပြီး ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိသော စက်မှုလုပ်ငန်းအစုအဝေးနှင့် ASEAN နိုင်ငံများအကြား ပိုမိုညီမျှသော တိုးတက်မှုကောင်းကိုဖြစ်ပေါ်စေသော အလုပ်အကိုင်ကောင်းများ ဖန်တီးပေးခြင်းတို့မှ တဆင့် အံ့ဖွယ်အာဆီယံအဖြစ် လက်တွေ့အကောင်အထည်ပေါ်လာစေရန် အသုံးတည့်ပြီး တိုးတက်ကောင်းမွန်မှုများရှိသော မူဝါဒဝန်းကျင်တစ်ခုသည် SME ကဏ္ဍအတွက် အရေးပါလာသည်။ The ASEAN SME policy index ကို ERIA နှင့် the ASEAN SME working group တို့မှရယူတွက်ချက်ခြင်းဖြစ်သည်။ ASEAN နှင့်အတူ ပုံမှန် စောင့်ကြည့်လေ့လာစစ်ဆေးမှု (ဥပမာ - သုံးနှစ်တစ်ကြိမ်) ဆောင်ရွက်နေချိန် အတွင်း the ASEAN SME policy index ကို ပုံမှန်တွက်ချက်သွားမည်။ အကောင်းဆုံးလက်တွေ့ လုပ်ဆောင်မှုအဆင့် (the best practice level) မီလုနီးပါး AMS တစ်နိုင်ငံမှလွဲ၍ ၂၀၂၀ ခုနှစ်များ အစောပိုင်းတွင် AMS တစ်နိုင်ငံချင်းဆီအတွက် ၅၀% ပမာဏ

တိုးတက်မှုရှိသော သဘောတူညီချက်တစ်ရပ်ကို ASEAN မှ ချမှတ်သဘောတူရန် ထပ်လောင်းအဆိုပြုသွားမည်။

- စုစုပေါင်း ASEAN ကုန်သွယ်မှုပမာဏ၌ Intra – ASEAN trade share သည် current တွင် ၂၅% ရှိနေရာမှ ၂၀၃၀ တွင် ၃၀% နီးပါးအထိ မြင့်တက်သွားမည်။ သို့သော် အောင်မြင်သော RCEP နှင့် တောင့်တင်းသော အရှေ့အာရှထုတ်လုပ်မှုကွန်ယက်များ အနေဖြင့် ၃၀% target share ကိုရရှိအောင် လုပ်ဆောင်ရန် မလွယ်ကူရခြင်း အကြောင်းမှာ ကျန်အရှေ့အာရှနှင့် နှိုင်းယှဉ်လျှင် AEC ၏ ကုန်သွယ်မှုလမ်းကြောင်းလွဲ အကျိုးဆက်ကို RCEP က ဖယ်ရှားလျက်ရှိသောကြောင့် ဖြစ်သည်။ မည်သို့ဖြစ်စေ၊ ပါဝင်မှု အချိုးအစားမြင့်နေခြင်းသည် AEC လက်အောက်တွင် ASEAN နိုင်ငံများအတွင်း စီးပွားရေးပေါင်းစည်းမှု ပိုမိုလေးနက်လာခြင်း၏ အရေးကြီးသော သာဓကတစ်ခုဖြစ်သည်။ Intra – ASEAN trade share ကို တိုးစေနိုင်သော ဖြစ်နိုင်ချေအချက်များ ကုန်သွယ်မှုချောမွေ့ရန် လုပ်ဆောင်မှုတိုးတက်ခြင်း၊ စည်းမျဉ်းဥပဒေများ တညီတညွတ်တည်းဖြစ်လာခြင်း၊ ပို၍အထောက်အပံ့ဖြစ်စေသော စံချိန်စံညွှန်းများ သတ်မှတ်လိုက်နာမှုနှင့် ပို၍အဆင်ပြေစွာ ကျင့်သုံးလာနိုင်သော NTM စသည်တို့ကို GTAP ကဲ့သို့သဏ္ဍာန်ပြုလေ့လာဆန်းစစ်သောပုံစံများတွင် အမြဲတမ်း ခြုံငုံပါဝင်နိုင်မည်ကားမဟုတ်ပေ။

၃။ သိသာစွာ ပိုမိုပြန်လည်ထိုးဖောက်လာသော ASEAN လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်မှု။ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း အာဆီယံခေါင်းဆောင်များနှင့် ဝန်ကြီးအဆင့်ပြောကြားချက်များ၊ ဒေသဆိုင်ရာ ဦးစီးဦးဆောင်လှုပ်ရှားမှုများမှ သရုပ်သဏ္ဍာန်ထုတ်ဖော်ပြထားသော ကြံ့ခိုင်သော ASEAN သည် စားနပ်ရိက္ခာဖူလုံမှု စွမ်းအင်လုံလောက်မှု (သို့) မူလအနေအထားကို ပြန်လည်ရရှိတိုးတက်လာမှု၊ ဘေးအန္တရာယ်ကာကွယ်ထားရှိမှုတို့အပေါ်တွင် focus လုပ်ထားသည်။ လက်ရှိအချိန် ကာလတွင် စားနပ်ရိက္ခာနှင့် စွမ်းအင်ဆိုင်ရာသဘာဝဘေးတို့နှင့် ပတ်သက်၍ ဒေသ၏ ကြံ့ခိုင်ရပ်တည်မှု၊ တိုးတက်မှုကိုတိုင်းတာရာ၌ အထောက်အကူပြုသော indicators အစုအဝေးတစ်ခု ASEAN တွင် မရှိသေးပေ။ ASEAN အနေဖြင့် indicators အစုံကို develop ဖြစ်အောင်လုပ်ခြင်းနှင့် ၎င်း indicators အစုံကို ၂နှစ်တစ်ကြိမ် ပုံမှန် ကြီးကြပ်လုပ်သွားမည်။ ၂၀၃၀ ခုနှစ်အထိ ASEAN အနေဖြင့် အတိုင်းအတာတစ်ခုအထိ ညွှန်းကိန်းတန်ဖိုးများ တိုးတက်လာမှုကို သဘောတူထားပြီးဖြစ်သည်။ အသေးစိတ်အားဖြင့် အောက်ဖော်ပြပါအချက်များကို အဆိုပြုထားသည်။

- ASEAN အတွက် the Rice Bowl Index ကို adopt (လက်ခံခြင်း) or adapt (အလိုက်သင့်ပြုကျင့်ခြင်း) သည် AMS တစ်နိုင်ငံချင်းဆီ၌ အစားအစာရရှိမှုစနစ်ကြံ့ခိုင်တောင့်တင်းမှုနှင့် အစားအစာလုံလောက်မှုကို တိုင်းတာသော measure တစ်ခုဖြစ်သည်။ The Rice Bowl Index ကို Syngenta မှ ဖော်ထုတ်ခဲ့ပြီး လယ်ယာအဆင့်၊ ဝယ်လိုအား ကုန်သွယ်မှုနှင့် မူဝါဒရေးရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအချက်များ စသည်တို့ အကျုံးဝင်သည်။ ၎င်း index ကို ကောင်းစွာလည်ပတ်လုပ်ကိုင်နိုင်မှုရှိနေပြီး အာဆီယံနိုင်ငံတော်တော် များများအတွက် ရလဒ်များကိုလည်း ရရှိနိုင်ပါသည်။ ထို index ကို "ASEANised" version ဟုလည်းခေါ်ပြီး AMS အားလုံးအတွက် ၎င်း index ကို သုံးနိုင်ပါသည်။

- စွမ်းအင်လုံလောက်မှုနှင့် ASEAN and East Asia ၏ ပြန်လည်ထိုးဖောက်နိုင်မှုပေါ်တွင် သုံးသပ်သော indicators အစုံတစ်ခုကို ဖြစ်ပေါ်လာအောင်လုပ်ပြီး စောင့်ကြည့်စစ်ဆေးသွားမည်။ ဆက်စပ်ရည်ညွှန်းရလဒ်မှာ စွမ်းအင်ခြွေတာရေး သဘောတူညီချက်အရ energy demand ကို ဥပမာအားဖြင့် ၂၀၃၀ ၌ ၁၀% လျှော့ချသွားမည်။ သာမန်စီးပွားရေးလုပ်ရိုးလုပ်စဉ်နှင့် နှိုင်းဆလျှင် စက်ရုံအလုပ်ရုံများ၊ မော်တော်ယာဉ်နှင့် စက်ပစ္စည်းကိရိယာလုပ်ငန်းများတွင် စွမ်းအင်ထိရောက်စွာသုံးစွဲပြီး energy demand ကို ဥပမာအားဖြင့် ၂၀၃၅ တွင် ၁၅% လျှော့ချသွားမည်။

- A disaster resiliency idex (ဘေးအန္တရာယ်ပြန်လည် ထိုးဖောက်ကာကွယ်နိုင်မှု အညွှန်းကိန်း) or scorecard for ASEAN ပါဝင်သော indicators အစုံတစ်ခုကို ဖြစ်ပေါ်လာအောင်လုပ်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးမှုပြုလုပ်ခြင်းကို ERIA နှင့် AHA မှ ပူးတွဲတာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ ထို index ဖြစ်ပေါ်လာမှုတွင် Hyogo မူဘောင်သက်ရောက်မှု(the Hyogo Framework Action) သည် သိသာထင်ရှားသော input တစ်ခု ဖြစ်နိုင်ပါသည်။

- ၂၀၃၀ ခုနှစ်သို့ ဝင်ရောက်လာချိန်အတွင်း ညွှန်းကိန်းများ၊ ဆန္ဒန်းကိန်းများနှင့် အကဲဖြတ်အမှတ်များအစုံအစုလိုက် တိုးတက်မှုရာခိုင်နှုန်းတစ်ခုပေါ်တွင် AMS အနေဖြင့် သဘောတူလက်ခံပြီး ၎င်း indicators များနှင့် မူလရလဒ်များကို ရရှိနိုင်မည်ဖြစ်သည်။

## *အဆိုပြုအညွှန်းရလဒ်များနှင့် ၎င်းတို့၏ အခြေခံအကြောင်းတရားအပေါ် ဆွေးနွေးသုံးသပ်ခြင်း*

အဆိုပြုအညွှန်းရလဒ်များနှင့် ၎င်းတို့၏ အခြေခံအကြောင်းတရားကို ယခုအခန်း၏ ကျန်ရှိနေသောအပိုင်းတွင် အသေးစိပ် ဆွေးနွေးသုံးသပ်ထားပါသည်။

၁။ ၂၀၃၀ ASEAN တွင် အလွန်အမင်းဆင်းရဲနွမ်းပါးမှု ပပျောက်စေရမည်၊ ဆင်းရဲချို့တဲ့မှုနှုန်း အနည်းဆုံးသုံးပုံနှစ်ပုံလျှော့ချနိုင်ရမည်၊ စာမတတ်သူပပျောက်ပြီး အလွန်အမင်း အာဟာရချို့တဲ့မှုကင်းစင်ရမည်။ "*ဆာလောင်မှု၊ အာဟာရချို့တဲ့မှု၊ ဆင်းရဲချို့တဲ့မှုနှင့် အလွန်အမင်းဆင်းရဲနွမ်းပါးမှု စသည့် ကိစ္စရပ်များသည် ASEAN တွင် ရေရှည်အခြေခံပြဿနာများ မဖြစ်ရန် ကျွန်ုပ်တို့ စိတ်ကူး မှန်းဆထားပါသည်* "1997 ASEAN Vision 2020, p.5

ဇယား ၂က.၁.က တွင် နိုင်ငံအလိုက် ဒေသတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေးစိန်ခေါ်မှုများကို နောင်လာမည့် ဆယ်စုနှစ်နှစ်ခုအတွင်း (သို့) အလွန်ကို ဖော်ပြထားပါသည်။ ဇယား ၂က.၁.ခ တွင် စာမတတ်မြောက်မှုနှင့် အလွန်အမင်း အာဟာရချို့တဲ့မှု လျှော့ချရေး၌ တွေ့ကြုံရသော စိန်ခေါ်မှုများကို နိုင်ငံအလိုက် ဖော်ပြထားပါသည်။ အလွန်အမင်း အာဟာရချို့တဲ့မှုကို ငါးနှစ်အောက်ကလေး သေဆုံးမှုရာခိုင်နှုန်းဖြင့် ကိုယ်စားပြု ဖော်ပြထားပါသည်။

### ဇယား ၂က.၁.က - လူဦးရေနှင့် ဆင်းရဲမှု - ခန့်မှန်းခြေ

| Country | Total Population 2012 (Million) | Population Projection in 2030 (Million) | Number of Poor People (in Million) in 2010 (< 1.25 $ PPP) | Number of poor people lifted out from poverty by 2030 (Million) |
|---|---|---|---|---|
| Brunei Darussalam | 0.41 | 0.50 | N.A | N.A |
| Cambodia | 14.86 | 19.14 | 2.08 | 2.82 |
| Indonesia | 246.86 | 293.48 | 43.32 | 53.00 |
| Lao PDR | 6.65 | 8.81 | 1.61 | 2.29 |
| Malaysia | 29.24 | 36.85 | N.A | N.A |
| Myanmar | 52.80 | 58.70 | N.A | 17.02 |
| Philippines | 96.71 | 127.80 | 17.18 | 23.54 |
| Singapore | 5.31 | 6.58 | N.A | N.A |
| Thailand | 66.79 | 67.55 | 0.26 | 0.26 |
| Viet Nam | 88.78 | 101.83 | 12.14 | 14.22 |

ဇာစ်မြစ် - UN Data, World Bank Data, Povcalnet-World Bank

ဇယား ၂က.၁.ခ - ၂၀၂၀ နောက်ပိုင်း ကာလများတွင် အာဆီယံ၊ တရုတ်၊ အိန္ဒိယတို့ရှိ စာတတ်မြောက်မှုနှုန်းနှင့် (ကလေး) အာဟာရ ချို့တဲ့မှုနှုန်း

| Country | Literacy Rate(% to Total) | | Malnutrition: | |
|---|---|---|---|---|
| | Adult | Youth | Wasted for Age (% to total child < 5) | Indicative Outcome |
| Brunei | 95.45 | 99.75 | N/A | Indicative Outcome: Youth Illiteracy rate < 0.5% Wasted malnutrition < 1.0% |
| Cambodia | 73.90 | 87.13 | 10.80 | |
| Indonesia | 92.81 | 98.78 | 14.80 | |
| Lao PDR | 72.70 | 83.93 | 7.30 | |
| Malaysia | 93.12 | 98.42 | N/A | |
| Myanmar | 92.68 | 96.10 | 7.90 | |
| Philippines | 95.42 | 97.75 | 6.90 | |
| Singapore | 95.86 | 99.75 | N/A | |
| Thailand | 93.51 | 98.05 | 4.70 | |
| Viet Nam | 93.36 | 97.07 | 9.70 | |
| China | 95.12 | 99.64 | 2.30 | |
| India | 62.75 | 81.13 | 20.00 | |

ဇာစ်မြစ် - WHO- Global health Repository Data, and UNESCO Institute of Statistics

### *အခြေခံအကြောင်းတရား*

လူသိများပြီး လုပ်ရိုးလုပ်စဉ်နှင့် လုံးလျားဆင်းရဲနွမ်းပါးမှုကို တိုင်းတာသော အတိုင်းအတာတစ်ခုမှာ ၂၀၀၅ ခုနှစ် ဈေးနှုန်းများပေါ်မူတည်၍ တွက်ချက်ထားသည်။ ဝယ်နိုင်စွမ်းအားညီမျှချက်ဖြင့်တိုင်းပါက တနေ့လျှင် တဦးကျ $ ၁.၂၅ (PPP per capita per day) အောက်နိမ့်ပြီ ဝင်ငွေရနေသော လူဦးရေရာခိုင်နှုန်းဖြစ်ပါသည်။ ယင်းကို the dire poverty rate ဟုခေါ်နိုင်သည်။ ပိုမိုတင်းကြပ်သော (more stringent) အတိုင်းအတာနောက်တစ်မျိုး

မှာ ၂၀၀၅ ခုနှစ်ဈေးနှုန်းများပေါ်မူတည်၍ တွက်ချက်ထားသည့် $ 2 PPP per capita per day အောက်နိမ့်ပြီး ဝင်ငွေရနေသော လူဦးရေရာခိုင်နှုန်းဖြစ်သည်။ ယင်းကို expanded poverty rate ဟု ခေါ်သည်။

၂၀၁၀ ကာလတွင် ၂၀၀၅ ခုနှစ် ဈေးနှုန်းများအရ တွက်ချက်ထားသော $ 1.25 PPP per capita per day, အလွန်အမင်းဆင်းရဲနွမ်းပါးမှု သတ်မှတ်ချက်မျဉ်း (the dire poverty line) အောက်နိမ့်သော ဝင်ငွေနှင့် အသက်ရှင်ရပ်တည်နေသည့် လူဦးရေမှာ ၉၅သန်းနီးပါးရှိခဲ့ပါသည်။ [1] ယင်းပမာဏသည် မြန်မာနိုင်ငံအပါအဝင် ခန့်မှန်းဆင်းရဲသူ အရေအတွက်မှာ ASEAN တစ်ခုလုံးတွင်ရှိသော (dire) poverty rate ၁၅.၆% နီးပါးနှင့် ညီမျှသည်။[2] ASEAN population သည် ၂၀၁၂ တွင် ၆၀၈.၄ သန်းမှ ၂၀၁၅ တွင် ၆၉၄.၇ သန်းနှင့် ၂၀၃၀တွင် ၇၂၁.၂ သန်းအထိ တိုးလာမည်ဟု ခန့်မှန်းထားပါသည်။ ဆိုလိုသည်မှာ ၂၀၃၀ ခုနှစ် ASEAN တွင် dire poverty (အလွန်အမင်းဆင်းရဲနွမ်းပါးမှု) ပပျောက်ရန်အလို့ငှာ ၂၀၁၀ နှင့် ၂၀၃၀ ခုနှစ်များအတွင်း စုစုပေါင်းလူဦးရေ ၁၁၂.၅ သန်းနီးပါး ဆင်းရဲတွင်းမှ လွတ်မြောက်ရမည်ဖြစ်သည်။

ဤဆိုလိုရင်းသည် a realistic target ဟုတ်ပါသလား။ ၂၀၂၅ - ၂၀၃၀ တွင် zero headcount poverty rate ရရှိရန် လိုအပ်သော တိုးတက်နှုန်းက ဘယ်လောက်ပါလဲ။ ကားချပ် ၂က.၁.က တွင် ASEAN, တရုတ်နှင့် အိန္ဒိယတို့၏ အတွေ့အကြုံကိုသုံး၍ headcount poverty rate (အရေအတွက်ပြ ဆင်းရဲနွမ်းပါးမှုနှုန်း) နှင့် PPP terms ဖြင့် ဖော်ပြသော per capita household income (တစ်ဦးကျ အိမ်ထောင်စုဝင်ငွေ)တို့အကြား ဆက်သွယ်ချက်တစ်ခုကို ဖော်ပြထားပါသည်။[3]

ကားချပ် (၂က.၁.ခ) တွင် headcount poverty rate နှင့် per capita household income တို့အကြား မျှော်မှန်း ပြောင်းပြန်ဆက်စပ်မှု ရှိကြောင်း ဖော်ပြထားပါသည်။ ပျှမ်းမျှအနေဖြင့် တွက်ဆထားသော ကိန်းဂဏန်းများသည် the threshold per capita family income ကို

---

[1]This is equal to the 76.6 million for ASEAN-7 (minus Brunei, Myanmar and Singapore) using the PovCalNet database plus an estimated 17.5 million for Myanmar based on Myanmar's poverty line, which may NOT be the same as the $1.25 PPP per day per capita at 2005 prices used in the estimation using PovCalNet database.
[2]The estimated headcount dire poverty rate without Myanmar is about 14 percent in 2010.
[3]Note that there is a difference between per capita family (or household) income and per capita GDP. Family income is based on family income and expenditure surveys; hence, it records what households receive. GDP per capita includes incomes in the corporate sector and the government.

“ သုည ” poverty rate ဖြစ်သည်အထိ ကြံရွယ်ထားပြီး ၎င်း rate သည် ၂၀၀၅ ခုနှစ် ဈေးနှုန်းများပေါ် မူတည်၍ ASEAN, China နှင့် India နိုင်ငံတို့၏ data များသုံးလျှင် 2600 $ per year ခန့်ရရှိမည် သို့မဟုတ် ASEAN data သီးသန့်သုံးတွက်ချက်လျှင် အနည်းငယ် မြင့်သောနှုန်း 2700 $ PPP per year ခန့်ရရှိမည်ဖြစ်သည်။ ဖြစ်နေရမည့် တိုးတက်နှုန်းသည် ဖော်ပြထားသကဲ့သို့ပင် မြင့်မားနေသော်လည်း ဖြစ်နိုင်ခြေရှိပြီး အမှန်တကယ်ရရှိနိုင်သော နှုန်းဖြစ်သည်။

၂၀၀၅ ခုနှစ် ဈေးနှုန်းများနှင့် $2 PPP per capita per day ကို poverty threshold အဖြစ် သုံးလျှင် ASEAN တွင် $2 PPP per capita per day အောက်နိမ့်သောဝင်ငွေ ရရှိသူပေါင်း ၂၃၇ သန်းနီးပါး ရှိသည်။ (သို့) ၂၀၁၀ တွင် an expanded poverty rate သည် ၄၂% နီးပါးရှိခဲ့သည်။[4] ၂၀၃၀ တွင် ဆင်းရဲသူစုစုပေါင်း ၃၀၃ သန်းနီးပါးကို poverty မှ လွတ်မြောက်အောင် ဆောင်ရွက်ရန် လိုပါလိမ့်မည်။ တိတိကျကျပြောရလျှင် ၂၀၃၀တွင် အမှန်တကယ်လက်တွေ့ အကောင် အထည်ပေါ် အောင်မြင်မှုရရှိရန်မှာ အလွန်မလွယ်ကူသော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

---

[4]This estimate includes that for Myanmar. For the ASEAN – 7, the total number of poor is 196.3 millionin 2010 or an expanded poverty rate of around 39 percent. To add Myanmar, we assumed that the ratioof the people earning between $ 1.25 PPP and $ 2 PPP per capita per day to the people earning below $1.25 per capita per day for Myanmar is the simple average of the ratios for Cambodia and Lao PDR. This results in the estimated total number of Myanmar people living below $ 2 PPP per capita per day at 2005 prices of around 40.3 million, or an expanded poverty rate of around 80 percent.

ကားချပ် ၂က.၁.က - တစ်ဦးချင်း ဝင်ငွေ- လူဦးရေအလိုက် ဆင်းရဲမှုနှုန်း (၂၀၀၅ ခုနှစ် ဈေးနှုန်းအရ PPP ၁.၂၅ ဒေါ်လာအောက်) အာဆီယံ၊ တရုတ်၊ အိန္ဒိယ တို့နှင့် ဆက်စပ်၍




ဇာစ်မြစ် - PovcalNet, World Bank

မှတ်ရန် - (i)The per capita income is the average monthly per capita income/consumption expenditure (depends on available data in each country) from survey in 2005 PPPdollar; (ii) Based on the regression result, the household income per capita needed (in 2005 PPPdollar) to have "zero" headcount poverty rate is US$214.8 (monthly) /US$ 2578 (a year).

ကားချပ် ၂က.၁.ခ - တစ်ဦးချင်း ဝင်ငွေ- လူဦးရေအလိုက် ဆင်းရဲမှုနှုန်း (၂၀၀၅ ခုနှစ် ဈေးနှုန်းအရ PPP ၁.၂၅ ဒေါ်လာအောက်) အာဆီယံနှင့် ဆက်စပ်၍




ဇာစ်မြစ် - PovcalNet, World Bank

မှတ်ရန် -(i)The per capita income is the average monthly per capita income/consumption expenditure (depends on available data in each country) from survey in 2005 PPPdollar;(ii) Based on the regression result, the household income per capita needed (in 2005 PPPdollar) tohave "zero" headcount poverty rate is US$225 (monthly)/US$ 2700 (a year)

ကားချပ် ၂.၂၈ နှင့် ကားချပ် ၂.၂၉ တို့တွင် ၂၀၀၅ ဈေးနှုန်းများပေါ် အခြေခံ၍ $ 2PPP per day per capita ပုံစံဖြင့် သတ်မှတ်ထားသော poverty rate နှင့် per capita household income တို့အကြား ခန့်မှန်းပြောင်းပြန်ဆက်စပ်မှုတစ်ခုကို ဖော်ပြထားသည်။ ပျမ်းမျှအားဖြင့် $2 poverty rate ကို ဖယ်ရှားရန် the threshold per capita household income သည် တစ်နှစ်လျှင် $ 3471 နီးပါးရှိသည်ဟု results များက ဖော်ပြထားပါသည်။ ၎င်းကားချပ်နှစ်ခုစလုံးသည် the threshold $ 3471 per capita per year ထက်ကျော်လွန်သော positive poverty rate ၏ cases များကို ပြသထားခြင်းဖြစ်သည်။ poverty ကို အားလုံးအတူတကွ ဖယ်ရှားရန်အလို့ငှာ ၂၀၃၀ တွင် Cambodia, Indonesia, Philippiness နှင့် Viet Nam နိုင်ငံတို့၏ လူတစ်ဦးကျဝင်ငွေများ (per capita incomes)သည် လေးနိုင်ငံသဘောတူ လက်ခံမှုရှိသော လူတစ်ဦးကျဝင်ငွေဖြစ်လာနိုင်ပါသည်။ ထို implied growth rate သည် အလွန်မြင့်မားပြီး မရရှိနိုင်သလောက်ပင်ဖြစ်သည်။

ဖြစ်နိုင်ချေရှိပြီး ပိုမိုလက်တွေ့ဆန်သော ရည်ရွယ်ချက်တစ်ခုမှာ ၂၀၁၀ တွင် ၄၂% the expanded poverty rate ရှိနေရာမှ ၂၀၃၀ တွင် ၁၂.၅% သို့ သိသိသာသာ လျှော့ချသွားရန်ဖြစ်ပါသည်။ ကားချပ် ၂၈.၂.၈ ပေါ်တွင် အခြေခံထားသော the implied expanded poverty rate သည် အလွန်အမင်းဆင်းရဲနွမ်းပါးမှုအား လိုအပ်သောလျှော့ချမှုပြုလုပ်ရန် ၂၀၀၅ ခုနှစ် PPP အရ တစ်နှစ် လူတစ်ဦးကျဝင်ငွေ $ 2700 ၏ the threshold per capita income နှင့် ကိုက်ညီမှုရှိသည်။ [5] ၂၀၃၀ တွင် စုစုပေါင်းလူဦးရေ ၂၁၃ သန်းနီးပါးကို ဆင်းရဲတွင်းမှ အတူတကွ ဖယ်ရှားနိုင် လိမ့်မည်ဟု ဆိုလိုခြင်းဖြစ်သည်။ $ 2 PPP per day per capita အောက်နိမ့်သော ဝင်ငွေရရှိနေသည့် လူဦးရေမှာ ၂၀၃၀ တွင် သန်း ၉၀ နီးပါး ကျန်ရှိနေလိမ့်မည်။ ဆိုလိုသည်မှာ လူဦးရေ ၁၁၂.၅ သန်းတွင် ၂၂.၅ သန်းကို အလွန်အမင်းဆင်းရဲနွမ်းပါးမှု ($ 1.25 PPP per capita per day အောက် ဝင်ငွေရရှိခြင်း) မှ ဖယ်ရှားပေးနိုင်ခြင်းသည် ၂၀၃၀ တွင် $ 2 PPP per capita per day အောက် ဝင်ငွေရရှိနေသောသူများကို ဆင်းရဲတွင်းမှ အတူတကွဖယ်ရှား အောင်မြင်ခြင်းဖြစ်သည်ဟု ပြောခြင်းဖြစ်သည်။

---

[5]This is adjusted for Myanmar, which is assumed to have about 20 percent expanded poverty rate by 2030, as against an estimated 11.7 percent for ASEAN 7 countries.

အလွန်အမင်းဆင်းရဲနွမ်းပါးမှု (dire poverty) ဖယ်ရှင်းရေးနှင့် the expanded poverty rate သိသာစွာလျှော့ချရေး ကိုက်ညီမှု အခြေအနေတွင် AMS အနေဖြင့် ဒေသတွင်း၌ စာမတတ်သူအားလုံးနီးပါး ပပျောက်ရေးနှင့် အလွန်အမင်း အာဟာရချို့တဲ့မှုအားလုံးနီးပါး ကင်းစင်ရေးတို့ကို ရည်ရွယ်ချက်ထားလုပ်ဆောင်ရန် လိုအပ်ပါသည်။ အဘယ်ကြောင့် ဆိုသော် စာမတတ်မြောက်မှုနှင့် အလွန်အမင်း အာဟာရချို့မှုတို့သည် အိမ်ထောင်စုများ၏ လူမှုဆိုင်ရာ အပြောင်းအရွှေ့အခွင့်အလမ်းများကို ထိခိုက်ဆုံးရှုံးစေသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ဆင်းရဲနွမ်းပါးမှုကို ကျော်ဖြတ်ရောင်လွှားရန် ဖြစ်လာပါသည်။

ကားချပ် ၂က.၂.က - တစ်ဦးချင်း ဝင်ငွေ- လူဦးရေအလိုက် ဆင်းရဲမှုနှုန်း (၂၀၀၅ ခုနှစ် ဈေးနှုန်းအရ PPP ၂ ဒေါ်လာအောက်) အာဆီယံ၊ တရုတ်၊ အိန္ဒိယ တို့နှင့် ဆက်စပ်၍




ဇာစ်မြစ် - PovcalNet, World Bank

မှတ်ရန် - (i)The per capita income is the average monthly per capita income/consumption expenditure (depends on available data in each country) from survey in 2005 PPP dollar; (ii) Based on the regression result, the household income per capita needed (in 2005 PPP dollar) to have “zero” headcount poverty rate is US$ 286.6(monthly) /US$ 3438.8 (ayear).

ကားချပ် ၂က.၂.ခ - တစ်ဦးချင်း ဝင်ငွေ- လူဦးရေအလိုက် ဆင်းရဲမှုနှုန်း (၂၀၀၅ ခုနှစ် ဈေးနှုန်းအရ PPP ၂ ဒေါ်လာအောက်) အာဆီယံ နိုင်ငံများနှင့် ဆက်စပ်၍




ဇာစ်မြစ် - PovcalNet, World Bank

မှတ်ရန် - The per capita income is the average monthly per capita income/consumption expenditure (depends on available data in each country) from survey in 2005 PPP dollar; (ii) Based on the regression result, the household income per capita needed (in 2005 PPP dollar) to have "zero" headcount poverty rate is US$ 289.2(monthly)/US$3470.7(a year)

၂။ ဝင်ငွေအလယ်အလတ် အုပ်စုဝင်ငွေနိမ့်နှင့် ဝင်ငွေပို၍နိမ့်သော အာဆီယံနိုင်ငံများ၏ တစ်ဦးကျဝင်ငွေ စဉ်ဆက်မပြတ်မြင့်မားတိုးတက်မှုနှုန်း ၂၀၃၀ တိုင်အောင် ၅.၂% တိုးတက်နှုန်းမှသည်၇.၃%သို့ *"ညီနိုင်းပူးပေါင်းဆောင်ရွက်ခြင်းများ၊အောင်မြင်မှုကောင်းများ ပိုမိုရရှိလာအောင် ဆောင်ရွက်ခြင်းများ၊ အောင်မြင်မှုကောင်းများ ပိုမိုရရှိလာအောင် ဆောင်ရွက်ခြင်းများ၊စုပေါင်းအင်အားများထပ်လောင်းထည့်ခြင်းနှင့်အပြန်အလှန်အကူအညီကောင်းများ ပေးခြင်းဖြင့် ASEAN ၏ ကောင်းမွန်သော စီးပွားရေးဆောင်ရွက်ချက်ကို စဉ်ဆက်မပြတ်စေရန် ကျွန်ုပ်တို့ကတိပြုပါသည်။"* (1997 ASEAN Vision 2020,P.3)

ဇယား ၂က.၂ တွင် ASEAN အဖွဲ့ဝင်နိုင်ငံတစ်ခုချင်းစီအတွက် ၂၀၃၀ ခုနှစ်အတွက် တိုးတက်မှု အညွှန်းရလဒ်များ၏ အဆိုပြု range တစ်ခုစီကို ဖော်ပြထားပါသည်။ " Low growth rate" အတွက်ဆိုလျှင် ၂၀၃၀ ခုနှစ် ရောက်သည့်တိုင်အောင် အလွန်အမင်း ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးဆောင်ရွက်ချက်များ တွေ့ရှိနေလိမ့်ဦးမည်ဟု ယူဆထားပြီး Indonesia, Philippiness နှင့် Viet Nam နိုင်ငံများတွင် ၂၀၃၀ ခုနှစ် ၌ တစ်ဦးကျဝင်ငွေသည်

၂၀၁၂ ခုနှစ် တစ်ဦးကျဝင်ငွေထက် ၂.၅ ဆ၊ Cambodia တွင် ၃ဆ၊ Lao PDR နှင့် Myanmar နိုင်ငံတို့တွင် ၃.၅ ဆ ပိုမိုမြင့်မားလိမ့်မည်။ Malaysia နှင့် Thailand နိုင်ငံတို့တွင် ၂၀၃၀ တွင် တစ်ဦးကျဝင်ငွေ ၂ဆဖြစ်လာမည်ဟု ယူဆထားသည်။ Brunei Darussalam နှင့် Singapore နိုင်ငံတို့ အတွက်ဆိုလျှင် တစ်ဦးကျဝင်ငွေသည် ၅၀% ပိုမြင့်လိမ့်မည်။

" high growth rate " အတွက်ဆိုလျှင် Indonesia, Philippiness နှင့် Viet Nam နိုင်ငံတို့တွင် တစ်ဦးကျဝင်ငွေသည် ၂.၅ဆ နှုန်းဖြင့်တိုးပြီး ထို သုံးနိုင်ငံအနက် Malaysia နှင့် Thailand တို့တွင် ၂၀၂၅ တွင် ၂ဆတိုးလိမ့်မည်။ ယင်းတိုးတက်နှုန်းများကို ၂၀၃၀ ခုနှစ်ထိတိုင်အောင် ထိန်းသိမ်းသွားရမည်။ သက်ရောက်မှုအနေဖြင့် ၂၀၃၀ ခုနှစ်အစား ၂၀၂၅ တွင် Indonesia , Phillipines နှင့် Viet Nam နိုင်ငံတို့တွင် အလွန်အမင်း ဆင်းရဲနွမ်းပါးမှုနှုန်းကို လျှော့ချဖယ်ရှားသွားမည်ဟု ယူဆထားသည်။ Cambodia, Lao PDR နှင့် Myanmar နိုင်ငံတို့တွင် တစ်ဦးကျဝင်ငွေများသည် ၂.၅ဆ ပိုမြင့်လိမ့်မည် ဖြစ်သော်လည်း Brunei နှင့် Singapore တို့တွင် ၅၀% ပိုမို မြင့်တက်လိမ့်မည်။

ဇယား ၂က.၂ - အညွှန်းကိန်း ရလာဒ် တိုးတက်မှုနှုန်းများ, ၂၀၁၂-၂၀၃၀, တစ်နှစ်ချင်း ရာခိုင်နှုန်း

| Country | Per Capita GDP | | GDP | |
|---|---|---|---|---|
| | Low | High | Low | High |
| Brunei | 2.3 | 3.2 | 3.4 | 4.2 |
| Cambodia | 6.3 | 7.3 | 7.7 | 9.1 |
| Indonesia | 5.2 | 7.3 | 6.2 | 8.6 |
| Lao PDR | 7.2 | 7.3 | 8.8 | 9.2 |
| Malaysia | 3.9 | 5.5 | 5.2 | 6.8 |
| Myanmar | 7.2 | 7.3 | 8.1 | 8.2 |
| Philippines | 5.2 | 7.3 | 6.8 | 9.0 |
| Singapore | 2.3 | 3.2 | 3.5 | 4.4 |
| Thailand | 3.9 | 5.5 | 4.0 | 5.5 |
| Viet Nam | 5.2 | 7.3 | 6.0 | 8.4 |

ဇာစ်မြစ် - စာရေးသူများ

Overall national output, GDP ၏ growth indicative outcomes ဆိုင်ရာ အတန်းအစား သတ်မှတ်ခြင်းအတွက် ခန့်မှန်းခြေ နှစ်စဉ်လူဦးရေတိုးနှုန်းကို တစ်ဦးကျဝင်ငွေ၏ target growth rates များတွင် ပေါင်းလိုက်သည်။ Table 2A .2 တွင် " high growth " targets များသည် Indonesia နှင့် Philippinesနိုင်ငံတို့အတွက် သိသိသာသာ မြင့်မားလျက်ရှိကြောင်း နှင့် Viet Nam နိုင်ငံသည်လည်း လက်ရှိတိုးတက်မှု အတွေ့အကြုံနှင့် မြင့်တက်လာဖွယ် ရှိနေကြောင်း ဖော်ပြထားပါသည်။ ဇယားဖော်ပြချက်အရ Lao PDR, Myanmar, Cambodia နှင့် Philippines နိုင်ငံတို့တွင် ဆယ်စုနှစ်တစ်ခုကျော် ကာလပြီးနောက် poverty ကို သေချာလျော့ပါးအောင် ဖယ်ရှားမှုပြုရန်ဟူသော အကြီးမားဆုံး growth challenge တစ်ခုရှိနေသည်။ သတိပြုရမည့်အချက်မှာ Thailand အတွက် GDP တိုးတက်မှု targets သည် သင့်တော်ရုံအနေအထားသာရှိသောကြောင့် အလွန်အမင်း လူဦးရေတိုးတက်မှု နိမ့်ကျစေသည်။ အမှန်စင်စစ်၌ နောင်လာမည့် ဆယ်စုနှစ်တစ်ခုခွဲကိုရောက်လျှင် လူဦးရေ တိုးတက်မှုမရှိသလောက် အနေအထားဖြစ်လာခဲ့လျှင်၊ အခြား AMS နိုင်ငံများနှင့် နှိုင်းယှဉ် နိုင်သော အားကောင်းသည့် တိုးနှုန်းရရှိရန်အတွက် Thailand သည် ယင်း၏အိမ်နီးချင်း နိုင်ငံများမှ Labor များ သိသိသာသာ ဖြည့်သွင်းရခြင်း (or) total factor productivity မြင့်မြင့်မားမားတိုးတက်မှုပေါ် မှီခိုအားထားရခြင်းတို့ လိုအပ်လာသည်။ ယင်းရွေးရိုးစွဲနည်း နှစ်မျိုးလုံးကို Thailand အနေဖြင့် ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်သောကြောင့် နိုင်ငံ အတွက်ထားရှိသော growth targets ကို ဆင်ခြင်တွေးဆနိုင်ပါသည်။

## အခြေခံအကြောင်းအရာ

၂၀၂၅ - ၂၀၃၀ တွင် zero headcount poverty rate ရရှိရန်လိုအပ်သော ဖြစ်နေရမည့် တိုးတက်နှုန်းသည် ဘာဖြစ်မည်နည်း? ဤမေးခွန်းအတွက် အဖြေသည် ASEAN အဖွဲ့ဝင်နိုင်ငံ တစ်ခုချင်းပေါ်တွင် မူတည်သည်။ ပြီးခဲ့သော section တွင် ဖော်ပြထားသကဲ့သို့ အလွန်အမင်းဆင်းရဲနွမ်းပါးမှုကို ပယ်ဖျက်ရာတွင် တစ်နှစ်လျှင် အနည်းဆုံး တစ်ဦးကျ အိမ်ထောင်ဝင်ငွေ $ 2700 ကို ရရှိရန် AMS အနေဖြင့် လိုအပ်ပါသည်။ ၂၀၁၀ ၌ Malaysia နှင့် Thailand တို့တွင် ၂၀၀၅ ခုနှစ် ဈေးနှုန်းများအရ တစ်ဦးကျ အိမ်ထောင်စု (သို့ မိသားစု) ဝင်ငွေမှာ 4800$ PPP နှင့် 2644 $ PPP ရရှိနေပြီး ၎င်းနှစ်နိုင်ငံလုံးသည် 1.25$ PPP per day per capita threshold ပေါ်တွင်မူတည်၍ " သုည " headcount poverty rate ရောက်လု နီးပါးရှိပါသည်။

၂၀၁၀ တွင် ၂၀၀၅ ခုနှစ် ဈေးနှုန်းများအရ 1000 $ PPP နှင့် 1270 $ PPP အကြား တစ်ဦးကျ အိမ်ထောင်စုဝင်ငွေနှင့်အတူ အလွန်အမင်းဆင်းရဲနွမ်းပါးမှုပပျောက်စေရန် တစ်ဦးကျ

အိမ်ထောင်စုဝင်ငွေသည် ပျမ်းမျှအားဖြင့် ၂.၁ ဆ (Phillippines )၊ ၂.၇ ဆ (Cambodia and Inodnesia ) ပိုမိုရရှိရန် လိုအပ်ပါသည်။ သို့သော် Philippines နိုင်ငံတွင် မညီမျှသော ဝင်ငွေခွဲ ဝေဖြန့်ဖြူးမှုပုံစံရှိသော်လည်း Indonesia နှင့် Viet Nam နိုင်ငံတို့တွင် ပိုမိုညီမျှသော ဝင်ငွေခွဲဝေဖြန့်ဖြူးမှုပုံစံ အနေအထားတွင် ရှိနေပါသည်။ Cambodia သည်လည်း Philippines လောက်နီးပါး မညီမျှသော ဝင်ငွေခွဲဝေဖြန့်ဖြူးမှုပုံစံ ရှိနေပါသည်။ Philippines နိုင်ငံအနေဖြင့် ဆင်းရဲနွမ်းပါးမှုပပျောက်အောင် ဆောင်ရွက်ရန် ၂.၁ ဆ ထက်ပိုသော တစ်ဦးကျ အိမ်ထောင်စုဝင်ငွေရရှိရန် လိုအပ်နေကြောင်းလည်း အကြံပြုထားပါသည်။ ရှင်းလင်းစွာ ပြောရလျှင် Indonesia နိုင်ငံသည် ဝင်ငွေခွဲဝေဖြန့်ဖြူးမှုပုံစံ ညီမျှသောကြောင့် တစ်ဦးကျ အိမ်ထောင်စုဝင်ငွေ ၂.၇ဆ ပိုမိုရရှိအောင် လုပ်ဆောင်စရာမလိုပဲ zero headcount poverty rate ဖြစ်လာရန် တတ်နိုင်စွမ်းရှိပါသည်။ ထို့ကြောင့် ၂၀၂၅ - ၂၀၃၀ ခုနှစ်အတွင်း သုည အရေအတွက် ဆင်းရဲနွမ်းပါးမှုနှုန်းကိုရရှိရန် ၂၀၁၀ levels ထက် ၂.၅ ဆနီးပါး (For Indonesia, Philippines, Viet Nam)၊ ၂.၇ဆ နီးပါး (For Cambodia) ပိုမြင့်သော တစ်ဦးကျအိမ်ထောင်စု ဝင်ငွေလိုအပ်ပါလိမ့်မည်။

တစ်ဦးကျအိမ်ထောင်စုဝင်ငွေတိုးတက်မှုသည် တစ်ဦးကျဝင်ငွေ တိုးတက်မှုကို ထင်ဟပ်စေသည်ဟု ယူဆလျက်၊ ဆင်းရဲနွမ်းပါးမှုပပျောက်စေရန် Indonesia , Philippines နှင့် Viet Nam နိုင်ငံတို့တွင် တစ်ဦးကျဝင်ငွေသည် တစ်နှစ်လျှင် ၇.၃% (or) ၂၀၃၀ တွင် တစ်နှစ်လျှင် ၅.၂% ပျမ်းမျှတစ်ဦးကျဝင်ငွေ တိုးတက်နှုန်းရှိမည်ဟု ဆိုလိုခြင်းဖြစ်သည်။ Cambodia ၏ target growth rates သည် ဖော်ပြပါ သုံးနိုင်ငံထက် အနည်းငယ်မြင့်နေရမည်ဖြစ်ပြီး ၂၀၃၀ တွင် ၃ဆတိုး တစ်ဦးကျဝင်ငွေဖြင့် ဆင်းရဲနွမ်းပါးမှုကိုပပျောက်စေမည်ဟု ဆိုလိုပါသည်။ Lao PDR အတွက်ဆိုလျှင် ဆင်းရဲနွမ်းပါးမှုပပျောက်စေရန် အလို့ငှာ ၂၀၁၀ ခုနှစ်မှာထက် ၃.၂ ဆနီးပါးပိုမြင့်သော တစ်ဦးကျအိမ်ထောင်စုဝင်ငွေ ရရှိရန်လိုအပ်ပါသည်။ Lao PDR နိုင်ငံ သည် အရင်းအနှီးအားစိုက်သုံးသော သတ္တုတူးဖော်ရေးနှင့် စွမ်းအင်ကဏ္ဍများပေါ်တွင် မှီခို အားထားနေရခြင်း၊ အချို့သော သီးခြားတောင်ပေါ်ဒေသနေ ပြည်သူများကို အလေးပေး အားထားရခြင်းတို့ကြောင့် " သုည" ဆင်းရဲနွမ်းပါးမှုနှုန်းကို ရရှိရန် ၂၀၁၀ ခုနှစ်မှာထက် ၃.၅ ဆ ပိုမြင့်သော တစ်ဦးကျဝင်ငွေ ရရှိရန်လိုအပ်ပါသည်။ ဆိုလိုသည်မှာ Lao PDR သည် ဆင်းရဲနွမ်းပါးမှုပပျောက်စေရန် ၂၀၃၀ တိုင်အောင် ပျှမ်းမျှ တစ်နှစ်လျှင် ၇.၂% တစ်ဦးကျ ဝင်ငွေတိုးနှုန်းရှိရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံအတွက်ဆိုလျှင် နှိုင်းယှဉ်စရာ၊ ယုံကြည်စိတ်ချ ခိုင်မာအားကောင်းသော မိသားစု

ဝင်ငွေဆိုင်ရာ အချက်အလက်များ မရှိသေးပေ။ သို့သော် မြန်မာနိုင်ငံသည် Lao PDR ကဲ့သို့ အလားတူတိုးတက်မှုနှုန်းနှင့် ယင်းတိုးတက်မှုထက်ပိုသောနှုန်းဖြင့် ၂၀၃၀တွင် ဆင်းရဲနွမ်းပါးမှု ကင်းစင်ပပျောက်လုနီးပါး ဖြစ်အောင် လုပ်ဆောင်နိုင်ဖွယ်ရှိပါသည်။ ထိုလုပ်ဆောင်ချက်သည် တိုင်းပြည်အတွက် ခက်ခဲပြီး မလွယ်ကူသော ကိစ္စတစ်ရပ်လည်းဖြစ်သည်။ သို့သော် ဘက်စုံလွှမ်းခြုံမြန်မာ့ဖွံ့ဖြိုးရေးစီမံကိန်း (Myanmar Comprehensive Development Plan) တွင် သိသာပေါ်လွင်သော ပျမ်းမျှရည်ညွှန်း တိုးတက်နှုန်းသည် တစ်နှစ်လျှင် ၇.၅% နီးပါး ရှိပါသည်။

အနှစ်ချုပ်အားဖြင့် ၂၀၃၀ တိုင်အောင် Low and Lower middle income အဆင့် AMS နိုင်ငံများ၏ အလွန်အမင်း ဆင်းရဲနွမ်းပါးမှုပပျောက်စေရန် ပျမ်းမျှတစ်ဦးကျဝင်ငွေ တိုးတက်မှုနှုန်းသည် ၅.၂% မှ ၇.၃%ထိ ရှိရမည်ဖြစ်ပြီး ၂၀၃၀ တွင် ဆင်းရဲသူဦးရေ အရေအတွက် လျော့ပါးသွားစေရန် အင်တိုက်အားတိုက် လျှော့ချသွားမည်။ ယင်းတိုးတက်နှုန်းများသည် မြင့်နေသော်လည်း ရယူနိုင်သော အနေအထားဖြစ်ပါသည်။ ၁၉၉၁ - ၁၉၉၅ အတောအတွင်း ASEAN ၏ ပျမ်းမျှ တစ်ဦးကျဝင်ငွေတိုးနှုန်းသည် စင်စစ်တွင် တစ်နှစ်လျှင် ၅.၆%၊ လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုအတောအတွင်း Viet Nam နိုင်ငံ၏ ပျမ်းမျှတစ်ဦးကျဝင်ငွေ တိုးတက်နှုန်းသည် တစ်နှစ်လျှင် ၆% နီးပါး၊ Cambodia တွင် ၂၀၀၁ - ၂၀၀၅ အတောအတွင်းမှ တစ်နှစ်လျှင် ၇.၈% ၊ Thailand တွင် ၁၉၈၆ - ၁၉၉၀ အတောအတွင်း၌ တစ်နှစ်လျှင် ၈.၄% နှင့် ၁၉၉၁ - ၁၉၉၅ တွင် တစ်နှစ်လျှင် ၇.၆% စသည်ဖြင့် အသီးသီးရှိခဲ့ပါသည်။ AMS နိုင်ငံများသည် ရည်ညွှန်းခန့်မှန်းတိုးတက်မှုနှုန်းနှင့် ယှဉ်နိုင်လောက်သော growth rates များကို တွေ့ကြုံခံစားခဲ့ရသည်။ စိန်ခေါ်မှုတစ်ခုအနေဖြင့် Viet Nam နိုင်ငံမှလွဲ၍ AMS အများစု၏ အတွေ့အကြုံထက် ပိုမိုရှည်လျားသော ဆယ်စုနှစ်တစ်ခုခွဲကာလအတွင်း တိုးတက်မှုကောင်းကို ဆက်လက်ထိန်းသိမ်းရန် ဖြစ်သည်။

Malaysia နိုင်ငံတွင် အလွန်အမင်းဆင်းရဲနွမ်းပါးသူဦးရေ အမှန်တကယ်မရှိသည့်အပြင် ၂၀၁၀ တွင် $ 2 PPP per day per capita အောက်နိမ့်ဝင်ငွေရနေသော လူဦးရေမှာ ၄၀၀,၀၀၀ နီးပါး ရှိခဲ့ပါသည်။ Thailand ၌ အလွန်အမင်း ဆင်းရဲနွမ်းပါးသူဦးရေသည် ၃၀၀,၀၀၀အောက်တွင်ရှိနေပြီး ၂၀၁၀ ခုနှစ်တွင် $2 PPP per day per capita အောက်နိမ့်ဝင်ငွေရရှိနေသော လူဦးရေမှာ ၂.၈သန်းနီးပါး ရှိခဲ့ပါသည်။ Malaysia နိုင်ငံသည် နှစ်အနည်းငယ်တွင်း စီးပွားရေးတိုးတက်မှု အသင့်အတင့် ရရှိမှုနှင့်အတူ $2 PPP per day per capita အောက်နိမ့်ဝင်ငွေရနေသော လုံးလျားဆင်းရဲသူဦးရေ မရှိပေ။ ၂၀၃၀ ခုနှစ်

ရောက်လျှင် တစ်ဦးကျဝင်ငွေ ၂ဆ ဖြစ်ရမည်ဟူသော Thailand ၏ တိုးတက်မှုရည်ညွှန်း ခန့်မှန်းချက်သည် တစ်နိုင်ငံအတိုင်းအတာနှင့် ခြုံကြည့်လျှင် absolute poverty ကို ဖယ်ရှားရန် လိုအပ်သည်ထက်ပိုသော ဝင်ငွေတိုးနှုန်း ဖြစ်ပါသည်။ Thailand ၏ growth target နည်းတူ Malaysia သည်လည်း ၂၀၂၅ - ၂၀၃၀ အတောအတွင်း high income group of countries နေရာတွင် ရောက်ရှိခိုင်မြဲနေစေရန် target ထား လုပ်ဆောင်နေပါသည်။

ယာယီအလုပ်သမားအပြောင်းအရွှေ့မှတဆင့် လူဦးရေတိုးလာခြင်းနှင့် နေထိုင်မှုနေရာ သိသိ သာသာ ပိုမိုဈေးကြီးလာခြင်းတို့ကို တင်းကျပ်စွာထိန်းချုပ်ရန်လိုအပ်သော ဝင်ငွေမြင့် တိုင်းပြည်များဖြစ်သောကြောင့် Brunei Darussalam နှင့် Singapore နိုင်ငံတို့အတွက် နောင်လာ မည့် ဆယ်စုနှစ်ခွဲတွင် ပိုမိုတိုးတက်မှု အသင့်အတင့် လက်တွေ့ကျကျ ဖြစ်လာ လိမ့်မည်။

၃။ ပိုမိုအညီအမျှ တိုးတက်မှုရှိသော ASEAN: ၄၀ (၁၀၀ တွင် ၄၀) အောက်ငယ် သော Gini index ရယူရန် အစီအမံ။

*"ယနေ့ ကာလများတွင် ကျွန်ုပ်တို့လုပ်ဆောင်ချက်နှင့် ဘယ်လိုအရာတွေ ပေါ်ပေါက်လာမလဲ မျှော်လင့်ချက်တွေသည် "သာတူညီမျှရှိပြီး၊ လူတိုင်းအားလုံး အကျိုးဝင်သော ၂၀၁၅ အလွန် ASEAN နှင့် ပတ်သက်၍ တွေးခေါ်ရန် ကျွန်ုပ်တို့ကို အားပေးလှုံ့ဆော်သည်"*

Chairman's Statement, 18th ASEAN Summit, Jakarta, 8 May, 2011

*"စီးပွားရေးပေါင်းစည်းခြင်းနှင့် အတူတကွ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းမှ ကျွန်ုပ်တို့ပြည်သူ များ benefits ရစေရန် သာတူညီမျှမှုရှိသော ဖွံ့ဖြိုးတိုးတက်မှုရှိခြင်းက ရှေ့ဆက်ဆောင်ရွက် ရမည့် အစီအစဉ်ကို ကူညီချမှတ်ပေးနိုင်မည်ဟု ကျွန်ုပ်တို့အနေဖြင့် ပြောနိုင်ပါသည်"*

Chairman's Statement, 19th ASEAN Summit, Bail, 17 November 2011

ဖွံ့ဖြိုးမှုဆိုင်ရာ ရေးသားတင်ပြချက်များအနက် အကောင်းဆုံးဖော်ပြလေ့ရှိသော ရေးသား တင်ပြချက်တစ်ခုမှာ - U ပြောင်းပြန်မျဉ်းကွေး " inverted U curve " (or) " Kuznets curve " ဖြစ်ပါသည်။ ၎င်းမျဉ်းကွေး၏ အစိပ္ပါယ်မှာ တစ်ဦးကျဝင်ငွေ higher level တစ်ခုသို့မရောက်မီ၊

ဝင်ငွေမညီမျှမှုသည် စီးပွားရေးဖွံ့ဖြိုးမှုဖြစ်စဉ် အစောအတွင်း၌ အဆိုးဝါးဆုံးအခြေအနေတွင် ရှိနေသည်ဟု ဆိုလိုပါသည်။ သို့သော် ကားချပ် ၂က.၃ တွင် ဖော်ပြထားသကဲ့သို့ တစ်ဦးကျ ဝင်ငွေကိုက်ညီမှုရှိအောင် ပြုလုပ်ခြင်းအကြောင်း အရာနှင့်ပတ်သက်၍ မပြောင်းလဲသော အရာများမရှိသောကြောင့် တစ်ဦးကျဝင်ငွေပြုပြင်ပြောင်းလဲပြီးနောက် ဝင်ငွေမညီမျှမှုသည် လောကသဘာဝအရ တဖြည်းဖြည်း ကောင်းမွန်တိုးတက်လာကြောင်း တွေ့ရသည်။ ကားချပ် ၂က.၃ တွင် ဝင်ငွေမညီမျှမှုပုံစံနှင့် ASEAN နိုင်ငံများ၊ China , India နှင့် Latin American အနည်းငယ်နှင့် African နိုင်ငံများ၏ တစ်ဦးကျဝင်ငွေ စသည်တို့ကို ဖော်ပြထားသည်။ U ပြောင်းပြန်မျဉ်းကွေး (or) Kuznets curve ဆက်သွယ်ချက်သည် ပုံတွင်သိသာမြင်သာမှုရှိအောင် ဖော်ပြထားပါသည်။ တစ်ချိန်တည်းမှာပင်၊ Latin America တွင် ဝင်ငွေမညီမျှမှုသည် Asian (နှင့် Arican နိုင်ငံအနည်းငယ်) နိုင်ငံများထက် သိသိသာသာ မြင့်တက်လာနိုင်ကြောင်း ပုံတွင်ပြသထားပါသည်။ Malaysia နိုင်ငံတစ်ခုတည်းသာလျှင် Latin America နိုင်ငံအတွေ့အကြုံကဲ့သို့ အတော်လေးနီးကပ်လာသည်ဟု ထင်ရပါသည်။ ယင်းနိုင်ငံများတွင် နှိုင်းယှဉ်ချက်အရ ဝင်ငွေမညီမျှမှု မြင့်မားနေခြင်းအတွက် ဖွဲ့စည်းပုံဆိုင်ရာ အကြောင်းပြချက်များ ရှိကောင်းရှိနိုင်ပါသည်။

### ကားချပ် ၂က.၃ - အိမ်ထောင် တစ်စု ဝင်ငွေ - GINI ညွှန်းကိန် - အာဆီယံ၊ တရုတ်၊ အိန္ဒိယ၊ လက်တင် အမေရိကနှင့် မြောက် အာဖရိက နိုင်ငံများ (နိုင်ငံများအလိုက်)




ဇာစ်မြစ် - PovcalNet, World Bank (2013)

မှတ်ရန် - The per capita income is the average monthly per capita income/consumption expenditure(depends on available data in each country) from survey in 2005 PPP dollar

## ကားချပ် ၂က.၄.က - တစ်ဦးကျ GINI ဝင်ငွေ- အာဆီယံ၊ တရုတ်၊ အိန္ဒိယ၊ လက်တင်အမေရိက နှင့် မြောက်အာဖရိက နိုင်ငံများနှင့် ဆက်စပ်၍




Threshold inflection Per capita Income required to start lowering inequality:
**USD 260.4** (Monthly per capita) / **USD 3124.5** (annual per capita)

## ကားချပ် ၂က.၄.ခ - တစ်ဦးကျ GINI ဝင်ငွေ- အာဆီယံနိုင်ငံများနှင့် ဆက်စပ်၍




Threshold inflection Per capita Income required to start lowering inequality:
**USD 333** (Monthly per capita) / **USD 3996** (annual per capita)

## ကားချပ် ၂က.၄.ဂ - တစ်ဦးကျ GINI ဝင်ငွေ- အာဆီယံ နိုင်ငံများနှင့် ဆက်စပ်၍ (မလေးရှား မပါ)




Threshold inflection Per capita Income required to start lowering inequality:
**USD 143.65** (Monthly per capita) / **USD 1723** (annual percapita)

## ကားချပ် ၂က.၄.ဃ - တစ်ဦးကျ GINI ဝင်ငွေ- အာဆီယံနိုင်ငံများ (မလေးရှား မပါ)၊ အီဂျစ်၊ ဂါနာ၊ မော်ရိုကို၊ တရုတ်၊ အိန္ဒိယတို့နှင့် ဆက်စပ်၍




Threshold inflection Per capita Income required to start lowering inequality:
**USD 154.19** (Monthly per capita) / **USD 1850.3** (annual percapita)

ဇာစ်မြစ် - PovcalNet, World Bank (2013)

ကားချပ် ၂က.၄.က၊ ၂က.၄.ခ၊ ၂က.၄.ဂ နှင့် ၂က.၄.ဃ တို့တွင် sample or reference နိုင်ငံများအသုံးပြုပြီး သက်ဆိုင်ရာတစ်ဦးကျဝင်ငွေပြောင်းလဲမှု မတူခြားနားခြင်းနှင့်အတူ Kuzets curves အမျိုးမျိုးကို ဖော်ပြထားပါသည်။ ပိုမိုသာလွန်သော တစ်ကမ္ဘာလုံးဆိုင်ရာ အတွေ့အကြုံ [ Latin American နှင့် African နိုင်ငံများ + China နှင့် India] ပေါ်တွင် မူတည်ထားသည့် ခန့်မှန်းခြေထက်မြင့်စေကာမူ Malaysia နိုင်ငံအပါအဝင် (ကားချပ် ၂က.၄.ခ), ASEAN နိုင်ငံများ အတွေ့အကြုံပေါ် မူတည်သည့် တစ်ဦးကျဝင်ငွေ ကိုက်ညီ ပြောင်းလဲမှုသည် အမြင့်ဆုံးဖြစ်ကြောင်း ပုံများတွင် ဖော်ပြထားသည်။ တစ်ချိန်တည်းမှာပင် Malaysia အပါဝင် ASEAN အတွေ့အကြုံပေါ် မူတည်ထားသော အနိမ့်ဆုံးတစ်ဦးကျဝင်ငွေ ကိုက်ညီပြောင်းလဲမှု ကိုလည်း ပုံများတွင် ဖော်ပြထားပါသည်။ ဆိုလိုသည်မှာ Malaysia အပါ အဝင် ASEAN နိုင်ငံများ၏ ဖွဲ့စည်းပုံဆိုင်ရာ အကြောင်းအချက်အလက်များနှင့် တိုးတက်မှု ဖြစ်စဉ် စသည်တို့သည် Latin America ကဲ့သို့ အခြားသောဒေသများနှင့် နှိုင်းစာလျှင် ပိုမိုသာတူညီမျှ ရှိလာနိုင်ကြောင်း ဖြစ်သည်။

ကားချပ် ၂က.၄.ဂ ပေါ် အခြေခံ၍ Malaysia နှင့် Thailand နှစ်နိုင်ငံလုံးတွင် တစ်ဦးကျ ဝင်ငွေများသည် တစ်ဦးကျဝင်ငွေ ကိုက်ညီပြောင်းလဲမှုထက် ပို၍မြင့်နေသောကြောင့် ၎င်းနှစ် နိုင်ငံလုံးတွင် ယခုဆိုလျှင် ဝင်ငွေမညီမျှမှုသည် လောကသဘာဝအတိုင်း လျော့ကျလျက်ရှိ ပါသည်။ Philippines နိုင်ငံသည်လည်း ဝင်ငွေမညီမျှမှုနှင့်ပတ်သက်၍ လျှော့ချမှုအချို့ စတင်ဆောင်ရွက်လျက်ရှိသော်လည်း အသင့်အတင့်လောက်သာ ဆောင်ရွက်ခြင်းဖြစ်ပါ သည်။ Viet Nam နိုင်ငံတွင် ယခုအချိန်ထိ သိသာသော သာတူညီမျှတိုးတက်မှု အတွေ့ အကြုံတစ်ခုရှိပါသည်။ Indonesia နှင့် Lao PDR နိုင်ငံတို့၏ ဖွံ့ဖြိုးမှုလမ်းကြောင်းသည် နှိုင်းယှဉ်ညီမျှမှု အခြေတစ်ခု ပြထားသော်လည်း ယခုအချိန်ထိ မညီမျှမှု ပိုများနေသေးကြောင်း တွေ့ရပါသည်။

ASEAN နှင့် AMS အတွက် စိန်ခေါ်မှုတစ်ရပ်မှာ ပိုမိုညီမျှသော တိုးတက်မှုဖြစ်စဉ်တစ်ခု စဉ်ဆက်မပြတ်ရေး (သို့) ဖြစ်ထွန်းအောင်မြင်လာရေးဖြစ်ပါသည်။ သာတူညီမျှတိုးတက်ရေးကို အထောက်အကူပြုသော ကျိုးကြောင်းညီညွတ်ပြီး ကောင်းမွန်သည့်ရည်ညွှန်းရလဒ်မှာ- ၄၀ အောက်ငယ်သော (သို့) ၄၀နှင့် ညီသော (၁၀၀ တွင် ၄၀, ၁၀၀ သည် မညီမျှမှုအများဆုံး ဖြစ်သည်) GINI INDEX ရရှိရန်ဖြစ်သည်။ ဤဆိုလိုချက် အဓိပ္ပါယ်မှာ -

- Malaysia နှင့် Philippines နိုင်ငံတို့အနေဖြင့် ဝင်ငွေညီမျှမှု ပိုများလာစေရန် ပိုမို

လုပ်ဆောင်ရမည် ဖြစ်ပြီး၊ ၎င်းတို့၏ GNII index ကို ၄၀ နှင့် ၄၀အောက် လျှော့ချရလိမ့်မည်။

- Thailand အနေဖြင့် ၄၀ အောက်နိမ့်သော GINI index တစ်ခုဆီသို့ ဦးတည်သွားနေသည့် ၎င်း၏ ဖွံ့ဖြိုးမှုဖြစ်စဉ်ကို တစ်လျှောက်လုံး ထိန်းသိမ်းရမည်။

- Cambodia, Indonesia နှင့် Lao PDR နိုင်ငံတို့သည် ၎င်းတို့၏ GINI indices များကို ၄၀ထက်ပိုပြီးမတက်စေရန် ပိုမိုညီမျှသော တိုးတက်မှုလမ်းကြောင်းပေါ် ရောက်အောင် တာဝန်ယူ ဆောင်ရွက်ရမည်။

- Viet Nam သည် ၎င်း၏ နိုင်ငံသားတို့ညီမျှ တိုးတက်မှုလမ်းကြောင်းကို တစ်လျှောက်လုံး ထိန်းသိမ်းရမည်။

ပိုမိုညီမျှသော တိုးတက်မှုလမ်းကြောင်းတစ်ခုသည် တစ်နိုင်ငံလုံးပျမ်းမျှအနေဖြင့် လုပ်ခလစာကောင်းသော အလုပ်အကိုင်များမြင့်တက်လာခြင်း၊ ထုတ်လုပ်မှုတိုးတက်ခြင်းနှင့် ကိုက်ညီစွာ အမှန်လုပ်ခများမြင့်တက်လာခြင်း စသည်တို့နှင့် နိုင်ငံသားလျှင် ယေဘုယျအားဖြင့် လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဝင်ငွေများ ပိုမိုမြင့်တက်လာခြင်းကို ဖြစ်ပေါ်စေသည်။ Supply side ဘက်မှကြည့်လျှင် ကျွမ်းကျင်ပြီး ပညာတတ်သော၊ ကျန်းမာသောလုပ်သားပြည်သူများ ကဏ္ဍတွင်လည်း ရင်းနှီးမြှုပ်နှံမှု ပိုမိုအားကောင်းလာပါသည်။

၄။ Intra – ASEAN ကုန်သွယ်ရေးဝေစုမြှင့်တင်ခြင်းမှသည် total ASEAN ကုန်သွယ်ရေးဆီသို့၊ လတ်တလော ၂၅% မှ ၂၀၃၀ ခုနှစ် ၃၀% သို့

*"ပိုမိုစည်းလုံးပြီး စီးပွားရေးအရ ပေါင်းစည်းမှုကောင်းဆီသို့ ကျွန်ုပ်တို့ဦးတည်ရွေ့လျားကြမည် ..."* 1997 ASEAN vision 2020, p.3

*"...ASEAN အသိုက်အဝန်းထူထောင်မှု အရှိန်အဟုန်ကောင်းရရှိရန် ကျွန်ုပ်၏ကတိကဝတ်ကို ပြန်လည်အတည်ပြုကြမည်"* Cha – Am Hua Hin Declartaion on the Roadmap for the ASEAN Community (2009 – 2015) , p.1

စုစုပေါင်း ASEAN trade တွင် intra – ASEAN trade ဝေစုရှယ်ယာပါဝင်မှုသည် ၁၉၉၃ ခုနှစ်တွင် ၂၅.၁%၊ ၂၀၀၃ ခုနှစ်တွင် ၂၄.၅% နှင့် ၂၀၁၁ ခုနှစ်တွင် ၂၅% အသီးသီးရှိခဲ့ပါသည်။ (ASEAN Economic Community Chart book 2012, p.20) ထို့ကြောင့် intra – ASEAN trade share သည် လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုအတွင်း total ASEAN trade ၏ ၂.၅% နီးပါးပုံသေနှုန်းဖြင့် ရှိနေခဲ့ပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုကို ပြန်စဉ်းစားကြည့်လျှင် ASEAN တွင် သိသိသာသာဒေသတွင်းပေါင်းစည်းရေး ဦးဆောင်လှုပ်ရှားမှု၊ အတော်များများတွင် ပါဝင်သောအရာများမှာ -အစောပိုင်း ASEAN 6 နိုင်ငံများ၌ intra – ASEAN tariffs များ လျှော့ချရေးအစီအစဉ်များနှင့် ယခုထိတိုင် ထိရောက်မှုသိပ်မရှိသကဲ့သို့ ထင်ရသော ASEAN ဒေသတွင်း ပေါင်းစည်းရေး လှုပ်ရှားမှုများ၏ ပုံသေ intra – ASEAN trade share အကြောင်း တွေ့ရပါမည်။

သို့သော် ဤအချက်သည် မှားယွင်းသော အနက်အဓိပ္ပါယ်ကောက်ချခြင်းသာ ဖြစ်ပါသည်။ အမှန်စင်စစ် အပေါင်းလက္ခဏာ အနက်အဓိပ္ပါယ်ဖော်ဆောင်မှုနှင့် အတော်လေး အနည်းငယ် ကွာခြားမှုဆီသို့ ဦးတည်သလိုဖြစ်နေသည်။ ကားချပ် ၂က.၅ တွင် ၁၉၉၀ နှစ်များ အစောပိုင်း AMS တစ်နိုင်ငံချင်းဆီ၏ ကုန်သွယ်ရေးလမ်းကြောင်းကို ဖော်ပြထားသည်။ AMS သုံးနိုင်ငံသည် ASEAN ပေါ်တွင် အလွန်အမင်းမှီခို အားထားရနေခြင်းမှာ non – ASEAN export markets အထူးသဖြင့် Cambodia နှင့် Lao PDR, Myanmar နိုင်ငံသည်လည်း အနာဂတ်ကာလတွင် sanctions against ကြောင့် နိုင်ငံကို ထိရောက်သော တိုးတက်မှုကောင်းရရှိစေခြင်းများ လမ်းပွင့်လာသောအခါ ယင်းတို့၏ကုန်သွယ်ရေးသည် ယင်းတို့ ယုံကြည်အားထားသကဲ့သို့မဟုတ်ဘဲ သိသိသာသာ ကျဆင်းသွားသောကြောင့်ဖြစ်သည်။ Viet Nam နိုင်ငံသည်လည်း ASEAN မှနေ၍ အမယ်စုံပစ္စည်းအမျိုးမျိုး ရယူလျက်ရှိသလို ယင်း၏ အချို့သောအဓိကပို့ကုန်များကို ASEAN ပြင်ပဒေသများသို့ အရှိန်အဟုန်နှင့် တင်ပို့နေပါသည်။ (ဥပမာ-အဝတ်အထည်များ၊ ဖိနပ်များ)

ဆန့်ကျင်ဘက်အားဖြင့် CLMV နိုင်ငံများ၊ Indonesia, Philippines နှင့် Thailand နိုင်ငံတို့တွင် ပို့ကုန်နှင့်သွင်းကုန် ကဏ္ဍနှစ်မျိုးလုံးနှင့်ပတ်သက်၍ ၎င်းတို့၏ ASEAN ချိတ်ဆက်မှု အားကောင်းစေရန် တိုးမြှင့်ခဲ့သည်။ Malaysia နှင့် Singapore (၁၉၉၀ နှစ်များအစောပိုင်းတွင် intra- ASEAN trade ကို ချုပ်ကိုင်လွှမ်းမိုးနိုင်သောနိုင်ငံများ) နိုင်ငံများအနေဖြင့် ယင်းတို့၏ ASEAN share တွင် Malaysia အနေဖြင့် သွင်းကုန်များကို လည်းကောင်း၊ Singapore အနေဖြင့် ပို့ကုန်များကိုလည်းကောင်း တိုးချဲ့ဆောင်ရွက်ခဲ့သည်။ Integrative Report တွင်

AMS trade ၏ ASEAN shares ပြောင်းလဲမှု များနေခြင်းသည် AMS နိုင်ငံတစ်ခုချင်းစီ၏ နှိုင်းယှဉ်အကျိုးကျေးဇူး (Comparative adavantage) ဆိုင်ရာ ကုန်သွယ်ရေးဦးလှည့်ခြင်းကို ထင်ဟပ်စေပါသည်။ ASEAN နိုင်ငံများ အတွင်း၊ East Asia နိုင်ငံများအတွင်းနှင့် နိုင်ငံတကာ (အထူးသဖြင့် ဖွံ့ဖြိုးပြီးအနောက် နိုင်ငံများ)တွင် ဈေးကွက်ချဉ်းကပ်နိုင်မှု စွမ်းရည်တိုးတက်လာခြင်းအားဖြင့် ထိုနှိုင်းယှဉ်အကျိုး ကျေးဇူးကို တစ်စိတ်တစ်ဒေသ ပံ့ပိုးပေးခဲ့သည်။

## ကားချပ် ၂က.၅ - အာဆီယံ အဖွဲ့ဝင် နိုင်ငံ တစ်ခုချင်းစီ၏ စုစုပေါင်း ကုန်သွယ်မှုတွင် အာဆီယံ ကုန်သွယ်ရေး (ပို့ကုန်/ သွင်းကုန်) ပါဝင်မှုအချိုး




ရင်းမြစ် - ARIC ADB Indicator (2013)

မည်သို့ပင်ဆိုစေကာမူ ASEAN အသိုက်အဝန်းဦးဆောင်မှုအောက်တွင် ASEAN နိုင်ငံများ အတွင်း ပိုမိုလေးနက်သော စီးပွားရေးပေါင်းစည်းမှုသည် အရေးပါသော သရုပ်သဏ္ဍာန် တစ်ခုအဖြစ် မှတ်ယူလျက် လတ်တလော ၂၅%မှ ၂၀၃၀ တွင် ၃၀%နီးပါးမျှ အနာဂတ်ကာလ total ASEAN trade တွင် intra-ASEAN share ပိုများလာစေရန် ရည်ရွယ်ထားပါသည်။ သို့သော် ဆယ်စုနှစ်တစ်ခုခွဲကာလအတွင်း total ASEAN trade တွင် intra – ASEAN trade

share ရာခိုင်နှုန်း၏ ၂၀%ကို တိုးတက်မှုရှိခြင်းသည် လွယ်တော့မလွယ်ကူပေ။ အဘယ်ကြောင့်ဆိုသော် ASEAN + 1 FTAS နှင့် ဒေသလုံးအကျုံးဝင်စီးပွားရေးအစုစပ်[Regional Comprehensive Economic Partnership (RCEP)] တို့၏ အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း အခြား East Asia နိုင်ငံများမှ products နှင့် နှိုင်းယှဉ်လျှင် ASEAN products အတွက် အစွန်းထွက်အနည်းငယ်မျှသော tariff preference ရှိနေခြင်းကြောင့် ဖြစ်ပါသည်။ ဤသို့ဖြစ်ခြင်းကြောင့်၊ ASEAN firms များအနေဖြင့် import sources or export destinations ကို ASEAN နိုင်ငံများမှ အခြားသော East Asia နိုင်ငံများဆီသို့ လမ်းလွှဲရန် incentive အတော်လေးနည်းပါး ပါလိမ့်မည်။ [6]

ထို့ကြောင့် intra – ASEAN trade share တိုးလာခြင်းသည် ASEAN အတွင်း ဒေသဆိုင်ရာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေး (production နှင့် distribution) ကွန်ရက်များ အချင်းချင်း ချိတ်ဆက်မှုအားပိုကောင်းလာခြင်း၊ ဒေသတွင်း supply chains အသစ်များ ဖန်တီးပေးခြင်းနှင့် လူလတ်တန်းစားသုံး အမျိုးမျိုးသော နောက်ဆုံးသုံးကုန်စည်များတွင် intra – industry trade သိသိသာသာတိုးလာခြင်း စသည်တို့ပေါ် ပေါက်လာလိမ့်မည်။ ယင်းဖွံ့ဖြိုးတိုးတက်မှုများတွင် ဒေသတွင်းထိရောက်သော ကုန်စည်အပြောင်းအရွှေ့၊ ပိုမိုတိုးတက်သော အဆက်အသွယ်ကောင်း၊ ပိုမိုသဟဇာတဖြစ်သောစံနှုန်းများနှင့် နည်းပညာဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့်/သို့မဟုတ် တိုးတက်ပြီး ထိရောက်ကိုက်ညီမှုရှိသော အကဲဖြတ်လုပ်ထုံးလုပ်နည်း များနှင့် ASEAN consumers များ သတင်းအချက်အလက်ကောင်းများ ပိုမိုရရှိခြင်းနှင့် အခြားသော ASEAN အဖွဲ့ဝင်နိုင်ငံများမှ ထုတ်သော products အမျိုးမျိုးနှင့် brands အမျိုးမျိုးကို ASEAN consumers များအနေဖြင့် လက်ခံသုံးစွဲလာနိုင်ခြင်း စသည့်အချက်များ လိုအပ်ပါသည်။

၅။ ၂၀၃၀ ခုနှစ် total trade, GDP တို့၌ သိသာစွာမြင့်တက်လာသော ASEAN share နှင့် ဖွံ့ဖြိုးဆဲ စီးပွားရေးလုပ်ငန်းများဆိုင်ရာ FDI နှင့် ကမ္ဘာ့ FDI

" ယှဉ်ပြိုင်မှုမြင့်မားသော ASEAN စီးပွားရေးဒေသကြီးတစ်ခု ဖန်တီးအံ့"1997 ASEAN Vision 2020,p.3

[6]The baseline simulation results of Itakura (2013) show that the share of intra-ASEAN trade to total ASEAN trade would NOT increase to 30 percent by 2030 assuming that tariffs in RCEP region go down to zero and services trade barriers and trade costs are reduced significantly. This can be attributed to theelimination of trade diversion effect from AEC given the implementation of RCEP. Nonetheless, Itakura'sassumptions do not include the possible intra-ASEAN trade creation effect of improved intra-ASEAN connectivity, more facilitative standards and conformance, regulatory coherence, etc. that deeper AEC aims to achieve.

Total trade, GDP နှင့် ဖွံ့ဖြိုးဆဲစီးပွားရေးလုပ်ငန်းများ၏ FDI နှင့် တစ်ကမ္ဘာလုံးဆိုင်ရာ FDI တို့တွင် ASEAN ၏ share ကို ခိုင်လုံကောင်းမွန်သော သက်ရောက်မှု indicators များအဖြစ် မှတ်ယူနိုင်ပါသည်။ ထို့ကြောင့် အကြံပြုရမည်ဆိုလျှင် developing world တွင် ယှဉ်ပြိုင်မှု အားကောင်းသော ထုတ်လုပ်ခြင်း၊ တင်ပို့ခြင်းအဓိကပြုလုပ်သော၊ FDI destinations နိုင်ငံများနှင့် နှိုင်းယှဉ်နိုင်စွမ်းရှိသည့် ASEAN ဖြစ်ပါသည်။

ဇယား ၂က.၃ တွင် ASEAN အနေဖြင့် အခြားသော ယှဉ်ပြိုင်ဘက်ဒေသများနှင့် နိုင်ငံများ ဖြစ်သော BSEC ဒေသ [China, India, Black Sea Economic Cooperation (BSEC) region] နှင့် LAIA ဒေသ [the Latin American Integration Area (LALA)] တို့နှင့် နှိုင်းယှဉ်ချက်များ၊ ASEAN shares များကို ဖော်ပြထားပါသည်။

## ဇယား ၂က.၃ - ဖွံ့ဖြိုးဆဲ စီးပွားရေးများ အားလုံးနှင့် ကမ္ဘာတွင် GDP, ကုန်သွယ်ရေးနှင့် FDI တို့ ပါဝင်မှု အချိုးအစား - အာဆီယံနှင့် ရွေးချယ်ထားသော ပါတနာများ

| Indicator | Country/ Grouping | Share to All Developing Economies (in %) | | | Share to the World (in %) | | |
|---|---|---|---|---|---|---|---|
| | | 1990-1992 | 1999-2001 | 2009-2011 | 1990-1992 | 1999-2001 | 2009-2011 |
| Real GDP Share | ASEAN | 8.6 | 8.6 | 8.1 | 1.5 | 1.8 | 2.3 |
| | China | 10.7 | 17.2 | 26.5 | 1.9 | 3.6 | 7.6 |
| | India | 6.5 | 7.2 | 8.4 | 1.2 | 1.5 | 2.4 |
| | ROK | 7.1 | 8.0 | 6.9 | 1.3 | 1.7 | 2.0 |
| | BSEC | 14.6 | 15.7 | 14.0 | 2.6 | 3.3 | 4.0 |
| | LAIA | 30.9 | 26.4 | 20.8 | 5.5 | 5.6 | 6.0 |
| Trade Share | ASEAN | 19.3 | 20.2 | 15.9 | 4.7 | 5.9 | 6.4 |
| | China | 7.7 | 12.2 | 23.6 | 1.9 | 3.6 | 9.4 |
| | India | 2.3 | 2.5 | 4.7 | 0.6 | 0.7 | 1.9 |
| | ROK | 8.3 | 8.1 | 7.1 | 2.0 | 2.4 | 2.9 |
| | BSEC | 6.8 | 9.0 | 11.5 | 1.7 | 2.7 | 4.6 |
| | LAIA | 14.3 | 17.1 | 13.2 | 3.5 | 5.0 | 5.3 |
| FDI Inflow Share | ASEAN | 31.8 | 10.6 | 13.1 | 7.6 | 2.4 | 5.8 |
| | China | 13.9 | 17.9 | 17.6 | 3.7 | 4.1 | 7.8 |
| | India | 0.4 | 1.6 | 5.0 | 0.1 | 0.4 | 2.2 |
| | ROK | 2.2 | 3.0 | 1.6 | 0.5 | 0.6 | 0.7 |
| | BSEC | 5.5 | 3.8 | 11.9 | 1.4 | 0.9 | 5.3 |
| | LAIA | 25.6 | 31.9 | 17.7 | 6.5 | 7.1 | 7.9 |
| FDI Inward Stock share | ASEAN | 13.0 | 14.6 | 17.0 | 3.2 | 3.4 | 5.3 |
| | China | 4.8 | 11.2 | 9.4 | 1.2 | 2.6 | 3.0 |
| | India | 0.3 | 1.0 | 3.1 | 0.1 | 0.2 | 1.0 |
| | ROK | 1.1 | 2.7 | 2.1 | 0.3 | 0.6 | 0.7 |
| | BSEC | 3.4 | 5.0 | 14.0 | 0.8 | 1.2 | 4.4 |
| | LAIA | 20.7 | 24.2 | 21.8 | 5.1 | 5.7 | 6.8 |

ဇာစ်မြစ် - UNCTAD Stat (2013)

ပြည်ပကုန်သွယ်ရေးတွင် ဖွံ့ဖြိုးဆဲစီးပွားရေးလုပ်ငန်းများ၏ total trade တွင် ASEAN share

သည် ၁၉၉၀ နှစ်များအစောပိုင်းတွင် ၁၉.၃% မှ ၂၀၀၉ - ၂၀၁၁ အတောအတွင်း ပျမ်းမျှ ၁၅.၉% သို့ ကျဆင်းသွားခဲ့သည်။ ယင်းကျဆင်းမှုသည် ဖွံ့ဖြိုးဆဲစီးပွားရေးလုပ်ငန်းများ၏ စုစုပေါင်းကုန်သွယ်မှုတွင် China ပါဝင်မှုသည် ပျမ်းမျှ ၇.၇% သာရှိသော ၁၉၉၀ နှစ် အစောပိုင်းကာလများနှင့် နှိုင်းယှဉ်လျှင် ၂၀၀၀ ခုနှစ်များနောက်ပိုင်းတွင် ရုတ်တရက် တိုးလာခြင်းကြောင့်ဖြစ်သည်။ India နှင့် BSEC တို့၏ shares များသည်လည်း ၁၉၉၀နှစ်များ အစောပိုင်းတွင် ကျဆင်းနေခဲ့သော်ငြား ၂၀၀၀ နှစ်များ နောက်ပိုင်းတွင် တိုးခဲ့ပါသည်။

ASEAN သည် ကံကြမ္မာ အလှည့်အပြောင်းများကို ရည်ရွယ်ချက်ထား လုပ်ဆောင်နိုင်သလား၊ ဖွံ့ဖြိုးဆဲစီးပွားရေးလုပ်ငန်းများတွင် ယင်း၏စုစုပေါင်းကုန်သွယ်မှု share ကို ၂၀% (၂၀၃၀ တွင် ၁၉% နီးပါး ပျမ်းမျှ ASEAN share) မြှင့်တင်နိုင်သလား? ထိထိမိမိပြောရလျှင် ၁၉၀၀ နှစ်များအစောပိုင်းတွင် ASEAN သည် ၎င်း၏ဆုံးရှုံးသွားသော developing economies အားလုံး၏ စုစုပေါင်းကုန်သွယ်မှု share ကို ပြန်လည်ရယူနိုင်လိမ့်မည်ဟု ဆိုလိုပါသည်။ ဤသို့ လုပ်ခြင်းသည် အမှန်တကယ်စိန်ခေါ်မှုကြီးတစ်ခု ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ASEAN international trade သည် China နှင့် ဖွံ့ဖြိုးဆဲနိုင်ငံ အတော်များများထက် ပိုမိုလျင်မြန်စွာ တိုးတက်လာနိုင်ဖွယ်ရှိခြင်းကြောင့် ဖြစ်သည်။ သို့သော် China တွင် Rising Cost ရှိလာနိုင်ခြင်းနှင့် နိုင်ငံတွင်း၌ ပြည်တွင်းဈေးကွက် အလေးပေးကြီးထွားလာနိုင်ခြင်းများ လည်း ဖြစ်ပေါ်နိုင်ပါသည်။ ASEAN နိုင်ငံများအတွင်း စီးပွားရေးအရ ပိုမိုပေါင်းစည်းခြင်းများ ရှိလာခြင်းသည် developing economies များ၏ စုစုပေါင်းကုန်သွယ်မှုတွင် ASEAN ဒေသကြီး ၏ share ကို မြှင့်တင်ပေးနိုင်လိမ့်မည်ဟု မျှော်မှန်းထားသည်။

မည်သို့ဆိုစေ၊ ASEAN အနေဖြင့် ၎င်း၏ မူလအမည်ဂုဏ်သတင်းကို ပြန်လည်ရရှိအောင် ကြိုးပမ်းချက်များသည် နိုင်ငံတကာပြယုဂ်တွင် ဒေသကြီး၏ ယှဉ်ပြိုင်နိုင်စွမ်း သိသိသာသာ တိုးတက်လာစေရန် လိုအပ်ချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရန်မှာ အမှန်စင်စစ်တွင် ခက်ခဲသောအရာတစ်ခု ဖြစ်သည်။ အလယ်အလတ်ရည်ညွှန်းရလဒ် (A moderate indicative outcome) ဆိုသည်မှာ developing economies ၏ total trade တွင် ASEAN share ၁၀% ခန့်နှင့် တိုးခြင်းဖြင့် လက်ရှိ ၁၅.၉% မှ ၂၀၃၀တွင် ၁၇.၅% နီးပါးသို့ ရောက်ရှိလိမ့်မည်။

ကုန်ထုတ်လုပ်မှုအပိုင်း၌ developing economies အားလုံး၏ total GDP တွင် ASEAN share သည် ၁၉၉၀ နှစ်များအစောပိုင်းတွင် ၈.၆% နီးပါးရှိနေရာမှ ၂၀၀၉ -၂၀၁၁

အတောအတွင်း ၈.၁%နီးပါးသို့ ကျဆင်းသွားခဲ့သည်။ ၁၉၉၀ နှစ်များအစောပိုင်း share ထက်သာလွန်သော၊ ၂၀၃၀ တွင် ၎င်း၏ share ကို ၁၀% နှင့် တိုးခြင်းဖြင့် ၈.၉%ရရှိစေရန် ASEAN အနေဖြင့် ရည်ရွယ်လုပ်ဆောင်နိုင်ပါသလား? တကယ်တမ်းတွင် လုပ်ဆောင်ရန် အလွန်ခက်ခဲသောအရာဖြစ်ရခြင်းမှာ ဒေသတွင်း၌ China ၏ တိုးတက်မှုသည် အမြင့်ဆုံး အနေအထားတွင် ရှိမြဲရှိနေခြင်း၊ India နှင့် Africa သည်လည်း share ပိုမိုရရှိရန် အလား အလာရှိနေခြင်းတို့ကြောင့် ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ ဇယား ၂က.၃ တွင် AMS နိုင်ငံများ၏ indicative target growth rates များသည် developing economies အားလုံး၏ စုစုပေါင်း GDP တွင် ASEAN share တိုးတက်လာဖွယ်ရှိခြင်းကို ဖော်ပြထားပါသည်။ သတ်မှတ် ထားသော ရည်ညွှန်းရလဒ် (indicative outcome) တွင် developing economies အားလုံးဆီသို့ ASEAN ၏ စုစုပေါင်း FDI စီးဝင်မှု share ကို သိသိသာသာ မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်ချက်သည် အလွန်အရေးကြီးလှပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုတွင် ASEAN share သည် ၁၉၉၀ နှစ်များ အစောပိုင်းတွင် ၃၁.၈% အတော်အတန်မြင့်နေရာမှ ၂၀၀၉ - ၂၀၁၁ အတောအတွင်း၌ ၁၃% နီးပါးသို့ သိသိသာသာ ကျဆင်းခဲ့ရသည်ကို တွေ့ရ သည်။ China နှင့် India နိုင်ငံများ picture တွင် အတော်အတန် ပါဝင်မှုမရှိတော့သောအခါ ၁၉၉၀ နှစ်များ အစောပိုင်းဆောင်ရွက်မှုဆီသို့ ပြန်လည်သွားရန် တကယ်လက်တွေ့မဖြစ် နိုင်ပေ။

ပို၍လက်တွေ့ကျကျ ဆောင်ရွက်မှုမှာ - ၂၀၂၀ နှစ်များ နှောင်းပိုင်း (သို့) ၂၀၃၀ တွင် ၂၀% နီးပါးနှင့် share တိုးခြင်းဖြင့် ၁၅.၆%နီးပါး share တိုးလာလိမ့်မည်။ ယင်း share သည် ၂၀၀၀ နှစ်များ China's performance အောက်လျော့နည်းနေရသေးသည့်အကြောင်းမှာ Africa နိုင်ငံကဲ့သို့သာ အခြား regions များသည် FDI အတွက် major competitors ဖြစ်လာစရာအကြောင်းရှိသောကြောင့်ဖြစ်ပါသည်။ ဤနေရာတွင်ပို၍အရေးကြီးသောအချက် မှာ တစ်ကမ္ဘာလုံးဆိုင်ရာ FDI စီးဝင်မှုတွင် ASEAN ၏ share ကဏ္ဍဖြစ်သည်။ ၁၉၉၀ နှစ်များတွင် global share ၏ ၇.၆% သော FDI စီးဝင်မှု လိုအပ်လျက်ရှိပြီး၊ ယခုလက်ရှိဖွံ့ဖြိုး ပြီးနိုင်ငံများတွင် emerging markets or developing economies ကို ဦးစားပေးသော FDI စီးဝင်မှု share သိသိသာသာ လျော့နည်းမှု ရှိနေခဲ့သည်။

အထက်တွင်ပြောခဲ့သော FDI နှင့်ပတ်သက်၍ ထက်သန်သော ရည်မှန်းချက်မှာ - ASEAN သည် investment destination ကို သိသာထင်ရှားစွာ ဆွဲဆောင်ရန်လိုအပ်သည်။ ထိုအတွက်ဆိုလျှင် အောက်ဘက်တွင် ဆက်လက်လေ့လာမည်။

*၆။ နောက်ကျကျန်နေသော (Lagging) ASEAN အဖွဲ့ဝင်နိုင်ငံများတွင် စီးပွားရေးလုပ်ကိုင်ဆောင်ရွက်မှု၊ ထောက်ပံ့ပို့ဆောင်ရေး အစီအမံဆောင်ရွက်ချက်နှင့် တစ်ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်မှုအညွှန်းကိန်းများနှင့် ပတ်သက်၍ လွယ်ကူအဆင်ပြေစေရန် နိုင်ငံတကာရပ်တည်မှု (scoring and ranking) သိသိသာသာမြှင့်တင်ခြင်း : AMS အားလုံး ထိပ်ဆုံးအဆင့် ထက်ဝက်နေရာတွင် ပါဝင်နေစေရန်နှင့် AMS အများစုသည် ၂၀၂၀ နှစ်များအစောပိုင်းတွင် ထိပ်ဆုံးအဆင့် တတိယနေရာတွင် ပါဝင်နေစေရန် ရည်မှန်းလုပ်ဆောင်ခြင်း။*

*Global innovation index တွင် AMSs ranking နှင့် scoring ကို သိသိသာသာမြှင့်တင်ခြင်း: AMS အများစုသည် ၂၀၂၀ နှစ် နှောင်းပိုင်းများတွင် globl ranking ၏ ထိပ်ဆုံးအဆင့် ထက်ဝက်နေရာတွင်ရောက်ရှိနေစေရန် ရည်ရွယ်ခြင်း။*

*"စဉ်ဆက်မပြတ် အရင်းအနှီးသစ်များစီးဝင်ခြင်းနှင့် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းများသည် ASEAN economies ၏ dynamic development ကို မြှင့်တင်ပေးလိမ့်မည်၊ သေချာအောင်ပြုလုပ်လိမ့်မည်" Roadmap for an ASEAN Community 2009-2015, p.27.*

Investment and operations နှစ်ခုလုံးအတွက် business environment တစ်ခုသည် firms အထူးသဖြင့် transnational firms များအနေဖြင့် ယင်းတို့၏ operations လုပ်ရန် နေရာအတည်တကျ ဆုံးဖြတ်ချက်ချရာတွင် အရေးပါလှသည်။ လူသိများကျော်ကြားသော indices နှင့် indicators များ ပေါ်ထွက်လာရန်အတွက် ထိုအချက်သည် a key reason ဖြစ်သည်။ နိုင်ငံအများစုသည် ထို indices များကို ယင်းတို့၏ business environments တိုးတက်ကောင်းမွန်စေရေးအသုံးပြုကြပြီး၊ ဤနည်းဖြင့် အခြားသူများအကြားတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရယူရန် ၎င်းတို့ကို အကူအညီပြန်ရစေသည်။ လူသိများကျော်ကြားသော indicies နှင့် indicators များကို ဇယား ၂က.၄ တွင် ဖော်ပြထားပါသည်။

ဇယား ၂က.၄ တွင် AMS နိုင်ငံများ၏အဆင့် (rating) နှင့် အလွှာ (ranking) ကို လူသိများကျော်ကြားသော indices နှင့် indicators ဖြင့်ဖော်ပြထားသည်။ Table တွင် AMS နိုင်ငံများအကြား အလွန်အမင်း အလှမ်းကွာသော ပျံ့နှံ့မှုတစ်ခု (ကမ္ဘာ့အကောင်းဆုံးမှ အနိမ့်ဆုံး ranking အကြားကွာခြားချက်) ရှိနေသည်။ နောက်ကျကျန်နေသော AMS များ တွေ့ကြုံရမည့်စိန်ခေါ်မှုတစ်ခုမှာ ယင်းတို့၏ ratings နှင့် rankings များ အတော်အတန် တိုးတက်လာစေရန် ကြိုးပမ်းရမည့်အချက်ဖြစ်သည်။ Table ဖော်ပြချက်အရ၊ Singapore

သည် ကမ္ဘာတွင် ပထမအမြင့်ဆုံးနေရာ ဟုတ်၊ မဟုတ်လျှင် ဒုတိယအမြင့်ဆုံးနေရာတွင် ရှိနေသည်။

Malaysia နှင့် Thailand တို့သည် ကမ္ဘာ့ top 20 percent အကြားတွင်ရှိနေသည်။ Lao PDR နှင့် Myanmar နိုင်ငံတို့သည် ကမ္ဘာ့နောက်ဆုံးအဆင့် တတိယနေရာတွင် ပါဝင်နေပါသည်။ AMS နိုင်ငံများ သည် Ease of Doing Business ထက် Logistics Performance Index တွင် rank ပိုကောင်းခြင်းဘက် သို့ ဦးတည်နေသည်ကို တွေ့ရသည်။ စင်စစ်တွင် Indonesia နှင့် Philippines နိုင်ငံများအနေဖြင့် ပိုမိုကောင်းမွန်သော ဆောင်ရွက်ချက်အတော်အတန်ရှိသည့် logistics performance နှင့် global competitiveness indices တို့နှင့် နှိုင်းယှဉ်လျှင် ease of doing business ranking တွင် အားနည်းနေပါသည်။ တစ်ချိန်တည်းမှာပင် Indonesia, Philippines နှင့် Cambodia တို့သည် global competitiveness တွင် ၎င်းတို့၏ rankings သည် အများဆုံးရွေ့ပြောင်းနိုင်ငံများ ဖြစ်ကြသည်။

Indices များ၏ မပြည့်စုံခြင်းများရှိသော်လည်း ဇယား ၂က.၄တွင် AMS နိုင်ငံများ၏ ease of doing business environment တိုးတက်စေရန် ဆောင်ရွက်ရန်များရှိနေသည်ဟု အကြံပြုထားသည်။ တစ်ချိန်တည်းမှာပင် AEC Blueprint ဆိုင်ရာ meausures အများစုနှင့် စီးပွားရေးပေါင်းစည်းရုံသာမက ဒေသတွင်း business environment တိုးတက်ကောင်းမွန်စေရန်အတွက်ပါ ASEAN အနေဖြင့် လုပ်ဆောင်ရမည့်အခြားပဏာမ ဆောင်ရွက်မှုများကို လည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ratings နှင့် rankings များတိုးတက်လာရေး ရည်မှန်းချက်သည် လက်တွေ့မဖြစ်မြောက်သောအရာမဟုတ်၊ အခြေခံမကျခြင်းလည်း မဟုတ်ပေ။

## ဇယား ၂က.၄ - အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးပတ်ဝန်းကျင် အညွှန်းကိန်း အဆင့်နှင့် ရမှတ်များ

| Country | Logistics Performance Index | | | | Global Competitiveness Index | | | | Doing Business Indicator: Rank | |
|---|---|---|---|---|---|---|---|---|---|---|
| | 2007 | | 2012 | | 2006 | | 2013 | | | |
| | Rank | Score | Rank | Score | Rank | Score | Rank | Score | 2006 | 2013 |
| Brunei | N/A | N/A | N/A | N/A | 39 | 4.54 | 26 | 4.95 | 78 | 79 |
| Cambodia | 81 | 2.5 | 101 | 2.56 | 105 | 3.44 | 88 | 4.01 | 133 | 133 |
| Indonesia | 43 | 3.01 | 59 | 2.94 | 54 | 4.18 | 38 | 4.53 | 115 | 128 |
| Lao PDR | 117 | 2.25 | 109 | 2.5 | N/A | N/A | 81 | 4.08 | 147 | 163 |
| Malaysia | 27 | 3.48 | 29 | 3.49 | 19 | 5.15 | 24 | 5.03 | 21 | 12 |
| Myanmar | 147 | 1.86 | 129 | 2.37 | N/A | N/A | 139 | 3.23 | N/A | N/A |
| Philippines | 65 | 2.69 | 52 | 3.02 | 75 | 3.98 | 59 | 4.29 | 113 | 138 |
| Singapore | 1 | 4.19 | 1 | 4.13 | 8 | 5.46 | 2 | 5.61 | 2 | 1 |
| Thailand | 31 | 3.31 | 38 | 3.18 | 28 | 4.76 | 37 | 4.54 | 20 | 18 |
| Vietnam | 53 | 2.89 | 53 | 3 | 64 | 4.09 | 70 | 4.18 | 99 | 99 |
| China | 30 | 3.32 | 26 | 3.52 | 34 | 4.55 | 29 | 4.84 | 91 | 91 |
| India | 39 | 3.07 | 46 | 3.08 | 42 | 4.47 | 60 | 4.28 | 116 | 132 |
| Total Countries | 150 | | 155 | | 2006:122/ 2008:134 | | 148 | | 2006: 155/ 2008: 178 | 185 |

မှတ်ရန် - *=The Data for Brunei for Global Competitiveness Index and Doing Business Indicator are only available from 2008.

ဇာစ်မြစ် - The World Bank (2013)

ထို့ကြောင့် AMS များအတွက် indicative outcome ဆိုသည်မှာ AMS အားလုံးတို့သည် ယင်းဖော်ပြပါ indicators များတွင် ထိပ်ဆုံးအဆင့် ထက်ဝက်အလွှာများ (top half of the rankings) တွင် ရှိနေရန် လိုအပ်သည်ဟု အဆိုပြုထားသည်။ ထို့အပြင် 3 AMS သည် ထိပ်ဆုံးအဆင့် တတိယနေရာတွင်ရှိနှင့်ပြီး၊ AMS အားလုံးမဟုတ်သော်မှ AMS အများစု

သည် ၂၀၂၀ နှစ်များအစောပိုင်းတွင် ကမ္ဘာ့နိုင်ငံများအလယ်၌ ထိပ်ဆုံးအဆင့် တတိယနေရာတွင်ရှိပါသည်။ သတိပြုရန်မှာ target date သည် ၂၀၂၀ နှစ်များအစောပိုင်းကာလဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် sustained high growth ရရန် high investment လိုအပ်သည်။ တဖန်ပြန်၍ high investment ရရန် improved business environment များများစားစား လိုအပ်သည်။ ထို့ကြောင့် အထူးသဖြင့် နောက်ကျကျန်နေသော AMS နိုင်ငံများတွင် business environment သိသိသာသာခပ်စောစော တိုးတက်ကောင်းမွန်လာစေရန် လိုအပ်ချက်တစ်ခုရှိနေပါသည်။

ကုန်ထုတ်လုပ်မှုစွမ်းရည်တိုးတက်ရေးနှင့် AMSS ၏ ရေရှည်အရွေ့တွန်းအားများ ဖော်ဆောင်ရေးတို့အတွက် နည်းပညာလက်ခံခြင်း (adaptation) နှင့်ဖြန့်ဝေခြင်း (diffusion) နှင့် တီထွင်ဆန်းသစ်ခြင်း (innovation) စသည်တို့သည် အရေးပါလှပါသည်။ AMS အနေဖြင့် ၎င်းတို့၏နည်းပညာဆိုင်ရာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ capability ကို တိုးတက်အောင် တညီတညွတ်တည်း စုပေါင်းကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ AMS အားလုံးမဟုတ်သော်ငြား AMS အများစုသည် ၂၀၂၀ နှစ်နှောင်းပိုင်းများတွင် global innovation index တွင် ထိပ်ဆုံးအဆင့်ထက်ဝက်နေရာ ပိုင်ဆိုင်ထားသည်ဟု အဆိုပြုထားသည်။ AMS အနေဖြင့် global innovation index တွင် ယင်းတို့၏ global rankings နေရာတွင် တိုးတက်လျက်ရှိနေသော်လည်း ပြီးစီးအောင် ဆောင်ရွက်မှုပြုရန် အတော်လေး လိုအပ်ချက်များရှိနေပါသည်။

၇။ ASEAN အစားအစာဖူလုံမှု ရှေ့အလားအလာအတွက် သေချာခိုင်မာသောစနစ်:

(က) ၂၀၃၀ တွင် အာဟာရချို့တဲ့စွာရရှိမှု ၅% အောက် လျှော့ချရေး

(ခ) ၂၀၃၀ တွင် AMSs Rice Bowl Index အနည်းဆုံး ၆၀ အထိမြင့်တက်ရေး (၁၀၀ တွင် ၆၀) "ဆာလောင်မှု၊ အာဟာရချို့တဲ့မှု၊ ဆင်းရဲချို့တဲ့မှုနှင့် နွမ်းပါးမှုများက ရေရှည်အဓိကပြဿနာ များအဖြစ် ရှိမနေသော ASEAN ဟု မြင်ယောင်ပါသည်" 1997 ASEAN Vision 2020,p.5

အစားအစာဖူလုံရေးသည် ဆာလောင်မှု၊ အာဟာရချို့တဲ့မှုနှင့် ရင်ဆိုင်တွေ့ကြုံရသောအခါတွင် အဓိကအကျဆုံးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူဆင်းရဲများနှင့် အာဟာရ

ချို့တဲ့သူများသည် food supply နှင့် food price shocks ဖြစ်လျှင် အထိအနာဆုံးသူများဖြစ်သောကြောင့်ပင်။ တစ်ချိန်တည်းမှာပင် အစားအစာပြတ်လပ်မှုများနှင့် ဈေးနှုန်းသိသိသာသာမြင့်တက်သွားမှုတို့သည် (အထူးသဖြင့် အခြေခံစားကုန် 'ဆန်' ဈေးနှုန်းမြင့်တက်ခြင်းသည် လူသားအားလုံးကို ထိခိုက်စေခြင်း) လူမှုနိုင်ငံရေးအရ သိသိသာသာခွဲထွက်မှုများဖြစ်ပေါ်ရရှိစေနိုင်ပါသည်။ ထို့ကြောင့် အစားအစာဖူလုံရေးသည် ASEAN ခေါင်းဆောင်များအတွက် သီးသန့်ဆွေးနွေးမှုပြုရမည့်အရေးဖြစ်သည်။ ယင်းသည် ASEAN ပြန်လည်စွမ်းရည်မြှင့်တင်နိုင်မှု၏ အရေးပါသော indicator တစ်ခုလည်းဖြစ်သည်။

အစားအစာဖူလုံရေးသည် multi – dimensional concept တစ်ခုဖြစ်သည်။ "တက်ကြွကျန်းမာသောဘဝအတွက် လုံလောက်ပြီးစိတ်ချရသော အာဟာရပြည့်နေ့စဉ်စားသုံးသောအစားအစာနှင့် ကြိုက်နှစ်သက်ရာအစားအစာများကို ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာချဉ်းကပ်နိုင်စွမ်း လူသားတိုင်းအချိန်တိုင်းတွင် ရှိသည်။" (FAO) - အစားအစာဖူလုံရေးတွင် အဓိက dimensions (၄)ခုရှိပါသည်။ ၎င်းတို့မှာ ရုပ်ပိုင်းဆိုင်ရာ အစားအစာရရှိနိုင်မှု၊ စီးပွားရေးနှင့် ရုပ်ပိုင်းဆိုင်ရာ အစားအစာချဉ်းကပ်မှု၊ အစားအစာအသုံးပြုမှုနှင့် အချိန်ကာလကိုလိုက်၍ ဖော်ပြပါအချက်(၃)ချက်၏ တည်ငြိမ်နိုင်စွမ်းရှိမှုတို့ဖြစ်ပါသည်။ အစားအစာမလုံလောက်မှုသည် နာတာရှည် (chronic) လည်းဖြစ်နိုင်သလို၊ အကူးအပြောင်း (transitory) လည်းဖြစ်နိုင်ပါသည်။ ယင်းနှစ်ခုတွင် တစ်ခုချင်းဆီ၌ အစားအစာမလုံလောက်မှုကို ထည့်သွင်းစဉ်းစားရာတွင် မတူညီသည့် ချဉ်းကပ်နည်းများလိုအပ်ပါသည်။

Indicators (၂)ခုသည် AMSs နိုင်ငံများကို ယင်းတို့၏အစားအစာ ဖူလုံရေးကြိုးပမ်းမှုများဆောင်ရွက်ရာတွင် ကူညီလမ်းပြပေးသည်။ ပထမ indicator ဖြစ်သော Rice Bowl index, သည် အစားအစာဖူလုံမှုရရှိရန် နိုင်ငံတစ်နိုင်ငံ၏ စားနပ်ရိက္ခာတောင့်တင်းမှုစနစ်ကို တိုင်းတာသည်။ ဒုတိယတစ်ခုဖြစ်သော prevalence of undernourishment, သည် အစားအစာ ဖူလုံမှု၏ key challenge (hunger နှင့် malnutrition ခံနေရသော အိမ်ထောင်စုပြဿနာအတိမ်အနက်ကိုအလေးပေးတိုင်းတာခြင်း) ကိုတိုင်းတာခြင်းဖြစ်သည်။ အာဟာရချို့တဲ့မှုသည် [United Nation’s food and Agricultural organization (UN – FAO)] မှ တိုင်းတာသော indicator ဖြစ်ပြီး၊ ဆာလောင်မွတ်သိပ်မှုသည် ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်များ (the Millennium Development Goals) မှတိုင်းတာသော indicator ဖြစ်သည်။ အရေအတွက်ဆိုင်ရာခန့်မှန်းမှုများ (Quantitative targets) ပြုလုပ်ရန်ခက်ခဲသော်လည်း အရေးပါသော indicators (၃)ခု ရှိပါသေးသည်။ ၎င်း indicators သုံးခုအနက် (၂)ခုမှာ -

နှိုင်းယှဉ် အစားအစာဈေးနှုန်းနှင့် ယေဘုယျဈေးနှုန်းအဆင့် (relative price of food to the general price level) နှင့် နှိုင်းယှဉ်အစားအစာ ဈေးနှုန်းပြောင်းလဲမှု (the vartiability of that relative price of food) တို့ဖြစ်ပါသည်။ ယင်း indicators နှစ်ခုသည် အလွန်အမင်း ဆင်းရဲနွမ်းပါးသူနှင့် အာဟာရချို့တဲ့သူများ၏ well–being ပေါ်တွင် အများကြီးသက်ရောက်မှု ရှိသည်။ တတိယ indicators များမှာ တစ်မျိုးသားလုံးနှင့် ဒေသလုံးဆိုင်ရာ လုံခြုံမှု ကွန်ယက်ဖြန့်ကျက်ဆောင်ရွက်မှု အစီအမံများတွင် သတင်းအချက်အလက်ရရှိနိုင်မှု (information on the availability of national and regional safety net arrangements) ဖြစ်သည်။ ဥပမာ- APTERR. ယခုထိတိုင် Third indicator အတွက်လိုအပ်သော information အားလုံးကို capture လုပ်ပေးသော food safety net index ဟုဆိုသည့် ပြည့်စုံလုံလောက်သော measure မရှိသေးပေ။

a. *Rice bowl index-* ထို index ကို Sygenta ဆိုသူမှ ဖော်ထုတ်ခဲ့ပြီး စားနပ်ရိက္ခာ ဖူလုံမှုကို သေချာစေရန် နိုင်ငံတစ်နိုင်ငံ၏အဘယ်မျှရိက္ခာတောင့်တင်းသော စနစ်ဖြစ်သည်ကို တိုင်းတာခြင်းဖြစ်သည်။ ယင်း index က four sets of factors ကို captures လုပ်ထားသည်။ အောက်တွင်ဖော်ပြထားသော statements များသည် Report မှ တိုက်ရိုက်ကိုးကားထား ခြင်းများ ဖြစ်ပါသည်။

- *Farm level factors (30%):* စိုက်ပျိုးမွေးမြူရေးအဆင့် သွင်းအားစုများ (၃၀ %): လယ်သမားများသည် ရေရှည်တွင် ကုန်ထုတ်လုပ်မှုပြုရန်စွမ်းပကားနှင့် နည်းလမ်းများရှိသ လား?၊ High score တစ်ခုရလျှင် လယ်သမားများသည် productive ပြုရန်စွမ်းပကားနှင့် နည်းလမ်းများရှိသည်ဟု ရည်ညွှန်းပါသည်။

- *Policy and trade factors (25%):* မူဝါဒနှင့် ကုန်သွယ်ရေးဆိုင်ရာအချက် အလက်များ (၂၅%) ကုန်သွယ်ရေးနှင့် မူဝါဒဝန်းကျင်သည် လွတ်လပ်သောဈေးကွက်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် တီထွင်ဆန်းသစ်မှုများ ဆက်တိုက်ဖြစ်ပေါ်နေစေရန် အားပေး ကူညီသလား? High score ရလျှင် အားပေးကူညီပါသည်ဟု ရည်ညွှန်းသည်။

- *Environmental factors (15%):* ပတ်ဝန်းကျင်ဆိုင်ရာအချက်အလက်များ (၁၅%) : နိုင်ငံတွင်ရှိ သော environment capacity သည် ရေရှည်လယ်ယာကဏ္ဍတွင် စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်မှုကို အထောက်အကူပေးပါသလား? High score တစ်ခုရလျှင် အထောက်အကူပေးပါသည်ဟု ရည်ညွှန်းပါသည်။

- *Demand and price factors (30%):* ဝယ်လိုအားနှင့် ဈေးနှုန်းဆိုင်ရာအချက်အလက်များ (၃၀%): နိုင်ငံတစ်နိုင်ငံတွင် အစားအစာဖူလုံမှုလိုအပ်ချက်သည် အရေအတွက် အရ၊ တတ်နိုင်စွမ်းအရ၊ ချဉ်းကပ်နိုင်စွမ်းအရ ဖော်ပြနိုင်မှုပေါ်ထွက်လာနိုင်သလား? High score ရလျှင် ဖော်ပြနိုင်မှု ပေါ်ထွက်လာနိုင်ပါသည်ဟု ရည်ညွှန်းသည်။

ကားချပ် ၂က.၅ တွင် selected AMSs နိုင်ငံများ၊ China နှင့် Japan နိုင်ငံတို့၏ နှစ်စဉ် Rice Bowl Indices များကို ၂၀၀၈ - ၂၀၁၁ ကာလအတွက် ဖော်ပြထားပါသည်။ ထို Figure indices တွင် ၂၀၀၈-၂၀၁၁ အတောအတွင်း Viet Nam ၌ farm level factors တိုးတက်ခဲ့သော်လည်း policy and trade factors အနည်းငယ်ဆိုးရွားနေသည်ကို တွေ့ရသည်။ Myanmar နိုင်ငံတွင်လည်း demand and price factors တိုးတက်ခဲ့သော်လည်း policy and trade factors ယိုယွင်းအားနည်းကြောင်း တွေ့ရသည်။ အခြားသော AMS နိုင်ငံများတွင် factors များအကြား ရှင်းလင်းတိကျသော movement pattern မရှိကြောင်းတွေ့ရသည်။ မည်သို့ပင်ဖြစ်စေကာမူ Myanmar နှင့် Philippines နှစ်နိုင်ငံသည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတွင် protectionist အနေအထားတွင် ပိုမိုရှိနေသောကြောင့် policy and trade factors တွင် rating နိမ့်နေရခြင်းဖြစ်သည်ဟု အကြံပြုတင်ပြထားသည်။ Sample တွင်ပါဝင်သော AMS နိုင်ငံများအားလုံးသည် the best score နှင့် အတော်လေးအလှမ်းကွာနေသေးသည်ကို တွေ့ရပါသည်။ စင်စစ်တွင် China နှင့် Japan နိုင်ငံတို့သည် AMS နိုင်ငံများကို factors အများစု (အထူးသဖြင့် farm factors နှင့် policy and trade factors )တွင် အသာစီးရလျှက်ရှိသည်။ (see Syngenta , 2012 for the detailed methodology and results)

ကားချပ် ၂က.၆ - ရွေးချယ်ထားသော အာဆီယံနိုင်ငံများ၊ တရုတ် နှင့် ဂျပန်တို့၏ ဆန်စပါး အညွှန်းကိန်းများ




ဇာစ်မြစ် - Syngenta, The Rice Bowl Index Report (2012)

b. *Prevalence of undernourishment* - အာဟာရချို့တဲ့မှုဆိုသည်မှာ ခန့်မှန်းခြေအားဖြင့် ကယ်လိုရီအလုံအလောက်မရရှိသောလူဦးရေ ရာခိုင်နှုန်းကိုဆိုလိုသည်။ ယင်းသည် UN FAO မှ အသုံးပြုသော hunger ကို တိုင်းတာသော traditional indicator တစ်ခု လည်းဖြစ်သည်။

ကားချပ် ၂က.၅ တွင် ဖော်ပြထားသည့်အတိုင်း အာဟာရချို့တဲ့မှုရာခိုင်နှုန်းသည် Lao PDR, Cambodia နှင့် Philippines တို့တွင် အတော်လေးမြင့်တက်လျက်ရှိနေသေးကြောင်း တွေ့ရပါသည်။ ယင်းရာခိုင်နှုန်းသည် ကမ္ဘာ့ပျမ်းမျှနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏

ပျမ်းမျှရာခိုင်နှုန်း ထက်ပိုမြင့်နေပါသည်။ ဇယားတွင် Viet Nam, Thailand တို့တွင် အာဟာရချို့တဲ့မှု လျော့ချ ရေး သိသိသာသာတိုးတက်နေကြောင်းနှင့် Lao PDR and Cambodia နိုင်ငံတို့မှာပင် လျော့ချမှုအောင်မြင်နေကြောင်း ဖော်ပြထားပါသည်။ Brunei နှင့် Myanmar တို့တွင် အာဟာရချို့တဲ့မှုနှုန်းများသည် ၅%အောက်တွင် ရှိပါသည်။

## ဇယား ၂၈.၅ - အာဆီယံ အဖွဲ့ဝင်နိုင်ငံများတွင် အစားအသောက်ဖူလုံမှု အညွှန်းကိန်း အဆင့်နှင့် ရမှတ်များ

| Country | Prevalenceof undernourishment (in %) | | | Domestic FoodPrice Level Index Volatility (Index) | | FoodPrice Level Index | | Vulnerability (Index)* | |
|---|---|---|---|---|---|---|---|---|---|
| | 1990-92 | 2000-02 | 2010-12 | 2000-02 | 2010-12 | 2000-02 | 2010-12 | 2000-02 | 2010-12 |
| Brunei | < 5 | < 5 | < 5 | 11.9 | 14.1 | 1.5 | 1.6 | 7.7 | 8.7 |
| Cambodia | 39.9 | 32.8 | 17.1 | 28.2 | 446.3 | 1.7 | 1.2 | 16.7 | 363.1 |
| Indonesia | 19.9 | 17.4 | 8.6 | 165.2 | 41.2 | 1.7 | 1.9 | 95.1 | 21.7 |
| Lao PDR | 44.6 | 38.4 | 27.8 | 64.6 | 23.7 | 2.0 | 2.2 | 32.7 | 10.9 |
| Malaysia | < 5 | < 5 | < 5 | 22.6 | 9.9 | 1.5 | 1.6 | 15.1 | 6.2 |
| Myanmar | N/A | N/A | N/A | N/A | N/A | N/A | N/A | N/A | N/A |
| Philippines | 24.2 | 21.0 | 17.0 | 17.1 | 21.3 | 1.6 | 1.6 | 10.4 | 13.5 |
| Singapore | N/A | N/A | N/A | 6.7 | 6.8 | 1.4 | 1.3 | 5.0 | 5.1 |
| Thailand | 43.8 | 17.4 | 7.3 | 20.5 | 16.9 | 1.6 | 1.9 | 13.0 | 9.0 |
| Viet Nam | 46.9 | 20.9 | 9.0 | 30.7 | 59.0 | 1.7 | N/A | 18.4 | N/A |
| China | 21.4 | 14.3 | 11.5 | 56.8 | 41.6 | 1.5 | 2.0 | 38.9 | 20.9 |
| India | 26.9 | 21.6 | 17.5 | 17.3 | 21.3 | 1.6 | 1.6 | 10.8 | 13.3 |
| World | 18.6 | 14.9 | 12.5 | 11.5 | 11.9 | 1.3 | 1.4 | 8.8 | 8.3 |
| All Developing countries | 23.2 | 18.2 | 14.9 | 23.7 | 22.0 | 1.5 | 1.7 | 15.7 | 12.7 |

ဇာစ်မြစ် - FAO Food Security Indicators (2013)

အခြား indicators နှစ်ခုသည် the price of food and the varialibility of the price of food နှင့် ဆက်စပ်နေပြီး အထူးသဖြင့် လူဆင်းရဲနှင့် အာဟာရချို့တဲ့သူများအတွက် အရေးကြီးသော indicators များဖြစ်သည်။ Table တွင် AMSS နိုင်ငံများ၏ food prices သည် the general price level နှင့်နှိုင်းယှဉ်လျှင် မြင့်မားနေကြောင်း ဖော်ပြထားသည်။ ထို့အပြင် AMS အချို့တွင်လည်း (Cambodia, Indonesia နှင့် Philippines) အလားတူပင် ဖြစ်သည်။

ထို့ကြောင့် မမျှော်မှန်းနိုင်သော shocks တွေသည် poor households များအတွက် ပိုမိုဖန်တီးပေးသကဲ့သို့ ဖြစ်လာနိုင်ပါသည်။ ယင်း indicators နှစ်ခုကို specific targets ထား၍လုပ်ဆောင်ရန် ပိုမိုခက်ခဲရခြင်းမှာ နောင်လာမည့် ဆယ်စုနှစ်တစ်ခု (သို့) နှစ်ခုတွင် နိုင်ငံ့ရေးရာအခြေအနေ မည်သို့မည်ပုံ ဖြစ်လိမ့်မလဲဆိုသောအချက်က ယင်း indicators များကို သိသိသာသာအကျိုးသက်ရောက်မှုရှိစေမှာ ဖြစ်သောကြောင့် ခက်ခဲရခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေ AMS အနေဖြင့် food prices များ မြင့်တက်နေမှုကို လျှော့ချရန် ရည်ရွယ်သလို၊ the price of food ပြောင်းလဲမှုရှိခြင်းကိုလည်း လျှော့ချသွားရန် ရည်ရွယ်ချက်ထား လုပ်ဆောင်နေပါသည်။ The food safety net set of indicators ကိုလည်း အတူတကွထားရှိပြီး လုပ်ဆောင်ရန်ရှိနေပါသည်။ သို့သော်ငြားလည်း the ASEAN Plus Three Emergency Rice Reverse (APTERR) သည် အစောပိုင်းကာလကတည်းက ASEAN ဒေသတွင်း အစားအစာဖူလုံရေး ပဏာမလုပ်ရှားမှုကို လုပ်ဆောင်လျှက် ရှိနေပါသည်။ National level အရ၊ the popular food safty net measures တွင် buffer stocks (အမာခံစတော့များ) နှင့် emergency reserves (အရေးပေါ်အရံငွေသားများ)ပါဝင်သည်။ အစားအစာအတွက် ဆောင်ရွက်မှု programmes များကို နာတာရှည်အစားအစာ မလုံလောက်မှု၌ ပိုမိုထည့်သွင်းစဉ်းစားရန် အရှိန်မြှင့်တင်ပေးနေသည်။ သို့သော် transitory food insecurity (အထူးသဖြင့် ဘေးအန္တရာယ်ကျရောက်ပြီးချိန်များ သို့မဟုတ် ရာသီအလိုက် အစားအစာမလုံလောက်မှုစသော cases များဖြစ်ပေါ်ပြီးနောက်) ကို ထည့်သွင်းစဉ်းစားရာတွင်လည်း ယင်း programmes များအား အသုံးပြုနိုင်သည်။

၈။ စွမ်းအင်ထိထိရောက်ရောက်တိုးတက်မှုမှ ၂၀၃၀တွင် စွမ်းအင်လိုအပ်ချက်ကို ၁၀%ဖြင့် လျှော့ချရန်နှင့် ၂၀၃၅တွင် ၁၅%လျှော့ချရန် ရည်ရွယ်ထားသော ASEAN Philippines နိုင်ငံ Cebu မြို့၌ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၁၅)ရက်နေ့တွင်ကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ ပုံမှန်ထိပ်သီးအစည်းအဝေးတွင် Cebu ကြေငြာစာတမ်းကို လက်ခံခဲ့သည်။ ယင်းကြေငြာစာတမ်းတွင်-

*"အာဆီယံ၊ ဩစတြေးလျ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားနှင့် နယူးဇီလန်(ASEAN, Australia, People's Republic of China, Republic of India, Japan, Republic of Korea and New Zealand) နိုင်ငံအစိုးရခေါင်းဆောင်များအနေဖြင့် ဖော်ပြပါ goals များကို နီးကပ်စွာအတူ လက်တွဲလုပ်ဆောင်သွားကြမည် : (၁) ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာများ သုံးစွဲမှုတွင် ထိရောက်မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ*

*ဆောင်ရွက်ချက်များ တိုးတက်လာစေရန် (၂) စွမ်းအင် လုံလောက်မှုနှင့် ထိန်းသိမ်းထားရှိမှု programmes များ၊ ရေအားလျှပ်စစ်စွမ်းအင် အသစ် ပြန်ဖြစ်သောစွမ်းအင်စနစ်များတိုးချဲ့ခြင်း၊ ဇီဝလောင်စာ ထုတ်လုပ်မှု/ သုံးစွဲမှု၊ စိတ်ဝင်တစား ရှိသောလူအစုများ၊ ပြည်တွင်း နျူကလီးယားစွမ်းအင် စသည်တို့တွင် အလေးပေးဆောင်ရွက် မှုများမှတဆင့် သဘာဝအတိုင်း လောင်စာဆီရရှိမှုပေါ် မှီခိုမှုလျှော့ချရန် (၃) economic levels အားလုံးတို့တွင် ပို၍စွမ်းအင်အထောက်အပံ့ကောင်းများရရှိရန် တွန်းအားအရှိန် မြှင့်တင်ပေးခြင်း၊ လွတ်လပ်ပြီး ယှဉ်ပြိုင်မှုအားကောင်းသော ဒေသတွင်းနှင့် နိုင်ငံတကာ ဈေးကွက်များကို အားပေးကူညီရန် ...”*

Economic Research Institute for ASEAN and East Asia (ERIA) နှင့် International Energy Agency (IEA) တို့သည် ၂၀၃၅ ခုနှစ်အထိ ရည်ရွယ်၍ Southeast Asia အတွက် စွမ်းအင်ရှေ့ဆက်အလားအလာပေါ် အထူးလေ့လာမှု ပြုခဲ့သည်။ ရလဒ်အဖြေများတွင် ASEAN သည် efficiency improvement မှတဆင့် စွမ်းအင်ချွေတာရေးများ ပြုလုပ်ရန် ကြီးမားသော အလားအလာကောင်းရှိကြောင်း ဖော်ပြထားသည်။ ERIA နှင့် IEA (2013) တွေ့ရှိချက်တွင် the business –as – usual scenario နှင့် နှိုင်းစာလျှင် an alternative policy scenario အခြေအနေတွင်  ASEAN ၏ စွမ်းအင်လိုအပ်ချက်သည် ၂၀၃၀ တွင် ၁၀%ဖြင့် လည်းကောင်း၊ ၂၀၃၅ တွင် ၁၅%ဖြင့် လည်းကောင်း၊ လျှော့ချနိုင်လိမ့်မည် ဟု ပါရှိသည်။ ဇယား ၂က.၆ တွင် မြင်နိုင်ပါသည်။ စွမ်းအင်ချွေတာရေး အရင်းအမြစ် (ဇာစ်မြစ်) များတွင် ပိုမိုထိရောက်သော စက်မှုလုပ်ငန်းသုံး ပစ္စည်းကိရိယာများ အသုံးပြုခြင်း၊ ပိုမိုထိရောက်သော စွမ်းအင်အလုပ်ရုံ တည်ဆောက်ခြင်း၊ ပိုမိုထိရောက်သော ပစ္စည်းကိရိယာများနှင့် ပို၍ စွမ်းအင်ချွေတာနိုင်သောယာဉ်များ အသုံးပြုခြင်း စသည်တို့ပါဝင်သည်။ ဖော်ပြပါ စွမ်းအင်ချွေတာသုံးစွဲရေး အလားအလာများကို လက်တွေ့အကောင်အထည်ဖော်ရန် ASEAN နိုင်ငံများအနေနှင့် EEC နှင့် LC ရင်းနှီးမြှုပ်နှံမှုများ ပမာဏ ကြီးကြီးမားမား လိုအပ်ပါလိမ့်မည်။ ထို့ကြောင့် မူဝါဒကြံ့ခိုင်မှုနှင့် သင့်တော်သော အရင်းအနှီး နည်းစနစ် ပုံစံတို့သည် အရေးပါလှပါသည်။ နိုင်ငံတကာအဆင့် သင့်တော်သော ငွေကြေးပံ့ပိုးမှု မှုဘောင်ကြောင့် ရင်းနှီးမြှုပ်နှံမှု ကြိုတင်စရိတ်လျှော့ကျနေခြင်းသည် ASEAN နိုင်ငံများကို ထိရောက်သော နည်းပညာကောင်းများ ချဉ်းကပ်ခွင့်ပိုမိုရရှိလာစေရန် အကူအညီပေးနိုင်ပါလိမ့်မည်။

ဇယား ၂၈.၆ - ပုံမှန်စီးပွားရေး အခြေအနေ (Business as Usual) နှင့် မူဝါဒအပြောင်းအလဲကာလ (Alternative Policy Scenario) တို့တွင် စွမ်းအင်လိုအပ်ချက်များ

| | Energy Demand underBAU Million tonnes ofoil equivalent (Mtoe) | | | | | | Energy Demand under APS (Mtoe) | | | |
|---|---|---|---|---|---|---|---|---|---|---|
| | 2011 | 2015 | 2020 | 2025 | 2030 | 2035 | 2020 | 2025 | 2030 | 2035 |
| TPED | 549 | 629 | 718 | 804 | 897 | 1,004 | 692 | 753 | 807 | 870 |
| Coal | 90 | 118 | 156 | 192 | 232 | 279 | 141 | 163 | 184 | 210 |
| Oil | 208 | 230 | 255 | 274 | 293 | 313 | 249 | 263 | 272 | 281 |
| Gas | 117 | 136 | 151 | 168 | 186 | 208 | 146 | 158 | 169 | 185 |
| Nuclear | - | - | - | 4 | 6 | 8 | - | 4 | 6 | 8 |
| Hydro | 6 | 9 | 10 | 13 | 16 | 18 | 10 | 13 | 15 | 17 |
| Bioen-ergy | 103 | 108 | 111 | 114 | 117 | 120 | 110 | 112 | 114 | 116 |
| Other renewa-bles | 25 | 28 | 34 | 40 | 48 | 57 | 34 | 40 | 46 | 53 |

ဇာစ်မြစ် -IEA & ERIA, 2013

## အခန်း ၂ (ခ)

# ASEAN အတွင်းစည်ဆက်မပြတ် မြင့်မားပြီးညီမျှသော တိုးတက်မှုရရှိရန် ရည်ရွယ်သောမူဘောင်

အစီရင်ခံစာတွင်ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာတည်ထောင်မှုပြုလုပ်ရန်နှင့် စီးပွားရေး အရထပ်မံမြှင့်တင်ရန်ဒေသတွင်း ဆောင်ရွက်ခွင့်ရနိုင်သောASEAN အတွင်းစည်ဆက်မပြတ် မြင့်မားပြီး ညီမျှသောတိုးတက်မှုရရှိရန် ဦးတည်သောခိုင်မာသည့် အခြေခံအုတ်မြစ်တစ်ခုနှင့် ASEAN မဏ္ဍိုင် (၄) ရပ်၏အခြေခံမူဘောင်တစ်ခုတို့ကို အဆိုပြုတင်ပြထားပါသည်။ ယင်း မဏ္ဍိုင်(၄)ရပ်သည် အချင်းချင်းအပြန်အလှန်ချိတ်ဆက်လျက်ရှိပြီး အခြေခံအချက်အလက် များသည်မဏ္ဍိုင် (၄) ရပ်အကြား အပြန်အလှန်အားပေးကူညီမှုကို ထင်ရှားပေါ်လွင်စေပါ သည်။ထို့ကြောင့် အာဆီယံစီးပွားရေးအသိုက်အဝန်း အသေးစိပ်နည်းလမ်းပုံစံ ၂၀၀၉-၂၀၁၅ သည် ဆောင်ရွက်လျက်ရှိသော မဏ္ဍိုင်(၄)ရပ်ကို ပိုမိုလေးနက်စေခြင်း၊ ကျယ်ပြန့်စေခြင်းနှင့် (သို့) ပိုမိုသင့်တင့်လျောက်ပတ်မှုရှိစေခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။

## အခြေခံမူဘောင်

ASEAN ခေါင်းဆောင်များ၏မျှော်မှန်းချက်နှင့် ရည်ညွှန်းရလဒ်များကို အောင်အောင်မြင်မြင် အကောင်ထည်ဖော်ဆောင်ရွက်ရရှိနိုင်ရန် အခန်း၂(က) တွင်ဆွေးနွေးခဲ့ပြီးဖြစ်သည့်အတွက် ဤပေါင်းစပ်အစီရင်ခံစာ (integrative report) တွင်အာဆီယံပေါ်ထွန်းလာမှု၏ "အံ့ဘွယ် အာဆီယံ"( ASEAN Miracle of ASEAN RISING) ဖြစ်ပေါ်ရရှိလာရေးဆီသို့ ဦးတည်နေ သောအခြေခံအုတ်မြစ်တစ်ခုနှင့် မဏ္ဍိုင်(၄)ရပ်ပါဝင်သော မူဘောင်တစ်ခုတို့ကို အဆိုပြုတင် ပြထားပါသည်။ယင်းမဏ္ဍိုင်(၄)ရပ်သည် အာဆီယံစီးပွားရေးအသိုက်အဝန်း အသေးစိပ် နည်းလမ်းပုံစံ၏မဏ္ဍိုင်(၄)ရပ်နှင့် ဆင်တူပြီးလေးနက် ပေါ်လွင်စေပါသည်။ထို့အပြင် အဆိုပြု မူဘောင်တွင်"တာဝန်ရှိရှိတာဝန်သိသိတာဝန်ယူသော အာဆီယံ" ကိုမဏ္ဍိုင်(၄)ရပ်၏ ခိုင်မာ အားကောင်းသော အခြေခံအုတ်မြစ်တစ်ခုအဖြစ် ထည့်သွင်းထားသည်။အကျယ်တဝင့်ပြော ရလျှင် ယင်းပေါင်းစပ်အစီရင်ခံစာတွင် အဆိုပြုတင်ပြထားသော မူဘောင်သည်"တိုးတက် ရွေ့လျားအာဆီယံဂျာကာတာမူဘောင်နှင့်၂၀၁၅လွန် AEC ရှေ့ဆက်လမ်းစဉ်" ပေါ်တွင် အခြေခံတည်ဆောက်ထားခြင်းဖြစ်ပြီး ယင်းဂျာကာတာမူဘောင်မှာ၂၀၁၁ခုနှစ်နိုဝင်ဘာလ တွင် ဘာလီ၌ကျင်းပသည့် အာဆီယံထိပ်သီးအစည်းအဝေးပွဲပြုလုပ်စဉ်အတွင်း ASEAN အတွင်းရေးမှူးချုပ်နှင့်တကွ ERIA တို့က H.E. President Yudhoyono မှတဆင့် ASEAN ခေါင်းဆောင်များထံသို့တင်ပြဆွေးနွေးထားသောမူဘောင်တစ်ခုဟုလည်းဆိုနိုင်ပါသည်။

ကားချပ် (၂၈.၁) တွင်မဏ္ဍိုင်(၄)ရပ်နှင့်၂၀၁၅လွန် ASEAN ရှေ့ဆက်ခရီးအတွက် foundation (အခြေခံအုတ်မြစ်) တစ်ခုကိုအကျဉ်းချုပ်စုစည်းဖော်ပြထားပါသည်။ မဏ္ဍိုင်ကြီး (၄) ရပ်မှာ-

- ပေါင်းစည်းညီညွတ်ပြီးယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော ASEAN
- ယှဉ်ပြိုင်မှုရှိသောအရွေ့စွမ်းအားနှင့်ASEAN
- အားလုံးအကျုံးဝင်ပြီးတောင့်တင်းခိုင်မာမှုရှိသော၊ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို ဦးတည်သော ASEAN
- ကမ္ဘာ့တစ်ဝှမ်း ASEAN : RCEP နှင့် ASEAN လူထုအသံစသည်တို့ဖြစ်သည်။

အထက်ဖော်ပြပါမဏ္ဍိုင်(၄)ရပ်ကိုအထောက်အပံ့ဖြစ်စေသောခိုင်မာအားကောင်းသည့် foundation တစ်ခုမှာ-

- တာဝန်ရှိမှု/သိမှုတို့ဖြင့်တာဝန်ယူဆောင်ရွက်သော ASEAN ဖြစ်ပါသည်။

ကားချပ် ၂၈.၁ - ၂၀၁၅ အလွန် အာဆီယံ ရှေ့ဆက်ခရီး အတွက် အဓိက မဏ္ဍိုင်(၄) ရပ် နှင့် ခိုင်မာသော အခြေခံ အုတ်မြစ်တစ်ခု




One Strong Foundation and 4 Pillars

ကျန်ရှိနေသော အခန်းများသည် အောက်ဖော်ပြပါ အဓိကအဆိုအမိန့်များဖြင့် ထောက်ပံ့ကူညီအားဖြည့်ပေးသော အခြေခံမူဘောင်ကို အသေးစိပ်ဖော်ပြထားပါသည်။ ယင်းအဓိကအဆိုအမိန့်များမှာ-

၁။ ယှဉ်ပြိုင်လိုစိတ်ရှိသော စက်မှုလုပ်ငန်းများနှင့် ပုဂ္ဂလိကကဏ္ဍတက်တက်ကြွကြွပါဝင်လှုပ်ရှားမှုများသည် ASEAN စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည်။

၂။ ဝင်ငွေပြန်လည်ခွဲဝေပေးရေးအစီအစဉ်နှင့် ဘဏ္ဍာရေးအတိုင်းအတာအရ စဉ်ဆက်မပြတ် မဟုတ်သော ထောက်ပံ့ကူညီပေးရေး မူဝါဒများထက်စာလျှင် ချင့်ချိန်ဘေးကင်းစိတ်ချရမှု ကွန်ယက်အစီအစဉ်များဖြင့်၊ ပြောင်းလဲမှုမြန်ဆန်သော စီးပွားရေးတွန်းအားများပေါ်တွင် ပိုမိုအမှီပြုဆောင်ရွက်ခြင်းမှတဆင့်၊ အားလုံးအကျုံးဝင်ပြီး ဘက်ညီတိုးတက်မှုရရန် ၄င်းမူဘောင်သည် အကောင်းဆုံးဖြစ်သည်။

၃။ စဉ်ဆက်မပြတ်တိုးတက်ရေးလှုံ့ဆော်မှုသည်၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု စွမ်းအင်လုံလောက်မှုနှင့် အစားအစာလုံလောက်မှုတို့ကိုပါ ပူးတွဲတိုးတက်မှုကို ဖြစ်ပေါ်စေပါသည်။

၄။ အာဆီယံအရေးပါသောအခန်းကဏ္ဍကို တက်ကြွသောသံတမန်ဆက်ဆံရေးဖြင့် ဆက်လက်ထိန်းသိမ်းခြင်း ဖြစ်သည်။

သတိပြုရန်မှာ-မဏ္ဍိုင်(၄)ရပ်သည် တစ်ခုနှင့်တစ်ခုသီးခြားရပ်တည်နေခြင်းမဟုတ်ပဲ အမှန်စင်စစ် ယင်းတို့သည် အချင်းချင်း၊ အပြန်အလှန်ဆက်စပ်မှုရှိနေသည်။ ထို့ကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအတွက် အဓိကစိန်ခေါ်မှုတစ်ခုမှာ ၄င်းတို့အကြား ညီမျှမှုနှင့် virtuous cycle (အကောင်းသံသရာ) ရှာဖွေတွေ့ရှိရန် ဖြစ်ပါသည်။ ယင်းမဏ္ဍိုင်(၄)ရပ်ကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရန်၊ လိုအပ်သောနည်းလမ်း (ဆောင်ရွက်မှုလုပ်ငန်းစဉ်များ) သည် တကယ်တမ်းလုံးဝမလွယ်ကူလှပေ။ တိတိကျကျပြောရလျှင် အဘယ့်ကြောင့်ဆိုသော် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းဆီနှင့် အာဆီယံအနေဖြင့် တာဝန်ယူဆောင်ရွက်မှုပြုရာတွင်လည်းကောင်း၊ ASEAN Miracle (အံ့ဘွယ်အာဆီယံ) ကို အကျိုးသက်ရောက်မှုရှိစေရန် လိုအပ်သောအဖွဲ့အစည်းတည်ထောင်ခြင်းနှင့် စည်းမျဉ်း

စည်းကမ်းများတိုးတက်ကောင်းမွန်လာရေးဖြစ်စဉ်တွင် အလွှာစုံအမယ်စုံ (stakeholders) များ ပေါ်ပေါက်လာရေးအတွက်လည်းကောင်း၊ ထို measures များသည် အကောင်အထည်ဖော်ရန်လိုအပ်သဖြင့် ယင်းနည်းလမ်းများမှာ ခက်ခဲလွန်းပါသည်။

ပေါင်းစည်းညီညွတ်ပြီး ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော အာဆီယံ(မဏ္ဍိုင်၁) အားကောင်းစွာ ကျယ်ပြန့်တိုးတက်လာစေရန်နှင့်အတူ၊ တီထွင်ဆန်းသစ်မှုရှိသော စက်မှုလုပ်ငန်းစုများ (မဏ္ဍိုင်၂)နှင့် ချိတ်ဆက်၍ RCEP အောင်မြင်မှုမှတဆင့်(မဏ္ဍိုင်၄)နှင့် အရှိန်အဟုန်ဖြင့် ကြီးထွားလာသော အရှေ့အာရှဒေသပေါ်ထွန်းလာမှု(မဏ္ဍိုင်၄)နှင့်အတူ ပိုမိုကောင်းမွန် တိုးတက်လာသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပတ်ဝန်းကျင်အခြေနေကောင်းများနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်သော စည်းမျဉ်းစည်းကမ်းနည်းစနစ်များဖြင့် ပြည်တွင်းပြည်ပဈေးကွက်နှစ်မျိုး လုံးတွင်ကြီးမားသော ယှဉ်ပြိုင်မှုဖြစ်ထွန်းလာစေရန် ကြီးမားများပြားသော အရင်းအနှီးတုန့်ပြန် ချက်ပိုမိုရရှိအောင် ဆွဲဆောင်လာနိုင်မည်ဟု မျှော်မှန်းထားပါသည်။ ထိုမျှော်မှန်းချက်သည် ပြည်ပကုန်သွယ်မှု သိသိသာသာမြင့်တက်လာပြီး အဓိကကျသော စီးပွားရေးပိုမိုတိုးတက်မြင့် မားလာစေခြင်းနှင့် ဆင်းရဲနွမ်းပါးမှုကိုလည်း ဖြည်းဖြည်းပပျောက်သွားစေခြင်းတို့ကို ဦးတည် လိမ့်မည်။လယ်ယာထွက်ကုန်ပစ္စည်းများထုတ်လုပ်မှုမြင့်မားလာမှု၊ အသေးစားနှင့်အလတ် စားလုပ်ငန်းများရင်သန်ကြီးထွားလာမှု၊ အစွန်အဖျားဒေသများနှင့် အချက်အချာဒေသများအ ကြားရုပ်ဝတ္ထုပိုင်းဆိုင်ရာ အဆက်အသွယ်ကောင်းများ ပိုမိုတိုးတက်ရရှိလာခြင်း၊ စွမ်းအင် လုံလောက်မှုနှင့်အစိမ်းရောင်ဖွံ့ဖြိုးမှုလုံ့ဆော်ချက်ထားရှိခြင်းနှင့် ဘေးအန္တရာယ်ပိုမိုခုခံကာ ကွယ်ပြင်ဆင်ထားရှိခြင်း (မဏ္ဍိုင်၃၏အပိုင်းများအားလုံးအကျုံးဝင်)တို့သည် ASEAN ၏ပိုမို ယှဉ်ပြိုင်နိုင်မှု၊ အရင်းအနှီးဆွဲဆောင်မှုနှင့် အရှိန်အဟုန်ဖြင့်ပြောင်းလဲမှုဖြစ်စဉ်(မဏ္ဍိုင်၂) တို့ကိုလည်း ဖြစ်ပေါ်စေပါသည်။ ယင်းကဲ့သို့ ပိုမိုယှဉ်ပြိုင်နိုင်ခြင်းနှင့် လျှင်မြန်သော လှုပ်ရှား ပြောင်းလဲမှုရှိခြင်းတို့ကို အရေအတွက်ဆိုင်ရာတိုင်းတာရာတွင် ပြီးခဲ့သောအခန်း၏ အပိုင်း ငယ်တွင်ဖော်ပြခဲ့သည့်အတိုင်း စုစုပေါင်းနိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် GDP တို့တွင် တိုးလာသောအာဆီယံ၏ပါဝင်မှု အချိုးအစားဖြင့် တိုင်းတာဖော်ပြနိုင်သည်။ထို့ ကြောင့် အဆိုပြုမှုဘောင်တွင် ဖော်ပြထားသောမဏ္ဍိုင်(၄)ရပ်နှင့် အခြေခံအုတ်မြစ်များသည် ပြီးခဲ့သောအခန်းတွင် ဖော်ပြထားသော လိုလားအပ်သောရည်ညွှန်းရလဒ်များကို ရရှိစေရန် ဦးဆောင်နိုင်မည်ဟုမျှော်လင့်နိုင်ပါသည်။

မဏ္ဍိုင်၁: ပေါင်းစည်းညီညွတ်ပြီးယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော ASEAN

"အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC):အာဆီယံစီးပွားရေးအဆောက်အအုံများအတွက် အလားအလာကောင်းပြောင်းလဲပေးစွမ်းသူ"S.Hansakul and W.Keng, DB Research, Deutsche Bank,14 June 2013,p1."အာဆီယံအရှိန်လိုင်းနှင့် အမီလိုက်ခြင်း" T.L.Lim, G.D.Powell and A.Chng,Outlook,2012 No.1,Accenture ဖော်ပြပါခေါင်းစဉ်နှစ်ခုသည် မြင်သာပြီး မျှော်လင့်တွက်ဆချက်ရှိသော AEC အကြောင်းအရာနှင့် ASEAN အလား အလာတို့ကို အကောင်းဆုံးပေါင်းစပ်၍ "newest hot spot in today's global business"(အသစ်အဖြစ်ဆုံး ယနေ့နောက်ဆုံးရကမ္ဘာ့စီးပွားရေးလုပ်ငန်းအကြောင်းအရာကဏ္ဍ) အဖြစ် အမည်နာမတစ်ခုပေးထားခြင်းဖြစ်သည်။(Lim,PowellandChng,2012,p.7). မျှော်လင့် တွက်ဆချက်နှင့် အကောင်းမြင်ခြင်းအတွက် အကြောင်းပြချက်မှာ ရိုးစင်းပါသည်: China နှင့် Japan ပြီးလျှင် ASEAN သည် တတိယအကြီးဆုံးစီးပွားရေးအဆောက်အအုံဖြစ်သည် India ထက်စာလျှင် middle class (လူလတ်တန်းစား) ပိုများသည်၊ ကမ္ဘာတွင် ASEAN သည်အားအကောင်းဆုံးနှင့် တိုးတက်နေသော ဒေသများတွင် တစ်ခုအပါဝင်ဖြစ်သည်။ အတိုချုပ်အားဖြင့် ASEAN သည် ကြီးမားပြီး တောင့်တင်းခိုင်မာစွာ တိုးတက်နေသော ဈေးကွက်တစ်ခုရှိခြင်းနှင့် ASEAN Business Outlook Survey (အာဆီယံစီးပွားရေးရှေ့ အလားအလာအစီရင်ခံစာ) ၏ ရလဒ်များအရ ဒေသတွင်း၌ US ပိုင်လုပ်ငန်းများတိုးချဲ့များ ပြားလာခြင်းကြောင့် စီးပွားရေးတိုးတက်လာဖွယ်ရာ အလားအလာကြီးမားကြောင်း ကမ်းလှမ်း ချက်ရှိနေသည်။

စိန်ခေါ်မှုတစ်ခုမှာ- ပိုမိုပေါင်းစည်းသော ASEAN၊ စုစည်းထားသော ဆယ်ခုစီးပွားရေး အဆောက်အအုံထက်စာလျှင် တစ်ခုတည်းနီးပါးဖြစ်သော စီးပွားရေးအဆောက်အအုံပုံစံရှိသည့် ASEAN တစ်ရပ်ဖန်တီးရန်ဖြစ်သည်။တကယ်တမ်းအောက်ခြေအဆင့်တွင် လက်ရှိအချိန်၌ ပို၍ရိုးစင်းသော ပုံစံအနေအထားတွင် ရှိပါသည်။၂၀၀၉ခုနှစ်တွင် ERIA မှပြုလုပ်သော လုပ်ငန်းများဆိုင်ရာအစီရင်ခံစာ (စစ်တမ်း) - ဒေသတွင်းပိုင်နှင့် နိုင်ငံခြားသားပိုင်လုပ်ငန်း များနှစ်မျိုးလုံးကို ဆိုလိုသည်-ရလဒ်များအရ ASEAN ဈေးကွက်တွင်းသို့ဝင်ရောက် ချဉ်းကပ်မှုပုံစံအရေးပါမှု ကွဲပြားချက်သည် လုပ်ငန်းများ၏ရင်းနှီးမြှုပ်နှံရန်ဆုံးဖြတ်ချက်နှင့် လတ်တလော (သို့) အနာဂတ်ကာလလုပ်ငန်း လည်ပတ်ဆောင်ရွက်မှုအခြေအနေ စသည် တို့ကြောင့် ကွာခြားရသည် (Cambodia) ၏ ပို့ကုန်ဈေးကွက်သည် အနောက်ဘက်ကို ရွေ့သကဲ့သို့၊ Indonesia နှင့် Philippine ပိုင်လုပ်ငန်းများသည် ASEAN ဈေးကွက်တွင်းသို့

ချဉ်းကပ်ဝင်ရောက်ရန် စဉ်းစားခြင်းသည် ၎င်းတို့၏ လက်တလောနှင့် အနာဂတ်ကာလလုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများပြုရာတွင် သိသာထင်ရှားသော အခြေခံအကြောင်းရင်းတစ်ခုဖြစ်ပါသည်။ Singapore ပိုင်လုပ်ငန်းများဆိုင်ရာ ကိစ္စရပ်ကိုကြည့်လျှင်၊ ASEAN ဈေးကွက်တွင်းသို့ ချဉ်းကပ်ဝင်ရောက်ရခြင်းသည် ၎င်းအနေဖြင့် Singapore ၌ပင် ရင်းနှီးမြှုပ်နှံမှုပြုရန်နှင့် ၎င်း၏လတ်တလောနှင့် အနာဂတ်ကာလလုပ်ငန်းများ လည်ပတ်ဆောင်ရွက်မှုပြုလုပ်ရာတွင်လည်း ၎င်းကိုယ်တိုင်ဆုံးဖြတ်ချက်ချလုပ်ဆောင်နေသည့် သိသာထင်ရှားသော အခြေခံအကြောင်းတရားတစ်ရပ်ပင် ဖြစ်သည်။ အလားတူစွာ၊ လတ်တလောလုပ်ငန်းများလည်ပတ်ဆောင်ရွက်မှုတွင် မပြောပလောက်သော အခြေခံအကြောင်းတရားတစ်ခုအကယ်၍ရှိလျှင်သော်မျှ Vietnam ပိုင်လုပ်ငန်းများသည်လည်း ၎င်းတို့၏ အနာဂတ်ကာလလုပ်ငန်းများလည်ပတ်ဆောင်ရွက်ရာတွင် ASEAN ကိုစဉ်းစားနေပါသည်။ ၂၀၁၅ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ပြုလုပ်ကျင်းပမည့် ညီလာခံအစည်းအဝေးများနှင့် စာတမ်းဖတ်ပွဲများက ညွှန်ပြသည့်အတိုင်း ASEAN ပေါင်းစည်းမှု၏ အလားအလာကောင်းများကြောင့် ထိုင်းပုဂ္ဂလိကကဏ္ဍသည် အများဆုံးသက်ဝင်လှုပ်ရှားမှု ရှိကောင်းရှိလာမည်။ ASEAN ပူးပေါင်းဆောင်ရွက်ရေးသည် ဒေသတွင်းစီးပွားရေးလုပ်ငန်းများအတွက် အရေးပါလှပါသည်။ အာဆီယံ အမေရိကန်ကုန်သည်ကြီးများအသင်း၏ ၂၀၁၄အာဆီယံစီးပွားရေး ရှေ့အလားအလာအစီရင်ခံစာတွင် အမေရိကန်ကုမ္ပဏီများ၏ စီးပွားရေးလုပ်ငန်းများသည် ASEAN တွင် အရေးပါသောကြောင့် အာဆီယံပေါင်းစည်းမှုကို စဉ်းစားလာကြပြီး လေးပုံသုံးပုံနီးပါးသော အမေရိကန်ကုမ္ပဏီများ၎င်းတို့၏လာရောက်အလုပ်လုပ်ကိုင်သူများသည်အာဆီယံဒေသတွင်း၌ လုပ်ငန်း များ ဆောင်ရွက်လျက်ရှိနေကြောင်း ဖော်ပြထားပါသည်။ အလားတူစွာပင် AEC ပုံမှန် သုံးသပ်ချက်နှင့် AEC အပေါ် ASEAN ဒေသတွင်း ဂျပန်စက်မှုကုန်သည်များနှင့် လုပ်ငန်း ရှင်များအစုအဖွဲ့၏ ထောက်ခံချက်များပါသော စာရင်းစသည်တို့က အကြောင်းအချက်တစ်ခုနှင့် ပတ်သက်၍ အလေးပေးတင်ပြထားသည်။

ထိုအကြောင်းအရာမှာ ဂျပန်နှင့်အခြားသောနိုင်ငံပေါင်းစုံတို့မှ တိုးချဲ့ဆောင်ရွက်လုပ်ကိုင်လျက်ရှိသော ကုန်ထုတ်လုပ်မှုဆိုင်ရာ ကွန်ယက်များအား ASEAN ပူးပေါင်းဆောင်ရွက်ရေးကပိုမိုကောင်းမွန်အောင်လုပ်ဆောင်ပေးလိမ့်မည်ဆိုသော အချက်ဖြစ်သည်။ စင်စစ်တွင်၊ ဤပေါင်းစပ်အစီရင်ခံစာတွင်ပါရှိသည့် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိသော ASEAN အတွက် လိုအပ်သော အဓိကမဟာဗျူဟာတစ်ခုမှာ ASEAN ဒေသတွင်းနှင့် ကျန်ရှိနေသော အရှေ့ အာရှဒေသပါမကျန် ကုန်ထုတ်လုပ်မှုဆိုင်ရာကွန်ယက်များ ပိုမိုနက်ရှိုင်းစွာ ချိတ်ဆက်လာနိုင်ခြင်းဟူသော မဟာဗျူဟာတစ်ရပ်ဖြစ်သည်။

## ASEAN တစ်ခုတည်းသောဈေးကွက်?

ASEAN ပူးပေါင်းဆောင်ရွက်မှုဖွဲ့စည်းတည်ထောင်ရခြင်းသည် တကယ်တမ်းတွင် ၂၀၀၉-၂၀၁၅ခုနှစ်အတွက် the AEC Blueprint (AEC အသေးစိပ်နည်းလမ်းပုံစံ) ၏အချက်အချာဖြစ်သည်။ The Blueprint's aim (အသေးစိပ်နည်းလမ်းပုံစံ၏ရည်ရွယ်ချက်) သည်အမှန်စင်စစ်တွင် the AEC Blueprint ၏ မဏ္ဍိုင်၁ကို ပို၍ရည်ရွယ်ချက်ကြီးကြီးမားမားထားရှိခြင်းဖြစ်သည်။ (ဆိုလိုသည်မှာ- "a single market and production base" "တစ်ခုတည်းသောဈေးကွက်နှင့်ကုန်ထုတ်လုပ်မှုအခြေတည်"). The AEC Blueprint ၏ မဏ္ဍိုင်၁ ကွပ်ကဲမှုအောက်တွင်ရှိသော key strategies များသည် ASEAN ၏ရည်မှန်းချက်ကို ထင်ဟပ်စေပါသည်။ (ဆိုလိုသည်မှာ-ကုန်စည်များလွတ်လပ်စွာစီးဆင်းစေခြင်း၊ ဝန်ဆောင်မှုများလွတ်လပ်စွာဆောင်ရွက်ခွင့်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှု လွတ်လွတ်လပ်လပ်ပြုနိုင်သောလမ်းစဖွင့်ပေးခြင်း၊ ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ သွားလာလုပ်ကိုင်နိုင်ခွင့်ပေးခြင်းနှင့် ငွေလုံးငွေရင်း အရင်းအနှီးပိုမိုလွတ်လပ်စွာ စီးဆင်းစေခြင်း)။

တစ်ခုတည်းသောဈေးကွက်ဆိုသည်မှာဘာလဲ? ၄င်းသည်ဘာကိုဖြစ်ပေါ်စေသလဲ? ထိုမေးခွန်းနှစ်ခုအတွက် အခြေခံအားဖြင့် အကဲဖြတ်နည်းလမ်းနှစ်သွယ်ရှိပါသည် (ဆိုလိုသည်မှာ- process of economic integration နည်းလမ်းသုံးလျှင်သုံး၊ မသုံးလျှင် the outcome of economic integration နည်းလမ်းကို သုံးလျှင်ရသည်)။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖြစ်စဉ်အရ(process of economic integration)၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ ရွှေ့ပြောင်းနိုင်မှုသအတိုင်းအတာပမာဏပေါ်တွင်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုသွင်းအားစုများ (factors of production) ပေါ်တွင်လည်းကောင်း အလေးပေးအကဲဖြတ်ခြင်း ဖြစ်သည်။ တစ်ခုတည်းသောဈေးကွက် (a single market) ဆိုသည်မှာ- ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့် ကုန်ထုတ်လုပ်မှုသွင်းအားစုများအား နိုင်ငံများဖြတ်ကျော်ပြီး တစ်ဘက်မှတစ်ဘက်သို့ ရွှေ့ပြောင်းခြင်းသည် မိမိနိုင်ငံများအတွင်း ၄င်းတို့ကို အရွှေ့အပြောင်းလုပ်လျှင် လွယ်ကူသလောက်ပင် အလွယ်တကူ ရွှေ့ပြောင်းနိုင်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ရလဒ်အရ (the outcome of economic integration)၊ နယ်စပ်ဖြတ်ကျော်ရေးတွင် ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့်ကုန်ထုတ်လုပ်မှုသွင်းအားစုများ၏ဈေးနှုန်းများကွဲပြားခြားနားမှုပမာဏပေါ်၌ အလေးပေးအကဲဖြတ်ခြင်း ဖြစ်သည်။ တစ်ခုတည်းသောဈေးကွက် (a single market) ဆိုသည်မှာ-ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့် ကုန်ထုတ်လုပ်မှုသွင်းအားစုများ၏ ဈေးနှုန်းများသည် နိုင်ငံဖြတ်ကျော်အားလုံးတို့တွင် transport cost ညှိပြီးသောကြောင့် တူညီလုနီးပါး ဖြစ်သည်ဟု ဆိုလိုသည်။ ရှင်းလင်းစွာပြောရလျှင် အထက်တွင်ဖော်ပြခဲ့သည့်တစ်ခု

တည်းသောဈေးကွက်၏ စံထားလောက်သော သဘောတရားအတွေးအမြင်ကို လက်တွေ့ အမှန်စင်စစ်တွင် ခန့်မှန်းနိုင်ခြင်းမျှသာ လုပ်နိုင်ပါသည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမှ single price ပုံစံဖြင့်ဖော်ပြသော စံထားလောက်သည့် သဘောတရားအတွေးအမြင် အားတကယ်ရရှိရန် မဖြစ်နိုင်လုနီးပါး ပေါ်ပေါက်ရခြင်းအကြောင်းမှာ ASEAN ၏သာဓက တစ်ခုကို ထောက်ပြရလျှင် အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှုအဆင့်များတွင် ကွာဟချက်များ အလွန်ကြီးမားသောကြောင့် ဖြစ်ပါသည်။ စိန်ခေါ်မှုတစ်ရပ်အနေဖြင့် စံထားလောက်သည့် သဘောတရားအတွေးအမြင်နှင့် တတ်နိုင်သမျှ နီးနိုင်သလောက်နီးအောင် မည့်သို့ကြိုးပမ်းရ မည်ဆိုသောအချက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စံနမူနာကောင်း နိုင်ငံနီးပါးဖြစ် အောင်ရှေ့ဆက်သွားနေသော သိသာထင်ရှားသည့် မူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာ ဆက်နွယ်မှု များရှိနေသောကြောင့်ဖြစ်ပါသည်။

တစ်ခုတည်းသောဈေးကွက်(single market) အား စီးပွားရေးပေါင်းစည်းမှုဖြစ်စဉ်ပုံစံဖြင့် အမြဲသုံးနှုန်းပြောဆိုလေ့ရှိကြောင်းကို ယခုအခန်း၏ ကျန်သောအပိုင်းတွင် အလေးပေးဆွေးနွေး ထားသည်။ ASEAN သည် "single market and production base" ကိုအဓိက မူလအခြေခံသဘောတရားလိုအပ်ချက် (၅)ရပ်ပုံစံဖြင့် အနက်အဓိပ္ပါယ်ဖွင့်ဆိုထားသည်- (၁)ကုန်စည်များ လွတ်လပ်စွာစီးဆင်းစေခြင်း၊ (၂) ဝန်ဆောင်မှုများ လွတ်လပ်စွာဆောင်ရွက် ခွင့်ပေးခြင်း၊ (၃)ရင်းနှီးမြှုပ်နှံမှု လွတ်လွတ်လပ်လပ်ပြုနိုင်သော လမ်းစဖွင့်ပေးခြင်း၊ (၄)ငွေလုံး ငွေရင်းအရင်းအနှီး ပိုမိုလွတ်လပ်စွာ စီးဆင်းစေခြင်းနှင့် (၅) ကျွမ်းကျင်လုပ်သားများ လွတ် လပ်စွာသွားလာလုပ်ကိုင်နိုင်ခွင့်ပေးခြင်း။ ၎င်း core elements (၅) ခုသည် a single market ၏ အဓိကအနှစ်သာရကို ဖော်ကျူးပေးသည် *[ဆိုလိုသည်မှာ- ကုန်သွယ်ရေး အဖွဲ့တစ်ဖွဲ့ (a trade bloc) ၏အဖွဲ့ဝင်နိုင်ငံများအကြား ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ နှင့် ကုန်ထုတ်လုပ်မှုသွင်းအားစုများ(အရင်းအနှီးနှင့်လုပ်သား)ပြောင်းရွှေ့မှုသည် အဖွဲ့ဝင်နိုင်ငံ များအတွင်း ၎င်းတို့ကိုယ်တိုင်ကိုယ်ကျ ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့် ကုန်ထုတ်လုပ်မှု သွင်းအားစုများ (အရင်းအနှီးနှင့်လုပ်သား)ပြောင်းရွှေ့မှုလုပ်သကဲ့သို့ပင် လွယ်ကူသည်]* အကျိုးသက်ရောက်မှုအနေဖြင့်၊ ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့် ကုန်ထုတ်လုပ်မှုသွင်း အားစုများအရွှေ့အပြောင်းလုပ်ရာတွင် အဟန့်အတားများ (အထူးသဖြင့်မူဝါဒနှင့် စည်းမျဉ်း ဥပဒေအခြေပြုဆိုင်ရာ အတားအဆီးများ) မရှိသလောက်နီးပါး ဖြစ်လာသည်။ အဖွဲ့ဝင်နိုင်ငံ များတွင် နည်းပညာနှင့် နှိုင်းယှဉ်ချက်အရ ဘုံဦးစားပေးအရာများ မပြောင်းလဲဟု ယူဆလျက်၊ ဤသို့ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် ဈေးနှုန်းကွာဟချက်များ၊ လုပ်ခမတူညီမှုများနှင့် ပြန်ရချက် မတူညီမှုများသည် နောက်ဆုံးတွင် တတ်နိုင်သမျှ အတော်အတန်နည်းသွားပါလိမ့်မည်။

ထို့ကြောင့် the AEC Blueprint ၏ မဟာဗျူဟာကျသောလမ်းညွှန်မှု အောက်တွင်ရှိသော key strategies များသည် a single market ၏ the critical anchors (အဓိကသိသာထင်ရှားသောလိုရင်း အချက်များ)နှင့် ကိုက်ညီမှု အတော်များများရှိသည်။ မည်သို့ဆိုစေကာမူ အထက်တွင် ဖော်ပြခဲ့သော လွတ်လွတ်လပ်လပ်အဓိပ္ပါယ်ဖွင့်ဆိုချက်များ၏ ကျေနပ်နစ်သိမ့်မှုများသည် a single market ဆိုသောအဓိပ္ပါယ်အမှန်အတိုင်း အဓိပ္ပါယ်ဖွင့်ဆိုမှုကို ဖြစ်ပေါ်စေသည်။ ဤနေရာတွင် ဥရောပသမဂ္ဂ (the European Union, EU)၊ ကာရီဘီယန်တစ်ခုတည်းသော ဈေးကွက်နှင့်စီးပွားရေး (Caribbean Single Market and Economy,CSME) များသည် သာဓကများအဖြစ် အသိပညာပေးထားသည်။ အဘယ်ကြောင့်ဆိုသော် EU နှင့်ပတ်သက် ၍ ၂၀၀၉-၂၀၁၅ AEC Blueprint လုပ်ငန်းစဉ်များသည် a single market စင်စစ်နီးပါးဖြစ်လာရေးတွင် အရေးကြီးသည့် အချင်းအရာတစ်ခုရရှိရန် ဘယ်အရာလိုအပ် လိမ့်မလဲဆိုသောအချက်ကို သိသိသာသာအပြည့်အစုံလုပ်ဆောင်နိုင်ခြင်း မရှိသေးပေ။ ထိုအချက်ကို သတိပြု၍၂၀၀၉-၂၀၁၅ AEC Blueprint လုပ်ငန်းစဉ်များသည် " towards a single market and production base" "တစ်ခုတည်းသော ဈေးကွက်နှင့်ကုန်ထုတ်လုပ်မှု အခြေတည်လားရာဆီသို့" ဦးတည်သွားနေသောmeasures (ဆောင်ရွက်မှုလုပ်ငန်းစဉ်များ) ဖြစ်ကြောင်းသိမြင်နားလည်နိုင်ပါသည်။

ဥရောပသမဂ္ဂဆိုင်ရာတစ်ခုတည်းသော ဈေးကွက်(the EU single market) or ဥရောပ သမဂ္ဂရေးရာပြည်တွင်းဈေးကွက် (internal market) သည် a single market ၏အခြေခံကျ သော အနှစ်သာရကို အနီးစပ်ဆုံးဖော်ဆောင်ပေးသည်။ ထို့ကြောင့် ဥပမာအနေဖြင့် ပြောရ လျှင် - ကုန်စည်များလွတ်လပ်စွာစီးဆင်းမှုရှိစေရန် အကောက်ခွန်များ(customs duties) စည်းကြပ်ကောက်ခံခြင်းသာမက၊ သွင်းကုန်ဒဏ်ငွေခွန်များစည်းကြပ်ခြင်း (ဆိုလိုသည်မှာ- အကောက်ခွန်များ၊အခွန်ခွဲခြားဆက်ဆံကောက်ခံမှုများ၊အရေအတွက်ဆိုင်ရာကန့်သတ်ချက် များ၊ တိုကရိုက်နှင့် သွယ်ဝိုက်ခွဲခြားဆက်ဆံ စည်းမျဉ်းစည်းကမ်းများ) ကိုပါ မပြုလုပ်ရန် အဖွဲ့ဝင်နိုင်ငံများကို တားဖြစ်ထားသည်။ အဖွဲ့ဝင်နိုင်ငံများသည် ပြည်သူ့ကျန်းမာရေး အန္တရာယ်၊ ပတ်ဝန်းကျင်အန္တရာယ် (သို့) စားသုံးသူအကာအကွယ်ပေးရေး စသည့် exceptional cases များပေါ်တွင်သာ ကုန်စည်များရွှေ့ပြောင်းစီးဆင်းခြင်းကို ထိန်းချုပ် တားဆီးနိုင်ပါသည်။ အလားတူစွာ၊ ဝန်ဆောင်မှုများ လွတ်လပ်စွာဆောင်ရွက်ခွင့်နှင့် ဌာနဆိုင်ရာအဖွဲ့အစည်း အခြေစိုက်ထူထောင်လွတ်လပ်ခွင့် (ဆိုလိုသည်မှာ-အဖွဲ့ဝင်နိုင်ငံ များ၏ မည်သည့်နိုင်ငံ (သို့) မည်သည့်ကုမ္ပဏီဖြစ်စေ မည်သည့် အဖွဲ့ဝင်နိုင်ငံတွင်မဆို မည်သည့်လုပ်ဆောင်မှုများတွင် မဆိုလက်ခံခွင့်ပြုနိုင်ပြီး၊ လူမျိုးရေး (သို့) ပူးပေါင်းသိမ်းသွင်း

ခြင်းအပြုအမူမျိုးပေါ် မူတည်ပြီး ခွဲ ခြားဆက်ခံခြင်းမျိုး မလုပ်နိုင်အောင် တားမြစ်ထားသည်)။

ထို့အပြင် အလုပ်သမားများလွတ်လပ်စွာရွှေ့ပြောင်းသွားလာခြင်းဆိုသည်မှာ- အလုပ်သမားများသည်မည်သည့်အဖွဲ့ဝင်နိုင်ငံကိုမဆို ရွှေ့ပြောင်းသွားလာနိုင်ပြီး ထိုအဖွဲ့ဝင်နိုင်ငံ၌ နေထိုင်သော နိုင်ငံသားများကဲ့သို့ပင် အလားတူအခြေအနေများအောက်တွင် ၎င်းတို့ကို အလုပ်ခန့် ထားနိုင်ရမည်။ EU နိုင်ငံသားများသည် သူတို့ဆန္ဒရှိသော မည်သည့် EU အဖွဲ့ဝင်နိုင်ငံတွင်မဆို လွတ်လွတ်လပ်လပ်ရွှေ့ပြောင်းသွားလာ၍ နေထိုင်နိုင်ခြင်း၊ အလုပ်လုပ်နိုင်ခြင်း၊ ပညာဆည်းပူးလေ့လာနိုင်ခြင်း (သို့မဟုတ်) အငြိမ်းစားယူနိုင်ခြင်းစသည်တို့ကို ရရှိသည်။ Schengen ဒေသအတွက်ဆိုလျှင် နယ်စပ်ထိန်းချုပ်မှုများမရှိခြင်းကြောင့် (no border controls) ၎င်းဒေသအတွင်း၌ အပြောင်းအရွှေ့လုပ်ရာတွင် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အတားအဆီးများ မရှိပေ (no physical barriers to movement)။ EU ကိုယ်တိုင်ပင် a single market ဖြစ် တည်ရေးလမ်းကြောင်းသည် ယခုချိန်ထိမပြီးသေးကြောင်းကို ဥပဒေရေးရာအပိုင်းအစများ၊အုပ်ချုပ်ရေးရာအဟန့်အတားများနှင့်အသိပေးထုတ်ပြန်ထားသည့် တိုင်အတည်ပြုလိုက်နာရမည့် အကြောင်းကိစ္စများနှင့်အတူတကွ ထည့်သွင်းစဉ်းစားထားသည်။ (the EU Single Market Website တွင် the EU internal market အကြောင်းအရာနှင့်ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးထားပါသည်။)

ကာရေဘီယံ(န်)နိုင်ငံများဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကာရီကွန်(မ်)တစ်ခုတည်းဈေးကွက်နှင့်စီးပွားရေး (the CARICOM Single Market and Economy (CSME) of Caribbean Countries regional integration) သည်လည်း a single market and economy နှင့်ပတ်သက်၍ အနီးစပ်ဆုံးခန့်မှန်းမှုပြုရန်အတွက် လိုအပ်ပါသည်။ ၎င်းအဖွဲ့တွင်ဆောင်ရွက်ရမည့်လိုအပ်ချက်များ ပါဝင်သည်။ ဥပမာ- မည်သည့်CARICOM firm ဖြစ်စေ မည်သည့် CARICOM အဖွဲ့ဝင်နိုင်ငံတွင်မဆို အတားအဆီးကန့်သတ်ချက်များမရှိ အခြေချတည်ထောင်နိုင်ခွင့်ရှိရမည်၊ ဒေသတွင်းဆိုင်ရာကျွမ်းကျင်သူများ၊ အလုပ်အကိုင်နှင့်ခရီးသွားလာရေး စသည်တို့တွင်ရှိနေသော အတားအဆီးများကို ဖျက်သိမ်းပြီး လွတ်လပ်စွာသွားလာလုပ်ကိုင်ခွင့်ရှိရမည်၊လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော(ပညာရေး၊ကျန်းမာရေး) ကဏ္ဍများတွင်လည်း သယဇာတဖြစ်ရမည်၊ လူမှုဖူလုံရေးအထောက်အပံ့များလည်း လွှဲပြောင်းပေးရမည်၊ တရားဝင်အသိမှတ်ပြု သာတူညီမျှရှိသော common standards and measures (အများသဘောဆောင်စံနှုန်းများနှင့်အတိုင်းအတာများ) ထားရှိရမည်။ CSME တွင်ပြင်ပမှ ကုန်စည်များပေါ် စည်းကြပ်သော သာမန်အခွန်နှုန်း (a common external tariff) လည်း

ရှိသည်။ ၎င်းအခွန်နှုန်းသည် CARICOM အဖွဲ့အတွင်းသို့ ပြင်ပမှရောက်ရှိလာသော ကုန်စည်များ (အရင်ဦးဆုံးဝင်ရောက်နိုင်ငံ, the country of first entry, တွင် သင့်တင့်လျောက်ပတ်သော duties ဆောင်ပြီးသောကုန်စည်များ)ကို လွတ်လပ်စွာပျံ့နှံ့ရောက်ရှိစေခြင်းအား ခွင့်ပြုထားသည်။ ကုန်သည်နှင့် ဝန်ဆောင်မှုများ လွတ်လပ်စွာစီးဆင်းစေရန်အတွက် အတားအဆီးအဟန့်အတားများ (barriers) အားလုံးကို ဖယ်ရှားရှင်းလင်းပြီး၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ အရောင်းအဝယ်လုပ်ရာတွင် သေချာလက်ခံနိုင်စွမ်းရှိစေရန် စံနှုန်းများကိုလည်း သဟဇာတဖြစ်အောင် ဆောင်ရွက်သည်။ CSEM တွင်အခြားသောအခြေခံသဘောတရားလိုအပ်ချက်များ (other elements) လည်းရှိနေသည်။ ၎င်းတို့မှာ- ကုမ္ပဏီ၏ သဟဇာတဖြစ်မှုအခြေအနေ၊ အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုနှင့် အခြားသောလုပ်ထုံး ဥပဒေများ၊ သွယ်ဝိုက်ခွန်များနှင့် ရသုံးမှန်းခြေလိုငွေပြမှုများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မူဝါဒ များသဟဇာတဖြစ်မှုအခြေအနေ- စသည်ဖြင့် ပြောမည်ဆိုရှိသေးသည်။ အဓိကအခြေခံသဘောတရားလိုအပ်ချက် အတော်များများ (သို့) တစ်စိတ်တစ်ဒေသကိုအကောင်ထည်ဖော် ဆောင်ရွက်နေခဲ့ပါသည်။ (The Caribbean Community Secretarit website တွင်အသေးစိပ်မြင်နိုင်ပါသည်)

ရှင်းလင်းစွာပြောရလျှင်၊ အထက်တွင်ဖော်ပြခဲ့သောအချက်များ ပေါ်မူတည်၍၊ CARICOM နှင့် EU တို့သည် ASEAN ထက်စာလျှင် ၂၀၀၉-၂၀၁၅ခုနှစ်အတွက် the AEC Blueprint တွင် ပါဝင်သောဆောင်ရွက်မှုလုပ်ငန်းစဉ်များအရ a single market ၏အခြေခံကျသော အနှစ်သာရနှင့် ပိုမိုနီးကပ်မှုရှိနေသည်ဟု ဆိုရမလိုဖြစ်နေသည်။အခြားအရာများအကြားတွင် လတ်တလော AEC Blueprint သည် CARICOM သို့မဟုတ် EU တစ်ခုမဟုတ် တစ်ခုထက်စာလျှင် လုပ်သားပြောင်းရွှေ့မှုနှင့် လုပ်ငန်းအခြေချတည်ထောင်လုပ်ပိုင်ခွင့်တို့တွင် ရည်မှန်းချက်ထားလုပ်ဆောင်မှု တိတိကျကျနည်းနေသေးသည်။ အလားတူစွာ၊ ၎င်းသည် အကောက်ခွန်မဟုတ်သော ဆောင်ရွက်မှုလုပ်ငန်းစဉ်များ (non-tariff measures) ဆိုင်ရာ စံနှုန်းများနှင့် သဘောကိုက်ညီမှုစသည်တို့နှင့် စပ်လျဉ်း၍လည်း ပိုမိုသတိထားလုပ်ဆောင်နေရသည်။ ထို့ကြောင့် AEC 2015 အတွက် the AEC Blueprint တွင် ပါဝင်သော ဆောင်ရွက်မှုလုပ်ငန်းစဉ်များ အကောင်ထည်ဖော်မှုကို လျှောက်လှမ်းရာလမ်းကြောင်း တစ်လျောက် ASEAN ၏နောက်ဆုံးရည်မှန်းချက်ပန်းတိုင်ဖြစ်သော ကုန်ထုတ်လုပ်မှု အခြေတည်အာဆီယံတစ်ခုတည်းသော ဈေးကွက်ဖြစ်ပေါ်ရရှိရေး (an ASEAN single market) ကြိုးပမ်းမှုတွင် ပထမဆုံးသမိုင်းမှတ်တိုင်တစ်ခု (သို့) ပထမဆုံးအဆင့် (the first milestone or first stage) အဖြစ်ရှုမြင်ရန် အကောင်းဆုံးဖြစ်သည်။

## ပေါင်းစည်းအားနှင့်စွမ်းရည်မြင့်ယှဉ်ပြိုင်နိုင်သော ASEAN

ထို့နောက် a single market ဖြစ်တည်ရေး ASEAN လျှောက်လှမ်းရာ လမ်းကြောင်းဒုတိယ အဆင့်နှင့်၂၀၁၅လွန် ကုန်ထုတ်လုပ်မှု အခြေတည်ဆိုသည်မှာဘာလဲ? ဒုတိယအဆင့်သည် a single market မဖြစ်သေးသော်လည်း ပေါင်းစည်းအားနှင့် စွမ်းရည်မြင့်ယှဉ်ပြိုင်နိုင်သော ASEANဆီသို့ ဦးတည်သွားနေသည့် ASEAN integration ၏နက်ရှိုင်းလေးနက်မှုကို ဤ ပေါင်းစပ်အစီရင်ခံစာအနေဖြင့် စဉ်းစားထားသည်။ EU နှင့် CARICOM သာဓကများတွင် အကြံပြုထားသည့်အတိုင်း၊ a single market နှင့် အလွန်နီးကပ်လာဖို့ဆိုလျှင် ASEAN တွင် အဓိကမူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာပြောင်းလဲမှု အတော်များများဆောင်ရွက်ပြီးစီးနေရန် လိုအပ်ပါသည်။ ထိုပြောင်းလဲမှုများတွင် - အများနှင့် ပါဝင်ဆောင်ရွက်တတ်မှု၊ အရည်အချင်း ပြည့်ဝကျွမ်းကျင်လုပ်သားများအတွက် ASEAN အတွင်း မည်သည့်နေရာမဆို နေထိုင် လုပ်နိုင်ခွင့်၊ firms နှင့် self-employed persons များအတွက် ASEAN အတွင်း မည်သည့် နေရာတွင်မဆို ယာယီအားဖြင့်သော်လည်းကောင်း၊ အမြဲတမ်းအားဖြင့်သော်လည်းကောင်း services များပံ့ပိုးဆောင်ရွက်နိုင်ခွင့်၊ စံနှုန်းများသဟဇာတရှိခြင်းနှင့် လိုက်လျောကိုက်ညီမှု ရှိသောအကဲဖြတ်မှုများ (CACRICOM) ကိုကြီးကြပ်ရန်ဒေသတွင်းဆိုင်ရာ အဖွဲ့အစည်းတစ်ခု တည်ထောင်ခြင်း၊ အခြေခံလိုအပ်ချက်များကိုဖြည့်ဆည်းရန် အတည်ပြုပြီးသော(EU) ထုတ်ကုန် (products) များအားအဖွဲ့ဝင်နိုင်ငံများက လက်ခံရမည်ဖြစ်ပြီး မရှိမဖြစ်လိုအပ်ချက် များပေါ်တွင် လိုက်လျောညီထွေဥပဒေပြုခြင်း၊ လူမှုရေးရာမူဝါဒများ (သို့) လူမှုဖူလုံရေးအကျိုး ပြုသယ်ယူပို့ဆောင်ရေး အထောက်အကူများ သဟဇာတရှိခြင်းနှင့် မည်သည့်ခွဲခြားမှုများ (အခွန်အကောက်၊ အခကြေးငွေ၊ စည်းကြပ်ခွန် (သို့မဟုတ်) သွင်းကုန်ကာကွယ်ရေး တိုက်ရိုက် (သို့) သွယ်ဝိုက်လိုအပ်ချက်များ (သို့မဟုတ်) အခြားအဖွဲ့ဝင်နိုင်ငံတစ်ခုမှအ ထောက်အပံ့ပေးသူစသည်တို့တွင် ယခင်ကခွဲခြားထားခြင်းကိုဆိုလိုသည်) ကိုမဆို တရားဝင် တင်းကြပ်ထားမှုများမှဖယ်ရှားခြင်း - တို့ပါဝင်သည်။

အထက်တွင်ဆွေးနွေးခဲ့သည့်အတိုင်း စီးပွားရေးပေါင်းသည်းမှု နက်ရှိုင်းမှုရှိလျှင် ရှိသလောက် အတိုင်း အကယ်၍ရှေ့ဆက်သွားလိုလျှင် a single market ၏အနှစ်သာရနှင့်အတူ အဓိကကျသောမူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာပြောင်းလဲမှုများက ASEAN ကိုတောင်းဆို သည်မှာ ရှင်းလင်းမှုမရှိပေ။အာဆီယံသည် EU (သို့) CARICOM နှင့်မတူ အတော် အတန်ကွဲပြားသည် (ASEAN differs substantially from EU or CARICOM) ဆိုသော အချက်က ASEAN သည်များအကြာမီအတွင်းsingle market အပြည့်အဝဖြစ်လာ စေရန် ရှေ့ဆက်သွားလျှင် ပိုမိုခက်ခဲမှုကို ဖြစ်စေသည်။ နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုအတွက်

ပိုမိုကြီးမားသော တွန်းအားရှိနေသည့် မူလEU အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှု အဆင့်များ ကွာခြားခြင်းထက်စာလျှင် AMSs များအကြား ကွာခြားချက်သည် ပိုများပါသည်။ a single market and economy အဖြစ်ပေါင်းစည်းထားခြင်းသည် မရှိမဖြစ်ဆုံးအရာတစ်ခု ဖြစ်သည်ဟု လက်ခံထားသော ကာရေဘီယံ(န်)၏ ကျွန်းနိုင်ငံငယ်လေးများနှင့် ယှဉ်ကြည့် လျှင် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အများအပြားပိုမိုကြီးမားပါသည်။

အမှန်အားဖြင့် လက်ရှိတွင် နည်းလမ်းအားလုံးအတိုင်းသွားရန် ASEAN အနေဖြင့် အင်မတန် မှ တုံ့ဆိုင်းနေသည်ဟု ထင်ရပါသည်။ စစ်မှန်သောတစ်ခုတည်းသော ဈေးကွက်ပြုလုပ်ရန် အတွက် ASEAN တွင် ရှင်းလင်းပြတ်သားသော နိုင်ငံရေးဆုံးဖြတ်ချက်များ ဆိုင်းငံ့ထားခြင်း သည် "single market and production base " ဆိုသော စကားအသုံးအနှုန်းသည် အနည်းဆုံးတော့ ယခုအချိန်တွင် အမှန်တကယ်မရှိမဖြစ် အရေးကြီးသောအရာတစ်ခု "integrated and highly contestable ASEAN" "ပေါင်းစည်းအားနှင့် စွမ်းရည်မြင့် ယှဉ်ပြိုင်နိုင်သော အာဆီယံ" ဖြစ်လာသည်။[1] အစီရင်ခံစာ နောက်ပိုင်းတွင် ဖော်ပြမည့် "integrated ASEAN as a production base" "ကုန်ထုတ်လုပ် မှုအခြေတည်တစ်ခုအဖြစ် ပေါင်းစည်းသော အာဆီယံ" သည် ရလဒ် (outcome) နှင့် ဖြစ်စဉ် (process) တို့အရ နောက်ဆုံး၌ "a single market" တစ်ခုတည်းသော ဈေးကွက်ဖွဲ့စည်းတည်ထောင်ဖြစ်ရေး ဆီသို့ ဦးတည်သော ထုတ်လုပ်မှု နည်းလမ်းတစ်ခု ဖြစ်လိမ့်မည်။ "စွမ်းအားမြင့်ယှဉ်ပြိုင်နိုင် သောအာဆီယံ"သည်"ကုန်ထုတ်လုပ်မှုအခြေတည်တစ်ခုအဖြစ်ပေါင်းစည်းသောအာဆီယံ" ကို ထောက်ပံ့ပေးနေသော အရေးကြီးအရာတစ်ခု ဖြစ်ပါသည်။ ယှဉ်ပြိုင်နိုင်စွမ်းဆိုသည်မှာ ဈေးကွက်ယှဉ်ပြိုင်ခြင်းမှဖြစ်စေ မဟုတ်လျှင် sunk costs နှင့် network costs များနှင့် ရင်ဆိုင်နေရချိန်တွင် အမြော်အမြင်ကောင်းရှိသော ယှဉ်ပြိုင်မှုဝါဒအသုံးချ၍ဖြစ်စေ industry or activity တစ်ခုခုသို့ ဝင်ရ လွယ်ကူခြင်းနှင့် industry or activity တစ်ခုခုမှ ထွက်ရလွယ်ကူခြင်းကို ဆိုလိုသည်။ "ပေါင်း စည်းအားနှင့် စွမ်းရည်မြင့်ယှဉ်ပြိုင်နိုင်သော အာဆီယံ" ဆီသို့ အရောက်လှမ်းရန် အခြေခံ သဘောတရားလိုအပ်ချက်များသည် the AEC Blueprint တွင် အများသိကျွမ်းသော အချက်များ ဖြစ်ပါသည်။ ၎င်းတို့မှာ -

- ထိရောက်ပြီး တွက်ခြေကိုက်သော အကာကွယ်ကင်းအကောက်ခွန်မဲ့စနစ်များ(NTMs)

---

[1]In effect, given the popular usage of "single market and production base", it can still be used in official announcements but liberally interpreted as "integrated and highly contestable" in the transition.

- ကုန်သွယ်ရေးအဆင်ပြေချောမွေ့စေသော စံနှုန်းများနှင့်လိုက်လျောကိုက်ညီပုံစံစနစ်

- ဝန်ဆောင်မှုကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအစုစုတို့တွင် ယှဉ်ပြိုင်နိုင်စွမ်းပိုများခြင်း (ကုန်သွယ်ရေး လွတ်လပ်ခွင့်ရှိခြင်း)

- ပိုမိုထိရောက်သောကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်မှုနှင့် သယ်ယူပို့ဆောင်ရေးအဆင်ပြေ လွယ်ကူခြင်း

- ယှဉ်ပြိုင်ခြင်းမူဝါဒ

- အခြေခံအဆောက်အအုံဆိုင်ရာ ချိတ်ဆက်မှုအားပိုကောင်းခြင်း

- ကျွမ်းကျင်လုပ်သားများ ပိုမိုရွှေ့ပြောင်းသွားလာနိုင်ခြင်း

အထက်တွင်ဖော်ပြခဲ့သော အချက်အများစုသည် AEC Blueprint၂၀၀၉-၂၀၁၅၏ မဏ္ဍိုင် (၁) တွင် ပါဝင်သော အချက်များဖြစ်သည်။ အမှန်စင်စစ်တွင်၊၂၀၁၅လွန် suggested actions အများစုသည် the AEC Blueprint တွင် ဆောင်ရွက်နေသော ပဏာမလှုပ်ရှားမှုများကို ထပ်မံ၍ လေးနက်စေသည်ဟုဆိုစေကာမူ ဆောင်ရွက်မှုလုပ်ငန်းစဉ်များသည် ၂၀၁၅ခုနှစ် တွင် အပြည့်အဝအကောင်ထည်ဖော်ပြီးဆီးလိမ့်မည်ဟု မျှော်မှန်းချက်သည် တကယ်တမ်း လက်တွေ့တွင်မဖြစ်နိုင်သေးကြောင်းမှတ်ယူရမလိုဖြစ်သည်။ထို့အပြင် စက်မှုလုပ်ငန်းအပိုင်း တွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေရန် (သို့) the AEC Blueprint တွင် မျှော်မှန်းထားသည်ထက် ပိုမိုလေးနက်သော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုရှိပြီး အဆင်ပြေလွယ်ကူမှု degree ပိုမို နက်ရှိုင်းလာစေရန် လိုအပ်ပါသည်။ အသေးစိပ်ကို အစီရင်ခံစာ၏ အခန်း၃တွင် ဆွေးနွေးထား ပါသည်။

A production base အဖြစ်လည်း ASEAN ပေါင်းစည်းရေးသည် အခြေခံအဆောက်အအုံ ဆိုင်ရာချိတ်ဆက်မှု - လမ်းမကြီးများ၊ တံတားများ၊ ဆိပ်ကမ်းများ၊ လေဆိပ်များ၊ ဆက်သွယ်ရေး အဆင်ပြေချောမွေ့မှုစသည်တို့တွင် ဆက်စပ်မှုပုံစံအနေအထားဖြင့် - ပိုမိုကောင်းမွန်စေရန် လိုအပ်လာသည်။ ပိုမိုထိရောက်သော သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး အစီအမံဝန်ဆောင်မှုများနှင့်အတူ သယ်ယူပို့ဆောင်ရေး အဆင်ချောမွေ့စေရန် မူဝါဒများ

လည်း လိုအပ်သေးသည်။ ထို့ကြောင့် ထောက်ပံ့ပို့ဆောင်ရေးအစီအမံနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဆက်စပ်ဝန်ဆောင်မှုများ (logistics and transport-related services) ပေါ်တွင် ယှဉ်ပြိုင်မှုကို လိုလားသော မဝါဒတစ်ခုနှင့် ယှဉ်ပြိုင်နိုင်စွမ်း (contestability) တို့သည် အမိကအရေး ကြီးလာသည်။ The AEC Blueprint ၏ မဏ္ဍိုင်(၂)တွင် အခြေခံအဆောက်အအုံဆိုင်ရာ ချိတ်ဆက်မှုစနစ်များရှိသော်လည်း အာဆီယံချိတ်ဆက်မှု မဟာစီမံကိန်း the Master Plan on ASEAN Connectivity (MPAC)၌ ဒေသတွင်း ချိတ်ဆက်မှုလေးနက်စေရန် ပို၍စုစည်းမှုရှိပြီး မဖြစ်မနေဆောင်ရွက်ရမည့် အာဆီယံ၏ မဟာဗျူဟာတစ်ခုကို တင်ပြထားသည်။ ရုပ်ပိုင်း ဆိုင်ရာအခြေခံအဆောက်အအုံများကြား အပြန်အလှန်အကျိုးပြုခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဈေးကွက်(transport and logistics services များပါဝင်သော)၊ ထိရောက်ပြီးလွယ်ကူ ရှင်းလင်းသော စည်းမျဉ်းစည်းကမ်းများနှင့် a production base အဖြစ်လည်း ASEAN ပေါင်းစည်းရေးတွင် သေချာမှုရှိစေမည့် procedures များစသည်တို့၏ အရေးပါမှုကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ(၁၈)ရက်၊ ဗန်ကောက်မြို့၌ ESA ပုံမှန်ဆွေးနွေးစားပွဲဝိုင်းပြုလုပ်စဉ်အတွင်း ASEAN ဆိုင်ရာအင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီး H.E. Ngurah Swajaya ၏အမိကမှတ်ချက် (keynote) က အကောင်းဆုံးဖော်ပြထားသည်။ သူပြောဆိုခဲ့သည်မှာ-

*" အကယ်၍အဖွဲ့အစည်းကောင်းနှင့် လူတစ်ဦးနှင့်တစ်ဦး လက်ချင်းချိတ်ဆက်ယှဉ်တွဲမှု ကောင်းများက ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံများကို ထောက်ပံ့အားပေးကူညီမှု မပြုလျှင် စပ်ကြောင်းမဲ့ ချိတ်ဆက်မှုသဘောသာဖြစ်သောကြောင့် ရုပ်ပိုင်းဆိုင်ရာအခြေခံ အဆောက်အအုံကောင်းများ ဖြစ်လာရန် အာမခံချက်မရှိပေ။ ကျိုးကြောင်းမျှတစည်းမျဉ်း မူဝါဒနှင့် ပေါင်းစပ်လျက်ရှိသော ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံကောင်းတစ်ခုရှိခြင်း သည် EU အနေဖြင့်ထိရောက်သော Single Market နှင့် ပိုမိုယှဉ်ပြိုင်နိုင်သော production base တစ်ခုတည်ထောင်ရန်၊ စပ်ကြောင်းမဲ့ချိတ်ဆက်မှုသဘော လုပ်ဆောင်ရန်တတ်စွမ်းမှုရှိစေသည်"*

အခန်း၃တွင် ပေါင်းစည်းပြီး ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော၂၀၁၅လွန် ASEAN ဖြစ်လာရန် လိုအပ်သော key elements များကို အသေးစိပ်ဆွေးနွေးထားပါသည်။

မဏ္ဍိုင်၂: ယှဉ်ပြိုင်လိုစိတ်နှင့် အရွေ့စွမ်းအားရှိသော ASEAN

တစ်ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းရှိသော အာဆီယံဒေသကြီးဖြစ်လာရန် ASEAN အတွက် အခြေခံကျသော မဟာဗျူဟာသည် ဒေသဆိုင်ရာချိတ်ဆက်မှုကောင်းရှိခြင်းအားဖြင့်လည်း ကောင်း၊ ASEAN သည် အရှေ့အာရှနှင့် ကမ္ဘာ့ကုန်စည်နှင့်ဝန်ဆောင်မှုများ ထုတ်လုပ်ရေး ကွန်ယက်များ၏ အမိကမောင်းနှင်အားအရိုန်တစ်ခုဖြစ်လာခြင်းဖြင့်လည်းကောင်း ပြည်တွင်းနှင့်

ဒေသတွင်းတို့၌ စက်မှုလုပ်ငန်းစုများ ကွန်ယက်နက်ရှိုင်းမှုရှိလာခြင်းနှင့် ကျယ်ပြန့်မှုရှိလာခြင်းတို့ပေါ်တွင် မူတည်ပါသည်။ ရှေ့ဆက်၍ နိုင်ငံတကာတွင် ယှဉ်ပြိုင်လိုစိတ် အမြဲရှိလာစေရန် တီထွင်ဆန်းသစ်မှုနှင့် ဖန်တီးနိုင်စွမ်းရှိသည့် ပြည်တွင်းနှင့် နိုင်ငံတကာ ASEAN အခြေပြုလုပ်ငန်းများ ဖြစ်လာစေရမည်။ အရှေ့စွမ်းအားနှင့် ယှဉ်ပြိုင်လိုစိတ်ရှိသော ASEAN တွင် ထုတ်လုပ်မှုအခြေပြုလမ်းကြောင်းကွန်ယက်များအား ရှေ့ဆက်တွန်းအားပေးခြင်း၊ ကမ္ဘာတစ်ဝှမ်းချိတ်ဆက်မှုများတိုးလာခြင်းမှတဆင့် ဖြစ်ပေါ်လာသောအပြင်ဘက်သို့ တွန်းအား၊ စက်မှုလုပ်ငန်းစုများနှင့် အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ (SMEs) ဖွံ့ဖြိုးတိုးတက်မှုမှတဆင့် ဖြစ်ပေါ်လာသော အတွင်းဘက်သို့တွန်းအား စသည်တို့ပါဝင်သည်။ China ကဲ့သို့သော သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုမပြည့်စုံအားနည်းနေသေးသည့် နိုင်ငံများနှင့် Singapore နိုင်ငံမှလွဲ၍တီထွင်ဆန်းသစ်မှုနယ်ပယ်တွင် AMSs နိုင်ငံအများစု အဖြစ် နေရာယူတင်ကျန်ရစ်နေစေရမည်။ သို့သော်ငြားလည်း နိုင်ငံတကာတီထွင်ဆန်းသစ်မှုအတွက် ချိန်ရွယ် ရင်းနှီးမြှုပ်နှံမှုအဆင်ပြေချောမွေ့ရေး မြင်သာသော ပုံစံတစ်ခုနှင့်အတူ၊ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုမြင့်မားသောအမှုထမ်းများအတွက် နိုင်းယှဉ်လွတ်လပ်သော ရွှေ့ပြောင်းမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လူသားအရင်းအမြစ်နှင့် အခြေခံအဆောက်အအုံများ ပုံစံအားဖြင့် ဖော်ပြနိုင်သော ပြည်တွင်းသုတေသနနှင့် ဖွံ့ဖြိုးမှုစွမ်းဆောင်နိုင်မှုအားကောင်းမှုနှင့်အတူ တကွ Singapore နိုင်ငံသည် အကောင်းဆုံးစံနမူနာပြအဖြစ် ဒေသတွင်း၌ အောင်မြင်မှုရပြီးသားဖြစ်ပါသည်။ Singapore သည် ကျန်သောဒေသအတွက် အတတ်နိုင်ဆုံးဖော်ဆောင်ပေးနိုင်မည့်ပုံစံ (model) တစ်ခုဖြစ်ပါသည်။ အလားတူစွာပင် ကုန်စည်အမျိုးပေါင်းများစွာထုတ်လုပ်နေသော စက်မှုလုပ်ငန်းစုနှင့်တကွ SMEs ကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပြီးစီးရမည့်ကိစ္စများ ASEAN တွင်အတော်အတန်ကျန်နေပါသည်။

အချိန်ကာလအလိုက် ပျမ်းမျှလုပ်ခများ သိသိသာသာပြောင်းလဲမှုမှ ပေါ်ထွက်လာသော၊ ဒေသတွင်း၌ နိုင်းယှဉ်အားသာချက်အရ အရွှေ့စွမ်းအားပြောင်းလဲခြင်းများက၊ products မျိုးစုံအမြဲတမ်း တိုးထုတ်နေခြင်းနှင့် ASEAN ဒေသတွင်းပို့ကုန်များ တင်ပို့မှုနယ်ပယ်များ ပိုကျယ်ပြန့်လာခြင်းတို့ကို ခွင့်ပြုထားသည်။ ဒေသတွင်း၌နိုင်းယှဉ်အားသာချက်အရ အရွှေ့စွမ်းအားပြောင်းလဲခြင်းများ အဆင်ပြေချောမွေ့ခြင်းသည် ပေါင်းစည်းအားနှင့် စွမ်းရည်မြင့် ယှဉ်ပြိုင်နိုင်သောASEAN အနေဖြင့် လိုအပ်သည့်ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ပြည်သူများနှင့် အရင်းအနှီးများကိုလည်း ပြောင်းရွှေ့ရလွယ်ကူစေသည်။ ၎င်းအချက်သည် နောက်ကျကျန်နေသောဒေသများအား ခုန်ပျံကျော်လွှားမဟာဗျူဟာများ (leapfrogging development strategies) လက်ခံကျင့်သုံးဖို့ရန်အတွက်လည်း ခွင့်ပြုလိမ့်မည်။ ထိုနည်းအားဖြင့် ဒေသတွင်း၌

နိုင်းယှဉ်အားသာချက်အရ အရှိန်ဟုန်ကောင်းသော နောက်ထပ်ပြောင်းလဲမှုများ ရှိလာပေမည်။ နောက်ဆုံးတွင်၊ ASEAN ဆက်ကြောင်းမဲ့တစ်ခုဆီသို့ ဦးတည်သွားနေသော အဖွဲ့အစည်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာချိတ်ဆက်နိုင်စွမ်းအားသည် ယှဉ်ပြိုင်လိုစိတ်နှင့် အရွေ့စွမ်းအားရှိသော အာဆီယံစီးပွားရေးအသိုက်အဝန်းဆီသို့ မောင်းနှင်သွားနေသော အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။

အခန်း၄တွင် 2nd unbundling ဟုခေါ်သော ဒုတိယတန်းစားအလောတကြီးဆောင်ရွက်ရန်မလိုသောအရာနှင့် ပတ်သက်၍ ဒေသတွင်းထုတ်လုပ်မှုကွန်ယက်များနှင့် စက်မှုလုပ်ငန်းစုများကို အသေးစိပ်ဖော်ပြထားပြီး၊ ASEAN အနေဖြင့် ထိုအချင်းအရာအတွင်း၌ ဘယ်လိုဘယ်ပုံပိုမိုပေါင်းစည်းနိုင်မလဲဆိုသောအချက်ကိုလည်း ဖော်ပြထားပါသည်။ ထိုအခန်းတွင် နည်းပညာအပြောင်းအလွဲနှင့် တီထွင်ဆန်းသစ်မှုတို့နှင့် ထပ်ကြပ်မခွာ ASEAN အတွက် အဓိကကျသော value chain ကိုမြှင့်တင်ခြင်း၊ ၄င်း၏ ယှဉ်ပြိုင်လိုခြင်းနှင့် အရွေ့စွမ်းအားကို ထိန်းသိမ်းခြင်းတို့တွင် အဓိကကျသော လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုကိုပါ တစ်ပါတည်းဆွေးနွေးထားသည်။ အတိုချုပ်အားဖြင့်၊ ASEAN ၏ယှဉ်ပြိုင်နိုင်စွမ်းနှင့် အရွေ့စွမ်းအားဆီသို့ ဦးတည်နေသော အဓိကစိန်ခေါ်မှုတစ်ရပ်မှာ ASEAN သည် ကွန်ယက်အတွင်းသို့ မည်သို့ခိုင်မြဲစွာ ချိတ်ဆက်မည်၊ တီထွင်ဆန်းသစ်မှုကမ္ဘာ့အနာဂတ်ဆီသို့ မည်သို့ဝင်ရောက်မည်ဆိုသောအချက်ဖြစ်ပါသည်။

မဏ္ဍိုင်၃: အားလုံးအကျုံးဝင်တောင့်တင်းခိုင်မာသောအစိမ်းရောင် ASEAN

အခြားသောဒေသများနှင့် ယှဉ်ကြည့်လျှင် ASEAN ၏ ဝိသေသလက္ခဏာရပ်များမှ အဓိကတစ်ခုသည် EU or the Latin American Integration Area (LAIA) တို့နှင့် နိုင်းယှဉ်ချက်အရ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှုအဆင့်အတော်လေးကွာဟနေသည့်အချက် ဖြစ်သည်။ အချို့သော AMSsများ၌၊ အခန်း၁တွင် ဖော်ပြခဲ့သော လက်တင်အမေရိကနိုင်ငံအနည်းငယ်တိုလောက် မပြင်းထန်သော်လည်း ဝင်ငွေမညီမျှမှုမှာ ကြီးမားပါသည်။ ထို့ကြောင့် AEC Blueprint ၂၀၀၉-၂၀၁၅၏မဏ္ဍိုင်(၃) တွင် သက်သေသာဓကပြထားချက်အရ ASEAN အနေဖြင့် ၄င်း၏ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တွင် အထူးအလေးပေးရန် လိုအပ်ပါသည်။

အားလုံးအကျုံးဝင်ဖန်တီးလုပ်ဆောင်ခြင်း

တစ်ချိန်တည်းမှာပင်၊ ဖွံ့ဖြိုးမှုအဆင့်များ ကွာဟချက်၌ပင် တိုးတက်မှုအခွင့်အလမ်းတစ်ခုအဖြစ် ကြီးမားသော ဖွံ့ဖြိုးမှုအဆင့်များကွာဟချက်တစ်ခုကို အသုံးပြုနိုင်ခြင်းမှာ အဘယ့်ကြောင့်

ဆိုသော် နိုင်ငံများတွင် လုပ်ခများမတူကွဲပြားမှုအတော်များများရှိနေသောကြောင့် ဖြစ်ပါသည်။ တိတိကျကျပြောရလျှင်၊ လုပ်ခများအလှမ်းကွာဟခြင်းတွင် East Asian နိုင်ငံအတော်များများ၏ စက်မှုထုထောင်ရေးနှင့် စီးပွားရေးအသွင်ပြောင်းလဲရေး အဓိကလက္ခဏာရပ်တစ်ခုဖြစ်သော (အသိသာဆုံးပြောရလျှင်China) ASEAN ဒေသတွင်းထုတ်လုပ်မှုကွန်ယက်များ ကျယ်ဝန်းလာခြင်းနှင့် နက်ရှိုင်းလာခြင်းတို့ကို ထည့်သွင်းစဉ်းစားထားသည်။ အမှန်စင်စစ်တွင်၊ အဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးမှုအဆင့်အမျိုးမျိုးအဖုံဖုံနှင့် ရှိနေသော ASEAN အတွက် အခွင့်အလမ်းသည် စီးပွားရေးအရ ပိုမိုနက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ၎င်းတွင် AMSs နှင့် East Asian နိုင်ငံများအကြား မတူညီမှုများပူးပေါင်းခြင်းမှရရှိလာသော အကျိုးအမြတ်များ ခိုင်မာအားကောင်းလာစေရန် ထည့်တွက်စဉ်းစားထားသည်။ "... ဖွံ့ဖြိုးမှုနောက်ကျနေ သော အဖွဲ့ဝင်နိုင်ငံများ၏ လုပ်သား၊ သယံဇာတအရင်းအမြစ်များ ကြွယ်ဝမှုနှင့် နိုင်းယှဉ်စရိတ်သက်သာခြင်းများနှင့်အတူ တွဲဖက်၍ စီးပွားရေးအရပိုမိုရင့်ကျက်တည်ငြိမ်သော အရင်းအနှီးနှင့် အတတ်ပညာများ ယူဆောင်ဖိတ်ခေါ်ခြင်း..."(Hansakul and Keng, 2013,p.1). ဤအစီရင်ခံစာတွင် အားလုံးအကျုံးဝင်တိုးတက်မှု (သို့) သာတူညီမျှ ဖွံ့ဖြိုးမှုဆီသို့ မောင်းနှင်ရာတွင် လူမှု ရေးဆိုင်ရာထည့်သွင်းစဉ်းစားချက်များပေါ် အခြေခံသော direct income distribution mechanism ပေါ်တွင် အလွန်အမင်းမှီခိုခြင်းထက်စာလျှင် dynamic economic forces များအသုံးချခြင်းဆီသို့ သာသာသာထိုးထိုး ဖော်ပြထားသည်။

ASEAN အတွက်ဆိုလျှင် အားလုံးအကျုံးဝင်ခြင်းဆိုင်ရာ ရှုထောင့်အမြင် (၃) ခုရှိပါသည်။ အမည်အားဖြင့်- ပထဝီဝင်ဆိုင်ရာ၊ စက်မှုလုပ်ငန်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာရှုထောင့်များ ဖြစ်ပါသည်။ AMSs နိုင်ငံများတွင် အားလုံးအကျုံးဝင်ခြင်းဆိုင်ရာ ၎င်းရှုထောင့်အမြင် (၃) ခု၌ သိသာထင်ရှားသောဖွံ့ဖြိုးမှုကွာဟချက်သုံးခု ကျန်ရှိနေပါသည်။ ပိုအရေးကြီးသော ပထဝီဝင်ဆိုင်ရာဖွံ့ဖြိုးမှုကွာဟချက်များတွင် ချမ်းသာသော AMS နိုင်ငံများနှင့် ဆင်းရဲသော AMS နိုင်ငံများအကြားဖွံ့ဖြိုးမှုကွာဟချက်၊ poorer regions တွင်ကျရောက်နေသော AMS အများစုနှင့် richer regions တွင် ကျရောက်နေသော AMS တို့အကြား ဖွံ့ဖြိုးမှုကွာဟချက် စသည်တို့ပါဝင်သည်။ စက်မှုလုပ်ငန်းဆိုင်ရာအားလုံး အကျုံးဝင်ခြင်းတွင် နိုင်ငံတကာလုပ်ငန်းများနှင့် ပြည်တွင်းလုပ်ငန်းများ၊ လုပ်ငန်းကြီးများနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ရေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် အခြားသောအရာများ စသည်တို့ဖြစ်သည်။ လူမှုရေးဆိုင်ရာကွာဟချက်များတွင် ချမ်းသာသောအိမ်ထောင်စုများနှင့် ဆင်းရဲသော အိမ်ထောင်စုများ၊ အသက်ပိုင်းဆိုင်ရာလိင်ပိုင်းဆိုင်ရာ လူမျိုးစုဆိုင်ရာနှင့် အခြားသောခွဲခြားဆက်ဆံခြင်းများ စသည်တို့ ဆက်စပ်ပါဝင်သည်။ သို့သော် ပထဝီဝင်ဆိုင်ရာနှင့် စက်မှုလုပ်ငန်း

ဆိုင်ရာအားလုံး အကျုံးဝင်ဖန်တီးလုပ်ဆောင်ခြင်းသည် လူမှုရေးဆိုင်ရာအားလုံး အကျုံးဝင်ခြင်းဆိုင်ရာအချက်ကိုပါ အမှန်တကယ်ဖော်ဆောင်ပေးနိုင်လိမ့်မည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဆင်းရဲသားအများစုသည် ကျေးလက်ဒေသများတွင် ရုပ်ပိုင်းဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာ မပြည့်စုံမှုစသည့် အခြေအနေများဖြင့် နေထိုင်လျက်ရှိနေရာမှ နိုင်ငံနှင့်ဒေသတွင်းတို့၌ရှိသော growth centers များနှင့် ချိတ်ဆက်မိလာသောကြောင့် ဖြစ်ပါသည်။ ထို့အပြင် ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် ဝင်ငွေမညီမျှမှုလျှော့ချရေးတို့ကို ဆောင်ရွက်ရာတွင် အကောင်းဆုံးနည်းလမ်းများအနက်မှ တစ်ခုသည် အဓိကအားဖြင့် လယ်ယာ မဟုတ်သော ကဏ္ဍတွင် လုပ်ကိုင်နေသော လုပ်ငန်းရှင်များအနေဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SME) ဖြစ်လာလျှင် အခြေအနေကောင်း၊ လုပ်ခကောင်းရရှိသော အလုပ်အကိုင်များ တိုးမြှင့်ဖန်တီးပေးခြင်း ဖြစ်ပါသည်။

ပထဝီဝင်ဆိုင်ရာနှင့် စက်မှုလုပ်ငန်းဆိုင်ရာအားလုံး အကျုံးဝင်ဖန်တီးလုပ်ဆောင်ရာတွင် ဖွဲ့စည်းပုံဆိုင်ရာပြဿနာများ၊ မူဝါဒဆိုင်ရာအကြောင်းအချက်များနှင့် ပထဝီအနေအထားအလိုက်၊ ကဏ္ဍအလိုက်၊ နည်းပညာဆိုင်ရာအလိုက် ဈေးကွက်များအပိုင်းအဆက်ဖြစ်စေသော ဈေးကွက်မအောင်မြင်မှုများကိုလည်း ပါဝင်ထည့်သွင်း စဉ်းစားရလိမ်မည်။ ထို့ကြောင့် ဉပမာအနေဖြင့်- တစ်ဘက်တွင် ပေါင်းစည်းအားနှင့် စွမ်းရည်မြင့်ယှဉ်ပြိုင်နိုင်သော ASEAN သည် ဖွံ့ဖြိုးမှုနည်းနေသော ဒေသများတွင် ဒေသဆိုင်ရာထုတ်လုပ်မှုကွန်ယက်များ တိုးချဲ့ခြင်းကို အားပေးကူညီလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကုန်စည်များအပြောင်းအရွှေ့နှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ပိုမိုလွယ်ကူလာသောကြောင့် ဖြစ်ပါသည်။ အခြားတစ်ဘက်တွင်လည်း ရင်းနှီးမြှုပ်နှံသူများကို အလုပ်သမားစရိတ်လျော့ကျစေခြင်းနှင့် သဘာဝသယံဇာတများမှ အလားအလာရှိသော အကျိုးအမြတ်များကိုလည်း အထင်အရှားသိရှိစေပါသည်။ အားနည်းချို့တဲ့သောဒေသများ၌ ကုန်ထုတ်လုပ်မှုနှင့် ဆက်စပ်လျက် ဒေသတွင်း ထုတ်လုပ်မှုကွန်ယက်များ ဤသို့ ရုတ်တရက်တိုးတက်လာခြင်းသည် ပထဝီဝင်ဆိုင်ရာအားလုံး အကျုံးဝင်ဖန်တီးလုပ်ဆောင်ခြင်းကို ဖြစ်ပေါ်စေသည်။ အလားတူစွာ၊ SME လုပ်ငန်းများအတွက် ငွေကြေး၊ နည်းပညာနှင့် ဈေးကွက်သတင်းအချက်အလက်များ ရယူနိုင်မှုတိုးတက်လာခြင်းအားဖြင့်၊ SMEs ကဏ္ဍကြီးထွားလာပါလိမ့်မည်။ ထုတ်လုပ်မှုကွန်ယက်များနှင့်လည်း အချိတ်အဆက်ပိုကောင်းလာလိမ့်မည်ဖြစ်ပြီး၊ ထုတ်လုပ်မှုတိုးတက်လာခြင်းအတွက် နောက်ထပ်လမ်းကြောင်းများ ထပ်လောင်းဖြည့်ပေးသော စက်မှုလုပ်ငန်းစုများလည်း ပိုမိုသိပ်သည်းများပြားလာမည်။ ရလဒ်မှာစက်မှုလုပ်ငန်းဆိုင်ရာအားလုံး အကျုံးဝင်မှုပိုများလာခြင်း၊ အလုပ်အကိုင်ပိုမိုဖန်တီးပေးနိုင်ခြင်း၊ ပြည်တွင်းနှင့် ပြည်ပဈေးကွက်ဝယ်လိုအားကို ဖြည့်ဆည်းရန်

ပြည်တွင်းထုတ်လုပ်မှုစွမ်းရည် ပိုမိုတိုးတက်များပြားလာခြင်းတို့ ဖြစ်ပါသည်။

ASEAN ၌ စက်မှုလုပ်ငန်းဆိုင်ရာအားလုံး အကျုံးဝင်မှုလှုံ့ဆော်ရေးသည် ဒေသတွင်း SME လုပ်ငန်းများ အားကောင်းစွာတိုးတက်လာခြင်းမှတဆင့် ဖြစ်လာလိမ့်မည်။ SME များအား ကောင်းကောင်းဖြင့် တိုးတက်ခြင်းသည် အရေးပါသောလမ်းကြောင်း (၂)ခုကြောင့် ဖြစ်ပါသည်။ အမည်အားဖြင့်-

၁။ တိုးတက်မှုတွင် SMEs ၏ ပါဝင်မှုများလာခြင်း၊ ဒေသတွင်း၌စက်မှုလုပ်ငန်းစုများနှင့် ထုတ်လုပ်မှုကွန်ယက်များ အရေအတွက်များပြားလာခြင်း

၂။ SME လုပ်ငန်းများက တာဝန်ယူဆောင်ရွက်ပေးနေသော ပြည်တွင်းနှင့် ပြည်ပဈေးကွက်များကိုယ်၌ကပင် အားကောင်းကောင်းဖြင့် တိုးတက်မှုရှိခြင်းတို့ ဖြစ်ပါ သည်။ တစ်ချိန်တည်းမှာပင် အားကောင်းကောင်းဖြင့် တိုးတက်နေသော SME သည် ၄င်းကိုယ်တိုင်ပင် ဒေသတွင်းရှိ လူလတ်တန်းစားများတိုးတက်မှုရှိရေးအတွက် အရေးကြီးသော vehicle တစ်ခုလည်းဖြစ်သည်။ ထိုနည်းအားဖြင့် ဒေသတွင်းရှိ SME လုပ်ငန်းများ တိုးတက်မှုကို ထပ်လောင်းအားဖြည့်ပေးသော ပြည်တွင်းနှင့်ဒေသတွင်း ဝယ်လိုအား မြင့်တက်လာပါသည်။

နောက်ကျဝင်ရောက်လာသော အာဆီယံနိုင်ငံများ (ASEAN latecomers) နှင့် လယ်ယာလုပ်ငန်းတွင် လုပ်ကိုင်သူဦးရေအများအပြားရှိနေသေးသော Indonesia နှင့် Philippines တို့အတွက် စက်မှုလုပ်ငန်းဆိုင်ရာအားလုံး အကျုံးဝင်တိုးတက်ရေးလှုံ့ဆော်မှုတွင် SME တိုးတက်မှုအားကောင်းခြင်းသာမက လယ်ယာထွက်ကုန်တိုးတက်မှုအားကောင်းခြင်းလည်း ပါဝင်သည်။ AMS အများစုသည် လယ်ယာနှင့်သဘာဝသယံဇာတအရင်းအမြစ်များတွင် comparative advantage ရှိနေခြင်းကြောင့်၊ လယ်ယာကဏ္ဍတိုးတက်မှုအားကောင်းလာခြင်းသည် ဆင်းရဲမွဲတေမှုကို လျော့ကျစေပြီး လူလတ်တန်းစား များပြားလာစေသည်။ ထိုနည်းအားဖြင့် ပြည်တွင်းနှင့် ဒေသတွင်းဝယ်လိုအား ရှေ့ဆက်တိုးတက်မှုကို ဖြစ်စေခြင်းကြောင့် SMEs တိုးတက်မှုကိုလည်း ဖြစ်စေသည်။ SME နှင့် လယ်ယာထွက်ကုန်တိုးတက်မှုအားကောင်းခြင်းသည် အနည်းဆုံး upper middle income status တစ်ခုကို ရောက်ရှိရန်လိုအပ်သော နှုန်းမြင့်စီးပွားရေးတိုးတက်မှုကို သိသိသာသာရရှိစေသည်။ ဤသို့ဖြင့် ဒေသတွင်း ၌ ဖွံ့ဖြိုးမှုကွာဟချက်နည်းသွားလိမ့်မည်။

အစောပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း ပထဝီဝင်ဆိုင်ရာ၊ စက်မှုလုပ်ငန်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာအားလုံး အကျုံးဝင် ကွာဟချက်များကိုရည်ညွှန်းပြောဆိုမည့် အဓိကမဟာဗျူဟာများတွင် အတိအကျအနည်းငယ်ရှုပ်ထွေးမှုနှင့် ထပ်နေသောအပိုင်းများ ရှိနေသည်။ ထို့ကြောင့် ဥပမာအနေဖြင့် SME တိုးတက်အားကောင်းခြင်းသည် စက်မှုလုပ်ငန်းဆိုင်ရာအားလုံး အကျုံးဝင်ခြင်းကို ဖြစ်ထွန်းစေရုံသာမက လူမှုရေးဆိုင်ရာအားလုံး အကျုံးဝင်ခြင်းကိုပါ ဖြစ်ထွန်းစေပါသည်။ အဘယ်ကြောင့်ဆိုသော် အဓိကအားဖြင့် လယ်ယာမဟုတ်သော ကဏ္ဍမှစီးဆင်းလာသော အလုပ်အကိုင်နှင့် လုပ်သားဝင်ငွေတိုးတက်မှုသည် ဆင်းရဲမွဲတေမှုမှ ရုန်းထွက်ရန် နည်းလမ်းများအနက်မှ သော့ချက်တစ်ခုဖြစ်သောကြောင့် ဖြစ်သည်။ လယ်ယာမဟုတ်သော ကဏ္ဍတွင် ထပ်တိုးလာသော အလုပ်အကိုင်ရရှိမှုသည် SME တိုးတက်အားကောင်းလာခြင်းမှ ဖြစ်လာခြင်းဟု ဆိုရမည်။ အလားတူစွာ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် ပထဝီဝင်ဆိုင် ရာနှင့် လူမှုရေးဆိုင်ရာအားလုံး အကျုံးဝင်ခြင်းများကိုလည်း ဖြစ်ပေါ်စေခြင်းမှာ AMSs နိုင်ငံ များရှိ မြို့ပြအိမ်ထောင်စုများနှင့် national averages တို့ ထက်စာလျှင် ကျေးလက်ဒေသ များနှင့် လယ်ယာစိုက်ပျိုးရေးအခြေပြုလုပ်ကိုင်သော အိမ်ထောင်စုများတွင် ဆင်းရဲမွဲတေမှု ပမာဏသိသိသာသာပိုများနေခြင်းကြောင့် ဖြစ်ပါသည်။ မည်သို့ဆိုစေ၊ စီးပွားရေးဖြစ်စဉ်များသည် ဆင်းရဲနွမ်းပါးမှုနှင့် ဝင်ငွေမညီမျှမှုအားလုံးတို့ကို ရည်ညွှန်းပြောဆိုနိုင်လိမ့်မည်တော့ မဟုတ် ပေ။ ဝင်ငွေရွှေ့ပြောင်းနိုင်စွမ်း (income mobility) ရှိရန် အလုပ်ခန့်နိုင်စွမ်း (employability) ရှိရန်လိုအပ်ပြီး အလုပ်ခန့်နိုင်စွမ်းသည် ကောင်းမွန်သောပညာရေးချဉ်းကပ်မှုကို မလွဲမသွေလိုအပ်ပါသည်။ အရေးပေါ်ကျန်းမာရေးကိစ္စများသည် ဆင်းရဲမွဲတေမှုကို ဖြစ်စေနိုင်ပြီးအလွန်အမင်းအာဟာရချို့တဲ့မှုသည် ပညာရေးစွမ်းဆောင်နိုင်မှု (education capability) ကို ဆိုးရွားစွာ အကျိုးသက်ရောက်စေနိုင်ခြင်းကြောင့် လောကလူသားအချင်းချင်း ကြားဝင် ငွေရွှေ့ပြောင်းနိုင်စွမ်း (inter-temporal income mobility) ကို ထိခိုက်နစ်နာဆုံးရှုံး စေပါသည်။ ထို့ကြောင့်ဆင်းရဲချို့တဲ့သူများကို အမြတ်အစွန်းရနိုင်သော ဝန်းကျင်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်စဉ်းစားထားသော မျှော်မှန်းအခြေခံ လုံခြုံစိတ်ချကွန်ယက်များထားရှိမှု နယ်ပယ်လည်းရှိနေပါသည်။ အနှစ်ချုပ်အားဖြင့်၊ အားလုံးအကျုံးဝင် ASEAN ဆီသို့ ဦးတည်သော မဟာဗျူဟာ(၄)ရပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

- မြို့ရွာအစွန်အဖျားဒေသများကို တိုးတက်သော ဗဟိုအချက်ကျနေရာများနှင့် အားကြီးစွာ ချိတ်ဆက်ရေး။

- လယ်ယာထွက်ကုန်မြှင့်တင်ရေးနှင့် ကျေးလက်စက်မှုလုပ်ငန်းများအား ထောက်ပံ့ကူညီပေးရေး။

- SMEsနှင့် အခြားသော SMEs များ၊ ပြည်တွင်းစက်မှုလုပ်ငန်းစုများအတွင်းရှိ နိုင်ငံတကာလုပ်ငန်းများနှင့် ဒေသဆိုင်ရာထုတ်လုပ်မှုကွန်ယက်များ ပိုမိုလေးနက်စွာ ပေါင်းစည်းဆောင်ရွက်ရေး။

- မျှော်မှန်းလုံခြုံစိတ်ချကွန်ယက်များသည် ဘဏ္ဍာရေးစွမ်းရည် (fiscal capacity) နှင့် တစ်မျိုးသားလုံးအဆင့် (national level) တွင် ကိုက်ညီမှုရှိရေး။

အားလုံးအကျုံးဝင် ASEAN ဖြစ်ထွန်းရေးနှင့် ပတ်သက်၍ ပိုမိုဆွေးနွေးထားခြင်းကို ဤအစီရင်ခံစာ၏ အခန်း၅(က) တွင် တွေ့နိုင်ပါသည်။

## ခိုင်မာအားကောင်းသောအစိမ်းရောင် ASEAN ဆီသို့

ခိုင်မာအားကောင်းမှုတိုးတက်မြင့်မားလာခြင်း၏ ပထမဦးဆုံးမူလအရာသည် စွမ်းအင်၊ အစားအစာနှင့် အရင်းအမြစ်ဖူလုံစိတ်ချရမှု ဖြစ်ပါသည်။ လူဦးရေတိုးတက်မှုနှင့်အတူ စက်မှုကဏ္ဍတိုးချဲ့လာခြင်း၊ ခေတ်မီမြို့ပြဆန်လာခြင်း၊ လူနေမှုအဆင့်အတန်းမြင့်မားလာခြင်း၊ စွမ်းအင် အစားအစာနှင့် အရင်းအမြစ်များလိုအပ်ချက် (ဝယ်လိုအား) တိုးလာခြင်းကို ဖြည့်ဆည်းပေးမည့် တည်ငြိမ်သော ပိုလျှံရောင်းလိုအား သေချာပေါက်ရှိနေရမည်။ ထို့အပြင် စွမ်းအင်၊ အစားအစာနှင့် အရင်းအမြစ်များ၏ မတည်ငြိမ်သော ဈေးကွက်အခြေအနေများကိုလည်း လတ်တလော တွေ့ကြုံနေခဲ့ကြရပြီးဖြစ်သောကြောင့် ကာလလတ်နှင့်ကာလရှည်တို့တွင် ပို၍လိုင်းထန်သောဖြစ်ရပ် ပေါ်ပေါက်လာနိုင်သည်ဟုလည်း ခန့်မှန်းလို့ရပါသည်။ ပို့ကုန်တင်ပို့သော နိုင်ငံများနှင့် သွင်းကုန်တင်သွင်းသော နိုင်ငံများ၊ ဆီလျော်သေချာမှုမရှိသော ထင်မြင်မှန်းဆချက်၊ တခြားသောအရင်းဇစ်မြစ်များဖွံ့ဖြိုးမှုနှင့် ကုန်ထုတ်လုပ်မှု တိုးမြှင့်နိုင်စွမ်း ဖြစ်ပေါ်ရရှိရေး အထောက်အကူပြုသုတေသနဖွံ့ဖြိုးမှု မလုံလောက်အားနည်းခြင်း၊ အလုံအလောက် သဘာဇာတမဖြစ်သော မူဝါဒများက ငွေ့shocks များကို တစိတ်တစ်ပိုင်းအားဖြင့် ပိုမိုဆိုးရွားစေသည်။ ထို့ကြောင့် ဒေသတွင်းနှင့် ကမ္ဘာတစ်ဝှမ်းပူးပေါင်းဆောင်ရွက်ရေးအတွက် ပိုမိုအလေးပေးရမည့်အခန်းကဏ္ဍ ရှိနေပါသည်။ ယင်းသို့ကြိုးပမ်းမှုတွင် ဝယ်လိုအားကို ဖြည့်ဆည်းရန် စွမ်းဆောင်ရည်ပြည့်ပြည့်ဝဝ ထုတ်လုပ်နိုင်စွမ်းရှိခြင်းနှင့်အတူ ပို၍တည်ငြိမ်သေချာသော ရောင်းလိုအားများဖြစ်ရန်၊ မသေချာထင်မြင်မှန်းဆချက်နှင့်မတူပဲ healthy

ဖြစ်သော ဈေးကွက် ယန္တရားလုပ်ဆောင်မှုအဖြစ် ထိန်းသိမ်းရန်၊ ဒေသတွင်း အရေးပေါ်ကိစ္စအတွက် inventory stock system ဖွံ့ဖြိုးလာစေရန်၊ ပို့ကုန်တင်ပို့သောနိုင်ငံများနှင့် သွင်းကုန်တင်သွင်းသော နိုင်ငံများအကြား ဒေသတွင်းနှင့် ကမ္ဘာတစ်ဝှမ်းပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန် စသည်တို့ ပါဝင်သည်။

အစားအစာဖူလုံရေးသည် ASEAN အတွက် သီးသန့်အရေးပါသော အရေးကိစ္စတစ်ခု ဖြစ်သည်။ စင်စစ် ASEAN တွင် အရေးပေါ် အစားအစာအရံထားရှိမှုအတွက် key mechanism တစ်ခုပြုလုပ်ထားရှိသည်။ ဆိုလိုသည်မှာ- အာဆီယံအပေါင်းသုံးနိုင်ငံအရေးပေါ် အရံဆန် [the ASEAN Plus Three Emergency Rice Reserve (APTERR)].အာဆီယံအနေဖြင့် အာဆီယံအစာအစာဖူလုံရေးပူးပေါင်းဆောင်ရွက်မှု [the ASEAN Integrated Food Security (AIFS)]မူဘောင်တစ်ခုနှင့် အစားအစာဖူလုံရေးဆိုင်ရာ မဟာဗျူဟာမြောက်ဆောင်ရွက်မှုစီမံကိန်း, [the Strategic Plan of Action on Food Security (SPA-FS)] ကိုလည်း ကျွမ်းကျင်စွာ ဖန်းတီးလုပ်ဆောင်လျက်ရှိနေပါသည်။ အာဆီယံတွင် အာဆီယံအစားအစာဖူလုံရေးဆိုင်ရာသတင်းအချက်အလက်စနစ် [the ASEAN Food Security Information System (AFSIS)] လည်းရှိသည်။ မည်သို့ပင်ဖြစ်စေ အစာအစာဖူလုံရေးပူးပေါင်းဆောင်ရွက်မှုနည်းလမ်းတစ်ခု၊ လုပ်ငန်းအဆင့်အခြေခံအကြောင်းများ (firm-level factors) များကို ရည်ညွှန်းထည့်တွက်စဉ်းစားခြင်း၊ မူဝါဒရေးရာနှင့် ကုန်သွယ်ရေးရာအခြေခံအကြောင်းများနှင့် ပတ်ဝန်းကျင်ဆိုင်ရာအခြေခံအကြောင်းများ စသည်တို့ကို ကျွမ်းကျင်ပိုင်နိုင်စွာဖန်တီးရန် ASEAN အတွက်အရေးကြီးလှပါသည်။ အထက်တွင်ပြောခဲ့သော အခြေခံအကြောင်းများ စုစည်းလိုက်လျှင် Rice Bowl Index ဟုခေါ်သည်။ ၂၀၁၅လွန် ASEAN အစားအစာဖူလုံရေးအတွက် ယင်း factors များ၊ အညွှန်းကိန်းနှင့် မူဘောင် စသည်တို့ကို ဤအစီရင်ခံစာ၏ အခန်း၅ (က) တွင် ဆွေးနွေးထားပါသည်။

စွမ်းအင်ဖူလုံရေးကဏ္ဍတွင် အမျိုးသားရေးအဆင့်နှင့် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုရှုထောင့်အမြင် စသည့်အပိုင်းတို့၌ ချက်ချင်းပြတ်ပြတ်သားသား ချမှတ်ဆောင်ရွက်ရမည့် မူဝါဒ လုပ်ငန်းစဉ်များကို လိုအပ်ပါသည်။ Supply side မှကြည့်လျှင်၊ ဇီဝလောင်စာနှင့် ရုပ်ကြွင်းလောင်စာစွမ်းအင် စသည့်နှစ်မျိုးလုံးအတွက် စွမ်းအင်အရင်းအမြစ်များ၊ မူလသွင်းကုန် ဖစ်မြစ်များ၊ ပြည်တွင်းစွမ်းအင်ရှာဖွေရေးထုတ်လုပ်ရေးနှင့် အခြေခံ အဆောက်အအုံ စသည် တို့တွင် ရင်းနှီးမြှုပ်နှံမှုအားပေးသမှုပြုခြင်းတို့ကို ASEAN အနေဖြင့် ထွေထွေရာရာ တိုးချဲ့လုပ်ကိုင်သင့်သည်။ Demand side မှကြည့်လျှင်၊ စွမ်းအင်ထိထိရောက်ရောက်သုံးစွဲမှု

သိသာစွာတိုးတက်လာသင့်သည်။ မလိုလားအပ်သော အစိုးရ၏ဈေးကွက်အတွင်း ဝင်ရောက်စွက် ဖက်မှုကို ဖယ်ရှားခြင်းဖြင့် ပြည်တွင်းနှင့်ဒေသတွင်း စွမ်းအင်ဈေးကွက်များ ထိရောက်မှုရှိလာခြင်းသည် စွမ်းအင်ဖူလုံတိုးတက်ရေးအတွက် အရေးပါလှပါသည်။ အရေးပေါ် အခြေအနေတွေကို တွန်းလှန်ရန်နှင့် ပင်လယ်ရေကြောင်းလမ်း လုံခြုံဘေးကင်းရေး ထိန်းသိမ်းဆောင်ရွက်ရန်အတွက် အားဖြည့်ယန္တရားဆိုင်ရာအခန်းကဏ္ဍရှိနေသည်။ ASEAN, ASEAN+3 နှင့် EAS ကွပ်ကဲမှုအောက်တွင် လက်ရှိစွမ်းအင်ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်များအနေဖြင့် ဆွေးနွေးပြောဆိုအားနှင့် ပူးပေါင်းဆောင်ရွက်မှုအင်အားတိုးလာစေရန် ခွန်အားကြွံခိုင်မှု ရှိသင့်သည်။ စီးပွားရေး တိုးတက်မှုအပေါ် စွမ်းအင်ထိန်းသိမ်းရေး၏ အကျိုးသက်ရောက်မှု လျှံ့ဆော်စည်းရုံးရေးဆိုင်ရာ ERIA စီမံကိန်းရလဒ်များတွင် East Asia ၌ စွမ်းအင်ထိရောက်စွာသုံးစွဲမှု တိုးတက်လာခြင်းသည် ASEAN အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှုန်းကို မြှင့်တင်ပေးလိမ့် မည်ဟု ဖော်ပြထားသည်။ ဤအစီရင်ခံစာ၏ အခန်း၅ (ခ) တွင် ASEAN နှင့် East Asia တို့အတွက် စွမ်းအင်ဆိုင်ရာအကြောင်းအရာကို ပိုမိုအသေးစိပ်ဖော်ပြထားပါသည်။

ဘေးအန္တရာယ်ဆိုင်ရာ ထိရောက်သောစီမံခန့်ခွဲမှုသည် ခိုင်မာကြံ့ခိုင်သော ASEAN အတွက် အရေးကြီးပါသည်။ ASEAN နှင့် Asia တစ်ခွင်တွင် အမျိုးမျိုးသော ဘေးအန္တရာယ်ပေါင်းစုံ - တိုင်ဖွန်းလေမုန်တိုင်း၊ ငလျင်၊ ဆူနာမီ၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မီးတောင်ပေါက်ကွဲခြင်းများနှင့် အခြားသောဘေးအန္တရာယ်များ ဖြစ်ပေါ် ကျရောက်လေ့ရှိသည်။ Natural factors များကြောင့်သာမက human factors များကြောင့်ပါ ကြိမ်ဖန်များစွာပြင်းပြင်းထန်ထန် ပျက်စီးဆုံးရှုံးခြင်းများကို ဖြစ်ပေါ် စေပါသည်။ အန္တရာယ်အမျိုးအစားခွဲခြင်း (risk identification) အရေးပေါ် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း (emergency preparedness) အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်တည်ဆောက်ခြင်း (institutional capacity building) အန္တရာယ်လျော့ပါးအောင် ဆောင်ရွက်ခြင်း (risk mitigation) နှင့် ကပ်ဘေးအန္တရာယ်ငွေကြေးအထောက်အပံ့ (catastrophe risk financing) ပုံစံအားဖြင့် ဘေးအန္တရာယ်ထိန်းသိမ်းရေးစီမံခန့်ခွဲမှု ပြုမည်ဆိုလျှင် ပိုမိုကောင်းမွန်သောအဖွဲ့အစည်း လိုအပ်ပါသည်။ ယင်းကြိုးပမ်းမှုတွင် မြန်ဆန်ထိရောက်သော လှုပ်ရှားမှု၊ ဘေးအန္တရာယ်များကာကွယ်ရန်ဒေသဆိုင်ရာ အာမခံနည်းလမ်းတစ်ခု ရှာဖွေခြင်း၊ disaster management အတွက် လူတိုင်းအကျုံးဝင် ထိန်းသိမ်းကြပ်မတ်ဓါတ်ခွဲခန်းတစ်ခုဖြစ် တည်ထောင်ထားရှိခြင်း စသည်တို့ပါဝင်သည်။

ခိုင်မာကြံ့ခိုင်သော ASEAN အတွက် နောက်ဆုံးအခြေခံအချက်တစ်ခုမှာ အသက်အန္တရာယ်ကယ်ဆယ်ရေးကွန်ယက်များနှင့် လူမှုရေးဆိုင်ရာအကာကွယ်ပေးခြင်း ဖြစ်ပါသည်။ ထိုအချက်

သည် အားလုံးအကျုံးဝင်လျှောက်လှမ်းရာလမ်းကြောင်းနှင့်လည်း ချိတ်ဆက်နေပါသည်။ ရှိပြီး အားလုံးခံစားသင့်သည်။ စီးပွားရေးတိုးတက်မှုကြောင့် ဝင်ငွေတိုးခြင်း၊မြို့ပြအကျိုးဖြစ်ထွန်းခြင်းတို့ ဖြစ်ပေါ်ပြီး သမားရိုးကျလူမှုရေးဆိုင်ရာ အကာကွယ်ပေးခြင်းပုံစံများမှ ခေတ်မီရိုးစင်းသောလူမှုရေးဆိုင်ရာ အကာကွယ်ပေးခြင်းပုံစံသို့ ရောင်လွှဲမရပြောင်းလဲလာစေသည်။ ခေတ်မီရိုးစင်းသော လူမှုကာကွယ်စနစ်ပုံစံသည် စီးပွားရေးဖွံ့ဖြိုးမှုလမ်းကြောင်း တလျှောက်နိုင်ငံရေးတည်ငြိမ်မှုရှိစေရေးအတွက်ပါ အဓိကကျလာသည်။ ဤသို့မဟုတ်ခဲ့လျှင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် စဉ်ဆက်မပြတ် ဖြစ်နေလိမ့်မည် မဟုတ်ပေ။ တစ်ချိန်တည်းမှာပင် လူမှုရေးဆိုင်ရာအကာကွယ်ပေးခြင်းနှင့် တွဲလျက်ကြီးမားသော ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုး လိုက်ပါလာခြင်းကြောင့် သင့်တော်သော ဦးစားပေးလုပ်ဆောင်ချက်အစီအစဉ်နှင့်အတူ ထိရောက်သောစနစ်တစ်ခုဖွံ့ဖြိုးမှုကို လိုအပ်ပါသည်။ ထိုအကြောင်းအရာကို ဤအစီရင်ခံစာ၏ အခန်း၅(က) တွင် ပို၍ဆွေးနွေးထားပါသည်။

ကမ္ဘာမြေကြီးပူနွေးလာခြင်းနှင့် အခြားသောပတ်ဝန်းကျင်ဆိုင်ရာပြဿနာများသည် ASEAN citizens များအပါဝင် ကမ္ဘာပေါ်ရှိသက်ရှိလူသားများအားလုံး ဝေမျှခံစားနေရသော ကြီးမားသော အရေးတစ်ခုဖြစ်လာသည်။ သို့သော် ASEAN အပါဝင်ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သောကြောင့် ပင်ကိုယ်သဘာဝအရ ပိုမိုတိုးတက်ရေးစိတ်ဆန္ဒပြင်းပြမှုတစ်ခုရှိနေပြီး ကာဗွန်ဒိုင်အောက်ဆိုဒ် (CO2) ထုတ်လွှတ်မှုကဲ့သို့သောအရာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအကြားတွင် တစ်ဖက်ပိုလိုချင်လျှင် တစ်ဖက်စွန့်လွှတ် (trade-off) ရှိနေသည်။ သို့သော် အနည်းဆုံးလာမည့် ဆယ်စုနှစ် ASEAN တွင် စီးပွားရေးတိုးတက်ခြင်း ၊ စက်မှုထွန်းကားလာခြင်းနှင့် မြို့ပြဆန်လာခြင်းတို့ကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။ အားလုံးခြုံငုံပြောရလျှင် စီးပွားရေးတိုးတက်မှုသည် ပတ်ဝန်းကျင်ကြီးမည်သို့ ပြန်လည်သင့်မြတ်ကောင်းမွန်လာအောင် လုပ်ပေးနိုင်သည်ဆိုသော အနာဂတ်ဖြစ်နိုင်ခြေနှင့် ကိုက်ညီမှုရှိရန် ယခုချိန်ထိ ကောင်းစွာမဆောင်ရွက်ရသေးပေ။ ထိုအချက်သည် ဘာကြောင့်ASEAN အပါဝင် ဖွံ့ဖြိုးဆဲနိုင်ငံများသည် အစိမ်းရောင်ဖွံ့ဖြိုးမှုမြှင့်တင်ရေး၌ နှိုင်းယှဉ်ကြည့်လိုက်လျှင် မလှုပ်မယှက်တန့်နေသော အနေအထားတွင် ရောက်ရှိနေရသလဲဆိုသော အကြောင်းပြချက်ဖြစ်ပါသည်။ သို့သော်၂၀၁၅လွန်၌ ASEAN အနေဖြင့် အစိမ်းရောင်ပြန်လည်ဖွံ့ဖြိုးရေးနှင့်အတူ စီးပွားရေးဖွံ့ဖြိုးမှု စက်မှုထွန်းကားရေးနှင့် မြို့ပြထွန်းကားရေးတို့အတွက် အကောင်အထည်ရှိပြီး ယုံကြည်လောက်သော မဟာဗျူဟာတစ်ခုချမှတ်လုပ်ဆောင်ခြင်းဖြင့် အစိမ်းရောင်ဖွံ့ဖြိုးမှုမြှင့်တင်ခြင်းတွင် an active player ဖြစ်လာရန် အနေအထားရှိပါသည်။

လာမည့်ဆယ်စုနှစ်တွင် စီးပွားရေးတိုးတက်မှုအားကောင်းလာခြင်းနှင့်အတူ $CO_2$ ထုတ်လွှတ်မှုသည်လည်း မလွဲရှောင်သာ တက်ကောင်းတက်လာပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေ စီးပွားရေးတိုးတက်မှုကို ထိခိုက်မှုမရှိပဲ ပိုကောင်းသောပတ်ဝန်းကျင်ဖန်တီးလုပ်ဆောင်မှုများလည်း ရှိနေပါသေးသည်။ အချို့သော ဆောင်ရွက်မှုလုပ်ငန်းစဉ်များအနေဖြင့် efficicency တိုးခြင်းဖြင့်လည်းကောင်း၊ resource costs များ ရုတ်တရက်တက်လာခြင်းကို တုန့်ပြန်ခြင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်မှုအားကောင်းစေသည်။ တစ်ကမ္ဘာလုံးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ပိုမိုအလေးပေးဆောင်ရွက်လာသောကြောင့် အစိမ်းရောင်စဉ်ဆက်မပြတ်တိုးတက်ရေးသည် ASEAN အတွက် အရင်းအနှီးမတည်ပေးနေသော စီးပွားရေးအခွင့်လမ်းကောင်းတစ်ခုဖြစ်နိုင်ပါသည်။ ဥပမာ- ASEAN အတွက် win-win နယ်ပယ်များတွင် green industries များ အဆင့်မြှင့်တင်ခြင်း (အသစ်ပြန်လည်ဖြည့်စွမ်းအင်စက်မှုလုပ်ငန်းများ၊ ပြန်လည်အသုံးချစက်မှုလုပ်ငန်းများ၊ နည်းပညာအထောက်အပံ့ကောင်းများနှင့် ရိုးရင်းစွဲစက်မှုလုပ်ငန်းများအား စိမ်းလန်းသာယာအောင်ပြုလုပ်ခြင်းနှင့် ဒေသတွင်း၌ စွမ်းအင်ဈေးကွက်ပေါင်းစည်းရေးလုပ်ဆောင်ခြင်း) များပါဝင်သည်။ ရေရှည်တွင် နောက်ထပ်နည်းပညာတိုးတက် အသုံးချလာခြင်းသည် အကူအညီကောင်းဖြစ်လာပါလိမ့်မည်။ ဤအစီရင်ခံစာ၏ အခန်း၅(ခ)တွင် အထက်ဖော်ပြပါစွမ်းအင်နှင့် ချိတ်ဆက်ကနဦးလှုပ်ရှားမှုများကို ဆွေးနွေးထားပါသည်။

မဏ္ဍိုင်၄:ကမ္ဘာတစ်ဝှမ်း(တစ်ကမ္ဘာလုံးဆိုင်ရာ) ASEAN

AEC Blueprint ၏မဏ္ဍိုင် (၄)၊ "တစ်ကမ္ဘာလုံးဆိုင်ရာ ASEAN အဖြစ် တင်းပြည့် ပေါင်းစည်းရေးဆီသို့" ဆိုသည်မှာ ASEAN နှင့် ကမ္ဘာတစ်ဝှမ်းနိုင်ငံများ ကောင်းစွာပူးပေါင်းဆောင်ရွက်ခြင်းမှသည် တင်းပြည့်ပူးပေါင်းဆောင်ရွက်ပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော စီးပွားရေး ဒေသတစ်ခုဆီသို့ ရည်ရွယ်လုပ်ဆောင်နေသည့် ASEAN ၏ လေးနက်သော သုံးသပ်ချက်ဆိုင်ရာ ထင်ဟပ်မှုတစ်ခု ဖြစ်ပါသည်။ အဘယ့်ကြောင်ဆိုသော် ASEAN အဖွဲ့ဝင်နိုင်ငံအများစုသည် ASEAN ကျန်ဒေသများနှင့်ကုန်သွယ်ခြင်းထက်စာလျှင် ကမ္ဘာ့နိုင်ငံများနှင့် ပိုမိုကုန်သွယ်မှု ပြုနေသောကြောင့် ဖြစ်ပါသည်။ ASEAN ဒေသတွင်း သီးသန့်စီးပွားရေးပူးပေါင်း ဆောင်ရွက်ခြင်းမှရရှိလာသော AMSs နိုင်ငံများ၏ benefits ထက် အရှေ့အာရှဒေသအတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းမှရရှိလာသော AMSs နိုင်ငံများ ၏ benefits ကပိုများသည်ဟု a dynamic GTAP model သုံးပြီးရလာသော ဖန်တီးရလဒ်များက အကြံပြုတင်ပြထားသည်။ (Itakura, 2012).

တကယ်တမ်းတွင်၊ ASEAN +1 FTAs (ASEAN နှင့်အတူ Australia, New Zealand, China,

India,Japan နှင့်South Korea နိုင်ငံတို့ ပါဝင်သည်။) သည် ASEAN အား အရှေ့အာရှ ဒေသစီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ ဗဟိုအချက်အချာအဖြစ်လည်းကောင်း၊ ပံ့ပိုးကူညီ ပေးနေသူအဖြစ်လည်းကောင်း ရှိနေစေရန် အကောင်းဆုံးစံအမှုနာပြပေးသည်။ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဖြစ်စဉ်များဆီသို့ ဦးဆောင်မောင်းနှင်နေသောအရာများဖြစ်သည့် အဓိက စီးပွားရေးအင်အားများပိုင်ဆိုင်သော EU နှင့် NAFTA ဖွဲ့စည်းပြီးနောက်၊ ယင်းကဲ့သို့သော ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းပဏာမလှုပ်ရှားမှုများတွင် ASEAN သည်ပံ့ပိုး ပေးသူအခရာအဖြစ် ၄င်းကိုယ်တိုင်သိသာထင်ရှားလာသည်။ (see Fukunaga,etal.,2013).

ရှေ့ဆက်၍၊ အရှေ့အာရှဒေသတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုခြေလှမ်းနောက်ထပ် တက်လှမ်းရာတွင်လည်းကောင်း၊ တစ်ကမ္ဘာလုံးဆိုင်ရာ ASEAN အဖြစ် တက်လှမ်းရာတွင် လည်းကောင်း၊ ဒေသလုံးဆိုင်ရာစီးပွားရေးအစုစပ် (the Regional Comprehensive Economic Partnership, RCEP)သည် ASEAN ၏အရေးကြီးဆုံးပဏာမလုပ်ဆောင်မှုဖြစ် သည်။ RCEP သည် ASEAN စီးပွားရေးအသိုက်အဝန်းကောင်းမွန်စွာ ဖွဲ့စည်းထူထောင်ရန် အတွက်ASEAN၏ကြိုးပမ်းဆောင်ရွက်မှုများတွင်အဓိကကျသောဖြည့်စွက်ချက်တစ်ခုလည်း ဖြစ် နေပါသည်။ အထူးသဖြင့်၊ ပစိဖိတ်ဖြတ်ကျော်အစုစပ် (the Trans-Pacific Partnership, TPP) အကြောင်းအရာကို ထည့်သွင်းစဉ်းစားသော်၊ ညှိနှိုင်းမှုများ၏ အောင်မြင်သော အဆုံးအဖြတ်သည် အရှေ့အာရှဒေသစီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ပဏာမ လှုပ်ရှားမှုများကို higher level အဆင့်အထိရောက်အောင်ထိထိရောက်ရောက်မြှင့်တင် ပေးသော်လည်း တစ်ချိန်တည်းမှာပင် ASEAN အတွက် အဓိကစိန်ခေါ်မှုတစ်ခု ဖြစ်လာမည့် AMS နိုင်ငံများ၏ ဖွံ့ဖြိုးမှုအဆင့်များ ကွာဟချက်ကြီးကြီးမားမားရှိခြင်းအပေါ် ရှုမြင်သော RCEP ၏ အားလုံးအကျုံးဝင် အရေးတကြီးထည့်သွင်းစဉ်းရမည့်အချက်လည်း ရှိနေသည်။ အစီရင်စာ အခန်း (၆) တွင် ဆွေးနွေးငြင်းခုံစရာအကြောင်းကိစ္စ အတော်များများနှင့် ယုံကြည်နိုင်လောက် သော အောင်မြင်သည့် RCEP ဆီသို့ ဦးတည်ရွှေ့လျားမည့် နည်းလမ်း များစူးစမ်းရှာဖွေ ခြင်းတို့ကို ဆန်းစစ်ထားပါသည်။ ASEAN သည် ၄င်း၏မဟာဗျူဟာမြောက် နေရာဒေသကို ပထဝီဝင်ဆိုင်ရာ အမှန်စင်စစ်အခွင့်အလမ်းသာပြီး လျှင်မြန်စွာတိုးတက်နေသော ဖွံ့ဖြိုးဆဲ အာရှ ဒေသ၌ အသုံးချရန် ၄င်းအတွက် အရေးကြီးပါသည်။

ASEAN သည် စီးပွားရေးအရနေရာရွှေ့လာသောကြောင့်၊ ASEAN အနေဖြင့် စိတ်ပါဝင်စား သော ဆွေးနွေးဘက်နိုင်ငံများနှင့် ဆွေးနွေးဘက်မဟုတ်သောနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့ အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုဆက်ဆံရေး အရှိန်အဟုန်ကောင်းများဖြင့်

တစ်ကမ္ဘာလုံး ဆိုင်ရာနိုင်ငံများ အသိုက်အဝန်းအထိ၊ တက်လှမ်းရန်လိုအပ်ပါသည်။ ဒေသတွင်းတည်ငြိမ် အေးချမ်းရေး၊ ဘေးကင်းလုံခြုံရေး၊ ကြီးပွားတိုးတက်ရေးတို့ပေါ်တွင် ဆွေးနွေးငြင်းခုံစရာအချင်း အရာများနှင့်ပတ်သက်၍ အပြန်အလှန်နားလည်မှု ပိုမိုအောင်မြင်စွာရရှိလာနိုင်သည်။ အမျိုးမျိုးသော လုပ်ဖော်ကိုင်ဖက်နိုင်ငံများနှင့် ပွင့်လင်းညီမျှသော ဆက်ဆံရေးအခြေအနေကောင်း များဆက်လက်ထိန်းသိမ်းထားရှိခြင်းဖြင့်၊ ASEAN သည် အရင်းအမြစ်မျိုးစုံနှင့် ကမ္ဘာ့ဦးဆောင် တိုးတက်ရေးဗဟိုတစ်ခုအဖြစ် ၎င်း၏ရပ်တည်မှုအနေအထားခိုင်မာစေခြင်းတို့ကို ယူဆောင် ပေးနိုင်လိမ့်မည်။ ASEAN အနေဖြင့် AEC နက်ရှိုင်းစွာ ဖွဲ့စည်းထူထောင်ရေးဖြစ်စဉ်မှ ၎င်း၏ အတွေ့အကြုံကောင်းများနှင့် ရရှိခဲ့သော သင်ခန်းစာကောင်းများ အပေါ်အခြေခံ၍ နိုင်ငံတကာ ဖိုရမ်များအတွက် သတင်းအချက်အလက်များကိုလည်း ပံ့ပိုးပေးနိုင်သည်။ ASEAN သည် ၎င်း၏ ဖြစ်လာသောကိစ္စ တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းနည်းလမ်း (issue-oriented approach) ပေါ်တွင်အခြေခံ၍ အထူးသဖြင့်ဒေသဆိုင်ရာ FTAS နှင့် EPAS များ ပိုမိုကျယ်ဝန်းပျံ့နှံ့စေရန်အားပေးမြေတောင်မြှောက်ပေးရာ၌ ASEAN သည် ပိုမိုကြီးမားသောပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များအတွက် a central building block ဖြစ်လာနိုင်ပြီး အခြားသော ကမ္ဘာ့ဒေသများနှင့်လည်း balanced relations ကိုပါ တည်ဆောက်နိုင်လိမ့်မည်။

စိန်ခေါ်မှုတစ်ခုမှာ- ၁၀နိုင်ငံစုစည်းထားသော ASEAN ကိုယ်တိုင်တွင်ဖွံ့ဖြိုးမှုအဆင့်များနှင့် အကျိုးစီးပွားများ မတူညီကွာဟနေသောအခါ၊ ဒေသတစ်ခုလုံးနှင့် ဘုံသက်ဆိုင်သောissues များနှင့်ပတ်သက်လာလျှင် ASEAN အတွက် အများသဘောဆန္ဒအတိုင်း လိမ္မာပါးနပ်စွာ ရပ်တည်မှုတစ်ခု (a common and artful stance) ရှိရေးဖြစ်ပါသည်။ Tay (2013)ဆိုသူ၏ ညွှန်ပြထောက်ပြချက်အရ၊ ထိုစိန်ခေါ်မှုသည် မလွယ်ကူသော်လည်း ASEAN အတွက်ဆိုလျှင် some successful cases များရှိနေခဲ့ပါသည်။ ဤအစီရင်ခံစာအခန်း(၆)တွင် နိုင်ငံတကာ ပွဲခင်း၌ ASEAN လူထုအသံမြင့်တင်ရေးအကြောင်းအရာကို ပို၍ ဆွေးနွေးထားပါသည်။ ASEAN ရှေ့ဆက်တက်လှမ်းရေး၊ နိုင်ငံတကာသို့ အာဆီယံလူထု အသံမြင့်တင်ရေးနှင့်၂၀၁၅လွန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာစိန်ခေါ်မှုများကို ကောင်းစွာကိုင်တွယ်ဖြေရှင်းရေး စသည်တို့သည် ဒေသတွင်း၌ ASEAN ပြည်သူများကိုယ်တိုင်ကိုယ်ကျအချင်းချင်းကြားတွင် a deeper sense of community ရရှိရန် ASEAN ပြည်သူများအနေဖြင့် လိုအပ်ပါသည်။ ထို့အပြင် စည်းလုံးခြင်းဖြင့် အရာရာအဆင်ပြေစေရန်အလို့ငှာ ASEAN ဒေသလုံးဆိုင်ရာ တည်ဆောက်မှုစွန်အားကောင်းလာရေးလည်း လိုအပ်ပါသည်။ ၁၉၉၇ခုနှစ် ASEAN ၂၀၂၀ မျှော်မှန်းချက် (p.5) တွင် ASEAN ခေါင်းဆောင်များပြောကြားခဲ့သည်မှာ-

*"လာမည့်ရာစုနှစ်၏ စိန်ခေါ်မှုများကို တုံ့ပြန်ရန်၊ အာဆီယံမျှော်မှန်းချက်ကို ASEAN အနေဖြင့် အကောင်ထည်ဖော်နိုင်ရန်၊ ASEAN အဖွဲ့အစည်းများနှင့် ဆောင်ရွက်မှု နည်းလမ်းများ ဖွံ့ဖြိုးပြီး ခွန်အားကောင်းလာစေရန်၊ ကျွန်ုပ်တို့ ဖြေရှင်းဆုံးဖြတ်မည်။ ခိုင်မာအားကောင်းသော ASEANအတွင်းရေးမှူးချုပ်ရုံးနှင့်တကွ ကျွန်ုပ်တို့၏ မျှော်မှန်းချက် အကောင်အထည် ဖော်ရေးကိုပံ့ပိုးရန် တိုးမြင့်ပေးသောအခန်းကဏ္ဍတစ်ခုလိုအပ်နေသည် ကိုလည်း ကျွန်ုပ်တို့ သိပါတယ်"*

အခန်း(၆)တွင်၂၀၁၅လွန် ASEAN ၌ နောက်ထပ်အဖွဲ့အစည်းဆိုင်ရာပြောင်းလဲမှုများ အတွက် မရှိမဖြစ်အရာများအကြောင်းကို ဆွေးနွေးထားပါသည်။ ထိုအခန်းတွင် ဒေသတွင်းပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ပိုမိုထိရောက်သောအစီအမံဆီသို့ဦးတည်ဆောင်ရွက်နေသောTrack 2 နှင့် Track 1.5 လုပ်ထုံးလုပ်နည်းများ အခန်းကဏ္ဍကိုလည်း အသားပေးထားသည်။

အခြေခံအုတ်မြစ်: တာဝန်သိသိ/ရှိရှိတာဝန်ယူသော ASEAN

အထက်တွင် ရှင်းလင်းစွာပြောခဲ့သောမဏ္ဍိုင်၄ရပ်အပြင် ကားချပ် ၂၈.၁ တွင် ဆက်လက်ဖော်ပြ ထားသည့်မူဘောင်၌ မဏ္ဍိုင်၄ရပ်သည် တာဝန်သိသိ/ ရှိရှိတာဝန်ယူသော ASEAN (a responsive ASEAN) ၏ ခိုင်မာအားကောင်းသော အခြေခံအုတ်မြစ်တစ်ခုအဖြစ် ရပ်တည် နေရန်လိုအပ်သည်။ ၂၀၁၅လွန် ရှေ့ဆက် ASEAN အတွက် သီးသန့် အကျိုးစီးပွားဆိုင်ရာ a responsive ASEAN အတွက်ဆိုလျှင် အခြေခံသဘောတရား လိုအပ်ချက်နှစ်ခု (two elements) ရှိပါသည်။

ပထမအချက် element မှာသာမန်ရိုးစင်းသောအရာ ဖြစ်သည်။ ဥပမာ- ASEAN အဖွဲ့ဝင် တစ်နိုင်ငံချင်းနှင့် ASEAN ဒေသကြီးတစ်ခုလုံး ကိုယ်တိုင်စီးပွားရေးဆိုင်ရာ အရေး ကိစ္စများ ကိုတာဝန်ယူရသောကြောင့် ASEAN ၌ စဉ်ဆက်မပြတ်မြင့်မားပြီး ညီမျှသော တိုးတက်မှု ရရှိရေး key motor တစ်ခုသည် private sector ဖြစ်သည်ဆိုသော သာမန်ရိုးစင်းသည့် အကြောင်းပြချက်မျိုးကို ဆိုလိုသည်။ ပုဂ္ဂလိကကဏ္ဍစုံတွင် မတူညီကွဲပြားသော အကျိုးစီးပွားမျိုး စုံရှိနေပြီး ပုဂ္ဂလိကကဏ္ဍသည် ကျောက်ဆိုင်ခဲသဖွယ်ကြီးမားကြံ့ခိုင်နေသည်တော့ မဟုတ်ပေ။ မည်သို့ဆိုစေ သူတို့အကြားတွင် သာမန်ကိစ္စလုပ်ဆောင်နေကျသဖွယ် အကျင့် ပျက်ခြစားမှုများပေါ်ပေါက်လာနိုင်ခြင်း၊ စွမ်းရည်မရှိ ဗျူရိုကရေစီဆန်သောစနစ် ပေါ်ပေါက် လာနိုင်ခြင်း၊ ကိုယ်စားလှယ်လုပ်ငန်းဌာနများအကြား ညှိနှိုင်းဆောင်ရွက်မှုနှင့် မူဝါဒကိုက်ညီမှု ပိုမိုရှိရန်လိုအပ်လာခြင်း၊ အခြေခံအဆောက်အအုံနှင့် လူသားအရင်းအနှီးဆိုင်ရာ အရည်အသွေး

ပိုမိုကောင်းမွန်ဖို့ရန် လိုအပ်လာခြင်းစသည်တို့ ရှိလာနိုင်သည်။ နည်းလမ်းအတော်များများတွင် စီးပွားရေးစီမံအုပ်ချုပ်မှု (economic governance) တိုးတက်ကောင်းမွန်စေရန်၊ ဒေသတွင်း၌ အောင်မြင်ဖြစ်ထွန်းပြီး ဆွဲဆောင်မှုကောင်းသော စီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ဖန်တီးရန် သူတို့အချင်းချင်းနီးကပ်စွာ လုပ်ငန်းလုပ်ဆောင်ခြင်းပုံစံ ပတ်သက်မှုမျိုးဖြင့် သူတို့၏ယေဘုယျအရေးကိစ္စများကို တာဝန်ယူကြသည်။

ဒုတိယ element သည် ပထမ element နှင့် ဆက်နွယ်နေသော်လည်း သာမန်ရိုးစင်းမှုနည်းပြီး သဘောတရားလိုအပ်ချက်ပို၍များပါသည် (တာဝန်ယူဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ပိုင်ခွင့်နည်းဥပဒေများဆိုင်ရာ အုပ်ချုပ်မှုနည်းစနစ်ကို ဆိုလိုသည်)။ ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် AMSS အားလုံးမဟုတ်သော်လည်း အများစုတွင် မူဝါဒနှင့်စည်းမျဉ်းဥပဒေအပြောင်းအလဲများ၌ အားနည်းချက်ကင်းစင်ပြီး ပြန်လည်ကောင်းမွန်လာအောင်လုပ်ဆောင်ရန် လိုအပ်လာသည်။ စင်စစ်တွင် နည်းလမ်းအများစု၌ AEC သည် AMSs အတွက်လုပ်ပိုင်ခွင့် နည်းဥပဒေများဆိုင်ရာ ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်မရှိပြီး အဖွဲ့အစည်းဆိုင်ရာတိုးတက်မှုရှိသော ဖြစ်စဉ်တစ်ခုဖြစ်ပါသည်။ တာဝန်ယူဆောင်ရွက်ရမည့်စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ပိုင်ခွင့်နည်းဥပဒေများဆိုင်ရာ အုပ်ချုပ်မှုနည်းစနစ် (responsive regulations and regulatory regime) တွင် နိုးကြားထကြွသော အနေအထားဖြင့်နားစွင့်နေခြင်း၊ အစိုးရနှင့်အတူ အမယ်စုံ stateholders များ လက်တွဲဆောင်ရွက်ခြင်း၊ ထိုသူများအားစေ့ဆော်မှုပေးခြင်း၊ သဘောကွဲလွဲသူများ၏အမြင်များကို သင့်တော်သလိုကြားနာခြင်း၊ ထိုသူတို့ထံမှ ကတိကဝတ်များ တည်မြဲအောင်တည်ဆောက်ခြင်း စသည်တို့ပါဝင်သည်။ ထို့အပြင် ယင်းတွင် regulation problems များကိုအမျိုးအစားအလိုက်ပိုမိုကောင်းမွန်စွာဖြေရှင်းခြင်းဖြင့် အားပေးကူညီသော stakeholders များနှင့်အတူ လုပ်ပိုင်ခွင့်နည်းဥပဒေများဆိုင်ရာပြောရေးဆိုရေးများ သတင်းပေးဆောင်ရွက်မှုစသည်တို့အပြင်၊ လုပ်ပိုင်ခွင့်နည်းဥပဒေများဆိုင်ရာတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲရေးအတွက် မဟာမိတ်အဖွဲ့များ ဖွဲ့စည်းတည်ထောင်လာခြင်းတို့လည်း ပါဝင်ပတ်သက်နေပါလိမ့်မည်။

လုပ်ပိုင်ခွင့်နည်းဥပဒေများဆိုင်ရာအုပ်ချုပ်မှုနည်းစနစ်တွင် စည်းမျဉ်းစည်းကမ်းများ ရေးဆွဲထားသည့် ပုံစံများဖြစ်သော "responsive to moves [that] regulated actors make, [and] to industry context and to the environment" ပါဝင်သည်။ (Braithwaite, 2011, p.475). ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာစွမ်းရည် အဆောက်အအုံ (collaborative capacity building) နှင့် regulatory regime ကိုပုံဖော်ပေးသော ပိရမစ်ပုံစံအထောက်အပံ့နှင့်

ဒွန်တွဲအတူလုပ်ဆောင်ရာ၌ ပိရမစ်ပုံစံခွင့်ပြုမိန့်များအား သဘောတူလက်ခံခြင်းများကို ဖြစ်ထွန်းအောင်လုပ်ဆောင်ပေးသော Stakeholders များနှင့် စပ်တူလုပ်သောလုပ်ငန်းများ ဖွံ့ဖြိုးမှုရစေရန် စိန်ခေါ်မှုတစ်ခုရှိနေသည်။ ဖော်ပြပါအကြောင်းအရာများ၏ နောက်ဆုံးရလဒ် အဖြေသည် ခွဲခြားဆက်ဆံမှုမရှိသော၊ ပွင့်လင်းမြင်သာသော၊ တာဝန်ခံသော စသည့် သဘောတရားများကို ASEAN ၏ regulatory cultures များတွင် ပျော်ဝင်နှစ်မြုပ်ထားသည့် a high quality regulatory environment တစ်ခုတည်ဆောက်ရေး၌လည်းကောင်း၊ အလားတူစွာ APEC နိုင်ငံများအချင်းချင်း အပြန်အလှန်ကောင်းမွန်သော regulatory practices အကောင်အထည်ဖော်ရေးဆိုင်ရာ APEC ခေါင်းဆောင်များ လက်မှတ်ရေးထိုးရေး ရည်မှန်းချက်များတွင် လည်းကောင်း ထောက်ခံအားပေးခြင်းဖြစ်ပါသည်။

လုပ်ပိုင်ခွင့်နည်းဥပဒေများဆိုင်ရာ အုပ်ချုပ်မှုနည်းစနစ်သည် နိုင်ငံအတွင်း၌ စည်းမျဉ်း စည်းကမ်းများနှင့် လုပ်ပိုင်ခွင့်နည်းဥပဒေများဆိုင်ရာ ကျိုးကြောင်းအဆက်အစပ် စသည် တို့ကိုဖြစ်စေသည်။ "ထိရောက်သော စည်းမျဉ်းစည်းကမ်းသည် လိုလားအပ်သော ရည်မှန်း ချက်ရောက်ရှိရန် လိုအပ်ချက်ထက်ပို၍ ဝန်လေးစေသောအရာမဟုတ်ပေ။ ကျိုးကြောင်း အဆက်အစပ်ဆိုသည်မှာ မတူကွဲပြားသောစည်းမျဉ်းစည်းကမ်းများနှင့် နည်းလမ်းများသည် တစ်ခုနှင့်တစ်ခုထပ်နေခြင်း သို့မဟုတ် အပြန်အလှန်ရည်ရွယ်ချက်ထားရှိလုပ်ဆောင်ခြင်း မရှိခြင်းကိုဆိုလိုသည်" (Dee, 2013b,p.2).

တာဝန်ယူဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ပိုင်ခွင့်နည်းဥပဒေများဆိုင်ရာ အုပ်ချုပ်မှုနည်းစနစ်၏ သဘောသဘာဝနှင့် အရေးပါမှု၊ အသိပေးစည်းမျဉ်းစည်းကမ်းထိန်း သိမ်းခြင်းများ၏ ကနဦးအကျိုးဆက်နှင့် လုပ်ပိုင်ခွင့်နည်းဥပဒေများဆိုင်ရာ ကျိုးကြောင်း အဆက်အစပ်စသည်တို့ကို အစီရင်ခံစာ အခန်း ၇ တွင် ထပ်လောင်းဆွေးနွေးထားပါသည်။

## AEC နှင့် ASEAN ဒေသတွင်းပေါင်းစည်းရေး နှင့် ဖွံ့ဖြိုးမှုပုံစံ

အာဆီယံစီးပွားရေးအသိုက်အဝန်းကို တစ်ခုတည်းသော ဒေသတွင်းပေါင်းစည်းရေးဆိုင်ရာ ကိုယ်တိုင်ကနဦးလှုပ်ရှားတစ်ခုအဖြစ်သာမက အာဆီယံအနေဖြင့် သိသာထင်ရှားသော အခန်းကဏ္ဍတစ်ခုမှနေ၍ ဆောင်ရွက်နေသည့် မြင့်မြတ်သောအရှေ့အာရှဖွံ့ဖြိုးရေးနှင့် ပေါင်းစည်းရေးပုံစံ၏ အရေးပါသည့်အပိုင်းငယ်လေးတစ်ခုအဖြစ်လည်း အကောင်းဆုံး ရှုမြင်ပါသည်။ ထိုဖွံ့ဖြိုးရေးနှင့်ပေါင်းစည်းရေးပုံစံသည် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ ပျံ့နှံ့မှုနှင့်ကုန်သွယ်ရေးစသည်တို့ဖြင့် မောင်းနှင်နေပြီး၊ ဒေသအတွင်း၌ ပိုမိုပွင့်လင်းသော

စီးပွားရေးမူဝါဒများဖြင့် အဆင်ပြေဆောင်ရွက်နေသော အရှေ့အာရှကုန်ထုတ်လုပ်မှုကွန်ယက်များ၏သတင်းအချက်အလက်၊ ချဲ့ထွင်ခြင်းနှင့်လေးနက်ခြင်းတို့အပေါ်တွင် မှီတည်နေပါသည်။ အခြေခံအဆင့်တွင် ၎င်းပုံစံသည် စရိတ်လျှော့ချခြင်း၊ လိုတိုးပိုလျှော့လုပ်နိုင်ခြင်း၊ တစ်စိတ်တစ်ပိုင်း ထုတ်လုပ်မှုအလားအလာများတိုးတက်မှုရှိလာသော ကုန်ထုတ်စွမ်းအား၊ အစုအပုံအဖြစ်စုစည်းလာခြင်း၊ ကုတ်ထုတ်လုပ်မှုဆောင်ရွက်ချက်များတွင် နိုင်ငံတကာနှင့်ညီအောင်ပြုလုပ်ခြင်းနှင့်၊ arm's-length transcation အဖြစ် (သို့မဟုတ်) အဖွဲ့ဝင်များနှင့် လက်အောက်ခံကုမ္ပဏီများဆီမှသည် ပြည်ပဝန်ဆောင်မှု အထောက်အကူပေးသူထံသို့ စီးပွားရေးလုပ်ဆောင်ချက်တစ်ခု အပြောင်းအရွှေ့ပြုလုပ်ခြင်းတို့အကြား လုပ်ငန်းများ၏ ဆုံးဖြတ်ချက်များ ပေါ်တွင်မူတည်ပါသည်။ (ဥပမာ။ ။ Ando နှင့် Kimura ,၂၀၀၅; Ando နှင့် Kimura, ၂၀၀၉; နှင့် ERIA, ၂၀၁၀a.)

ဒေသတွင်းကုန်ထုတ်လုပ်မှုကွန်ယက်များဖွံ့စည်းတည်ထောင်ရာတွင် ဒေါင်လိုက်/ရေပြင်ညီနှင့်ထောင့်မှန်ကျသော ပေါင်းစည်းခြင်းပုံစံကုန်ထုတ်လုပ်မှုနေရာတွင် ပုဂ္ဂလိကကဏ္ဍနှင့်အစိုးရမှထောက်ပံ့ပေးသော "ဝန်ဆောင်မှုဆိုင်ရာချိတ်ဆက်မှုများ" နှင့်အတူတကွ ချည်နှောင်ထားသော"ကုန်ထုတ်လုပ်မှုအုပ်စုအဖွဲ့များ" အနေအထားဖြင့် ထုတ်လုပ်မှုအပိုင်းအစဖြစ်နေသောပုံစံနှင့်အစားထိုးလုပ်ကိုင်ခြင်းဖြင့် စတင်သည်။( ကားချပ်.၂၈.၂ တွင် မြင်နိုင်ပါသည်)။ ကုန်ထုတ်လုပ်မှုအဖွဲ့များအတွင်း ထုတ်လုပ်မှုစရိတ်များလျော့ကျခြင်းကြောင့် စရိတ်သက်သာလာခြင်းသည် ကြီးမားများပြားပြီး၊ ဝန်ဆောင်မှု ချိတ်ဆက်စရိတ်များသည် သေးငယ်နေသော အခါ၊ အကယ်၍ နည်းပညာအရ ထုတ်လုပ်မှုဖြစ်စဉ်များကိုဖြန့်ကျက်နိုင်လျှင် ထို့နောက်ထုတ်လုပ်မှုအပိုင်းအစဖြစ်နေခြင်း အခြေအနေပေါ်ပေါက်လာဖွယ်ရှိနိုင်သည်။ (ERIA, ၂၀၁၀a). (သီးခြားအပိုင်းခွဲထုတ်နိုင်ခြင်းဖြစ်စဉ်များသည် fragmented production ခေတ်စားခြင်း၏ အဓိကအကြောင်းဖြစ်သည်။ ပြောရလျှင်၊ ဓါတုဗေဒစက်ရုံကဲ့သို့သော စက်ပစ္စည်းဆိုင်ရာ စက်ရုံ၊ အလုပ်ရုံများမပါဝင်ပါ)။ အကောက်ခွန်များထိရောက်မှု အစွမ်းသတ္တိနှင့် သွင်းကုန်/ပို့ကုန် အမြတ်အစွန်းများပါဝင်သော ဝန်ဆောင်မှု ချိတ်ဆက်စရိတ်များ၊ ညှိနိုင်းစရိတ်များ၊ သယ်ယူ ပို့ဆောင်ရေးစရိတ်များနှင့် ကုန်သွယ်ရေးအဟန့်အတားများ စသည်တို့က ဝန်ဆောင်မှုချိတ်ဆက် စရိတ်များကို အကျိုးသက်ရောက်စေပါသည်။

### ကားချပ် ၂၈.၂ - အပိုင်းများ ဖြန့်ကျက်ခြင်း သီအိုရီ : ထုတ်လုပ်မှု အုပ်စု အဖွဲ့များနှင့် ဝန်ဆောင်မှု ချိတ်ဆက်လမ်းများ




အုပ်စုအဖွဲ့အတွင်း၌ အပိုင်းများဖြန့်ကျက်နေခြင်းသည် သာဓကအနေဖြင့် တစ်စိတ်တစ်ပိုင်းအားဖြင့် သီသာထင်ရှားသောသွင်းအားစုစရိတ်များတွင် ခြားနားချက်များ၊ စွမ်းဆောင်ရည်ပြည့်ဝခြင်းများနှင့် လုပ်နိုင်စွမ်းများအပေါ်တွင် အခြေခံထားသောမတူညီသောနိုင်ငံများကို ထုတ်လုပ်ရေးအုပ်စုအဖွဲ့များ၏ နေရာဒေသရွေးချယ်မှုတွင် ခွဲခြားခြင်းကို ခွင့်ပြုထားသည်။ အပိုင်းများဖြန့်ကျက်နေခြင်းသည် ပထဝီဝင်ဆိုင်ရာရှုထောင့်တစ်ခုသို့မဟုတ် နေရာဒေသဆိုင်ရာရှုထောင့်တစ်ခုရှိရုံသာမက an intra-firm/inter-firm ရှုထောင့်တစ်ခုလည်းရှိသည်။ ဆိုလိုသည်မှာ- လုပ်ငန်းတစ်ခုသည် မည်သည့်လုပ် ဆောင်မှုများ ကို ၎င်းကိုယ်တိုင်အတွက်တာဝန်ယူဆောင်ရွက်လိမ့်မည်၊ arm's-length transactions နှင့်အတူ တခြားသောလုပ်ငန်းများအနီးအနားတွင် တည်ရှိသည်ဖြစ်စေ၊ တခြားသော နိုင်ငံများတွင် တည်ရှိသည်ဖြစ်စေ မည်သည့်လုပ်ဆောင်မှုများကိုတာဝန်ယူဆောင်ရွက်လိမ့်မည်စသည်တို့ကို၎င်းအနေဖြင့်ဆုံးဖြတ်သည်။

## ကားချပ် ၂၈.၃ - နှစ်ဖက်မြင် အပိုင်းများ ဖြန့်ကျက်ခြင်း - သရုပ်ပြပုံ




ဇာစ်မြစ် - Kimura and Ando (2005), reprinted from ERIA (2010a)

ပထဝီဝင်ဆိုင်ရာရှုထောင့်တစ်ခုသို့မဟုတ် နေရာဒေသဆိုင်ရာရှုထောင့်တစ်ခုရှိရုံသာမက an intra-firm/inter-firm ရှုထောင့်သည် အပိုင်းဖြန့်ကျက် ၄ ခုအစု နှင့် ဆက်နွယ်မှုများဆီသို့ ဦးတည် နေခြင်းကို ERIA 2010c မှကောက်နှုတ်ထားသော ကားချပ် ၂၈.၃ တွင် မြင်နိုင်ပါသည်။

- ပြည်တွင်း intra-firm fragmentation, ဥပမာ - တစ်ခုတည်းစုစည်းထားသော စက်ရုံအစားစက်ရုံနှစ်ရုံ။

- နယ်စပ်ဒေသ intra-firm fragmentation, ဥပမာ - နိုင်ငံခြားလက်အောက်ခံကုမ္ပဏီ စက်ရုံများ။

• ပြည်တွင်းတဆင့်ခံ စာချုပ်စာတမ်းများချုပ်ဆိုခြင်း (သို့) ယှဉ်ပြိုင်ဈေးပြိုင်ခြင်း (ဥပမာအားဖြင့်) ပေါ်တွင် မှီတည်နိုင်သော ပြည်တွင်း arm's-length fragmentation.

အချိန်မီလုပ်ငန်းဆောင်ရွက်ချက်များ (သို့မဟုတ်) ရှားပါးပြီးလွန်စွာသင်တန်းပို့ချထားသော လူပုဂ္ဂိုလ်မှ အဆင့်အတန်းမြင့်မြင့်ကြီးကြပ်ရန် လိုအပ်သော လုပ်ငန်းဆောင်ရွက်ချက်များသည် စက်ရုံများအစုအဝေးဖြစ်လာခြင်းကို လိုအပ်ပါလိမ့်မည်။ arm's-length transactions တွင်ပါဝင်သော လုပ်ငန်းများ နှင့် တစ်နေရာမှတစ်နေရာ သင့်တင့်သောနီးစပ်မှု အကွာအဝေးအတွင်းရှိခြင်းတို့ ဖြစ်သည်။ ပထဝီဝင်အနေအထားအရလုပ်သားစရိတ်သက်သာပြီးကွာဝေးသည့်နိုင်ငံများ နှင့် နိုင်ငံခြားလက်အောက်ခံကုမ္ပဏီများပိုင်သော စက်ရုံများဖြစ်စေ၊ အထောက်အပံ့အကူညီပေးသောကြားလူများပိုင်ဆိုင်သည့်စက်ရုံများ ဖြစ်စေပိုမို၍စံသတ်မှတ်ချက်ထားသောလုပ်ငန်းဆောင်ရွက်ချက်များ သို့မဟုတ် အချိန်မီ ဆောင်ရွက်ရန် မလိုသောလုပ်ငန်း ဆောင်ရွက်ချက်များကိုတည်ထောင်လုပ်ကိုင်နိုင်ပါသည်။

ထုတ်လုပ်မှုအပိုင်းအစများအဖြစ် ဖြန့်ကျက်စီမံထားရှိခြင်းသည် ဖွံ့ဖြိုးမှုဆိုင်ရာ သို့မဟုတ် တိုးတက်မှု ဆိုင်ရာမဟာဗျူဟာများအတွက် လမ်းကြောင်းတစ်ခုဖြစ်သည်။ အဘယ်ကြောင့် ဆိုသော်လုပ်ငန်းများတွင် ဒေသ အသီးသီးတွင် နေရာဒေသကွာခြားမှုအားသာချက်များမှ အကျိုးအမြတ်ရယူရန် သူတို့၏ ထုတ်လုပ် ရေးအဖွဲ့များကိုလုပ်ငန်းလည်ပတ်မှု မည်သို့ ရပ်ဆိုင်းရမည်ဆိုသောအချက်ပေါ်တွင် လိုက်လျောညီထွေ အချို့တစ်ဝက်ရှိသောကြောင့် ဖြစ်သည်၊ အိမ်ရှင်နိုင်ငံများသည် ထုတ်လုပ်မှုအဖွဲ့ တစ်ခုချင်းဆီအတွက်နေရာဒေသ အားသာချက် အခြေတကျ ရွေးချယ်ရှာဖွေနိုင်သောကြောင့်ဖြစ်သည်။ သတိပြုရမည်မှာ လုပ်ငန်းများ၏ နေရာဒေသ ရွေးချယ်ဆုံးဖြတ်ချက်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာ အရွှေ့အပြောင်း၊ နည်းပညာဖိတ်စင်ကျခြင်းများ ဆိုင်ရာအလားအလာများ ပေါ်တွင်ပတ်သက် ဆက်နွယ်ခြင်းများ ရှိသည်။ နည်းပညာဖိတ်စင်ကျခြင်းပမာဏကိုအိမ်ရှင် နိုင်ငံများနှင့်သူတို့လုပ်ငန်းများ၏ နည်းပညာ စုပ်ယူဆွဲဆောင်ထားနိုင်စွမ်းက အကျိုးသက်ရောက်စေသည်။ ရင်းနှီးမြှုပ်နှံမှု-နည်းပညာ၊ စီးဆင်း-ကုန်သွယ် ရေးရွေ့လျားမှုသည် ထုတ်လုပ်မှု အပိုင်းအစများအဖြစ် ဖြန့်ကျက်စီမံထားရှိခြင်း နှင့် အရှေ့အာရှ သိသိသာသာ တိုးတက်မှုကိုပေးစွမ်းသောဒေသတွင်းထုတ်လုပ်မှုကွန်ယက်များနှင့် လွန်ခဲ့သောဆယ်စုနှစ်သုံးခုအတွင်း စက်မှုကဏ္ဍအောင်မြင်ထွန်းကားလာခြင်းတို့နှင့်ဆက်စပ်နစ်မြှုပ်ထားသည်။ အကျိုးရလဒ်အနေဖြင့်၊ ထိုအချက်သည်အရှေ့အာရှတွင် ထိုးဖောက်ဝင်ရောက်ဖွံ့ဖြိုးမှုပုံစံ အသစ်တစ်ခုဖြစ် ပါသည်။

တစ်ပါတည်းဖြစ်သောပထဝီဝင်ဆိုင်ရာအလွှာခွဲခြင်းတစ်ခုသည် နိုင်ငံအမျိုးမျိုးနှင့် ဒေသအမျိုးမျိုးတို့တွင် ပတ်သက်မှုရှိနေခြင်းမှာ ဝန်ဆောင်မှုချိတ်ဆက်စရိတ်များသည် ပထဝီဝင်ဆိုင်ရာအကွာအဝေးကို တုန့်ပြန် ထိခိုက်လွယ်သောကြောင့်ဖြစ်ပါသည်။ CADP (ERIA, 2010a,p.12)တွင် သူတို့၏ ဒေသတွင်း ကုန်ထုတ်လုပ်မှု ကွန်ယက်များပုံစံဖြင့် ဒေသများနှင့်နိုင်ငံများကိုအလွှာသုံးလွှာခွဲခြားပြထားသည်။

- *အလွှာ ၁ ဒေသများ/နိုင်ငံများ :* ထိုနိုင်ငံများတွင် ထုတ်လုပ်မှု ကွန်ယက်များအလွန်များပြားစွာရှိပြီး၊ ကြိမ်နှုန်းမြင့်မားထုတ်လုပ်မှု ကွင်းဆက်များကို ထည့်သွင်းစဉ်းစားသော စက်မှုလုပ်ငန်းအစုအဝေးများရှိနေနှင့်ပြီးသားဖြစ်သည်။ (ဆိုလိုသည်မှာ-အချိန်မီဆောင်ရွက်လုပ်ကိုင်ခြင်းများ)

- *အလွှာ ၂ဒေသများ/နိုင်ငံများ :* ထိုနိုင်ငံများတွင်ထုတ်လုပ်မှုကွန်ယက်များသည် တင်းပြည့်ပေါင်းစည်းထားခြင်းမျိုး မရှိသေးဘဲ၊ ပြည်တွင်းစက်မှုလုပ်ငန်း အစုအဝေးများသည် အခြေတည်ဖွံ့ဖြိုးစမျှ သာရှိသေးသည်။

- *အလွှာ ၃ ဒေသများ/နိုင်ငံများ :* ထိုနိုင်ငံများတွင်ကြိမ်နှုန်းမြင့်မားထုတ်လုပ်မှုကွန်ယက်ကွင်းဆက်များ၌ ပါဝင်ဆောင်ရွက်ခြင်းမျိုးဖြစ်လာနိုင်ဖွယ်မရှိပေ၊ သို့သော် ထုတ်လုပ်မှုကွန်ယက်များသည် အားနည်းကြိမ်နှုန်းကွင်းဆက်များရှိသော်ငြားလည်း စက်မှုလုပ်ငန်းဖွံ့ဖြိုးမှုအတွက် အခြေခံတစ်ခုကိုထောက်ပံ့ ပေးနိုင်သည်။

အရှေ့အာရှသည်ကမ္ဘာတွင်ခေတ်မီဆန်းပြားဆုံးဒေသတွင်းထုတ်လုပ်ရေးကွန်ယက်များရှိခြင်းမှာ ကွန်ယက်များသည် intra-firm နှင့် arm's-length transactions နှစ်မျိုးလုံးနှင့်ပတ်သက်နေသောနိုင်ငံ အများအပြားကိုခြုံငုံမိစေသောကြောင်းဖြစ်သည်။ ဆန့်ကျင်ဘက်ပုံစံအနေဖြင့် "နောက်ပြန်နှင့်ရှေ့သို့ ,အနီးကပ် ကွင်းဆက်အချည်အနှောင်၊ intra-firm" (ERIA,2010a,p.6) NAFTA နှင့် ဌာနချုပ်များအကြား လုပ်ငန်းအပေးအယူ ဆောင်ရွက်ခြင်းများ၊ ပြောမည်ဆိုလျှင် US နှင့် Mexico တွင်ရှိသော ၄င်း၏စက်ရုံ(များ). အရှေ့အာရှတွင်မတူညီသောနိုင်ငံများ၌သိသာထင်ရှားသောသွင်းအားစုဈေးနှုန်းများမတူညီမှုများ(NAFTA နှင့်ယှဉ်လျှင်)သည် သွင်းအားစုဈေးနှုန်းများကွဲပြားခြားနားခြင်း နှင့် ထုတ်လုပ် နိုင်စွမ်းများနှင့်နေရာ ဒေသတည်ထောင်အားသာချက်များကို ထိထိရောက်ရောက်အသုံးချထားသည့် ပိုမိုကောင်းမွန်သောအပိုင်းအစများအဖြစ်ဖြန့်ကျက်စီမံထားရှိခြင်းကိုထည့်သွင်းစဉ်းစားထားသည်။

ဒေသဆိုင်ရာကုန်ထုတ်လုပ်ရေးကွန်ယက်များ ဖွံ့ဖြိုးမှုတစ်ခုနှင့် တိုးတက်သိသာမှုကို ဘယ်အရာကပေးစွမ်းသလဲဆိုသည်မှာ ဒေသဆိုင်ရာ ကုန်ထုတ်လုပ်ရေးကွန်ယက်များပါဝင် ပတ်သက်နေသော စီးပွားရေး လုပ်ဆောင်ချက်တွင် အရှေ့အာရှနိုင်ငံအများအပြား၏သိသာ ထင်ရှားသော စီးပွားရေးလုပ်ငန်းများ အဆစ်အပိုင်းလိုက်ရှိနေခြင်းဖြစ်သည်။ တူညီသော အရေးပါမှုအနေဖြင့် ထိုနိုင်ငံများသည် SMES အပါအဝင် လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုကို အင်တိုက်အားတိုက်အားပေးမှုရှိပြီး၊ ဒေသဆိုင်ရာ ကုန်ထုတ်လုပ်ရေး ကွန်ယက်များတွင် လည်းလုပ်ကိုင်လျက်ရှိနေသည်။

အတူလက်တွဲခြင်း၊ ချဲ့ထွင်ခြင်း၊ နှင့် နိုင်ငံတစ်နိုင်ငံ၏ ဒေသဆိုင်ရာ ကုန်ထုတ်လုပ်ရေး ကွန်ယက်များတွင် ပါဝင်ဆောင်ရွက်ရာ၌လေးနက်မှုရှိခြင်း တို့ကို ဘယ်အရာက လွယ်ကူ လျှင်မြန်စေနိုင်သလဲ? ဇယား ၂၈.၁ တွင် အပိုင်းအစများဖြန့်ကျက်စီမံထားရှိခြင်းနှင့်အစု အပုံအဖြစ် စုပုံခြင်း စသည့်နှစ်မျိုးလုံးကို ပံ့ပိုးပေးနေသော မူဝါဒများဆိုင်ရာဖြစ်ပျက်သော ဝန်းကျင်အခြေအနေတစ်ခု (a matrix of policies) ကိုဖော်ပြထားသည်။ (Ando, 2013; ERIA, 2010a):

လုပ်ငန်းအသီးသီး၌ ထုတ်လုပ်မှုအပိုင်းအစများဖြန့်ကျက်စီမံပံ့ပိုးပေးခြင်းကြောင့် စက်မှု လုပ်ငန်းဆိုင်ရာ အစုအဝေးဖြစ်လာခြင်းကို အားပေးကူညီသော မူဝါဒများတွင် :

- ရင်းနှီးမြှုပ်နှံမှုလွယ်ကူလျှင်မြန်စွာပြုနိုင်ခြင်း၊လုပ်ငန်းများစတင်လည်ပတ်လုပ် ဆောင်ရန်ပိုမိုလွယ်ကူခြင်း၊ အကျင့်ပျက်ခြစားမှုရင်ဆိုင်ကိုင်တွယ်ခြင်း စသော ရင်းနှီးမြှုပ်နှံမှု စရိတ်များ လျှော့ချရန်။

- ပထဝီဝင်ဆိုင်ရာအကွာအဝေးနှင့်နယ်စပ်အကျိုးသက်ရောက်မှုများကိုကျော်လွှား ရန်။ဥပမာ-အကောက်ခွန်နှင့်အကောက်ခွန်မဟုတ်သောအတားအဆီးများကိုဖယ်ရှားရှင်းလင်း ခြင်း၊ကုန်သွယ်ရေးတိုးတက်ခြင်းနှင့်သယ်ယူပို့ဆောင်ရေးလွယ်ကူအဆင်ပြေခြင်း၊ရုပ်ပိုင်း ဆိုင်ရာချိတ်ဆက်မှုတိုးတက်ခြင်း၊ ယှဉ်ပြိုင်မှုဝါဒ၊ စံသတ်မှတ်ချက်များနှင့်ကိုက်ညီမှုပြုခြင်း။

- နေရာဒေသအားသာချက်များမြှင့်တင်ရန်။ဥပမာ- အခြေခံအဆောက်အအုံ အဆင့် မြှင့်တင်ခြင်းနှင့် ထောက်ပံ့ပို့ဆောင်ရေး စီမံဖွဲ့စည်းမှုဆိုင်ရာဝန်ဆောင်များ၊ ထုတ်လုပ်မှု-ဝန်ဆောင်မှုပံ့ပိုးပေးခြင်းတို့တွင် လွတ်လပ်စွာလုပ်ခွင့်ပေးခြင်း။

နိုင်ငံအသီးသီး၌ ထုတ်လုပ်မှုအပိုင်းအစများဖြန့်ကျက်စီမံပံ့ပိုးပေးသော မူဝါဒများဆိုသည်မှာ:

- arm's length ချိတ်ဆက်မှုများ၏ကွန်ယက်တည်ထောင်စရိတ်များလျှော့ချရန်။ ဥပမာ- MNCs နှင့် ပြည်တွင်းလုပ်ငန်းများအကြား စီးပွားရေးရာလိုက်ဖက်မှုရှိခြင်း။

- arm's length transactions အကောင်ထည်ဖော်ရေးစရိတ်များလျှော့ချရန်။ ဥပမာ-ခိုင်မာသော တရားဝင်စာချုပ်စာတမ်းများအကာအကွယ်၊ အငြင်းပွားမှု ကျေအေး ယန္တရား။

- အလားအလာကောင်းသောလုပ်ငန်းစပ်တူများ၏ယှဉ်ပြိုင်နိုင်စွမ်းအားကောင်းရန်။ ဥပမာ-SME ဖွံ့ဖြိုးမှု၊ ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်များ အပါဝင်တီထွင်ဆန်းသစ်စွမ်းရည်နှင့် ပတ်ဝန်းကျင် ခိုင်မာအားကောင်းခြင်း။

ဇယား ၂၈.၁ -၂x၃ မူဝါဒဝန်းကျင်အခြေအနေဖြန့်ကျက်စီမံထားရှိမှုနှင့်အစုအပုံဖြစ်လာခြင်း

| | ထုတ်လုပ်မှု ဖြန့်ဖြူးမှု ကွန်ယက်များဖွံ့ဖြိုးရန် ပံ့သေစရိတ်များ လျှော့ချခြင်း | ထုတ်လုပ်မှုအုပ်စုအဖွဲ့များနှင့် ဆက်သွယ်ထားသော ဝန်ဆောင်မှု ချိတ်ဆက် စရိတ်များလျှော့ချခြင်း | ထုတ်လုပ်မှုအုပ်စုအဖွဲ့ များတွင်၄င်းတို့ကိုယ်တိုင် ထုတ်လုပ်မှုစရိတ်များ ထပ်၍လျှော့ချခြင်း |
|---|---|---|---|
| အကွာအဝေးဝင်ရိုး တစ်လျှောက်အပိုင်းအစ ဖြန့်ကျက်စီမံထားရှိခြင်း | ရင်းနှီးမြှုပ်နှံမှုစရိတ်များ လျှော့ချရေးမူဝါဒများ | ပထဝီဝင်ဆိုင်ရာအကွာအဝေးနှင့် နယ်စပ်အကျိုးသက်ရောက်မှု များကို အောင်မြင်ကျော်လွှား ရေးမူဝါဒများ | နေရာဒေသ အားသာချက်များ အားကောင်းလာရေးမူဝါဒများ |
| | (၁) တည်ငြိမ်မှုတိုးတက်ခြင်း၊ ပွင့်လင်းမြင်သာရှိခြင်းနှင့်ရင်း နှီးမြှုပ်နှံမှုနှင့် ဆက်စပ်မူဝါဒ များ ကြိုတင်ခန့်မှန်းနိုင်ရေး<br><br>(၂) အိမ်ရှင်ကိုယ်စားလှယ် လုပ်ငန်းဌာနများနှင့် စက်မှု လက်မှုမြေများတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအဆင်ပြေ လွယ်ကူရေး<br><br>(၃) လွတ်လပ်ခွင့်ပေးခြင်းနှင့် မတည်ရင်းနှီးမြှုပ်နှံမှုနှင့် ဆက် နွယ်နေသော ငွေရေးကြေး ရေး ဝန်ဆောင်မှုများ ဖွံ့ဖြိုးရေး | (၁) အကောက်ခွန်ကဲ့သို့သော ကုန်သွယ်ရေးအဟန့်အတားများ လျှော့ချခြင်း/ဖယ်ရှားရေး<br>(၂) လွယ်ကူအောင်ဆောင်ရွက်မှုနှင့် အကောက်ခွန်စွမ်းဆောင်ရည် တိုးတက်လာမှုတို့ပါဝင်သော ကုန်သွယ်မှုဆင်ပြေချောမွေ့ရေး<br>(၃)သယ်ယူပို့ဆောင်ရေးအခြေခံ အဆောက်အအုံဖွံ့ဖြိုးရေး၊ သယ်ယူ ပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုဖြန့် ဖြူးစွမ်းဆောင်ရည်တိုးတက်လာရေး<br>(၄)ဆက်သွယ်ရေးကြေးနန်းနှင့် သတင်းအချက်အလက်နည်းပညာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး<br>(၅) လုပ်ငန်းဆောင်ရွက်မှုနှင့် မတည် အရင်းအနှီးပြောင်းရွှေ့ခြင်းတို့နှင့်ဆက် နွယ်နေသောဘဏ္ဍာရေးဝန်ဆောင်မှု များစွမ်းဆောင်ရည်တိုးတက်ရေး | (၁) လူသားအရင်းအမြစ်များကိုအမှုထမ်း သင်တန်းမျိုးစုံလေ့ကျင့်သင်ကြားပေး ရန်အတွက် ပညာရေးဆိုင်ရာ/ အလုပ် အကိုင်ဆိုင်ရာ အဖွဲ့အစည်းများတည် ထောင်ရေး<br>(၂) တည်ငြိမ်ပြီး အလျှော့အတင်းရှိသော လုပ်သားဆက်စပ် ဥပဒေများနှင့် အဖွဲ့အစည်းများ တည်ထောင်ရေး<br>(၃) ထိရောက်သော နိုင်ငံတကာနှင့် ပြည်တွင်းငွေရေးကြေးရေး ဝန်ဆောင်မှုများ အခြေခိုင်ရေး<br>(၄) လျှပ်စစ်နှင့်တခြားသောစွမ်းအင် စက်မှုလက်မှု မြေယာဝန်ဆောင်မှုများ ကဲ့သို့သော အခြေခံ အဆောက်အအုံ ဝန်ဆောင်မှု စရိတ်များလျှော့ချရေး<br>(၅) ဒေါင်လိုက်ထုတ်လုပ်မှု ကွင်းဆက် များအဆင်ပြေချောမွေ့ရန်အစုအပုံအ လိုက်ဖွံ့ဖြိုးလာရေး |

| | | | |
|---|---|---|---|
| | | (၆) သာမန်လူများပြောင်းရွှေ့သွားလာရေးလွယ်ကူအဆင်ပြေအောင်ဆောင်ရွက်ပေးဖြင်းဖြင့် ဝေးလံသော နေရာများအကြားပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု စရိတ်များလျှော့ချရေး | (၆) ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေနှင့် ဉာဏ ပစ္စည်းပိုင်ဆိုင်ခွင့်တို့ကဲ့သို့သောစီးပွားရေးအဖွဲ့အစည်းများ တည်ထောင်ရေး<br>(၇) ကုန်သွယ်မှုအမျိုးမျိုးနှင့် ရင်းနှီးမြှုပ်နှံမှုအဆင်ပြေလွယ်ကူရေး |
| အကွာအဝေးဝင်ရိုးတစ်လျှောက်ပိုင်းအစဖြန့်ကျက်စီမံထားရှိခြင်း | ထုတ်လုပ်မှု / ဖြန့်ဖြူးမှု ကွန်ယက်များ ဖွံ့ဖြိုးရန် ပုံသေစရိတ်များ လျှော့ချခြင်း | ထုတ်လုပ်မှုအုပ်စုအဖွဲ့များနှင့် ဆက်သွယ်ထားသော ဝန်ဆောင်မှု ချိတ်ဆက်စရိတ်များ လျှော့ချခြင်း | ထုတ်လုပ်မှု အုပ်စုအဖွဲ့များတွင် ၄င်းတိုကိုယ်တိုင် ထုတ်လုပ်မှု စရိတ်များထပ်၍ လျှော့ချခြင်း |
| | arm's length ချိတ်ဆက်မှုများ ၏ကွန်ယက်တည်ထောင် စရိတ်များ လျှော့ချရန်စီးပွားရေးဝန်ကျင် တည်ထောင်ရေး | arm's length transactions အကောင်ထည်ဖော်ရေး စရိတ်များ လျှော့ချရန် အဖွဲ့အစည်းဆိုင်ရာ ဝန်းကျင်ဖွံ့ဖြိုးရေး | အလားအလာကောင်းသော လုပ်ငန်းစပ်တူများ၏ ယှဉ်ပြိုင်နိုင်စွမ်းအား ကောင်းရန် မူဝါဒများ |
| | (၁)လုပ်ငန်းစပ်တူများနှင့်သဘောတူစာချုပ်အမျိုးမျိုးအတူယှဉ်တွဲခြင်းကိုခွင့်ပြုသောစီးပွားရေးစနစ်တည်ထောင် ရေး (၂) အလားအလာရှိသော လုပ်ငန်းစပ်တူများစုစည်းရာတွင်သတင်းအချက်အလက်ဆိုင်ရာကုန်ကျစရိတ်များ လျှော့ချရေးမူဝါဒအမျိုးမျိုး(၃)တရားမျှတမှုတည်ငြိမ်မှုနှင့်သဘောတူစာချုပ်တွင်စွမ်းဆောင်ရည်ပြည့်ဝမှု (၄)ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်များစိတ်ချလုံခြုံမှုရှိရန်တည်ငြိမ်ပြီးထိရောက်သောအဖွဲ့အစည်းများတည်ထောင်ရေး | (၁)လုပ်ငန်းစပ်တူများ၏စောင့်ကြည့်စစ်ဆေးစရိတ်များလျှော့ချရေးမူဝါဒများ<br>(၂)အငြင်းပွားမှုသဘောတူကျေအေးပြီးသက်ဝင်လှုပ်ရှားလာစေရန်တရားဥပဒေစနစ်နှင့် စီးပွားရေးအဖွဲ့အစည်းများတိုးတက်လာရေး<br>(၃)ပြင်ပဝန်ဆောင်မှုပေးသူများထံလုပ်ငန်း ဆက်လက်ပြောင်းလွဲလုပ်ရာတွင်အဆင်ပြေစေရန်နည်းပညာဆန်းသစ်မများမြှင့်တင်ရေးမူဝါဒများ | (၁) နိုင်ငံခြားသားပိုင်နှင့် တိုင်းရင်းသားပိုင်လုပ်ငန်းစပ်တူပုံစံအမျိုးမျိုးကို လက်ခံရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေး<br>(၂) ထောက်ပံ့ကူညီပေးသော စက်မှုလုပ်ငန်းများ ခိုင်မာအားကောင်းလာရေး<br>(၃)အစုပုံလိုက်ဖြစ်လာခြင်းကို မြှင့်တင်ပေးရန်မူဝါဒ အမျိုးမျိုး |

ဇာစ်မြစ် - ERIA,2010a.

အထက်တွင်ဖော်ပြထားသောမူဝါဒစာရင်းတွင် အာဆီယံစီးပွားရေး အသိုက်အဝန်းသည် မည်သို့အရေးပါကြောင်းနှင့် ၎င်း၏ဆောင်ရွက်ချက်များသည် တိုးတက်မှုနှင့်ဒေသအတွက် ဖွံ့ဖြိုးမှု အင်ဂျင်စက်တစ်ခုအဖြစ်အာဆီယံဒေသတွင်းထုတ်လုပ်မှုကွန်ယက်များ၏ အသီး အပွင့်များကိုဖူးပွင့်ဝေဆာမှုရှိစေကြောင်းရှင်းလင်းစွာညွှန်ပြထားသည်။ AECအသေးစိပ်နည်း လမ်းပုံစံတွင် အဓိကဆောင်ရွက်ချက်များမှာကွန်ယက်တည်ထောင်စရိတ်များလျှော့ချရန်၊ ဝန်ဆောင်မှုချိတ်ဆက်စရိတ်များလျှော့ချရန်၊နေရာဒေသအားသာချက်များတိုးတက်ရရှိရန်၊ နှင့် နိုင်ငံတကာတွင်၊ နိုင်ငံတကာနှင့်ပြည်တွင်းလုပ်ငန်းများအကြားတွင်၊ပြည်တွင်းလုပ်ငန်း များအကြားတွင် arm's length transactions ကိုပိုမိုအားပေးကူညီရန်၊ တို့ကို ရည်ရွယ် ပါသည်။ထိုစာရင်း၌ လက်ရှိ AEC အသေးစိပ်နည်းလမ်းပုံစံ,၂၀၀၉-၂၀၁၅ မူဝါဒရေးရာများကို ကောင်းစွာရှင်းလင်းထုတ်ဖော်ပြောဆိုထားခြင်းမရှိသေးကြောင်းတွေ့ရသည်။ ၂၀၁၅ လွန် AEC အတွက်အပြီးမသတ်သေးသောလုပ်ငန်းတချို့ရှိနေပါသည်။

အတိုချုပ်ပြောရလျှင်၊ AEC ဆီသို့ဦးတည်မောင်းနှင်မှု ၊ နှင့် အထက်တွင်ဖော်ပြထားခဲ့သော ဖွံ့ဖြိုးမှုအသစ် နှင့်ပေါင်းစည်းရေးပုံစံတို့အကြား အံဝင်ခွင်ကျမှု ရှိပါသည်။ဖွံ့ဖြိုးမှုနှင့် ယုံကြည်လက်ခံလာစေမှု ပိုမိုမြင့်မားလာစေရန် RISING ASEAN ကိုတွန်းတင်ပေးနိုင်သည့် ထိုအကျိုးကျေးဇူးအားကြိုတင်ခန့်မှန်းနိုင်ပါသည်။

# အခန်း (၃)

# တစ်ခုတည်းသောအာဆီယံဈေးကွက်နှင့် ထုတ်လုပ်မှု အခြေခံဒေသကိုဦးတည်သော ပေါင်းစည်းမှုနှင့် ယှဉ်ပြိုင်မှုမြင့်မားသော အာဆီယံ

ပြီးခဲ့သောအခန်းသည် လာမည့်ဆယ်စုနှစ်နှင့် ၂၀၁၅ အလွန် ကိုရှုမျှော်နိုင်သော အကောင်းဆုံး အခြေအနေနှင့် နောက်အဆင့်အဖြစ် ၂၀၁၅ နောင်းပိုင်း အေအီးစီ၊ အာဆီယံ၏ စစ်မှန်သော တစ်ခုတည်းသော အာဆီယံဈေးကွက် ဖြစ်ပေါ်လာစေရန် ဆောင်ရွက်မှုများ လိုအပ်သည့် အာဆီယံနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား အားကောင်းသောမူဝါဒနှင့် ဖွဲ့စည်းပုံစည်းမျဉ်း၊ စည်းကမ်းများဆိုင်ရာပြောင်းလဲမှုများကို ထည့်သွင်းစဉ်းစားပြီး နောက်ဆုံးတွင် တစ်ခုတည်းသောဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသကို ရှေ့ရှု၍တွန်းအားပေးမှုများကို ထင်ရှားပေါ်လွင်စေသည်။ နောက်အဆင့်သည် အာဆီယံအတွက် စုစည်းသော ထုတ်လုပ်မှု အခြေခံနှင့် ယှဉ်ပြိုင်မှု မြင့်မားသော ဈေးကွက်ဖြစ်လာရန်ဖြစ်သည်။ ၎င်းသည်ဒေသအတွင်း စီးပွားရေးပေါင်းစည်းမှု နက်ရှိုင်းလာရန် အာဆီယံ၏ တဖြည်းဖြည်းနှင့် အဆင့်ဆင့် ပြောင်းလဲလာသော လုပ်နည်းကိုင်နည်းဖြင့်ကိုက်ညီမှုရှိသည်။

၂၀၁၅ နောင်းပိုင်း အာဆီယံစီးပွားရေးပေါင်းစည်းမှု ဒုတိယအဆင့်သည် ဖွံ့ဖြိုးဆဲ အရှေ့အာရှရှိ သန့်စွမ်းသောစီးပွားရေးစနစ်ရှိ နိုင်ငံများကြီးမားသော အတိုင်းအတာဖြင့် အဆင့်ဆင့်ပြောင်းလဲမောင်းနှင်လာသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စုစည်းပူးပေါင်းဆောင်ရွက်မှု မော်ဒယ်အသစ်ဖြင့် ကိုက်ညီမှုရှိသည်။ မော်ဒယ်အသစ်သည် ထုတ်လုပ်မှုကွန်ယက်နှင့် အင်တိုက်အားတိုက်ရင်းနှီးမြှုပ်နှံမှုများ၊ နည်းပညာဆိုင်ရာပြန့်နှံ့မှု၊ နေရာအကွာအဝေး ချိတ်ဆက်မှုနှင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးတို့ပေါ် မှီခိုအားထားမှုတို့ပေါ် မူတည်သည်။ ကြီးမားသောအတိုင်းအတာအရ၊ စုစည်းပြီး ယှဉ်ပြိုင်မှုမြင့်မားသော အာဆီယံအတွက်အရေးပါသောအရာများသည် အာဆီယံရှိဒေသတွင်း ထုတ်လုပ်မှုကွန်ယက်နှင့် ပြည်တွင်းအုပ်စုဝင် များ၏ မျှော်လင့်ထားသောကြီးထွားရင့်သန်ခြင်းအတွက် မူဝါဒလမ်းစဉ်ကို ထောက်ပံ့ပေးပြီး ထိုမှဒေသတွင်း မြင့်မားပြီး နိုင်းယှဉ်ခြင်းအားဖြင့် ညီမျှသောတိုးတက်မှု တည်တံ့စေရန် တွန်း ပို့ပေးသည်။

ယခုအခန်းသည် ပေါင်းစည်းမှုနှင့်ပြိုင်ဆိုင်မှု မြင့်မားသော အာဆီယံသို့ရှေ့ရှုမည့် အဓိက လိုအပ်ချက်များနှင့် အလားတူဆောင်ရွက်မည့် နည်းလမ်းများကို ဆွေးနွေးထားပါသည်။

Dynamic GTAP မော်ဒယ်ကိုအသုံးပြုပြီး အေအီးစီမှ အာဆီယံစီးပွားရေးပူးပေါင်း ဆောင်ရွက်မှု၏ အကျိုးသက်ရောက်မှုကို စီးပွားရေးအားလုံးခြုံပြီး ပုံစံချတွက်ချက်မှုအဖြေများအရ ကုန်စည်အပေါ် အာဆီယဒေသအတွင်းအခွန်ကောက်ခံမှုကို ဖယ်ရှားခြင်း၊ အာဆီယံဒေသတွင်း ဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာအတားအဆီးများကို ပိုမိုလျော့ချခြင်း၊ ဒေသအတွင်း ကုန်သွယ်မှု လွယ်ကူချောမွေ့စေရန် စွမ်းဆောင်ရည်များ ပိုမိုမြှင့်တင်ခြင်းတို့မှ အာဆီယံ အဖွဲ့ဝင် နိုင်ငံအားလုံး များပြားသောစီးပွားရေး အကျိုးကျေးဇူးကိုရရှိသည်။ (Itakura-၂၀၁၂) အလားအလာရှိသော အကျိုးကျေးဇူးများသည် ဖွံ့ဖြိုးမှုနိမ့်ကျသော အဖွဲ့ဝင်နိုင်ငံသစ်များ အတွက် အများဆုံးဖြစ်မည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါနိုင်ငံများအတွက် တွက်ချက်သရုပ်ဖော်သော လုပ်ဆောင်ချက်များတွင် အခြေခံနှစ်သည် ၂၀၀၀ခုနှစ်များ အစောပိုင်းကာလဖြစ်ပြီး ထိုကာလအတွင်း ကုန်သွယ်မှုလွယ်ကူချောမွေ့စေမှုကို ဖော်ပြသော ကုန်သွယ်မှုဆိုင်ရာ အထောက်အပံ့များသည် ကန့်သတ်ချက်ပိုများသော အခြေအနေရှိခြင်း၊ ဝန်ဆောင်မှုများတွင် မြင့်မားသော အတားအဆီးများကို ညွှန်ပြခြင်း၊ ပျမ်းမျှအကောက်ခွန်နှုန်းထားများ အမြင့်ဆုံး အခြေအနေရှိနေခြင်းတို့ကြောင့်ဖြစ်သည်။ (ကားချပ်၃.၁ တွင်ကြည့်ပါ)။ ဤသရုပ်ဖော် တွက်ချက်မှုများသည် ကွန်ပျူတာဆိုင်ရာ အထွေထွေအားမျှခြေမှ ခန့်မှန်းတွက်ချက်မှုများကဲ့သို့ မယုတ်မလွန် ခန့်မှန်းဖော်ပြချက်များဖြစ်သည်။ အကြောင်းမှာ အဖြေများသည် ရင်းနှီးမြှုပ်နှံသူတို့ မျှော်မှန်းချက်များ အမျိုးမျိုးပြောင်းလဲမှုများနှင့် ပေါင်းစည်းထားသော ထုတ်လုပ်မှုအခြေခံမှ ရရှိသော ထုတ်လုပ်မှုစွမ်းအားတိုးတက်မှုကို လုံလုံလောက်လောက် မအုပ်မိနိုင်သောကြောင့် ဖြစ်သည်။ အကယ်၍ ပုဂ္ဂလိကကဏ္ဍ၏ “ AEC သည် ကစားပွဲကိုပြောင်းလဲသူဖြစ်သည်” နှင့် ရင်းနှီးမြှုပ်နှံသူတို့သည် “အာဆီယံ လိုင်းလုံးကို ဖမ်းမိလိုသည်” ဟူသော အဆိုသည်လက္ခဏာအမှတ်အသားဖြစ်ပါက ဒေသအတွင်း နက်နဲသော စီးပွားရေးပူးပေါင်းမှု၏ အလားအလာရှိသော အကျိုးကျေးဇူးများသည် တွက်ချက်သရုပ်ဖော်သော အဖြေများ၏ အကြံပြုချက် များထက် ပိုမိုကြီးမားနိုင်သည်။

### ကားချပ် ၃.၁ - ဂျီဒီပီ အပေါ် အကျိုးသက်ရောက်မှု (၂၀၁၁-၂၀၁၅ ကို အခြေပြု၍ ၂၀၁၅ တွင် တိုးလာသော စုစုပေါင်း ရာခိုင်နှုန်း)




ဇာစ်မြစ်: Itakura (2012)

ထို့ကြောင့် လာမည့်အနာဂတ်ကာလ၌ နောက်ဆုံးတွင် အာဆီယံတွင် တစ်ခုတည်းသော အာဆီယံဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသ ဖြစ်ပေါ်လာရန် အဓိကအဆင့် တက်လှမ်းနိုင်သည့် ခုတုံးအဖြစ် စီးပွားရေးပေါင်းစည်းမှုနှင့် ယှဉ်ပြိုင်မှုမြင့်မားခြင်းတို့ကို ရှေ့ရှုသော မောင်းနှင်မှုသည် တာဝန်ယူဆောင်ရွက်ထိုက်ပေသည်။ ဤအသားတင်အကျိုးသက်ရောက်မှုသည် အာဆီယံစီးပွားရေးအသိုက်အဝန်း အသေးစိတ်အစီအစဉ်၏ ရှင်းရှင်းလင်းလင်း မဟုတ်သေးသော အလားအလာပင်ဖြစ်သည်။ အာဆီယံ စီးပွားရေးအသိုက်အဝန်း အသေးစိတ် အစီအစဉ်တွင် ဖော်ပြထားသကဲ့သို့ ပင်စီးပွားရေး ပေါင်းစည်းမှုနှင့် ယှဉ်ပြိုင်မှုမြင့်မားသော အာဆီယံ စီးပွားရေးဒေသကို ရှေ့ရှုပြီး ဆောင်ရွက်ရန်လိုအပ်သော အရာများစွာ ရှိသည်။ ယခုအခန်းသည် အဆိုပါ အရာများကို ဆွေးနွေးပြီး ရှေ့ဆက်ရမည့် နည်းလမ်း များကိုအကြံပြုဖော်ပြမည်။

## အကောက်ခွန်

အကောက်ခွန်ဖယ်ရှားရေးသည် မည်သည့်စီးပွားရေးပေါင်းစည်းမှုများ၏ ကနဦး အစတွင် မဆို အခြေခံကျသော လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ဤအချက်သည် အာဆီယံ အတွက် အားလုံးဖြည့်စည်းပြီးလုနီးပါးဖြစ်သည်။ အာဆီယံ ၆ နိုင်ငံအတွက် အာဆီယံဒေသတွင်း ပျမ်းမျှအခွန်နှုန်းထားသည် ၂၀၁၀ ခုနှစ်ကတည်းမှ ၀.၀၅ ရာခိုင်နှုန်းသာဖြစ်သည်။စီအယ်(လ်) အမ်ဗွီ (CLMV) တိုင်းပြည်များအတွက် အာဆီယံဒေသတွင်း ပျမ်းမျှအခွန်နှုန်းထားသည်

၂၀၁၂ ခုနှစ်တွင် ၁.၆၉ ရာခိုင်နှုန်းရှိပြီး ၂၀၁၅ ခုနှစ်တွင် (ကမ္ဘောဒီးယား တွင် ၂၀၁၇ ခုနှစ်) ATIGA ၏ ပုံစံ D တွင် မပြုပြင်ရသေးသော စိုက်ပျိုးရေးထုတ်ကုန်များအတွက် သွင်းကုန်များ၏ အခွန်ဆက်လက်ကျဆင်းမည်ဟု မျှော်မှန်းထားသည်။ ATIGA ၏ ပုံစံ H တွင် ဖယ်ထုတ်ထားသော ကုန်စည်စာရင်းသည် အနည်းငယ်သာရှိပြီး လုံခြုံရေးနှင့် ဘာသာရေး အခြေအနေများကြောင့် ကုန်သွယ်ခြင်းနှင့် မြင့်မားစွာ ထိန်းချုပ်ထားသော ကုန်စည်များကို အလွန်သေးငယ်သော ပမာဏဖြစ်ရန် ရည်ရွယ်သည်။ စုစုပေါင်းအခွန်ဖယ်ရှားခြင်းမှ သိသာထင်ရှားသော ကွာဟချက်မှာ ATIGA မှ ပုံစံD နှင့် E တို့ရှိ မပြုပြင်ရသေးသော စိုက်ပျိုးရေးထုတ်ကုန်များ၏စာရင်း (အကောင်းဆုံးနမူနာအဖြစ် နိုင်ငံရေးအရ ထိခိုက်လွယ်သော ကုန်စည်များဖြစ်သည့် ဆန်နှင့် သကြား) တွင် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အများစုမှာ (၀-၅) အခွန်နှုန်းထားအတိုင်းအတာအတွင်း၌သာရှိသည်။ ထို့ကြောင့် အာဆီယံတစ်ခုလုံး အနေဖြင့် ဒေသဆိုင်ရာစီးပွားရေးပေါင်းစည်းမှု၏ အခြေခံဖြစ်သော အခွန်ဖယ်ရှားရေး ဖြည့်ဆည်းခြင်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။

## အကောက်ခွန်မဟုတ်သောနည်းလမ်းများ/ အကောက်ခွန်မဟုတ်သော အတားအဆီးများ

အခွန်ကောက်ခံမှုများ အားလုံးနီးပါးလျှော့ချနေခြင်းနှင့်အတူ အကောက်ခွန် မဟုတ်သော အတားအဆီးများသည် ပေါ်လစီအလေးထားရမည့်အချက်အဖြစ် အရေးပါမှုကြီးထွားလာသည်။ ၎င်းသည် ကုန်သွယ်မှုအကာအကွယ်ပေးခြင်းအတွက် တိုင်းတာနိုင်သည့်စွမ်းရည်ရှိပြီး (ထို့ကြောင့် အကောက်ခွန် မဟုတ်သော အတားအဆီးများ) ရှင်းလင်းလွယ်ကူစွာသိရှိနိုင်မှု နည်းပါး၍ ရှုပ်ထွေးမှု များပြားသည်။ အကောက်ခွန်မဟုတ်သောနည်းလမ်းများ (NTM) သည် ရည်ရွယ်၍ဖြစ်စေ (ထို့ကြောင့်အကောက်ခွန် မဟုတ်သော အတားအဆီးများ) သို့မဟုတ်အခြေအနေအများစုတွင်မရည်ရွယ်ဘဲဖြစ်စေ သို့မဟုတ် သွယ်ဝိုက်စွာဖြင့်ကုန်စည်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု၏ ဈေးနှုန်းသတ်မှတ်မှု သို့မဟုတ် ပမာဏအပေါ် အကျိုးသက်ရောက်မှုရှိသည့် စည်းမျဉ်းစည်းကမ်းများ၏ ကျယ်ပြန့်သောအတိုင်းအတာကို ခြုံငုံမိစေသည်။ စင်စစ် NTM အများစုသည် ကုန်သွယ်မှုအတားအဆီး (ဥပမာ၊ ကျန်းမာရေး အတွက် သို့မဟုတ် အစားအစာအကာအကွယ် သို့မဟုတ် ပတ်ဝန်းကျင်ဆိုင်ရာအကြောင်းပြချက်များ) မှ ခြားနားသော အခြေခံ ရည်ရွယ်ချက်များဖြစ်သည်။ ထိုကဲ့သို့ တရားဝင်ရည်ရွယ်ချက်များ ပေးထားပြီး စိန်ခေါ်မှုများက NTM သည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအပေါ် မလိုအပ်ဘဲ ထိခိုက်မှုများ မပြုလုပ်နိုင်ရန် သေချာမှု ရရှိစေရမည်။ သို့သော် NTM နှင့် NTB တို့အကြားပုံသဏ္ဍာန်သည် နိုင်းနိုင်းချိန်ချိန်ခွဲခြားသတ်မှတ်သော စံချိန်စံနှုန်း ရှိနေသည့် အခြေအနေများ

အရ အမြဲတမ်းရှင်းလင်းမှုမရှိပေ။ အဘယ်ကြောင့်ဆိုသော် လုပ်ငန်းတွင် ပါဝင်သူအုပ်စုများသည် သင့်လျော်သော အကာအကွယ်ပေးသည့် စံသတ်မှတ်ချက်ပေါ်တွင် ခြားနားသော အမြင်များရှိနိုင်သည်။ (Cadot, Manadi နှင့် Ing, ၂၀၁၃၊ စာမျက်နှာ ၅)

NTM၏ အမျိုးမျိုးကွဲပြားမှုများနှင့် ရှုပ်ထွေးမှုများကြောင့် အကောက်ခွန်ကဲ့သို့ NTM ပေါ်တွင် ပြည့်စုံပြီး နှိုင်းယှဉ်နိုင်သော စာရင်းအစု မရှိသေးပေ။ NTM များသည် ထိရောက်သောစာရင်းကောက်ခံခြင်းအတွက် ပူးပေါင်းဆောင်ရွက်သော ယန္တယားမရှိဘဲ အစိုးရအဖွဲ့အစည်းများ၏ ဉပဒေပြဋ္ဌာန်းချက်သာဖြစ်သည်။( Cadot, Manadi နှင့် Ing ၂၀၁၃၊ စာမျက်နှာ ၈) ထို့အပြင် တိုင်းပြည်များသည် အမျိုးအစားခွဲခြားမှုစနစ်သစ်ကို အကွ ရာ မ ဖလှယ်ရသေးသည့်တိုင်အောင် NTM အတွက် အပြည်ပြည်ဆိုင်ရာ အမျိုးအစားခွဲခြားသည့်စနစ်သည် လက်ငင်းကာလတွင် ပြောင်းလဲလာခဲ့ပြီး ဖြစ်သည်။ ထို့အပြင်ကမ္ဘာတွင်သာမက အာဆီယံတွင်လည်း NTM ၏ အကျိုးသက်ရောက်မှု အားလုံးပေါ်တွင် များပြားလှသော မသေချာမှုများ ဆက်လက်ရှိနေသည့် အကျိုးဆက်ကြောင့် NTM သစ်၏ ဆန္ဒအလျောက်ဆောင်ရွက်သော တရားဝင်အစီရင်ခံစာ၏ လက်ရှိစနစ်သည် ဆွဲဆောင်မှု အားနည်းနေကြောင်း တွေ့ရသည်။

UNCTAD အမျိုးအစားခွဲခြားသတ်မှတ်သည့်စနစ်ဟောင်းကို အသုံးပြုပြီး NTM (၂၀၀၉ဒေတာအချက်အလက်များ) ပေါ်တွင် လူတိုင်းရရှိနိုင်သော လက်ရှိအာဆီယံ ဒေတာ အချက်အလက်များအရ စင်္ကာပူနှင့် ကမ္ဘောဒီးယားတို့တွင် NTM အနည်းဆုံးဖြစ်သော်လည်း အင်ဒိုနီးရှားနှင့် မလေးရှားတို့တွင် NTM အရေအတွက် အများဆုံးဖြစ်ကြောင်း တွေ့ရသည်။ ထို့အပြင် အေအီးစီအသေးစိတ်စီမံချက် (AEC Blueprint) ကာလလည် သုံးသပ်ချက် သရုပ်ခွဲလေ့လာမှုအကျိုးဆက် ( ERIA, 2112 a) အရ နစ်နိုင်ငံသည် အရေးပါသောအကောက်ခွန် မဟုတ်သော အတိုင်းအတာများ (Core NTMs) ကျရောက်မှုအမြင့်ဆုံး ဖြစ်သည်။ အကောက်ခွန်မဟုတ်သော အတိုင်းအတာများဖြစ်သည့် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများ ဖြစ်သော အလိုအလျောက် မဟုတ်သော သွင်းကုန်လိုင်စင်စနစ်၊ ကိုတာ၊ တားမြစ်ချက်များနှင့် တစ်ဦးချင်း ပြိုင်ဆိုင်မှုစသည်တို့သည်ထိုနိုင်ငံများ ပိုမိုသုံးလေ့ရှိသော အတိုင်းအတာများဖြစ်သည်။ ဖိလစ်ပိုင် (နည်းပညာဆိုင်ရာ အတိုင်းအတာများပြားစွာရှိသည်)၊ ထိုင်း (အလိုအလျောက် လိုင်စင်စနစ်နှင့် နည်းပညာဆိုင်ရာအတိုင်းအတာ ကျယ်ပြန့်သည့်ပမာဏရှိသည်။)၊ နှင့် ဗီယက်နမ် ( အရေးကြီး ကုန်စည် "sensitive" များပေါ်တွင် အဓိက တားမြစ်ချက်များပြုလုပ်သည်) တို့မှလွဲ၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် အလိုအလျောက် မဟုတ်သော လိုင်စင် အသုံးပြုမှုသည် အမှတ်အသားပြုလောက်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံ

အနည်းငယ်သည်လည်း ကဏ္ဍတစ်ခုတွင် NTM တစ်ခုအသုံးပြုရုံမက နှစ်ခု၊ သုံးခု၊ ထိုထက်ပိုမို၍ NTM အသုံးပြုရန် ရည်ရွယ်ကြောင်းတွေ့ရသည်။ ထိခိုက်လွယ်သောကဏ္ဍတွင် NTM ဘက်စုံသုံးစွဲခြင်းသည့် ကဏ္ဍများမှာ စိုက်ပျိုးရေးထုတ်ကုန်များ (အထူးသဖြင့် အင်ဒိုနီးရှား၊ ထိုင်း၊ မလေးရှားနှင့် စင်္ကာပူ) ၊ ဓာတုနှင့် နီးနွယ်နေသော စက်မှုလုပ်ငန်းများ (အထူးသဖြင့် အင်ဒိုနီးရှားနှင့် မလေးရှား)၊ စက်ပစ္စည်းများနှင့် လျှပ်စစ်ဆိုင်ရာစက်ပစ္စည်းများ (အထူးသဖြင့် အင်ဒိုနီးရှား၊ စင်္ကာပူ နှင့် ဗီယက်နမ်)တို့နှင့် သယ်ယူပို့ဆောင်ရေး (အထူးသဖြင့် ဗီယက်နမ်) တို့ဖြစ်သည်။

ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားတို့သည် အမျိုးအစားခွဲခြားမှု စနစ်သစ်ကို အသုံးပြုနေကြောင်း လက်ရှိ NTM ဘက်ပေါင်းစုံလေ့လာဆန်းစစ်မှုများအရ ခြုံငုံမိစေခဲ့သည်။ ဘက်ပေါင်းစုံလေ့လာဆန်းစစ်မှု၏ ရလဒ်ကဖော်ပြသည်မှာ (က) ကမ္ဘာလုံးဆိုင်ရာ NTM အသုံးပြုမှု ကျယ်ပြန့်စွာရှိသည်။ (ခ) အင်ဒိုနီးရှား အထူးသဖြင့် ကမ္ဘောဒီးယားသည် ဝင်ငွေနိမ့်နိုင်ငံအများစု၊ ဂျပန်နှင့် အထူးသဖြင့် EU နိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက NTM ကျရောက်မှုမှာ အသင့်အတင့်သာရှိသည်။ (ဂ) (SPS) အတိုင်းအတာနှင့် ကုန်သွယ်မှုအပေါ် နည်းပညာဆိုင်ရာ အတားအဆီးများကို အစောပိုင်းတွင် အခြေခံစိုက်ပျိုးရေးကုန်စည်များနှင့် နောက်ပိုင်းစိုက်ပျိုးရေး အခြေခံထုတ်ကုန်များ၊ အထည်အလိပ်နှင့် အဝတ်အထည်၊ ဖိနပ်နှင့် အဖျော်ယမကာနှင့် ဆေးရွက်ကြီးတို့တွင် များပြားစွာအသုံးပြုကြသည်။ (Cadot, Munadi နှင့် Ing ၂၀၁၃)(ဃ) NTM ကျရောက်မှုသည် အခွန်မှပိုမို၍ အကာအကွယ်ပေးထားသော ကဏ္ဍများပေါ်တွင် ပိုမိုများပြားစေသည်။ (Gourdon နှင့် Nicita, ၂၀၁၂၊ စာမျက်နှာ ၇၇)။ နောက်ဆုံးအကျိုးသက်ရောက်မှုသည် အကောက်ခွန်ကျဆင်းမှုနှင့်အတူ NTM အကာအကွယ် အသုံးပြုမှုကို ပိုမိုပေါ်လွင်စေပြီး ပေါ်လစီအတွက် အဓိကကျမှုကိုဖြစ်ပေါ်စေသည်။

Cadot, Munadi နှင့် Ing တို့က ဘက်စုံ NTM အမျိုးအစားခွဲခြားမှု စနစ်သစ်မှ အမျိုးအစားခွဲခြားထားသော အချက်အလက်များနှင့် အာဆီယံနိုင်ငံများ (ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ နှင့် ဖိလစ်ပိုင်( ဇယား ၃.၁ (က) နှင့် ၃.၁ (ခ)) စည်းကြပ်သော NTM ၏ ဈေးနှုန်းမြှင့်မားမှု အကျိုးသက်ရောက်မှု၏ ပြင်းထန်ခြင်းကို စူးစမ်းရှာဖွေခဲ့ကြသည်။ ရလဒ်မှ အကြံပြုသည်မှာ အစားအစာ၊ အထည်အလိပ် နှင့်အဝတ်အထည်၊ ဖိနပ်နှင့် ဓာတုနှင့် စက်ပစ္စည်းများ စသည့်ကဏ္ဍများတွင် ဈေးနှုန်းမြှင့်မားခြင်း၏ အကျိုးသက်ရောက်မှု ကြီးမားသည်။ စာရေးသူများက ရလဒ်သည် ကနဦးရရှိမှုသာဖြစ်ပြီး အဆုံးကုန် သတိထားရန်လိုအပ်ခြင်းကို သတိပြုမိသည်။ မည်သို့ပင်ဆိုစေကာမူ ရလဒ်သည် အောက်ပါတို့ကို ဖော်ပြခဲ့သည်။

- ကြီးမားသောဈေးနှုန်းမြှင့်တင်မှု အကျိုးသက်ရောက်မှု နှင့်အတူ ထိုကဏ္ဍများ၏ စာရင်းအင်းဆိုင်ရာ ရလဒ်သည် ခိုင်မာစေရန် အသေးစိတ်လေ့လာချက် (case study)ကို တောင်းဆိုလိမ့်မည်။

- ဘက်စုံအမျိုးအစားခွဲခြားမှုစနစ်နှင့်ကိုက်ညီသော NTM အတွက်အချက်အလက်များ ကောက် ယူရန် အသုံးဝင်သည်။

- စာရင်းအင်းဆိုင်ရာ ရလဒ် သည်NTM၏ ပြင်းထန်မှုကို သတ်မှတ်ရန်နည်းလမ်းတစ်ခု ကို ပြသခဲ့ပြီး NTM ကို ပြန်လည်သုံးသပ်ခြင်းနှင့် အဆင်ပြေချောမွေ့စေရေးအတွက် NTM ၏ ဦးစားပေးရမှု အတွက်အခြေခံကို ထောက်ပြခဲ့သည်။

စင်စစ်အားဖြင့်အာဆီယံစီးပွားရေးအသိုက်အဝန်း ပေါင်းစည်းရေးအတွက် ဖြစ်နိုင်သော အဓိက ကန့်သတ်ချက်အလားအလာများဖြစ်သည့် NTM ၏သိသာထင်ရှားမှုကိုမြင်နိုင်ရန် NTM ကိုဦးတည်ပြီးအဆင်ပြေစွာ လုပ်ကိုင်နိုင်ခြင်းသည် အခြေခံကျသောအရေးပါမှုဖြစ်သည်။

ဇယား ၃.၁.က – AVE များ၏ ဈေးနှုန်းအခြေပြု ခန့်မှန်းချက်များ - အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်

| Sector | SPS(A) | | TBT(B) | | Procedures (C) | | Price measures(D) | | QRs(E) | |
|---|---|---|---|---|---|---|---|---|---|---|
| | ID | PH | ID | PH | ID | PH | ID | PH | ID | PH |
| Animals | 27.8 | 14.7 | 19.5 | 13.9 | 15.4 | 14.9 | 10.6 | 11.9 | 17 | 17 |
| Vegetables | 29.9 | 16.5 | 10.4 | 7.5 | 9.9 | 9.3 | 15 | 15.1 | 10.8 | 11.3 |
| Fat &oils | 11.2 | 7.3 | 10.9 | 2.6 | 9.7 | 17.6 | 16.3 | 16.7 | 5.5 | 5.5 |
| Beverages & tobacco | 9 | 8.7 | 17.1 | 8.3 | 9.5 | 6.3 | 13 | 14.1 | 11 | 11.3 |
| Minerals | 12.4 | 13 | 27.4 | 18.7 | 17.5 | 14.4 | 21.2 | 19.1 | 6.8 | 6.8 |
| Chemicals | 14.7 | 14.9 | 16.6 | 12.3 | 8.5 | 7.2 | 9.4 | 9.9 | 9.7 | 11 |
| Plastics | 18.5 | 17.7 | 14.6 | 12.8 | 7.6 | 9.3 | 10.7 | 10.2 | 6 | 7.7 |
| Leather | 24.6 | 20.4 | 12.2 | 19.9 | 32.9 | 35.1 | 12.7 | 14.9 | 7.9 | 8.1 |
| Wood products | 27.4 | 24.3 | 5.7 | 6 | 9.1 | 12 | 7.6 | 11.9 | 14 | 14.3 |
| Paper | 17.1 | 17 | 15.8 | 9.1 | 7.5 | 6.2 | 24.6 | 25.2 | 11.2 | 9.7 |
| Textile ndclothing | 33.8 | 33.5 | 8.5 | 5.4 | 26.9 | 18.3 | 10 | 10.5 | 15.2 | 14.4 |

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| Footwear | 47.1 | 48.5 | 21 | 15.7 | 23.7 | 24 | 16.7 | 9.5 | 10 | 14.6 |
| Stone& glass | | | 21.9 | 19.2 | 21.1 | 14.1 | 17.9 | 18.6 | 18.1 | 18.6 |
| Pearls | | | 24.4 | 30.7 | 16.3 | 28.2 | - | 2.6 | 15 | 14.7 |
| Metals | | | 22.3 | 8.8 | 11.4 | 10.7 | 8.3 | 8.6 | 6.7 | 6.7 |
| Machinery | | | 15.7 | 15.3 | 14.2 | 13.6 | 5.2 | 5.2 | 23.2 | 22.8 |
| Vehicles | | | 18.6 | 15.6 | 16.8 | 18.3 | 8.3 | 9.5 | 24 | 28.1 |
| Optical&med. Instr. | | | 21.6 | 19.8 | 18.5 | 19.4 | 2 | 2 | 19.9 | 16.4 |
| Arms | | | 38.3 | 19.9 | 4.9 | 14 | - | - | 6.3 | 5.9 |
| Miscellaneous | | | 21.3 | 18.5 | 8.8 | 9 | 14.4 | 13.5 | 14 | 13.5 |

မှတ်ရန် - AVE များသည် ရာခိုင်နှုန်းဖြင့် ဖြစ်သည်။ အနှုတ်လက္ခဏာပြ AVE များကို ကဏ္ဍတစ်ခုချင်း၏ ပျမ်းမျှကို တွက်ရာတွင် ထည့်သွင်း စဉ်းစားထားခြင်း မရှိပေ။ ရှိလျှင်လည်း ရလာဒ်များ သိသိသာသာ ပြောင်းမည် မဟုတ်ပေ။

ဇာစ်မြစ် - Cadot, et.al. (2013)

ဇယား ၃.၁.၈ – AVE များ၏ ဈေးနှုန်းအခြေပြု ခန့်မှန်းချက်များ - ကမ္ဘောဒီးယားနှင့် လာအို

| Sector | SPS(A) | | TBT(B) | | Procedures (C) | | Price measures(D) | | QRs(E) | |
|---|---|---|---|---|---|---|---|---|---|---|
| | KH | LA | KH | LA | KH | LA | KH | LA | KH | LA |
| Animals | 23.1 | 26.8 | 17.7 | 17.2 | 15.1 | 14 | 9.8 | 9.6 | 16.6 | 16.6 |
| Vegetables | 19.4 | 22.4 | 8.9 | 9.5 | 10.3 | 9.8 | 15.3 | 13.7 | 10.6 | 10.2 |
| Fat&oils | 11.3 | 7.8 | 2.4 | 3.2 | 11.3 | 12.6 | 16.5 | 16.5 | 6 | 5.5 |
| Beverages &tobacco | 13.4 | 38.7 | 14.8 | 15.2 | 7.7 | 7.8 | 13.2 | 12.7 | 12.7 | 10.7 |
| Minerals | 13.7 | 14.8 | 22.3 | 23 | 16.1 | 18.4 | 18.9 | 19 | 6 | 6.4 |
| Chemicals | 15.7 | 15.9 | 13.5 | 13.6 | 15.8 | 9.5 | 9.8 | 9.9 | 10.5 | 10.3 |
| Plastics | 18.5 | 18.4 | 14.8 | 14.9 | 7.5 | 7.7 | 10.7 | 10.2 | 7.1 | 6.7 |
| Leather | 21 | 20.9 | 18.8 | 18.2 | 33.9 | 34.3 | 15.1 | 15 | 7.9 | 7.9 |
| Wood products | 25.9 | 25.9 | 6.7 | 6.7 | 12.4 | 14.7 | 7.7 | 9.7 | 12.3 | 14.1 |
| Paper | 18.3 | 18.3 | 13.1 | 14.1 | 6.9 | 35.9 | 31.2 | 24.3 | 9.7 | 9.4 |

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| Textileand clothing | 34.1 | 33 | 5.5 | 5.5 | 19.1 | 35.8 | 10.3 | 10.2 | 14.1 | 13.5 |
| Footwear | 47.4 | 47.6 | 15.6 | 14.6 | 22.9 | 42.7 | 13.4 | 15.6 | 14.7 | 12.7 |
| Stone & glass | | | 22.3 | 22.9 | 16.4 | 17.4 | 17 | 17 | 17.5 | 16.3 |
| Pearls | | | 24.8 | 26.8 | 19.3 | 32.2 | 2.6 | 2.6 | 15.2 | 15.1 |
| Metals | | | 10.2 | 10.7 | 12 | 45.7 | 8.2 | 8.2 | 6.8 | 6.4 |
| Machinery | | | 19.5 | 15.9 | 13.8 | 43.1 | 5.2 | 5.1 | 23.1 | 21.9 |
| Vehicles | | | 17.2 | 17.6 | 34.9 | 36.8 | 6.3 | 9.3 | 33.6 | 21.5 |
| Optical&med. Instr. | | | 20.3 | 19.9 | 18.9 | 21.9 | 2 | 2 | 16 | 16.6 |
| Arms | | | 19.1 | 19.1 | 12.1 | 20 | - | - | 6.7 | 6.7 |
| Miscellaneous | | | 21.4 | 21.5 | 10.8 | 16.9 | 15.7 | 14.4 | 14.2 | 11.5 |

မှတ်ရန် - AVE များသည် ရာခိုင်နှုန်းဖြင့် ဖြစ်သည်။ အနုတ်လက္ခဏာပြ AVE များကို ကဏ္ဍတစ်ခုချင်း၏ ပျမ်းမျှကို တွက်ရာတွင် ထည့်သွင်း စဉ်းစားထားခြင်း မရှိပေ။ ရှိလျှင်လည်း ရလာဒ်များ သိသိသာသာ ပြောင်းမည် မဟုတ်ပေ။

ဇာစ်မြစ် - Cadot, et.al. (2013)

## NTM ကို ရင်ဆိုင်ကိုင်တွယ်ခြင်း နှင့် ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်ခြင်း ရှေ့လုပ်ငန်းစဉ်များ

အာဆီယံစီးပွားရေး အမှုဆောင်များသည် အာဆီယံစီးပွားရေး အသိုက်အဝန်း၏ အောင်မြင်မှု ရရှိစေရန် အရေးပါသော အတားအဆီးများအဖြစ် NTM ၏ အလားအလာကို သိမြင်နားလည်ပြီးဖြစ်သည်။ ATIGA အာတီကယ် ၄၀ သည် NTM ၏ ပွင့်လင်းမြင်သာမှုကို သေချာစေပြီး ယင်းကဲ့သို့ အတိုင်းအတာသစ်များနှင့် တည်ရှိပြီး အတိုင်းအတာများကို ပြုပြင်မွမ်းမံခြင်းသည် ATIGA သဘောတူညီချက်မှ အကြောင်းကြားစာ ( Article 11) အရမှန်မှန်ကန်ကန် အစီရင်ခံရန် လိုအပ်ပေသည်။ ATIGA အာတီကယ် ၄၁ က WTO အခွင့်အရေးနှင့် လုပ်ပိုင်ခွင့်များနှင့် / သို့မဟုတ် အခြား ATIGA မှ ထောက်ပံ့ခြင်းများအရမှတပါး အခြား အာဆီယံ အဖွဲ့ဝင်များနှင့် နိုင်းစာလျှင် အရေးအတွက်ဆိုင်ရာ ကန့်သတ်ချက်များအပေါ် ယေဘုယျ ဖယ်ရှားမှုများကို တောင်းဆိုသည်။ ATIGA အာတီကယ် ၄၂ သည် NTB ဖယ်ရှားရန် အတွက် ဖော်ထုတ်ရမည့် စာရင်းအချက်အလက် (Database) များတွင် NTM ကို ပြန်လည်သုံးသပ်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကြိုးစားအားထုတ်မှုများဖြစ်သည်။

ကျယ်ပြန့်သော NTM ပမာဏ ပေးထားပြီး အာဆီယံသည် ကွဲပြားခြားနားသော အာဆီယံ ကော်မတီများနှင့် အလုပ်အုပ်စုများအား NTM အတန်းအစားအမျိုးမျိုး ခွဲခြားရန် အောက်ပါ အတိုင်း တာဝန်ချထားသည်။

- ကုန်သွယ်မှုအတွက်နည်းပညာဆိုင်ရာအတားအဆီးများ : အာဆီယံ စံသတ်မှတ်ချက်နှင့်အရည်အသွေးပေါ်တွင် အကြံပေးကော်မတီ (ACCSQ)

- အစားအသောက်များသန့်ရှင်းရေးနှင့် အပင်နှင့် ပိုးမွှားဆိုင်ရာအရည်အသွေးတိုင်းတာချက် (SPS) : အစားအသောက်များသန့်ရှင်းရေးနှင့် အပင်နှင့် ပိုးမွှားဆိုင်ရာ အရည်အသွေးတိုင်းတာချက်ပေါ်တွင် အာဆီယံကော်မတီ ( AC-SPS)

- သွင်းကုန်၊ ပို့ကုန်နှင့် အကောက်ခွန်ဆက်စပ်မှု : အာဆီယံ အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ

- ခြုံငုံခြင်း: ATIGA အကောင်အထည်ဖော်ခြင်းအတွက် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ (CCA)

အေအီးစီအသေးစိတ်စီမံချက်တွင် ရှင်းလင်းသော အမြင်ရှိသော်ငြားလည်း NTM ကိုရင်ဆိုင်ကိုင်တွယ်ခြင်းနှင့် ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်ခြင်းသည် အလုပ်ထက် အပြောက ပိုမိုလွယ်ကူပေသည်။ ထို့ကြောင့် ဥပမာအားဖြင့် TBT ကဲ့သို့ နည်းပညာဆိုင်ရာ အတိုင်းအတာများနှင့်အတားအဆီးများကို ရင်ဆိုင်ကိုင်တွယ်ခြင်းသည် ရှုပ်ထွေးသော ဒေသဆိုင်ရာ အသိအမှတ်ပြုမှုသဘောတူညီချက်များပါဝင်ခြင်း၊ တိုင်းပြည်အဆင့်တွင် သက်ဆိုင်သောစည်းမျဉ်း၊ စည်းကမ်းများ ပြောင်းလဲရန်လိုခြင်းနှင့် ထုံးတမ်းစဉ်လာနှင့် ကိုက်ညီသော အကဲဖြတ်မှုစွမ်းရည်များနှင့် အများလက်ခံ ယုံကြည်နိုင်မှု တိုးတက်မှု ရရှိစေခြင်းတို့ ပါဝင်သည်။

မည်သို့ပင်ဆိုစေကာမူ အာဆီယံသည် NTM ၏ NTB အကျိုးသက် ရောက်မှုကို ကိုင်တွယ်ဖြေရှင်းရန်နှင့် အနည်းဆုံးဖြစ်စေရန် ၎င်း၏ ကြိုးစားအားထုတ်မှုကို ဆက်လက်ဆောင်ရွက်မည် ဖြစ်သည်။ စိန်ခေါ်မှုတစ်ရပ်အနေဖြင့် NTM ကို အဆင်ပြေပြေ ဆောင်ရွက်နိုင်ရန် ဆက်လက်၍ ကြိုးစားအားထုတ်မှုများကိုခိုင်မာစေရန် ဖြစ်သည်။ အောက်ဖော်ပြပါများသည် ပါဝင်ရမည့် အဓိကနယ်ပယ် (၅) ခုဖြစ်သည်။

၁။ သတ်မှတ်ဖွဲ့စည်းထားသောညှိနှိုင်းတိုင်ပင်မှုယန္တယား။ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခု သို့မဟုတ် အာဆီယံအဖွဲ့ဝင်နိုင်ငံအုပ်စုတစ်စုသည် အခြားအာဆီယံအဖွဲ့ဝင် နိုင်ငံ (သို့မဟုတ် အာဆီယံအဖွဲ့ဝင်နိုင်ငံများ) ၏ အစိုးရအတိုင်းအတာ သို့မဟုတ် စည်းမျဉ်း၊ စည်းကမ်းများ အပေါ် ပြဿနာများ သို့မဟုတ် အလေးထားစရာများ ပေါ်ပေါက်လာပါက (Matrix of Cases) ဟုခေါ်သော အစိုးရအချင်းချင်း အကြံပေးမှု ယန္တယားအာဆီယံတွင် ရှိသည်။ အဘယ်ကြောင့် ဆိုသော် အဆိုပါနိုင်ငံများသည် သူတို့၏ (အဓိကအားဖြင့်) တင်ပို့သူများအပေါ် (အမှန် သို့မဟုတ် မျှော်လင့်ထားသော) ထိခိုက်စေနိုင်သော အကျိုးဆက်များ ရှိသောကြောင့်ဖြစ်သည်။ ဤယန္တယားသည် သိသာထင်ရှားသော ကိစ္စများတွင် သက်ဆိုင်ရာ အတိုင်းအတာများနှင့် စည်းမျဉ်း၊ စည်းကမ်းများကိုကောင်းစွာသိရှိခြင်းနှင့် နားလည်ခြင်း၊ အတိုင်းအတာအချို့နှင့် စည်းမျဉ်းစည်းကမ်းအချို့ကို မွမ်းမံပြုပြင်ခြင်းနှင့် နောက်ဆုံး ပြန်လည် ဖြေရှင်းခြင်းစသည်တို့ဖြင့် အောင်မြင်မှုအတိုင်းအတာများ ရှိခဲ့ပြီးဖြစ်သည်။ အလေးထားရမည့် အကြောင်းကိစ္စများအတွက် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းအဖွဲ့တွင် ဖြေရှင်းရမည်ဖြစ်ပြီး အကြောင်းကိစ္စများသည်အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား နှစ်ဖက်သဘောတူ ဖြေရှင်းရသည်။

အများပြည်သူသိရှိစေရန် ဖော်ပြထားသော အကြောင်းကွန်ယက် ၆၅ ခုရှိသည်။ အဆိုပါ ကိစ္စများသည် သက်သေခံစာရွက်နှင့် သွင်းကုန်ပါမစ်လိုအပ်ချက်များနှင့် ဖြစ်စဉ်၊

သွင်းကုန်အတွက် ပါဝင်မည့်အချိန်၊ စစ်ဆေးခြင်းကဲ့သို့ SPS သို့မဟုတ်ပါမစ် ဆောင်ရွက်မှု ဖြစ်စဉ်နှင့် သက်သေခိုင်မာခြင်း၊ စံသတ်မှတ်ခြင်း၊ စာရွက်စာတမ်းလိုအပ်ချက်နှင့် သွင်းကုန် အဝင်ဆိပ်ကမ်းသတ်မှတ်ခြင်း စသည်တို့ အဓိကပါဝင်သည်။ အတိုင်းအတာအချို့အရ သူတို့သည် ကမ္ဘာလုံးဆိုင်ရာ SPS နှင့် TBT တို့ ကျရောက်မှု ကို ဖော်ပြသည့် NTM ပေါ် လက်ရှိနိုင်ငံအမျိုးမျိုးမှ လေ့လာမှု၏ တွေ့ရှိချက် သက်သေပြသည်။ အကြောင်းကိစ္စ ၆၅ ခု သည် ပေါ်လစီပြဿနာစသည်တို့ထက် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အရေးကြီးသောအချက် ကိုဦးတည်သည်။

စီးပွားရေးနှင့် ကုန်သွယ်မှုပေါင်းစည်းမှုသည် အာဆီယံကို ထိုထက်ပို၍ နက်ရှိုင်း ချိတ်ဆက်မှု ဖြစ်စေသကဲ့သို့ ဖြေရှင်းရန်စောင့်ဆိုင်းနေသော ကုန်သွယ်မှု ကိစ္စမြောက်များစွာကို ဖြေရှင်း နိုင်ရန်ဖြစ်နိုင်ခြေများပြားသည်။ ထိုကဲ့သို့ အာဆီယံသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ပြဿနာများ (ACT) ကို ဖြေရှင်းရန်အာဆီယံညှိနှိုင်းတိုင်ပင်မှု လုပ်ဆောင်ချက်များ ပြည့်ဝစွာလုပ်ဆောင်ရန် သို့မဟုတ် ဒေသတွင်း NTMပါဝင်မှု ပြဿနာများကို ထိထိ ရောက်ရောက် ကိုင်တွယ်နိုင်ရန် CCA အောက်တွင် ပိုမိုဆက်လက်ဆောင်ရွက်မည့် အဖွဲ့အစည်း တည်ဆောက်ရန် လိုအပ်သည်။

၂။ NTM ကို ထိရောက်စွာ စောင့်ကြည့်စစ်ဆေးပြီး ရှင်းလင်းမြင်သာသော ယန္တယား။ အာဆီယံသည်အမျိုးအစားခွဲခြားမှု စနစ်သစ်ကိုလိုက်နာခြင်းဖြင့် ဒေသတွင်း NTM ၏ ပြည့်စုံ စေ့စပ်သော အသေးစိတ်စာရင်းများ စတင်ဆောင်ရွက်ရန် NTM ၏ ဘက်ပေါင်းစုံပါဝင်သော အမျိုးအစား ခွဲခြားမှုစနစ်သစ်ကို ကမ္ဘာလုံးဆိုင်ရာ အကောင်ထည်ဖော်ခြင်းသို့ ရှေ့ရှုပြီး ဆောင်ရွက်နိုင်သည်။ သတိပြုရမည့်အချက်မှာ NTM သည် အာဆီယံနိုင်ငံအများစုတွင် များပြားပြီး ခြားနားသော အစိုးရအေဂျင်စီများ၏ နယ်ပယ်ဖြစ်သည်။ ပိုမိုဆင်းရဲပြီး အသစ် ဝင်ရောက်လာသော အာဆီယံအဖွဲ့ဝင် နိုင်ငံများအနေဖြင့် NTM အားလုံးပေါ်မပြည့်စုံသော စာရင်းများ ယခင်က ရှိခဲ့လျှင် အံ့သြဖွယ်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ကုန်သွယ်မှု ကိုဂရက်ရိုက်စေမည့် အေဂျင်စီများစွာ၏ပေါ်လစီများနှင့်စည်းမျဉ်း၊စည်းကမ်းများပေါ် အခြေခံ သော ပြည့်စုံသော ဒေတာအချက်အလက်များရှိရမည့် ညှိနှိုင်းဆောင်ရွက်မှုအဖွဲ့ ကင်းမဲ့ သောကြောင့်ဖြစ်သည်။ အမျိုးအစားခွဲခြားမှု စနစ်သစ်ကိုအသုံးပြုပြီး NTM ၏ ပြည့်စုံစေ့စပ် သော အသေးစိတ်စာရင်းသည် အာဆီယံ ကုန်သွယ်မှုစာရင်း ထားသိုမှု ( ASEAN Trade Repository ( ATR)) ကဲ့သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်စီအတွက် နိုင်ငံခြင်းအလိုက် ကုန်သွယ်မှုစာရင်းထားသိုမှုတို့၏ အစိတ်အပိုင်းအဖြစ် ပုံစံဖော်နိုင်သည်။ အသေးစိတ်စာရင်း

များနှင့် ATR သည် အာဆီယံတွင် ထိရောက်သော NTM စောင့်ကြည့်စစ်ဆေးသော ယန္တရား၏ အရေးပါသော အခြေခံအုတ်မြစ်ဖြစ်လာသည်။ အရှေ့နှင့်တောင်အာဖရိကနိုင်ငံများ၏ ဘုံဈေးကွက် (Common Market) (COMESA) သည် အာဆီယံနိုင်ငံများတွင် အသုံးပြုသော "အမှန်ဖြစ်ရပ်အခြေအနေများဖြစ်စဉ်" (matrix of actual cases) ကဲ့သို့ အဖွဲ့ဝင်နိုင်ငံများကိုယ်စား NTB အတိုင်းအတာနှင့် အရေးကြီးကိစ္စများတွင် ပြန်လည်သုံးသပ်မှုများအတွက် ပုဂ္ဂလိကကဏ္ဍပေါ်တွင်မူတည်သည့် NTB စောင့်ကြည့်စစ်ဆေးမှု ယန္တရားတည်ထောင်ထားသည်။ (Cadot, Munadi နှင့် Ing ၂၀၁၂) အာဆီယံသည် ACT ၏ ဖြည့်စွက်ချက် သို့မဟုတ် ACT အတွက် တစ်စိတ်တစ်ပိုင်းဆောင်ရွက်ချက်အဖြစ် အထက်တွင် ဖေါ်ပြထားသော NTM အသေးစိတ်စာရင်းကို ထပ်ပေါင်းထည့်ခြင်းဖြင့် ဤယန္တရားကို လေ့လာ ဖော်ထုတ်နိုင်သည်။

၃။ ထိရောက်အဆင်ပြေသော ဦးစားပေးလုပ်ဆောင်ချက်အတွက် NTM ကို သရုပ်ခွဲဆန်းစစ်ခြင်း။ အထက်တွင်ရှင်းပြခဲ့သော NTM ၏ အသေးစိတ်စာရင်းများအရ ဖြစ်နိုင်ခြေရှိသော ဦးစားပေးဆောင်ရွက်ရမည် ထိရောက်အဆင်ပြေချောမွေ့မည့် လုပ်ငန်းများအတွက် NTM ကို ပြန်လည်သုံးသပ်သင့်ပေသည်။ အခြေအနေများဖြစ်စဉ်နှင့် ပုဂ္ဂလိကကဏ္ဍ၏ တုံ့ပြန်ချက်ပေါ် အခြေခံ NTB စောင့်ကြည့်စစ်ဆေးမှုသည် ထိရောက်အဆင်ပြေစေရန် ဦးစားပေးမှုတွင် ဖြစ်နိုင်ခြေရှိသော ချဉ်းကပ်နည်းဖြစ်သည်။ ထို့အပြင် ဦးစားပေးအဆင့်သတ်မှတ်မှုတွင်ပိုမို၍ စနစ်ကျသော လုပ်နည်းကိုင်နည်းမှာ အဓိကစက်မှု လုပ်ငန်းများပေါ်တွင် စာရင်းအင်းဆိုင်ရာသရုပ်ခွဲမှုနှင့် လုပ်ငန်း၏ ကာလအပိုင်းအခြားတစ်ခုအတွင်း လေ့လာချက် (case study) တို့ဖြစ်သည်။ Cadot, Munadi နှင့် Ing ၂၀၁၃ တို့ ဆောင်ရွက်မှုများ၏ အလားတူ စာရင်းဆိုင်ရာသရုပ်ခွဲမှုသည် NTM သည် မည်သည့် စက်မှုလုပ်ငန်းများအပေါ် ပြင်းထန်သော ဈေးနှုန်းမြှင့်တက်မှု အကျိုးသက်ရောက်မှုရှိသည်ကို ဖော်ပြခဲ့သည်။ ပုဂ္ဂလိကကဏ္ဍ၏ အကြံပေးချက်များနှင့် လုပ်ငန်းများအပေါ် လေ့လာချက်များနှင့်အတူ စာရင်းအင်းဆိုင်ရာ သရုပ်ခွဲမှု၏ရလဒ်သည် မည်သည့်လုပ်ငန်းများအပေါ်နှင့် မည်သည့် NTM များအား ဦးစားပေးအဆင့်သတ်မှတ်ရန် လိုအပ်ကြောင်း လက်ခံနိုင်ဖွယ်ဖြစ်သော အဆင်ပြေစေရန် ဦးစားပေးအဆင့် သတ်မှတ်ရန်လိုအပ်ကြောင်း အခြေခံအဖြစ် ထောက်ပံ့ပေးခဲ့သည်။ ဤလုပ်ငန်းအတွင်း ချဉ်းကပ်လေ့လာမှုသည် NTM အတွက် ပိုမိုစနစ်ကျသော သုံးသပ်ချက်ကို ထောက်ပံ့ပေးပြီး ကြီးမားသော ကုန်သွယ်မှုအတားအဆီးနှင့် ဈေးနှုန်းမြှင့်တက်မှု အကျိုးသက်ရောက်မှုများကို ဖော်ထုတ်သည့် NTM ပေါ် ဆုံချက်ထား၍ ဒေသတွင်း ထိရောက်ပြီး အဆင်ပြေသော NTM ၏ ထိရောက်သောအစီအစဉ်များအတွက် လက်ရှိ (Matrix of cases)

သို့ ထပ်မံပေါင်းထည့်နိုင်သည်။

၄။ TBT နှင့် SPS တို့ကို ဖော်ပြခြင်း။ TBTကိုဖော်ပြသော အာဆီယံအစီအစဉ်သည် အာဆီယံစံသတ်မှတ်ခြင်းနှင့် ထုံးတမ်းစဉ်လာများ ကိုက်ညီခြင်းအစီအစဉ်ပင်ဖြစ်သည်။ အမှန်အားဖြင့် အာဆီယံသည် စံသတ်မှတ်ချက်၊ နည်းပညာဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ နှင့် ထုံးတမ်းစဉ်လာဖြင့် ကိုက်ညီမှုအကဲဖြတ်ခြင်းနှင့် ဆက်စပ်နေသည့် ဖွဲ့စည်းပုံ အရေးပါမှုအား သိမြင်ပြီး ဖြစ်သည့်အပြင် ထိုမှစံသတ်မှတ်ချက်နှင့် အရည်အသွေးပေါ် အာဆီယံ အကြံပေးကော်မတီ ( ACCSQ) ကို တည်ထောင်ခဲ့သည်။ အေအီးစီ အသေးစိတ်စီမံချက် ၂၀၀၉-၂၀၁၅ တွင် ဦးစားပေး ကဏ္ဍအနေဖြင့် စံသတ်မှတ်ခြင်းနှင့် ထုံးတမ်းစဉ်လာများဖြင့် ကိုက်ညီသော အစီအစဉ်လဲပါရှိသည်။ ၂၀၁၅ ကာလ နှင့် ၂၀၁၅ အလွန်ကာလတို့အတွက် အာဆီယံ စံသတ်မှတ်ခြင်းနှင့် ထုံးတမ်းစဉ်လာများဖြင့် ကိုက်ညီမှုရှိသော ပရိုဂရမ်ကို နောက်ပိုင်းအခန်းတွင် ဆွေးနွေးမည်။

၅။ ပြည်တွင်းစည်းမျဉ်းစည်းကမ်း ပြုပြင်ပြောင်းလဲမှု အလေးထားခြင်းအားဖြင့် ထိရောက်ပြီး အဆင်ပြေလာစေသော NTM။ အထက်တွင် ဆွေးနွေးခဲ့သော အစပျိုးမှုများသည် ဒေသတွင်း ကနဦးအစပျိုးမှုများ ဖြစ်သည်။ နိုင်ငံတော်အဆင့်တွင် Codot, Munadi နှင့် Ing ၂၀၁၃ မှ NTM ကို အကောင်းဆုံး ရှုမြင်ခြင်းရန် ကုန်သွယ်မှု ညှိနှိုင်းဆောင်ရွက်မှု အမြင်မှသာမက ကောင်းမွန်သော စည်းမျဉ်း၊ စည်းကမ်း အမြင်အဖြစ်လည်း ရှိသည်ဟု ရည်ညွှန်းခဲ့သည်။ NTB ကိုဖယ်ရှားရန်လိုအပ်နေချိန်တွင် ကျန်ရှိနေသော NTM အတွက် စိန်ခေါ်မှုများမှာ ပုဂ္ဂလိကကဏ္ဍအတွက် စရိတ်အနည်းဆုံးဖြစ်စေမှုကို ဖြစ်ပေါ်စေရမည်။ အထူးသဖြင့် ကြားသုံးကုန်စည်များပေါ်တွင် ညံ့ဖျင်းစွာပုံဖော်ထားသော သို့မဟုတ် ညံ့ဖျင်းစွာ စီမံခန့်ခွဲနေသော NTM သည် ဈေးကွက်ရရှိနိုင်မှုကို ကန့်သတ်ချက်များ ရှိစေရုံမျှမက နိုင်ငံ၏ပြည်တွင်း ပြိုင်ဆိုင်မှုနှင့် ပို့ကုန်အပေါ် ထိခိုက်စေနိုင်သည်။

ထို့ကြောင့် အဆင်ပြေချောမွေ့မှုရှိသော NTM သည် ပုဂ္ဂလိကကဏ္ဍမှ ကုန်ကျရမည့်စရိတ်ကို အနည်းဆုံးဖြစ်စေပြီး NTM မှ ရရှိနိုင်သော အကျိုးကျေးဇူးများလည်း သေချာစေမည်ဖြစ်သည်။ အလားတူစွာဖြင့် ကောင်းမွန်သောစည်းမျဉ်း၊ စည်းကမ်းများအဖြစ် အဆင်ပြေချောမွေ့မှုရှိသော NTM သည် တိုင်းပြည်နှင့် ပုဂ္ဂလိကကဏ္ဍအတွက် ဖြစ်နိုင်သမျှ စရိတ်ကို အနည်းဆုံးဖြစ်စေမှုနှင့်အတူ NTM ရည်ရွယ်ချက်များကိုလည်း အမှန်သေချာမှုရရှိစေသည်။ ထို့ကြောင့် NTM ကို သုံးသပ်မှုတွင် NTM မှ အကျိုးအမြတ်ရရှိမှု၊ NTM ကို စီမံခန့်ခွဲခြင်းနှင့် ကျခံရမည့်

စရိတ်များ လက်ကျန်ကို တို့ပါဝင်ရမည်။ Codot, Munadi နှင့် Ing ၂၀၁၃ မှ ဖော်ပြခဲ့သော ကားချပ် ၃.၂ သည် ကမ္ဘာ့ဘဏ်မှ ထောက်ခံချက်ပေးခဲ့သော NTM သုံးသပ်ချက်၏ ကျိုးကြောင်း ဆီလျော်သော အခြေခံအလုပ်ဖြစ်သည်။ စာရေးသူများမှ သတိပြုမိသည်မှာ ကားချပ် ၃.၂ တွင် ဖော်ပြခဲ့သော စည်းမျဉ်းစည်းကမ်းဆိုင်ရာ သုံးသပ်ချက်ပုံသဏ္ဌာန်သည် WTO စည်းမျဉ်းစည်းကမ်းများ အခြေခံမှုများနှင့် လိုအပ်ချက်နှင့် အချိုးကျ စစ်ဆေးမှုများအတွင်း ပြည့်ဝစွာ လိုက်လျောညီထွေမှုရှိသည်။

ကားချပ်တွင်ဖော်ပြသောစည်းမျဉ်း၊စည်းကမ်းဆိုင်ရာ သုံးသပ်ချက်သည် အရေးပါသော ယူဆချက်တစ်ခုပါဝင်သည်။ ၎င်းအချက်သည် ပြန်လည်သုံးသပ်ရာတွင် သရုပ်ခွဲမှုများကို ထောက်ပံ့ပေးနိုင်ရန် အာဆီယံဒေသနှင့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံစီအတွက် ပြည့်စုံလုံလောက် သော ပိုင်းခြားစိတ်ဖြာနိုင်သည့် စွမ်းဆောင်ရည်ရှိသည် ဟူသောအချက်ဖြစ်သည်။ သို့ပင် ဖြစ်ငြားသော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့ အထူးသဖြင့် CLMV နိုင်ငံများတွင်ရှင်းလင်း စွာပြည့်စုံမှုမရှိသေးကြောင်း တွေ့ရသည်။ ထို့ကြောင့် အာဆီယံဒေသကြီးတစ်ခုလုံးနှင့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံစီသည် ထိရောက်ပြီး အဆင်ပြေချောမွေ့မှုရှိစွာဖြင့် ပြန်လည် ကြံ့ခိုင်စွာ သုံးသပ်နိုင်သော NTM ကို တာဝန်ယူဆောင်ရွက်ရန် သရုပ်ခွဲမှု စွမ်းဆောင်ရည်များ တိုးတက်လာစေရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် နည်းပညာဆိုင်ရာလေ့ကျင့်ရေး သင်တန်းများလိုအပ်သည်။ အာဆီယံမိတ်ဖက်နိုင်ငံများနှင့် ကမ္ဘာ့ဘဏ်ကဲ့သို့ ဘက်စုံ အဖွဲ့အစည်းများသည် ဤကဲ့သို့ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် နည်းပညာဆိုင်ရာ လေ့ကျင့်ရေး သင်တန်းများတွင် အစပျိုးဆောင်ရွက်နိုင်သော အာဆီယံအဖွဲ့ဝင်နိုင်ငံများ အတွက်အလားအလာရှိသော မိတ်ဖက်များဖြစ်သည်။

## ကားချပ် ၃.၂ - NTM ကို ပြန်လည် သုံးသပ်ရန် ယုတ္တိကျသော လုပ်ငန်းစဉ်




ဇာစ်မြစ် - World Bank (2011)

အာဆီယံ၏ နက်ရှိုင်းသော စီးပွားရေးပေါင်းစည်းမှုအတွက် ဖြစ်နိုင်ခြေရှိသော တစ်ဆို့မှုသည် NTM စည်းမျဉ်း၊ စည်းကမ်းများ ထိရောက်အဆင်ပြေချောမွေ့မှု ရှိစေရန် ပြန်လည်သုံးသပ်ရန် လူ့သားနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်များအတွက်ရင်းနှီးမြှုပ်နှံခြင်းသည် ၂၀၁၅ အလွန် အတွက် ဒေသမှ တာဝန်ယူဆောင်ရွက်ထိုက်ပေသည်။

## ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် ကုန်စည်များ လွယ်ကူစွာ ထောက်ပံ့ပို့ဆောင်ခြင်း

စွမ်းဆောင်ရည်ရှိသော ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် ကုန်စည်များ လွယ်ကူစွာ ထောက်ပံ့ပို့ဆောင်ခြင်းသည် အာဆီယံပေါင်းစည်းရေးနှင့် ဖြောင့်ဖြူးနေသော ထုတ်လုပ်မှု အခြေခံအတွက် လုံးဝဥဿုံ လိုအပ်ချက်ပင်ဖြစ်သည်။ ထိုအရာသည်ပြိုင်ဆိုင်မှု အခြေအနေနှင့် ဒေသဆိုင်ရာထုတ်လုပ်မှုကွန်ယက်ကောင်းမွန်စွာဆောင်ရွက်ရန်အတွက်အရေးပါသည်။ အေအီးစီအသေးစိတ်စီမံချက် (၂၀၀၉- ၂၀၁၅) စာမျက်နှာ ၂၃ သည် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၏ အရေးပါမှုကို ဤသို့ရှင်းလင်းစွာတင်ပြခဲ့သည်။

"ရိုးစင်းပြီး၊ တူညီသည့် စံသတ်မှတ်ချက်များရှိသော ကုန်သွယ်မှုနှင့် အကောက်ခွန်၊ လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ဆက်စပ်နေသော သတင်းအချက်အလက်များ ရရှိနိုင်မှုတို့သည် ကုန်စည်၊ ဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုတို့ အတွက် တစ်ခုတည်းသော ဈေးကွက်နှင့် တစ်ခုတည်းသော ထုတ်လုပ်မှုအခြေခံသို့ အာဆီယံပေါင်းစည်းရေးအတွက် ပို့ကုန်ပြိုင်ဆိုင်မှုရှိပြီး လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်မှုကို မြှင့်တင်သည့် အာဆီယံအရောင်းအဝယ်ဆိုင်ရာ စရိတ်ကို လျှော့ချရန် မျှော်လင့်ထားသည်။"

ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် ကုန်စည်များ လွယ်ကူစွာ ထောက်ပံ့ပို့ဆောင်ခြင်းသည် ဒေသတွင်းပုဂ္ဂလိကကဏ္ဍ၏ အခြေခံကျသော အရေးကိစ္စများကို ဖော်ထုတ်ခြင်းဖြစ်သည်။ ERIA ဆန်းစစ် လေ့လာချက်ရလဒ်များအရ အေအီးစီ ၂၀၁၅ တွင် အကောင်အထည်ဖော်ရန်အတွက် အာဆီယံပုဂ္ဂလိကကဏ္ဍ အဓိကအရေးပါသော ကိစ္စရပ်နှစ်ခုကို အဖြစ်အောက်ဖော်ပြပါ အချက်(၂) ချက်ကို ညွှန်ပြခဲ့သည်။ ( Intal, Narjoko နှင့် Simorangkir, ၂၀၁၁၊ စာမျက်နှာ ၄၅-၄၆)

- သွင်းကုန်နှင့် အကောက်ခွန်ဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်များ မြှင့်တင်ပေးရန် (ဥပမာ- ICT အသုံးပြုမှု တိုးတက်လာစေရန်၊ အကောက်ခွန်ရှင်းလင်းရေးစနစ်များ ချိတ်ဆက်နိုင်ရန် စသည်တို့ဖြစ်သည်။)

- သွင်းကုန် အကောက်ခွန်လုပ်ငန်းစဉ်များနှင့် စာရွက်စာတမ်းများ စသည်တို့ ထိရောက်ပြီး အဆင်ပြေစေရန်နှင့် သွက်လက်မြန်ဆန်စေရန်

အာရှနှင့် ကျွန်းဆွယ်နိုင်ငံများ (ASEAN and Oceania) တွင် ဂျပန်နှင့် ပေါင်းစပ်လုပ်ငန်းများ အတွက် ၂၀၁၂ ခုနှစ် ဆန်းစစ်လေ့လာချက်ရလဒ်က ဖော်ပြခဲ့သော အာဆီယံရှိ ကုန်သွယ်မှု စနစ်တွင် ထိပ်တန်းပြဿနာ လေးရပ်မှာ - (၁) ရှုပ်ထွေးသော အကောက်ခွန်ရှင်းလင်းရေး လုပ်ထုံးလုပ်နည်းများ (၂) အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်များ၏ အချိန်ယူလွန်းခြင်း (၃) ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအတွက်သတင်းအချက် စုံလင်စွာမရရှိနိုင်မှု နှင့် (၄) အကောက်ခွန် အကဲဖြတ်မှုအတွက် ရှင်းလင်းသော နည်းလမ်းမရှိခြင်းတို့ဖြစ်သည်။ တတိယနှင့် စတုတ္ထပြဿနာသည် ဒေသတွင်း ကုန်သွယ်မှုစနစ် ဆက်လက်တိုးမြှင့်နိုင်ရန် အီလက်ထရောနစ်ဆိုင်ရာ လုပ်ဆောင်မှုများ ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးနှင့် ထိရောက်ပြီး အဆင်ပြေသော လုပ်ထုံးလုပ်နည်းများ ပေါင်းစပ်ခြင်းတို့ဖြင့် ရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်ခြင်း၏ အရေးပါမှုကို ဖော်ဆောင်ခြင်းကို စာရင်းပြုထားခြင်းဖြစ်သည်။ အလားတူ ပင် အမေရိကန်လုပ်ငန်းကြီးများ၏ အာဆီယံလုပ်ငန်း သဘောထား ဆန်းစစ်လေ့လာ ချက်မှရလဒ်က ဖော်ပြသည်မှာ "အကောက်ခွန်မှတဆင့် သင်္ဘော၏ထုတ်ကုန်များ လွယ်ကူစွာ ရွှေ့လျားနိုင်ခြင်း" သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် ဖြေကြားသူအများစုမှ တုံ့ပြန် ဖြေကြားခဲ့သော အဓိကအကြောင်းအရာပင်ဖြစ်သည်။ (AmCham Singapore, ၂၀၁၃ စာမျက် နှာ -၂၆)

ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် ကုန်စည်များလွယ်ကူစွာ ထောက်ပံ့ပို့ဆောင်ခြင်း တို့တွင် ပုဂ္ဂလိကကဏ္ဍ၏ အလေးထားမှုသည် သူတို့လုပ်ငန်းများအတွက် စွမ်းဆောင်ရည် ပြည့်ဝစွာလုပ်ဆောင်နိုင်ရန် ကုန်စည်များထိရောက်စွာနှင့် အချိန်သက်သာစွာ ရွှေ့လျားနိုင်မှု ၏ အရေးပါမှုကို ဖော်ပြသည်။ တစ်ချိန်တည်းတွင် ပုဂ္ဂလိကကဏ္ဍသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ များအကြား နက်ရှိုင်းသောစီး ပွားရေးချိတ်ဆက်မှုတွင် အဟန့်အတားတစ်ခုအဖြစ် ဆောင်ရွက်နေသည့် ဒေသတွင်းအကောင်းဆုံး ဆောင်ရွက်နေသူများနှင့် ညံ့ဖျင်းစွာ ဆောင်ရွက်နေသူများအကြား ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် ကုန်စည်များ လွယ်ကူစွာ ထောက်ပံ့ပို့ဆောင်ခြင်းဆိုင်ရာအရည်အသွေးများကြီးမားစွာ ကွာဟနေခြင်းကို လည်း အတွေ့အကြုံများအရ ဖော်ပြခဲ့သည်။ ဤနေရာတွင် ၂၀၁၅ အလွန် စုစည်းပြီး တစ်ဆက်တည်းဖြစ်နေသော ထုတ်လုပ်မှုအခြေခံသည် အာဆီယံ၏ အကြီးမားဆုံး အဓိက စိန်ခေါ်မှုအဖြစ် တည်ရှိနေသည်။ တစ်ချိန်တည်းတွင် ဤနေရာ၌ အေအီးစီအောက်တွင် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အာဆီယံအဖွဲ့ဝင်အရာရှိများနှင့် အာဆီယံတို့ ဖောင်းပေးထားသော ခိုင်မာသည့် ပေါ်လစီအထူးပြုမှုဖြင့် အာဆီယံ၏ အလားအလာရှိသော အောင်မြင်မှုတစ်ခုအကြောင်း ဖော်ပြသည်။

## စွမ်းဆောင်ရည်ပြည့်ဝသော ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် ကုန်စည်များ လွယ်ကူစွာ ထောက်ပံ့ပို့ဆောင်ခြင်း၏ အကျိုးကျေးဇူးများ။

လေ့လာမှုများသည် စွမ်းဆောင်ရည် ပြည့်ဝသော ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် ကုန်စည်များ လွယ်ကူစွာ ထောက်ပံ့ပို့ဆောင်ခြင်းတို့မှ များပြားလှသော အကျိုးကျေးဇူးများကို ဖော်ပြခဲ့သည်။ မြန်ဆန်မှု၊ ပိုမို၍ကြိုတင်ခန့်မှန်းနိုင်မှုနှင့် စရိတ်ပြိုင်ဆိုင်မှုရှိသော ကုန်သွယ်မှု၊ လွယ်ကူစွာ ပို့ဆောင်နိုင်ခြင်းများနှင့်အတူ အာဆီယံနိုင်ငံများသည် ကုန်စည်များ တင်ပို့ခြင်း၊ တင်သွင်းခြင်းတို့ကို အပြိုင်အဆိုင် လုပ်ဆောင်နိုင်ခြင်း၊ ဒေသတွင်းနှင့် ကမ္ဘာ့ကုန်သွယ်မှုတို့တွင် ပြိုင်ဆိုင်မှု ပြည့်ဝသော ပါဝင်သူများဖြစ်လာမည်။ လေ့လာမှုများက ထပ်မံ၍ဖော်ပြသည်မှာ ကုန်သွယ်ရေးလွယ်ကူ ချောမွေ့မှုမြင့်တင်ခြင်းသည် ကာလရှည် ပြိုင်ဆိုင်မှုစွမ်းအားအတွက် အဓိက ဆုံးဖြတ်ပေးသောအရာဖြစ်သော လုပ်ငန်း၏ ထုတ်လုပ်မှုစွမ်းအားကိုမြှင့်တင်ပေးသည်။ စင်စစ်အားဖြင့် ထုတ်လုပ်မှုအခြေခံအဖြစ် စုစည်းထားသော အာဆီယံသည် တရုတ်နှင့် အိန္ဒိယနိုင်ငံများကဲ့သို့ ကြီးမားသော တစ်ခုတည်းသော ဈေးကွက်၏ ဖြစ်နိုင်ခြေရှိသမျှ အကျိုးကျေးဇူးများအဖြစ် အသွင်ဆောင်နိုင်ရန်အလို့ငှာ ဒေသအတွင်း စွမ်းဆောင်ရည်ပြည့်ဝသော ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် ကုန်စည်များ လွယ်ကူစွာ ထောက်ပံ့ပို့ဆောင်ခြင်းသည် လိုအပ်လာသည်။

Djankov, Freund နှင့် Pham (၂၀၀၆) က ပို့ကုန်အတွက် လိုအပ်သောအချိန် ၁၀ ရာခိုင်နှုန်း လျော့ချမှုသည် ကမ္ဘာ့ပို့ကုန်တင်ပို့မှုကို ၄ ရာခိုင်နှုန်းတိုးစေပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ၈-၁၂ ရာခိုင်နှုန်း ပို့ကုန်တင်ပို့မှုတိုးတက်စေသည်ကို ညွှန်ပြခဲ့သည်။ ထို့အပြင် ၎င်းတို့က ပိုမိုစွမ်းဆောင်ရည်ပြည့်ဝသော ကုန်စည်များ လွယ်ကူစွာ ထောက်ပံ့ပို့ဆောင်နိုင်ခြင်းရှိသော တိုင်းပြည်များသည် သူတို့၏ စုစုပေါင်းပို့ကုန်တွင် အချိန်အနည်းငယ်အတွင်း တင်ပို့ရမည့် ကုန်စည်များ ( sensitive export) အတွက် ဝေစုများပြားစွာရှိကြောင်း မီးမောင်းထိုးပြခဲ့သည်။ အချိန်အနည်းငယ်အတွင်း တင်ပို့ရမည့် ကုန်စည်များသည် ပို့ကုန်တင်ပို့မှု မြန်ဆန်စွာ တိုးတက်လာသကဲ့သို့ ပို့ကုန်တန်ဖိုးမြင့်မားစွာ ရရှိရန် ဦးတည်ကြောင်း သတိပြုထိုက်ပေသည်။ ထိရောက်စွာဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် ကုန်စည်များ လွယ်ကူစွာ ထောက်ပံ့ပို့ဆောင်ခြင်းတို့ တိုးမြှင့်နိုင်မှုတို့သည် အပြည်ပြည်ဆိုင်ရာ ကုန်စည်ကုန်သွယ်မှု လျင်မြန်စွာ တိုးတက်လာနိုင်ပြီး (တည်ငြိမ်မှုမရှိသော်လည်း) တန်ဖိုးမြင့်မားစွာ ရရှိနိုင်မှုတို့တွင် ပါဝင်မှုများပြားလာရန် တိုင်းပြည်များကို အထောက်အကူပြုသည်။ အေပက် ( APEC) (APEC,၂၀၀၄) ၏ ကုန်သွယ်မှု လွယ်ကူချောမွေ့စွာ လုပ်ဆောင်ခြင်း၏ အကျိုးသက်ရောက်မှု

ဆိုင်ရာလေ့လာချက်သည် အကောက်ခွန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများ တိုးတက်စေရေး၊ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ နည်းပညာများကျယ်ပြန့်စွာ အသုံးပြုနိုင်ရေး၊ လုပ်ငန်း ရွှေ့ပြောင်းနိုင်မှုနှင့် အထူးသဖြင့် စံသတ်မှတ်ခြင်းနှင့် ထုံးတမ်းစဉ်လာများအားလုံးတို့သည် အေပက်အဖွဲ့ဝင်နိုင်ငံများကြား နှစ်နိုင်ငံကုန်သွယ်မှုကို မြှင့်တင်နိုင်ရန် အပြုသဘောဆောင် သော အထောက်အပံ့ပေးပါသည်။

Okabe နှင့် Urata (၂၀၁၃) အာဆီယံဒေသတွင်း စိုက်ပျိုးရေးထုတ်ကုန်များအတွက် ပို့ကုန် နှင့် သွင်းကုန်အပေါ် အချိန်နှင့်စရိတ်၏ အကျိုးသက်ရောက်မှုကို ဖော်ပြရန် gravity model ကို အသုံးပြုခဲ့သည်။ သူတို့၏ ရလဒ်ကဖော်ပြသည်မှာ အမှန်စင်စစ် အာဆီယံဒေသတွင်းရှိ ပို့ကုန်နှင့် သွင်းကုန်တို့၏ အချိန်နှင့်စရိတ်လျော့ချခြင်းသည် ဒေသတွင်းရှိ ဟင်းသီးဟင်းရွက် ဆီနှင့် စားသုံးဆီ ( HS 15)၊ ကော်ဖီ၊ လက်ဖက်ရည်စသဖြင့် (HS 9) ကိုကိုးနှင့် ကိုကိုး ရရှိစေရန် ပြင်ဆင်ထားအရာများ (HS 18) စသည်ကုန်စည်အုပ်စုတစ်မျိုးစီ သာမက ကုန်စည် အုပ်စုအားလုံး၏ စိုက်ပျိုးရေးထုတ်ကုန်နှင့် စိုက်ပျိုးရေးအခြေခံထုတ်ကုန်များ အားလုံး အတွက် အာဆီယံဒေသတွင်း ကုန်သွယ်မှုကို တိုးတက်စေနိုင်သည်ကို ညွှန်ပြသည်။ စာရေး သူများ ထပ်မံ၍တွေ့ရှိသည်မှာ အခြားအရာများအကြား နယ်စပ်စီမံခန့်ခွဲမှုဆိုင်ရာ ရှင်းလင်း လွယ်ကူမှု၊ ပို့ကုန်၊ သွင်းကုန် လုပ်ထုံးလုပ်နည်းများ စွမ်းဆောင်ရည်ပြည့်ဝမှု၊ ICT ကဲ့သို့ အခြေခံအဆောက်အအုံများနှင့် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ အရည်အသွေး ပြည့်ဝစွာရရှိနိုင်မှုနှင့် စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာဝန်းကျင် အရည်အသွေးပြည့်ဝမှုတို့သည် သွင်းကုန်နှင့် ပို့ကုန်အတွက် အချိန်နှင့်စရိတ်ပေါ်တွင် အကျိုးသက်ရောက်မှုမှာ သိသာ ထင်ရှားပေသည်။ NarJoko ( Dee , Narjoko and Fukunaga ၂၀၁၃ မှ ညွှန်းသကဲ့သို့) ၏ တူညီသော Econometric လုပ်ဆောင်ချက်က အာဆီယံဒေသတွင်း စုစုပေါင်းကုန်သွယ်မှုကို ဦးတည်ချက်ထားပြီး Okabe နှင့် Urata ကဲ့သို့ နှိုင်းယှဉ်နိုင်သော ရလဒ်ကိုပေးသည်။ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးမြှင့်တင်နိုင်မှုနှင့် ပြည်တွင်း ပြိုင်ဆိုင်မှုဝန်းကျင်တိုးတက် လာခြင်းတို့သည် ဒေသတွင်းအာဆီယံကုန်သွယ်မှု မြှင့်မားလာခြင်းကို ဦးတည်နိုင်ကြောင်း တွေ့ရှိခဲ့သည်။

Subramanian (၂၀၁၂) က APEC လေ့လာမှုမှ ၅ နှစ်အတွင်း ကုန်သွယ်မှု စရိတ် ၅% လျော့ချခြင်းသည် GDP ကို ၁% တိုးတက်စေနိုင်ကြောင်းတွေ့ရှိခဲ့သည်။ သူမ၏ အခြား လေ့လာမှုမှလည်း ကုန်သွယ်မှုစရိတ် ၁% လျော့ချခြင်းသည် အာရှ၊ ပစိဖိတ် OECD မဟုတ် သောနိုင်ငံများ၏ GDP ကို ၀.၂၅ % မြှင့်တက်စေနိုင်ကြောင်း အစီရင်ခံခဲ့သည်။ Subramanian,

Anderson နှင့် Lee (၂၀၀၅) မှ ပို့ကုန်ရှင်းလင်းရေးလုပ်ငန်းများ ၁ရက် လျော့ချနိုင်ခြင်းသည် တရုတ်နိုင်ငံရှိ စက်မှုလုပ်ငန်းများဖြစ်သော အဝတ်အစားလုပ်ငန်းတွင် ၂.၁ %၊ လျှပ်စစ်အသုံးအဆောင် လုပ်ငန်းတွင် ၅.၄%နှင့် စားသုံးကုန်စည်များတွင် ၅.၈ % စုစုပေါင်း သွင်းအားစုများ၏ ထုတ်လုပ်မှုစွမ်းအား (Total factor productivity )ကို မြှင့်တက်စေရန် ဦးတည်နိုင်ကြောင်း ဖော်ပြခဲ့သည်။ ဘရာဇီးနိုင်ငံ စက်မှုလုပ်ငန်များ၏ ပို့ကုန်ရှင်းလင်းရေးလုပ်ငန်းများ ၁ရက် လျော့ချနိုင်ခြင်းအတွက် စုစုပေါင်းသွင်းအားစုများ၏ ထုတ်လုပ်မှု စွမ်းအားအပေါ် အကျိုးသက်ရောက်မှုသည် တရုတ်ထက်နည်းပါးသော်လည်း လျှပ်စစ်ပစ္စည်းများတွင် ၁.၃% နှင့် အဝတ်အစားလုပ်ငန်းတွင် ၁.၅ % အသီးသီးရှိကြောင်း တွေ့ရသည်။ ထို့ကြောင့်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် ကုန်စည်များ လွယ်ကူစွာ ထောက်ပံ့ပို့ဆောင်ခြင်းမြှင့်တင်ခြင်းသည် တိုင်းပြည်ကုန်ထွက်ကို တိုးတက်စေနိုင်ပြီး တိုင်းပြည်ဝင်ငွေ ကိုလည်းတိုးတက်စေနိုင်သည်။ အလားတူ အရေးပါမှု အနေဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး မြှင့်တင်နိုင်မှုသည် တိုင်းပြည်များ လုပ်ငန်းများ ကွဲပြားခြားနားသော်လည်း ပြည်တွင်း စက်မှုလုပ်ငန်များ၏ ထုတ်လုပ်မှုစွမ်းအား တိုးမြှင့်ပေးရန် ထောက်ပံ့ပေးကြောင်း ပြဆိုနိုင်သည်။

## အာဆီယံရှိကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး လုပ်ငန်းစဉ် - အခြေအနေ။

အာဆီယံ၌ ပြီးပြည့်စုံသော ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ပရိုဂရမ်ရှိသည်။ သို့သော် အရေးပါသော အဓိကအစိတ်အပိုင်းနှစ်ခုမှာ အာဆီယံကုန်သွယ်မှု လွယ်ကူချောမွေ့ရေး သတင်းအချက်အလက်များ ပြည့်စုံသည်နေရာနှင့် ပိုမိုအရေးပါစွာဖြင့် အာဆီယံ ပြတင်းတစ်ပေါက်စနစ် (ASW) တည်ထောင်ရေး တို့ဖြစ်သည်။ ဒေသဆိုင်ရာ ကနဦးအစပျိုးမှု နှစ်မျိုးစလုံးသည် သက်ဆိုင်ရာ နိုင်ငံအဆင့် ကနဦးအစပျိုးနှင့် ကိုက်ညီရန်ဖြစ်သည်။ ဆိုလိုသည်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုစီတွင် နိုင်ငံရှိအာဆီယံကုန်သွယ်မှု လွယ်ကူချောမွေ့ရေး သတင်းအချက်အလက်များ ပြည့်စုံသည်နေရာနှင့် နိုင်ငံတွင်းပြတင်းတစ်ပေါက်စနစ် (NSW) တို့ တည်ထောင်ရေးတို့ဖြစ်သည်။ ရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်နိုင်မှုအတွက် အရေးပါသော ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ ရရှိနိုင်သောနေရာသည် နိုင်ငံတွင်း ပြတင်းတစ်ပေါက်စနစ်၏ ထိရောက်သော လုပ်ငန်းလည်ပါတ်မှုဆိုင်ရာ လုပ်ဆောင်ချက်များကို ထောက်ပံ့ပေးသည်။ ဒေသတွင်း သတင်းအချက်အလက်များ ရရှိနိုင်သောနေရာနှင့် ပြတင်းတစ်ပေါက်စနစ်သည် အကောင်အထည်မဖော်ရသေးပေ။ သို့သော် အဖွဲ့ဝင်နိုင်ငံများသည် ကွဲပြားသော လုပ်ဆောင်မှုအရှိန်နှင့် အောင်မြင်မှုများရှိနေသော်လည်း နိုင်ငံ၏ ရည်မှန်းချက်အဖြစ်ဆောင် ရွက်နေကြပြီဖြစ်သည်။

နိုင်ငံတွင်းပြတင်းတစ်ပေါက်စနစ်၏ တိုးတက်မှုဖြစ်စဉ်ကို ကားချပ် (၃-၃) တွင်ဖော်ပြထားသည်။ အဆိုပါကားချပ်သည် ပြတင်းတစ်ပေါက်စနစ်၏ အဆင့်ဆင့် တိုးတက်လာမှုလမ်းကြောင်းတလျောက်တွင်ရှိသော အာဆီယံအဖွဲ့ဝင်နိုင်ငံများကို ပြသသည်။ တစ်ဖက်တွင် NSW အကောင်အထည်ဖော်မှုတွင် သက်ဝင်နေပြီဖြစ်သော အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် အထူးသဖြင့် ပြတင်းတစ်ပေါက်စနစ်ကို ကမ္ဘာလမ်းကြောင်းပေါ် ခြေချနိုင်ခဲ့သော စင်္ကာပူနိုင်ငံစသည့်နိုင်ငံများရှိသကဲ့သို့ အခြားတစ်ဖက်တွင်လည်း နိုင်ငံတွင်း ပြတင်းတစ်ပေါက်စနစ်တည်ထောင်မှုနှင့် ခေတ်နှင့်အမီလိုက်နိုင်သော အကောက်ခွန်စနစ် တည်ထောင်မှုတို့တွင် ကနဦးအဆင့်သာရှိနေသေးသော CLM နိုင်ငံများရှိသည်။ ဘရူနိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် အကောက်ခွန်ပြတင်းတစ်ပေါက်စနစ်ကို တည်ထောင်ပြီးသော်လည်း မူဝါဒလမ်းစဉ်သတ်မှတ်ရန် အခြားနည်းပညာဆိုင်ရာ ထိန်းချုပ်သော အေဂျင်စီများ၏ ပေါင်းစည်းနိုင်မှုတွင် မပါဝင်နိုင်သေးပေ။ (Koh နှင့် Mowerman, ၂၀၁၃) NSW အကောင်အထည်ဖော်မှု သက်ဝင်သော နိုင်ငံများအားလုံး အကောက်ခွန်နှင့် ကုန်သွယ်မှုတွင် ပါဝင်နေသော အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံရှိအဓိကဆိပ်ကမ်းများ၊ လေဆိပ်၊ စသည်တို့နှင့် အားလုံးနီးပါး သို့မဟုတ် အများစုသည် ကွန်ပျူတာချိတ်ဆက်မှုစနစ်နှင့် ပြတင်းတစ်ပေါက်စနစ်ကိုရင်ဆိုင်ပါဝင်၍ ပြည့်ဝစွာလုပ်ဆောင်နိုင်မှုများကို မလုပ်ဆောင်နိုင်သေးပေ။ ထို့ကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုသည် NSW ကို ပြည့်ဝစွာလုပ်ဆောင်နိုင်မှု မတိုင်မီနှင့် နောက်ဆုံး၌ နောက်ပိုင်း NSW အခြေတည်ပြီး ဒေသတွင်း ကျယ်ပြန့်သော ASW ကို ကျယ်ပြန့်စွာ အကောင်အထည်ဖော်နိုင်ခြင်း စသည်တို့အတွက် ကျော်ဖြတ်ရမည့် အကွာအဝေးများစွာ ရှိသေးသည်။

ASW သည် NSW အတွက် လုပ်ငန်းလည်ပတ်နိုင်ရန်နှင့် စုစည်းနိုင်ရန်အတွက် ပတ်ဝန်းကျင်ကို လုပ်ဆောင်ထောက်ပံ့ပေးသည်။ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အမေရိကန်အေဂျင်စီ (USAID) မှ ပဏာမထောက်ပံ့မှုများနှင့်အတူ အာဆီယံသည် ကန့်သတ်ထားသော ရှေ့ပြေးလုပ်ဆောင်ချက် အခြေခံရှိသော်ငြားလည်း ASW အတွက် အခြေခံအဆောက်အအုံ တည်ထောင်ခြင်းနှင့် ဗိသုကာကွန်ယက်တည်ဆောက်ခြင်းတို့အပါအဝင် အကောင်အထည်ဖော်မှု အခြေခံအုတ်မြစ်ကို တည်ထောင်မည့်ဖြစ်စဉ်များကို ဆောင်ရွက်လျက်ရှိသည်။ ရှေ့ပြေးလုပ်ဆောင်ချက်ကို အချိုးကျမြှင့်မားအောင် ဆောင်ရွက်ရန်အကောင်အထည်မဖော်နိုင် သေးပေ။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ ASW အကောင်အထည်ဖော်ရန် ခွင့်ပြုထားသော ဥပဒေ ဆိုင်ရာအခြေခံအုတ်မြစ်လည်း မဆောင်ရွက်နိုင်သေးပေ။ ထို့ကြောင့်ထိရောက်သော ASW အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ဘဏ္ဍာရေးဆိုင်ရာနှင့် လူ့အရင်းအမြစ်

ဆိုင်ရာလိုအပ်ချက်များကျန်ရှိနေသေးသည်။

ကားချပ် ၃.၃ - ပြတင်းတစ်ပေါက်စနစ်၏ တိုးတက်မှုဖြစ်စဉ်




ကားချပ် ၃.၃ - ပြတင်းတစ်ပေါက်စနစ်၏ တိုးတက်မှုဖြစ်စဉ်

ဇာစ်မြစ်- Koh and Hogg (2012)

## အာဆီယံ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် နည်းလမ်းများ။[1]

အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြတင်းတစ်ပေါက်စနစ်ဖွံ့ဖြိုးတိုးတက်မှုအဆင့် ကြီးမားစွာကွာဟမှုရှိနေခြင်းကြောင့် နိုင်ငံ အဆင့်လိုက် လုပ်ဆောင်မှုနည်းလမ်းများလည်း ကွာဟနိုင်သည်။ ထို့ကြောင့် ဥပမာအားဖြင့် B2G နှင့် G2G ဆက်သွယ်ရေးလမ်းကြောင်း ခွင့်ပြုထားသော NSW အကောင်အထည်ဖော်မှု သက်ဝင်လှုပ်ရှားနေသော အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် စိန်ခေါ်မှုသည် ကုန်သွယ်မှု တွင် လိုအပ်သော စာရွက်စာတမ်းလျှော့ချမှု ကြိုးစားအားထုတ်မှုတွင် ရင်နီးမြုပ်နှံသကဲ့သို့ B2B လုပ်ဆောင်ချက်များကို အသုံးပြုမှု မူဝါဒလမ်းစဉ်ချဲ့ထွင်နိုင်ရန် အရည်အသွေးဆိုင်ရာ စံသတ်မှတ်ချက်နှင့် လက္ခဏာရပ်များကို ပုံစံဖော်ရန်နှင့် စစ်ဆေးရန် တို့ဖြစ်လိမ့်မည်။

1. This  is largely taken from Koh and Mowerman (2013)

ဒေသများသည် အခြေခံပေါ်တွင် ရေရှည်ဆက်လုပ်ဆောင်ရမည့် နည်းလမ်းအတွက် အကြံပြုချက်များမှာ ကာလတိုအတွက် (၂၀၁၆-၂၀၂၀) နှင့် ကာလရှည်အတွက်( ၂၀၁၆ နောက်ပိုင်း) အကောင်းဆုံးဖွံ့ဖြိုးမှု အဆင့်ဆင့်စီမံထားရမည်။ ကာလတိုအတွက် အကြံပြုချက်မှာ ကာလတိုတွင် မြင်နိုင်ဖွယ်ရှိသော ရလဒ်များ ဆောင်ရွက်နိုင်ရန် မြင့်မားသော အကျိုးသက်ရောက်မှုရှိသောတိုးတက်မှုဖြစ်သည်။

## ကာလတိုအကြံပြုချက်များ

၁. ပုဂ္ဂလိကကဏ္ဍပါဝင်မှု - လုပ်ငန်းများလုပ်ငန်းစဉ်ဆိုင်ရာသရုပ်ခွဲမှုအတွက် သွင်းအားစုများကို ထောက်ပံ့ပေးသည့် ပုဂ္ဂလိကကဏ္ဍ၏ အရေးပါသော အခန်းကဏ္ဍကို ပေးထားလျက် စာရင်းအချက်အလက်များ စံညွှန်းကိုက်ညီမှုရှိခြင်းနှင့် လိုက်ဖက်ညီခြင်း၊ စက်မှုလုပ်ငန်း/ပုဂ္ဂလိကကဏ္ဍနှင့် အကြံဉာဏ်များ တိုင်ပင်ရယူခြင်းတို့သည် အရေးပါလှသည်။ ထို့ကြောင့် ပြည်သူကဏ္ဍ-ပုဂ္ဂလိကကဏ္ဍထိတွေ့မှုဖိုရမ်အား ဒေသဆိုင်ရာအဆင့်(ASW)နှင့် နိုင်ငံတစ်နိုင်ငံခြင်းစီအဆင့် (NSW) အသီးသီးတို့တွင် ကျင်းပပြုလုပ်သင့်ပေသည်။ ဤအရာသည် ပြတင်းတစ်ပေါက်စနစ်အတွက် လုပ်ငန်းစဉ်နှင့် နည်းပညာဆိုင်ရာလမ်းညွှန်ချမှတ်ပေးသော ကော်မတီမှတစ်ဆင့် ဆောင်ရွက်နိုင်သည်။ ထပ်မံ၍ ပုဂ္ဂလိကကဏ္ဍမှ ထောက်ပံ့ပိုးပေးနိုင်သော တုံ့ပြန်ချက်များကို ထပ်ပေါင်းထည့်ပြီး ASW အကောင်အထည်ဖော်မှုကို ဆောင်ရွက်ပေးသည့် အကောက်ခွန်ပြောင်းလဲမှုများအရ ပြည့်ပြည့်ဝဝသတင်းပေးမှုနှင့် ထိတွေ့မှုများကို ပုဂ္ဂလိကကဏ္ဍ ပေါင်းစည်းခြင်းအတွက် ကြိုးစားအားထုတ်မှုများ ဖြစ်စေသည်။

၂. လုပ်ထုံးလုပ်နည်းများတွင် စံချိန်စံညွှန်းများထားရှိခြင်း - စွမ်းဆောင်ရည်ရှိသော ASW သည် စွမ်းဆောင်ရည်ရှိသည့် NSW ပါဝင်မှုပေါ်မူတည်သည်။ ထို့ကြောင့် ခြားနားသော ဖွံ့ဖြိုးမှုအဆင့်များဖြင့် တည်ရှိဆဲ NSW ၏ တောင့်တင်းခိုင်မာမှုနှင့် စံချိန်စံညွှန်းထားရှိမှုတို့အတွက် တိုးတက်မှုမြန်ဆန်စေရန် လိုအပ်သည်။ နောက်ဆုံးအနေဖြင့် ကုန်သည်များ အတွက် တရားဝင်အာမခံချက်များမြင့်မားလာစေရန် ဆောင်ရွက်ပေးသကဲ့သို့ အစိုးရအေဂျင်စီများနှင့် နားလည်မှုပိုမိုလာစေရန် ကုန်သည်များနှင့်အစိုးရ အေဂျင်စီများအခွန်နှင့်ကုန်သွယ်မှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို စစ်ဆေးနိုင်သောနိုင်ငံအတွင်း ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ ရရှိနိုင်သောနေရာကို တည်ထောင်သင့်ပေသည်။

၃. အွန်လိုင်းပေးချေမှု - မြီစားကဒ်၊ အကြွေးဝယ်ကဒ်နှင့် ဂျိုင်ရိုကဒ်များ အသုံးပြုမှုမှတစ်ဆင့် အွန်လိုင်းပေးချေမှုယန္တယားအကောင်အထည်ဖော်ခြင်းအားအကောက်ခွန်နှင့်အခွန်အခများ

ပေးချေမှုအတွက် ချဲ့ထွင်သင့်သကဲ့သို့ စစ်ဆေးချက်များအတွက် ပေးချေမှုငွေများနှင့် ကုန်သွယ်မှုအပေးအယူကိစ္စကို အပြန်အလှန်အကျိုးပြုသော ကောက်ခံမှုအမျိုးမျိုး ပါဝင်နေသော မည်သည့်အေဂျင်စီဖြစ်စေ လိုင်စင်ထုတ်ပေးသော နည်းပညာဆိုင်ရာထိန်းချုပ်မှု အေဂျင်စီများလည်းပါဝင်သင့်ပေသည်။

၄. နောက်ကွယ်မှ ပံ့ပိုးပေးနေသော လုပ်ငန်းဆောင်တာများ၊ စာရွက်စာတမ်းဒစ်ဂျစ်တယ်စနစ်ကို ထောက်ပံ့ပေးခြင်း - စာရွက်စာတမ်းများအား အွန်လိုင်းအတွင်းထိန်းသိမ်းခြင်းနှင့် ပြတင်းတစ်ပေါက်စနစ်ကို တည်ဆောက်နိုင်ရန် စွမ်းဆောင်ရည်မပြည့်ဝသေးပေ၊ အမှန်တကယ်လိုအပ်သည်မှာ နောက်ကွယ်မှ နည်းပညာဆိုင်ရာ ထိန်းချုပ်သော အေဂျင်စီများ၏ ဒစ်ဂျယ်တယ် ပြုလုပ်နိုင်ခြင်း ဖြစ်သည်။အကယ်၍ အစိုးရအေဂျင်စီများသည် တိုင်းပြည်ရှိ နေရာအသီးသီးတွင် စာရွက်စာတမ်းများပုံစံဖြင့် အထောက်အထားများကို ထိန်းသိမ်းထားမှုကို ဆက်လက်လုပ်ဆောင်နေပါက ဖန်တီးထားသော လွယ်ကူချောမွေ့စေရေးအရာများတွင် မြှပ်နှံထားသော ကြိုးပမ်းအားထုတ်မှုသည် လျော့နည်းလာနိုင်ပါသည်။ အကယ်၍ ပံ့ပိုးပေးမည့် သတင်းအချက်အလက်များအား လွယ်ကူစွာမရရှိနိုင်ပါက လိုင်စင်ထုတ်ယူရမည့်အချိန်ကိုမလျော့ချနိုင်ပေ။ ICT ကိရိယာများမှ အမှန်စွမ်းဆောင်ရည်သည် ဖြစ်စဉ်တစ်ရပ်လုံး အီလက်ထရောနစ်အသုံးပြုခြင်းမှ ပေါ်ထွက်လာမည်ဖြစ်သည်။

၅. ထောက်ခံချက် စာရွက်စာတမ်းများအား ဒစ်ဂျစ်တယ်စနစ်ပြုလုပ်ခြင်း - ကိုလံဘီယာ၊ ချီလီနှင့် မက်ဆီကိုတို့အကြား မူရင်းစာချုပ်အထောက်အထား( Certificates of Origin) များကို မျှဝေနိုင်သကဲ့သို့ စာရွက်စာတမ်းများသည် ဒစ်ဂျစ်တယ်ပုံစံဖြင့် မျှဝေနိုင်ရမည်။ ကုန်သွယ်မှု အရောင်းအဝယ်ကိစ္စများအတွက် စရိတ်လျော့ချနိုင်ခြင်းသည် သိသာထင်ရှားသည်။ အာဆီယံဒေသ ရွေ့ပြောင်းဆောင်ရွက်ချက်သည် လက်တင်အမေရိကမှ တင်ပြခဲ့သော အကောင်းဆုံးအပြည်ပြည်ဆိုင်ရာ အတွေ့အကြုံကိုယူနိုင်ပြီး သို့မဟုတ် အခြားသင်္ဘောတင်ကုန်စည်များ ထောက်ခံချက်စာရွက်စာတမ်းများ ဥပမာ- အစားအစာသန့်ရှင်းရေးနှင့် အပင်နှင့် ပိုးမွှားကင်းစင်မှုတာဝန်ခံလက်မှတ်၊ နည်းပညာဆိုင်ရာစံသတ်မှတ်ချက်လက်မှတ် စသည်တို့တွင် ဒစ်ဂျစ်တယ်ဖြင့်မျှဝေရန် ရွေးချယ်နိုင်သည်။

## ကာလလတ်နှင့် ကာလရှည် - ၂၀၂၀ ကျော်လွန်ပြီးနောက်

အထက်တွင်အသေးစိတ် ဖော်ပြခဲ့သော ကာလတိုအကြံပြုချက်များ၏ အကောင်အထည် ဖော်မှုတွင် အစိုးရများ အောင်မြင်မှုရရှိပြီး သူတို့သည် တဆက်တည်းရှိသော ဆောင်ရွက်မှု များဖြင့် ကုန်သွယ်မှုဆိုင်ရာ အရောင်းအဝယ်ကိစ္စများတွင် ပြီးမြောက်နိုင်မှုဖြစ်နိုင်ချေများကို အဆုံးသတ်နိုင်သည့် နက်ရှိုင်းသည့် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ရန် ရှေ့သို့တက်သင့်သည်။ NSW အားလုံးသည် ခေတ်မီပြီး တူညီသော စံသတ်မှတ်ချက်ဖြင့် လုပ်ဆောင်နေသည့်အချိန်တွင် ဤကဲ့သို့ ပိုမိုရှုပ်ထွေးသော ဖြစ်စဉ်သည် နောက်အကျဆုံး ၂၀၂၀ တွင် ဆောင်ရွက်မှုစတင်နိုင်မည်။

၁. ရုပ်ပိုင်းဆိုင်ရာ အဆင်သင့်ဖြစ်ပေါ်နေမှု - အကယ်၍ သင်္ဘောတင်ကုန်စည်များ လျင်မြန်စွာ ရွေ့ရှားနိုင်မှုအတွက် လမ်း၊ လေကြောင်း၊ ရေကြောင်းအခြေခံအဆောက်အအုံ များ အဆင်သင့်မရှိပါက NSW ၊ASW နှင့် အကောက်ခွန်စနစ်စသည့် ICT နှင့်ဆက်စပ်နေသော ကြိုးစားအားထုတ်မှုအားလုံးသည် လျော့နည်းလာလိမ့်မည်။ လိုင်စင်များကို တစ်ရက်တည်း ထုတ်ဝေနိုင်ခဲ့သော်လည်း အကယ်၍သင်္ဘောတင်ကုန်စည်များ ရွေ့လျားနိုင်စေရန် အချိန် ကြန့်ကြာမည်ဆိုပါက ကြိုးစားအားထုတ်မှုများအား သတိပြုနိုင်ခြင်းမရှိ ဖြစ်သွားနိုင်သည်။

၂. အီး- ကုန်သွယ်မှု တရားဝင်ပြုလုပ်ခြင်း - အီး- ကုန်သွယ်မှု ဥပဒေပြဋ္ဌာန်းခြင်း မဆိုင်းမတွ ထုတ်ပြန်ပေးနိုင်ပါက အာဆီယံနိုင်ငံများက ရင်းနှီးမြှုပ်နှံထားသော ICT ၏ အကျိုးကျေးဇူးကို ပြည့်ဝစွာခံစားရမည်ဖြစ်သည်။ ဤဥပဒေပြဋ္ဌာန်းမှုတွင် ဒစ်ဂျစ်တယ်အမှတ်လက္ခဏာများ၊ ဒစ်ဂျစ်တယ် အထောက်အထား သက်သေပြချက်နှင့် အီလက်ထရောနစ် အထောက်အထား များကို ကိုင်တွယ်နိုင်ရန် သင့်တော်သည့်နည်းလမ်းများအရ ရှင်းလင်းရမည့် တာဝန်များ ပါဝင်ရန်လိုသည်။ ထိုနည်းတူစွာဥပဒေပြဋ္ဌာန်းမှုသည် ပြည်တွင်းနှင့် ဒေသဆိုင်ရာအဆင့်တွင် ထုတ်ပြန်ရမည်။ ထိုမှသာ သတင်းအချက်အလက်များသည် ဒေသဆိုင်ရာအဆင့်တွင် မျှဝေ နိုင်မည်ဖြစ်သည်။ကွာဟချက်များသည်ကာယကံမြောက်ဆောင်ရွက်ရသည့်ကုန်သွယ်မှုများ တွင် ဖြစ်ပေါ်နိုင်သည်။

၃. နယ်စပ်ဒေသများတွင် လိုက်နာရမှုများကို သေချာမှုရှိစေရန် စုစည်းထားသည် အန္တရာယ် များ၊ စီမံခန့်ခွဲမှုဆိုင်ရာအမှားများကို လျော့ချအကာအကွယ်ပြုနိုင်သည့် နယ်စပ်ထိန်းချုပ်မှုကို လက်ခံရန် - ASW အတွင်း၌ ပေါင်းစည်းထားသည် အန္တရာယ်များစီမံခန့်ခွဲမှု အမှားများကို လျော့ချအကာအကွယ်ပြုနိုင်သည့်စနစ်ကို အကောင်အထည်ဖော်ခြင်းသည် ဒေသအတွင်း

ကုန်သည်များ သင်္ဘောတင်ကုန်စည်များအား ရွှေ့လျားနိုင်ခြင်းနှင့် သင်္ဘောတင်ကုန်စည် အမျိုးအစားများကို အသေးစိတ်ထိန်းချုပ်နိုင်ရန် ခွင့်ပြုလိမ့်မည်။ ကုန်သွယ်မှုဆိုင်ရာ လုပ်ဆောင်ချက်များတွင်ပါဝင်သော နည်းပညာဆိုင်ရာထိန်းချုပ်ရေး အေဂျင်စီများသည် သင်္ဘောတင်ရန် ရှိရင်းစွဲဖြစ်နိုင်ချေရှိသောအန္တရာယ်များကိုရွေးချယ်သတ်မှတ်ရန် သရုပ်ခွဲလေ့လာနိုင်သည့် နည်းလမ်းများကဲ့သို့စနစ်အတွင်း အန္တရာယ်စံသတ်မှတ်နိုင်သည့်အဖွဲ့ ပါဝင်ထည့်သွင်းနိုင်ရမည်။ ဆက်လက်၍ နောက်ပိုင်းကြီးကြပ်ထိန်းချုပ်များကိုလည်း လေးစားလိုက်နာမှုများကို ကင်းမဲ့ခြင်းအတွက်သံသယရှိသည့် အရိပ်အယောင်မရှိရလေအောင် အကောင်အထည် ဖော်သင့်ပေသည်။

၄. ကြိုတင်စာရင်းရှင်း လုပ်ဆောင်ချက်များနှင့် ကြိုတင်ထောက်ခံချက်များ အသုံးပြုမှု ပရိဂရမ်ကို အားပေးခြင်း - ဤ အစပျိုးမှု၏ ရည်ရွယ်ချက်မှာ ပုဂ္ဂလိကကဏ္ဍအတွက် စရိတ်များ လျှော့ချနိုင်ရန် Wet Port နှင့် Dry Port တို့တွင် ပိတ်ဆို့နေမှုများကို လျှော့ချရန်နှင့် သင်္ဘောတင်ကုန်စည်များ လုပ်အားဖြင့်ရွှေ့ပြောင်းမှုကို ပိုမိုကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် ကုန်ကျစရိတ်များလျှော့ချနိုင်ရန် စတင်ခြင်းတို့ဖြစ်သည်။ ထပ်မံ၍ သင်္ဘောတင်ကုန်စည်များ ဆိုက်ရောက်မှုကို ကြိုတင်၍တင်ပြနိုင်ရန် သတင်းအချက်အလက်များရရှိစေရန်အတွက် ဖြစ်နိုင်ခြေရှိသမျှ နိုင်ငံတွင်းရှိအာဏာပိုင်များကို အာမခံချက်ပေးခြင်းသည် စွန့်စားရမှုအကဲဖြတ်ခြင်းကို ပိုမိုကောင်းမွန်စေခြင်းနှင့် လုံခြုံရေးအတိုင်းအတာများအတွက် လေးစားလိုက်နာမှုများရှိလာခြင်းတို့ကို ဖြစ်ပေါ်စေမည်။

ကောက်ချက်ချရမည်ဆိုပါက ၂၀၂၀ ခုနှစ်အတွက် အကောင်းဆုံးဖြစ်နိုင်ခြေမှာ သင်္ဘောတွင် လိုအပ်သော စာရွက်စာတမ်းများအားလုံးရရှိစေရန် နည်းပညာကြီးကြပ်ရေး အေဂျင်စီများ၏ လုပ်ဆောင်ချက်များကို ပြည့်ပြည့်ဝဝ စုစည်းနိုင်ရန်ဖြစ်သည်။ ဤအချက်သည် လူလူချင်း ဆက်ဆံရန်မလိုသော ဒစ်ဂျစ်တယ်အမှတ်အသားများနှင့် အွန်လိုင်းပေးခြေမှုစနစ်ကို အကောင်အထည်ဖော်ခြင်းမှတစ်ဆင့် ရရှိနိုင်သည်။ နောက်ဆုံးတွင် ASW အကောင်အထည်ဖော်ခြင်းမှတစ်ဆင့် သင်္ဘောတင်ကုန်စည်များ စတင်သောနေရာမှ အစိုးရများသည် သင်္ဘောဆိုက်ရောက်ရန် ကြိုတင်၍တဆက်တည်းဖြစ်နေသော ဒစ်ဂျစ်တယ် ဆောင်ရွက်ချက်များဖြင့် သင်္ဘောတင်ကုန်စည်များအတွက် ဆိုက်ရောက်ရမည့်နိုင်ငံသို့ တင်ပြရမည့် စာရွက်စာတမ်းများ၏ မူရင်းကော်ပီများ (အကောင်းဆုံး တစ်ခုတည်းသော စီမံခန့်ခွဲမှုဆိုင်ရာ စာရွက်စာတမ်း) ကို ကြိုတင်၍ တင်ပြနိုင်လိမ့်မည်။ ထိုနည်းလမ်းမှ အန္တရာယ်များနှင့် မသေချာမှုများသည် ကြိုတင်အကဲဖြတ်နိုင်ပြီး ဆိပ်ကမ်း သို့မဟုတ် ကုန်လှောင်ရုံတွင် ကြန့်ကြာနေရန် မလိုတော့ပေ။

အကောက်ခွန်ကိစ္စများနှင့် ပတ်သက်၍ ကုန်သည်များသည် ပို့ကုန်၊ သွင်းကုန် အကြောင်းကြား ချက်များကို (အသုံးပြုနိုင်မှုကို ထည့်သွင်းမစဉ်းစားဘဲ) ဖိုင်တွဲပြီး တင်ပြနိုင်ရမည်။ ၎င်းတွင် ကိုတာအသုံးပြုမှု၊ ထောက်ပံ့ခြင်းများနှင့် ချို့ယွင်းချက်များဆိုင်ရာ သတင်းအချက်အလက် လုပ်ငန်းစဉ်များပါဝင်ရမည်။ ထိုနည်းတူစွာ ဤစနစ်အသုံးပြုခြင်းမှတစ်ဆင့် ကုန်သည်များ သည် အွန်လိုင်းပေးချေမှု ခလုတ်မှတစ်ဆင့် ပို့ကုန် သို့မဟုတ် သွင်းကုန်ကိစ္စ သို့ ဆက်စပ်နေသော အခငွေများ၊ အခွန်များကို ပေးချေနိုင်လိမ့်သည်။ နောက်ဆုံးအနေဖြင့် အကောက်ခွန်ဌာနသည် တိုင်းပြည်ရှိ သဘော်ာတင်ကုန်စည်များ အဝင်အထွက်ကို ထိထိ ရောက်ရောက် ထိန်းချုပ်နိုင်သော အစိုးရအေဂျင်စီဖြစ်သည်ဟု ပေးထားပြီး ကုန်သွယ်မှုကိစ္စ များကို ဆောင်ရွက်သည့် အထူးအန္တရာယ်စီမံခန့်ခွဲမှုနှင့် နည်းပညာဆိုင်ရာ ထိန်းချုပ်ရေး အေဂျင်စီ၊ အထူးအန္တရာယ်များပါဝင်သည့် စုစည်းထားသော အန္တရာယ်စီမံခန့်ခွဲမှု ( risk management) စနစ်အတွက် ကြီးကြပ်သူ အိမ်ရှင်အေဂျင်စီ ဖြစ်သင့်သည်။ ဤအေဂျင်စီများ သည် မိမိတို့ကိုယ်တိုင် မိတ်ဆက်ရုံသာမက အန္တရာယ်နှင့် ဆက်စပ်နေသည့် သူတို့၏ သဘော်ာတင်ကုန်စည်များ၏ မူရင်းနေရာအရ သတင်းအချက်အလက်များကို အကောက်ခွန် ဌာနသို့ ပို့လိမ့်မည်။ ထိုမှ အကောက်ခွန်ပင်ရင်းစနစ်သို့ အချက်အလက်များ ဖြည့်သွင်းနိုင်ပြီး အန္တရာယ်အာမခံ သရုပ်ခွဲမှု၏ အစိတ်အပိုင်းဖြစ်သည်။

နောက်ဆုံးအကျိုးဆက်သည် စုစည်းထားသော ထုတ်လုပ်မှုအခြေခံနှင့် ပိုမိုပေါင်းစည်းသော ဈေးကွက်သို့ ထောက်ပံ့ပေးမည့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေသည့်စနစ်နှင့် တံခါး တစ်ပေါက်စနစ်ကို တဆက်တည်း ဖြစ်စေသည်။

## အာဆီယံကုန်သွယ်မှုတွင် နည်းပညာဆိုင်ရာ အတားအဆီးများကို ဖော်ပြခြင်း- စံသတ်မှတ်ချက်များနှင့် ထုံးတမ်းစဉ်လာနှင့် ကိုက်ညီမှု

AEC အသေးစိတ်စီမံချက်အကောင်အထည်ဖော်မှု၏ ကာလလည်သုံးသပ်ချက်၏ အစိတ် အပိုင်းတစ်ခုအဖြစ် ERIA သုံးသပ်ချက်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးတွင် ပုဂ္ဂလိက ကဏ္ဍဖြေဆိုသူများ၏ ငါးပုံလေးပုံသည် အာဆီယံဒေသတွင်း ကုန်သွယ်မှုတွင်ပြင်းထန်သော အတားအဆီးများဖြစ်စေသည့် အာဆီယံထုတ်ကုန်စံသတ်မှတ်ချက်နှင့် နည်းပညာဆိုင်ရာ စည်းမျဉ်းများ အမျိုးမျိုးကွဲပြားနေကြောင်းရှုမြင်ကြသည်။ ဤအမြင်နှင့် ကိုက်ညီစွာပင် ပုဂ္ဂလိကကဏ္ဍ ဖြေဆိုသူများ၏ ငါးပုံလေးပုံထက် ပိုမိုသူများသည် ဒေသအတွက် အကျိုးကျေးဇူး ရှိမှုနှင့် အရေးကြီးမှုတို့ ဖြစ်ပေါ်စေသည့် ကမ္ဘာကုန်သွယ်မှုတွင် ပြိုင်ဆိုင်မှုစွမ်းအား ဆက်လက် မြင့်မားစေရန် နိုင်ငံအတွင်းနှင့် ဒေသအတွင်းစံသတ်မှတ်ချက်များသည် ကမ္ဘာ့စံသတ်မှတ်

ချက်နှင့် လိုက်ဖက်ညီစေခြင်းတို့ကိုစဉ်းစားခဲ့ကြသည်။ ထိုနည်းတူစွာ၊ ပုဂ္ဂလိကကဏ္ဍဖြေကြား သူများ၏ အမြင်တွင် ထုံးတမ်းစဉ်လာများဖြင့် ကိုက်ညီခြင်း အကဲဖြတ်မှုရလဒ်များကို အပြန်အလှန်အသိအမှတ်ပြုခြင်း တိုးပွားလာစေခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် များ ခိုင်မာလာစေရေးနှင့် ထုံးတမ်းစဉ်လာများဖြင့် ကိုက်ညီခြင်း အကဲဖြတ်မှုအဆင့်များ၏ အဆင်ပြေချောမွေ့စေရေးတို့သည် သူတို့အတွက် အကျိုးကျေးဇူးရှိသည်ဟု စဉ်းစားခဲ့ကြ သည်။ အမှန်စင်စစ် AEC ၂၀၁၅ အတွက် အကောင်အထည်ဖော်သင့်သည့် ဦးစားပေးလုပ်ဆောင် ရမည့် AEC အတိုင်းအတာများအရ ပုဂ္ဂလိကကဏ္ဍမှ ဖြေကြားသူများသည် ကုန်သွယ်မှု အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပြီးနောက် ဒုတိယအရေးပါဆုံးမှာ စံသတ်မှတ်ချက် နှင့် ထုံးတမ်းစဉ်လာများဖြင့် ကိုက်ညီစေရေးဖြစ်သည်ဟု စဉ်းစားကြသည်။

အာဆီယံသည် အေအီးစီ အသေးစိတ်စီမံချက် ၂၀၀၉-၂၀၁၅ ( စာမျက်နှာ-၂၅) ရှိ အောက်ဖော်ပြပါ စာပိုဒ်များကို အကောင်းဆုံး အကျိုးသက်ရောက်စေသည့် အာဆီယံစီးပွားရေး အသိုင်းအဝန်း ကောင်းစွာ ဆောင်ရွက်နိုင်ရန်အတွက် စံသတ်မှတ်ချက်နှင့် ထုံးတမ်းစဉ်လာများဖြင့် ကိုက်ညီစေရေး၏ အလွန်အရေးပါမှုကို ပြည့်ပြည့်ဝဝသိမြင်သည်။

*"စံသတ်မှတ်ခြင်း၊ အရည်အသွေးအာမခံချက်၊ တရားဝင်အသိအမှတ်ပြုမှုနှင့် အတိုင်းအတာများသည် ဒေသအတွင်း ပို့ကုန်သွင်းကုန်များ ထုတ်လုပ်မှုတွင် ပိုမိုများပြားသော စွမ်းဆောင်ရည်မြင့်တင်ခြင်းနှင့် စရိတ်ထိရောက်မှုစစ်ဆေးခြင်းတို့ မြင့်မားစေရေးတို့သည် အရေးပါသည်။ စံချိန်၊ စံညွှန်းနည်းပညာဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများနှင့် အစဉ်အလာနှင့် ကိုက်ညီမှုအကဲဖြတ်ခြင်း လုပ်ငန်းစဉ်များသည် စံသတ်မှတ်ခြင်းနှင့် ထုံးတမ်းစဉ်လာများဖြင့် ကိုက်ညီခြင်းတို့တွင် အာဆီယံပေါ်လစီ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်မှုတို့မှတစ်ဆင့် ပိုမိုသောပွင့်လင်းမြင်သာမှု၊ အစဉ်အလာနှင့် ကိုက်ညီခြင်း အကဲဖြတ်မှုအရည်အသွေး တိုးတက်လာမှုနှင့် ပုဂ္ဂလိကကဏ္ဍ တက်ကြွစွာ ပါဝင်လာမှု တို့နှင့်အတူ လိုက်လျော ညီထွေ ဖြစ်စေမည်။"*

အာဆီယံ စံသတ်မှတ်ခြင်းနှင့် ထုံးတမ်းစဉ်လာများဖြင့် ကိုက်ညီခြင်းအခြေခံမှုသည် အမှာ ရည်မှန်းချက်များကို မီးမောင်းထိုးပြသော (၁) ကျန်မာရေးနှင့် ပတ်ဝန်းကျင် အရည်အသွေး၊ လုံခြုံစေရေးနှင့် အကာအကွယ်ပေးခြင်း၊ တစ်ချိန်တည်းတွင် ကုန်သွယ်မှုနှင့် ဈေးကွက် အကဲဖြတ်မှုများကို လွယ်ကူချောမွေ့စေရေးတို့ကို ကားချပ် (၃.၄) တွင် အကျဉ်းချုပ် ဖော်ပြ

ထားသည်။ ဦးတည်ချက်သည် အပြည်ပြည်ဆိုင်ရာစံသတ်မှတ်ချက်နှင့် လိုက်လျောညီထွေရှိသော စံသတ်မှတ်ချက်၊ နည်းပညာဆိုင်ရာ စည်းမျဉ်း၊စည်းကမ်းများအတွက် လိုက်လျောညီထွေရှိသော စည်းမျဉ်းစည်းကမ်းဖွံ့ဖြိုးလာစေရန် အပြန်အလှန်အသိအမှတ်ပြုမှု သဘောတူညီချက် (MRA) ဖွံ့ဖြိုးတိုးတက်လာစေရန်တို့ဖြစ်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကိုက်ညီသောအကဲဖြတ်ခြင်းနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် နိုင်ငံ အရည်အသွေးစနစ်တို့ကို ဆက်သွယ်ပေးရန် တို့ဖြစ်သည်။

စံသတ်မှတ်ချက်များနှင့် အရည်အသွေးအတွက် အာဆီယံအကြံပေးကော်မတီ (ACCSQ) နှင့် ၎င်း၏အမျိုးမျိုးသော အလျားလိုက်နှင့် ထုတ်ကုန်ဆိုင်ရာ ဆောင်ရွက်သောအုပ်စုနှင့် ပူးတွဲကဏ္ဍဆိုင်ရာကော်မတီတို့မှ အာဆီယံသည် စံသတ်မှတ်ချက်များနှင့် ထုံးတမ်းစဉ်လာများဖြင့် ကိုက်ညီသော အကဲဖြတ်မှု အတိုင်းအတာ၏ လိုက်လျောညီထွေဖြစ်မှု၊ စည်းကြပ်နယ်ပယ်အတွင်း အပြန်အလှန် အသိအမှတ်ပြုမှုသဘောတူညီချက် (MRA) နှင့် နည်းပညာဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ ကိုက်ညီမှုရှိခြင်းတို့သည် သိသာထင်ရှားစွာ တိုးတက်မှုပြုလုပ်ခဲ့သည်။ စံသတ်မှတ်ချက် ကိုက်ညီစေမှုပေါ်တွင် စံသတ်မှတ်ချက် ၅၈ ခုသည် လျှပ်စစ်အသုံးအဆောင်များ၊ လျှပ်စစ်ဆိုင်ရာ လုံခြုံမှုပစ္စည်းများနှင့် လျှပ်စစ်သံလိုက်ဆိုင်ရာ အစိတ်အပိုင်းမှ စံသတ်မှတ်ချက်များ ကိုက်ညီမှု ၈၁ ခု၊ စံသတ်မှတ်ချက် ကိုက်ညီမှုပေါ်တွင် စံသတ်မှတ်ချက်၃ ခုမှ ရာဘာအခြေခံကုန်စည်များနှင့် ဆေးဝါးများ၊ အာဆီယံနည်းပညာရာ အမှုတွဲများ (ACTD) တို့သည် စံသတ်မှတ်ချက်များနှင့်လိုက်ဖက်မှုရှိပြီး အာဆီယံ အများနှင့်ဆိုင်သော နည်းပညာ လိုအပ်ချက် (ACTR) သည် အကောင်အထည်ဖော်ပြီးဖြစ်သည်။ စံသတ်မှတ်ချက်ကိုက်ညီမှုသည် ဆောင်ရွက်နေဆဲဖြစ်ပြီး အာဆီယံသည် MRA အချို့ဖြစ်သော လျှပ်စစ်နှင့် အီလစ်ထရောနစ် ဆိုင်ရာပစ္စည်းများ၊ အလှကုန်၊ ဆေးဝါးစက်ရုံစက်မှုလုပ်ငန်းများအတွက် GMP နှင့် ကြေးနန်းဆက်သွယ်ရေးလုပ်ငန်း (နောက်ပိုင်းတွင် APEC ကြေးနန်း ဆက်သွယ်ရေးလုပ်ငန်းဆောင်ရွက်သော အုပ်စုတို့နှင့်ကိုက်ညီမှု ) စသည်တို့တွင် လက်မှတ်ရေးထိုးပြီးဖြစ်သည်။ အခြား MRA များလည်း ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သည်။ ACCSQ အတွက် စိန်ခေါ်ရမှုများသည် MRA သည် "စံတစ်မျိုးတည်း၊ စစ်ဆေးမှုတစ်ခုတည်း၊ နေရာတိုင်းတွင်လက်ခံသည်၊"ဟူသော သူ၏ရည်မှန်းချက်ကို အောင်မြင်စေမည့် အကောင်အထည်ဖော်မှုကို သေချာစေရန်ဖြစ်သည်။ ( Pettman, ၂၀၁၃;ERIA, ၂၀၁၂ a တွင်ကြည့်နိုင်)

တိုးတက်မှုများ ရရှိခဲ့သော်လည်း အများစုမှာ ဆောင်ရွက်ရန် ကျန်ရှိနေသေးသည်။ စံသတ်မှတ်ချက် လိုက်ဖက်မှုရှိခြင်းပေါ်တွင် အားထုတ်မှု၊ MRA နှင့် လိုက်ဖက်သော စည်းမျဉ်း၊

စည်းကမ်းဆိုင်ရာ အစီအစဉ်များသည် ပေးထားသော ထုတ်ကုန်သစ်နှင့် နည်းပညာ၊ လူ့အဖွဲ့အစည်းဆိုင်ရာ ဦးစားပေးမှု ပြောင်းလဲခြင်း၊ ACCSQ မှ လက်ရှိဦးစားပေးသည်ထက် ပိုများသော ကဏ္ဍများရှိသည့် အချက်များကြောင့် ဒေသတွင်း အဓိကစိန်ခေါ်မှုများအဖြစ် ဆက်လက် ရှိပေလိမ့်မည်။ ၁၉၉၂အား သတ်မှတ်ထားသောနစ်အဖြစ် ဥရောပသမဂ္ဂ၏ ဥရောပ ဘုံဈေးအဖွဲ့သည်ပင် စံသတ်မှတ်ချက်နှင့် ထုံးတမ်းစဉ်လာများကိုက်ညီမှု လုပ်ဆောင်ချက်များသည် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများကို ကျော်လွှားနိုင်စေရန်နှင့် စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာ ပေါင်းစည်းမှုများကို အောင်မြင်မှုရရှိစေရန် ဆောင်ရွက်နေဆဲ ဖြစ်သည်။

ကားချပ် ၃.၄ - အာဆီယံ စံသတ်မှတ်ချက်များနှင့် ထုံးတမ်းစဉ်လာနှင့် ကိုက်ညီမှု မူဘောင်




Pettman (2013) မှ ပြန်လည် ပုံနှိပ်ထားသည်။

## ၂၀၁၅ အလွန်ရှေ့ဆက်လုပ်ဆောင်မည့်နည်းလမ်းများ

ရှေ့ဆက်၍ Pettman (၂၀၁၃) မှ အောက်ဖော်ပြပါ စံသတ်မှတ်ချက်နှင့် ထုံးတမ်းစဉ်လာများနှင့်ကိုက်ညီမှုတို့ပေါ်တွင်အာဆီယံ၏ ခိုင်မာသော ကြိုးစားမှုများတို့ကို အကြံပြုခဲ့သည်။

၁. အေအီးစီမှ ရရှိနိုင်သော အကျိုးကျေးဇူးများကို အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် သိရှိစေခြင်း။ အေအီးစီ၏ နက်ရှိုင်းသော စီးပွားရေးပေါင်းစည်းမှုဖြစ်စဉ်သည် ပို၍ခက်ခဲသည့် မူဝါဒနှင့် ဥပဒေဆိုင်ရာရွေးချယ်မှုများကို တောင်းဆိုလာပြီး၊ အနာဂါတ်ကို ဦးတည်သော ကြိုးပမ်းမှုများကို လှုံ့ဆော်ပေးရန်အတွက် အေအီးစီမှရရှိနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းရှင်းလင်းလင်း အဓိပ္ပါယ်ဖွင့်ဆိုပြီး လူထုကြားသို့ ကျယ်ကျယ်ပြန့်ပြန့် အဆက်အစပ်မိစွာသိရှိစေရန် အရေးကြီးပါသည်။ အဆိုပါအကျိုးကျေးဇူး၏ အဓိပ္ပါယ်ဖွင့်ဆိုချက်သည် စုစုပေါင်းအခြေအနေ အတွက်သာမက ကဏ္ဍအလိုက်၊ စက်မှုလုပ်ငန်းများအလိုက် သို့မဟုတ် နယ်ပယ်အလိုက် ကျယ်ပြန့်စွာရှိရန် လိုအပ်သည်။ နှိုင်းယှဉ်မှုပြုရာတွင် အများနှင့်သက်ဆိုင်သော နည်းပညာရှိခြင်းသည် အသုံးဝင်ပေသည်။ ထို့ကြောင့် အေအီးစီ၏ အကျိုးကျေးဇူးကိုခြုံငုံပြီး အဓိပ္ပါယ်ဖွင့် ဆိုရာတွင် အာဆီယံတစ်လျောက်စည်းမျဉ်း၊ စည်းကမ်းများနှင့် စံသတ်မှတ်ချက်များကို ညှိနှိုင်းပေးရန်နှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာတူညီမှုများကို ဦးဆောင်မှုပေးသည့် စံသတ်မှတ်ချက်နှင့် ထုံးတမ်းစဉ်လာများ ကိုက်ညီမှုအစပျိုးမှုများ၏ အကျိုးကျေးဇူးများကို အဓိပ္ပါယ်ဖွင့်ဆိုသင့်ပေသည်။

၂. ဦးစားပေးရမည့်အတားအဆီးများကိုသတ်မှတ်ဖော်ပြခြင်း။ ဤအဆင့်တွင် အတားအဆီးများအပေါ် ပြင်ပသုံးသပ်ချက်များနှင့် ထိုအတားအဆီးများကို ထိတွေ့မည့် အလားအလာရှိသော စီးပွားရေးအကျိုးကျေးဇူးများရရှိပြီး မည်သည့်အတားအဆီးများကို ဦးစားပေးဆောင်ရွက်သင့်ကြောင်း သတ်မှတ်နိုင်ပေမည်။ အာဆီယံအတွက် စီးပွားရေးအရ အလွန်အရေးပါမှု မဟုတ်သော်လည်း ယေဘူယျ လိုအပ်ချက်သည် အခက်အခဲအနည်းဆုံးဖြစ်မှုပေါ်တွင် ဦးတည်သည့်အခါ ပြင်ပသုံးသပ်ချက်သည် လုပ်သင့်လုပ်ထိုက်ပေသည်။ စံသတ်မှတ်ချက် နယ်ပယ်တွင် အကျိုးသက်ရောက်မှု အကဲဖြတ်ရာ၌ မေးလေ့မေးထရှိသော ဝင်ရောက်စွက်ဖက်မှုတွင်မည်သည့်အကျိုးကျေးဇူးရရှိမည်၊မည်သူကအကျိုးကျေးဇူးရရှိမည်၊ လုပ်ပိုင်ခွင့် ရှိသော အဖွဲ့အား မည်သို့အကျိုးသက်ရောက်မှုရှိစေမည် စသည့်စံသတ်မှတ်ချက် မေးခွန်းများအတွက် အဆိုပါ ပြင်ပသုံးသပ်ချက်များသည် လိုအပ်လာနိုင်သည်။ အများနှင့်ဆိုင်သော နည်းလမ်းများအသုံးပြုခြင်းအားဖြင့် ပြင်ပသုံးသပ်ချက်သည် လုပ်ငန်းစဉ်တွင် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းခြင်းယန္တယားအဖြစ် ဖြစ်ပေါ်စေနိုင်ပြီး ထိုမှတစ်ဆင့် စံသတ်မှတ်ချက်နှင့် ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီမှုရှိခြင်းနယ်ပယ်တွင် အနာဂတ်လုပ်ဆောင်ချက်များနှင့် ဦးစားပေးဆောင်ရွက်မှုများအတွက် အတွင်းကျကျနှင့် သွင်းအားစုများကို ထောက်ပံ့ပေးနိုင်သည်။

၃. ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမှ အမြင့်ဆုံးအကျိုးကျေးဇူးရရှိစေခြင်း။ အေအီးစီလုပ်ငန်းစဉ်တွင် ပုဂ္ဂလိကကဏ္ဍ နှင့်ပူးပေါင်းဆောင်ရွက်ခြင်း၏ ရလဒ်သည်

ရောထွေးနေသည်။ စံသတ်မှတ်ခြင်းနှင့် ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီမှုရှိခြင်းနယ်ပယ်တွင် ပုဂ္ဂလိကကဏ္ဍသည် အချို့ထုတ်ကုန်လုပ်ကိုင်သော အုပ်စုများတွင် တက်ကြွစွာပါဝင်သော်လည်း အချို့နယ်ပယ်တွင်မူ မပါဝင်ပေ။ ထို့အပြင် SME များအား ကိုယ်စားပြုနိုင်မှုလည်း လျော့နည်းသည်။ အေအီးစီအောင်မြင်မှုအတွက် ပုဂ္ဂလိကကဏ္ဍ၏ အရေးပါမှုကို ပေးထားပြီး သတင်းအချက်အလက်များကိုဖလှယ်မှု၊ သတင်းပြန်လည်ပေးပို့များအတွက် တိုးတက်နေသော နည်းလမ်းများနှင့် ကျွမ်းကျင်သူများအား ထောက်ပံ့ပေးခြင်း အစီအစဉ်အပါအဝင် လုပ်ငန်းဖြစ်စဉ်များကို ပိုမိုပါဝင်ခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းမှု တိုးတက်စေခြင်းကို အလေးပေးရန် အရေးကြီးသည်။

အေအီးစီလုပ်ငန်းဖြစ်စဉ်တွင် ပုဂ္ဂလိကကဏ္ဍမှ ပူပေါင်းမှုများအကြား ပါဝင်သည့်နယ်ပယ်အဆင့်ကို ဖန်တီးရန်အလို့ငှာ အောက်ဖော်ပြပါအချက်များ ကိုထည့်သွင်းစဉ်းစားရန် လိုအပ်ပေသည်။

- ဒေသဆိုင်ရာအုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ရန်ဆန္ဒရှိသော ပုဂ္ဂလိကကဏ္ဍများအားလုံးအတွက် အများနှင့်ဆိုင်သော စံသတ်မှတ်ချက်ကိုချမှတ်ပေးရန်

- စံသတ်မှတ်ချက်များသည် အများနှင့်ဆိုင်သော ပုံစံပေါ် အခြေခံသည့် ကဏ္ဍတစ်ခုစီမှ နှစ်စဉ်အစီအရင်ခံချက်ပေါ် ထောက်ပံ့ပေးခြင်း အပါအဝင် ပုဂ္ဂလိကကဏ္ဍ ပါဝင်မှု ဖြစ်နေစေရန် ချမှတ်သင့်ပေသည်။ အဆိုပါ အစီရင်ခံချက်များသည် အောက်ဖော်ပြပါ အချက်များကိုယ်စားပြုသင့်ပေသည်။ အဖွဲ့အစည်း၏တန်ဖိုးသည်ယခင်နှစ်များမှဆောင်ရွက်ခဲ့သည်များကို သယ်ဆောင်လာပြီး လာမည့်နှစ်အတွက် လွှဲပြောင်းနိုင်ရန် ရည်ရွယ်ရမည်။ ထို့အပြင် အာဆီယံစီးပွားရေး ကျောရိုးမဏ္ဍိုင် အတွက်ပုံစံချသော အသေးစားနှင့် အလတ်စားလုပ်ငန်းများ ပါဝင်လာနိုင်မှုကို တိုင်းတာရမည်။

- စည်းမျဉ်းများနှင့် လုပ်ငန်းစဉ်များသည် အာဆီယံအတွင်း ဖြစ်နေကြအတိုင်းအခြားလုပ်ငန်းအဖွဲ့များနှင့် ထုတ်ကုန်လုပ်ကိုင်သော အုပ်စုများနှင့်ညှိနှိုင်းပြီး ချမှတ်သင့်ပေသည်။

- ပုဂ္ဂလိကကဏ္ဍသို့ အာဆီယံမှ သေချာသော ဂတိပေးထားမှုများမှာ စည်းမျဉ်းများအရ ဆောင်ရွက်လျှင် စေ့စပ်ညှိနှိုင်းမှုများမှ သူတို့အနည်းဆုံး မျှော်လင့်နိုင်မှုအပေါ် အားလုံးပြည့်စုံစေသင့်ပေသည်။

•	ပုဂ္ဂလိကကဏ္ဍနှင့်အတူ စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရာတွင် အကောင်အထည်ဖော်ခြင်းများနှင့် ပြန်လည်းသတင်းပို့ချက်များကို ဦးတည်ရန်လိုအပ်ပေသည်။ အောင်မြင်မှုနှင့် စိန်ခေါ်မှုများကို မှန်မှန် လုပ်ဆောင်ရန်၊ ထုတ်ကုန်လုပ်ငန်း အုပ်စုအသီးသီး၏ပြဿနာများကို အဖြေထုတ်ရန် ဖြစ်နိုင်ခြေများကိုသတ်မှတ်ရန်၊ ပုဂ္ဂလိကအုပ်စုမှ ကိုယ်စားလှယ်အုပ်စုငယ်တို့သည် စီးပွားရေးပေါင်းစည်းမှု အဆင့်မြင့်အဆင့်လုပ်ဆောင်မှုအဖွဲ့မှ ကိုယ်စားလှယ်များ (SEOM)၊ ACCSQနှင့် ASEC တို့နှင့် အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် တွေ့ဆုံသင့်ကြောင်း အကြံပြုပေသည်။

•	ပုဂ္ဂလိကကဏ္ဍသည် အဖွဲ့အစည်းများသည် ၎င်းတို့၏စစ်တမ်းပေါ် အခြေခံထားသော တိုးတက်မှုမှတ်တမ်းအား ဖွံ့ဖြိုးတိုးတက်ရန် မေးမြန်းသင့်ပြီး ပုဂ္ဂလိကကဏ္ဍ ဗဟိုအဆင့်မှလည်းကောင်း၊ လုပ်ငန်းစုတစ်စုစီမှလည်းကောင်း စီစစ်သတ်မှတ်ပေးရန်အတွက် အာဆီယံအရာထမ်းများနှင့် (ဥပမာ၊ HLTFEIမှအရာထမ်းများ)နှင့် နှစ်စဉ်တွေ့ဆုံသည့်ကာလအတွင်း ထုတ်ဖော်တင်ပြစေရမည်။

၄. ရလဒ်ဝေငှရန်အတွက် အရင်းအမြစ်များကို ပေါင်းထည့်ခြင်း။ အေအီးစီဖန်တီးရာတွင် အတွက် ပေးထားသော စံသတ်မှတ်ချက်နှင့် ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီခြင်း (S&C) ၏ အလွန်အရေးပါမှုကို ပေးထားပြီး ရလဒ်ဝေငှနိုင်ရန် အရင်းအမြစ်များကို ပိုမိုပေါင်းထည့်ခြင်းသည် အရေးပါသည်။ ဥပမာ၊ အာဆီယံအတွင်းမှုးချုပ်ရုံး (ASEC) သည် S&C နယ်ပယ်တွင် ဝန်ထမ်းအင်အားနည်းမှုက ရှင်းလင်းစွာ ပြထားပြီး ရည်မှန်းချက်များ ဝေငှရမည့်အချိန်ယူသည့် သွင်းအားစုများအတွက် ပေးအပ်ရမည့် များပြားသော အဖွဲ့ဝင်နိုင်ငံများမှ ကျွမ်းကျင်ပညာသည်များအပေါ် အားထားမှီခိုမှုကြီးမားသည်။

•	ပုဂ္ဂလိကကဏ္ဍမှ ပိုမိုအင်အားတောင့်သော စေ့စပ်ညှိနှိုင်းမှုများ အတွက်လိုအပ်ချက်များနှင့် စံသတ်မှတ်ချက်နှင့် ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီခြင်းကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မှုနှင့်အတူ ကိုက်ညီမှုရှိသော လုပ်ပိုင်ခွင့်ရှိသောအဖွဲ့များ ပေါင်းစည်းမှုဖြစ်စဉ်သည် ပိုမိုခက်ခဲလာမှုများနှင့်အတူ S&C အဆင့်တွင် အာဆီယံဝန်ထမ်းများ အဆင့်မြှင့်တင်ရန် လိုအပ်ပေသည်။

•	စံသတ်မှတ်ချက်နှင့် ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီခြင်းတို့အတွက် အဆင့်မြင့်အဆင့် လုပ်ငန်ဆောင်ရွက်မှုအဖွဲ့သည် အေအီးစီ၏ နောက်ဆုံးရည်မှန်းချက်ဖြစ်သော တစ်ခုတည်းသော ဈေးကွက်ဖြစ်ပေါ်လာရေးအောက်တွင် ကုန်စည်များလွတ်လပ်စွာ စီးဆင်း

မှုကို ပံ့ပိုးပေးပြီး စံသတ်မှတ်ချက်ကိုက်ညီမှုရှိစေရန် ရည်မှန်းချက်နှင့် နည်းဗျူဟာ ဖွံ့ဖြိုးရေးကို ထောက်ပံ့ကူညီရန် ရည်ရွယ်ထားသည်။ S&C ပေါ်တွင် အဆင့်မြင့်အဆင့် လုပ်ကိုင်ဆောင်ရွက်သောအဖွဲ့သည် စီးပွားရေးပေါင်းစည်းမှုပေါ်တွင် အဆင့်မြင့်အဆင့်လုပ်ကိုင်ဆောင်ရွက်သောအဖွဲ့နှင့် သဘောထားကိုက်ညီရန်လိုသည်။

- အာဆီယံမှ ဥပဒေဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းသည် မူဝါဒဘောင်ပေါ်တွင် အချိန်မှီ တရားဝင် အကြံဉာဏ်များထောက်ပံ့ပေးရန်နှင့် စီစစ်အကြံပြုရေးအဖွဲ့ (PWG) သည်ဖွံ့ဖြိုးပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သဘောတူညီစွာ အပြီးသတ်ထားမှုများမတိုင်မီ တရားဝင်စာရင်းရှင်းလင်းမှုများ လိုအပ်သည့် နည်းပညာဆိုင်ရာအထောက်အထားများကို ပံ့ပိုးပေးရန်အလို့ငှာ စီစစ်အကြံပြုရေးအဖွဲ့ (PWG) ၏ ဥက္ကဋ္ဌများအတွက် ဆက်သွယ်ရမည့်အချက်ကို ဦးတည်ရန် လိုအပ်သည်။

- PWG သို့ ပုဂ္ဂလိကကဏ္ဍ၏ တန်ဖိုးအရှိဆုံးပံ့ပိုးမှုများမှာ နည်းပညာဆိုင်ရာနှင့် သိပ္ပံဆိုင်ရာကျွမ်းကျင်သူများ ထောက်ပံ့ပေးခြင်းဖြစ်ပြီး မကြာခဏဒေသအပြင်ဖက်မှ ကျွမ်းကျင်သူများလည်း ပါဝင်သည်။ အဆိုပါ ကျွမ်းကျင်သူများသည် သဘောတူညီထားသည့် လုပ်ငန်း ဖြစ်စဥ်များ မြန်ဆန်လာအောင် ကူညီပေးသည်။ ဤအခန်းကဏ္ဍသည် ပုဂ္ဂလိကကဏ္ဍ ၏ ညှိနှိုင်းမှု စည်းမျဥ်းစည်းကမ်းများနှင့် ဆက်စပ်နေသော အခြေအနေအဖြစ်ကိုယ်စားပြုနိုင်ပြီး ရှင်းလင်းပေါ်လွင်ရမည့်အပြင် ထိုအရာအတွက် လုပ်နည်းကိုင်နည်းဆိုင်ရာ လမ်းညွှန်ချက်များမှာ ကောင်းမွန်သော အတွေ့အကြုံများပေါ်ရှိ လုပ်ငန်းတစ်ခု နယ်ပယ်တစ်ခုအတွက် လေ့လာမှုများပါဝင်ပြီး ဆောင်ရွက်သင့်ပေသည်။

၅. S&C ပြီးပြည့်စုံခြင်းနှင့် ဦးစားပေး ပေါင်းစည်းမည့် ကဏ္ဍများ ချဲ့ထွင်လာခြင်း။ ဦးစားပေး ပေါင်းစည်းမည့် ကဏ္ဍများပေါ် ပထမဦးဆုံး ဦးတည်သည့် အာဆီယံ၏ ဆုံးဖြတ်ချက်များသည် စိတ်ကူးစိတ်သန်းထက်သန်မှု တစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အကန့်အသတ်ဖြင့် ရှိနေသော အရင်းအမြစ်များအပေါ်တွင် ထိရောက်စွာ အသုံးပြုနိုင်မှုကိုဖြစ်ပေါ်စေပြီး ကတိပေးထားသည့်အတိုင်း ရလဒ်များကိုလည်း ရရှိသည်။ သို့သော် ဦးစားပေး ပေါင်းစည်းမည့် ကဏ္ဍများတွင် S&C ပရိုဂရမ်များ ပြည့်ဝစွာ အကောင်အထည် ဖော်ရန်အတွက် လုပ်ဆောင်ရမည့် အလုပ်များစွာ ကျန်ရှိနေသေးသည်။ ဦးစားပေးကဏ္ဍများသည် S&C ၏ ခြားနားချက်အမျိုးမျိုးနှင့် တွေ့ရှိပြီးဦးစားပေး ကဏ္ဍများထက် ကျော်လွန်ပြီး S&C အစပျိုးဆောင်ရွက်မှု ချဲ့ထွင်ခြင်းအတွက် အခြေခံများတွင် လုပ်ငန်းတစ်ဆို့ ကြန့်ကြာနေမှုများကို တွေ့ရှိပြီး ထိုအရာသည် အမှန်တကယ် အရေးပါလှပေသည်။

ဦးစားပေးကဏ္ဍများမှ ချဲ့ထွင်ရာတွင် သော့ချက်အနေဖြင့် ထည့်သွင်းစဉ်းစားရမည့် အချက်တစ်ချက်မှာ ဦးစားပေးကဏ္ဍများအတွက် တာဝန်ယူဆောင်ရွက်နေသည့် ချဉ်းကပ်နည်းကဲ့သို့ အခြားကဏ္ဍများကို ချဲ့ထွင်နေခြင်း သို့မဟုတ် စံသတ်မှတ်ခြင်းနှင့် ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီမှုရှိခြင်း နယ်ပယ်တွင် အလျားလိုက်အတိုင်းအတာ (horizontal measures) သို့ ရွေ့ရှုသောနည်းလမ်းက အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်မည်လားဆိုသည်ကို ထည့်သွင်းစဉ်းစားရမည်။ အလျားလိုက်အတိုင်းအတာ (horizontal measures) ကို အကောင် အထည်ဖော်မှုသည် EU တွင် အောင်မြင်မှု အတိုင်းအတာတစ်ခုရရှိခဲ့ပြီး တစ်ဦးခြင်း ထုတ်ကုန်ကဏ္ဍများအတွက် အထူးအတိုင်းအတာများကို ဖန်တီးရန် လိုအပ်ချက်များကို ရှောင်လွှဲနိုင်သည်။ အလျားလိုက်အစပျိုးမှု၏ ဖြစ်နိုင်ခြေတစ်ခုမှာ အာဆီယံထုတ်ကုန်များ စိတ်ချလုံခြုံသော စည်းမျဉ်းစည်းကမ်းဆိုင်ရာ အခြေခံမှု ဖန်တီးခြင်းဖြစ်သည်။

၆. စွမ်းဆောင်ရည်တည်ဆောက်မှုတွင်ခိုင်မာစွာပူးပေါင်းဆောင်ရွက်ခြင်း။ ပိုမိုဖွံ့ဖြိုးတိုးတက်မှုရှိသော အဖွဲ့ဝင်နိုင်ငံများသည် စွမ်းဆောင်ရည်အချို့ သို့မဟုတ် အခြားလိုအပ်ချက်များတွင် ဖွံ့ဖြိုးမှု နိမ့်ကျနေသော အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ ကူညီပေးရန်လိုအပ်သည်။ သို့ဖြစ်မှသာ ဖွံ့ဖြိုးမှု နိမ့်ကျနေသောနိုင်ငံများသည် စံသတ်မှတ်ချက်နှင့် ထုံးတမ်းစဉ်လာနှင့် ကိုက်ညီမှုရှိခြင်း လိုအပ်ချက်များတို့ကို ဝေဖန်နိုင်ပြီး သူတို့စက်မှုလုပ်ငန်းများ၏ ထုတ်ကုန်များအပေါ် ကြီးကြပ်လာနိုင်မည်။ ပိုမိုဖွံ့ဖြိုးတိုးတက်မှုရှိသော အဖွဲ့ဝင်နိုင်ငံများသည် သူတို့နှင့် လွန်ကဲစွာ မဟုတ်သော်လည်း ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများအကြားကွဲဟနေမှုအတွက် အလွန်မနက် ရှိုင်းစေရန် ဖြစ်စဉ်တစ်ရပ်လုံးပေါ် ဖွံ့ဖြိုးမှုနည်းသောနိုင်ငံများ သယ်ဆောင်လာနိုင်စေရန် ကြိုးစားအားထုတ်မှုများ ပြုလုပ်ပေးရန်လိုသည်။

စံသတ်မှတ်ချက်နှင့် ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီမှုရှိခြင်းအချက်အား လိုက်ဖက်ညီမှုရှိစေရန်အတွက် အခက်အခဲများမကြာခဏရှိပေသည်။ အဘယ်ကြောင့်ဆိုသော အစိုးရအသီးသီးတို့သည် ခြားနားသော ရည်မှန်းချက်များရှိပြီး တစ်ခါတစ်ရံ စံသတ်မှတ်ချက်များနှင့် ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီမှုရှိခြင်း၏ မှန်ကန်သောအကျိုးကျေးဇူးများမှာ အဖွဲ့ဝင်အားလုံးမှ တူညီသောအမြင်ဖြင့် မရှုမြင်နိုင်ပေ။ ရသုံးမှန်ခြေငွေစာရင်းမှာ တိုးတက်လာရန် လိုအပ်သကဲ့သို့ ဖြစ်စဉ်တစ်ရပ်လုံး လွယ်ကူချောမွေ့မှုရှိစေရန်နှင့် နှောင့်နှေးမှုများ ကင်းလွတ်စေရန် ရှင်းလင်းသည့်လမ်းညွှန်ချက်များ ချမှတ်ထားရန်လိုအပ်သည်။ သတင်းအချက်အလက်များ ပိုမိုရရှိစေရန် လိုအပ်သကဲ့သို့ စံသတ်မှတ်ချက်နှင့် ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီမှုရှိခြင်း အစပျိုးသည့် အခြေအနေများကို လိုက်နာဆောင်ရွက်ခြင်း၏

အကျိုး ကျေးဇူးကို အထူးသဖြင့် ရောင်းချသူများနှင့် စက်မှုလုပ်ငန်းရှင်များ သဘောပေါက်နားလည်စေရန်လည်း လိုအပ်ပေသည်။ ထို့ကြောင့် သုတေသနများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ သတင်း အချက်အလက်များစုဆောင်းခြင်းနှင့် သတင်းအချက်များ ဖြန့်ဖြူးခြင်းတို့လိုအပ်ပေသည်။

အရေးကြီးဆုံးမှာ အေအီးစီကို ရှေ့ရှုသော ဒေသအတွင်းတိုးတက်မှုကို အပဟန့်အတား မဖြစ်စေရန်အတွက် စံသတ်မှတ်ချက်နှင့် ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီမှုရှိခြင်း ရည်မှန်းချက်ကို အောင်မြင်မှုရရှိစေရန် အလို့ငှာ အာဆီယံသည် နိုင်ငံအဆင့်နှင့် ဒေသဆိုင်ရာအဆင့် နှစ်ဆင့်လုံးတွင် ခိုင်မာသောဦးဆောင်မှုနှင့် နိုင်ငံရေးလုပ်ကိုင်ချင်စိတ်များ အားကောင်းလာစေရန် လိုအပ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံများ ကိုယ်တိုင်လည်း ဤအတိုင်းအတာများ ဆောင်ရွက်နေခြင်းသည် လက်ရှိကာလတွင် စရိတ်ကုန်ကျမှုများခြင်းနှင့် နှေးကွေးမှုများ ဖြစ်ပေါ်နိုင်သော်လည်း လုပ်ဆောင်ချက်လမ်းကြောင်းအရ သူတို့ကိုယ်စားပြု နိုင်ငံတစ်နိုင်ငံစီအတွက် နောက်ဆုံးတွင် ကုန်သွယ်မှုတိုးတက်လာစေခြင်းနှင့် အကျိုးကျေးဇူးများ ရရှိလာမည်ကို သိမြင်သဘောပေါက်ရပေမည်။ ထိုမှကာလတို စိန်ခေါ်မှုများသည် ကာလလတ်နှင့် ကာလရှည် အလားအလာများဖြစ်သော စံသတ်မှတ်ချက် အချိုးညီလာစေခြင်းမှတစ်ဆင့် လျော့ပါးလာမည် ဖြစ်သည်။

အပြန်အလှန် ဆွေးနွေးဖက်မိတ်ဖက်များမှ ပံ့ပိုးပေးထားသော အာဆီယံအတွင်းရေးမှူးချုပ်ရုံးသည် ဒေသအတွင်း စံသတ်မှတ်ချက်နှင့် ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီမှုရှိခြင်းကို ရှေ့ရှုသော လုပ်ဆောင်ချက်များတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်သည်။ ထိုအချက်များတွင် အချိုးညီသော စံသတ်မှတ်ချက်နှင့် ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီမှုရှိခြင်း အတိုင်းအတာများအတွက် အကျိုးကျေးဇူးများအကြောင်း သတိမူမိစေခြင်းကို မြှင့်တင်ပေးခြင်း၊ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံလုံး၏ လုပ်ငန်းစဉ်တစ်ရပ်လုံးသို့ ပံ့ပိုးထောက်ပံ့ပေးရန် အားပေးခြင်း တို့ပါဝင်သည်။ အေဂျင်စီများအကြား ဆက်ဆံခြင်းနှင့် ပူးပေါင်းခြင်းတို တိုးမြှင့်လာစေရန် မြှင့်တင်ပေးမှုများ လိုအပ်သည်။ သို့ဖြင့် စံသတ်မှတ်ချက်နှင့် ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီမှုရှိခြင်းတို့ သဟဇာတဖြစ်ရေးကို လွယ်ကူစေမည်။

## ပြိုင်ဆိုင်မှုမြင့်မားသော ဈေးကွက်များ : ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ပြိုင်ဆိုင်မှု မူဝါဒ

မြင့်မားသော ပြိုင်ဆိုင်မှုများရှိသည့် ဈေးကွက်များသည် ပြိုင်ဆိုင်ခြင်းနှင့် တက်ကြွ လှုပ်ရှားမှုများသော စီးပွားရေးအတွက် အားထားရာနစ်ခုဖြစ်သော စွမ်းဆောင်ရည်ရှိခြင်းနှင့် တီထွင်မှုများ ပေါ်ပေါက်လာခြင်းကို မျှော်လင့်နိုင်သည်။ မြင့်မားသောပြိုင်ဆိုင်မှုများရှိသည့် ဈေးကွက်များသည် ကုန်စည်နှင့် ဝန်ဆောင်မှုများ (ထုတ်ကုန်ဈေးကွက်) အတွင်းသို့ ဝင်ရောက်ရန်နှင့် ပြန်လည်ထွက်ခွာနိုင်ရန် နှိုင်းယှဉ်ခြင်းအားဖြင့် လွယ်ကူသည့်အပြင် လုပ်ငန်း (ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းဆောင်တာများဆောင်ရွက်ခြင်း) ဈေးကွက်သို့လည်း ဝင်ရောက်ရန်နှင့် ပြန်လည်ထွက်ခွာနိုင်ရန် လွယ်ကူသည်။ အကောက်ခွန်ဖယ်ရှားခြင်း၊ အကာအကွယ်မပေးသော NTM အတိုင်းအတာများ၊ ထိရောက်သော ကုန်သွယ်မှုဆိုင်ရာ လုပ်ဆောင်ချက်များ လွယ်ကူချောမွေ့မှုရှိစေခြင်းနှင့် စွမ်းဆောင်ရည် ပြည့်ဝသော စံသတ်မှတ်ခြင်းနှင့်ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီမှုရှိခြင်းတို့ အားလုံးသည် ကုန်စည်များအတွက် ထုတ်ကုန်ဈေးကွက်တွင်ပို၍ ကြီးမားသော ပြိုင်ဆိုင်မှုများကို ချောမွေ့စေသည်။ ဤအခန်းတွင်ရှိသော ယခုအချိန်အထိ ဆွေးနွေးချက်များနှင့်အကြံပြုချက်များမှာ အကောက်ခွန်ဖယ်ရှားခြင်း၊ အကာအကွယ်မပေးသော NTM အတိုင်းအတာများ၊ ထိရောက်သော ကုန်သွယ်မှုဆိုင်ရာ လုပ်ဆောင်ချက်များ လွယ်ကူချောမွေ့မှုရှိစေခြင်းနှင့် စွမ်းဆောင်ရည် ပြည့်ဝသော စံသတ်မှတ်ခြင်းနှင့် ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီမှုရှိခြင်းတို့ အားလုံး ထောက်ခံပြီး ဈေးကွက်တွင်မြင့်မားသော ပြိုင်ဆိုင်မှုကို ထောက်ပံ့ပေးခြင်း တို့လည်းပါဝင်သည်။ အားလုံးသည် အာဆီယံ၏ " ကုန်စည်များ လွတ်လပ်စွာ စီးဆင်းနိုင်မှုကို ရှေ့ရှုခြင်း" ၏ ညွှန်ကြားချက်အောက်တွင် ရှိသည်။

ကုန်စည်ကဏ္ဍနှင့် အထူးသဖြင့် ဝန်ဆောင်မှုကဏ္ဍတို့တွင် ပိုမို၍ နှိုင်းယှဉ်ခြင်းအားဖြင့် လုပ်ငန်းများလွယ်ကူစွာဝင်ရောက်နိုင်မှုနှင့်ထွက်ခွာမှုတို့ပေါ်မူတည်၍ကြီးမားသောပြိုင်ဆိုင်မှုများများကို ပေါက်ဖွားစေခြင်းသည် အာဆီယံ၏ စိန်ခေါ်မှုများကို များပြားလာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဝန်ဆောင်မှုထောက်ပံ့ပေးခြင်းအများစုသည် စိတ်ဝင်စားသည့် ဈေးကွက်တွင် ကုန်သွယ်မှုဆိုင်ရာနယ်ပယ် တည်ရှိလာခြင်း (Commercial presence) နှင့် ထိုမှရင်းနှီးမြှုပ်နှံမှုကို တောင်းဆိုလာသည်။ လုပ်ငန်းများဝင်ရောက်နိုင်မှုနှင့် ထွက်ခွာမှုတို့သည် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည်၊ ရင်းနှီးမြှုပ်နှံမှု မပြုလုပ်ဟူသောအချက်နှင့် အခြေခံကျစွာ ဆက်စပ်နေသည်။ ထို့ကြောင့် မြင့်မားသောပြိုင်ဆိုင်မှုသည် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများသာမက နိုင်ငံခြားရင်းနှီးမြှုပ်သူများ ရင်းနှီးမြှုပ်နှံမှုအတွက် လွတ်လပ်ပြီး ခွဲခြားဆက်ဆံမှု

မရှိသော စနစ်တစ်ခုအဖြစ် အရေးပါစွာ အဓိပ္ပါယ်ဆိုနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ပြိုင်ဆိုင်မှုမြှင့်မားသော ဈေးကွက်များသည် အေအီစီ အသေးစိတ် လုပ်ငန်းစီမံချက်၏ "လွတ်လပ် စွာဝန်ဆောင်မှုစီးဆင်းခြင်း" နှင့် "လွတ်လပ်စွာ ရင်းနှီးမြှုပ်နှံမှုစီးဆင်းခြင်း" ရည်မှန်းချက်များ ပြည့်ဝစွာနားလည်သဘောပေါက်စေမှုကို ရှေ့ရှုပြီး အရေးပါသောကြီးမားသော လှေကားထစ်များဖြစ်သည်။

အေအီးစီ အသေးစိတ်စီမံချက်အောက်တွင် ကုန်စည်ကဏ္ဍနှင့် ကုန်စည်ကဏ္ဍအတွက် အသေးအဖွဲ့မျှသာရှိသော ဝန်ဆောင်မှုကဏ္ဍများသို့ နိုင်ငံခြားလုပ်ငန်များ ဝင်ရောက်မှုအတွက် လျော့ပေါ့ပေးမှု ပရိုဂရမ်များသည် လက်ရှိအချိန်၌ အာဆီယံ ပြည့်စုံကျယ်ပြန့်သော ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက် (ACIA) ကို ဖမ်းဆုတ်ကိုင်နိုင်ပြီး ဘဏ္ဍာရေးဝန်ဆောင်မှုများနှင့် လေကြောင်းဝန်ဆောင်မှုများမှအပ ဆောင်ရွက်မှုဝန်ဆောင်မှုကဏ္ဍအတွက် အာဆီယံ ဝန်ဆောင်မှုပေါ်တွင် အခြေခံသဘောတူညီချက် (AFAS) ကိုဆုတ်ကိုင်နိုင်သည်။ ACIA သည် လျော့ပေါ့ပေးမှုများတွင် အနှုတ်လက္ခဏာ ချဉ်းကပ်နည်းကို လိုက်နာပြီး (ထို့ကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အချင်းချင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကန့်သတ်ချက်များ ရှိနေရာမှ ကဏ္ဍအလိုက်သီးသန့်ထားရှိမည့်စာရင်းကို တင်သွင်းရန်လိုသည်။) AFAS သည် လျော့ပေါ့ပေးမှုများတွင်း အပေါင်းလက္ခဏာ ချဉ်းကပ်နည်းကို လိုက်နာသည်။ (အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် AFAS မှ သဘောတူညီထားသော ဖော်မြူလာအဖြစ်ယင်းတို့၏ သဘောတူထားသော စာရင်းများကို သတ်မှတ်ပြဋ္ဌာန်းရန်လိုအပ်သည်။) ACIA နှင့် AFAS နှစ်မျိုးလုံးသည် ACIA ရှိ သီးသန့်ထားရှိမည့် စာရင်းမှ ကဏ္ဍအလိုက် အဆင့်အဆင့်ဖယ်ထုတ်မှုများမှတစ်ဆင့် သို့မဟုတ် AFAS မှ လျော့ပေါ့မှုလုပ်ငန်းစဉ်တွင် သဘောတူထားသော ဖော်မြူလာမှ ကဏ္ဍတစ်ခုစီအတွက် ဂတိဝတ်များကို နက်ရှိုင်းစွာ ဆောင်ရွက်ခြင်းနှင့်/သို့မဟုတ် ချဲ့ထွင်ရမည့်ကဏ္ဍများမှတစ်ဆင့် အနီးကပ်ဆုံး ပြည့်ဝသော လျော့ပေါ့မှုများရှိသောစနစ်ကို ရည်မှန်းချက်ထားရှိသည်။

ACIA နှင့် AFAS မှ လျော့ပေါ့ပေးမှုဆိုင်ရာနှုန်းထားများ။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သီးသန့်ထားရှိမည့်စာရင်းမှ အချက်အလက်များယူ၍ ACIA မှ လျော့ပေါ့ပေးမှုနှုန်းထားများ ဖယ်ထုတ်ခြင်း၏အကျိုးရလဒ် သည် တစ်ခါတစ်ရံ ဖိလစ်ပိုင်ကဲ့သို့ အခြေအနေပေါ် မူတည်ပြီး လျော့ပေါ့ပေးမှုစနစ်ရှိသော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် နှိုင်းယှဉ်ခြင်းအားဖြင့် လွတ်လပ်မှုကိုပြသည်။ (ကားချပ် ၃.၅ ကို ကြည့်ပါ။)

ကားချပ်မှ နိုင်ငံခြားရှယ်ယာများခွင့်ပြုမှုအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအပေါ် အပွင့်လင်းဆုံးသော အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး သူ့နောက်မှ စင်္ကာပူနှင့် စိတ်ဝင်စားဖွယ်ကောင်းသည့်အချက်မှာ မြန်မာသည်က လိုက်သည်။ ဘရူနိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် နှိုင်းယှဉ်ခြင်းအားဖြင့် နိုင်ငံခြားရှယ်ယာပါဝင်မှု အနည်းဆုံး ၇၀ ရာခိုင်နှုန်း ခန့်ခွင့်ပြုသည်။ ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် စာရွက်ပေါ်တွင် အနည်းဆုံး ဖွင့်လှစ်ထားသော်လည်း အခြေအနေတစ်ရပ်နှင့် ကြုံလျှင် ပို့ကုန်လုပ်ငန်းဇုန် အတွင်းရှိပို့ကုန်လုပ်ငန်းများသည် ၁၀၀ ရာခိုင်နှုန်း နိုင်ငံခြားပိုင်ဆိုင်မှုရှိနိုင်ပြီး နှစ်နိုင်ငံ၏ လျှော့ပေါ့ပေးမှုနှုန်းများ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အမြင့်ဆုံးသို့မြင့်တက်သွားသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုမှာ စိုက်ပျိုးရေးကဏ္ဍနှင့် သတ္တုကဏ္ဍတို့တွင် နိုင်ငံခြား ပိုင်ဆိုင်မှု လွတ်လပ်ခွင့်ပေးမှုမှာ အတော်နည်းပြီး စက်မှုလုပ်ငန်းကဏ္ဍတွင် လွတ်လပ်မှု ပိုမိုများပြားကြောင်း တွေ့ရသည်။

## ကားချပ် ၃.၅ - အားလုံး ခြုံငုံထားသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့မှုနှုန်း




ဇာစ်မြစ် - Intal et al. (2011) as revised by Intal and Panggabean in 2012.

"unbound" အား ကန့်သတ်ချက်မရှိဟူ၍ ကြည့်မြင်သည့်အခါ ဝန်ဆောင်မှုကဏ္ဍတွင် AFAS 8 package အောက်ရှိ Mode 1 နှင့် 2 တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် လျော့ပေါ့ပေးမှုနှုန်း ခန့်မှန်းမှုရလဒ်သည် ၁၀၀ရာခိုင်နှုန်းလျော့ပေါ့ပေးမှုနှုန်းရှိပြီး အကယ်၍ "unbound" အား ကန့်သတ်ချက်ရှိခြင်းဟု မြင်ပါက အာဆီယံအဖွဲ့ဝင်နိုင်ငံများ အထူးသဖြင့် ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့၏ လျော့ပေါ့မှုနှုန်းထားမှာ သိသိသာသာကျဆင်းလာသည်။ အကျိုးဆက်အနေဖြင့် အာဆီယံနိုင်ငံအများစုသည် သူတို့၏ လွတ်လပ်သော ကတိခံဝန်ချက်များကို (လက်တွေ့ကျစွာ) Mode 1 ဝန်ဆောင်မှုလုပ်ဆောင်ချက်များတွင် ချည်နှောင်မထား ပေ။ Mode 1 နှင့် 2 ဝန်ဆောင်မှုကဏ္ဍများသည် ကုန်စည်ဈေးကွက်နှင့် နီးကပ်စွာတူညီပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အာဆီယံတွင် Mode 1 နှင့် 2 အရ မြင့်မားသော ပြိုင်ဆိုင်မှုရှိသော ဝန်ဆောင်မှုဈေးကွက်သို့ ဂတိပြုသည်ကို AFAS 8 မှ ပြသသည်။

### ဇယား ၃.၂ - Mode 1 ဖြေလျော့မှုနှုန်းများ AFAS 7 နှင့် 8 အတွက် ဂတိခံဝန်မှုများ 'Unbound'ကို ကန့်သတ်ချက်များအဖြစ် သို့မဟုတ် ကန့်သတ်ချက် မဟုတ်သည်များအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း (ရာခိုင်နှုန်းဖြင့်)

| COUNTRY | MODE 1 | | | |
|---|---|---|---|---|
| | AFAS 7 | | AFAS 8 | |
| | (a) | (b) | (a) | (b) |
| 1-Brunei | 67.9 | 96.7 | 71.4 | 97.2 |
| 2-Cambodia | 70.7 | 97.7 | 75.1 | 99.1 |
| 3-Indonesia | 74.2 | 99.4 | 74.3 | 99.7 |
| 4-Lao PDR | 98.7 | 100 | 95.2 | 100 |
| 5- Malaysia | 62.8 | 98.1 | 67.5 | 98.3 |

| | | | | |
|---|---|---|---|---|
| 6- Myanmar | 85.1 | 100 | 87.3 | 100 |
| 7-Philippines | 50 | 94.6 | 51.0 | 94.1 |
| 8-Singapore | 91.1 | 96.3 | 90.9 | 96.4 |
| 9-Thailand | 61 | 95.3 | 65.2 | 94.9 |
| 10-Viet Nam | 49.5 | 94.6 | 50.3 | 94.7 |
| Average | 71.1 | 97.3 | 72.8 | 97.4 |

မှတ်ရန် - (a)=computationofthescoresassumesan'Unbound'commitmentasalimitation.(b)=computation ofthe scores assumes an'Unbound'commitmentnotas a limitation.

ဇာစ်မြစ် -Narjoko and Herdiyanto(2012).

ရင်းနှီးမြှုပ်နှံမှုစနစ်သည် ကုန်စည်ကဏ္ဍအထူးသဖြင့် စက်မှုလုပ်ငန်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုလွတ်လပ်မှုရှိသော်လည်း Mode 3 (commercial presence) ကုန်သွယ်မှုဆိုင်ရာနယ်ပယ်တည်ရှိလာခြင်းအတွက် လျော့ပေါ့ပေးမှုလုပ်ငန်းစဉ်များမှာ AFAS အောက် မှ ဝန်ဆောင်မှုကဏ္ဍများအတွက် ခက်ခဲသည်ထက်ခက်ခဲလာသည်။ ဇယား၃.၃တွင် AFAS 7 နှင့် AFAS 8 အောက်ရှိဦးစားပေး ပေါင်းစည်းသောကဏ္ဍများ၊ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၊ အခြားကဏ္ဍများနှင့် ကဏ္ဍများအားလုံးအတွက် Mode 3 ၏ လျော့ပေါ့ပေးမှုနှုန်းထားများကို အကြိုခန့်မှန်းဖော်ပြထားသည်။ AFAS 8 အောက်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအများစု၏ လျော့ပေါ့ပေးမှုနှုန်း ခန့်မှန်းချက်များမှာ သတိပြုမိလောက်အောင် ကျဆင်းလာသည်။ ဤအချက်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရှယ်ယာများ အဆင့်ပိုမိုမြင့်မားစွာ ခွင့်ပြုနိုင်မှုအောက်ရှိ များပြားသော အခြားကဏ္ဍများကဲ့သို့ ဦးစားပေးပေါင်းစည်းသော ကဏ္ဍများ၊ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍနှင့် အခြားကဏ္ဍများနှင့် အစီအစဉ်ထားရှိရန်လိုအပ်သော အခြားကဏ္ဍများ အတွက် AFAS 7 နှင့်နှိုင်းယှဉ်လျှင် AFAS 8 အောက်ရှိနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရှယ်ယာများ အဆင့်ပိုမိုမြင့်မားစွာခွင့်ပြုမှုကို အကျိုးသက်ရောက်စေသည်။ မည်သို့ပင်ဆိုစေ

အဆင်းရဲဆုံး နိုင်ငံနှစ်နိုင်ငံဖြစ်သော မြန်မာနှင့်လာအိုတို့နိုင်ငံများသည် အမြင့်ဆုံး လျော့ပေါ့ပေးမှုနှုန်းရှိပြီး ၎င်းတို့နောက်တွင် ဗီယက်နမ်နိုင်ငံလိုက်သည့်အချက်သည် မှတ်သားထိုက်ပေသည်။

ဇယား ၃.၃ - Mode 3 ဖြေလျော့မှုနှုန်းများ AFAS 5, AFAS 7 နှင့် AFAS 8 ဂတိခံဝန်ချက်များ အစုအဖွဲ့အလိုက်(ရာခိုင်နှုန်းဖြင့်)

| COUNTRY | Mode3 | | | | | | | |
|---|---|---|---|---|---|---|---|---|
| | PIS | | LOG | | OTHERS | | ALL Sector | |
| | AFAS 7 | AFAS 8 | AFAS 7 | AFAS 8 | AFAS 7 | AFAS 8 | AFAS 7 | AFAS 8 |
| 1 -Brunei | 21.6 | 30.3 | 63.9 | 72.5 | 60.2 | 58.0 | 49.6 | 50.2 |
| 2 -Cambodia | 46.9 | 34.1 | 88.1 | 37.1 | 91.9 | 38.0 | 78.9 | 37.0 |
| 3 -Indonesia | 49.4 | 52.0 | 89.2 | 52.6 | 79.7 | 63.7 | 70.6 | 59.1 |
| 4 -Lao PDR | 78.6 | 86.8 | 87.2 | 86.4 | 80.9 | 78.1 | 80.7 | 80.5 |
| 5 - Malaysia | 55.9 | 56.4 | 82.6 | 70.5 | 57.5 | 66.8 | 58.3 | 64.8 |
| 6 - Myanmar | 81.3 | 84.3 | 80.2 | 86.3 | 80.2 | 84.6 | 80.6 | 84.5 |
| 7 -Philippines | 39.2 | 41.3 | 66.1 | 38.2 | 45.9 | 39.5 | 45.8 | 39.8 |
| 8 -Singapore | 44.9 | 35.8 | 55.5 | 38.4 | 77.8 | 32.9 | 68.2 | 34.0 |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 9 -Thailand | 25.8 | 52.2 | 56.8 | 51.0 | 68.5 | 44.5 | 58.4 | 46.3 |
| 10-Viet Nam | 91.3 | 67.3 | 90.7 | 29.1 | 86.2 | 85.9 | 87.8 | 77.4 |
| Average | 53.5 | 54.1 | 76.0 | 56.2 | 72.9 | 59.2 | 67.9 | 57.4 |

ဇာစ်မြစ် - Narjoko and Herdiyanto (2012)

ထိခိုက်လွယ်သောစက်မှုလုပ်ငန်းများအတွက် AFAS သက်သာမှုရှိသော စည်းမျဉ်းများတွင် ပါဝင်သည့် လုပ်ငန်းများမှတစ်ပါး ဝန်ဆောင်မှုကဏ္ဍအားလုံးတိုင်အောင် ကဏ္ဍများစွာတွင် နိုင်ငံခြားရှယ်ယာပါဝင်မှု ပိုမိုခွင့်ပြုမည့် ရည်မှန်းချက်များရှိသော နောက်ပိုင်း AFAS packages ( AFAS 9 to AFAS 12 ) သည် နိုင်ငံခြားရှယ်ယာပါဝင်မှု အနည်းဆုံး ၇၀% ခွင့်ပြုမည့် အချက်များကို ကာမိစေသည်။ အေအီးစီ အသေးစိတ်စီမံချက် ၂၀၀၉-၂၀၁၅ ရှိ ကနဦးပရိုဂရမ်များအဖြစ် Packageအားလုံးသည် ၂၀၁၅ခုနှစ်တွင်အပြီးသတ်ရမည်ဖြစ်သည်။ AFAS 8 မှ လမ်းညွှန်ချက်များရှိသည့်တိုင် အဆိုပါအချက်သည် လွန်လွန်ကျွံကျွံဖြစ်နေသည်။ AFAS မှ လျှော့ပေါ့ပေးသည့် ပရိုဂရမ်များသည် ၂၀၁၅ ကျော်လွန်ပြီး တစ်ဖြေးဖြေး ရွေ့သွားနိုင်သည်။

ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွတ်လပ်မှုရှိခြင်းအတွက် လုပ်ဆောင်ရမည့် ရှေ့လုပ်ငန်းစဉ်များ။

ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွတ်လပ်မှုရှိခြင်းအတွက် လုပ်ဆောင်ရမည့်နည်းလမ်းများ သည် နှိုင်းယှဉ်ခြင်းအားဖြင့် ရှေ့သို့တည့်မတ်စွာသွားနေသည်။ ဆိုလိုသည်မှာ AFAS အောက်ရှိ ဝန်ဆောင်မှုကဏ္ဍများနှင့် ACIA အောက်ရှိ ကုန်စည်ကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုစနစ် နှစ်မျိုးစလုံးသည် အဆင့်လိုက်လျှော့ပေါ့ပေးနေသော လုပ်ငန်းစဉ်များရှိသည်။

- ACIA အောက်တွင် ဤအရာသည် အစိတ်အပိုင်း ၂ (ဆိုလိုသည်မှာ သက်ဆိုင်သော ကန့်သတ်ချက်များ၏ လျော့နည်းလာမှု သို့မဟုတ် လျှော့ချမှုများအရ စက်မှုလုပ်ငန်းများ) အောက်ရှိလုပ်ငန်များ၏ စာရင်းတွင် အဆင့်ဆင့်လျှော့ချမှု ဖြစ်စဉ်ဆက်လက်ဆက်နေသည် ဟူ၍ အဓိပ္ပါယ်ရသည်။

- အေအီးစီ လုပ်ငန်းစီမံချက်အကောင်အထည်ဖော်မှုပေါ်တွင် MTR အကြံပြုချက် များနှင့် တူညီစွာ ( ERIA,2012a, p. VIII-31-32) အစိတ်အပိုင်း ၂ အောက်တွင် ပါဝင်သော

အလျော့အတင်းရှိမှုပေါ်တွင် အလွဲသုံးစားလုပ်မှုများ မပြုလုပ်နိုင်ရန် အစိတ်အပိုင်း ၂ အောက်ရှိ အနိမ့်ဆုံးရင်းနှီးမြှုပ်နှံမှု အတားအဆီးများ၊ ကန့်သတ်ချက်များ ပါဝင်သင့်သည့် ညွှန်ကြားချက်များ ချမှတ်သင့်ပေသည်။

- AFAS အောက်တွင်ဤအချက်သည် ၂၀၁၅ တွင် အကောင်အထည်မဖော်ရသေးသည့် AFAS အဆင့်များ အဆင့်လိုက်လျော့ချမှုနှင့် အတူတကွ အလျော့အတင်းရှိသောစည်းမျဉ်းများမွမ်းမံခြင်းနှင့် အလျော့အတင်းရှိသောနှုန်းဖြင့် လျော့ချခြင်းတို့ ဆက်လက်ဆောင်ရွက်ခြင်းအဓိပ္ပါယ်ရသည်။

ပိုမိုခက်ခဲသည့် အခြေအနေသည် ၂၀၁၅ အလွန် လျော့ချပေးမှုလုပ်ငန်းစဉ်များ၏ လမ်းကြောင်း သတ်မှတ်ရန်ဖြစ်သည်။ လုပ်ငန်းစဉ်သည် ၂၀၂၀ တွင် အဆုံးသတ်မည်လား သို့မဟုတ် ၂၀၂၅ တွင် အဆုံးသတ်မည်လား အခန်းခေါင်းစဉ်သည် ၂၀၁၅ အလွန် ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အတွက်သေချာစွာ စဉ်းစားထားသော ဆက်လက်အဆင့်လိုက်လျော့ပေါ့ပေးခြင်းနှင့် လမ်းကြောင်းများကို အကြံပြုထားသည်။ အိတာကာ (၂၀၁၃) နှင့် ဒီး (၂၀၁၂) တို့၏ သရုပ်သကန် ဖန်တီးမှုရလဒ်များက ဝန်ဆောင်မှုတွင် အထူးသဖြင့် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆက်စပ်နေသော ဝန်ဆောင်မှုလုပ်ငန်းများတွင် လျော့ပေါ့မှုများပေးခြင်းသည် သိသာထင်ရှားသော အလားအလာရှိသည့် အကျိုးကျေးဇူးကို ဖြစ်ပေါ်စေသည်ဟု အကြံပြုခဲ့ကြသည်။ စွမ်းဆောင်ရည်ရှိသော ဝန်ဆောင်မှုကဏ္ဍများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးမြင့်လုပ်ငန်းများနှင့် ထုတ်လုပ်မှု ကွန်ယက်တွင် မြှင့်တင်လာနိုင်ရန်အတွက် အရေးပါပေသည်။ (Damuri,၂၀၁၃) ပိုမိုထိခိုက်လွယ်သော ဝန်ဆောင်မှုကဏ္ဍများအတွက် နိုင်ငံရေးဆိုင်ရာ စီးပွားရေး ပြဿနာများလည်းရှိသည်။ ထို့ကြောင့် ဆက်လက်၍ ဝန်ဆောင်မှုဆိုင်လျော့ပေါ့ပေးမှုများအတွက် လမ်းကြောင်းနှင့် အဆင့်လိုက်သတ်မှတ်ချက်များကို ဆုံးဖြတ်ရန်အတွက် စဉ်းစားနိုင်းယှဉ်သည့် ချဉ်းကပ်နည်းသည် လိုအပ်လာပေသည်။

အာဆီယံအတွက် လုပ်သင့်လုပ်ထိုက်သောအရာသည် ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ လွတ်လပ်စွာ ရွှေ့ပြောင်းမှု အတွက်လျော့ပေါ့ပေးမှုများတွင် ကတိုက်ကရိုက် တွန်းအားပေးမှုများနှင့် ပေါင်းစည်းသောထုတ်လုပ်မှု အခြေခံတည်ထောင်ရာတွင် အလေးပေးမှု လျော့နည်းနေခြင်းတို့ထက် ပြိုင်ဆိုင်မှုမြင့်မားသော အာဆီယံဈေးကွက်နှင့် လိုက်ဖက်ညီစေရန်

အာဆီယံတွင် ပေါင်းစည်းသော ထုတ်လုပ်မှုအခြေခံတည်ထောင်မှုကို ပိုမိုဦးစားပေးရန်ဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံသည် ကောင်းစွာဆောင်ရွက်နိုင်စေရန် အလို့ငှာ ခက်ခဲသော ပေါ်လစီအတိုင်းအတာများနှင့် အရင်းအမြစ်ပမာဏများပြားစွာ လိုအပ်နေမှုများပါဝင်သည့်အဆင်ပြေချောမွေ့မှုရှိမည့်လုပ်ဆောင်ချက်များပိုမိုတိုးတက်မှုရရှိစေရန် ဦးတည်ချက်များ ပိုမိုပေးရန်လိုအပ်သည်။

မည်သို့ပင်ဆိုစေကာမူ၊ ဒေသတွင်းထုတ်လုပ်မှု ကွန်ယက်ပေါ်တွင် ပေါင်းစည်းသည့် ထုတ်လုပ်မှု အခြေခံတည်ရှိခြင်းပေါ်ပိုမိုအလေးပေးပြီး ဒေသတွင်းဖွံ့ဖြိုးမှုနိမ့်ကျသော ဒေသများ နှင့် ပိုမိုနက်ရှိုင်းစွာ စေ့စပ်ဆောင်ရွက်ခြင်းအားဖြင့် ဒေသအတွင်း တစ်ခုတည်းသော စျေးကွက်ဖြစ်ပေါ်လာခြင်းပေါ် ရှေ့ရှုသည့် လမ်းကြောင်းသည် ပိုမိုလုပ်ကိုင်လာနိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု အခြေအနေများ ဆက်စပ်စွာ တိုးတက်လာမှုနှင့် ပိုမိုတောင့်တင်းသော စီးပွားရေး တိုးတက်မှု ရရှိလာနိုင်မှုတို့ဖြစ်ပေါ်လာမည်။ ဤအရာသည် တစ်ခုတည်းသော စျေးကွက်သည် အကျိုးကျေးဇူးအများဆုံးဖြစ်သည့်အပြင် အားလုံးမဟုတ်သည့်တိုင် ဒေသတွင်းရှိ လူများသည် ဒေသတွင်း လက်ရှိများပြားသော ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များ သိသိသာသာ လျော့နည်းလာနိုင်သည့်အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စျေးနှုန်း ကွာဟချက်သည်လည်း ကိုက်ညီမှုရှိစွာ ကျဉ်းမြောင်းလာမည်ဖြစ်သည်။

## ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှု၊ ဘဏ္ဍာရေးဆိုင်ရာ ပေါင်းစည်းမှုနှင့် မေကရိုဘောဂဗေဒ ပေါ်လစီ ပူးပေါင်းခြင်းတွင် ပြိုင်ဆိုင်မှုများ။

ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှု၊ ဘဏ္ဍာရေးဆိုင်ရာ ပေါင်းစည်းမှုတွင် ပြိုင်ဆိုင်မှုများသည် အာဆီယံအတွက် သိသာထင်ရှားသော စိန်ခေါ်မှုကိုဖေါ်ပြသည်။ တစ်ဖက်တွင်ဒေသအတွင်းရှိ ပြိုင်ဆိုင်မှုရှိသော ဘဏ္ဍာရေးဆိုင်ရာစျေးကွက်နှင့် ပိုမိုပေါင်းစည်းသော ဘဏ္ဍာရေးဆိုင်ရာ စျေးကွက်များသည် တိုင်းပြည်အတွင်းရှိ ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများ ထောက်ပံ့ပေးရာတွင် စွမ်းဆောင်ရည်ရှိခြင်းနှင့် တီထွင်မှုများကို ဖန်တီးဖြစ်ပေါ်စေသည့်အပြင် ဒေသအတွင်း ရင်းနှီးမြှုပ်နှံမှု အရင်းအမြစ်များကို ပိုမိုကောင်းမွန်စွာ ခွဲဝေချထားနိုင်သည့် နေရာထောက်ပံ့ပေးခြင်းနှင့် ဒေသတွင်းသို့ ရင်းနှီးမြှုပ်နှံမှုရံပုံငွေများကို ပိုမိုဆွဲဆောင်နိုင်ခြင်းတို့ကို ဖြစ်ပေါ်စေသည်။ အထက်တွင်ဖော်ပြမှုအားလုံးသည် ဒေသအတွင်း တည်တံ့သော မြင့်မားသောတိုးတက်မှုကို ရှေ့ရှုပြီး တွန်းအားပေးသည် အထောက်အပံ့များဖြစ်သည်။ အခြားတစ်ဖက်တွင်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား နှိုင်းနှိုင်းယှဉ်ယှဉ်ဖြင့် စည်းမျဉ်းဆိုင်ရာ စွမ်းရည်များနှင့် စနစ်များသည် ကျယ်ပြန့်သော အတိုင်းအတာ ရှိသည်။ ထပ်မံ၍

ဒေသရှိ ဘဏ္ဍာရေး တည်ငြိမ်မှု အခြေခံအဆောက်အအုံမှာ မလုံလောက်ပေ။ ထို့အပြင် Majuca (၂၀၁၃) မှ ထိုးနက်ချက်များ ပြောင်းမှုသရုပ်ခွဲမှုတွင် ( analysis of transmission of shock) အာဆီယံ မေကရိုဘောဂဗေဒကိန်းရှင်များ ဉပမာ ဂျီဒီပီသည် အာဆီယံ ဒေသအတွင်းမှ ထိုးနက်ချက်များအပေါ် လွှမ်းမိုးမှုအများဆုံးရှိပြီး တူညီသော နည်းလမ်းများဖြင့် ပေးထားသော တိုင်းပြည်တစ်ပြည်၏ မေကရိုဘောဂဗေဒကိန်းရှင်များသည် ပြည်တွင်း ထိုးနက်ချက်များနောက်တွင် တရုတ်၊ ဂျပန်တို့မှ ထိုးနက်ချက်များအရ အများဆုံး ထိခိုက်စေသည်။ ထို့ကြောင့် ပေးထားသော သိသာထင်ရှားသော အန္တရာယ်များ အထူးသဖြင့် လက်ရှိကာလများတွင် ပေါ်ပေါက်ခဲ့သော EU ၏ အတွေ့အကြုံကို ဦးတည်ပြီး ဘဏ္ဍာရေး ဆိုင်ရာပေါင်းစည်းမှုများအတွက် ပိုမိုသောအတိုင်းအတာနှင့် သတိပြုမှုများ နည်းလမ်းများသည် အကြောင်းခိုင်လုံမှု ရှိရမည်ဖြစ်သည်။

အာဆီယံဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှု လျှော့ပေါ့ပေးခြင်းသည် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းအစုမှတစ်ဆင့် နောက်ဆုံးဖြစ်သည့် ၅ ခုမြောက် လုပ်ငန်းအစု (5th package) ဆောင်ရွက်နိုင်သည်။ အေအီးစီ အသေးစိတ်စီမံချက် အီရီယာ ကာလလယ် သုံးသတ်ချက်မှ ၅ခု မြောက် လုပ်ငန်းအစု သရုပ်ခွဲမှုသည် (ERIA, 2012 a) နိမ့်ကျသော လျှော့ပေါ့ပေး မှုနှုန်း အထူးသဖြင့် mode 3 (ကုန်သွယ်မှုဆိုင်ရာ နယ်ပယ်တည်ရှိလာခြင်း) တွင် တည်ရှိနေကြောင်း ဖော်ပြသည်။ AFAS ရှိ အခြေအနေကဲ့သို့ စိန်ခေါ်မှုသည် ပိုမိုမြင့်မားသော နိုင်ငံခြားအစုရှယ်ယာပါဝင်ခွင့် အထူးသဖြင့် အနည်းစုမှ အများစု ရှယ်ယာ အဆင့်ကို ရွှေ့ပြောင်းခြင်းအရ လျှော့ပေါ့ပေးသောနှုန်းကို နက်ရှိုင်းမှု ရရှိစေရန်ဖြစ်သည်။

အာဆီယံဗဟိုဘဏ် ဉက္ကဋ္ဌအဖွဲ့သည် ဒေသအတွင်း ဘဏ္ဍာရေးကဏ္ဍသည် ဘဏ်ဦးဆောင်မှုကို ထည့်သွင်းစဉ်းစားပြီး ဒေသတွင်း ဘဏ္ဍာရေးဆိုင်ရာပေါင်းစည်းသည့် မူဝါဒကို အဓိက ပြုသည့် အာဆီယံဘဏ်စနစ် ပေါင်းစည်းသည့်အခြေခံမှု (ABIF) ကိုအတည်ပြုခဲ့သည်။ ABIF သည် ၂၀၂၀ ကို ရည်မှန်းချက်ထားပြီး ဒေသတွင်း ဘဏ်စနစ်ပေါင်းစည်းခြင်း အောင်မြင်မှုအတွက် အကြိုအခြေအနေ ၄ ရပ်ကို ချမှတ်ခဲ့သည်။ အကြိုအခြေအနေ ၄ ရပ် နှင့် တစ်ခုစီအတွက်လုပ်ငန်းဆောင်ရွက်မည့် အုပ်စုများ ချမှတ်များသည် အောက်ပါအတိုင်း ဖြစ်သည်။ နှိုင်းနှိုင်းချိန်ချိန်လုပ်ဆောင်ရမည့် စည်းမျဉ်းစည်းကမ်းများ အချိုးညီမှုရှိစေခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ တည်ငြိမ်သည့် အခြေခံအဆောက်အအုံ တည်ထောင်ခြင်း၊ BCLMV နိုင်ငံများအတွက်စွမ်းဆောင်ရည်မြင့်မားစေမှုတည်ထောင်ပေးနိုင်ရန်ထောက်ပံ့မှုပေးခြင်းနှင့် နိုင်ငံကူးလက်မှတ် တစ်ခုတည်းဖြင့် မည်သည့်အာဆီယံနိုင်ငံမဆို လုပ်ငန်းဆောင်တာများ

လုပ်ဆောင်နိုင်ရန် အာဆီယံအရည်အသွေးပြည့်မီသော ဘဏ်များ (QAB) အတွက် သဘောတူထားသော စံသတ်မှတ်ချက်များ သတ်မှတ်ပေးခြင်းတို့ဖြစ်သည်။ ABIF ရှုထောင့်မှ ဘဏ်စနစ် ပေါင်းစည်းခြင်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ASEAN QAB၏ ကုန်သွယ်မှုဆိုင်ရာ နယ်ပယ်တည်ရရှိလာခြင်းပင်ဖြစ်သည်။ ( See Wihardja, 2013)

ဆောင်ရွက်မည့်နည်းလမ်းများ[3] ။ ဆောင်ရွက်မှုအများစုမှာ ၂၀၁၅ ကျော်လွန်သည့်နှစ်များအတွက်ဖြစ်သည်။ လက်ကျန်စစ်ဆေးသည့်ရလဒ်များက BCLMV နိုင်ငံများတွင် ဘဏ္ဍာရေးဆိုင်ရာ တည်ငြိမ်မှု ပိသုကာအရ နိုင်းနိုင်းချိန်ချိန်ဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများနှင့် ကြီးမားသောမပြည့်စုံမှုများ အချိုးညီစေရန်အလို့ငှာ ကြီးမားသောစိန်ခေါ်မှုများရှိသည်ကို ဖော်ပြသည်။ ဘဏ်စနစ်ပေါင်းစည်းရေးကို ရှေ့ရှုသော နိုင်ငံရေးဆိုင်ရာ စိန်ခေါ်မှုများများစွာ ရှိကြောင်းကိုဖြစ်ပေါ်စေသောကြောင့် ရည်မှန်းချက်ဖြစ်သော ၂၀၂၀ သည်လက်တွေ့မဆန်လှပါ။

မည်သို့ပင်ဆိုစေ လက်ကျန်စစ်ဆေးသည့် ရလဒ်များကဦးစားပေး လုပ်ဆောင်ရမည့် နည်းလမ်းများကို ဖော်ပြသည်။

• ပေါင်းစည်းမှုများဆောင်ရွက်ပြီးနောက် စနစ်ကျသော အန္တရာယ်နှင့် ဖြစ်ပေါ်တတ်သော အကျိုးဆက်များပါဝင်ရန် ဘဏ္ဍာရေးဆိုင်ရာ တည်ငြိမ်သော အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း

ဤအချက်တွင် ဒေသတွင်း မေကရိုအခြေအနေ ဆင်ခြင်တွေးဆစွာစောင့်ကြည့်ခြင်း (AMRO အောက်တွင်) ဒေသတွင်း အကြပ်အတည်းစီမံခန့်ခွဲမှု ညှိနှိုင်းချက်ပဋိညာဏ်ဒေသဆိုင်ရာ ပေးချေမှုနှင့် အခြေချမှုစနစ်၊ ဒေသအတွင်း ဘဏ္ဍာရေးဆိုင်ရာ လုံခြုံမှုကွန်ယက် (CMIM အောက်ရှိ) ၊ ပိုင်ဆိုင်ခွင့်အကာအကွယ်ပေးရန် ဥပဒေကြောင်းအရစနစ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အခွန်ဆိုင်ရာ သတင်းအချက်အလက်ပေးခြင်း၏ အလိုအလျောက်လဲလှယ်နိုင်မှု ဖြစ်နိုင်ခြေတို့ပါဝင်သည်။

• အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြားဆင်ခြင်တွေးဆမှုရှိသည့် စည်းမျဉ်း၊ စည်းကမ်းများ အချိုးညီစေခြင်း

Footnote 3 - This rubrection is taken from Wihardja (2013). ABIF

AFAS နှင့်မကိုက်ညီသည့် အခြေအနေများဖြစ်နိုင်သည့် ဘဏ်စနစ်တွင်းဝင်ရောက်မှုတွင် စည်းမျဉ်း၊ စည်းကမ်းများဆိုင်ရာနှင့် ဆင်ခြင်တွေးဆမှုဆိုင်ရာ အတားအဆီးများ မြင့်တက်လာနိုင်သည်။ သို့သော် ခိုင်မာသော နှိုင်းနှိုင်းဆဆ ဆောင်ရွက်မှုသည် ဘဏ္ဍာရေးဆိုင်ရာ ကဏ္ဍ တောင့်တင်းခိုင်မာစွာနှင့် ပိုမိုပွင့်လင်းလာစေရန်ဆောင်ရွက်ရမည်ဖြစ်ပြီး နှိုင်းယှဉ်စဉ်းစားဆောင်ရွက်သင့်ပေသည်။

- စွမ်းရည်တည်ဆောက်ခြင်းသည်အလွန်အရေးကြီးသည်။

စည်းမျဉ်းဆိုင်ရာ ကွာဟချက်များများစွာ ဖြစ်ပေါ်နေသော BCLMV နိုင်ငံများအတွက် အထူးအရေးပါသောကိစ္စဖြစ်သည်။

- ABIF ရှုထောင့်အသီးသီးမှ အထူးကြပ်မတ်လေ့လာမှုနှင့် သုတေသနပြုလုပ်မှုနှင့် ဒေသတွင်း ဘဏ္ဍာရေးဆိုင်ရာပေါင်းစည်းမှုများသည် လိုအပ်သည်။

အာဆီယံအဖွဲ့ဝင်အချင်းချင်းအကြား အကျိုးကျေးဇူးများ၊ အခွင့်အရေးများ၊ ABIF ၏ စရိတ်နှင့် အန္တရာယ်များ၊ ကွန်ယက်စီစဉ်ခြင်းများနှင့် ဒေသဆိုင်ရာဘဏ်စနစ်၏ ပေါင်းစည်းမှုအဆင့်တို့ကို သတ်မှတ်ရန်တို့ပါဝင်သည်။ ထို့အပြင် အာဆီယံ ၅ နိုင်ငံ နှင့် BLCMV အပေါ် ABIF ၏ မတူညီသော အကျိုးသက်ရောက်မှုများကိုလည်း သတ်မှတ်ရန်လိုသည်။

- အာဆီယံအတွင်းသာမက အာဆီယံ + ၃ ( တရုတ်၊ ဂျပန်၊ ကိုရီးယား) တို့သာလွန်သော မေကရိုစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိုရှေ့ရှုပြီး ရွှေ့ပြောင်းရန်။

Majuca (၂၀၁၃) ရလဒ်က အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံခြင်းအပေါ်တွင် အရှေ့မြောက်အာရှနိုင်ငံများမှ ထိုးနှက်ချက်များ၏ အကျိုးသက်ရောက်မှုများ၏ အတိုင်းအတာသည် ပြည်တွင်းထိုးနှက်ချက်များက အာဆီယံအဖွဲ့ဂင်နိုင်ငံတနိုင်ငံချင်းအပေါ် ဒုတိယသာ ဖြစ်သည်။

## ပြိုင်ဆိုင်မှုပေါ်လစီ

ပြိုင်ဆိုင်မှုပေါ်လစီသည် အရှေ့ပိုင်းတွင် ဆွေးနွေးပြီးဖြစ်သော ဒေသတွင်း နောက်ဆုံးတွင် တစ်ခုတည်းသော ဈေးကွက်နှင့်ထုတ်လုပ်မှုအခြေခံကို ရှေ့ရှုသော အာဆီယံပြည်တွင်းနှင့် ဒေသဆိုင်ရာ ဈေးကွက်ပြိုင်ဆိုင်မှုများ အားပေးမြှင့်တင်နိုင်ရန်ရှေ့ရှုပြီး လွတ်လပ်မှုနှင့် အဆင်ပြေချောမွေ့မှုတို့အတွက် အရေးပါသောအရာဖြစ်သည်။ ပြိုင်ဆိုင်မှုပေါ်လစီသည် လုပ်ငန်းများ၏ပြိုင်ဆိုင်မှုကို ဆန့်ကျင်သည့်အပြုအမူများပေါ် လုပ်ဆောင်သောကြောင့် ပြိုင်ဆိုင်မှုပေါ်လစီသည် အာဆီယံမြင့်မားစွာပေါင်းစည်းမှုတွင် ပြည်တွင်းဈေးကွက် အတွေ့အကြုံများအရ သာမက လုပ်ငန်းများပေါင်းစည်းခြင်း (mergers) သို့ဒေါင်လိုက် ပြင်ပအရင်းအမြစ်ရှာဖွေသော သဘောတူညီချက်များ (vertical outsourcing agreement) ၏ အပြည်ပြည်ဆိုင်ရာလုပ်ငန်းများ (transnational ) ၏ အတွေ့အကြုံများအရ အရေးပါမှု ပိုမိုလာခဲ့သည်။

ပြိုင်ဆိုင်မှုရှိခြင်း၏ အခြေခံပန်းတိုင်မှာ ပြည်တွင်းနှင့်ဒေသတွင်းကဲ့သို့ နယ်ခံနှင့် နိုင်ငံခြား လုပ်ငန်းများအားလုံးအတွက် ပါဝင်မှုနယ်ပယ်အဆင့် သေချာမှုရရှိစေရန်ဖြစ်သည်။ ထို့ကြောင့် ပြိုင်ဆိုင်မှုပေါ်လစီသည် ပြည်တွင်းနှင့် ဒေသဆိုင်ရာအတွင်းရှိ လုပ်ငန်းများ၏ ပြိုင်ဆိုင်မှု ကင်းမဲ့သောအပြုအမူများပေါ် ဦးတည်ရုံမျှမက အခြားလုပ်ငန်းများနှင့် နိုင်းယှဉ်ပါက အစိုးရပိုင် လုပ်ငန်းများနှင့် အစိုးရနှင့် ဆက်စပ်နေသောလုပ်ငန်းများ ရင်ဆိုင်ရသော စည်းမျဉ်း၊ စည်းကမ်း ဆိုင်ရာပတ်ဝန်းကျင်နှင့် ဆက်စပ်မှုအရ ခက်ခဲသောပေါ်လစီပြဿနာများ ကိုင်တွယ်ရန် လိုအပ်မှုပေါ်လည်း ဦးတည်သည်။ ကုန်သွယ်မှုပေါ်လစီ ပြဿနာများတွင် အရေးပါလှစွာ ပြိုင်ဆိုင်မှုပေါ်လစီ၏ အကျယ်အဝန်းတွင် ပါဝင်ပတ်သက်မှုအချို့ရှိသော်လည်း ကုန်ပစ္စည်းများ အစုအပုံဖြင့် အရှုံးခံရောင်းချခြင်းအပေါ် ဆန့်ကျင်သည့် ပေါ်လစီကဲ့သို့ ကိစ္စများကို စစ်ဆေးသင့် ပေသည်။ ဥရောပဘုံဈေးကိစ္စတွင် ကုန်ပစ္စည်းများအစုအပုံဖြင့် အရှုံးခံရောင်းချခြင်းအပေါ် ဆန့်ကျင်သည့်ပေါ်လစီပေါ်တွင် ပြိုင်ဆိုင်မှုပေါ်လစီသည် ပဓာနဖြစ်သည်။(Lee and Fukunaga, 2013)

အေအီးစီ အသေးစိတ် စီမံချက်အောက်ရှိ ပြိုင်ဆိုင်မှုပေါ်လစီနှင့် ဆက်စပ်သော အာဆီယံ အဓိကအစပျိုးမှုသည် ပြိုင်ဆိုင်မှုဥပဒေအကောင်အထည်ဖော်ခြင်းနှင့် ပြိုင်ဆိုင်မှုဥပဒေပေါ်တွင် ပြိုင်ဆိုင်မှုကွန်ယက်တည်ထောင်ခြင်း အာဏာပိုင်အဖွဲ့အစည်း စွမ်းရည်တည်ဆောက် ရေးနှင့် ဒေသဆိုင်ရာ လမ်းညွှန်ချက်များတည်ထောင်ခြင်းတို့ပေါ် ဦးတည်ချက်ထားသည်။ အာဆီယံသည် အာဆီယံအဖွဲ့ဝင်အချို့ လက်ရှိကာလတွင် ပြိုင်ဆိုင်မှုဥပဒေမရှိသေး သော်လည်း ၂၀၁၅ မတိုင်မီအမြင်အားဖြင့် အတိုင်းအတာများအားလုံး ပြီးပြည့်စုံပြီးဖြစ်သည်။ ( Lee and Fukanaga, 2013, p.19)

## ၂၀၁၅ အလွန်ပြိုင်ဆိုင်မှုပေါ်လစီ အတွက် ရှေ့ဆက်ရမည့်နည်းလမ်းများ[4]

Lee and Fukanaga, 2013 က ၂၀၁၅ အလွန်အာဆီယံသည် ပြိုင်ဆိုင်မှုဥပဒေ အကောင်အထည်ဖော်ခြင်းနှင့် တရားဝင်ဖြစ်စေခြင်းတို့ပေါ် ဦးတည်ပြီး ပြိုင်ဆိုင်မှု ဥပဒေမှ ကျော်လွန်ပြီး ကျယ်ပြန့်စွာ ပြိုင်ဆိုင်မှုပေါ်လစီကို ကာမိစေရန် ရည်ရွယ်ထားသည်။

- ပြိုင်ဆိုင်မှုဥပဒေအကောင်အထည်ဖော်ခြင်း။ ၂၀၁၅ တွင် ပြိုင်ဆိုင်မှုဥပဒေမရှိသေးသော အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ပြိုင်ဆိုင်မှု ဥပဒေရှိသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အကောင်အထည်ဖော်သည့် အတွေ့အကြုံများကိုယူ၍ နည်းပညာဆိုင်ရာ အထောက်အပံ့များပေးရန်နှင့် အားပေးရန် လိုအပ်သည်။

- စွမ်းရည်တည်ထောင်ခြင်း။ စွမ်းရည်တည်ထောင်ခြင်းအတွက်ပိုမို စနစ်ကျပြီး အတည်တကျဖွဲ့စည်းသတ်မှတ်သည့် နည်းလမ်းများကို စဉ်းစားသင့်ပေသည်။ ဖြစ်နိုင်ခြေတစ်ခုမှာ အာဆီယံတက္ကသိုလ်များ ကွန်ယက်မှတစ်ဆင့် ပြိုင်ဆိုင်မှုပေါ်လစီ ကွန်ယက် သင်တန်း ပရိုဂရမ်များ တည်ထောင်ပေးရန်ဖြစ်သည်။

- ပြိုင်ဆိုင်မှုပေါ်လစီကို တူညီစွာ သုံးသပ်ခြင်း။ အာဆီယံရှိပြိုင်ဆိုင်မှုအာဏာပိုင်များ၏ မညီမျှသော ဥပဒေပြဋ္ဌာန်းချက်များ အခြေအနေများပေးထားပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဆက်လက်တိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲမှုများအတွက် ၅ နှစ် ပုံမှန်စက်ဝိုင်းပေါ်တွင် ဆက်လက်၍တိုးတက်စေရန် ပြိုင်ဆိုင်မှုပေါ်လစီနှင့် ဥပဒေများပေါ် တူညီစွာသုံးသပ်ခြင်းသည် လုပ်ထိုက်ပေသည်။

- ခိုင်မာသော ပူးပေါင်းရေး အစီအစဉ်။ စီးပွားရေးပေါင်းစည်းမှု နက်ရှိုင်းမှုနှင့်အတူ အထွေထွေ သတင်းအချက်အလက် ဖလှယ်ခြင်းများ၊ ကိစ္စများ လက်လွှဲညွှန်ကြားချက်များ၊ နှင့် ပူးပေါင်းစစ်ဆေးမှုများ အပါအဝင်ဆက်လက်ပြီး ခိုင်မာသော ပူးပေါင်းခြင်း ပြဋ္ဌာန်းချက်များသည် အရေးကြီးပေသည်။

4 - This subsection draws heavily on Lee & Fukunaga (2013).

• သုံးသပ်ခြင်းနှင့် အကောင်အထည်ဖော်မှုတို့တွင် ပြိုင်ဆိုင်မှုရှိသော ကြားနေခြင်းဝါဒ။ အစိုးရ ဝယ်ယူမှုများကဲ့သို့ အစိုးရမှထုတ်ဝေသော ဘဏ္ဍာရေးဆိုင်ရာ အာမခံချက်များနှင့် လုပ်ငန်းများသို့ အစိုးရအကူအညီ/ အစိုးရ ထောက်ပံ့မှုများ ( SOE/GLG) ကဲ့သို့ ကိစ္စများတွင် ပြိုင်ဆိုင်မှုရှိသော ကြားနေခြင်းဝါဒကို ရှေ့ရှုပြီး အာဆီယံအား တာဝန်ယူဆောင်ရွက်ရန် သို့မဟုတ် တာဝန်ပေးအပ်ရန် ရည်ရွယ်သည်။

• ကုန်ပစ္စည်းများအစုအပုံဖြင့် အရှုံးခံရောင်းချခြင်းအပေါ် ဆန့်ကျင်သည် ပေါ်လစီနှင့် စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာ စီမံအုပ်ချုပ်မှု။ အာဆီယံရှိ ကုန်ပစ္စည်းများအစုအပုံဖြင့် အရှုံးခံရောင်းချခြင်းကိစ္စ နှင့် ပြိုင်ဆိုင်မှုပေါ်လစီ (စားသုံးသူ ကောင်းကျိုးကိုဦးတည်ခြင်း) နှင့် ကုန်ပစ္စည်းများ အစုအပုံဖြင့် အရှုံးခံရောင်းချခြင်း ( လုပ်ငန်းပေါ်တွင်ဦးတည်ခြင်း) တို့အကြား အလားအလာရှိသော အငြင်းပွားမှုများကို သုံးသပ်ရာပြီး တာဝန်ယူဆောင်ရွက် သင့်ပေသည်။ ဝင်ရောက်မှု ကန့်သတ်ချက်များနှင့် ဈေးနှုန်းထိန်းချုပ်မှုများကဲ့သို့ အစိုးရစည်းမျဉ်းများ၏ ပြိုင်ဆိုင်မှုပေါ် အကျိုးသက်ရောက်မှုအပေါ် လေ့လာရန်လည်း လိုအပ်ပေသည်။

## ဆက်နွယ်သည့်အာဆီယံ

ဆက်နွယ်မှုသည် ထုတ်လုပ်မှုအခြေခံနှင့် ပိုမိုပေါင်းစည်းသော အာဆီယံဈေးကွက်အဖြစ်ပေါင်းစည်းပြီး ပြိုင်ဆိုင်မှုရှိသော အာဆီယံအတွက်အဓိကဖြစ်သည်။ ဤအရာကိုသိမြင်ပြီး အာဆီယံသည် အာဆီယံဆက်နွယ်မှု မာစတာစီမံကိန်း (MPAC) ဖွံ့ဖြိုးတိုးတက်လာသည်။ MPAC တွင်ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု (ရုပ်ပိုင်းဆိုင်ရာဆက်နွယ်မှု) ဖွဲ့စည်းပုံဆိုင်ရာ လုပ်ထုံးလုပ်နည်းဆိုင်ရာနှင့် လုပ်ငန်းစဉ်ဆိုင်ရာထိရောက်မှု (ဖွဲ့စည်းပုံဆိုင်ရာဆက်နွယ်မှု)နှင့် လူများသို့ လုပ်ပိုင်ခွင့်များပေးအပ်ခြင်း (လူမှလူသို့ဆက်နွယ်မှု) စသည့်သော နည်းဗျူဟာ (၃) မျိုးဖြင့် ဆောင်ရွက်သည် (ASEC,2011,p.i) ဤအခန်း၏ အရှေ့ပိုင်းတွင် ဆွေးနွေးခဲ့သည် ကုန်သွယ်မှုမြန်ဆန်ချောမွေ့စေခြင်း၊ အကောက်ခွန် မဟုတ်သော အတိုင်းအတာများ အဆင်ပြေစေခြင်းနှင့် ပိုမိုပြည့်စုံသော စံသတ်မှတ်ချက်နှင့်ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီမှုရှိသော စနစ်ပေါ် ပေါက်လာခြင်းတို့သည် ဒေသအတွင်းဖွဲ့စည်းပုံဆိုင်ရာ ဆက်နွယ်မှုကို တိုးမြှင့်စေနိုင်သည်။ ဤအပိုင်းတွင် ရုပ်ပိုင်းဆိုင်ရာဆက်နွယ်မှုအတွက် ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံ၊ သယ်ယူပို့ဆောင်ရေးလွယ်ကူချောမွေ့စေရန် လေကြောင်းနှင့် ရေကြောင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများနှင့် ဒေသအတွင်း ကျွမ်းကျင်လုပ်သားများရွှေ့ပြောင်းမှုစသည် ပိုမိုဆက်နွယ်မှု

ရှိသော အာဆီယံသို့ ရှေ့ရှုပြီး အရေးပါသည့် အဓိပ္ပာယ်များကို ဆွေးနွေးခဲ့သည်။

ရုပ်ပိုင်းဆိုင်ရာဆက်နွယ်မှု။ အီရီယာသည် ၂၀၁၁-၂၀၁၅ အာဆီယံ နည်းဗျူဟာဆိုင်ရာ သယ်ယူပို့ဆောင်ရေး စီမံကိန်း (ASTP) ဖွံ့ဖြိုးတိုးတက်မှုတွင် ASEAN STOM နှင့် အတူတကွ ဆောင်ရွက်ခဲ့သည်။ စီမံကိန်းသည် ၂၀၁၅ အလွန် အဓိကနည်းဗျူဟာများကဲ့သို့ ၂၀၁၅ သို့ တစ်ဆက်တည်းဖြစ်သော ရုပ်ပိုင်းဆိုင်ရာနှင့် သယ်ယူပို့ဆောင်ရေးဆက်နွယ်မှုကို ရှေ့ရှုပြီး ပြည့်စုံကျယ်ပြန့်သည့် မူဘောင်နှင့် အသေးစိတ်စီမံကိန်းများကို ထောက်ပံ့ပေးသည်။ (See ERIA, 2010b) စီမံကိန်းသည် MPAC ရှိ ရုပ်ပိုင်းဆိုင်ရာ ဆက်နွယ်မှုပေါ်တွင် ဦးစားပေး ဆောင်ရွက်မှုများကို ကျောထောက်နောက်ခံပြုထားသည်။ ASTP တွင် အလေးပေးဖော်ပြ သကဲ့သို့ အာဆီယံတန်ဖိုးမြင့်ကွန်ယက် (supply chain network)သည် သူ၏ အားအနည်းဆုံး ကွင်းဆက်များမျှသာ ခိုင်မာစွာရှိသည်။ ထို့ကြောင့် ပြတ်လတ်နေသော လမ်းကွင်းဆက် များကို ဖယ်ရှားခြင်းနှင့် အားနဲသော လမ်းကွင်းဆက်များကို အရည်အသွေးမြှင့်တင်ခြင်းတို့ လိုအပ်ပေသည်။

ကုန်တွင်းသယ်ယူပို့ဆောင်ရေးတွင် ၂၀၁၅ နှင့် ၂၀၁၅ အလွန်ကာလများကို ဦးတည်ထား ပေသည်။ ထိုဦးတည်မှုတွင် အာဆီယံအဝေးပြေးလမ်းမကြီးပြီးစီးရန်နှင့် အဆင့်မြှင့်တင်ရန်၊ စင်္ကာပူ-ကူမင်းရထားလမ်းကွင်းဆက် (SKRL) ပြီးဆုံးစေရန်နှင့် ကုန်စည်များအကူးအပြောင်း အချိန်တွင် အဆင်ပြေစေမည့် အာဆီယံအခြေခံသဘောတူညီချက် (AFAFGIT)၊ ဒေသ အချင်းချင်း သယ်ယူပို့ဆောင်ရေးဆိုင်ရာ အာဆီယံ အခြေခံသဘောတူညီချက် (AFAFIST) နှင့် ပုံစံအမျိုးမျိုး သယ်ယူပို့ဆောင်မှုပေါ်တွင် အာဆီယံအခြေခံသဘောတူညီချက် (AFAMT) စသည့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အဆင်ပြေချောမွေ့စေသည့် သဘောတူညီချက်များ ပါဝင်သည်။ အထက်တွင်ဖော်ပြခဲ့သော သယ်ယူပို့ဆောင်ရေးဆိုင်ရာ အဆင်ပြေချောမွေ့စေ သည့် သဘောတူညီချက်များသည် သယ်ယူပို့ဆောင်ရေးဆက်နွယ်မှု တစ်ဆက်တည်းရှိရန် အတွက် အလွန်အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် အာဆီယံ၏ ထောက်ပံ့ပို့ဆောင် ရေးဆိုင်ရာစီမံခန့်ခွဲမှု လေ့လာချက်ရလဒ်များက အာဆီယံဒေသတွင်း ကုန်တင်ကားများ၏ နယ်စပ်ဖြတ်ကျော်သည့်အခါ အချိန်နှင့်စရိတ် ကုန်ကျမှုမှာ အလွန်သိသာထင်ရှားသည်ကို ညွှန်ပြသည်။ (ကားချပ် ၃.၆) အထက်တွင် ဖော်ပြခဲ့သော သယ်ယူပို့ဆောင်ရေး အဆင်ပြေ ချောမွေ့စေသည့် သဘောတူညီချက်များသည် သိသာစွာ တိုးတက်လာစဉ်တွင် AFAFGIT (Protocol 2 and Protocol 7) ၏ အရေးပါသော ညှိနှိုင်းမှုမှတ်တမ်း ၂ခု သည် အဆုံးသတ်ရန် နှင့်/သို့မဟုတ် လုပ်ငန်းဆောင်ရွက်နိုင်စေရန်လိုအပ်လာသည်။

၂၀၁၅ အလွန်သို့ရှေ့ရှုသွားရာတွင် အာဆီယံအဝေးပြေးလမ်းများမှာ အဆင့်၃ အောက် နိမ့်ကျနေသောလမ်းများ အဆင့်မြှင့်တင်ရေးနှင့် လမ်းကြောင်းပြတ်လတ်နေသော လမ်းပိုင်း များ ပြီးစီးစေရေးသည် အထူးသဖြင့် မြန်မာနိုင်ငံအတွက် ၂၀၁၅ အလွန်တွင် မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ပြီး အာဆီယံအဝေးပြေးလမ်းစနစ်တွင် ယာဉ်အသွားအလာ များပြား သော အဆင့် ၂ နှင့် အဆင့်၃ ရှိသော လမ်းများ အဆင့်မြှင့်တင်ခြင်းသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သည်။ အလားတူပင် ၂၀၁၅ အလွန်ပြီးဆုံး နိုင်သည့် SKRL တွင် လမ်းပိုင်းများ ကျန်ရှိနေသည်။ အာဆီယံ အဝေးပြေးလမ်းနှင့် SKRL ကွန်ယက် ပြီးဆုံးခြင်းသည် အာဆီယံအတွက် ကုန်းတွင်းပို့ဆောင်ရေးတွင် အဓိက အခြေခံ ဘောင် ဖြစ်လိမ့်မည်။ ကုန်းတွင်းပိုင်း အသုံးပြုခွင့်ပိုမိုရရှိလာနိုင်မှုနှင့် ဆက်လက်ပြီး ပါဝင်မှု ပေါ်ပေါက်လာမှု တို့အတွက် အာဆီယံ အဝေးပြေးလမ်းသို့ နိုင်ငံအဆင့်လမ်းသွယ်များနှင့် ဖြန့်ဝေမှုကွန်ယက်များ ချိတ်ဆက်မှု ဖွံ့ဖြိုးတိုးတက် ရန်အရေးကြီးပေသည်။ (ERIA, 2010b) ထပ်မံ၍ AFAFGIT၊ AFAFIST နှင့် AFAMT တို့သည် လုပ်ငန်းများနှင့် လူများသို့ သိသာ ထင်ရှားသောအကျိုးကျေးဇူးကိုဦးဆောင်နိုင်ရန် ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံမှု အားလုံးပြုလုပ်ရန် လုပ်ဆောင်ချက်များ ပြည့်ဝစွာ ရရှိရန်လိုအပ်သည်။ နောက်ဆုံးအနေဖြင့် အာဆီယံသည် အာဆီယံမှတဆင့်အိန္ဒိယ ထိုမှ မြောက်အာရှ သို့မဟုတ် ဩစတြေးလျ- နယူးဇီလန် (MPAC နည်းဗျူဟာ 5) စသည့် ကမ္ဘာ့ တိုးတက်မှုလမ်းကြောင်း၏ သယ်ယူပို့ဆောင်ရေးဗဟို (Hub of world's growth corridor) အဖြစ် တည်ဆောက်ရန် ရည်ရွယ်ထားသည်။ ထိုအရာသည် မဲခေါင်စီးပွားရေးလမ်းကြောင်း သို့မဟုတ် အရှေ့၊ အနောက် လမ်းကြောင်းများကဲ့သို့ ကုန်းတွင်းတံတား ( Land bridges) ဖွံ့ဖြိုးတိုးတက်မှုမှ တဆင့်ဖြစ်သည်။

ကားချပ် ၃.၆ - ကုန်တင်ကားများဖြင့် နယ်စပ်ကို ဖြတ်ရာတွင် ကုန်ကျသည့် စရိတ်နှင့် အချိန်




ရင်းမြစ် - JETRO, ASEAN Logistic Network Map (2008) as reprinted in ERIA (2012a), p.X-16

အာဆီယံနိုင်ငံများသည် အရှေ့အာရှတိုးတက်မှုလမ်းကြောင်းအတွက် ပထဝီဆိုင်ရာ အချက်အချာအဖြစ် အလားအလာအများဆုံးဖြစ်နိုင်ချေရှိရန် မည်သို့လုပ်ဆောင်ရမည်ကိုနက်နက်နဲနဲလေ့လာရန်လိုပေသည်။

လေကြောင်းသယ်ယူပို့ဆောင်ရေး[5]။ ပင်မအာရှတိုက်နှင့် အခြားကြီးမားသော ကျွန်းဆွယ်များရှိသည့် အာဆီယံနှင့် အဖွဲ့ဝင်များသည် ဒေသတွင်း ပထဝီဝင်အနေအထားအရ ပြန့်နှံ့စွာ

5 - This subsection draws heavily on Tan (2013).

တည်ရှိနေသည့်အတွက် ဆက်နွှယ်နေသည့် အာဆီယံသည် ကောင်းမွန်သော လေကြောင်း ဆက်နွှယ်မှု ရှိရန်လိုအပ်လာသည်။ အာဆီယံသည် တစ်ခုတည်းသော လေကြောင်း ဈေးကွက် (ASAM) တည်ထောင်ရန် အဆုံးစွန်ရည်မှန်းချက်နှင့်အတူ ပိုမိုသော ရည်ရွယ်ချက်များရှိသည်။ အာဆီယံ၏ ပေါင်းစည်းသည့် လေကြောင်းခရီးသွားကဏ္ဍ (RIAT) အတွက် လမ်းပြမြေပုံမှ အဓိကတရားဝင် သဘောတူညီချက် ၃ မျိုးနှင့် အကောင်အထည်ဖော်မှု ညှိနှိုင်းချက်များ ပေါ်ပေါက်လာသည်။ ၎င်းတို့သည် လေကြောင်းဝန်ဆောင်မှုတွင် ဘက်ပေါင်းစုံသဘောတူညီချက်(MAAS)၊ ခရီးသည် လေကြောင်းဝန်ဆောင်မှုတွင် ပြည့်ဝစွာ လွတ်လပ်မှုပေးသော ဘက်ပေါင်းစုံသဘောတူညီချက် (MAFLAFS)နှင့် လေကြောင်း ပို့ဆောင်ရေး ဝန်ဆောင်မှုတွင်ပြည့်ဝစွာ လွတ်လပ်မှုပေးသော ဘက်ပေါင်းစုံသဘော တူညီချက် (MAFLPAS) တို့ဖြစ်သည်။ အာဆီယံ X principle အရ ဘက်ပေါင်းစုံ သဘောတူညီချက် ၃ မျိုးစလုံးသည် အကျိုးသက်ရောက်မှုရှိရမည်။ သို့သော် သဘော တူညီချက်များသည် အစိုးရအဖွဲ့အစည်းများအကြားတွင်သာရှိသည်။ ASAM သည် အစိုးရ မဟုတ်သော အဖွဲ့အစည်း ဥပမာအင်ဒိုနီးရှား၏ အများဆုံး အရေးပါမှုတွင် အချက်အချာ ကျသော သိသာထင်ရှားသော ပြောင်းလဲမှုမပါရှိဘဲ ၂၀၁၅ ကာလနှင့် ၂၀၁၅ အကျော်ကာလ များတွင် ရှောင်ကွင်းနေသေးသည်။

MAFLPAS နှင့် MAFLAFS တို့၏ ညှိနှိုင်းချက်အားလုံးနှင့် MAAS ၏ Protocol 5 နှင့် Protocol 6 တို့တွင် အဓိက သတိပြုရမည့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် အင်ဒိုနီးရှားဖြစ်သည်။ အဆိုပါနိုင်ငံသည် အာဆီယံဒေသတွင်းတွင် ကြီးမားသော လေကြောင်းခရီးသွားဈေးကွက် ဝန်ဆောင် မှုနှင့်အတူ လူဦးရေနှင့် စီးပွားရေး အကြီးမားဆုံးဖြစ်သည့်အတွက် အင်ဒိုနီးရှား ပါဝင်ဆောင်ရွက်မှု ကင်းမဲ့ခြင်းသည် အာဆီယံရည်မှန်းချက်ဖြစ်သော တစ်ခုတည်းသော လေကြောင်းဈေး ကွက်အတွက် ကြီးမားသောထိခိုက်မှုကို ဖြစ်ပေါ်စေမည်။ အင်ဒိုနီးရှားတွင် တုံ့ဆိုင်းနေမှုများ ကို အခြေခံကြည့်ပါက (အကယ်၍ နိုင်ငံခြားလေကြောင်းသယ်ယူပို့ဆောင် ကုမ္ပဏီများ ဒုတိယလေဆိပ်တွင် အကန့်အသတ်မဲ့ ရရှိနိုင်မှုရှိပါက) အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်း နှင့် တိုက်ရိုက်အားဖြင့်လည်းကောင်း၊ သွယ်ဝိုက်ခြင်းအားဖြင့် ပြည်တွင်း ခရီးသွားလုပ်ငန်းများ တွင် လည်းကောင်း ဈေးကွက်ဆုံးရှုံးမှု ခြိမ်းခြောက်မှုများရှိသည်။ ဤသို့ဖြစ်သည်မှာ တစ်ဖက် တွင် စင်္ကာပူလေကြောင်း၊ မလေးရှားလေကြောင်း၊ ထိုင်းလေ ကြောင်း(ခရီးသည်နှင့် သယ် ယူပို့ဆောင်ရေးနှစ်မျိုးဆောင်ရွက်သည်) သည့်ကြီးမားသော နိုင်ငံခြားလေကြောင်း သယ် ဆောင်ကုမ္ပဏီများ နှင့် တစ်ခြားတစ်ဖက်တွင် Garuda နှင့် Lion စသည့် အင်ဒိုနီးရှားလေကြောင်း သယ်ဆောင်ကုမ္ပဏီများတို့အကြား လေကြောင်း

အရွယ်ပမာဏနှင့် ပြိုင်ဆိုင် နိုင်စွမ်းအား ကြီးမားသော မညီမျှမှုကို သတိပြုမိစေသည့်အတွက် ဖြစ်သည်။

## ၂၀၁၅ အလွန်ရှေ့ဆက်ရမည့်နည်းလမ်းများ

အောက်ဖော်ပြပါအချက်များသည်ပိုမိုပေါင်းစည်းသောအာဆီယံ လေကြောင်းခရီးသွားကဏ္ဍကို ရှေ့ရှုသော နည်းလမ်းအချို့ကို ဖော်ပြနိုင်သည့် မျှော်လင့်နေချက်အမှတ်အသားအချို့ကို ပေးသည်။

- တက်ကြွစွာ ချဲ့ထွင်နေသော (Garuda နှင့် Lion) အင်ဒိုနီးရှား လေကြောင်းသယ်ပို့ကုမ္ပဏီများ၏ ယုံကြည်ချက်တိုးပွားလာသည်။ ကန့်သတ်ထားသော နိုင်ငံနှစ်နိုင်ငံအကြား သဘောတူစာချုပ်သည် သူတို့ချဲ့ထွင်မှုသို့ရောက်ရှိလာပြီး သူတို့သည် လွတ်လပ်လာမည့် ဈေးကွက်တွင် ကောင်းစွာပြိုင်ဆိုင်လာနိုင်မည့် ယုံကြည်ချက်တိုးတက်လာပါက အာဆီယံတွင်ရှိသော ဘက်ပေါင်းစုံသဘော တူညီချက်၏ ကိုက်ညီသော ညှိနှိုင်းမှု အချက်များသို့ အင်ဒိုနီးရှားလေကြောင်းသယ်ဆောင်ကုမ္ပဏီများ၏ လက်ရှိကန့်ကွက်ချက်များသည် သိသာစွာ လျော့နည်းသွားပြီး ထိုအချက်များကို ထောက်ခံမှုဆီသို့ ရှေ့ရှုလာမည်ဖြစ်သည်။

- ကန့်သတ်ချက်များရှိသော လေကြောင်းခရီးသွား လုပ်ငန်းမှ တိုင်းပြည်အတွက် အခွင့်အလမ်းစရိတ်များရှိသည့်အတွက် လေကြောင်းခရီးသွားလုပ်ငန်း ဖွင့်လှစ်ခြင်းရန် ဒေသတွင်း နိုင်ငံခြားခရီးသွားလုပ်ငန်းနှင့် လုပ်ငန်းဆိုင်ရာ ခရီးသွားလုပ်ငန်းတို့ မြန်ဆန်စွာ တိုးတက်လာမှုနှင့်အတူ ဒေသတွင်းရှိအစိုးရများ၊ ခရီးသွားလုပ်ငန်းအာဏာရှိသူများနှင့် လုပ်ငန်းအသိုင်းအဝန်းတို့၏ ဖိအားသည်တိုးတက်လာခဲ့သည်။ ဖိလစ်ပိုင်၏ ပွင့်လင်းသော ကောင်းကင်ပေါ်လစီ (open skies policy) ၏ အစိတ်အပိုင်းသည် ဖိအားကြောင့် ပေါ်ထွက်လာသော ထုတ်ကုန်ဖြစ်သည်။

- တရုတ်နိုင်ငံကဲ့သို့ နိုင်ငံကြီးနိုင်ငံများသည် အာဆီယံသဘောတူညီချက်များမှ ပိုမိုအကျိုးကျေးဇူးများ ရရှိသည့် ဒေသအပြင်ဖက်မှ လေကြောင်းသယ်ဆောင် ကုမ္ပဏီများမှ ပြိုင်ဆိုင်မှုများ မြှင့်တက်လာခြင်းမှဖိအားရှိသည်။

• အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများကဲ့သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့တွင် "seventh freedom" သို့မဟုတ် လေကြောင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ (cabotage) အတားအဆီးများရရှိစေသည့် အဓိပ္ပာယ်အဖြစ် air Asia မိုဒယ်ဖြစ်သော နယ်စပ် ကျော်လွန် ဖက်စပ်လုပ်ငန်းများ/ လက်အောက်ခံ ကုမ္ပဏီများကဲ့သို့ ဈေးကွက်ပါဝင်သူများကို တီထွင်ခြင်းတို့ပါဂင်သည်။

အတိုချုပ်အနေဖြင့်၂၀၁၅အလွန်ရွေ့ပြောင်းမှုများသည် ပိုမိုပြိုင်ဆိုင်မှုရှိသော ပါတ်ဝန်းကျင်ကို ရှေ့ရှုသော ပေါ်လစီများကို အစိုးရများ ပြန်လည်သုံးသပ်ရန်နှင့် ပိုမိုပွင့်လင်းမှုကို ခေါင်းမာနေသောပါဝင်သူများရှိသည့်ဈေးကွက်အားများဖွင့်ပေးရန်အခြေခံကျစွာလုပ်ဆောင်ရန်ကျန်ရှိနေသေးသည်။ ထိုမှအာဆီယံတွင်ပိုမိုပေါင်းစည်းသော သယ်ယူပို့ဆောင်ရေး ကဏ္ဍဆီ သို့ ရှေ့ရှုသော နည်းလမ်းများလမ်းကြောင်းချရမည်ဖြစ်သည်။

## ရေကြောင်းသယ်ယူပို့ဆောင်ရေး

အာဆီယံတွင် ကမ္ဘာပေါ်ရှိ အကြီးဆုံးကျွန်းစုကြီး ၂ စုပါဝင်သည်။ ထို့အပြင် မလက်ကာရေလက်ကြားဖြစ်သည့် ကမ္ဘာ့အရေးကြီးသော ရေကြောင်းလမ်းကြောင်းတွင်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ထို့ကြောင့်ရေကြောင်းခရီးသွားလာခြင်းသည်အာဆီယံဆက်နွှယ်မှုတွင် အရေးပါသော အချက်တစ်ချက်ဖြစ်လာသည်။ အမှန်အားဖြင့် အာဆီယံသည် ပေါင်းစည်းပြီး စွမ်းဆောင်ရည်ရှိစွာဖြင့် ပြိုင်ဆိုင်မှုများနှင့် စိတ်ချလုံခြုံသော ရေကြောင်းသယ်ယူပို့ဆောင်ရေးစနစ် (MPAC နည်းဗျူဟာ ၄) ကို တည်ထောင်ရန် ရည်ရွယ်ချက်များရှိသည်။ ထို့အပြင် ၂၀၀၈ ခုနှစ်တွင် လက်ခံခဲ့သော "အာဆီယံရှိပေါင်းစည်ပြီး ပြိုင်ဆိုင်မှုရှိသော ရေကြောင်းသယ်ယူပို့ဆောင်ရေးသို့ ရှေ့ရှုသည့် လမ်းပြမြေပုံ" တွင် ခိုင်ခိုင်မာမာပါဝင်သူအဖြစ်ဒေသတွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးတွင် တိုးတက်မှုရှိသော လျှော့ပေါ့ပေးမှုများကို မြှင့်တင် ရန်ရည်ရွယ်သည်။

MPAC နှင့် ASTP တို့တွင် ရေကြောင်းသယ်ယူပို့ဆောင်ရေးအတွက် စီမံကိန်းဆိုင်ရာ လုပ်ဆောင်ချက်များ အားလုံး အမြင်အားဖြင့် ၂၀၁၅ အလွန်တွင် အကောင်အထည်ဖော်ရန် မျှော်လင့်ထားနိုင်သည်။ ထိုလုပ်ဆောင်ချက်များတွင် အာဆီယံရေကြောင်း ပေါင်းစည်းမှု ပရိုဂရမ်တွင် သတ်မှတ်ထားသော ဆိပ်ကမ်း ၄၇ ခု၏ လုပ်ဆောင်ချက်များနှင့် စွမ်းရည်ဆိုင်ရာ

တိုးမြှင့်ခြင်း၊ အာဆီယံရှိကုန်တွင်းပိုင်းနှင့် ကျွန်းဆွယ်များကြားရှိ RORO ဆက်နွှယ်မှုအပါ အဝင် စွမ်းဆောင်ရည်ရှိပြီး အားထားရမည့် သင်္ဘောတင်ကုန်စည်လမ်းကြောင်းများ တည်ဆောက်ခြင်း၊ ရှာဖွေခြင်းနှင့် ကယ်ဆယ်ခြင်း လုပ်ဆောင်ချက် (SAR) အတွက် စွမ်းရည် နှင့် လုပ်နိုင်စွမ်းအားများ မြှင့်တင်ပေးခြင်း၊ ဆိပ်ကမ်းနှင့် သင်္ဘောဖြင့် ကုန်စည်တင်ပို့ခြင်း ဆိုင်ရာ လုပ်ဆောင်ချက်များတွင် ခိုင်မာသည့် လူ့အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေ ခြင်းနှင့် အာဆီယံတွင်တစ်ခုတည်းသော သင်္ဘောတင်ကုန်စည်ဈေးကွက် ပြည့်မြောက် စေခြင်း စသည် တို့ပါဝင်သည်။ (ERIA, 2010b) သို့သော် သတိပြုရမည့်အချက်မှာ အာဆီယံတွင် တစ်ခုတည်းသော သင်္ဘောတင်ကုန်စည်ဈေးကွက်သည် ကမ်းရိုးတန်းသွား ရေကြောင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ (cabotage) များ မဖော်ပြရသေးပေ။ တိုင်ပြည် အစွန်အဖျား ကျွန်းဆွယ်များတွင် ကောင်းမွန်သော ကုန်စည်ဈေးကွက်ရရှိနိုင်မှုအတွက် စွမ်းဆောင်ရည်ရှိစွာနှင့် ပြိုင်ဆိုင်မှုရှိသော သင်္ဘောတင်ကုန်စည်ဝန်ဆောင်မှုကို လိုအပ်လာ သည်။ ရေကြောင်းသယ်ယူ ပို့ဆောင်ရေးဆိုင်ရာ (cabotage) များအတွက်ကိစ္စသည် ပြည်တွင်းကုန်းတွင်းပိုင်းမှ လုပ်ငန်းများနှင့် လယ်သမားများအဖို့ မြို့တော်နှင့် အဓိက ဈေးကွက်ကြီးများနှင့် နိုင်းယှဉ်လျှင် ပြိုင်ဆိုင်မှု နည်းပါးခြင်းဖြစ်စေသည့် စွမ်းဆောင်ရည် မကောင်းသော ပြည်တွင်းရေကြောင်း ပြဿနာများကို ကိုင်တွယ်နိုင်ရန်လိုအပ်သည်။

ASTP နှင့် MPAC သည် အာဆီယံဆက်နွှယ်မှု ဖွံ့ဖြိုးတိုးတက်လာရန်အတွက် ရှင်းလင်းသော နည်းဗျူဟာဆိုင်ရာ လုပ်ဆောင်ချက်များရှိသည်။ ၂၀၁၅ နှင့် ၂၀၁၅ အလွန် စိန်ခေါ်မှုများ သည် မပျက်မကွက် အကောင်အထည်ဖော်ရေးတစ်ခုဖြစ်သည်။

## အာဆီယံဒေသတွင်းကျွမ်းကျင်လုပ်သားရွှေ့ပြောင်းမှု

အေအီးစီအသေးစိတ် စီမံချက် ၂၀၀၉-၂၀၁၅ တွင် လမ်းကြောင်းနံပါတ်တစ်ဖြစ်သော တစ်ခု တည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံတွင်ပါရှိသော အဓိကအချက် ၅ ချက်ဖြစ်သည့် ကုန်စည်များ လွတ်လပ်စွာစီးဆင်းမှု၊ ဝန်ဆောင်မှုများလွတ်လပ်စွာ စီးဆင်းမှု၊ ရင်းနှီးမြှုပ်နှံမှု လွတ်လပ်စွာစီးဆင်းမှုနှင့် ပိုမိုလွတ်လပ်စွာ အရင်းအနှီးများများ စီးဆင်းမှုတို့နှင့်အတူတကွ ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ စီးဆင်းမှုလည်းပါဝင်သည်။ ထို့အပြင် လွတ်လပ်စွာ စီးဆင်ရာတွင် အတားအဆီးမှန်သမျှကို အနည်းဆုံးဖြစ်စေရမည့် ရည်မှန်းချက်များထား ရှိသော ကုန်စည်၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာစီးဆင်းမှုများနှင့် မတူညီဘဲ ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာစီးဆင်းမှုအတွက် လုပ်ဆောင်ရမည့်အချက်သည်

အဓိကအားဖြင့် အရည်အချင်းရှိသူများ ရွှေ့ပြောင်းမှုအတွက်( movement of natural person) ဝင်ရောက်မှု လွယ်ကူအဆင်ပြေစေခြင်းနှင့် ရွှေ့ပြောင်းမှုကို စီမံခန့်ခွဲခြင်းတို့နှင့် ဆက်စပ်နေသည်။ (ASEC,2009, p29) အရည်အချင်းရှိသူများ ရွှေ့ပြောင်းမှုအတွက် အာဆီယံ သဘောတူညီချက်သည် လွန်ခဲ့သောနှစ်က ကမ္ဘောဒီးယားတွင် လက်မှတ်ရေးထိုးခဲ့ပြီး အထူးသဖြင့် လုပ်ငန်းဆောင်ရွက်ရန် ဝင်ရောက်လာသူများ၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရန်ရွှေ့ပြောင်းလာသူများနှင့် အကန့်အသတ်ဖြင့်နေထိုင်ရန် သဘောတူစာချုပ်ဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်သူများကို အခြေခံအားဖြင့် လျှောက်ထားနိုင်သည်။ သို့သော် အလုပ်အကိုင်ရှာဖွေသူများ၊ နိုင်ငံသားဖြစ်ခွင့်လျှောက်ထားသူများ၊ နေထိုင်ရာရှာဖွေသူများနှင့် အခြားအဖွဲ့ဝင်နိုင်ငံများတွင် အမြဲတမ်းနေထိုင်သူ လျှောက်ထား၍မရပေ။ အာဆီယံသည် ဝန်ဆောင်မှုများ လွတ်လပ်စွာစီးဆင်းမှုရှိသော်လည်း ရွေးချယ်ထားသော သက်မွေးကျောင်းဆိုင်ရာ ဝန်ဆောင်မှုများတွင် အပြန်အလှန်အသိအမှတ်ပြုခြင်း သဘောတူညီချက်များ (MRA) ကို ညှိနှိုင်းဆောင်ရွက်ပြီး ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီးဖြစ်သည်။ အာဆီယံသည် ဒေသအတွင်းရှိ ကျောင်းသားများနှင့် ဝန်ထမ်းများရွှေ့ပြောင်းမှု တိုးတက်လာစေရန် အာဆီယံ တက္ကသိုလ်များ ကွန်ယက် (AUN) ၏ အဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေရန်ကဲ့သို့ အဓိကကျသောယှဉ်ပြိုင်မှုများနှင့် အရည်အသွေးများ အဓိကအားဖြင့် ဖွံ့ဖြိုး လာစေရန် ရည်မှန်းချက်များလည်းထားရှိသည်။

အထက်တွင် ဖော်ပြခဲ့သောလုပ်ဆောင်ချက်များအတွက် သင့်တင့်လျှောက်ပတ်သော အမြင်မှာ အာဆီယံသည် လွတ်လပ်စွာလုပ်သားများပြောင်းရွှေ့ခြင်း (free flow of labor) မဟုတ်ဘဲ ပိုမိုလွတ်လပ်မှုရှိစွာဖြင့် လုပ်သားများရွှေ့ပြောင်းခြင်း (freer flow of labor) ဖြစ်သည်။ လွတ်လပ်စွာလုပ်သားများပြောင်းရွှေ့ခြင်းအတွက် ယုတ္တိကျသော အကျိုးသက်ရောက်မှုသည် လူထုလုံခြုံမှုအာမခံချက်၊ ပြည်သူ့မူဝါဒနှင့် ပြည်သူ့ကျန်းမာရေးအတွက် အချို့ကန့်သတ်ချက်များ အခြေအနေများကိုလိုက်နာပြီး မည်သည့် EU ဒေသတွင်မဆို EU ရှိ နိုင်ငံသားများသည် ရွှေ့ပြောင်းနိုင်ပြီး လွတ်လပ်စွာနေထိုင်နိုင်သည်။ အလုပ်အကိုင်များ ရှာဖွေနိုင်သည်စသည့် တစ်ခုတည်းသော ဈေးကွက်ဖြစ်သည်။ (Chia, 2013, p.14) CARICOM အတိုင်းအတာများသည် ရွေးချယ်ထားသော သက်မွေးကျောင်းဆိုင်ရာလုပ်ငန်းများအတွက်သာ ဖြစ်သော်လည်း EU နှင့် နှိုင်းယှဉ်ခြင်းအားဖြင့် နီးကပ်မှုရှိသည်။ ကျွမ်းကျင်လုပ်သား ရွှေ့ပြောင်းမှုတွင် အာဆီယံရှိအတိုင်းအတာများသည် လွတ်လပ်စွာလုပ်သားများ ပြောင်းရွှေ့ခြင်းအား တောင်းဆိုမှုများမှ ဝေးကွာနေသေးသည်။

အာဆီယံရှိ လွတ်လပ်စွာလုပ်သားများ ပြောင်းရွှေ့ခြင်းဆိုင်ရာ ကိစ္စများကဲ့သို့ EU တွင်လည်း လွတ်လပ်စွာလုပ်သားများပြောင်းရွှေ့ခြင်း တွင် ဒေသတွင်းဆိုင်ရာဆင်ခြေတွေးခေါ် ရမှုရှိသည်။ EU ကိစ္စတွင် တစ်ခုတည်းသော ငွေကြေးကို ထောက်ခံသူများသည် မညီမျှမှုနှင့် ထိုးနက်ချက်များအပေါ် ညှိနှိုင်းမှုများသည် ဘဏ္ဍာရေးဆိုင်ရာ၊ ငွေကြေးဆိုင်ရာ ရည်မှန်းချက်များ နှင့် အရင်းအနှီး စီးဆင်းမှုများမဖြစ်ရမည်သာမက လူမှုရေးဆိုင်ရာ ညှိနှိုင်းမှုအကျိုးသက်ရောက်မှုများ ဆန့်ကျင်မှုကို အနည်းဆုံးဖြစ်စေသည့် လုပ်သားရွှေ့ပြောင်းမှုလည်းမှလည်း ဖြစ်သင့်သည်ဟု လိုအပ်လာသည်။ တိုင်းပြည်များသည် မိမိတို့ကိုယ်ပိုင်ငွေကြေးနှင့် ကွဲပြားခြားနား သော နိုင်ငံခြားငွေလဲလှယ်နှုန်း ပေါ်လစီရှိသော အာဆီယံနိုင်ငံများအတွက်မူ နိုင်ငံခြား ငွေလဲလှယ်နှုန်း ညှိနှိုင်းချက်များသည် ပြင်ပမညီမျှမှုများကိုဖော်ပြရန် တိုက်ရိုက်ကျစွာနှင့် ပြင်းထန်သော ပေါ်လစီအတိုင်အတာများ ဖြစ်သည့်အတွက် ပြင်ပမညီမျှမှုကို စီးပွားရေးအရ ညှိနှိုင်းမှုချောမွေ့စေရန် လွတ်လပ်စွာ လုပ်သားများပြောင်းရွှေ့ခြင်းသည် လုံးဝ မလိုအပ်ပေ။ EU တွင်သတိပြုရမည့်အချက်မှာ တစ်ခုတည်းသော လုပ်သားဈေးကွက် ပေါ်လစီ ကြိုတင်ရှိသော်လည်း ဘဏ္ဍာရေးဆိုင်ရာ၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် သတင်းအချက်ဆိုင်ရာ စသည့် စရိတ်များကြောင့် EU ဒေသအတွင်း လုပ်သားများ ပြောင်းရွှေ့ခြင်းသည် နည်းပါးကြောင်း တွေ့ရသည်။ (Chia, 2013, p.14)

ထို့ကြောင့် အာဆီယံအတွင်း ပိုမိုများပြားသောဆက်နွယ်မှု ပိုမိုထောက်ပံ့ပေးပြီး တစ်ခုတည်းသော ဈေးကွက်ရှေ့ရှုပြီး မောင်းနှင်သည့် အရေးပါသည့်လက္ခဏာ နည်းပါးသော အခြေအနေများအရ အေအီးစီး အသေးစိတ်စီမံကိန်းသည် လွတ်လပ်စွာလုပ်သားများ ပြောင်းရွှေ့ခြင်းအတိုင်းအတာများကို ရှုမြင်ရန် အကောင်းဆုံးဖြစ်ပြီး အာဆီယံဆက်နွယ်မှု မာစတာ စီမံကိန်းနှင့် ကိုက်ညီမှုရှိသည်။ ဆက်လက်ပြီး ပိုမိုလွတ်လပ်မှုသော သို့မဟုတ် စီမံခန့်ခွဲထားသော ကျွမ်းကျင်လုပ်သား စီးဆင်းမှုသည် နည်းပညာသစ်များ ထိရောက်စွာပေးပို့ခြင်းအတွက် အင်ဂျင်နီယာများအကြား မျက်နှာချင်းဆိုင်တွေ့ဆုံရန် အရေးပါသကဲ့သို့ ရှေ့လာမည့်အခန်းတွင် ဆွေးနွေးမည့်ပြိုင်ဆိုင်မှုများနှင့် လှုပ်ရှားတက်ကြွနေသော အာဆီယံအရ ပိုမိုတီထွင်မှုများသော အာဆီယံဒေသအတွက် လွတ်လပ်သည့် သုတေသနနှင့်ဖွံ့ဖြိုးမှု ပါတ်ဝန်းကျင်တို့ကို အကြံပြုခြင်းဖြင့် အာဆီယံ၏ ပြိုင်ဆိုင်မှု မြင့်တက်လာစေရန်လည်း အရေးကြီးသည်။

အာဆီယံတွင် ပိုမိုလွတ်လပ်စွာလုပ်သားများပြောင်းရွှေ့ခြင်းကို ရှေ့ရှုသည့် အတိုင်းအတာပေါ်တွင် သက်မွေးမှုဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော အထူးသဖြင့် အင်ဂျင်နီယာနှင့် ဗိသုကာလုပ်ငန်းများတွင် MRA အကောင်အထည်ဖော်မှုသည် တိုးတက်မှု ရောထွေးနေသည်။

သို့သော် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် သူတို့၏သက်မွေးမှုဆိုင်ရာ အတွေ့အကြုံများကို အတတ်ပညာဆိုင်ရာ ထောက်ခံပေးခြင်းကို အာဆီယံမှ ခွင့်ပြုရန်နိုင်ငံဥပဒေများနှင့် စည်းမျဉ်း၊ စည်းကမ်းများတွင် သက်ဆိုင်သည့် ပြောင်းလဲမှုများကို အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနီးပါးတွင် ပြည့်ဝစွာ ဆောင်ရွက်နိုင်ခြင်းမရှိပေ။ အာဆီယံတက္ကသိုလ်များ ကွန်ယက် (AUN)သည် အာဆီယံ ဘဏ်စာရင်းပြောင်းသည့်စနစ် (ACTS) , AUN အရည်အသွေး အာမခံမှု စသည့်တို့အပါအဝင် သိသာထင်ရှားသော ကနဦးဆောင်ရွက်မှုများစွာတွင် တိုးတက်မှုရရှိပြီးဖြစ်သည်။ ဒေသအတွင်း ကျောင်းသားများနှင့် ဝန်ထမ်းများအတွက် ရွှေ့ပြောင်းမှုတိုးတက်စေခြင်း (ASEC, 2009,p.29) တွင်မူ ဆက်လက်လိုအပ်နေဆဲဖြစ်သည်။ ဤအရာသည် အဖွဲ့အစည်းများ၊ ကျောင်းသားများနှင့် ဝန်ထမ်းများအတွက် အကန့်အသတ်ရှိသော ဘဏ္ဍာရေးဆိုင်ရာအရင်းအမြစ်များနှင့် ဘာသာစကား ကွာဟချက်များအကြား သင်ရိုးညွှန်းတမ်းနှင့် စံသတ်မှတ်ချက် ကွင်းကွင်းကွက်ကွက်ခြားနားမှုသည် အတိုင်းအတာတစ်ခုပေါ်တွင် ထင်ဟပ်စေသည်။ (Chia, 2013, p.23)

၂၀၁၅ အလွန်ရှေ့ဆက်ရမည့်နည်းလမ်းများကို Chia (2013) က အောက်ပါအတိုင်း အကြံပြုခဲ့သည်။[6]

• အဆင့်မြင့်ပညာအဖွဲ့အစည်းများ ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကျောင်းသားများနှင့် ဝန်ထမ်းဖလှယ်ရေးတွင် အဆင်ပြေချောမွေ့စေရေး။ အာဆီယံတွင် ညွှန်ကြားမှုကြားခံပစ္စည်းအဖြစ် အင်္ဂလိပ်စာအသုံးပြုမှု ပိုမိုတိုးတက်လာစေခြင်းသည် ကျောင်းသားများနှင့် ဝန်ထမ်းများဖလှယ်မှုတွင် ပိုမိုအဆင်ပြေစေနိုင်သည်။ အာဆီယံသည် ဥရောပနိုင်ငံများ ပရိုဂရမ်မှ အောင်မြင်ခဲ့သော အစီအစဉ် ၂ ခုဖြစ်သည့် Erasmus Programme နှင့် Bolgna process တို့ကို အာဆီယံတွင် အကောင်အထည်ဖော်ရန်နှင့် လက်ခံရန် စဉ်စားခဲ့သည်။ Erasmus Programme သည် အဆင့်မြင့်ပညာကျောင်းသားများအတွက် အခြားဥရောပတိုင်းပြည်များတွင် ၃-၁၂ လ ကာလအတွင်း လိုအပ်သော သင်ခန်းစာ လိုအပ်ချက်များကို လွှဲပြောင်းပေးခြင်း၊ လက်ခံသည့်နိုင်ငံမှ စာသင်ခ အခမဲ့ဆောင်ရွက်ပေးခြင်းနှင့် Erasmus သည် နေထိုင်စရိတ်ကာမိစေရန် ထောက်ပံ့ငွေပေးခြင်းတို့ကို အဆိုပါ ပရိုဂရမ်မှ မြှင့်တင်ပေးသည်။ Bolgna process သည် အရည်အသွေး ဆိုင်ရာအသိအမှတ်ပြုခြင်း၏ လုပ်ငန်းစဉ်လွယ်ကူမှုနှင့် ဥရောပအဖွဲ့အစည်း အရည်အသွေးယုံကြည်စိတ်ချမှုကို မြှင့်တင်ပေးရန် နှိုင်းယှဉ် ဒီဂရီစနစ်နှင့် သင်ရိုးတစ်ခု အောင်မြင်သည့်မှတ်တမ်းစနစ်တို့ကို လက်ခံသည်။

6 - The Lists and discoussion below is taken from China (2013).

• အာဆီယံအတတ်ပညာဆိုင်ရာနှင့် ကျွမ်းကျင်လုပ်သားများ အလုပ်အကိုင်နှင့် ဝင်ရောက်မှုတွင် လျှော့ပေါ့ပေးခြင်းများနှင့် အဆင်ပြေချောမွေ့စေခြင်း - အတိုင်းအတာများမှာ

o အစိုးရ အင်တာနက်စာမျက်နှာတွင် အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာများ ရရှိနိုင်မှု အပါအဝင် အတတ်ပညာဆိုင်ရာပညာရှင်များနှင့် နယ်စပ်ဒေသများအတွင်းရှိ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သည့် ကျွမ်းကျင်လုပ်သားများအတွက် ဗီဇာနှင့် အလုပ်အကိုင်ခွင့်ပြုမိန့်ကို ထုတ်ပေးရန်ကို လျှော့ပေါ့မှုများ လွယ်ကူအဆင်ပြေစေခြင်း

o နိုင်ငံခြားအတတ်ပညာဆိုင်ရာပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများ အလုပ်အကိုင်တွင် လွှမ်းမိုးနေသော ဥပဒေနှင့် မူဝါဒဆိုင်ရာ ကန့်သတ်ချက်များပေါ်တွင် ပွင့်လင်းမြင်သာမှုနှင့် သတင်းအချက်အလက်များ ရရှိနိုင်မှုလိုအပ်ခြင်း (ဥပမာ- အလုပ်ဗီဇာ၊ လုပ်သားဈေးကွက် စစ်ဆေးမှုများ၊ စာချုပ်ချဲ့ထွင်မှုအတွက် အခွင့်အလမ်းများနှင့် အမြဲနေထိုင်သူများအတွက် အခွန်ကောက်ခံခြင်း စသည်ဖြင့်)

o အထူးသဖြင့် ဝန်ဆောင်မှုကဏ္ဍတွင် အလုပ်အကိုင်ဆိုင်ရာ အဓိက ကျွမ်းကျင်မှုများအတွက် အဓိကကျသည့်ယှဉ်ပြိုင်မှုအရှိန် ဖွံ့ဖြိုးတိုးတက်မှု တိုးပွားလာခြင်း

o အာဆီယံကျွမ်းကျင်မှု အသိအမှတ်ပြုသည့်အခြေခံမှု ဖန်တီးခြင်း၊ အာဆီယံနိုင်ငံများသည် လုပ်သားကျွမ်းကျင်မှု စည်းမျဉ်း၊ စည်းကမ်းများနှင့် အသိအမှတ်ပြုခြင်တို့တွင် အလွန်ခြားနားသည့်စနစ်နှင့် စံသတ်မှတ်ချက်များကို အသုံးပြုဆဲဖြစ်သည်။ လိုက်ဖက်ညီမှုရှိခြင်းနှင့် အပြန်အလှန်အသိအမှတ်ပြုခြင်းတို့သည် အချိန်ယူရမည့်လုပ်ငန်းစဉ်ဖြစ်သည်။

o အာဆီယံနိုင်ငံများတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့် အလုပ်အကိုင်ရရှိမှု အခြေအနေ သတင်းအချက်အလက်ဆိုင်ရာ ကွန်ယက် တိုးတက်လာမှု

o လူမှုရေးဖူလုံရေးအကျိုးကျေးဇူး၏ အလွယ်တကူရရှိနိုင်မှုကို သေချာမှုရှိစေခြင်း

• အာဆီယံကျွမ်းကျင်မှု ဗဟိုဌာနတည်ထောင်ခြင်း။ အရည်အသွေးဆိုင်ရာအပြန်အလှန်အသိအမှတ်ပြုခြင်းနှင့် အတတ်ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာရွှေ့ပြောင်းနိုင်မှုနှင့်အတူ အာဆီယံသည် ဒေသအတွင်း ခြားနားသော တိုင်းပြည်များတွင် ဝန်ဆောင်မှုကဏ္ဍအသီးသီးနှင့် ကဏ္ဍခွဲများအတွက် အချက်အချာကျသောဌာနနှင့် ဖွံ့ဖြိုး

သော ကျွမ်းကျင်မှုဗဟိုဌာနနှင့် ဌာနခွဲများ တည်ထောင်ခြင်းတို့ ဆောင်ရွက်သင့်သည်။ အာဆီယံအတတ် ပညာရှင်များအကြား ပေါင်းစည်းမိတ်ဖက်ပြုလုပ်ခြင်းသည် အာဆီယံ အတွက် waterhouse cooper, Erndst& Yonng, Mckinsey တို့၏ ကိုက်ညီဈေးနှုန်း ပေါ်ပေါက်လာမှုကို ဦးတည်စေသည်။

• MRA ကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ခြင်း။ အချို့သော အာဆီယံ အတတ်ပညာရှင်များအတွက် EU အတတ်ပညာဆိုင်ရာ ကဒ်ပြားနှင့် ကိုက်ညီသည့် ကဒ်ပြား မျိုးကို ဆက်လက်ရှာဖွေနိုင်သည်။ EU အတတ်ပညာဆိုင်ရာ ကဒ်ပြားသည် EU အဖွဲ့ဝင် နိုင်ငံများ၏ အတတ်ပညာဆိုင်ရာ အရည်အသွေးကို အသိအမှတ်ပြုရာတွင် အဆင်ပြေ ချောမွေ့စေသည်။

• ကျွမ်းကျင်လုပ်သားများ ရွှေ့ပြောင်းနိုင်မှုတွင် ပုံသေအတွေးအခေါ်ပြင်ရန် လိုအပ် ခြင်း။ ဤအရာသည် သုညရရှိသော ကစားပွဲမဟုတ်ပေ။ ကျွမ်းကျင်လုပ်သား ရွှေ့ပြောင်းမှု သည် ပြည်တွင်းပင်ကိုယ်စွမ်းရည်များပေါ်တွင် အကျိုးသက်ရောက်မှုရှိခြင်းနှင့် စားသုံးသူများ က ဝန်ဆောင်မှု ထောက်ပံ့သူများ၏ ရွေးချယ်မှု တိုးတက်စေလာခြင်းတို့ ဖြစ်ပေါ်မည် ဖြစ် သည်။ ယဉ်ကျေးမှု ကွဲပြားခြားနားမှုနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်အတွေ့အကြုံများသည် ကမ္ဘာလုံးပေါင်းစည်းမှုပြုလုပ်ခြင်း နယ်ပယ်တွင် ပြိုင်ဆိုင်မှု အနားသတ်ကို ဖြစ်ပေါ်စေသည်။ အလုပ်အကိုင်အတွက် လူများရွှေ့ပြောင်းမှုသည် အာဆီယံ အသိုက်အဝန်း တည်ဆောက် မှုတွင် အရေးပါသော အချက်ဖြစ်သည်။

ခြုံ၍ပြောရလျှင် နောက်ဆုံးတွင် တစ်ခုတည်းသော အာဆီယံဈေးကွက်နှင့် ထုတ်လုပ်မှု အခြေခံကို ရှေ့ရှုသော ပူးပေါင်းမှုနှင့် ပြိုင်ဆိုင်မှုမြင့်မားသော အာဆီယံကို ဦးတည်ခြင်းသည် အကောက်ခွန် အတားအဆီးများ ဖယ်ရှားခြင်းသာမက (NTM) တွင် အကာအကွယ်မထား ခြင်းနှင့် အဆင်ပြေချောမွေ့စေရေး၊ တစ်ဆက်တည်းဖြစ်သော တံခါးတစ်ပေါက်စနစ်နှင့် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများ၊ စံသတ်မှတ်ချက်နှင့် ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီမှု ရှိခြင်းတို့တွင် အဆင်ပြေချောမွေ့စေခြင်း၊ ပြိုင်ဆိုင်မှု မြင့်မားသော ဝန်ဆောင်မှုနှင့် ရင်းနှီး မြှုပ်နှံမှုစနစ် ၊ ဘဏ္ဍာရေးဆိုင်ရာဈေးကွက်တွင် နက်ရှိုင်းပြီး နှိုင်းဆစွာဖြင့် စီမံခန့်ခွဲခြင်း၊ ပိုမို များပြားသောအခြေခံအဆောက်အအုံဆိုင်ရာဆက်နွှယ်မှုများ၊ တစ်ဆက်တည်းဖြစ်နေသော လေကြောင်း၊ ရေကြောင်းနှင့် မိုဒယ်အမျိုးမျိုးဆက်နွှယ်မှုများနှင့် ဒေသအတွင်း ပိုမိုလွတ်လပ် သောကျွမ်းကျင်လုပ်သား ရွှေ့ပြောင်းမှုသည်အသေးစိတ်ပါဝင်သည်။

# အခန်း (၄)

# ယှဉ်ပြိုင်မှုများ နှင့် အင်တိုက်အားတိုက်တက်ကြွမှုရှိသော အာဆီယံ

## နိဒါန်း

အာဆီယံဒေသတွင်းနှင့် ကျန်ရှိနေသော အရှေ့အာရှနှင့် ကမ္ဘာ့နိုင်ငံများအကြား ပိုမိုနက်ရှိုင်းသော စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအပြင် ၂၀၁၅ အလွန် ပေါ်ထွက်လာသော အာဆီယံသည် ကမ္ဘာအနှံ့ပြိုင်ဆိုင်မှုများနှင့် အင်နှင့်အားတိုက်တက်ကြွမှုရှိသော အာဆီယံ ပေါ်ထွက်လာရေးကို တောင်းဆိုလာသည်။ ဤအခန်းသည် အနာဂတ်တွင် အာဆီယံသည် ပြိုင်ဆိုင်မှုများနှင့် လှုပ်ရှားတက်ကြွမှုများကို ဖြစ်လာစေရန် အရေးပါသော ကွန်ယက်နှင့်တီတွင်မှု ကမ္ဘာသို့ အာဆီယံ၏ နက်ရှိုင်းစွာ ထိုးဝင်လာမှုကို အထူးပြုလေ့လာထားသည်။ ဤလေ့လာမှုသည် အာဆီယံတခေတ်ထွန်းလာမှုသည် "အံ့သြဖွယ်အာဆီယံ" (ASEAN Miracle)အဖြစ် ပုံဖေါ်နိုင်သော်လည်း " အံ့သြလောက်သော တရုတ်" (China Miracle) လောက် ကြီးကျယ်ခမ်းနားပေ။ မည်သို့ပေဖြစ်စေ ထူးခြားသည်ဟု ပြောဆိုနိုင်လောက်ပေသည်။

ကြီးမားသောအတိုင်းအတာ အာဆီယံအဖွဲ့ဝင်အချို့သည် ဂလိုဘယ်လိုင်ဖေးရှင်း ဒုတိယဖြေလျော့မှုများအရ ထုတ်လုပ်မှုကွန်ယက်၊ သို့မဟုတ် ထုတ်လုပ်မှုဖြစ်စဉ် (supply chain) သို့မဟုတ် ဒေါင်လိုက်ကုန်သွယ်မှု ဆောင်ရွက်ခြင်းတို့ပေါင်းစပ်ထားသော အနာဂတ် ကမ္ဘာ့ကွန်ယက်တွင် ထိုးဝင်ပြီးဖြစ်သည်။ ဂလိုဘယ်လိုင်ဖေးရှင်း ဒုတိယ ဖြေလျော့မှုလှိုင်းအရ တရုတ်နှင့်အတူ အာဆီယံသည် နက်ဖတာ (NAFTA) (အမေရိကန် (US) ပတ်လည်)၏ ဝင်ရိုးနှင့်ထောက်တံ (hub-and-spoke) ကုန်သွယ်မှု ချိတ်ဆက်မှုပုံသဏ္ဌာန်နှင့် ကွာခြားပြီး ကမ္ဘာ့အသေးစိတ်ဖော်ပြထားသောဒေသတွင်း ကွန်ယက်ထုတ်လုပ်မှုတွင် ပါဝင်ပတ်သက်ခဲ့သည်။ ဂလိုဘယ်လိုင်ဖေးရှင်းဒုတိယဖြေလျော့မှုသည်တရုတ်မှအကောင်းဆုံးဥပမာများဖြင့် စာဒကတက်မှုများကြောင့် ကမ္ဘာစက်မှုထူထောင်ရေးဖြစ်စဉ်ကို အသွင်ပြောင်းခဲ့ရုံသာမက စီးပွားရေးပေါ်လစီများသည် ဒုတိယဖြေလျော့မှုမှ ထောက်ပံ့ခဲ့သော တောင်းဆိုမှုများနှင့် အခွင့်အလမ်းများအရ သိသာထင်ရှားစွာ ပုံဖော်ခဲ့ရာတွင် တိုးတက်လာမည့်အာဆီယံ၏ ဖြေလျော့မှုများအရလည်း ရှင်းလင်းဖော်ပြခဲ့သည်။ ဤအခန်းတွင် အာဆီယံ၏ ပို၍ယှဉ်ပြိုင်မှုစွမ်းအားဆီသို့သွားသော သော့ချက်သည် ဒေသဆိုင်ရာထုတ်လုပ်မှုကွန်ယက်ကို

ရှေ့သို့တိုးရန် မီးမောင်းထိုးပြခဲ့သည့် အရှေ့အာရှ ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းခြင်းဟူသော ပြင်ပရှုမျှော်မှုဝါဒနှင့် စက်မှုလုပ်ငန်းများမှတစ်ဆင့် ပြည်တွင်းနှင့် ဒေသတွင်း တိုးတက်စေရန် ဆောင်ရွက်သော အတွင်းအပြင်မှုဝါဒနှစ်ခု ဖြစ်သည်။ ဤပြင်ပရှုမျှော်ဝါဒနှင့် ပြည်တွင်း ဖြေစည်းပေးသောမှုဝါဒနှစ်ခုမှ ဂလိုဘယ်လိုင်ဇေးရှင်း ဒုတိယဖြေလျှော့မှုများနှင့် ကွန်ယက်တွင် အာဆီယံခိုင်မာနက်နဲစွာ ထိုးဝင်လိမ့်မည်။

အာဆီယံ၏ ရှေ့ဆက်လက်မည့်စက်မှုထူထောင်ရေးနှင့် စီးပွားရေးအသွင်ကူးပြောင်းမှုများအတွက်အရေးပါသော အဓိကအချက်ဖြစ်သည့် အရှေ့အာရှဈေးကွက် ဝယ်လိုအားမြင့်မားလာမှုနှင့် နက်ရှိုင်းသော ဒေသတွင်းထုတ်လုပ်မှုကွန်ယက်၏ လှုပ်ရှားပြောင်းလဲမှုများကို ပြည့်ပြည့်ဝဝ ပူးပေါင်းနိုင်သော အာဆီယံဖြစ်စေရန်အလို့ငှာ အာဆီယံသည် အချိန်နှင့်အမျှကြံ့ခိုင်သော ထုတ်လုပ်မှုစွမ်းအား တိုးတက်မှုကို ရေရှည်ခိုင်ခန့်စေရန် ပြိုင်ဆိုင်မှုပိုမိုဆောင်ရွက်ရန်လိုအပ်သည်။ စင်စစ်ကြံ့ခိုင်သော ထုတ်လုပ်မှု စွမ်းအားတိုးတက်မှုသည် အာဆီယံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြိုင်ဆိုင်နိုင်စွမ်းအတွက် အရေးပါသောအချက်ပင်ဖြစ်သည်။ ထို့အပြင် လက်ရှိ ကွန်ဖရင့်ဘုတ် (၂၀၁၃)မှ ခန့်မှန်းထားသော စုစုပေါင်းထုတ်လုပ်မှုစွမ်းအား တိုးတက်မှုမှ ဖော်ပြသည်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ထုတ်လုပ်မှုစွမ်းအား တိုးတက်မှု အခြေအနေသည် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း တရုတ်၊ ကိုရီးယား၊ ထိုင်ဝမ် နိုင်ငံများ၏ ထုတ်လုပ်မှုစွမ်းအားတိုးတက်မှု အခြေအနေသို့ မရောက်သေးကြောင်း တွေ့ရသည်။

သို့သော်အာဆီယံသည် စက်ပြုနိုင်ငံမှလွဲ၍ ခိုင်မာမှုမရှိသေးသောကြောင့် နက်ရှိုင်းစွာ အနာဂတ်ကမ္ဘာ့တီထွင်မှုထဲသို့ ထိုးဝင်နိုင်ခြင်မရှိပေ။ နည်းပညာပြန့်နှံ့မှုနှင့် တီထွင်မှုများသည် ထုတ်လုပ်မှုစွမ်းအားတိုးတက်မှုအတွက် အဓိက အင်ဂျင်ဖြစ်ပြီး ကာလရှည် ပြိုင်ဆိုင်မှု စွမ်းအားကိုလည်း ဖြစ်ပေါ်စေသည်။ မှန်ကန်လှစွာပင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ value chain ကို မြှင့်တင်နိုင်ရန်၊ နယ်မြေတစ်ခုတွင်းစက်မှုထူထောင်ခြင်း (enclave industrialization) ပေါ်ပေါက်မှုကို ကာကွယ်ရန်၊ ဝင်ငွေအလယ်အလတ်ထောင်ချောက်ကို ရှောင်ရှားရန်တို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် ပေါ်လစီနှင့် ဖွဲ့စည်းပုံဆိုင်ရာပါတ်ဝန်းကျင်နှင့် စွမ်းဆောင်ရည်ကို မြှင့်တင်ရန်၊ နည်းပညာပြန့်နှံ့မှုနှင့် တီတွင်မှုတို့ကို မြှင့်တင်ရန်တို့တွင် ရင်းနှီးမြှုပ်နှံရန်လိုအပ်သည်။ သတင်းကောင်းတစ်ခုမှာ အာဆီယံ အဖွဲ့ဝင်နိုင်ငံ အများစုသည် ကမ္ဘာ့လုံးဆိုင်ရာတီတွင်မှု အညွှန်းကိန်းတွင် မိမိတို့၏ သက်ဆိုင်ရာဝင်ငွေအုပ်စုအတွင်း ထိတ်ဆုံးအဆင့်တွင် ပါဝင်နေသည်၊ အကောင်းဆုံးဥပမာအနေဖြင့် ဝင်ငွေအလယ်အလတ်ရှိသောအုပ်စု၏အပေါ်ပိုင်းမှ မလေးရှား အညွှန်းကိန်းသည်ဦးဆောင်နေပြီး စင်္ကာပူသည်

ကမ္ဘာ့အဆင့်တွင် ၈ နိုင်ငံမြောက်ဖြစ်သည်။ ကမ္ဘောဒီးယားသည်ဝင်ငွေနိမ့်သော နိုင်ငံအုပ်စုတွင် ၅နိုင်ငံမြောက် ဖြစ်သည်ကိုတွေ့ရသည်။ (Dutta နှင့် Lanvin, ၂၀၁၃ ကမ္ဘာလုံးဆိုင်ရာ တီထွင်မှု အညွှန်းကိန်း ၂၀၁၃ စာမျက်နှာ ၁၉-၃၉)။ စိန်ခေါ်မှုများမှာ အရေးအသွေးဆိုင်ရာ အာမခံချက်၊ နည်းပညာပြန့်နှံ့မှုနှင့် တီတွင်မှုတို့အတွက် သုတေသနနှင့် ဖွံ့ဖြိုးမှုတွင် ရင်းနှီးမြှုပ်နှံမှုများ၊ လူ့အရင်းအမြစ်တွင် ရင်းနှီးမြှုပ်နှံမှုများနှင့် ပေါ်လစီနှင့် ဖွဲ့စည်းပုံဆိုင်ရာ ပါတ်ဝန်းကျင်ကို ခိုင်မာစေရေး (ဥပမာ IPR စနစ်) တို့မှ ပိုမိုဆန်းသစ်သော အာဆီယံကို ရှေ့ရှု၍ ဆက်လက်လုပ်ဆောင်ရမည့်ဖြစ်စဉ်များကို တွန်းအားပေးရန်ဖြစ်သည်။

တီထွင်မှုများသည် လက်တွေ့နှင့်ကင်းကွာပြီးမတည်ရှိနိုင်ပေ။ ဆန်းသစ်သော လုပ်ဆောင်ချက်များသည် ဒေသဆိုင်ရာနှင့်ကမ္ဘာလုံးဆိုင်ရာထုတ်လုပ်မှုကွန်ယက်ကို ထိုးဝင်နိုင်သော စက်မှုလုပ်ငန်းစုများ ဖြစ်ပေါ်လာရန်ရည်ရွယ်သည်။ ထပ်မံ၍ ထိရောက်သော တီတွင်မှုများသည် သင့်တော်သော ဘဏ္ဍာငွေ၊ ရရှိနိုင်သော အထူးပြုကျွမ်းကျင်မှုနှင့် ဝန်ဆောင်မှုများ၊ နှင့် ကြီးမားသော စုစည်းထားသော ဈေးကွက် (အာဆီယံစီးပွားရေး အသိုက်အဝန်း အစီအစဉ်၏ နယ်ပယ်ဖြစ်သည့် အခြေအနေ)လိုအပ်သည်။ နည်းပညာပြန့်နှံ့မှုနှင့် တီတွင်မှုသည် ထုတ်လုပ်မှုကွန်ယက်၏ ကုန်သွယ်မှု၊ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာတို့နှင့် ဆက်စပ်မှု အခြေအနေနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေများမှ အကျိုးကျေးဇူးရရှိမည်။ ဤအရာသည် ပူးပေါင်းစုစည်းမှုနှင့် ပြိုင်ဆိုင်မှုမြင့်မားသောအာဆီယံ (ပြီးခဲ့သော အခန်းတွင်ဆွေးနွေးခဲ့သည်။) အပိုင်းနှင့် ယှဉ်ပြိုင်မှုများနှင့် လှုပ်ရှားတက်ကြွသော အာဆီယံ (ယခု အခန်းတွင် ဆွေးနွေးမည်။)တို့ အကြားတွင် တောင့်တင်းခိုင်မာသော ဖြည့်စွက်မှုပင်ဖြစ်သည်။

အာဆီယံသည် ဒေသတွင်းနှင့် (ကမ္ဘာလုံးဆိုင်ရာ) ထုတ်လုပ်မှုကွန်ယက်နှင့် တန်းဖိုးမြင့်တင်မှု (supply chain)များနှင့် ချိတ်ဆက်မှုများခိုင်မာလာသကဲ့သို့ တီထွင်မှုမြင့်မားသော လုပ်ငန်းများမှ ထုတ်လုပ်မှုအခြေခံ နက်ရှိုင်းမှု၊ လူအရင်းအမြစ်နှင့် R & D တွင် ခိုင်မာစွာ ရင်းနှီးမြှုပ်နှံမှုတို့သည် ပိုမိုနက်ရှိုင်းသော ပေါင်းစည်းမှု၊ မြင့်မားသော ပြိုင်ဆိုင်မှုများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ (အခြားအာဆီယံအဖွဲ့ဝင်များမှ အပါအဝင်) ကျွမ်းကျင်သူများကို ပိုမိုကြိုဆိုခြင်းနှင့် ပိုမိုများပြားသော တောင့်တင်းမှုများနှင့် စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာ ဆက်စပ်မှုများကို ရှေ့ရှုသော တောင့်တင်းခိုင်မာသော အဖွဲ့အစည်းများစသည်တို့ကို ဖြစ်လာစေသည်။ ထို့နောက် လာမည့်ဆယ်စုနှစ်နှင့် ဆယ်စုတဝက်အတွင်း ဖွံ့ဖြိုးမှုဖြန့်ကျက်ထားသော အာဆီယံ မြင့်မားလာမှုသည် အံ့ဩဖွယ် အာဆီယံအဖြစ် အကောင်းဆုံး နမူနာဖြစ်မည်။

ထိုကဲ့သို့ အာဆီယံသည် ဤအစီရင်ခံစာ၏ အခန်း(၂)တွင် ရှင်းပြထားခဲ့သကဲ့သို့ ဒုတိယချည်နှောင်မထားသော ထုတ်လုပ်မှုကွန်ယက် (2nd unbundling and production network) အဖြစ် နက်ရှိုင်းစွာ ပုံဖော်မည့် ဒေသတွင်း စုစည်းမှုနှင့် ဖွံ့ဖြိုးမှု မော်ဒယ်အသစ်၏ ပိုစတာဒေသ တစ်ခုဖြစ်လာမည်။

## ဒုတိယချည်နှောင်မထားခြင်း၊ ထုတ်လုပ်မှု ကွန်ယက်နှင့်အာဆီယံ

Richard Baldwin (2011)က ကမ္ဘာလုံးဆိုင်ရာပေါင်းစည်းမှုကို ချည်နှောင်မထားခြင်း အခြေအနေ(၂)ရပ်ဖြင့် ထင်ရှားစွာဖော်ပြခဲ့သည်။ ထိုအခြေအနေ(၂)ရပ်မှာ နည်းပညာဆိုင်ရာ အဆင့်ဆင့်ပြောင်းလဲမှုနှင့် အရေးပါစွာ ဆက်စပ်နေသည်။ ဆိုလိုသည်မှာ ပထမ ချည်နှောင်မထားခြင်း 1st unbundling သည် သယ်ယူပို့ဆောင်ရေးပြောင်းလဲမှုကို ဖော်ပြပြီး ဒုတိယချည်နှောင်မထားခြင်း 2nd unbundling သည် ICT အဆင့်ဆင့်ပြောင်းလဲလာမှုကို ဖော်ပြသည်။

သယ်ယူပို့ဆောင်ရေး ပြုပြင်ပြောင်းလဲမှုနှင့် လိုက်လျောညီစွာ ကမ္ဘာ့စီးပွားရေးတွင် ကုန်သွယ်မှုဆိုင်ရာအတားအဆီးများ လျော့ကျလာမှုများ ကမ္ဘာ့စီးပွားရေးတွင် ဖြစ်ပေါ်လာစေမှုများမှ ထုတ်လုပ်ခြင်းတွင် လုပ်ငန်းကြီးထုတ်လုပ်ခြင်း၏အကျိုးကျေးဇူးများနှင့် နှိုင်းယှဉ်အကျိုးကျေးဇူး၏ အကျိုးအမြတ်များကိုခွင့်ပြုပြီး သယ်ယူပို့ဆောင်ခြင်းနှင့်ကုန်သွယ်မှုစရိတ်များ သိသိသာသာ လျော့ချလာနိုင်သည်။ မီးသင်္ဘောနှင့် ရထားလမ်းများအစပျိုးမှုများမှ သယ်ဆောင်သည့် 1st unbundling သည် ထုတ်လုပ်မှုနှင့် စားသုံးမှုနေရာခွဲခြားမှုဖြစ်ပြီး 1st unbundling မှကုန်စည် ထုတ်လုပ်ရန် လိုအပ်သည့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ သို့မဟုတ် လုပ်ငန်းများသည် တိုင်းပြည်၏ နေရာအသီးသီးတွင်တည်ရှိသော စက်ရုံများ သို့မဟုတ် ထုတ်လုပ်မှုဇရိယာများ (လုပ်ငန်းဆိုင်ရာ နယ်ပယ်) တွင်ပြုလုပ်သည်။ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးသည် အဓိကအားဖြင့် အခြားနိုင်ငံတွင်ရှိသော လုပ်ငန်းများမှ ကုန်စည်များကို တိုင်းပြည်တစ်ပြည်ရှိ စက်ရုံများမှ ကုန်စည်များနှင့် လဲလှယ်ခြင်း သို့မဟုတ် ၂ နိုင်ငံ သို့မဟုတ် ယင်းထက်ပိုသောနိုင်ငံများရှိ ပေးထားသော လုပ်ငန်းများမှ ကွဲပြားခြားနားသောထုတ်ကုန်များကို ဖလှယ်ခြင်းဖြစ်သည်။ ထို့ကြောင့် 1st unbundling ပုံဖော်ထားသော ၂၀ရာစု အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသည် ပစ္စည်းများ ရောင်းချခြင်းမျိုးအဖြစ် အရေးပါသည်။ ဤထုတ်လုပ်မှုသည် လုပ်ငန်းနယ်ပယ်တွင် အဓိကအားဖြင့်ရှိပြီး လုပ်ငန်းစကေးကြီးမားသည့် နေရာအနှံ့ မပြန့်နှံ့သော ထုတ်လုပ်မှုသည် ရှုပ်ထွေးသည့်အပြင် ညှိနှိုင်းမှုရှုပ်ထွေးခြင်း စရိတ်များကို နိမ့်ကျလာမှုများနှင့် သက်သာသည့် သယ်ယူပို့ဆောင်ခြင်းသည် ထုတ်လုပ်မှုစကေးကြီးမားမှုကို ထောက်ကူသည့်အချက်ဖြစ်သည်။ တိုင်းပြည်တွင် ညှိနှိုင်းဆောင်ရွက်ခြင်းသည် ကုန်စည်စီးဆင်းမှု၊ လူများ၊ သင်တန်းများ၊

ရင်းနှီးမြှုပ်နှံမှုများနှင့် သတင်းအချက်အလက်များတွင် နည်းလမ်း(၂)မျိုးဖြင့် ဆောင်ရွက်နိုင်သည်။ ( Baldwin, 2011, pp. 11-13)

အရည်အသွေးရှိသောသတင်းနှင့် ဆက်သွယ်ရေးနည်းပညာများ ကြီးမားသောတိုးတက်မှုနှင့် စရိတ်လျှော့ချနိုင်မှုများအရ အခြေခံအားဖြင့် 2nd unbundling သည် ကျယ်ပြန့်သော ပထဝီဆိုင်ရာနေရာပေါ် ဆောင်ရွက်သည့် ရှုပ်ထွေးသည့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ညှိနှိုင်းဆောင်ရွက်မှုကို ထောက်ကူပြုသည်။ ICT အဆင့်ဆင့်တိုးတက်ပြောင်းလဲလာမှုသည် စကေး စီးပွားရေးစနစ်နှင့် နှိုင်းယှဉ်အကျိုးကျေးဇူးများမှ အကျိုးကျေးဇူးအများဆုံးရရှိစေရန် "ချည်နှောင်မထားသောစက်ရုံများ" အဖြစ် စရိတ်လျှော့ချရန်နှင့် စွမ်းဆောင်ရည်များ တိုးတက်လာစေရန် ရှင်းလင်းစွာအဓိပ္ပါယ်ဖွဲ့ဆိုနိုင်သောလုပ်ငန်းများ သို့မဟုတ် အဆင့်များ၊ သက်ဆိုင်ရာကုန်ထွက်များနှင့် သူတို့ကိုစိတ်ပိုင်းခြင်းနှင့် ကွဲပြားခြားနားသောနေရာများ၊ တိုင်းပြည်များမှ သက်ဆိုင်ရာကုန်ထွက်အသီးသီးအတွက် လုပ်ဆောင်ရမည့်အလုပ်အသီးသီးကို တာဝန်ယူသည့် အခြေအနေများသို့ ထုတ်လုပ်မှုလုပ်ငန်းစဉ်ကို တစ်စစီဖြစ်စေသည့် အခွင့်အလမ်းများကို ထောက်ပံ့ပေးသည်။ (Baldwin, 2011, p-12) ထုတ်လုပ်မှုဖြစ်စဉ် စိတ်ပိုင်းခွဲခြားမှုများသည် အခြားတိုင်းပြည်များသို့ လုပ်ဆောင်ချက်အချို့ကို ပေါင်းစည်းထားသော ကမ်းလွန် (off-shoring) အဖြစ်တွဲဖက်ပေးရန်နှင့် ပေးထားသောလုပ်ငန်း၏ အမျိုးမျိုးသော အခြားတိုင်းပြည်များ၊ သို့မဟုတ် တိုင်းပြည်တပြည်မှ အဝေးရှိသော သို့မဟုတ် အနီးအနား တည်ရှိသော အခြားလုပ်ငန်းများသို့ နက်နဲသောဆုံးဖြတ်ချက်များဖြင့် ပြင်ပအရင်းအမြစ်ရှာဖွေခြင်း outsourcing တို့ကိုခွင့်ပြုသည်။ ICT စရိတ်သိသာစွာလျှော့ကျလာမှုနှင့် ICT အရည်အသွေးမြင့်တက်လာခြင်းသည် ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် ပထဝီဆိုင်ရာပြန့်နှံ့သည့် ညှိနှိုင်းပူးပေါင်းမှုကို ခွင့်ပြုပေးသည်။ ရလဒ်သည် ထုတ်လုပ်မှုကွန်ယက် သို့မဟုတ် တန်ဖိုးမြင့်တင်မှု (supply chain)ကို ဖြစ်ပေါ်စေသည်။

မည်သို့ပင်ဆိုစေကာမူ မျက်နှာချင်းဆိုင်အကြံဉာဏ်ပေးခြင်းများနှင့် ညှိနှိုင်းမှုများသည် လုပ်ဆောင်ချက်အသီးသီးတွင် ထိရောက်သော ညှိနှိုင်းဆောင်ရွက်မှုများအတွက် အရေးကြီးမှုများ ကျန်ရှိနေသေးသည်။ ထို့အပြင် အချိန်မီ ပြီးစီးစေမည့်လုပ်ဆောင်ချက်များပေါ် အလေးပြုမြင့်မားလာမှုသည် ထုတ်လုပ်မှုစီးဆင်းမှုကို ပိုမိုတင်းကြပ်စွာ ထိန်းချုပ်မှုများလိုအပ်သည်ကို အဓိပ္ပါယ်ရပြီး မကြာခဏ (သို့) အထူးကျွမ်းကျင်မှုလိုအပ်သော အခြားလုပ်ဆောင်ချက်များနှင့် အစိတ်အပိုင်းများကို အဓိကစက်ရုံအနီးအနားတွင် ထုတ်လုပ်ရန်လိုအပ်၍ အခြားလုပ်ဆောင်ချက်နှင့် အစိတ်အပိုင်းများကို စက်ရုံများတွင် လုပ်ဆောင်ခြင်းဖြင့် ထုပ်လုပ်မှုစရိတ်နိမ့်ကျခြင်းမှ အကျိုးကျေးဇူးကို ခံစားနိုင်သည်။ ထို့ကြောင့် ကုန်စည်အခြေခံအဆောက်အအုံ၊ စွမ်းဆောင်ရည်

ရှိသော ထောက်ပံ့ပို့ဆောင်ရေးစီမံခန့်ခွဲမှုနှင့် မြန်ဆန်သော ပို့ကုန်/သွင်းကုန်နှင့် အကောက်ခွန် စာရင်းရှင်းလင်းရေးလုပ်ငန်းများစသည့် အရေးကြီးသော လုပ်ဆောင်ချက်များသည် ကောင်းစွာ လုပ်ဆောင်ချက်များရှိသော ထုတ်လုပ်မှုကွန်ယက်ကို အထောက်အကူပြုသည်။

သတိပြုရမည့်အချက်မှာ ကျွမ်းကျင်မှုများ၊ ဆက်စပ်နေသည့် ထောက်ပံ့ပေးသည့် ဝန်ဆောင်မှု လုပ်ငန်းများနှင့် အထူးပြုထားသော သွင်းအားစုများရရှိနိုင်မှုနှင့် စရိတ်များသည် လုပ်ငန်း၏ value chain နှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်တို့လုပ်ဆောင်ချက်၏ သင့်တော်သောကာလ ပုံပန်း သွင်ပြင်သတ်မှတ်ခြင်းတွင် အရေးပါသည်။ ထို့ကြောင့် ပင်မလုပ်ငန်း၏ လုပ်ဆောင်ချက်များနှင့် အဓိကသုတေသနနှင့်ဖွံ့ဖြိုးမှု လုပ်ဆောင်ချက်များအား တာဝန်ယူဆောင်ရွက်ရန်နှင့် ထုတ်လုပ်မှု အများစုနေရာယူနေသော စက်ရုံနိုင်ငံများဖြစ်သည့်အချိန်တွင် ပင်မလုပ်ငန်း ဆောင်ရွက်သည့် နိုင်ငံသို့ တစ်ခါတရံကျယ်ပြန့်သော အမျိုးအစားခွဲခြားမှုများရှိသည်။ တိုင်းပြည်များ ဝင်ရောက်လာ မှုရှိသည်။ မည်သို့ပင်ဖြစ်စေ အကောင်အထည်ဖြင့်ရှိသော စီမံခန့်ခွဲမှုအပိုင်းနှင့် အုပ်ချုပ်ရေး လုပ်ဆောင်ချက်များကဲ့သို့ R&D လုပ်ဆောင်ချက်များသည် အဆိုပါ အစိတ်အပိုင်းကွဲပြားခြင်း၏ စရိတ်နှင့် အကျိုးကျေးဇူးနှစ်မျိုးစလုံးကို ထည့်သွင်းစဉ်းစားပြီး ကွဲပြားခြားနားသောဒေသများ နိုင်ငံ များအစိတ်အပိုင်းကွဲပြားခြင်းနှင့် တာဝန်ယူဆောင်ရွက်နိုင်သည်။ ထို့ကြောင့် ဗဟုသုတဆိုင်ရာ ပြင်ပအရင်းအမြစ်ရှာဖွေမှုဖြစ်စဉ်နှင့် လုပ်ငန်းဆိုင်ရာပြင်ပ အရင်းအမြစ်ရှာဖွေမှုဖြစ်စဉ် အရှိန် တိုးတက်လာမှုမှ အိန္ဒိယနှင့် ဖိလစ်ပိုင်တို့သည် ကမ္ဘာ့ဦးဆောင်သူများ ဖြစ်လာသည်။ သို့သော် မျက်နှာချင်းဆိုင်ညှိနှိုင်းမှုများနှင့် အချိန်မှီ ပြီးစီးစေမည့်လုပ်ဆောင်ချက်များ၏ အရေးပါမှုကြောင့် တိုင်းပြည်များအကြား ထုတ်လုပ်မှုကွန်ယက်များသည် ကမ္ဘာ့ဆိုင်ရာထက် ဒေသဆိုင်ရာတွင် များသောအားဖြင့် တည်ရှိသည်။ ဥပမာ " Factory East Asia" Arndt (2002) လုပ်သားစူးစိုက် အသုံးပြုရသောအစိတ်အပိုင်းများကို လုပ်သားစရိတ်နည်းပါးသော တိုင်းပြည်များသို့ ပြန်လည် ခွဲဝေလုပ်ကိုင်စေခြင်း၏ အကျိုးသက်ရောက်မှုသည် နည်းပညာ ဆိုင်ရာတိုးတက်မှုအကျိုး သက်ရောက်မှုနှင့် ကျယ်ပြန့်သောလုပ်ခများနှင့် မြင့်မားသော စီးပွားရေးကို ဦးတည်သည့် ထုတ်လုပ်မှု စွမ်းအားမြင့်မားသည့်ရလဒ်တို့နှင့် တူညီသည်။ ဤအရာသည် လူအဖွဲ့အစည်း အကျိုးကျေးဇူးများရရှိသည့်ကဲ့သို့ စရိတ်လျော့ရန် လုပ်ဆောင်ချက်များကွဲပြားစေရန် လုပ်ငန်းများ ကို ဆွဲဆောင်ခြင်း အခရာဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သော 2nd unbundling ၏ ရှင်းပြချက်များသည် Baldwin ၏ ၂၀ ရာစုနှင့် ၂၁ ရာစု ကုန်သွယ်မှုအကြား ခြားနားမှုရှိသော အဓိက အမိပ္ပါယ်ဖွင့်ဆိုချက်ကိုဖော်ပြသည်။ Baldwin က နောက်ပိုင်းအခြေအနေသည်များစွာရှိပြီး ကုန်သွယ်မှုသည် ကုန်စည်များရောင်းချ

ခြင်းသာမက ထုတ်လုပ်ခြင်းလည်းပါဝင်ကြောင်း အထူးပြုတင်ပြခဲ့သည်။ (ထိုအရာသည် ၂၀ ရာစု ကုန်သွယ်မှုဖြစ်သည်) ထိုအရာသည် ထုတ်လုပ်မှုကွန်ယက်သို့ ဆက်စပ်နေသည့် အစိတ်အပိုင်းများအတွက် ထိုအပိုင်းများကုန်သွယ်မှုအရှိန်ဖြင့်တိုးတက်လာမှုကို ထင်ဟပ်စေသည်။

2nd unbundling နှင့်အတူပါလာသော ထုတ်လုပ်မှုကွန်ယက်၏ အဓိကသော့ချက်တစ်ခုမှာ ပထဝီဝင်ဆိုင်ရာပြန့်နှံ့မှုသည် ထုတ်လုပ်မှုအဆင့်များနှင့် နိုင်ငံများပူးပေါင်းပါဝင်ခြင်းကို အကူအညီ ဖြစ်စေသည်။ ထိုအဓိပ္ပါယ်သည် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ နည်းပညာ၊ စီမံခန့်ခွဲမှု၊ ကျွမ်းကျင်မှုသင်တန်း များ၊ အရည်အသွေးထိန်းချုပ်မှုစသည့် လိုက်ဖက်မှုများရှိသည့် ထုတ်လုပ်မှုများက တောင်းဆိုလာ သော ပြင်ပအရင်းအမြစ်ရှာဖွေမှုအဆင့်များသည် ရည်မှန်းချက်နိုင်ငံတွင် စက်ရုံအသစ်နှင့်အတူ ဆောင်ရွက်ရန်လိုအပ်သည်။ (အခြေခံအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ) ဖွံ့ဖြိုးဆဲနိုင်ငံများသို့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုသည် ရုံပုံငွေအစုအပုံဖြင့် လာသည်မကဘဲ ကာလရှည်လုပ်ငန်းဆက်ဆံမှုများကဲ့သို့ နည်းပညာ၊ စီမံခန့်ခွဲမှု စသည်တို့လည်းပါလာပေသည်။ (ဆိုလိုသည်မှာ ပို့ကုန်ဈေးကွက်ကို သေချာစေခြင်း) တစ်ချိန်တည်းတွင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံသော နိုင်ငံခြားလုပ်ငန်းများ သည် အခြားတိုင်းပြည်များနှင့် အခြားထုတ်လုပ်မှုအဆင့်များနှင့်အတူ တစ်ဆက်တည်းနှင့် လုပ်ဆောင်ချက်များကိုကောင်းမွန်စွာလုပ်ဆောင်နိုင်စေရန် ကောင်းမွန်သော အခြေခံအဆောက် အအုံ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဆက်စပ်နေသော ဝန်ဆောင်မှုများ၊ (ဆိုလိုသည်မှာ စာတိုက်နှင့် ကြေးနန်းလုပ်ငန်း၊ အင်တာနက်၊ အမြန်ချောထုတ်ပို့ဆောင်ခြင်း၊ လေကြောင်းတင်ကုန်စည်၊ ကုန်သွယ်မှုနှင့် ဆက်စပ်နေသော ဘဏ္ဍာရေးအခြေအနေ၊ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်း များ၊) လိုအပ်ပေသည်။ ဤအရာသည် ၂၁ရာစု ကုန်သွယ်မှုနှင့် ဆက်စပ်နေသော 2nd unbundling ပေါင်းစပ်ပါဝင်သော ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဝန်ဆောင်မှုမူပိုင်ခွင့်တို့နှင့် ဆက်စပ်သည်။ (Baldwin, 2011)

အကျိုးဆက်အနေဖြင့် ၂၀ ရာစုကုန်သွယ်မှုသည် တိုင်းပြည်တစ်ပြည်မှ စက်ရုံများတွင် ထုတ်လုပ်သော ကုန်စည်များကို အခြားတိုင်းပြည်များမှ စားသုံးသူများကိုရောင်းချခြင်းဖြစ်ပြီး (ထို့ကြောင့်) ကုန်စည်များသည် တစ်ခုတည်းသောတိုင်းပြည်၏ ထုတ်လုပ်မှုစွမ်းအားရှိသောအချက်များ၊ နည်းပညာများ၊ လူမှုရေးအရင်းအနှီးနှင့် စီမံခန့်ခွဲမှုဆိုင်ရာစွမ်းဆောင်ရည်များ စသည့် အစုအဝေး (Packages) ဖြစ်သည်။ (Baldwin, 2011,p.13) ၂၁ ရာစုကုန်သွယ်မှုတွင် စက်ရုံများနှင့် ရုံးများတွင် နေရာယူသော "တစ်ဆက်တည်းရှိသော၊ ကုန်စည်များ၊ လူများ၊ သင်တန်းများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် သတင်းအချက်အလက်များ နည်းလမ်းနှစ်မျိုးဖြင့် စီးဆင်းခြင်း၊" (Ibid) စသည်တို့ပါဝင်သည်။ ထို၂၁ရာစုကုန်သွယ်မှုသည် ကုန်စည်များရောင်းချခြင်း ဆောင်ရွက်ရုံမျှမက

(၂၈ရာစုကုန်သွယ်မှုမှ ဦးတည်သကဲ့သို့) အရာဝတ္ထုများပြုလုပ်ခြင်းလည်း (ထုတ်လုပ်မှု ကွန်ယက်မှ တဆင့်) ပါဝင်သည်။

တစ်ချိန်တည်းတွင် 2nd unbundling က စက်မှုထုတ်ကုန်များတင်ပို့ရန် စွမ်းဆောင်ရည်များတွင် ရှင်းလင်းစွာပြထားသော အကောင်အထည်နှင့်ရှိသော စက်မှုထူထောင်ရေးလမ်းကြောင်သို့ ရောက်ရှိရန် အိမ်ရှင်ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် သစ်လွင်သောအဓိကနှင့် မြန်ဆန်သော ယန္တရား ထောက်ပံ့ပေးရမည်။ 1nd unbundling နှင့် ၂၀ရာစု ကုန်သွယ်မှုတွင် ဖွံ့ဖြိုးဆဲနိုင်ငံများသည် စက်မှုထူထောင်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နှိုင်းယှဉ်ခြင်းအားဖြင့် ထုတ်ကုန်တစ်ခုလုံးထုတ်လုပ်ရန် အဆင့်များတွင် ကျွမ်းကျင်မှုများတိုးတက်မှုရှိရေးသည် စက်မှုထုတ်ကုန်များ၏ အောင်မြင်သော ပို့ကုန်များအတွက် လိုအပ်လာသည်။ ဤအရာသည် တောင်ကိုရီးယားကိစ္စနှင့် တူညီစွာ ယခု အချိန်ထိ စက်မှုထုတ်ကုန်များသည် အောင်မြင်သောသွင်းကုန်အစားထိုးမှုရှိရမည့် ဆိုသည့် အချက်ကိုလည်း ဦးလှည့်ပြီး လိုအပ်လာသည်။ ဆန့်ကျင်စွာဖြင့် 2nd unbundling သည် ဖွံ့ဖြိုးဆဲ နိုင်ငံများအား ဒေသတွင်းထုတ်လုပ်မှုကွန်ယက်အတွင်းသို့ ပါဝင်ရန်တတ်နိုင်ပြီး နှိုင်းယှဉ်အကျိုး ကျေးဇူးရှိသည့်အခါ ထုတ်လုပ်မှုအဆင့်များတွင် ဦးစွာအထူးပြုရန် ခွင့်ပြုသည်။

အာဆီယံကိစ္စတွင်ကြည့်ပါက လက်ရှိနှစ်များအတွင်း ဗီယက်နမ်၏ အကောင်းဆုံး ဥပမာကို ပြနိုင်သည်။ ဗီယက်နမ်သည် နောက်ဆုံးပို့ကုန်အတွက် အီလက်ထရောနစ်ပစ္စည်းတပ်ဆင်ရန် အသုံးပြုသည့် အီလက်ထရောနစ်ပစ္စည်းတင်သွင်းမှုနှင့် ဆက်စပ်နေသောထုတ်ကုန်များတွင် ညီညီမျှမျှ တက်ကြွစွာမြင့်တက်လာခြင်းအားနှင့်အတူတကွ လျှပ်စစ်ပစ္စည်းတင်ပို့မှုနှင့် ဆက်စပ် နေသောထုတ်ကုန်များတွင် တက်ကြွစွာမြင့်တက်လာခြင်းအား မြင်နိုင်ပေသည်။ ဤအရာသည် ထိုင်းနိုင်ငံနှင့် မလေးရှားတို့တွင် ကျယ်ပြန့်သော ထုတ်ကုန်အတိုင်းအတာနှင့် ကြီးမားကျယ်ပြန့် သော အတိုင်းအတာပမာဏအချို့ကိစ္စများတွင် နက်နဲသော ပြည်တွင်းထပ်ဆင့်တိုးကုန်စည် များရှိသော်လည်း အဆိုပါနိုင်ငံများတွင်လည်းရှိသည်။ ဖိလစ်ပိုင်အတွက်လည်း အဆိုပါကိစ္စရှိခဲ့ သော်လည်း ကြားသုံးကုန်စည်ထုတ်ကုန်များတွင် ကျဉ်းမြောင်းသော အတိုင်းအတာရှိသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပြင်ပအရင်းအမြစ်ရှာဖွေခြင်းသည် "မိခင်ကုမ္ပဏီ၏ နည်းဗျူဟာများတွင် တိကျသော အစိတ်အပိုင်းများ အလွန်ခိုင်မာမှု" (Ibid p.26)နှင့် မိခင်ကုမ္ပဏီက ပြည့်ပြည့်ဝဝ ပိုင်ဆိုင်ပြီး ထိန်းချုပ်မှုကိုဦးတည်သော စက်ရုံများ (-ထိုအရာသည် ကျန်ရှိနေသော စီးပွားရေးတွင် နည်းပညာ ဖြန့်ဖြူးမှုနည်းပါးခြင်တို့ဖြစ်သည်။) ပါဝင်ရမည်။ ထို့ကြောင့် စက်မှုထုတ်ကုန်များ ပို့ကုန်ဖြင့် စက်မှုထူထောင်ရေးကိုညွှန်ပြပြီး ထိုအရာသည် ကိုရီးယားနှင့်ထိုင်ဝမ်တို့ကဲ့သို့

အောင်မြင်သော သွင်းကုန်အစားထိုးမှုဝါဒနဲ့ မတူညီပေ။ (အကျိုးသက်ရောက်မှုများသည် အခြားနယ်မြေစက်မှုထုတ်ထောင်ရေးထဲမှ တစ်ခုဖြစ်သည်) (Baldwin, 2011,p.26)

၂၁ ရာစု 2nd unbundling ၏ အရှုံးမပေးဘဲ စိန်ခေါ်မှုများနှင့် ထုတ်လုပ်မှုကွန်ယက်သည် အခြားဒေသ စက်မှုထုတ်ထောင်ရေးသို့မရှိဘဲ စက်မှုထုတ်ထောင်ရေးနှင့် မြင့်မားသောတိုးတက်မှုလမ်းကြောင်းအတွက် အထောက်အကူအဖြစ် မည်သို့အသုံးပြုရမည်ဖြစ်သည်။ ဤတွင် တောင်းဆိုလာသည့်အချက်များမှာ (က) ပို့ကုန်ဦးဆောင်စက်မှုလုပ်ငန်းအုပ်စု (ပြည်တွင်းပိုင်လုပ်ငန်းများနှင့် နိုင်ငံခြားသားပိုင်လုပ်ငန်း)များ ပိုမို၍ဖွံ့ဖြိုးတိုးတက်မှုရရှိရန်၊ အဘယ်ကြောင့်ဆိုသော် ထုထဲပြီးကျယ်ပြန့်သောလုပ်ငန်းအုပ်စုများသည် ကြီးမားသော လုပ်ငန်းကြီးလုပ်ကိုင်ခြင်းမှ အလားအလာကောင်းသော အကျိုးခံစားရသည့်အပြင် ကြီးမားသောနည်းပညာဆိုင်ရာပြန့်နှံ့မှုတို့ကိုဖြစ်ပေါ်စေခြင်း (ခ) နည်းပညာဆိုင်ရာ အကူးအပြောင်းများနှင့် ကာလရှည်လုပ်ငန်းဆက်စပ်မှုများမှတစ်ဆင့် လုပ်ငန်းများနှင့်လုပ်ငန်းစုများကို နက်နဲသော ပြည်တွင်းထောက်ပံ့မှုရန်လုပ်ငန်းများအား ပေးသည့်ယန္တရားတိုးတက်လာခြင်း၊ (ဂ) နည်းပညာအသစ်များနှင့် လက်တွေ့လုပ်ကိုင်မှုတို့ပေါ် သိမ်းသွင်းရန်၊ ပြုပြင်မွမ်းမံရန်နှင့် တီထွင်ရန်ဒေသတွင်းလုပ်ငန်းများနှင့် အဖွဲ့အစည်းများ၏စွမ်းရည်များ နက်ရှိုင်းလာစေခြင်း (ဃ) နည်းပညာအသစ်များနှင့် လက်တွေ့လုပ်ကိုင်မှုတို့ပေါ် စုတ်ယူနိုင်သည့် စွမ်းရည်များခိုင်မာမှုရှိစေရန်၊ လူ့အရင်းအမြစ်တွင် ရင်းနှီးမြှုပ်နှံခြင်းတို့ဖြစ်သည်။ အထက်ဖော်ပြပါအချက်များအားလုံးသည် ထောက်ပံ့ပေးသည်ပေါ်လစီများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖွင့်ပေးနိုင်သည့် စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာနှင့် ဖွဲ့စည်းပုံဆိုင်ရာပတ်ဝန်းကျင်၊ နည်းပညာနှင့် အသိပညာ၊ ပို့ကုန်ဦးဆောင်သောစက်မှုလုပ်ငန်းစုနှင့် ကျန်ရှိသောစီးပွားရေးတို့အကြား ပိုမိုတူညီစေသောကုန်သွယ်မှုနှင့် စည်းမျဉ်း၊ စည်းကမ်းစနစ်၊ တိုင်းပြည်တစ်ပြည်၊ တိုင်းပြည်များရှိ ဒေသအတွင်းရုပ်ပိုင်းဆိုင်ရာနှင့် ဖွဲ့စည်းပုံဆိုင်ရာဆက်သွယ်မှုတိုးတက်လာစေရန် လူ့အရင်းအမြစ်တွင်ရင်းနှီးမြှုပ်နှံခြင်း စသည်တို့ဖြစ်သည်။

ကြီးမားသောအတိုင်အတာအနေဖြင့် ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံ (လျှပ်စစ်ပစ္စည်းများ၊ လျှပ်စစ်စက်မှုအသုံးအဆောင်များနှင့် အစိတ်အပိုင်းများ) တို့တွင် စက်မှုထုတ်ထောင်ရေးတောင့်တင်းခိုင်မာစေရန် လမ်းကြောင်းအဖြစ် အချိန်နှင့်အမျှ နည်းပညာများနှင့် ထုတ်လုပ်မှုစနစ်ကို သတင်းရယူနိုင်ရန်နှင့် လက်ခံရန် ဒေသတွင်းရှိလုပ်ငန်းများ၊ အဖွဲ့အစည်းများနှင့် လူများ၏ စွမ်းဆောင်ရည်များခိုင်မာမှုနှင့်အတူ ဒေသတွင်းထုတ်လုပ်မှုကွန်ယက်ကို ချိတ်ဆက်ပေးရန် စက်မှုလုပ်ငန်းစုများနက်နဲမှုနှင့်ကျယ်ပြန့်မှုကို အခြေပြုရမည်၊ ဖိလစ်ပိုင်သည် ဒေသဆိုင်ရာထုတ်လုပ်မှု ကွန်ယက်တွင် အစိတ်အပိုင်းတစ်ခုအနေဖြင့် သူ့ခြေရာနက်ရှိုင်းစွာအခြေချနိုင်ရန် ယခုအချိန် ထိအောင်မြင်မှု

အနည်းငယ်သာရရှိသည်။ အဘယ်ကြောင့်ဆိုသော် ဖိလစ်ပိုင်နိုင်ငံ၏ ထုတ်လုပ်မှုအဆင့်သည် ပြည်တွင်းဈေးကွက်သေးငယ်မှုနှင့် ပြည်တွင်းလုပ်ငန်းများသည် ပါဝင်နိုင်ရန် နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်မရှိသည့်အခါ (အတိုင်းအတာတစ်ခုအနေဖြင့် အခြားဒေသတွင်စက်မှုထူထောင်ရေးဖြစ်သည်) မြင့်မားသောနည်းပညာစူးစိုက်ထုတ်လုပ်ရမည့် အစိတ်အပိုင်းများအား စစ်ဆေးရန်နှင့် ကုန်စည်များတတ်ဆင်ရန်ကို ဦးတည်သော ဖိလစ်ပိုင်အတွက် ထုတ်လုပ်မှု အဆင့်သာဖြစ်၍ အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်နှိုင်းယှဉ်ပါက ရင်းနှီးမြှုပ်နှံမှုအခြေအနေ နှိုင်းယှဉ်ခြင်းအားဖြင့် ဆွဲဆောင်မှုနည်းပါးခြင်း စသည့်အချက်များကြောင့်ဖြစ်သည်။ တိုင်းပြည်သည် ကြီးကျယ်သော အောင်မြင်မှုများ၊ တိုင်းပြည်အတွင်းရှိ ငုတ်နေသောနှိုင်းယှဉ်အကျိုးကျေးဇူးများစသည့် အတွေ့အကြုံများ ရှိခဲ့ရာတွင် လုပ်ငန်းဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများ၏ ပြင်ပအရင်းအမြစ်ရှာဖွေခြင်း ဖြစ်ခဲ့သည်။

ထုတ်လုပ်မှုကွန်ယက်တွင် တန်ဖိုးမြင့် ဆောင်ရွက်ခြင်း (value chain)တွင် ဖားခုန်အကျိုးသက်ရောက်မှု၌ အများဆုံးအောင်မြင်မှုရရှိသည့်နိုင်ငံမှာ အထူးသဖြင့်တီထွင်မှုဦးဆောင်ခဲ့ပြီး ထုတ်လုပ်မှုကွန်ယက်နှင့် အလွန်တရာ ချိတ်ဆက်နိုင်ခဲ့သော စင်္ကာပူနိုင်ငံဖြစ်သည်။ စင်စစ် စင်္ကာပူသည် နည်းပညာစူးစိုက်အသုံးပြုပြီး အထူးပြုထားသောကုန်စည်များဖြင့် ပေါ်ပေါက်လာသော ပို့ကုန်များတွင် ဈေးသက်သာစွာပေါ်ပေါက်လာသော တိုင်းပြည်များနှင့်ပြိုင်ဆိုင်မှုမှတစ်ဆင့် ပြိုင်ဆိုင်မှုစွမ်းအားဖြစ်ပေါ်စေသည့်အရာများအဖြစ် ပိုမိုသော လုပ်သားစူးစိုက်အသုံးပြုမှု လုပ်ဆောင်ချက်များအတွက် Riau နှင့် Johor တို့နှင့် နယ်စပ်ဒေသထုတ်လုပ်မှုမျှဝေခြင်း သို့မဟုတ် လွန်ခဲ့သော ၁၀ စုနှစ် ၃ နှစ်အတွင်း ပညာသားပါပါဖန်တီးထားသော ထုတ်လုပ်မှုကွန်ယက် အကောင်အထည်ဖော်ခြင်း သို့မဟုတ် ထုတ်လုပ်မှု မျှဝေခြင်းတို့ရှိခဲ့သည်။

ဒေသဆိုင်ရာထုတ်လုပ်မှုကွန်ယက်အတွင်း ဝင်ရောက်ခြင်းမရှိသေးသော အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဥပမာ မြန်မာနိုင်ငံအတွက် ထုတ်လုပ်မှုကွန်ယက်သို့ ဝင်ရောက်ခြင်းသည် ဒေသဆိုင်ရာထုတ်လုပ်မှုကွန်ယက်ကို မောင်းနှင်ပေးသူဖြစ်သည့် နိုင်ငံတကာလုပ်ငန်းများအတွက် နှိုင်းယှဉ်ခြင်းအားဖြင့် သင့်တော်သော ရင်းနှီးမြှုပ်နှံမှုအခြေအနေရှိခြင်း ကောင်းမွန်သော ကုန်စည်ဆက်သွယ်မှုများနှင့် သဘောင်္ဆိပ်ကမ်းနှင့် သို့မဟုတ် လေဆိပ်အနီးရှိ အခြေခံအဆောက်အအုံနှင့် နှိုင်းယှဉ်ခြင်းအားဖြင့် နိမ့်ကျသော လုပ်သားစရိတ်တို့အတွက် အကျိုးဆက်ကိုရရှိမည်။ ကြီးမားသော အတိုင်းအတာအရ ကိုက်ညီမှုရှိသောပေါ် လစီအတိုင်းအတာများ အကောင်အထည်ဖော်ခြင်းနှင့် အေအီးစီ အသေးစိတ်စီမံချက်ဒေသတွင်း အစပျိုးမှုများသည် မရှိမဖြစ်ထားရှိရမည့်အရာများ ဖြစ်သည်။ ဗီယက်နမ်၏ အောင်မြင်မှုနှင့် ကမ္ဘောဒီးယားတိုးတက်မှုရရှိမှုများပြီးနောက်တွင် ဒေသဆိုင်ရာ ထုတ်လုပ်မှု

ကွန်ယက်သို့ မြန်မာနိုင်ငံသည် ဝင်ရောက်နိုင်ပါက သင့်တော်သည့်အချိန်ပင် ဖြစ်သည်။

အထက်တွင် ဖော်ပြထားသော ဆွေးနွေးချက်များသည် အာဆီယံနိုင်ငံများအတွက် စက်မှုထုတ်လုပ်ရေးလုပ်ဆောင်ချက်သည် ထုတ်လုပ်မှုကွန်ယက်နှင့်အတူ ဆောင်ရွက်ရမည့်အရာများစွာရှိပြီး ပြည်တွင်းပေါ်လစီကို ဖြည့်စွက်ပေးမှုများဖြင့် ပိုမိုနက်နဲပြီးကျယ်ပြန့်လာနိုင်မည်။ အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့သည် ကိုရီးယားနှင့်ထိုင်ဝမ်တို့တစ်ဖက်တွင် ကြီးမားသော အတိုင်းအတာဖြင့် ဦးဆောင်ဂျပန်ရှိသည့် အရှေ့အာရှဒေသတွင်း ထုတ်လုပ်မှုကွန်ယက်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်ဆိုခြင်းမှာ အံ့ဩစရာမရှိပေ။ တရုတ်နိုင်ငံထက် အံ့ဩဖွယ်ပြုမူနည်းပြီး ပိုမို၍တဖြေးဖြေးဆောင်ရွက်သည့် အာဆီယံအဖွဲ့ဝင်များသည် စက်မှုထုတ်လုပ်ရေးအသွင်ပြောင်းမှုရလဒ်တွင် မည်သို့ပင်ဖြစ်စေ ကောင်းစွာမှတ်သားထိုက်ပေသည်။ Baldwin (2011) က တိကျစွာဖြင့် အာဆီယံရွှေနှစ်များဟု တင်စားခေါ်နိုင်သော အင်ဒိုနီးရှား၊ မလေးရှား၊ စင်္ကာပူနှင့် ထိုင်းနိုင်ငံတို့အတွက် စက်မှုပို့ကုန်များအရှိန်ဖြင့်တိုးတက်လာခြင်းနှင့် မြင့်မားသောစီးပွားရေး တိုးတက်မှုရရှိစေရေး Plaza Accord နောက်ဆက်တွဲအနေဖြင့် အထူးသဖြင့် ဂျပန်မှ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု မြင့်မားစွာစီးဝင်ခြင်း ဆယ်စုနှစ်များကိုထားရှိသည်မှာ ၁၉၈၅-၁၉၉၅ ကာလအတွင်း $2^{nd}$ unbundling ၏ ခေါ်ဆောင်လာပေးမှုအား သတိပြုထိုက်ပေသည်၊ ရှေ့ဆက်ရမည့် နည်းလမ်းများ၊ နက်နဲသောစက်မှုထုတ်လုပ်ရေးလုပ်ငန်းစဉ်တို့သည်အာဆီယံစီးပွားရေးအသိုက်အဝန်းမှတဆင့် အခြေခံကျစွာ ဒေသတွင်းကဲ့သို့ ပြည်တွင်းလုပ်ငန်းများပါ ထုတ်လုပ်မှုကွန်ယက်ကို ရှေ့တိုးရွှေ့ပြောင်းခြင်းပါဝင်သည်။

အထက်တွင်ဆွေးနွေးမှုများသည် ဒေသအတွင်းထုတ်လုပ်မှုကွန်ယက်အတွက် ဒေသဆိုင်ရာအဆင့်တွင် အဆင်ပြေချောမွေ့စေသော ပတ်ဝန်းကျင်သည် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ပေးမှုများကိုတောင်းဆိုရုံသာမက ကျယ်ပြန့်သောပေါ်လစီနှင့် စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာနယ်ပယ်နောက်တွင်များစွာဆောင်ရွက်ရမည့် နက်ရှိုင်းသောဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများကိုတောင်းဆိုလာသည်။ ဤအရာသည် တိုင်းပြည်များအကြား ထုတ်လုပ်မှုပြန့်ကျဲမှုကိုချဲ့ထွင်ပြီး နောက်ဆုံးထုတ်ကုန်များ ပြီးဆီးစေရန် သွင်းအားစုနိုင်ငံအတွင်းစီးဆင်းမှုပမာဏများလာစေရန် အမြင်ဖြင့် ကုန်သွယ်မှုစရိတ်များကို ချဲ့ထွင်ရှင်းပြနိုင်သည်။ ( Yi, 2003 as referenced in Koopmans, et.al, 2010, p.6) တစ်ချိန်တည်းတွင် အထက်တွင်အကြံပြုရှင်းပြခဲ့သော ကြီးမားသော အတိုင်းအတာဖြင့် ထောက်ပံ့ပေးသောပေါ်လစီများကို ရှေ့ရှုသည့်အတိုင်းအတာများ၊ ခိုင်မာတောင့်တင်းသော စီးပွားရေးတိုးတက်မှုအတွက် အဖွဲ့အစည်းဆိုင်ရာပါတ်ဝန်းကျင်အခြေအနေ၊ စက်မှုထုတ်လုပ်ရေးမြင့်တက်လာခြင်း၊ စက်မှုလုပ်ငန်းစုများနှင့် ဒေသတွင်းထုတ်လုပ်မှု ကွန်ယက်

တို့သည် အေအိုးစီအသေးစိတ်စီမံကိန်းကို ဖမ်းဆုတ်မိပေသည်။ ထို့ကြောင့် အေအိုးစီ အသေးစိတ် စီမံချက်သည် ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုကို ထောက်ပံ့ပေးရုံမက အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရလာခြင်းနှင့် စက်မှုထူထောင်ရေး လုပ်ငန်းများအတွက်ပံ့ပိုးပေးသူလည်းဖြစ်သည်။ ထိုအခြေအနေများအရ ၂၀၁၅ အလွန်အေအိုးစီ အတိုင်းအတာများအတွက် ထိရောက်သော အကောင်အထည်ဖော်မှုများသည် အံ့သြလောက်ဖွယ် အာဆီယံ၏ ၂၀၁၅ အလွန် ပြည့်စုံစွာကြီးထွားလာမှုကိုကူညီပေးလိမ့်မည်။

## ကမ္ဘာလုံးဆိုင်ရာတန်ဖိုးဖြစ်စဉ်၊ ဒေသတွင်းထုတ်လုပ်မှုကွန်ယက်နှင့် အာဆီယံ

ကွဲပြားခြားနားသော တိုင်းပြည်အသီးသီးတွင် တာဝန်ယူဆောင်ရွက်သော ခြားနားသော ထုတ်လုပ်မှုအဆင့်များဖြင့် အစိတ်အပိုင်းအမျိုးမျိုးထုတ်လုပ်မှုသည် ယနေ့ ပြန့်နှံ့နေသော အမြင် အရ တိုင်းပြည်များမှ ပို့ကုန်၊ သွင်းကုန်များ၏ ထပ်ဆင့်တိုးတန်ဖိုးများအပေါ် ခြေရာခံနိုင် ရုံသာမက ကမ္ဘာ့တန်ဖိုးမြင့်ဖြစ်စဉ် (global value chain) ၏ အကျိုးသက်ရောက်မှုကို လျှပ်တပျက်အမြင်ဖြင့် ကြည့်မြင်နိုင်သည်။ Koopman, Powers, Wang နှင့် Wei (2010) က ကမ္ဘာတစ်လျှောက် ပို့ကုန်သွင်းကုန်ဇယားနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အချက်အလက် များကို ပေါင်းစပ်ခဲ့သည်။ သူတို့သည် (က) ပြည်တွင်းထပ်ဆင့်တိုးတန်ဖိုး၊ နိုင်ငံခြားတန်ဖိုးနှင့် နိုင်ငံခြားမှပြန်လာသော ပြည်တွင်း ထပ်ဆင့်တိုးတန်ဖိုး (ခ) ပြည်တွင်းထပ်ဆင့်တိုး တန်ဖိုးသည် ဆက်လက်၍ နောက်ဆုံးသုံးကုန်စည်သို့မဟုတ် ကြားသုံးသွင်းအားစုများအဖြစ် တိုက်ရိုက် တင်သွင်းသူများမှ သိမ်းသွင်းနိုင်သည့် အစိတ်အပိုင်းကို သို့မဟုတ် နောက်ဆုံးသုံး ကုန်စည် သို့မဟုတ် ကြားသုံးသွင်းအားစုများအဖြစ် တတိယနိုင်ငံများသို့ အဆင့်ဆင့်လုပ်ဆောင်ချက် သို့မဟုတ် တင်ပို့ခြင်း စသည့် အစိတ်အပိုင်းများကို ပေါင်းစပ်ဖွဲ့စည်းခြင်း (ဂ) တူညီစွာပင်၊ နိုင်ငံခြားထပ်ဆင့်တိုး တန်ဖိုးကို ဆက်လက်၍ နောက်ဆုံးသုံးကုန်စည်များနှင့် ကြားသုံး ကုန်စည်များကြား ပေါင်းစပ်ဖွဲ့စည်းခြင်း စသည်တို့ထဲသို့ စုစုပေါင်း ပို့ကုန်များကို ပေါင်းစပ်ဖွဲ့စည်း ခဲ့သည်။ စာရေးသူများသည် ကမ္ဘာ့တန်ဖိုးဖြစ်စဉ် (Global Value Chain (GVC)) ပါဝင်မှု နှုန်းများကိုလည်း ခန့်မှန်းခဲ့ကြသည်။ တိုင်းပြည်တစ်ပြည်၏ GVC ပါဝင်မှုနှုန်းသည် အခြား တိုင်းပြည်များ၏ ပို့ကုန်တွင်အသုံးပြုသော တိုင်းပြည်မှ ကြားသုံးပို့ကုန်များနှင့် စုစုပေါင်း ပါဝင်မှု ဝေစုဖြစ်သည်။ တိုင်းပြည်၏ GVC ပါဝင်မှုနှုန်းသည် အခြားတိုင်းပြည်များ၏ ပို့ကုန်တွင် အသုံးပြုသော တိုင်းပြည်မှ ကြားသုံးပို့ကုန်များ၏ ပါဝင်မှု ရာခိုင်နှုန်းနှင့် ကိုယ်ပိုင်ထုတ်လုပ်မှုတွင် သွင်းကုန်ကြားသုံးကုန်စည်များပါဝင်မှု ဝေစုရာခိုင်နှုန်းပေါင်းဖြစ်သည်။ တိုးတက်လာသော အာရှ အတွက် Koopman, et al. တို့၏ ရလဒ်သည် အာရှ NIC များနှင့် ဂျပန်တို့၏ ၂၀၀၄ ခုနှစ် အချက်အလက်များပေါ် အခြေပြုပြီး ဇယား ၄.၁ တွင်ဖော်ပြထားသည်။ GVC ပါဝင်မှုနှုန်းကဲ့သို့

ဇယား ၄.၁ တွင်ဖော်ပြထားသည့် စုစုပေါင်းပို့ကုန် ပေါင်းစပ်ဖွဲ့စည်းမှုအချက်များသည် စိတ်ဝင်စားဖွယ်ကောင်းသော ရလဒ်အချို့ကို ဖော်ပြသည်။ သတိပြုရမည့်အချက်မှာ တိုင်းပြည်များ၏ကုန်စည်တင်ပို့မှုအားလုံးကိုသာ လေ့လာခြင်းဖြစ်ပြီး ဒေသတွင်းထုတ်လုပ်မှုကွန်ယက်တွင် လက်တွေ့လေ့လာမှုများ၌ များသောအားဖြင့် ဦးတည်သော စက်မှုကုန်စည်များအတွက် သီးခြား မပါဝင်ပေ။ မည်သို့ပင်ဖြစ်စေ ဇယား ၄.၁ မှ ရလဒ်များသည် မြင်သာစေသည်။

## ဇယား ၄.၁ - စုစုပေါင်းပို့ကုန် ပေါင်းစပ်ဖွဲ့စည်းမှုအချက်များ

| Country | Basic Decomposition | | | | | | |
|---|---|---|---|---|---|---|---|
| | DVA in direct exports of final goods | DVA in interme-diates absorbed by direct importer | Indirect DVA exports to third countries | Returned DVA | Foreign value added | Total | GVC Partici-pation (Vertical trade, OECD) |
| ***Advanced economies*** | | | | | | | |
| Australia, New Zealand | 27 | 33.6 | 27.4 | 0.6 | 11.5 | 100 | 39.4 |
| Canada | 23.5 | 36.2 | 10.9 | 1.3 | 28.1 | 100 | 40.4 |
| EFTA | 23 | 36.3 | 14.7 | 0.8 | 25.2 | 100 | 40.8 |
| Western EU | 38.1 | 29.6 | 13.5 | 7.4 | 11.4 | 100 | 32.3 |
| Japan | 38.4 | 18.5 | 28 | 2.9 | 12.2 | 100 | 43.1 |
| United States | 32.5 | 27.6 | 14.6 | 12.4 | 12.9 | 100 | 39.9 |
| ***Asian NICs*** | | | | | | | |
| Hong Kong | | | | | | | |
| Korea | 29.5 | 13.5 | 22.3 | 0.9 | 33.9 | 100 | 57 |
| Taiwan | 19.2 | 12.6 | 26.4 | 0.8 | 41.1 | 100 | 68.2 |
| Singapore | 11 | 13.1 | 12.2 | 0.6 | 63.2 | 100 | 76 |
| ***Emerging Asia*** | | | | | | | |
| China Normal | | | | | | | |
| China Porcess-ing | 28.8 | 10.2 | 4.1 | 0.36 | 56.6 | 100 | 61 |
| Indonesia | 20 | 28.1 | 28.4 | 0.6 | 22.9 | 100 | 51.9 |
| Malaysia | 16.7 | 17.7 | 24.1 | 0.9 | 40.5 | 100 | 65.5 |
| Philippines | 17.6 | 11.1 | 29 | 0.4 | 41.9 | 100 | 71.2 |
| Thailand | 27.9 | 14 | 18.1 | 0.3 | 39.7 | 100 | 58.1 |
| Vietnam | 32.9 | 15.3 | 14.4 | 0.4 | 37 | 100 | 51.8 |
| Rest of East Asia | 35.3 | 26.9 | 16.1 | 0.1 | 21.7 | 100 | 37.9 |

| | | | | | | | |
|---|---|---|---|---|---|---|---|
| India | 30.2 | 30.8 | 18.6 | 0.4 | 20.1 | 100 | 39 |
| Rest of South Asia | 48.8 | 19.2 | 10.6 | 0.1 | 21.3 | 100 | 32 |
| ***Other emerging*** | | | | | | | |
| Brazil | 27.4 | 40.7 | 19 | 0.3 | 12.7 | 100 | 31.9 |
| EU accession countries | 28.7 | 29.2 | 10.4 | 1 | 30.8 | 100 | 42.1 |
| Mexico Normal | 23.5 | 41.1 | 17.4 | 0.6 | 17.3 | 100 | 35.3 |
| Mexico Processing | 20.6 | 10.1 | 5.6 | 0.3 | 63.4 | 100 | 69.3 |
| Rest of Americas | 23.8 | 40.6 | 20.4 | 0.7 | 14.4 | 100 | 35.6 |
| Russian Federation | 9.5 | 49.1 | 30.5 | 0.7 | 10.2 | 100 | 41.4 |
| South Africa | 23.1 | 34.5 | 24 | 0.2 | 18.2 | 100 | 42.4 |
| Rest of the world | 15 | 45.6 | 22.4 | 2.5 | 14.6 | 100 | 39.5 |
| *World average* | 29.2 | 27.7 | 17.5 | 4 | 21.5 | 100 | 43 |

မှတ်ရန် - All Columns are expressed as a share of total gross exports. DVA refers to domestic value added. Country groupings follow IMF regions.

ဇာစ်မြစ် - Koopman, et al. (2010)

ဇယားမှ ဖော်ပြသည်မှာ အင်ဒိုနီးရှားနိုင်ငံသည် သဘာဝအရင်းအမြစ်အခြေခံ ထုတ်ကုန်များတွင် နှိုင်းယှဉ်ခြင်းအား များစွာမှီခိုနေရသောကြောင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား စုစုပေါင်း ပိုကုန်များ၏ စုစုပေါင်းတန်ဖိုးတွင် ပြည်တွင်းထပ်ဆင့်တိုးတန်ဖိုးများ သည်အမြင့်ဆုံး ပါဝင်မှု ဝေစုရှိသည်။ ဇယားရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် အင်ဒိုနီးရှားသည် စုစုပေါင်း ပို့ကုန်များ၏ တန်ဖိုးတွင် နိုင်ငံခြားထပ်ဆင့်တိုးတန်ဖိုးများ ပါဝင်မှုသည် ၂၃ % ပတ်ဝန်းကျင် ခန့်ဖြင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြားအနိမ့်ဆုံးဖြစ်သည့်အတွက် သူ့နိုင်ငံပို့ကုန် အတွက်ထုတ်လုပ်မှု ကွန်ယက်ပေါ်တွင် မှီခိုမှုနည်းသည်။ အိန္ဒိယသည်လည်းအင်ဒိုနီးရှားနှင့် အလားတူဖြစ်သည်။ ဒေသတွင်းထုတ်လုပ်မှု ကွန်ယက်တွင်ကောင်းစွာ ပေါင်းစည်းနိုင်မှု မရှိသေးပေ။ မှန်ကန်လှစွာပင်၊ ကမ္ဘာ့တန်ဖိုးဖြစ်စဉ် (Global Value Chain) ၌ သူ့နိုင်ငံ၏ ပါဝင်မှုသည် အင်ဒိုနီးရှားထက်ပင် တော်တော်လေးနိမ့်ကျသည်။ ဆန့်ကျင်ဘက်အနေဖြင့် စင်္ကာပူနိုင်ငံသည်သူ့နိုင်ငံပို့ကုန်၏၆၃ရာခိုင်နှုန်းခန့်သည်နိုင်ငံခြားထပ်ဆင့်တိုးတန်ဖိုးပေါ်တွင် များစွာမှီခိုနေသည်။ တစ်ချိန်တည်းတွင် သူ့နိုင်ငံ၏ GVC ပါဝင်မှု နှုန်းသည် အာဆီယံအဖွဲ့ဝင်

နိုင်ငံများအကြားအမြင့်ဆုံးဖြစ်သည်။ ဤအရာသည် မြို့နိုင်ငံအတွင်း ထုတ်လုပ်မှုနေရာ ကြီးမားစွာ ကင်းမဲ့နေကြောင်းကို သရုပ်ထင်စေပြီး သူ့၏ကြားသုံးကုန်စည်များအပေါ် တင်ပို့မှုအတွက် သွင်းကုန်အစိတ်အပိုင်းများပေါ်တွင် များစွာမှီခိုနေရကြောင်းကိုလည်း ဖော်ပြသည်။

ဖိလစ်ပိုင်နှင့် မလေးရှားတို့သည် စုစုပေါင်းပို့ကုန်ပေါ်တွင် ပြည်တွင်းထပ်ဆင့်တိုး တန်ဖိုး ပါဝင်မှု ဒုတိယနှင့် တတိယ အနည်းဆုံးဖြစ်ကြောင်းကိုပြသပြီး ယင်းသည် နိုင်ငံ ၂ နိုင်ငံစလုံး လျှပ်စစ်နှင့် လျှပ်စစ်အသုံးအဆောင်စက်ပစ္စည်းများနှင့် အစိတ်အပိုင်းများပေါ်တွင် များစွာ အားထားနေကြောင်းကို အကျိုးထင်စေသည်။ သူတို့၏ပို့ကုန်များသည် တိုက်ရိုက်တင်သွင်းသော နိုင်ငံများ သို့မဟုတ် ဆက်လက်မည့်ထုတ်လုပ်မှုဖြစ်စဉ်များနှင့် နောက်ဆုံးသုံးကုန်စည် သို့မဟုတ် ကြားသုံးသွင်းအားစုများမှ ကြားသုံးသွင်းအားစုများ အသုံးပြုသည်မှာ သတိပြုထိုက်ပေသည်။ အကျိုးဆက်အနေဖြင့် ဖိလစ်ပိုင်နှင့် မလေးရှားပို့ကုန်များတွင် ကုန်စည်ပေါင်းစည်းမှုများသည် အဓိကအားဖြင့် အစိတ်အပိုင်းများနှင့် အခြားကြားသုံး သွင်းအားစုများဖြစ်ပြီး အံ့ဩဖွယ်ရာမရှိစေရန် ဖိလစ်ပိုင်နှင့် မလေးရှားပို့ကုန်များသို့ နိုင်ငံခြားထပ်ဆင့်တိုးတန်ဖိုးအများစုသည် ကြားသုံးသွင်းအားစုများအတွက် ဖြစ်သည်ဟူသောအချက်ပင် Koopmans, et al. ၏နမူနာနိုင်ငံများအားလုံးတွင် စင်္ကာပူပြီးနောက် ဖိလစ်ပိုင်ရှိကြောင်း အချက်သည် အဆိုပါနစ်နိုင်ငံ၏ GVC ပါဝင်မှုနှုန်းပေါ်တွင် ထင်ဟပ်စေသည်။ သတိပြုရမည့် အချက်မှာ မလေးရှားနှင့် ဖိလစ်ပိုင်တို့၏ ပို့ကုန်ဖွဲ့စည်းမှုသဏ္ဌာန်သည် အဓိကကြားသုံးသွင်းအားစုများတင်ပို့ရန် ထုတ်လုပ်မှုဖြစ်စဉ် အတွက် သွင်းအားစု တင်သွင်းမှုတွင် မှီခိုနေရသော ထိုင်ဝမ်နိုင်ငံနှင့် တူညီသည်ဆိုသည့် အချက်ပင်ဖြစ်သည်။ ထိုသုံးနိုင်ငံသည် ဒေသတွင်း ထုတ်လုပ်မှုကွန်ယက် အထူးသဖြင့် supply chain ၏ ကြားသုံးကုန်စည်အစိတ်အပိုင်းများတွင် ကောင်းစွာ ပေါင်းစည်းနိုင်ခဲ့သည်။

ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် သူတို့၏ ပို့ကုန် ဖွဲ့စည်းပုံမှာ မည်သို့ပင်ဖြစ်စေ တူညီကြသည်။ အဆိုပါနစ်နိုင်ငံလုံးသည် သူတို့ပို့ကုန်အတွက် နိုင်ငံခြားထပ်ဆင့်တိုးတန်ဖိုးများအပေါ် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများ ထက်မှီခိုမှုအားနည်းသည်။ ထို့အပြင် သူတို့ပို့ကုန်၏ အချိုးပမာဏများစွာသည် နောက်ဆုံးသုံးကုန်စည်များဖြစ်သည်။ ဤအရာသည် သူတို့နိုင်ငံများအနေဖြင့် ပြုပြင်ပြီးနှင့် မပြုပြင်ရသေးသော စိုက်ပျိုးရေးကုန်စည်များနှင့် လွယ်ကူသော စက်မှု နောက်ဆုံးသုံး ကုန်စည်များ ( ဥပမာ ထိုင်းနိုင်ငံအတွက် ကားများ၊ ကုန်တင်ကားများ၊ နစ်နိုင်ငံလုံးအတွက် အထည်)များပေါ် များစွာမှီခိုနေမှုကို အကျိုးထင်စေသည်။ ဗီယက်နမ်သည် အခြားအာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား အင်ဒိုနီးရှားနှင့်

အတူ GVC ပါဝင်မှု နှုန်းသည်အနိမ့်ဆုံးရှိသည်။ ထိုင်းနိုင်ငံ၏ စုစုပေါင်းအရေအတွက်သည် တိုင်းပြည်သည် စက်မှုကုန်စည်များတွင် အခြေခံကျစွာ အရှေ့အာရှ၏ ဒေသဆိုင်ရာ ကွန်ယက်နှင့် တင်းကြပ်စွာချိတ်ဆက်နေသည်သည် ဆိုသည့်အချက်ပေါ်တွင် မူတည်သည်။ အကောင်းဆုံး ဥပမာမှာ မော်တော်ကားလုပ်ငန်းနှင့် ကွန်ပြူတာ hard disk drive လုပ်ငန်း တို့ဖြစ်သည်။ တူညီစွာပင် ဗီယက်နမ်နိုင်ငံသည်လက်ရှိနှစ်များတွင် ဒေသတွင်း ထုတ်လုပ်မှု ကွန်ယက်သို့ မြင့်မားစွာချိတ်ဆက်ထားပြီးဖြစ်သည်။ (၂၀၀၄ ခုနှစ်တိုင်အောင် မဆုပ်ကိုင်နိုင်)

နှစ်လမ်းစဉ်ချိတ်ဆက်ထားသော သဘာဝရှိသည့် (dualistic) တရုတ်၏ ပို့ကုန်စနစ်နှင့် ထိုနည်းတူစွာ မက္ကဆီကိုနိုင်ငံ စနစ်တို့ကို မှတ်သားထိုက်ပေသည်။ တရုတ်နှင့် မက္ကဆီကို တို့သည် ကမ္ဘာ့ထုတ်လုပ်မှုဖြစ်စဉ်ကုန်သွယ်မှုတွင် ထိပ်ဆုံးမှ ပါဝင်သူနှစ်နိုင်ငံဖြစ်ပြီး နောက်ပိုင်းနိုင်ငံဖြစ်သည့် မက်စီကိုသည် US နှင့် မက်စီကိုတို့၏ နယ်စပ်မြို့ဖြစ်သော "maquiladoras"၏ ထင်ရှားမှု လက္ခဏာရပ်များရှိသည့်အပြင် ရှေ့ပိုင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံသည် အထူးစီးပွားရေးဇုန်၏ အခြေခံအောင်မြင်မှုကို နမူနာပြုထားသည်။ မငြင်းဆိုနိုင်လောက်အောင်ပင် တရုတ်၏ ထုတ်လုပ်မှု ဖြစ်စဉ်အတွင်းကုန်သွယ်မှုသည် အရှေ့အာရှဒေသဆိုင်ရာထုတ်လုပ်မှုကွန်ယက်၏အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်ပြီး လွယ်ကူစွာ ထုတ်ကုန်များတတ်ဆင်လုပ်ငန်း၏အခြေခံဖြစ်သော ပို့ကုန်များနှင့် နိုင်ငံခြား သွင်းအားစု များပေါ် များစွာမှီခိုနေသည်။ (as of 2004) တရုတ်၏ ထုတ်လုပ်မှု ဖြစ်စဉ်တွင် GVC ပါဝင်မှု နှုန်းသည် နှိုင်းယှဉ်ခြင်းအားဖြင့် မြင့်မားသည်။ တရုတ်ပုံမှန်ကုန်သွယ်မှုသည်မူ သွင်းအားစု တင်ပို့မှု တွင်မှီခိုမှုနည်းပါး၍ GVC ပါဝင်မှုနှုန်းသည် များစွာနိမ့်ကျသည့် အန္ဒိယ ကုန်သွယ်မှုနှင့် တူညီလုနီးပါးရှိသည်။

Koopmans, et al.(2010) က အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးရှိထပ်ဆင့်တိုး တန်ဖိုးများ နှင့် ကမ္ဘာ့တန်ဖိုးမြင့်ဖြစ်စဉ် (global value chain)တွင် ညွှန်ပြထားသောတိုင်းပြည်များ၏ ပါဝင်မှုကို ဖော်ပြခဲ့သည်။ ကမ္ဘာ့တန်ဖိုးမြင့်ဖြစ်စဉ် (global value chain)သည် ဒေသတွင်း ထုတ်လုပ်မှုကွန်ယက်နှင့် လုံးဝမတူညီပေ။ သို့သော် နောက်ပိုင်းတွင် တင်းကျပ်သော ထုတ်လုပ်မှုစီးဆင်းမှုနှင့်အတူ ကွန်ယက်တွင် ပါဝင်သူများအကြား ကြိမ်ဖန်များစွာ ရှေ့နှင့် နောက် အပြန်အလှန် အကျိုးပြုမှုများဖြစ်ပေါ်လာမည်ဟု ယူဆနိုင်သည်။ စက်မှုကုန်စည် ကုန်သွယ်မှုသည် ဒေသတွင်း ထုတ်လုပ်မှုကွန်ယက်အဆင့်ဆင့်တိုးတက်လာမှု ပိုမို ကောင်းမွန်သော ညွှန်ပြပေးမှုကို ထောက်ပြပေးခဲ့သည်။ အဘယ်ကြောင့်ဆိုသော် စက်မှု ကုန်စည်လုပ်ငန်းများသည်အစိတ်အပိုင်းစုစိုက်ထုတ်လုပ်သူများဖြစ်သောကြောင့်ဖြစ်သည်။

Mitsuyo Ando နှင့် Fukunari Kimura တို့က ဒေသတွင်း စက်မှုကုန်စည်ကုန်သွယ်မှုကို အသေးစိတ် လေ့လာမှုများ ရေးဆွဲပြီး အရှေ့အာရှ ဒေသဆိုင်ရာ ထုတ်လုပ်မှု ကွန်ယက် လေ့လာမှုကို ရှေ့တန်းတင်ခဲ့သည်။ ကားချပ် ၄.၁ တွင် Ando နှင့် Kimura (၂၀၁၃) မှ ပြသခဲ့သည်မှာ ၁၉၉၀ခုနှစ် များမှ ၂၀၁၀ ကာလအထိ စက်ပစ္စည်းအသုံးအဆောင်များနှင့် အစိတ်အပိုင်းများနှင့် နောက်ဆုံးသုံး ကုန်စည်များ၏ ပို့ကုန်သွင်းကုန်ဝေစုတွင် ပါဝင်မှု မြင့်တက်လာသည်ကိုဖော်ပြသည်။ စိတ်ဝင်စားစရာ ကောင်းသောအချက်မှာ ဖိလစ်ပိုင်နိုင်ငံ အခြေအနေဖြစ်သည်။ ၂၀၁၀ နိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်တွင် အဓိကအရေးပါသော အစိတ်အပိုင်းများ ဖြစ်လာရန် ဇယားတွင်ပါရှိသည့်အားလုံးမှ ခန့်မှန်းတွက်ချက်ရာတွင် ဖိလစ်ပိုင် စက်မှုကုန်သွယ်ခြင်းသည် နှိုင်းယှဉ်ခြင်းအားဖြင့် အရေးမပါကြောင်းကို တွေ့ရခြင်းပင် ဖြစ်သည်။ မလေးရှား၊ ထိုင်းနှင့် နည်းပါးသောအတိုင်းအတာအရ အင်ဒိုနီးရှားတို့တွင် စုစုပေါင်း ပို့ကုန်တွင်စက်မှုထုတ်ကုန်ပို့ကုန်ပါဝင်မှုသည် သိသိသာသာ မြင့်တက်လာသည်။ ထို့အပြင် လေ့လာနေသောကာလအတွင်း မလေးရှားနှင့် ထိုင်းနိုင်ငံတို့သည် စက်မှု ထုတ်ကုန်များအတွက် သိသာထင်ရှားသော အသားတင်တင်သွင်းသောအဆင့်မှ သိသာ ထင်ရှားသောအသားတင်တင်ပို့သောအဆင့်သို့သိသိသာသာရွှေ့ပြောင်းသွားခြင်းဖြစ်သည်။ စက်မှုကုန်စည်များပေါ် စင်္ကာပူမှီခိုမှုသည်လည်းအဆိုပါကာလအတွင်းမြင့်တက်လာခဲ့သည်။ စင်္ကာပူနှင့် ဖိလစ်ပိုင်တို့သည် သူတို့၏ ပို့ကုန်သွင်းကုန်များအတွက် စက်မှုကုန်စည်အစိတ် အပိုင်းများအပေါ် များစွာမှုတည်နေပြီး ထိုင်းနိုင်ငံသည် နောက်ဆုံးသုံးကုန်စည်များအပေါ် ကြီးမားသောဝေစုရှိသည်။ ကားချပ် ၄.၁ မှ ပုံသည် အထက်တွင်ဆွေးနွေးခဲ့သော စုစုပေါင်း ပို့ကုန်များ ပေါင်းစည်းပါဝင်မှုနှင့် ကိုက်ညီမှုရှိသည်။

ကားချပ် ၄.၁ - အရှေ့အာရှတွင် စက်မှုကုန်သွယ်ခြင်း- စုစုပေါင်း ပို့ကုန်/သွင်းကုန်တန်ဖိုးများ (၁၉၉၀ ခုနှစ် အစောပိုင်း ကာလများနှင့် ၂၀၁၀)




ဇာစ်မြစ် - Ando and Kimura (2013)

ကားချပ်မှ ဖော်ပြသည်မှာ တရုတ်နိုင်ငံပို့ကုန်တွင်လည်း စက်မှုကုန်စည်များ ကုန်သွယ်မှုဝေစုသည် မှတ်သားဖွယ်မြင့်တက်လာသည်ကိုပြသည်။ ထို့အပြင် တရုတ်နိုင်ငံသည် စုစုပေါင်း အသားတင် ကုန်သွယ်မှုအပိုအလျှံအဆင့်ရှိသော အခြေအနေကိုစဉ်းစားပြီး ကားချပ်က ဖော်ပြသည်မှာ တရုတ်သည် စက်မှုကုန်စည်ကုန်သွယ်မှုတွင် အသားတင် တင်သွင်းသူနေရာမှ စက်မှုကုန်စည်ကုန်သွယ်မှုတွင် အသားတင်တင်ပို့သူနေရာသို့ ဦးလှည့်လာခြင်းဖြစ်သည်။ မှန်ကန်လှစွာပင် ကားချပ်တွင်ရှင်းလင်းမှုမရှိသော်လည်း တရုတ်သည် ကမ္ဘာ့ နံပါတ်(၁) ကုန်သွယ်သည့်နိုင်ငံဖြစ်သည်ကို ထည့်သွင်းစဉ်းစားပြီး စုစုပေါင်းပို့ကုန်ဝေစု သိသာစွာ မြင့်တက်လာမှုနှင့် အသားတင် စက်မှုကုန်စည်ကုန်သွယ်မှုအဆင့် ရွှေ့ပြောင်းလာမှုတို့သည် လွန်ခဲ့သော ဆယ်စုနှစ် နှစ်စုအတွင်း အစိတ်အပိုင်းများအတွက် ကမ္ဘာ့ ကုန်သွယ်မှုတွင် အဓိကဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ တစ်ခုဖြစ်ကြောင်း သင်္ကေတတစ်ခုပင် ဖြစ်သည်။ အထူးသဖြင့် တရုတ်သည် ကမ္ဘာတန်ဖိုးဖြစ်စဉ် (global supply chain)တွင် လွှမ်းမိုးမှုရှိသော US၊ ဂျာမနီ၊ ဂျပန်တို့နှင့် လေးနိုင်ငံအတွင်း အောင်မြင်စွာ ဆက်သွယ်နိုင်ခဲ့သည်။ မှန်ကန်လှစွာပင်၊ တရုတ်သည် US နှင့်အတူကမ္ဘာ ကြားသုံးကုန်စည်များအတွက် အကြီးဆုံးဖြည့်စည်းသူဖြစ်လာပြီး တစ်ချိန်တည်းတွင် ကမ္ဘာပေါ်တွင် စက်မှုကုန်စည်များ၏ နောက်ဆုံးသုံးကုန်စည်များကို အဓိကပံ့ပိုးပေးသည့် အခန်းကဏ္ဍကို ထောက်ပံ့နိုင်ရန် ကမ္ဘာ အကြီးဆုံး ကြားသုံးကုန်စည်ဝယ်ယူသူ ဖြစ်လာသည်။ (Baldwin, 2013 ကို ကြည့်ပါ) စက်မှုကုန်စည်များအတွက် ကျယ်ပြန့်စွာ ပို့ကုန်နှင့် သွင်းကုန်များနှင့်အတူ တိုင်းပြည်သည် လွှမ်းမိုးမှုရှိသော စက်မှုလုပ်ငန်းသို့ တရုတ်နိုင်ငံ၏ အရှိန်နှင့် မြင့်တက်လာမှုသည် အရှေ့ပိုင်း ဇယား ၄.၁ တွင် ဖော်ပြထားသည့် ထုတ်လုပ်မှုလုပ်ငန်းစဉ် ကျယ်ပြန့်စွာအသုံးပြုမှုမှတစ်ဆင့် အရှေ့အာရှ ထုတ်လုပ်မှု ကွန်ယက်တွင် အရေးပါသော အခန်းကဏ္ဍကို ဖော်ပြသည်။

ကမ္ဘာ့ဘဏ္ဍာရေးအကြပ်အတည်းပြီး နောက်ကာလနှင့် အကြပ်အတည်းကာလအတွင်း ၂၀၀၇ -၂၀၁၁ စက်မှုကုန်စည်များ ကုန်သွယ်မှုအချက်အလက်များ အပေါ် Ando နှင့် Kimura တို့၏ သရုပ်ခွဲလေ့လာမှုက ဒေသအတွင်း စက်မှုလုပ်ငန်းကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့အား ပြန်လည်ဖွဲ့စည်းရန်နှင့် ဆက်လက်ပြီး အဆင့်ဆင့်တိုးတက်လာစေရန်တို့ကို ညွှန်ပြသည်။ အထူးသဖြင့် အရှေ့အာရှအတွင်း စက်မှုကုန်စည်ကုန်သွယ်မှုသည် ကမ္ဘာ့ ကျန်ရှိသော နိုင်ငံများထက် ပိုမိုလျှင်မြန်စွာ နာလန်ထူနိုင်ခဲ့သည်။ အရှေ့အာရှကို ဈေးကွက်အဖြစ် ပိုမိုဦးတည်မှု မြင့်မားလာသည်။ ထို့အပြင် CLMV နိုင်ငံများကိုလည်း (ယခုအချိန်တွင် ဗီယက်နမ်) ဒေသဆိုင်ရာ ထုတ်လုပ်မှုကွန်ယက်အတွင်း ပိုမိုခေါ်ယူနိုင်ခဲ့သည်။ (ဇယား ၄.၂ တွင် မြင်နိုင်သည်။) ဇယား ၄.၂ က ပြသသည်မှာ တရုတ်နှင့် CLMV (ဗီယက်နမ်)တို့သည်

၂၀၀၇-၂၀၁၁ ကာလအတွင်းစက်မှုကုန်စည်အစိတ်အပိုင်းများနှင့်နောက်ဆုံးသုံးကုန်စည်များ၏ ပို့ကုန်နှင့်သွင်းကုန်တွင် ကမ္ဘာ့ဝေစုမြင့်တက်လာမှုတွေ့ရသည်။ ဆန့်ကျင်ဖက်အနေဖြင့် အာဆီယံလေးနိုင်ငံ (အင်ဒိုနီရှား၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်း)တို့၏ ကမ္ဘာ့ဝေစုမှာ စက်မှုကုန်စည် အစိတ်အပိုင်းများတွင် ကျဆင်းလာပြီး စက်မှုနောက်ဆုံးသုံးကုန်စည်များတွင်မူ မြင့်တက်လာသည်။

Ando နှင့် Kimura(၂၀၁၃) တို့ဒေသအတွင်း ထုတ်ကုန်နှင့် တိုင်းပြည်အတွဲအဆင့်ဆင့် တိုးတက်ပြောင်းလဲလာမှုကို စူးစမ်းမှုများမှ တွေ့ရှိခဲ့သည်မှာ ကမ္ဘာနှင့် ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းပြီးနောက် ကမ္ဘာသို့ စက်မှုကုန်စည်ပို့ကုန် အရေအတွက်ကျဆင်းလာသော်ငြားလည်း စက်မှုကုန်စည် အစိတ်အပိုင်းများနှင့် နောက်ဆုံးသုံးကုန်စည်များပေါ်တွင် ဒေသအတွင်း ထုတ်လုပ်ခြင်းနှင့် ကုန်သွယ်မှု ဆက်ဆံရေး နက်နဲကျယ်ပြန့်လာပြီး ကုန်သွယ်မှု ပိုမိုတောင့်တင်းခိုင်မာလာမှုကို အကြံပြုပြီး အရှေ့အာရှအတွင်း ထုတ်ကုန်-တိုင်းပြည် အတွဲအရေအတွက် မြင့်တက်လာခဲ့ကြောင်းဖြစ်သည်။ ဤနက်နဲကျယ်ပြန့်လာမှုအများစုသည် အာဆီယံမှ အစိတ်အပိုင်းတင်သွင်းမှုမှတစ်ပိုင်းသည် အာဆီယံနှင့် နောက်ဆုံးသုံး ကုန်စည်များအတွက် တရုတ်နိုင်ငံ ပို့ကုန်ချဲ့ထွင်ခြင်း၊ ဒေသတွင်း ထုတ်လုပ်မှုကွန်ယက်တွင် တောင်ကိုရီးယားနှင့် နက်ရှိုင်းသော ချိတ်ဆက်မှုတို့နှင့် တရုတ်နိုင်ငံကဲ့သို့ အာဆီယံ ၄ နိုင်ငံနှင့် ဗီယက်နမ် နိုင်ငံတို့အကြား ခိုင်မာသော ချိတ်ဆက်မှုစသည်တို့မှ အခြေခံအားဖြင့် ပေါ်ပေါက်လာသည်။

အချုပ်အနေဖြင့် Ando နှင့် Kimura(၂၀၁၃) စာတမ်းတွင် အရှေ့အာရှ စက်မှုထုတ်ကုန်တွင် ဒေသတွင်းကုန်သွယ်မှု ဆက်လက်ခိုင်မာမှုရှိရန်နှင့် လက်ရှိကာလများတွင် အရှေ့အာရှ ဒေသတွင်း ထုတ်လုပ်မှုကွန်ယက်၏ ပြန်လည်ဖွဲ့စည်းမှုကို လည်းညွှန်ပြသည်။ ထိုစာတမ်းသည် အရှေ့အာရှ ဒေသတွင်းထုတ်လုပ်မှုကွန်ယက်သည် အရှေ့အာရှဈေးကွက် ကြီးထွားလာမှုအတွက် ထုတ်လုပ်ကုန်စည်များ မြှင့်မားလာမှုကို ဖော်ပြသည်။ အကျိုးဆက်အနေဖြင့်၊ အရှေ့အာရှသည် အဓိကအားဖြင့် "အရှေ့အာရှစက်ရုံများ" မှ နှိုင်းယှဉ်ခြင်းအားဖြင့် ပိုမိုတောင့်တင်းခိုင်မာသည့် စီးပွားရေးတိုးတက်မှုနှင့် ကမ္ဘာလူဦးရေအများဆုံး တိုက်တွင် ဝင်ငွေအလယ်အလတ်လူတန်းစားများမြှင့်တက်လာခြင်းများမှ မောင်းနှင်သော "အရှေ့အာရှဈေးကွက်"သို့ ရွှေ့ပြောင်းလာခဲ့ပြီဖြစ်သည်။ ထိုအရာသည် နက်နဲပြီး ကျယ်ပြန့်သော ထုတ်လုပ်မှုကွန်ယက်၏ ဒေသတွင်းလုပ်ရှားတက်ကြွမှုများနှင့် ဒေသတွင်း ထုတ်လုပ်မှုကွန်ယက်တွင် ပိုမိုအရေးပါသော ပါဝင်သူဖြစ်လာစေရန် အာဆီယံသို့ အကောင်အထည်

ရှိသော အခွင့်အလမ်းများကိုပေးအပ်သည် ခိုင်မာတောင့်တင်းစွာ ကြီးထွားလာသော ဒေသဆိုင်ရာ ဈေးကွက်တို့ဖြစ်သည်။ ဤဖြစ်စဉ်တွင် အာဆီယံစက်မှုထုတ်လုပ်ရေးနှင့် စီးပွားရေး အသွင်ပြောင်းမှု ဖြစ်စဉ်များ တိုးပွားလာပြီး နက်နဲမှုရှိလာသည်။

## ဇယား ၄.၂ - အရှေ့အာရှ၏ ဒေသတွင်း ကုန်သွယ်ရေး ၉- တန်ဖိုးနှင့် ဈေးကွက် ဝေစု

| | | | Exports | | | | | | | Imports |
|---|---|---|---|---|---|---|---|---|---|---|
| Destination/ Origin | 2007 | 2008 | 2009 | 2010 | 2011 | 2007 | 2008 | 2009 | 2010 | 2011 |
| a) All Products | | | | | | | | | | |
| Value (nominal): 2007=1 | | | | | | | | | | |
| World | 1 | 1.13 | 0.93 | 1.21 | 1.35 | 1 | 1.03 | 0.83 | 1.1 | 1.35 |
| East Asia 15 | 1 | 1.12 | 0.95 | 1.26 | 1.4 | 1 | 1.12 | 0.93 | 1.23 | 1.42 |
| Share: World=100 | | | | | | | | | | |
| World | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 |
| East Asia 15 | 48.1 | 47.6 | 49.1 | 50 | 50.1 | 53.4 | 50.2 | 51.5 | 51.6 | 48.7 |
| China | 12.6 | 12.3 | 13.6 | 13.9 | 13.9 | 14.8 | 13.9 | 14.5 | 13.8 | 13.2 |
| CLMV | 1.5 | 1.7 | 1.9 | 2 | 2.2 | 0.8 | 0.9 | 1 | 0.9 | 1.1 |
| ASEAN 4 | 7.9 | 8.2 | 8 | 8.5 | 8.6 | 10.6 | 10.2 | 10.2 | 10.6 | 10.1 |
| ASEAN 5 | 9.1 | 9.6 | 9.5 | 10 | 10.3 | 11.3 | 10.9 | 11 | 11.3 | 11 |
| ASEAN 10 | 12.9 | 13.4 | 13.5 | 13.8 | 13.9 | 14.8 | 14.5 | 14.6 | 14.9 | 14.4 |
| NIEs 4 | 19.6 | 18.9 | 19.2 | 19.4 | 19.1 | 16.6 | 15.2 | 15.7 | 15.9 | 15 |
| Japan | 6.5 | 6.5 | 6.3 | 6.1 | 6.1 | 10.4 | 9.9 | 9.9 | 10.2 | 9.1 |
| b) Machinery Parts and Components | | | | | | | | | | |
| Value (nominal): 2007=1 | | | | | | | | | | |
| World | 1 | 1.06 | 0.94 | 1.19 | 1.31 | 1 | 1.05 | 0.91 | 1.19 | 1.27 |
| East Asia 15 | 1 | 1.04 | 0.95 | 1.19 | 1.3 | 1 | 1.04 | 0.9 | 1.22 | 1.28 |
| Share: World=100 | | | | | | | | | | |
| World | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 |
| East Asia 15 | 63.9 | 62.4 | 65.1 | 64 | 63.5 | 69.9 | 69.3 | 69.3 | 71.3 | 70.7 |
| China | 20.9 | 20.9 | 23.6 | 22 | 22.8 | 14.2 | 15.1 | 15.3 | 15.1 | 15.7 |
| CLMV | 0.7 | 0.9 | 1.1 | 1.1 | 1.3 | 0.3 | 0.4 | 0.4 | 0.5 | 0.6 |
| ASEAN 4 | 10.5 | 10.3 | 9.7 | 9.8 | 9.3 | 12.5 | 11.7 | 11.1 | 11.9 | 11.2 |
| ASEAN 5 | 11.1 | 11.1 | 10.6 | 10.8 | 10.5 | 12.8 | 12.1 | 11.5 | 12.4 | 11.8 |
| ASEAN 10 | 15.7 | 15.1 | 14.8 | 15 | 14.1 | 17.2 | 16.7 | 16.4 | 17.1 | 16.4 |
| NIEs 4 | 26.2 | 24.7 | 25.6 | 26.3 | 25.2 | 28.2 | 27 | 27.9 | 28.7 | 28.2 |
| Japan | 5.7 | 5.6 | 5.1 | 4.8 | 4.8 | 14.7 | 15.1 | 14.6 | 15.1 | 15 |

| | | | | | | | | | | c) Machinery Final Products |
|---|---|---|---|---|---|---|---|---|---|---|
| **Value (nominal): 2007=1** | | | | | | | | | | |
| **World** | 1 | 1.11 | 0.91 | 1.16 | 1.29 | 1 | 1.11 | 0.99 | 1.28 | 1.54 |
| **East Asia 15** | 1 | 1.12 | 0.99 | 1.32 | 1.52 | 1 | 1.12 | 0.97 | 1.29 | 1.51 |
| **Share: World=100** | | | | | | | | | | |
| **World** | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 |
| **East Asia 15** | 30.4 | 30.6 | 33.3 | 34.7 | 35.8 | 58.7 | 59 | 57.2 | 59 | 57.8 |
| **China** | 6.2 | 6.2 | 6.6 | 7.4 | 7.5 | 23.4 | 23.1 | 24.5 | 25.3 | 25.5 |
| **CLMV** | 0.9 | 1.1 | 1.3 | 1.3 | 1.5 | 0.3 | 1.3 | 0.5 | 0.5 | 0.7 |
| **ASEAN 4** | 4.6 | 5 | 5.1 | 5.5 | 5.7 | 9.9 | 10.2 | 9.9 | 10 | 9.1 |
| **ASEAN 5** | 5.2 | 5.8 | 6.1 | 6.4 | 6.7 | 10.2 | 10.6 | 10.4 | 10.5 | 9.7 |
| **ASEAN 10** | 8.4 | 9.1 | 9.9 | 9.6 | 10.2 | 13.3 | 14.5 | 13.8 | 13.2 | 12.6 |
| **NIEs 4** | 14.6 | 14.3 | 15.6 | 15.8 | 16.2 | 11.4 | 10.7 | 10.4 | 10 | 10.6 |
| **Japan** | 4.2 | 4.1 | 4.7 | 4.7 | 4.8 | 13.6 | 13.7 | 11.8 | 13.2 | 12 |

ဇာစ်မြစ် - Ando and Kimura (2013)

## အင်တိုက်အားတိုက်တက်ကြွမှုများနှင့် ပြိုင်ဆိုင်မှုရှိသော စက်မှုလုပ်ငန်းအစုများ

ဤအခန်းသည် ပိုမိုစုစည်းပြီး ပြိုင်ဆိုင်မှုရှိခြင်းကိုထပ်ပေါင်းထည့်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းပညာဆိုင်ရာ စွမ်းရည်အဆင့်မြှင့်တင်ရန်နှင့် ပိုမိုတီထွင်မှုများ ဖြစ်လာစေရန် ပိုမို ရင်းနှီးမြှုပ်နှံမှုကဲ့သို့ ပေါင်းစည်းထားသည့် ပြည်တွင်းနှင့် ဒေသတွင်းတို့ရှိ လုပ်ငန်းအစုများ ဖန်တီးဖြစ်ပေါ်လာစေရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံသည် အရေးကြီးလာသည့် အချက်ကို မီးမောင်းထိုးထားသည်။ ကြောင်းကျိုးဆက်စပ်နေသည့် အရေးပါလှသော ပေါ်လစီ ၂ ခု ဖြစ်သည့် လူ့အရင်းအမြစ်များတွင် ရင်းနှီးရန်၊ တည်တံ့နေရန်နှင့် ဆွဲဆောင်မှုရှိရန် လိုအပ်ခြင်းနှင့် ပြည်တွင်းနှင့် နိုင်ငံခြား နှစ်မျိုးလုံးတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်သာသောပါတ်ဝန်းကျင်သေချာမှုရရှိစေရန်လိုအပ်ခြင်းတို့သည်သတိပြုထိုက်ပေသည်။

### *လုပ်ငန်းအစုတို့တွင် အာဆီယံအောင်မြင်မှု ဇာတ်ကြောင်းများ*

အာဆီယံသည် သက်ဆိုင်ရာတိုင်းပြည်များတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို သိသိသာသာ ပံ့ဖော်ပေးသော ကမ္ဘာ့ရှိ ပြိုင်ဆိုင်မှုရှိပြီး ကြီးမားသောစက်မှုလုပ်ငန်းအစုအတွက် အောင်မြင်သော ဇာတ်ကြောင်းများရှိခဲ့သည်။ လောလောလတ်လတ်ကာလအတွင်း သိသာထင်ရှားမှုရှိသော တစ်ခုမှာ ထိုင်းမော်တော်ကားလုပ်ငန်းအစုဖြစ်ပြီး အဆိုပါလုပ်ငန်းစုများသည် ဘန်ကောက် ပါတ်ဝန်းကျင်၊ အရှေ့ပင်လယ်ကမ်းခြေနယ်မြေ (အထူးသဖြင့် Chonburi နှင့် Rayong) Patumthani ၏ တောင်ပိုင်းနယ်မြေများနှင့် နည်းပါးသော အတိုင်းအတာရှိသော Ayutthaya တွင် ဖြစ်သည်။ ထိုင်းနိုင်ငံရှိ မော်တော်ကားလုပ်ငန်းစုသည်

ယခုအခါ အာဆီယံနိုင်ငံများ၌ မော်တော်ကား ထုတ်ကုန်တွင် ကုန်သွယ်မှုအပိုအလျှံနှင့်အတူ အရှေ့တောင်အာရှ၏ Detroit ဖြစ်ပြီး ၁၉၉၆ တွင်ကမ္ဘာတင်ပို့မှု၏ ဂ.၃ နှင့်နှိုင်းယှဉ်ပါက ၂ဂဂ၈ခုနှစ်ကမ္ဘာတင်ပို့မှု၏ ၁.၁ ရာခိုင်နှုန်းရှိကြောင်း တွေ့ရသည်။ (Techakanont, 2012) ထိုင်းနိုင်ငံသည် အာဆီယံတွင် မော်တော်ကားလုပ်ငန်းရှိ ဒေသဆိုင်ရာ ထုတ်လုပ်မှု ကွန်ယက်ကို ဖော်ပြသော မော်တော်ကားထုတ်ကုန်တွင် ကုန်သွယ်မှု အပိုအလျှံရှိပြီး ကျန်ရှိနေသော အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက မော်တော်ကားအစိတ်အပိုင်းတွင် ကုန်သွယ်မှု လိုငွေရှိသည်။ မော်တော်ကားလုပ်ငန်းသည် ထုတ်လုပ်မှုကွန်ယက်နှင့် စက်မှုလုပ်ငန်းအစုတွင် စံနမူနာပြနိုင်သောလုပ်ငန်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အစိတ်အပိုင်းထောင်ပေါင်းများစွာ မပာတ်သည့်တိုင် ရာပေါင်းများစွာလိုအပ်သည့်အပြင် အချို့အစိတ်အပိုင်းများသည်အရွယ်အစားကြီးမားပေသည်။ထို့အတွက်ထုတ်ကုန်တတ်ဆင်သောလုပ်ဆောင်ချက်သည် အကယ်၍ အစိတ်အပိုင်း ဖြည့်စည်းပေးသူများ အထူးသဖြင့် အင်ဂျင်ကဲ့သို့အရေးပါပြီးကြီးမားသည့်အစိတ်အပိုင်းများသည်တတ်ဆင်စက်ရုံများအနီးတွင်ရှိပါက စရိတ်ထိရောက်မှုပိုမိုရရှိမည်ဖြစ်သည်။

ထိုင်းမော်တော်ကားလုပ်ငန်း၏ အရေးပါသော ကွဲပြားထင်ရှားနိုင်သည့်လက္ခဏာရပ်တစ်ခုမှာ အထူးသဖြင့် တိုရိုတာ ဦးဆောင်သော ဂျပန်ကားကုမ္ပဏီများနှင့် Ford နှင့် GM တို့ကဲ့သို့ အနောက်နိုင်ငံများရှိ ကားကုမ္ပဏီများဖြစ်သည့် လုပ်ငန်းစုအတွင်း နိုင်ငံတစ်ကာကုမ္ပဏီများ (MNC)၏ လွှမ်းမိုးဦးဆောင်နေသည့်အခန်းကဏ္ဍပင်ဖြစ်သည်။ ဦးဆောင် မော်တော်ကား MNC များသည် ထိုင်းနိုင်ငံရှိ တတ်ဆင်သောလုပ်ငန်းအနီးနားတွင်ဖြစ်ရန် ထိုင်းနိုင်ငံသို့ သူတို့၏ ဖြည့်တင်းပေးသူ အရေအတွက်များစွာကို သယ်ဆောင်လာခဲ့ကြသည်။ သူတို့သည် နည်းပညာဆိုင်ရာ အကြံဉာဏ်များနှင့် အပိုင်းတစ်ပိုင်းအနေဖြင့် ဒေသတွင်း အစိတ်အပိုင်းပြုလုပ်သူများကိုလည်း ထောက်ပံ့ပေးခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုင်းနိုင်ငံ၏ ၁၉၉ဂ ခုနှစ်တိုင်အောင် ကန့်သတ်ထိန်းသိမ်းထားသည် ပေါ်လစီ (localization policy) ကြောင့်ဖြစ်ပြီး သူတို့၏ တပ်ဆင်စက်ရုံများအနီးတွင် ရရှိနိုင်သော အစိတ်အပိုင်းဖြည့်ဆည်းသူများ တည်ရှိခြင်းသည် သယ်ယူပို့ဆောင်စရိတ်နှင့် ကုန်စည်သိုလှောင်သည့်စရိတ် (အချိန်မှီလုပ်ငန်း လုပ်ဆောင်မှုဖြစ်စဉ်)အတွက် ကောင်းမွန်သော စရိတ်စွမ်းဆောင်ရည် ရရှိစေရန်အတွက်တို့ကြောင့်ဖြစ်သည်။ ၂ဂဂဂ ခုနှစ်တွင် ဒေသတွင်းထုတ်လုပ်မှုလိုအပ်မှုပမာဏ လိုအပ်ချက်ကို ပယ်ဖျက်ပြီးသည့်နောက်ပိုင်းနှင့် မော်တော်ကားအစိတ်အပိုင်းစက်ရုံများ လွတ်လပ်မှုများရရှိလာခြင်းတို့သည်ကမ္ဘာပြိုင်ဆိုင်မှုအတွက် ဒေသတွင်းထုတ်လုပ်သူများကို ဆက်လက်တွန်းအားပေးသကဲ့သို့ ၎င်းတို့နေရာကို သူတို့သည် MNCs’ supply chain မှ

တင်သွင်းမှုများနေရာတွင် အစားထိုးလာနိုင်ခဲ့ကြသည်။ နောက်ဆုံးရလဒ်အနေဖြင့် အခြေခံ တောင့်တင်းခိုင်မာပြီး ထူထဲသော ထုတ်လုပ်မှုကွန်ယက် (Tier 1)နှင့် ထိုင်းနိုင်ငံ မော်တော်ကား လုပ်ငန်းစုတွင် တတ်ဆင်သူများသို့ဆင့်ပွားအနေဖြင့် (Tier 2) ဖြည့်စည်း သူများသည် မြှင့်တက်လာခြင်း စသည်တို့ဖြစ်သည်။ ထိုင်းနိုင်ငံ၏ မော်တော်ကား လုပ်ငန်းစု သည် ကမ္ဘာ့ဈေးကွက်စွမ်းအားကို ဖမ်းဆုပ်ထားနိုင်သည်မှာ ကမ္ဘာ့ဈေးကွက်တွင် ဝေစု ရှယ်ယာကြောင့်မဟုတ်ဘဲ ဦးဆောင်နေသော MNC ကားတပ်ဆင်ထုပ်လုပ်ရေးလုပ်ငန်းများ မှ တစ်ကမ္ဘာလုံးအတွက် မော်ဒယ်ပုံစံသစ်များ အထူးသဖြင့် ထိုင်းနိုင်ငံထုတ် ကမ္ဘာတွင် ဦးဆောင်နေသော တစ်တန်ပစ်ကားများကို ထိုင်းနိုင်ငံတွင် စတင်ထုတ်လုပ်နေသောကြောင့် ဖြစ်သည်။ (Techakanont)

ထိုင်းနိုင်ငံမော်တော်ကားလုပ်ငန်းစု၏ဗဟိုဌာနတွင်အရှေ့ဖက်နိုင်ငံပင်လယ်ကမ်းခြေအပိုင်း၌ မြှင့်တက်လာမှုသည် ၁၉၈၀ အလယ်လောက်တွင် အရှေ့နယ်မြေအတွင်း စက်မှုလုပ်ငန်း အစုတည်ဆောက်ရန် ထိုင်းနိုင်ငံအစိုးရ၏ စီမံကိန်းအစပျိုးခဲ့မှု၏ရလဒ်ဖြစ်သည်။ (Chachoengsao, chonburi and Rayong) ( Techakanont, 2011, P.200) ကမ္ဘာဘဏ်မှ စတင်ခဲ့မှုတွင် ဆန့်ကျင်ခဲ့သော အရှေ့ဖက် နိုင်ငံပင်လယ်ကမ်းခြေအပိုင်း ဖွံ့ဖြိုးတိုးတက် လာသော (ESB) စီမံကိန်းသည် ရေနက်ဆိပ်ကမ်း (အထူးသဖြင့် Laem Chabang)၊ အဝေးပြေးလမ်းများ (ဥပမာ ဘန်ကောက်- ချွန်ဘူရီ အဝေပြေးလမ်း၊ Outer Bangkok Ring Road၊ ချွန်ဘူရီ - ပတယ နယူးအဝေးပြေး)၊ ရထားလမ်းများ၊ ရေပိုက်များ၊ ရေလှောင် ကန်များနှင့် ကြီးမားသော လုပ်ငန်းစု အစုအဝေးများ စသည်တို့ကဲ့သို့ အဓိကအခြေခံ အဆောက်အဦး ပရောဂျက် ၁၆ ခု သွင်ပြင်ရှိသည့် ကြီးကျယ်သော ပရိုဂရမ်ဖြစ်သည်။ ဂျပန်သည် သူ၏ နိုင်ငံခြားစီးပွားရေး အဖွဲ့အစည်းများ ရံပုံငွေမှ အတိုးနှုန်းနိမ့်နိမ့်ဖြင့် နှစ်၂၀ သက်တမ်းအတွင်း အဓိက အခြေခံအဆောက်အဦး ပရောဂျက် ၁၆ ခုအားလုံးကို ငွေကြေး အားလုံးနီးပါး ထောက်ပံ့ပေးသည်မှာ ပြောပြရန်မလိုပေ။ (Hill and Fujita, 2007, pp 22.25) ESB စီမံကိန်းအောင်မြင်မှုသည် ဒေသအနေဖြင့် အမျိုးမျိုးကွဲပြားနေသောအခြေခံ (ဆိုလိုသည်မှာ ရေနံသန့်စင်ခြင်း၊ မော်တော်ကား၊ ရေနံဓာတုနှင့် စက်ပစ္စည်း ကဏ္ဍခွဲများ) နှင့်အတူ တိုင်းပြည်တွင် ဒုတိယ အရေးပါသော စက်မှုလုပ်ငန်းဒေသ (ဗဟိုဒေသပြီးနောက်) ဖြစ်သည်ဟူသော အချက်ပင် ဖြစ်သည်။ (Techakanont, 2011, p.201)

အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုများကို ပေါင်းထည့်ပြီး ဒေသတွင်ရှိ ကြီးမားသော မြေကွက်ပေါ်ရှိ လုပ်ငန်းဆိုင်ရာ အဆောက်အအုံနှင့် တိုင်းပြည်ရှိကျန်ရှိနေသော အပိုင်းသည်

“....နိုင်ငံ၏ လမ်းညွှန်မှုများနှင့် စောင့်ကြည့်ပေးမှုများနှင့်အတူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ပြီး အချင်းချင်း ပြိုင်ဆိုင်သည်” (Hill and Fujita, 2007, p.26) သူတို့သည် ဖောက်သည်များအတွက် “one stop”များ ထောက်ပံ့ပေးခြင်း၊ လုပ်ငန်းတွင်းဝင်ရောက်လာသူများကို လိုအပ်သော ပါမစ်များနှင့် အစိုးရ ထောက်ပံ့မှုများ သေချာစေရန်၊ ဘဏ်ချေးငွေများ အကူအညီများပေးခြင်း၊ စသည်တို့ကို ထောက်ပံ့ပေးသည်။ Hill and Fujita, 2007 က စက်မှုလုပ်ငန်းမြေကွက်၊ ပုဂ္ဂလိက-အစိုးရပူးပေါင်းဆောင်ရွက်မှု၊ သတင်းအချက်အလက်များ ဖလှယ်မှုတွင် အဆင်ပြေစေခြင်းနှင့် လေ့ကျင့်သင်ကြားပေးမှု သင်တန်း ပရိုဂရမ်များ၊ လုပ်သားစည်းမျဉ်းများ၊ လုံခြုံမှု ပြဿနာများအပါအဝင် အစိုးရ စည်းမျဉ်းများပြောင်းလဲခြင်း စသည်တို့အပြင် စက်မှုမြေများအတွက် လေ့ကျင့်ပေးသောဌာနရှိသည်တို့ကို တင်ပြခဲ့သည်။ ထို့အပြင် စက်မှုမြေများသည် ကြီးမားသည့်အတွက် အကောက်ခွန်ဌာန၊ ဆေးရုံ၊ ဘဏ်၊ စာရင်းကိုင်များနှင့် အကြံပေးလုပ်ငန်းများ၊ အပြည်ပြည်ဆိုင်ရာစာသင်ကျောင်းများ စသည့်တို့အပါအဝင် ပုဂ္ဂလိကနှင့် အစိုးရဝန်ဆောင်မှုများတွင် ကျယ်ပြန့်သော အတိုင်းအတာ ပါဝင်သည်။ (Hill and Fujita, 2007, p.25- 26)

ပန်နောင်း ( Penang) လျှပ်စစ်လုပ်ငန်းစုနှင့် စက်ာပူ - ဂျိုဟို လျှပ်စစ်လုပ်ငန်းအစုတို့သည် အာဆီယံ၏ ကမ္ဘာတွင်နာမည်ကျော်ကြား သိသာထင်ရှားသော လုပ်ငန်းစု ၂ ခုဖြစ်သည်။ ထိုင်းနိုင်ငံ မော်တော်ကားလုပ်ငန်းစုကဲ့သို့ ပန်နောင်းလုပ်ငန်းစုသည် MNC ဦးဆောင်လုပ်ငန်းဖြစ်ပြီး မလေးရှားနိုင်ငံတွင် နိုင်ငံခြားသားပိုင်ဆိုင်သော အဓိက လျှပ်စစ်လုပ်ငန်းစုဖြစ်ပြီး ၁၉၉၈ ခု လျှပ်စစ်လုပ်ငန်း ပုံသေ ရပိုင်ခွင့် အားလုံး၏ ၈၃ ရာခိုင်နှုန်းခန့်ရှိသည်။ (Rasiah, 2002 a) Intel နှင့် Dell ကဲ့သို့ ဦးဆောင် MNC များသည် ၁၉၇၀ ခုနစ်မှစ၍ လျှပ်စစ်လုပ်ငန်းစု၏ နက်ရှိုင်းစွာတိုးတက်မှုတို့ကို ဦးဆောင်ခဲ့သည်။ သူတို့သည် အစပိုင်းတွင် တပ်ဆင်မှုမှ ဆီမီးကွန်ဒတ်တာများကို ထုတ်ပိုးမှုနှင့် စစ်ဆေးမှု၊ တန်ဖိုးမြင့်မားသော လျှပ်စစ်အသုံးအဆောင်များ ထုတ်လုပ်မှု ထိုမှ hard disk drive ၊ ထိုမှ ကွန်ပြူတာနှင့် အမျိုးမျိုးစသည်ဖြင့် ဆောင်ရွက်ခဲ့ကြသည်။ ( Best, 1999) ပန်နောင်းသည် ကမ္ဘာ့ ဦးဆောင် လျှပ်စစ်ပစ္စည်းလုပ်ငန်းများ များစွာ၏ ကမ္ဘာ့ထုတ်လုပ်မှုကွန်ယက် တွင်အဓိက အစိတ်အပိုင်း တစ်ခုဖြစ်သည်။ “ပန်နောင်းသည် စက်မှုလုပ်ငန်းအနုပညာဆိုင်ရာများအတွက်နှင့် ကမ္ဘာတွင် မည်သည့်နေရာမှ ဈေးကွက်ဦးဆောင် သို့မဟုတ် ဒီဇိုင်းဦးဆောင်ကုမ္ပဏီများသို့မြင့်မားသော လုပ်ဆောင်ချက် စံသတ်မှတ်ပေးမှု မြန်ဆန်လွယ်ကူ သည့်စွမ်းရည်များ ကမ်းလှမ်းသည်” (Best, 1999, p.17)

ကမ္ဘာ့လျှပ်စစ်ပစ္စည်းလုပ်ငန်းများသည် ရေတိုထုတ်လုပ်မှု သံသရာနှင့် တီထွင်မှု မောင်းနှင်လုပ်ငန်းများဖြစ်ပြီး ထို့ကြောင့် ပန်နောင်းတွင် လျှပ်စစ်ဦးဆောင်လုပ်ငန်းများရှိခြင်းသည် (မလေးရှား၊ ကလန်းဗေလီတွင်အခြား လျှပ်စစ်လုပ်ငန်းစု) ပန်နောင်းရှိ လျှပ်စစ်လုပ်ငန်းစု အဓိကမောင်းနှင်စွမ်း အားကိုထောက်ပံ့ပေးသည်။ ထုတ်လုပ်မှု တီတွင်မှုသည် ဆီလီကွန်ဗေလီကဲ့သို့ အဓိကတိုင်းပြည် အပြင်ဖက်တွင်ပေါ်ပေါက်လာသည့်အတွက် မြင့်မားသောစက်မှုလုပ်ငန်းစုတန်ဖိုး အဖြစ် ပန်နောင်းစွမ်းရည်သည် အဆင့်ဆင့် တိုးတက်ရန်ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းစုဖြစ်သည်ဟုဆိုရမည်။

တူညီသောအရေးပါစွာဖြင့် ပန်နောင်း၏ ခိုင်မာပြီးစနစ်ကျစွာ စုပေါင်းညှိနှိုင်းဆောင်ရွက်မှု၊ လုပ်ငန်းတွင်းချိတ်ဆက်မှုနှင့် "ပန်နောင်း၏ အီလက်ထရောနစ် နီးနွယ်သော လုပ်ငန်းများ စွမ်းဆောင်ရည်ကို ထိုနှစ်များအတွင်း တရားဖွင့်ထားသောပေါင်းစည်းသည့် လုပ်ငန်းကွန်ယက်" (Rasiah, 2002,p.28) တို့သည် နည်းပညာပြန့်နှံ့မှု မြင့်မားသောအဆင့်နှင့် ဒေသတွင်းအရင်းအမြစ်ရှာဖွေမှု၊ ထိုမှတစ်ဆင့် ဈေးကွက်ဝယ်လိုအား၏ ကြီးမားသော အတက်အကျများကိုရင်ဆိုင်နိုင်သည့်လုပ်ငန်းအတွင်းအရေးကြီးသည့်စဉ်းစားဆုံးဖြတ်ချက်များဖြင့် ပန်နောင်းအား ပိုမိုပျော့ပြောင်းသော စက်မှုလုပ်ငန်းလုပ်ဆောင်ချက်များ ဆောင်ရွက်စေခြင်း အလွန်အရေးပါလာသည်။ ၁၉၇၀ ခုနှစ်များတွင် ဆီမီးကွန်ဒတ်တာ လုပ်ငန်းနှင့် အစပိုင်း အစိတ်အပိုင်းလုပ်ငန်းတို့၌ ကမ္ဘာဦးဆောင်လုပ်ငန်းများနှင့် ၁၉၈၀ နောက်ပိုင်း ခုနှစ်များတွင် disk drives လုပ်ငန်များနှင့် ၎င်းတို့နောက်မှ ၁၉၉၀ခုနှစ်များတွင် ကွန်ပြူတာလုပ်ငန်များနှင့် ၂၀၀၀ ခုနှစ်အစောပိုင်းကာလများတွင် opto-electronics လုပ်ငန်းများတို့ကို ပန်နောင်းဖွံ့ဖြိုးတိုးတက်မှု အဖွဲ့အစည်း (PDC)၊ သီးခြားရပ်တည်သော အစိုးရအဖွဲ့နှင့် ပန်နောင်းပြည်နယ်အစိုးရလုပ်ဆောင်ချက်များက ကမ္ဘာ့ဦးဆောင်လုပ်ငန်းများကို တက်ကြွစွာ ထောက်ခံအားပေးခဲ့သည်။

အမျိုးအစားခွဲခြားလုပ်ကိုင်ခြင်းသည် ပန်နောင်းလုပ်ငန်းစုအတွက် ဒေသတွင် နားလည်နိုင်သော အသိအမြင်များ ဆက်လက်နက်ရှိုင်းစွာဖြစ်ပေါ်လာစေရန်ကဲ့သို့ လုပ်ငန်းတွင်းချိတ်ဆက်မှုများ တိုးတက်ကြီးထွားလာမှု တည်တံ့စေရန်အကူအညီပေးသည်။ ပန်နောင်းရှိ MNC သည်လည်း ဒေသတွင်း ရောင်းချပေးသူ အခြေခံများကို ဖွံ့ဖြိုးတိုးတက်လာစေရန် ထောက်ပံ့ပေးသည်။ မှန်ကန်လုစွာပင် သတိထားဖွယ် ဒေသတွင်းရောင်းချသူများအား MNC လူဟောင်းများ၊ မန်နေဂျာများမှ ပိုင်ဆိုင်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် သို့မဟုတ် လုပ်ငန်းဆောင်ရွက်ခဲ့သည်။ အကျိုးဆက်အနေဖြင့် ဦးဆောင် MNC များသည် ဒေသတွင်းလုပ်ငန်းရှင်များ ဖွံ့ဖြိုး

တိုးတက်မှုရရှိစေရန် အရေးပါသောသင်ကြားရေး အခြေခံများ ဆောင်ရွက်သည်။ ဒေသတွင်း ရောင်းချပေးသည့် လုပ်ငန်းအချို့မှာ ဒေသအတွင်းအခြားနိုင်ငံများတွင် လုပ်ငန်းခွဲများ ရှိလာခြင်းဖြင့် သိသိသာသာ တိုးတက်လာခဲ့သည်။ ပန်နောင်းဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (PDC)သည် အလားအလာရှိပြီး စွမ်းဆောင်ရည်ရှိသော ပြည်တွင်းလုပ်ငန်းများနှင့် တီထွင်မှုရှိသော MNC တို့အကြား လုပ်ငန်းချင်းဆုံတွေ့ကိုက်ညီနိုင်မှုကို တက်ကြွစွာ ဖြည့်တင်းပေးခဲ့သည်။ PDC သည် ပန်နောင်းကျွမ်းကျင်ဖွံ့ဖြိုးတိုးတက်မှု ဗဟိုဌာန (PSDC) နှင့် နောက်ပိုင်းတွင် ပန်နောင်းဒီဇိုင်းဌာနတို့ကို တည်ထောင်ခဲ့ပြီး လုပ်ငန်းများကို ထိရောက်စွာ ထောက်ပံ့နိုင်ရန်အတွက် အလုပ်သမားများကျွမ်းကျင်မှု လိုအပ်ချက်များကို သေချာစေရန် MNC နှင့်လုပ်ဆောင်ခဲ့သည်။

မည်သို့ပင်ဆိုစေ PSDC သည် ထုတ်ကုန်တီထွင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရှေ့တန်း မျက်နှာစာရှိ value chain ဆက်လက်ရွှေ့ပြောင်းနိုင်ရန် မလေးရှားရှိ ပန်နောင်းနှင့် အခြားအီလက်ထရောနစ်ပစ္စည်း လုပ်ငန်းစုများတွင် ကန့်သတ်ချက်များရှိနေခြင်းသည် မည်သို့ပင်ဆိုစေ PSDC ၏ လုပ်ပိုင်ခွင့် နယ်ပယ်များပြားစွာ မရှိခြင်းနှင့် မြင့်မားသော ကျွမ်းကျင်မှုအမြင်များ၊ အခြေခံ အားဖြင့် အဆင့်မြင့်ပညာ ဘွဲ့ရများ၊ ဘွဲ့လွန်ရရှိသူများ မလုံလောက်ခြင်းတို့ကို နောက်ဆုံး တွင်တွေ့ရသည်။ (Rasiah, 2002; Best, 1999) ဤလူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ပြဿနာသည် ရှေ့ဆက်မည့် အခန်းတွင် ဆက်လက်ဆွေးနွေးမည်။

အာဆီယံတွင် အီလက်ထရောနစ်လုပ်ငန်းစုသည် ၁၉၆ဝ ခုနှစ်များနောင်းပိုင်းတွင် စတင်ခဲ့ပြီး စင်္ကာပူ - ဂျီဟောအီလက်ထရောနစ်လုပ်ငန်းအစုသည် စင်္ကာပူနိုင်ငံတွင် ဦးစွာရှင်းလင်း သော ဆားကစ်များ ပေါင်းစည်းသည့် ဆီးမီးကွန်ဒတ်တာတတ်ဆင်သည့် လုပ်ငန်း အဖြစ်စတင်ခဲ့ပြီး US သို့ ပြန်လည်တင်ပို့ရန်ရည်ရွယ်ခဲ့သည်။ ပန်နောင်းကဲ့သို့ စင်္ကာပူ အီလက်ထရောနစ်လုပ်ငန်းစုသည် လွှမ်းကဲစွာပင် နိုင်ငံခြား MNC ဖြစ်သည်။ အီလက် ထရောနစ်လုပ်ငန်းစုသည် စင်္ကာပူတွင် အရေးပါဆုံး စက်မှုလုပ်ငန်းများထဲမှ တစ်ခုဖြစ်သည်။

စင်္ကာပူသည် သူ့နိုင်ငံအလုပ်သမားအနည်းငယ်ဖြင့်ဆောင်ရွက်ရသောကြောင့် လုပ်ခသည် သိသာစွာ မြှင့်တက်လာသဖြင့် လုပ်သားစူးစိုက်အသုံးပြုရသော စက်ရုံလုပ်ဆောင်ချက်များ သည် အဓိကအားဖြင့် ဂျီဟောသို့ ပြန်လည်ခွဲဝေခဲ့သည်။ သို့သော် စင်္ကာပူသည် အလိုအလျောက် ပြုလုပ်ခြင်း၊ ထုတ်ကုန်ဒီဇိုင်းကဲ့သို့ အင်ဂျင်နီယာ စူးစိုက်အသုံးပြုရသည့်

လုပ်ဆောင်ချက်များနှင့် ဒေသတွင်းဝယ်ယူမှုများတွင် ထောက်ပံ့ပို့ဆောင်စီမံခန့်ခွဲမှု လုပ်ဆောင်ချက်များ (ထောက်ပံ့ပို့ဆောင် စီမံခန့်ခွဲမှု၊ ဝယ်ယူဖြန့်ဖြူးမှု ဘဏ္ဍာရေးနှင့် လုပ်ငန်းဝန်ဆောင်မှု) ဖြစ်သည့် ဝန်ဆောင်မှု ဆက်စပ်လုပ်ငန်းများ လုပ်ဆောင်မှုတို့တွင် စူးစိုက်မှုများထားသည်။ လုပ်သားအရေအတွက်နည်းပါးသဖြင့် စက်ပစ္စည်းသည် စက်မှုထုတ်ကုန် အမျိုးမျိုးတွင် မယှဉ်ပြိုင်နိုင်ဘဲ ထိုအစား ဒေသတွင်း တန်ဖိုးမြင့်စက်အသုံးအဆောင်များ၊ သတ္တုအလုပ်များ၊ ပလတ်စတစ်လုပ်ငန်းစဉ်၊ ဆိုးဆေး၊ ပုံစံခွက်ပြုလုပ်ခြင်း၊ တန်ဆာပလာများ ပြုလုပ်ခြင်းနှင့် ဆက်စပ်အထူးသွင်းအားစုများ စသည့် SME ရောင်းချမှုအခြေခံများ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ဖြန့်ဖြူးစရိတ်လျှော့ပေးခြင်း၊ အင်ဂျင်နီယာဆိုင်ရာ သွင်းအားစု များနှင့် ကုန်ထွက်များတွင် ထုတ်လုပ်မှုအရည်အသွေးမြှင့်တင်ခြင်းတို့ကိုလည်း ဦးတည် ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် ပြည်တွင်း၊ ဒေသတွင်းနှင့် ကမ္ဘာ့အဆင့်တွင် ဝယ်လိုအားနှင် ရောင်းလိုအား တွေ့ဆုံနိုင်စေရန် ရှုပ်ထွေးသော လုပ်ဆောင်ချက်များပေါင်းစပ်ပါဝင်သည့် ဟောင်ကောင်ကဲ့သို့ " ထုတ်ပိုးသူနှင့် စုစည်းသူ ( packager and integrator)" ဖြစ်လာခဲ့သည်။ ရှုပ်ထွေးသော လုပ်ဆောင်ချက်များတွင် ကွဲပြားနေသော တတ်ဆင် လုပ်ငန်းများအကြား စီမံခန့်ခွဲမှု၊ ရုံးချုပ်ဘဏ္ဍာရေး၊ နည်းပညာ၊ ဒီဇိုင်း၊ ရွေ့ပြောင်းပုံစံ၊ အရည်အသွေးထိန်းချုပ်မှု၊ ဈေးကွက် လုပ်ဆောင်ချက်နှင့် ဝန်ဆောင်မှုဖြန့်ဖြူးမှုတို့အတွက် ရုံးချုပ် လုပ်ဆောင်မှုပါဝင်သည်။ ဤတိုးလွယ်၊ ဆုတ်လွယ်ဖြစ်သော စက်မှုဝန်ဆောင်မှု လုပ်ငန်းများအတွက် စီးပွားရေး အကွက်ကောင်းကို နောက်ခံထားခြင်းသည် လုပ်ငန်းလုပ်ကိုင်ရန် လွယ်ကူမှုကိုဖော်ပြသည်၊ (လွယ်ကူစွာ လုပ်ငန်းစတင်နိုင်မှုနှင့် စွမ်းဆောင်ရည်ရှိသော လုပ်ဆောင်ချက်ကိုဖြစ်စေသည်) တိုင်းပြည်၏ ပညာရေးစနစ်တွင်လည်း အရည်အချင်း ရှိသော လက်မှုပညာရှင်နှင့် နည်းပညာရှင်များကို မွေးထုတ်ပေးနိုင်ရန်အတွက် အထူးစက်မှု လုပ်ငန်းသင်တန်းအဖွဲ့အစည်းများတွင် လေ့ကျင့်ပေးသော စနစ်တကျရှိသော ပညာရေး ထောက်ပံ့မှုများ ပါဝင် သည့် အင်ဂျင်နီယာနှင့် နည်းပညာ ကျွမ်းကျင်တည်ထောင်ခြင်းတို့ကို နောက်ခံထားသည်။ (See Best, 1999)

## *တရုတ်စက်မှုလုပ်ငန်းစုများ*

တရုတ်နိုင်ငံအတွေ့အကြုံသည် သင်ခန်းစာအရရှင်းလင်းစေသည်။ ကမ္ဘာ့စီးပွားရေးတွင် တရုတ်၏ အဓိကကြီးမားသော ပို့ကုန်တင်ပို့သောနိုင်ငံအဖြစ် မြှင့်တက်လာခြင်းသည် လုပ်ငန်းစုများ လျင်မြန်စွာ တိုးတက်လာခြင်းတို့လည်းများစွာပါဝင်သည်။ မှန်ကန်လှစွာပင်၊ Zeng (2011) လုပ်ငန်းအစုသည် တရုတ်အတွက်ပြိုင်ဆိုင်မှု အင်ဂျင်ပင်ဖြစ်သည်ဟု အခိုင်အမာပြောခဲ့သည်။ တရုတ်လုပ်ငန်းစု အတိုင်းအတာကျယ်ပြန့်မှုသည် လေးစားလောက်

ပေးသည်။ ဥပမာအနေဖြင့် Zhejiang နယ်သည် လုပ်ငန်းစု ၃၀၀ ထက်ပိုမိုရှိပြီး သူတို့ ကဏ္ဍများမှ ၁၀ ခုသည် ကမ္ဘာ့ထိပ်တန်းသို့ဝင်ရောက်နိုင်ပြီး ကျန်ရှိနေသောလုပ်ငန်းများမှ ၁၀၀ သည် ဒုတိယ အဆင့်တွင်ရှိသည်။ Wenzhou ဖိနပ်လုပ်ငန်းစုသည် ကမ္ဘာစုစုပေါင်း၏ ၈ ပုံ ၁ ပုံရှိပြီး အလုပ်သမား ၃ သိန်းကျော်အလုပ်လုပ်ကိုင်နေသည်။ တရုတ်နိုင်ငံ၏ အချမ်းသာဆုံး နယ်ပယ်များတွင် တစ်ခုအပါအဝင်ဖြစ်သော Guangdong တွင် လုပ်ငန်းစု ၂၂၈ ပါတ်ဝန်း ကျင်ရှိပြီး ၂၀၀၇ ခုနစ်တွင် စုစုပေါင်း ဒေသတွင်း ဂျီဒီပီ၏ ၂၅ ရာခိုင်နှုန်းမှာ အဆိုပါ လုပ်ငန်းစုများမှဖြစ်ပြီး ဒေသစီးပွားရေးအတွက်အဓိကမောင်းနှင်သူဖြစ်သည်။ Guangdong လုပ်ငန်းစုမှ အရေးပါမှု ဥပမာများကဲ့သို့ Xiqiao (Guangdong) ၏ အထည်ချုပ်လုပ်ငန်းသည် Guangdong အထည်ဈေးကွက်၏ ၃၀ ရာခိုင်နှုန်းရှိပြီး ကမ္ဘာဈေးကွက်တွင် ၆ ရာခိုင်နှုန်း ရှိသည်။ (See Zeng, 2011) ကျန်ရှိသော တရုတ်၏ ကမ်းရိုးတမ်းဒေသများဖြစ်သော အထူးသဖြင့် Zhejiang, Fujian and Jiangsu နယ်ပယ်တစ်လျောက် Guangdong ရှိ ပုလဲမြစ်ဒေသသည် "ကမ္ဘာ့စက်ရုံဒေသ" ဖြစ်လုနီးပါး စဉ်းစားနိုင်သည်။

တရုတ်ပြည်ရှိ လုပ်ငန်းစုများမှာ ဈေးကွက် အခွင့်အလမ်းများအရ အလိုအလျောက် ကြီးထွား လာခဲ့ကြသည်။ သို့သော် အစိုးရ၊ အထူးသဖြင့်ဒေသခံ အစိုးရများသည် "သူတို့ဖွံ့ဖြိုး တိုးတက်မှု ဖြစ်စဉ်တွင် ထောက်ပံ့မှု အမျိုးအစားများ"ကို ပေးသည်။( Zeng, 2011, P-25) Zeng က တရုတ်နိုင်ငံတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့် တခါးဖွင့်လုစ်ခဲ့မှုများ၊ ရှည်လျားသောသမိုင်းကြောင်းအရ အထူးပြုကဏ္ဍများတွင် ထုတ်လုပ်ခြင်းနှင့် စီးပွားရေး လုပ်ဆောင်ချက်များ၊ ထုတ်လုပ်ခြင်းနှင့် ကုန်သွယ်ခြင်းတို့တွင် ပင်ကိုယ်နားလည်မှုနှင့် ကျွမ်းကျင်မှုများနှင့် လုပ်ငန်းရှင်များနှင့် နှိုင်းယှဉ်ခြင်းအားဖြင့် များပြားပြီး စရိတ်သက်သာ သောပညာတတ်လုပ်သားများ အပါအဝင် လူ့အရင်းအမြစ်များနှင့် သဘာဝအရင်းအမြစ်များ အပါအဝင် တရုတ်နိုင်ငံရှိ စက်မှုလုပ်ငန်းစုများ တိုးတက်မှုနှင့် ဖွံ့စည်းမှုအတွက် အကြောင်း အရင်းများကို မီးမောင်းထိုးခဲ့သည်။ အထက်တွင်ဖော်ပြခဲ့သည့်အချက်များသည် အင်ဒိုနီးရှား နှင့် အာဆီယံ၏ အခြားအပိုင်းများရှိ လုပ်ငန်းစုအများစုတွင်လည်းရှိနေသကဲ့သို့ပင် ဖြစ်သည်။

မည်သို့ပင်ဆိုစေ လွန်ခဲ့သော ဆယ်စုနှစ် ၃ စုအတွင်း တရုတ်နိုင်ငံ စက်မှုလုပ်ငန်းစုများ၏ ကြီးကျယ်သောတိုးတက်မှုများဖြစ်ပေါ်လာစေရန် အောက်ဖော်ပြပါ အချက်(၇) ချက်ဖြင့်ပြသ နိုင်သည်။(Zeng, 2011 တွင် ကြည့်နိုင်သည်။) (၁) လျှင်မြန်စွာ တိုးတက်လာပြီး သူတို့၏ ကိုယ်ပိုင်အခွင့်အရေးများရှိသော ကြီးမားသောဈေးကွက်များရှိသည့် အဓိက ဒေသဆိုင်ရာ

ဈေးကွက် နီးကပ်စွာရှိနေခြင်း၊ (၂) ပို့ကုန်ဦးစားပေး လုပ်ငန်းစုများအတွက် အဓိက လမ်းမကြီးများ၊ ရထားလမ်းများ ၊ အဝေးပြေးလမ်းမကြီးများနှင့် ဆိပ်ကမ်းများနှင့် နောက်ပိုင်းတွင် အထူးအရေးကြီးလှသော နီးကပ်စွာ တည်ရှိခြင်း၊ (၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် နည်းပညာအသစ်များ၊ စီမံခန့်ခွဲမှုနှင့် ပို့ကုန်ဈေးကွက်တို့ကို ညွှန်ပြသော အခြားနိုင်ငံများတွင် သွား ရောက်နေထိုင်သူများ (၄) ထိရောက်သော ဒေသခံ အစိုးရထောက်ခံမှုများ (၅) စက်မှုအဖွဲ့အစည်းများနှင့် အခြားကြားခံ အဖွဲ့အစည်းများ၏ ပံ့ပိုးချက်များ (၆) အသိပညာနှင့် ပြည်သူ့အဖွဲ့အစည်းများမှ နည်းပညာဆိုင်ရာ ထောက်ပံ့မှုများနှင့် တီထွင်မှုများ (၇) လုပ်ငန်းတွင်းချိတ်ဆက်မှုများမှတစ်ဆင့် အသိပညာ၊ နည်းပညာနှင့် ကျွမ်းကျင်မှု ပြန့်နှံ့မှုများ စသည်တို့ဖြစ်သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် အခြားနိုင်ငံများတွင်သွားရောက်နေထိုင်သည့် တရုတ်လူမျိုးများ၊ အထူးသဖြင့် ဟောင်ကောင်နှင့် ထိုင်ဝမ်တို့တွင်နေထိုင်သူများသည် Guangdong နှင့် Fujian ကဲ့သို့ တရုတ်နိုင်ငံ ကမ်းရိုးတမ်းဒေသရှိ နယ်ပယ်များရှိ စက်မှုလုပ်ငန်းစုများ အခြေချမှုတွင် အလွန်အရေးပါသော အချက်များဖြစ်သည်။ ထိုင်ဝမ်လုပ်ငန်းများသည် သူတို့ကိုယ်တိုင် ကမ္ဘာတွင် စက်မှုလုပ်ငန်းစုများ၏ ရှေ့တန်းတွင်ရှိသည်ကို ထည့်သွင်းစဉ်းစားပြီး လုပ်ငန်းစုအတွင်းသို့ သယ်ဆောင်လာသည့် နည်းပညာနှင့် ကျွမ်းကျင်မှုများမှ တစ်ဦးသုံး ကွန်ပြူတာ အစိတ်အပိုင်းများနှင့် ထုတ်ကုန်များကဲ့သို့ လုပ်ငန်းစုများသည် အကျိုးကျေးဇူးများ ရရှိသည်။ နည်းပညာရွှေ့ပြောင်းမှုနှင့် လုပ်ငန်းတွင်း ချိတ်ဆက်မှု အခြေနေကို အောက်တွင် ဖော်ပြထားသော ဆက်လက်မည့် အခန်းတွင် ဆွေးနွေးမည်။

Zeng (2011)က စက်မှုလုပ်ငန်းစုများ၏ အောင်မြင်မှုသည် ဒေသခံအစိုးရ၏ ခိုင်မာသော ထောက်ပံ့မှုများနှင့် ပြုစုပျိုးထောင်မှုများနှင့် ခွဲခြား၍မရအောင် ချိတ်ဆက်နေသည်ကို အထူးသဖြင့် အလယ်အလတ်တန်းစားနှင့် အကြီးစားလုပ်ငန်းပေါ် အခိုင်အမာပြောခဲ့ပြီး ဝင်ရောက်စွက်ဖက်မှုများအတွက် အဓိက ဆုံမှတ်မှာ " ဈေးကွက်မပြည့်ဝမှုများ" ဖြစ်ပေါ်ခြင်းနှင့် "ပြင်ပအကျိုးသက်ရောက်မှုများ" တိုးတက်လာခြင်းတို့ဖြစ်ပြီး အခြေခံ အဆောက်အအုံများပေါ်တွင် ထောက်ပံ့ပေးသည့် ဥပမာများမှာ စီးပွားရေး လုပ်ဆောင်ချက်များကို အထောက်အကူပြုစေပြီး ဖြည့်စည်းသူ၊ ထုတ်လုပ်သူ၊ ရောင်းသူနှင့် ဝယ်သူများကို အတူတကွ ဆုံတွေ့နိုင်သည့်အပြင် ထိုမှတဆင့် လုပ်ငန်းစုများကို မြှင့်တင်ပေးနိုင်ရန် ရှေ့၊ နောက် ချိတ်ဆက် (backward and forward linkage)များ တည်ထောင်နိုင်စေမည့် အထူးပြုဈေးကွက်များတည်ဆောက်ခြင်း သို့မဟုတ် စက်မှုလုပ်ငန်းဇုန်များ တည်ထောင်ခြင်း၊

စသည်တို့ပါဝင်သည်။ "တရုတ်နိုင်ငံ၏ ဖိနပ်အရင်းအနှီး"တွင် မြို့တော်အစိုးရသည် နည်းပညာဆိုင်ရာ လေ့ကျင့်သင်တန်းများ၊ ကုန်သွယ်မှုများ၊ စစ်ဆေးမှုများ၊ ထုတ်လုပ်ခြင်း၊ သတင်းအချက်အလက်ပေးသည့် ဝန်ဆောင်မှုများနှင့် ဖိနပ်နှင့်ဆက်စပ်နေသော ယဉ်ကျေးမှုဆိုင်ရာ ပြခန်းများ စသည်တို့ ပေါင်းစပ်ပါဝင်နေသော ကြီးမားသော စက်မှုလုပ်ငန်း အမျိုးမျိုး တည်ရာနေရာ ( industrial complex)ကို တည်ထောင်ခဲ့သည်။

ဒေသခံအစိုးရ၏ တုန့်ပြန်ချက်သည် စည်းမျဉ်းများရှေ့တွင် ရှင်းလင်းစွာ ပေါ်လွင်ထင်ရှားသည်။ ထို့ကြောင့် ဥပမာအနေဖြင့် Wenzhou ၏ ဖိနပ်အရည်အသွေးအပေါ် ကျော်ကြားမှုသည် ဖိနပ်လုပ်ငန်းစက်ရုံများ လျင်မြန်စွာ ချဲ့ထွင်မှုကို ရိုက်ခတ်လာခဲ့သည့်အခါ ဒေသခံအစိုးရသည် Wenzhou ၏ ဖိနပ်များအတွက် တင်းကျပ်သည့် စည်းမျဉ်းများနှင့် အရည်အသွေး စံသတ်မှတ်ချက် ထုတ်ပြန်ခဲ့ပြီး လုပ်ငန်းများအတွက် ကုန်အမှတ်တံဆိပ်ပါ ထုတ်ကုန် များ ဖွံ့ဖြိုးတိုးတက်လာစေရန် ကူညီပေးခဲ့သည်။ Puyuan မြို့နယ်တွင် ကြီးမားသောပြိုင်ဆိုင်မှုများမှ ဈေးပေါသောပစ္စည်းများကိုအသုံးပြုပြီးအထည်အရည်အသွေး ကျဆင်းလာမှုကို ဦးတည်လာသည့်အတွက် ကက်ရှမီးယား ဆိတ်တစ်မျိုး၏ သားရေဖြင့် ပြုလုပ်ထားသော ကုန်စည်အတွက် အရည်အသွေးအာမခံချက်စည်းကမ်းများ တိုးမြှင့်စေရန် ထုတ်ကုန်အတွက် အရည်အသွေးသေချာစေရန် တင်းကြပ်သော ပြဋ္ဌာန်းချက်များကဲ့သို့ Puyuan မြို့နယ်သည် အရည်အသွေးထိန်ချုပ်သည့်ဥပဒေနှင့် အရည် အသွေးစစ်ဆေးသည့် စနစ်အတွက် ဒီဂရီအမိန့် ထုတ်ပြန်ခဲ့သည်။ (Zeng, 2011 တွင် ကြည့်နိုင်သည်။) အရည်အသွေးထိန်ချုပ်သည့်ဥပဒေနှင့် အာမခံစနစ်သည် တိုင်းပြည်အတွင်းရှိ ဒေသခံ အာဏာပိုင်အဖွဲ့အစည်းများ စဉ်းစားရမည့်အဆင့်ကို ထင်ဟပ်စေမည့် ခရိုင်နယ်ပယ်တွင်သာမက မြို့နယ်အဆင့်တွင်လည်း ဆုံးဖြတ်ရန်နှင့် အကောင်အထည်ဖော်ရန် ပြောရန်လိုမည် မထင်ပေ။

တရုတ်တွင် ဒေသခံအစိုးရ၏နည်းပညာ၊ ကျွမ်းကျင်မှုနှင့် တီထွင်မှုအားပံ့ပိုးပေးမှုများသည် သတိပြုထိုက်ပေသည်။ Zeng က ဥပမာများပေးခဲ့သည်။ ထို့ကြောင့် Xiqiao မြို့နယ်သည် နည်းပညာ အကြံဉာဏ်ပေးခြင်း၊ IPR အကာအကွယ်ပေးခြင်း၊ ပညာရှင်လေ့ကျင့်ခြင်း၊ စစ်ဆေးခြင်းနှင့် သက်သေပြခြင်း စသည်တို့ပါဝင်သည့် ဝန်ဆောင်မှုများနှင့် ဈေးကွက်ဈေးနှုန်းထက်နိမ့်ကျသည့် တီထွင်မှု ဝန်ဆောင်မှုများနှင့် ထုတ်ကုန်အသစ်များ ထောက်ပံ့ပေးသည့် တီထွင်မှုဗဟိုဌာနကို တည်ထောင်ခဲ့သည်။ Wenzhou ၏ ဒေသခံအစိုးရသည် ဒေသ စက်မှုလုပ်ငန်းကျွမ်းကျင်မှု အသိအမြင်များ တည်ဆောက်နိုင်ရန် ဒေသကောလိပ်

များနှင့် ကျောင်းများတွင် အတတ်ပညာဆိုင်ရာ ဖိနပ်သားရေ မေဂျာများ မိတ်ဆက်ခြင်း သို့မဟုတ် တည်ထောင်သည့် လေ့လာမှုဗဟိုဌာနများ တည်ထောင်ရန် လုပ်ငန်းရှင်များကို အားပေးခဲ့ပြီး Wenzhou တွင် ဖိနပ်ဒီဇိုင်းဌာန တည်ထောင်ရန် အီတလီ ဖိနပ်လုပ်ငန်းများ ကိုလည်း ဖိတ်ခေါ်ခဲ့သည်။

တရုတ်ဒေသခံအစိုးရသည် ဘဏ္ဍာရေး ဆွဲဆောင်မှုများနှင့် ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့မှု များကိုလည်း အရည်အသွေးပြည့်ဝသော လုပ်ငန်းရှင်များကို ထောက်ပံ့ခဲ့သည်။ ထိုအရာ သည် ကမ္ဘာရှိ တိုင်းပြည်အများစုတွင် ဆောင်ရွက်သော ပေါ်လစီနှင့်တူညီသည်။ ပိုမို သတိပြုရမည့်အရာမှာ ထိုပံ့ပိုးပေးမှုများကို ထောက်ပံ့ပေးမှု၏ တီထွင်မှုဆိုင်ရာ အဓိပ္ပာယ် များလည်းဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဥပမာအနေဖြင့် Xiqiao ဒေသခံအစိုးရ သည် SME များအတွက်ကူညီရန်အတွက် ဘဏ်ချေးငွေများရရှိစေရန် ဘဏ္ဍာရေးဆိုင်ရာ အာမခံချက် ထောက်ပံ့ပေးခဲ့ပြီး ထိုမှ သူတို့၏အသုံးအဆောင်များ အဆင့်မြှင့်တင်ရန် ခွင့်ပြုခဲ့သည်။ Puyuan ဆွယ်တာ လုပ်ငန်းစုတွင် လုပ်ငန်းစုအတွင်းတည်ရှိနေသော ကြော်ကြားသည့် အမှတ်တံဆိပ်ပါ လုပ်ငန်းများသည် အထူးအခွင့် အရေးပေးသောမြေ၊ အခွန်နှင့်ချေးငွေများကို ထောက်ပံ့ပေးသည်။ Xiqiao မြို့နယ်တွင်လည်း လုပ်ငန်းစုတွင်းသို့ အရည်အသွေးပြည့်ဝမှုများကို ယူဆောင်လာသော လုပ်ငန်းများအား တစ်ဦးချင်း ဆုကြေးများ ချမှတ်ပေးသည်။ (Zeng, 2011)

ထပ်မံ၍ ဒေသခံ အစိုးရများ၏ ခိုင်မာသော ထောက်ပံ့မှုများနှင့် ပြုစုပျိုးထောင်မှုများကို ထပ်ပေါင်းပြီး တက္ကသိုလ်များနှင့် သုတေသနအဖွဲ့အစည်းများကဲ့သို့ အဖွဲ့အစည်းများသည် လုပ်ငန်းစုအတွင်း တီထွင်မှုနှင့် နည်းပညာ အဆင့်မြှင့်တင်ရေးတို့အတွက် ကူညီပံ့ပိုးမှုများကို ထောက်ပံ့ပေးသည်။ ဥပမာအနေဖြင့် Wenzhou တက္ကသိုလ်သည် "အစိမ်းရောင်" ထုတ်လုပ်မှုဖွံ့ဖြိုးမှု၊ သန့်ရှင်းသော သားရေထုတ်လုပ်မှုနည်းပညာ စသည်တို့ကို ဦးတည်ပြီး လုပ်ငန်းများစွာနှင့်အတူ ပူးပေါင်းဆောင်ရွက်သည့် ထုတ်လုပ်မှုနည်းပညာဆိုင်ရာ သုတေသန ဗဟိုဌာနကို တည်ထောင်ခဲ့သည်။ ဗဟိုဌာနသည် ထုတ်လုပ်မှုနှင့် သားရေဓာတုနှင့် ပါတ်သက်သော စစ်ဆေးမှု၊ စစ်မှန်သည့် သားရေလုပ်ငန်းစဉ်နည်းပညာနှင့် လုပ်ဆောင် ချက်အခြေအနေစစ်ဆေးမှုများကို တက္ကသိုလ်နှင့်အတူ သိသာထင်ရှားစွာ ထောက်ပံ့ပေးသည့်အနေဖြင့် Zhejiang နယ်ပယ်အတွက် ဓါတ်ခွဲခန်းတစ်ခုကိုလည်း တည်ဆောက်ခဲ့သည်။ စက်မှုလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားကြားခံ အဖွဲ့အစည်း များသည်တရုတ်နိုင်ငံအတွက်စက်မှုလုပ်ငန်းစုများခိုင်မာကြံ့ခိုင်စွာတိုးတက်မှုအတွက်လည်း

ထောက်ပံ့ပေးခဲ့သည်။ ထို့ကြောင့် Wenzhou ဖိနပ်လုပ်ငန်းအဖွဲ့အစည်းသည် နည်းပညာ အသစ်များ မိတ်ဆက်ပေးခြင်း၊ ဈေးကွက်နှင့် အမှတ်တံဆိပ်ဝန်ဆောင်မှုလုပ်ငန်းများ၊ နိုင်ငံရှိဖိနပ် အဖွဲ့အစည်းများ၊ အစုစပ်လုပ်ငန်းများနှင့် ပီကင်းသားရေကောလိပ်စသည်တို့တွင် လေ့ကျင့်မှုများ ထောက်ပံ့ခြင်းတို့မှတဆင့် လုပ်ငန်းများ ပြည်တွင်းနှင့် နိုင်ငံခြားဈေးကွက် အတွင်းသို့ ဝင်ရောက်လာနိုင်ရန် ကူညီပေးခြင်းတို့ကို ထောက်ပံ့ပေးသည်။ ထိုနည်းတူစွာ Zhejian ရှိ Yunhe သစ်လုပ်ငန်းစုမှ အရုပ်စက်ရုံအဖွဲ့အစည်းမှ ကူညီမှုသည်လည်း သစ်သား ရုပ်ထုတ်လုပ်မှု စွမ်းရည်ဌာန၊ စစ်ဆေးမှု ဌာန၊ သတင်းအချက်အလက်ဌာနနှင့် Yunhe သုတေသနအဖွဲ့အစည်းဌာန တို့ကို တည်ဆောက်ခဲ့သည်။ (Zeng, 2011)

အထက်တွင် ဆွေးနွေးခဲ့မှုများသည် တရုတ်နိုင်ငံတွင် မြင့်မားသော ထောက်ခံမှုများ၊ စိတ်ပါ ဝင်စားမှုများနှင့် ပြည့်စုံကျယ်ပြန့်လုနီးပါး အဖွဲ့အစည်းဆိုင်ရာ ထောက်ပံ့မှုများကို ဖော်ပြ သည်။ တခါးဖွင့်မှုဝါဒနှင့် တွဲဖက်ပါဝင်သော စီးပွားရေးပြုပြင်ပြောင်းလဲမှုများမှ ပေါ်ထွက် လာသော အခြေခံအဆောက်အအုံတွင် များပြားလှစွာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများ ပေးခြင်းနှင့် တရုတ်လူမျိုးများနှင့် အခြားနိုင်ငံသို့သွားရောက်နေထိုင်သူ များ၏ တီထွင်မှုဆိုင်ရာ စိတ်ဓာတ်နှင့် လုပ်ငန်းတွင်းချိတ်ဆက်မှုတို့မှ ပေါ်ပေါက်လာသော အခွင့်သာသော ပေါ်လစီများနှင့် ဆွဲဆောင်မှုဆိုင်ရာစနစ်တို့နှင့် အတူတကွ တရုတ်နိုင်ငံသည် သူ၏ စီးပွားရေးဇုန်များနှင့် လှုပ်ရှားတက်ကြွသော စက်မှုလုပ်ငန်းများစွာတို့မှ ကြီးမားသော အတိုင်းအတာမောင်းနှင်သည့် ကမ္ဘာ့ပို့ကုန်ဌာန အဖြစ်ပေါ်ပေါက်လာမှုသည် အံ့သြလောက် ဖွယ်မရှိပေ။

## *စက်မှုလုပ်ငန်းစုများနက်ရှိုင်းလာခြင်း- အာဆီယံရှိ ရိုးရာဆိုင်ရာကဏ္ဍတွင် လုပ်ငန်းစုများ တက်ကြွလှုပ် ရှားစေနိုင်သည်လား?*

အထက်တွင်ဆွေးနွေးချက်များသည် အာဆီယံတွင် MNC ဦးဆောင်လုပ်ငန်းစု အသစ်များ နှင့် ရိုးရာနှင့် လုပ်ငန်းစုအသစ်များတွင် တရုတ်လုပ်ငန်းစုများ၏ ကျယ်ပြန့်သော အတိုင်း အတာများမှ အောင်မြင်မှုတို့အပေါ် မဏ္ဍိုင်ပြုထားသည်။ အာဆီယံရှိလုပ်ငန်းစုများသည် ရိုးရာလုပ်ငန်းများ လွှမ်းမိုးပြီး နည်းပညာစူးစိုက်အသုံးမပြုသော လုပ်ငန်းများစွာ ပါဝင်သည်။ တရုတ်နှင့်ခြားနားစွာပင် လုပ်ငန်းစုအများစုသည် သေးငယ်ပြီး တက်ကြွ လှုပ်ရှားမှုမရှိသည့် အပြင် ပြိုင်ဆိုင်မှုလည်းမရှိပေ။ အင်ဒိုနီးရှားအား ခိုင်းနှိုင်းမှုများနှင့် တရုတ်နှင့် အောင်မြင် ခဲ့သော အာဆီယံလုပ်ငန်းစုများ၏ နှိုင်းယှဉ်ရလဒ်ကို ရှင်းပြသည့် အထောက်အကူအနေဖြင့် အသုံးပြုခြင်းသည် အတွင်းကျကျအမြင်ကို ထောက်ပံ့ပေးသည်။

အင်ဒိုနီးရှားလုပ်ငန်းစုများသည် အတော်များများရှိသည်၊ Tambunan (၂၀၀၆)က အင်ဒိုနီးရှားအစိုးရသည် တိုင်းပြည်တစ်ခုလုံးရှိ SME ၉၁၂၇ လုပ်ငန်းစုများကို ဖြည့်စည်းမှု အချို့ ထောက်ပံ့ပေးခဲ့သည်။ အများစုမှာ နှစ်ပေါင်းများစွာကတည်းက အလိုအလျောက် ကြီးထွားလာ ခဲ့ကြပြီး တစ်စုံတစ်ရာသောကဏ္ဍ သို့မဟုတ် နယ်ပယ်တွင် ပထဝီဝင်ဆိုင်ရာ လုပ်ငန်းများ ပေါင်းစည်းမှု၏ ရလဒ်ပင်ဖြစ်သည်။ လုပ်ငန်းစုများသည် ထုတ်လုပ်မှုစွမ်းအား နိမ့်ကျခြင်း၊ လစာနိမ့်ကျခြင်းနှင့် ဒေသဆိုင်ရာဈေးကွက်အခြေခံ လုပ်ငန်းသေးများဖြစ်သော လက်မှု လုပ်ငန်းစုများမှ မြင့်မားသော ကျွမ်းကျင်မှုများနှင့် နိုင်ငံဈေးကွက်တွင် ဝန်ဆောင်မှု ပေးနိုင် သော ကောင်းမွန်သောနည်းပညာနှင့်အတူ လှုပ်ရှားမှုများရှိသော လုပ်ငန်းစုများသို့နှင့် ထိုမှ လုပ်ငန်းများသည် နိုင်ငံခြားနှင့် ကျယ်ပြန့်သော ကုန်သွယ်မှု ချိတ်ဆက်မှုများရှိပြီး ဦးဆောင် လုပ်ငန်းများသည် လွှမ်းမိုးမှုရှိသောအခန်းကဏ္ဍမှ ပါဝင်လျက် နောက်ဆုံးတွင် လုပ်ငန်းတွင်း စူးစိုက်ထုတ်လုပ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှု အဆင့်၊ အထူးပြုဝန်ဆောင်မှု များအတွက် သွင်းအားစုရောင်းချသူများနှင့် ထောက်ပံ့သူများအကြား ကောင်းစွာဖွံ့ဖြိုး တိုးတက်သော လုပ်ငန်းကွန်ယက်၊ ကောင်းမွန်သော တက္ကသိုလ်များ၊ သုတေသန အဖွဲ့အစည်းများ ကဲ့သို့ ဆက်စပ်နေသော အဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုနှင့် ပို့ကုန်ဦးဆောင် လုပ်ငန်များ စသည့် "တိုးတက်ကျယ်ပြန့်သော" လုပ်ငန်းစုများဖြင့် အင်တိုက်အားတိုက် တက်ကြွမှုရှိသော လုပ်ငန်းစုများသို့ သူတို့၏လက္ခဏာရပ်များသည် အလွန်တရာပင် ပြောင်းလဲလာခဲ့သည်။ (Tambunan တင်ပြခဲ့သကဲ့သို့ Sandee နှင့် ter Wingel , 2006,p.8)

Tambunan က လက်မှုလုပ်ငန်းစုများသည် အင်ဒိုနီးရှား လုပ်ငန်းစုအတွင်း လွှမ်းမိုးမှု ရှိသည်ဟု အခိုင်အမာပြောဆိုခဲ့သည်။ မည်သို့ပင်ဆိုစေ တက်ကြွမှုရှိသောလုပ်ငန်းစုများ ဥပမာ အုတ်ကြွပ်မိုးလုပ်ငန်းစု၊ ကြက်တောင်စက်ရုံလုပ်ငန်းစု၊ သတ္တုသွန်းစက်ရုံလုပ်ငန်းစု စသည့် လုပ်ငန်းစုများစွာရှိပြီး Majalaya နှင့် Pekalongan တို့ရှိ အထည်ရက်လုပ်သော လုပ်ငန်းစု၊ Purbalingga တွင် ရှိသော ဆံပင်တုနှင့် ဆံပင်အသုံးအဆောင်များ စက်မှု လုပ်ငန်းစု၊ Kudus တွင်ရှိသည့် လေးညှင်းပွင့်စီးကရက် လုပ်ငန်းစုနှင့် Kasongan တွင်ရှိသော လက်မှုလုပ်ငန်းစု စသည် အင်နှင့်အားတိုက်တက်ကြွမှုများရှိသည့် လုပ်ငန်းစု များလည်းရှိသည်။ ဘရာဇီး၊ အိန္ဒိယနှင့် မက္ကစီကိုနိုင်ငံများရှိ ဖိနပ်လုပ်ငန်းနှင့် အလားတူစွာပင် Jepara တွင် ပရိဘောဂလုပ်ငန်းစုသည် "အင်နှင့်အားတိုက်တက်ကြွမှုများ" ရှိသည့်လုပ်ငန်းစု သာမက ပို့ကုန်ဦးဆောင်သည့် "တိုးတက်ကျယ်ပြန့်သော" လုပ်ငန်းစုလည်းဖြစ်သည်။ (Tambunan, 2006)

လွန်ကဲစွာ လက်မှုလုပ်ငန်းအခြေခံ ပြည်တွင်း ဦးဆောင်လုပ်ငန်းသေး များ၏လုပ်ငန်းစုများနှင့် အသေးစားလုပ်ငန်းများရှိသည့်အင်ဒိုနီးရှား၏ပုံသဏ္ဌာန်သည်အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် တွေ့နေရသော လုပ်ငန်းစုအများစုပုံစံပင်ဖြစ်သည်။ အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအတွက် စိန်ခေါ်မှုများသည်မလေးရှား Penang ရှိ လျှပ်စစ်စက်မှုလုပ်ငန်းစု၊ ထိုင်း အရှေ့ပင်လယ်ကမ်းခြေ အပိုင်းရှိ မော်တော်ကား စက်မှုလုပ်ငန်းစုနှင့် တရုတ်နိုင်ငံ အမျိုးမျိုး ရှိသော ကမ္ဘာပြိုင်ဆိုင်မှုများရှိသည့် စက်မှုလုပ်ငန်းစုများကို အကောင်းဆုံး ဥပမာထားပြီး ပိုမို"အင်နှင့်အားတိုက်တက်ကြွမှုများ" နှင့် "တိုးတက်ကျယ်ပြန့်သော" မှုများရှိသည့်လုပ်ငန်းစု များအဖြစ် မည်သို့ ဖန်တီးဖြစ်ပေါ် စေရန်ဖြစ်သည်။

အင်ဒိုနီးရှားနှင့် ထိုမှ အာဆီယံရှိ ကျန်ရှိနေသော နိုင်ငံများအတွက် ပိုမိုပြိုင်ဆိုင်မှုရှိပြီး အင်တိုက်အားတိုက်တက်ကြွသော လုပ်ငန်းစုများ ဖြစ်ပေါ် နိုင်သလား? များပြားသော်လည်း တက်ကြွမှုနည်းသော လုပ်ငန်းစုများကို တက်ကြွမှုရှိစေရန် လှုံ့ဆော်ပေးနိုင်သလား? တဖက်တွင် တရုတ်နှင့် အောင်မြင်ခဲ့သသော အာဆီယံ စက်မှုလုပ်ငန်းစုများနှင့် နှိုင်းယှဉ်ပြီး၊ အခြားတစ်ဖက်တွင် အင်ဒိုနီးရှားရှိ လွှမ်းမိုးနေသော လုပ်ငန်းစုများသည် ဗဟုသုတ များစွာကို ပေးသည်။

- ပထမဦးစွာ၊ တရုတ်ရှိ အဓိကစက်မှုလုပ်ငန်းစုများသည် ခိုင်မာစွာ ပို့ကုန်ဦးဆောင် လုပ်ငန်းများဖြစ်သော်လည်း အင်ဒိုနီးရှားရှိ လုပ်ငန်းများမှာမူမဟုတ်ပေ။ အကျိုး ဆက်အနေဖြင့် တရုတ်လုပ်ငန်းများသည် ပိုမိုတင်းကြပ်စွာ ပြိုင်ဆိုင်မှုများရှိသော ပို့ကုန်ဈေးကွက်ကဲ့သို့ ပို့ကုန်ဈေးကွက်၏ အရည်အသွေးဆိုင်ရာ ဝယ်လိုအား ပိုမိုတောင်းဆိုမှုများနှင့် တစ်စတစ်စ သဟာဇာတဖြစ်လာသည်။ Penang အီလက်ထရောနစ်လုပ်ငန်းစု၊ Singapore-Jojor လုပ်ငန်းစုနှင့် ထိုင်းနိုင်ငံ မော်တော်ကား လုပ်ငန်းစု များမှာ ခိုင်မာစွာ ပို့ကုန်ဦးဆောင် လုပ်ငန်းစုများဖြစ်သည်။

- ဒုတိယအချက်မှာ တရုတ်အစိုးရ အရာရှိများနှင့် လုပ်ငန်းစုများသည် နည်းပညာ အကျိုးကျေးဇူးများရရှိနိုင်မှု၊ ကျွမ်းကျင်မှုနှင့် ပို့ကုန်ဈေးကွက် သတင်း အချက် အလက်များနှင့် ပို့ကုန်ဈေးကွက်ရရှိနိုင်မှုတို့ ပါဝင်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို လိုက်လိုက်လှဲလှဲဖိတ်ခေါ်ကြသည်။ Penang၊ စင်္ကာပူနှင့် ထိုင်းနိုင်ငံတို့သည် လည်း FDI ဆွဲဆောင်မှုများကိုအလားတူစွာပင် လိုက်လိုက်လှဲလှဲ ရှိကြသည်၊ မှန်ကန်လှစွာ သူတို့သည် သူတို့လုပ်ငန်းစုများ ရင်းနှီးမြှုပ်နှံနိုင်ရန် ကမ္ဘာ့ ဦးဆောင်

ပါဝင်သူများအပေါ် ဦးတည်ချက်ထားသည်။ ယင်းတို့နှင့် ဆန့်ကျင်စွာ အင်ဒိုနီးရှားရှိ လုပ်ငန်းစုအများစုမှာ လုံးဝနီးပါး နိုင်ငံခြားရှယ်ယာ တည်ရှိမှုမရှိပေ၊ အင်ဒိုနီးရှားရှိ အောင်မြင်သောလုပ်ငန်းစုများဖြစ်သည့် Japaraရှိ ပရိဘောဂလုပ်ငန်းစုနှင့် Kasongan ရှိ လက်မှုလုပ်ငန်းစုတို့သည် နိုင်ငံခြားမှ ဝင်ရောက်လာသူများမှ အတော်အတန်များပြားသည့် တိုက်ရိုက် အရင်းအနှီးများရှိသည်မှာ သတိပြု ထိုက်ပေသည်။ ( Tambunan, 2006,p.9)

- တတိယအချက်မှာ Tambunan(2006)၏ အင်ဒိုနီးရှား လုပ်ငန်းစု အထူးသဖြင့် အသေးစားလုပ်ငန်းများသို့အကူအညီပေးသည်ပရိုဂရမ်ကို စာရင်းပြုစုထားသော ဇယားပေါ်အခြေပြုထားချက်အရ အင်ဒိုနီးရှား အစိုးရသည် လုပ်ငန်းစုများသို့ အကူအညီပေးသည့်ပရိုဂရမ်များသည် ကျယ်ပြန့်သောအတိုင်းအတာကို ထောက်ပံ့ ပေးသည်။ သို့သော် Tambunan က ယေဘုယျအားဖြင့် အင်ဒိုနီးရှားရှိ လုပ်ငန်းစုများ ဖွံ့ဖြိုးမှု ပေါ် လစီသည် အောင်မြင်မှု မရရှိသေးကြောင်း အခိုင်အမာ ပြောဆိုခဲ့သည်။ တရုတ် ဝင်ရောက်စွက်ဖက်မှုများမှာ ပိုမိုအောင်မြင်ခဲ့သည်။

ဖြစ်နိုင်ခြေရှိသော အကြောင်းမှာ အစိုးရ အထောက်အပံ့ အကျယ်အဝန်းနှင့် အတိုင်းအတာသည် အလွန်ခြားနားစွာ ပေါ်ပေါက်လာခဲ့သည်ဆိုသည့်အချက် ဖြစ်သည်။ အင်ဒိုနီးရှားတွင် အများပိုင်ဝန်ဆောင်မှု ထောက်ပံ့မှု (CSFs) သည် လုပ်ငန်းစုများ၏ ဖြည့်တင်းပေးမှုများတွင် အစိုးရမှ ထောက်ပံ့ပေးသော အဓိက ပံ့ပိုးမှုကဲ့သို့ဖြစ်သည်။ CSFs တွင် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများ၊ ချဲ့ထွင်မှုများ နှင့် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများနှင့် လေ့ကျင့်ရေး သင်ရိုးများ ထောက်ပံ့ ပေးခြင်းနှင့် ပူးပေါင်းစိတ်ဓါတ်နှင့် လေ့လာမှုပေါက်ဖွားလာစေရန် အဖွဲ့ဝင်များ အတွက် ဆောင်ရွက်လုပ်ရှားရာအဖြစ် ဆောင်ရွက်ပေးရန် စသည်တို့ပါဝင်သည်။ သို့သော် အကဲဖြတ်မှု ရလဒ်များအရ CSFs သည် ၂၀၀၀ ပြည့်နှစ်အစောပိုင်း ကာလအထိ တော်တော်ညံ့ဖျင်းစွာ ဆောင်ရွက်ခဲ့ပြီး အသုံးအဆောင်များသည် ခေတ်မမီတော့ဘဲ ထို့ကြောင့် ထိရောက်မှု မရှိတော့ကြောင်းညွှန်ပြခဲ့သည်။

နည်းပညာဆိုင်ရာ လေ့ကျင့်မှု၊ စစ်ဆေးမှု၊ သတင်းအချက်အလက်ပေးသော ဝန်ဆောင်မှုများနှင့် ဖိနပ်ဆက်စပ် ယဉ်ကျေးမှုခင်းကျင်းပြသခြင်းတို့နှင့် စုစည်း

ထားသော Wenzhou လုပ်ငန်စုမှ အခြေအနေများနှင့် ဆန့်ကျင်စွာ တွေ့ရသည်။ သို့မဟုတ် ဆိတ်တစ်မျိုး၏အမွေးဖြင့်ပြုလုပ်သော Puyuan ဆွယ်တာလုပ်ငန်းစုတွင်လည်း မြို့အစိုးရသည် သယ်ယူပို့ဆောင်ရေးထောက်ကူပြု လုပ်ငန်းဇဟိုဌာန တည်ထောင်ရန်၊ ဝန်တင်ဝန်ချဆိပ်ကမ်း၊ ကုန်လှောင်ရုံနှင့် ကားရပ်ရန်နေရာများ တည်ထောင်မှုတွင် အကူအညီပေးခဲ့သည်။ အဓိက အခြေခံအဆောက်အအုံ ၁၆ မျိုးနှင့် ထိုင်းနိုင်ငံ အရှေ့ပင်လယ်ကမ်းရိုးဒေသ ဖွံ့ဖြိုးမှု စီမံကိန်းတွင်လည်း ရေနက်ဆိပ်ကမ်း (၂)ခု ပါဝင်ခဲ့သည်။ (Zeng 2011)က အထူးပြုခဲ့သကဲ့သို့ တရုတ်နိုင်ငံ စက်မှုလုပ်ငန်းစုများ၏အောင်မြင်မှုသည် ဒေသခံအစိုးရ၏ ခိုင်မာသော ထောက်ပံ့ ဖြည့်တင်းပေးမှုများ ခွဲခြား၍မရနိုင်အောင် ချိတ်ဆက်နေသည်။ ဤအရာသည် ထိုင်းနိုင်ငံနှင့် Penang တို့တွင်လည်း ထင်ထင်ရှားရှားရှိသည်။

- စတုတ္ထအနေဖြင့် အကယ်၍ တရုတ်သည် ယခင်က လုပ်သား စရိတ်နိမ့်ကျခဲ့သည့်တိုင်အောင် အရည်အသွေးနှင့် ထောက်ပံ့ပေးသော တီထွင်မှုများတွင် ခိုင်မာစွာ ဦးတည်ထားခဲ့သည်။ အောင်မြင်ခဲ့သသော Penang နှင့် စင်္ကာပူ အတွေ့အကြုံများအရလည်း ကျွမ်းကျင်မှုလည်းတည်ထောင်ခြင်း၏ အရေးပါပုံကို မီးမောင်းထိုးပြခဲ့သည်။ ဥပမာအနေဖြင့် Xiqiao တွင် အရည်အသွေး ထိန်းချုပ်ခြင်းနှင့် ထုတ်ကုန်အရည်အသွေး အာမခံချက် သတ်မှတ်ချက်များအတွက် တင်းကြပ်သော ဥပဒေများ ပြဋ္ဌာန်းပေးခဲ့ခြင်း၊ သို့မဟုတ် ကုမ္ပဏီတွင် မြို့မှရင်းနှီးမြှုပ်နှံမှုသည် အထည်အသစ်များ၊ ဆေးဆိုးမှုဆိုင်ရာလုပ်ငန်းစဉ်များနှင့် ဆေးရိုက်မှုဖော်မြူလာအသစ်များ စသည်တို့ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ သို့မဟုတ် Wenzhou ၏ ဖိနပ်သားရေအတတ် ပညာပေါ်တွင် ကောလိပ် သင်ရိုးများ ချမှတ်ခဲခြင်း စသည့် ဥပမာများဖြစ်သည်။ နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် တီထွင်မှုများသည် Zean ၏ စာတမ်းမှ ဖော်ပြခဲ့သကဲ့သို့ တက္ကသိုလ်များနှင့် စက်မှုလုပ်ငန်းအဖွဲ့အစည်းများ တို့ကဲ့သို့ အခြားထောက်ပံ့ပေးသည့် အဖွဲ့အစည်းများမှ မျှဝေနိုင်သည်ကို ဦးတည်ခဲ့သည်။ Penang ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်မှုဇဟိုဌာနမှ ထောက်ပံ့မှုများသည် Penang ဖြစ်ရပ်ဇာတ်လမ်းပေါ် လေ့လာမှုများ အပေါ်အထူးပြုထားသည်။ ဥပမာ Best 1999. စင်္ကာပူ၏ ပညာရေးစနစ်သည် သမိုင်းကြောင်းအရ အင်ဂျင်နီယာအတတ်နှင့် နည်းပညာဆိုင်ရာ နယ်ပယ်နှင့် အထူးပြုထားသော စက်မှုလုပ်ငန်း သင်တန်း အဖွဲ့အစည်းများ၏ လေ့ကျင့်မှုများမှ ဖြည့်တင်းပေးသော စနစ်ကျသော ပညာရေးတို့တွင် အလွန်ဦးတည်ချက်ထားရှိပြီး ထိုမှစက်မှု

လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လိုအပ်သော ကျွမ်းကျင်လုပ်သား အစုအဝေးနှင့် အတတ်ပညာရှင်များစွာကို ရရှိစေသည့် အင်ဒိုနီးရှား ဒေသခံအစိုးရ သို့မဟုတ် နိုင်ငံအစိုးရသည် လုံလောက်သော ပမာဏ ရရှိအောင် ဆောင်ရွက်နိုင်ခြင်း မရှိပေ။

*လုပ်ဆောင်ရမည့် နည်းလမ်းများ*

ထို့ကြောင့် တဖက်တွင် တရုတ်နိုင်ငံနှင့် အောင်မြင်ခဲ့သော အာဆီယံနိုင်ငံများ အခြားတစ်ဖက်တွင် အင်ဒိုနီးရှား နိုင်ငံလုပ်ငန်းစုများ၏ လုပ်ငန်းစုဖွံ့ဖြိုးတိုးတက်မှု ပေါ် လစီ၏ အတိုင်းအတာတခုအထိ အကျိုးသက်ရောက်မှုပေါ်တွင် သိသာထင်ရှားသည့် အငြင်းပွားဖွယ်ဖြစ်သော ရလဒ်များနောက်မှ အတိုင်းအတာတစ်ခုအနေသည် သိသာထင်ရှားစွာ ခြားနားသော ပုံသေအတွေးအမြင်များ၊ ရှုထောင့်များ၊ အတိုင်းအတာပမာဏများနှင့် လုပ်ငန်းစုဖွံ့ဖြိုးမှုသို့ ချဉ်းကပ်နည်းများ စသည်တို့ဖြစ်သည်။ မီးမောင်းထိုးပြမည့် နိုင်းယှဉ်ချက်သည် အင်ဒိုနီးရှားနှင့် အခြားအာဆီယံနိုင်ငံများအတွက်ဖြစ်ပြီး အဓိကအားဖြင့် စက်မှုလုပ်ငန်းစုများအပေါ် ကြီးကြီးမားမားအချိုးကျချဲ့နိုင်ရန်၊ နိုင်ငံခြားပါဝင်မှုများကို အားပေးရန်၊ ပြည်တွင်းမှာသာမက နိုင်ငံတစ်ကာတွင် သူတို့၏ ချိတ်ဆက်မှုများကို ပိုမိုကျော်လွှားနိုင်ရန် ခိုင်မာလာစေရန်နှင့် နက်ရှိုင်းမှုရှိစေရန်၊ ပိုမိုစွာကျော်ဖြတ်ရမည့် အစိုးရ ပါဝင်စွက်ဖက်မှုများ အလားတူလိုက်လျောညီထွေစွာ တာဝန်ယူဆောင်ရွက်နိုင်ရန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံတို့အတွက် သိသာထင်ရှားသော ပြိုင်ဆိုင်မှု အင်ဂျင်ဖြစ်လာစေရန် စက်မှုလုပ်ငန်းစုများအတွက် ပိုမိုထောက်ပံ့ပေးနိုင်သည့် လုပ်ငန်းပတ်ဝန်းကျင်ဖွဲ့စည်းနိုင်ရန် တို့ဖြစ်သည်။

ကမ္ဘာဘဏ်၂၀၀၉ ခုနှစ်က လုပ်ငန်းစုအခြေခံပြိုင်ဆိုင်မှု အစပျိုးခြင်းဖွံ့ဖြိုးတိုးတက်လာစေရန် လက်တွေ့လမ်းညွှန်ချက်ကို ထောက်ပံ့ခဲ့သည်။ စက်မှုလုပ်ငန်းစုများ အချိုးကျမြှင့်တက်လာစေရန် ထိရောက်သည့်ထောက်ပံ့ဖြည့်တင်းပေးခြင်းရန် လိုအပ်သည့် အရင်းအမြစ်များပေးထားပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မည်သည့်ကဏ္ဍနှင့် လုပ်ငန်းစုတို့အပေါ် ဦးစားပေးလုပ်ဆောင်မည်ဟု ဦးတည်ချက်လိုအပ်သည်မှာ ရှင်းလင်းပေသည်။ ကဏ္ဍများနှင့် နေရာဒေသပေါ်တွင် ဦးစားပေးမှုနှင့် ဖွံ့ဖြိုးမှုနည်းဗျူဟာများသည် အောက်ဖော်ပြပါအချက်များပြီးနောက် အကောင်းဆုံးတာဝန်ယူဆောင်ရွက်ရမည်။ အချက်များမှာ (က) သူတို့၏ နိုင်းယှဉ်စီးပွားရေးတွင် အရေးပါမှု၊ စုးစိုက်ထုတ်လုပ်ခြင်း၊ ချိတ်ဆက်မှုများ စသည်တို့အရ စီးပွားရေးစနစ် အားလုံးအပေါ်တွင် အထူးပြုလုပ်ငန်းစုများ၏

စီးပွားရေးလုပ်ဆောင်ချက်များသည် မည်သို့အကျိုးသက်ရောက်မှု ရှိသည်ကို ဆက်စပ်ဖြည့်စွက်မှုများသေချာခြင်းမှ ပြုလုပ်ရမည်။ (ခ) ရောင်းချသူများ၊ ဝန်ဆောင်မှု ထောက်ပံ့သူများ၊ ဆက်စပ်နေသော အဖွဲ့အစည်းများနှင့် စည်းမျဉ်းချမှတ်သူများ စသည်ဖြင့် ဆက်စပ်အမြင်များတလျှောက် ခိုင်မာသော လုပ်ငန်းစုတစ်စုစီသည် မည်သို့ဖွဲ့စည်းသည်ကို ဆန်းစစ်ခြင်း (ဂ) ထုတ်ကုန်နှင့် ဈေးကွက်ပြန့်နှံ့မှုများ၊ SWOT (ခိုင်မာခြင်း၊ အားနည်းခြင်း၊ အခွင့်အရေးနှင့် ခြိမ်းခြောက်မှုများ နှင့် အခြားအချက်တို့ပါဝင်သည့် သေချာသော လုပ်ငန်းစုသရုပ်ခွဲဆန်းစစ်ချက်များကို တာဝန်ယူဆောင်ရွက်ရန်တို့ဖြစ်သည်။ အထက်ဖော်ပြပါအားလုံးသည် လုပ်ငန်းစု တစ်စုစီအတွက် ပြိုင်ဆိုင်မှုအဆင့်နှင့် ပါဝင်သူများအားလုံး၏ စုပေါင်းနည်းဗျူဟာများ ဖွံ့ဖြိုးတိုးတက်လာမှုကို သတ်မှတ်ရန် ရည်ရွယ်ချက်များ ပြုလုပ်သင့်ပေသည်။ အပေါ်တွင် ဖော်ပြချက်များသည် လုပ်ငန်းစုတွင် တူညီသော ရည်ရွယ်ချက်ဖြင့် ပါဝင်သူများဖြင့် နက်ရှိုင်းသော စေ့စပ်ညှိနှိုင်းမှုများနှင့်အတူ လုပ်ငန်းစုများ၏အမှန် အင်တိုက်အားတိုက်တက်ကြွမှုတို့ကို နားလည်လာစေခြင်းတို့ကို အရေးပါစွာ ဖော်ပြခဲ့သည်။

ရွေးချယ်ထားသောလုပ်ငန်းစုများ အချိုးကျမြင့်မားလာမှုသည် လုပ်ငန်းစုအခြေခံ ပြိုင်ဆိုင်မှုနည်းဗျူဟာနှင့် လုပ်ငန်းစုအခြေခံ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု နည်းဗျူဟာ (သို့မဟုတ်အနည်းဆုံး စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု နည်းဗျူဟာ အားလုံးတွင် ထပ်တူညီသောလုပ်ငန်းစုများသို့ထောက်ပံ့ခြင်း) အကျိုးသက်ရောက်စေသည့် ဆွေးနွေးမှုများ သိသာထင်ရှားသည်။ အဘယ်ကြောင့်ဆိုသော် လုပ်ငန်းစုအခြေခံ နည်းဗျူဟာသည် နေရာဒေသဆိုင်ရာ၊ လုပ်ငန်းစုအတွင်း၊ လုပ်ငန်းအတွင်းနှင့် လုပ်ငန်းစုတွင်းချိတ်ဆက်မှုများအတွက်များပြားသော နားလည်မှုများကို ဖြစ်ပေါ်စေပြီး ထိုအရာသည် ရွေးချယ်ထားသောလုပ်ငန်းစုတစ်စုစီအတွင်း အကျိုးတူ ပါဝင်သူအမျိုးမျိုးနှင့်အတူ တွဲဖက်သည့်ပိုမို အကျိုးများသောနည်းလမ်းများကဲ့သို့ စက်မှုဖွံ့ဖြိုးတိုးတက်မှု ခိုင်မာတောင့်တင်းပြီး ပြိုင်ဆိုင်မှုများဖြစ်ပေါ်ရန်ပေါ်လစီနှင့် အဖွဲ့အစည်းဆိုင်ရာများကို ခွဲခြားနိုင်စေရန် ပိုမိုလက်တွေ့ဆန်စွာနှင့်နည်းလမ်းများကို ထောက်ပံ့ပေးရန်ဖြစ်သည်။ ဤအရာများသည် ပေါ်လစီ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် အဖွဲ့အစည်းဆိုင်ရာကိစ္စများ၊ လုပ်ငန်းလုပ်ဆောင်မှု ဖွံ့ဖြိုးတိုးတက်မှု၊ တန်ဖိုးမြင့်လုပ်ငန်းစဉ်ဖွံ့ဖြိုးတိုးတက်မှု၊ အရည်အသွေးစံသတ်မှတ်ခြင်းနှင့် ကုန်ပစ္စည်းတံဆိပ်၊ အထူးပြုဝန်ဆောင်မှုများ၏ ဆက်စပ်နယ်ပယ်ဖွံ့ဖြိုးတိုးတက်မှုနှင့် အခြေခံအဆောက်အအုံ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားအရာများပါဝင်သော အထူးရှေ့ဆက်လုပ်ဆောင်ရမည့် နည်းလမ်းများပါဝင်သည်။ အကယ်၍ ကောင်းစွာဒီဇိုင်းသတ်မှတ် အကောင်အထည်

ဖော်ခဲ့လျှင် ပေါင်းစည်းထားသည့် အာဆီယံ၏ ချဉ်းကပ်နည်းကို အခြေပြုပြီး ပြင်ပဦးစားပေး လုပ်ငန်းစုများသည် အခွင့်အလန်းများကို ပြည့်ဝစွာအသုံးပြုမှု ပြုလုပ်သည့်လုပ်ငန်းများကို အလားအလာရှိစွာအကူအညီပေးပြီး ထိုမှပေါင်းစည်းပြီး ပြိုင်ဆိုင်မှုမြင့်မားသော အာဆီယံ ဒေသဖြစ်ပေါ်စေရန် များပြားသော ပြိုင်ဆိုင်နိုင်စွမ်းအားကို ပြည်တွင်းတွင် ပြုပြင် ပြောင်းလဲမှု ကြိုးပမ်းအားထုတ်မှုများကို အထောက်အကူဖြစ်လာစေရန် အားပေးမှုများကို ဖြစ်ပေါ်စေမည်။ အချုပ်အနေဖြင့် ဗီယက်နမ်တွင် ယေဘုယျကိုက်ညီမှုရှိသော လုပ်ငန်းစုပေါ်လစီ ဒီဇိုင်း သတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းကို စဉ်းစားသည်မှာ ပြောရန်ပင် မလိုပေ။

- ပေါ်လစီရည်မှန်းချက်သည် အချို့လုပ်ငန်းစုများအတွက်သာ ဦးတည်၍ သင့်တင့်လျောက်ပတ်စွာ ရွေးချယ်သင့်ပြီး လက်တွေ့ကျကျ အကျိုးသင့်၊ အကြောင်းသင့် ရှင်းပြသင့်သည်။

- လုပ်ငန်းစုပေါ်လစီ ဒီဇိုင်းနှင့် အကောင်အထည်ဖော်မှုသည် အဖွဲ့အစည်းဆိုင်ရာ ခက်ခဲ ရှုပ်ထွေးမှုများကို ရှောင်ရှားသင့်သည်။

- လုပ်ငန်းစုများ မြှင့်တင်မှုသည် ထောက်ပံ့ပေးသော စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့် နီးစပ်စွာ ဆက်စပ်နေသင့်သည်။

- တီထွင်မှုစနစ်နှင့် ပညာရေးအခြေခံအဆောက်အအုံကို အားပေးထောက်ခံခြင်းသည် စက်မှုလုပ်ငန်းစုများ မိမိဖာသာရှင်သန်နိုင်သောဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါလှသည်။

- ဆီလီကွန်ဗယ်လီတွင် (Silicon Valley)သည် လုပ်ငန်းစုဖွံ့ဖြိုးတိုးတက်ရေး အတွက်သာရှိသော မော်ဒယ်ဖြစ်သည်ဟု တွေးတောခြင်းကို ရှောင်ရှားသင့်သည်။ တရုတ်နိုင်ငံ ဥပမာမှ ပြသသကဲ့သို့ လုပ်ငန်းစုဖွံ့ဖြိုးတိုးတက်မှုသည် မြင့်မားသော နည်းပညာထက် စက်မှုလုပ်ငန်းများ မိမိဖာသာရှင်သန်ရပ်တည်နိုင်မှုပင်ဖြစ်သည်။

- လုပ်ငန်းစုပေါ်လစီသည် လုပ်ငန်းစုဖွံ့ဖြိုးတိုးတက်မှု၏ ကျယ်ပြန့်သော ရည်မှန်းချက်များနှင့်အတူ သူတို့၏ အသေးစားစိတ်ဝင်စားမှုများနှင့် လိုက်ဖက်ညီစေရန် သူတို့၏ လုပ်ငန်းများပူပန်မှုကို ဖော်ပြသည့်လုပ်ငန်းကဏ္ဍနှင့် အကြံဉာဏ်နှင့်

ပူးပေါင်းမှုတို့ကို ထည့်သွင်းသင့်သည်။

- လုပ်ငန်းပါတ်ဝန်းကျင်တိုးမြင့်ခြင်းသည် လုပ်ငန်းစုဖွံ့ဖြိုးတိုးတက်ရေးအတွက် အမာခံကျောရိုးဖြစ်သင့်သည်။

## တီထွင်မှုရှိသောအာဆီယံသို့ရှေ့ရှုခြင်း

### *အာဆီယံတွင် တီထွင်မှုဆိုင်ရာစွမ်းရည်များနှင့် နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုး တက်မှုတို့တွင် ကျယ်ပြန့်မညီမျှခြင်းများ*

အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် တီထွင်မှုစွမ်းရည်မညီမျှမှုသည် ကျယ်ပြန့်စွာရှိသည်။ ထိုအရာအတွက် ညွှန်ကိန်းတစ်ခုမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မူပိုင်ခွင့်အပေါ် တင်းကြပ်သော မှတ်တမ်းဖိုင်တွဲသည့်စနစ်ရှိသည့် US တို့တွင် ပြည်တွင်းနေထိုင်သူများက မူပိုင်ခွင့်အပေါ် ဖိုင်တွဲသည့် စနစ်ပင်ဖြစ်သည်။ ဇယား ၄.၃ က က ဖော်ပြသည်မှာ Rasiah (2013) က US မှ မူပိုင်ခွင့်အပေါ် ဖိုင်တွဲသည့် စနစ်အတွက် ၂၀၀၆ -၂၀၁၂ ကာလအတွက် ဒေတာ အချက်အလက်များဖြင့် တင်ပြခဲ့ပြီး အာဆီယံနိုင်ငံအားလုံးတွင် အသေးဆုံးဖြစ်သော စင်္ကာပူ နိုင်ငံနှင့် ၎င်း၏နောက်မှ မလေးရှားနိုင်ငံတို့သည် မူပိုင်ခွင့် သတ်မှတ်သည့် ဖိုင်များရှိကြောင်း တွေ့ရသည်။ အဆိုပါ နှစ်နိုင်ငံနှင့် ကျန်ရှိနေသောအာဆီယံနိုင်ငံများကြား ကွာဟချက်မှာ အလွန်ကျယ်ပြန့်သည်။ ကမ္ဘောဒီးယား၊ လာအို ပီဒီအာ၊ မြန်မာနိုင်ငံတို့တွင် မူပိုင်ခွင့် သတ်မှတ်သည် မှတ်တမ်းတွဲများမရှိကြပေ။ ဘရူနိုင်းဒါရုစလင်နှင့် ဗီယက်နမ်တို့တွင်မူ မူပိုင်ခွင့်မှတ်တမ်းတွဲများ မရှိလုနီပါးဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံတွင် အနည်းငယ်သာရှိသည်။ ဇယားမှ အကြံပြုသည်မှာ သိသာထင်ရှားသော တီတွင်မှု လုပ်ဆောင်ချက်များသည် အထူးသဖြင့် စင်္ကာပူနှင့်မလေးရှား-အာဆီယံအဖွဲ့ဝင်၂နိုင်ငံတွင်သာအရေးပါစွာဆောင်ရွက်သည်။ ဇယား ၄.၃.က ၂၀၀၆ မှ ၂၀၁၁ ကာလအတွက် နေထိုင်သူများမှ မူပိုင်ခွင့် လျှောက်လွှာများကို ဖော်ပြသည်။ ဇယားကဖော်ပြသည်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် ကျယ်ကျယ်ပြန့်ပြန့် များပြားသော မူပိုင်ခွင့်လျှောက်လွှာ အရေအတွက်ကိုဖော်ပြသည်။ သို့ပင်ဖြစ်ငြားသော်လည်း မူပိုင်ခွင့်လျှောက်လွှာမှတိုင်းတာသော တီထွင်မှုစွမ်းရည်ဆိုင်ရာ မညီမျှမှုသည် ကြီးမားဆဲပင်ဖြစ်သည်။ စင်္ကာပူနိုင်ငံတွင် လူတစ်သန်းတွင် မူပိုင်ခွင့် ဖိုင်တွဲမှုအရေအတွက် အတော်များပြားစွာရှိပြီး နဲနဲခပ်ဝေးဝေးဖြင့်ဒုတိယနေရာတွင် မလေးရှားရှိပြီး ထို့နောက် ထိုင်းနိုင်ငံရှိသည်။

မည်သို့ပင်ဆိုစေ မူပိုင်ခွင့်အပေါ် ဦးတည်ပြီး နည်းပညာဆိုင်ရာ ထုတ်ကုန်တီထွင်မှုတွင် လုံးဝ အခြေခံသော အရေးပါသည် R&D အဖြစ် တီထွင်မှု၏ အယူအဆသည် တီတွင်မှု၏

ကန့်သတ်ချက်ရှိသော အဓိပ္ပါယ်သတ်မှတ်ချက်ဖြစ်သည်။ ပို၍ပို၍ တီထွင်မှုသည် “သစ်လွင်ပြီး သို့မဟုတ် သိသာထင်ရှားစွာ တိုးတက်သော ထုတ်ကုန် (ကုန်စည်နှင့် ဝန်ဆောင်မှု) အကောင်အထည်ဖော်ခြင်း၊ ထုတ်လုပ်မှုဖြစ်စဉ်အသစ်၊ ရောင်းဝယ်ဖောက်ကားခြင်းဆိုင်ရာ နည်းလမ်းအသစ်၊ သို့မဟုတ် လုပ်ငန်းအတွေ့အကြုံများတွင် ဖွဲ့စည်းပုံဆိုင်ရာ နည်းလမ်းအသစ်၊ လုပ်ငန်းခွင် ဖွဲ့စည်းပုံ သို့မဟုတ် ပြင်ပဆက်သွယ်မှု”ဟု အဓိပ္ပါယ်ရသည့် ကျယ်ပြန့်စွာ မြင်နိုင်သည်။ (OECD in WIPO-INSEAD, 2013, Annex 1, p.37) တီထွင်မှုစွမ်းရည်သည် “နည်းပညာဆိုင်ရာတွဲဖက်မှုများနှင့် ထပ်တိုးလာသော တီထွင်မှုသဘောထားများလက်ခံခြင်းနှင့် “သုတေသနမပါသော တီထွင်မှု” တို့ဖြစ်သည်။ (Ibid)

တီထွင်မှုနှင့် တီထွင်မှုဆိုင်ရာစွမ်းရည်အတွက် ကျယ်ပြန့်သောအဓိပ္ပါယ်နှင့်အတူ INSEAD နှင့် WIPO တို့သည် ကမ္ဘာ့တီထွင်မှုညွှန်ကိန်း (GII)ကို စတင်ခဲ့သည်။ GII သည် ညွှန်ကိန်းအခွဲ ၂ ခု၏ အခြေခံကျသောပျမ်းမျှကိန်းဖြစ်ပြီး (တီထွင်မှုသွင်းအားစုညွှန်ကိန်းအခွဲ (Innovation Input Sub-index နှင့် တီထွင်မှု ကုန်ထွက် ညွှန်ကိန်းအခွဲ Innovation Input Sub-index)နှင့် တစ်ခုစီသည် အခြေခံကျောရိုးအတိုင်း တည်ဆောက်ခဲ့ပြီး၊ အခြေခံကျောရိုးတစ်ခုစီသည် ဆက်လက်ပြီး တဦးချင်း ညွှန်ကိန်းများ ပေါင်းစပ်ပါဝင်နေသည့်အခြေခံကျောရိုးအခွဲများ ထပ်မံခွဲခြားခဲ့သည်။ တီထွင်မှု သွင်းအားစု ညွှန်ကိန်းအခွဲသည် ဖွဲ့စည်းပုံဆိုင်ရာနည်းလမ်းများ၊ လူ့အရင်းအနှီးနှင့် သုတေသန၊ အခြေခံအဆောက်အအုံ၊ ဈေးကွက်ခေတ်မီမှုနှင့် လုပ်ငန်းခေတ်မီမှုများဖြစ်သည်။ တီထွင်မှု ကုန်ထွက် ညွှန်ကိန်းအခွဲအောက်တွင် ရှိသော အခြေခံကျောရိုး ၂ ခုမှာ ဗဟုသုတနှင့် နည်းပညာကုန်ထွက် (technology output) နှင့် တီထွင်မှုကုန်ထွက် (creative output)တို့ ဖြစ်သည်။

## ဇယား ၄.၃.က - အမေရိကန် ပြည်ထောင်စု၊ အာဆီယံတို့တွင် မူပိုင်ခွင့် လျှောက်လွှာ တင်ခြင်း, ၂၀၀၆-၂၀၁၂

| Countries | 2006 | 2007 | 2008 | 2009 | 2010 | 2011 | 2012 |
|---|---|---|---|---|---|---|---|
| Malaysia | 113 | 158 | 152 | 158 | 202 | 161 | 210 |
| Singapore | 412 | 393 | 399 | 436 | 603 | 647 | 810 |
| Thailand | 31 | 11 | 22 | 23 | 46 | 53 | 36 |
| Philippines | 35 | 20 | 16 | 23 | 37 | 27 | 40 |
| Viet Nam | 0 | 0 | 0 | 2 | 2 | 0 | 2 |
| Indonesia | 3 | 5 | 5 | 3 | 6 | 7 | 8 |
| Brunei | 0 | 0 | 0 | 1 | 0 | 1 | 0 |
| Cambodia | 0 | 0 | 0 | 0 | 0 | 0 | 0 |
| Lao PDR | 0 | 0 | 0 | 0 | 0 | 0 | 0 |
| Myanmar | 0 | 0 | 0 | 0 | 0 | 0 | 0 |

ဇာစ်မြစ် - Rasiah (2013)

## ဇယား ၄.၃.ခ - မူပိုင်ခွင့် အရေအတွက် - တိုက်ရိုက် လျှောက်လွှာတင်ခြင်းများ (လူဦးရေ တစ်သန်းလျှင်)

| Origin | Country / Office | 2006 | 2007 | 2008 | 2009 | 2010 | 2011 |
|---|---|---|---|---|---|---|---|
| Resident | Indonesia | 0.12 | 0.00 | 0.00 | 0.17 | 0.21 | 0.22 |
| | Malaysia | 2.02 | 2.50 | 2.95 | 4.44 | 4.25 | 3.64 |
| | Philippines | 0.25 | 0.25 | 0.24 | 0.19 | 0.18 | 0.20 |
| | Singapore | 8.76 | 9.62 | 11.03 | 10.27 | 11.77 | 14.33 |
| | Thailand | 1.58 | 1.43 | 1.36 | 1.55 | 1.81 | 1.36 |
| | Viet Nam | 0.23 | 0.39 | 0.37 | 0.44 | 0.34 | 0.33 |
| | China | 9.36 | 11.61 | 14.69 | 17.20 | 21.84 | 30.74 |
| | India | 0.47 | 0.52 | 0.53 | 0.59 | 0.72 | 0.71 |
| | Japan | 264.29 | 252.56 | 249.39 | 221.71 | 216.84 | 213.39 |
| | Republic of Korea | 264.84 | 269.98 | 264.67 | 263.65 | 271.31 | 282.50 |

ဇာစ်မြစ် - Patent: WIPO statistics database (2013). Population: UNCTAD Stat (2013)

တီထွင်မှု သွင်အားစု ညွှန်ကိန်းအခွဲနှင့် ကမ္ဘာ့တီထွင်မှု ညွှန်ကိန်း၏ သူ၏ အခြေခံကျောရိုး အခွဲ (၅)ခုသည် တိုင်းပြည်တွင် နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် တီထွင်မှု လွှမ်းမိုးသည့်

ကျယ်ပြန့်သော အချက်များခင်းကျင်းပြသော ကောင်းစွာအမျိုးအစားခွဲခြားမှု အခြေခံအလုပ်ကို ထောက်ပံ့ပေးသည်။ ဖွဲ့စည်းပုံဆိုင်ရာအခြေခံကျောရိုး နံပါတ်(၁)သည် နိုင်ငံရေး၊ စည်းမျဉ်းချမှတ်ရေးနှင့် လုပ်ငန်းပါတ်ဝန်းကျင်တို့ပါဝင်သည်။ လူ့အရင်းအမြစ်နှင့် သုတေသနတို့ပါဝင်သော အခြေခံ ကျောရိုး (၂)သည် ပညာရေး၊ အဆင့်မြင့်ပညာရေးနှင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ ပါဝင်သည်။ အခြေခံအဆောက်အအုံဖြစ်သော အခြေခံကျောရိုး နံပါတ် (၃)သည် ICT၊ ယေဘုယျ အခြေခံအဆောက်အအုံနှင့် အပင်၊ သတ္တဝါနှင့် ပါတ်ဝန်းကျင်ဆိုင်ရာ သဘာဝထိန်းထားနိုင်မှုတို့ပါသည်။ ဈေးကွက်ခေတ်မီမှုရှိခြင်းရှိ အခြေခံကျောရိုး နံပါတ်(၄)တွင် ချေးငွေရရှိမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုနှင့် ပြိုင်ဆိုင်မှုတို့ပါဝင်ပြီး လုပ်ငန်းခေတ်မီခြင်းဖြစ်သော အခြေခံကျောရိုး နံပါတ်(၅)သည် လုပ်သားများ အသိပညာရှိမှု၊ တီထွင်မှု ချိတ်ဆက်မှုများနှင့် ဗဟုသုတ စုတ်ယူမှုများ ပါဝင်သည်။

ဇယား ၄.၄ - ကမ္ဘာလုံးဆိုင်ရာ အသစ် အဆန်း တီထွင်မှု ညွှန်းကိန်း, ၂၀၁၃

| Country | Global Innovation Index | | Innovation Output Sub- index | | Innovation input sub- index | | Innovation Efficiency Ratio | |
|---|---|---|---|---|---|---|---|---|
| | Score | Rank | Score | Rank | Score | Rank | Score | Rank |
| Brunei Darussalam | 35.5 | 74 | 28 | 89 | 43.1 | 54 | 0.6 | 119 |
| Cambodia | 28.1 | 110 | 26.1 | 101 | 30 | 120 | 0.9 | 39 |
| Indonesia | 32 | 85 | 32.6 | 62 | 31.3 | 115 | 1 | 6 |
| Malaysia | 46.9 | 32 | 42.1 | 30 | 51.7 | 32 | 0.8 | 52 |
| Philippines | 31.2 | 90 | 30 | 77 | 32.3 | 108 | 0.9 | 24 |
| Singapore | 59.4 | 8 | 46.6 | 18 | 72.3 | 1 | 0.6 | 121 |
| Thailand | 37.6 | 57 | 32.6 | 61 | 42.7 | 57 | 0.8 | 76 |
| Viet Nam | 34.8 | 76 | 34 | 54 | 35.6 | 89 | 1 | 17 |
| China | 44.7 | 35 | 44.1 | 25 | 45.2 | 46 | 1 | 14 |
| India | 36.2 | 66 | 36.6 | 42 | 35.8 | 87 | 1 | 11 |
| Japan | 52.2 | 22 | 41.6 | 33 | 62.8 | 14 | 0.7 | 112 |
| Korea, Republic of | 53.3 | 18 | 44.5 | 24 | 62.1 | 16 | 0.7 | 95 |

ဇာစ်မြစ် - Dutta and Lanvin (2013) - Global Innovation Index 2013

ဇယား ၄.၄ က အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အိန္ဒိယနှင့် + (၃) နိုင်ငံများ ၏ GII ရလဒ်များနှင့် အဆင့်များကိုဖော်ပြထားသည်။ ဇယားသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ရလဒ်နှင့် အဆင့်တွင် ကျယ်ပြန့်စွာ ကွာဟမှုရှိကြောင်းပြသည်။ ဆိုလိုသည်မှာ စင်္ကာပူသည် အဆင့် ၈ နေရာတွင်ရှိပြီး ကမ္ဘောဒီးယားသည် အဆင့် ၁၁၀ တွင်ရှိသည်။ (လာအိုပီဒီအာနှင့် မြန်မာတို့ အတွက်မူ ရလဒ်သာမက အဆင့်သတ်မှတ်ချက်ပင်မရှိပေ။) GII ရလဒ်များနှင့် အဆင့်များနှင့် ဖွံ့ဖြိုးမှုအဆင့်တွင် ခိုင်မာသော အပေါင်းလက္ခဏာ ဆက်စပ်မှုရှိကြောင်း တွေ့ရသည်။ ထို့ကြောင့် GII တွင် ကျယ်ပြန့်သော ကွာဟချက်များသည် အာဆီယံအဖွဲ့ဝင် နိုင်ငံများ အကြား ဖွံ့ဖြိုးတိုးတက်မှုအဆင့် ကျယ်ပြန့်စွာ ကွာဟချက်ရှိကြောင်းမြင်နိုင်သည်။ သတိပြုရ မည့်အချက်မှာ အခြားအာဆီယံနိုင်ငံများ (အထူးသဖြင့် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်)တို့သည် သူတို့၏ တီထွင်မှုသွင်းအားစုများကို ပိုမိုထိရောက်စွာ အသုံးပြုနိုင်ကြသည့်အတွက် တီထွင်မှု ကုန်ထွက် ညွှန်ကိန်းအခွဲတွင် ရလဒ်ကွာဟချက်သည် တီထွင်မှု သွင်းအားစု ညွှန်ကိန်းအခွဲ တွင် ရလဒ်ထက် ကျဉ်းမြောင်းသည်။ ညွှန်ကိန်းများ၏ရလဒ်များနှင့် အဆင့်များနှင့် အခြေခံ ကျောရိုးအခွဲများပေါ်ကြည့်ခြင်းသည် သိပ္ပံနှင့် အင်ဂျင်နီယာတွင် ဘွဲ့ရ ရာခိုင်နှုန်းများ၊ အဆင့်မြင့်နှင့် အလယ်အလတ် နည်းပညာ ပို့ကုန်ရာခိုင်နှုန်းနှင့် လုပ်ငန်းစုဖွံ့ဖြိုးတိုးတက်မှု တို့ကဲ့သို့ အချို့နယ်ပယ်များတွင် သိသာထင်ရှားသော နှိုင်းယှဉ် ခိုင်မာမှုကို ပေါ်ထွက်လာ စေသည်။ မည်သို့ပင်ဆိုစေ၊ GII ရလဒ်များနှင့် အဆင့်များမှ ညွှန်ပြခဲ့သည့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား တီထွင်မှုစွမ်းရည်ကွာဟချက်သည် ကျယ်ပြန့်ပေသည်။ မတူသည့် အချက်သည် + (၃) နိုင်ငံများအကြား ကွာဟချက်ဖြစ်ပါက ပိုမိုကျဉ်းမြောင်းပေသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကျယ်ပြန့်သောကွာဟချက်ရှိသည့် တီထွင်မှုစွမ်းရည် သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် နည်းပညာဆိုင်ရာဖွံ့ဖြိုးမှုတွင် ခြားနားသော အဆင့် ကိုပြသည်။ Rasiah (2013) က နည်းပညာဆိုင်ရာ ဖွံ့ဖြိုးမှု အဆင့်များအလိုက် အုပ်စုခွဲခြား မှုကို အဓိက အခြေခံကျောရိုး (၄) ခုဖြင့်ဖော်ပြခဲ့သည်။ ထိုအခြေခံကျောရိုးများမှာ (က) အခြေခံအဆောက်အအုံ (ခ) မြင့်မားသော နည်းပညာအခြေခံအဆောက်အအုံ (ဂ) ကွန်ယက်ပေါင်းစည်းမှုနှင့် (ဃ) ကမ္ဘာ့ပေါင်းစည်းမှုတို့ဖြစ်သည်။ ပထမအဆင့်သည် ကနဦး အခြေအနေဖြစ်ပြီး ထိုနောက်တွင် လေ့လာမှုအဆင့်နှင့် ဆက်လက်၍ အမှီလိုက်မှု အဆင့်တို့ဖြစ်သည်။ နောက်ဆုံးအဆင့် (၂) ဆင့်သည် ပိုမိုတိုးတက်လာသောအဆင့်ဖြစ်ပြီး ဦးဆောင်အဆင့်လည်းဖြစ်သည်။ (ဇယား ၄-၅ တွင် ကြည့်နိုင်သည်။) Rasiah သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို နည်းပညာဆိုင်ရာ ဖွံ့ဖြိုးမှုအဆင့်တွင် ထည့်သွင်းကြည့်သည်။

- ကမ္ဘောဒီးယား၊ လာအို ပီဒီအာနှင့် မြန်မာနိုင်ငံတို့သည် ကမ္ဘာ့စီးပွားရေးသို့ ပေါင်းစည်းမှုများကဲ့သို့ စွမ်းဆောင်ရည်ရှိသော အခြေခံအဆောက်အအုံနှင့် နိုင်ငံရေး တည်ငြိမ်မှုတို့ပေါ် ဦးတည်သည့်အပြင် ကွန်ယက်ပေါင်းစည်းမှုသည် ပြိုင်ဆိုင်မှုနှင့် အောင်မြင်မှု စိတ်ဓါတ်များအရ မောင်းနှင်သော လူမှုရေး ရင်းနှီးမှုများပေါ် မူတည်ခြင်းများကဲ့သို့ ကနဦး အခြေအနေများ၏ ပထမအဆင့်တွင်ရှိသည်။

- အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ်တို့သည် လေ့လာမှုအဆင့် ဒုတိယ အဆင့်တွင်ရှိသည်။ ဆိုလိုသည်မှာ ပြုလုပ်ရင်း လေ့လာမှုများနှင့် တုပခြင်း၊ ကွန်ယက်ပေါင်းစည်းမှုအတွက် စနစ်ကျသောကြားခံအဖွဲ့အစည်းများသို့ လူမှုရေး အဖွဲ့အစည်းများ ပေါ်ပေါက်လာမှုချဲ့ထွင်လာခြင်းနှင့် ကမ္ဘာ့ တန်ဖိုးလုပ်ငန်းစဉ် (Global value chain)နှင့် ဒေသတွင်းထုတ်လုပ်မှုကွန်ယက် စသည့် လက္ခဏာ ရပ်များရှိသည်။

- မလေးရှားသည် အခြေခံကျောရိုး (၄) ချက်တွင် အဖွဲ့အစည်းအားလုံး ချောမွေ့စွာ ပေါင်းစည်းမှုရှိသည့် အမှီလိုက်မှု အဆင့်တွင်ရှိသည်။ ဖွံ့ဖြိုးမှုဆိုင်ရာ သုတေသနနှင့် တီထွင်မှုပျက်စီးစေသောအကြောင်းသည် နည်းပညာဆိုင်ရာ အမှီလိုက်မှု၏ အဓိက အကြောင်းရင်းဖြစ်လာသည်။ ထိုမှ ခိုင်မာမှုရှိသော IPR ယန္တရားပေါ် ပိုမိုဦးတည်မှု လိုအပ်လာပြီး စီးပွားဖြစ် မိမိဖာသာရပ်တည်နိုင်သော R&D အစပျိုးနိုင်မှုတို့အပြင် လိုင်စင်၊ နိုင်ငံ ခြားကုမ္ပဏီနှင့် တုပမှုများ သိုမှီးနိုင်မှု နှင့် ကမ္ဘာ့တန်ဖိုးဖြစ်စဉ် အဆင့်မြှင့်နိုင်မှုတို့မှ နိုင်ငံခြားဗဟုသုတများ ရရှိနိုင်မှုတို့လည်း အဆိုပါနိုင်ငံတွင် တွေ့ရသည်။

- စင်္ကာပူသည် ဖန်တီးမှုများ တိုးပွားသည့်လုပ်ဆောင်ချက်များကို ထောက်ပံ့ရန် အခြေခံသုတေသနနှင့် R&D ဓါတ်ခွဲခန်းများ ပေါ်မူတည်သည့် နယ်ပယ်သစ်

အဆင့်တွင်ရှိသည်။ ကြားခံအဖွဲ့အစည်းများသည် ထုတ်လုပ်သူနှင့် အသုံးပြုသူကြား နည်းလမ်း (၂) မျိုးဖြင့် အသိပညာစီးဆင်းမှုတွင် ပါဝင်ပြီး တိုင်းပြည်သည် အသိပညာ နယ်ပယ်သစ် ပေါင်းဆုံရာနေရာအဖြစ် ဆက်နွှယ်နေသည်။ ထို့အပြင် တိုင်းပြည်သည် မြင့်မားသော နည်းပညာဆိုင်ရာ ထုတ်ကုန်တွင် နိုင်းယှဉ် အကျိုးကျေးဇူးရှိသည်။

## ဇယား ၄.၅ - အာဆီယံအတွက် တူညီသည့် အချက်များပေါ် အခြေခံ၍ ခွဲထားသော မူဝါဒဘောင်

| Phases | BasicInfrastructure | High Tech Infrastructure | Network Cohesion | GlobalIntegration |
|---|---|---|---|---|
| InitialConditions (1)Cambodia, Lao PDR, Myanmar | Politicalstabilityand efficientbasic infrastructure | Emergence ofdemand for technology | Socialbonds driven bythe spirittocompete and achieve | Linkingwith regionaland global markets |
| Learning (2)Thailand, Philippines, Indonesia,Viet Nam | Strengtheningof basic infrastructure with-better customs and bureau-cratic coordination | Learningbydoingand imitation | Expansion of tacitly occurringsocialinstitu-tions to formalintermediary organisationsto stimulate connectionsand coordination between economic agents | Accesstoforeign sources of knowledge, imports of materialand capitalgoods, and FDIin-flows. Integration in globalvalue-chain |
| Catch-up (3)Malaysia | Smooth links be-tween economic agents | Creative destructionac-tivities starthere through importsof machineryand equip-ment, licensingand creative duplication | Participation ofinter-mediary and government organisationsin coordinating technologyinflows, initiation of commer-cially viable R&D | Licensingandacquisition of foreign capabilities. Upgradingsyner-gies throughtechnologyimports. Emergence ofstrongtechnol-ogy-basedexports |
| Advanced (4) | Advanced infrastruc-ture to supportmeetdemands of economic agents | Developmentalresearch to accelerate creative destruction activities. Strongfilingof patentsinthe USstarts here | Strongparticipationof intermediaryand governmentorganisa-tions in coordinatingtechnol-ogy inflows,initiation of commercially viable R&D | Accesstoforeign human capital, knowledge linkages and competivenessin high techproducts and collaboration with R&D institutions. |
| Frontier (5) Singapore | Novelinfrastructure developedto save resource costs andstimulate-short leadtimes | Basicresearch. R&Dlabs to supportcreative accu-mulation activities. Generating knowledge newtothe universe.Technology-shapers generate inventionand design patentsextensivelyhere. | Participation ofinter-mediary organisationsintwo-way flowsof knowledge between producers andusers | Connectingtofrontiernodes of knowledge, and competitive export of high tech products |

ဇာစ်မြစ် - Rasiah (2013).

ထို့ကြောင့် အာဆီယံသည် အခြေခံ ကနဦးအဆင့်မှ အသိပညာနယ်ပယ်သစ်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုသို့ နည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့ အဆင့်အားလုံး ပါဝင်သည်။ အရှေ့ပိုင်းတွင် ဆွေးနွေးခဲ့သည့် မူပိုင်ခွင့်ဖိုင်တွဲသည့်စနစ်နှင့် ကမ္ဘာတီထွင်မှုညွှန်ကိန်းများတွင် ကျယ်ပြန့်စွာ မညီမျှမှုသည် ပေါ်တင်ထပ်စေသည်။

## နည်းပညာလွှဲပြောင်းမှု နှင့် လုပ်ငန်းအတွင်း မျက်နှာခြင်းဆိုင်ဆက်နွယ်မှုများ အရေးပါမှု

အထက်တွင် ဆွေးနွေးခဲ့သည့် အဆင့်လိုက်ချဉ်းကပ်နည်းများမှ ကောက်ချက်ချလျှင် နောက်ထပ် ဆယ်စုနှစ် ၁စုခွဲ ခန့် နောက်ကျ ကျန်နေသော အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုသည် သူတို့ နည်းပညာဆိုင်ရာ လေ့ကားမြင့်တင်ပေးနိုင်မှု အဖြစ် အတိုင်းအတာအချို့ကို ဆွေးနွေးမည်။ အဓိပ္ပါယ်သည် CLM နိုင်ငံများသည် ကနဦး လေ့လာမှုအဆင့်ကို မြှင့်တင်ပေးနိုင်ပြီး လေ့လာမှုအဆင့်နိုင်ငံများဖြစ်သော (အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ်)တို့သည်လည်း အမှီလိုက်နိုင်မှုဆီသို့ ပိုမိုမြင့်မားစွာ အဆင့်တက်သွားနိုင်ကာ မလေးရှားသည်လည်း ပိုမိုတိုးတက်သော အဆင့်များသို့ နောက်ဆုံးတွင် နယ်ပယ်သစ်အဆင့်သို့ အဆင့်မြှင့်တက်သွားနိုင်ရန်ဖြစ်သည်။ အထူးသဖြင့် မြင့်မားသော အဆင့်သို့ မြှင့်တင်မှုမှာ ခက်ခဲသော်လည်း မရှိမဖြစ်လိုအပ်သည့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးမှု အဆင့်၏ လက္ခဏာမှာသိသာထင်ရှားပြီး ထို့ကြောင့် တိုင်းပြည်အားလုံး နောက်ဆုံးတွင် နယ်ပယ်သစ်ရောက်ရှိနိုင်မည်ဆိုခြင်းမှာ သေချာမှုမရှိပေ။

တီထွင်မှုများရှိသော အာဆီယံသို့ရှေ့ရှုပြီး ဒေသတွင်း ခိုင်မာသည့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ တန်ဖိုးဖန်တီးမှုနှင့် တီထွင်မှု စွမ်းရည်နှင့် အခြေအနေများသည် ပေါ်လစီဆိုင်ရာ ကျယ်ပြန့်သောအတိုင်းအတာ၊ ဖွဲ့စည်းပုံ၊ အခြေခံအဆောက်အအုံဆိုင်ရာနှင့် အထက်တွင် ဆွေးနွေးခဲ့သသော ကမ္ဘာတီထွင်မှုညွှန်ကိန်းနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်း အမျိုးအစားခွဲခြားခြင်းတို့အားဖြင့် ဖော်ပြခဲ့သသော ချိတ်ဆက်မှုတို့သည် လိုအပ်လှစွာ ဖြစ်ပေါ်စေသည်။ ထိုအရာသည် အခြားအရာများအကြား (က) ဒေသဆိုင်ရာ ထုတ်လုပ်မှုကွန်ယက်နှင့် နည်းပညာ ဆိုင်ရာပျံ့နှံ့အကျိုးသက်ရောက်မှုများ၊ ပြောင်းရွှေ့ခြင်း၊ နှင့် ပြန့်နှံ့ခြင်းတို့နှင့်အတူ တန်ဖိုးဖြစ်စဉ်တို့သည် (CLM နိုင်ငံများအတွက်) ဝင်ရောက်ခြင်း (ကျန်ရှိသောနိုင်ငံများအတွက်) နက်ရှိုင်းသောချိတ်ဆက်မှုများ (ခ) လူ့အရင်းအနှီးနှင့် ဖြည့်စည်းပေးမှုများတွင် များပြားစွာ ရင်နှီးမြှုပ်နှံနိုင်စေရန် အထောက်အကူပြုမှုများ (ဂ) နည်းပညာဆိုင်ရာ လက်ခံခြင်း၊ စုတ်ယူခြင်းနှင့် တီထွင်ခြင်းတို့တွင် များပြားသော စွမ်းရည်

များဖြင့် ကွန်ယက်ပေါင်းစည်းမှု (ဃ) အသိပညာ စီးဆင်းမှုတွင် ပြည်တွင်းနှင့် နိုင်ငံတကာ ချိတ်ဆက်မှု နက်ရှိုင်းစေခြင်းနှင့် (င) တန်ဖိုးဖြစ်စဉ် အဆင့်မြှင့်တင်နိုင်ရေးတွင် ရင်းနှီးမြှုပ်နှံမှု တိုးလာစေခြင်းအတွက်နှင့် ပိုမိုသောနည်းဗျူဟာနှင့် ဖန်တီးနိုင်မှု စူးစိုက်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် ထောက်ပံ့ပေးသော ပေါ်လစီ၊ စည်းမျဉ်း၊ စည်ကမ်းထိန်းသိမ်းရေး၊ နှင့် ဖွဲ့စည်းပုံဆိုင်ရာပါတ်ဝန်းကျင်တို့ဖြစ်သည်။

အာဆီယံနိုင်ငံအများစုတွင် အရှိန်မြင့်လာသော နည်းပညာဖွံ့ဖြိုးတိုးတက်မှုသည် နည်းပညာ ရွှေ့ပြောင်းမှု အရှိန်မြင့်မှုကိုဖြစ်ပေါ်စေသည်။ နည်းပညာဆိုင်ရာ ရွှေ့ပြောင်းမှု အများစုမှာ လုပ်ငန်းမှ လုပ်ငန်းသို့ရွှေ့ပြောင်းခြင်းဖြစ်သည်။ (Machikita နှင့် Ueki (2013 ) မည်သူသည် နည်းပညာကို မည်သူ့ကို၊ မည်သို့၊ ဘာကြောင့် ဖြန့်ဖြူးသည်ပေါ်တွင် လေ့လာမှု ရလဒ်သည် အရှေ့ပိုင်းတွင် ဆွေးနွေးခဲ့သည့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးအစားခွဲခြားမှုတွင် လေ့လာမှုအဆင့်တွင်ရှိသည့် စိတ်ဝင်စားစရာကောင်းသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ် သော အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ် စသည့် အာဆီယံ လေးနိုင်ငံ၏ လုပ်ငန်းများပေါ်အခြေခံသည့် လုပ်ငန်းမှ လုပ်ငန်းသို့ နည်းပညာရွှေ့ပြောင်းမှုတွင် စိတ်ဝင် စားစရာကောင်းသော အမြင်ကိုထောက်ပံ့ပေးသည်။

လေ့လာမှုရလဒ်သည် MNCs နှင့် ဖက်စပ်လုပ်ငန်းများJVသည် နည်းပညာသစ် အပေါ် အခြေခံ သည့် ထုတ်ကုန်တိုးမြင့်မှုမှတပါး ထုတ်ကုန်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန်နှင့် မြင့်မားသော ထုတ်ကုန်ဖွံ့ဖြိုးမှု စွမ်းရည်များ ပိုမိုရှိသည်။ ပိုမိုစိတ်ဝင်စားစွာပင် လုပ်ငန်းများမှ ဖြေကြားပေး သူများအား သူတို့သည် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု လက်ခံ ဆောင်ရွက်နေသည်၊ မဆောင်ရွက်ဆိုသည်ကို အမျိုးအစားခွဲခြားခဲ့သည်။ အခြားဒေသခံ လုပ်ငန်းနှင့်နှိုင်းယှဉ်ပါက နည်းပညာသစ်များ ပေါ်အခြေခံသည့် ထုတ်ကုန်အသစ်မိတ်ဆက်နိုင်ရန် ဦးတည်သည့် R&D များရှိသည့် ဒေသခံ လုပ်ငန်းများအပေါ် သတိပြုထိုက်ပေသည်။ မတူညီစွာပင်၊ R&D လုပ်ဆောင်ချက်များဖြင့် MNC နှင့် JV တို့သည် နည်းပညာသစ်ပေါ် အခြေခံသည့် ထုတ်ကုန် အသစ်ကို မိတ်ဆက်ရန် သူတို့၏ အလားအလာတွင် R&D မဆောင်ရွက်သည့် သူတို့နှင့် အဆင့်တူ အခြားလုပ်ငန်းများနှင့် ကွာခြားမရှိ ခြင်းဖြစ်သည်။ MNC ၏ အာဆီယံတွင် ပေါင်းစည်းဆောင်ရွက်မှုသည် နည်းပညာသစ်များပါဝင်သည့် ထုတ်ကုန်အသစ်များအတွက် မိခင်လုပ်ငန်း၏ R&D အလုပ်ပေါ်တွင်မှုတည်နေကြောင်း အကြံပြုနိုင်သည်။ ဤရလဒ်၏ ပေါ်လစီအကောင်အထည်ဖော်ခြင်းသည်ရှင်းလင်းသည်။ JV နှင့် MNCs များကဲ့သို့ R&D အလုပ်များ တာဝန်ယူဆောင်ရွက်သည့် ဒေသခံလုပ်ငန်းများကို အားပေးခြင်းသည် (အထူး

သဖြင့် R&D အလုပ်များ တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းများ) ထုတ်ကုန်နှင့် ပြိုင်ဆိုင်နိုင်စွမ်းအားတိုးမြှင့်စေရန်မျှော်လင့်နိုင်သည့် ထုတ်ကုန်နှင့် လုပ်ငန်းစဉ် တိုးမြှင့်မှု သို့မဟုတ် တီထွင်မှုသို့ ဦးဆောင်နိုင်သည်။

Machikita နှင့် Ueki တို့၏ ရလဒ်များသည် နည်းပညာ အသွင်ကူးပြောင်းမှုလမ်းကြောင်းကို အပြန်အလှန်တုံ့ပြန်မှုပေါ်နှင့် လုပ်ငန်းအပြုအမူပေါ်တွင် စိတ်ဝင်စားစရာကောင်းသော အမြင်ကို ဖော်ပြသည်။ စာရေးသူများ၏ တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။ (Machikita and Ueki,2013)

- နိုင်ငံခြားအမိကဝယ်သူသည် ပြည်တွင်းအမိက ဝယ်သူထက် ထုတ်လုပ်သည့် လုပ်ငန်းများသို့ နည်းပညာလွှဲပြောင်းရန် ပိုမိုဖြစ်နိုင်ဖွယ်ရှိသည်။

- အကယ်၍ အမိကလက်တွဲသူများသည် ( ဝယ်သူ သို့မဟုတ်ရောင်းသူ ၂ဦးစလုံး) နိုင်ငံခြားမှဖြစ်ခြင်း၊ MNC သို့မဟုတ် JV၊ R&D တာဝန်ယူဆောင်ရွက်ခြင်း၊ (အလုပ်သမား ၂၀၀ နှင့် အထက်) ကြီးမားသောလုပ်ငန်းဖြစ်ခြင်းနှင့်/သို့မဟုတ် လုပ်ငန်းနှင့် အရင်းအနှီးချည်နှောင်မှုရှိခြင်း စသည်တို့ဖြစ်ပါက ထုတ်လုပ်သည့် လုပ်ငန်းများသို့နည်းပညာလွှဲပြောင်းရန် များပြားစွာဖြစ်ကောင်းဖြစ်နိုင်ဖွယ်ရှိသည်။

- အကယ်၍ အမိက လက်တွဲဆောင်ရွက်သူသည် လုပ်ငန်းနှင့် အရင်းအနှီး ချည်နှောင်မှုရှိသည် သိုမဟုတ် လုပ်ငန်းတွင်း/လုပ်ငန်းအုပ်စုတွင်း ရှိသည်ဆိုပါက နည်းပညာလွှဲပြောင်းမှုသည် အမိက ရောင်းသူများနှင့် လိုင်စင်သဘောတူညီချက် များမှတစ်ဆင့် သို့မဟုတ် အင်ဂျင်နီယာများအကြား မျက်နှာခြင်းဆိုင်အပြန်အလှန် အကျိုးပြုမှုများမှတစ်ဆင့် ဆောင်ရွက်ရန် ဦးတည်သည်။ မတူညီစွာပင် အကယ်၍ လက်တွဲဆောင်ရွက်သူသည် လုပ်ငန်းနှင့် အရင်းအနှီးချည်နှောင်မှုမရှိပါက နည်းပညာလွှဲပြောင်းမှု၏အမိကလမ်းကြောင်းသည်ထုတ်ကုန်အသစ်များအတွက် ပူးပေါင်းဆောင်ရွက်ခြင်း စစ်ဆေးခြင်းများအတွက် ကျွမ်းကျင်သူ စေလွှတ်ခြင်းမှ တစ်ဆင့် ဖြစ်သည်။

- ရောင်းသူနှင့် အရင်းအနှီးကုန်စည်ထုတ်လုပ်သူများအကြား မျက်နှာချင်းဆိုင် ဆက်သွယ်မှုများသည် နှိုင်းယှဉ်ခြင်းအားဖြင့်ရှုပ်ထွေးသော ထုတ်ကုန်သစ်များ

မိတ်ဆက်ရန် အခွင့်အရေး တိုးတက်မှုကို ဦးတည်စေသည်။

- ရောင်းသူအရည်အသွေးစစ်ဆေးခြင်းဆောင်ရွက်သည့် ဝယ်သူများနှင့် ထုတ်လုပ်သော လုပ်ငန်းသည် လုပ်ငန်းစဉ်အမျိုးမျိုးထူးကဲသောတိုးတက်မှုကိုဦးတည်သည်။

- အကယ်၍ ကြားသုံးသွင်းအားစုများသည် MNC များမှ ယူဆောင်ခြင်းထက် ဒေသခံလုပ်ငန်းများမှ သို့မဟုတ် JV များမှ ယူဆောင်လျှင် လုပ်ငန်းများသည် ထုတ်ကုန်ဖွံ့ဖြိုးမှု မြင့်မားသောအဆင့်အတွက် တာဝန်ယူဆောင်ရွက်ရန် ဖြစ်နိုင်ဖွယ်နည်းလိမ့်မည်။ အကယ်၍ အဓိကရောင်းသူသည် MNC များမှဖြစ်ခြင်းထက် ဒေသခံဖြစ်ပါက တီထွင်မှုဖြစ်စဉ် ကျယ်ကျယ်ပြန့်ပြန့် အမျိုးမျိုး ဖြစ်လာရန် တာဝန်ယူမှု ဖြစ်နိုင်ဖွယ်လည်း နည်းမည်။

- ထုတ်ကုန်တိုးတက်မှုပိုမိုမြင့်မားသောအဆင့်သည် ရောင်းသူများမှ အင်ဂျင်နီယာများ လက်ခံခြင်းနှင့် အရင်းအနှီး ကုန်စည်ထုတ်လုပ်သူများပူးပေါင်းခြင်းမြင့်မားသော R&D စူးစိုက်မှုများနှင့်အတူ ပိုမိုအလားအလာရှိသည်။

- လုပ်ငန်းစဉ်တီထွင်မှုသည် မြင့်မားသော အတွင်း R&D ( သို့သော် အဓိကအားဖြင့် ထုတ်ကုန်ဝန်ဆောင်မှု အရည်အသွေးတိုးတက်မှုများ (-ဥပမာ အပြစ်အနာအဆာရှိသော ထုတ်ကုန်အချို့ ဝေးရာသို့ပို့ခြင်းသို့မဟုတ် ထုတ်လုပ်မှုစရိတ်လျော့ချခြင်း) စသည်တို့၊ ဝယ်သူအရည်အသွေးစစ်ဆေးခြင်းသို့ စီးဆင်းမှုနှင့်ဝယ်သူသို့ အင်ဂျင်နီယာများ စေလွှတ်ခြင်း

- အကယ်၍ MNC ဝယ်သူများရှိပါက MNC ထုတ်လုပ်သူများသည် MNC ရောင်းသူများရှိရန် ဦးတည်သည်။ တစ်ဖက်တွင်လည်း ဒေသခံလုပ်ငန်းများသည် သူတို့တွင်ဒေသခံ ဝယ်သူများရှိပါက ဒေသခံရောင်းသူများကို ရှာဖွေလိမ့်မည်။ ဒေသခံထုတ်လုပ်သူများနှင့် MNC ဝယ်သူများအကြား ချိတ်ဆက်မှုသည် နည်းပါးပြီး JV ဝယ်သူများသည်နည်းပါးဆဲပင်ဖြစ်သည်။

ရလဒ်သည် လုပ်ငန်းများ အထူးသဖြင့် MNC များ၏ အင်ဂျင်နီယာများအကြားနှင့် အထူးသဖြင့် ပိုမိုရှုပ်ထွေးသော ထုတ်ကုန်အတွက်နှင့် ထုတ်ကုန်တီထွင်မှုများအရ ထိရောက်သော

နည်းပညာလွှဲပြောင်းမှုအတွက် အရင်းအနှီးကုန်စည်ထုတ်လုပ်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် မျက်နှာချင်းဆိုင် ဆက်ဆံမှုများ၏ အရေးပါပုံကိုပြသသည်။ ပေါ်လစီအကောင်အထည်ဖော်မှုသည် တိုင်းပြည်များတစ်လျှောက် အင်ဂျင်နီယာများနှင့် အခြားတူညီသော နည်းပညာရှင်များနှင့် ကျွမ်းကျင်သူများ ရွှေ့ပြောင်းမှုတွင် လွယ်ကူမှုများစွာရရှိစေရန် နည်းပညာဆိုင်ရာ ရွှေ့ပြောင်းမှုနှင့် တီထွင်မှုများမှတဆင့် လူမှုရေးအကျိုးကျေးဇူးရရှိစေခြင်းဖြစ်သည်။ တစ်ချိန်တည်းတွင် လေ့လာမှုများသည်အကယ်၍ အရင်းအနှီးချည်နှောင်မှုအချို့ရှိသည် သို့မဟုတ် ထိုအရာသည် လုပ်ငန်းတွင်းသို့မဟုတ်လုပ်ငန်းအုပ်စုကြားတွင်ရှိသည် အကျိုးသက်ရောက်မှုအနေဖြင့် ထုတ်လုပ်မှုကွန်ယက် သို့မဟုတ် လုပ်ငန်းကွန်ယက်အတွင်း တစိတ်တဒေသဖြစ်ပါက အင်ဂျင်နီယာများအကြား မျက်နှာချင်းဆိုင်ဆက်သွယ်မှုသည် အလားအလာရှိကြောင်း ပြသသည်မှာ ပြောရန်ပင်မလိုပေ။ ထို့ကြောင့်နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုနှင့် MNC များနှင့် ခိုင်မာသောချည်နှောင်မှုများသည်လေ့လာမှုမှ ထုတ်ကုန်တီထွင်မှုတွင် မြင့်မားသောအဆင့် ရရှိစေရန် ကြီးမားသောအလားအလာအတွက် ဦးဆောင်စေသည့် မျက်နှာချင်းဆိုင် အဆက်အသွယ်များ ကြီးမားလာရန် ပတ်ဝန်းကျင်ကို ဖြည့်တင်းပေးနိုင်ရန်အရေးပါလိမ့်မည်။

Machikita နှင့် Ueki လေ့လာမှုသည်နည်းပညာလွှဲပြောင်းမှု တိုးတက်လာခြင်းကို တီထွင်မှုကြီးထွားလာစေရန် နည်းလမ်းဖြစ်သည့် အကြွင်းမဲ့စိတ်ဓါတ်အခြေခံနှင့် R&D တွင် ဒေသခံလုပ်ငန်းများရင်းနှီးမြှုပ်နှံမှုကို အားပေးခြင်းနှင့် ဒေသခံလုပ်ငန်းများမှ ကျွမ်းကျင်သူများနှင့် MNC သို့မဟုတ် JV သို့မဟုတ် နိုင်ငံခြားမှ ကျွမ်းကျင်သူများအကြား မျက်နှာချင်းဆိုင်အဆက်အသွယ်များနှင့် ပေါင်းစည်းခြင်းများ ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်ခြင်းတို့မှတစ်ဆင့်ဖြစ်သည်ဆိုသည်ကို ဖော်ပြခဲ့ကြသည်။ သို့သော် MNC များ သယ်ဆောင်လာခြင်းသည်နည်းပညာဖွံ့ဖြိုးတိုးတက်မှု တိုးပွားလာရန်အတွက် မလုံလောက်ပေ။ အဘယ်ကြောင့်ဆိုသော် လေ့လာမှုများမှ ညွှန်ပြခဲ့သကဲ့သို့ MNC သည် ဝယ်သူသည် MNC ဖြစ်ပါက ဒေသခံလုပ်ငန်းရောင်းသူများနှင့် ဝယ်သူအဖြစ် MNCs များအကြား အားနည်းသည့် ချိတ်ဆက်မှုများအရ အခြား MNC များထံ မှ အရင်းအမြစ်များကို ဦးတည်မည်။ ဤသို့ “စက်မှုလုပ်ငန်းနယ်ပယ် (industrial enclave)” ဖန်တီးမှုအလားအလာနှင့်MNC များအကြား နှိုင်းယှဉ်ခြင်းအားဖြင့် “ပိတ်နေသောပါတ်လမ်း (close loop)” သဘောတူညီချက်များသည် ဒေသခံလုပ်ငန်းများပါဝင်သည့် ပိုမိုရှည်လျားသောပါတ်လမ်းအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် သို့မဟုတ် ဖွင့်လှစ်ပေးရန် အားပေးမှုများ လိုအပ်ပေသည်။

## အသိပညာစီးဆင်းမှုနှင့် လူ့အရင်းအနှီး ဖွံ့ဖြိုးတိုးတက်မှု

နည်းပညာလွှဲပြောင်းမှု၊ လက်ခံခြင်းနှင့် တီထွင်ခြင်းတို့သည်ပင်ကိုယ်အားဖြင့် လူ့အရင်းအနှီး ဖွံ့ဖြိုးမှုနှင့် ကျွမ်းကျင်မှုတည်ထောင်ခြင်းအတွက် "မြင်နိုင်သော အစုအဖွဲ့"နှင့် "မမြင်နိုင်သော အစုအဖွဲ့" နှစ်မျိုးစလုံးကြားတို့နှင့် စသည့်နည်းပညာ စီးဆင်းမှုကြောင့်ဖြစ်သည်။ နည်းပညာ လေ့ကားမြှင့်တက်နိုင်ခြင်းသည် ကျွမ်းကျင်မှု တည်ထောင်ခြင်းအတွက် " မြင်နိုင်သော အစု အဖွဲ့" နှင့် "မမြင်နိုင်သော အစုအဖွဲ့" နှစ်မျိုးစလုံး ကြားစနစ်ကျသော ပေါင်းစပ်မှုနှင့် အောင်မြင်မှုတို့ပါဝင်သော နည်းပညာနှင့် စက်မှုလုပ်ငန်းအဆင့်မြှင့်တင်မှု အောင်မြင်မှု ရစေသည့် မြင့်မားပြီး ကျွမ်းကျင်မှု ရှိသော အလုပ်နေရာများ တည်ထောင်ရန်ဖြစ်သည်။

"မြင်နိုင်သောအစုအဖွဲ့"တွင် သေးငယ်သောတိုးတက်မှုအမျိုးမျိုးမှတစ်ဆင့် ထပ်တိုးလာမည့် ထုတ်လုပ်မှုစွမ်းအားများတွင် အလုပ်သမားအင်အားများ ဆွဲဆောင်မှုများကို မြှင့်တင်ပေး နိုင်ရန် Kaizen အလုပ်စနစ်များမှ လေ့လာမှုများပါဝင်သည့် ကုမ္ပဏီများတွင် အလုပ်သမား အင်အားများ၏ ရုံးလုပ်ငန်းမဟုတ်သည့်အလုပ်မျိုးကျွမ်းကျင်မှုတွင် ကုမ္ပဏီ၏ တစ်ဆက် တည်းသော ရင်းနှီးမြှုပ်နှံမှုများပါဝင်သည်။ ဤပြောရန်မလိုသော အတွေ့အကြုံဆိုင်ရာ အရင်းအနှီးများသည် လူ့အရင်းအမြစ် ထိုမှထပ်ပေါင်းပြီး စနစ်ကျသော ပညာရေးတို့သည် အရေးပါသောလက္ခဏာသွင်ပြင်ဖြစ်သည်။ ထိုကဲ့သို့ ပြောရန်မလိုသောအတွေ့အကြုံဆိုင်ရာ အရင်းအနှီးများသည်၏ ပြန့်နှံ့မှုသည် စက်မှုလုပ်ငန်းစုများပါတ်ဝန်းကျင်မှတစ်ဆင့် အကောင်း ဆုံးအောင်မြင်မှုရရှိခဲ့သည်။ ထို့အပြင် "ကျွမ်းကျင်မှု၊ နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ လူ့အရင်းအနှီးများ အပြန်အလှန်အကျိုးပြုမှုနှင့် လုပ်ငန်းများကြား လွတ်လပ်စွာ ရွေ့ပြောင်း နိုင်မှု" (Rasiah, 2002a,p.12)တို့နှင့် စပ်လျဉ်းပြီး စက်မှုလုပ်ငန်းစုများပါတ်ဝန်းကျင်သည် "ဖွင့်လှစ်ထားသော စနစ်ကွန်ယက်"တစ်ခုဖြစ်သည့် အချိန်စီးပွားရေး စွမ်းဆောင်ရှင် အထူးသဖြင့် ပြည်တွင်းရှိ လူထုများအကြား ပေါက်ဖွားလာစေမည့် လုပ်ငန်းစုများ ဖြစ်နိုင်ခြေ များပြားလာမည်။ မလေးရှားရှိ Penang အတွေ့အကြုံများမှ သက်သေပြသသည်မှာ ပိုမို အောင်မြင်သော မလေးရှားလုပ်ငန်းပိုင် လုပ်ငန်းများကို မြို့တော်ရှိ MNC မှ ယခင် အလုပ် သမားများ၊ မန်နေဂျာများဖြင့်တည်ထောင်ခြင်း၊ ဝန်ထမ်းခန့်ခြင်းနှင့်/သို့မဟုတ် စီမံခန့်ခွဲ ကြသည်။

တစ်ချိန်တည်းတွင် တီထွင်မှုနှင့် စီးပွားရေးစွမ်းဆောင်ရှင်ပေါ်တွင် မလေးရှားရှိ အဓိက လျှပ်စစ် လုပ်ငန်းစု (၂)စုဖြစ်သော ပီနန်နှင့် ကလန်းတောင်ကြား၏ ခြားနားသော အခြေ အနေများသည် တင်းကြပ်ပြီး စနစ်ကျသော ကွန်ယက်ပေါင်းစည်းမှုဖန်တီးခြင်းနှင့် MNC

တွင် ဒေသခံ အရင်းအမြစ်များ တိုးတက်မှုကို ထောက်ပံ့ပေးမည့် ဒေသခံ စီးပွားရေး စွမ်းဆောင်ရှင်များနှင့် နည်းပညာ တစ်ဆင့်ပို့ပေးခြင်းကို ဖြည့်စွမ်းမှုများပြသနိုင်သည့် ပွင့်နေသောစနစ်ကွန်ယက်တို့ အဆင်ပြေချောမွေ့မှုရှိစေရန် ကူညီမည့် ကြားခံအဖွဲ့အစည်း (ဥပမာ- ပီနန်ဖွံ့ဖြိုးတိုးတက်မှု အဖွဲ့အစည်း)၏ အရေးပါမှုကို သယ်ဆောင်ပေးသည်။ (Rasiah, 2002) အလိုလိုသိသော အသိအမြင်များနှင့် ကာယလုပ်သား အလုပ်များ ကျွမ်းကျင်မှု တစ်ဆင့်လွဲပြောင်းခြင်သည် ကုမ္ပဏီတစ်ခုခြင်မှ လေ့ကျင့်ရေးသင်တန်း ပရိုဂရမ်များမှ ဆောင်ရွက်နိုင်သည်။ လုပ်ငန်းစုဦးဆောင်ပြီး ကုမ္ပဏီ-အစိုးရ ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပါဝင်သည့် PSDC သည် US ၏ "လုပ်ငန်းတွင်း လေ့ကျင့်ခြင်း" ပေါ်တွင် အခြေခံပြီး စက်မှုလုပ်ငန်းများနှင့် အတတ်ပညာရှင်ကျွမ်းကျင်မှုကို တိုးမြှင့်စေရန် ကာယလုပ်သားများ ပြန့်နှံ့မှု အခြေခံ ဖွဲ့စည်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်ခဲ့သည်။ (Best, 1999) Best,1999 မှ အကြံပြုခဲ့သကဲ့သို့ "...ဒေသတွင်းအကျိုးကျေးဇူးသည် တီထွင်မှုမှသာမက နည်းပညာ အောင်မြင်စွာ အသုံးချခြင်းနှင့် တိုးတက်ခြင်းတို့ဖြစ်သည့် ပြန့်နှံ့မှုပေါ်တွင်လည်းမူတည်သည်။ ကမ္ဘာရှိ SME များသည် အကောင်းဆုံး နည်းဗျူဟာ အတွေ့အကြုံနှင့် စွမ်းရည်တိုးမြှင့်မှုများအတွက် PSDC အတွက် ကဲ့သို့ ကျွမ်းကျင်မှု အခြေခံ အေဂျင်စီများပေါ် မူတည်သည်။" (p.29)

PSDC ကဲ့သို့ ကြားခံအဖွဲ့အစည်သည် မည်သို့ပင်ဆိုစေ နည်းပညာဖွံ့ဖြိုးမှု ရှေ့တွင် လုပ်ဆောင်နိုင်မှုသည် ကန့်သတ်ချက်များရှိသည်။ နည်းပညာ လှေကား ဆက်လက်တက်နိုင်ရန် စနစ်ကျသော ပညာရေးစနစ်၊ "မြင်နိုင်သောအစုအဖွဲ့များ"၊ သိပ္ပံပညာရှင်များနှင့် မြင့်မားသော ပညာတတ်များ၊ ကျွမ်းကျင်အင်ဂျင်နီယာများထုတ်လုပ်နိုင်မှုနှင့် ဗဟုသုတ အရင်းအနှီးအသစ်များဆောင်ရွက်နိုင်ရန် စွမ်ရည်များရရှိစေရန် အတတ်ပညာဆိုင်ရာ ပညာသည်များ လိုအပ်သည်။ စက်မှုလုပ်ငန်းများနှင့် တက္ကသိုလ်များနှင့်အတူ ခိုင်မာသောချိတ်ဆက်မှုပေါက်ဖွားလာစေရန်နှင့် သုတေသန အဖွဲ့အစည်း တည်ဆောက်ခြင်း သို့မဟုတ် အားပြည့်နိုင်မှုတို့ပါဝင်သည်။ Rasiah (2002) က ဂျပန်၊ ကိုရီးယား၊ စင်္ကာပူနှင့် US တို့ကဲ့သို့ နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် မလေးရှား၏ လူ့အရင်းအနှီး အခြေခံများ အားနဲမှု များသည် ၁၉၉၀ ခုနှစ်များတွင် တီထွင်မှုမောင်းနှင်ရန်မလေးရှား လုပ်ငန်းများအပေါ် ကန့်သန့်ချက်များစွာ ရှိသည့်အချက်များအဖြစ် လူတစ်သန်းရှိ R&D သိပ္ပံ ပညာရှင် အရေအတွက်နှင့် အင်ဂျင်နီယာ အရေအတွက် အရ တိုင်းတာသည်။

လက်ရှိညွှန်ကိန်းများအရ သို့သော်လည်း လက်ရှိနှစ်များအတွင်း မလေးရှားအတွက် မြင့်မား

သော နည်းပညာလူ့အရင်းအနှီးကွာဟချက် ကျဉ်မြောင်းနေဆဲကို အကြံပြုမြင်နိုင်သည်။ ဇယား ၄.၆ က အာဆီယံနိုင်ငံများ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် ကိုရီးယား နိုင်ငံတို့တွင် အဆင့်မြင့်ပညာရေး နှင့် တီထွင်မှု ချိတ်ဆက်မှုများ ပေါ် ညွှန်ကိန်းအချို့ကို ဖော်ပြခဲ့သည်။ ဇယားက ဖော်ပြခဲ့သည်မှာ ၁၉၉၀ ခုနစ်များတွင် သိပ္ပံနှင့် အင်ဂျင်နီယာ လူ့အရင်းအနှီးတွင် ပြိုင်ဖက်နိုင်ငံများနှင့် နှိုင်းစာလျှင် မလေးရှား၏အကျိုးကျေးဇူးမရှိမှုသည် ၂၀၀၀ခုနစ်များတွင် ကျဉ်းမြောင်းသွားခဲ့သည်ကိုတွေ့ရသည်။ ဤအရာသည် နှိုင်းယှဉ်ခြင်းအားဖြင့်စက်မှုလုပ်ငန်းနှင့် ဆောက်လုပ်ရေးတို့တွင် အင်ဂျင်နီယာဘွဲ့ရများ၏ ရာခိုင်နှုန်းမြင့်မားခြင်း၊ တိုင်းပြည်တွင် ပညာသင်ကြားနေသော နိုင်ငံခြား ကျောင်းသားအရေအတွက် ရာခိုင်နှုန်းမြင့်မားခြင်း၊ နိုင်ငံခြားတွင် အဆင့်မြင့်ပညာများ သင်ကြားနေသော နိုင်ငံသားအရေအတွက်ရာခိုင်နှုန်းမြင့်မားခြင်း နှင့် ဂျပန်၊ ကိုရီယားတို့ကဲ့သို့ တိုင်းပြည်များနှင့်နှိုင်းယှဉ်လျှင် တက္ကသိုလ်/ စက်မှုလုပ်ငန်း သုတေသန ပေါင်းစည်းမှုအဆင့်မြင့်မားခြင်း တို့မှ အကျိုးထင်စေသည်။ တရုတ်၊ ဂျပန်နှင့် ကိုရီးယား နိုင်ငံတို့ သာမက စင်္ကာပူနိုင်ငံတို့ရှိ ဖွဲ့စည်းထားမှုများနှင့် နှိုင်းယှဉ်ရာတွင် အဆင့်မြင့် ဖွဲ့စည်းပုံ အရည်အသွေးသည် သိသာစွာ နောက်ကျကျန်ခဲ့မှု ဖြစ်ပေါ်ခဲ့သည်။

အာဆီယံနိုင်ငံအများစုတွင် အဓိကစက်မှုလုပ်ငန်း စုကွန်ယက်ပေါင်းစည်းမှုအတိုင်းအတာ နှင့် သဘာဝပေါ်တွင် နက်နဲသော လေ့လာမှု ရရှိနိုင်ခြင်းမရှိပေ။ မည်သို့ပင်ဆိုစေ တစ်စိတ်တပိုင်းအနေဖြင့် ပီနန်ကဲ့သို့ အဆိုပါ ပေါင်းစည်းမှုအဆင့်သည် ခိုင်မာမှုမရှိပေ အဘယ်ကြောင့်ဆိုသော် လျှပ်စစ်လုပ်ငန်းသည် ပိုမိုပြီး များစွာ တီထွင်မှုမောင်းနှင် ခြင်းဖြစ်သည့်အပြင် ဦးဆောင်MNC များသည် ပီနမ်တွင် ပွင့်နေသောစနစ်ကွန်ယက်တွင် စွဲမြဲပါဝင် နှင့် တီထွင်မှုများကြောင့် လုပ်ငန်းအသစ်များ တည်ဆောက်မှုတွင် အထောက်အကူဖြစ်စေသည့် Best (1999) က ခေါ်သည့် "ဖွံ့ဖြိုးတိုးတက်သောလုပ်ငန်းများ ( development firm)" ဖြစ်သောကြောင့်ဖြစ်သည်။ စက်မှုလုပ်ငန်းနှင့် ဆောက်လုပ်ရေးတို့တွင် အင်ဂျင်နီယာဘွဲ့ရများ၏ ရာခိုင်နှုန်းမြင့်မားခြင်းရလဒ်ရှိ သော ထိုင်းနိုင်ငံမှတစ်ပါး ဇယား ၄.၆ သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများစွာသည် နည်းပညာဆိုင်ရာ လူ့အရင်းအနှီး ဖွံ့ဖြိုးတိုးတက်မှု မြင့်မားစွာရရှိစေရန် ရှည်လျားသောလမ်းကြောင်းရှိသည်ကို ဖော်ပြသည်။ ဤအရာသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် အထူးသဖြင့် လေ့လာမှုအဆင့်ရှိ အုပ်စု များအတွက် ပိုမိုဦးတည်မှုပေးရန်လိုအပ်သည့်နယ်ပယ်တစ်ခုဖြစ်သည်။ ( လူဦးရေကန့်သတ် ချက်ဖြင့်ရှိနေသော စင်္ကာပူသည် နိုင်ငံခြားမှ ကျွမ်းကျင်မှုမြင့်မားသော အတတ်ပညာရှင်များ၊ အင်ဂျင်နီယာများနှင့် သိပ္ပံပညာရှင်များကို ထက်သန်စွာ အားထားသည်။)

## ဇယား ၄. ၆ - ကမ္ဘာ့ အသစ်အဆန်း တီထွင်မှု ညွှန်းကိန်း ၂၀၁၃ တွင်အစိတ်အပိုင်းအလိုက် နိုင်ငံများ ရမှတ်

| Code | Pilar/Sub-Pilar/IndicatorName | Brunei | Cambodia | Indonesia | Malaysia | Phillipines | Singapore | Thailand | VietNam | China | India | Japan | ROK |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 2 | HumanCapitalandResearch | 31.9 | 12.5 | 24.3 | 39.7 | 18.1 | 63.2 | 37.2 | 24.7 | 40.6 | 21.7 | 57.2 | 64.8 |
| 2.1 | Education | 45.9 | 26.3 | 40 | 47.8 | 21.3 | 55.7 | 42.7 | 56.8 | 68.7 | 27.6 | 66.7 | 59 |
| 2.2 | TertiaryEducation | 48 | 11.2 | 21 | 49.9 | 23 | 81.4 | 53.1 | 17.4 | 11.7 | 6.5 | 35 | 56 |
| 2.2.1 | Tertiaryenrolment,%gross | 19.6 | 14.5 | 23.1 | 42.3 | 28.2 | | 47.7 | 24.4 | 26.8 | 17.9 | 59.7 | 103.1 |
| 2.2.2 | graduatesin-scienceandengi-neering,% | 20.7 | 12.5 | 22.8 | 36.7 | 24.3 | | 53.2 | 16.8 | | | 20.5 | 30.9 |
| 2.2.3 | tertiaryinboundmobility,% | 5.6 | 0.1 | 0.1 | 6.1 | 0.1 | 20.2 | 0.8 | 0.2 | 0.3 | 0.1 | 3.7 | 1.8 |
| 2.2.4 | grosstertiaryoutboundenrol-ment, % | 9.6 | 0.3 | 0.2 | 2.2 | 0.1 | | 0.5 | 0.5 | 0.5 | 0.2 | 0.6 | 4 |
| 2.3 | ResearchandDevelopment(R&D) | 1.9 | | 11.8 | 21.3 | 9.9 | 52.4 | 15.7 | | 41.5 | 30.9 | 69.9 | 79.3 |
| 2.3.1 | Researchers,headcounts/mnpop | 685.5 | | 173.3 | 715.4 | 129.6 | 7188 | 575 | | 1303 | | 7066 | |
| 2.3.2 | GrossexpenditureonR&D(GERD).%GDP | 0 | | 0.1 | 0.6 | 0.1 | 2.1 | 0.2 | | 1.8 | 0.8 | 3.3 | 3.7 |
| 2.3.3 | QS Universityrankingaveragescoreoftop3universities(index) | 0 | 0 | 32.6 | 44.2 | 26.5 | 55 | 38.2 | 0 | 74.9 | 44.8 | 81.7 | 73.6 |
| 5.2 | innovationlinkages | 29.6 | 36.3 | 29.5 | 30.9 | 21.4 | 49.8 | 22.3 | 27.4 | 27.9 | 30.9 | 42 | 38 |
| 5.2.1 | University/Industry researchcollaboration,index | 47.8 | 42 | 53 | 66.4 | 40.9 | 76.5 | 50.2 | 37.3 | 56.2 | 47.5 | 67.1 | 61.7 |
| 5.2.2 | stateofclusterdevelopment,index | 48.9 | 50.4 | 54.4 | 66.1 | 50.4 | 69.1 | 52.4 | 54.5 | 59.7 | 54.9 | 69.4 | 58 |
| 5.2.3 | GERDfinancedbyabroad,% | 6.6 | | | 0.2 | 4.1 | 4.9 | 1.8 | | 1.3 | | 0.4 | 0.2 |
| 5.2.4 | jointventure/strategical-liancedeals/trPPP$GDP | 0.1 | 0 | 0 | 0.1 | 0 | 0.2 | 0.1 | 0 | 0 | 0 | 0 | 0 |

ဇာစ်မြစ် - Dutta and Lanvin (2013)

အင်ဂျင်နီယာများနှင့် အခြားမြင့်မားသောပညာတတ်များနှင့် ကျွမ်းကျင်သော အလုပ်သမားများ ဖြေ့တင်းပေးနိုင်မှု တိုးမြှင့်စေရန်ကြိုးစားအားထုတ်မှုသည် နိုင်ငံအဆင့်တွင် ဆောင်ရွက်နေစဉ် အာဆီယံအဖွဲ့ဝင်များစွာတွင် အင်ဂျင်နီယာပညာရေး နှိုင်းယှဉ်အားနဲမှုကို ဖော်ပြကူညီပေးခြင်းသည် အာဆီယံ၏ အဓိက ကနဦးလုပ်ဆောင်ချက်ဖြစ်သည်။ အာဆီယံတက္ကသိုလ်များကွန်ယက်- အရှေ့အာရှ အင်ဂျင်နီယာဆိုင်ရာ ဖွံ့ဖြိုးမှု ကွန်ယက် (AUN-SEED Net)။ ၂၀၀၃ ခုနှစ်ကတည်းက ကိုယ်ပိုင်ဆောင်ရွက်နိုင်သော AUN ကွန်ယက်အခွဲနှင့် လုပ်ဆောင်ချက်ဆိုင်ရာများ၊ AUN SEED Net သည် JICA မှတစ်ဆင့် ဦးဆောင် ဂျပန်တက္ကသိုလ်များ ၁၁ ခု၏ ထောက်ခံချက်နှင့်အတူ အာဆီယံရှိ ဦးဆောင်တက္ကသိုလ် ၁၉ ခု၏ ပေါင်းစည်းမှုပင်ဖြစ်သည်။အာဆီယံတွင် အင်ဂျင်နီယာဆိုင်ရာ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မြင့်တင်မှု ရည်မှန်းချက်များနှင့်အတူ ကွန်ယက်မှ အခြားအရာများ အကြား ၂၀၁၂ ခုနှစ်ထိ မာစတာနှင့် ဒေါက်တာပညာသင်ဆု ၇၉၆ ဆု နှင့် ပေါင်းစည်းသုတေသန ပရောဂျက် ၄၂၆ ခု၊ ကျောင်းသားဟောင်းများအတွက် သုတေသန ခွင့်ပြုချက် ၆၃ ခုနှင့် သုတေသန ထုတ်ဝေမှု ပေါင်း ၁၅၀၀ ဆောင်ရွက်ခဲ့သည်။ ( Tullao and Cabuay, 2013)

အရည်အသွေးမြင့်မားသောလူ့အရင်းအနီး ဖြည့်တင်းပေးနိုင်မှု မြင့်တင်နိုင်ခြင်းသည် နည်းပညာဖွံ့ဖြိုးမှုကို ထောက်ပံ့ပေးသည်ဟု ပေးထားပြီး လေ့လာမှုဆိုင်ရာ အဆင့်မြင့် အဖွဲ့အစည်း၏ စွမ်းဆောင်ရည်နှင့် အရည်အသွေး အကြောင်းကိစ္စများနှင့် အဆင့်မြင့် ပညာရေး ပညာရေးဝန်ဆောင်မှုလွတ်လပ်စွာကြောင်းကျိုးဆက်စပ်ဆင်ခြင်ရသောပေါ်လစီအကြောင်းကိစ္စများသည် ရှေ့တန်း ရောက်လာသည်။ အာဆီယံ ဝန်ဆောင်မှုပေါ် အခြေခံသဘောတူညီချက်အောက်ရှိ (AFAS) အဆင့်မြင့် ပညာရေးဝန်ဆောင်မှု တွင် လွတ်လပ်စွာ ကတိပြုမှုများ သည်သုံးနိုင်ငံသည် မည်သည့် ကတိခံဝန်ချက်မှ လုံးဝမပြုလုပ်သေးများနှင့် ယခုအထိ နက်ရှိုင်းမှုမရှိသေးပေ။ အမြင့်ဆုံး လွတ်လပ်စွာ ကတိခံဝန်ချက် ပေးသည့်နိုင်ငံမှာ ကမ္ဘောဒီးယား ဖြစ်ပြီး ထိုနောက်တွင် သိသာစွာ နိမ့်သော အဆင့်ဖြင့်လိုက်နေသော အင်ဒိုနီးရှား၊ မြန်မာ နှင့် ထိုင်းနိုင်ငံတို့ ဖြစ်သည်။ သတိပြုရမည်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အဆင့်မြင့်အဖွဲ့အစည်းအရည်အသွေး သည် တရုတ်၊ ဂျပန်နှင့် ကိုရီးယား နိုင်ငံတို့ သာမက စင်္ကာပူနိုင်ငံတို့ ရှိအရည်အသွေးတို့ထက် သိသိသာသာ နောက်ကျ ကျန်ခဲ့ခြင်းဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ပညာရေးဆိုင်ရာဝန်ဆောင်မှုကဏ္ဍ အထူးသဖြင့် ပညာရေး တစ်ဦးချင်း မတည်နိုင်ရန် အတွက် အလားအလာ ကြီးမားသော အထူးလေ့ကျင့်ပေးသည့် အဖွဲ့အစည်းများနှင့် အဆင့်မြင့်အဆင့်တို့တွင် လွတ်လပ်မှု ရှိသင့်သည်။

နည်းပညာလွှဲပြောင်းခြင်းနှင့် တီထွင်မှုတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ပေါ်လစီဆိုင်ရာ ပါတ်ဝန်းကျင်အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုအတွက်နောက်ဆုံးနည်းပညာဆိုင်ရာလေ့ကားအဆင့်မြင့်မှုတွင် သုတေသနနှင့် ဖွံ့ဖြိုးမှု၌ရင်းနှီးမြှုပ်နှံမှု ပိုမိုမြင့်မားသည့်နှုန်းလိုအပ်သည်။ ဇယား ၄-၇ သည် ၁၉၉၀ခုနှစ်များအလယ်နှင့် ၂၀၀၀ ခုနှစ်များနောက်ပိုင်းအထိ GDP တွင် R&Dအသုံးစရိတ်ပါဝင်မှု အချိုး နှင့်လူတစ်သန်းတွင် ရှိသော R&D သုတေသနဆောင်ရွက်သူအရေအတွက်ကိုပြသသည်။ ဇယားမှာ ပြသသည်မှာ စင်္ကာပူနှင့် ထိုနောက်မှ အတိုင်းအတာတစ်ခုရှိသော မလေးရှားတို့မှတပါး အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးမှာ တော်တော်နိမ့်ကျမှုအချိုးများရှိကြောင်းပြသသည်။ အချိုးများ သည် ဂျပန်နှင့်ကိုရီယားကိုပင်မစဉ်းစားဘဲ တရုတ်အတွက်အချိုးများဖြင့်နှိုင်းယှဉ်ကြည့်လျှင်မှု သေးသိမ်သွားသည်။ အံ့သြလောက်ဖွယ်မရှိအောင်ပင် လူတစ်သန်းတွင် ရှိသော R&D သုတေသန ဆောင်ရွက်သူအရေအတွက်သည် အာဆီယံအဖွဲ့ဝင် နိုင်ငံအများစုနှင့် နှိုင်းယှဉ်လျှင်ထိုနိုင်ငံများနှင့် စင်္ကာပူတို့တွင်သိသိသာသာမြင့်မားပေသည်။ အာဆီယံအဖွဲ့ဝင် နိုင်ငံအများစုသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု မှတစ်ဆင့်ထိရောက်မှုရှိသော နည်းပညာလွှဲပြောင်းမှုနှင့် ဒေသတွင်း ထုတ်လုပ်မှုကွန်ယက်တွင်များပြားစွာ ပေါင်းစည်းမှု တို့မှတစ်ဆင့် ဦးစားပေးဆောင်ရွက်သည်ဟု မျှော်လင့်

နိုင်သော်လည်း လေ့လာမှုအဆင့်မှ အမှီလိုက်မှုအဆင့်ကို မြင့်တက်ချင်သော အာဆီယံနိုင်ငံများသည် သူတို့၏ GDP တွင် R&D ပါဝင်မှု အချိုးသိသာထင်ရှားစွာ မြင့်တင်လာလိမ့်မည်ဖြစ်သည့် အာဆီယံနိုင်ငံအများစုမှ မလေးရှား၏ အချိုးကပေါ်လွင် ထင်ရှားစေသည်။ ထိုအပြင်ထိရောက်သော နည်းပညာ လွှဲပြောင်းမှုသည်သူတို့၏ လက်ခံနိုင်ငံမှ သုတေသနလိုက်လျောညီထွေလက်ခံနိုင်မှုကို တောင်းဆိုသည်။ ဤဖော်ပြမှုများသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံများသည် R&Dတွင် သိသိသာသာမြင့်မားစွာ(နှင့် ပိုမိုကောင်းစွာ) ရင်းနှီးမြှုပ်နှံခြင်းမှ တစ်ဆင့် ၂၀၁၅ အလွန် ရှေ့ရှုပြီး R&D ကို ခိုင်မာသောကတိခံဝန်မှုများရှိရမည်ကို ဖော်ပြခြင်းဖြစ်သည်။ ကောင်းစွာအကောင် အထည်ဖော်ထားသော သုတေသနနှင့် ဖွံ့ဖြိုးမှုသည် ကြီးမားစွာအလားအလာရှိသော အပေါင်းလက္ခဏာပြင်ပ အကျိုးသက်ရောက်မှုများနှင့် လူမှုရေးအကျိုးကျေးဇူးများကို ရှိသည်။ ထို့ကြောင့်အစိုးရသည် သုတေသနနှင့် ဖွံ့ဖြိုးမှုအဆင်ပြေချောမွေ့စေရန်နှင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် အရေးပါသော အခန်းကဏ္ဍမှပါဝင်သည်။

## ဇယား ၄.၇ - အာဆီယံ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားတို့ရှိ သုတေသနနှင့် ဖွံ့ဖြိုးမှု (R&D) အခြေအနေ - R&D ကုန်ကျစရိတ်များနှင့် သုတေသီ အရေအတွက်

| Researchanddevelopmentexpenditure(%ofGDP) | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| Country | 1996 | 1997 | 1998 | 1999 | 2000 | 2001 | 2002 | 2003 | 2004 | 2005 | 2006 | 2007 | 2008 | 2009 | 2010 |
| Brunei | - | - | - | - | - | - | 0.02 | 0.02 | 0.04 | - | - | - | - | - | - |
| Cambodia | - | - | - | - | - | - | 0.05 | - | - | - | - | - | - | - | - |
| Indonesia | - | - | - | - | 0.07 | 0.05 | - | - | - | - | - | - | - | 0.08 | - |
| LaoPDR | - | - | - | - | - | - | 0.04 | - | - | - | - | - | - | - | - |
| Malaysia | 0.22 | - | 0.40 | - | 0.47 | - | 0.65 | - | 0.60 | - | 0.63 | - | - | - | - |
| Myanmar | - | 0.06 | 0.03 | 0.04 | 0.11 | 0.07 | 0.16 | - | - | - | - | - | - | - | - |
| Philippines | - | - | - | - | - | - | 0.14 | 0.13 | - | 0.11 | - | 0.11 | - | - | - |
| Singapore | 1.34 | 1.43 | 1.75 | 1.85 | 1.85 | 2.06 | 2.10 | 2.05 | 2.13 | 2.19 | 2.16 | 2.37 | 2.84 | 2.43 | - |
| Thailand | 0.12 | 0.10 | - | 0.26 | 0.25 | 0.26 | 0.24 | 0.26 | 0.26 | 0.23 | 0.25 | 0.21 | - | - | - |
| Vietnam | - | - | - | - | - | - | 0.19 | - | - | - | - | - | - | - | - |
| Australia | 1.65 | - | 1.51 | - | 1.57 | - | 1.74 | - | 1.85 | - | 2.17 | - | 2.37 | - | - |
| China | 0.57 | 0.64 | 0.65 | 0.76 | 0.90 | 0.95 | 1.07 | 1.13 | 1.23 | 1.32 | 1.39 | 1.40 | 1.47 | 1.70 | - |
| India | 0.63 | 0.67 | 0.69 | 0.72 | 0.75 | 0.73 | 0.71 | 0.71 | 0.74 | 0.78 | 0.77 | 0.76 | - | - | - |
| Japan | 2.77 | 2.83 | 2.96 | 2.98 | 3.00 | 3.07 | 3.12 | 3.14 | 3.13 | 3.31 | 3.41 | 3.46 | 3.47 | 3.36 | - |
| Korea,Rep. | 2.42 | 2.48 | 2.34 | 2.25 | 2.30 | 2.47 | 2.40 | 2.49 | 2.68 | 2.79 | 3.01 | 3.21 | 3.36 | 3.56 | 3.74 |
| ResearchersinR&D(permillionpeople) | | | | | | | | | | | | | | | |
| Country | 1996 | 1997 | 1998 | 1999 | 2000 | 2001 | 2002 | 2003 | 2004 | 2005 | 2006 | 2007 | 2008 | 2009 | 2010 |
| Brunei | - | - | - | - | - | - | 289.83 | 280.99 | 286.28 | - | - | - | - | - | - |
| Cambodia | - | - | - | - | - | - | 17.36 | - | - | - | - | - | - | - | - |
| Indonesia | - | - | - | - | 210.80 | 197.60 | - | - | - | - | - | - | - | 89.61 | - |
| LaoPDR | - | - | - | - | - | - | 15.83 | - | - | - | - | - | - | - | - |
| Malaysia | 89.14 | - | 153.03 | - | 274.31 | - | 291.94 | - | 495.09 | - | 364.64 | - | - | - | - |
| Myanmar | - | 7.59 | 7.64 | 11.46 | - | 12.66 | 18.35 | - | - | - | - | - | - | - | - |
| Philippines | - | - | - | - | - | - | - | 71.21 | - | 80.61 | - | 78.47 | - | - | - |
| Singapore | 2546.60 | 2643.67 | 3029.86 | 3276.83 | 4243.82 | 4205.13 | 4493.86 | 4900.54 | 5134.23 | 5576.49 | 5676.57 | 5954.64 | 5833.98 | 6173.16 | - |
| Thailand | 100.20 | 72.36 | - | 166.93 | - | 277.16 | - | 277.10 | - | 307.44 | - | 315.53 | - | - | - |
| Vietnam | - | - | - | - | - | - | 115.87 | - | - | - | - | - | - | - | - |
| Australia | 3331.99 | - | 3355.48 | - | 3443.97 | - | 3732.54 | - | 4038.61 | - | 4203.61 | - | 4293.93 | - | - |
| China | 446.93 | 475.58 | 388.70 | 421.68 | 547.67 | 581.21 | 630.30 | 666.55 | 712.20 | 855.54 | 930.91 | 1077.11 | 1198.86 | 863.21 | - |
| India | 151.98 | - | 115.40 | - | 110.01 | - | - | - | - | 135.81 | - | - | - | - | - |
| Japan | 4946.24 | 4999.87 | 5209.19 | 5248.96 | 5150.89 | 5187.09 | 4942.82 | 5169.98 | 5176.17 | 5385.04 | 5415.61 | 5408.91 | 5189.28 | 5179.94 | - |
| Korea,Rep. | 2212.10 | 2269.84 | 2034.08 | 2190.43 | 2356.50 | 2950.34 | 3057.18 | 3244.06 | 3335.84 | 3822.21 | 4231.01 | 4672.24 | 4946.94 | 5088.76 | 5481.49 |

ဇာစ်မြစ် - World Bank Data (2013)

စင်္ကာပူ၏အတွေ့အကြုံသည် နည်းပညာဖွံ့ဖြိုးမှုနှင့် တီထွင်မှုတွင် အဖွဲ့အစည်းဆိုင်ရာ ခိုင်မာစွာ ထောက်ပံ့ပေးခြင်းအမြင်အချို့ကို ထောက်ပြပေးသည်။ စင်္ကာပူစက်မှုထူထောင်ရေး မောင်းနှင်မှု၏ အစောပိုင်းကာလတွင် စင်္ကာပူသည် နိုင်ငံခြားအစိုးရများနှင့် ပူးပေါင်းဆောင် ရွက်သော နည်းပညာအဖွဲ့အစည်းများကို တည်ဆောက်ခဲ့သည်။ ဆိုလိုသည်မှာ တိုးတက် သော သတင်းအချက်အလက်နည်းပညာ သင်တန်းအတွက် ဂျပန်-စင်္ကာပူအဖွဲ့အစည်း(JSI) နှင့် ဂျာမနီ၏ မာစတာအဆင့် လက်မှုပညာသည်မှကျော်လွန်ပြီး တိုးတက်သော စက်မှု လုပ်ငန်းနည်းပညာ အသုံးချခြင်း နှင့်လက်ခံခြင်းများ သေချာစေရန် လေ့ကျင့်ရေးအတွက် ဂျာမာန်-စင်္ကာပူ အဖွဲ့အစည်း (GSI)၊ နှင့်အထူးပြု ထားသော လျှပ်စစ်လုပ်ငန်း၊ လူအစား စက်ကိုအသုံးပြုခြင်းစက်ရုံနှင့် ကွန်ပြူတာ စက်ရုံတို့တွင် လေ့ကျင့်ပေးရန်အတွက် ပြင်သစ်-စင်္ကာပူအဖွဲ့အစည်း (FSI) တို့ကို တည်ထောင်ခြင်းဖြစ်သည်။အဖွဲ့အစည်းသည် နောက်ဆုံး အသုံးအဆောင်များနှင့် နည်းပညာများလိုအပ်ပြီး ဒေသတွင်းနည်းပြများ၊ ဂျပန်၊ ဂျာမနီနှင့် ပြင်သစ်နိုင်ငံတို့ရှိ ကုမ္ပဏီများရှိ ရုံးချုပ်များမှ ပထမအကြိမ် လေ့ကျင့်ပေးခြင်းခံခဲ့ရသော အတတ်ပညာရှင်ဝန်ထမ်းများ လည်းလိုအပ်သည်။ (Lim, 2013, pp.5-8 ကိုကြည့်ပါ) စင်္ကာပူ ဥပမာမှသတိပြုအပ်ဖွယ်ရာသည် သင်တန်းများသည် နောက်ဆုံးနည်းပညာနှင့် နောက်ဆုံး အသုံးအဆောင်ဖြင့်ဆောင်ရွက်ခဲ့သောကြောင့် FSI ကိစ္စတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူ အသစ်များသို့ လေ့ကျင့်မှုစရိတ်လျော့ချနိုင်မှုသည် ပြင်သစ်ကုမ္ပဏီများ စင်္ကာပူတွင်လုပ်ငန်း အခြေချရန် စိတ်ဝင်စားမှုများ ဖြစ်ပေါ်လာအောင်ကူညီပေးသည်။ ထို့ကြောင့် နည်းပညာ လွှဲပြောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ခြင်းသည် တစ်ခုတည်းအဖြစ်ဆောင်ရွက်သည်။ အဖွဲ့အစည်းသုံးခုသည် ၁၉၉၃ တွင် Nanyang Polytechnic သို့ ရွှေ့ပြောင်းခဲ့ပြီး(Lim,2013) မည်သို့ပင်ဖြစ်စေ အဖွဲ့အစည်းများသည် ယနေ့အာရှတွင် အမြင့်ဆုံး တက္ကသိုလ်များ အဆင့် ထဲမှတစ်ခုအဖြစ် နောက်ဆုံးရောက်ရှိ ကြီးထွားလာရန် Nanyang သို့ ခိုင်မာသည့် အခြေခံ ကျောရိုးများ ထောက်ပံ့ပေးသည်။

သုတေသနနှင့် ဖွံ့ဖြိုးမှု(R&D) သည် ယခုအခါ အနာဂတ်တွင် သုတေသန စူးစိုက်အသုံးပြုမှု၊ တီထွင်မှုနှင့် စီးပွားစွမ်းဆောင်ရည်ရှိသော လုပ်ငန်းများတို့ဖြစ်လာစေရန် ရည်မှန်းချက်များ ထားရှိသော စင်္ကာပူနိုင်ငံ၏ စီးပွားရေးနည်းဗျူဟာ၏သော့ချက်တစိတ်တဒေသ ဖြစ်လာ သည်။ စီမံကိန်းချထားသော R&D ဘတ်ဂျက်မှာ မျှော်လင့်ထားသကဲ့သို့များပြားသည်။ သတိပြုထိုက်သည့်အချက်မှာ ပုဂ္ဂလိကလုပ်ငန်းများနှင့် စီးပွားရေး စွမ်းဆောင်ရှင်များ ခိုင်မာ သည့် ချိတ်ဆက်မှုဖြစ်သည်။ ထို့ကြောင့် ဥပမာအနေဖြင့် EDB ၏ သုတေသန စူးစိုက်မှု အစီအစဉ်သည် စင်္ကာပူတွင် R&Dထူးချွန်မှု၏ ပူးပေါင်းဌာနထူထောင်ခြင်းတွင် တွဲဖက်ရန်ပုံငွေ

ပါဝင်သည်။ တူညီစွာပင် စက်မှုပေါင်းစည်းမှု ရံပုံငွေသည် လုပ်ငန်းများလိုအပ်သည့် အစိုးရ ရံပုံငွေထည့်ဝင်သော သုတေသနများ၏ ပေါင်းစည်းမှု ပိုမိုရရှိ စေရန်အလို့ငှာ ပြည်သူနှင့် လုပ်ငန်း သုတေသနဆောင်ရွက်သူများအကြား ပူးပေါင်းမှုကို ထောက်ပံ့ပေးသည်။ စွမ်းဆောင်ရှင် များ၏ ရှေ့ပြေးပုံစံနှင့် စစ်ဆေးမှုတည်ထောင်သော ထုတ်ကုန်အသစ်များနှင့် ဝန်ဆောင်မှု များကို ထောက်ပံ့ပေးခြင်းအားဖြင့် ကုန်သွယ်မှုဆန်လာစေသော သုတေသနရလဒ်များ သယ်ဆောင်နိုင်ရန် သုတေသနဆောင်ရွက်သူများနှင့် စွမ်းဆောင်ရှင်များကို ထောက်ပံ့ရန် အစိုးရ ရံပုံငွေထည့်ဝင်ခြင်းမျိုးလည်းရှိသည်။ (Lim, 2013)အနာဂတ်ကာလ ၂၀၁၅ အလွန် သုတေသနနှင့် ဖွံ့ဖြိုးမှု တို့တွင် အခြားအာဆီယံနိုင်ငံများ သူတို့၏ ရင်းနှီးမြှုပ်နှံမှုကို မြန်ဆန် စေရန်အတွက် အခြားအာဆီယံနိုင်ငံများနှင့် အထူးကိုက်ညီသော သုတေသနနှင့် စွမ်းဆောင်ရှင် များ ပေါင်းစည်းမှု၏ စိတ်အားထက်သန်သော အသိပင် ဖြစ်သည်။ ဤအရာအနေဖြင့် သုတေသနသည် တိုင်းပြည်၏ စီးပွားရေးပြန်ရချက်ကို သယ်ဆောင်လာသည်ဆိုခြင်းကို သေချာစေသည်။

စင်္ကာပူ၏ အောင်မြင်မှု ပုံပြင်တွင် အခြားအရေးပါသော နောက်ခံကျောရိုးမှာ အသိဉာဏ် ပစ္စည်းဆိုင်ရာမူပိုင်ခွင့် (IPRs) ပင်ဖြစ်သည်။ IPRS သည် တီထွင်မှုတိုးပွားစေရန် အရေးပါ သည်။ IPR ကိုင်ဆောင်သောလုပ်ငန်းများ သည် သူတို့ နည်းပညာသစ်နှင့် ထုတ်လုပ်မှုဖြစ်စဉ် များကို နည်းပညာကုန်သွယ်မှုအတွက် ရှင်းလင်းသည့်ပေါ် လစီပါတ်ဝန်းကျင်နှင့် အတူအကွ ဖွံ့ဖြိုးဆဲနိုင်ငံ များသို့ လွဲပြောင်းခြင်းမတိုင်မီ သူတို့အတွက်အရေးပါသော ထည့်သွင်းစဉ်းစား ရမည်မှာ IPR အကာအကွယ်ပေးခြင်းဖြစ်သည်။ နည်းပညာလှေကား၏ ရှေ့ပြေးအဆင့်တွင် အာဆီယံ အဖွဲ့ဝင်များ ဌ စင်္ကာပူသည် အာဆီယံတွင် IPR စနစ်အတိုးတက်ဆုံးဖြစ်သည်မှာ အံ့သြစရာမဟုတ်ပေ။ မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဘရူနိုင်းဒါရူစလင်နှင့် ဗီယက်နမ်တို့သည် သင့်တင့်စွာ တိုးတက်သော IPR စနစ်ရှိပြီး သို့သော် ဥပဒေပြဋ္ဌာန်းချက်မှာ စင်္ကာပူနှင့်နှိုင်းယှဉ်ပါက အားနည်းသည်။ ကမ္ဘောဒီးယား၊ လာအိုပီဒီအာ နှင့် မြန်မာတို့သည် TRIPS သဘောတူညီချက်နှင့် ကိုက်ညီသော IPR စည်းမျဉ်း ပြဋ္ဌာန်းရန်နှင့် အကောင် အထည်ဖော်ရန် စွမ်းရည်နှင့် ဆောင်ရွက်နိုင်အား ကင်းမဲ့သည်။ အာဆီယံ၏ စိန်ခေါ်မှုများ သည် တီထွင်မှု တိုးပွားလာစေရန် လိုအပ်ချက်များ ညှိနှိုင်းခြင်းနှင့် ကျယ်ပြန့်သော အဖွဲ့အစည်း၏ စိတ်ဝင်စားမှုများ သေချာစေခြင်းတို့မှ ဖွံ့ဖြိုးမှုအဆင့် ကျယ်ပြန့်သော ကွာဟချက်များအရ ဒေသတွင်း IPR လိုက်ဖက်ညီစေ ပုံနည်းလမ်းဖြစ်သည်။ (Rasiah, 2013) မည်သို့ပင်ဆိုစေ နည်းပညာလှေကား အဆင့်မြင့်မှုသည် ဆက်စပ်သော လိုအပ်ချက်များ ပိုမိုများပြားစွာ ဆိုက်ရောက်နိုင်မှုနှင့် ထိရောက်သော ပစ္စည်းဆိုင်ရာမူပိုင်ခွင့် အကာအကွယ်တို့ ရှိရပေမည်။ ဤအရာသည် လေ့လာမှုအဆင့်မှ အမှီလိုက်မှုအဆင့်သို့ အဆင့်တက်မည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် များစွာကိုက်ညီမှုရှိသည်။

နောက်ဆုံးအနေဖြင့် နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုသည် ရင်းနှီးမြှုပ်နှံမှုအတွက် လုပ်ငန်း ပတ်ဝန်းကျင်နှင့် လုပ်ငန်းဆောင်ရွက်ရန် လွယ်ကူမှုထောက်ပံ့ပေးမှုများ အားဖြင့် အဆင်ပြေချောမွေ့စေမည်။ အဆုံးတွင် နည်းပညာဖွံ့ဖြိုးမှုများစွာသည် ပုဂ္ဂလိကကဏ္ဍများ ရင်းနှီးမြှုပ်နှံမှု၊ အရင်းအနှီးကုန်စည် သို့မဟုတ် R&D တို့ ဖွဲ့စည်းပါဝင်မှုနှင့် ထုတ်လုပ်မှု ချိတ်ဆက်ခြင်းနှင့် လက်မောင်းအရှည်အပေးအယူကိစ္စများအရ သူတို့၏လုပ်ဆောင်ချက်များ စသည်တို့တွင် သူတို့၏ ဆုံးဖြတ်ချက်များအားဖြင့် အကြီးအကျယ် ပုံဖော်ခြင်းခံရသည်။ ရင်းနှီးမြှုပ်နှံမှု မြင့်မားခြင်း၊ အပြည်ပြည်ဆိုင်ရာ ချိတ်ဆက်မှု များပြားခြင်းနှင့် နည်းပညာ ဖွံ့ဖြိုးမှု တိုးပွားလာခြင်းတို့သည် ပုံပျက်မှုနည်းပါးစွာ ပိုမိုပွင့်နေသော စီးပွားရေးနှင့် ပိုမို ထိုးဖောက်မြင်နိုင်မှု၊ ပေါင်းစည်းမှုနှင့် တည်ငြိမ်သော ပါတ်ဝန်းကျင်တို့ကြောင့် အဆင်ပြေ ချောမွေ့နိုင်သည်။ ရင်းနှီးမြှုပ်နှံမှု မြင့်မားခြင်းနှင့် နည်းပညာ ဖွံ့ဖြိုးမှု တိုးပွားလာခြင်းတို့သည် ကောင်းမွန်သော အခြေခံအဆောက်အအုံနှင့် ပိုမိုကျွမ်းကျင်သော အလုပ်သမားများကဲ့သို့ စွမ်းဆောင်ရည် ပိုမိုပြည့်ဝပြီး ပေါင်းစည်းသော အဖွဲ့အစည်းများနှင့် အစိုးရ အေဂျင်စီနှင့် သင့်တော်သည်။ ရင်းနှီးမြှုပ်နှံမှုအတွက် လုပ်ငန်းပတ်ဝန်းကျင် ထောက်ပံ့ပေးမှု အကြောင်း ကိစ္စနှင့် လုပ်ငန်းဆောင်ရွက်ရန်လွယ်ကူခြင်းနှင့် စည်းမျဉ်းထိန်းသိမ်းရန် လုပ်ဆောင်ချက်များ ပေါင်းစည်းခြင်းတို့သည် ရှေ့လားမည့်အခန်း ၇ တွင် ဆွေးနွေးမည်။ မည်သို့ပင်ဖြစ်စေ အထက်တွင်ဖော်ပြခဲ့သော ကိစ္စများသည် အေအီးစီ အသေးစိတ်အစီအစဉ်နှင့် အာဆီယံ ဆက်နွယ်မှုမာစတာစီမံကိန်း(MPAC) တွင် ဖော်ပြခဲ့သည်။ ထို့ကြောင့် အေအီးစီ အသေးစိတ် အစီအစဉ်နှင့် MPAC သည် အာဆီယံ နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို ဖြည့်တင်းပေးသည်။

အာဆီယံတွင် နည်းပညာဖွံ့ဖြိုးတိုးပွားလာမှုနှင့် တီထွင်မှုများပေါက်ဖွားလာခြင်း- ၂၀၁၅ အလွန် လုပ်ဆောင်ရမည့်နည်းလမ်းများပေါ် အဓိက အကြံပြုချက်များအာဆီယံတွင် MNCS ပါဝင်သည့် "တီထွင်မှုမိတ်ဆွေများ ပတ်လမ်း (innovation-friendly loop)"တွင် ဒေသခံ လုပ်ငန်းများပါဝင်မှုကိုချဲ့ထွင်ရန်၊ နည်းပညာလွှဲပြောင်းပေးမှု တိုးပွားလာစေရန် နှင့် တီထွင်မှု များပေါက်ဖွားလာစေရန် တို့သည် အခြားအရာများအကြား အောက်ဖော်ပြပါများကို ဖြစ်ပေါ် စေသည်။

1. R&Dတွင်ရင်းနှီးမြှုပ်နှံရန် ဒေသခံလုပ်ငန်းများကို ပိုမို၍ အားပေးရန်နှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများတွင် နိုင်ငံအလိုက် R&D တွင် ရင်းနှီးမြှုပ်နှံမှုနှုန်းကို သိသိသာသာ မြှင့်တင် ရန်

2. လုပ်ငန်းများသို့ဘဏ္ဍာရေးဆိုင်ရာနှင့် MNC အရည်အသွေး စံသတ်မှတ်ချက်ကို ဖြည့်တင်းပေးရန်နှင့် ဒေသခံလုပ်ငန်းများ အဆင့်မြှင့်တင်ရာတွင် ကူညီရန် နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများ ၏ ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှုစရိတ်နှင့် သူတို့ ဘာသာ တီထွင်မှုများ ဖြစ်လာစေခြင်း စသည်တို့ဆွဲဆောင်မှုပေးခြင်းမှတစ်ဆင့် အနာဂတ်တွင် ရောင်းသူများနှင့် ကန်ထရိုက်တာခွဲများအဖြစ် ရွေးချယ်ထားသော ဒေသခံလုပ်ငန်းများသို့ MNC သည် နည်းပညာ လွှဲပြောင်းရာတွင် အစိုးရ၏ ဖြည့်တင်းပေးမှု အစီအစဉ် ဖွံ့ဖြိုးလာစေခြင်း

3. ကျွမ်းကျင်သော အခြေခံ၊ လူ့အရင်းအနှီး နှင့် စွမ်းဆောင်ရှင်များ အတွက် "မြင်နိုင်သောနှင့် မမြင်နိုင်သော အဖွဲ့များ" တောင့်တင်းခိုင်မာလာစေခြင်း။ ဤအရာသည် ခိုင်မာသောအရည်အသွေးရှိမှုနှင့် အထူးသဖြင့် နည်းပညာ၊ အင်ဂျင်နီယာနှင့် သိပ္ပံ နယ်ပယ်တို့တွင် စနစ်ကျသောပညာရေး၊ တက္ကသိုလ်-လုပ်ငန်းပေါင်းစည်းမှု စသည်တို့ကို တောင်းဆိုလာသည်။ ခိုင်မာသော ကွန်ယက်ပေါင်းစည်းမှုများ၊ ကာယလုပ်သား အလုပ်မျိုး များလာမှုကို အားပေးမှုများ သို့မဟုတ် ကုမ္ပဏီကျွမ်းကျင်မှုတည်ဆောက်ခြင်းနှင့် ပီနန် ကျွမ်းကျင်မှု ဖွံ့ဖြိုးမှုဌာန သို့မဟုတ် စင်္ကာပူသည် ၁၉၈၀ ခုနှစ်များတွင် ဂျပန်၊ ဂျာမနီ၊ နှင့် ပြင်သစ်တို့ဖြင့် ပေါင်းစည်းမှုတည်ဆောက်ခြင်းတို့ကဲ့သို့ နည်းပညာ လွှဲပြောင်းမှုကို အခြေခံသည် လူ့အရင်း ဖွံ့ဖြိုးလာခြင်း အတွက်အတည်တကျဖွဲ့စည်းမှုဆိုင်ရာ ယန္တယား တည်ဆောက်ခြင်းတို့ကို လည်းတောင်းဆိုလာသည်။

4. နည်းပညာဆိုင်ရာ လွှဲပြောင်းခြင်း၊ လက်ခံခြင်းနှင့်တီထွင်ခြင်းတို့အတွက် ပေါ်လစီ နှင့် ဖွဲ့စည်းပုံဆိုင်ရာ ပါတ်ဝန်းကျင်းတိုးမြင့်စေခြင်း၊ ယင်းတွင် အထူးပြု သုတေသန အဖွဲ့အစည်းနှင့် လေ့ကျင့်ရေး ပရိုဂရမ် တည်ဆောက်ရန်အတွက် အချို့အစိုးရ၏ ပူးပေါင်းရံပုံငွေ ထောက်ပံ့မှု ( ပုဂ္ဂလိကကဏ္ဍနှင့်အတူ) တို့လည်းပါဝင်သည်။ ကောင်းမွန်သော အသိဉာဏ် ပစ္စည်းဆိုင်ရာမူပိုင်ခွင့်လည်း ပါဝင်ရန်လိုအပ်သည်။

5. ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်း လုပ်ဆောင်ချက်များအတွက် ပေါ်လစီ နှင့် ဖွဲ့စည်းပုံဆိုင်ရာ ပတ်ဝန်းကျင် ခိုင်မာသောထောက်ပံ့မှု၊ ထိုအရာတွင် အရှေ့ပိုင်းအခန်းတွင် ဆွေးနွေးခဲ့သည့် ပေါင်းစည်းပြီး ပြိုင်ဆိုင်မှုမြင့်မားသော အာဆီယံ အတွက် အတိုင်းအတာသည် နယ်ပယ် အတိုင်းအတာ ကျယ်ပြန့်စွာပါဝင်သည်။ ဤအပိုင်းတွင် လုပ်ငန်းလုပ်ဆောင်ရန် ကောင်းစွာလွယ်ကူခြင်းနှင့် ပိုမိုလိုလိုလားလားရှိသော စည်းမျဉ်းများလိုက်နာရမည့်စနစ်တို့လည်း ပါဝင်သည် ( ဤစာအုပ်၏ အခန်း ၇ တွင် ရှင်းပြခဲ့သည်။)

# အခန်း ၅-က

# အားလုံးအကျုံးဝင်၍ကြံ့ခိုင်သော"အာဆီယံ" ဖန်တီးရေးဆီသို့

## နိဒါန်း

သာတူညီမျှသောစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များ ကျဉ်းမြောင်းစေခြင်းသည် အာဆီယံဒေသကို "ပေါင်းစည်းစီးပွားရေးအသိုက်အဝန်းဆီသို့" ရွေ့လျားစေရာတွင် အာဆီယံအဘိဓာန်၏ အရေးပါသောအစိတ်အပိုင်း အဖြစ်ရှိနေသည်။ အာဆီယံခေါင်းဆောင်ကြီးများသည်ဒေသဆိုင်ရာပေါင်းစည်းမှု၏အကျိုးကျေးဇူးများအတွက် သာတူညီမျှသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (သို့မဟုတ်) အားလုံးအကျုံးဝင်သောတိုးတက်မှုလိုအပ်ပုံကို ဒေသအတွင်း လူအားလုံးက အပြည့်အဝ နားလည်သဘောပေါက် မျှဝေခံစားရန် အမြဲတစေသတိမူလျက်ရှိသည်။ အမှန်စင်စစ် အာဆီယံ စီးပွားရေး အသိုက်အဝန်းလမ်းညွှန်မြေပုံ (AEC Blueprint) ၏ တတိယမဏ္ဍိုင်ဖြစ်သော "သာတူညီမျှသော စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့်ဒေသတစ်ခုဆီသို့" ဟူသည် သာတူညီမျှသောစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (သို့မဟုတ်) အားလုံးအကျုံးဝင်သော တိုးတက်မှုကို အာဆီယံခေါင်းဆောင်ကြီးများက အရေးပေးအလေးထားခဲ့ကြောင်းရှင်းလင်းစွာပြဆိုသည်။ အာဆီယံခေါင်းဆောင်ကြီးများသည်စီးပွားရေးနှင့် စီးပွားရေးမဟုတ်သော ထိခိုက်မှုများအပေါ်အာဆီယံ၏ ကြံ့ကြံ့ခိုင်ခိုင်စွမ်းရည်၏ အရေးကြီးမှုကိုလည်း ထောက်ပြထားသည်။

ဤဘက်ပေါင်းစုံပေါင်းစည်းရေးအစီရင်ခံစာ၏ အခန်း(၁) တွင် ၂၀၁၅ ခုနှစ် အလွန်တွင် အာဆီယံအဖွဲ့ကြီးအတွင်း ကျန်ရှိနေသော မပြစ်မနေ လုပ်ဆောင်ရမည့် အထဲတွင် အာဆီယံပြည်သူများအားလုံး တိုးတက်မှုတွင် အကျုံးဝင်နိုင်ရန် ဖော်ပြထားပါသည်။ အာဆီယံနိုင်ငံအများစုတွင် ဆင်းရဲနွမ်းပါးသူအရေအတွက်နှင့် ဆင်းရဲသူစာရင်းဝင်ဟုမဆိုနိုင်ယုံမှားဖွယ်ဖြစ်သောအရေအတွက်မှာ ကြီးမားနေဆဲဖြစ်ပါသည်။ ၂၀၀၀ ခုနှစ်များ နောက်ပိုင်းတွင် အာဆီယံလူဦးရေ၏ တစ်ဝက်ခန့်မှာ တစ်နေ့လျှင် တစ်ဦးကျဝင်ငွေ ၂ ဒေါ်လာ အောက်ဝယ်နိုင်စွမ်းအားရှိသောသူများ ဖြစ်ကြသည်။ ယင်းလူဦးရေ၏ သန်းတစ်ရာ မျှသောလူဦးရေသည် တစ်နေ့လျှင် တစ်ဦးကျဝင်ငွေ ၁.၂၅ ဒေါ်လာမျှသော ဆင်းရဲမျဉ်းအောက်တွင် နေထိုင်လျက်ရှိသည်။ ယင်းဆင်းရဲသူများနှင့် ဆင်းရဲသူစာရင်းဝင်ဟုမဆိုနိုင်မဆိုနိုင် ယုံမှားဖွယ်ဖြစ်သောသူများသည် သဘာဝဘေးအန္တရာယ်နှင့် စွမ်းအင်ပြတ်လတ်မှုတို့ကြောင့် ဖြစ်ပေါ်လာ

မည့် စားနပ်ရိက္ခာ ထုတ်ကုန်များ၏ ရောင်းလိုအားပြတ်လတ်မှု နှင့် ဈေးနှုန်းမြင့်တက်မှုများကို ခံနိုင်ရည်စွမ်းမရှိကြပေ။ ထိုအပြင် ဝင်ငွေမညီမျှမှုနှင့် စပ်လျဉ်း၍ အာဆီယံသည်တရုတ်ပြည် သူ့သမ္မတနိုင်ငံ နှင့် လက်တင်အမေရိက နိုင်ငံအများစုထက် သာလွန် ကောင်းမွန်ကြောင်း မှတ်တမ်းများ ရှိသော်လည်း AMSs တွင် ဝင်ငွေ မညီမျှမှုနှင့်စပ်လျဉ်း၍ မှတ်တမ်းများရောထွေး လျက်ရှိသည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ်အလွန်တွင် အာဆီယံပြည်သူများအားလုံးအကျုံးဝင် နိုင်ရေးနှင့်ကြံ့ခိုင်စွမ်းရှိသည့်အာဆီယံကြီးဖန်တီးဖြစ်ပေါ်လာရေးသည် အာဆီယံ၏ အဓိက စိန်ခေါ်မှုကြီးတစ်ရပ် အဖြစ် တည်ရှိနေပါသည်။

၂၀၀၉ - ၂၀၁၅ အာဆီယံစီးပွားရေးအသိုက်အဝန်းအခြေပြမြေပုံ၏ တတိယ မဏ္ဍိုင်ကြီးအနက် အသေးစားနှင့် အလတ်စား လုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှု နှင့် အာဆီယံပေါင်းစည်းရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှု ဟူသောအဓိကဦးစားပေးလုပ်ငန်းနှစ်ရပ်ကို အာရုံစူးစိုက်ထားပြီးဖြစ်ပါ သည်။ ယင်းကပင်လျှင် ဤအခန်းကိုကျယ်ပြန့်စေပါသည်။ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအပြင် ဤအခန်းတွင် ပထဝီဝင်ဆိုင်ရာ နယ်ပယ် အပါအဝင်၊ အကျုံးဝင်မှုနှင့် ပထဝီဝင်ဆိုင်ရာ နယ်ပယ်အကျုံးဝင်မှု၏ အရေးပါမှုများကို ဆွေးနွေးထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဒေသအတွင်း ဖွံ့ဖြိုးမှုကွာဟမှုနည်းပါးစေမည့် အဓိက နည်းလမ်းတစ်ခုအဖြစ် လည်းကောင်း၊ လယ်ယာကဏ္ဍ၏အရေးပါမှုသည် တောင့် တင်း ခိုင်မာသောတိုးတက်မှုအတွက် ဖြစ်သလို စားနပ်ရိက္ခာဖူလုံရေးအတွက် လည်းကောင်း အထူးအလေးပေးထားပါသည်။ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လုံခြုံစိတ်ချရမှုတို့သည် ဒေသတွင်းလူမှုရေးနယ်ပယ်အကျုံးဝင်မှုနှင့် ကြံ့ခိုင်နိုင်စွမ်းဖန်တီးမှုကိုပိုလျှံ ဖြစ်ပေါ်လာစေပါ သည်။ ဆက်လက် ဖော်ပြမည့်အခန်း ၅-ခ သည် ကြံ့ကြံ့ခိုင်နိုင်စွမ်းရှိသော သန့်ရှင်းပြီး စိမ်းစိုသော အာဆီယံအတွက် စွမ်းအားကိုစူးစိုက်တင်ပြသွားပါမည်။

## အာဆီယံနိုင်ငံများတွင် အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးမှု [1]

အာဆီယံတွင် အသေးစားနှင့်အလတ်စား လုပ်ငန်းများဖွံ့ဖြိုးမှုအရေးပါမှုနှင့် ယင်းကို ထောက်အကူပြုမည့်မူဝါဒဝန်းကျင်

အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် လုပ်ငန်းများ၏ ၉၅ - ၉၉ ရာခိုင်နှုန်းသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများဖြစ်သောကြောင့် ယင်းအသေးစားနှင့် အလတ်စားလုပ်ငန်းများသည် အာဆီယံ စီးပွားရေးပေါင်းစည်းရေးတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

[1] This section is largelycontributed byOum, ERIA

အာဆီယံနိုင်ငံများ၏ အဓိကကျောရိုးစီးပွားရေးလုပ်ငန်းများ ဖြစ်ပါသည်။ ယင်းလုပ်ငန်းများသည် ဒေသအတွင်းအလုပ်အကိုင်ရရှိမှု၏ ၄၃ - ၉၇ ရာခိုင်နှုန်းကို ဖန်တီးပေးနိုင်ခဲ့သကဲ့သို့ စုစုပေါင်းတိုင်းပြည်ထုတ်ကုန်၏ ၂၃-၅၈ ရာခိုင်နှုန်းနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စုစုပေါင်းပို့ကုန်တွင် ၁၀ - ၃၀ ရာခိုင်နှုန်းကြားပါဝင် ဖြည့်ဆည်းပေးခဲ့/အထောက်အကူပြုခဲ့ပါသည်။ (ဇယား ၅က.၁ တွင်လေ့လာနိုင်ပါသည်။)

ဇယား(၅က.၁) သည် အာဆီယံစီးပွားရေးအသိုက်အဝန်းအခြေပြမြေပုံ၏ တတိယမဏ္ဍိုင်အကောင်အထည်ဖော်ရာတွင် အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် အဘယ်ကြောင့်တိုက်ရိုက် အထောက်အကူပြုနေရသလဲကို ဖော်ညွှန်းရန် အထောက်အကူပြုသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ယင်းလုပ်ငန်းများက အလုပ်အကိုင်ရရှိမှုကိုများစွာအထောက်အကူပြုသလို အလုပ်အကိုင်ရရှိမှု ဖန်တီးပေးခြင်းသည် ဆင်းရဲနွမ်းနွမ်းပါးမှု လွတ်မြောက်ရန် အဓိကနည်းလမ်းတစ်ခု ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် လုပ်ငန်းအများစုသည် အသေးစားနှင့် အလတ်စား လုပ်ငန်းများဖြစ်သည့်နှင့်အညီ ပြောင်းလဲနေသော စီးပွားရေး အဆောက်အအုံသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများတိုးတက်မှုနှင့် ပြောင်းလဲမှုပေါ်တွင် မူတည်နေပါသည်။ ဆိုလိုသည်မှာ ဒေသကြီး၏ စီးပွားရေးလုပ်ဆောင်နေသူများသည်အသေးစားနှင့်အလတ်စားလုပ်ငန်းများ (အသေးစားလုပ်ငန်းများအပါအဝင်) ဖြစ်သောကြောင့်ဖြစ်သည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ခြင်းသည် အာဆီယံစီးပွားရေးအသိုက်အဝန်း တတိယမဏ္ဍိုင် ဖြစ်သည့် သာတူညီမျှသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက အာဆီယံဒေသ အတွင်းရှိနိုင်ငံများကြားယှဉ်ပြိုင်နိုင်စွမ်းရှိမှုနှင့်တောင့်တင်းခိုင်မာမှုသည်ဒေသအတွင်းရှိအသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းရှိမှုနှင့် တောင့်တင်းခိုင်မာမှုပေါ်တွင်များစွာမူတည်နေပါသည်။

## ဇယား ၅က.၁ - စီးပွားရေးအဆောက်အဦတွင် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ၏အရေးပါမှု(ရွေးချယ်ထားသောနှစ်များ)

| Country | Share of Total Establishment | | Share of Total Employment | | Share of GDP | | Share of Total Exports | |
|---|---|---|---|---|---|---|---|---|
| | Share | Year | Share | Year | Share | Year | Share | Year |
| Brunei Darussalam | 98.4% | 2008 | 58.0% | 2008 | 23.0% | 2008 | - | - |
| Cambodia | 99.8% | 2011 | 72.9% | 2011 | - | - | - | - |
| Indonesia | 99.9% | 2011 | 97.2% | 2011 | 58.0% | 2011 | 16.4% | 2011 |
| Lao PDR | 99.0%* | 2006 | 81.4% | 2006 | - | - | - | - |
| Malaysia | 97.3% | 2011 | 57.4% | 2012 | 32.7% | 2012 | 19.0% | 2010 |
| Myanmar | 88.8%** | - | - | - | | - | - | - |
| Philippines | 99.6% | 2011 | 61.0% | 2011 | 36.0% | 2006 | 10.0% | 2010 |
| Singapore | 95.9% | 2011 | 43.6% | 2011 | 45% | 2012 | - | - |
| Thailand | 99.8% | 2012 | 76.7% | 2011 | 37.0% | 2011 | 29.9% | 2011 |
| Viet Nam | 97.5% | 2011 | 51.7% | 2011 | 40.0% | - | 20.0% | - |

မှတ်ရန် - အေဒီဘီ (၂၀၁၃)၊ တရားဝင်မှတ်ပုံတင်ထားသောလုပ်ငန်းအရေအတွက်ပေါ်အခြေခံထားသည်။

ဇာစ်မြစ်- Country's Reports, ERIA (2013c).

သို့သော်လည်း ဒေသအတွင်းရှိ အသေးစားနှင့် အလတ်စား လုပ်ငန်း များသည် ငွေကြေး၊ နည်းပညာ နှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဈေးကွက်များ နှင့်စပ်လျဉ်း၍ အခွင့်အလမ်းရရန် အခက်အခဲများနှင့်ရင်ဆိုင်ရကြောင်းတင်ပြထားပါသည်။ စီးပွားရေးစွမ်းဆောင်နိုင်မှု၊ ထုတ်ကုန်များနှင့်ပတ်သက်သောစံချိန်စံညွှန်းနှင့်စပ်လျဉ်း၍လေးစားလိုက်နာမှု၊ ဈေးကွက်ရရှိနိုင်မှု နှင့် စီမံခန့်ခွဲမှုတို့သည် အာဆီယံ ဒေသတွင်းရှိ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ ရင်ဆိုင်နေရသောအခက်အခဲများဖြစ်သည်။ ထိုအပြင် ပြောင်းလဲတတ်သော လောကဓံတရားကြောင့် ဖြစ်ပေါ်တတ်သည့် စီးပွားရေးမတည်ငြိမ်မှုများကို အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများသည် လုပ်ငန်းကြီးများနှင့် နှိုင်းစာလျှင် ခံနိုင်စွမ်းရည်နည်းသည်။ ယင်းတို့သည် စွန့်စားရမှုစီမံခန့်ခွဲမှုနည်းဗျူဟာ အကောင် အထည်ဖော်ခြင်းစားသုံးသူများ၏ပေးချေမှုအရှိန်အဟုန်မြင့်တင်ခြင်း၊ ကျွမ်းကျင်လုပ်သားများ အထူးသဖြင့် အဆင့်မြင့်နည်းပညာများအသုံးပြုမည့်အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက်ကျွမ်းကျင်လုပ်သားများ၏ဝန်ဆောင်မှုရရှိရေး၊ စရိတ်လျှော့ချနိုင်ရေး၊ အမျိုးမျိုးသောဈေးကွက်သစ်ရရှိရေးတို့နှင့်တိုးတက်ကောင်းမွန်သောအသင်းအဖွဲ့နှင့်ဆိုင်သော အုပ်ချုပ်မှုပေါ်အလေးထားခြင်းများဖြင့်ဖွံ့ဖြိုးတိုးတက်မှုဆီသို့ တွန်းအားပေးသည်။

သို့သော်လည်း ယင်းတို့ကြောင့် လုံလောက်သောတုန့်ပြန်မှုမဖြစ်သော်လည်း သင့်တင့်လျောက်ပတ်သောမူဝါဒများချမှတ်ပေးခြင်းဖြင့် ရရှိလာမည့် အခြေအနေကိုအထောက်အကူပြုနိုင်မည်ဖြစ်သည်။

အကျိုးဆက်အားဖြင့် သင့်တင့်သော အသေးစားနှင့် အလတ်စား လုပ်ငန်းများမူဝါဒမူဘောင်သည်အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပုဂ္ဂလိကကဏ္ဍ တိုးတက်မှုအတွက် အရေးပါသည်။ ဒေသ ဆိုင်ရာကုန်သွယ်ဖက်နိုင်ငံများမှ ပေါ်ထွက်လာမည့် ပြင်ပအနောက်အယှက်များ၏ပြောင်းပြန်အကျိုးသက်ရောက်မှုသည် အာဆီယံဒေသအတွင်း ဒေသအဆင့် ၊ နိုင်ငံအဆင့်ခွဲခြား၍ စီးပွားရေးအဆောက်အဦပေါ်အကျိုးသက်ရောက်စေမည့်ပြဿနာအနည်းဆုံးဖြစ်စေရန်လည်းလိုအပ်ပါသည်။ ဒေသအတွင်းအသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် မူဝါဒစည်းမျဉ်းများကို အာဆီယံဦးဆောင်ဦးရွက် ပြုလုပ်ဆောင်ရွက်မှု နှင့် သဘောတူညီမှုမှပြဌာန်းသလို နိုင်ငံတော်မူဝါဒနှင့် အစီအစဉ်မှလည်းပြဌာန်းပါသည်။ ဤရည်ရွယ်ချက်ပန်းတိုင်သို့ ရောက်ရှိစေရန် အာဆီယံ နိုင်ငံတွင်းနှင့်ဒေသဆိုင်ရာအဆင့်များတွင် အသေးစားနှင့် အလတ်စား လုပ်ငန်းများ မူဝါဒဘောင်များနှင့်လိုက်လျောညီထွေဖြစ်ရန် လိုအပ်ပါသည်။ ထိုအပြင် ယင်းမူဝါဒများ၊ အစီအစဉ်များနှင့်အဖွဲ့အစည်းများသည်အာဆီယံဒေသတွင်းရှိအသေးစားနှင့်အလတ်စားလုပ်ငန်းများ၏ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုသလားအပေါ် ပြီးပြည့်စုံသော၊ ထိရောက်မှုရှိသောကြီးကြပ်ပေးမည့် ကရိယာဖြစ်ရန်လိုသည်။ အာဆီယံအသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ခိုင်မာစေရေးအတွက် မူဝါဒထောက်ပံ့ပေးခြင်း၊ လုပ်ဆောင်ချက်များ၊ ဖြည့်စွက်လုပ်ဆောင်ချက်များနှင့် သင့်လျော်သောဆက်သွယ်များမှတဆင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ လိုအပ်သောဘဏ္ဍာငွေထောက်ပံ့ပေးနိုင်မှု၊ နည်းပညာနှင့် တီထွင်မှုများထောက်ပံ့ပေးနိုင်မှု၊ အပြည်ပြည်ဆိုင်ရာ ဈေးကွက်ရရှိနိုင်မှုတို့ကိုဆောင်ရွက်ပေးရန်လိုသည်။ အာဆီယံအသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ခိုင်မာစေရေးအတွက် စတင်ထူထောင်ခါစ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဘဏ္ဍာငွေထောက်ပံ့ပေးရန် အရေးကြီးသည်။

## အာဆီယံအသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအကောင် အထည်ဖော်မှုနှင့် အာဆီယံအသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများ မူဝါဒ ညွှန်းကိန်း

အာဆီယံစီးပွားရေးအသိုက်အဝန်းသည် ၂၀၀၄-၂၀၁၄ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်အာဆီယံမူဝါဒအခြေပြမြေပုံ (APBSD) နှင့် ၂၀၁၀-၂၀၁၅အာဆီယံအသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးမှုအတွက်မဟာဗျူဟာလုပ်ဆောင်ချက်အစီအမံ (SAPASD) တို့မှတဆင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးမှုပေါ်အလေးပေးခဲ့သည်။ APBSD သည် အဓိကဦးစားပေးမှု အစီအစဉ် ငါးခုနှင့်စပ်လျဉ်း၍ မဟာဗျူဟာအစီအစဉ်များနှင့် မူဝါဒလုပ်ဆောင်ချက်များ ချမှတ်ခဲ့ပါသည်။ ယင်းဦးစားပေး အစီအစဉ်များမှာ (က) လူ့အရင်း အမြစ်ဖွံ့ဖြိုးတိုးတက်ရေး နှင့် လူ့အရင်းအမြစ်များ၏ လုပ်ဆောင်မှုစွမ်းရည် တည်ဆောက်မှု အစီအစဉ်၊ (ခ) အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများ ဈေးကွက်စွမ်းရည်ရရှိရေး၊ (ဂ) ဘဏ္ဍာငွေရရှိစေရေး၊ (ဃ) နည်းပညာရရှိစေရေး၊ (င) မူဝါဒ ပတ်ဝန်းကျင်ကောင်း ဖန်တီးပေးရေး တို့ဖြစ်ပါသည်။

ကျစ်လစ်ပြီး အသေးစိတ်ရေးဆွဲဖော်ပြထားသောမူဝါဒလုပ်ဆောင်ချက်များ သတ်မှတ်ချိန်အတွင်းအကောင်အထည်ဖော်မှုနှင့် ရည်ညွှန်းသောရလဒ်ကောင်းများကို သတ်မှတ်ပြီးဖြစ်သည်။

APBSD သည်အာဆီယံဒေသအတွင်း သာတူညီမျှသော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် သော့ချက်ကျသောစီမံချက်တစ်ခုဖြစ်သည့် ၂၀၁၀-၂၀၁၅အာဆီယံအသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးမှုအတွက်မဟာဗျူဟာလုပ်ဆောင်ချက် အစီအမံ (SAPASD) နေရာတွင် အစားထိုး ဝင်ရောက်ခဲ့ပါသည်။

မဟာဗျူဟာလုပ်ဆောင်ချက်သည် (က) ဘဏ္ဍာငွေရရှိရန် (ခ) လွယ်ကူ ချောမွေ့စေရန် (ဂ) နည်းပညာဖွံ့ဖြိုးတိုးတက်စေရန်၊ (ဃ) အဆင့်တိုးမြှင့်ခြင်းနှင့် (င) လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်ချမှတ်ခဲ့ပါသည်။

APBSD နှင့် မဟာဗျူဟာစီမံချက်သည် ဒေသဆိုင်ရာ ကနဦး အစီအစဉ်ပေါ်အလေးပေးထားပြီး ဆီလျော်မှုရှိသော နိုင်ငံဆိုင်ရာ အသေးစားနှင့် အလတ်စားမူဝါဒများနှင့်ကိုက်ညီမှုပေါ် အလေးပေးမှု လျော့နည်းသည်။ သို့သော်လည်း ဒေသဆိုင်ရာ အသေးစားနှင့်

အလတ်စားလုပ်ငန်းများသည် နိုင်ငံတော်နှင့် ဒေသဆိုင်ရာမူဝါဒနယ်ပယ်နှင့် ကနဦး အကောင်အထည် ဖော်ဆောင်မည့်အစီအစဉ်ပေါ် မူတည်ပြီးအကျိုးသက်ရောက်နိုင်ပါသည်။ ထိုအပြင် APBSD နှင့် မဟာဗျူဟာစီမံကိန်း တိုးတက်မှုနှင့် ထိရောက်သော အကောင်အထည် ဖော်မှုကို ရှာနိုင်မည့်လမ်းကြောင်းအတွက်စနစ်ကျသော ယန္တရား မရှိဟုထင်မြင်ရပါသည်။ အာဆီယံစီးပွားရေးအသိုက်အဝန်း အခြေပြမြေပုံ အကောင်အထည်ဖော်မှု၏နှစ်လယ် ဆန်းစစ်ချက်အရ အာဆီယံဒေသတွင်းရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် အဓိကပါဝင်ပတ်သက်သူများ၏ ထင်မြင်ချက်ပေါ် အခြေခံပြီး အကောင်းဆုံးအောင်မြင်မှုကို ဖော်ပြခဲ့ပါသည်။

အာဆီယံတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် မူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာ ဝန်းကျင်စွမ်းအားခိုင်မာစေရန်ပါဝင်ဖြည့်ဆီးနိုင်ရေးအတွက်အာဆီယံအသေးစားနှင့်အလတ်စားလုပ်ငန်းများအဖွဲ့ နှင့် အာဆီယံနှင့် အရှေ့အာရှစီးပွားရေးသုတေသန (အီရီယာ သုတေသန) အဖွဲ့တို့က အသေးစားနှင့် အလတ်စားလုပ်ငန်း မူဝါဒညွှန်းကိန်းကို OECD အသေးစားနှင့် အလတ်စားလုပ်ငန်း မူဝါဒ ညွှန်းကိန်း စေ့ဆော်မှု မှတဆင့် တိုးတက် ကောင်းမွန်လာစေသည်။ OECD အသေးစားနှင့် အလတ်စားလုပ်ငန်းမူဝါဒညွှန်းကိန်းကို Western Balkans နှင့် Turkey နိုင်ငံတို့တွင် မူဝါဒအပြန်အလှန်ဆွေးနွေးခြင်း လွယ်ကူချောမွေ့စေရန်နှင့် ဒေသအတွင်း လက်တွေ့ကျင့်သုံးမှု မြှင့်တင်ရန်နှင့် စီမံကိန်းပူးပေါင်းဆောင်ရွက်ရန် စောင့်ကြည့်ရေး ကိရိယာတစ်ခုအနေဖြင့်လည်းကောင်း အောင်မြင်စွာ အသုံးပြုနိုင်ခဲ့ပါသည်။ [2]

အာဆီယံအသေးစားနှင့် အလတ်စားလုပ်ငန်းများမူဝါဒညွှန်းကိန်းသည် အာဆီယံဒေသ အဆင့်နှင့် နိုင်ငံအဆင့်တွင် ကနဦး အကောင်အထည်ဖော်မှုနှင့် ရှုဒေါင့်ပေါင်းစပ်ခြင်းအားဖြင့် APBSD နှင့် မဟာဗျူဟာစီမံကိန်း ပေါ်တွင်ပိုမိုကောင်းမွန်အောင် ပြုလုပ်နိုင်ပါသည်။ အာဆီယံအသေးစား နှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ချက်များရရှိရန် OECDအသေးစားနှင့်အလတ်စားလုပ်ငန်းမူဝါဒညွှန်းကိန်းနှင့်အာရှပစိဖိတ်စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ (အေပက်) မှ ပြုလုပ်သော လေ့လာမှုမှ ထွက်ပေါ်လာသောအသိတို့ကို ကောက်ချက်ချခြင်းဖြင့် အာဆီယံ အသေးစားနှင့်အလတ်စားလုပ်ငန်းမူဝါဒညွှန်းကိန်းသည် APBSD နှင့် မဟာဗျူဟာစီမံကိန်းတို့မှညွှန်ပြထားသောရှုဒေါင့်ထက် မူဝါဒပိုင်းဆိုင်ရာရှုဒေါင့် ပိုများသည်။

---

[2] The OECD SME Policy Index has also been adapted and replicated in North Africa and the Middle East region, the Eastern Partnership countries of the EU (Armenia, Azerbaijan, Belarus, Georgia, Moldova and Ukraine) and country-specific assessments in Egypt, Morocco and Moldova.

အာဆီယံအသေးစားနှင့်အလတ်စားလုပ်ငန်းမူဝါဒညွှန်းကိန်းသည် အာဆီယံအသေးစားနှင့် အလတ်စားလုပ်ငန်းမူဝါဒညွှန်းကိန်းလုပ်ဆောင်မှုအဖွဲ့နှင့်အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အသုံးဝင်သောလုပ်ဆောင်ချက်များ ဖြစ်မည်ဟုမျှော်လင့်နိုင်သည်။ OECD အသေးစားနှင့် အလတ်စား လုပ်ငန်းမူဝါဒညွှန်းကိန်း(OECD၂၀၀၉) ၏ လုပ်ဆောင်ချက်များနှင့် အလား တူပါသည်။ ယင်းတို့မှာ -

၁။ အသေးစားနှင့်အလတ်စားလုပ်ငန်းများ မူဝါဒဖွံ့ဖြိုးတိုးတက်မှုကို ပြန်လည်ဆန်းစစ် ရန်မူဝါဒရှုဒေါင့်အမျိုးမျိုးနှင့် နိုင်ငံအချင်းချင်းကြားတွင် ပြောင်းလဲနေသည့်အစီအမံများဖြင့် ဆန်း စစ်ရန်

၂။ အသေးစားနှင့်အလတ်စားလုပ်ငန်းမူဝါဒဖွံ့ဖြိုးတိုးတက်စေရေး စောင့်ကြည့်ရန် နှင့် နှိုင်းယှဉ်ရန်အတွက် ပူးတွဲမှုဘောင်များဖွံ့ဖြိုးလာမှုအပေါ် သဘောတူညီထားသောဘုံမူဝါဒ ရည်မှန်းချက်များ ဝေငှပေးသောနိုင်ငံအုပ်စုများ၏ဖြစ်စဉ်နှင့်

၃။ မူဝါဒဆိုင်ရာဆွေးနွေးမှုများနှင့် ကောင်းမွန်သောအလေ့အကျင့်များ၊ အတွေ့အကြုံများ လဲလှယ်ခြင်းမှုဘောင်တို့ပါဝင်ပါသည်။

ပိုယှဉ်ပြိုင်နိုင်စွမ်းရှိသော၊ အသစ်တီထွင်နိုင်စွမ်းရှိသော၊ ပြောင်းလဲနိုင်စွမ်း ရှိသောအသေး စားနှင့်အလတ်စားလုပ်ငန်းများဖြစ်ရန်အာဆီယံ အသေးစား နှင့်အလတ်စားလုပ်ငန်းမူဝါဒ ညွှန်ကိန်းများသည် သံသရာစက်ဝန်း ငါးဆင့်ပါဝင်သော(မစတင်မီအချိန်၊ စတင်သည့်အချိန်၊ တိုးတက်မှုအချိန်၊ ရင့်ကျက်ချိန်နှင့် ပြန်လည်သက်ဝင်နိုးကြွလာချိန်) အသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့်ဆီလျော်မှုရှိသော စီးပွားရေး ဝန်းကျင်ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ရပါမည်။ ယင်းမူဝါဒညွှန်းကိန်းသည် ပြီးပြည့်စုံသော၊ ထိရောက်မှုရှိသော၊ စစ်ဆေး ပေးသော ကရိယာ တစ်ခုဖြစ်သည်။ ယင်းသည် မူဝါဒဆိုင်ရာဆွေးနွေးမှုများနှင့် အလေ့အကျင့်ကောင်းများဆီသို့ ထိန်းညှိပေးခြင်း နှင့် မူဝါဒဆိုင်ရာပတ်ဝန်းကျင်ဆက်သွယ် မှုကို လွယ်ကူအောင်ပြုလုပ်ပေးပါသည်။ (ကားချပ် ၅ က-၁)

### ကားချပ် ၅က.၁ - အသေးစားနှင့်အလတ်စားလုပ်ငန်းဖွံ့ဖြိုးမှုမူဝါဒဘောင်နှင့် လုပ်ငန်း လည်ပတ်ပုံ

| လမ်းညွှန်ဥပဒေသ | မူဝါဒရှုဒေါင့် | အသေးစားနှင့် အလတ်စားလုပ်ငန်းများ လည်ပတ်ပုံ |
| --- | --- | --- |
| သတင်းအချက်အလက် မတူညီသောကုန်စည်များ၊ လုပ်သားများနှင့်ငွေကြေး ဈေးကွက်များ | ၁။ အဖွဲ့အစည်းဆိုင်ရာမူဘောင် | ၀။ မစတင်မီအချိန်၊ |
| | ၂။ ဝန်ဆောင်မှုပံ့ပိုးနိုင်မှု | |
| ပြည်သူ့ကုန်စည်များ- ပုံသေစရိတ်၊ အဆောက် အဦ၊ နည်းပညာ၊ သုတေသနနှင့် ဖွံ့ဖြိုး တိုးတက်မှု | ၃။ အသေးစားနှင့် အလတ် စားလုပ်ငန်းများအတွက်ပိုမိုကောင်းမွန်သော ဥပဒေနှင့် စည်းမျဉ်းများနှင့် စရိတ်စက သက်သာမှုနှင့် လျင်မြန်သောဖွဲ့စည်းပုံ | ၁။စတင်သည့်အချိန်၊ |
| | ၄။ ဘဏ္ဍာငွေရရှိမှု | |
| အဖွဲ့အစည်းဆိုင်ရာ ချို့ယွင်းချက်များ<br>-ပူးပေါင်းဆောင် ရွက်မှု<br>-စည်းမျဉ်းများ<br>-မျှတသောယှဉ်ပြိုင်မှုကိုယ်စား ပြုခြင်း အစရှိသဖြင့် | ၅။ နည်းပညာနှင့် နည်းပညာလွှဲပြောင်းရယူမှု | ၂။တိုးတက်မှုအချိန်၊ |
| | ၆။ အပြည်ပြည်ဆိုင်ရာဈေးကွက်ကျယ်ပြန့်လာစေခြင်း | |
| | ၇။စွန့်ဦးတီထွင်မှုများနှင့် သက်ဆိုင်သော ပညာရေးမြှင့်တင်ပေးရန် | ၃။ရင့်ကျက်ချိန် |
| | ၈။ အသေးစားလုပ်ငန်းများ၏ စိတ်ဝင်စားမှုကိုပိုမိုထိရောက်စွာကိုယ်စားပြုရန် | |
| | | ၄။ပြန်လည်သက်ဝင်နိုးကြွလာချိန် |
| မူဝါဒရည်မှန်းချက်များ | | |
| ယှဉ်ပြိုင်မှု မြင့်မားသော တီထွင်ဖန်တီးနိုင်သောနှင့် ပြောင်းလဲနိုင်စွမ်းရှိသော SME ကဏ္ဍ | | |

ဇာစ်မြစ် - ERIA (2013c)

အာဆီယံအသေးစားနှင့် အလတ်စားမူဝါဒညွှန်းကိန်းအတွက် စည်းမျဉ်း ဘောင်သည် OECD အသေးစားနှင့်အလတ်စားလုပ်ငန်း မူဝါဒညွှန်းကိန်း ချဉ်းကပ်နည်းကိုလိုက်နာသည်။ ဆိုလိုသည်မှာ ယင်းညွှန်းကိန်းတွင် မူဝါဒဆိုင်ရာရှုဒေါင့်များကိုပေါင်းစပ်ထားပြီး ဤရှုဒေါင့်များထဲတွင် ရှုဒေါင့်အခွဲများထပ်ပြီးခွဲခြမ်းစိတ်ဖြာထားပါသည်။ ဤရှုဒေါင့်အခွဲတိုင်းတွင်ညွှန်းကိန်းများစွာရှိပါသည်။ ဤညွှန်းကိန်းအသီးသီးတွင် မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအဆင့်များနှင့် သို့မဟုတ် မူဝါဒဆိုင်ရာပြုပြင် ပြောင်းလဲမှု များပါဝင်ပါသည်။

အာဆီယံအသေးစားနှင့် အလတ်စားလုပ်ငန်းအခြေပြမြေပုံ၊ မဟာဗျူဟာ စီမံချက်နှင့် OECD ပေါ်အခြေခံပြီး အာဆီယံမူဝါဒညွှန်းကိန်း၏ မူဝါဒ ဆိုင်ရာရှုဒေါင့် (၈)ခုကို အောက်တွင် ဖော်ပြထားပါသည်။

၁။ အဖွဲ့အစည်းဆိုင်ရာမူဘောင်ချမှတ်ရန်

၂။ ဝန်ဆောင်မှုလုပ်ငန်းများအားထောက်ပံ့နိုင်ရန်

၃။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ အတွက် ပိုမိုကောင်းမွန်သော ဥပဒေ နှင့် စည်းမျဉ်းများနှင့် စရိတ်စကသက်သာမှု နှင့် လျင်မြန်သောဖွဲ့စည်းပုံ

၄။ ဘဏ္ဍာငွေရရှိမှု

၅။ နည်းပညာနှင့် နည်းပညာ လွှဲပြောင်း ရယူမှု

၆။ အပြည်ပြည်ဆိုင်ရာဈေးကွက် ကျယ်ပြန့် လာစေခြင်း

၇။ စွန့်ဦးတီထွင်မှုများနှင့် သက်ဆိုင်သောပညာရေးမြှင့်တင်ပေးရန်

၈။ အသေးစားလုပ်ငန်းများ၏စိတ်ဝင်စားမှုကိုပိုမိုထိရောက်စွာ ကိုယ်စားပြုရန် တို့ဖြစ်ပါသည်။

အာဆီယံအသေးစားနှင့်အလတ်စားလုပ်ငန်းမူဝါဒညွှန်းကိန်းများ ဖြစ်သည့် မူဝါဒဆိုင်ရာရှုဒေါင့်၊ မူဝါဒခွဲဆိုင်ရာရှုဒေါင့်၊ ညွှန်းကိန်းများနှင့် မူဝါဒဆိုင်ရာပြုပြင် ပြောင်းလဲမှု

အဆင့်များသည် OECD အသေးစားနှင့် အလတ်စားလုပ်ငန်း မူဝါဒညွှန်းကိန်းများနှင့် မတူညီပေ။အကြောင်းရင်းမှာ ၎င်း၏ရည်ရွယ် ထားသောပုံစံမှာအာဆီယံဒေသ၏ပိုမိုတိကျသောအကြောင်းအချက်များပေါ် ထပ်ဟပ်မိစေရန်လိုအပ်ပါသည်။

ပေါ် လစီရှုဒေါင့် အသီးသီးတွင် သတ်မှတ်ထားသောနယ်ပယ် အလိုက် ရှုဒေါင့်ခွဲများထပ်ခွဲထားပါသည်။ ထိုပြင်ရှုဒေါင့်ခွဲများတွင် ညွှန်းကိန်းများ ထပ်ခွဲထားပါသည်။ နောက်ဆုံးအနေဖြင့် ညွှန်းကိန်းများကို မူဝါဒဆိုင်ရာပြုပြင်ပြောင်းလဲမှု (၆) ဆင့်ဖြင့်ဖွဲ့စည်းထားပါသည်။ မူဝါဒ အသီးသီးတွင် တိကျသောမူဝါဒလုပ်ဆောင်ချက် သို့မဟုတ် အဖွဲ့ အစည်း (ချို့တဲ့မှု) မရှိမှုများအတွက်ပထမအဆင့်မှစတင်ပြီးမူဝါဒအသီးသီးကို (ကောင်းမွန်စွာလေ့ကျင့်နိုင်မှုထိရောက်စွာအကောင်အထည်ဖော်နိုင်မှု သို့မဟုတ် ကောင်းမွန်စွာ လုပ်ငန်းဆောင်ရွက်သောအဖွဲ့အစည်းများအတွက် အဆင့် (၆) ဆင့်အထိ ဖွဲ့စည်းထားပါသည်။ ဥပမာအားဖြင့် မူဝါဒရှုဒေါင့်ခွဲ(၃)တွင် ပါဝင်သောညွှန်းကိန်း တစ်ခုနှင့် စတင်သည့်အချိန်မှ အရည်အသွေးပြည့်ဝသော အကောင်းဆုံး လက်တွေ့လုပ်ဆောင်ရန်အဆင့် (၆) အထိ စီးပွားရေးလုပ်ငန်းမှတ်ပုံတင်ရန်အတွက် မှတ်ပုံတင်သည့်ဖြစ်စဉ်သည် (၅)ရက်ထက်လျော့နည်း၍ အုပ်ချုပ်ရေးပိုင်းဆိုင်ရာအဆင့် (၁)ဆင့်မျှသာလိုအပ်ပြီး အမေရိကန် ဒေါ်လာ ၅၀ ထက်နည်းသောစရိတ်ဖြစ်ရမည်။

အာဆီယံအသေးစားနှင့်အလတ်စားလုပ်ငန်းမူဝါဒညွှန်းကိန်း၏အကဲဖြတ်အရည်အသွေးစစ်ဆေးသည့်အခါအာဆီယံအဖွဲ့ဝင်နိုင်ငံများ(AMS)အသီးသီး၏ သီးခြားရပ်တည်နေသည့်သုတေသနအဖွဲ့ မေးခွန်းလွှာများ စစ်တမ်း ကောက်ယူခြင်း၊ လူတွေ့ မေးမြန်းမှုထဲထဲဝင်ဝင်လုပ်ဆောင်ပါမည်။ ယင်းဖြစ်စဉ်တွင် အကဲဖြတ်စစ်တမ်းကို အစိုးရကိုယ်စားပြုအေဂျင်စီများ၊ ပုဂ္ဂလိကနှင့် အခြားအသေးစားနှင့်အလတ်စားလုပ်ငန်းများတွင် ပါဝင်ပတ်သက်သူများထံမှ အချက်အလက်များဖြင့်ရေးဆွဲရပါမည်။ အဖွဲ့ဝင်နိုင်ငံအသီးသီးမှ ရရှိလာသော အကဲဖြတ်ရလဒ်များကို အစိုးရအဖွဲ့အစည်းများ၏ အကြံပြုချက် များနှင့် အမှားအယွင်းနည်းစေရန်အတွက် အလုပ်ရုံဆွေးနွေးပွဲများတွင် ဆွေးနွေးချက်များနှင့် နှိုင်းယှဉ်ရန်လိုပါသည်။ ရရှိလာသည့်ရလဒ်များကို OECD နှင့် ERIA တို့မှ ကျွမ်းကျင်ပညာရှင်များဘုတ်အဖွဲ့မှ နိုင်ငံများအကြားနှင့်ဒေသဆိုင်ရာအကြားကိုက်ညီမှုရှိ၊မရှိ ပြန်လည်ဆန်းစစ်ရပါမည်။

အသေးစားနှင့်အလတ်စားလုပ်ငန်းမူဝါဒညွှန်းကိန်းမှဖြစ်ပေါ် လာသောဖြစ်စဉ်သည်ပါဝင်မှုသဘောသဘာဝပင်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ၎င်းသည် မူဝါဒ အကောင်အထည်

ဖော်ခြင်းကို သီးခြားရပ်တည်ပြီး ညီမျှသောဆန်းစစ်ခြင်းဖြစ်စဉ်မှတဆင့် မျှတသောအကဲဖြတ်မှု ကမ်းလှမ်းပါသည်။

ညွှန်းကိန်းပါနည်းလမ်းများဖြင့် မူဝါဒအကောင်အထည်ဖော်မှုကို တိုင်းတာသည့် နည်းလမ်းသည်နိုင်ငံတစ်နိုင်ငံအတွက် မိမိနိုင်ငံ၏အခြေအနေနှင့် လိုက်လျောညီထွေမည့် မူဝါဒများကိုရွေးချယ်ပြီး ပြောင်းလဲနိုင်ပါသည်။ ဤပြောင်းလဲမှုသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများမူဝါဒ ညွှန်းကိန်းသည် ရှိနေပြီးသော AMSsမှချမှတ်ထားသော ဖွံ့ဖြိုးမှုနှင့် မူဝါဒဆိုင်ရာ ကျယ်ပြန့်သောခြားနားချက်များ အပြင် အမျိုးမျိုးသော မူဝါဒဖြစ်စဉ်များနှင့် အဖွဲ့အစည်းနှင့် သက်ဆိုင်သော သတ်မှတ်ချက်များနှင့် ပြောင်းလဲနိုင်စွမ်းရှိရမည်။

## အာဆီယံ အသေးစားနှင့် အလတ်စား လုပ်ငန်း မူဝါဒညွှန်းကိန်းမှ ယေဘူယျ တွေ့ရှိချက်များ

မူဝါဒညွှန်းကိန်းမှ ရရှိလာသော ရလဒ်များသည် AMSs ၏ သမရိုးကျအုပ်စု(၂)ခုဖြစ်သော ဖွံ့ဖြိုးမှုနိမ့်ကျသောအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (CLMV) နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံများဖြစ်သည့် ဘရူနိုင်းဒါရုစလင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း နှင့် စင်္ကာပူ (သို့မဟုတ်) အာဆီယံ - ၆ နိုင်ငံမှ ဗီယက်နမ် နှင့် လာအိုနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ရမှတ်နိမ့်သော ဘရူနိုင်းဒါရုစလင် မှ လွဲ၍အသေးစားနှင့် အလတ်စားလုပ်ငန်းဖွံ့ဖြိုးမှု မူဝါဒအကောင်အထည်ဖော်မှုတွင်လုပ်ဆောင်မှုမညီမျှမှုအဆင့်ကိုအကြံပြုထားပါသည်။ (ကားချပ် ၅က.၂ တွင်ကြည့်ပါ။)

ပျမ်းမျှခြင်းအားဖြင့် စင်္ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံများသည် အာဆီယံပျမ်းမျှအဆင့်ထက် ညွှန်းကိန်းရမှတ်မြင့်ပြီး ဗီယက်နမ်၊ လာအို၊ ဘရူနိုင်းဒါရုစလင်၊ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံများ၏စုစုပေါင်းညွှန်းကိန်းရမှတ်သည် အာဆီယံပျမ်းမျှအဆင့် အောက်တွင်ရှိနေပါသည်။

မူဝါဒဆိုင်ရာရှုဒေါင့် (၈) ခုမှကြည့်လျှင် အာဆီယံ - ၆ နှင့် CLMV နိုင်ငံများအကြားကွာဟချက်ကြီးမားသည်ကိုတွေ့ရှိရပါသည်။ အများဆုံး သိသာသောကွာဟချက်နှင့် ဒေသဆိုင်ရာအဆင့်အတန်း နိမ့်ကျနေရ ခြင်းသည် မူဝါဒဆိုင်ရာရှုဒေါင့် (၅) ခုတွင်တွေ့ရှိရပါသည်။ ယင်းတို့မှာ (၅) နည်းပညာနှင့် နည်းပညာဆိုင်ရာလွှဲပြောင်းရယူမှု / နည်းပညာများ လွှဲပြောင်းခြင်းဖြင့်ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ (၄) ဘဏ္ဍာငွေရရှိနိုင်မှု၊ (၇) လူငယ်စွန့်ဦးတီထွင်မှုနှင့်

ပတ်သက်သောပညာရေးမြှင့်တင်နိုင်မှု၊ ၃။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ အတွက် ပိုမိုကောင်းမွန်သော ဥပဒေ နှင့် စည်းမျဉ်းများနှင့် စရိတ်စကသက်သာမှု နှင့် လျင်မြန်သော ဖွဲ့စည်းပုံနှင့် (၂) ဝန်ဆောင်မှုလုပ်ငန်းများအား ထောက်ပံ့ပေးနိုင်ရန်တို့ဖြစ်ပါသည်။ (ဇယား ၅က.၃ တွင်ကြည့်ပါ။) ဤအဓိကမူဝါဒဆိုင်ရာရှုဒေါင့် တွင် အာဆီယံ အဖွဲ့ ဝင်နိုင်ငံများအကြား လုပ်ဆောင်ချက်များ ကွာဟချက်နေရသည့် အကြောင်းရင်းမှာ တရားဥပဒေဆိုင်ရာမူဘောင်များ၏အဆင့်အတန်း၊ အဖွဲ့အစည်းဆိုင်ရာစီစဉ်ဆောင်ရွက်နိုင်မှု၊ အာဆီယံနိုင်ငံအဖွဲ့ ဝင်နိုင်ငံ အသီးသီးတွင် သတ်မှတ်ထားသော မူဝါဒဆိုင်ရာ လုပ်ဆောင်ချက်များ အကောင်အထည်ဖော်မှုနှင့် အသေးစိတ်စီမံဆောင်ရွက်နိုင်မှုများကြောင့် လည်းဖြစ်နိုင်ကြောင်း ရှင်းလင်းထားပါသည်။

## ကားချပ် ၅က.၂ - အာဆီယံအသေးစားနှင့်အလတ်စားလုပ်ငန်းမူဝါဒဆိုင်ရာညွှန်းကိန်းပျှမ်းမျှ




ရင်းမြစ် - ERIA (2013c)

ကားချပ် ၅က.၃ - အာဆီယံအသေးစားနှင့်အလတ်စား လုပ်ငန်းမူဝါဒဆိုင်ရာညွှန်းကိန်းနိုင်ငံများ၏အုပ်စုအလိုက်နှင့် မူဝါဒဆိုင်ရာရှုဒေါင့်




ဇာစ်မြစ် - ERIA (2013c)

အကြီးမားဆုံးကွာဟချက်မှာ အသေးစားနှင့်အလတ်စား လုပ်ငန်းများအတွက် အတွေးအခေါ်များ ဆန်းသစ်တီထွင်နိုင်ရန် မူဝါဒဆိုင်ရာနည်းဗျူဟာမရှိခြင်း၊ ဆန်းသစ်တီထွင်မှုများကို ထောက်ပံ့ပေးနိုင်သည့် ဝန်ဆောင်မှုများ၏ သတင်းအချက်အလက်ထောက်ပံ့မှုအားနည်းခြင်း၊ စံချိန်စံညွှန်းထောက်ခံချက်ဝန်ဆောင်မှုများ အကန့်အသတ်ဖြင့်ရှိနေခြင်း၊ တက္ကသိုလ်များတွင် နည်းပညာဆိုင်ရာထောက်ပံ့မှုမရှိခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေးအတွက် ဓါတ်ခွဲခန်း၊ လက်တွေ့စမ်းသပ်ခန်းများနှင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများနှင့်အနည်းငယ်ဆက်စပ်နေသော လေနှင့်အပူချိန်ထိန်းနိုင်သည့် ကုန်သေတ္တာများ မရှိခြင်းတို့ကြောင့် နည်းပညာနှင့် နည်းပညာဆိုင်ရာလွှဲပြောင်းမှုကို မြှင့်တင်နိုင်ရန်ဖြစ်သည်။ ကွာဟချက်

ကြီးမားရခြင်းကိုအခြားအထောက်အပံ့ပြုပေးသည့် အချက်များ၊ အသိဉာဏ်ဆိုင်ရာ မူပိုင်ခွင့်များမြှင့်တင်ရန်နှင့် အကာအကွယ်ပေးမှု အားနည်းခြင်း၊ ကြိုးမဲ့ အင်တာနက် ချိတ်ဆက်စနစ်တွင် အခြေခံအဆောက်အဦများမရှိခြင်း၊ သို့ပွဲ၊ စက်မှုနှင့်ပတ်သက်သောလုပ်ငန်းများနှင့် နည်းပညာဆိုင်ရာ အသစ်များ ဖန်တီးနိုင်သည့်နယ်ပယ်များတွင် ဖွံ့ဖြိုးမှုနိမ့်ကျခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်းအားနည်းခြင်း၊ နည်းပညာဖွံ့ဖြိုးမှုသုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ဆောင်ချက်များတွင် ဘဏ္ဍာရေးဆိုင်ရာဆွဲဆောင်မှုမလုံလောက်ခြင်းတို့ကြောင့်ဖြစ်ပါသည်။

ဘဏ္ဍာငွေရရှိနိုင်မှုကွာဟရခြင်းမှာ အမှန်ပိုင်ဆိုင်မှုနှင့် ပတ်သက်သောတန်ဖိုး၊ အရည်အသွေးတရားဝင်မှတ်ပုံတင်စနစ်၏ လုပ်ဆောင်ချက် အားနည်းခြင်း၊ တင်းကြပ်သော အာမခံပစ္စည်းဆိုင်ရာ လိုအပ်ချက်များ၊ ကြွေးရှင်၊ မြီရှင်အခွင့်အရေးများနှင့် စပ်လျဉ်း၍ အကာအကွယ်ပေးမှု မလုံလောက်ခြင်းတို့ကြောင့်ပိုမိုဆိုးဝါးစေပါသည်။ ထိုပြင် အာမခံပစ္စည်းမလိုဘဲ ဘဏ္ဍာငွေမြှင့်တင်နိုင်ရန်လိုအပ်ချက်များဖြစ်သည့် အကြွေးစွန့်စားရမှု/ ချေးငွေပြန်မဆပ်နိုင်သည့်အတွက် အာမခံအစီအစဉ် နှင့် ယုံကြည်စိတ်ချရမှု သတင်းအချက်အလက်များအတွက် ဗဟိုအစိုးရဌာနများ အခြေမခိုင်သေးခြင်းတို့ကြောင့်ဖြစ်ပါသည်။ အခြားသော ဘဏ္ဍာရေး/ငွေကြေးနှင့်အမျိုးမျိုးသောငွေကြေးဈေးကွက်များ(အသေးစားငွေချေးလုပ်ငန်းမှ စွန့်စားရမှုနှင့် မကင်းသော အရင်းအနှီးများအထိ ဌားရမ်းခြင်း၊ ရှယ်ယာ ငွေများ၊ အပြစ်ကင်းသောလုပ်ငန်း၊ စတော့ဈေးကွက်) မြှင့်တင်နိုင်ရန် ဥပဒေဆိုင်ရာမူဘောင်/မူဝါဒသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် မရှိခြင်း (သို့မဟုတ်) မလုံလောက်ခြင်းတို့ဖြစ်သည်။

CLMV နိုင်ငံများတွင် အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် ဝန် ဆောင်မှုပံ့ပိုးနိုင်ရန်အခွင့်အလမ်းပြင်းထန်စွာဟန့်တားခြင်းခံနေရခြင်းမှာ ဝန်ဆောင်မှုပံ့ပိုးနိုင်ရန်အထောက်အပံ့ကောင်းများအတွက် ဆောင်ရွက်သောစီမံကိန်းမရှိခြင်း၊ စီးပွားရေးဖွံ့ဖြိုးမှုဌာနများ (BDS) ၏ ဝန်ဆောင်မှု အားနည်းခြင်း၊ ဥပဒေမူဘောင်မရှိခြင်း၊ e-commerce နှင့် e-government ဝန်ဆောင်မှုများတွင် အသုံးပြုနိုင်စွမ်းနည်းပါးခြင်း၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် ကွန်ပျူတာနှင့်ဆက်သွယ်ထားသော မှတ်ဝကိုးစားနိုင်မှုမရှိခြင်းတို့ကြောင့်ဖြစ်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများကြားအသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် စရိတ်စကသက်သာခြင်း၊ စတင်တည်ထောင်မှုလွယ်ကူခြင်း၊ ပိုမိုကောင်းမွန်သောဥပဒေရေးဆွဲခြင်းနှင့် စည်းမျဉ်းစည်းကမ်းများချမှတ်ခြင်းတို့တွင် အပြောင်းအလဲများရှိသည်။ လုပ်ငန်းများမှတ်ပုံ

တင်ခြင်းအစီအစဉ်များနှင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် အလုံးစုံသော ဖြစ်စဉ်များအတွက် စတင်ဝင်ရောက်သည်မှလုပ်ငန်းလည်ပတ်သည်အထိသည် ဖွံ့ဖြိုးပြီး သောအာဆီယံနိုင်ငံများသည် CLMV နိုင်ငံများထက်အရိုးရှင်းဆုံး၊ အမြန်ဆုံး၊ စရိတ်အသက် သာဆုံးဖြစ်သည်ကိုတွေ့ရှိရပါသည်။ အာဆီယံ (၆)နိုင်ငံများမှ အများစုတွင် မှတ်ပုံတင်ခြင်းကို online မှမှတ်ပုံတင်နိုင်ခြင်း၊ one-stop-shop ဝန်ဆောင်မှုပေးနိုင်ခြင်း၊ စတင်တည်ထောင် ခါစလုပ်ငန်းများအတွက်လိုအပ်သောဘဏ္ဍာငွေအမျိုးမျိုးထောက်ပံ့ပေးခြင်းများဖြင့် ပံ့ပိုးပေး နိုင်သည်။

အပြည်ပြည်ဆိုင်ရာ ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် လိုအပ်သော အထောက်အပံ့များ လွယ်ကူအောင် ပြုလုပ်ပေးနိုင်သည့်စွမ်းရည်မှာလည်းအာဆီယံနိုင်ငံများ၏ အုပ်စုကြီးနှစ်ခု ကြားတွင်ကွာဟချက်ကြီးမားနေကြောင်းတွေ့ရသည်။ အကြောင်းရင်းမှာ မူလအာဆီယံ (၆) နိုင်ငံ တွင် ပို့ကုန်မြှင့်တင်ရေးအစီအစဉ်၊ အကြံဉာဏ်နှင့် အရည်အသွေးပြည့်မီသောသတင်း အချက်အလက်များဖြည့်ဆည်းနိုင်ရန် ကောင်းမွန်စွာ ဖွဲ့စည်းတည်ဆောက်ထားပြီးဖြစ်သော ကြောင့်ဖြစ်သည်။ ပိုမိုကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းနည်းဟန်တွင် နိုင်ငံအနှံ့ပို့ကုန်မြှင့်တင်ရေး စွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ်များဖြင့်တိုးတက်ဖွံ့ဖြိုး အောင် ဆောင်ရွက်လျက်ရှိပါသည်။ ထိုပြင် ဘဏ္ဍာရေးဆိုင်ရာလွယ်ကူမှုဖြစ်စေသည့် ကုန်သွယ်မှုချေးငွေ များ၊ ထောက်ပံ့ငွေများနှင့် အာမခံမှုအစီအစဉ်များတို့သည် မူလအာဆီယံ (၆)နိုင်ငံတွင် အသေးစားနှင့်အလတ်စားလုပ်ငန်းများအားပေးနိုင်ရန် ၎င်းတို့၏ ပြည်ပ ဈေးကွက်ကို လျင်မြန်သော၊ စရိတ်စက်သက်သာသော အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်း များနှင့်အတူကျယ်ပြန့်လာစေရန်အားပေးပါသည်။

စွန့်ဦးတီထွင်မှုများနှင့် သက်ဆိုင်သောပညာရေးမြှင့်တင်ပေးခြင်းသည် AMSs နှင့် အာဆီယံ အဆင့်၏နေရာတွင် ရပ်တည်နေသည့်အနိမ့်ဆုံး အကြားရှိ ကွာဟချက်များကိုဖော်ပြပါသည်။ အကြောင်းရင်းမှာ AMSs အများစုတွင် စွန့်ဦးတီထွင်မှုများမြှင့်တင်ပေးသောမူဝါဒနှင့်ထိုမူဝါဒ ကို ယင်းတို့၏ နိုင်ငံဖွံ့ဖြိုးရေးစီမံကိန်းအတွင်းသို့ သွတ်သွင်းဆောင်ရွက်ရန် လုံလောက်သော ဘဏ္ဍာငွေ၊ ယင်းတို့ကိုစောင့်ကြည့်ရန်နှင့် အကဲဖြတ်ရန် တို့ကို ရှင်းလင်းစွာမပြောဆိုနိုင်ပေ။ စွန့်ဦးတီထွင်မှုများ သင်ယူရန်အစီအစဉ်များ၏ အဓိကစွမ်းရည်များသည် အထွေထွေနှင့် အဆင့်မြင့် ပညာရေးစနစ်ထဲသို့သေချာစွာအစပျိုးပေးနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ သင်ရိုးညွှန်းတမ်းနှင့် ဆိုင်ရာဖွံ့ဖြိုးမှု၊ သုတေသနဆောင်ရွက်မှု၊ လိုအပ်သောအထူးသင်တန်းများ၊ လမ်းညွှန်မှုများ၊

လေ့လာမှုတစ်ခုပြီးပြန်လည်လက်တွေ့အသုံးချမှု နှင့် စီးပွားရေးထူးချွန်ဆု၊ ပညာသင်ဆုများတွင် ပုဂ္ဂလိကကဏ္ဍနှင့်အတူ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မှု မရှိခဲ့ပေ။ အသေးစားနှင့်အလတ်စားလုပ်ငန်းများ၏ စွန့်ဦးတီထွင်မှုနှင့် စီမံခန့်ခွဲမှုပညာသည် ကျောင်းပြင်ပ ပညာရေးစနစ်သည်လည်းကောင်းစွာအထောက်အကူမပြုနိုင်ခဲ့ပေ။

အဖွဲ့အစည်းဆိုင်ရာမူဘောင်၏ အလုံးစုံဖွံ့ဖြိုးတိုးတက်မှုကို AMSs ကြားတွင် နှိုင်းယှဉ်ခြင်းအားဖြင့် ပိုမိုညီမျှအောင်ဆောင်ရွက်နေမှုသည် ကောင်းမွန်လာနေပါသည်။ မူလအာဆီယံ (၆) နိုင်ငံအများစုတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းဖွံ့ဖြိုးမှုမဟာဗျူဟာများအကောင်အထည်ဖော်ရာတွင် သက်ဆိုင်သော အစိုးရအဖွဲ့အစည်းများမှ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ၏ သာမန်အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အသုံးချခဲ့သည်။ ထို့ပြင် AMSS သည် အသေးစား နှင့် အလတ်စားလုပ်ငန်းမူဝါဒအကောင်အထည်ဖော်ရန် ထိရောက်သောပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍနှင့်အတူ လိုက်နာဆောင်ရွက်ပေးမည့် အဖွဲ့အစည်း၊ တာဝန်ရှိသောတစ်ခုတည်းသောအဖွဲ့အစည်းဖြင့် အကောင်အထည်ဖော်သည့် အသေးစားနှင့် အလတ်စားလုပ်ငန်းဖွံ့ဖြိုးမှု မဟာဗျူဟာနစ်များ ဖြစ်စေရန် ရည်ရွယ်သည်။ မဟာဗျူဟာများ ပြန်လည်ဆန်းစစ်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်းတို့အတွက် ယန္တရားသည် ကြည်လင်ပြတ်သားစွာ နေရာယူလာပါသည်။ အစီအစဉ်များ၊ စီမံချက်များသည် အသေးစားနှင့် အလတ်စား လုပ်ငန်းများကို နည်းလမ်းတကျမရှိသော ကဏ္ဍမှ နည်းလမ်းတကျရှိသော ကဏ္ဍသို့ ပြောင်းလဲလာမှုများတွင် လွယ်ကူစေရန်လုပ်ပေးပါသည်။

အသေးစားနှင့်အလတ်စားလုပ်ငန်းများ ပါဝင်မှု၏ ထိရောက်သောတင်ပြနည်း တစ်ခုကို မြှင့်တင်မှု၏ ကွာဟချက်သည် ဒေသအတွင်း၌အနည်းဆုံးဖြစ်သည်။ အကြောင်းမှာ မူဝါဒအကောင်အထည်ဖော်မှုတွင် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပါဝင်မှုနှင့် အသေးစားနှင့် အလတ်စား လုပ်ငန်းများ၏ ထင်မြင်ချက်ကိုဖော်ပြရန် ထောက်ခံသော ဖြစ်စဉ် အတွက် အစိုးရအဖွဲ့အစည်းများနှင့် တက်ကြွသော စက်မှုလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း (သို့မဟုတ်) အသေးစားနှင့်အလတ်စားလုပ်ငန်းအသင်းအဖွဲ့များသည် အကြံပေးယန္တရားကို ကောင်းစွာဖွဲ့စည်းထူထောင်ထားသောကြောင့် ဖြစ်သည်။ သို့သော်လည်း အသေးစားနှင့် အလတ်စား လုပ်ငန်းအဖွဲ့အစည်းများအများစုမှာ သယံဇာတအရင်းအမြစ်မရှိသလို ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုချိတ်ဆက်နိုင်ရန် အဖွဲ့ဝင်လုပ်ငန်းများ အကျိုးကျေးဇူးအခွင့်အလမ်းများ ရရှိနိုင်အောင် အရည်အသွေးမြှင့်တင်နိုင်သည့် ဝန်ဆောင်မှုကို ထောက်ပံ့နိုင်ရန် နည်းပညာနှင့် သုတေသနစွမ်းရည်မရှိသေးသည်ကို တွေ့ရှိရသည်။

## အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက်ပံ့ပိုးပေးနိုင်သောမူဝါဒဝန်းကျင် ဖန်တီးပေးမည့် ရှေ့လမ်းစဉ်

အာဆီယံအသေးစားနှင့် အလတ်စားလုပ်ငန်းများမူဝါဒညွှန်းကိန်း၏ ရလဒ်များမှာ မူဝါဒ နယ်ပယ်အသီးသီးတွင် အကောင်းဆုံးလက်တွေ့ကျင့်သုံးနိုင်ရန် များစွာလုပ်ဆောင်ပေးခြင်း ရှိနေကြသည်ကိုဖော်ပြထားသည်။ တစ်ချိန်တည်းမှာပင် ယင်းသည် ကွာဟချက်များကို မကြာမီ ကျေနပ်စွာကိုင်တွယ်နိုင်မည်ဟုမျှော်လင့်ခဲ့လျှင် သဘာဝမကျပေ။ ယင်းသည် မူဝါဒဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာဝန်းကျင်နှင့် ရည်မှန်းလျာထားချက်များနှင့်အချိန်သတ်မှတ် ချက်တို့အားတိုးတက် ဆောင်ရွက်နိုင်ရန် တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်စဉ်အတွက် ညွှန်းကိန်းကို ယန္တရားတစ်ခုအဖြစ် သုံးသပ်ရှုမြင်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ ထို့ပြင် အာဆီယံ အသေးစားနှင့်အလတ်စားလုပ်ငန်းမူဝါဒညွှန်းကိန်း၏အသေးစိတ်ဖော်ပြထားသောသဘော သဘာဝသည် အရေးပါသည့်သက်ဆိုင်သူများပါဝင်သည့် AMS အသီးသီး၏ ရှေ့ခရီးစဉ် တိုးတက်စေရန် ပါဝင်ကိုင်တွယ် ဖြေရှင်းနည်းအတွက် ခွင့်ပြုသည်။ ညွှန်းကိန်းသည် မူဝါဒ နယ်ပယ်အားလုံးအတွက် ညီမျှသော အလေးပေးထား သည်ဟု အကြွင်းမဲ့မှတ်ယူပြီး အထူးသဖြင့် နည်းပညာ၊ ဘဏ္ဍာငွေရရှိမှုနှင့် အလွယ်ကူဆုံး၊ အမြန်ဆုံးတည်ထောင်နိုင်ရန် တို့သည် အရေးကြီးပေသည်။ ဥပမာအားဖြင့် ဤအစီရင်ခံစာ၏အခန်း(၄)တွင် တရုတ်နိုင်ငံ ၏စက်မှုနှင့်ဆိုင်သော အစုအဝေးများ၏ ပြောင်းလဲမှုနှင့်ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်း အတွက် အရေးပါသော အကြောင်းရင်း တစ်ခုဖြစ်သည့် လုပ်ငန်းများ၏တီထွင်နိုင်မှုစွမ်းရည် အား အရှိန်မြှင့်တင်နိုင်ရန် တရုတ်နိုင်ငံ၏ ပြည်တွင်းအစိုးရများသည် စက်မှုနှင့်ဆိုင်သော အစုအဝေးများအား ပံ့ပိုးပေးထားသည်ကိုဖော်ပြထားပါသည်။ တစ်ချိန်တည်းမှာပင်ယင်းသည် အမြင့်ဆုံးရမှတ် အတွက် တစ်ခု (သို့မဟုတ်) နှစ်ခုပေါ်တွင် အာရုံစိုက်သော်လည်း စွမ်း ဆောင်မှုမရှိသလို ထိရောက်မှုလည်းမရှိသည်ကို တွေ့ရှိရသည့်အကြောင်းရင်းမှာ မူဝါဒ နယ်ပယ် များတွင် (၅)နှင့် (၆) အဆင့်များတွင် သယံဇာတအရင်းအမြစ်များ၊ ကျွမ်းကျင်မှုများ နှင့် ထိန်းကျောင်းမည့်စွမ်းရည်များလိုအပ်နေသည်ကိုတွေ့ရှိရသည်။ အထူးသဖြင့် CLMV နိုင်ငံများတွင် ယင်းတို့ကိုဆောလျှင်စွာ ရရှိရန်နှင့်ဖွံ့ဖြိုးရန် အခက်အခဲများရှိနေသည်။ အဆုံးတွင် အသေးစား နှင့် အလတ်စားလုပ်ငန်းများအတွက် အထောက်အပံ့ကောင်း မူဝါဒ ဝန်းကျင်ဖန်တီးနိုင်ရန် မူဝါဒနယ်ပယ်များနှင့် ညွှန်းကိန်းများကြားတွင် ဆက်စပ် နေသော ဦးစားပေးမှုများနှင့် ပို၍ညီမျှသည်သာမက ဖြည်းဖြည်းချင်း အဆက်အစပ်ထိမိပြီး တိုးတက် သည့် ချဉ်းကပ်နည်းသည် AMS အသီးသီးတွင် ပါဝင်သူများ၏ အကဲဖြတ်မှုနှင့် မျှတမှုပေါ်တွင် မူတည်နေပါသည်။ ထို့ပြင် လုပ်ငန်းများတွင် အကျိုးတူလုပ်ကိုင်နေသူများပါဝင်လာရေး၊ တိကျသောလျာထားချက်များ၊ အချိန်နှင့် တပြေးညီ လုပ်ဆောင်ချက်အစီအစဉ်များသည်

ဒေသအတွင်း အသေးစားနှင့် အလတ်စား လုပ်ငန်းများအတွက် ပို၍ပံ့ပိုးပေးနိုင်သောမူဝါဒဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာ ဝန်းကျင်သို့ ဦးတည်ရွေ့လျားရာတွင် AMSs အားလုံးကြားတွင် ညီညီညွတ်ညွတ် ပူးပေါင်း ဆောင်ရွက်သော နည်းလမ်းနည်းဟန်ဖြင့် ပြုလုပ်ဆောင်ရွက်နိုင်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ ဤသို့အားဖြင့် SAPASD အောက်တွင် နိုင်ငံတော်နှင့်ဆိုင်သော အသေးစားနှင့်အလတ်စားလုပ်ငန်းမူဝါဒများနှင့် အာဆီယံဒေသဆိုင်ရာပဏာမခြေလှမ်းတို့အကြားတွင် ပိုမိုဆက်စပ်နိုင်မည်ဖြစ်သည်။

## အာဆီယံအတွင်း ဖွံ့ဖြိုးမှုကွာဟချက်များကျဉ်းမြောင်းစေရေး- IAI နှင့် မြန်မာ

အသေးစားနှင့် အလတ်စားလုပ်ငန်းဖွံ့ဖြိုးမှုအပြင် အာဆီယံပေါင်းစည်းရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုအစီအစဉ် (IAI) သည် အာဆီယံ စီးပွားရေး အသိုက်အဝန်းအခြေပြမြေပုံ၏ တတိယမဏ္ဍိုင်အောက်တွင် အခြားအဓိကအတိုင်းအတာ ဖြစ်သည်။ IAI သည် အာဆီယံနိုင်ငံများကြားတွင် ဖွံ့ဖြိုးမှုနိမ့်ကျသော အဖွဲ့ဝင်သစ်နိုင်ငံများဖြစ်သည့် CLMV နိုင်ငံများအားကူညီရန်၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန်၊ ထိုမှတဆင့် အာဆီယံပူးပေါင်းဆောင်ရွက်မှုမှ မျှော်လင့်ထားသောအကျိုးကျေးဇူးများမျှဝေခံစားနိုင်ရန်နည်းပညာနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ပူးပေါင်းရေးအစီအစဉ်သည် မရှိမဖြစ်လိုအပ်သည်။ အာဆီယံစီးပွားရေးအသိုက် အဝန်း အခြေပြမြေပုံအကောင်အထည်ဖော်မှု၏နှစ်လယ်အစီရင်ခံစာ၏ အစိတ်အပိုင်း တစ်ခုဖြစ်သည့် IAI အစီအစဉ်၏ အကျိုးသက်ရောက်မှုပေါ်တွင် CLMV နိုင်ငံများမှ အဓိကပါဝင်သူများ၏တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။ (ERIA,MTR 2012) ယင်းတို့၏တုံ့ပြန်ပြောဆိုချက်များမှာ

- IAI စီမံချက်များသည် မူလအာဆီယံ (၆) နိုင်ငံတွင် ဖွံ့ဖြိုးမှုကွာဟချက်ကိုကျဉ်းမြောင်းစေရန် သင့်တင့်သော (သို့မဟုတ်) များပြားသောထည့်ဝင်မှုကို ပေးသည်။

- IAI စီမံချက်များ၏လုပ်ဆောင်ချက်များသည် မျှော်လင့်ချက်များကို တောက်ပစေသည်။

- IAI စီမံချက်များသည် အကောင်အထည်ဖော်နေသည့် အဖွဲ့အစည်းများ၏ လိုအပ်ချက်နှင့် ဆက်နွယ်မှု နည်းခဲ့လျှင်တောင်မှ ယင်းတို့သည် CLMV နိုင်ငံများ၏ ဖွံ့ဖြိုးမှုလိုအပ်ချက်များနှင့် ဦးစားပေးမှုများနှင့်ဆက်နွယ်နေသည်။

- IAI စီမံချက်များကို ရံပုံငွေခွဲဝေမှုသည် မလုံလောက်ပေ။

CLMV နိုင်ငံများသည် လွန်ခဲ့သော ဆယ့်ငါးနှစ်အတွင်းက ကျန်အာဆီယံနိုင်ငံများနှင့် လည်းကောင်း၊ ကမ္ဘာနှင့်လည်းကောင်း ပေါင်းစပ်မှုရှိသည်ကို သတိပြုရမည်။ အမှန်စင်စစ် ERIA AEC ရမှတ် အစီအစဉ် နှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းမြေပုံ နှစ်လယ် အစီရင်ခံစာ တို့မှဖော်ပြသော ရလဒ်များအရ CLMV နိုင်ငံများသည် မူလအာဆီယံအဖွဲ့ဝင်(၆) နိုင်ငံထက် ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် ဖြေလျှော့မှုကတိကဝတ်များရှိလာတော့ မည်။ CLMV နိုင်ငံများသည် မူလအာဆီယံ(၆) နိုင်ငံများထက် နောက်ကျကျန်ရစ်ရခြင်းမှာ အဓိကအားဖြင့် လိုအပ်သောပဏာမခြေလှမ်းအကောင်အထည်ဖော်ရာတွင် လွယ်ကူစေမည့် နယ်ပယ်များတွင် ဘဏ္ဍာရေးနှင့် နည်းပညာဆိုင်ရာ အရင်းအမြစ်များ လိုအပ်နေသည်။ မည်သို့ဆိုစေ CLMV နိုင်ငံများအရှိန်မြှင့်တင်နိုင်ရန်သည် အခြေခံအားဖြင့် နိုင်ငံတော်အဆင့် ဖွံ့ဖြိုးမှုမဟာဗျူဟာဆုံးဖြတ်ချက်များနှင့် အာဆီယံနိုင်ငံများ၊ အရှေ့အာရှနိုင်ငံများနှင့် ကမ္ဘာတို့ ပိုမိုပေါင်းစည်းနိုင်ရေးလိုအင်ဆန္ဒများကြောင့် ဖြစ်သည်။ ပေါင်းစည်းရေးဖြစ်စဉ်ထောက်ခံမှု များပံ့ပိုးပေးခြင်းသည် CLMV နိုင်ငံတစ်နိုင်ငံချင်းတွင် IAI အစီအစဉ် နှင့် အပြည်ပြည်ဆိုင်ရာ ရန်ပုံငွေအဖွဲ့အစည်းများ၏အစီအစဉ်များဖြစ်သည်။

CLMV ဒေသသည် လွန်ခဲ့သောဆယ့်ငါးနှစ်အတွင်းက အာဆီယံ၏ ထူးခြားပြောင်မြောက် သောပုံပြင်ရှိသည်။ ဤအစီရင်ခံစာ၏ အခန်း(၁) ၏ ဇယား (၁-၂) တွင် ကမ္ဘောဒီးယား၊ ဗီ ယက်နမ်နှင့်လာအိုနိုင်ငံများ(အထူးသဖြင့် လွန်ခဲ့သောငါးနှစ်အတွင်း) သည် လွန်ခဲ့သော ဆယ့်ငါးနှစ်အတွင်းကအာဆီယံတွင် တိုးတက်အောင်ပြုလုပ်နေသောနိုင်ငံများဖြစ်သည်။ [3] ထို့ပြင် ဤကဲ့သို့ တိုးတက်မှုလုပ်ဆောင်ချက်များကိုမောင်းနှင်ပေးသူများမှာ ဒေသနှင့် ကမ္ဘာ တို့ စီးပွားရေးပေါင်းစည်းမှုအရှိန်မြှင့်တင်မှုနှင့်ဆက်စပ်နေသောကြောင့် ဖြစ်ပါသည်။ ဆိုလို သည်မှာ ယင်းကာလအတွင်းနိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှု၊ အပြည်ပြည်ဆိုင်ရာကုန် သွယ်မှုတို့မြှင့်တင်နိုင်ခြင်း တို့ကြောင့် ဖြစ်သည်။ ဥပမာအားဖြင့် ဗီယက်နမ်၊ ကမ္ဘောဒီးယား နှင့်လာအိုနိုင်ငံများတွင် ၂၀၀၆ ခုနှစ် မှ ၂၀၁၁ ခုနှစ် အတွင်း GDP တွင် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအသားတင်စီးဝင်မှု၏ ပျမ်းမျှပါဝင်မှု အချိုးအစားသည် အာဆီယံပျမ်းမျှထက် သိသိသာသာမြင့်မားပြီး အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံ များထက်ပိုမြင့်မားသည်ကိုတွေ့ရှိရ

[3] Table 1.2 shows very high growth rates for Myanmar during the same period, in fact, the highest average growth rate among AMSs. However, the quality of national income accounts of Myanmar is highly suspect, and as such, it is not really clear what the true picture of the economic performance of Myanmar is. Nonetheless, it is likely that the country experienced very robust growth during much of the past decade in part because of the expansion in energy exports and the growth of agriculture.

သည်။ အမှန်စင်စစ် စင်္ကာပူနိုင်ငံသည် နှစ်ပေါင်းများစွာကတည်းကပင် အဓိကနိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ခရီးပန်းတိုင်ဖြစ်ပြီး CLVနိုင်ငံများနှင့်နှိုင်းစာလျှင် GDP တွင် FDI ပါဝင်မှုအချိုးအစားမြင့်မားသည်ကိုတွေ့ရှိရသည်။ (ASEC, 2013, p.41)

အလားတူစွာ ကမောဒီးယားနှင့်အထူးသဖြင့် ဗီယက်နမ် တို့တွင် GDPတွင် ပို့ကုန်နှင့်သွင်းကုန်ပါဝင်မှုအချိုးအစားသည် သိသာထင်ရှားစွာ တိုးတက်နေသည် ကိုတွေ့မြင်နိုင်သည်။ ဤနှစ်နိုင်ငံ၏ ပေါင်းစည်းမှုအောင်မြင်ခြင်းကြောင့်(အထူးသဖြင့် ဗီယက်နမ်) သည် ဒေသဆိုင်ရာထုတ်လုပ်မှုကွန်ယက် (သို့မဟုတ်) (ကမ္ဘောဒီးယားအတွက်) အထည်ချုပ် လုပ်ငန်းစုတွင် ကမ္ဘာလုံးဆိုင်ရာတန်ဖိုးကွင်းဆက်ရှိခြင်းတို့ဖြစ်စေသည်။ အခြေအနေတစ်ခုမဟုတ်တစ်ခုတွင် ၎င်းသည် ကျန်ကမ္ဘာနိုင်ငံများနှင့် အာဆီယံနိုင်ငံများ၏ စီးပွားရေး ပေါင်းစည်းမှုပိုများလာခြင်း၏အားကောင်းသောဖော်ပြချက်တစ်ခုဖြစ်သည်။ ဤအစီရင်ခံစာ၏အခန်း(၁)တွင် ဖော်ပြခဲ့သည့်အတိုင်း CLV နိုင်ငံများ၏ အားကောင်းသောစီးပွားရေးဆောင်ရွက်ချက်များသည် ယင်းနိုင်ငံများ (အထူး သဖြင့် ဗီယက်နမ်) ရှိဆင်းရဲမွဲတေမှုကိုအတိုင်းအတာတစ်ခုအထိ လျော့ချနိုင်ပြီး အလယ်အလတ်တန်းစားများသိသိသာသာ တိုးတက်လာခြင်းကိုတင်ပြနိုင်သည်။ အမှန်စင်စစ် ဗီယက်နမ်သည် ထွန်းသစ်စနိုင်ငံများကြားတွင် အထင်ရှားဆုံးဖြစ်သည်။အကြောင်းမှာယင်းနိုင်ငံသည်အားကောင်းသောစီးပွားရေးတိုးတက်မှုနှင့်အတူနှိုင်းယှဉ်နိုင်သော ညီမျှသောဝင်ငွေခွဲဝေမှုရှိပြီး ဆန့်ကျင်ဖက်အားဖြင့် စီးပွားရေးတိုးတက်နေသော တရုတ်နိုင်ငံသည် ဝင်ငွေဖြန့်ဖြူးမှုတွင် သိသာစွာယိုယွင်းလျက်ရှိသည်။

အထက်ဖော်ပြပါဆွေးနွေးချက်များသည် အာဆီယံ နိုင်ငံများအကြား ကွာဟချက် ကြီးမားခဲ့သည့်တိုင် မူလအာဆီယံ (၆) နိုင်ငံနှင့် အဖွဲ့ဝင်သစ်ဖြစ်သော CLMV နိုင်ငံများကြား (စင်္ကာပူအချမ်းသာဆုံးနှင့် မြန်မာအဆင်းရဲဆုံး) ဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းမှုအချို့ကိုဖော်ပြသည်။

## အာဆီယံနိုင်ငံများတွင် မြန်မာနိုင်ငံကို တိုးတက်မှုနှင့် ဖွံ့ဖြိုးမှု ဆောင်ရွက်သူဖြစ်စေခြင်း [4]

မြန်မာနိုင်ငံ၏တရားဝင်ထုတ်ပြန်ထားသောစာရင်းအင်းကိန်းဂဏန်းများပေါ်အခြေခံပြီးမြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများတွင် လွန်ခဲ့သောဆယ်စုနှစ်အတွင်း ဂဏန်းနှစ်လုံးပျှမ်းမျှတိုးတက်မှုနှုန်းဖြင့် တိုးတက်ဆောင်ရွက်သူအနေဖြင့်ရှိနေပါသည်။ သို့သော်လည်း တရားဝင်

[4] This subsection draws heavily from Kudo (2013) and Kudo, Kumagai and Umezaki (2013).

တိုးတက်မှု ဆောင်ရွက်ချက်အပေါ် နိုင်ငံခြားငွေလဲလှယ်နှုန်းသည် တရားဝင် လဲလှယ်နှုန်းနှင့် မှောင်ခိုဈေးကွက်နှုန်းကြားကြီးကြီးမားမား ကွာခြားနေခြင်းကြောင့် ပြင်းပြင်းထန်ထန် ချဲ့ထွင် ဖော်ပြထားသည်ကိုတွေ့ရသည်။ သို့ဖြစ်၍ ငွေကြေးတန်ဖိုးတွက်ချက်ထားမှု မြင့်မား နေခြင်းကိုညှိနှိုင်းရန် စီးပွားရေး အဆောက်အအုံ ကို၂၀၀၀ ခုနှစ်များအတွင်း ၄.၂ ဆ တိုးတက် မှုအစား ၂.၃ ဆတိုးတက်မှုဖြင့် တိုင်းတာခဲ့ပါသည်။ အားနည်းသောစာရင်းအင်းကိ န်းဂဏန်းများကြောင့် ၂၀၁၀ ခုနှစ်ထိ တိုင်အောင်မြန်မာနိုင်ငံ၏အခြေအနေမှန်ကိုသတ်မှတ် ရန်ခက်ခဲပါသည်။[5] ၎င်း၏ အမှန်ပုံရိပ်သည် အထက်တွင် ဖော်ပြထားသည့်အစွန်း(၂) ဖက်ကြားတွင် ရှိ သည်။ အကြောင်းရင်းမှာ စာရင်းအင်းဆိုင်ရာစနစ်အားနည်း နေခြင်းကြောင့် ဆင်းရဲသော နိုင်ငံများ၏ စီးပွားရေးအဆောက်အအုံတွင် ကြီးမားသောအစိတ်အပိုင်းများဖြစ် သည့်လယ်ယာကဏ္ဍ၌ဈေးကွက်အတွက် မရည်ရွယ်သောထွက်ကုန်များ၊ ဝန်ဆောင်မှုကဏ္ဍ များ၌ ထုတ်လုပ်မှု/ဝန်ဆောင်မှုကဏ္ဍပြင်ပမှလုပ်ငန်းငယ်များ၏ ထွက်ကုန်များကိုလျော့ ဖော်ပြထားသော ကြောင့်ဖြစ်သည်။ ၂၀၁၀ ခုနှစ်တွင် တရားဝင်ထုတ်ပြန်ထားသော မြန်မာနိုင်ငံ၏ တစ်ဦးကျဝင်ငွေသည် ရှိသင့်သည်ထက် ပိုများသော်လည်း စင်္ကာပူနိုင်ငံ တစ်ဦးကျဝင်ငွေ၏ ၀.၂ ရာခိုင်နှုန်းမျှသာရှိပြီး မလေးရှား နိုင်ငံတစ်ဦးကျ ဝင်ငွေ၏ ၈.၆ ရာခိုင်နှုန်းရှိသည်။

အာဆီယံတွင်ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကျဉ်းမြောင်းစေရန်အကြောင်းအချက်တစ်ခုမှာ နောက်ဆယ့်ငါးနှစ်အတွင်း မြန်မာနိုင်ငံကို ထိပ်ဆုံးလုပ်ဆောင်သူအဖြစ်ဆွဲတင်ရန်ဖြစ်သည်။ မြန်မာနိုင်ငံသည် အာဆီယံဒေသအတွင်း ၎င်း၏ ရှိနေသည့် သယံဇာတအရင်းအမြစ်များတွင် တိုးတက်မှု အကောင်းဆုံးလုပ်ဆောင်နိုင်သူအဖြစ်အလားအလာရှိသည်။ သို့သော်လည်း ပို၍အရေးကြီးသည်မှာ နိုင်ငံရေးနှင့် အရပ်ဘက်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် စီးပွားရေး တိုးတက်မှုဆီသို့ရွေ့လျားနေသောနိုင်ငံတစ်ခုဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးအခြေအနေများသည် ထွန်းသစ်စအချိန်တွင်ပင် ရှိနေကြောင်းတင်ပြထားသည်။ (Kudo, Kumagai and Umezaki, 2013, p.1)

မြန်မာနိုင်ငံတွင်အစပျိုးချိန်ကိုပံ့ပိုးနိုင်ရန် အာဆီယံနှင့်အရှေ့အာရှ စီးပွား ရေးသုတေသန (ERIA) သည် မြန်မာနိုင်ငံအမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန (MNPED) နှင့် လက်တွဲပြီး နိုင်ငံ၏ကာလတိုမှ ကာလရှည်ဖွံ့ဖြိုးမှုစီမံကိန်းအတွက်

---

[5] In view of the seriousness of the data problem, President Thein Sein included accurate and reliable statistics as one of the pillars of economic policies of the new Myanmar government (Kudo, Kumagaiand Umezaki, 2013).

မှုဘောင်နှင့် မဟာဗျူဟာကို ထောက်ပံ့ပေးမည့် မြန်မာဘက်စုံလွှမ်းခြုံဖွံ့ဖြိုးမှုအမြင် (MCDV) ကိုလုပ် ဆောင်နေပါသည်။ MCDV စီမံချက်ကို ဂျပန်နိုင်ငံ၏ အထင်ရှားဆုံးကျွမ်းကျင်ပညာရှင်ဖြစ်သည့် Mr. Toshihiro Kudo က မြန်မာနိုင်ငံအတွက်ဦးဆောင်နေပါသည်။

ကားချပ် (၅က-၄) အရ MCDV တိုးတက်မှုမဟာဗျူဟာ၏ မူဘောင်ကိုတင်ပြထားပြီး အောက်ဖော်ပြပါအချက်များအပေါ် စောက်ချလုပ်ဆောင်ရန်လိုအပ်ပါမည်။

- လယ်ယာ အပေါင်း အပေါင်းဟူသည် လယ်ယာကဏ္ဍတိုးတက်မှုတွင် လယ်ယာထုတ်လုပ်နိုင်မှုစွမ်းအားမြှင့်တင်နိုင်မှု (၁ အပေါင်း) နှင့် လယ်ယာကဏ္ဍမှထုတ်လုပ်မှုတန်ဖိုးကွင်းဆက်(နောက်ထပ်အပေါင်း)တွင် ထပ်ဆင့်တိုးလုပ်ဆောင်ချက်များ မြှင့်တင်နိုင်ရန်အချက်ပေါ်တွင် စူးစိုက်ထားပါသည်။ လယ်ယာကဏ္ဍ အပေါင်းအပေါင်းမဏ္ဍိုင်သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာဖြင့် အားဖြည့်ထားပြီး ယင်းဗျူဟာသည် ဆင်းရဲနွမ်းပါးမှုလျော့ချနိုင်ရေးနှင့် လုပ်ငန်းတာဝန်တွင် ပတ်သက်သူများပို၍ပါဝင်နိုင်ရေးအပေါ်စူးစိုက်ထားသည်။

- စက်မှုကဏ္ဍအပေါင်းအပေါင်းသည် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်ပြီး မြန်မာနိုင်ငံသည်အရှေ့အာရှ၏ထုတ်လုပ်မှုကွန်ယက်တွင်ယင်းကိုယ်တိုင်ပါဝင်ဆက်သွယ်မှု (တစ်အပေါင်း) နှင့် အသေးစားနှင့် အလတ်စားလုပ်ငန်းတိုးတက်မှုသည်(နောက်ထပ်တစ်အပေါင်း) တို့ပေါ်တွင်ပံ့ပိုးပေးနိုင်သည်။ အရှေ့အာရှ၏ဒေသဆိုင်ရာထုတ်လုပ်မှုကွန်ယက်တွင် အဖွဲ့ဝင်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏အောင်မြင်မှုသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကိုတွန်းအားပေးသော၊ပို့ကုန်မြှင့်တင်မှုကိုရှေးရှုသော၊ပုဂ္ဂလိကကဏ္ဍဦးဆောင်သောစက်မှုဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတို့ကိုဖြစ်ပေါ်စေသည်။

- အစွန်းနှစ်ဘက်တိုးတက်မှုမဟာဗျူဟာအပေါင်း နယ်နမိတ်ဇရိယာဖွံ့ဖြိုးမှုဖြင့်ဘက်ညီသောဖွံ့ဖြိုးတိုးတက်မှု တို့ကိုလုပ်နိုင်စေမည်။ မြန်မာနိုင်ငံသည် လူမျိုးစုပေါင်းစုံနှင့်ကွဲပြားသော ပထဝီဝင်ဆိုင်ရာအနေအထားနှင့် ပတ်ဝန်းကျင် ဆိုင်ရာအနေအထား တို့ဖြင့်ဖွဲ့စည်းထားသည်။ တိုးတက်မှုသည် ဒေသနှင့်ပြည်နယ်အသီးသီးကြားတွင် လူတိုင်းအတွက်ပါဝင်နိုင်ရန်နှင့်ဘက်ညီစေရန်တို့ဖြစ်သင့်သည်။ (Kudo, Kumagai and Umezaki, 2013, p.2)

- ပြည်တွင်းစီးပွားရေးစင်္ကြန်လမ်းများ၏ဖွံ့ဖြိုးတိုးတက်မှုကိုအရှေ့အာရှဒေသဆိုင်ရာ

စီးပွားရေးစကြ်န်လမ်းများနှင့်ချိတ်ဆက်ပေးရမည်။ သို့မှသာ ဒေသဆိုင်ရာစီးပွားရေးစကြ်န်များကွင်းဆက်ပြတ်နေရာမှ ပြန်လည်ချိတ်ဆက်ပေါ်ထွန်းလာသော မြန်မာနိုင်ငံအတွက် အကျိုးသက်ရောက်မှုနှင့် အကျိုးကျေးဇူးရရှိလာမည်ဖြစ်သည်။

• အထက်ဖော်ပြပါ အဓိကတိုးတက်မှုကို ပံ့ပိုးပေးနိုင်သောထောက်တိုင်များမှာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ စွမ်းအင်အပါအဝင်အခြေခံအဆောက်အအုံဆိုင်ရာ တိုးတက်မှု၊ မက်ခရို စီးပွားရေးတည်ငြိမ်မှု နှင့် ဘဏ္ဍာရေးပိုမိုများပြားအောင်နှင့် ထိရောက်သောဗျူရိုကရေစီစံနစ် လွယ်ကူ၍ပွင့်လင်းမြင်သာမှုရှိသော စည်းမျဉ်းစည်းကမ်းများအုပ်ချုပ်မှုနည်းစနစ်တို့ဖြစ်ကြသည်။

ကားချပ် ၅က.၄ - မြန်မာနိုင်ငံအတွက် တိုးတက်မှုမဟာဗျူဟာ




ဇာစ်မြစ် - Kudo, 2013.

မြန်မာနိုင်ငံတွင် ကျေးလက်ဒေသများတွင်နေထိုင်သော ဆင်းရဲသားများ၏ ၈၅ ရာခိုင်နှုန်းသည် လယ်ယာကဏ္ဍပေါ်တွင် တည်မှီနေဆဲဖြစ်သည်။ လယ်ယာ စိုက်ပျိုးရေးနှင့်ဆိုင်သော ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ၏စီးပွားရေး စဉ်ဆက်မပြတ် တိုးတက်စေရန် အဓိက ထောက်တိုင်တစ်ခုဖြစ်သည်။ ယင်းသည် တရုတ်နှင့် ဗီယက်နမ်နိုင်ငံများ၏အတွေ့အကြုံများကဲ့သို့ နိုင်ငံ၏စီးပွားရေးတိုးတက်မှုအစောပိုင်းအဆင့်များတွင် ဆင်းရဲနွမ်းပါးမှုလျော့ချနိုင်ရန် အထိရောက်ဆုံးနည်းလမ်းတစ်ခုဖြစ်သည်။ နိုင်ငံတွင် ကြီးမားရှည်လျားသောမြစ်ကြီးများတွင် ရေအရင်းအမြစ်များ၊ မြေအောက်ရေအရင်းအမြစ်များရှိသည့်အပြင် စိုက်ပျိုးနိုင်သောအပူချိန်၊ အပူပိုင်းဒေသ စိုက်ပျိုးသီးနှံများ၊ စိုက်ပျိုးနိုင်သောပတ်ဝန်းကျင်များရှိသောကြောင့် အလားအလာကောင်းများရှိသည်။ သို့သော်လည်း အခြေခံအဆောက်အအုံ မလုံလောက်မှု၊ မသေချာမရေရာသောမြေပိုင်ဆိုင်မှုများ၊ ကွဲပြားသောကုန်သိုလှောင်နိုင်သောရုံများမရှိခြင်း၊ လယ်ယာစိုက်ပျိုးရေးသုတေသနနှင့် တိုးချဲ့ခြင်းစနစ်အားနည်းခြင်း၊ သီးနှံရိတ်သိမ်းချိန်လွန်နည်းပညာသုတေသနဌာနတည်ထောင်ရေး၊ စနစ်တကျသိုလှောင်နည်းစနစ်တို့အားနည်းခြင်းတို့အပါအဝင် စိန်ခေါ်မှုများသည်လည်း အညီအမျှကြီးမားလျက်ရှိသည်။ မှန်ကန်သောဟန်ချက်တွေ့ရှိနိုင်ရန် နှင့် သို့မဟုတ် ရှင်းလင်းပြတ်သားသောမြေယာလုပ်ပိုင်ခွင့်နှင့် တောင်သူလယ်သမားငယ်များအားလုပ်ပိုင်ခွင့်အခွင့်အလမ်းနှင့် အရည်အသွေးကောင်းမွန်သော မျိုးစေ့များအပါအဝင် (ကြာရှည်သောဖြစ်စဉ်ယူရသည့်) ပိုမိုကောင်းမွန်သောအစိုးရ၏ထောက်ပံ့ဝန်ဆောင်မှုများ ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များအဖွဲ့၏အထောက်အပံ့ (သို့သော်ပါဝင်မှုနည်းပါး)နှင့် ကြီးမားသောစိုက်ခင်းတည်ထောင်မှုကို အားပေးခြင်းတို့အကြား ဖြစ်နိုင်ခြေရှိသောလျင်မြန်သောတိုးတက်မှုတို့သည် နိုင်ငံအတွက် အခြားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။

မြန်မာနိုင်ငံသည် နောက်ဆယ်စုနှစ်နှစ်ခုအတွက် နှစ်စဉ်တစ်နှစ်ပျှမ်းမျှတိုးတက်မှုနှုန်းအနေဖြင့် ၇.၅ ရာခိုင်နှုန်းရရှိနိုင်ရန် (သို့မဟုတ်) မြန်မာနိုင်ငံ၏စီးပွားရေးအဆောက်အအုံ အသွင်ကူးပြောင်းနိုင်ရန် ပြောင်းလဲနေသော ထုတ်လုပ်မှုကဏ္ဍ ဖြစ်ရန် လိုအပ်သည်။ ဤအတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုက တွန်းအားပေးသောတိုးတက်မှုတစ်ခု၊ မြန်မာနိုင်ငံပေါ်တွင်နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက ပွင့်လင်းလာမှုနှင့် ပြုပြင်ပြောင်းလဲလာမှုတို့၏တုန့်ပြန်မှုကြောင့် စိတ်ဝင်စားမှုကြီးမားလာခြင်း၊ အရင်းအမြစ်အခြေခံသောစက်မှုလုပ်ငန်းများသာမက အခြားစက်မှုလုပ်ငန်းများအထူးသဖြင့် စက်မှုလက်မှုလုပ်ငန်းများက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွန်းအားကြောင့်တိုးတက်မှုများသည် နိုင်ငံအတွက်ပေါ်ပေါက်လာသည်ဟု အကြံပြုထားသည်။ လွတ်လပ်သော ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ဖြစ်သကဲ့သို့ နိုင်ငံပေါ်တွင်ထားရှိသောစီးပွားရေးပိတ်ဆို့မှုများကို ထိရောက်စွာဖယ်ရှားလိုက်ခြင်းကြောင့် မြန်မာနိုင်ငံသည်လုပ်အား

စူးစိုက်အသုံးပြုသော ထုတ်ကုန်များဖြစ်သည့်အထည်ချုပ်လုပ်ငန်းများဖြင့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်ထဲသို့ ဝင်ရောက်နိုင်ခြင်း ရှိမည်ဟု မျှော်လင့်နိုင်သည်။ နောက်ပိုင်းတွင်ပို မိုကောင်းမွန်သော ချိတ်ဆက်မှုများဖြင့် မြန်မာနိုင်ငံသည် ဒေသဆိုင်ရာထုတ်လုပ်မှုကွန်ယ က်အတွင်း ချိတ်ဆက်နိုင်လာမည်။ သို့သော် မြန်မာနိုင်ငံသည် ချိတ်ဆက်နိုင်မှုနှင့် ကုန်စည် စီးဆင်းနိုင်မှုလုပ်ဆောင်ချက်များတိုးတက်ရန်လိုအပ်နေသေးသည်။ ၂၀၁၂ ခုနှစ် ကမ္ဘာဘဏ် ၏ကုန်စည်စီးဆင်းနိုင်မှုလုပ်ဆောင်ချက်ညွှန်းကိန်းတွင် မြန်မာနိုင်ငံသည် အဆင့် ၁၂၉ တွင်ရှိပြီး ဗီယက်နမ်နိုင်ငံသည် အဆင့် ၅၃ သို့မဟုတ် အင်ဒိုနီးရှားနိုင်ငံသည် အဆင့် ၅၉ ဖြစ်ပြီး ကမ္ဘောဒီးယား၊ လာအိုနိုင်ငံများထက်ပင်လျှင်နိမ့်သောကြောင့် မြန်မာနိုင်ငံသည် ဒေသဆိုင်ရာထုတ်လုပ်မှုကွန်ယက်တွင် တက်တက်ကြွကြွ ပါဝင်နိုင်ရေးအတွက် ကောင်းစွာ လည်ပတ်လှုပ်ရှားနေသော ကုန်စည်စီးဆင်းမှုစနစ်ကြီးဖြစ်ပေါ်လာရန် လိုအပ်သေးသည့် ကြီးမားသောစိန်ခေါ်မှုကြီးတစ်ရပ်အဖြစ်အကြံပြုထားပါသည်။

ကုန်ချောထုတ်လုပ်သည့်ကဏ္ဍအတွက် တံခါးပိတ်စီးပွားရေး အဆောက်အအုံ မှ လွတ် လပ်သောစီးပွားရေးအဆောက်အအုံသို့ ကူးပြောင်းမှုတစ်ခုကို စီမံ ခန့်ခွဲရာမှာ သမိုင်းအရ ခက်ခဲသည်။ မှတ်သားရန်မှာ မြန်မာ့စီးပွားရေး အဆောက်အအုံကို လွတ်လပ်မှုပြုလုပ်ရာတွင် မြန်မာသည် ကြီးမားသော စက်မှုဆိုင်ရာပြန်လည်တည်ဆောက်ရေး စိန်ခေါ်မှုများတွင် အတွေ့အကြုံ မရှိ သေးပေ။ ယင်းသည် ယခုအချိန်ထိ တံခါးပိတ်စီးပွားရေးအဆောက်အအုံဟု ယူဆချက်သည် ကြီးမားသော ထွက်ပေါက်တစ်ခု ဖြစ်ကောင်းဖြစ်လိမ့်မည်။ အကြောင်းမှာ ထိုင်းနိုင်ငံကဲ့သို့သောအိမ်နီးနားချင်းနိုင်ငံများနှင့်ထွက်ပေါက်နယ်နမိတ်များရှိနေခြင်းကြောင့် ဖြစ်သည်။ ဤအချက်သည် မြန်မာနိုင်ငံ အတွက် ၂၀၁၅ ခု ဆီသို့ ရွေ့လျား၍ ၂၀၁၅ ခု အလွန် အတွက် ကောင်းသော သင်္ကေတ ဖြစ်စေသည်။ သို့ရာတွင် အာဆီယံ အသေးစားနှင့် အလတ်စား လုပ်ငန်းများ၏ မူဝါဒညွှန်းကိန်းတွင် မြန်မာနိုင်ငံ၏ ရမှတ်သည် သိသိသာသာ မြှင့်တက်မှုကိုညွှန်ပြထားသကဲ့သို့ အသေးစားနှင့် အလတ်စား လုပ်ငန်း များအတွက် ပို၍ ပံ့ပိုးဖြည်းဆီးပေးနိုင်မည့် ရှေ့တိုးအခန်းကဏ္ဍသည် မြန်မာနိုင်ငံ၏အသေးစားနှင့် အလတ်စား လုပ်ငန်းများကို ပို၍ယှဉ်ပြိုင်မှုရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် ဈေးကွက်ပတ်ဝန်းကျင်တို့ရရှိနိုင်ရန် ဆွဲဆောင်ပေမည်။ အဆိုပြုထားသော တိုးတက်မှု အစွန်းနှစ်ခုသည် လက်ရှိ မြန်မာနိုင်ငံ၏ အဓိက စီးပွားရေးဗဟိုချက် ဖြစ်သည့် ရန်ကုန်နှင့် မန္တလေးတို့ ဖြစ်ကြသည်။

မြို့တော်နေပြည်တော်သည်ဗဟိုချက်နှစ်ခုကြားတွင်ရှိပြီးယင်းနှစ်ခုကိုဆက်သွယ်ပေးခြင်း

သည့်နိုင်ငံအတွက်ကြီးမားသောတိုးတက်မှုစကြဲန်ကို အဆုံးတွင် ဖန်တီးပေးလိမ့်မည်။ ကိန်းဂဏန်းများဖြင့် ဖန်တီး ထုတ်လုပ်၍ တွက်ချက်သော အဖြေများက ပြဆိုသည်မှာ အစွမ်းနှစ်ခု တိုးတက်မှု နည်းဗျူဟာသည် တိုးချဲ့ရန်ကုန်ကို လုံးလုံးပစ်မှတ်ထားသော တိုးတက်မှု နည်းဗျူဟာထက် တိုင်းပြည်ကုန်ထွက်ပိုမိုရရှိလိမ့်မည်ဟုဖြစ်သည်။

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှုသည် မြန်မာနိုင်ငံအတွက် အရေးပါသော အကြောင်းရင်းနှစ်ခု ရှိသည်။

(၁) နယ်စပ်ဒေသဧရိယာများသည်အဓိကလူမျိုးအုပ်စုထက်လူမျိုးစုအုပ်စုငယ်များကပို၍ လူဦးရေထူထပ်သောကြောင့်ယင်းတို့ကိုလစ်လျူရှုခြင်းသည်ပြင်းထန်သောလူမှုရေး၊နိုင်ငံရေးပြဿနာကိုဖန်တီးလိမ့်မည်။

(၂) နယ်စပ်ဒေသဧရိယာများသည်စီးပွားရေးအခွင့်အလမ်းများစွာပေးနိုင်သောထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံကဲ့သို့သောသန်သန်မာမာတိုးတက်နေသောစီးပွားရေးအဆောက်အအုံများနှင့် အနီးစပ်ဆုံးရှိနေသည်။

MCDV မူဘောင်သည် ခရီးသွားလာရေးလုပ်ငန်းဝန်ဆောင်မှုများကို ရှင်းရှင်းလင်းလင်းပြည့်စုံစွာထည့်သွင်းစဉ်းစားခြင်းမရှိပေ။ ခရီးသွားလာရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် သဘာဝပိုင်ဆိုင်ပစ္စည်းများသည့်ကြီးမားလှပြီး ခရီးသွားလုပ်ငန်းအာရုံစိုက်ရာ ထင်ရှားသော အဓိက ခရီးသွားလာရာနေရာဖြစ်သည်။ အစွမ်းနှစ်ခုနှင့် နယ်စပ်ဖွံ့ဖြိုးတိုးတက်မှု ဗျူဟာအတွင်း ခရီးသွားလုပ်ငန်းကို ထည့်သွင်းထားလျှင် အကောင်းဆုံးဖြစ်သည်။ အကြောင်းမှာ ရန်ကုန်နှင့် မန္တလေး၊ ပုဂံအပါအဝင်သည် အဓိကခရီးသွားလုပ်ငန်းများ ဆွဲဆောင်မည့်တိုင်းပြည်၏ဝင်ပေါက်များဖြစ်သည်။

မြန်မာနိုင်ငံတွင် သိသာထင်ရှားလောက်သော ပြောင်းလဲမှုများနှင့် စီးပွားရေးပွင့်လင်းမှုသည် အရှေ့အာရှကုန်ထုတ်လုပ်မှုဆက်သွယ်ရေး ကွန်ယက်များကို ချဲ့ထွင်ခြင်းနှင့် ပိုမိုနက်ရှိုင်းစေခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏အရေးပေါ် စီမံချက်များသည် ဆက်သွယ်ရေးလမ်းကြောင်း၌ လစ်လပ်နေသောဆက်သွယ်ရေးလမ်းကြောင်းကိုပြန်လည်ပေါ် ထွန်းစေခြင်းပင်ဖြစ်သည်။ အကြောင်းမှာမြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲကမ္ဘာရှိ အဓိကတိုးတက်မှု ဒေသကြီး သုံးခုဖြစ်သော အိန္ဒိယ ၊ တရုတ်နှင့် ကျန်အာဆီယံနိုင်ငံများနှင့် ပထဝီဝင် အနေအထား အရသော်

လည်းကောင်း၊ နည်းဗျူဟာမြောက်အရ သော်လည်း ကောင်း ဆက်စပ်တည်ရှိခြင်းကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံ၏ဆက်စပ်သော လမ်းကြောင်းသည်ဒေသတွင်းရှိ ထုတ်လုပ်မှုဆိုင်ရာ ဆက်သွယ်ရေးကွန်ယက်များ၌ ပိုမိုတက်တက်ကြွကြွဆောင်ရွက်နိုင်စွမ်းရှိသည်။ (ကားချပ် ၅က.၅ ကိုကြည့်ပါ)

ကားချပ် ၅က.၅ - ပေါ်ထွန်းလာသော အဆက်အသွယ် ဆုံမှတ်အဖြစ် မြင်ရသည့် မြန်မာ




ဇာစ်မြစ် - Kimura, et al. (2011) reprinted in Kudo, Kumagai and Umezaki (2013)

သို့သော်ငြားလည်းပိုမိုကောင်းမွန်သော ပြည်တွင်းအခြေခံအဆောက်အဦ၊ ပြည်တွင်းစီးပွား ရေးစကြံန်များဖွံ့ဖြိုးတိုးတက်မှု ၊ထောက်ပံ့ပို့ဆောင်ရေးနှင့် မြို့ကြီးများနှင့် အဓိကကျသော ဒေသဆိုင်ရာ စကြံန်များကို ဆက်သွယ်ရေး သောအခြားကုန်ကျစရိတ်များလျော့ချရန်နှင့် ဒေသဆိုင်ရာ စီးပွားရေး စကြံန်များအတွက် ဆက်စပ်သောလမ်းကြောင်း လုပ်ဆောင်မှုမှ ကောင်းစွာ အကျိုးဖြစ်ထွန်းစေရန်တို့လိုအပ်သည်။သယံဇာတအရင်းအမြစ်ကန့်သတ်ချက် များကြောင့်ရင်းနှီးမြှုပ်နှံမှုစီမံချက်များအချို့ကိုဦးစားပေးလုပ်ဆောင်ရန်လိုအပ်သည်။ ကိန်းဂဏန်းများ ဖန်တီး ထုတ်လုပ်၍ တွက်ချက်သော အဖြေများအရ မြန်မာနိုင်ငံအတွက် လက်ရှိအချိန်တွင် ရန်ကုန်နှင့် မန္တလေးတိုးတက်မှုဝင်ရိုးများကိုဦးစားပေးလျှင်အကောင်းဆုံး ဖြစ်သည်။ (Kudo, Kumagia and Umezak, 2013)

အချုပ်အားဖြင့် (MCDV) သည် မြန်မာနိုင်ငံအတွက် နောက်ဆယ်စုနှစ် နှစ်ခုအတွင်းအာဆီယံ ၌တိုးတက်မှုကြယ်ပွင့်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ဆောင်သူအဖြစ် စဉ်းစားနိုင်ရန် စုစည်းညီညွတ်သော မူဘောင်တစ်ခုကို တင်ပြလာပြီးစစ်မှန်သောတိုးတက်မှုဆောင်ရွက် ခြင်းကို ဗီယက်နမ်နိုင်ငံသည် စောစွာရရှိခဲ့ပြီး ကမ္ဘောဒီးယားနှင့် လာအို နိုင်ငံတို့သည် နောက်မှ ရရှိလာလိမ့်မည်။ ဖြစ်စဉ်တွင် အာဆီယံ (၆) နိုင်ငံနှင့် CLMV နိုင်ငံများအကြားဖွံ့ဖြိုး တိုးတက်မှုကွာဟချက်များသည် နောက်ဆယ်စုနှစ်နှစ်ခုအတွင်း ပိုမိုကျဉ်းမြောင်းစေရန် မျှော်မှန်းနိုင်သည်။

## ချိတ်ဆက်မှု၊ ပထဝီဝင်အနေအထားအရ အကျုံးဝင်မှုနှင့် အခြေခံ အဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ

အားလုံးအကျုံးဝင်နိုင်သောတိုးတက်မှုတွင် နိုင်ငံတစ်နိုင်ငံအတွင်း (သို့မဟုတ်) နိုင်ငံများ အတွင်း စီးပွားရေးလုပ်ဆောင်ချက်များ၏ ပိုမို ကောင်းမွန်သော နေရာအလိုက် ဘက်ညီမှု ဆိုလိုသည်မှာ ပထဝီဝင်ဆိုင်ရာ ပါဝင်မှုတို့ပါဝင်သည်။ တစ်ချိန်တည်းမှာပင် စီးပွားရေး အရတွက်ခြေကိုက်မှုမှ လူမှုရေးအကျိုးကျေးဇူးများရှိသောကြောင့် နိုင်ငံတစ်နိုင်ငံတွင် ဒေသများအတွင်း ညီမျှမှုသည် အလေ့အထမဟုတ်ပေ။ ဥပမာအားဖြင့် မြန်မာနိုင်ငံ၏ တိုးတက်မှုအစွန်းနှစ်ခု တိုးတက်မှုမဟာဗျူဟာအတွက် MCDV တွင် တွက်ချက်ထားသော ရလဒ်များအရ နိုင်ငံထဲရှိ တိုးတက်မှုဝင်ရိုး အများအပြားထက်GDP ပိုမြင့်မားမှုကိုပေးသည်။ တစ်ချိန်တည်းမှာပင် အားလုံး အကျုံးဝင်သောတိုးတက်မှုသည် မြို့ကြီးများနှင့် ကျေးလက် ဒေသဧရိယာများ (သို့မဟုတ်) ဖွံ့ဖြိုးတိုးတက်ပြီးသောနိုင်ငံနှင့် နောက်ကျကျန်ရစ်သောနိုင်ငံ

ကြားတွင် အပြန်အလှန် စဉ်းစားခြင်းမရှိပါက အောင်မြင်မှုမရရှိနိုင်ပေ။ ထိုပြင် ယင်းသည် ချိတ်ဆက်မှု တိုးလာစေသည့်အတွက် မြင့်မားသောစီးပွားရေး တိုးတက်မှုနှင့် အားလုံးအကျုံး ဝင်သောဖွံ့ဖြိုးတိုးတက်မှုကြားတွင် ပိုမိုကောင်းမွန်သောညီမျှမှုကိုဖော်ညွှန်းသည့် အဓိက စကားလုံးဖြစ်သည်။ ချိတ်ဆက်မှုတိုးတက်လာစေခြင်းသည် အခြေခံအဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံမှုပါဝင်စေသလို ကုန်သွယ်မှု လွယ်ကူချောမွေ့စေမည့် ပံ့ပိုးမှုစနစ်နှင့်ဝန်ဆောင်မှု များတွင် ပိုမိုကောင်းမွန်စေခြင်းတို့ပါဝင်သည်။

ချိတ်ဆက်မှု၏အရေးပါမှုကိုညွှန်းဆိုရာတွင်ရှေ့တွင်ဖော်ပြဆွေးနွေးခဲ့သည့်အခန်း (၄) ၏ဒေ သဆိုင်ရာထုတ်လုပ်မှုဆက်သွယ်ရေးကွန်ယက်ပင်ဖြစ်သည်။ ပိုမိုကောင်းမွန်သောတိုက်ရိုက် ချိတ်ဆက်မှုများသည် ထုတ်လုပ်မှုဆက်သွယ်ရေးကွန်ယက်လမ်းကြောင်းတွင် ဝန်ဆောင်မှု နှင့်ဆက်နွယ်သောစရိတ်ကိုသက်သာစေပါသည်။ထိုမှတဆင့်ပထဝီဝင်ဆိုင်ရာအနေအထား ကို တိုးချဲ့နိုင်ခြင်းနှင့် ဆက်သွယ်မှုကွန်ယက်ကို ပိုမိုအားကောင်းစေ ပါသည်။ ထို့အပြင် ပိုမို ကောင်းမွန်သောချိတ်ဆက်မှုသည် လုပ်ငန်းစုအချို့၏ပေါင်းစည်းမှုသည် ကြီးမားသောမြို့ ကြီးများဖြစ်စေသကဲ့သို့ လုပ်သားစုစိုက်အသုံးပြုသောလုပ်ငန်းစုအချို့ ပြန့်ကြဲနေခြင်းကို ကျေးလက်ဒေသ နှင့် /သို့မဟုတ် အာဆီယံဆင်းရဲသော နိုင်ငံများ (CLM) ဖြစ်စေသည်။ မူလအာဆီယံ (၆)နိုင်ငံ နှင့် ဗီယက်နမ် နှင့် CLM နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟ ချက်ကျဉ်းမြောင်းစေခြင်းသည် ဒေသဆိုင်ရာ ထုတ်လုပ်မှုဆက်သွယ်မှုကွန်ယက်တွင် CLM နိုင်ငံများပါဝင်ပူးပေါင်းနိုင်စွမ်းရှိသော၊ ပိုမိုကောင်းမွန်သောချိတ်ဆက်မှုကိုဖြစ်စေသည်။

အာဆီယံ (၅) နိုင်ငံနှင့် ဗီယက်နမ်တို့သည် ကုန်သွယ်မှုနှင့် ယင်းတို့၏ FDI ဖြင့်မောင်းနှင် သောစက်မှုထွန်းကားမှုကို ၎င်းတို့၏မြို့များမှအခြေခံခဲ့သည်။ ယင်းအချက်ကို ကားချပ် (၅က.၆) တွင်တွေ့ရသည်။ ပုံတွင် အပြည်ပြည်ဆိုင်ရာထောက်ပံ့ပို့ဆောင်အသွင်အပြင် ညွှန်ကိန်း (LPI) နှင့် တစ်ဦးကျ GDP ဆက်စပ်မှုကို ဖော်ပြထားပြီး မြင့်မားသောအပြန်အလှန် ဆက်စပ်မှုကို တွေ့ရသည်မှာ အံ့သြစရာမဟုတ်ပေ။[6] ယင်းပုံမှ ထူးခြားသည့်အချက်မှာ ဒေသဆိုင်ရာ ထုတ်လုပ်မှုဆက်သွယ်ရေးကွန်ယက်များ၌ ပိုမို နက်နက်ရှိုင်းရှိုင်းပါဝင်သော AMS နိုင်ငံများ ( ယင်းတို့မှာ စင်္ကာပူ၊ မလေးရှား၊ ထိုင်း၊ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့်အင်ဒိုနီးရှား နိုင်ငံများ) တွင် ယင်းတို့၏ တစ်ဦးကျဝင်ငွေ အဆင့်များ၌ LPI တို့သည် မျှော်မှန်းထား သည်ထက် သိသိသာသာ မြင့်မားလျက်ရှိသည်ကိုတွေ့ရှိရသည်။ သို့သော် လာအို၊

[6] We use 2012 LPI data and 2012 GDP data. Data for Brunei are not available.

ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့သည် ထိုမျဉ်း(သို့မဟုတ်) ထိုမျဉ်းအောက် ကျရောက်လျက်ရှိသည်။ ပဓာနကျသော မြို့တော်ကြီး နှင့် ဆိပ်ကမ်းများအကြား ထောက်ပံ့ပို့ဆောင်အသွင်အပြင်အချက်အလက်များကို အခြေခံလျက် LPI ကို တည်ဆောက်ပါက အာဆီယံရှေ့ပြေးနိုင်ငံများနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ထောက်ပံ့ပို့ဆောင်အသွင်အပြင်သည် အပြည်ပြည်ဆိုင်ရာ ပျှမ်းမျှခြင်းထက်ပိုမိုကောင်းမွန်သည်ကိုတွေ့ရှိရသည်။ အမှန်စင်စစ် ယင်းနိုင်ငံတို့သည် အပြည်ပြည်ဆိုင်ရာစံမီဆိပ်ကမ်းများ၊ စက်မှုဇုန်များ နှင့် ၎င်းတို့အကြား ဆက်သွယ်ထားသော ပိုမိုကောင်းမွန်သည့်လမ်းများ၊ သိသိသာသာပိုမိုကောင်းမွန်သည့် အကောက်ခွန်နည်းလမ်းများ (AMS နိုင်ငံနှစ်ခုတွင် သဘာဝအကောက်ခွန်စနစ်ကိုချမှတ်ထားသည်။) ကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ထားခြင်းကြောင့် ကြီးမားသော MNE များ၊ ပစ္စည်းကိရိယာ အစိတ်အပိုင်းများကိုပေးသွင်းသူများ၊ နိုင်ငံတကာ ထောက်ပံ့ပို့ဆောင် ရွေ့ဆောင်များနှင့် ကမ္ဘာ့အဆင့်အတန်းဝင်သင်္ဘောများကိုပိုမိုကောင်းမွန်သောမက်လုံးပေးနိုင်သဖြင့် စွဲဆောင်မှုများပေးနိုင်ခဲ့ကြသည်။ ကျွန်ုပ်တို့ ပြောနိုင်သည်မှာ ထုတ်လုပ်မှုအဆင့်များ၊ အဆောက်အအုံအတွက်နှင့် ဒေသဆိုင်ရာထုတ်လုပ်မှုဆက်သွယ်ရေးကွန်ယက်များ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ခိုင်ခိုင်မာမာ ဆွဲဆောင်နိုင်ရန် CLM နိုင်ငံများ၏ ထောက်ပံ့ပို့ဆောင် အသွင်အပြင်ကို မြှင့်တင်ရန် အတွက် စိန်ခေါ် လျက်ရှိနေပါသည်။

ကားချပ် ၅က.၆ - အပြည်ပြည်ဆိုင်ရာထောက်ပံ့ပို့ဆောင်အသွင်အပြင်ညွှန်ကိန်း (LPI) နှင့် တစ်ဦးကျ GDP




ဇာစ်မြစ် - Modified from ERIA (2010a).

နိုင်ငံများအကြား ချိတ်ဆက်မှုဖြစ်စေခြင်းသည် ဒေသဆိုင်ရာ ထုတ်လုပ်မှု ဆက်သွယ်ရေး ကွန်ယက်အောက်ရှိနိုင်ငံများသို့ စီးပွားရေးလုပ်ဆောင်ချက်များကို ပိုမိုပြန့်နှံစေပြီးနိုင်ငံတစ်ခု အတွင်း ချိတ်ဆက်မှုဖြစ်စေခြင်းကြောင့် ယင်းနိုင်ငံရှိပိုမို ကျယ်ပြန့်သော ပထဝီဝင် ဒေသ များ၌စီးပွားရေးလုပ်ဆောင်ချက်ကို ပြန့်နှံ့စေသည်။ Isono and Kumagai (2013) တို့က မြန်မာနိုင်ငံ၌ ပြည်တွင်းစီးပွားရေးစင်္ကြံဖွံ့ဖြိုးတိုးတက်မှုသည် မြောက်ပိုင်း ဒေသတို့ကို လျင်မြန်စွာတံခါးဖွင့်စီးပွားရေးစနစ်၏အကျိုးကျေးဇူးမည်ကဲ့သို့ပြန့်နှံ့သွားသည်ကိုဆွေးနွေးခဲ့ ကြသည်။ ကားချပ် (၅က ၇) ၏ လက်ဝဲဖက်အခြမ်းပုံသည် ၂၀၁၃ ခုနှစ်၌ မြန်မာနိုင်ငံ၏ ဘက်ပေါင်းစုံပြုပြင်ပြောင်းလဲမှုများ၏ ဆောင်ရွက်ဆဲစီမံကိန်းကို ဖော်ပြသည်။ ဖြစ်စဉ်၏ ကိန်းဂဏန်းများ ဖန်တီး ထုတ်လုပ်၍ တွက်ချက်သော အဖြေကပြဆိုသည်မှာ မြန်မာနိုင်ငံ၏ စီးပွားရေးပြန်လည်တည်ဆောက်ခြင်းနှင့် ရန်ကုန်သီလဝါ ဖွံ့ဖြိုးတိုးတက်မှုပြီးမြောက်ခြင်း သည် ရန်ကုန်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများ၏ စီးပွားရေးလုပ်ဆောင်ချက်များကိုနိုး ကြွစေလိမ့်မည်၊ ထိုဒေသတို့သည် အခြားဒေသများ အထူးသဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းမှ လုပ်ငန်းများကိုရန်ကုန်သို့ ဆွဲဆောင်မှု ပေးလိမ့်မည်ဟူ၍ဖြစ်ပါသည်။ ဖြစ်စဉ်ရှိ အမာစားနှင့် အပျော့စား အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုသည် မြန်မာနိုင်ငံ၏ အသားတင်GDP ကိုသိသာစွာ တိုးစေသည်။ အခြားနိုင်ငံများအပေါ် အကျိုးသက်ရောက်မှုသည် သေးငယ် သည်။ အကြောင်းမှာ မြန်မာနိုင်ငံ၏စီးပွားရေးအရွယ်အစားသေးငယ်သောကြောင့် ဖြစ် သည်။ သို့သော်ရန်ကုန်ဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာနိုင်ငံပြုပြောင်းလဲမှုများသည် ယေဘုယျ အားဖြင့် ရန်ကုန်၌ အလွှာတစ်ခုတည်ဆောက်မှုကိုဖြစ်ပေါ်စေပြီး နိုင်ငံ၏မြောက်ပိုင်းဒေသ များမှ လုပ်ငန်းများ၊ အိမ်ထောင်စုများစီးဆင်းမှုတစ်ခုဖြစ်ပေါ်စေလိမ့်မည်။

ကားချပ် ၅က.၇ - မြန်မာ့ ဖွံ့ဖြိုးမှု၏ စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ (သက်ရောက်မှု သိပ်သည်းဆ, တစ်စတုရန်း ကီလိုမီတာလျှင် USD, ၂၀၃၀)




ဇာစ်မြစ် -Isono and Kumagai (2012).

ကိန်းဂဏန်းများဖန်တီးထုတ်လုပ်၍တွက်ချက်သောအဖြေကပြဆိုသည်မှာရန်ကုန်ဖွံ့ဖြိုးတိုးတက်မှုနှင့်မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုသည်မြန်မာနိုင်ငံတွင် စီးပွားရေးတိုးတက်မှုမြင့်မားသောအဆင့်ကို ဦးတည်စေသော်လည်း ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များကျဉ်းမြောင်းမှု

တွက်တော့မလုံလောက်သေးပါ။ အခြားသောစီမံချက် (scenario 2) တွင် ရန်ကုန်အပြင် မန္တလေးဒေသဖွံ့ဖြိုးတိုးတက်မှုသာမက နိုင်ငံတွင် ဆက်သွယ်မှုလမ်းကြောင်းတိုးမြှင့်စေခြင်း နှင့်အတူ ပတ်ဝန်းကျင်နိုင်ငံများနှင့် အဓိကနယ်စပ်ဖြတ်ကျော်မှုများတွင် လွယ်ကူချောမွေ့စေရေး တို့ဖြင့် မြန်မာနိုင်ငံအတွက် မြင့်မားသောစီးပွားရေးတိုးတက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးကိုထည့်သွင်းထားပါသည်။

တိုးတက်မှု၏ဗဟိုချက်သို့အဖျားအနားများဆက်သွယ်မှု၏အရေးပါမှုကိုဇယား ၅ က -၂ တွင်ဖော်ပြထားပါသည်။ သာဓကအားဖြင့် ကျွန်ုပ်တို့သည် Davao နှင့် Manado (Bitung) ကြားအကောင်အထည်ဖော်သည့် Hong Kong-Manila-Davao-Manado-Surabaya-Jakarta စီးပွားရေး စင်္ကြန်တစ်ခုကိုစဉ်းစားနိုင်သည်။ဇယား၅က-၂တွင်ဖော်ပြထားသကဲ့သို့ Hong Kong-Manila-Davao-Manado-Surabaya-Jakarta စီးပွားရေး စင်္ကြန်သည် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့ပေါ်တွင်ကြီးမားသော စီးပွားရေး အကျိုး သက်ရောက်မှုများယူဆောင်လာပေးရုံသာမက Davaoနှင့် Manado အကြား Ro Ro နှင့် နှိုင်းယှဉ်လျှင် Manado နှင့် Davao ပေါ်တွင် Ro Ro စီမံချက်က ခိုင်မာသောအကျိုးသက်ရောက်မှုများကိုတိုးစေပါသည်။

ဇယား ၅က.၂ - ဒေဗာအို နှင့် မာနာဒို၊ ဟောင်ကောင်-မနီလာ-ဒေဗာအို-မာနာဒို-ဆူရာဘာရ-ဂျကာတာ လမ်းကြောင်းတို့ကြား RoRo ၏ စီးပွားရေး အကျိုးသက်ရောက်မှုများ (၂၀၁၆-၂၀၂၅ အတွင်း စုပေါင်း သက်ရောက်မှုများကို ၂၀၁၀ GDP/GRDP တို့နှင့် နှိုင်းယှဉ်၍)

| | Indonesia | | Philippines | |
|---|---|---|---|---|
| | | Kota Manado | | Region XI (Davao Region) |
| Roll-on/Roll-off (RoRo) betweenDavaoand Manado | 1.3% | 94.6% | 0.0% | 0.4% |
| Manado HongKong–Manila–Davao– Manado–Surabaya – Jakarta | 18.1% | 192.5% | 11.2% | 12.1% |

ဇာစ်မြစ် - IDE/ ERIA-GSM 5.0

ပဓာနကျသောမြို့ကြီးများတဝိုက် ဆက်သွယ်မှုများတိုးတက်ကောင်းမွန်လာခြင်းသည် အားလုံးအကျိုးဝင်သောတိုးတက်မှုကိုဦးဆောင်နိုင်သည်။ ဥပမာအားဖြင့် စက်မှုလုပ်ငန်းစု၏ အလ္လာများသို့မဟုတ် ပျံ့နှံ့မှုအရွယ်အစားသည် ပဓာနကျသောမြို့ကြီးများ၏ အခြေခံအဆောက်အအုံ၏အရည်အသွေးပေါ်တွင်မူတည်ပါသည်။ ကားချပ် (၅က.၈) တွင် တူညီသောစကေးဖြင့် ဂျကာတာနှင့် ဘန်ကောက်တို့တွင် အလ္လာများရေးဆွဲထားသည်။ ကား၊ လျှပ်စစ်နှင့်အီလက်ထရွန်းနစ်တို့နှင့် ဆက်စပ်သောအလ္လာများကိစ္စတွင် ဂျကာတာ၏ စက်မှုလက်မှုအလ္လာသည် အရှေ့ဖက်အစွန်းတွင် Tangerang၊ တောင်ဖက်စွန်းတွင် Bogor ၊ အနောက်ဖက်စွန်းတွင် Cikampek နှင့် Purwakarta တို့ဖြစ်သည်။ ထိုအတောအတွင်း ဘန်ကောက်၏ ပထဝီဝင်ဆိုင်ရာအရွယ်အစားတွင် ကြီးမားသောအလ္လာများ ရှိသည်။ ဘန်ကောက်၏ အရှေ့ဖက်စွန်းတွင် Samut Sakhon၊ မြောက်ဖက်စွန်းတွင် Ayutthaya ၊ အရှေ့ဖက်စွန်းတွင် Prachin Buri ပါဝင်ပြီး၊ တောင်ဖက်စွန်းတွင် Rayong စီရင်စု၏အစိတ်အပိုင်း အချို့ပါဝင်သည်။ ထုတ်လုပ်မှုလုပ်ငန်းအတွင်းသို့ ချိန်ခါမှီ ကျယ်ပြန့်စွာဝင်ရောက်လာသောလျှပ်စစ်နှင့်အီလက်ထရွန်းနစ်စက်မှုလုပ်ငန်းများသည် အလ္လာအတွင်း ကောင်းမွန်သောအခြေခံအဆောက်အအုံ ရှိမှသာအောင်မြင်နိုင်ပေလိမ့်မည်။ ကားချပ် ၅ က -၄ တွင် ဆွေးနွေးခဲ့သည့်အတိုင်း ဘန်ကောက်သည် ဂျကာတာထက် LPI ပိုမြင့်သည်။ အထူးသဖြင့် ဂျကာတာတွင် ယာဉ်ကြောပိတ်ဆို့ မှုများသည် လုပ်ငန်းများ၏ ချိန်ခါမှီ လုပ်ဆောင်မှုကိုအဟန့်အတားဖြစ်စေသည်။ ထိုပြင် ဂျကာတာသည် ဂျကာတာအလ္လာတွင် ဆိပ်ကမ်းဝင်ပေါက်တစ်ခုတည်းသာရှိပြီး ယင်းသည် မြို့လယ်ခေါင်နှင့် နီးသည်။ ဘန်ကောက်တွင်ဆိပ်ကမ်း ဝင်ပေါက်နှစ်ခုဖြစ်သည့် Bangkok port နှင့် Laem Chabang port တို့ရှိသည်။ [7]

အထက်ဖော်ပြပါဆွေးနွေးချက်များသည် လူတိုင်းအကျိုးဝင်နိုင်သော တိုးတက်မှု လုပ်ဆောင်ရာတွင် ဆက်သွယ်ထားသောလမ်းကြောင်းများ၏ အရေးပါမှုကို မီးမောင်းထိုးပြထားသည်။ ထိုချိတ်ဆက်မှုအတော်များများသည် ခြေခံအဆောက်အအုံနှင့်ဆက်သွယ်လျက်ရှိသည်။ ဇယား ၅က-၃ ကညွှန်ပြသကဲ့သို့ CLM နိုင်ငံများသည် ကျန်အာဆီယံအဖွဲ့ဝင်နိုင်ငံများထက် နိုင်းစာလျှင် အခြေခံ အဆောက်အအုံ၌ ပိုမိုချို့တဲ့မှုရှိသည်။ICT အခြေခံ အဆောက်အအုံနှင့် ဆောင်ရွက်မှု များတွင်လည်းအတူတူပင်ဖြစ်သည်။ ကားချပ် ၅က.၉ ကိုကြည့်ပါ။

[7] Isono and Kumagai (2012) showed that the proposed Cilamaya New International Port and an access road between Cikarang and Tanjung Priok in Jakarta will bring large economic impact not only on the industrial cluster in Jakarta but also on the Indonesian economy as a whole.

ကားချပ် ၅က.၈ - ဂျကာတာနှင့် ဘန်ကောက်တို့ရှိ အစုအဝေး အရွယ်အစားများ




မှတ်ရန် - MapswithGRDPdensityinautomotiveindustryin2005areadoptedfromKumagaietal. (2013) (USDper km2).

ဇာစ်မြစ် -Isono (2013).

## ဇယား ၅က.၃ - အာဆီယံအတွင်း ချိတ်ဆက်မှု ဆိုင်ရာ ညွှန်းကိန်းများ

| | Railway density | Road density | Paved road | Passenger cars | Air passengers carried | Port container freight | Asian Highway Total | Asian Highway Below class III |
|---|---|---|---|---|---|---|---|---|
| | (2010) | (2010) | (2010) | (2010) | (2010) | (2010) | (2010) | (2010) |
| Brunei | - | 564.0 | 77.2 | 485 | 1,263 | 0.09 | - | - |
| Cambodia | 3.7 | 216.7 | 6.3 | 18 | 455 | 0.22 | 1,347 | 0 |
| Indonesia | 1.9 | 262.9 | 59.1 | 45 | 52,283 | 8.37 | 4,091 | 0 |
| Lao PDR | n.a. | 171.4 | 13.5 | 2 | 444 | - | 2,857 | 306 |
| Malaysia | 5.1 | 300.5 | 82.8 | 313 | 30,997 | 18.25 | 1,673 | 0 |
| Myanmar | 5.1 | 41.3 | 11.9 | 5 | 396 | 0.17 | 3,009 | 1,064 |
| Philippiness | 1.6 | 670.9 | 9.9 | 8 | 21,024 | 4.95 | 3,367 | 451 |
| Singapore | n.a. | 4794.3 | 100.0 | 121 | 26,709 | 29.18 | 19 | 0 |
| Thailand | 8.7 | 352.4 | 98.5 | 57 | 27,162 | 6.65 | 5,111 | 2 |
| Viet Nam | 7.6 | 516.3 | 47.6 | 13 | 14,407 | 5.98 | 2,597 | 264 |
| Unit | km per km 1000 $km^2$ | km per 1000 $km^2$ | % | per 1,000 population | 1,000 | million TEU | km | |

ဇာစ်မြစ် - UNESCAP (2012)

## ကားချပ် ၅က.၉ - အာဆီယံအတွင်း ICT ဆိုင်ရာ ညွှန်းကိန်းများ (၂၀၀၀-၂၀၁၁)




ဇာစ်မြစ် - Kumagai, et al. (2013)

## အခြေခံအဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် PPP

အခြေခံအဆောက်အအုံသည် နောက်ဆယ်စုနှစ်နှစ်ခုတွင် အာဆီယံအံ့ဘွယ် ဖြစ်ရပ် လက်တွေ့ဖြစ်ပေါ်လာရေးတွင် အဓိကအဟန့်အတား ဖြစ်လာလိမ့်မည်။ ပေါင်းစည်းသော၊ ချိတ်ဆက်မှုရှိသော၊ခိုင်မာစွာတိုးတက်နေသောအာဆီယံသည်အရည်အသွေးကောင်းသော အခြေခံအဆောက်အအုံ လိုအပ်သည်။ အပြိုင်အဆိုင်ရှိသောစက်မှုအလွှာများသည် အရည် အသွေးကောင်းသော အခြေခံ အဆောက်အအုံလိုအပ်သည်။ ပထဝီဝင်ဆိုင်ရာ အကျုံးဝင် မှုသည် အရည်အသွေးကောင်းသော အခြေခံအဆောက်အအုံဟု အဓိပ္ပါယ်ဖွင့်ဆိုနိုင်သည့် တိုးတက်မှုဗဟိုချက်များနှင့် ပတ်လည်ချိတ်ဆက်မှု ကောင်းကောင်းရှိရန် လိုအပ်သည်။ စင်္ကာပူ၊ မလေးရှား၊ ဘရူနိုင်းနှင့် ထိုင်းနိုင်ငံတို့မှလွဲ၍ ကျန်အာဆီယံ နိုင်ငံများတွင် အရည်အသွေးကောင်းသော အခြေခံအဆောက် အအုံ လိုအပ်နေသည်။ အာဆီယံသည် လမ်းများ၊ မီးရထား၊ လူတစ်ထောင် တွင်ရှိသောဖုန်းအရေအတွက်၊ လျှပ်စစ်မီးနှင့် ရေကောင်း ရေသန့်ရရှိနိုင်မှု ရာခိုင်နှုန်းကဲ့သို့သော အခြေခံအဆောက်အအုံလွှမ်းခြုံမှုတွင် အာရှ၊ လက်တင်အမေရိကနှင့် OECD တို့နှင့်နှိုင်းစာလျှင် ပျမ်းမျှ အားဖြင့်နိမ့်ကျနေသည်။ (Shishido, Sugiyama and Zen, 2013, p.2) ဤအစီရင်ခံစာ၏အခန်း(၂) တွင်

သတ်မှတ်ဖော်ပြထားသော မြင့်မားသော တိုးတက်မှုလျာထားချက် အရ ဒေသအတွင်း လိုအပ်နေသောအခြေခံအဆောက်အအုံထက်ဖြည့်ဆီးနိုင်သည့်အခြေခံအဆောက်အအုံက ပိုမို နည်းပါးသည်ကိုတွေ့မြင်နိုင်သည်။

အလယ်အလတ်ဝင်ငွေရရှိနေသော AMSs နိုင်ငံများတွင် တရားဝင် ဖွံ့ဖြိုးတိုးတက်မှုအကူ အညီရရှိမှုကျဆင်းနေသကဲ့သို့အမျှော်အမြင်ရှိ သော မေခရိုစီးပွားရေးစီမံခန့်ခွဲမှု တောင်းဆိုမှု များအတွက် ဘဏ္ဍာရေး အကန့် အသတ်ရှိနေချိန်တွင် ပုဂ္ဂလိက၊အစိုးရပူးပေါင်းဆောင်ရွက်မှု (PPP) သည် ဒေသအတွင်း ကြီးမားသောအခြေခံအဆောက်အအုံကွာခြားချက်ကို ဖြေရှင်းရန် အဓိကလုပ်ထုံးယန္တရားတစ်ခုဖြစ်သည်။ PPPစီမံချက်များသည် ODA အထောက်အပံ့စီမံချက်များထက် မတွင်ကျယ်သော်လည်း PPPစီမံချက်များ သည် အချိန်မီပြီးစီးရန်နှင့် ဘတ်ဂျက်ပိုမိုလိုအပ်သည်။ သို့သော် အာဆီယံတွင် PPP ကိုအမှန်တကယ်အသုံးပြုမှုသည် ဒေသ၏ အခြေခံအဆောက်အအုံ လိုအပ်မှုနှင့် နှိုင်းစာလျှင် နည်းနေသည်။ ဒေသတွင် PPP ကို ဤကဲ့သို့ အကန့်အသတ်နှင့် အသုံးပြုနေရခြင်း၏ အကြောင်းရင်းမှာ PPP စွမ်းဆောင်နိုင်မှုလုံးလုံး မလွယ်ကူလှပေ။ အမှန်စင်စစ်အားဖြင့် ယင်းတို့သည် ရှုတ်ထွေးနိုင်သောကြောင့် အစိုးရများ၏တိုင်းပြည်အကျိုးစီးပွားအတွက် စောင့်ကြည့်ရန်နှင့် စီမံခန့်ခွဲမှု ဆိုင်ရာကောင်းမွန်သောအဖွဲ့အစည်း ဆိုင်ရာစွမ်းဆောင်နိုင်မှုလိုအပ်သည်။

အောက်ဖော်ပြပါတို့သည် အောင်မြင်သော PPP များအတွက်အဓိက ပါဝင်သည့် အမျိုးအမယ်များဖြစ်သည်။ (Shishido, Sugiyama and Zen, 2013, p.11-14 ကြည့်ပါ) [8]

The following is drawn from Shishido, Sugiyama and Zen (2013).

• PPP မှုဘောင်အတွက် အားကောင်းသော အစိုးရ၏ ကတိကဝတ် လိုအပ်သည်။ PPP စီမံချက်များသည် သဘာဝအားဖြင့် ရေရှည်ချုပ်ဆိုမှုများ ဖြစ်သည်။ အခြေအနေတော်တော်များစွာတွင် PPP စီမံချက်တို့၏လူမှုရေး ဆိုင်ရာ အကျိုးစီးပွားတို့သည် ဘဏ္ဍာရေးဆိုင်ရာ အကျိုးစီးပွားများထက် သိသိသာသာမြင့်မားသည်။ PPP စီမံချက် များအတွက် ထောက်ပံ့ကြေးနှင့် တာဝန်ခံမှုတို့ကို ထောက်ပံ့ပေးရန်အတွက် တစ်ပြိုင်နက်ခေါ်ယူမှုများသည် အရေးပေါ်လိုအပ်သည့်ဘဏ္ဍာရေးစဉ်ဆက်မပြတ်ဖြစ်မှုနှင့် ဘက်ညီရန်လိုအပ်သည်။

[8] The following is drawn from Shishido, Sugiyama and Zen (2013).

ဤအ ကြောင်းရင်းကြောင့်PPP တွင် ပိုမိုအတွေ့အကြုံရှိသော AMS များသည်  PPP စီမံချက်များဆိုင်ရာ ယင်းတို့၏ဆုံးဖြတ်ချက်များကို ကူညီနိုင်သော အရည်အချင်းမြင့်မားသည့် အကြံပေး တို့၏အကြံဉာဏ်နှင့်အရည် အသွေးရှိသော ဖြစ်နိုင်ချေရှိမရှိသရုပ်ခွဲဆန်းစစ်မှုများကိုမှီခိုနေသည်။

• အစိုးရသည် စီမံချက်များကိုရွေးချယ်ရန်လုပ်ဆောင်ရန်၊ ဖွံ့ဖြိုးရန်နှင့် စီမံခန့်ခွဲရန်စွမ်းရည်ရှိရန်လိုအပ်သည်။ ဆီလျော်သော ကျွမ်းကျင်မှုမရှိပါက နှောင့်နှေးမှုများ၊ အရည်အသွေးမရှိမှုများဆီသို့ ဦးတည်နိုင်ပြီး ယခင်က ဖြစ်ခဲ့သော  ကျရှုံးမှုများကဲ့သို့ဖြစ်နိုင်သည်။

• အစိုးရသည် PPP အတွက် ဥပဒေနှင့် ညီညွတ်သော စည်းမျဉ်းစည်းကမ်းနှင့်ပြည့်စုံသော အဖွဲ့အစည်းနှင့်သက်ဆိုင်သောဆီလျော်သည့်မူဘောင်များ ပါဝင်သည့်ပတ်ဝန်းကျင်ရှိရန်လိုအပ်သည်။ ယင်းသည် PPP စီမံချက်များကို ရှေ့တိုးနိုင်ရန်အတွက် လိုအပ်သော အာဏာ ရှိရန် PPP ယူနစ်များကို တောင်းဆိုနိုင်သည်။

• PPP စီမံချက်သည် မြင့်မားသော လူမှုရေးစီးပွားရေးပြန်ရချက်များရှိရမည်။ ဂရုတစိုက် နှင့် ကောင်းမွန်သောဖြစ်နိုင်ခြေရှိ ၊ မရှိ အကြိုလေ့လာချက်များနှင့် လေ့လာချက်များပြီးမှသာ ယင်းအချက်ကို စဉ်းစား နိုင်သည်။

• PPP စီမံချက်တို့ကို စွန့်စားချက်များ သေချာမှန်ကန်စွာထည့်သွင်း ဖွဲ့စည်းရန်လိုအပ်သည်။ သို့မှသာအန္တရာယ်များကိုသေသေချာချာခွဲဝေချထားနိုင်မည်။ PPP နှင့် ပိုမိုကျယ်ကျယ်ပြန့်ပြန့်အတွေ့အကြုံရှိသော AMS နိုင်ငံများပင်လျှင် အရည်အသွေး မြင့်မြင့်လိုအပ်သည်။ စရိတ်ကြီးမားသော ကျွမ်းကျင်မှုဆိုင်ရာ၊ ဘဏ္ဍာရေး ဆိုင်ရာ၊  ဥပဒေဆိုင်ရာ၊ နည်းပညာဆိုင်ရာ ဆောင်ရွက်ချက်များနှင့် အခြား အကြံဉာဏ်များ လိုအပ်သည်။ PPP သည် စရိတ်ကြီးမား၍ အချိန်လိုအပ်သော်လည်း  ယင်းကို ချန်ထားရန်မဖြစ်နိုင်ပေ။

• အထက်ပါအကြောင်းအရာများကြောင့် PPP လုပ်ဖော်ကိုင်ဖက်တို့သည်လုပ်ရည်ကိုင်ရည်ရှိရန်လိုအပ်သည်မှာရှင်းပါသည်။

အထက်ဖော်ပြပါ အကြောင်းရပ်များက PPP တို့သည် ရှုပ်ထွေး၍ ရိုးစင်းမှုမရှိ သောချုပ်ဆိုမှုများဖြစ်သည်ကိုပြဆိုသည်။  တစ်ချိန်တည်းမှာပင်  မြင့်မားသောလျာထားတိုးတက်မှုနှုန်းများ

ကိုအထောက်အကူပြုရန် AMSနိုင်ငံများကကြီးမားသောအခြေခံအဆောက်အအုံလိုအပ်ချက်ရှိဒေါင့်အရ ကြည့်ပါက AMS နိုင်ငံတို့ဖွံ့ဖြိုးတိုးတက်မှုအတွက် အောင်မြင်သော PPP အကောင်အထည်ဖော်မှုတွင် ဆီလျော်သောမူဝါဒ၊ အဖွဲ့အစည်းဆိုင်ရာ နှင့် လူ့အရင်းအမြစ်အခြေခံတို့တွင်ရင်းနှီးမြှုပ်နှံရန်လိုအပ်သည်မှာထင်ရှားပါသည်။ PPP စနစ်သည် ကောင်းမွန်စွာလုပ်ဆောင်ပါက အကန့်အသတ်တစ်ခု ဖြစ်သော အခြေခံအဆောက်အအုံသည်မလုပ်ချင်လုပ်ချင်အနေအထားမှ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတစ်ခု အနေအထားဖြင့် အဆုံးသတ်သည်။ အမှန်စင်စစ်အားဖြင့် အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုများသည် ရှေ့လာမည့်နှစ်များ တွင် AMS နိုင်ငံများအတွက် တိုးတက်မှုတွန်းအားတစ်ခုဖြစ်လာသည်။

AMS နိုင်ငံများ နှင့် ဒေသတွင်း၌ PPP စနစ်ကို ကောင်းမွန်စွာလုပ်ဆောင်နိုင်ရန် Shishido, Sugiyama and Zen(2013) တို့က အောက်ပါအကြံပြုချက်များကိုပေးထားပါသည်။

- ပေးထားသောသင့်တင့်လျောက်ပတ်သောဖွံ့ဖြိုးတိုးတက်မှုစီမံချက်သည်ပုဂ္ဂလိကသယံဇာတအရင်းအမြစ်များဆွဲဆောင်ရန်အတွက်အရေးကြီးပါသည်။ AMS ကလည်း PPP စီမံချက်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရံပုံငွေများ ပိုမို ရင်းနှီးမြှုပ်နှံရန်လိုအပ်သည်။ စီမံချက်ဖွံ့ဖြိုးတိုးတက်မှုစရိတ်သည် စုစုပေါင်း စီမံချက်စရိတ်၏ ၅ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းထိရှိသည်။ ယင်းစရိတ်၏ အများစုမှာ ဈေးကြီးသော်လည်း လိုအပ်မှုရှိသော ကျွမ်းကျင်ပညာရှင်၏ အကြံဉာဏ် အတွက်ဖြစ်သည်။ သို့ရာတွင် AMS နိုင်ငံတို့သည် စုစုပေါင်း အသုံးစရိတ်၏ ၁ရာခိုင်နှုန်းမှ၂ ရာခိုင်နှုန်းထိ သာသုံးစွဲသည်။

- PPPလုပ်ထုံးလုပ်နည်းများကိုလေ့လာနေသောAMSနိုင်ငံများအတွက်ကြီးမားသောစီမံချက်များကို ပို၍သေးငယ်ပြီး ရိုးရှင်းသောစီမံချက်များအဖြစ် ပေးခြင်းဖြင့် အတွေ့အကြုံအကန့်အသတ်ရှိသော AMS များအား PPP တည်ဆောက်မှုနှင့် ရှိနေသောစွန့်စားမှုအန္တရာယ်တို့ကိုနားလည်စေနိုင်မည့်လုပ်ဆောင်ချက်ဖြင့် လေ့လာနေခြင်းသည် PPP စီမံချက်တို့ကိုပုံစံချခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စီမံခန့်ခွဲမှုတို့တွင် ပို၍အတွေ့အကြုံရရှိစေရန် AMS အစိုးရယူနစ်များကို ကူညီလိမ့်မည်။

- ဒေသဆိုင်ရာအဆင့်၌ PPP၏ အကောင်းဆုံး အာဆီယံဗဟိုဌာန တစ်ခု တည်ဆောက်ရန် ငွေရေးကြေးရေး၊ ဘဏ္ဍာရေးဆန်းစစ်မှု၊ နှင့် အခြား ဧရိယာများတွင် အရည်အသွေးအဆင့်မြင့်သော ကျွမ်းကျင်ပညာရှင်များ ခန့်ထားပေး ရမည်။ PPP၏အကောင်းဆုံး

ဗဟိုဌာနသည် AMS နိုင်ငံများသို့ အကောင်းဆုံး အလေ့အကျင့်များနှင့် အခြားသင်ခန်းစာများကို ဖြန့်ဖြူးပေးနိုင်သည်။ စီမံချက်ရွေးချယ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောဇရိယာနှင့် တာဝန်ပေးမှုနယ်ပယ်ပေါ်တွင် အကြံပြုခြင်းအားဖြင့် AMS နိုင်ငံများသို့ အကူအညီများထောက်ပံ့ပေးခြင်း၊ AMS ယူနစ်များဆီသို့ အလားအလာရှိသော ပုဂ္ဂလိကမိတ်ဘက်များ ရင်ဆိုင်နေရသော ကန့်သတ်ချက်များ၊ ယင်းတို့၏ ဦးစားပေးမှုများနှင့် ဆွေးနွေးချက်များပေါ် အခြေခံပြီး PPP အဆင်သင့်ဖြစ်နေမှု (ဥပမာ - ဥပဒေရေးရာ၊ ထိန်းကျောင်းမှုဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာ) ကိုဘယ်လိုတိုးမြှင့်ပေးမလဲဆိုသည့်အကြံဉာဏ်တို့ကို ထောက်ပံ့ပေးသည်။အိန္ဒိယနိုင်ငံ၏ အခြေခံအဆောက်အအုံ နှင့် ငှားရမ်းခြင်း၊ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများ (IL & FS) သည် PPP၏ ပြောင်မြောက်ဆုံး အာဆီယံဗဟိုဌာနအတွက် စဉ်းစားနိုင်သောပုံစံငယ်တစ်ခုဖြစ်နိုင်သည်။

- စွမ်းဆောင်ရည်ရှိသော PPP အခြေခံအဆောက်အအုံစီမံချက်များ ဖွံ့ဖြိုးတိုးတက်ရန်နှင့်အကောင်အထည်ဖော်နိုင်ရန် သန့်မာသော၊ အထောက်အကူ ဖြစ်နိုင်သော တရားဥပဒေ၊ ထိန်းကျောင်းမှုဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာ ပတ်ဝန်းကျင်ဖန်တီး ပေးနိုင်ရန်ဖြစ်သည်။

- ကမ္ဘာ့ငွေရေးကြေးရေးအကြပ်အတည်းပြီးနောက် ပြောင်းလဲနေသော အရင်းအနှီးဈေးကွက်များတွင် စီမံချက်စွန့်စားရမှုများ လျော့ချနိုင်သည့် ငွေရေးကြေးရေး ဆိုင်ရာ ကိရိယာ များဖန်တီးပေးရမည်။ ဥပမာအားဖြင့် ဘွန်းစာချုပ်ဖြင့် ငွေကြေးရရှိနိုင်သောစီမံချက်အတွက် ဥရောပရင်းနှီးမြှုပ်နှံမှု ဘဏ် (EIB) ၏ ဘွန်းစာချုပ် တိုးမြှင့်ရန်စီမံချက် (PBCE) ဖြစ်သည်။ ယင်းသည် ချေးငွေရံပုံငွေစီမံချက်အတွက် တိုးမြှင့်ရရှိနိုင်သည့်အစီအစဉ် တစ်ခုအနေဖြင့်အသုံးဝင်ပါသည်။

## လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် ရိက္ခာဖူလုံမှု

လယ်ယာစိုက်ပျိုးရေးနှင့်ဆိုင်သောဖွံ့ဖြိုးတိုးတက်မှုသည် ကြီးမားသောကျေးလက်ကဏ္ဍနှင့် AMSနိုင်ငံများတွင် အားလုံးပါဝင်သော တိုးတက်မှု အတွက်အရေးကြီးသည်။ ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုသည် မြို့ပြဆင်းရဲနွမ်းပါးမှု ထက် သိသိသာသာမြင့်မားသောကြောင့် AMS နိုင်ငံအချို့တွင် ဆင်းရဲသားအရေ အတွက်၏ အများစုမှာကျေးလက်ဒေသတွင်ရှိနေသည်။ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများတွင် လယ်ယာကဏ္ဍသည် တိုင်းပြည်

ထုတ်ကုန်၏ကြီးမားသော အစိတ်အပိုင်းအဖြစ်တည်ရှိနေသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးအဆောက်အအုံတစ်ခုလုံးအတွက် အဓိကတိုးတက်မှု မောင်းနှင်သူ အဖြစ် တည်ရှိနေသလို ဆင်းရဲနွမ်းပါးမှုလျော့ချရေးအတွက် အားကောင်းသော ကရိယာတန်ဆာပလာတစ်ခုအနေဖြင့်တည်ရှိနေပါသည်။လေ့လာသူများက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် ထုတ်လုပ်မှုကဏ္ဍ သို့မဟုတ် ဝန်ဆောင်မှုကဏ္ဍ တိုးတက်မှုနှုန်းထက် ဆင်းရဲနွမ်းပါးမှုကို ပိုမိုလျော့ချနိုင်သည်ဟုဖော်ပြသည်။ ၁၉၈၀ ခုနှစ်များတွင် တရုတ်နိုင်ငံ၊ ၁၉၉၀ ခုနှစ်များတွင် ဗီယက်နမ်နိုင်ငံတို့တွင် ဆင်းရဲမွဲတေမှုလျော့ချရန် အထင်ကြီးလောက် သောအဟုန်အဖြစ် မှတ်သားလောက်သော လယ်ယာကဏ္ဍထုတ်ကုန် တိုးတက်မှု၊ လုပ်အား စူးစိုက်အသုံးပြုသော ထုတ်လုပ်မှု လုပ်ငန်းများတွင် အလုပ်အကိုင်ရရှိမှုတိုးလာခြင်းနှင့်အတူ ဝင်ငွေ မြင့်မားလာမှုတို့က မှတ်ယူနိုင်ခဲ့သည်။ နှစ်နိုင်ငံစလုံးတွင် စိုက်ပျိုးရေးနှင့်ဆိုင်သော ကုန်ထွက် တိုးတက်လာခြင်းသည် စိုက်ပျိုးရေးနှင့်ဆိုင်သောထုတ်လုပ်မှုစွမ်းအား သိသိသာ သာ တိုးတက်လာခြင်းမှ ကြီးမားစွာဖြစ်ပေါ် လာသည်။ ထုတ်လုပ်မှုစွမ်းအား တိုးတက်လာခြင်း သည် လယ်ယာစိုက်ပျိုးရေးနှင့်ဆိုင်သောလုပ်သားအင်အားသည်တိုးတက်နေသော စက်မှု ကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများသို့ အလုပ်အကိုင်ရရှိမှု ပြောင်းသွားခြင်း အတွက်ခွင့်ပြုသည်။

တရုတ်နှင့်ဗီယက်နမ်တို့သည် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မီးမောင်းထိုးပြသော်လည်း လယ်ယာကဏ္ဍတွင် လုံးလုံးလျားလျား အလုပ်အကိုင်ရရှိမှု လျော့ကျသွားခြင်း၊ လယ်ယာ စိုက်ပျိုးရေးကဏ္ဍတွင် ထုတ်လုပ်နိုင်မှုစွမ်းအားတိုးတက်ခြင်းဖြင့် လွယ်ကူစေခြင်းသည် ထိုင်းနိုင်ငံကဲ့သို့သော အောင်မြင်သော စီးပွားရေးအဆောက်အအုံများ ဖွဲ့စည်းမှုပုံသဏ္ဍာန် အသွင်ပြောင်းလဲခြင်း၏အစိတ်အပိုင်းဖြစ်သည်။ ထုတ်လုပ်နိုင်မှုစွမ်းအားတိုးတက်လာခြင်းမှ လယ်ယာစိုက်ပျိုးရေးနှင့် ဆိုင်သော ဖွံ့ဖြိုးတိုးတက်မှုသည် လယ်ယာလုပ်ငန်း(စိုက်ပျိုးမွေးမြူ ရေးလုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်း) မှ ဝင်ငွေများမြင့်တက်လာခြင်းမှတဆင့်တိုက်ရိုက် ဆင်းရဲ နွမ်းပါးခြင်းကို လျော့ချနိုင်ခဲ့ပြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် ကျေးလက်ဒေသမှ လုပ်အား သည် တိုးတက် နေ သော လယ်ယာစိုက်ပျိုးကဏ္ဍမဟုတ်သည့် ကဏ္ဍများသို့ ရောက်ရှိ ခြင်းဖြင့် သွယ်ဝိုက်သောအားဖြင့် ဆင်းရဲနွမ်းပါးမှုကိုလျော့ချစေသည်။ ထုတ်လုပ်နိုင်မှုစွမ်းအား တိုးတက်မှုမှတဆင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆိုင်သောဖွံ့ဖြိုးတိုးတက်မှုသည် ဆင်းရဲနွမ်းပါး မှုကိုလျော့ချရန်တတိယလမ်းကြောင်းဖြစ်သည်။ ဆိုလိုသည်မှာ စိုက်ပျိုးရေးဆိုင်ရာထုတ်လုပ် နိုင်မှုတိုးတက်ခြင်းသည် အစားအစာဈေးနှုန်းများကို လျော့ချစေနိုင်ပြီး ထုတ်လုပ်နိုင်မှုစွမ်း အားတိုးတက်မှုမရှိဘဲလုပ်ခတိုးရန်ဖိအားများသည်။ လုပ်အားစူးစိုက်အသုံးပြုသောကုန်ချော ထုတ်လုပ်သူများကို သိသိသာသာထိခိုက်စေပြီးထိုမှတဆင့် အလုပ်အကိုင်ရရှိမှုအလားအ လာများကိုလည်းထိခိုက်စေနိုင်သည်။ AMS နိုင်ငံများ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏အသွင်

အပြင်သည် လွန်ခဲ့သောဆယ်စုနှစ်အနည်းငယ်အတွင်းမှစ၍ ဒေသ၏ ခိုင်ခံ့သောစီးပွားရေး အသွင်အပြင်တစ်ခုလုံးကို သိသိသာသာပဲ့ကိုင်ခဲ့သည်။ ၂၀၀၀ ခုနှစ်၏ ပုံသေဈေးနှုန်းများအရ လယ်ယာစိုက်ပျိုးရေး GDP သည် ၁၉၆၀နှစ်များမှ ၂၀၁၀ ထိ အင်ဒိုနီးရှား၊ မလေးရှားနှင့်ထိုင်း နိုင်ငံတို့တွင် တစ်နှစ်ပျမ်းမျှ ၆ ရာခိုင်နှုန်းမှ ၆.၆ ရာခိုင်နှုန်းအတွင်း၊ ၁၉၉၃ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံတွင် တစ်နှစ်ပျမ်းမျှ ၆ ရာခိုင်နှုန်း၊ ၁၉၈၄ ခုနှစ်မှ၂၀၁၀ ခုနှစ်အတွင်း လာအို နိုင်ငံတွင်တစ်နှစ်ပျမ်းမျှ ၅.၅ ရာခိုင်နှုန်းပတ်ဝန်းကျင်၊ ၁၉၆၀ ခုနှစ်မှ၂၀၁၀ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံတွင်တစ်နှစ်ပျမ်းမျှ ၅.၅ ရာခိုင်နှုန်းပတ်ဝန်းကျင် နှင့် ၁၉၈၀ ခုနှစ်များအလယ်မှ ၂၀၀၀ ခုနှစ်များအလယ်အတွင်း ဗီယက်နမ်နိုင်ငံတွင် တစ်နှစ် ပျမ်းမျှ ၄.၉ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ (World Bank as reported in Poapongsakorn and Nitthanprapas, 2013, p.3) ရနိုင်သမျှသော အချက်အလက်များနှင့် ခန့်မှန်းချက်များသည် AMS နိုင်ငံတော်တော်များများတွင် ထုတ်လုပ်မှုစွမ်းအားတိုးတက်မှုသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏သန်မာသော တိုးတက်မှု၏အရေးပါသောမောင်းနှင်အားတစ်ခုဖြစ်သည်။ (ဇယား ၅က.၄ ကိုကြည့်ပါ။) ဇယားသည် CLMV နိုင်ငံများအတွက် ပြုပြင်ပြောင်းလဲရေး ကာလပြီးနောက်ပိုင်းတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆိုင်သော စုစုပေါင်းထုတ်လုပ်နိုင်မှု စွမ်းအား ပိုမိုကောင်းမွန်လာမှုကိုဖော်ပြသည်။ ဆယ်စုနှစ်များမတိုင်မီက အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့တွင် သန်မာသော တိုးတက်မှုများရှိခဲ့သည်။ စုစုပေါင်းအင်အားတိုးတက်မှုသည်သန်မာသောတိုးတက်မှုရှိခဲ့သည်။ ၁၉၈၅ ခုနှစ်မှ ၁၉၉၅ ခုနှစ်အတွင်းအာဆီယံ၏ပထမဆုံးရွှေရောင်လွှမ်းသော ဆယ်စုနှစ်အတွင်း အင်ဒိုနီးရှား၊ ထိုင်း၊ မလေးရှား၊စင်္ကာပူနိုင်ငံများတွင် အလွန်မြင့်မားသော စီးပွားရေးတိုးတက်မှုနှုန်းများကို ရရှိခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံတွင် လယ်ယာကဏ္ဍ၏စုစုပေါင်းအင်အားစုထုတ်လုပ်နိုင်မှုစွမ်းအားတိုးတက်မှုနိမ့်ကျခြင်းသည် ၁၉၈၀ ခုနှစ်များမှ ၁၉၉၀ခုနှစ်များနှင့် ၂၀၀၀ ခုနှစ်များအစောပိုင်းအတွင်း နိုင်ငံ၏ အတိုင်းအတာတစ်ခုအထိ ခက်ခဲနေသောစီးပွားရေး စီးပွားရေးညှိနှိုင်းမှု နှင့် ညံ့ဖျင်း သော စီးပွားရေးအသွင်အပြင်များကို ဖြစ်စေသည်။ ဖိလစ်ပိုင်နိုင်ငံသည်ကာလအတွင်းAMSကြားမှာဆင်းရဲနွမ်းပါးမှုလျော့ချခြင်း၏ အဆိုးဝါးဆုံးနှုန်း ဖြစ်သည်။

### ဇယား ၅က.၄ - အာဆီယံ စိုက်ပျိုးရေးနှင့် တရုတ်တို့၏ စုစုပေါင်း ထုတ်ကုန်တိုးတက်မှုနှုန်း (နှစ်စဉ် %)

| Country | 1929-2004 | Pre-reform | Post-reform |
|---|---|---|---|
| 1. Supawat (2009) | | | |
| Cambodia | 0.446 | -0.320 | 0.829 |
| Laos | 0.335 | -0.559 | 0.558 |
| Myanmar | 0.988 | 0.199 | 1.383 |
| Thailand | 1.043 | - | - |
| Viet Nam | 0.969 | -1.702 | 1.637 |
| China | - | - | - |
| 2. Mundlak, et.al.(2002) | (1961-98) | (1961-80) | (1980-98) |
| Indonesia | 1.49 | 1.58 | 1.49 |
| | (1971-98) | (1971-8) | (1981-98) |
| Philippines | 0.25 | 0.98 | 0.13 |
| | (1971-95) | (1971-81) | (1981-95) |
| Shareofgrowth | | | |
| Indonesia | 43.9 | 42.9 | 48.8 |
| Philippines | 10.0 | 25.6 | 9.1 |
| Thailand | 47.7 | 47.3 | 45.5 |

ဇာစ်မြစ်-(1) Rungsuriyawiborn (2) Mundlak , Poupongsa Kornand Nitthanprapas ,2013, p-7

၂၀၁၅ ခုနှစ်အလွန်ရှေ့လျှားရာတွင် အာဆီယံ လယ်ယာသည် ယင်း၏ဖွဲ့စည်းမှုဆိုင်ရာအသွင်ပြောင်းလဲမှုကိုဖြစ်စေသည်။ အကြောင်းမှာ (၁) ဒေသအတွင်း စားမြဲအစာနှင့်ဆိုင်သောအသွင်ပြောင်းလဲမှုသည် ကောက်ပဲသီးနှံများမှ တိရစ္ဆာန် ထုတ်ကုန်များနှင့်ပိုမိုဆင့်တက်ပြုပြင်ထားသောအစားအစာဆီသို့ ပြောင်းရွှေ့စေမှုကို ဦးတည်စေသည့်အသွင်ပြောင်းလဲမှု(၂) စိုစွတ် သောဈေးကွက်များမှ ဘေးအန္တရာယ်ကင်းရှင်းသောအစားအစာ၏အာမခံမှုပေးနိုင်

သည့်ကုန်မျိုးစုံဆိုင်ကြီးများဆီသို့အသွင် ပြောင်းလဲခြင်း၊ ထိုမှတဆင့် AMS နိုင်ငံများ အတွင်း ပြည်တွင်းရောင်းလိုအားကွင်းဆက်အကျိုးသက်ရောက်စေခြင်း၊ (၃) ပို၍ကြီးမားသော စက်ယန္တယားတပ်ဆင်ထားသော လယ်ယာစိုက်ပျိုးရေးနှင့်ဆိုင်သော ထုတ်လုပ်မှု အသွင်ပြောင်းလဲမှု ထိုင်းနိုင်ငံကဲ့ သို့သော နိုင်ငံများအတွက် ပိုမိုကြီးမားသောမြေပေါင်းစည်းခြင်း၊ လုပ်ခမြင့်တက်လာမှုကြောင့်လုပ်သားများ စက်မှုနှင့်ဝန်ဆောင်မှုကဏ္ဍများတွင် ပြောင်းရွှေ့လာခြင်း၊ (Poapongsakorn and Nitthanprapas, 2013တွင်ကြည့်ပါ။)အသွင်ပြောင်းလဲမှုများအတွက် ဤကဲ့သို့ဖိအားပေးမှုများသည် လယ်ယာစိုက်ပျိုးရေးကို မှီခိုနေရသည့် AMS နိုင်ငံများ၊ လက်ရှိအခြေအနေတွင် မူဝါဒနှင့် အဖွဲ့အစည်း ဆိုင်ရာအစီုရများ ပိုမိုကောင်းမွန်စေသကဲ့သို့ လယ်ယာကဏ္ဍတွင် ထုတ်လုပ်နိုင်မှု စွမ်းအားမြင့်မား စေသည့်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရန် (ဥပမာ- CLM နိုင်ငံများ တွင် R & D၊ အထူးသဖြင့် ကမ္ဘောဒီးယားတွင် ဆည်မြောင်းသွယ်ခြင်း၊ လာအိုတွင် ကျေးလက်ဒေသလမ်းများနှင့် ကျေးလက်ဒေသ ပညာရေး)တွန်းအားအဖြစ် ထောက်ပံ့ပေးသည်။ ယင်းနိုင်ငံများသည် အာဆီယံနှင့် အရှေ့အာရှဒေသများတွင် စီးပွားရေးနှင့် လိုလားအပ်သောရှုခင်းများပြောင်းလဲခြင်းဖြင့် ကမ်းလှမ်းလာသော အခွင့်အလမ်းများ မှ အကျိုးကျေးဇူးပိုရနိုင်သည်။

ထိုပြင် ကုန်သွယ်မှုလွယ်ကူလာစေခြင်း နှင့် အခြေခံအဆောက်အအုံ (ခေတ်မီလက် ကားဈေးကွက်များနှင့် ထောက်ပံ့ပို့ဆောင်ရေးလွယ်ကူမှုများအပါအဝင်) ပိုမိုကောင်းမွန်လာသကဲ့သို့ စံနှုန်းတစ်ပြေးညီဖြစ်စေရေးနှင့် အစောပိုင်းတွင်ဆွေးနွေးခဲ့သော SPS လုပ်ထုံးလုပ်နည်းသည် ပြည်တွင်းတွင်သာမက အာဆီယံအတွင်းရှိ ဒေသ အတွင်းပါ စိုက်ပျိုးရေးနှင့်ဆိုင်သောရောင်းလိုအားကွင်းဆက် ၏နောက်ထပ် ဖွံ့ဖြိုး တိုးတက်မှုကိုအားပေးသည်။ Okabe and Urata (2013) တို့က ပို့ကုန်နှင့်သွင်းကုန်တို့အတွက် အချိန်နှင့် စရိတ်သိသိသာသာလျော့ချနိုင်ခဲ့လျှင် အာဆီယံဒေသအတွင်း စိုက်ပျိုးရေးနှင့်ဆိုင်သော ကုန်သွယ်မှုသည် သိသိသာသာ တိုးတက်လာမည်ဟုဖော်ပြထားသည်။ (ယင်းစရိတ်သက်သာရခြင်းသည် အကောက် ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၏စွမ်းဆောင်ရည်ရှိမှု၊ နယ်စပ်စီမံခန့်ခွဲမှု၏ ပွင့်လင်းမြင်သာမှု၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံ၏ ရရှိနိုင်မှုနှင့် အရည်အသွေး၊ ထိန်းကျောင်းမှုဆိုင်ရာ ပတ်ဝန်းကျင်များဖြင့် သက်ရောက်နိုင်သည်။)အာဆီယံလယ်ယာပေါင်းစည်းမှု နှင့် ခေတ်မီစက်ယန္တယား တိုးတက်လာမှု၏ ဤဖြစ်စဉ်သည် ဒေသအတွင်း ယှဉ်ပြိုင်စွမ်းအားရှိသော ကမ္ဘာ့လယ်ယာ စိုက်ပျိုးရေး ထုတ်လုပ်သူနှင့် လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်များ (ကုန်ထုတ်လုပ်မှုနည်းစနစ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ) ကိုအသားတင်တင်ပို့သူ ရှိနေခြင်းသည် သေချာအောင်လုပ်ရန် ကူညီပေး

သည်။

အထက်ဖော်ပြပါအကြံပြုချက်များသည် AMSနိုင်ငံများတွင် မူဝါဒဆိုင်ရာစည်းမျဉ်းနှင့် ဆွဲဆောင်မှုပုံသဏ္ဌာန်သည် AMS နိုင်ငံအသီးသီးရှိ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ယင်းနိုင်ငံအသီးသီးရှိ နှိုင်းယှဉ်အကျိုးကျေးဇူးအရ အားပေးသည်။ဆိုလိုသည်မှာ လယ်ယာကဏ္ဍအတွင်းကမောက်ကမဖြစ်မှုများကိုပပျောက်စေသည်။ သို့သော်လည်း AMS နိုင်ငံ အချို့တွင် လယ်ယာကဏ္ဍအတွင်း မူဝါဒအချို့ ကမောက်ကမများ ရှိနေသည်။ အဓိကအားဖြင့်အရေးကြီးသောသီးနှံများဖြစ်သည့် အထူးသဖြင့် ဆန်နှင့် သကြား နိုင်ငံရေးအရ သွင်းကုန် ယှဉ်ပြိုင်ခြင်းမှ အကာအကွယ်ပေးမှုရှိသကဲ့သို့ နိုင်ငံရေးအရ အရေးကြီးသောသီးနှံများထုတ်လုပ်ရာတွင် ထောက်ပံ့မှုများရှိနေသည်။ ဤကဲ့သို့ကမောက်ကမဖြစ်မှု၏အကျိုးသက်ရောက်မှုသည်အကန့်အသတ်နှင့်ရှိသော မြေကိုထိရောက်စွာအသုံးမပြုနိုင်ခြင်း၊ ထိုမှတဆင့် ယင်းကဏ္ဍတိုးတက်မှု နှေးကွေး ခြင်းကိုဖြစ်စေသည်။ ယင်းတိုးတက်မှုနှေးကွေးခြင်းသည်အစားအစာဈေးနှုန်းများ မြင့်တက်လာခြင်းကိုရှေးရှုသည်။ နောက်ဆုံးတွင် မြင့်မားသော လုပ်ခများဖြစ်စေပြီး AECအောက်တွင် အာဆီယံဒေသပေါင်းစည်းမှုနှင့် တံခါးဖွင့်မှုတို့ကြောင့် လုပ်အားစူးစိုက်အသုံးပြုသော ကုန်ထုတ်လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်မှုပေါ် ပြောင်းပြန် အကျိုးသက်ရောက်မှုများရှိသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွင်း မူဝါဒဆိုင်ရာ ကမောက်ကမများအတွက် အဓိကအကြောင်းရင်းမှာ နိုင်ငံရေးနှင့်ဆိုင်သော အစားအစာ ဖူလုံမှုပင်ဖြစ်သည်။ ဤအချက်သည် နိုင်ငံရေးအရ ဒေသတွင် အရေးကြီးသောသီးနှံ ဖြစ်သည့် ကြီးမားသော ဆန်ထုတ်လုပ်သူများ၊ အသားတင် ဆန်တင်သွင်းသူ များဖြစ်သည့် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်ကဲ့သို့နိုင်ငံများအတွက် ဖြစ်သည်။ သာဓကအနေဖြင့် Intal, Oum and Simorangkir (2011, p.35) တို့သည် ဖိလစ်ပိုင်နိုင်ငံအတွက် ရိက္ခာဖူလုံမှုနှင့် ပတ်သက်သောပြဿနာကိုတင်ပြသည်။

" ဖိလစ်ပိုင်နိုင်ငံအတွက် ရိက္ခာဖူလုံမှုပေါ် အဓိက စိန်ခေါ်မှုသည် နိုင်ငံတွင် နှိုင်းယှဉ်ခြင်းအားဖြင့်မြေယာ-လူဦးရေအချိုး နိမ့်ကျသည့်အပြင်လူဦးရေ တိုးနှုန်း မြင့်မားခြင်း ဖြစ်သည်။ ရေပေးသွင်းနှုန်းနိမ့်ကျခြင်းသည့်အပြင် ဆန်သည် ရေကို အထူးဂရုစိုက် အသုံးပြုရသောသီးနှံဖြစ်သည်။ ဖိလစ်ပိုင်သည် ကမ္ဘာ့ဆန်အများဆုံးတင်သွင်းသူအနေဖြင့် ပေါ်ပေါက်ခဲ့သော်လည်းမြင့်မားစွာပြောင်းလဲနေသောဆန်ဈေးနှုန်းကြောင့် ကမ္ဘာ့ဆန်ကုန်သွယ်မှုတွင်နည်းသည်။ ကမ္ဘာ့ဈေးကွက်တွင် ပါဝင်မှုနည်းခြင်းသည် နိုင်ငံရေးအရ အရေးကြီးသည့် ဆန်ကဲ့

သို့သောကုန်စည်များ၏ သွင်းကုန်တင်သွင်းခြင်း (နှင့် တင်ပို့ခြင်း) ကို ထိန်းချုပ် သည့် အစိုးရ၏ဝင်ရောက်စွက်ဖက်မှုများ ကြောင့်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၏ စိုက်ပျိုးရေးနှင့်ဆိုင်သောနှိုင်းယှဉ်အကျိုးကျေးဇူးသည် အပူပိုင်းသီးနှံများနှင့် ဟင်းသီးဟင်းရွက် ဆီများ၊ နှင့် ငါးဖမ်းခြင်းတို့ဖြစ်သည်။ နိုင်ငံရေးအရ အရေးကြီးသည့်ရိက္ခာဖူလုံမှုနှင့် ထုတ်လုပ်နိုင်မှုစွမ်းအားကိုဖြစ်စေသည့် ရင်းနှီးမြှုပ်နှံမှု (ရေသွင်းခြင်း၊ လမ်းများ၊ R&D) ပေါ် အာရုံစိုက်နိုင်သည့် (အလားအလာရှိသော) ပို့ကုန်များ လိုအပ်မှုနှင့် ဈေးနှုန်းတည်ငြိမ်မှုအတွက် ရံပုံငွေ သိသိသာသာ လျော့ကျလာမှုတို့ကြားတွင် ဟန်ချက်မညီမှုကိုလျော့ချရမည်။"

## *စားနပ်ရိက္ခာဖူလုံမှုနှင့်စပ်လျဉ်းသောပြဿနာ*

စားနပ်ရိက္ခာဖူလုံမှုနှင့်စပ်လျဉ်းသော ပြဿနာအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွင့်လှစ်လိုက်ခြင်းသည် နည်းလမ်းဖြစ်နိုင်သလား။ ၂၀၀၇-၂၀၀၈ ခုတွင် ကမ္ဘာ့ စားနပ်ရိက္ခာ ဈေးနှုန်းဖောင်းပွခြင်း၏အကျိုးသက်ရောက်မှုပေါ် လေ့လာမှုများ သည် ဆင်းရဲသားအိမ်ထောင်စုများဖြစ်သည့် ငွေချေးယူရခြင်း၊ ယင်းတို့၏ခလေးများ ကျောင်းမှထုတ်ရခြင်း သို့မဟုတ် ယင်းတို့၏ရွာများမှ ပြောင်းရွှေ့ရခြင်း စသည်တို့ပေါ် ပြောင်းပြန်အကျိုးသက်ရောက်မှုရှိသည်။ (Reyes and Mandap, 2011) လယ်ယာစိုက်ပျိုးရေးနှင့်ဆိုင်သောအစားအစာအကာအကွယ်ပေးမှုသည် အိမ်ထောင်စုများပေါ် ပြည်တွင်းအစားအစာဈေးနှုန်းများနှင့် အိမ်ထောင်စုများပေါ် ယင်းတို့၏ အကျိုးသက် ရောက်မှုတို့အပေါ် ကမ္ဘာ့ဈေးနှုန်းမြင့်တက်လာမှု၏အကျိုးသက်ရောက်မှုလျော့ချရန် ရည်ရွယ်သည်။ သို့သော်လည်း ဤကဲ့သို့သောအကာအကွယ်ပေးမှုမူဝါဒသည် စီးပွားရေးအဆောက်အအုံပေါ်တွင် ကာလရှည်ပြောင်းပြန် အကျိုးသက်ရောက်မှုများ ရှိသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အင်အားစုခွဲဝေမှုကို ကမောက်ကမဖြစ်စေသည်။

Warr (2011) သည် အင်ဒိုနီးရှားနိုင်ငံအတွက် CGE model ကိုအသုံးပြုပြီး တုပဖန်တီးထားသည့် ကာလရှည်အဖြေကအကြံပြုသည်မှာ လယ်ယာကဏ္ဍတွင် ကမောက် ကမများကို ပပျောက်အောင်လုပ်ပြီး တဖြည်းဖြည်းချင်းဖွင့်လာပြီး တစ်ချိန် တည်းမှာပင် လယ်ယာကဏ္ဍတွင် ပိုမိုထုတ်လုပ်နိုင်မှုစွမ်းအားကိုမြှင့်စေသည့် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်စေရမည်။ ဤရလဒ်သည် အထက်တွင်တင်ပြခဲ့သည့်ဖိလစ်ပိုင် နမူနာ ပေါ်တွင် ကိုးကား ချက်နှင့် ဆီလျော်မှုရှိသည်။ အရေးကြီးဆုံးဖြစ်သည့် ကာလတို အဖြေနှင့်စပ်လျဉ်းသည့်စိန်ခေါ်မှုသည် အပြည်ပြည်ဆိုင်ရာဈေးကွက်တွင် ဘယ်လို ယုံကြည်မှုအားကောင်းစေမှာလဲဖြစ်သည်။ အဓိကမူဝါဒ

လုပ်ဆောင်ချက်များမှ တစ်ခု သည် ၂၀၀၇-၂၀၀၈ ခုနှစ်ကာလအတွင်း အစားအစာကပ်ဆိုက်မှုသည် ကမ္ဘာ့ဈေးနှုန်းမြင့်တက်လာခြင်းကြောင့် ပိုမိုဆိုးရွားစေသည့် ပို့ကုန်ကန့်သတ် ချက်များ စည်းကြပ်ခြင်း၊ အသားတင်သွင်းကုန်တင်သွင်းသောနိုင်ငံများကို သွင်းကုန်များပိုမို တင်သွင်းစေခြင်း၊ ထိုမှတဆင့် နောက်ထပ်လောင်စာများအတွက် ကမ္ဘာ့ဈေးနှုန်း မြင့်တက်လာခြင်းတို့ကြောင့်ဖြစ်သည်။ ထိုကြောင့်ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၏ အရေးပါသော စိန်ခေါ်မှုမှာ အစားအစာဈေးနှုန်း ဖောင်းပွနေသော ကာလများတွင် အသားတင်တင်သွင်းမှု ပြုလုပ်သောနိုင်ငံများတွင် ပြောင်းလဲနိုင်စွမ်း လျော့ချသည့် မူဝါဒများ အားပေးခြင်း (ဥပမာ-အခွန်များလျော့ချခြင်း)၊ အသားတင်တင်ပို့မှု ပြုလုပ်သော နိုင်ငံများတွင် ပြောင်းလဲနိုင်စွမ်းကိုပိုမိုကောင်းစေသည့် မူဝါဒများ (ဥပမာ-ပို့ကုန်ကန့်သတ်ချက်များ၊ ပို့ကုန်ခွန်များ)ကာကွယ် ပေးနိုင်ရန် AMSနိုင်ငံများ (နှင့် အိန္ဒိယ အပါအဝင် အခြားအရှေ့အာရှနိုင်ငံများ) ကြားတွင် မူဝါဒဆိုင်ရာစည်းမျဉ်း စည်းကမ်းများ (သို့မဟုတ်) စည်းမျဉ်းစည်းကမ်းများ၏ အပြုအမူများ ပေါ်တွင် ဒေသဆိုင်ရာ သဘောတူညီချက်များရှိရန်ဖြစ်သည်။

စားနပ်ရိက္ခာဖူလုံမှုသည် အာဆီယံတွင် သိသာသောစိုးရိမ်ပူပန်မှုအဖြစ်ရှိနေ သေးသည်။ ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) က အသုံးပြုသည့် စားနပ်ရိက္ခာမဖူလုံမှု၏ အဓိကညွှန်းကိန်းဖြစ်သည့် လုံလောက်စွာအစာအဟာရကို မစားရခြင်း ပျံ့နှံ့မှုသည် တိုင်းပြည် စားနပ်ရိက္ခာရရှိနိုင်မှုသည် လုံလုံလောက်လောက် ရှိခဲ့လျှင် တောင်မှ AMS နိုင်ငံများ ဖြစ်သည့် ဥပမာ- လာအို၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်တို့သည် စားနပ်ရိက္ခာ မဖူလုံမှုသည့် နိုင်ငံများဖြစ်သည်။

၂၀၀၇-၂၀၀၈ စားနပ်ရိက္ခာအကြပ်အတည်းသည် အာဆီယံဒေသအတွင်း စားနပ်ရိက္ခာ ဖူလုံမှုပေါ်ဒေသဆိုင်ရာ ကနဦးလုပ်ဆောင်ချက်များ၏ အဆောတလျင် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှုများဖြင့် စတင်ခဲ့သည်။ အာဆီယံသည် အာဆီယံ ရိက္ခာဖူလုံမှုပေါင်း စည်းရေး (AIFS) မူဘောင်နှင့် စားနပ်ရိက္ခာဖူလုံမှုပေါ် မဟာဗျူဟာ လုပ်ဆောင်ချက်စီမံကိန်းတို့ဖြင့် ပြုလုပ်ခဲ့သည်။ အစိတ်အပိုင်း လေးခုရှိပါသည်။ ယင်းတို့မှာ (၁) အရေးပေါ်/ ပြတ်လပ်မှုကိုသက်သာစေရန်၊ (၂) စားနပ်ရိက္ခာ ကုန်သွယ်မှုကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်၊ (၃) စားနပ်ရိက္ခာဖူလုံမှု သတင်း အချက်အလက်ဆိုင်ရာ ပူးပေါင်းစနစ်၊ (၄) စားနပ်ရိက္ခာထုတ်လုပ်မှု စဉ်ဆက်မပြတ် စေရန်လယ်ယာတီထွင်မှုများ ပြုလုပ်ရန် တို့ဖြစ်သည်။ မူဘောင်သည် ကာလရှည် ရှုဒေါင့် (အပိုင်း၄) နှင့် ကာလတို ရှုဒေါင့် (အပိုင်း၁)

တို့နှင့်ပြီးပြည့်စုံရမည်။ ထို့ပြင် အာဆီယံစားနပ်ရိက္ခာဖူလုံမှုသေချာစေရန် ဈေးကွက်ဖြစ်ပေါ်စေမှု၏အခန်းကဏ္ဍနှင့် ကုန်သွယ်မှုမူဝါဒ (အပိုင်း ၂) နှင့် ထိရောက်မှုရှိသောသတင်းအချက်အလက်စနစ် (အပိုင်း၃)တို့ကို မီးမောင်းထိုးပြ ထားသည်။

၂၀၀၂ ခုနှစ်တွင် အာဆီယံစားနပ်ရိက္ခာဖူလုံမှုသတင်းအချက်အလက်စနစ် တည်ထောင်ခြင်းသည် အပိုင်း(၃) ကိုအကောင်အထည်ဖော်ခဲ့သည်။ အပိုင်း၁ အနေဖြင့် ၂၀၀၇-၂၀၀၈ တွင်ကမ္ဘာ့စားနပ်ရိက္ခာ အကြပ်အတည်းဖြစ်ပေါ်လာခဲ့မှု ကြောင့် ဒေသအတွင်း ဆန်အရန်အရေးပေါ်တည်ထောင်မှုနှင့် လုပ်ဆောင်မှုများဆီသို့ အာဆီယံနှင့် အပေါင်းသုံးနိုင်ငံဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားတို့သည် ကြိုးပမ်းအားထုတ်မှုကိုတိုးမြှင့်လာကြသည်။ အာဆီယံအပေါင်းသုံးသည် အရေးပေါ် ဆန်အရန်တည်ထောင်မှု(APTERR) သဘောတူညီချက်ကို၂၀၁၁တွင်လက်မှတ် ရေးထိုးခဲ့သည်။ ယင်းသည် ၂၀၁၂ ခုနှစ်တွင် အင်အားဖြစ်လာသည်။ APTERR သည် အရေးပေါ် နှင့် အဓိကကဃက်ရိုက်မှု ကာလအတွင်း AMS နိုင်ငံများ ထုတ်ယူနိုင်ရန်အလားအလာရှိနိုင်သောကြောင့် ဒေသအတွင်းစားနပ်ရိက္ခာဖူလုံမှုကို တိုးမြှင့်စေသည်။ အပိုင်း (၄) သည် R&D ၊ ရာသီဥတုပြောင်းလဲမှုတို့ပေါ် အာဆီယံဦးဆောင်ကြိုးပမ်းအားထုတ်မှုများနှင့်သက်ဆိုင်သည်။ အပိုင်း (၂) သည် SPS နှင့်ဆက်စပ်နေသော ဒေသဆိုင်ရာကနဦးစတင်ဆောင်ရွက်မှုများနှင့် ATIGA အောက်ရှိ AMS နိုင်ငံများ၏ကတိကဝတ်များမှတဆင့် အဓိက အကောင်အထည်ဖော်ခဲ့သည်။ စားနပ်ရိက္ခာပြတ်လပ်နေချိန်အတွင်း ဈေးနှုန်းမြင့်တက်လာခြင်း၏ ပိုမိုဆိုးဝါးလာမှုကိုကာကွယ်ရန် တင်ပို့သူများနှင့် တင်သွင်းသူများကြားတွင် မူဝါဒဆိုင်ရာ စည်းမျဉ်းများ သို့မဟုတ် အပြုအမူများပေါ်တွင် ဒေသဆိုင်ရာသဘောတူညီချက်များ မရှိပါ။

APTERR သဘောတူညီချက်၏အင်အားကိုရယူခြင်းနှင့်အတူ အခြားကုန်စည် သို့မဟုတ် ကုန်စည်အုပ်စုအတွက် အရေးပေါ်အရန်သဘောတူညီမှုကို လက်မှတ်ရေး ထိုးခဲ့ပြီးအသုံးပြုရန်အသင့်ဖြစ်နေပြီလား။ Briones (2013) သည်ဈေးနှုန်း တည်ငြိမ်မှု အတွက်အခြားကရိယာတန်ဆာပလာများ၏ စွမ်းရည် နှင့် ဈေးနှုန်းပြောင်းလဲမှု အတိုင်းအတာ၊ သိုလှောင်သိမ်းဆည်းထားနိုင်မှု၊ နေထိုင်မှုဘဝ ထောက်ကူမှု၊ ဝယ်လိုအား၏အရေးပါမှုတို့ကို အခြေခံပြီး ကုန်စည်များ၏ ရွေးချယ်မှုနှင့်ဤကိစ္စကို ဆန်းစစ်ခဲ့သည်။ အထက်ဖော်ပြပါ မှတ်ကျောက်များကို အခြေခံပြီး သီးနှံများ (ဥပမာ- ပြောင်း၊ သကြား၊ နှင့် ဟင်းသီးဟင်းရွက်ဆီများ) ဆန်းစစ်ပြီးနောက် အရည်အချင်းပြည့်မီမှုမရှိသည်ကိုတွေ့ရသည်။ ဤအချက်သည်ဆန်သည် တစ်ခုတည်းသောကုန်စည်ဖြစ်ပြီး ယင်းသည် နိုင်ငံရေးအရ အရေးပါသော ကုန်စည်ဖြစ်ပြီး

ဒေသအတွင်း အရေးပေါ်အရန်သဘောတူချက်တစ်ခုအဖြစ် လုပ်ဆောင် နေသည်ကို ညွှန်ပြသည်။ပေးထားချက်အရ အရေးပေါ်အရန်သည် ဆန်အတွက် အတင်းအကြပ်ပြုသည်။ စာရေးသူအကြံပြုသည်မှာ AMS နိုင်ငံများ သည် အထူးသဖြင့် စားနပ်ရိက္ခာဖူလုံမှုတိုးမြှင့်စေရန် အခြားမူဝါဒဆိုင်ရာ ရွေးချယ်နိုင်သည့်အခွင့်အရေး များစူးစမ်းရှာဖွေသင့်သည်။ (Briones, 2013)

- အစိုးရ၏အစီအစဉ်များသည် ငွေကြေးများကို လျာထားသောဆင်းရဲသားအိမ်ထောင်စုများဆီသို့လွှဲပြောင်းပေးရန်ကဲ့သို့သော သတ်မှတ်ထားသောအခွင့်မသာသောအုပ်စုများ ဆီသို့လျာထားသည်။

- ဈေးကွက်ကိုအခြေခံသောကရိယာများတည်ထောင်ပြီး တောင်သူလယ်သမားများအဆင့်(ဥပမာ- ကုန်စည်ဒိုင်များ)တွင်ဈေးနှုန်းမတည်ငြိမ်မှုကိုလျှော့ချရန်နှင့်

- ဈေးကွက်အခြေခံသောကရိယာများ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် မတည်ငြိမ်မှုကြောင့်ဖြစ်ပေါ်လာမည့်အကျိုးသက်ရောက်မှုများကိုသက်သာစေရန်(ဥပမာ- ရွေးပိုင်ခွင့်များ၊ ကြိုရောင်း၊ ကြိုဝယ်သည့်ကုန်ပစ္စည်းအစု)လျာထားသော

ဆင်းရဲသားအိမ်ထောင်စုများဆီသို့ငွေကြေးလွှဲပြောင်းမှုသည် AMS နိုင်ငံများ တွင် အထူးအားဖြင့် ဖိလစ်ပိုင်နိုင်ငံတွင် ပို၍အလိုကြီးစွာအကောင်အထည် ဖော်ခဲ့ပြီးဖြစ်သည်။ ကုန်စည်ဒိုင်များသည်အာဆီယံလယ်ယာ၏ခေတ်မီအောင် ပံ့ပိုးပေးသလိုဒေသ၏စားနပ်ရိက္ခာဖူလုံမှုရည်မှန်းချက်ကိုလည်းပံ့ပိုးပေးသည်။ အိန္ဒိယ၊ ဘရာဇီး၊ မလေးရှားနှင့် တောင်အာဖရိကနိုင်ငံများတွင် ကုန်စည်ဒိုင် များ ဖွံ့ဖြိုးတိုးတက်လာခြင်း၏ အတွေ့အကြုံများသည် ရုပ်ပိုင်းဆိုင်ရာကုန်သွယ်မှုအတွက် ကုန်စည်ဒိုင်များသည် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အခြေခံ အဆောက်အအုံ၏ဖွံ့ဖြိုးတိုးတက်မှုကို လွယ်ကူစေမှုကို ညွှန်ပြသည်။ သာဓကအားဖြင့် အိန္ဒိယ၏ကုန်စည်မျိုးစုံဒိုင် (MCX) သည်  မှင်သဆီ တိုးတက်မှု (mentha oil)၊ ဖာလာစေ့ (cardamom)၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု (ဥပမာ- ကုန်လှောင်ရုံ) မှတဆင့် အခြားကုန်စည်များ၊ ကုန်လှောင်ရုံ အခြေခံသောငွေကြေးထောက်ပံ့မှုတိုးချဲ့ခြင်း၊ ICT နည်းပညာ လွန်ကဲစွာဖွံ့ဖြိုးတိုးတက်မှု ၊ နိုင်ငံတော်နှင့်ဆိုင်သောအီလက်ထရွန်းနစ်  လဲလှယ်မှုနေရာဖွံ့ဖြိုးတိုးတက်မှု (development of national electronic spot exchange)၊ အစရှိသည်တို့ကို သိသိသာသာထောက်ကူပြုပေးသည်။ ဘရာဇီး၏ Bolsa de Mercadores e Futuros (BM & F) သည်

Cedula de Produto Rural (CPR) ၏ secondary ဈေးကွက်တွင် ကုန်သွယ်မှုကိုလွယ်ကူစေပြီးထိုမှတဆင့်ကျေးလက်ဘဏ္ဍာငွေရရှိမှုကို လွယ်ကူစေခြင်း၊ တင်ပို့ရောင်းချသူကိုအထောက်အကူဖြစ်စေမည့် သတင်းအချက်အလက်ပံ့ပိုးပေးနိုင်မည့် call centre တစ်ခုတည် ထောင်ခြင်း၊ တရုတ်ပြည်နှင့် တိုးတက်ဖွံ့ဖြိုးပြီးသောဆက်သွယ်မှုများမှတဆင့် ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုကိုကူညီပေးသည်။ Bursa Malaysia Derivatives Berhad သည် FCPO အတွက် ကမ္ဘာ့ဈေးနှုန်းစီစဉ်သူတစ်ခုဖြစ်လာခဲ့သည်။ ယင်းသည် ကမ္ဘာ့ဈေးနှုန်းရှာဖွေ တွေ့ရှိချက်စင်မြင့်တစ်ခုတည်ထောင်ရန် နှင့် ဈေးနှုန်း စွန့်စားရမှုနှင့်ဆိုင်သော စီမံခန့်ခွဲမှုကို ကူညီရန် ကာလရှည် ဈေးနှုန်း ချမှတ်သောပုံစံများ ဖွံ့ဖြိုးတိုးတက်စေရန် အာရုံစိုက်ခဲ့သည်။ ယင်းသည် မလေးရှား နိုင်ငံတွင် စားအုန်းဆီအတွက် ကောင်းစွာ တည်ထောင်ထားသော၊ ကောင်းစွာ ဖွံ့ဖြိုးတိုးတက်ပြီးသော၊ ကောင်းစွာထိန်းကျောင်းနိုင်ပြီးလျင်မြန်စွာတိုးတက်နေသော ကမ္ဘာ့ရုပ်ပိုင်းဆိုင်ရာ ဈေးကွက်ရှိနေသောကြောင့် ရုပ်ပိုင်းဆိုင်ရာကုန်သွယ်မှု ၊ ဘဏ္ဍာငွေနှင့် ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုတို့ လွယ်ကူ ချောမောစေရန်အာရုံစိုက်ရန်မလိုပေ။ (UNCTAD 2009 ကိုကြည့်ပါ) ထို့ကြောင့်ကုန်စည်ဒိုင်များ၏ဖွံ့ဖြိုးတိုးတက်မှုသည် ရုပ်ပိုင်းဆိုင်ရာကုန်သွယ်မှု ၊ ဘဏ္ဍာငွေနှင့် ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုတို့ကို ပိုမိုကောင်းမွန်စေသည် သာမက စားနပ်ရိက္ခာဖူလုံမှု ရည်မှန်းချက်များထောက်ပံ့နိုင်ရန်အတွက်ပါ လွယ်ကူချောမွေ့စေပါသည်။

အထက်ဖော်ပြပါဆွေးနွေးချက်များသည်ဒေသဆိုင်ရာကနဦးအကောင်အထည်ဖော်မှုများ၊ နိုင်ငံတော်အဆင့်တွင် ရှိနေသော စားနပ်ရိက္ခာဖူလုံမှု ရရှိရန်စိန်ခေါ်မှုများတို့ ပေါ်တွင် အဓိကအာရုံစိုက်ခဲ့သည်။ AIFS နှင့် SPA-FS တို့ပြောခဲ့သည့်အတိုင်း စားနပ်ရိက္ခာဖူလုံမှုကို စားနပ်ရိက္ခာရရှိမှုမျှသာမကဘဲ ယခုအခါကျယ်ကျယ်ပြန့်ပြန့် ရှုမြင်ရမည်။ စားနပ်ရိက္ခာဖူလုံမှု၏ FAO အဓိပ္ပါယ်သတ်မှတ်ချက်တွင် အခြေခံရှုဒေါင့်လေးခု ဖြစ်သည့် ရရှိနိုင်မှု၊ ရုပ်ပိုင်းဆိုင်ရာ အခွင့်အလမ်း၊ စီးပွားရေးဆိုင်ရာအခွင့်အလမ်းနှင့် အသုံးချနိုင်မှုတို့ကို တစ်ပြိုင်နက်တည်း ပြေလည်စေရန်ပါဝင်သည်။ ဤကဲ့သို့ကျယ်ကျယ်ပြန့်ပြန့် နှင့် ရှုဒေါင့်မျိုးစုံဖြင့် ထိထိရောက်ရောက် ဖွင့်ဆိုထားသော စားနပ်ရိက္ခာ အဓိပ္ပါယ်သတ်မှတ်ချက်သည် စားနပ်ရိက္ခာပေါ်တွင် ထိခိုက်စေမည့် အချက် များ ကိုဖော်ပြထားသည်။ ထို့ကြောင့် စားနပ်ရိက္ခာဖူလုံမှုရရှိစေရန် ပေါင်းစည်းထားသောချဉ်းကပ်နည်းတစ်ခု၊ စားနပ်ရိက္ခာ ဖူလုံရန် ရှုဒေါင့်လေးခုကြားအပြန်အလှန်ဆက်စပ်မှု ချမှတ်ပေးရန် လိုအပ်သည်။ အဓိက မေးခွန်းတစ်ခုပေါ်လာသည်။ စားနပ်ရိက္ခာဖူလုံမှုစိန်ခေါ်မှုကိုဖြေရှင်းရန် နိုင်ငံ၏အစားအစာနှင့် လယ်ယာစိုက်ပျိုးရေးစနစ်သည် မည်မျှသန်မာ ခိုင်ခံ့ပါသနည်း။ နောက်ဆက်တွဲမေးခွန်းတစ်ခုမှာ

မည်သည့်နယ်ပယ်များတွင် ဝင်ရောက်စွက်ဖက်မှုကို အာရုံစူးစိုက်ရန်လိုအပ်ပါသနည်း။ (Syngenta, 2012, p.16) ဤရည်မှန်းချက်ဆီသို့ ဆန်အိုးညွှန်းကိန်း ( Rice Bowl Index) သည် စားနပ်ရိက္ခာဖူလုံမှုအတွက် နိုင်ငံစနစ်၏သန်မာခိုင်ခံ့မှုပေါ် လုပ်ဆောင် ချက်ကရိယာ တစ်ခုအဖြစ်လည်းကောင်း၊ညွှန်းကိန်းတစ်ခုအဖြစ်လည်းကောင်း၊ အသုံးဝင်သောပေါင်းစည်း ခြင်းမှုဘောင်တစ်ခုအဖြစ်လည်းကောင်း ထောက် ပံ့ ပေးသည်။ ဆန်အိုးညွှန်းကိန်း ( Rice Bowl Index) သည် ဖော်ပြထားသောအချက်အသီးသီးအတွက် အခြေခံမေးခွန်းနှင့် အောက်ဖော်ပြပါ လုပ်ဆောင်နိုင်သော၊ မလုပ်ဆောင်နိုင်သော အချက်များကို လုပ်ဆောင် ပေးသည်။

- လယ်လုပ်ငန်းအဆင့်အချက်များ - လယ်သမားများတွင် ထုတ်လုပ်နိုင်မှု စွမ်းရည်နှင့်နည်းလမ်းများရှိပါသလား။

- မူဝါဒနှင့် ကုန်သွယ်မှုအချက်များ - ကုန်သွယ်မှုနှင့် မူဝါဒ ပတ်ဝန်းကျင်များသည် ဈေးကွက်များဖွင့်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ နှင့် တီထွင်မှုများကို အားပေးသလား။

- ပတ်ဝန်းကျင်ဆိုင်ရာအချက်များ - နိုင်ငံ၏ပတ်ဝန်းကျင်ဆိုင်ရာစွမ်းရည်သည် ကာလရှည်လယ်ယာစိုက်ပျိုးရေးနှင့်ဆိုင်သောထုတ်လုပ်နိုင်မှုစွမ်းအားနှင့် စဉ်ဆက်မပြတ် တိုးတက်မှုအတွက်အထောက်အကူပြုသလား။

ဝယ်လိုအားနှင့် ဈေးနှုန်းအချက်များ - စားနပ်ရိက္ခာဖူလုံမှုသည် နိုင်ငံတွင် ပြောင်းလဲတိုးတက်နေသောအရေအတွက်၊ အားထုတ်မှုနှင့် အခွင့်အလမ်းအားဖြင့်ဘယ်လိုလိုအပ်သနည်း။

ဆန်အိုးညွှန်းကိန်း ( Rice Bowl Index) မှ တွေ့ရှိချက်များသည် သတ်မှတ်ထားသောအချိန်ကာလတစ်ခုအတွက် အများဆုံးတည်ငြိမ်မှုရှိသော စားနပ်ရိက္ခာဖူလုံသည့်နိုင်ငံများတွင် ချမှတ်ထားသောအချက် လေးချက် ဘက်ညီနေမှုရှိနေသည်ကိုဖော်ပြသည်။ လယ်ယာလုပ်ငန်းအချက်များသည် နိုင်ငံ၏ ရိက္ခာဖူလုံရေးစနစ် သည် အပြောင်းလဲနိုင်ဆုံးဖြစ်သော်လည်း သန်စွမ်းခိုင်ခံမှုအတွက်အထောက်အကူပြုသောအချက်များဖြစ်သည်။ ဈေးနှုန်းအချက်များသည်ဈေးနှုန်းကြီးကြီးမားမားပြောင်းလဲနေသောအချိန်ကာလများအတွင်း ပို၍အကျိုးသက်ရောက်မှုရှိသည်။ ကျန်အချက်နှစ်ခုသည် နိုင်ငံ၏ရိက္ခာဖူလုံမှုစနစ်ပို၍ကြာ

မြင့်စွာသန်စွမ်းခိုင်ခံမှုရှိအောင်ပံ့သွင်းပေးသည်။ (Desker, Caballero-Anthony and Teng, 2013 )

အရှေ့အာရှထိပ်သီးဆွေးနွေးပွဲ၌ AMS နိုင်ငံအတော်များများနှင့် ယှဉ်ပြိုင်နိုင်ငံများ၏ ဆန်အိုးညွှန်းကိန်း ( Rice Bowl Index) အဖြေများနှိုင်းယှဉ်ပါက AMS နိုင်ငံများကနောက် ကျကျန်ရစ်ခဲ့သည်။ လုပ်နိုင်စွမ်းရှိသော အချက်များနှင့် လုပ်နိုင်စွမ်းမရှိသောအချက်များ၏ သန်စွမ်းခိုင်ခံမှုသည် နိုင်ငံများအလိုက်ခြားနားမှုရှိသည်။ AMS နိုင်ငံများနှင့် ဒေသတွင်းရိက္ခာ ဖူလုံမှုစနစ်များ၏သန်စွမ်းခိုင်ခံမှုအပေါ်စုစည်းတိုင်းတာသောကရိယာတစ်ခုအဖြစ် အလား အလာအသုံးဝင်မှုအရ အာဆီယံအတွက် ဆန်အိုးညွှန်းကိန်း ( Rice Bowl Index) ကိုပြန် လည်ပြုပြင်အာဆီယံတွင် တည်ထောင်အသုံးပြုသင့်သည်။

## အာဆီယံအတွက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ဘေးကင်းရေး ဖော်ဆောင်မှု

### သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု [9]

AMS သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အောင်မြင်စွာ လုပ်ဆောင်နိုင်ရန်မှာ အာဆီယံနိုင်ငံများသည် သဘာဝဘေး အန္တရာယ်အမျိုးမျိုးတို့ကို ရင် ဆိုင်ကြုံတွေ့နေရသည်။ အာဆီယံနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများသည်သဘာဝ ဘေးအန္တရာယ်များကို ကမ္ဘာ့ပေါ်တွင်အများဆုံးခံစားနေရသော နိုင်ငံများဖြစ်သည်ဟု Sawada and Oum, 2012 တွင်ဖော်ပြထားသည်။ ယင်းနိုင်ငံများတွင် အများဆုံး ခံစားရသော ရှောင် လွှဲမရသည့်သဘာဝဘေးအန္တရာယ်များမှာ ဆူနာမီ၊ တိုင်ဖွန်းနှင့် ဆိုင်ကလုံးမုန်တိုင်း များ၊ငလျင်ဒဏ်၊ ရေလွှမ်းမိုးခြင်းနှင့် မီးတောင်ပေါက်ကွဲမှုများဖြစ်သည်။ ၂၀၀၁ - ၂၀၁၀ ခုနှစ် များအတွင်း ကမ္ဘာ့ပျက်ဆီးဆုံးရှုံးမှုများ၏ ငါးပုံနှစ်ပုံခန့်သည် သည် ယင်းဖြစ်စဉ်များကြောင့် ဖြစ်သည်ဟု Sawada and Zen, 2012 တွင်ဖော်ပြထားသည်။ ဆက်လက်၍ ယင်းပျက်ဆီးမှု အရေအတွက်သည် ၁၉၈၀ ခုနှစ်များမှ ၂၀၀၀ ခုနှစ်မှာအတွင်း ဖြစ်ပေါ်ခဲ့သော ပျက်ဆီးမှု၏ ၂ ဆ ဖြစ်သည်ဟု Farger, et al., 2012 Box 1, P- 4 တွင် ဖော်ပြထားပါသည်။ ထိုနိုင်ငံ များတွင်တွေ့ကြုံခံစားရသောဘေးအန္တရာယ်ကြီးများမှ ပျက်ဆီးမှုအပြောက်အမြားနှင့်အသေ အပျောက်များခဲ့သော သဘာဝဘေးအန္တရာယ်များမှာ ၂၀၀၄ ခုနှစ်တွင် အိန္ဒိယသမုဒ္ဒရာ

[9] This subsection draws heavily from Sawada and Zen (2013).

ဆူနာမီ၊ ၂၀၀၈ ခုနှစ်တွင် ဆိုင်ကလုံးမုန်တိုင်းနာဂစ်၊ ၂၀၀၈ ခုနှစ်တွင် စီချွန် (တရုတ်)၊ ၂၀၀၉ ခုနှစ်တွင် ငလျင်(ပန်ဒေါင် အနောက်ဆူမတ်တြား) ၊ ၂၀၁၁ခုနှစ်တွင် ဂျပန်ငလျင်နှင့်ဆူနာမီ နှင့် ယခုမကြာခင်က ဖြစ်ပေါ်ခဲ့သော ဖိလစ်ပိုင်အတွင်းပိုင်းသို့ဝင်ရောက်ခဲ့သောအအပျက်အဆီးအမြောက်အမြား ဖြစ်ပေါ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း (ဟိုင်ယန်) တို့ဖြစ်သည်။

လူသားတို့၏ ပိုင်ဆိုင်မှုများ၊ အသက်စည်းစိမ်အိုးအိမ်များကြီးမားသော ဆုံးရှုံးမှုဖြစ်စေသည့် ၊နှောင့်နှေးစေသည့်ထင်ရှားသောအကြောင်းရင်းများဖြစ်သည့် အိန္ဒိယ သမုဒ္ဒရာဆူနာမီတွင် လူပေါင်း ၂၅၀,၀၀၀ ကျော်၊ စီချွန်ငလျင်တွင် လူပေါင်း ၆၉,၀၀၀ ခန့်၊ တိုင်ဖုန်းဟိုင်ယန်တွင် လူပေါင်း ၆,၀၀၀ ခန့် သေကြေခြင်းကဖော်ပြပါသည်။ ထိုအဖြစ်အပျက်များကြောင့် စီးပွားရေးကြပ်တည်းမှုကိုတာရှည်ခြင်း၊ ဆင်းရဲနွမ်းပါးမှုပိုဆိုးရွားလာခြင်းနှင့် ဖွံ့ဖြိုးမှုဆုလာဘ်များကိုမေးမှိန်သွားစေသည်။

ဖော်ပြပါတွေ့ကြုံရသောအခက်အခဲများကို အာဆီယံနိုင်ငံများပူးပေါင်းလက်တွဲကာစိန်ခေါ်မှုများကိုအတူတူရင်ဆိုင်လာကြပါသည်။ ၁၉၇၆ ခုနှစ်အစောပိုင်းကာလများမှစတင်၍ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကို အာဆီယံနိုင်ငံများပူးပေါင်း၍ မူဝါဒ (၈) ချက်ကို ချမှတ်ပြီးဆောင်ရွက်ကျင့်သုံးခဲ့ကြပါသည်။ ပဏာမအဆင့်အနေဖြင့် ထိုချမှတ်ခဲ့သောမူဝါဒများကိုတည်ထောင်အကောင်အထည်ဖော်ရန် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဆီယံကော်မတီဆုံးဖြတ်ချက်ကို ၂၀၀၃ ခုနှစ်တွင် ချမှတ်ခဲ့ပါသည်။ ဆက်လက်၍ အာဆီယံနိုင်ငံများမှ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု နှင့် အရေးပေါ်တုန့်ပြန်မှု ကို ၂၀၀၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ ထိုအတူ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု နှင့် အရေးပေါ်တုန့်ပြန်မှု ARF အဆိုပြုချက်ကို ၂၀၀၆ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

နောက်ဆုံးပေါ် အဓိကလုပ်ဆောင်ချက်ဖြစ်သော The East Asia Summit (EAS) မှ အသိအမှတ်ပြုထားသော Cha-am Hua Hin Statement of EAS Disaster Management ကို ၂၀၀၉ ခုနှစ်တွင် လေးကြိမ်မြောက်လက်မှတ်ရေထိုးနိုင်ခဲ့ပါသည်။

ထိုအစီရင်ခံဆောင်ရွက်ချက်များသည် အာဆီယံနိုင်ငံများတွင် သာမက ပို၍ကျယ်ပြန့်စွာဖြင့် ကမ္ဘာ့သဘာဝဘေးအန္တရာယ်ရင်ဆိုင်ရသော EAS ဒေသတွင်ပါ ခိုင်မာစွာ ရပ်တည်ဆောင်ရွက်ရန်တာဝန်ရှိပါသည်။

ထိုလုပ်ဆောင်ချက်များကြောင့် သဘာဝကပ်ဘေးဆိုက်မှုများကို တွေ့ကြုံလာပါက ခံနိုင်ရည်ရှိရန်၊ ပျက်ဆီးဆုံးရှုံးမှုနည်းနိုင်သမျှနည်းရန်၊ လူအသေအပျောက်နည်းရန်၊ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ပျက်ဆီးဆုံးရှုံးမှုများနည်းနိုင်သမျှနည်းရန်နှင့် ကာကွယ်စောင့်ရှောက်ရန်နည်းလမ်းများကို နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ (UNISDR, 2005, p.3 AIFDR Design Document, 2009, p.4) လုံခြုံသောကမ္ဘာမြေကြီးကို Yokohama ယိုကိုဟားမားမှဆွဲထုတ်ထားသော ယိုကို (Hyogo) မူဘောင်၏အခြေခံဆောင်ရွက်ချက်များ ငါးချက် နှင့် နောက်ဆက်တွဲလုပ်ဆောင်ချက်များဖြင့် ကပ်ဆိုးများကို ခံနိုင်ရည်ရှိရန်၊ ဆုံးရှုံးမှုများလျော့ချနိုင်ရန် ရည်ရွယ်ချက်များဖြင့် ချမှတ်ခဲ့သည်။ (UNISDR, 2005, p.6 ) ယင်းတို့မှာ -

- သဘာဝကပ်ဘေးရန်ကာကွယ်လျော့နည်းရေးကိုအကောင်အထည်ဖော်ရန်အတွက် ခိုင်မာသောအဖွဲ့အစည်းကိုအခြေခံသည့် နိုင်ငံတော်နှင့် ဒေသ ဦးစားပေးမှုရှိရန်

- စိစစ်အကဲဖြတ်စောင့်ကြပ်ကြည့်ရှု၍ ကြိုတင်သတိပေးချက်များတို့ဖြင့် ထုတ်ပြန်ရန်

- ဗဟုသုတ၊တီထွင်မှုနှင့်ပညာကိုအသုံးပြုပြီးမည်သည့်ဘေးဒဏ်ကိုကြံ့ကြံ့ခံနိုင်သောအဆောက်အအုံများကိုအဆင့်တိုင်းတွင်တည်ဆောက်ထားရန်

- ဆုံးရှုံးနိုင်မှုဖြစ်ပေါ်နိုင်သောကိစ္စရပ်များကိုလျော့နည်းစေရန်

- မည်သည့်ကပ်ဘေးဒဏ်ကိုမဆို ခံနိုင်ရည်ရှိအောင်လိုအပ်သောပြင်ဆင်မှုများအဆင့်တိုင်းတွင် တိုးချဲ့ဆောင်ရွက်ထားရန်တို့ဖြစ်သည်။

ယိုကို (Hyogo) မူဘောင်တွင်ဖော်ပြထားသကဲ့သို့ မိုးလေဝသကိုအခြေခံဖြစ်ပေါ်လာသည့် အန္တရာယ်သည် ရုပ်ဝတ္ထုပစ္စည်း၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင်တွင်အားနည်းချက်များ မည်သို့ဆိုစေ AMS နှင့် ဒေသအတွက် အပြန်အလှန် ပူးပေါင်းမိသောအခါသဘာဝဘေးအန္တရာယ်ပေါ်ပေါက်လာစေသည့်ကပ်ဘေးဒဏ်များခံနိုင်စွမ်းနှင့် ဆုံးရှုံးမှုများလျော့နည်းစေရန်ကိုဦးတည်လျက် ယင်းတို့၏ လုပ်ငန်းနယ်ပယ်အမျိုးမျိုး၌ ခိုင်မာသောဒေသတွင်းသာမက အပြည်ပြည်ဆိုင်ရာနှင့်ပါ ပူးပေါင်းလုပ်ဆောင်ခြင်းသည် ပေါ်လွင်ထင်ရှားသောအခြေခံဆောင်ရွက်ချက်ပင်ဖြစ်သည်။

ဟိုင်ယန်တိုင်ဖွန်းဖြစ်စဉ်အရ ဖြစ်ပြီးပြီးချင်းနိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့ အစည်းများနှင့် အလုံးအရင်းဖြင့် ဝင်ရောက်၍ ကူညီဆောင်ရွက်ခြင်းသည် ထိုနိုင်ငံကပ်ဘေး ကျရောက်ခြင်းနောက်ဆက်တွဲအကျိုးဆက်များကို ဖြေသိမ့်ရာ၌အရေးပါသောအခန်းမှပါဝင် သည့် အစီရင်ခံစာ အရလည်းကောင်း၊ ဟိုက်ကိုအရသော်လည်းကောင်း၊ Hua Hin အရ သော်လည်းကောင်းနိုင်ငံတကာအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်း များသည် ချန့်အမ်ဟွာဟင်အစီရင်ခံစာတွင် ရှင်းရှင်းလင်းလင်း ဖွင့်ဆိုထား သကဲ့သို့ ယိုကို (Hyogo) မူဘောင်၏ဆောင်ရွက်ချက်နယ်ပယ်အများ၌ ဒေသဆိုင်ရာပူးပေါင်းခြင်းနှင့် နိုင်ငံများ လက် တွဲကြခြင်းသည် ဘေးအန္တရာယ် များ အား တုန့်ပြန်မှု၏ကွဲပြားခြားနားမှုကိုထင်ထင်ရှားရှား တွေ့နိုင်မည်။ ဘေးဒုက္ခမှသက်သာစေရန် ထိရောက်သောနည်းအမျိုးမျိုးဖြင့် ဆောင်ရွက် ကြပါသည်။ ထို့ကြောင့် ARPDM မှ အဖွဲ့ဝင်နိုင်ငံများ အကြားအချင်းချင်းပူးပေါင်းဆောင်ရွက် မှုတိုးတက်စေရန်၊ စွမ်းဆောင်ရည်၊ ရရှိလာသောသတင်းအချက်အလက်အရင်းအမြစ်များ မျှဝေမှု၊ ပြင်ပလုပ်ဖော်ကိုင်ဘက်ရရှိမှုနှင့် နိုင်ငံသားများ၏ အသိပညာ အတတ်ပညာ တို့မြှင့်တင်ရန်စသည့် ကိစ္စရပ်များအပေါ် ရည်ရွယ်သည်။ ARPDM သည် ကနဦး Hyogo အ ဖွဲ့အစည်း၏ချည်နှောင်ထားသောကရိယာများဖြစ်သည်။ ASEAN Agreement on Disaster Management and Emergency Response (AADMER) လက်အောက်တွင် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။ ထိုAADMER သည် ဂျကာတာရှိလူသားချင်းစာနာထောက်ထား ပြီးကူညီပေးသော သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်သော အဖွဲ့အစည်း As-sistance on Disaster Management ၏ဗဟိုအနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ (Sawada and Zen, 2013, pp.17-18)

ဘေးအန္တရာယ်စီမံခန့်ခွဲရေးဆောင်ရွက်မှုတွင် အမျိုးသားစွမ်းဆောင်ရည်နှင့် ဒေသဆိုင်ရာ ပူးပေါင်းမှု တောင့်တင်းခိုင်မာစေရန်ဈေးကွက်ယန္တရားကို ဖန်တီးအသုံးပြုခြင်းဖြင့် ဘေးအန္တရာယ် ကြံ့ခိုင်နိုင်စွမ်းနှင့်အန္တရာယ်လျှော့ပါး ရေးကိုလုပ်ဆောင်နိုင်သည်။ တိတိကျကျဆိုသော် အာဆီယံ၂၀၁၅ အလွန်သို့ ရွှေ့လျားမှုသည် ဒေသအဆင့်၌ ဘေးအန္တရာယ် ကျရောက်ပြီး အချိန်ကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် အာမခံယန္တရားစနစ်ကိုသေချာစွာစစ်ဆေးအကောင်အ ထည်ဖော်ခြင်းပင်ဖြစ်သည်။ Munic Re’s ၂၀၁၀ အစီရင်ခံစာအရ အာရှတွင် သဘာဝဘေး အန္တရာယ်ကြောင့်နစ်နာဆုံးရှုံးမှု၏၉ရာခိုင်နှုန်းကိုသာပုဂ္ဂလိကအာမခံလုပ်ငန်းများကကျခံနိုင် ပြီး Christchrch လျောင်ဒဏ်တွင်မူ ၇၅ ရာခိုင်နှုန်းရှိသည်။ (Sawada and Zen, 2013,pp.2) အံ့သြစရာမဟုတ်သော်လည်း ဆာဝါဒါစိစစ်သုံးသပ်ချက်၏အကြံပြုချက်အရ သဘာဝဘေး အန္တရာယ်များကြောင့် ပေါ်ပေါက်လာသည့် သိသာသော ဝင်ငွေသွေးလန့်မှုသည်ကြီးမား

သောစားသုံးမှုသွေးလန့်ခြင်းဘဝသို့ရောက်ရှိ စေပြီးပြီးပြည့်စုံမှုမရှိသည့် အာမခံစနစ်ယန္တရား၏ထင်ဟပ်မှုဖြစ်သည်။ (Ibid, p. 14)

ဈေးကွက်ယန္တရားများအကြားတွဲဖက်လုပ်ငန်းများဖြစ်သည့် အာမခံစနစ်၊ အစိုးရ၏ ထိရောက်သောယန္တရား၊ လူ့အဖွဲ့အစည်းအတွင်းလူမှုရေးနှင့် ငွေအရင်းအနှီးတို့အပြန်အလှန်လုပ်ဆောင်မှုများတောင့်တင်းခိုင်မာစေခြင်း သည်ဘေးအန္တရာယ်ခံနိုင်စွမ်းကိုတိုးတက်စေမည့်ကောင်းကျိုးသုခဖြင့် တစ်ဦးချင်းစီ (သို့) တစ်ဦးချင်းစုပေါင်းထားသောအဖွဲ့အပေါ် သက်ရောက်မှုရှိသည့် တစ်မူထူးခြားသောအတွေးအခေါ် နှင့်လူ့အဖွဲ့အစည်း၏လူမှုရေးအရင်းအနှီးကိုဖြစ်စေသည့် လူ့အဖွဲ့အစည်းအခြေခံသောနစ်ဦးနစ်ဖက်အကျိုးရှိစေမည့် အာမခံစနစ်သည် သဘာဝဘေးအန္တရာယ်များကြောင့်ဆုံးရှုံးနစ်နာမှုများကို အကူအညီဖြစ်စေသည်။

သဘာဝဘေးအန္တရာယ်ကဲ့သို့သောကြီးမားသောနယ်ပယ်လွှမ်းခြုံမှုဖြစ်စေသောအထိတ်တလန့်ဖြစ်စေမှုများအတွက်အစိုးရကဖိအားပေးသောယန္တရားစနစ်သည်ပုဂ္ဂလိကအာမခံလုပ်ငန်း၏ပါဝင်မှုနှုန်းကိုတက်လာစေပြီးထိုမှတဖန် ပုဂ္ဂလိကအာမခံလုပ်ငန်းကိုလုပ်သာကိုင်သာရှိစေမည်။ စွန့်စားမှုများကို သေချာကောင်းမွန်စွာ ပြင်ဆင်ထားသောတရားဝင်ဈေးကွက် (သို့) နိုင်ငံသော်လည်းကောင်း၊ ဒေသတွင်သော်လည်းကောင်း၊ အကွဲကွဲအပြားပြားနှင့် မတူညီသောနိုင်ငံ(သို့)ဒေသအနေအထားအရ ဖြစ်သောကပ်ဘေးများကိုကျောထောက်နောက်ခံပြုထားသောဆင်တူအစီအစဉ်များဖြင့်လွှမ်းခြုံသင့်သည်။ ဒေသဆိုင်ရာအာမခံစနစ်သည် အပြည်ပြည်ဆိုင်ရာပြန်လည်အာမခံ ဈေးကွက်နှင့် အလုပ်ဖြစ်သည့် CCRIF ကဲ့သို့သောစံရှိသောဟာရီကိန်းမုန်တိုင်းနှင့် ငလျင်များအတွက် အပြည်ပြည်ဆိုင်ရာကပ်ဘေးသင့်အာမခံရန်ပုံငွေနှင့်ဆင်တူသောအာမခံစနစ်ရှိနိုင်သည်။ CCRIF ၏ အကျိုးကျေးဇူးများကိုဖော်ပြရလျှင် ဟေတီအစိုးရအနေဖြင့် မြေငလျင်ဒဏ်ခံရပြီးနစ်ပတ်အကြာတွင် CCRIF မှ ရရှိသည့်ရန်ပုံငွေသည် ယင်းတင်ထားသောပရီမီယံကြေး၏အဆနစ်ဆယ်ဖြစ်သည်။ မကြာသေးခင်အချိန်က အာမခံစနစ်အတွက် တီထွင်ခဲ့သောသဘာဝဘေးအန္တရာယ်ကိုတန်ပြန်သည့်အာမခံစနစ် index insurance or parametric insurance contracts စာချုပ် ကဲ့သို့ ကြိုတင်သတ်မှတ်ထားသည့် အရှိန်ထက်ပိုသောမုန်တိုင်းများ၊ ရှိရမည့်မိုးရေချိန်ထက်နိမ့်သောမိုးရွာသွန်းမှု၊ seismic သတ်မှတ်အတိုင်းအတာတစ်ခုထက်ပို၍ပြင်းထန်သောလျင်လှုပ်မှုများအတွက်ထုတ်ပေးသောအာမခံကြေးသည် CCRIF ၏နမူနာပင်ဖြစ်သည်။

ကမ္ဘာ့ဘဏ်နှင့် အခြားသောငွေကြေးအဖွဲ့အစည်းများကလည်း ဖြစ်ပေါ် လာသောရာသီဥတု

ပြောင်းလဲမှုဖြစ်စဉ်အခြေခံသောညွှန်းကိန်းများပေါ်မူတည်၍ မော်ရကို၊ မွန်ဂိုလီးယား၊ ပီရူး၊ ဗီယက်နမ်၊ အီသီယိုပီးယား၊ ဂွါတီမာလာ၊ အိန္ဒိယ၊ မက္ကဆီကို၊ နီဝါလာဂွေး၊ ရိုမေးနီးယား၊ တူနီးရှားတို့တွင် အာမခံသဘောတူစာချုပ်ကိုရွေ့ပြေးစတင်လာကြပါသည်။ သို့သော်လည်း အရှေ့အာရှနိုင်ငံများအတွက် အသေးစားအာမခံဈေးကွက်သည်မဖွံ့ဖြိုးသေး။ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများတွင် အာမခံလုပ်ငန်းဆိုင်ရာအဖွဲ့ငယ်များဖွဲ့စည်းလာကြပြီးယင်းတို့၏ပျက်ဆီးဆုံးရှုံးမှုများကို အကာအကွယ်ယူလာကြသည်။ သို့သော်လွှမ်းခြုံမှုမှာအကန့်အသတ်ရှိနေပြီး ယင်းစီမံချက်များသည် ဖွံ့ဖြိုးစအဆင့်ပင်ရှိသေးသည်။

ဈေးကွက်ယန္တရားကိုအစိုးရ၏ဖိအားနှင့် မူဝါဒတို့ကြားဝင်စွက်ဖက်အခြားအသုံးပြုနိုင်သော နည်းလမ်းများမှာ ဘေးအန္တရာယ်ဆုံးရှုံးမှုလျော့ချရေးပေါ်လစီ (DRR) နှင့် မက်လုံးပေးခြင်းဖြစ်သည်။ ဥပမာ-နိုင်ငံများအနေဖြင့် ယင်းတို့၏DRR မူဝါဒကိုအဆက်မပြတ်အကဲဖြတ်ပြီး ပေးထားသောသဘောတူညီပေးမှုအရနိုင်ငံတကာထပ်ဆင့် အာမခံလုပ်ငန်းများကို မိမိတို့မှတိကျရှင်းလင်းစွာအာမခံပေးခြင်း(သို့) ရှင်းရှင်းလင်းလင်းမဟုတ်သော်လည်းနစ်များများအာမခံနိုင်ခွင့်ပြုသော Catastrophic Bonds (CAT bonds) များကိုထုတ်ရောင်းခြင်းဖြစ်သည်။ Seal of Approval သဘောတူညီပေးမှုသည် ကပ်ဘေးသင့်သောတိုက်အတွက် ဘဏ္ဍာရေးဆိုင်ရာထောက်ပံ့ပေးမှုကြောင့် ဖြစ်လာသောစိတ်ဓာတ်အန္တရာယ်ဖြစ်စေသည့်ရင်းနှီးမြှုပ်နှံသူများ၊အာမခံ လုပ်ငန်းရှင်များ၏စိုးရိမ်ပူပန်စိတ်ကိုလျော့နည်းစေမည်။

အချုပ်အားဖြင့် ယိုကို (Hyogo) မူဘောင်၏ ဆွေးနွေးပြောဆိုမှုမှတ်တမ်းအစီရင်ခံစာများကို ကိုးကားလျှင်အကောင်းဆုံးဖြစ်သည်။

*" ယခုအခါကပ်ဘေးများကို လျော့ချရန် အားစိုက်ထုတ်မှုတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးစီမံကိန်းများကို မူဝါဒများအတွင်းသို့ စနစ်တကျ ထည့်သွင်းခြင်း၊ နစ်နိုင်ငံအကြား၊ ဒေသနှင့် နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှုများမှတဆင့် ထောက်ပံ့ပေးခြင်းတို့ကို အပြည့်ပြည့်ဆိုင်ရာ အသိအမှတ်ပြုခံရမှုရှိသည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ ဆင်းရဲနွမ်းပါးမှု လျော့ချရေး၊ ကောင်းမွန်သောအုပ်ချုပ်မှုနှင့် ကပ်ဘေးအန္တရာယ် လျော့ချရေးတို့သည် အပြန်အလှန်ထောက်ပံ့ပေးသောပေါ်လစီများဖြစ်ပြီးရှေ့မှာတွေ့ရမည့်စိန်ခေါ်မှုများအတွက်လိုအပ်သည့် စွမ်းဆောင်ရည်ရရှိရန်အတွက်လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်အဆင့်များတွင် မြန်ဆန်စွာတည်ဆောက်ကြရမည်။ (UNISDR, Hyogo Framework for Action, p.1)"*

အာဆီယံနိုင်ငံများအတွက် ၂၀၁၅ ခုနှစ်လွန်သို့ရွှေ့လျားနေခြင်းကို နှစ်ထောင်းအားရသော မူဝါဒများကို အောက်ပါအတိုင်းဆောင်ရွက်ရန် အကြံပြုထားပါသည်။

- ခိုင်မာသောဆောင်ရွက်ရမည့်အချက်များမှာ(က)ဒေသအတွင်းဘေးအန္တရာယ် လျော့ချရေးနှင့် အရေးပေါ်တုန့်ပြန်မှုအတွက် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းလည်ပတ်စေခြင်း၊ (ခ) ကျွမ်းကျင်သူများ၊ ပြန်ကြားသူများနှင့် လေ့ကျင့်ထားသူများအကြားအကောင်းဆုံးသောလေ့ကျင့်မှုအတွေ့အကြုံများနှင့် လုပ်ငန်းလက်စွဲစာစောင်များကို ကွန်ယက်ချိတ်၍ မျှဝေပေးခြင်း(ဂ) ဘေးအန္တရာယ်ပေါ်တုန့်ပြန်မှု၏သဟဇာတဖြစ်မှုနှင့် အကျိုးသက်ရောက်မှုကြီးမားစေရန်အလို့ငှာ လုပ်ငန်းလည်ပတ်မှုနှင့် လုပ်နည်းလုပ်ဟန်စံထား ချက်မြှင့်တင်ပေးခြင်းတို့ဖြစ်သည်။ ဤလုပ်ငန်းလည်ပတ်မှုသည် AHA ဗဟို၏ အဓိကလှုပ်ရှားမှုများမှတဆင့် တစ်စိတ်တစ်ဒေသအဖြစ် ဘေးအန္တရာယ်ဖော်ထုတ်ခြင်း၊ တင်ပြစောင့်ကြည့်ခြင်းနှင့်အတူ AMSတစ်ခုချင်းစီ၏အမျိုးသားရေးပစ်မှတ်ထားခြင်း၊ ဘေးအန္တရာယ်လျော့ပါး၍ အရေးပေါ်တုန့်ပြန်မှုပေါ်ဒေသသဘောတူညီမှု၏အချိန်မှန်သုံးသပ်အစီရင်ခံမှုထုတ်ထောင်ခြင်း၊ ထိန်းသိမ်း ခြင်းကိုလွယ်ကူချောမွေ့စေရန်ပါဝင်ပါသည်။ ဤဆောင်ရွက်ချက်သည် ARDEX ကဲ့သို့သော ဒေသတွင်း စွမ်းဆောင်ရည် တိုးမြှင့်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးတက်လာစေသောယန္တ ရားစနစ်တွင် တစ်စိတ်တစ်ပိုင်းပါဝင်သည်။

- အာဆီယံတွင် အမျိုးသားမူဝါဒနှင့် အစီအစဉ်များအတွင်းသို့ ဘေးအန္တရာယ်လျော့နည်းရေးကိုထည့်သွင်းရန်နှင့် AMS ၏ ဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက်နိုင်ငံတော် နှင့် နယ်မြေဒေသခံ၏စွမ်းဆောင်ရည် တောင့်တင်းခိုင်မာလာစေရန် လျင်မြန်စွာကြိုးပမ်းမှုသည် AMSဒေသအတွင်းရှိ ဦးစားပေးဇရိယာများရှိအန္တရာယ်နှင့် အကာအကွယ်အားနည်းချက်တို့ အပြန်အလှန် လုပ်ဆောင်ချက်ကိုပို၍နားလည်ခြင်း၊ ဘေးအန္တရာယ်ကိုလက်တွေ့လျော့ချနိုင်မည့် ပိုကောင်းသောစွမ်းရည်ရှိခြင်းနှင့် ဒေသဆိုင်ရာ နှင့် နိုင်ငံတကာဆိုင်ရာအဖွဲ့အစည်း၊ အသင်းအဖွဲ့များနှင့် ပူးတွဲလုပ်ဆောင်မှုပိုကြီးမားလာခြင်းဖြင့် ဆောင်ရွက်နိုင်သည်။ ဤနည်းလမ်းသည် ဩစတြေလျ-အင်ဒိုနီးရှား၏ဘေးအန္တရာယ်လျော့ပါးရေးလွယ်ကူချောမွေ့စေမည့် မဟာဗျူဟာနှင့် ဆင်သည်။

- နိုင်ငံနှင့် ဒေသအတွင်းပေါင်းစည်းလာသောဘေးအန္တရာယ်များကို ခွဲခြားစိတ်ဖြာပေးမည့်ပုံမှန်စနစ်ယန္တရားကိုတည်ဆောက်၍ အမြင့်ဆုံးအာဏာရှိသော ဘေးအန္တရာယ်လျော့ပါးရေးကို လွှမ်းခြုံစေမည့် ဒေသဆိုင်ရာ ရန်ပုံငွေကဲ့သို့ နိုင်ငံစုံပါဝင်သောပူးပေါင်းရေး

အစီအစဉ်များ၊ ဇစ်မြစ်များကို အသေးစိတ်ပါဝင်ရန်၊ Pacific Catastrophe Risk Assessment and Financing Scheme ကဲ့သို့သော ဒေသတွင်းအာမခံလုပ်ငန်းညွှန်ကိန်းများ၊ စီမံချက်များသည် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ထောက်ပံ့မှုများကြောင့် ဖြစ်ပြီးအသေးစားငွေချေး လုပ်ငန်းနှင့် အာမခံလုပ်ငန်းများကိုမူ လူ့အဖွဲ့အစည်းခိုင်မာတောင့်တင်းမှုစနစ်ယန္တရားက ထောက်ပံ့သည်။ထို့ကြောင့်ဈေးကွက် ၊ နိုင်ငံတော်နှင့်လူ့အဖွဲ့အစည်းများအကြားဆက်သွယ် ပြီးဆုံးမှုသည် သော့ချက်ပင်ဖြစ်သည်။

• စဉ်းစားရမည့်အခြားမူဝါဒမှာ ဘေးအန္တရာယ်မြေပုံနှင့် အချက်အလက်များ ထောက်ပံ့ပေးခြင်းနှင့် ရာမိုးသိလှောင်ပေးခြင်းတို့ထောက်ပံ့ပေးရန်ဖြစ်သည်။ Rashcky and Chantarat (2013) က ဘေးအန္တရာယ် စွန့်စားရမှု အချက်အလက်များ၊ ပုံစံများ၊ အာမခံထားမှုတို့အတွက် ဒေသဆိုင်ရာ ဗဟိုဌာန တစ်ခုတည်ထောင်ရန်အကြံပြုသည်။ အာဆီယံနိုင်ငံများတွင် ယုံကြည်အား ထားမှုများ ဘေးအန္တရာယ် ဖော်ထုတ်ခြင်းနှင့် ဆုံးရှုံး မှုများပေါ် အချက်အလက်များ သည် များစွာမရရှိနိုင်ပေ။ ဤမရှိမဖြစ်လိုအပ်သောစွန့်စားရမှု နှင့် ပုံစံများသည် စွန့်စားရမှုပေါ်အခြေခံသောဈေးနှုန်းနှင့် ကြီးကြပ်မှုကိုမြှင့်တင်ပေးမှု၊ အာမခံထုတ်ကုန်သစ်များဖွံ့ဖြိုး တိုးတက်မှု ဖြစ်ပေါ်စေမှု၊ဘေးအန္တရာယ်ကိုထိရောက်မှုနှင့် အချိန်မီတုန့်ပြန်နိုင်ရန် အတွက် အစိုးရများသည် သင့်လျော်သော စွန့်စားရမှုဘဏ္ဍာငွေ သတ်မှတ်နိုင်ရန် အစိုးရများ မဟာဗျူဟာသည် အရေးကြီးသည်။

*လူမှုရေးဆိုင်ရာ ကာကွယ်ပေးခြင်း ။* [10]

This subsection draws heavily from Asher and Zen (2013).

အခန်း၂ ခ တွင် မူဘောင်၏ပဓာနကျသောအဆိုများမှ တစ်ခုမှာ အာဆီယံ သည်လူတိုင်းအကျုံးဝင်သောဘက်ညီသောတိုးတက်မှု၏ ကြီးပမ်းအားထုတ် မှုမှာ လူပ်ရှားပြောင်းလဲရေးဝါဒီ၊ ထောက်ပံ့ငွေပေးသောအစီအစဉ်များဆက်မလုပ်ခြင်း၊ ဝင်ငွေပြန်လည်ခွဲဝေဖြန့်ဖြူးမှုအစီအစဉ်များအစား အမြော်အမြင်ရှိသောအကူအညီစီမံကိန်းများအားဖြင့် လူပ်ရှားပြောင်းလဲနေသောစီးပွားရေးဆိုင်ရာ အင်အားစုများအပေါ် များစွာမှီခိုနေရမှုများ လျော့ချခြင်းမှ တဆင့်အကောင်းဆုံးဆောင်ရွက်သွားရန်ဖြစ်သည်။အခန်း(၅)၏တော်တော်များများသည်လည်း

[10] This subsection draws heavily from Asher and Zen (2013).

ပို၍အကျုံးဝင်မှုမှသည် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ပံ့ပိုးပေးသည့်မဟာဗျူဟာများ ဥပမာ အားဖြင့် SME ဖွံ့ဖြိုးတိုးတက်မှု၊ ပိုမိုကောင်းမွန်သော အခြေခံအဆောက်အအုံချိတ်ဆက်မှုနှင့် အဖွဲ့အစည်း ဆိုင်ရာချိတ်ဆက်မှုများကိုဖော်ပြထားပါသည်။သို့သော်ငြားလည်း အာဆီယံစီး ပွားရေးအဆောက်အအုံများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ သာမက ကမ္ဘာ့ကျန်နိုင်ငံများနှင့် ပါ ပိုမိုပေါင်းစည်းမှုများဖြစ်လာသည်။ AMSများနှင့် ယင်းတို့၏အိမ်ထောင်စုများသည်နိုင်ငံရပ် ခြားမှဖြစ်ပေါ်လာမည့်ဂယက်ရိုက်မှုများကိုပို၍ခုခံနိုင်စွမ်းနည်းသည်။ ထိုပြင် AMS နိုင်ငံတော် တော်များများတွင် အသက်အရွယ်ရရှိလာပြီးသောလူဦးရေစိန်ခေါ်မှုများတိုးပွားစွာရင်ဆိုင် နေကြရသည်။ ထို့ကြောင့် AMS များသည် ကြံ့ခိုင်စွမ်းရှိသောကူညီမှုများနှင့် လူမှုရေး အကာအကွယ်ပေးမှုအစီအစဉ်များ၊ သို့သော်ငြားလည်း AMS အများစုတွင် ဘဏ္ဍာရေး ကန့်သတ်ချက်များတွင် ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများ ထက်ပို၍ စွန့်စားရမှုများ၊ မသေချာမှုများ ကိုရှောင်ရှားနိုင်ရန် သတိရှိရန် လိုအပ်သည်။

ယခုအချိန်ထိတိုင်အောင် အာဆီယံဒေသအတွင်းတွင် လူမှုဖူလုံရေးအစီအစဉ်များ၏ သ ဘောသဘာဝနှင့် ရရှိနိုင်မှုတို့သည်ပြောင်းလဲနေသည်။ ယေဘုယျအားဖြင့် အစီအစဉ်များ သည် တရားဝင်ကဏ္ဍဆီသို့ တိမ်းချော်နေသေးသည်။ မြို့ပြအလုပ်သမားများနှင့် အစိုးရဝန်ထမ်းများ သည်အဓိကအားဖြင့် လူသိရှင်ကြားစီမံခန့်ခွဲနေသည်။ ရေိယာအားလုံး နှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံများအားလုံးတွင် အစီအစဉ် (၈)ခုမှ အနည်းဆုံး(၄)ခုတွင် ဖျားနာခြင်း၊ မိခင်ကျန်းမာရေး အခြေအနေ၊ အသက်အရွယ်ကြီးရင့်သူများ၊ ခွင့်ခံစား ခွင့်မရှိခြင်း၊ အသက်ရှင်ကျန်ရစ်သူများ၊ မိသားစုထောက်ပံ့ကြေးများ၊ လုပ်ငန်းခွင် ထိခိုက် နစ်နာမှုနှင့် အလုပ်လက်မဲ့ဖြစ်ခြင်းတို့ပါဝင်ပါသည်။ ထိုင်းနိုင်ငံသည် အများဆုံးပါဝင်သည် ကိုတွေ့ရှိရသည်။ နိုင်ငံများအားလုံးသည် အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းသူများ၊ အသက်ရှင်ကျန်ရစ်သူများ၊ နှင့် လုပ်ငန်းခွင်ထိခိုက်နစ်နာမှုများအတွက် ပင်စင်များထောက်ပံ့ ပေးသည်။ ဖျားနာခြင်းကာမိစေရန်ထောက်ပံ့ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်ခံစားခွင့်များ၊ အလုပ် လက်မဲ့ခံစားခွင့်များ၊ မိသားစုထောက်ပံ့ကြေးများသည် ကျန်းမာရေးစောင့်ရှောက်မှု ကုသ စရိတ်လက်လှမ်းမီရန် အကန့်အသတ်ဖြင့်သာရှိနေသည်။ ကာမိစေရန်နယ်ပယ်များသည် ကြီးမားသော်လည်း နိုင်ငံအများစုသည် တရားဝင်ကာမိစေရန် နှင့် ထိရောက်သော လူဦးရေ ကာမိစေရန် ချို့တဲ့စွာလုပ်ဆောင်နေကြရသည်။ တရားမဝင်ကဏ္ဍကြီးမားသောကြောင့် အမှန်တကယ်ကာမိစရိတ်သည် တရားဝင်ကာမိစရိတ်ထက်နည်းနေသည်။

အာဆီယံတွင် အလုပ်လုပ်ကိုင်နိုင်သောအသက်အရွယ်အုပ်စု လျင်မြန်စွာ တိုးတက်နေခြင်းသည် လုပ်သားပြောင်းရွှေ့မှုနှင့် တရားမဝင်လုပ်ကိုင်နေသောလုပ်သားများကဲ့သို့သောကိစ္စရပ်များနှင့် ပတ်သက်မှုများရှိလာလိမ့်မည်။ တစ်ချိန်တည်းမှာပင် ဒေသအတွင်း ဝင်ငွေနိမ့်သောအသက်အရွယ်အုပ်စုများ၏စိန်ခေါ်မှုနှင့် ရင်ဆိုင်ရပြီး မူဝါဒဆိုင်ရာချမှတ်သူများမှ အလေးအနက်အထူးဂရုပြုဆောင်ရွက်ရန်နှင့် လုပ်ဆောင်ရန်လိုအပ်သည်။ ထိုအပြင် လူဦးရေအတွင်းရှိ တရားမဝင် ကဏ္ဍတွင်လုပ်ကိုင်နေသောအလုပ်သမားများနှင့် ပြောင်းရွှေ့မှုများကဲ့သို့သောအထူးအုပ်စုများကာမိစေရန်ကိစ္စရပ်များနှင့် ပတ်သက်မှုရှိသည်။ အာဆီယံဒေသအတွင်းလုပ်သားပြောင်းရွှေ့မှုသည် တိုးတက်နေပြီး စုစုပေါင်းဒေသပြင်ပပြောင်းရွှေ့မှု၏ ၃၂ ရာခိုင်နှုန်း၊ ဒေသအတွင်းပြောင်းရွှေ့မှု၏ ၆၀ ရာခိုင်နှုန်း ရှိသည်။ သို့သော်လည်းအာဆီယံနိုင်ငံများအတွင်းတွင် အာဆီယံဒေသတွင်း လုပ်သားပြောင်းရွှေ့မှု၏ ၆၀ ရာခိုင်နှုန်းအတွက် အကျိုးကျေးဇူးခံစားခွင့်မရှိသောအခြေအနေများကြောင့် လူမှုဖူလုံရေးသဘောတူညီမှု မရှိသေးပါ။ လူမှုဖူလုံရေးပေါ်တွင် ကိုင်တွယ်နိုင်သောအခြားအကြောင်းအရာများမှာထိရောက်သောဝန်ဆောင်မှုပေးဝေဌရန်နှင့် ဝယ်လိုအားနှင့်ရောင်းလိုအားမညီမျှများဖြစ်သည်။

လူမှုဖူလုံရေးစနစ်များသည် အသက်ရှင်နေစဉ်ကာလအတွင်း စားသုံးမှုချောမွေ့စေရန်လုပ်ဆောင်ချက်များ၊ အထူးသဖြင့်အသက်ရှည်မှု၊ ငွေကြေးဖောင်းပွမှုစွန့်စားရမှုများ၊ ဆင်းရဲနွမ်းပါးမှုသက်သာစေရေးနှင့် ဝင်ငွေပြန်လည်ခွဲဝေဖြန့်ဖြူးမှုတို့ကိုဆန့်ကျင်သည့်အာမခံလုပ်ဆောင်ချက်များရှိသည်။ AMS တွင် စွမ်းဆောင်ရည်ရှိသော၊ ထိရောက်မှုရှိသောလူမှုဖူလုံရေးစနစ်များအတွက်စိန်ခေါ်မှုသည် မျှတမှုနှင့် စဉ်ဆက်မပြတ်တိုးတက်မှုကိုထိန်းသိမ်းနိုင်ရန်ဖြစ်သည်။ သို့မဟုတ် အမှန်စင်စစ် ကာလရှည် လုပ်နိုင်စွမ်းရှိသည့် အစီစဉ်များ၊ အားလုံးအတွက် အထူးသဖြင့် တင်းကြပ်သောအရင်းအမြစ်များ၏ အခြေအနေတွင်အကျိုးကျေးဇူးများလုံလောက်သောအဆင့်ပံ့ပိုးပေးရန်နှင့် ယုံကြည်မှုရှိသောအရေးပေါ်အသုံးစရိတ် လိုအပ်ချက်များ ရှိသည့်လူမှုဖူလုံရေး အစီအစဉ်များရှိသည်။ (Asher and Zen, 2013, 4) အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း AMS အများစုတွင် ဖူလုံမှုသည် လိုအပ်ချက် အဖြစ်ရှိနေသည်။

AMS များသည် တစ်ချိန်တည်းမှာပင် ဘဏ္ဍာရေးဆိုင်ရာလုပ်နိုင်စွမ်း ပြုလုပ်နေစဉ် သိသိသာသာဖူလုံမှုနှင့် အကျိုးကျေးဇူးများ လုံလုံလောက် လောက်အဆင့် မြှင့်တင်နိုင်သလား။ အချို့နိုင်ငံများ(ဥပမာ- ဂျပန်၊ ချီလီ၊ ဘရာဇီး) ၏အတွေ့အကြုံများ၏ဆန်းစစ်ချက်များသည် ၂၀၁၅ လွန် အာဆီယံအတွက် ရှေ့လုပ်ဆောင်ရမည့်နည်းလမ်းများအတွက် အကြံပြုချက်

များနှင့် လုပ်နိုင်စွမ်းအချို့ကိုဖြည့်ဆီးပေးသည်။

- *ဦးစားပေးမှုနှင့် အလွှာအဆင့်များပေါ်ထောက်ပံ့မှုအစီအစဉ်။* ဥပမာအားဖြင့် ချီလီတွင် ပင်စင်ရန်ပုံငွေအခွန်စနစ်လူဦးရေ၏ ၆၀ ရာခိုင်နှုန်းသော အဆင်းရဲဆုံးဖြစ်သည့်အသက် ၆၅ နှစ်ထက် ကြီးသောနိုင်ငံသားများ အားလုံးကို ထောက်ပံ့ပေးမည့်အစီအစဉ်ထောက်တိုင်ဖြစ်ပြီး ကျန်သောသူများဖြစ်သည့် အညှပ်သမားများပံ့ပိုး ပေးနိုင်သည့် ထောက်တိုင်တို့ရှိသည်။ ထိုနည်းတူစွာဘရာဇီးတွင်လည်း ဘရာဇီးနိုင်ငံသားများအားလုံးကိုပံ့ပိုးပေးနိုင်သည့်လူမှုရေးနှင့်ဆိုင်သောအကူအညီဟုခေါ်သောအကြောင်းခံမဟုတ်သောဒုတိယထောက်တိုင်ရှိသည်။ လူမှုရေးနှင့်ဆိုင်သောအကူအညီအထောက်အပံ့များတွင် ဆင်းရဲသောမိသားစု များဆီသို့ငွေလွှဲပြောင်းမှုအပြင်အကန့်အသတ်ဖြင့်ရှိသောအရင်းအမြစ်များကို သုံးစွဲနေသောအသက်အရွယ်ကြီးသူများအတွက်ပင်စင်များပါဝင်သည်။ Bolsa Familia Programme ဟုခေါ်သော ငွေသားလွှဲပြောင်းမှုအစီစဉ် သည်လူသိအများဆုံးဖြစ်သည်။ ဘရာဇီးနိုင်ငံ၏လူမှုရေးဆိုင်ရာ အကူအညီများ အတွက် ပထမဆုံးထောက်တိုင်သည် ပံ့ပိုးပေးနိုင်မှုနှင့် အသက်အရွယ် ကြီးသူများ အတွက် ပင်စင် ကိုလည်းကာမိစေပါသည်။ ဂျပန်နိုင်ငံတွင် ၎င်း၏ လူမှုဖူလုံရေးစနစ်အတွက် တရားဝင်အလုပ်အကိုင်ရရှိသူများအတွက် အထက်တန်းအလွှာအဆင့် နှင့် အထက်တန်းလွှာတွင်မပါဝင်သူများကျန်လူဦးရေများအတွက် နိမ့်သောအလွှာအဆင့် စသည့် မဟာဗျူဟာအဆင့်နှစ်ခုရှိသည်။ နိမ့်သောအလွှာအဆင့်အတွက် အခွန်မှဘဏ္ဍာငွေရရှိမှုအစီအစဉ်ကို ပြည်တွင်းအစိုးရများမှစီမံအုပ်ချုပ်သည်။ မှတ်သားရန်မှာ ချီလီနှင့် ဘရာဇီးတို့သည် အခွန်မှရငွေထောက်တိုင်သည် လူဦးရေ၏ဆင်းရဲသောအစိတ်အပိုင်းမျှသာကာမိစေသည်။ ယင်းအချက်သည် ဦးစားပေးမှုနှင့် အလွှာအမျိုးမျိုး ပေါ်တွင်ပံ့ပိုးနိုင်မှုသည်ဝေးကွာလျက်ရှိနေသည်။ ဆိုလိုသည်မှာ ထောက်ပံ့မှုမဟုတ်သည့် ဝင်ငွေနှင့်အခွန်မှရငွေထောက်တိုင်များသည် ဆင်းရဲသား လူဦးရေအတွက်မျှသာဖြစ်သည်။ ယင်းအချက်သည် တစ်ချိန်တည်းမှာပင် စနစ်ကာမိစေရန်တိုးချဲ့မှုနှင့်အတူ လူမှုဖူလုံရေးစနစ်၏ ဘဏ္ဍာရေးစရိတ လျှော့ချနိုင်သည့်နည်းလမ်းတစ်ခုဖြစ်သည်။

- *သန်မာကြံ့ခိုင်စွမ်းရှိသောအာမခံစနစ်များ။* ဤအချက်သည် ဂျပန်နိုင်ငံ၏ဖြစ်ရပ်တွင် အကောင်းဆုံးဥပမာတစ်ခုဖြစ်သည်။ ဂျပန်နိုင်ငံ၏ ကျန်းမာရေးစနစ်သည် လူတိုင်းအားလုံးအတွက် ညီမျှသောစရိတ်ဖြင့် ဆေးဝါးဝန်ဆောင်မှုအရည်အသွေးအညီအမျှကိုထောက်ပံ့ပေးသည်။ လူနာများသည် ကုသမှုအတွက်မည်သည့်ဆေးရုံကိုမဆိုတိုက်ရိုက်သွားရောက်ကုသနိုင်သည်။ AMSနိုင်ငံအများစုတွင် အတွက် ယင်းကဲ့သို့သော အားလုံးအတွက် အညီအ

မှုစရိတ်တွင်အရည်အသွေးအညီအမျှထောက်ပံ့ပေးမှုသည် လက်တွေ့တွင်မဖြစ်နိုင်ပေ။ ဖွံ့ဖြိုးပြီး AMS အများစုတွင် အချိန်နှင့်အမျှကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး ပိုမိုကောင်းမွန်စေရန် မျှော်လင့်နိုင်သည်။ သို့သော်ငြားလည်း ကျန်းမာရေးစောင့်ရှောက်မှု အာမခံစနစ်များပေါ်တွင် အာရုံစိုက်မှုသည် ငွေကြေးကြေးရေးအရအာမခံမှုမပါဘဲကျန်းမာ ရေးအရေးပေါ်အခြေအနေတွင်မိသာစုများအားစရိတ်ကျခံရမှု ကြွေးတင်ရှိခြင်းနှင့် ရည်ရွယ် မထားသော ထုတ်လုပ်နိုင်စွမ်းရှိသောရပိုင်ခွင့်များရောင်ချခြင်းနှင့် ဆင်းရဲနွမ်းပါးမှုကို ဖြစ်စေ သည့်အချက်ပေါ်ရောင်ပြန်ဟပ်သည်။

• *စရိတ်ထိန်းချုပ်ခြင်းနှင့် ပိုခေတ်ဆန်လာသောစနစ်များ။* အာဆီယံနိုင်ငံများတွင် စီမံ အုပ်ချုပ်မှုစရိတ်များသည် အာဆီယံနိုင်ငံများတွင် မြင့်မားလျက်ရှိပြီး အဆင်းရဲဆုံး AMSနိုင်ငံများတွင်စီမံခန့်ခွဲမှုစွမ်းရည်များသည်လုံလောက်မှုမရှိပေ။ဗဟိုအစိုးရညွှန်ကြားမှုနှင့် ကြီးကြပ်မှုနှင့်အတူ ဗဟိုချုပ်ကိုင်မှုလျော့နည်းလာသော အကောင်အထည်ဖော်မှု ၊ အလား တူရည်မှန်းချက်များရှိသော အစိုးရမဟုတ်သောအဖွဲ့အစည်းများပါဝင်မှု၊ သတ်မှတ်ထားသော စံသတ်မှတ် မှုတင်းကြပ်မှုအရ အားကောင်းသောအစိုးရနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာအစီအစဉ် များ၊ သက်သေအထောက်အထားအခြေခံသောမူဝါဒပြုလုပ်ခြင်းမှတဆင့် အရည်အသွေး ဆိုင်ရာအားလုံးပူးပေါင်းမှုတိုးမြင့်ရန်နှင့် (ဝင်ငွေနိမ့်သော AMS များအတွက်) လူမှုဖူလုံရေး အဖွဲ့အစည်းများ၏စီမံခန့်ခွဲမှုစွမ်းရည်တည်ဆောက်ပေးခြင်းသည် မြင့်မားစွာဖူလုံကာမိစေရန် ရင်ဆိုင်ရမှုတွင် စရိတ်များထိန်းကျောင်းခြင်းနှင့် ခေတ်သစ်စနစ်များရှိသော နည်းလမ်းများ တွင် ဖြစ်နိုင်ခြေရှိသော နည်းလမ်းများ ဖြစ်သည်။

• *ဖွံ့ဖြိုးနေသော၊ ထိရောက်မှုရှိသော လွှဲပြောင်းမှုယန္တရား။* ယင်းသည် တရားဝင် လုပ်အားဈေးကွက်ဆက်စပ်မှုများအပေါ်မမှီပေ။ အကောင်းဆုံးဥပမာအနေဖြင့် ဘရာဇီး နိုင်ငံ၏ Bolsa Familia programme ဖြစ်သည့် ဆင်းရဲသောမိသားစုများအတွက် ငွေသား လွှဲပြောင်းမှု အစီအစဉ် ဖြစ်သည်။ ဆန်းစစ်လေ့လာသူများက ဘရာဇီးတွင် လူမှုရေးဆိုင်ရာ အသုံးစရိတ်များအားလုံး၏ (၃) ရာခိုင်နှုန်းမျှသာ Bolsa Familia programme အတွက် အသုံးပြုခဲ့သည့်ကိုညွှန်ပြကြသည် ။ ယင်းအစီအစဉ်သည် ၂၀၀၁ခုနှစ်ကတည်းက ဘရာဇီး၏ ဝင်ငွေမညီမျှမှု (၁၉၉၀ ခုနှစ်များထိတိုင်အောင်ကမ္ဘာတွင်အဆိုးရွားဆုံးထဲမှတစ်နိုင်ငံ) တွင် ၁၆ -၂၁ ရာခိုင်နှုန်းကြားအတွက် တာဝန်ရှိသည်။ ငွေသားလွှဲပြောင်းမှုလက်ခံသောမိသားစု များပေါ် သတ်မှတ်ဖော်ပြထားသောအကြောင်း အခြင်းအရာများသည် ကျန်းမာရေးနှင့်ပညာ ရေးတို့နှင့်ဆက်စပ်မှုရှိသည်။ ယင်းသည် နိုင်ငံ၏ ပိုမိုတိုးတက်ကောင်းမွန်သောလူသားအ

ရင်းအမြစ်နှင့်ယှဉ်ပြိုင်နိုင်စွမ်း ရှိမှု (သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုစွဲဆောင်မှု) ကိုလည်း ပံ့ပိုးပေးပါသည်။ အာဆီယံတွင် ဖိလစ်ပိုင်သည် ဒေသတွင် ငွေသားလွှဲပြောင်းမှုအစီအစဉ် အကြီးမားဆုံးနိုင်ငံဖြစ်သည် ။

- *သက်သေအထောက်အထားအခြေခံသောမူဝါဒပြုလုပ်မှုအောက်တွင် စနစ်များရှိပေါင်းစည်းထားသော၊စနစ်ကျသောပြောင်းလဲမှုများ။* AMS နိုင်ငံများတွင် လူမှုဖူလုံရေးစနစ်၏စွမ်းဆောင်ရည်ရှိမှုနှင့် ထိရောက်မှုပိုမိုကောင်းမွန်လာစေရန် စနစ်ကျသောပေါင်းစည်းရေးပြုပြင်ပြောင်းလဲမှုကြိုးပမ်းအားထုတ်မှုများလိုအပ်သည်။ ချီလီဖြစ်ရပ်တွင် လူမှုဖူလုံရေးပြုပြင်ပြောင်းလဲမှုများသည် တစ်ချိန်တည်းမှာပင် အရင်းအနှီးဈေးကွက်ပြုပြင်ပြောင်းလဲမှုများအလိုအလျောက်ထိန်းကျောင်းမှုဖွဲ့စည်းတည်ဆောက်မှုများ ဖန်တီးခြင်း နှင့် ပိုမိုကောင်းမွန်သောအလုပ်အကိုင်များဖန်တီးပေးခြင်းတို့နှင့် အတူဖြစ်ပေါ်သည်။ ယင်းပြုပြင်ပြောင်းလဲမှုများသည် ပိုမိုကောင်းမွန်သော ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်မှုနှင့် မူဝါဒဆိုင်ရာပြုလုပ်မှုများအသိပေးခြင်းတို့ကို ပံ့ပိုးပေးသည့် ကောင်းမွန်သော၊ပွင့်လင်းမြင်သာမှုရှိသော သတင်းအချက်အလက်များပေါ် အားကောင်းသောမှီခိုမှုများနှင့်အတူ သက်သေအထောက်အထား အခြေခံမူဝါဒပြုလုပ်ခြင်းများလိုအပ်သည်။

# အခန်း ၅-ခ

# စွမ်းအင်ကြံ့ခိုင်စိမ်းလန်းသောအာဆီယံဆီသို့ မျှော်မှန်းလျက် စွမ်းအင်ဒဏ်ခံနိုင်ရည်နှင့် စွမ်းအင်လုံခြုံရေးအတွက် အကြောင်းရင်းများရှာဖွေခြင်း

## နိဒါန်း

အာဆီယံနှင့် အရှေ့အာရှနိုင်ငံများတွင် ဇီဝရုပ်ကြွင်းလောင်စာတို့ကို သုံးစွဲမှု အဆက်မပြတ်တိုးလာခြင်းသည် $CO_2$လွှင့်ထွက်မှုများမြင့်မားလာခြင်းနှင့်စွမ်းအင်လုံခြုံမှုအပေါ် သိသာသောအကျိုးသက်ရောက်မှုများရှိလာသည်။ အာဆီယံ၊ တရုတ်နှင့်အိန္ဒိယတို့သည် ကမ္ဘာလုံးဆိုင်ရာစွမ်းအင်ဝယ်လိုအား၏ ဗဟိုချက်ကို အာရှသို့ရွှေ့လာနေပြီး ဖြစ်သည်။ အာဆီယံနှင့်အရှေ့အာရှ ၁၆ နိုင်ငံတို့တွင် ရှိသောစုစုပေါင်းလူဦးရေ၏ ၃.၃ ဘီလီယံခန့်သည် ဒေသတွင်းအနာဂတ်စွမ်းအင်သုံးစွဲမှုနှင့် လုံခြုံမှုတို့ကိုဖိအားပေးလာခဲ့ကြသည်။ အာဆီယံ တစ်ခုတည်းနှင့်ပင် လူဦးရေသန်းပေါင်း ၆၀၀ ခန့်ရှိနေပြီး ကဏ္ဍအားလုံးလိုလို အထူးသဖြင့် စက်မှု၊ လမ်းပန်းဆက်သွယ်ရေး၊ အိုးအိမ်နှင့် ကူးသန်းရောင်းဝယ် ရေးတို့တွင် အာဆီယံ၏စွမ်းအင်သုံးစွဲမှုမှာတိုးလာရန် အလားအလာများစွာ ရှိနေသည်။

အာဆီယံနှင့် အရှေ့အာရှနိုင်ငံတို့သည် ဒေသတွင်းစီးပွားရေးအတွက် အရှေ့အလယ်ပိုင်းမှ ဇီဝရုပ်ကြွင်းလောင်စာတင်သွင်းမှုအပေါ် ကြီးမားစွာ မှီခို နေရသည်။ အရှေ့အလယ်ပိုင်းနိုင်ငံရေးမတည်ငြိမ်မှုကြောင့် ရေနံနှင့် ဓာတ်ငွေ့ရောင်းလိုအား ကမောက်ကမဖြစ်လာခြင်းသည် အာဆီယံနှင့် အရှေ့အာရှဒေသအတွက် ဆိုးရွားသောအခြေအနေတစ်ခုသို့ ရောက်ရှိစေသည်။ ဒေသတွင်းစွမ်းအင် အဓိကစားသုံးသူအချို့က ဇီဝရုပ်ကြွင်းလောင်စာ ဝယ်လိုအားသည် ပြည်တွင်းထုတ်လုပ်မှုထက် လျင်မြန်စွာကျော်လွန်လာ ခြင်းသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ တင်သွင်းခြင်း အပေါ်မှီခိုမှုကို ဦးတည်နေသည်။ ထို့ကြောင့် ဒေသတွင်းစွမ်းအင်ကြံ့ခိုင်နိုင်ရေးနှင့် လုံခြုံရေးအတွက် တိုး၍ အာရုံစိုက်လာကြသည်။

ဒေသတွင်းစွမ်းအင်လုံခြုံရေးအတွက် ၂၀၀၇ခုနှစ်ဇန်နဝါရီလ၁၅ရက်နေ့ကဖိလစ်ပိုင်နိုင်ငံ CEBU တွင်ကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် အရှေ့အာရှထိပ်သီးညီလာခံ၌ အရှေ့တောင်အာရှနိုင်ငံများ အသင်းအဖွဲ့ဝင် နိုင်ငံများ၊ ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် နယူးဇီလန်နိုင်ငံတို့၏နိုင်ငံအကြီးအကဲများကစွမ်းအင်လုံခြုံရေးဆိုင်ရာ ဆီဘူး ကြေငြာစာတမ်းကိုချမှတ်ခဲ့ကြသည်။ ယင်းနိုင်ငံခေါင်းဆောင်တို့သည် ဒေသတွင်းစွမ်းအင်ကြံ့ခိုင်နိုင်ရည် အကြောင်းရင်း၏သော့ချက်များအဖြစ် တိုးတက် လာသောရေနံသိုလှောင်မှုနှင့်အတူစွမ်းအင်စွမ်းဆောင်ရည် (Energy Efficiency – EEC)၊ အသစ်တဖန်ပြန်လည်ထုတ်နိုင်သောစွမ်းအင် (New Renewable Energy-NRE) နှင့်ကျောက်မီးသွေးကို သန့်ရှင်းစွာ အသုံးပြုမှု တို့ကိုမြှင့်တင်ရန်သဘောတူခဲ့ကြသည်။

EEC, NRE နှင့် ကျောက်မီးသွေးကိုသန့်ရှင်းစွာအသုံးပြုတိုးမြှင့်တင်ခြင်းသည် စိမ်းလန်းသောအာဆီယံနှင့်အရှေ့အာရှဆီသို့ရောက်ရှိရန်ထောက်ကူမောင်းနှင်ပေးသည်။ စိမ်းလန်းသောအာဆီယံတိုးတက်မှုရရှိစေရန် လောင်စာတင်သွင်းမှု အပေါ်မှီခိုခြင်းကိုလျှော့ချရုံသာမက လောင်စာသုံးစွဲမှု စွမ်းဆောင်ရည်နှင့် လောင်စာဇာစ်မြစ်အမျိုးမျိုးတို့အပေါ်၌လည်း အာရုံစိုက် ရလိမ့်မည်။ အထူးသဖြင့် ဒေသတွင်းစုစုပေါင်းစွမ်းအင်သုံးစွဲမှုတွင်ပါဝင်သော အသစ်တ ဖန်ပြန်လည်ထုတ်နိုင်သောစွမ်းအင်/အသစ်လဲလှယ်စွမ်းအင် ဝေစုကိုမြှင့်တင်ရလိမ့်မည်။ သို့ဖြစ်၍ အာဆီယံသည် စွမ်းအင်စွမ်းဆောင်ရည် တိုးတက်ရန်၊ အသစ်တဖန် ပြန်လည်ထုတ်နိုင်သော / အသစ်လဲလှယ်စွမ်းအင် စွမ်းအင်ဇာစ်မြစ်များဖော်ထုတ်ရန်နှင့်လျှပ်စစ်အတွက်ကျောက်မီးသွေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် သဘာဝဓာတ်ငွေ့နှင့်ဇီဝလောင်စာတို့ကို ပို၍ စွမ်းဆောင်ရည်ရှိစွာ အသုံးချရေးအားပေးရန်တို့သည် ဒေသအလိုက် စွမ်းအင်ကြံ့ခိုင်မှုနှင့် လုံခြုံရေးသာမက စိမ်းလန်းသောအာဆီယံအတွက် ဖြည့်ဆည်းပေးသည်။

သို့ရာတွင် ကာလတိုတွင် အာဆီယံအတွင်း စွမ်းအင်ကြံ့ခိုင်နိုင်စွမ်းရည်နှင့် စိမ်းလန်းသောဖွံ့ဖြိုးမှုတို့အကြား ချိန်ထိုးမှုရှိသည်။ ဥပမာ အာဆီယံတွင် ကျောက်မီးသွေးပေါများသည်။ ထို့ကြောင့် ကျောက်မီးသွေး စျေးနှုန်းချိုသာမှု ကြောင့် ဓာတ်အားလိုအပ်မှုကို ကျောက်မီးသွေးအပေါ်မှီခိုရန်မျှော်လင့်ရသည်။ သို့သော် ကျောက်မီးသွေးသန့်စင်ရန် နည်းပညာအတွက် ကုန်ကျသောစရိတ်သည် ကာဗွန်များများလွှတ်သောနည်းပညာများအတွက် စရိတ်နှင့် နှိုင်းယှဉ်လျှင် များစွာပိုသည်။ ထို့ကြောင့် အာဆီယံသည် AMSs နိုင်ငံအများစုကဲ့သို့ ဖွံ့ဖြိုးဆဲတိုင်းပြည်များက ကျောက်မီးသွေးသန့်စင်သော နည်းပညာတို့ကို ပိုမို လက်လှမ်းမီရယူနိုင်ရန်လိုအပ်သည်။

ဤအခန်းသည် အာဆီယံနှင့် အရှေ့အာရှဒေသတွင်း သယံဇာတ အလားအလာများနှင့် စွမ်းအင်ကြံခိုင်မှုနှင့်လုံခြုံမှုအတွင်း ယင်းသယံဇာတများကို ဗျူဟာမြောက် အသုံးချနိုင်မှုကိုကြည့်ပြီးစွမ်းအင်ကြံခိုင်မှုနှင့်စိမ်းလန်းသော ဖွံ့ဖြိုးမှု၏ အရေးပါမှုကိုပစ်မှတ်ထားသည်။ တစ်ချိန်တည်းမှာပင် ဒေသတွင်း စဉ်ဆက်မပြတ် သာတူညီမျှတိုးတက်မှု ပိုမိုရရှိစေရန် စိမ်းလန်းသော ဖွံ့ဖြိုးတိုးတက်မှု၏ရေရှည်ပန်းတိုင်ကိုထောက်ကူရာရောက်ပေသည်။

## စွမ်းအင်သုံးစွဲမှုနှင့် စွမ်းအင်ထိန်းသိမ်းမှုဆိုင်ရာ စီးပွားရေးအရအကျိုးသက်ရောက်မှု

### စွမ်းအင်အခြေခံ (ကနဦး) သုံးစွဲမှု

ERIA ၏ စွမ်းအင်လုံလောက်မှုနှင့် စုဆောင်းမှုအလားအလာများ ဆိုင်ရာစီမံချက် (ERIA 2013) အရှေ့အာရှထိပ်သီးညီလာခံ [1] တွင် ၃၅ ခုနှစ် တိုင်အောင် အခြေခံစွမ်းအင်သုံးစွဲမှုသည် ၂၀၁၀ ခုနှစ်တွင် ရေနံတန်သန်းပေါင်း (Mtoe) ၄၀၇၉ မှ ၂၀၃၅ ခုနှစ်တွင် ရေနံတန်သန်းပေါင်း ၈၅၃၃ အထိရောက်ရှိရန်ဖြစ်လေ့ဖြစ်ထရှိသောစီးပွားရေးလုပ်ငန်းဖြစ်စဉ် (BAU) အဖြစ်နှင့် တစ်နှစ်ပျမ်းမျှ၃ ရာခိုင်နှုန်းတိုးတက်ရန်မှန်းဆထားသည်။ (ကားချပ် ၅ခ.၁တွင်ကြည့်ပါ)။ အရှေ့အာရှနိုင်ငံများ၏ ရေနံသုံးစွဲမှုကို ၂၀၃၅ ခုနှစ်အရောက်တွင် မူဝါဒဆိုင်ရာ အခြားတစ်ဖက်ဖြစ်စဉ် (APS) အရ ၆၉၃၅ Mtoe ရောက်ရှိရန်မှန်းဆထားသဖြင့် BAU ထက် ၁၈.၅ ရာခိုင်နှုန်း နိမ့်ကျသည်။ အခြေခံ စွမ်းအင်သုံးစွဲမှုတွင် BAU နှင့်နှိုင်းယှဉ်လျှင် APS က ၂၀၃၅ ခုနှစ်၌ ၁၅၈၀ Mtoe လျော့ကျခြင်းသည် ၂၀၁၀ ခုနှစ်တွင် အာဆီယံ အခြေခံစွမ်းအင်သုံးစွဲမှုထက် သုံးဆကြီးမားသည်ကို တွေ့ရှိရသည်။ BAU ဖြစ်စဉ်သည် နိုင်ငံတစ်နိုင်ငံချင်း၏ လက်ရှိပန်းတိုင်များ၊ လုပ်ဆောင်ချက် စီမံကိန်းများနှင့် မူဝါဒတို့ကိုထင်ဟပ်စေသည်။ APS သည် ၂၀၁၂ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်တွင်ကျင်းပခဲ့သော EASEMM 6 ကအစီရင်ခံခဲ့သော ထပ်မံထည့်သွင်းခဲ့သည့်ပန်းတိုင်များ၊ လုပ်ဆောင်ချက်စီမံကိန်းများနှင့် မူဝါဒများ ပါဝင်ပြီးလက်ရှိထည့်သွင်းစဉ်းစားကြ ရန်ဖြစ်သည်။

စွမ်းအင်အခြေခံသုံးစွဲမှုဖွဲ့စည်းပုံကိုကြည့်ပါက ကားချပ် ၅ခ.၂ တွင်ဖော်ပြထားသကဲ့သို့ ကျောက်မီးသွေးသည် နောက်နှစ်ပေါင်း ၂၀ ခုနှစ်များ တွင်တိုးလာသော လျှပ်စစ် လည်ပတ်

[1]This subsection draws heavily from Asher and Zen (2013).

မှုအရ အခြေခံ ဝယ်လိုအား၏ အကြီးဆုံးဝေစုအဖြစ်ကန့်သတ်တည်ရှိနေလိမ့်မည်။ စုစုပေါင်း အခြေခံစွမ်းအင်သုံးစွဲမှုတွင် ကျောက်မီးသွေးဝေစုသည် ၂၀၁၀ ခုနှစ်တွင် ၅၄.၁ ရာခိုင်နှုန်း ရှိခဲ့ပြီး ၂၀၃၅ ခုနှစ်တွင် ၄၈.၃ ရာခိုင်နှုန်းသို့ကျဆင်းမည်ဟု မျှော်မှန်းထားသည်။

ကားချပ် - ၅၈.၁ - စုစုပေါင်း အဓိကစွမ်းအင် သုံးစွဲမှု




ရင်းမြစ် - Kimura. 2013.

The East Asia Summit (EAS) is a collection of diverse countries. It is composed of the 10 member countries of the Association of Southeast Asian Nations (ASEAN) namely: Brunei Darussalam, Cambodia, Indonesia, Lao People's Democratic Republic (Lao PDR), Malaysia, Myanmar, the Philippines, Singapore, Thailand and Viet Nam, and 6 other countries, namely: Australia, China, India, Japan, Republic of Korea and New Zealand.

ကားချပ် ၅၈.၂ - EAS တွင် စုစုပေါင်း အဓိကစွမ်းအင် သုံးစွဲမှု- ၁၉၉၀ မှ ၂၀၃၅ ထိ




EASတွင် လျှပ်စစ်လည်ပတ်မှုတိုးတက်မှုသည် ၂၀၁၀ ခုနှစ်တွင် ၇၇၄၀ (TWh) မှ ၂၀၃၅ခုနှစ်တွင် ၁၈၉၉၉ (TWh) ထိ တစ်နှစ်ပျှမ်းမျှ ၃.၇ ရာခိုင်နှုန်းတိုးတက်မည်ဟုမှန်းဆထားသည်။ ကျောက်မီးသွေးမှ မီးလည် ပတ်မှုဝေစုသည် အများဆုံးအဖြစ် ဆက်လက်ရှိနေပြီး ၂၀၃၅ခုနှစ်တိုင်အောင် စုစုပေါင်း၏ ၅၅ ရာခိုင်နှုန်းဆက်လက်ရှိနေမည်ဟု မှန်းဆထားသည်။ သဘာဝဓာတ်ငွေ့ဝေစုသည် ၂၀၁၀ ခုနှစ်တွင် ၁၂.၇ ရာခိုင်နှုန်းမှ ၂၀၃၅ ခုနှစ်တွင် ၁၇.၃ ရာခိုင်နှုန်းထိတိုးလာပြီးနျူကလီးယား၏ဝေစုသည် ၂၀၁၀ ခုနှစ်တွင် ၆.၉ ရာခိုင်နှုန်းမှ ၂၀၃၅ ခုနှစ်တွင် ၇.၅ ရာခိုင်နှုန်းအထိ ၊ မြေအတွင်းမီးအပူမှရသည့်ဓာတ်ငွေ့၏ဝေစုသည် ၂၀၁၀ခုနှစ်တွင် ၀.၇ ရာခိုင်နှုန်းမှ ၀.၄ ရာခိုင်နှုန်း ၊ လေ၊ ဆိုလာနေရောင်ခြည်၊ ဇီဝစွန့်ပစ်ပစ္စည်းကဲ့သို့သော အခြားတို့၏ဝေစုသည် ၅.၄ ရာခိုင်နှုန်းမှ ၁.၇ ရာခိုင်နှုန်း သို့မျှော်မှန်းထားသည်။ ဤအချိန်ကာလအပိုင်းအခြားအတွင်းရေနံနှင့် ဟိုက်ဒြိုတို့၏ဝေစုတို့သည် ၂.၈ ရာခိုင်နှုန်းမှ ၁.၁ ရာခိုင်နှုန်း၊ ၁၃.၄ ရာခိုင်နှုန်းမှ ၁၁.၈ ရာခိုင်နှုန်း သို့ကျဆင်းရန်အသီးသီးမှန်းဆထားသည်။ ပုံ ၅ (ခ) ၃ နှင့် ၅ (ခ) ၄ တို့သည် ၁၉၉၀၊ ၂၀၁၀နှင့် ၂၀၃၅ ခုနှစ်တို့တွင် လျှပ်စစ်မီးလည်ပတ်မှုတွင်

စွမ်းအင်ဇာစ်မြစ်အသီးသီး၏ ဝေစုအသီးသီးကို ဖော်ပြထားသည်။

ကားချပ် ၅၈.၃ - EAS တွင် ဓါတ်အား ထုတ်လုပ်မှုဝေစု




ဇာစ်မြစ် - Kimura. 2013.

အရှေ့တောင်အာရှစွမ်းအင်အမြင်သဘောထားရလဒ်က အာဆီယံတွင် လျှပ်စစ်လည်ပတ်မှုသည် ၂၀၁၁ ခုနှစ်တွင် ၆၉၆ TWh သို့မဟုတ် ၁၇၆ GW မှ ၂၀၃၅ ခုနှစ်တွင် ၉၀၀ TWh သို့မဟုတ် ၄၆၀ GW နီးပါးအထိ တစ်နှစ်ပျမ်းမျှ ၄.၂ ရာခိုင်နှုန်းတိုးလိမ့်မည်ဟုဖော်ပြသည်။ ကျောက်မီးသွေး ဝေစုသည်ကြိုတင်မှန်းဆကာလဖြစ်သော ၂၀၁၁ - ၂၀၃၅ ခုနှစ်အတွင်း ၃ ရာခိုင်နှုန်းမှ ၄၇ ရာခိုင်နှုန်းသို့တိုးပြီးဓာတ်ငွေ့ဝေစုသည် ၄၄ ရာခိုင်နှုန်းမှ ၂၉ ရာခိုင်နှုန်းသို့ ကျဆင်းမည်ဟု မှန်းဆထားသည်။ ကျောက်မီးသွေးမှ မီးလည်ပတ်မှုသည် အခြားလည်ပတ်မှုဇာစ်မြစ်များနှင့် နှိုင်းယှဉ်လျှင် ပို၍ မြန်မြန်တိုးနေသည်။ ကျောက်မီးသွေးဝယ်လိုအားကြီး

ကြီးမားများတိုးလာခြင်း သည် အခြားနိုင်ငံများနှင့် နိုင်းယှဉ်လျှင် ဒေသတွင်း ကျောက်မီးသွေး ပေါ်များမှုနှင့် ကျောက်မီးသွေးဈေးချိုသာမှုတို့ကြောင့်ဖြစ်သည်။ ထိုကြောင့် သိသာသော စွမ်းအားလိုအပ်သည့် လျှပ်စစ်လည်ပတ်မှုတွင် ရေနံ၊ သဘာဝ ဓာတ်ငွေ့ နှင့် စာလျှင်ကျောက် မီးသွေးကိုအသုံးပြုရန်ပိုမိုလိုလားလာသည်။ ဓာတ်ငွေ့ထုတ်လုပ်သည့်ဒေသ၏မြစ်ဝှမ်းအများ အပြားသည် ဝယ်လိုအား ဗဟိုဌာနများမှ ဒေသအနှံ့ ဓာတ်ငွေ့ဝယ်လိုအားသည် ကျောက်မီး သွေးထက် ပိုဈေးကြီးသော LNG သွင်းကုန်များနှင့် တိုး၍ရင်ဆိုင်လာရန်ရှိသည်။

## စွမ်းအင်နောက်ဆုံးသုံးစွဲမှု

ERIA စွမ်းအင်လုံလောက်မှုနှင့်စဆောင်းမှုအလားအလာများလေ့လာချက် (ERIA 2013) BAU ဖြစ်စဉ်အရ စွမ်းအင်နောက်ဆုံးဝယ်လိုအားသည် ၂၀၁၀ ခုနှစ်တွင် ၂၄၈၃ Mtoe မှ ၂၀၃၅ ခုနှစ်တွင် ၅၄၃၉ Mtoe သို့ တိုးပြီးထိုကာလအတွင်းနှစ်စဉ်ပျှမ်းမျှ ၃.၂ ရာခိုင်နှုန်းသို့ တိုးတက်မည်ဟု မှန်းဆထားသည်။ (ကားချပ် ၅ခ.၅)

ABS ဖြစ်စဉ်တွင်စွမ်းအင်နောက်ဆုံးသုံးစွဲမှုသည် ၂၀၃၅ ခုနှစ်၌ BAU ဖြစ်စဉ်ထက် ၇၆၂ Mtoe သို့မဟုတ် ၁၄ ရာခိုင်နှုန်းနိမ့်ကျပြီး ၄၆၇၇ Mtoe သို့တိုးမည်ဟုမှန်းဆသည်။ ဤသို့ ဖြစ်ရခြင်းမှာ EAU နိုင်ငံများက ကျင့်သုံးသောဝယ်လိုအား၊ ရောင်းလိုအားနှစ်ဖက်စလုံးမှ ကြည့်သည့် စွမ်းအင်လုံလောက်မှုစီမံကိန်းနှင့် အစီအစဉ်အမျိုးမျိုးတို့ကြောင့်ဖြစ်သည်။ ကားချပ်ပုံ ၅ (ခ) . ၅ သည် BAU နှင့် APS ဖြစ်စဉ်နှစ်ခုစလုံးတွင် ၁၆၉၀ မှ ၂၀၃၅ ထိ စွမ်းအင် နောက်ဆုံးသုံးစွဲမှုပြောင်းလဲပုံကိုဖော်ပြသည်။

ကားချပ် ၅ခ.၅ - စုစုပေါင်း စွမ်းအင်နောက်ဆုံးသုံးစွဲမှု




ဇာစ်မြစ် - Kimura. 2013.

BAU ဖြစ်စဉ်အရ သဘာဝဓာတ်ငွေ့ဝယ်လိုအားသည် ၂၀၁၀ ခုနစ်တွင် ၂၈၀ Mtoe မှ ၂၀၃၅ ခုနစ်တွင် ၆၅၇ Mtoeသို့ တစ်နှစ်လျှင်၅.၃ရာခိုင်နှုန်း တိုးခြင်းဖြင့် အမြန်ဆုံးတိုးတက်မှုရှိမည်ဟုမှန်းဆသည်။ (ကားချပ် ၅ခ . ၆ ကိုကြည့်ပါ) ရေနံသည်စွမ်းအင်နောက်ဆုံးဝယ်လိုအားစုစုပေါင်း၏အကြီးမားဆုံးဝေစုကိုရယူထားပြီး ၂၀၃၅ ခုနစ်တွင် ၁၉၉၉ Mtoe သို့ရောက်ခြင်းဖြင့် တစ်နှစ် ၂.၉ ရာခိုင်နှုန်းထက်နိမ့်သောနှုန်းဖြင့် တိုးမည်ဟုမှန်းဆသည်။ ရေနံပြီးနောက် ကျောက်မီးသွေး၏ဝေစုမှာ ဒုတိယအများဆုံးဖြစ်သည်။ လျှပ်စစ်ဝယ်လိုအားသည် ပိုမိုမြန်သောနှုန်းထားဖြစ်သည့် တစ်နှစ် ၃.၈ ရာခိုင်နှုန်းဖြင့် တိုးလိမ့်မည်။ ဝေစုမှာ ၂၀၁၀ ခုနစ်တွင် ၂၂.၃ ရာခိုင်နှုန်းမှ ၂၀၃၅ ခုနစ်တွင် ၂၅.၉ ရာခိုင်နှုန်းအထိတိုးလာမည်။

ကဏ္ဍအများစုတွင် နောက်ဆုံးစွမ်းအင်သုံးစွဲမှုသည် BAU အခြေအနေ နှင့် နှိုင်းယှဉ်ပါက APS အခြေအနေသည် သိသာ ထင်ရှားစွာလျော့ကျသွားသည်။ (ကားချပ် ၅ခ . ၇ ကိုကြည့်ပါ) ရာခိုင်နှုန်းအားဖြင့် အခြားကဏ္ဍများတွင် ၁၆.၂ ရာခိုင်နှုန်းလျော့ကျမှု အကြီးမားဆုံးဖြစ်ပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ၁၅.၅ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် ၁၄.၄ ရာခိုင်နှုန်းအားဖြင့်လိုက်ပါခဲ့သည်။ APS အခြေအနေသည် စွမ်းအင်မဟုတ်သော သုံးစွဲမှုသည် BAU အခြေအနေနှင့် နှိုင်းယှဉ်ပါက ၄.၅ ရာခိုင်နှုန်း အားဖြင့်လျော့ကျသည်။

ကားချပ် ၅ခ.၆ - စွမ်းအင်အမျိုးအစားအလိုက် စွမ်းအင်နောက်ဆုံးသုံးစွဲမှု




ဇာစ်မြစ် - Kimura. 2013.

ကားချပ် ၅၈.၇ - ကဏ္ဍအလိုက် စွမ်းအင်နောက်ဆုံးသုံးစွဲမှု




ဇာစ်မြစ် - Kimura. 2013.

## စွမ်းအင် စွမ်းဆောင်ရည်ရှိမှုနှင့် ထိန်းသိမ်း စောင့်ရှောက်မှုပေါ် ရင်းနှီးမြှုပ်နှံမှုမှ စီးပွားရေးနှင့် ဆိုင်သော အကျိုးသက်ရောက်မှု

စွမ်းအင်စွမ်းဆောင်ရည်ရှိမှုနှင့်ချွေတာမှုပေါ် ရင်းနှီးမြှုပ်နှံမှုမှစီးပွားရေးနှင့်ဆိုင် သော အကျိုးသက်ရောက်မှုပေါ် ERIA ၏လေ့လာမှုမှ ရလဒ်သည် စွမ်းအင် ချွေတာမှုနှင့် ကာဗွန်ထုတ်လွှတ်မှုလျော့ကျစေသည့် နည်းပညာများ ပေါ်တွင် နောက်ထပ်ရင်းနှီးမြှုပ်နှံမှုများသည် စွမ်းအင်သုံးစွဲမှုသိသိသာသာ လျော့ချနိုင် ခြင်း အထူးသဖြင့် EAS နိုင်ငံများတွင် ကျောက်မီးသွေး လိုအပ်ချက် နှင့် ပြည်တွင်းနှင့် ကမ္ဘာ့ဈေးကွက်များတွင် ဇီဝရုပ်ကြွင်းလောင်စာများ၏ ဈေးနှုန်းများ လျော့ကျလာခြင်းတို့ကိုတွေ့ရှိရသည်။

သိသာထင်ရှားမှုမှာ ရလဒ်များသည် EAS ဒေသတစ်ခုလုံးတွင် စွမ်းအင်ချွေတာမှုနှင့် ကာဗွန်ထုတ်လွှတ်မှုလျော့ကျစေသည့် လုပ်ဆောင်ချက်များအားလုံး အကောင်အထည်ဖော်သည့် အခြေအနေတွင် EAS နိုင်ငံများ၏စုစုပေါင်း GDP သည် BAU ဖြစ်စဉ် နှင့် နှိုင်းယှဉ်ပါက အခြားနည်းပညာဖြစ်စဉ် (ATS) အောက်တွင် ၄.၀ရာခိုင်နှုန်းတိုးလာလိမ့်မည်။ နောက်ထပ်

စွမ်းအင် ရင်းနီး မြှုပ်နှံမှု ၏ ပြီးပြည့်စုံသောအကျိုးသက်ရောက်မှုနှင့်အတူ ဂျပန်၊ ကိုရီးယား တို့သည် GDP တိုးတက်မှုနှုန်း အမြင့်ဆုံးဖြစ်သည့် ၅.၄ ရာခိုင်နှုန်း၊ တရုတ်နှင့် အိန္ဒိယတို့သည် ၃.၃ ရာခိုင်နှုန်း၊ ထိုင်းတွင် ၂.၇ရာခိုင်နှုန်း၊ အင်ဒိုနီးရှားတွင် ၂.၀ရာခိုင်နှုန်း ၊ မလေးရှားတွင် ၁.၇ရာခိုင်နှုန်း၊ ဖိလစ်ပိုင်တွင် ၁.၆ ရာခိုင်နှုန်း၊ ဩစတြေးလျတွင် ၁.ရရာခိုင်နှုန်းတို့ ရရှိလိမ့်မည်။ (ကားချပ် ၅ခ.၈ ကို ကြည့်ပါ။)

ထို့ပြင် အာဆီယံနှင့် အရှေ့အာရှတို့တွင် GDP တိုးတက်လာမှုကြောင့် ကျန်အခြားနိုင်ငံများတွင် အကျိုးကျေးဇူး ရရှိသည်။ ကမ္ဘာ GDP သည် BAU ဖြစ်စဉ်နှင့် နှိုင်းယှဉ်ပါကAPS ဖြစ်စဉ် အောက်တွင် ၁.၈ ရာခိုင်နှုန်း ဖြစ် လိမ့်မည်။

အခြေခံ၍ စွမ်းအင်စွမ်းဆောင်ရည်ရှိမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု၏ အပေါင်းလက္ခဏာ ဆောင်သော ကုန်ထွက်အကျိုးသက်ရောက်မှုအတွက် အကြောင်းရင်းသည် EAS သည် ကမ္ဘာ့အဓိကဈေးကွက်တစ်ခုဖြစ်ပြီး EAS တွင် ဝယ်လိုအားလျော့ကျခြင်းသည် စွမ်းအင်နှင့် ဇီဝရုပ်ကြွင်းရေနံဆီ၏ ကမ္ဘာ့ ဈေးနှုန်းကိုလျော့ကျစေပြီးထိုမှတဆင့် ကမ္ဘာနှင့် EAS စီးပွား ရေးအဆောက်အအုံ ၏ အဖွဲ့အစည်းကို အကျိုးကျေးဇူးဖြစ်ထွန်းစေသည်။

ကားချပ် ၅၃.၈ - အဓိက EAS နိုင်ငံများတွင် GDP ပြောင်းလဲမှုနှုန်း




ဇာစ်မြစ် - Kimura. 2013.

## အာဆီယံအတွင်း စွမ်းအင်ကြံ့ခိုင်မှုနှင့် စိမ်းလန်းသောတိုးတက်ဖွံ့ဖြိုးမှုဆီသို့

### စွမ်းအင်လုံခြုံမှုအတွက်စုဆောင်းသိမ်းဆည်းခြင်း

အာဆီယံနှင့် အရှေ့အာရှဒေသသည် သယံဇာတနှင့် အလားအလာများ အမျိုးမျိုး ကွဲပြားနေသည်။ အာဆီယံနှင့် အရှေ့အာရှတွင်စွမ်းအင်စုဆောင်းမှု အလားအလာ စိစစ် သရုပ်ခွဲရန်အတွက် အသုံးပြုသော ERIA စွမ်းအင်အမြင် သဘောထားများအရ ကြံ့ခိုင်သောစီးပွားရေးတိုးတက်မှုနှင့် မော်တော်ယာဉ်များ လျင်မြန်စွာတိုးပွားလာမှုကြောင့် ရေနံနှင့်သဘာဝဓာတ်ငွေ့သုံးစွဲမှုသည်လည်း မုချမသွေတိုးလာလိမ့်မည်။ ထို့ကြောင့် ဇီဝရုပ်ကြွင်းလောင်စာမှီခိုမှု ကိုလက်လွှတ်ရန်မှာမလွယ်ကူလှပေ။ သို့ဖြစ်ရစေ နိုင်ငံတို့သည် ယင်းတို့၏ နိုင်ငံတော်စွမ်းအင်ဖူလုံမှု၏အစိတ်အပိုင်းကဲ့သို့ လောင်စာဆီ စုဆောင်းသိမ်းဆည်းခြင်းသည် လောင်စာနှင့် သဘာဝဓာတ်ငွေ့ဖြတ်တောက်ခြင်းတို့နှင့် သက်ဆိုင်သည်။

EAS နိုင်ငံများသည် ယင်းတို့၏ စုဆောင်းသိမ်းဆည်းခြင်းစွမ်းရည်တွင် ခြားနားမှုရှိသည်။ စွမ်းအင် အတွက် လောင်စာဆီပေါ်တွင်မှီခိုနေရသည့် ဂျပန်၊ ကိုရီးယား၊ တရုတ်ကဲ့သို့သော အားကောင်းသော စီးပွားရေးအဆောက်အအုံ ရှိသည့်နိုင်ငံများ တွင် မြင့်မားသောစုဆောင်းသိမ်းဆည်းခြင်းရှိသည်။ သာဓကအားဖြင့် ၂၀၁၃ ခုဇန်နဝါရီလအကုန်တွင် ဂျပန်သည် လောင်စာဆီ လက်ကျန်ပမာဏ၏ ၅၉၁ သန်းစည်ပေါင်းအချို့ (million barrels – mb)

ကိုင်ဆောင်ထားခြင်းသည် ၂၀၁၁ ခုနှစ်၏ အသားတင်သွင်းကုန်များ၏ ၁၆၆ ရက်(အစိုးရအ တွက်သုံးရန်လက်ကျန်ပမာဏ ၉၂ ရက်စာ၊ စက်မှုလုပ်ငန်း သုံးလက်ကျန်ဆီ ၇၄ ရက်စာ)နှင့် ညီမျှသည်။ ထိုနည်းတူစွာ ကိုရီးယားသည် အစိုးရအတွက်သုံးရန်လက်ကျန်ပမာဏကိုင် ဆောင်ထားခြင်းဖြင့် အပြည်ပြည် ဆိုင်ရာစွမ်းအင်အဖွဲ့အစည်း (IEA) သို့ ယင်း၏ လက်ကျန် ကိုင်ဆောင်ရမည့် တာဝန်နှင့် စက်မှုလုပ်ငန်းများပေါ်တွင် အနည်းဆုံးလက်ကျန် ကိုင်ဆောင် ရမည့် တာဝန်များကိုဖြည့်ဆည်းပေးသည်။ထိုပြင် စွမ်းအင်လောင်စာဇစ်မြစ်များ၏ ကွဲပြား ခြားနားမှု (ရောနှောစွမ်းအင်)၊ ရေနံစိမ်းနှင့် LNG သွင်းကုန် ဇစ်မြစ်များ၏ကွဲပြားခြားနားမှု၊ SPR (အစိုးရလက်ကျန်) ၏ နောက်ထပ်တိုးပွား များပြားလာမှု၊ လောင်စာဆီနှင့် သဘာဝ ဓာတ်ငွေ့အတွက် စွမ်းရည်သိုလှောင်မှု၊ စွမ်းရည်တိုးချဲ့နိုင်မှု နှင့် ပြည်တွင်းနှင့် ပြည်ပ E&P လုပ်ဆောင်ချက်များသည် ကိုရီးယား၏စွမ်းအင်ဖူလုံမှုမူဝါဒတွင် အဓိကထောက်တိုင်များ ဖြစ်သည်။

တရုတ်သည်ရေနံစိမ်း၏ တစ်နေ့လျှင် ၅သန်းစည်ပေါင်း (5mb/d) တင်သွင်းခဲ့ပြီးစုစုပေါင်း ဝယ်လိုအား၏ ၅၄ ရာခိုင်နှုန်းခန့်ရှိသည်။ စုစုပေါင်း ရေနံစိမ်း တင်သွင်းမှု၏ ၅၀ ရာခိုင် နှုန်းကျော်သည် အရှေ့အလယ်ပိုင်း နိုင်ငံများမှ လာသည်။ လောင်စာဆီရောင်းချမှုဖြတ် တောက်ခြင်းမှဖြစ်ပေါ်စေမည့်စီးပွားရေးအဆောက်အအုံပေါ် ဂယက်ရိုက်မှုအလားအလာကို ကာကွယ်ရန် တရုတ်အစိုးရသည် လောင်စာဆီလက်ကျန်အရန်စနစ်တစ်ခုကို တဖြေးဖြေး ချင်းတည်ဆောက်နေသည်။ တရုတ်သည် မဟာဗျူဟာရေနံစိမ်း အရန် စီမံကိန်း၏ ပတမအဆင့်တွင် ၁၀၃ သန်းဝန်းကျင်စည်ပေါင်းဆံ့သည့် စုဆောင်းသိမ်းဆည်းနိုင်သည့် အထောက်အကူလေးခုပြီးစီးခဲ့သည်။ ဒုတိယ အဆင့်တွင် ၂၀၇ သန်းဝန်းကျင် စည်ပေါင်း ဆံ့သည့် သိုလှောင်ကန် ၈ ခု ပါဝင်သည့်တည်ဆောက်ရေးကိုစခဲ့သည်။ တတိယအဆင့်တွင် ၂၀၂၀ ခုနှစ် တွင် အနီးစပ်ဆုံး သန်း၅၀၀ စည်ပေါင်းဆံ့သည့်စုစုပေါင်း SPR မြှင့်တင်ရန် မျှော်လင့်ထားသည်။ စက်မှုလုပ်ငန်းအတွက် စုဆောင်းသိမ်းဆည်း နိုင်သည့်လုပ်ပိုင်ခွင့်များ စဉ်းစားနိုင်သည်။ သို့သော်လည်း အရေးပေါ်တုန့်ပြန်မှုစနစ်၏ တရားဝင်အစိတ်အပိုင်းမဖြစ် နိုင်သေးပေ။ တရားဝင်ခွင့်ပြုထားသော ဥပဒေသည် ကြိုတင် ပြင်ဆင်နေဆဲဖြစ်သည်။ တရုတ်သည် အစိုးရ သဘာဝဓာတ်ငွေ့ လက်ဝယ်ပစ္စည်း သို့မဟုတ် ကြီးစိုးခွင့်ရစက်မှုလုပ် ငန်းလက်ဝယ် ပစ္စည်းများမရှိပေ။ အစိုးရသည် ကုန်ပစ္စည်းလက်ကျန်စာရင်း တိုးချဲ့ခြင်းကို မြှင့်တင်သည်။ သိုလှောင်ရန် အထောက်အကူပြုမှုအချို့သည် ရာသီအလိုက် ဝယ်လိုအား လှုပ်ရှားပြောင်းလဲမှုနှင့် နိုင်နိုင်နင်းနင်းလုပ်ကိုင်နိုင်ရန်အတွက် တည်ဆောက်ခဲ့သည်။

အာဆီယံနိုင်ငံများတွင် IEA ၏ နေ့ပေါင်း ၉၀ စုဆောင်းသိမ်းဆည်းနိုင်သည့် လုပ်ပိုင်ခွင့်များကို မဖြည့်ဆီးနိုင်ပေ။ ထိုင်းနှင့်စင်္ကာပူမျှသာ လောင်စာဆီ စုဆောင်းသိမ်းဆည်းနိုင်သည့် လုပ်ပိုင်ခွင့်များ၏ နေ့ပေါင်း ၇၀ နှင့် ၆၀ (သက်ဆိုင်ရာနိုင်ငံ) ထက်ပိုသောအခြေအနေဖြင့် ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။ ကျန်အာဆီယံနိုင်ငံများတွင် လောင်စာဆီစုဆောင်း သိမ်းဆည်းနိုင်သည့် လုပ်ပိုင်ခွင့်များ၏ နေ့ပေါင်း ၃၀ သို့မဟုတ် ယင်းထက် ပိုများစွာသို့မဟုတ် ပိုနည်းစွာရှိသည်။

နိူင်းယှဉ်ခြင်းအမြင်အရ အာဆီယံတွင် စွမ်းအင်ဖူလုံမှုရှိစေရန် အကူအညီနှင့် နိုင်ငံတော်အဆင့်တွင် လောင်စာဆီ အရန်နိမ့်ကျနေမှုကြောင့် အာဆီယံ သည် ရေနံစိမ်း ရောင်းလိုအား ပြတ်လပ်မှုများကြောင့် အဖွဲ့ဝင်နိုင်ငံများ အရေးပေါ် ဖြစ်နေသည့်အချိန်တွင် ကူညီနိုင်ရန် ရည်ရွယ်ထားသည့် ရေနံစိမ်း ဝေစု အစီအစဉ်တစ်ခုတည်ထောင်နိုင်ရန် အဖွဲ့ဝင်နိုင်ငံများ အကြား ပဋိညာဉ်စာချုပ် ဖြစ်သည့် အာဆီယံရေနံစိမ်းဖူလုံမှု သဘောတူညီချက် (APSA) အသစ်ကိုလက်မှတ်ရေးထိုးခဲ့သည်။ သတ်မှတ်ရက်အရ APSA သည် အဖွဲ့ဝင် ၁၀ နိုင်ငံလုံး အားဖြင့် အပြည့်အဝအတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ ယင်း၏ ရည်ရွယ်ချက်မှာ ရောင်းလိုအား ပြတ်လပ်မှုအကြပ်အတည်းဖြစ်နေချိန်တွင် ယင်း၏နောက်တိုးဖြစ်သော ပူးပေါင်းထားသော အရေးပေါ်တုန့်ပြန်မှု ယန္တရားမှတဆင့် (CERM) အဖွဲ့ဝင်နိုင်ငံများ အကြား ရေနံစိမ်း ဖူလုံမှု မြှင့်တင်ရန် ဖြစ်သည်။ APSA သည်အနေအထားမှန်သော်လည်း ယင်း၏ လုပ်ဆောင်ချက်သည် လုပ်ဆောင်မှု လမ်းညွှန်ချက်အားဖြင့် ကန့်သတ်ချက် ရှိနေသည်။ ထို့ပြင် ဒေသတွင် APSA သည် လက်တွေ့တွင် မည်ကဲ့သို့ လုပ်ဆောင်နေသည်ကို လုံလုံလောက်လောက်အတွေ့အကြုံမရှိသေးပေ။ အစီအစဉ်သည် အကန့်အသတ်နှင့်ရှိပြီး ဒေသဆိုင်ရာအဆင့်နှင့် နိုင်ငံတော်အဆင့်တို့တွင် APSA အကျိုးသက်ရောက်မှုသည် ERIA ကူညီမှုနှင့် IEA အကြံပေးမှုတွင် ASCOPE အားဖြင့် စဉ်းစားခဲ့သည်။

## အာဆီယံဒေသတွင် သန့်စင်သောကျောက်မီးသွေးအသုံးပြုမှု

### *အာဆီယံတွင်ကျောက်မီးသွေးရှုမြင်သုံးသပ်ချက်။*

အရှေ့တောင်အာရှစွမ်းအင်သုံးသပ်ချက်၏ရလဒ် (IEA and ERIA, 2013) သည် ၂၀၁၁ ခုမှ ၂၀၃၅ ခုအတွင်း တစ်နှစ်လျှင် ပျမ်းမျှခြင်းအားဖြင့် ၄.၇ ရာ ခိုင်နှုန်းတိုးမြှင့်ပြီး အာဆီယံ ကျောက်မီးသွေးဝယ်လိုအားသည် သုံးဆ တိုးတက်မည်ဟုဖော်ပြသည်။ ယင်းသည် ၂၀၂၀

ခုနှစ်ပြီးနောက် သဘာဝ ဓာတ်ငွေ့ဖြစ်လာပြီး အရှေ့တောင်အာရှ၏စွမ်းအင်အရော (energy mix) ၏ ဒုတိယအကြီးမားဆုံးအစိတ်အပိုင်းဖြစ်လာပြီးယင်း၏ပါဝင်မှုသည် ၂၀၃၅ ခုနှစ် တွင် ၂၇ ရာခိုင်နှုန်းရောက်ရှိလာမည်။ ကမ္ဘာပေါ်ရှိဒေသအများစုသည် ကျောက်မီးသွေးအသုံးပြုမှုကိုသွေဖီပြီးအသုံးပြုနေကြစဉ် အလားအလာသည် အခြား အဓိကဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သော တရုတ် နှင့် အိန္ဒိယတို့တွင် လျင်မြန်သော စီးပွားရေးနှင့် စွမ်းအင်ဝယ်လိုအားတိုးတက်မှုကာလအတွင်း ဘာအတွေ့အကြုံနှင့်ဖြစ်စေ ဆီလျော်မှုရှိသည်။

ဒေသတွင် ကျောက်မီးသွေးပေါကြွယ်ဝပြီး ကျောက်မီးသွေးဈေးနိမ့်သောကြောင့် ကျောက်မီးသွေးဝယ်လိုအားတိုးတက်အားကောင်းခြင်းသည် လောင်စာဆီနှင့် သဘာဝဓာတ်ငွေ့တို့ပေါ်တွင် ကျောက်မီးသွေးအခွင့်သာမှုကို ဦးတည်စေသည်။ အထူးသဖြင့် အားကောင်းသော စွမ်းအင်သစ်များ လိုအပ်သည်။ ဒေသ၏သဘာဝဓာတ်ငွေ့ထုတ်လုပ်သည့်ရေနက်ပိုင်းအများစုသည် ဝယ်ယူမည့်နေရာများနှင့် အလှမ်းဝေးကွာသောနေရာတွင် တည်ရှိနေသည်။ ထို့ကြောင့်ဒေသအနှံ့အပြားတွင် သဘာဝဓာတ်ငွေ့ ဝယ်လိုအားတိုးပွားလာမှုကို ကျောက်မီးသွေးနှင့် နှိုင်းစာလျှင် ပို၍ဈေးကြီးသော LNG သွင်းကုန် များဖြင့်ဖြည့်ဆည်းလိမ့်မည်။

အရှေ့တောင်အာရှသည်ကမ္ဘာ့ကျောက်မီးသွေးဈေးကွက်များတွင်အရေးပါသောလုပ်ဆောင်သူအနေဖြင့်ရှိပြီးအင်ဒိုနီးရှားသည်ကမ္ဘာ့အကြီးဆုံး ထုတ်လုပ်သူများနှင့် တင်ပို့သူများထဲမှ တစ်နိုင်ငံဖြစ်ပြီး လာမည့်ဆယ်စုနှစ်များတွင် ဒေသတစ်ခုလုံးအတွင်းအဓိကဝယ်လိုအားအများဆုံးဒေသအဖြစ်ဆက်လက် တည်ရှိလိမ့်မည်။ ၂၀၁၁ ခုအကုန်တွင် အရှေ့တောင်အာရှ သည် စုစုပေါင်းကျောက်မီးသွေးအရန်တွင် ၂၇.၉ ဘီလီယံတန် ရှိသည်။ ယင်းသည် နှစ် ပေါင်း ၈၀ အတွက် လက်ရှိနှုန်းအတိုင်း ဆက်လက်ထုတ်လုပ်နိုင်ပါက လုံလောက်မှုဖြစ်နိုင် သည်။ အရှေ့တောင်အာရှ၏အရန်များသည် အဓိကအားဖြင့် စွမ်းအင်ပါဝင်မှုအနည်းဆုံးနှင့်အလယ်အလတ်၏ sub-bituminous / bituminous coals ကျောက်မီးသွေးများဖြစ်သည်။ ယင်းတို့သည် စွမ်းအင်ရရှိမှုတွင် အသုံးပြုပါက အသင့် တော်ဆုံးဖြစ်သည်။ ကျောက်မီးသွေးအရန်အစုအပြုံအများစုသည် အင်ဒိုနီးရှားနိုင်ငံတွင်ရှိပြီး ယင်းတွင် သိသာထင်ရှားသော ကျောက်မီးသွေးမာနှင့် ကျောက်မီးသွေးညိုတို့ ပါဝင်သည်။ ၂၀၁၁ ခုအကုန်တွင် အင်ဒိုနီး ရှားတွင် ကျောက်မီးသွေးမာအရန် ၁၃.၅ ဘီလီယံတန် ရှိပြီး ကျောက်မီးသွေးညိုအရန် ၉.၀ ဘီလီယံတန်ရှိပြီး အရှေ့တောင်အာရှတွင် အကြီးမားဆုံးဖြစ်သည်။ ယင်းကဲ့သို့အရန် သိသိသာသာ တိုးပွားလာခြင်းသည် လွန်ကဲသော မီးတောင်ပေါက်ကွဲမှုကြောင့်ဖြစ်သည်။ အင်ဒိုနီးရှား ကျောက်မီးသွေးသည် စွမ်းအင်ပါဝင်မှု အများဆုံးဖြစ်သည်

စွမ်းအင်ပါဝင်မှုမြင့်မားသော အခြားကျောက်မီးသွေးများနှင့် ရောစပ်အသုံးပြုပါက ပိုမိုသင့်လျော်သည်။ ထို့ပြင် ယေဘူယျအားဖြင့် ယင်းတို့သည် ပြာနှင့် ဆာလ်ဖာနိမ့်သည်။ (သို့သော်လည်း ပြောင်းလဲနိုင်စွမ်းမြင့်ပြီးရေငွေ့ပါဝင်မှုမြင့်သည်။) အကျဉ်းချုပ်အားဖြင့် ဤလက္ခဏာ ရပ်များသည်အင်ဒိုနီးရှားကျောက်မီးသွေးများကိုရေနွေးငွေ့ကျောက်မီးသွေးပို့ကုန်စျေးကွက်အတွက် အလွန်စွဲဆောင်မှုပြုသည်။

အရှေ့တောင်အာရှတွင်ကျောက်မီးသွေးထုတ်လုပ်မှုသည်၂၀၁၁ခုတွင်၃၅၇သန်းတန် (Mtce) ရှိပြီးတစ်နှစ်လျှင် ၉.၈ ရာခိုင်နှုန်းဖြင့်တက်နေသည်။ အင်ဒိုနီးရှားသည်ဒေသတစ်ခုလုံး၏စုစု ပေါင်း ကုန်ထွက်၏ ၈၅ ရာခိုင်နှုန်း ရှိသည်။ အရှေ့တောင်အာရှ တွင် ကျောက်မီးသွေး တင်သွင်းသည့် နိုင်ငံများမှာ ထိုင်း၊ မလေးရှားနှင့် ဖိလစ်ပိုင်တို့ဖြစ်ပြီး အင်ဒိုနီးရှားနှင့်ဗီယက်နမ်တို့သည်တင်ပို့သည့်နိုင်ငံများအနေဖြင့်ရောနှောတည်ရှိနေသည်။ တစ်ခုလုံးအနေဖြင့် ၂၀၁၁ ခုတွင် အသားတင်ပို့ကုန်သည် ၂၂၀ (Mtce) ရှိပြီး ယခင်နှစ်ထက်စာလျှင် ၁၁ ရာခိုင်နှုန်း မြင့်တက်လာသည်။ အရှေ့တောင်အာရှသည်ကမ္ဘာ့ ကျောက်မီးသွေးကုန်သွယ်မှု၏ ပထဝီဝင်ဆိုင်ရာအနေအထားနှင့် ဆက်စပ်တည်ရှိခြင်းကြောင့် ယင်းသည် အာရှ၏ အဓိက တင်သွင်းသည့် နိုင်ငံများ (တရုတ်၊အိန္ဒိယ၊ ဂျပန်နှင့် ကိုရီးယား) နှင့် အဓိကတင်ပို့သည့်နိုင်ငံများ (ဩစတြေးလျ နှင့် တောင်အာဖရိက) များကြားမှာ ကုန်ပစ္စည်းတင်ပို့မှုအတွက် အဓိက သယ်ယူပို့ဆောင်ရေးလမ်းကြောင်းဖြစ်သည့် ပင်လယ်လမ်းကြောင်းဆောင်ရွက်ပေးသည်။

အာဆီယံနှင့် EASတွင် အထူးသဖြင့်အဆင့်နိမ့်သော ကျောက်မီးသွေးပေါ်များကတည်းက ကျောက်မီးသွေး အသုံးပြုမှုမဟာဗျူဟာသည် စီးပွားရေး တိုးတက်မှုကိုအထောက်အကူပြုလိမ့်မည်။ အလယ်အလတ်ကာလတွင် စွမ်းအင်ဖူလုံမှုကိုလည်းထောက်ပံ့ပေးသည်။ ထိုကြောင့် ကျောက်မီးသွေးမှ လျှပ်စစ်ထုတ်လုပ်သည့်နည်းပညာရွေးချယ်မှုသည် ရင်းနှီးမြှုပ်နှံမှုများ၊ စွမ်းဆောင်ရည်ရှိမှု၊ လောင်စာသွင်းအားစုများနှင့် စရိတ်များအတွက် အရေးပါသောအကျိုးဝင်မှုများရှိသည်။ အဆင့်မြင့်မားသော ဓာတ်ငွေ့ဖြစ်အောင် ပြုလုပ်သည့် combined cycle ဒီဇိုင်းများကဲ့သို့သော ပိုမိုတိုးတက်ကောင်းမွန်သော၊ စွမ်းဆောင်ရည်ရှိသောနည်းပညာများအစား လက်ရှိတွင်အသင့်အတင့် ဒီဇိုင်းများကို လုပ်ငန်းသစ်များတွင် လူကြိုက်များသောရွေးချယ်မှုအဖြစ် ဆက်လက်ရှိနေသည်။ အရှေ့တောင်အာရှတွင် မီးအားမြင့်စက်များသည် စွဲဆောင်မှုပေးသောအသင့်အတင့်လုပ်ငန်းများပြုလုပ်ရန် အရင်းအနှီးစရိတ်များ နိမ့်ကျခြင်းသည် အဓိကအချက်တစ်ခုဖြစ်သည်။ အများစုသည် အစိုးရပိုင်ဆိုင်မှုနှင့် ရငွေ ပြန်လည်နလန်

ထူရန်အခွင့်အလမ်းနည်းပါးသော နောက်ဆုံးအသုံးပြုသူများအားမပေါ်လွင်သောထောက်ပံ့ကြေးပေးခြင်းကြောင့် အရင်းအနှီးအကန့်အသတ်နှင့်သာရှိသည်။ ယင်းသည် ကာလရှည်တွင် စီးပွားရေး အရအခွင့်သာနိုင်ခဲ့လျှင်တောင်မှ အဆင့်မြင့်မားသော စွမ်းရည်မြင့်သော နည်းပညာများအတွက် မြင့်မားသောရှေ့တန်းရင်းနှီးမြှုပ်နှံမှု စရိတ်များပေးရန် ပေးနိုင်စွမ်းနည်းပါးသောသူများကိုလုပ်ဆောင်ပေးသည်။ နောက်ထပ်တိုးအချက်တစ်ခုအနေဖြင့် အသင့်အတင့်လုပ်ငန်းများကို နည်းပညာအရ ပိုမိုရှင်းလင်းလျှင်မြန်စွာတည်ဆောက်နိုင်မှုသည် စွမ်းအင်မလုံလောက်မှုကိုလျော့ချနိုင်သမျှလျော့ချနိုင်ရန် အစိုးရများ၏ ဆန္ဒအတွက် အလွန်အရေးကြီးသောစဉ်းစားစရာအချက်တစ်ခုဖြစ်ပါသည်။

*သန့်ရှင်းစင်ကြယ်သောကျောက်မီးသွေးနည်းပညာ မြှင့်တင်ခြင်း။* အဆင့်မြင့်၍ စွမ်းဆောင်ရည်မြင့်သောလုပ်ငန်းများသည် ကာလရှည်တွင် သိသာထင်ရှားသောအကျိုးကျေးဇူးများပေးသည်။ ယင်းတို့၏ မြင့်မားသော စွမ်းဆောင်ရည်ရှိမှု (အသင့်အတင့်ရှိသော လုပ်ငန်းများနှင့် နှိုင်းစာလျှင် ၅ - ၁၂ ရာခိုင်နှုန်းမျှ) သည် သိသာသောလောင်စာကုန်ကျစရိတ်များနှင့် ထုတ်လွှင့်မှုများကိုချွေတာနိုင်သည့် စွမ်းအင်ချွေတာမှုကိုပေးသည်။ အဆင့်မြင့် စွမ်းရည်များအသုံးပြုရန် အဆင်သင့်ရှိပြီးနည်းပညာဆိုင်ရာသက်တမ်း (နှစ်ပေါင်း ၄၀ - ၅၀) ၏ လက်ကျန်ကိုသိမ်းဆည်းထားနိုင်သော်လည်း အရှေ့တောင်အာရှတွင် ကျောက်မီးသွေးလုပ်ငန်းများ၏ ယာဉ်များသည် တဖြေးဖြေးချင်းအဆင့်မြင့်၍ မြင့်မားသောစွမ်းရည်ရှိသည့် နည်းပညာများဆီသို့ ရွှေ့ပြောင်းလာသည်။ ကျောက်မီးသွေးမှ လျှပ်စစ်စွမ်းအင်၏ အာဆီယံ ပျှမ်းမျှ စွမ်းဆောင်ရည်ရှိမှုသည် ၂၀၁၁ ခုတွင် ၃၄ ရာခိုင်နှုန်းမှ ၂၀၃၅ ခုတွင် ၃၅ ရာခိုင်နှုန်း ထိမြင့်တက်လာမည်။ ပို၍စွမ်းဆောင်ရည်ရှိသော ဈေးနှုန်းအချက်ပြမှုများနှင့် တည်ငြိမ်သောရင်းနှီးမြှုပ်နှံမှုမူဘောင်များသည် အရင်းအနှီး၏ အလေးပေးပျမ်းမျှစရိတ်ကို လျော့ချစေနိုင်ပြီး ထိုမှတဆင့် ကာလရှည်ရင်းနှီးမြှုပ်နှံမှုများအားပေးမှုကိုဖြစ်စေသည်။ အရှေ့တောင်အာရှသည်သဘာဝဓာတ်ငွေ့နှင့်နှိုင်းစာလျှင် ဈေးသက်သာသောကျောက်မီးသွေးမှ စွမ်းအင်ရရှိသောကျောက်မီးသွေးဆီသို့ရွှေ့ပြောင်းခဲ့သလို တန်ဖိုးမြင့်သော သဘာဝဓာတ်ငွေ့ကိုပို့ကုန်တစ်ခုအနေဖြင့်တင်ပို့ခဲ့သည်။ ပုံသေစရိတ်များနှင့် ဆက်စပ်ပြီး လုပ်ဆောင်မှုနှင့် ထိန်းသိမ်းစရိတ်များ၊ စွမ်းအင်လုပ်ငန်းသစ်များ၏ လောင်စာဆီစရိတ်များသည် အမျိုးမျိုးသောနည်းပညာများနှင့် လက်ခံနိုင်သော စရိတ်များနှင့် နှိုင်းယှဉ်ပြီး လျှပ်စစ်ဓာတ်အားရရှိမှု၏ တစ်ယူနစ် ကုန်ကျစရိတ်ကိုခွင့်ပြုသည်။

ကျောက်မီးသွေးကို စဉ်ဆက်မပြတ် အသုံးပြုနိုင်ရန်အတွက် အာဆီယံနှင့် EAS ဒေသတွင် ကျောက်မီးသွေး၏သန့်ရှင်းစင်ကြယ်မှုနှင့် စွမ်းဆောင် ရှိသောအသုံးဝင်မှုအတွက် စင်ကြယ်သောကျောက်မီးသွေး နည်းပညာ ဖြန့်ဖြူးခြင်း (CCT) သည် အရေးကြီးသည်။ ထို့ပြင် ဒေသအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု လွယ်ကူစေရန် CCT နှင့်အတူ ထိရောက်မှုရှိသော စရိတ်နှင့် စဉ်ဆက်မပြတ် လျှပ်စစ်စွမ်းအားဖြည့်ဆီးပေးနိုင်သည့်စနစ်ကို မြှင့်တင်ပေးသင့်သည်။ စင်ကြယ်သောကျောက်မီးသွေး နည်းပညာ ဖြန့်ဖြူးခြင်း (CCT)အတွက်လိုအပ်ချက် သည်အသိအမှတ်ပြုပြီးဖြစ်သော်လည်း စွမ်းဆောင်ရည်မရှိသော နည်းပညာကို ကျယ်ကျယ်ပြန့်ပြန့်ဆက်လက် အသုံးပြုနေဆဲ ဖြစ်သည်။ ထို့ကြောင့် ဤအခြေအနေအတိုင်းသာ ဆက်လက်လုပ်ဆောင်နေပါက တန်ဖိုးရှိသော ကျောက်မီးသွေးအရင်းအမြစ်များသည် စွမ်းဆောင်ရည် မရှိသောနည်းပညာများကြောင့် အလဟသဆုံးရှုံးမှုများဖြစ်လာလိမ့်မည်။ ပတ်ဝန်းကျင်ဆိုင်ရာအကျိုးသက်ရောက်မှုကိုလည်း လုံလောက်စွာ မလျော့ချနိုင်ဘဲ ကာလရှည်တွင် အန္တရာယ်ဖြစ်လာလိမ့်မည်။

ဇယား ၅၈.၁ သည် အပူဓာတ်နှင့်ဆိုင်သောစွမ်းဆောင်ရည်ရှိမှု၊ ရင်းနှီးမြှုပ်နှံမှုစရိတ်၊ ထိန်းသိမ်းစရိတ်၊ လောင်စာသုံးစွဲမှုနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ် (CO2) ထုတ်လွှတ်မှုများအားဖြင့် ကျောက်မီးသွေးအသုံးပြုမှုအတွက် အမျိုးမျိုးသောနည်းပညာများ (Ultra Super Critical (USC), Super Critical (SC) and Sub-critical © boiler types) ၏နှိုင်းယှဉ်မှုကိုတင်ပြထားသည်။ ရလဒ်များသည် ဂျပန်နိုင်ငံသည် မြင့်မားသောအပူဓာတ်နှင့်ဆိုင်သော စွမ်းဆောင်ရည်ရှိမှု၊ လောင်စာသုံးစွဲမှု နိမ့်ကျခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုနည်းခြင်း၊ လုပ်ဆောင်မှု စရိတ်နှင့်ထိန်းသိမ်းစရိတ်သက်သာခြင်း နှင့် စွမ်းအင်ရရှိမှု စရိတ်သက်သာခြင်း တို့ကြောင့် ဂျပန်၏ USC နည်းပညာအသုံးပြုမှုသည် SC နှင့် C နည်းပညာ များနှင့်နှိုင်းယှဉ်ပါကအကျိုးကျေးဇူးအများဆုံးဖြစ်သည်။ သို့သော်လည်း USC ၏ လက်တွေ့အသုံးချမှုတွင် အဟန့်အတားမှာ ရင်းနှီးမြှုပ်နှံမှုစရိတ် မြင့်မားခြင်းဖြစ်သည်။

ဇယား ၅၃.၁ - နည်းပညာ အမျိုးအစားအလိုက် ကုန်ကျစရိတ်များ

| | Boiler Type | | |
|---|---|---|---|
| | Ultra Super Critical (USC) | Super Critical (SC) | Sub-critical (C) |
| Thermal Efficiency | 41.5% ~ 45.0% | 40.1% ~ 42.7% | 37.4% ~ 40.7% |
| Initial Costi | 1,298 min USD | 991 ~ 1,240 min USD | 867 ~ 991 min USD |
| Fuel Consumption | 2,229,000 tons/ year(100%) | 2,275,000 tons/year (+2.1%) | 2,413,000 tons/year (+8.3%) |
| CO2 Emission (ton/ year) | 5,126,000 tons/ year (100%) | 5,231,000 tons/year (+2.11%) | 5,549,000 tons/year (8.3%) |
| O&M Cost | 3.42 min USD/year | 4.1 min USD/year | 5.0 min USD/year |
| Generation Cost at USD 100'ton (USD cent/kWh) | 4.03 cent/ kWh(100%) | 4.19 cent/ kWh(+3.9%) | 4.44 cent/ kWh(+10.2%) |
| Examples | "Isogo" J-POWER "Tachibanawan" J-POWER "Nordjylland", Denmark Xinchang, China | "Takehara" J-POWER "Matsushima" J-POWER | Taichung Power Plant Thai Binh 2 |

မှတ်ရန် - Operationisassumedat75%.ThermalefficiencyisLHV.API6Newcastle-FOBcoal=6,000 kcal/kg. CO2emission = 2.30-CO2/kg.

ဇာစ်မြစ် -ERIA, 2013a

နိဂုံးချုပ်အားဖြင့် အာဆီယံနိုင်ငံများသည် သန့်ရှင်းစင်ကြယ်သော နည်းပညာ အသုံးပြုလို သောဆန္ဒရှိသည်။ ယင်းနှင့်စပ်လျဉ်း၍ သင့်လျော်သော ဘဏ္ဍာရေး နှင့် ထောက်ပံ့ပေးမှု မှုဘောင်မှတဆင့် ရင်ဆိုင်ရမည့် ရင်းနှီးမြှုပ်နှံမှုစရိတ် လျှော့ချပေးခြင်းသည် အာဆီယံ နိုင်ငံများကို USC သို့မဟုတ် IGCC နည်းပညာများအသုံးပြုနိုင်ရန်အခွင့်အလမ်းများရရှိစေ ရန်ကူညီပေးလိမ့်မည်။ လက်ရှိအခြေအနေတွင် ဂျပန်သည် ရင်ဆိုင်ရမည့်စရိတ်များလျှော့ ချခြင်းဖြင့် အာဆီယံနိုင်ငံများတွင် မြင့်မားသောနည်းပညာများကိုထပ်မံမြှင့်တင် ပေးနိုင်သည့်

Bilateral Off-set Credit Mechanism (BOCM) ဖြင့် အကောင်အထည်ဖော်နေသည်။ BOCM သည် CCT ကို အသုံးပြုရန် အာဆီယံအတွက် စရိတ်လျှော့ချနိုင်သည့် ဘဏ္ဍာရေး ဆိုင်ရာ ရွေးချယ်မှု တစ်ခုဖြစ်သည်။ ထို့ကြောင့် ယင်း Mechanism ယန္တရားကို မည်ကဲ့သို့ အသုံးပြုရမည်နှင့်စပ်လျဉ်းပြီး အာဆီယံကိုမြှင့်တင်ပေးရန်လိုသည်။ တစ်ချိန်တည်းမှာပင် အာဆီယံသည် AMSနိုင်ငံများအများစု၏ ဘဏ္ဍာရေး ဆိုင်ရာကြိုးပမ်းအားထုတ်မှုအလွန် တွင်ရှိသော သန့်ရှင်းစင်ကြယ်သော နည်းပညာလက်တွေ့အသုံးပြုမှုသည် အများနှင့် ဆိုင်သော ထင်မြင်ချက်ကို ပြုလုပ်ပေးသင့်သည်။ ထို့ကြောင့် ကမ္ဘာမှ ယင်းနည်းပညာများကို လက်ခံ နိုင်သော အခွင့်အလမ်းများဖြစ်စေရန် အထောက်အပံ့ပေးနိုင်သည့် ယန္တရား ဖြစ်ရန် လိုအပ်သည်။

## အသစ်ပြန်လည်အစားထိုးနိုင်သောစွမ်းအင်မြှင့်တင်မှု

အာဆီယံနှင့် အရှေ့အာရှဒေသတွင် အသစ်ပြန်လည်အစား ထိုးနိုင်သော စွမ်းအင် (RE) ဖွံ့ဖြိုးတိုးတက်မှုအလားအလာရှိသည်။ ၂၀၁၀ ခုတွင် အုပ်စု တစ်ခုအနေဖြင့်ရှိနေသည့် EAS စီးပွားရေးအဆောက်အအုံသည် ကမ္ဘာ၏ စုစုပေါင်းမူလစွမ်းအင်ဖြည့်ဆီးမှု (TPES) ၏ ၃၅.ရ ရာခိုင်နှုန်းရှိသည်။ တစ်နစ်တည်းမှာပင် အုပ်စုအနေဖြင့် ကမ္ဘာ့RE ၏ ၃၈.၆ ရာခိုင်နှုန်း ဖြည့်ဆီးနိုင်ခဲ့သည်။ထုတ်ကုန်အရောအားဖြင့်အရှေ့အာရှစီးပွာရေး အဆောက်အအုံ များသည် ဇီဝလောင်စာနှင့် အခြားRes တွင် အချိုးကျ ပိုမို ကောင်းမွန်အောင်ပြုလုပ်ခဲ့သည်။ EAS အဖွဲ့ဝင်များဖြစ်သည့်တရုတ်၊ဂျပန်နှင့် အိန္ဒိယတို့သည် ကမ္ဘာ့ထိပ်ဆုံး ၅ နိုင်ငံ စွမ်းအင်သုံးစွဲသည့်နိုင်ငံများကြားမှာ ရှိသည်။ အမျိုးမျိုးသော နှိုင်းယှဉ်ခြင်းအားဖြင့် ဝင်ငွေနိမ့်ကျသော နိုင်ငံများဖြစ်သည့် မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများသည် စွမ်းအင်ဖြည့်ဆီး ပေးနိုင်သည့် အဓိကဇစ်မြစ်ဖြစ်သည့် ဇီဝလောင်စာပေါ်တွင် ကြီးမားစွာ မှီခို နေရသည်။ (ဇယား ၅ခ.၁၀ ကိုကြည့်ပါ)

၂၀၁၀ ခုတွင် EAS အုပ်စု၏TPES၏ ၁၄ ရာခိုင်နှုန်းကို RE မှ ထုတ်သုံး နိုင်ခဲ့သည်။ တစ်နစ်တည်းမှာပင် ယင်းကိန်းဂဏန်းသည် ကမ္ဘာ့ပျှမ်းမျှ (၁၃ရာခိုင်နှုန်း) နှင့် သဟဇာတဖြစ်သည်။ ကမ္ဘာ့အလားအလာအနေဖြင့် EASဒေသတွင် ဇီဝလောင်စာသည် REs ကိုလွှမ်းမိုးခဲ့သည်။ ယေဘုယျ အားဖြင့် EAS အဖွဲ့ဝင်နိုင်ငံအချို့ဖြစ်သော ဘရူနိုင်း၊ စင်္ကာပူ၊ တောင်ကိုရီးယား၊ ဂျပန်၊ ဩစတြေးလျနှင့် မလေးရှားတို့သည် နောက်ကျကျန်ရစ်ခဲ့မည့်ဟန် ရှိသော်လည်း အုပ်စုတစ်ခုဖြစ်သည့် EAS သည် RE ဖွံ့ဖြိုးတိုးတက်မှုတွင် ကမ္ဘာ့အလားအလာကို ဖြစ်ပေါ်စေသည်။

သမရိုးကျအနေဖြင့် ဇီဝလောင်စာသည် အာရှတွင် ချက်ပြုတ်ခြင်းနှင့် အပူပေး ခြင်းတို့အတွက် လူကြိုက်များသည့် စွမ်းအင်အနေဖြင့်ရှိနေသည်။ စွမ်းအင်သုံးစွဲမှုတိုးလာမှုနှင့် သယံဇာတများ လျင်မြန်စွာ ကုန်ခမ်းသွားနိုင်သကဲ့သို့ စွမ်းအင်ဇစ်မြစ်တစ်ခုဖြစ်သည့်ဇီဝလောင်စာသည် လျော့ကျသွားလိမ့်မည်။ ထို့ကြောင့် ယင်းသည် TPES ၏ ဂေစုဖြစ်သည့် ဇီဝလောင်စာသည် အိမ်ထောင်စုများအတွက် စွမ်းအင်ဇစ်မြစ်တစ်ခုဖြစ်သည့် ဇီဝလောင်စာပေါ်တွင် လက်ရှိမှီခိုအားကိုးနေရသည့် မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများတွင် အလားတူ လျော့ကျသွားနိုင်သည်ကို ကြိုတင်မျှော်မှန်းနိုင်သည်။ လက်ရှိ အခြေအနေတွင် ဇီဝလောင်စာမှ လေးပုံတစ်ပုံသာရရှိနေသော အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့်ထိုင်းတို့တွင်အလားတူဖြစ်ပွားနိုင်သည်။ သမရိုးကျဇီဝလောင်စာ ၏ အသုံးပြုမှုလျော့ကျမှု သည် ယင်း၏စွမ်းဆောင်ရည်မရှိမှုနှင့် စဉ်ဆက်မပြတ်မရှိမှုတို့ကြောင့်ဖြစ်သည်။ ဂင်ငွေအဆင့် တိုးတက်လာသည်နှင့်အမျှ စားသုံးသူများသည် ပို၍စီးပွားဖြစ်စွမ်းအင်များကို သုံးရန်ဂရုစိုက်လာ ကြသည်။

ဇယား ၅၁.၂ - EAS စီးပွားရေး အဆောက်အအုံများရှိ RE အချိုးအစားများ, ၂၀၁၀

| Members | TPES (MTOE) | Shares(%) | | | |
|---|---|---|---|---|---|
| | | Bio | Hydro | OtherREs | Non-REs |
| China | 2438 | 8.3 | 2.6 | 0.7 | 88.5 |
| India | 688 | 24.8 | 1.4 | 0.3 | 73.5 |
| Japan | 497 | 1.2 | 1.4 | 0.7 | 96.7 |
| Korea | 250 | 0.5 | 0.1 | 0.1 | 99.3 |
| Indonesia | 208 | 26 | 0.7 | 7.8 | 65.5 |
| Australia | 125 | 4.1 | 0.9 | 0.5 | 94.5 |
| Thailand | 117 | 19.3 | 0.4 | 0 | 80.3 |
| Malaysia | 73 | 4.7 | 0.8 | 0 | 94.5 |
| Vietnam | 59 | 24.8 | 4 | 0 | 71.2 |
| Philippines | 38 | 12.6 | 1.8 | 22.3 | 63.4 |
| Singapore | 33 | 0.6 | 0 | 0 | 99.4 |
| NewZealand | 18 | 6.5 | 11.7 | 20.8 | 61 |
| Myanmar | 14 | 75.3 | 3.1 | 0 | 21.6 |
| Cambodia | 5 | 72 | 0.1 | 0 | 27.9 |

| | | | | | |
|---|---|---|---|---|---|
| Brunei | 3 | 0 | 0 | 0 | 100 |
| Laos | 2 | 67 | 13 | 0 | 20 |
| | | | | | |
| EAS | 4568 | 11 | 1.9 | 1.1 | 86 |
| World | 12782 | 9.8 | 2.3 | 0.9 | 87 |

ဇာစ်မြစ် - Kimura, et al., 2012

သို့သော်လည်း EAS ဧရိယာတွင် ဇီဝလောင်စာထုတ်လုပ်မှုတွင် တိုးတက်မှု အလားအလာ ရှိသည်။ အာဆီယံနှင့် အရှေ့အာရှတို့သည် ဇီဝလောင်စာ အသုံးပြုမှုကိုတိုးချဲ့ခြင်းသည် ရေနံဆီဝယ်လိုအားလျော့ချမှုကိုသာမက အရည် လောင်စာဆီများ တင်သွင်းသည့် ဇစ်မြစ် မျိုးစုံထောက်ကူနေသော ရေနံဆီ ဖူလုံမှုနှင့် စပ်လျဉ်းသည့် ဖြစ်နိုင်ခြေရှိသော ရွေးချယ်ပိုင်ခွင့်များမှ တစ်ခုအနေဖြင့် ဇီဝလောင်စာကိုလေ့လာမိသည်။ ထို့ပြင် ဇီဝလောင်စာထုတ်လုပ်မှုသည် တောင်သူလယ်သမားများ၏ ဝင်ငွေများကို မြှင့်တင်နိုင်သည့် နောက်ထပ် နည်းလမ်း တစ်ခု အနေဖြင့် ထောက်ပံ့ပေးပါသည်။ အာဆီယံနှင့်အရှေ့အာရှနိုင်ငံများသည် ဇီဝလောင်စာတွင် တိုးတက်မှုအလားအလာများကိုပိုင်ဆိုင်ကြသည်။ ၂၀၃၅ ခုတွင် အာဆီယံနှင့် အရှေ့ အာရှ၏ ၁၆ နိုင်ငံတို့၏ စုစုပေါင်း ဘိုင်အိုအီသနော ဝယ်လိုအားသည် ၄၉ သန်း toe ၊ ဘိုင်အို ဒီဇယ် ၃၇သန်း toe ရှိမည်ဟုကြိုတင်ခန့်မှန်းသည်။ ဘိုင်အိုအီသနော နှင့် ဘိုင်အိုဒီဇယ် တို့၏ အလားအလာသည် ၇၀သန်း toe နှင့် ၅၇သန်း toe အသီးသီး ရှိမည်ဟုခန့်မှန်းခဲ့သည်။ ယင်းသည် ဒေသဆိုင်ရာတစ်ခုလုံးအတွက် ဇီဝလောင်စာအသုံးပြုမှုမြှင့်တင်နိုင်ရန် နိုင်ငံများ၏ ဇီဝလောင်စာမူဝါဒအားဖြင့် မောင်းနှင်နေသော ဇီဝလောင်စာ ဝယ်လိုအားကိုကာမိစေရန် အလားအလာရှိသောလုံလုံလောက်လောက်ဖြည့်ဆည်းပေးနိုင်သည့် အခြေအနေတစ်ခုဖြစ် သည်။ EAS စီးပွားရေးအဆောက်အအုံသည်စွမ်း အင်ဖူလုံမှုကို မြင့်တင်သည့် သယ်ယူပို့ဆောင်ရေး လောင်စာဆီအရောတွင် ဇီဝလောင်စာ များ၏ပံ့ပိုးမှုကို တိုးမြှင့်ရန် အစီအမံများ ရှိသည်။ ဇီဝလောင်စာများ၏ သုံးစွဲမှုတွင် တိုးတက်မှု အကြီးဆုံးသည် အိန္ဒိယနှင့် တရုတ် ဖြစ်မည်ဟုမျှော်လင့်ထားသည်။ ကျန် EAS နိုင်ငံများ၏ စီးပွားရေး အဆောက်အအုံသည် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ဇီဝလောင်စာသုံးစွဲမှု အတွက် ရောနှောနှုန်းတိုးရန်ယင်းတို့၏လျာထားချက်သည် နှစ်ဆတိုးရန်လိုသည်။ ဇယား ၅ခ ၃ သည် AMSs နိုင်ငံများနှင့် ကျန် EAS နိုင်ငံများ၏စီးပွားရေးအဆောက်အအုံတို့၏ ဇီဝလောင်စာများ၏ လျာထားချက်များကို အကျဉ်းချုံးဖော်ပြထားသည်။

ဇယား ၅၁.၃ - ဇီဝလောင်စာများအပေါ်ထားရှိသော ယူဆချက်များ/ ရည်မှန်းချက်များ - နိုင်ငံအလိုက် အနှစ်ချုပ်စာရင်း

| Country | Period | Assumptions |
|---|---|---|
| Australia | 2010 | No targets on biofuels. |
| Brunei Darussalam | | No targets on biofuels. |
| China | 2030 | BAU:20 billion liters, APS 60 billion liters |
| India | 2017 | 20% blending of biofuels, both for bio-diesel and bio-ethanol. |
| Cambodia | 2017 | 10%of road transport diesel and 20% of road transport motor gasoline will be displaced by biodiesel and bioethanol, respectively |
| Indonesia | 2025 | Bioethanol:15% blend from 3-7% in 2010<br>Bio-diesel: 20% blend from 1-5% in 2010 |
| Japan | 2005-2030 | No biofuel targets submitted. |
| Republic of Korea | 2012<br>2020<br>2030 | Replace 1.4% of diesel with biodiesel.<br>Replace 6.7% of diesel with biodiesel.<br>Replace 11.4% of diesel with biodiesel. |
| LaoPDR | 2030 | Utilise bio-fuels equivalent to 10% of road transport fuels |
| Malaysia | 2030 | Replace 5% of diesel in road transport with biodiesel |
| Myanmar | 2020 | Replace 8% of transport diesel with biodiesel |
| NewZealand | 2012-2030 | Mandatory biofuels sales obligation of |

| | | |
|---|---|---|
| | | 3.4 % by 2012 . |
| Philippines | 2025-2035 | BAU:The Bio fuels Law requires 10% biodiesel ethanol/gasoline blend and 2% biodiesel/ diesel blend 2 years from enactment of the law (roughly2009). APS: Displace 20% of diesel and gasoline with biofuels by 2025 |
| Thailand | | Bio fuels to displace 12.2% of transport energy demand |
| VietNam | 2020 | 10% ethanol blending gasoline for road transport |

ဇာစ်မြစ် - ERIA, 2013b.

EAS အဖွဲ့ဝင်နိုင်ငံများ၏ဟိုက်ဒရိုပါဝါသည် ၂၀၀၁ ခုမှ ၂၀၁၀ ခုအတွင်း နှစ်စဉ်ပျှမ်းမျှတိုးတက်မှုနှုန်းသည် ၈.၁၂ရာခိုင်နှုန်းအားဖြင့် တိုးတက်ခဲ့ပြီး (Kimura, et al., 2013) ကမ္ဘာ့ပျှမ်းမျှနှုန်းသည် ၂.၇၇ ရာခိုင်နှုန်းဖြစ်သည်။ လာအိုနှင့် နယူးဇီလန်သည် ဟိုက်ဒရိုပါဝါမှ ယင်းနိုင်ငံများ၏ စုစုပေါင်း စွမ်းအင်ဖြည့်ဆီးမှု၏ ၁၃ နှင့် ၁၁.၇ ရာခိုင်နှုန်းရှိသည်။ ယင်းတို့သည် EAS ဒေသတွင်အမြင့်ဆုံးဖြစ်သည်။ ဗီယက်နမ် ( ၄ရာခိုင်နှုန်း)၊ မြန်မာ (၃.၁ ရာခိုင်နှုန်း)၊ တရုတ် (၂.၆ ရာခိုင်နှုန်း) တို့သည် အခြားသုံးနိုင်ငံနှင့် နှိုင်းယှဉ်လျှင် ကောင်းသောဝေစုများရရှိနေသည် လုံးလျားအနေဖြင့် ၂၀၁၀ ခု တွင် တရုတ်သည် ကမ္ဘာ့အကြီးဆုံးရေအား လျှပ်စစ်ထုတ်လုပ်သူဖြစ်ပြီး ကမ္ဘာ့ စုစုပေါင်း ၏ ၂၁ ရာခိုင်နှုန်းရှိသည်။ (Ibid)

အရှေ့အာရှဒေသတွင် ရေအားလျှပ်စစ်ကဏ္ဍ၌ တိုးတက်မှုအတွက် အလားအလာ ရှိနေဆဲဖြစ်သည်။ အထူးသဖြင့် နိုင်ငံများကြားတွင် အင်အားစုပိုင်ဆိုင်မှု များသည် ပြောင်းလဲနေသကဲ့သို့ ရေအားလျှပ်စစ်သည် နယ်နိမိတ်ဖြတ်ကျော် ကုန်သွယ်မှုများလည်းဖြစ်ပေါ် သကဲ့သို့ စွမ်းအင်ချိတ်ဆက်မှုများအပါအဝင် အရှေ့တောင်အာရှတွင် အခြေခံအဆောက်အအုံများ

ချိတ်ဆက်ခြင်းဖြင့် Greater Mekong Sub-region (GMS) အောက်တွင် ဒေသဆိုင်ရာ ကနဦးဆောင်ရွက်မှုများ၏ လက်ရှိအရှိန်မြင့်တင်မှုကြောင့် ထပ်မံတိုးချဲ့မှုများဖြစ်နိုင်သည်။ ထိုပြင် အာဆီယံ ချိတ်ဆက်မှု (MPAC) ပေါ်တွင်လက်ရှိ မဟာစီမံကိန်းကို နားလည်သဘော ပေါက်ခြင်းကြောင့် အာဆီယံဒေသ တစ်ခုလုံးအနေဖြင့် စွမ်းအင်ချွေတာမှုမှ အမေရိကန် ဒေါ်လာ ၁၂.၁ သန်းပေါင်း မျှ အကျိုးကျေးဇူးရရှိလိမ့်မည်။

အာဆီယံသည် သဘာဝအားဖြင့် ရေအားလျှပ်စစ်အရင်းအမြစ်များပိုင်ဆိုင်သည်။ မြန်မာနိုင်ငံ တစ်ခုတည်းသာ ၁၀၈,၀၀၀ MW ရေအားလျှပ်စစ် ထုတ်လုပ်နိုင်မှု စွမ်းရည်အလားအလာ အမြင့်မားဆုံးဖြစ်သည်။ မဲခေါင်မြစ်ဝှမ်း အနိမ့်ပိုင်း (ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအိုနှင့် ထိုင်း) ရှိရေအား လျှပ်စစ်သိမ်းဆည်းထားရာနေရာတွင် ရေအားလျှပ်စစ်စီမံကိန်း၁၃၅ နိုင်ငံ ရှိသည် ။ (ဇယား ၅ ခ ၄ ကြည့်ပါ) ယင်းစီမံကိန်းများသည် စုစုပေါင်း နှစ်စဉ် စွမ်းအင်အလား အလာ ၁၃၄ TWH ရှိမည်ဟု စဉ်းစားခဲ့မှုသည် ထိုင်းနိုင်ငံတွင် လက်ရှိစွမ်းအင်းဝယ်လိုအား၏ ၈၅ ရာခိုင်နှုန်း နီးပါးဖြစ်သည်။ ယင်းအလားအလာ၏ ၇ ရာခိုင်နှုန်းသည် လုပ်ဆောင်မှုအတွက် ၁၂ ရာခိုင်နှုန်းသည် ဆောက်လုပ်ရေးအတွက်ဖြစ်ပြီးကျန်ရာခိုင်နှုန်းများသည် ဖွံ့ဖြိုးတိုးတက် မှုအဆင့် အမျိုးမျိုးအတွက်ဖြစ်သည်။ နိုင်ငံအားဖြင့် ခွဲဝေဖြန့်ဖြူးမှုသည် မညီမျှပေ။ စီမံကိန်း များ၏ လုပ်ဆောင်မှုတွင် ထုတ်လုပ်မှု၏ ၉၅ ရာခိုင်နှုန်းသည် ဗီယက်နမ်နှင့် လာအို၊ ၅ ရာခိုင် နှုန်းသည် ထိုင်း နှင့် ကမ္ဘောဒီးယားသည်မပြောပလောက်ပေ။

ဇယား ၅၁.၄ - စီမံကိန်းများ၏ သတင်းအချက်အလက်များ

| COUNTRY | | PROJECT STATUS | | | | |
|---|---|---|---|---|---|---|
| | | IN OPERA-TION | UNDER CONSTRUC-TION | UNDER LI-CENSE | PLANNED | TOTAL |
| LAOS | Projects | 10 | 8 | 22 | 60 | 100 |
| | Capacity (MW) | 662 | 2,558 | 4,126 | 13,561 | 20,907 |
| | Annual Energy (GWh) | 3,356 | 11,390 | 20,308 | 59,502 | 94,556 |
| | Investment (Million US$ 2008) | 1,020 | 3,256 | 8,560 | 26,997 | 39,832 |
| CAMBODIA | Projects | 1 | 0 | 0 | 13 | 14 |
| | Capacity (MW) | 1 | 0 | 0 | 5,589 | 5,590 |
| | Annual Energy (GWh) | 3 | 0 | 0 | 27,125 | 27,128 |
| | Investment (Million US$ 2008) | 7 | 0 | 0 | 18,575 | 18,582 |
| VIETNAM | Projects | 7 | 5 | 1 | 1 | 14 |
| | Capacity (MW) | 1,204 | 1,016 | 250 | 49 | 2,519 |
| | Annual Energy (GWh) | 5,954 | 4,623 | 1,056 | 181 | 11,815 |
| | Investment (Million US$ 2008) | 1,435 | 1,312 | 381 | 97 | 3,225 |
| THAILAND | Projects | 7 | 0 | 0 | 0 | 7 |
| | Capacity (MW) | 745 | 0 | 0 | 0 | 745 |
| | Annual Energy (GWh) | 532 | 0 | 0 | 0 | 532 |
| | Investment (Million US$ 2008) | 1,940 | 0 | 0 | 0 | 1,940 |
| ALL COUN-TRIES | Projects | 25 | 13 | 23 | 74 | 135 |
| | Capacity (MW) | 2,612 | 3,574 | 4,376 | 19,199 | 29,760 |
| | Annual Energy (GWh) | 9,846 | 16,013 | 21,365 | 86,808 | 134,031 |
| | Investment (Million US$ 2008) | 4,402 | 4,568 | 8,941 | 45,669 | 63,580 |

ဇာစ်မြစ် - MRCS, 2010

ဇီဝလောင်စာနှင့် ရေအားလျှပ်စစ်တို့အပြင် အရှေ့အာရှဒေသတွင် RE ၏ အခြားပုံစံများထုတ်လုပ်ချက်ရှိသည်။ ဇယား ၅ ခ ၅ နှင့် ဇယား ၅ ခ ၆ တို့အရ EAS သည် ကမ္ဘာ့လေစွမ်းအင်အသုံးပြုနိုင်မှု၏ ၃၅.၃ ရာခိုင်နှုန်း၊ ဆိုလာစွမ်းအင်မှစွမ်းရည်သည် ၁၅.၁ ရာခိုင်နှုန်း၊ ဘူမိစွမ်းအင်မှ ၄၀.၄ ရာခိုင်နှုန်း ရှိသည်။ EAS သည် ကမ္ဘာ့ဘူမိစွမ်းအင်၏ ရှယ်ယာအများဆုံးရှိပြီးယင်း ထုတ်ကုန်သည် အရင်းအမြစ်နှင့် နည်းပညာကန့်သတ်ချက်များကြောင့် အကန့်အသတ်ဖြစ်နေသည်။ ၂၀၁၁ ခုတွင် EAS အဖွဲ့ဝင်နစ်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နှင့်အင်ဒိုနီးရှားသည် ဘူမိစွမ်းအင်စွမ်းရည်တွင် ကမ္ဘာ့၏ဒုတိယနှင့် တတိယအကြီးမားဆုံးနိုင်ငံများဖြစ်ပြီး ကမ္ဘာ့စုစုပေါင်း၏ ၂၈.၇ ရာခိုင်နှုန်း ပူးတွဲပိုင်ဆိုင်သည်။ ၂၀၀၁ မှ ၂၀၁၀ ခု ဆယ်စုနှစ်အတွင်း EAS၏ ကုန်ထွက် ထုတ်လုပ်မှုသည် ပျမ်းမျှခြင်းအားဖြင့် ၃.၃ ရာခိုင်နှုန်းတိုးတက်ခဲ့မှုသည် ကမ္ဘာ့၏ ပျမ်းမျှတိုးတက်မှုနှုန်း၏ ၂.၂ ရာခိုင်နှုန်းထက် မြင့်မားသည်ကို တွေ့ရသည်။

ဇယား ၅ခ.၅ - EAS တွင် တပ်ဆင်ထားသော ပမာဏ (မဂ္ဂါဝပ်), ၂၀၁၁

| Countries | Geothermal | Solar | Wind |
|---|---|---|---|
| Australia | 1.1 | 1344.9 | 2476 |
| China | 24 | 3000 | 62412 |
| India | | 427 | 16078 |
| Indonesia | 1189 | | |
| Japan | 502 | 4914.1 | 2595 |
| Malaysia | | 12.6 | |
| NewZealand | 769.3 | | 603 |
| Philippines | 1967 | | |
| South Korea | | 747.6 | 370 |
| Thailand | 0.3 | | |
| EAS | 4452.7 | 10446.2 | 84534 |
| | | | |
| World | 11013.7 | 69371.1 | 239485 |
| EAS (%) | 40.4 | 15.1 | 35.3 |

ဇာစ်မြစ် - Kimura, et al., 2013

### ဇယား ၅၁.၆ - ၂၀၁၀ ခုနှစ်၌ ကမ္ဘာပေါ်တွင် အဓိက ဘူမိစွမ်းအင် ထုတ်လုပ်သူများ

| Countries | Ranking | Output(Mtoe) |
|---|---|---|
| Indonesia | 1 | 16.09 |
| Philippines | 2 | 8.54 |
| US | 3 | 8.41 |
| Mexico | 4 | 5.69 |
| Italy | 5 | 4.78 |
| China | 6 | 3.71 |
| NewZealand | 7 | 3.64 |
| Iceland | 8 | 3.35 |
| Japan | 9 | 2.47 |
| Turkey | 10 | 1.97 |
| | | |
| EAS | | 34.51 |
| World | | 64.61 |

ဇာစ်မြစ် - Kimura, et al., 2013

လေစွမ်းအင်ထုတ်လုပ်မှုအားဖြင့် ၂၀၁၀ ခုတွင် ကမ္ဘာ့စုစုပေါင်း၏ ၂၂.၂ ရာခိုင်နှုန်း ရရှိခဲ့သည်။ တရုတ်သည် ဒုတိယအကြီးမားဆုံးထုတ်လုပ်သူဖြစ်ပြီး အိန္ဒိယသည် ပဥ္စမအကြီးမားဆုံးထုတ်လုပ်သူအဖြစ်တည်ရှိနေသည်။ စွမ်းရည် လျင်မြန်သောတိုးတက်မှုအရထုတ်လုပ်မှုသည်လာမည့်နှစ်များတွင် သိသိသာသာ တိုးလာလိမ့်မည်ဟုမျှော်လင့်နိုင်သည်။

EAS အုပ်စုတွင် ဆိုလာစွမ်းအင်ထုတ်လုပ်မှုသည် လျင်မြန်စွာ တိုးတက် နေသည်။ ၂၀၀၂ ခု မှ ၂၀၁၁ ခုအတွင်း အလင်းဗို့တိတ် (PV) ပျှမ်းမျှနှစ်စဉ် တိုးတက်မှုသည် ၃၆.၀ ရာခိုင်နှုန်း၊ ယင်းသည် ကမ္ဘာ့ပျှမ်းမျှတိုးတက်မှုနှုန်း ၄၅.၄ ရာခိုင်နှုန်းထက် လျော့နည်းသည်။ (BP 2012) ၂၀၀၀ -၂၀၁၀ ခုနှစ်အတွင်း စွမ်းရည်တိုးတက်လာမှုကြောင့် EAS ဧရိယာ တွင် ဆိုလာPV စွမ်းအား၏ ကုန်ထွက်သည် နှစ်စဉ်ပျှမ်းမျှခြင်းအားဖြင့် ၃၀.၅ ရာခိုင်နှုန်း တိုးမြင့်ခဲ့သည်။

(OECD 2013)

အကျဉ်းချုံးအားဖြင့် EAS စီးပွားရေးအဆောက်အအုံတွင် RES သည် လျင်မြန်စွာ တိုးတက်နေသည်။ သို့သော်လည်း ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံဖြတ်ကျော်မှုများနှင့် ထုတ်ကုန်များတွင် များစွာပြောင်းလဲနေသည်။ EAS စီးပွားရေးအဆောက်အအုံတွင် အဓိကထုတ်ကုန်များသည် ဇီဝလောင်စာ၊ ရေအားလျှပ်စစ်၊ ဘူမိစွမ်းအင်၊ ဆိုလာနှင့် လေစွမ်းအင်များပါဝင်သည်။ သမုဒ္ဒရာနှင့်ဆိုင်သော စွမ်းအင်များ၌ဖွံ့ဖြိုးတိုးတက်မှုများမှာခဲယဉ်းသည်။ ယေဘူယျအားဖြင့် EAS ဧရိယာ တွင် စုစုပေါင်းစွမ်းအင်ဖြည့်ဆီးမှု၌ REs ဝေစုမှာ ကမ္ဘာ့ပျမ်းမျှခြင်းနှင့်အလားတူဖြစ်သည်။ EAS အုပ်စု၌ RES တွင်ဇီဝလောင်စာဝေစုမှာ ကမ္ဘာ့ပျမ်းမျှခြင်းထက်မြင့်သည်။ သို့သော် လွန်ခဲ့သောအတွေ့အကြုံအရ ဇီဝလောင်စာသုံးစွဲမှုသည် စီးပွားရေးအဆောက်အအုံများဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကျဆင်းနိုင်ခြေရှိသည်။ ထိုပြင် ဘူမိစွမ်းအင်ထုတ်လုပ်မှုသည် ပြီးခဲ့သောနှစ်များက တည်ငြိမ်မှုရှိသည်။ ထို့ကြောင့် မကြာခင်သောအနာဂတ်တွင် တိုးတက်ရန်အလားအလာသည် ဆိုလာနှင့် လေစွမ်းအင် တို့ပေါ်မူတည်နေသည်။

## စွမ်းအင်ကြံ့ခိုင်စွမ်းရှိမှုနှင့် စိမ်းရောင်စိုဖွံ့ဖြိုးတိုးတက်မှုအတွက် အာဆီယံတွင် သင့်လျော်သောစွမ်းအင်မူဝါဒအတွက် RE wave နှင့် လိုအပ်ချက်ဆွဲဆောင်ခြင်း

လွန်ခဲ့သောငါးနှစ်ကျော်က အသစ်ပြန်လည်ထုတ်လုပ်နိုင်သောစွမ်းအင်တွင် ကြီးမားသောစရိတ်လျော့ချမှုများရှိခဲ့သည်။ ဆိုလာတွင် လျင်မြန်သော ရင်းနှီးမြှုပ်နှံမှုစရိတ်လျော့ကျမှုနှင့် လျင်မြန်သော သင်ယူမှုမျဉ်းကွေး၊ လေနှင့်ရေ နည်းပညာများ၊ လေစွမ်းအင် ၁၀ ယူနစ်၊ ရေစွမ်းအင်နှင့်လေစွမ်းအင် စွမ်းရည်တို့ကို နှစ်စဉ် အမေရိကန်ဒေါ်လာသန်းတစ်ရာထက်ပိုသင့်သည့် အသစ်တဖန်ပြန်လည်ထုတ်လုပ်နိုင်သော စွမ်းအင်တွင် ကမ္ဘာ့အနှံ့နှစ်စဉ် ထုတ်လုပ်သုံးစွဲနေကြသည်။ အခြားအသစ်တဖန်ပြန်လည်ဖြစ်ထွန်းနိုင်သော စွမ်းအင်နည်းပညာဈေးကွက်များလည်းဘဲပေါ်ပေါက်နေသည်။ မကြာသေးမီနှစ်များက သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် လက်တွေ့အသုံးချမှု မြင့်တင်မှုများကြောင့် အခြားအသစ်တဖန်ပြန်လည်ဖြစ်ထွန်းနိုင်သော စွမ်းအင်နည်းပညာများ၏စရိတ်ကို သိသာထင်ရှားစွာ လျော့ချနိုင်ခဲ့သည်။ (IRENA, 2012)

ဆိုလာ PV အတွက် မကြာသေးမီနှစ်များက မတ်စောက်သော သင်ယူမှု မျဉ်းကွေးများနှင့်

ကြီးမားသောလက်တွေ့ အသုံးချမှုများကြောင့် ဆိုလာနှင့် ဆိုလာ PVပါဝင်မှု၏ စရိတ်များသည် လျော့ကျလာသည်။ ဆိုလာPV ထုတ်လုပ်မှုစွမ်းရည် နှစ်ဆတိုးတိုင်း သည် Module စရိတ်၏ ၂၂ ရာခိုင်နှုန်းမျှလျော့ကျဖြစ်ထွန်းလိမ့်မည်ဟု ခန့်မှန်းခဲ့သည်။ လက်တွေ့အသုံးချမှုတွင် လျင်မြန်သောတိုးတက်မှုကြောင့် လျင်မြန်သောစရိတ်လျော့ချမှုများ ဆက်တိုက်ဖြစ်ပွားပြီး ပေးထားချက်အရ တဖြေးဖြေးတိုးထုတ်လုပ်နိုင်သော စွမ်းရည်သည် ၂၀၁၁ ခုနှစ် တစ်နှစ်တည်းတွင် ၇၁ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ သေးငယ်သော ဖလင် Module ၏ စက်ရုံဂိတ်ဈေးသည် ၂၀၁၂ ခုအစပိုင်းတွင် ဝပ်တစ်ယူနစ်တွင် အမေရိကန် ၁ ဒေါ်လာ အောက်ကျဆင်းခဲ့သည်။ ပုံဆောင်သလင်းကျောက် စီလီကွန် (c-Si)Module များ၏ ဈေးနှုန်းသည် ပြောင်းလဲမှုပိုများပြီး ယှဉ်ပြိုင်မှုရှိသော ဈေးကွက်များအတွက် အမေရိကန် ဒေါ်လာ ၁.၀၂ မှ ၁.၂၄ ကြားတွင်ရှိသည်။ (IRENA, 2012) ဆိုလာစွမ်းအင်ရရှိမှုသည် ၂၀၄၀ ခုနှစ်တွင် ကမ္ဘာ့စွမ်းအင်ဖြည့်ဆီးမှု၏ ရာခိုင်နှုန်းမျှသာ ရှိမည်ဟု ခန့်မှန်းခဲ့သည်။ (Bloomberg, 2013)

နိုင်ငံတစ်နိုင်ငံတည်းတွင်ဖြစ်စေ၊ နိုင်ငံများအကြား၊ ဒေသများအကြားတွင် PV စနစ်များ၏ ထုတ်လုပ်မှုစရိတ်များသည် ကျယ်ပြန့်စွာပြောင်းလဲနိုင်သည်။ သို့သော်ငြားလည်း ဆိုလာPV သည် ကောင်းမွန်သောဆိုလာအရင်း အမြစ် ရှိသည့်၊ သုံးစွဲသူများ၏လျှပ်စစ်ဓာတ်အား အတွက် မြင့်မားသောအကောက်ခွန်၊ PV စနစ် စရိတ်လျော့ကျမည့် ဒေသတွင် အိမ်ရှင်နိုင်ငံ ၏အကောက်ခွန် များနှင့် ယှဉ်ပြိုင်မှုရှိသည်။ ထိုအပြင် သို့လျောင်နိုင်သည့် PVသည် off – grid လျှပ်စစ်ဓာတ်အားပံ့ပိုးပေးခြင်းအတွက် ဒီဇယ်စွမ်းအင်ထက် ယခုတိုင်အောင်အမြဲတစေ ဈေးသက်သာသည်ကိုတွေ့ရသည်။ နိုင်ငံတော်စွမ်းအင်ဂရစ်လိုင်း နှင့် ဖြန့်ဖြူးမှုစနစ်မရှိသည့် နိုင်ငံများ သည် ဆိုလာPV အားဖြင့် လျှပ်စစ်ဓာတ်အားပေးမှုနှုန်းပိုမိုကောင်းမွန်နိုင်သည်။ အင်ဒိုနီးရှား၊ ဖိလစ်ပိုင် ကဲ့သို့သော ကျွန်းများရှိသည့်နိုင်ငံများသည် ဝေးလံခေါင်သီသော ကျွန်းများ တွင် ပိုမိုကောင်းမွန်သောလျှပ်စစ်ဓာတ်အားနှုန်းများအတွက် ရွေးချယ်မှု တစ်ခု အနေဖြင့် ဆိုလာ PV ကိုစတင်စဉ်းစားခဲ့သည်။ ထိုကြောင့် အာဆီယံတွင် ဆိုလာ PV ၏ လက်တွေ့အသုံးချမှုကိုမြှင့်တင်ရန် မူဝါဒတစ်ခုကို ဝေဖန်နေကြသည်။ လေစွမ်းအင်လုပ်ငန်းစု သည် သိသာသောစွမ်းအင်စရိတ် လျော့ချနိုင်မှု ကိုလေ့လာတွေ့ရှိရပြီး လေစွမ်းအင် စရိတ် သည် ဆက်လက်လျော့ကျ မည်ဟု မျှော်လင့်ခဲ့သည်။ (IEA 2012) ဒီဇိုင်းတိုးမြှင့်ရေးနှင့် နှုန်းထား ဆက်လက်မြင့်နေပါကလုပ်ဆောင်မှုပိုမိုကောင်းမွန်လာမည်ဟု ကြိုတင်မျှော်မှန်းခဲ့သည်။ အရင်းအနှီးစရိတ်များနည်းပါးခြင်းသည် အောင်မြင်မှုရရှိ နိုင်သည်။ သို့သော်လည်း နောက်ထပ်စရိတ်များ လျော့ချမှုများအတိုင်းအတာ သည် မသေချာမရေရာမှုများရှိကောင်း ရှိနိုင်သည်။ မကြာသေးမီကပင် စီမံကိန်း ခန့်မှန်းကိန်းအများစုသည် ကုန်းတွင်းလေ၏စွမ်းအင်

စရိတ် (LCOE) သည် နောက်ဆယ်စုနှစ် နှစ်ခုကျော်တွင် ၂၀ - ၃၀ ရာခိုင်နှုန်းအားဖြင့်လျော့ကျနိုင်သည်။

ကမ္ဘာ့လေစွမ်းအင်စွမ်းရည်သည် လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ကျော်ကထက် ၁၁၃ ဆ တိုးတက်လာခဲ့ပြီးလေစွမ်းအင်မီဂါဝပ်အတွက် ဈေးနှုန်းသည် ၁၉၉၁ ခုနှစ်ကတည်းက တစ်ဝက်နီးပါးကျဆင်းခဲ့သည်။ နည်းပညာနှင့်စွမ်းရည်တို့၏ စွမ်းဆောင်ရည်မြှင့်တက်လာမှုနှင့် လုပ်ငန်းစု၏လေ့လာသင်ယူမှု မျဉ်းကွေးသည် လေစွမ်းအင်ဈေးနှုန်းကိုထုတ်လုပ်မှုနှစ်ဆတိုးတိုင်း ၇ရာခိုင်နှုန်းအား ဖြင့်လျော့ကြသည်။ (Bloomberg, 2013) ၂၀၄၀ ခုအားဖြင့် လေစွမ်းအင်ရရှိမှုသည် ကမ္ဘာ့စွမ်းအင်ဖြည့်ဆီးမှု၏ ၇ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းခဲ့သည်။ လေစွမ်းအင်သည် အများဆုံးယှဉ်ပြိုင်မှုစွမ်းအားရှိသည့် အသစ်တဖန်ပြန်လည်ဖြစ်ထွန်းနိုင်သော စွမ်းအင်များကြားတွင်ရှိသည်။ ကုန်းတွင်း လေလုပ်ငန်းသစ်များအတွက် ကုန်းတွင်းလေ၏ စွမ်းအင်စရိတ် (LCOE) သည် ၁ ကီလိုဝပ်တွင် အမေရိကန်ဒေါ်လာ ၀.၁၅ရှိသည်။ ကောင်းမွန်သောလေအရင်းအမြစ်ရှိသည့်နေရာများတွင် ကုန်းတွင်းလေသည် ဇီဝရုပ်ကြွင်းလောင်စာအခြေခံသောစွမ်းအင်ရရှိမှုနှင့်ယှဉ်ပြိုင်မှုဖြစ်လာသည်။ဆိုလိုသည်မှာအစိုးရမှ ထောက်ပံ့ကြေးများမပေးသည့်တိုင် လေစွမ်းအင်သည် ထုံးတမ်းစဉ်လာစွမ်းအင်ဇစ်မြစ်များထက်စရိတ်ပိုသက်သာသည်။

နှိုင်းယှဉ်ခြင်းအားဖြင့် ပြီးပြည့်စုံပြီးသော နည်းပညာကဲ့သို့တောင်မှ ရေအားသည် LCOEစရိတ်သက်သာမှု၊ ဂရစ်တည်ငြိမ်နေမှု၊ နှင့် အခြားအသစ်တဖန်ပြန်လည်ထုတ်လုပ်နိုင်သောစွမ်းအားစုများနှင့် တွဲဖက်အသုံးပြုပြီး စွမ်းအင်သိုလှောင်မှုအတွက် အလားအလာများကမ်းလှမ်းပေးသောအကျိုးကျေးဇူးများကြောင့် ဆွဲဆောင်မှုစူးစိုက်ခြင်းမှ ဆက်လက်ဖြစ်ပေါ်လာမည်။ ထိုပြင်ရေအားလျှပ်စစ်သည် (သေးငယ်သောရေအား အပါအဝင်) ရှိနေသော အထောက်ကူပစ္စည်းများ သို့မဟုတ် ၁ ကီလိုဝပ်လျှင် အမေရိကန် ဒေါ်လာ ၅၀၀ မှ၈၀၀ ကြားရှိ အစွန်းထွက်ရင်းနှီးမြှုပ်နှံမှု စရိတ်များစွဲဆောင်ရာတွင် လက်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု မရှိသောဆည်များရှိရာနေရာများတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် ရွေးပိုင်ခွင့်များကို ထောက်ကူပြုသည်။

အာဆီယံနှင့်အရှေ့အာရှနိုင်ငံများတွင် သယ်ယူပို့ဆောင်ရေးဆီများအတွက် ဘိုင်အိုအီသနောနှင့် ဘိုင်အိုဒီဇယ်တို့၏ ရောနှောနှုန်းတိုးရန်ကြိုးစားလျက် ရှိသည်။ အီရိယာသည် ၁၆ နိုင်ငံတွင် အနာဂတ်ဘိုင်အိုလောင်စာ ဝယ်လိုအားနှင့် ရောင်းလိုအားတို့၏အလားအလာ

များပေါ် လေ့လာမှုများပြုလုပ်ခဲ့ပါသည်။ ယင်းလေ့လာမှုများက ၂၀၃၅ ခုနှစ်ဘိုင်အိုအီသနော နှင့်ဘိုင်အိုဒီဇယ်များ၏ဖြည့်ဆီးနိုင်မှုအလားအလာများသည် သန်း၇၀ toe နှင့် သန်း ၅၇ toe အသီးသီးရှိလိမ့်မည်ဖြစ်ပြီး စုစုပေါင်းဘိုင်အို အီသနော ဝယ်လိုအားသည် သန်း၄၉ toe နှင့် စုစုပေါင်းဘိုင်အိုဒီဇယ်ဝယ်လိုအားသည် သန်း ၃၇ toe ဖြစ်သည်ကိုဖော်ပြသည်။ ရလဒ်များသည် ဘိုင်အို လောင်စာများအသုံးပြုမှုကိုမြှင့်တင်နိုင်ရန် နိုင်ငံများ၏ဘိုင်အို လောင်စာ ဆိုင်ရာ မူဝါဒများအားဖြင့် တွန်းအားပေးသော ဘိုင်အိုလောင်စာဝယ်လိုအားကို ကာမိစေရန် ဒေသဆိုင်ရာတစ်ခုလုံးအတွက် လုံလောက်သောဖြည့်ဆီးနိုင်မှု အလားအလာဖြစ်သည်ကို ဖော်ပြထားသည်။ ယင်းသည် တတိယ မျိုးဆက် ဘိုင်အိုလောင်စာများ၏အလားအလာများ အပေါ် ကမ္ဘာ့အနှံ့ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုပိုမိုဆောင်ရွက်လာခြင်းဖြစ်သည်ကိုမှတ်သားရမည်။ လက်ရှိ ပထမနှင့် ဒုတိယမျိုးဆက်များဖြစ်သော ဘိုင်အိုအီသနောနှင့်ဘိုင်အိုဒီဇယ်ကဲ့သို့ သောဇီဝလောင်စာများသည်ရှိရင်းစွဲကန့်သတ်ချက်များက ရေနံစိမ်းအတွက် ကာလရှည်အစားထိုးရန်ကဲ့သို့သောစံနမူနာထက်နည်းသည်။ ပထမမျိုးဆက်ဖြစ်သောအီသနော (ပြောင်းနှင့် ကြံ) အတွက် အခြေတိရစ္ဆာန်အစာလက်ကျန်နှင့်ဘိုင်အိုဒီဇယ်(မုန်ညင်းစေ့၊ ပဲပိစပ် နှင့် ထန်း) တို့သည် ရေကောင်းရေသန့်ရရှိမှု၊ ဓာတ်မြေဩဇာများ ယှဉ်ပြိုင်မှုရှိသည့် ရှားပါးသောသီးနှံစိုက်ပျိုးမြေပေါ် ရှိသီးနှံကိုအခြေခံသောအစားအစာများဖြစ်ကြသည်။ မကြာခင်သောအနာဂတ်တွင် မော်ပင် /ရေညှိဘိုင်အိုလောင်စာများနှင့် အခြား ဆီထွက်သီးနှံပင်များ မဟုတ်သည့် တတိယမျိုးဆက်ဖြစ်သော ဘိုင်အိုလောင်စာများတွက်သုတေသနနှင့် ဖွံ့ဖြိုးတိုး တက်မှုပိုမို တိုးတက် ကောင်းမွန်နိုင်ခဲ့လျှင် ယင်းသည် ဈေးကွက်တွင် ဘိုင်အိုလောင်စာဆီထုတ်လုပ်မှု တိုးတက်ခြင်း၏စိတ်ကူးကတိကို ပံ့ပိုးပေးလိမ့်မည်။

စွမ်းအင်ကြံ့ခိုင်နိုင်စွမ်းနှင့် စိမ်းလန်းသောအာဆီယံ၏မဟာဗျူဟာအရေးပါမှုသည် ဆိုလာPV ၊ လေ၊ ဘူမိစွမ်းအင်၊ ရေစွမ်းအင်၊ ပိုမိုကောင်းမွန်သောဘိုင်အိုလောင်စာများနှင့် အခြားအသစ်ပြန်လည်ဖြစ်ထွန်းနိုင်သောစွမ်းအင်အရင်းအမြစ်များကဲ့သို့သောစိမ်းလန်းသောစွမ်းအင်၏ လက်တွေ့အသုံးချမှုနှင့် လေ့လာမှုများ မြှင့်တင် ပေးရန်လိုအပ်သည်ကိုဖော်ပြသည်။ အသစ်ပြန်လည်ဖြစ်ထွန်းနိုင်သော စွမ်းအင်မျိုးဆက်သည် သန့်ရှင်းသော၊ လုံခြုံမှုရှိသော၊ မှီခိုအားကိုးလောက်သော နှင့် ကြိုးပမ်းအားထုတ်သောစွမ်းအင်အခွင့်လမ်းများ ပံ့ပိုးခြင်းများမှတဆင့် နိုင်ငံများ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ဖြည့်ဆီးနိုင်ရန် ကူညီနိုင်သည်။ ထို့ကြောင့် ဤလေ့လာမှုမျဉ်းကွေးတွန်းအားခြင်းအရ အစိုးရများအားဖြင့် သင့်လျော်သော စွမ်းအင် မူဝါဒများလိုအပ်သည်။ ထိုမူဝါဒများတွင် Feed-in-Tariff (FIT)၊ အသစ်တဖန်ပြန်လည်ဖြစ်ထွန်းသောစာချုပ်စံ(RSP) နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို ဆွဲဆောင်မှုပံ့ပိုး

ပေးသည့်မူဝါဒများပါဝင်သည်။ ဥရောပနှင့် အခြားဖွံ့ဖြိုးပြီးနိုင်ငံများသည် စိမ်းလန်းသော စွမ်းအင်ပေါ်တွင် နည်းပညာများရှိသကဲ့သို့ အာဆီယံသည် နည်းပညာများဖော်ထုတ်ပြီး အာဆီယံတွင်ဆက်စဉ်းစားရမည့်အခြေအနေများလိုအပ်သည်။

## နိဂုံး

ERIA စွမ်းအင်အမြင်သဘောထားလေ့လာချက်များအရ ခိုင်ခံ့သော စီးပွားရေး တိုးတက်မှု၊ တိုးလာသောလူဦးရေ နှင့် မော်တော်ယာဉ်သုံးစွဲမှု လျင်မြန်စွာ တိုးလာမှုတို့ကြောင့် ရေနံနှင့် သဘာဝဓာတ်ငွေ့သုံးစွဲမှုများသည် အာဆီယံနှင့် အရှေ့အာရှနိုင်ငံများတွင် တိုးလာမည်မှာ သေချာသည်။ စွမ်းအင်သုံးစွဲမှု ဆက်တိုက်တိုးတက်မှုနှင့် သမိုင်းကြောင်းအရ လှုပ်ရှားနေသော အရှေ့အလယ်ပိုင်းဒေသမှ ရေနံနှင့်သဘာဝဓာတ်ငွေ့တင်သွင်းမှုအပေါ် ကြီးကြီးမားမား မှီခိုမှုတို့သည် ကမ္ဘာလုံးဆိုင်ရာ ရေနံပံ့ပိုးမှုပြတ်တောက်ခြင်းနှင့် ဈေးနှုန်းရုတ်တရက်မြင့်တက်ခြင်းဖြစ်ပေါ်လာပါက အာဆီယံနှင့် အရှေ့အာရှဒေသကို ထိခိုက်နစ်နာစေလိမ့်မည်။ စွမ်းအင်ဖူလုံမှုနှင့် ပတ်သက်၍ စီဘူး ကြေငြာချက်သည် စွမ်းအင်လုံလောက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ အသစ် လဲလှယ်စွမ်းအင်မြှင့်တင်မှုနှင့် ဇီဝလောင်စာစုဆောင်းသိမ်းဆည်းမှုတို့အပေါ် စူးစိုက်ခြင်းဖြင့် အာဆီယံ စွမ်းအင်ကြံ့ခိုင်မှုနှင့် ဖူလုံမှုတို့ကိုအင်အားတိုးစေရန် ရည်ရွယ်သည်။

စွမ်းအင်ဇစ်မြစ်အမျိုးမျိုးကွဲပြားခြင်းနှင့် ရေနံစုဆောင်းသိမ်းဆည်းခြင်းတို့ အတွက် APSA ၏ အကောင်အထည်ဖော်မှုသည် စွမ်းအင်ဖူလုံမှု ရှုဒေါင့် မှကြည့်လျှင် အာဆီယံနှင့် အရှေ့အာရှနိုင်ငံများအတွက် အရေးကြီးသည်ဟုမြင်မိသည်။ လုပ်ဆောင်ချက်လမ်းညွှန်များ အတွက် ရှေ့ဆက် အကူအညီပေးရန်နှင့် APSA ကိုအာဆီယံနိုင်ငံများ၌ လက်တွေ့မည်သို့အသုံးချမည်ဟူသော သုတေသနတို့ကို IEA နှင့် ERIA တို့က အသီးသီး ကူညီကြလိမ့်မည်။

အာဆီယံနှင့် EAS တို့သည် ဇီဝလောင်စာကို ရေနံဖူလုံမှု ပြဿနာအတွက် ဖြစ်နိုင်ခြေရှိသော ရွေးချယ်မှု တစ်ခုအဖြစ်သဘောပေါက်မိကြသည်။ ဇီဝလောင်စာကို တိုးချဲ့အသုံးပြုမှုသည် ရေနံဝယ်လိုအားကိုလျှော့ကျစေရုံမက လောင်စာရည် သွင်းကုန်ဇစ်မြစ်အမျိုးမျိုးကိုလည်း ဖြစ်ပေါ်စေသည်။ ဒေသ အနေဖြင့် ဇီဝလောင်စာ သုံးစွဲရေးကို မြှင့်တင်နိုင်သော နိုင်ငံတို့၏ မူဝါဒများက တွန်းအားပေးသော ဇီဝလောင်စာဝယ်လိုအားကို ကာမိသောလုံလောက်သည့် ရောင်းလိုအားဖြစ်နိုင်စေရန် ဇီဝလောင်စာတိုးတက်မှု အလားအလာသည် ဒေသ၌ရှိနေသည်။

အီသနောနှင့် ဘိုင်အိုဒီဇယ်ကဲ့သို့သော လက်ရှိပထမနှင့် ဒုတိယဇီဝလောင်စာမျိုးဆက်တို့တွင် ရေနံစိမ်းကို ရေရှည်အစားထိုးရန် စိတ်ကူးကို လျော့ပါးစေမည့်ပင်ကိုယ်ကန့်သတ်ချက်များ ရှိနေသည်။

အာဆီယံနှင့် EAS ဒေသတွင်း လေစွမ်းအင်ထုတ်လုပ်မှုသည် ၂၀၁၀ ခုတွင် ကမ္ဘာ့စုစုပေါင်း၏ ၂၂.၂ ရာခိုင်နှုန်း သို့ရောက်ရှိခဲ့ပြီး တရုတ်နိုင်ငံသည် ကမ္ဘာတွင်အကြီးမားဆုံးဒုတိယထုတ်လုပ်သူဖြစ်ပြီး အိန္ဒိယနိုင်ငံသည် ပဉ္စမ မြောက်ဖြစ်သည်။ စွမ်းဆောင်ရည်လျင်မြန်စွာတိုးတက်လျက် ထုတ်လုပ်မှု သည် လာမည့်နှစ်များတွင်ထုတ်လုပ်မှုကို လုံလုံလောက်လောက် တိုးချဲ့ရန် မျှော်မှန်းထားသည် ။ လေစက်မှုလုပ်ငန်းသည် အရေးပါသော စွမ်းအင်စရိတ် လျော့ချမှုဖြစ်ပြီး လေစွမ်းအင်စရိတ် သည်လည်းဆက်လက်ကျဆင်း မည်ဟုမျှော်မှန်း ထားသည်။ နည်းပညာစွမ်းဆောင်မှုတိုးတက်မှုနှင့် စကေး သီးသန့်အားဖြင့် စက်မှုလုပ်ငန်းလေ့လာမျဉ်းကွေးအရ စွမ်းဆောင်ရည်နှစ်ဆ ဖြစ်အောင်တည်ဆောက်တိုင်း လေစွမ်းအား ဈေးနှုန်းများသည် ၇ ရာခိုင်နှုန်း လျော့ကျစေသည်။ လေသယံဇာတကောင်းကောင်းရှိသောနေရာများတွင် ကမ်းနီးလေသည် ဇီဝလောင်စာအခြေခံမျိုးဆက်နှင့် အပြိုင် ဖြစ်လာသည်။

အာဆီယံနှင့် EASဒေသတွင် ဆိုလာစွမ်းအင်ထုတ်လုပ်မှုသည် ၂၀၀၂ -၂၀၁၁ ကာလအတွင်း အလင်းဗို့တိတ် (PV) စွမ်းရည်တပ်ဆင်မှုတွင် နှစ်စဉ်ပျမ်းမျှတိုးတက်မှုနှုန်း ၃၀.၅ ရာခိုင်နှုန်း ချဲ့ထွင်လျက်ရှိသည်။ ထိုကာလ အတွင်း ကမ္ဘာလုံးဆိုင်ရာ နှုန်းမှာ ၃၆ ရာခိုင်နှုန်းရှိသည်။ မကြာမီနှစ်များ အတွင်း မတ်စောက်သောလေ့လာမှုမျဉ်းကွေးများ ကြီးမားသော အသုံးချမှုများကြောင့် ဆိုလာနှင့် ဆိုလာဗဟိုပြု စရိတ်များသည် တဖြေးဖြေး ကျဆင်းနေသည်။ ဆိုလာ PV တပ်ဆင်မှုစွမ်းရည်နှစ်ဆဖြစ်တိုင်းအစိတ်အပိုင်းစရိတ်များသည် ၂၂ ရာခိုင်နှုန်း လျော့ကျလိမ့်မည်။ ဆိုလာ PV သည် ဆိုလာ အရင်း အမြစ်ကောင်းကောင်း၊ PV စရိတ်နည်းနည်းနှင့် ဒေသဆိုင်ရာ စားသုံးသူများ အတွက် လျှပ်စစ်စည်းကြပ်ခွန်မြင့်မားသော ဒေသများ၌ အိုးအိမ်များဆိုင်ရာ အခွန်များနှင့် အပြိုင်ဖြစ်သည်။ ပါဝါကွန်ခြာများနှင့် ဖြန့်ဖြူးမှုစနစ်မရှိသော တိုင်းပြည်များတွင် ဆိုလာ PV များဖြင့် လျှပ်စစ်ဖန်တီးခြင်းမှာ ပိုမိုကောင်းမွန်လာနိုင်သည်။ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်ကဲ့သို့သော ကျွန်းနိုင်ငံများသည် အလှမ်းဝေးသောကျွန်းများ၌ လျှပ်စစ်မီး ပေးနိုင်ရန် ရွေးချယ်မှုတစ်ခုအဖြစ် ဆိုလာ PV ကိုစတင်စဉ်းစားနေပြီဖြစ်သည်။

အာဆီယံနှင့် EAS ဒေသတွင် ဟိုက်ဒြိုစွမ်းအင်ကဏ္ဍ တိုးတက်မှုအတွက် အလားအလာရှိနေဆဲဖြစ်သည်။ သယံဇာတပိုင်ဆိုင်မှုသည် နိုင်ငံအလိုက်ကွာခြားသည်နှင့်အညီ နယ်စပ်

ကုန်သွယ်ရေးတွင် ဟိုက်ဒြိုပါဝါ ဖြစ်ပေါ်လာပြီးပိုမိုကျယ်ပြန့်သောမဲခေါင်ဒေသခွဲ (Greater Mekong sub-region : GMS) နှင့် အာဆီယံချိတ်ဆက်မှု အပေါ်အာဆီယံပင်မစီမံကိန်း အောက်ရှိဒေသဆိုင်ရာ အခြေခံလုပ်ဆောင်မှု လက်ရှိအရှိန်ဖြင့် ဆက်လက်တိုးချဲ့နိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတစ်ခုတည်းနှင့်ပင် ဟိုက်ဒြိုပါဝါထုတ်လုပ်မှုအလားအလာမှာ MW ၁၀၈,၀၀၀(တစ်သိန်းရှစ်ထောင်) စွမ်းဆောင်ရည်ရှိပါသည်။ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့သည် ဟိုက်ဒြိုပါဝါထုတ်လုပ်မှုစွမ်းဆောင်ရည်မှာ MW ၃၀,၀၀၀ (သုံးသောင်း) ခန့်ရှိသည်။ ဟိုက်ဒြိုပါဝါသည် LCOE အနိမ့်ဆုံး၊ကွန်ခြာတည်ငြိမ်မှု၊ စွမ်းအင်သို လှောင်မှုအလားအလာနှင့် အခြားအသစ်လဲလှယ်မှုတို့ကိုဖြည့်စွက်ပေးနိုင်မှုတို့ကဲ့သို့သော အကျိုးကျေးဇူးများကြောင့် ဆက်လက်ဆွဲဆောင်မှုရှိနေလိမ့်ဦးမည်။ ထိုအပြင် ဟိုက်ဒြိုပါဝါ (အသေးစားဟိုက်ဒြိုအပါအဝင်) သည် ရှိနေသောလျှပ်စစ်ဓာတ်အားရရှိနိုင်မှု၌နောက်ထပ် စွမ်းရည်တည်ဆောက်နိုင်ရန် (သို့မဟုတ်) တစ်ကီလိုဝပ်တွင် အမေရိကန်ဒေါ်လာ ၅၀၀ မှ ၈၀၀ ကြား ရှိသော အစွန်းထွက်ရင်းနှီးမြှုပ်နှံမှုစရိတ်များပံ့ပိုးပေးခြင်းအားဖြင့် လျှပ်စစ်ဓာတ် အားမရရှိသည့်နေရာများတွင်ဆည်များတည်ဆောက်ပေးခြင်းဖြင့် လျှပ်စစ်ဓာတ်အားရရှိနိုင် ရန်အတွက်ရွေးပိုင်ခွင့်အဖြစ်ပံ့ပိုးပေးသည်။

အာဆီယံနှင့် အရှေ့အာရှနိုင်ငံများတွင် လေ၊ဆိုလာPV နှင့်ဇီဝ လောင်စာ များစသည့် အသစ် ပြန်လည်ဖြစ်ထွန်းလာစေသောစွမ်းအင်လုပ်ငန်းစုများ၏ ကွင်းဆက်ထုတ်လုပ်မှုအရှိန်မြင့် တင်နိုင်ရန် လိုအပ်လိမ့်မည်။ အာဆီယံတွင် ဤ လုပ်ငန်းစုများတည်ထောင်ပြီးပါက ဇီဝ လောင် စာစွမ်းအားအပင်များနှင့် NRE တို့ယှဉ်ပြိုင်မှုမှတဆင့် လျှပ်စစ်ဓာတ်အားတစ်ယူနစ် ကုန်ကျစရိတ်တဖြေးဖြေးသက်သာလာမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားရရှိနိုင်အောင်ကနဦး ကုန်ကျစရိတ်လည်းလျော့ကျနိုင်ပါသည်။ ထို့အတွက်ကြောင့် အာဆီယံ နိုင်ငံများသည် NRE ကျယ်ပြန့်စွာအသုံးပြုမှုမြှင့်တင်ပေးရန်လိုအပ်သည်။

အာဆီယံနှင့် EAS တို့တွင်ကျောက်မီးသွေး အထူးသဖြင့် အဆင့်နိမ့်သောကျောက်မီးသွေး ပေါ်များကတည်းက ကျောက်မီးသွေးအသုံးပြုမှုမဟာဗျူဟာသည် စီးပွားရေးတိုးတက်မှုကို ပံ့ပိုးပေးလိမ့်မည်ဖြစ်သလို ကာလလတ်တွင် စွမ်းအင်ဖူလုံမှုကိုပါထောက်ပံ့ပေးနိုင်သည်။ ထို ကြောင့် ကျောက်မီးသွေးမှလျှပ်စစ်ဓာတ်အားရရှိနိုင်မှုနည်းပညာ ရွေးချယ်ခြင်းသည် ရင်းနှီး မြှုပ်နှံမှုများ၊ စွမ်းဆောင်ရည်ရှိမှု၊ လောင်စာသွင်းအားစုများနှင့် စရိတ်များအတွက်သိသိသာ သာ ပါဝင်ပတ်သက်နေပါသည်။ သင့်လျော်သောဘဏ္ဍာရေးနှင့် အထောက်အပံ့များမှတောင် မှတဆင့် ရင်းနှီးမြှုပ်နှံမှုစရိတ်များလျော့ချခြင်းဖြင့် အာဆီယံနိုင်ငံများကို USC or IGCC နည်း

ပညာကဲ့သို့သော သန့်ရှင်းစင်ကြယ်သော ကျောက်မီးသွေးနည်းပညာများ နည်းလမ်းကို အထောက်အကူပြုလိမ့်မည်။

လက်ရှိအနေဖြင့် ဂျပန်နိုင်ငံသည် အာဆီယံနိုင်ငံများတွင် ရင်ဆိုင်ရမည့်ကုန်ကျစရိတ်များ လျှော့ချခြင်းဖြင့် အဆင့်မြင့်သောနည်းပညာများအသုံးပြုနိုင်ရန် မြှင့်တင်သည့်Bilateral Off-set Credit Mechanism (BOCM) ကို အကောင်အထည်ဖော်လျက်ရှိသည်။BOCM သည် CCT လက်တွေ့အသုံးပြုရန်နှင့် EEC ကရိယာတန်ဆာပလာများနှင့် အထောက်အကူပြုမှုများတွင်ရင်းနှီးမြှုပ်နှံရန် ရင်ဆိုင်ရမည့်ကုန်ကျစရိတ်များလျှော့ချနိုင်ရန် ဘဏ္ဍာရေးဆိုင်ရာအခွင့်များမှတစ်ခုဖြစ်သည်။ BOCMကဲ့သို့သောနောက်ထပ် ယန္တရားများမြှင့်တင်ပေးရန် အာဆီယံသည်နိုင်ငံတကာအကူအညီများအတွက်တွန်းအားပေးရမည်။ စင်ကြယ်သော နည်းပညာများလက်တွေ့အသုံးချ နိုင်ခြင်းသည် AMSအများစုနှင့် ဖွံ့ဖြိုးဆဲကမ္ဘာအများစုတွင် ငွေကြေးဆိုင်ရာအားထုတ်မှုဖြစ်လာသည်။

## မူဝါဒဆိုင်ရာအကြံပြုချက်များ

(၁)စဉ်ဆက်မပြတ်ကြံ့ခိုင်မှုရှိပြီး အားထုတ်နိုင်စွမ်းရှိသော စွမ်းအင်သည်သန့်မာပြီး စိမ်းလန်းသောဖွံ့ဖြိုးမှုရရှိနိုင်ရန် အာဆီယံနှင့် EAS ဒေသအတွက် သော့ချက်များဖြစ်ကြသည်။ အနာဂတ်စိမ်းလန်းသောအာဆီယံသည် အသစ် လဲလှယ်စွမ်းအင်မှ ဆင်းသက်ရန် လိုအပ်လိမ့်မည်။ အကြောင်းမှာအာဆီယံနှင့် EAS တို့သည် လေ၊ ဆိုလာ၊ ဟိုက်ဒြိုပါဝါ၊ ဇီဝလောင်စာနှင့်အခြားအသစ်လဲလှယ်စွမ်းအင်တို့တွင်အသစ်လဲလှယ်နိုင်သောသယံဇာတအလားအလာများနှင့် သဘာဝကပေးထားသည်။ ခေါင်းဆောင်ကြီးများက CEBU ကြေငြာချက်နှင့် ပတ်ဝန်းကျင်နှင့် စီးပွားရေးတိုးတက် ဖွံ့ဖြိုးမှုဆိုင်ရာ UN ကွန်ဖရင့်တို့ကိုအကောင်အထည်ဖော်ရန် တာဝန်ခံကြသကဲ့သို့ အာဆီယံနှင့် အရှေ့အာရှသည် RE ပြင်းပြဆန္ဒများနှင့် ထိရောက်စွာအသုံးချမှု လျာထားချက်များကို တွန်းအားပေးရန်လိုအပ်လိမ့်မည်။ အာဆီယံနှင့် EAS အဖွဲ့ဝင်နိုင်ငံများသည် အဖွဲ့ဝင်နိုင်ငံတစ်ခုချင်း၏စီးပွားရေး အဆောက်အအုံ အတွင်း အမှန်တကယ်ဖြစ်နိုင်မှုကိုထင်ဟပ်သောRE ထိရောက်စွာအသုံးချမှု ပန်းတိုင်တို့ကို ဖြည့်ဆည်း နိုင်ရမည်။ ဤရှုဒေါင့်အရ Feed-in-Tariff (FIT), Renewable Portfolio Standard (RPS) နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွင် စွဲဆောင်မှုပေးခြင်းကဲ့သို့သော စွမ်းအင်မူဝါဒများကို NRE မြှင့်တင်ရန်ချမှတ်ရလိမ့်မည်။

(၂) EEC ကို အကောင်အထည်ဖော်ရန် အာဆီယံနှင့် အရှေ့အာရှ ခေါင်းဆောင်မှုသည် ကြီးမားသော စွမ်းအင်စုဆောင်းမှုအလားအလာများကို ဆောင်ယူပြီးဒေသဆိုင်ရာလုံခြုံမှုကို ဖြစ်စေလိမ့်မည်။ ထို့ကြောင့် အာဆီယံနှင့် EAS တို့သည် လုံလောက်မှုရှိပြီး ကာဗွန်နိမ့်နည်းပညာများအသုံးချမှုကိုပံ့ပိုးပေးသော မူဘောင်တစ်ခုကိုတည်ထောင်ရန်လိုအပ်သည်။

(၃) ကျောက်မီးသွေးကိုဖျူဟာမြောက်အသုံးပြုခြင်းသည် စီးပွားရေးတိုးတက်မှုကိုအထောက်အကူဖြစ်စေပြီး ဒေသတွင်းစွမ်းအင်လုံခြုံမှုကိုလည်း အထောက်အပံ့ပေးသည်။ ကျောက်မီးသွေးကိုစဉ်ဆက်မပြတ် အသုံးပြုနိုင်ရေး အတွက် အာဆီယံနှင့် အရှေ့အာရှဒေသတွင်သန့်ရှင်း၍စွမ်းဆောင်ရည်ရှိသော ကျောက်မီးသွေးသုံးစွဲမှု ဆိုင်ရာ သန့်ရှင်းသောကျောက်မီးသွေးနည်းပညာ (CCT) ကျယ်ကျယ်ပြန့်ပြန့်ပျံ့နှံ့ရန်မှာအရေးတကြီးဖိအားပေးလျက်ရှိသည်။ ထိုကြောင့် BOCM ကိုအာဆီယံတွင် ပိုမိုမြှင့်တင်ရန် လိုအပ်နိုင်သည်။ တစ်ချိန်တည်းမှာပင် အာဆီယံသည် သန့်ရှင်းစင်ကြယ်သော နည်းပညာကို အသုံးချမှုသည် AMS နိုင်ငံအားလုံး ရရှိနိုင်ရန် နိုင်ငံတကာပံ့ပိုးမှုကို ဖိတ်ခေါ်သင့်သည်။

(၄)အာဆီယံရေနံဖူလုံရေးသဘောတူညီမှု သို့မဟုတ် APSA သည် ရေနံရောင်းလိုအားပြတ်လပ်မှုကြောင့် အရေးပေါ်ကာလများတွင် အဖွဲ့ဝင်နိုင်ငံ များကိုကူညီရန် ရည်ရွယ်လျက် ရေနံခွဲဝေသုံးစွဲမှုအစီအစဉ်ကို ချမှတ်ကာ အာဆီယံအဖွဲ့ဝင်နိုင်ငံများသဘောတူညီမှုတစ်ခု ဖြစ်သည်။ ယနေ့ထိ APSA ကို အပြည့်အဝအတည်ပြုပြီးဖြစ်သည်။ သို့သော် အကောင်အထည်ဖော်ရာ တွင် လုပ်ဆောင်ချက်လမ်းညွှန်များ၌ လက်တွေ့ဖြစ်ပေါ်နေသော ကန့်သတ်ချက်တစ်ခုနှင့်ရင်ဆိုင်နေရသည်။ ထိုပြင်ဒေသအနေဖြင့် APSA ကို လက်တွေ့မည်သို့ အကောင်အထည်ဖော်ရမည်နှင့် ပတ်သက်ပြီး အတွေ့အကြုံ လုံလုံလောက်လောက် မရှိသေးပေ။ ဒေသအဆင့် တိုင်းပြည်အဆင့်များ၌APSA ကိုဒေသတွင်းမှုဖြစ်ပြီး လက်တွေ့အသုံးချနိုင်ရန် စိတ်ကူးကို ASCOPA သည် ERIA ၏အကူအညီဖြင့် IEA က အကြံပေးကာ စတင် ဆွေးနွေးနေပြီဖြစ်သည်။ ဤအခြေအနေတွင် အာဆီယံခေါင်းဆောင်ကြီးများ သည် APSA ကလုပ်ဆောင်မှုလမ်းညွှန်များကို အကောင်အထည်ဖော်ရန် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုများ ပါဝင်သော အကူအညီများဖြင့် ASCOPA ကို လုပ်ပိုင်ခွင့်ပေးရန်လိုအပ်ပါလိမ့်မည်။ ပြန်လည်ပြုပြင်ပြီးလမ်းညွှန်များကို IEA နှင့် ERIAတို့၏အကူအညီဖြင့် လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် မွမ်းမံ ပြင်ဆင်ကြသည်။

(၅) ဇီဝလောင်စာအသုံးပြုမှုချဲ့ထွင်ခြင်းသည် ရေနံဝယ်လိုအားကိုလျော့ကျ စေရုံသာမက

လောင်စာရည်တင်သွင်းမှုဇစ်မြစ်အမျိုးမျိုးကွဲပြားစေနိုင်သည်။ ထို့ကြောင့် အာဆီယံနှင့် EAS သည် သယ်ယူပို့ဆောင်ရေးအတွက် ဇီဝလောင်စာမြှင့်တင်ခြင်းကို အကောင်အထည်ဖော်မှုတွင် တွန်းအားပေးရန် လိုအပ်လိမ့်မည်။ ဤအခြေအနေတွင် ကုန်ကြမ်းများ ပံ့ပိုးပေးခြင်းသည် စွမ်းအင်ဈေးကွက်ပေါင်းစည်းရေး၏အစိတ်အပိုင်းအဖြစ် သေချာစေရန် ဇီဝလောင်စာထုတ်ကုန်များအတွက် ကုန်စည်နှင့်ဆောင်ရွက်မှုတို့ကို လွတ်လပ်စွာကုန်သွယ်နိုင်ရန်အရေးကြီးပါသည်။ ထိုပြင်အာဆီယံနှင့် အရှေ့အာရှတို့သည် ဈေးကွက်တွင် ဇီဝလောင်စာ ဝေစုတိုးလာမှုကိုအာမခံရန် စိတ်ကူးဖြင့် အပင်ဇီဝလောင်စာနှင့် စား၍မရသောအခြားအပင်များကဲ့သို့သော တတိယမျိုးဆက်ဇီဝလောင်စာအတွက် သုတေသနနှင့်ဖွံ့ဖြိုးတိုး တက်မှု (R&D) တွင် ရေရှည်ဆက်ရင်းနှီးမြှုပ်နှံရန်လက်တွဲကြရန်လိုအပ်လိမ့်မည်။

(၆) RE ၌ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးယန္တရားတို့သည် RE အသုံးချမှုအတွက် ရေ့ပြေးအချိန်ကို လျှော့ချရန်သော့ချက်များဖြစ်သည်။ အာဆီယံနိုင်ငံတစ်ခုချင်း၏ဖွံ့ဖြိုးတိုးတက်မှုအဆင့်ကိုထည့်သွင်းစဉ်းစားလျက် အာဆီယံနိုင်ငံများသည် NRE အတွက် နည်းပညာရရှိစေရန် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့များလိုအပ်လိမ့်မည်။ ထို့ကြောင့် အကြံပြုလိုသည်မှာ အာဆီယံနှင့် အရှေ့အာရှနိုင်ငံများအကြား ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှု စွဲဆောင်မှုများကို မူဝါဒဦးစားပေးများအဖြစ်ထားရှိရလိမ့်မည်။ ထိုပြင်ကမ္ဘာ့အနေဖြင့် RE ဖွံ့ဖြိုးတိုးတက်မှုစလုပ်ရန် ဖွံ့ဖြိုးဆဲနိုင်ငံများကို ကူညီပံ့ပိုးပေးရန် လိုအပ်နိုင်သည်။ အပင်ဇီဝလောင်စာများနှင့် စား၍မရသော အခြားအပင်ကဲ့သို့သော တတိယမျိုးဆက် ဇီဝလောင်စာအတွက် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု (R&D) အောင်မြင်ပါက ဈေးကွက်တွင် ဇီဝလောင်စာဝေစုတိုးလာရန် စိတ်ကူးကတိကို အထောက်အကူဖြစ်စေမည်။

# အခန်း(၆)

# ကမ္ဘာ့အာဆီယံ

## နိဒါန်း

အာဆီယံသည် ၎င်း၏ခေတ်ပြိုင် ပေါ်ပေါက်လာသော အဖွဲ့အစည်းများနှင့် ယှဉ်လျှင်ပို၍ ပြင်ပသို့ မျှော်မြင်ရှေ့ရှုလျက်ရှိပေသည်။ အကြောင်းတစ်ချက်မှာ လက်တင်အမေရိက သို့မဟုတ် အိန္ဒိယကဲ့သို့ ပိုမိုကြီးမားသော နိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက အာဆီယံသည် ၎င်း၏ ကုန်စည်ထုတ်လုပ်မှုနှင့်စာလျှင် ကုန်သွယ်မှုကို ပိုလုပ်သကဲ့သို့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုတွင် အာဆီယံနိုင်ငံအချင်းချင်းထက် အာဆီယံအဖွဲ့ဝင်မဟုတ်သောနိုင်ငံများ အပေါ်ပိုမို၍ အမှီသဟဲ့ပြုနေပေသည်။ ပြီးခဲ့သော အခန်းများ၌ဆွေးနွေးသကဲ့သို့ပင် အာဆီယံ အဖွဲ့ဝင်နိုင်ငံအများစုသည် အရှေ့အာရှဒေသဆိုင်ရာ ထုတ်လုပ်မှု ကွန်ယက်အတွင်းတွင် ပါဝင်ချိတ်ဆက်ကျွမ်းဝင်လျက်ရှိနေသည်။ ထို့အပြင် ဒေသတွင်းနှင့် ကမ္ဘာအနှံ့ ထုတ်လုပ်မှု ကွန်ယက်များသို့ ချိတ်ဆက်ခြင်းနှင့် နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်ခြင်းသည် အာဆီယံနိုင်ငံ တို့၏ ဖွံ့ဖြိုးမှုနှင့် ရေရှည်တည်တံ့မည့်မြင့်မား၊ မျှတသောတိုးတက်မှုကို ရှေ့ရှုသည့်ယှဉ်ပြိုင်မှု ဗျူဟာ၏ သော့ချက်ပင်ဖြစ်ကြောင်း အခန်း(၄)က အသားပေးဖော်ပြထားသည်။ နောက်ဆုံး အချက်မှာ အီတကုရ (၂၀၁၃) ၏ သဏ္ဌာန်ပြုလေ့လာမှု ရလဒ်ပင်ဖြစ်သည်။ ၎င်း၏လေ့လာမှု က အာဆီယံနိုင်ငံများသည် မိမိအာဆီယံ စီးပွားရေးအသိုက်အဝန်းထက်စာလျှင် ပို၍ကြီးမား ကျယ်ပြန့်သော အရှေ့အာရှဒေသနှင့် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ခြင်းက အာဆီယံနိုင်ငံ တို့၏ အကျိုးစီးပွားကို ပို၍ဖြစ်ထွန်းစေကြောင်း ဖော်ပြနေသည်။ ထို့ကြောင့် ပို၍သာလွန် နက်ရှိုင်းသော အာဆီယံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဖြစ်လာစေရန် အာဆီယံစီးပွားရေး အသိုက်အဝန်း ထူထောင်ခြင်းကဲ့သို့ပင် ကျန်အရှေ့အာရှနိုင်ငံများနှင့် ပို၍ပူးပေါင်းဆောင်ရွက် မှု ကျယ်ပြန့်လာစေခြင်းသည် အာဆီယံအတွက် အံဝင်ဂွင်ကျသော နှစ်ဖက်သွား မဟာဗျူဟာ ပင်ဖြစ်သည်။

၂၀၁၅ ခုနှစ်အတွက်လက်ရှိ အာဆီယံစီးပွားရေးအသိုက်အဝန်း လမ်းညွှန်စီမံချက်၏ မဏ္ဍိုင် (၄) "ကမ္ဘာ့စီးပွားရေးအဆောက်အအုံအတွင်း အပြည့်အဝပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း ဆီသို့" တွင် "အာဆီယံဗဟိုပြုမှု" ဆိုသောအချက်ကို ထိမ်းထားနိုင်ရန်အလို့ငှါ အာဆီယံသည် ပြင်ပနှင့် ဆက်သွယ်မှုများအတွက် ရှင်းလင်းထင်ရှားသော နည်းလမ်းတစ်ရပ် တည်ဆောက် ရန်ကို ထောက်ပြထားသည်။ အဆိုပါအချက်ကို ယခုအခန်းတွင် ကမ္ဘာ့အာဆီယံမဏ္ဍိုင်ဟူ၍ ဒေသဆိုင်ရာ လွှမ်းခြုံဖြန့်ကျက်သော စီးပွားရေးမိတ်ဖက်တည်ဆောက်မှု (RCEP) အနေဖြင့်

ချပြထားပြီး အာဆီယံဗဟိုပြုမှုကို တည်တံ့စေရေးဖြစ်စဉ်နှင့် ထင်ရှားသော ဖြစ်တည်မှုကို RCEP နှင့် ဆက်စပ်တင်ပြထားသည်။ ထို့အပြင် ကမ္ဘာ့အာဆီယံမဏ္ဍိုင်က ကမ္ဘာ့နိုင်ငံများ အသိုင်းအဝိုင်းတွင် အာဆီယံကို အဓိကအပိုင်းနှစ်ပိုင်းဖြင့် ဆွေးနွေးထားသည်။ တပိုင်းမှာ အာဆီယံသည် ၎င်း၏အဖွဲ့ဝင်နိုင်ငံများ၏ ပြောရေးဆိုခွင့်အပြည့်အဝရရှိရန် ဖြည့်စွက်ပေး ခြင်းဖြင့် လည်းကောင်း၊ ပိုမိုအားကောင်းလာစေခြင်းဖြင့် လည်းကောင်း အပြည်ပြည်ဆိုင်ရာ တွင် အာဆီယံ၏ ပြောရေးဆိုခွင့်ကို ထောက်ပံ့ပေးထားသည်။ အခြားတစ်ပိုင်းမှာ အာဆီယံ အဖွဲ့ဝင်နိုင်ငံအသီးသီး၏ အမျိုးသားရေးရပ်တည်မှု ပုံစံအနေအထားတို့အပေါ် မူတည်၍ အာဆီယံ၏ ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွင် တွေ့ကြုံရမည့် စိန်ခေါ်မှုနှင့်၊ အာဆီယံ၏ မူလအစဖြစ်သည့် ဒေသဆိုင်ရာအဖွဲ့တစ်ခုအနေဖြင့် ရပ်တည်ရန် အင်အားချိန့် နေခဲ့သော အနေအထားမှသည် ရင့်ကျက်သော ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုအဖြစ် တိုးတက်လာ စေသည့် အကြောင်းအရာများကို ဤအခန်းတွင် ဆွေးနွေးထားသည်။

## ဒေသဆိုင်ရာလွှမ်းခြုံဖြန့်ကျက်သောစီးပွားရေးမိတ်ဖက်တည်ဆောက်မှု (RCEP)

၂၀၁၁-ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၏ အာဆီယံဉက္ကဋ္ဌသက်တမ်းအတွင်းတွင် အာဆီယံ သည် အာဆီယံမူဘောင်ကို လက်ခံကျင့်သုံးခြင်းအားဖြင့် RCEP ဟူသော အယူအဆကို အဆိုပြုခဲ့သည်။[1]

၂၀၁၂-ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့၌ RCEP ကို စတင်အကောင်အထည် ဖော်ရန် ၁၆ နိုင်ငံမှ ခေါင်းဆောင်များက သဘောတူထောက်ခံခဲ့ကြသည်။[2] တရုတ်နိုင်ငံက အစပြုပေးခဲ့သော အရှေ့အာရှ၏ လွှမ်းခြုံ ဖြန့်ကျက်စီးပွားရေး မိတ်ဖက်အစီအစဉ် (CEPEA) တို့နှင့် မတူကွဲပြားစွာပင် RCEPသည် အာဆီယံ၏ မူပိုင်စိတ်ကူးစိတ်သန်းမှ အစပြုခဲ့သည်။ သို့ကြောင့်ပင် RCEP သည် အခြားသော ဒေသဆိုင်ရာပူးပေါင်းမှု ကနဦးအမံများဖြစ်သည့် ပစိဖိတ်သမုဒ္ဒရာအဝန်း မိတ်ဖက် အစီအစဉ် (TPP) နှင့် တရုတ်- ဂျပန်- ကိုရီးယား လွတ်လပ်စွာ ကုန်သွယ်မှုဒေသ (CJK-FJA) တို့နှင့် ရင်ဘောင်တန်းသော အာဆီယံဗဟိုပြု ကနဦး ဆောင်ရွက်မှုများ အစီအစဉ်ပင်ဖြစ်သည်။ TPP သည် အာရှ - ပစိဖိတ်စီးပွားရေး ကော်မရှင် အဖွဲ့ဝင် (APEC) နိုင်ငံများနှင့် ညှိနှိုင်းမှုများ လုပ်ဆောင်ရာနေရာ အဖြစ်ပံ့ပိုး ပေးထားသည်။ (CJK-FJA) တွင် တရုတ်၊ ဂျပန်၊ ကိုးရီးယားကုန်သွယ်ရေးဝန်ကြီးများသည် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးများ ကျင်းပစဉ် တွေ့ဆုံလေ့ရှိသကဲ့သို့ သီးသန့်

[1]ASEAN Framework for Regional Comprehensive Economic Partnership, adopted at the 19th ASEAN Summit, Bali, Indonesia, 17 November 2011. Leaders' Joint Declaration on the Launch of Negotiations for the RCEP, Phnom Penh, Cambodia, 20 November 2012.
2 Leaders' Joint Declaration on the Launch of Negotiations for the RCEP, Phnom Penh, Cambodia, 20 November 2012.

အစည်းအဝေးများလည်းပြုလုပ်လေ့ရှိသည်။ လက်ရှိတွင် TPP နှင့် အာဆီယံအဖွဲ့ဝင်လေးနိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး၊ (CJK-TA) နှင့် ပူးပေါင်းလုပ်ဆောင်မှုလုံးဝမရှိပေ။ ထို့ကြောင့် အာဆီယံအဖွဲ့ဝင် ဆယ်နိုင်ငံလုံးပါဝင်ပြီး အာဆီယံ ထိပ်သီးအစည်းအဝေးများနှင့် အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် ပတ်သက်သည့် အစည်း အဝေးများကျင်းပစဉ်တွင် နိုင်ငံရေးအဆင့် ညှိနှိုင်းပြောဆိုမှုများ အားလုံးပါဝင်လုပ်ဆောင်နိုင်သည့် တက်ကြွအောင်မြင်သော RCEP ညှိနှိုင်းမှု အစီအမံများသည် အာဆီယံဦးဆောင်မှု ဖြစ်စဉ်ကို ကြံ့ခိုင်လာစေမည်ဟု မျှော်လင့်ရပေသည်။

အာဆီယံနိုင်ငံများ စုစုပေါင်းကုန်သွယ်မှုတွင် အာဆီဆံဒေသတွင်းကုန်သွယ်မှုမှာ လေးပုံတစ်ပုံသာပါဝင်ပြီး ထုတ်လုပ်မှု ကွန်ယက်ကိုလည်း အာဆီယံနိုင်ငံများကို ကျော်လွန်၍ အရှေ့အာရှနိုင်ငံများနှင့် နက်ရှိုင်းစွာ ဖြန့်ကျက်ပြီး ဖြစ်နေခြင်းကို ထောက်ရှုခြင်းအားဖြင့် အာဆီဆံနှင့် ကျန်သော အရှေ့အာရှနိုင်ငံများ စီးပွားရေးပူးပေါင်းမှုသည် အာဆီယံနိုင်ငံများ အတွက် ကြီးစွာသော အကျိုးစီးပွားဖြစ်ထွန်းလာမည်ဟု မျှော်လင့်နိုင်ပေသည်။ အိတကုရ (2013) က ထင်ရှားစွာပြောဆိုခဲ့သည့်အတိုင်းပင် အာဆီယံသည် အာဆီယံစီးပွားရေးအသိုင်း အဝန်းတစ်ခုတည်းနှင့် အာဆီယံအပေါင်းတစ် (ASEAN+1) အနေဖြင့် ဖွဲ့ထားသော လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူညီချက်ငါးခုတို့မှာ ရနိုင်သည်ထက် RCEP မှ ပို၍ ကြီးမားသော စီးပွားရေးအကျိုးစီးပွားကို ရယူခံစားလိုပေသည်။ (ကားချပ် - ၆.၁) တရုတ်၊ ဂျပန်၊ ကိုရီးယား လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက်ကြောင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် အာဆီယံ အဖွဲ့ကြီးထံ သက်ရောက်လျက်ရှိသော ကုန်သွယ်မှုနှင့် ရင်းနှီးမြုပ်နှံမှု လမ်းကြောင်းလွှဲခြင်း ဖြစ်လာနိုင်သော အလားအလာကို RCEP ဖြင့် ချေဖျက်ပေးနိုင်ပေ သည်။

### ကားချပ် ၆.၁ - အေအီးစီ၊ အာဆီယံ+ 1 FTA များနှင့် RCEP တို့၏ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဂျီဒီပီပေါ်သို့ သက်ရောက်မှု




မှတ်ရန် - Percentage point, Accumulated from 2011 to 2015. Assumption sare:(a) complete elimination of the tariffs over the specified period of time,(b)reduction of ad valorem equivalents of service trade barriers by 20 percent, and(c)improvements in logistics cutting time spent to exportor import goods by 20 percent.

ဇာစ်မြစ် - Itakura (2013).

သို့သော်လည်း RCEP လမ်းညွှန်မှုဝါဒများနှင့် ရည်မှန်းချက်များ (Guiding Principles and Objectives for Negotiating the Regional Comprehensive Economic Partnership, adopted by RCEP Ministers, Siem Reap, Cambodia, 30 August 2012.) က ဖော်ပြထားသည့် အတိုင်း လက်ရှိ အာဆီယံအပေါင်းတစ် သဘောတူညီချက်များထက် ပို၍ထင်ရှားစွာသော တိုးတက်မှုများရရှိပြီး၊ အာဆီယံနိုင်ငံများနှင့် ဒေသတွင်း ထင်ရှားသော စီးပွားရေးအကျိုးရလဒ် များ ဖြစ်ထွန်းမည့် ပုံစံမျိုးဖြင့် RCEP ကိုထူထောင်သင့်ပေသည်။ အာဆီယံသည် RCEP အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူညီချက်များ (FTAs) လက်မှတ် ရေးထိုးနေမည့်အချိန်မျိုး ဖြစ်လာသည့်အခါတွင်း နောက်ထပ် FTA တစ်ခုကို လက်မှတ်ရေး ထိုးခြင်း သက်သက်မျှဖြင့် စီးပွားရေးအကျိုးရလဒ်ရမလာနိုင်တော့ပေ။လက်ရှိအာဆီယံအပေါင်းတစ် လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက်များထက် သာလွန်ထင်ရှားသော တိုးတက်ဖြစ်ထွန်းမှုဆီမှသာ ပေါ်ပေါက်ရရှိပေသည်။

ဖုကုနာဂနှင့် အိဆိုနိုင် (2013) တို့က RCEP မှ ဖော်ဆောင်ပေးနိုင်သည်။ တိုးတက်

မှု၏အဓိက အပိုင်း (၄) ခုကို ရှိကြောင်းဖော်ပြပေသည်။

- ပထမအချက်မှာ RCEP သည် ကုန်စည်နှင့်ဝန်ဆောင်မှုကုန်သွယ်မှုနှင့် ပင်ရင်းနိုင်ငံ စည်းမျဉ်းများ (Rules of origin) နှင့် ပတ်သက်၍ ကတိကဝတ်ပြု လုပ်ဆောင်မှုများကို ပိုမို နက်ရှိုင်းလာစေပါမည်။

- ဒုတိယအချက်မှာ အာဆီယံ အပေါင်းတစ် လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီ ချက်များရှိ များစွာသောစည်းမျဉ်းနှင့် ကတိကဝတ်များတွင် ရှိနေသည့် (ခေါက်ဆွဲခွက် သဏ္ဍာန်) (noodle-bowl) အခြေအနေမျိုးကို ပြေလျော့သက်သာစေပါမည်။ ပင်ရင်းနိုင်ငံ စည်းမျဉ်း များတွင်သာမက နှစ်နိုင်ငံချင်းကြားထားရှိသည့် အကောက်ခွန်စည်းမျဉ်းများတွင်ပါ ကျိုးကြောင်းဆီလျော်စွာ ညီညွတ်ပြီး လွယ်ကူလာစေပါမည်။

- တတိယအချက်မှာ အာဆီယံလုပ်ငန်းများအနေဖြင့် အရှေ့အာရှ၏ ထုတ်လုပ်မှု ကွန်ယက်များတွင် ပါဝင်လာနိုင်စေရန်အလို့ငှာ ဒေသတွင်းစုပုံမှုနှင့်ဆိုင်သော ကိစ္စများတွင် သက်သာလျော့ပေါ့သည့် စည်းမျဉ်းများကို ကူညီချမှတ်ပေးလာစေပါမည်။

- နောက်ဆုံးအချက်မှာ RCEP အနေဖြင့် အာဆီယံအပေါင်းတစ်လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူညီချက်များထက်ပို၍ နက်ရှိုင်းသော စီးပွားရေးပူးပေါင်းဆောင်ရွက် မှုမျိုးဖြင့် အထောက်အပံ့နည်းလမ်းမျိုးစုံကို ပံ့ပိုးပေးလားစေပါသည်။

ERIA ကလည်း ၎င်း၏ ကာလလယ် ပြန်လည်ဆန်းစစ်ချက် (2012- စာ-62၊63) ကျိုးကြောင်း ပိုမိုခိုင်လုံသော အဆိုများကို အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

၁။ အာဆီယံအနေဖြင့် အကျိုးရလဒ်များထပ်မံဖြစ်ထွန်းလာစေရန်အလို့ငှာ ပို၍ ရိုးစင်း မြင်သာပြီး စီးပွားရေးလုပ်ကိုင်ရ လွယ်ကူသော စည်းကြပ်မှု ပုံသဏ္ဍာန်ကို ဆက်လက် ထိန်းသိမ်းထားပြီး အကောက်ခွန်ကို ၉၅ ရာခိုင်နှုန်းထိ လျော့ချရန်ဟူ၍ ရည်မှန်းချက်ကို အများ လက်ခံလိုက်လျောနိုင်သည့် နည်းလမ်းအဖြစ် ချမှတ်ရန်။

၂။ အချက်အခြာကျသည့် အကောက်အခွန်မဟုတ်သော နည်းလမ်းများဟူသည့် သဘောတရားကို မိတ်ဆက်ပြီး ၎င်းတို့ကို တတ်နိုင်သမျှ များများဖယ်ရှားရန်။

၃။ သာတူညီမျှဖြစ်စေသည့် ပင်ရင်းနိုင်ငံစည်းမျဉ်းကို RVC ၄၀ သို့မဟုတ် CTH တို့နှင့် ဆိုင်သည့် ယေဘုယျစည်းမျဉ်းကို တတ်နိုင်သမျှများများ သတ်မှတ်ရန်နှင့် အခြားသော ပို၍ ဖြေလျော့ထားသော စည်းမျဉ်းများကိုပါ ဖြည့်စွက်ပေးထားရန်။

၄။ ပင်ရင်းနိုင်ငံစည်းမျဉ်းများ ပြုလုပ်ပေးရာတွင် တပေါင်းတစည်းတည်း လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းစဉ်မျိုးဖြစ်လာစေရန်။

၅။ လက်ဆုပ်လက်ကိုင် ဖော်ပြနိုင်သည့် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေသော အထောက်အပံ့များ (ဥပမာ- အာဆီယံကုန်သွယ်မှု သတင်းအချက်အလက် ဘဏ်တိုက်ကို အစပြုရန်နှင့် နည်းလမ်းကြံဆဖြေရှင်းရန်။ )

၆။ လက်ရှိစီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ပိုမိုအရည်အသွေး ပြည့်ဝလာစေရန်နှင့် ဆက်စပ်လုပ်ဆောင်နိုင်မည့် လုပ်ထုံးလုပ်နည်းစနစ်များကို ဖော်ဆောင်ရန်။

၇။ GATS နှင့် အာဆီယံအပေါင်းတစ်ကုန်သွယ်မှု သဘောတူစာချုပ်များအရ အခွင့်အလမ်းများထပ်မံရရှိနိုင်စေရန် AFAS အစီအစဉ်တွဲ-၅ ထက်ပိုမိုမြင့်မားသောအဆင့်မြင့် ဝန်ဆောင်မှုကုန်သွယ်ခြင်းတွင် ဖြေလျှော့မှုပေးရန်ဆိုသောအချက်ကို မမိုတ်မသုန် ရှက်ဆောင်သွားရန်။

၈။ ကုန်စည်နှင့် ဝန်ဆောင်မှုကုန်သွယ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုတို့အတွက် ညှိနှိုင်းထားပြီးသမျှကို မဖြစ်မနေ ဖော်ဆောင်ရန်၊ သို့မှသာ RCEP အဖွဲ့ဝင်အသီးသီးတို့၏ မတူညီသော မျှော်မှန်းရလဒ်သည် ဖြစ်သင့်ဖြစ်ထိုက်သည့်အတိုင်း ဖြစ်ထွန်းလာစေနိုင်ရန်။

၉။ သီးသန့်ခွဲခြားပြုမူလုပ်ဆောင်ရန် လိုအပ်သည့်အခါမျိုးတွင် ပြုမူလုပ်ဆောင်ပုံပြောင်းလဲမည့် အစားအသွင်ကူးပြောင်းချိန် ပို၍ကြာရှည်ခွင့် ပြုရန်။

၁၀။ RCEP အစပြုသည်နှင့် တပြိုင်နက် ထင်ရှားသော အာဆီယံအပေါင်းတစ်တို့၏ RCEP နှင့် ပတ်သက်သည့် ညှိနှိုင်းမှုကိစ္စများကို တစုတစည်းတည်း ပြုမူလုပ်ဆောင်ရန်။

အထက်ဖော်ပြပါ အဆိုအများစုမှာ ခိုင်လုံနေသေးလျက်ပင်ရှိပြီး၊ အချို့မှာမူ RCEP ၏

လမ်းညွှန်မှုများနှင့် ရည်ရွယ်ချက်များတွင် အတိုင်းအတာတစ်ခုထိ လက်ခံခဲ့ပြီးဖြစ်သည်။ (ဥပမာ အဆို ၅၊ ၆ နှင့် ၈)။

*"အာဆီယံဗဟိုပြုမှု"* တည်ဆောက်မှုဖြစ်စဉ်ကို ပံ့ပိုးရာ၊ ထင်ရှားသော ဖြစ်တည်မှု အတွက် မောင်းနှင်ရာ အာဆီယံ

RCEP ၏ လမ်းညွှန်မှုများနှင့် ရည်ရွယ်ချက်တို့ ကြည့်ပါလျှင် ဒေသဆိုင်ရာစီးပွားရေးကို ပုံဖော်ထုဆစ်လာကြရာတွင် အာဆီယံဗဟိုပြုမှုရရှိနေကြောင်း ထင်ရှားစွာပင် အသိအမှတ်ပြုထားပေသည်။ တဖက်တွင်လည်း အာဆီယံကို ဗဟိုပြုမှုဆိုသည်ကို ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုခြင်း မရှိသေးသည်ကိုလည်း တွေ့ရသည်။ ဖုကုနာဂနှင့် အပေါင်းပါများသည်(၂၀၁၃)တွင် "အခရာ ဖြစ်ခြင်း" ဟူသောဝေါဟာရကို သရုပ်ခွဲ၍ပြခဲ့သည်။ ၎င်းက အာဆီယံဗဟိုပြုမှုကို ရှုဒေါင့်နှစ်ခုဖြင့် ခွဲခြားရှုမြင်သင့်ကြောင်း ၎င်းတို့မှာ အာဆီယံသည် တည်ဆောက်မှုဖြစ်စဉ်ကိုပံ့ပိုးပေးသောအခရာအဖြစ်လည်းကောင်း ထင်ရှားပေါ်လွင်မှုကို ဖြစ်စေမည့် မောင်းနှင်အား အဖြစ်လည်းကောင်း တင်ပြခဲ့သည်။

အာဆီယံ၏ ပထမအခန်းကဏ္ဍမှာ အာဆီယံသည် ဒေသဆိုင်ရာတည်ဆောက်မှု ဖြစ်စဉ်ကို ပံ့ပိုးပေးသော အဖွဲ့စည်းဖြစ်သည်။ စင်စစ်က အာဆီယံသည် ခေါင်းဆောင်အဆင့်နှင့် ဝန်ကြီးအဆင့်အစည်းအဝေးများအတွက် အခွင့်အလမ်းမျိုးစုံကို ပံ့ပိုးကူညီပေးနေသည်။ ခေါင်းဆောင်အဆင့်ဆွေးနွေးပွဲများဖြစ်သည်။ အာဆီယံအပေါင်းတစ်ထိပ်သီးဆွေးနွေးပွဲများ၊ အာဆီယံပေါင်း (3) ထိပ်ဆွေးနွေးပွဲများနှင့် အရှေ့အာရှထိပ်သီးဆွေးနွေးပွဲများသည် ခေါင်းဆောင် အသီးအသီးအတွက် နိုင်ငံရေးမဟာဗျူဟာနှင့် စီးပွားရေးလုပ်ငန်းစဉ်တို့အပါအဝင် အဓိကကျသည့် မူဝါဒရေးရာ အခြေအနေများကို ဆွေးနွေးနိုင်စေသည်။ ဝန်ကြီးအဆင့်တွင် အာဆီယံအပေါင်းသုံး ကဏ္ဍရေးဝန်ကြီးများအစည်းအဝေးတွင် ချင်းမိုင် ကနဦးလုပ်ဆောင်ချက် အစီအစဉ်၏ ထင်ရှားသော အကျိုးရလဒ်ကို ဖန်တီးပေးနိုင်ခဲ့သည်။

ကုန်သွယ်မှုကဏ္ဍတွင်လည်း အာဆီယံအပေါင်းတစ် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက် ညှိနှိုင်းပွဲအားလုံး EAFTA နှင့် (CEPEA) တို့၏ RCEP အကြိုညှိနှိုင်းပွဲကို အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်သော အစည်းအဝေးများနှင့် တဆက်တည်း ပြုလုပ်ခဲ့ကြသည်။ အာဆီယံသည် RCEP တွင် ဖြစ်စဉ်ကို ပံ့ပိုးပေးသည့် အစဉ်ကဏ္ဍကို အောင်မြင်စွာ ရယူထားနေသည်။ အထက်တွင် ဆိုခဲ့သည့်အတိုင်းပင် ၂၀၁၂ ခုနှစ် အာဆီယံ

ထိပ်သီးအစည်းအဝေး၌ RCEP အယူအဆကို အဆိုတင်သွင်းခဲ့ပြီး၊ ၂၀၁၂ ဩဂုတ်လတွင် ကျင်းပသော AEM နှင့် ဆက်စပ်အစည်းအဝေးများအတွင်း RCEP လမ်းညွှန်မှုများနှင့် ရည်မှန်းချက်များကို သဘောတူခဲ့ကြကာ၊ ၂၀၁၂ နိုဝင်ဘာလတွင် ကျင်းပသည့် အာဆီယံ ထိပ်သီးအစည်းအဝေး ကျင်းပစဉ်တွင် RCEP ညှိနှိုင်းမှုကို အောင်မြင်စွာအစပြုခဲ့သည်။ ၂၀၁၃၊ ဩဂုတ်လတွင် RCEP ၏ ပထမဆုံးအကြိမ် အစည်းအဝေးကို အာဆီယံစီးပွားရေးဝန် ကြီးများအစည်းအဝေးနှင့် တဆက်တည်း လုပ်ဆောင်ခဲ့သည်မှာ အံ့ဩစရာမရှိပေ။ လောလောဆယ်တွင် RCEP လုပ်ငန်းအဖွဲ့ (၃)ခု ဖြစ်သည့် ကုန်စည်ကုန်သွယ်မှု၊ ဝန်ဆောင်မှုများလုပ်ငန်းများ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့တို့ကို အာဆီယံအဖွဲ့ဝင်နိုင်ငံ များကပင် ဉက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အာဆီယံ၏ RCEP နှင့်ဆိုင်သော အဆိုပြုချက်တွင် ၎င်း၏ခေတ်ပြိုင်အဆိုပြုချက်ဖြစ်သည့် တရုတ်နှင့် ဂျပန်အတွင်း အရှေ့အာရှပူးပေါင်းဆောင်ရွက်မှု အဆိုပြုချက်များတွင် ၎င်းနိုင်ငံများဆုံးရှုံးနစ်နာမှုကို နည်းနိုင်သမျှ နည်းပါးစေရန် ဆောင်ရွက်နိုင်ခဲ့ပြီး အဆိုပါအပြိုင်အဆိုပြုချက်နှစ်ခုကို အာဆီယံ၏ RCEP မဟာဗျူဟာအဖြစ်အသွင်ပြောင်းနိုင်ခဲ့ပြီး ဖြစ်သည်။

အာဆီယံဗဟိုပြုမှု၏ ဒုတိယအချင်းအရာမှာ ထင်ရှားပေါ်လွင်မှုကို ဖြစ်လာစေသည့် မောင်းနှင်အားဖြစ်ခြင်းဖြစ်သည်။ ဖြစ်စဉ်ဖြစ်ရပ်ကို ပံ့ပိုးပေးခြင်းသက်သက်ဖြင့်သာဆိုလျှင် ရပ်တည်မှုကို မောင်းနှင်ပေးသူဖြစ် မလာနိုင်ပေ။ RCEP ညှိနှိုင်းမှုများအ၏ ထင်ရှားသော ရပ်တည်မှုကို ဖြစ်စေရန် မောင်းနှင်ပေးနိုင်သော အာဆီယံစွမ်းအား၌ ကြံ့ခိုင်စွာရှိနေခြင်းမှာ အာဆီယံစီးပွားရေးအသိုက်အဝန်း AEC ကို တည်ဆောက်ရာ၌ အတွေ့အကြုံများ ကျယ်ပြန့် နက်ရှိုင်းစွာ ရရှိထားခြင်းကြောင့်ပင်ဖြစ်သည်။ AEC လမ်းညွှန်ပုံစံတွင် အသေးစိတ် ဖော်ပြ ထားသည့် AEC လုပ်ထုံးလုပ်နည်းများသည် အာဆီယံအပေါင်းတစ် ကုန်သွယ်မှုသဘောတူ စာချုပ်များထက်ပို၍ ကျယ်ပြန့်သည်။ လုပ်ထုံးလုပ်နည်းတူခဲ့လျှင်ပင် AEC နည်းလမ်းသည် ပို၍အတွင်းကျကျလုပ်ဆောင်ပြီး ပို၍ထင်ရှားအရေးပါသော ရလဒ်များကိုဖြစ်စေသည်။ ထို့ ကြောင့်ပင် အာဆီယံသည် ဒေသဖွဲ့စည်းတည်ဆောက်မှုပုံစံသစ်ကို ရေးဆွဲသည့် ဆွေးနွေးမှု ကို ဦးဆောင်ရန် နေရာမှန်ယူထားလျက်ရှိသည်။ စင်စစ်အားဖြင့် ERIA ၏ သုတေသနဖြစ် သည့် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်များ လမ်းညွှန်လေ့လာချက်တွင်တွေ့ ရှိခဲ့သည့် အာဆီယံအပေါင်းတစ် သဘောတူစာချုပ်များရှိ ယေဘုယျလက္ခဏာရပ်များ အတိုင်းပင်၊ အာဆီယံအဖွဲ့တွင်းပူးပေါင်းဆောင်ရွက်ခြင်းသည် အာဆီယံအပေါင်းတစ်တို့ဖွဲ့ စည်းမှုကို အပေါင်း လက္ခဏာဆောင် အပြုသဘောပြ လွှမ်းမိုးထားလျက်ရှိသည်။ RCEP ညှိနှိုင်းမှု လုပ်ရပ်တွင် "အာဆီယံသည် မိမိ၏ AEC အတွေ့အကြုံများ (အောင်မြင်မှုရော

မအောင်မြင်မှုကိုပါ) အခြေခံပြီး ဦးဆောင်မှုပေးသော အခန်းကဏ္ဍကိုရယူကာ အထင်အရှား ရပ်တည်မှုပေးနိုင်မည့် အဆိုပြုချက်များ ချမှတ်သင့်ကြောင်း" နှင့် ဤသို့ဆောင်ရွက်ခြင်းဖြင့် အာဆီယံသည် RCEP တွင် ထင်ရှားသော ရပ်တည်မှုကို မောင်းနှင်ပေးသောအဖွဲ့အစည်း ဆိုသည့်နေရာကို ရယူနိုင်ပေလိမ့်မည် (တဘက်တည်းမှာပင် ကျယ်ပြန့်သော အရှေ့အာရှ စီးပွားရေး ပေါင်းစည်းမှုလည်း ဖြစ်လာပေမည်)။

အောက်ပါတို့သည် RCEP က အလေးထားလျှက်ရှိသည့် ကိစ္စရပ်များဖြစ်ပြီး အာဆီယံ အနေဖြင့် ထင်ရှားသော ပံ့ပိုးမှုများဖြင့် မိမိ၏ထင်ရှားသော အခန်းကဏ္ဍကို ပြသနိုင်မည့် နယ်ပယ်များ ဖြစ်သည်။

၁။ *ကုန်သွယ်မှုကို ထောက်ကူပြုခြင်း။* RCEP ၏ လမ်းညွှန်မှုများနှင့် ရည်ရွယ်ချက်ကို ဖော်ပြရာတွင် RCEP သည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတွင် ထင်သာမြင်သာစေရန်အတွက် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတွင် ထောက်ပံ့ကူညီပေးသွားမည်ဟူသော အချက်ပါဝင်ပေ သည် (မူ-၃)။ အာဆီယံသည် အထင်အရှားပြနိုင်သည့် ကုန်သွယ်မှုကို ထောက်ကူပံ့ပိုးပေး သော ကနဦးလုပ်ဆောင်ချက်မျိုးစုံကို လက်ခံကျင့်သုံးလျှက်ရှိသည်။ အချို့ကို အထူးတလည် အောင်မြင်စွာ ဖော်ဆောင်နိုင်ခဲ့ပြီး အချို့မှာလည်း ဆက်လက်လုပ်ဆောင်ဆဲ အနေအထား တွင်ရှိသည်။ ဥပမာဆိုရသော်- အာဆီယံသည် အာဆီယံကုန်စည်ရန် ကုန်သွယ်မှုသဘော တူညီချက် (ATIGA) တွင် လျှော့ပေါ့သော ပင်ရင်းနိုင်ငံစည်းမျဉ်းကို စတင်မိတ်ဆက်ခဲ့ပြီး၊ ၎င်းကို အချို့သော အာဆီယံအပေါင်းတစ် လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက်တို့၌ လက်ခံကျင့်သုံးလျှက်ရှိသည်။ အာဆီယံပြူတင်းတစ်ပေါက်စနစ် ASEAN Single Window (ASW) ကနဦးအစီအစဉ်ကို အာဆီယံ ၇ နိုင်ငံ၌ စမ်းသပ်ဖော်ဆောင်လျှက်ရှိသည်။ အာဆီယံသည် ၎င်းပိုင် အကောက်ခွန်ဆိုင်ရာ တပြေးညီ ကုန်စည်အုပ်စုသတ်မှတ်ချက် (AHTN) ကို ကမ္ဘာ့အကောက်ခွန်ဆိုင်ရာ တပြေးညီကုန်စည်အုပ်စုသတ်မှတ်ချက် (HS Code) ပေါ်အခြေပြု၍ ထုထောင်ခဲ့ပြီးဖြစ်သည်။ လက်ရှိအာဆီယံကုန်သွယ်မှု သတင်းအချက် အလက်ဘဏ်တိုက် (ASEAN Repository) ကို နိုင်ငံအသီးသီးရှိ ပြည်တွင်းကုန်သွယ်မှု သတင်းအချက်အလက်ဘဏ်တိုက်များနှင့် ဆက်စပ်ဖန်တီးလျှက်ရှိသည်။ အာဆီယံအပေါင်း တစ်လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူစာချုပ်တို့တွင် ကုန်သွယ်မှုကို ထောက်ကူပြုမှုဟူ သောအမြင် ပါဝင်နေသော်လည်း ကုန်သွယ်မှုသဘောတူစာချုပ်အချို့၌ ကျယ်ပြန့်စွာ ဖော်ပြ ထားခြင်းမရှိပေ။ အာဆီယံ၏အတွေ့အကြုံများသည် အကြံဉာဏ်များစွာကို ပံ့ပိုးပေးနိုင်ပြီး ဒေသလုံးဆိုင်ရာ ကုန်သွယ်မှုကို အထောက်အကူပြုနေသော ကနဦးလုပ်ဆောင်ချက်များ၏ နည်းပညာဆိုင်ရာ ပုံစံများကိုပါ ပံ့ပိုးပေးနိုင်သေးသည်။

၂။ *ဝန်ဆောင်မှုများတွင် ဖြေလျှော့ပေးခြင်း။* AFAS သည်အခြားသော အာဆီယံ အပေါင်းတစ်လွတ်လပ်သဘောတူညီချက်များယှဉ်သော် ဝန်ဆောင်မှုတွင် အဆင့်မြင့်မားစွာ ဖြေလျှော့မှုများပေးနိုင်သည်အထိ အောင်မြင်မှုရရှိထားကြောင်း ဇယား (၆.၁) တွင် တွေ့မြင်နိုင်သည်။ အာဆီယံ၏ ဝန်ဆောင်မှုဖြေလျှော့ပေးခြင်းသည် မူလက (၎င်း၏ ပမာဏ နှင့် ဒုတိယအစီအစဉ်တွဲ) သမားရိုးကျ ကုန်သွယ်မှု ညှိနှိုင်းနည်းလမ်းဖြစ်သော ခွင့်ပန်ခြင်း၊ ကမ်းလှမ်းခြင်း ပုံစံမျိုးဖြင့် အစပြုခဲ့သည်။ မွမ်းမံထားသည့်နည်းလမ်းကို တတိယနှင့် စတုတ္ထ အစီအစဉ်တွဲများတွင် လုပ်ဆောင်ခဲ့သည်။ သို့သော် AEC လမ်းညွှန်ပုံစံကို ချပြလိုက်ခြင်းနှင့် အတူ AFAS သည် ပုံသေနည်း - လမ်းစဉ် ကိုဖော်ဆောင်လာသည်။ အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်ခုချင်းသည် အစီအစဉ်တွဲအလိုက် သတ်မှတ်ထားသော မျှော်မှန်းရလာဒ်ကို ပြည့်မှီ ရမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်မှာ နောက်ဆုံးပန်းတိုင်ဖြစ်သည်။ သို့သော် ခွင့်ပန်းကမ်းလှမ်းခြင်းမျိုး လုပ်ဆောင်ရန် လုံးဝမလိုတော့ပေ။ တနည်းဆိုရသော် AFAS သည် ဒေသတခုလုံးအဆင့် ပြည်တွင်းမူဝါဒ ပြုပြင်ပြောင်းလဲမှု အားထုတ်ကျိုးပမ်းမှုများကို လက်တွေ့ဆန်စွာထောက်ပံ့ အားပေးလျှက်ရှိပြီး အစဉ်အလာမပျက် ကုန်သွယ်မှုဖြေလျှော့ခြင်းများကိုလည်း လက်ကိုင် ထားဆဲဖြစ်သည်။ ဝန်ဆောင်မှုတွင် ပြုပြင်ပြောင်းလဲခြင်းသည် နိုင်ငံခြားတိုင်းပြည်ထက် ပြုပြင်ပြောင်းလဲမှုပြုလုပ်သော နိုင်ငံအတွက် အကျိုးကျေးဇူးများဖြစ်ထွန်းသည် ဟူသော အချက်ကို ထည့်သွင်းစဉ်းစားပါက AFAS ၏ လုပ်ဆောင်ပုံလုပ်ဆောင်နည်းသည် ကြောင်းကျိုးဆီလျှော်လှပေသည်။ အကြောင်းမှာ ဝန်ဆောင်မှုကဏ္ဍ၏ ထုတ်လုပ်မှုစွမ်းအား သည် စက်မှုကုန်စည်ကဏ္ဍ၏ယှဉ်ပြိုင်စွမ်းနှင့် နိုင်ငံ၏စုစုပေါင်း စီးပွားရေးကို အထောက်အကူ ပေးသောကြောင့်ဖြစ်သည်။ အာဆီယံသည် ပုံသေနည်းလမ်းစဉ်အပါအဝင် AFAS ပုံစံ ဖြေလျှော့မှုကို သီးခြားပုံစံများဖြင့် လိုက်နာကျင့်သုံးခြင်းကို အဆိုပြုရန်ရှိလာနိုင်သော်လည်း အာဆီယံမဟုတ်သော နိုင်ငံများကို အာဆီယံနိုင်ငံအချင်းချင်းနှင့် တန်းတူထားလျက် အပြန် အလှန် အခွင့်အရေးပေးမှုမျိုးကို လုပ်ဆောင်လိုဟန်မရှိသေးပေ။

ဇယား၆.၁ - AFAS နှင့် ASEAN + 1 လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက်များရှိ WTO Plus (ဟိုက်မင်းညွှန်းကိန်းများဖြင့်)

| | AFAS(8) | | AANZFTA | | ACFTA(2) | | AKFTA | |
|---|---|---|---|---|---|---|---|---|
| | Total | WTO+ | Total | WTO+ | Total | WTO+ | Total | WTO+ |
| Brunei | 0.30 | 0.27 | 0.18 | 0.15 | 0.04 | 0.02 | 0.09 | 0.06 |
| Cambodia | 0.45 | 0.06 | 0.53 | 0.14 | 0.40 | 0.01 | 0.40 | 0.01 |
| Indonesia | 0.58 | 0.51 | 0.30 | 0.23 | 0.11 | 0.03 | 0.19 | 0.12 |
| LaoPDR | 0.39 | 0.39 | 0.26 | 0.26 | 0.05 | 0.05 | 0.08 | 0.08 |
| Malaysia | 0.45 | 0.30 | 0.33 | 0.17 | 0.21 | 0.05 | 0.21 | 0.06 |
| Myanmar | 0.42 | 0.39 | 0.25 | 0.22 | 0.08 | 0.05 | 0.06 | 0.02 |
| Philippines | 0.32 | 0.22 | 0.26 | 0.16 | 0.20 | 0.10 | 0.15 | 0.05 |
| Singapore | 0.42 | 0.31 | 0.46 | 0.34 | 0.40 | 0.29 | 0.35 | 0.23 |
| Thailand | 0.60 | 0.34 | 0.36 | 0.11 | 0.27 | 0.02 | NA | NA |
| VietNam | 0.44 | 0.15 | 0.48 | 0.19 | 0.38 | 0.08 | 0.34 | 0.05 |
| ASEAN (average) | 0.44 | 0.29 | 0.34 | 0.20 | 0.21 | 0.07 | 0.21 | 0.08 |
| | | | | | | | | |
| Australia | | | 0.52 | 0.17 | | | | |
| NewZealand | | | 0.53 | 0.28 | | | | |
| China | | | | | 0.34 | 0.09 | | |
| Korea | | | | | | | 0.31 | 0.08 |

မှတ်ရန် - Based on specific commitments and some horizontal commitments (where explicit reference is made in specific commitments). AFAS (8) means its eighth package, while the score also considers respective countries' financial liberalisation commitments in the AFAS fifth financial package. ACFTA (2) means its second package. The scores are modified when FTA commitments do not

fully reflect the respective countries' GATS commitments (GATS-modified score). 'WTO+' for Lao PDR assumes that Lao PDR's GATS commitments are 0 in terms of Hoekman index. ASEAN average for AKFTA does not count Thailand because its commitment is not publicly available.

'Total' means the score based on the simple average of the Hoekman index, derived from 155 subsectors. 'WTO Plus' is the difference between commitments under FTAs and those under the GATS, meaning 'addition liberalisation' vis-à-vis the WTO.

ဇာစ်မြစ် - The Economic Research Institute for ASEAN and East Asia (ERIA) database as of 3 September 2013.

၃။ အကောက်အခွန်မဟုတ်သောအတားအဆီးများ။ အာဆီယံအဆင့်မြင့်အရာရှိကြီးများသည် ဒေသတွင်းရှိ အကောက်အခွန်မဟုတ်သော အတားအဆီးများနှင့် ပတ်သက်၍ ထုတ်ဖော် ပြောဆိုမှုများတိုး၍ လာလျက်ရှိသည်။ စင်စစ် ATIGA အပိုဒ် ၄၁ နှင့် ၄၂ အရ အဆိုပါ အကောက်အခွန်မဟုတ်သော အတားအဆီးများကို ဖယ်ရှားရန်လိုအပ်သည်။ သို့သော် အကောက်အခွန် မဟုတ်သော အတားအဆီးအနေဖြင့် ၎င်းတို့ကို အလိုအလျောက် ဖယ်ရှားရန် လုပ်ဆောင်ချက်များရှိရာ အာဆီယံအဖွဲ့ဝင်အနည်းငယ်မျှ (စင်စစ်နှစ်နိုင်ငံကသာ) ကမ်းလှမ်းထားခဲ့ကြသည်။ သို့သော်အရေးပါသည့် အကောက်အခွန်မဟုတ်သော နည်းလမ်းများကျင့်သုံးခြင်းသည် အကောက်အခွန်မဟုတ်သည့် အတားအဆီးများနှင့် အပြိုင်ပေါ်ထွက်လာခဲ့ပြီး အနည်းငယ်မျှသော အာဆီယံနိုင်ငံတို့၌ အသုံးပြုမှုမှာ အခြားနိုင်ငံများထက်မြင့်နေကြောင်း တွေ့ရသည်။ (ERIA ၂၀၁၂ (က) စာ (၃) -၁၉-၂၃) အလားတူပင် ATIGA အပိုဒ် (၁၁)၌ ဖော်ပြပါရှိသော ရှင်းလင်းမြင်သာသည့် နည်းလမ်းဆိုသောအချက်အရ နည်းလမ်းသစ်တစ်ခုအစမပြုမီတွင် အတွင်းရေးမှူးချုပ်ရုံး၏ ခွင့်ပြုမိန့်လိုအပ်ပေသည်။ သို့သော် ၎င်းလိုအပ်ချက်ကို အပြည့်အဝပြည့်မီအောင် လိုက်နာခြင်းမရှိပေ။ တနည်းဆိုသော် အာဆီယံအနေဖြင့် အကောက်အခွန်မဟုတ်သော အတားအဆီးများကို ဖယ်ရှားခြင်းနှင့် အကောက်ခွန်မဟုတ်သောနည်းလမ်းများကို ပုံဖော်အချောသတ်ခြင်းအတွက် စိန်ခေါ်မှုများစွာ ရှိနေပေသည်။

## စိတ်ချယုံကြည်၊ ၂၀၁၅ တွင် AEC

အထက်ဖော်ပြပါအတိုင်း အာဆီယံက အာဆီယံအပေါင်းတစ် ကုန်သွယ်မှုသဘောတူညီချက်တို့နှင့် RCEP အပေါ်လွှမ်းမိုးထားနိုင်ခြင်းမှာ ၎င်း၏ AEC ၂၀၁၅ ကို အောင်မြင့်စွာ ဖြစ်ထွန်းလာနိုင်ရေးအချက်အားသွန်ခွန်စိုက်ကြိုးပမ်းမှုများမှထွက်ပေါ်လာခြင်းပင်ဖြစ်သည်။

အကယ်၍သာ အာဆီယံနိုင်ငံများက အာဆီယံအချင်းချင်းချမှတ်ထားသည့် မျှော်မှန်းရလဒ်များကို မပြည့်မီနိုင်ပါလျှင် RCEP ကို ထူထောင်ရန်မှာလည်း ထိုနည်းလမ်းကောင်းပင် အလွန်တရာ ခက်ခဲပေလိမ့်မည်။ AEC ၂၀၁၅ သာ အောင်မြင်ခဲ့လျှင် အာဆီယံသည် သူ၏လွတ်လပ်စွာ ကုန်သွယ်မှု မိတ်ဖက်နိုင်ငံများကို RCEP ၌ လည်း ထိုနည်းလမ်းများကျင့်သုံးရန် စည်းစားနိုင်ကြောင်း သဘာဝကျစွာ ဆွဲဆောင်နိုင်ပါလိမ့်မည်။ ထို့ကြောင့် AEC ကို ၂၀၁၅ ၌ တည်ထောင်နိုင်ခြင်းသည် အာဆီယံဗဟိုပြု သဘောတရား၏ အရေးပါဆုံးသော တာထွက်မှတ်ပင်ဖြစ်သည်။

အာဆီယံ၏ ဖြစ်မြောက်အောင်မြင်သော အဆိုပြုတင်ပြချက်များ ပေါ်ထွက်လာရန်မှာ အာဆီယံနိုင်ငံများအကြား တူညီသောသဘောထားအမြင်ကိုဆောလျှင်စွာတည်ဆောက်ရန် လိုအပ်ပေသည်။ အာဆီယံအဖွဲ့တွင် ဆွေးနွေးချက်များမှာ လွန်စွာကြာမြင့်သွားသော အခြေအနေမျိုးဖြစ်ခဲ့ပါလျှင်၊ လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူ စာချုပ်ပါမိတ်ဖက်နိုင်ငံတို့ အနေဖြင့် ဇနောင့်ဇနင်းဖြစ်ဖွယ်ရှိလာပြီး၊ အာဆီယံသည်လည်း ဦးဆောင်ဆွေးနွေးသူဟူသော အဖိုးထိုက်တန်လှသည့် အခွင့်အရေးနှင့် လွဲရဖွယ်ရှိပေသည်။

## အကောင်အထည်ဖော်မှုနှင့် RCEP ဆိုင်ရာ အခြားအရေးပါသော အကြောင်းအရာများ

RCEP ညှိနှိုင်းမှုကို ၂၀၁၅တွင် အပြီးသတ်ရန် ရည်မှန်းထားသည် (RCEP လမ်းညွှန်မှုများ)။ ထို့ကြောင့် RCEP ၏ အရေးပါသော အကြောင်းအရာများကို ၂၀၁၅ လွန်ထက် ၂၀၁၅ ဒီဇင်ဘာလကို နောက်ဆုံးထား၍ ညှိနှိုင်းအဆုံးသတ်သင့်ပေပင်ဖြစ်သည်။ သို့စေကာမူ ၂၀၁၅ လွန်ကာလများ ထိအရေးပါနေဦးမည့်အကြောင်းအရာများနှင့် ညှိနှိုင်းအကောင်အထည်ဖော်မှုများလည်း အောက်ပါ အကြောင်းပြချက်များကြောင့် ရှိနေနိုင်ကြောင်း စဉ်းစားသင့်ပေသည်။

- ပထမအချက်မှာ RCEP သည် ၎င်း၏ပြဋ္ဌာန်းထားသည့် လုပ်ဆောင်ချက်များအားလုံး အကောင်အထည်မပေါ်သေးခင်အထိ အချိန်အတိုင်းအတာတစ်ခုအထိ လွတ်လပ်စွာ ကုန်သွယ်မှု ယန္တရားကို ၂၀၁၅ မတိုင်မီတည်ဆောက်နိုင်မှသာ ၂၀၁၅ ကာလအထိ အကောင်အထည်ဖော်မှုသည် အမြင့်ဆုံးဖြစ်ပေလိမ့်မည်။

•	ဒုတိယအချက်မှာ မူလသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးသည်နှင့် တပြိုင်နက် RCEP တွင်ပါ ပွင့်လင်းလွတ်လပ်စွာ အဖွဲ့ဝင်ဖြစ်လာနိုင်မှု စာပိုဒ်အရ RCEP ၏ ပထဝီအနေအထားအရ လွှမ်းခြုံမှု ပိုမိုကျယ်ပြန့်လာမည်ဖြစ်သည်။ ထိုသို့ ဖြစ်လာနိုင်ရန်မှာ ပွင့်လင်းလွတ်လပ်စွာ အဖွဲ့ဝင်ဖြစ်လာနိုင်မှုဟူသော စာပိုဒ်က အခရာကျရောက်သော ယန္တရားပင်ဖြစ်သည်။ ပွင့်လင်းလွတ်လပ်စွာအဖွဲ့ဝင်မှု ယန္တရားကို RCEP အဖွဲ့ဝင်များက မည်သို့ ပေါက်မြောက်အောင် လုပ်ဆောင်နိုင်ကြပါမည်နည်း။

•	တတိယအချက်မှာ RCEP ၏ အဓိကကနဦး လုပ်ဆောင်ချက်နှစ်ခုအနက်မှ တစ်ခုဖြစ်သည့် TPP နည်းတူပင် APEC အဖွဲ့ဝင် ၂၁ နိုင်ငံမှ ခေါင်းဆောင်များသဘောတူထားခဲ့ကြသည့်အချက်ဖြစ်သော အာရှ-ပစိဖိတ်လွတ်လပ်စွာ ကုန်သွယ်မှုဒေသထိ ဖြစ်ထွန်းလာစေရန် ဖြစ်သည်။ [4] RCEP ၏ TPP နှင့် ဆက်နွယ်မှုနှင့် အပြန်အလှန်တုန့်ပြန်လုပ်ဆောင်မှုတို့သည် 2015 လွန်နှစ်များတွင် အာဆီယံသို့အရေးပါသော သက်ရောက်မှုများဖြစ်လာနိုင်ပေလိမ့်မည်။

ဖော်ပြခဲ့ပြီးသော အကြောင်းအရာအားလုံးတို့သည် အာဆီယံဗဟိုပြုမှုနှင့်လည်း ဆက်စပ်လျက်ရှိပါသည်။

*RCEP တွင် အကောင်အထည်ဖော်မှုယန္တရား။* ၂၀၁၅ ၌ RCEP ညှိနှိုင်းမှုကို တူညီချက်မှသည် အကောင်အထည်ဖော်မှုကိစ္စရပ်ဆီသို့ ရွေ့ပြောင်းသွားပေလိမ့်မည်။ သဘောတူထားပြီးသော အရာများကို ချောမွေ့ပြည့်စုံစွာ အကောင်အထည်ဖော်နိုင်လာစေမည့် နည်းလမ်းမျိုးစုံရှိပေသည်။ အငြင်းပွားမှုဖြေရှင်းရေးယန္တရား (DSM)၊ စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ပူးတွဲကော်မတီ၊ အတွင်းရေးမှူးချုပ်ရုံးနှင့် အတွင်းရေးမှူးချုပ်ရုံး၏ သုံးသပ်မှုယန္တရား စသဖြင့် ဖြစ်ပါသည်။

*(၁)	ပဋိပက္ခဖြေရှင်းရေးယန္တရား (DSM)*

RCEP ၏ လမ်းညွှန်မှုများတွင် ပဋိပက္ခဖြေရှင်းခြင်းသည် အခန်း(၈)ခုဖြင့် ဖွဲ့စည်းထားသော

---

[4] Pathways to FTAAP, adopted by APEC Economic Leaders Meeting, 14 November 2011.

သဘောတူညီချက်၏ အခန်းတစ်ခုပင်ဖြစ်သည်။ ယခုအထိဆိုရလျှင် ညှိနှိုင်းမှုတွင် DSM အတွက် များစွာအချိန်ကုန်မခံခဲ့ရပေ။ [5]

ကောင်းစွာလုပ်ဆောင်သည့် DSM သည် သဘောတူညီချက်တစ်ခု အပေါ် စိတ်ချယုံကြည်မှု အရည်အသွေးကို ပေးစွမ်းနိုင်မည်ဖြစ်သည်။ ကတိကဝတ်များကို လိုက်နာစေနိုင်သည့် အခြားသောလုပ်ဆောင်ပုံမှာ RCEP တွင် ထည့်သွင်းထားနိုင်သော်လည်း DSM သည် သဘောတူညီချက်အတိုင်း အဖွဲ့ဝင်နိုင်သော်လည်း DSM သည် သဘောတူညီချက်အတိုင်း အဖွဲ့ဝင်နိုင်ငံများက လိုက်နာစေရန် အသုံးပြုသည့် နောက်ဆုံးနည်းလမ်းဖြစ်သည်။ မှတ်သားဖွယ်တစ်ချက်မှာ WTODSM ကို ဖွံ့ဖြိုးပြီး နိုင်ငံများသာမက အာဆီယံနိုင်ငံများအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများကပါ အသုံးပြုကြသည်ဆိုသည့်အချက်ဖြစ်သည်။ စင်စစ် DSM သည် စီးပွားရေးအဆောက်အအုံကြီးထက် စီးပွားရေးအဆောက်အအုံငယ်များအတွက်ပါ အသုံးဝင်သော နည်းလမ်းဖြစ်နေရခြင်းမှာ (က) ကြီးမားသော စီးပွားရေးအဆောက်အအုံတစ်ခုသည် နိုင်ငံငယ်များကို ဖိအားပေးရန် တနိုင်ငံခြင်းအလိုက် စီးပွားရေးပိတ်ဆို့မှု မလုပ်နိုင်ကြပေ။ (ခ) ကြီးမားသော စီးပွားရေး အဆောက်အအုံတစ်ခုသည် စီးပွားရေးအဆောက်အအုံငယ်တစ်ခုကဲ့သို့ပင် မိမိဘာသာချမှတ်ထားသော သန္နိဋ္ဌာန်နှင့်အညီ လိုက်နာနေထိုင်သင့်သောကြောင့်လည်းဖြစ်သည်။ ဇယား (၆-၂) တွင် အာဆီယံက WTODSM အသုံးပြုခဲ့သောအမှုနှင့် ကျန် ၁၁၆ မှု၌ တတိယအုပ်စုအဖြစ် ပါဝင်ခဲ့ခြင်းဖြစ်သည်။ အာဆီယံသည် WTO က တရားစွဲဆိုမှုမတိုင်ခင် (၎င်းမှာအငြင်းပွားမှု ၁၇-မှု)၊ မကြာခဏဆိုသလိုပင် အာဆီယံအနေဖြင့် စွဲဆိုမှုများပြုလုပ်ခဲ့သည် (အငြင်းပွားမှု ၃၀ မှု)။ × အရေအတွက် စောဒက-မှု ၃၀ မှုမှာ အာဆီယံ လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက် မိတ်ဖက်နိုင်ငံရေး အတွက်ထက်များနေပေသည်။ [6]

[5] As of December 2013, the negotiation has prioritised trade in goods, trade in services, and investment.
[6] Of course, the use of each AMS is smaller than ASEAN FTA Partners.

ဇယား ၆.၂ - WTO ၏ ပဋိပက္ခဖြေရှင်းမှုယန္တရားကိုအသုံးပြုမှု

| | Complainant | Respondent | ThirdParty | Total |
|---|---|---|---|---|
| Australia | 7 | 15 | 80 | 102 |
| China | 12 | 31 | 103 | 146 |
| India | 21 | 22 | 92 | 135 |
| Japan | 19 | 15 | 138 | 172 |
| Korea | 16 | 14 | 80 | 110 |
| NewZealand | 8 | 0 | 36 | 44 |
| ASEAN | 30 | 17 | 116 | 163 |
| Brunei | 0 | 0 | 0 | 0 |
| Cambodia | 0 | 0 | 0 | 0 |
| Indonesia | 8 | 7 | 9 | 24 |
| Lao PDR | 0 | 0 | 0 | 0 |
| Malaysia | 1 | 1 | 5 | 7 |
| Myanmar | 0 | 0 | 0 | 0 |
| Philippines | 5 | 6 | 11 | 22 |
| Singapore | 1 | 0 | 11 | 12 |
| Thailand | 13 | 3 | 64 | 80 |
| VietNam | 2 | 0 | 16 | 18 |

ဇစ်မြစ် - WTO Website(http://www.wto.org/english/tratop_e/dispu_e/dispu_by_country_e.htm ;as of 26 Dec 2013)

အာဆီယံအပေါင်းတစ် FTA ရော အာဆီယံတွင်ပါ DSM များရှိကြသည်။ လောလောဆယ် တည်ရှိနေသည့် အာဆီယံအပေါင်းတစ် FTA တွင် ရှိသည့် DSM များသည် တစ်ခုနှင့် တစ်ခုဆင်တူယိုးမှားဖြစ်ပြီး အခြေအနေကိုလိုက်၍ အမှုတွင်မပါဝင်သူက ဖြေရှင်းသောစနစ် ကို လိုက်နာကျင့်သုံးကြသည်။ သို့သော် အာဆီယံ၏ ပိုမိုကောင်းမွန်သော ပဋိပက္ခဖြေရှင်းမှု ယန္တရား (EDSM) နှင့် ကွာခြားကြသည်။[7] EDSM သည် လက်တွေ့အားဖြင့် WTO ၏ ကြံ့ခိုင်၍ ထိရောက်သော ခုံရုံးဆုံးဖြတ်မှုစနစ်ကို ပွားယူထားခြင်းဖြစ်သည်။ မှတ်ထားစရာ အကောင်းဆုံး အချက်မှာ အာဆီယံ၏ EDSM ၌ အယူခံအဖွဲ့အစည်း၊ အတွင်းရေးမှူးချုပ်ရုံး (အာဆီယံ အတွင်းရေးမှူး ရုံး)နှင့် အာဆီယံ DSM ရံပုံငွေဟူ၍ရှိပြီး မည်သည့် အာဆီယံ အပေါင်းတစ် FTAS တွင်မှ ထိုကဲ့သို့ဖွဲ့စည်းမထားပေ။

ကံကောင်းခြင်း သို့မဟုတ် ကံဆိုးခြင်းလည်း ဖြစ်နိုင်သည်မှာ DSM သည် အာဆီယံအတွင်း နှင့် အာဆီယံအပေါင်း FTA များတွင်ပါ အသုံးပြုခဲ့ဘူးခြင်းမရှိသော အချက်ဖြစ်သည်။ ထို့ ကြောင့် အာဆီယံ၏ EDSM သည် အာဆီယံအပေါင်းတစ် DSM များထက် ပိုမိုအလွန်ကြောင်း ဆွေးနွေးပြောဆိုရန် စောနေပေသေးသည်။ တဖက်မှကြည့်လျှင် RCEP DSM ကို ပြုစုကြရာ ဝယ် အာဆီယံအပေါင်းတစ် DSMS ကိုသာမက အာဆီယံ EDSM ကိုပါ ထည့်သွင်းစဉ်းစား သင့်ကြောင်းပင်ဖြစ်သည်။

ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံများ (LDCS) သည် RCEP DSM ကို အထူးအလေးပေးရန် လိုပေ သည်။ ဇယား (၆-၂)တွင် ရှင်းလင်းစွာဖော်ပြထားသကဲ့သို့ပင် လာအိုနှင့် မြန်မာတို့သည် WTO DSM ဖြင့် မည်သည့်အခါကမျှ ပါဝင်ပတ်သက်ခဲ့သည့် အမှုမရှိခဲ့ကြပေ။[8] WTO ပဋိပက္ခ ဖြေရှင်းရေး နားလည်မှုနှင့် ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်စွာကုန်သွယ်မှုသဘောတူ ညီချက် AANZFTA ပဋိပက္ခဖြေရှင်းရေးပံ့ပိုးမှု အစီအစဉ်တွင် သတ်မှတ်ဖော်ပြထားသည့် အတိုင်း LDC များ တမူထူးပြီး ကွဲပြားခြားနားစွာ ကျင့်သုံးသင့်ပေသည်။ ထို့ပြင် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့အစည်း ဥပဒေဆိုင်ရာ အကြံပေးမှုဗဟိုဌာနမှ ပံ့ပိုးပေးသော နည်းပညာအထောက်အပံ့ အစီအစဉ်ကို WTO တရားစီရင်ရေး စနစ်ရှေ့မှောက်ရောက်သည့်အခါတိုင်း မကြာခဏ ဆိုသလို အသုံးပြုသော အာဆီယံ (၃)နိုင်ငံရှိပါသည်။ ထိုင်း၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှား တို့ဖြစ် ကြပါသည်။[9] အလားတူ ယန္တရားမျိုးကို RCEP တွင်လည်း ထည့်သွင်းစဉ်းစားနိုင်ပါသည်။

[7]ASEAN Protocol on Enhanced Dispute Settlement Mechanism, adopted at the ASEAN Summit on 29 November 2004, Vientiane, Lao PDR.
[8] Brunei has not used the WTO DSM either probably due to its characteristic trading structure.
[9] Nine cases for Thailand, 3 cases each for Indonesia and the Philippines. Among the RCEP members, India has also received assistance from the ACWL for 3 cases. From the ACWL Website (http://www.acwl.ch/e/index.html).)

*(၂) RCEP ရှိ ကုန်သွယ်ရေး မူဝါဒကို ပြန်လည် သုံးသပ်ရန် ဖြစ်နိုင်ချေ*

DSM သည် ကုန်သွယ်မှုသဘောတူညီချက်များကို အချိန်မီအကောင်အထည်ဖော်ခြင်းနှင့် လိုက်နာအောင်ဆွဲဆောင်သည့် တစ်ခုတည်းသော ယန္တရားအား မဟုတ်ချေ။ အာဆီယံပေါင်းတစ် FTA တို့တွင်ဆပ်ကော်မတီများဖြင့် ဖွဲ့စည်းထားသော ပူးတွဲကော်မတီများဖွဲ့ပြီး လက်တွေ့အသေး စိတ်အကောင်အထည်ဖော်မှု ကိစ္စအရပ်ရပ်ကို ဆွေးနွေးကြသည်။ သဘောတူညီချက်အသစ်ကို ညှိနှိုင်းသောအခါတွင်လည်းကောင်း ရှိပြီးသဘောတူညီချက်တို့ကို ပြန်လည်သုံးသပ်သောအခါတွင်လည်းကောင်း ၎င်းကော်မတီများသည် ညှိနှိုင်းရေးအနေဖြင့်လည်း လုပ်ဆောင်ပေးကြသည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များတွင်လည်း ကျယ်ပြန့်သော အကြောင်းအရာအသီ ကာမိသောအခြေအနေရှိသည်။ လမ်းညွှန်မှု "မူ"များတွင် ပါဝင်သည့် စီးပွားရေးနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုကို အဓိကထားခြင်းမှာ အံ့ဝင်ဂွင်ကျဖြစ်လျှက်ရှိသည်။ WTO နှင့် နှိုင်းယှဉ်ပါက အာဆီယံအပေါင်းတစ် FTA တို့တွင် လစ်ဟာနေသောအချက်မှာ ကြိမ်နှုန်းအတိုင်း ဆန်းစစ်မှုများလုပ်လေ့ရှိသည်။ (ဥပမာ- အရွယ်အစားကြီးသောစီးပွားရေးအဆောက်အအုံကိုမကြာခဏဆန်းစစ်မှုများပြုလုပ်သည်။) TPRM သည် ဆန်းစစ်မှုပြုလုပ်သောနိုင်ငံအခြားအဖွဲ့ဝင်နိုင်ငံများနှင့် အတွင်းရေးမှူးချုပ်ရုံးတို့ အပြန်အလှန်တည်ရှိသော ဖြစ်စဉ်တစ်ရပ်ဖြစ်ပြီး၊ ကုန်သွယ်မှုမူဝါဒ ထင်သာ မြင်သာရှိမှုကိုပို၍ အားပေးပြီး၊ အကောင်အထည်ဖော်ခြင်း၊ လိုက်နာအောင်လုပ်ဆောင်ပေးခြင်း ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းဖိအားပေးလာစေရန် လုပ်ဆောင်ပေးသည်။ ယခုအချိန်အထိ အာဆီယံအပေါင်းတစ် FTA တို့တွင် TPRM မရှိသေးပေ။ အကြောင်းမှာ TPRM သည် တောင့်တင်းကြံ့ခိုင်သော အတွင်းရေးမှူးချုပ်ရုံးလိုအပ်ပြီး မည်သည့်အာဆီယံ အပေါင်းတစ်တွင်မှ အတွင်းရေးမှူးချုပ်ရုံးဟူ၍ မရှိခြင်းပင်ဖြစ်သည်။[10] တဖက်မှ ကြည့်ပြန်လျှင် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးက AEC တိုးတက်ဖြစ်ပေါ်မှုနှင့် ဆိုင်သမျှ AEC အကဲဖြတ်ချက် အပါအဝင် သတင်းမှတ်တမ်းများစွာကို ထုတ်ဝေပေးလျှက် ရှိခြင်းကြောင့် လည်းဖြစ်သည်။ အာဆီယံ သည် ERIA ၏ ပံ့ပိုးမှုဖြင့် ၂၀၁၂ ခုနှစ်တွင် AEC လမ်းညွှန်ပုံစံ၏ ကာလလတ်ဆန်းစစ် ချက်ကိုလည်း လုပ်ဆောင်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ ပြန်လည် သုံးသပ်သည့်စနစ်ကို အသုံးပြုခြင်းသည် RCEP သဘောတူညီချက်ပါ ကောင်အထည်ဖော်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိရေးတို့ကိုပါ ပိုမို ကောင်းမွန်လာနိုင်စေသည်။

---

[10] ASEAN Secretariat plays the role in limited occasion. AANZFTA has a special unit in the ASEAN Secretariat, which plays a similar role of FTA secretariat to some degree.

## (၃) RCEP တွင် ပါသည့်လွတ်လပ်စွာအဖွဲ့ဝင်ဖြစ်ခွင့်ရှိခြင်းစာပိုဒ်

RCEP ၏လမ်းညွှန်မှုများနှင့် ရည်ရွယ်ချက်များ (မူ-၆) က RCEP တွင် လွတ်လပ်စွာ အဖွဲ့ဝင်ဖြစ်ခန့်ရှိခြင်း စာပိုဒ်ကိုထည့်သွင်းရန် ကြေငြာခဲ့သည်။ ပို၍ အထူးပြုဖော်ပြရလျှင် ၎င်းက အောက်ပါအတိုင်းတင်ပြသည်။

"RCEP သဘောတူညီချက်တွင် RCEP ညှိနှိုင်းမှုများ ပြီးမြောက်ပြည့်စုံသွားသည့် နောက်ပိုင်း၊ RCEP ညှိနှိုင်းမှုများတွင်ပါဝင်ထားခြင်းမရှိခဲ့သော မည်သည့်အာဆီယံအပေါင်းတစ် FTA မိတ်ဖက်နိုင်ငံကိုမဆို အခြားသော စီးပွားရေးမိတ်ဖက်ပြင်ပနိုင်ငံများကိုမဆို လွတ်လပ်အဖွဲ့ဝင်ဖြစ်ခွင့်ရှိစေရန် ဟူသောစာပိုဒ်ပါရှိလာပါမည်။" (မူ-၆)။

လွတ်လပ်စွာ အဖွဲ့ဝင်ခွင့်ရှိခြင်းစာပိုဒ်၏ အရေးပါပုံ(၃)ချက်ရှိသည်။ ပထမအချက်မှာ နှစ်နိုင်ငံချင်း သို့မဟုတ် ဒေသတွင်း FTA သည် ကုန်သွယ်မှုလမ်းကြောင်းလွဲခြင်းကို ဖြစ်စေသဖြင့် ကမ္ဘာကြီးအတွက် အကြီးမားဆုံးသော စီးပွားရေးဆိုင်ရာ ကောင်းကျိုးချမ်းသာများကို ဖန်တီးရယူမပေးနိုင်ဟူသော အချက်ကို ထည့်သွင်းစဉ်းစားပါက လွတ်လပ်စွာအဖွဲ့ဝင်ဖြစ်ခွင့်ရှိခြင်း စာပိုဒ်ကြောင့် အဖွဲ့ဝင်များ FTA တွင်းသို့ ဖိတ်ခေါ်ခြင်းအားဖြင့် အဆိုပါ ကုန်သွယ်မှု လမ်းကြောင်းလွဲမှု စွန့်စားရမှုကို ကာလလတ်နှင့် ကာလရှည်အတွင်း အနည်းဆုံးဖြစ်လာစေပါသည်။ ဒုတိယအချက်မှာ RCEP (ယခင်အာဆီယံအပေါင်းသုံးနှင့် အာဆီယံအပေါင်းခြောက် FTAs) နှင့် TPP သည် APEC ၏ ၂၀၁၀ ကြေငြာစာတမ်းက ဖော်ပြသည့် အတိုင်းဆိုရလျှင် အာရှ ပစိဖိတ် လွတ်လပ်စွာကုန်သွယ်မှုဒေသ (FTAAP) အဖြစ်သို့ ရောက်ရှိရန် အဓိကလမ်းကြောင်း နှစ်ရပ်ဖြစ်ကြသည်။ FTAAP ၏ ပထဝီ အနေအထားအရ လွှမ်းခြုံမှုသည် လက်ရှိ RCEP နှင့် TPP ထက်ပိုမိုကျယ်ပြန့်သည်။ FTAAP ၏ ကာလရှည်ပန်းတိုင်ကို ရရှိစေနိုင်ရန်တွင် လွတ်လပ်စွာအဖွဲ့ဝင်ဖြစ်ခွင့်ရှိခြင်း ဆိုသော စာပိုဒ်သည် အရေးပါဆုံးအထောက်အပံ့ဖြစ်နေသည်။ တတိယအချက်မှာ အဖွဲ့ဝင်ဖြစ်မှုသည် FTA တစ်ခု၏ ဆွဲဆောင်မှုတွင် အရေးပါဆုံး အစိတ်အပိုင်းများထဲမှ တစ်ချက်ဖြစ်သည်။ TPP တွင် လွတ်လပ်စွာ အဖွဲ့ဝင်ဖြစ်ခွင့်ဟူသောစာပိုဒ်ရှိထားပြီးဖြစ်ရာ RCEP တွင်လည်း ရှိသင့်ပေသည်။ သို့မှသာ သဘောတူညီချက်၏ အကျိုးသက်ရောက်လာချိန်တွင်သာမက အနာဂါတ်အတွက်ပါ လုံလောက်သော ဆွဲဆောင်မှုကို ကိုယ်တိုင်ဖန်တီးနိုင်ပေလိမ့်မည်။ စင်စစ် RCEP တွင် လွတ်လပ်စွာအဖွဲ့ဝင်ဖြစ်ခွင့်ဟူသော စာပိုဒ်ပါဝင်ခြင်းသည်သာ အာဆီယံအတွက် အရှေ့ဆယ်စုနှစ်ပေါင်းများစွာ ရှိနေရဦးမည့် ဒေသဆိုင်ရာ ပုံစံစနစ်

ဒီဇိုင်းတွင် ဗဟိုပြုမှုဟူသောအချက်ကို ထိမ်းသိမ်းနိုင်မည့် တစ်ခုတည်းသော နည်းလမ်းပင်ဖြစ်သည်။ ထို့ကြောင့် အာဆီယံနှင့် RCEP အဖွဲ့ဝင်တို့က လွတ်လပ်စွာအဖွဲ့ဝင်ဖြစ်လာခွင့်ဟူသောစာပိုဒ်ကို သဘောတူလိုက်ခြင်းသည် သဘာဝကျသော ရွေးချယ်မှုတစ်ခုဖြစ်ခဲ့ပေသည်။

စင်စစ်အားဖြင့် လွတ်လပ်စွာအဖွဲ့ဝင်ဖြစ်ခွင့်ဆိုသည်မှာ အသစ်အဆန်းတော့မဟုတ်ချေ။ စစ်စစ်အားဖြင့် ၁၉၉၀ ခုနှစ်များတွင် အာရှ-ပစိဖိတ် FTAS များ၌ပါခဲ့ပြီးသော စာပိုဒ်ဖြစ်သည်။ ဥပမာ NAFTAC (စာပိုဒ် ၂၂၀၄) တွင် "မည်သည့်နိုင်ငံ၊ သို့မဟုတ် နိုင်ငံအစုအဖွဲ့မဆို x သဘောတူညီချက်ကို သဘောတူလက်ခံနိုင်စေမည်" ဟူ၍ ရှင်းလင်းစွာဆိုထားခဲ့သည်။ ပီ-၄ သဘောတူညီချက် (ပစိဖိတ်သမုဒ္ဒရာ ကျော်ဖြတ်နိုင်ငံများ၏ မဟာဗျူဟာမြောက် စီးပွားရေး မိတ်ဖက်သဘောတူညီချက်) တွင်လည်း စာပိုဒ် ၂၀-၆-၁ မှာ လွတ်လပ်စွာအဖွဲ့ဝင်ဖြစ်ခွင့် စာပိုဒ်ပင်ဖြစ်သည်။ စိတ်ဝင်စားစရာကောင်းသည်က နှစ်နိုင်ငံချင်းလွတ်လပ်စွာကုန်သွယ်မှုသဘောတူ စာချုပ်အချို့မှာ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်း စာပိုဒ်ပါဝင်နေသည်။ ဥပမာ သြစတြေးလျ- အမေရိကန် FTA (စာပိုဒ် ၂၂၃-၁) နှင့် သြစတြေးလျ - စင်္ကာပူ FTA အခန်း ၁၇၊ စာပိုဒ် - ၄) တို့ ဖြစ်သည်။ သို့သော်ငြား ဖော်ပြပါ သဘောတူညီချက်များမှာ အဖွဲ့ဝင်သစ်များကို အောင်မြင်စွာ မကြိုဆိုခဲ့ကြချေ။ ချီလီနိုင်ငံသည် NAFTA ဝင်ရန်ကြိုးပမ်းသော်လည်း ဖြစ်မလာခဲ့ပေ။ ၎င်းသည် အမေရိကန်၊ ကနေဒါ မက္ကဆီကိုတို့နှင့် သီးခြားစီ နှစ်နိုင်ငံ FTA ပြုလုပ်သည့်ဘက်သို့ ဗျူဟာပြောင်းခဲ့ရသည်။ ပီ-၄ သဘောတူညီချက်တွင် လွတ်လပ်စွာအဖွဲ့ ဝင်ရောက်ခွင့်ကို ထည့်သွင်းစဉ်းစားပေးမှုပင်မရှိဘဲ၊ TPP ညှိနှိုင်းမှုများကိုသာ ပို၍အစပြုပေးသည်။ (ဟော့ ၂၀၁၃) အနာဂါတ်တွင် တရုတ်နိုင်ငံ၏ TPP သို့ ဝင်ရောက်မှုဖြစ်နိုင်ချေနှင့် ပတ်သက်၍ စဉ်းစားရာတွင် စဉ်းစားနိုင်မည့် ထူးထူးခြားခြား အပြုအမူမျိုး မတွေ့ရ ပါဟုတော့ သုံးသပ်ပြီးပါသည်။ ထိုနည်းတူစွာပင် အမေရိကန်သည်လည်း RCEP ၏ အဖွဲ့ဝင် ဖြစ်ခြင်းစာပိုဒ်ကို စဉ်းစားကောင်း စဉ်းစားလိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် လွတ်လပ်စွာအဖွဲ့ဝင် ဖြစ်ခွင့်ရှိခြင်းဟူသော စာပိုဒ်ပါရုံမျှဖြင့် RCEP (သို့မဟုတ် TPP) ၏ FTAAP သို့ ဦးတည်နေသည့် တောက်ပသောအနာဂါတ်ကို အာမခံနိုင်မည်မဟုတ်ပေရာ၊ ကုန်သွယ်မှု လမ်းကြောင်းလွဲမှုကို အနည်းဆုံးဖြစ်စေခြင်းလည်း ထို့အတူပင်ဖြစ်သည်။

ထို့အပြင် RCEP ၏ လမ်းညွှန်မှုများနှင့် ရည်မှန်းချက်များ၏ မူဝါဒအမှတ် - 6 တွင်ပါဝင်သည့် အချို့အချက်အလက်များကို ရှင်းလင်းစွာ သိသားသင့်ပေသည်။ ပထမအချက်မှာ "ပြင်ပမှ စီးပွားဖက်များ" (external economic partners) ဆိုသည်မှာ စကားလုံးသစ် ဖြစ်နေသည်။ အာဆီယံ ချာတာ (စာပိုဒ် - ၄၄) ၌ ဆွေးနွေးဖက်များ (Dialogue partners) ဟူ၍သာသုံးခဲ့ပြီး

ပြင်ပမှစီးပွား ရေးမိတ်ဖက်များဟု မည်သည့်အခါမျှ မသုံးခဲ့ချေ။ အာဆီယံက အာဆီယံအပေါင်းတစ် FTA အသစ်ဖွဲ့ရန် ဆုံးဖြတ်ထားသည့် ဟောင်ကောင်မှာလည်း FTA ညှိနှိုင်းပြီးစီးလျှင် ပြီးစီးခြင်း အဖွဲ့ဖြစ်ခွင့် ရမရမှာလုံးဝရှင်းလင်းခြင်းမရှိပေ။ ဒုတိယအချက်မှာ ပြင်ပမှ စီးပွားရေးမိတ်ဖက်များအနေဖြင့် (RCEP အနေဖြင့် သက်ဝင်လှုပ်ရှားလာပြီးနောက်မှာပင်) RCEP နှင့် ညှိနှိုင်းမှုပြုလုပ်နိုင်သည့် အဆင့်သို့ရောက်ရန် အာဆီယံအပေါင်းတစ် FTA ကို လက်မှတ်ရေးထိုးသင့်သလားဆိုသည့် အချက်မှာလည်း မရှင်းလင်းပါချေ။ အကယ်၍ အဆိုပါတင်ကြိုလိုအပ်ချက်ကို စတင်လိုပါက အာဆီယံအပေါင်းတစ် FTA ဖြစ်စဉ်တွင်လည်းကောင်း၊ RCEP ညှိနှိုင်းမှုဖြင့်လည်းကောင်း နှစ်ထပ်ကွမ်းညှိနှိုင်းမှုဖြစ်လာကာ၊ အာဆီယံနှင့် ပြင်ပစီးပွားရေး မိတ်ဖက်နှစ်ဖက်လုံးအတွက် မလွဲမသွေပင် အကန့်အသတ်ဖြင့်သာ ရနိုင်မည့် ညှိနှိုင်းဆွေးနွေးခြင်းတည်းဟူသော အရင်းအမြစ်များကို စွမ်းဆောင်ရည်ပြည့်ဝအောင် မသုံးလိုက်နိုင်ခြင်းဖြစ်စေမည့် စွန့်စားမှုဆိုးကျိုးများဖြစ်လာပေမည်။ တစ်ဖက်မှကြည့်ပြန်လျှင်လည်း RCEP သို့မဝင်ရောက်မီ အာဆီယံအပေါင်းတစ် FTA ဖြစ်ရန်ကြိုတင်လိုအပ်ချက်သည် အာဆီယံဗဟိုပြုမှုကို အားကောင်းလာစေကောင်းပေလိမ့်မည်။

အထက်ပါဆွေးနွေးချက်များအပြင် အာဆီယံဦးဆောင်သည့် RCEP အနေဖြင့် ပိုမိုကျယ်ပြန့်သော ဒေသလုံးဆိုင်ရာစီးပွားရေးစနစ်ပုံစံတည်ဆောက်မှုတွင် အချက်အချာကျပြီး နည်းလမ်းတစ်ရပ်အဖြစ် လုပ်ဆောင်နိုင်ရန်မှာ အာဆီယံနိုင်ငံတို့သည် အာဆီယံ၏ လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်မိတ်ဖက်တို့နှင့် အတူတကွ

- လွတ်လပ်စွာ အဖွဲ့ဝင်ခွင့်ပြုခြင်း လုပ်ငန်းစဉ်ထူထောင်ရန် ရှင်းလင်းသော စံများဖြင့် ပံ့ပိုးပေးသင့်သည်။

- အဆိုပါ လွတ်လပ်စွာအဖွဲ့ဝင်ဖြစ်ခွင့် စည်းမျဉ်းများကို အဖွဲ့ဝင်ဖြစ်နိုင်ခြေအလားအလာရှိသည့် နိုင်ငံများရစေရေး ဆောင်ရွက်သင့်သည်။

- အဖွဲ့ဝင်အဖြစ် အလားအလာရှိသောနိုင်ငံများနှင့် စေ့စပ်ညှိနှိုင်းထားသင့်သည်။

*TPP, RCEP နှင့် FTAAP*

TPP ကို RCEP ၏ အပြိုင်အဖြစ် ကျယ်ပြန့်သော အသိအမှတ်ပြုထားသည်။ လောလော

ဆယ်တွင် ဘရူနိုင်း၊ မလေးရှား၊ စင်္ကာပူနှင့် ဗီယက်နမ် လေးနိုင်ငံက TPP တွင်ပါဝင်ပြီး ကျန်အာဆီယံ ခြောက်နိုင်ငံက မပါဝင်ပေ။ TPP ကို အရည်အသွေးမြင့် FTA အဖြစ်အစဉ် နားလည်လက်ခံထားနေစဉ်တွင် RCEP က TPP ထက် ပို၍နိမ့်ပါးသလောဆိုသည့်အချက်မှာ မရှင်းပါချေ။ ပထမဦးစွာ RCEP သည် ခေတ်မီသော အားလုံးလွှမ်းခြုံမှုရှိသော အရည်အသွေး မြင့်ပြီး အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းစေသော စီးပွားရေးမိတ်ဖက်အဖြစ်သဘောတူညီ ချက် (RCEP လမ်းညွှန်မှုများနှင့် ရည်ရွယ်ချက်များ)ကို ရရှိရန်ဖြစ်သည်။ ဒုတိယအားဖြင့် TPP က အကောက်ခွန်ကို မြင့်မားစွာ ဖယ်ရှားမည့်ရည်မှန်းချက်ရှိပြီး အစီအစဉ်သစ်များ လည်းဖြစ်နေစဉ်မှာ × အချက်က TPP ကို ၂၁-ရာစု သဘောတူညီချက်ဖြစ်လာစေသည်။)

အာဆီယံအပေါင်းတစ် FTA ၏ (သို့မဟုတ် RCEP ၏) အဓိကကျသောအစိတ်အပိုင်းတချို့ ဖြစ်ပြီး ထုတ်လုပ်မှုကွန်ယက်ကိုအားပေးလိုသည့် ရည်ရွယ်ချက်နှင့်လည်း အံဝင်ဂွင်ကျဖြစ် သည့် ပြေလျော့သော ပင်ရင်းနိုင်ငံစည်းမျဉ်းနှင့် အကောက်ခွန်ဖယ်ရှားရာတွင် အများလိုက် လျောနိုင်သည့်နည်းလမ်း စသည်တို့ကို TPP က လက်ခံကျင့်သုံးမည်လောဟူသည့် အချက် မှာ မရှင်းလင်းပါချေ။ ယေဘုယျအားဖြင့် TPP တွင် ညှိနှိုင်းမှုနယ်ပယ်-၂၁ ခုဖြင့် ဖွဲ့စည်း ထားသည်ဟု သိရှိကြပြီး RCEP ၏လမ်းညွှန်မှုများနှင့် သဘောတူညီချက်ကိုမူ အခန်းရှစ်ခန်း ဖြင့်သာ ဖော်ပြထားသည်။ သို့သော် ထိုသို့နားလည်ထားသည်မှာလည်း မတိကျပါချေ။ အကြောင်းမှာ RCEP ၏အချို့သော အစိတ်အပိုင်းများကို TPP က ၎င်း၏အမျိုးမျိုးသော ညှိနှိုင်းမှုများအတွင်းသို့ ခွဲဖြာစသည့် သွင်းထားခြင်းဖြစ်သည်။ (ရှု-ဇယား ၆-၃)။ ဥပမာဆိုရလျှင် RCEP ၏ အခန်းရှစ်ခန်းအနက် တခန်းမှာ ကုန်စည်ကုန်သွယ်မှုဖြစ်သည်။ ATIGA နှင့် အာဆီယံအပေါင်းတစ် FTA တို့မှ အကဲဖြတ် ကြည့်ရာ ၎င်းအခန်းတွင် ဈေးကွက်ဝင်ရောက်မှု ပင်ရင်းနိုင်ငံစည်းမျဉ်း၊ အကောက်ခွန် TBT, SPS နှင့် ကုန်သွယ်မှုအတွက်ကုစားခြင်းများ စသည်တို့ပါဝင်ပြီး TPP ရှုဒေါင့်မှုကြည့်ပါက သီးခြား ညှိနှိုင်းမှု နယ်ပယ်တခုစီအနေဖြင့် သတ်မှတ်ထားပေသည်။ ထို့ကြောင့် အမှန်ရှုမြင့်ရသည့် အချက်မှာ ညှိနှိုင်းမှု အကြောင်းအရာ များ၏ ကျယ်ပြန့်မှုထက် ချမှတ်ထားသည့် လုပ်ငန်းစဉ်၏ အတိမ်အနက်သာဖြစ်ပေသည်။

ဇယား ၆.၃ - TPP, RCEP, အာဆီယံအပေါင်းတစ် FTA နှင့် AEC တို့၏ အကြောင်းအရာ ပိုင်ဆိုင်ရာခြုံငုံမှု

| | TPP | RCEP | ASEAN+1 | AEC |
|---|---|---|---|---|
| Trade in Goods | ● | ● | ● | ● |
| --Market Accessto Goods | ● | ● | ● | ● |
| --TextileandApparel | ● | ○ | ● | ● |
| --Rules ofOrigin | ● | ○ | ● | ● |
| --Customs | ● | ○ | ● | ● |
| --TradeFacilitation | | ● | | ● |
| --TBT | ● | ○ | ● | ● |
| --SPS | ● | ○ | ● | ● |
| --Trade Remedies | ● | ○ | ● | ● |
| Trade in Services | ● | ● | ● | ● |
| --Cross-border Services | ● | ● | ● | ● |
| --FinancialServices | ● | ○ | ● | ● |
| --Telecommunications | ● | ○ | ● | ● |
| --Temporary Entry | ● | | ● | ● |
| Investment | ● | ● | ● | ● |
| --Protection | ● | ● | ● | ● |
| --Liberalisation | ● | ● | ● | ● |
| --Facilitation | | ● | ● | ● |
| --Promotion | | ● | ● | ● |
| Economic and Technical | ●* | ● | ● | |
| Cooperation | ● | ● | ● | ● |
| Intellectual Property | ● | ● | ● | ● |
| Competition | ●** | ● | ● | ● |
| DisputeSettlement | ● | ● | | ● |

| | | | | |
|---|---|---|---|---|
| Others | • | • | | • |
| --E-commerce | • | | | |
| --Environment | • | | | |
| --GovernmentProcurement | • | | | |
| --Labour | • | | | |
| --Cross-cuttingTradeIssue | | | | |

မှတ်ရန် - "•"means the issue is covered. For ASEAN+1,"•" means at least one ASEAN+1 FTA covers the issue."o" for RCEP means that the issue is likely covered judging from ASEAN+1 FTAs and AEC.* "Cooperation and Capacity Building."**" Legal issues" for administration of the Agreement including dispute settlement.

ဇာစ်မြစ် - Prepared byYoshifumi Fukunaga

အာဆီယံသည် လက်ရှိအာဆီယံအပေါင်းတစ် FTA များတွင် အကျုံးမဝင်သော အစီအစဉ်သစ်များကို စဉ်းစားရန် မလိုသည့်ဟူသည့်သဘောမဟုတ်ပေ။ အာဆီယံအနေဖြင့် ၂၀၁၅ လွန်ကာလများတွင် ဆက်လက်တိုးတက်လာစေရန် ရည်ရွယ်ထားပြီး ထိုသို့လည်းဖြစ်လာသင့်ပေရာ ၎င်းအကြောင်းအရာများစွာတို့သည် အာဆီယံ၏ဖွံ့ဖြိုးမှုနှင့် အတူပို၍ပင် သက်ဆိုင် ပတ်သက်လာပေလိမ့်မည်။

မည်သည့်ကိစ္စတွင်ဖြစ်စေ၊ TPP နှင့် RCEP သည် မတူညီသော နိုင်ငံအုပ်စုတို့၏ ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် ကွဲပြားခြားနားသော FTAS များပင်ဖြစ်သည်။ ကားချပ် ၆.၂ တွင် TPP နှင့် RCEP နိုင်ငံတို့၏တစ်ဦးကျ စုစုပေါင်း ပြည်တွင်းထုတ်ရန် လူဦးရေနှင့် စုစုပေါင်းပြည်တွင်းထုတ်ကုန်တို့ကို ဖော်ပြထားသည်။ နိုင်ငံရေးအတွက်အရ ဖြစ်စေ၊ အဖွဲ့ဝင်နိုင်ငံတို့၏ လူဦးရေဖြစ်စေ TPP တွင် ဝင်ငွေအဆင့်မြင့်မားသော နိုင်ငံများ လွှမ်းမိုးလျှက်ရှိသည်။ ဆန့်ကျင်စွာပင် နိုင်ငံအရေးအတွက်နှင့် လူဦးရေအရ ကြည့်လျှင် RCEP အုပ်စုတွင် ဝင်ငွေအလယ်လတ်အဆင့်အုပ်စု၏ အောက်လွှာတွင်ပါဝင်သော နိုင်ငံများတွင် ဖွံ့ဖြိုးမှုအဆင့်အနိမ့်ဆုံးနိုင်ငံများပင် ပါဝင်နေပေသည်။ ထို့ကြောင့် RCEP နှင့် TPP

တို့တွင် နက်ရှိုင်းသောဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရေရှည်ရည်မှန်းချက် ပန်းတိုင်တို့ကို အတူတူပင်ထားခဲ့လျှင်သော်မှ အရည်အသွေးမြင့်မားခြင်းဆိုသည့် စကား၏ အဓိပ္ပာယ်ကို ၎င်းအဖွဲ့အစည်းနှစ်ခုက ဖွင့်ဆိုပုံမှာ အဖွဲ့ဝင်နိုင်ငံတို့၏ မတူကွဲပြားသော စီးပွားရေးဆိုင်ရာ ယုတ္တိရှိမှုပေါ်မူတည်၍ ကွဲပြားသွားမည်ဖြစ်သည်။ RCEP အနေဖြင့် TPP သည် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံ အစီအစဉ်များကိုပို၍ စူးစိုက်ထားမည်ဟု မျှော်လင့်နိုင်ပေ သည်။

## ကားချပ် ၆.၂ - TPP နှင့် RCEP နိုင်ငံများ၏ တစ်ဦးကျစုစုပေါင်းပြည်တွင်းထုတ်ကုန် လူဦးရေ၊ စုစုပေါင်းပြည်တွင်းထုတ်ကုန်။




ဇာစ်မြစ် - Calculated by Ikumo Isono ERIA.

TPP နှင့် RCEP သဘောတူညီချက်တို့တွင် မထူးခြားနားသော လွှမ်းခြုံမှုနယ်ပယ် ရှိနေသကဲ့သို့ ဆောင်ရွက်ရန်ရည်စူးထားသည့် ကတိကဝတ်များ၏ အတိုင်းအတာမှာလည်း ကွာခြားသည်ဖြစ်ရာ ၎င်းအဖွဲ့နှစ်ခုအတွင်းသို့ အာဆီယံက အဖွဲ့ဝင်အဖြစ် နှစ်ထပ်ကွမ်း ဝင်ရောက်လိုက်ခြင်းသည် အာဆီယံအချို့အတွက် အခြားအာဆီယံနိုင်ငံများ အပြန်အလှန် အခွင့်အရေးများရယူရာတွင် ရှုတ်ထွေးမှုများကို ဖန်တီးသကဲ့သို့ ဖြစ်လာနိုင်သည်။ အထူး သဖြင့် TPP တွင် အဖွဲ့ဝင်ဖြစ်နေသော အာဆီယံနိုင်ငံများက RCEP တွင်မပါသော ကိစ္စရပ် (ဥပမာ အစိုးရ၏ဝယ်ယူနှုတ်သိမ်းမှု) တွင် အခြား TPP အဖွဲ့ဝင်နိုင်ငံသို့ အပြန်အလှန် လုပ်ဆောင်မှုပေးပါက TPP အဖွဲ့ဝင်နိုင်ငံအနေဖြင့် TPP အဖွဲ့ဝင်မဟုတ်သော အာဆီယံ အဖွဲ့ဝင်နိုင်ငံထက် ပို၍အခွင့်သာသော အနေအထားတွင် ရှိနေလိမ့်မည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ ယခုကဲ့သို့ အပြန်အလှန် အခွင့်မသာသော အနေအထားဖြစ်

ပေါ်နိုင်မှုပြဿနာကို ဖြေရှင်းရန်ဆိုလျှင် အချက်နှစ်ချက်ဖြင့်လိုအပ်လာပေမည်။ (က) TPP ၏ ရည်စူးထားသော ကတိကဝတ်များထက် AEC (သို့မဟုတ် RCEP) ၏ ကတိကဝတ်များက ပို၍ မနက်ရှိုင်းသည့်တိုင် TPP ကဲ့သို့ ဖြစ်စေရန်လိုအပ်သည်။ သို့မဟုတ်ပါက (ခ) TPP တွင်ပါဝင်ပြီး AEC (သို့ RCEP) တွင်မပါဝင်သေးသော နယ်ပယ်ကို AEC (သို့မဟုတ် RCEP) ဖြစ်စဉ်အတွင်းတွင် ထည့်သွင်းပြီး AEC ၏ လွှမ်းခြုံမှုနယ်ပယ်ကို ကျယ်ပြန့်စေနိုင်ခြင်းကြောင့် ဖြစ်သည်။ ဖြစ်စဉ်အရဆိုလျှင် အနာဂါတ်တွင် AEC, RCEP နှင့် TPP တို့၏ဆုံမှတ်တစ်ခုရှိလာပြီး အာရှပစိဖိတ်ဒေသတစ်ခုလုံးအတွက် FTAAP ကိုရှေ့ရှုသည့် အဓိကကျသည့် ပူးပေါင်း ဆောင်ရွက်မှု အဆောက်အအုံကြီး ဖြစ်လာပေလိမ့်မည် (ဖုကုနဂ၊ ၂၀၁၃)။

အချုပ်ဆိုရလျှင် RCEP သည် အရှေ့အာရှပူးပေါင်းဆောင်ရွက်မှုအတွက် အဓိက ကျသော အာဆီယံဆွေးနွေးဖက် မိတ်ဖက်အဖွဲ့အစည်းနှစ်ခု၏ စင်ပြိုင်မျှော်မှန်းချက်များကို တူညီစဉ်းစားဖြေရှာပေးမည်။ ထက်မြက်ပါးနပ်သော မဟာဗျူဟာတစ်ခုပင်ဖြစ်ပြီး၊ ၎င်းသည် အာဆီယံ ဗဟိုပြုမှုကိုဖြစ်စဉ်အရမဟုတ်၊ အရေးပါမှုအတိုင်းအတာကိုပါ မြှင့်တင်ပေးနိုင်စေ သည်။ ၎င်းသည် ပိုမိုကျယ်ပြန့်သော အရှေ့အာရှဒေသဆိုင်ရာ စီးပွားရေးအဆောက်အအုံပုံစံ တွင် ပို၍လွှမ်းခြုံပါဝင်နိုင်စေသော ဖွံ့ဖြိုးမှုကို ဖြစ်ထွန်းလာသော အစီအစဉ်ကိုလည်း စဉ်းစား အဖြေရှာပေးနေသည်။ ထို့ပြင် RCEP သည် TPP ၏ အဓိကတွဲဘက်ဖြစ်လာပြီး ပို၍ ဝေးသော အနာဂါတ်တွင် ပို၍ကြီးမားကျယ်ပြန့်သော FTAAP ဖြစ်လာစေရေးကို ရှေ့ရှုပြီး ၎င်းမှတဆင့် အာရှပစိဖိတ်ဒေသတွင်းတွင် ကုန်သွယ်မှုလမ်းကြောင်းလွှဲမှုကို အနည်းဆုံးဖြစ်စေပေမည်။ ၎င်းသည် ကမ္ဘာ့ကြီး၏စီးပွားရေး အဆောက်အအုံပုံစံကို ပြန်လည်ပုံဖော်ရာတွင် ထင်ရှား သော အားတစ်ရပ်ဖြစ်လာနိုင်သဖြင့် အာရှပစိဖိတ်ကို ပို၍သာ ဗဟိုပြုလာစေမည်လည်းဖြစ်သည်။

## အာဆီယံအင်စတီကျူးရှင်း အင်အားတောင့်တင်းလာစေရေး[11]

၂၀၁၅ နောက်ပိုင်းအာဆီယံ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းလာရန် ဆောင်ရွက်ရာတွင် ပို၍ခက်ခဲသော နယ်စပ်ဒေသနှင့် နယ်စပ်ကျော်လွန်သောမူဝါဒ၊ စည်းမျဉ်း ဥပဒေဆိုင်ရာနှင့် အင်စတီကျူးရှင်းများနှင့်ဆိုင်သော ကိစ္စများအတွက် စဉ်းစားအဖြေရှာ မည်ဖြစ်သည်။ သို့သော် အာဆီယံ၏ လက်ရှိအင်စတီကျူးရှင်းမက ဒေသဆိုင်ရာပူးပေါင်း ဆောင်ရွက်မှုတွင် ပေါ်ပေါက်လာသည့် စိတ်ခေါ်မှုများ၊ လူမှုအသိုင်းအဝိုင်းတည်ဆောက်မှု နှင့် အပြည်ပြည်ဆိုင်ရာအာဆီယံ၏ ပြောရေးဆိုခွင့်ပိုမိုရရှိလာရေးနှင့် အာဆီယံဗဟိုပြုမှုကို သေချာစေရေးကိစ္စများကို ထိရောက်စွာ အထောက်အကူပြုနိုင်ရန်နှင့် စဉ်းစားအဖြေရှာနိုင်

[11] This section is largely based on Sukma (2014) and ERIA (2012a).

ရန်စွမ်းပါမည်လားဆိုသည့် အချက်များကို များစွာစိုးရိမ်နေကြသည်။ (ဥပမာ ဆုတ်မ - ၂၀၁၄)။ အာဆီယံအနေဖြင့် အင်အားချိန်နည်းသောဒေသ ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ဖိုရမ်ဖြစ်ခဲ့သော သူ၏မူလအစမှ ရှည်လျားသော လမ်းကြောင်းအတိုင်း လျှောက်လှမ်းခဲ့သည် ကလည်း အမှန်ပင်ဖြစ်သည်။ အာဆီယံ၏ အင်စတီကျူးရှင်းများတိုးတက်ခြင်းကို ၂၀၀၇ အာဆီယံချာတာ သဘောတူစာချုပ်က အကောင်းဆုံးစံပြုဖော်ပြလိုက်သည်။ ၎င်းချာတာ စာချုပ်သည် အာဆီယံသည် အရည်အသွေးကို တရားဝင်ဖော်ပြပေးလိုက်ခြင်းဖြစ်ပြီး ဒေသကြီးအတွက် အာဆီယံခေါင်းဆောင်တို့၏ အံ့မခန်းမြင့်မားသော ရည်မှန်းချက် ပန်းတိုင်များ ကိန်းအောင်းနေခဲ့ပြီး ဖြစ်လေသည်။ သို့သော် ဒေသတွင်းအသိုက်အဝန်းတို့၏ အင်စတီ ကျူးရှင်းဆိုင်ရာလိုအပ်မှုများနှင့် အာဆီယံ၏အသံနှင့်ဗဟိုပြုမှုတို့ကလည်းအတိအကျပင်လွန်ဆွဲနေသကဲ့သို့ အခြားတဖက်ကလည်း အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာဟူသော မူနှင့် ဒေသအတွင်း၌ အမျိုးမျိုးအဖုံဖုံစုံလင်စွာ ပါဝင်နေခြင်းနှင့် စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းထားလိုသော ဆန္ဒလည်း ရှိနေပေရာ (ဆုကမ်း၊ ၂၀၁၄-စာ-၂) ဤအချက်က အာဆီယံ အင်စတီကျူးရှင်းပြုဖြစ် ပြောင်းလဲမှုအတွက် အခြေအတင်ပြောဆိုရာတွင် အခက်အခဲဆုံးသော အပိုင်းဖြစ်နေသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံတို့သည် အမျိုးသားအချုပ်အခြာအာဏာကို မထိပါးသရွေ့ ဒေသတွင်းစည်းလုံးညီညွတ်မှုကို အန္တရာယ်မဖြစ်စေသရွေ့ဒေသတွင် အင်စတီကျူးရှင်းများကို အမှီသဟဲပြုနေလိုကြပေသည်။ (ဆုက်မ၊ ၂၀၁၄- စာ-၂)။ ဤစာပိုဒ်ဆုတ်မ (၂၀၁၄) နှင့် ERIA (၂၀၁၂ အေ) တို့၏ တွေ့ရှိချက်မှ ကောက်ချက်လွှဲ၍ အကြံပြုတိုက်တွန်းချက်များ ချပြလိုသည်။ အာဆီယံသည် မူကိုအခြေခံသော အဖွဲ့အစည်းဖြစ်ရန်နှင့် နိုင်ငံပေါင်းစုံအဖွဲ့အစည်းကြီးကဲ့သို့ ဖြစ်စရာမလိုဘဲ ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်ရန် ဟူသော မိမိ၏ကတိကဝတ်နှင့် အညီအောက်ပါအချက်တို့ကို လုပ်နိုင်ပါသည်။

(က) *အလျော့အတင်းရှိသော ဆုံးဖြတ်ချက်ချမှတ်ခြင်းကိုလိုအပ်လျှင် လိုအပ်သလိုသုံးပါ။* အာဆီယံချာတာသဘောတူစာချုပ်က အာဆီယံတွင် ဆုံးဖြတ်ချက်ချမှတ်သည့်အခါတိုင်းပင်၍ သဘောတူညီမှုအပေါ် အခြေခံချမှတ်ရမည်ဟု ဆိုထားသည်။ (စာပိုဒ် ၂၀-၁)သို့သော် စီးပွားရေးဆိုင်ရာ ကတိကဝတ်များကို အကောင်အထည်ဖော်ရာတွင် အလျော့အတင်းရှိသော ပါဝင်လုပ်ဆောင်ချက်မျိုးကို ခွင့်ပြုကြောင်း အတိအလင်းဖော်ပြထားသည်။ (စာပိုဒ် ၂၁-၂) "အာဆီယံအနှုတ် X " သည် ထင်ရှားသော အလျော့အတင်းနည်းလမ်းဖြစ်သည်။ ထိုသို့သော ဆုံးဖြတ်ချက်ချမှတ်မှု ပုံစံမျိုးကို ကုန်စည်နှင့် ဝန်ဆောင်မှုကုန်သွယ်မှုများ၌

စင်စစ်အသုံးပြုလျှက်ရှိသည်။ ဆိုခဲ့သည့်အတိုင်းပင် အာဆီယံအတွင်း၌ ပုံသဏ္ဍာန်ကွဲပြားသော အုပ်စုခွဲနှစ်ခုကို ဖွဲ့တည်လာစေမည့် စွန့်စားမှုမျိုးရှိလာပြီး AEC ကဖန်တီးပေးနိုင်သည့် အရွယ်အစားကြီးလုပ်ငန်း၏ အကျိုးကျေးဇူးကိုခံစားရန် ခဲယဉ်းစေတော့သည်။ ထို့ကြောင့် "အာဆီယံအနုတ် X" ကို စမ်းသပ်မှု၊ သရုပ်ပြမှုနှင့် စီးပွားရေးဆိုင်ရာ ကနဦးဆောင်ရွက်မှုတို့ကိုရှင်းပြခြင်းအတွက် နည်းလမ်းသဖွယ် စဉ်းစားသင့်သည်။ [12] တဖက်တွင်မူ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၊ နှစ်နိုင်ငံအနေ ဖြင့် အသစ်အဝန်းလုပ်ဆောင်မှု တစ်ရပ်ရပ်တွင် ဝင်ရောက်လာရန် မဝေခွဲနိုင်ဖြစ်နေပါက၊ "အာဆီယံအနုတ် X" ကို အထက်ဖော်ပြပါ ရည်ရွယ်ချက်များ အထမြောက်စေရန် ကျယ်ပြန့်သော စီးပွားရေးနယ်ပယ်တို့တွင် အသုံးချသင့်သည်။

*(ခ) ဥပဒေကို လိုက်နာစေခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်းတို့ကို အထောက်အထား ခိုင်ခိုင်လုံလုံဖြင့် တင်ပြရန်။*

လိုက်နာပဋိပက္ခဖြေရှင်းမှုဟူသောသဘောသည် နိုင်ငံရေးလုံခြုံရေးနယ်ပယ်နှင့် AEC နှင့်ဆက်စပ်နေသောနယ်ပယ်တွင် သုံးနှုန်းပုံခြင်းမတူကြကြောင့် ဆုတ်မ (၂၀၁၃) က ထောက်ပြထားသည်။ ဆုတ်မက နိုင်ငံရေးနယ်ပယ်ရှိ လိုက်နာစေရန် လိုက်ပါဆောင်ရွက်ပေးခြင်း မရှိသော ပိတ်ဆို့မှုကို စူးစိုက်တင်ပြထားရာ၊ ၎င်းအခြေအနေမျိုးမှာ စီးပွားရေးဆိုင်ရာ အစီအစဉ်တို့တွင် ကွာခြားနေသည်။ အာဆီယံသည် ၂၀၁၄ ခုနှစ်တွင် အာဆီယံ၏ ပိုမိုကောင်းမွန်သော ပဋိပက္ခဖြေရှင်းမှုယန္တရား (EDSM) ကို စတင်ကျင့်သုံးခဲ့သည်။ အာဆီယံတွင်းရှိ စီးပွားရေးဆိုင်ရာ သဘောတူညီချက်အများစုတွင် EDSM ကိုထင်ရှားစွာ ရည်ညွှန်းလေ့ရှိသည်။ WTO နှင့် ASEAN EDSM တို့၏ ခိုင်မာသောတရားစီရင်မှုအရ ပေါ်ထွက်လာသော ပုံစံအရ အယူခံအဖွဲ့အစည်းက စစ်မေးခံရသူသည် အာဆီယံစီးပွားရေး ပဋိညာဉ်များကိုမလိုက်နာဟု တွေ့ရှိသည့်အခါတွင် ပိတ်ဆို့မှု (ဥပမာ-အလျှော်ပေးခြင်းနှင့် လိုက်လျောထားမှုများကို ဆိုင်းငံ့ထားခြင်း) တို့ကို ခွင့်ပြုသည်။ EDSM ဖြင့် ဖြေရှင်းရခြင်းမရှိသော်လည်း အာဆီယံတွင် အလျှော်ပေးနည်းလမ်းများကို အသုံးပြုခဲ့သည်။ ဥပမာ ၂၀၀၀ ခုနှစ်တွင် ထိုင်းနှင့် ၎င်း၏နောက်တွင် အင်ဒိုနီးရှားကပါ မလေးရှားကို မော်တော်ယာဉ်ပစ္စည်းအတွက် အာဆီယံ FTA လျှော့ထားမှုနှင့် နေးခြင်းအတွက် အလျှော်ပေးနည်းလမ်းကျင့်သုံးပေးပါရန် လျှောက်ထားခဲ့သည်။ (ဆူဇူကီး -၂၀၀၃)။ တရား စွဲဆိုခြင်းထက်စာလျှင် "ပိတ်ဆို့မှု" ဖြစ်နိုင်ချေက AEC နှင့် ဆက်စပ်သောကိစ္စရပ်များတွင် အတိုင်းအတာတစ်ခုအထိ လိုက်နာလာစေသည်။

[12]Edmund Sim, AEC Blog on 8 Oct 2011, available at: (http://aseanec.blogspot.com/2011/10/putting-asean-x-to-work-for-aec.html).

တဖက်တွင် EDSM ကို အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်သော ကိစ္စရပ်များကိုရှိသည်။ (ERIA ,၂၀၁၂ အေ၊ အခန်း ၁၈)။ ဥပမာ ခုံရုံးအဖွဲ့ဝင်များဟူ၍ ခန့်အပ်ထားခြင်းမရှိခဲ့ဘူးပေ။ ထို့ပြင် အတွင်းရေးမှူးချုပ်ရုံးအဖွဲ့က တရားရေးအကြံပေးအဖွဲ့ကို ပံ့ပိုးမှုမှာလည်း အသက်ဖြင့်သာ ရရှိသည်။

အချိန်အကန့်အသတ်ဆောင်ရှိကြောင်း သိသာထင်ရှားနေသည့် အခြေအနေကို စဉ်းစားကြည့် EDSM လုပ်ထုံးလုပ်နည်းအရ သဘောမတူညီမှုပေါ်ခြေခံသည့် တဝက်တစ်ပျက် အလိုလျောက်ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်ရှိနေခြင်းကြောင့် အာဆီယံ EDSM သည် သူ၏အမှုကို သတ်မှတ်ရက်ကျော်လွန်သွားခြင်းမျိုး ဖြစ်နိုင်ခြေများသည်။ ဗာဂါနိ (၂၀၀၉) ကလည်း ကျင့်ထုံးဆိုင်ရာနှင့် အင်စတီကျူးရှင်းဆိုင်ရာ အားနည်းချက်များကို ထောက်ပြခဲ့သည်။ ဥပမာ နိုင်ငံငယ်လေးများအနေဖြင့် EDSM ကို အသုံးပြုနိုင်သည့် တရားဥပဒေဆိုင်ရာ စွမ်းဆောင်ရည်ရှိနေသည့်တိုင် ခုံရုံးအဖွဲ့၏ လုပ်ငန်းအတွက် ရံပုံငွေထားရှိမှုပုံစံအရအကန့်အသတ်များ ရင်ဆိုင်ရသည်ဟု ဆွေးနွေးထားသည်။ EDSM ကို အသက်ဝင်လှုပ်ရှားလာစေရန် အတွက်အာဆီယံက လုပ်ဆောင်မှုအချို့ကို လုပ်ဆောင်နေသည်။ ဥပမာ GIZ ၏ ပံ့ပိုးမှုဖြင့် ကျင့်ထုံးဆိုင်ရာစည်းမျဉ်းတို့ကို အသေးစိတ်ရေးဆွဲနေခြင်းမျိုးဖြစ်သည်။ EDSM ကို မိမိရရအသုံးချစေရန် ဆောင်ရွက်မှုများ ကို စောနိုင်သမျှစောစော ထပ်မံဖော် ဆောင်သင့်ပေသည်။

*(ဂ) လွတ်လပ်စွာကွပ်ကဲသော ယန္တရားကိုတည်ဆောက်ပါ။*

EDSM သည် ပဋိပက္ခဖြေရှင်းမှုအတွက် နောက်ဆုံးအားထားရာသာဖြစ်ပြီး ဥပဒေကြောင်းသက်သက်ဖြင့်သာဖြေရှင်းသည့် အနေအထားအရဆိုလျှင် (ထိရောက်သော ကြီးကြပ် ကွပ်ကဲမှုယန္တရားသည်) အာဆီယံကတိကဝတ်များအတိုင်း အချိန်မီအကောင်အထည်ဖော်နိုင်ရန် အတွက် ထိရောက်သော ကွပ်ကဲမှုယန္တရားတစ်ခုသည် အလွန်အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်နေပေသည်။

AEC လမ်းညွှန်ပုံစံ (စာပိုဒ်-၇၃) အရ အာဆီယံအတွင်းရေးမှူးချုပ်ရုံးသည် လမ်းညွှန်ပုံစံအတိုင်း အကောင်အထည်ဖော်မှုကို ဖြစ်လာစေရန် သုံးသပ်မှုကွပ်ကဲမှုများပြုလုပ်သင့်သည်။ (ASEC -၂၀၀၈)။ အာဆီယံ ပေါင်းစည်းကွက်ကဲမှုရုံး (AIMO) သည် AEC အကဲဖြတ်အမှတ်ပေးမှုနှင့် ခွဲခြားအစီရင်ခံစာများတွင် တိုးတက်မှုရလာစေရန်နှင့် ဆန်းသစ်နေစေရန်

တာဝန်ယူထားသည့်နည်းတူ ၎င်းအဖွဲ့သည် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ကွပ်ကဲမှု အခန်းကဏ္ဍတွင် အချက်အချာကျသော နေရာ၌ ရှိနေပေသည်။ သို့သော် AIMO ၌ များပြားလှသော လုပ်ငန်းတာဝန်များအတွက် အင်အားအကန့်အသတ်သာ ရှိသည့်အတွက် အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၏ လုပ်ဆောင်မှုသည် လက်တွေ့တွင် အနေတော် ကြီးကြပ်ထက်ပို၍ ချိန့်နေပေသည်။ ထို့ကြောင့် ကြီးကြပ်ကွပ်ကဲမှု ဟူသော ရှုဒေါင့်မှ ကြည့်လျှင် AEC လမ်းညွှန်ပုံစံတွင် သီးသန့်မဟုတ်ဘဲ ကျယ်ပြန့်သော လုပ်ပိုင်ခွင့်ပေးထားသည်ဟု မှတ် ယူနိုင်သည်။

ထို့ကြောင့် ပထမဆုံးနှင့်အရေးကြီးအကြံပြုတင်ပြချက်မှာ တတိယအုပ်စုမှ ကြီးကြပ်ကွပ်ကဲသောပုံစံနှင့် နည်းပညာပိုင်းနည်းပညာပိုင်းဆိုင်ရာ အရင်းအမြစ်များ၏ လုပ်ဆောင်ချက်ကို မိတ်ဆက်ပေးရမည်ဖြစ်ပြီး၊ ၎င်းတို့ကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ဒေသတွင်းရှိ သုတေသနအဖွဲ့အစည်းတို့က အဓိကမူဝါဒနယ်ပယ်များတွင် ပံ့ပိုးပေးရမည်ဖြစ်သည်။ ဒေသတွင်းကတိကဝတ်များ (ဥပမာ-ဝန်ဆောင်မှုများနှင့် NTMS) ကို အပြည့်အဝအကောင်အထည်ဖော်လျှက်ရှိကြောင်း သိရှိနိုင်ရန် အမှန်တကယ်ရေးဆွဲထားသည့် ပေါ်လစီကို ဆန်းစစ်နိုင်သည့်အခါတွင် အထက်ဖော်ပြပါ ကြီးကြပ်ကွပ်ကဲမှုစနစ်သည် ထိရောက်နိုင်သည့်အခါတွင် အထက်ဖော်ပြပါ ကြီးကြပ်ကွပ်ကဲမှုစနစ်သည် ထိရောက်မှုရှိလာပေမည်။ လုပ်ကိုင်ဆောင်ရွက်နိုင်သော အဆင့်သို့ရောက်ရန်အလို့ငှာ ERIA (၂၀၁၂-အေ) က အောက်ဖော်ပြပါ အကြံပြုချက်များကို အဆိုပြုခဲ့သည်။ (က) အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို ၎င်းကိစ္စရပ်များနှင့်ပတ်သက်၍ သီးသန့်လုပ်ဆောင်ခွင့် အာဏာပေးရန်။ (ခ) အတွင်းရေးမှူးချုပ်ရုံး၏ စွမ်းဆောင်ရည်တောင့်တင်းခိုင်မာလာစေရန်။ (အောက်တွင်ကြည့်ရှုရန်)။

အတွင်းရေးမှူးချုပ်ရုံး၏ ကြီးကြပ်ကွပ်ကဲမှုအတွက် ဖြည့်စွက်နည်းလမ်းတစ်ခုမှာ (လမ်းကြောင်း ၁-၅) ကြီးကြပ်ကွပ်ကဲမှုဖြစ်သည်။ ဆက်မ (၂၀၁၃)က ပြင်ပမှ လွတ်လပ်သော အကဲဖြတ်စနစ်တစ်ရပ်ကို စည်းမျဉ်းများလိုက်နာဖြစ်စေရန် ဆောင်ရွက်ပေးသည့်အဓိကကိရိယာ တစ်ခုအဖြစ် အဆိုပြုခဲ့သည်။ သူက ERIA ၏ AEC အကဲဖြတ်စနစ်တစ်ရပ်ကို စည်းမျဉ်းများလိုက်နာဖြစ်စေရန် ဆောင်ရွက်ပေးသည့်အဓိက ကိရိယာတစ်ခုအဖြစ် အဆိုပြုခဲ့သည်။ သူက ERIA ၏ AEC အကဲဖြတ်အမှတ် တိုးတက်လာစေရေးလေ့လာမှုကို ချီးမွမ်းခဲ့သည်။ ၎င်းလေ့လာမှုကို အာဆီယံကပူးတွဲလုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး APSC နှင့် ASCC တို့တွင်လည်း လက်ခံကျင့်သုံးရမည့် ပုံစံကောင်းတစ်ခုအဖြစ် ချီးမွမ်းခဲ့သည်။[13] ထိုသို့သော

[13] For the knowledge of authors, ASCC is also taking a mid-term review study, using outside and independent experts.

ပြင်ပမှလွတ်သော တရားဝင်လုပ်ဆောင်ထားသည့် လေ့လာမှုသည် အာဆီယံ၏နည်းလမ်းများ တိုးတက်မှုအစဉ်ကို စောင့်ကြည့်ရန် ရည်ရွယ်ပြီး ကျယ်ပြန့်စွာ အကြံပြုအသုံးချနိုင်ရန်ဟူသော ရည်ရွယ်ချက်ကိုလည်း လုပ်ဆောင်ပေးနိုင်ပေမည်။ ERIA ၏ အကဲဖြတ်အမှတ်ပေးလေ့လာမှုတွင် လိုက်နာမှု အကဲဖြတ်ချက်ကို သရုပ်ခွဲအကဲဖြတ်ချက်ဖြင့် ဖြည့်စွက်ထားသည့် ပုံစံမျိုးကို ယူထားသည်။ (ဥပမာ AEC အကဲဖြတ်ချက်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးအကဲဖြတ်ချက်) ERIA လေ့လာမှုတွင် သရုပ်ခွဲ ဆန်းစစ်ချက်ကို စီးပွားရေးလုပ်ငန်းရှုဒေါင့်နှင့် ပညာရပ်ဆိုင်ရာ ရှုဒေါင့်နှစ်မျိုးစလုံးမှ ရှုမြင်နိုင်သည်။[14] ၎င်းသည် ရရှိထားသည့်ပြီးမြောက်အောင်မြင်မှုများ အဖြစ်သာမက သီးသန့်စာရင်းအချက်အလက်များဖြင့် ဆက်လက်တည်ရှိနေမည့် လုပ်ငန်းတစ်ရပ်အဖြစ် မှတ်ယူသည်။

အထက်ပါလေ့လာမှုပေါ်မူတည်ပြီး ERIA သည် နိုဝင်ဘာ ၂၀၁၁ တွင် ကျင်းပသော AEM ပြန်လည်သုံးသပ်ဆွေးနွေးပွဲတွင် အောက်ပါအဆိုပြုချက်များကို ပြုလုပ်ခဲ့သည်။

၁။ နိုင်ငံတိုင်းတွင် AECဆက်စပ်လုပ်ဆောင်ကြီးကြပ်ကွပ်ကဲကော်မတီကိုထူထောင်ရန်။

၂။ နိုင်ငံအဆင့်နှင့် ဒေသဆိုင်ရာအဆင့်တွင် ပုံမှန်လမ်းကြောင်း ၁.၅ ကြီးကြပ်ကွပ်ကဲမှု စနစ်တရပ်ထူထောင်ရန်။

၃။ နိုင်ငံအဆင့်နှင့်ဒေသဆိုင်ရာအဆင့်ရှိ ကြီးကြပ်ကွပ်ကဲမှုစနစ်ကို ပံ့ပိုးမှုကူညီပေးမည့် အလှူရှင်အသိုက်အဝန်းကို ဖိတ်ခေါ်ရန်။

အဆိုပါ အကြံပြုတင်ပြချက်အားလုံးသည် ၂၀၁၅ ခုနှစ်လွန်ကာလများ အထိလည်း မလွဲမသွေ လုပ်ဆောင်နေပေလိမ့်မည်။

(ဃ) အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ စွမ်းဆောင်ရည်ကို ခိုင်မာအောင်တည်ဆောက်ပါ။ [15]

---

[14] Involvement of business and academia practically has an aspect of information dissemination and outreach as well.

[15] Sukma (2013) goes deeper than the size and capacity of Secretariat officials and advocates for reform of the Secretariat's top management status: (a) changes to the rotational appointment of the Secretary-General; and (b) introduction of open recruitment of Deputy Secretary-Generals. Noting that the DSG for AEC is already an open recruitment (not rotational appointment), those issues should be seriously considered in the broader context of Charter review process, rather than post AEC.

အပိုင်း(ဂ)တွင် ဖော်ပြခဲ့သော အကြံပြုချက်နှစ်ခုသည် တွဲဘက်များဖြစ်သည်။ ပထမအကြံပြုချက် (အတွင်းရေးမှူးချုပ်ရုံးက တတိယအုပ်စုကြီးကြပ်ကွပ်ကဲမှုလုပ်ဆောင်ရန်) ဆိုသည်မှာ အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို နည်းပညာတိုင်းဆိုင်ရာ အရင်းအမြစ်အဖြစ်နှင့် အာဆီယံရှိ အဖွဲ့အစည်းတို့၏ ကွပ်ကဲသူအဖြစ်ဖြင့် အင်အားတောင့်တင်းစေလိုကြောင်း ရည်ရွယ်လိုခြင်းဖြစ်သည်။ ဒုတိယအကြံပြုချက် (လမ်းကြောင်း ၁.၅ ကြီးကြပ်ကွက်ကဲမှု) က AEC နည်းလမ်းများကို ဖြည့်စွက်ပေးသော ပို၍သရုပ်စွဲလေ့လာထားသော ယှဉ်ကြည့်က ပို၍လွတ်လပ်သောကြည့်ကြပ် ကွပ်ကဲမှုဖြစ်စေနိုင်သည့် ဖွဲ့စည်းမှုပုံစံကို တည်ဆောက်ပေးထားသည်။ ၎င်းအကြံပြုချက်သည် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် သို့မဟုတ်ပါကလည်း AEC နည်းလမ်းများနှင့် မူဝါဒဆိုင်ရာ လက်တွေ့လုပ်ဆောင်ချက်များကို အာဆီယံအနေဖြင့် သို့မဟုတ်ပါက အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် သို့မဟုတ်ပါက နှစ်မျိုးစလုံးအနေဖြင့် ပံ့ပိုးကူညီပေးမည့် ဖွဲ့စည်းမှုပုံစံကိုလည်း ဆောက်ပေးထားပါသည်။ သို့သော် အာဆီယံ အတွင်းရေးမှူးချုပ်ရုံး အင်အားတောင့်တင်းရန် လိုအပ်လျှက်ပင်ရှိပါသေးသည် အကြောင်းမှာ အတွင်းရေးမှူးချုပ်ရုံးသည် ရှေ့ဆုံးမှရပ်တည်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အများသို့ မပေါက်ကြားစေရန် လျှို့ဝှက်ထားရန် လိုအပ်ကောင်းလိုအပ်မည်။ သက်ဆိုင်ရာ အစိုးရအရာရှိများနှင့် အဖွဲ့အစည်းများနှင့် အတွင်းရေမှူးချုပ်ရုံးတို့အကြား လုပ်ဆောင်မည့် ဒေသတွင်း ဆွေးနွေးပွဲများ၊ စေ့စပ်ညှိနှိုင်းပွဲများလည်း ရှိနေသောကြောင့် ဖြစ်သည်။ စင်စစ် AEC ကို ရှေ့ရှုသည့် မူဝါဒဆိုင်ရာ သက်ဝင်လုပ်ဆောင်မှုများကစို စတင်ပြီးဖြစ်သဖြင့် ပို၍ နက်ရှိုင်းသော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ရှေ့ရှုစေမည့် ခက်ခဲသော မူဝါဒရေးရာပြဿနာများကို ဆွေးနွေးအဖြေရှာရမည်ဖြစ်သည်။ အာဆီယံတွင် အထက်ပါအချက်များကို လုပ်ဆောင်ပေးမည့် လေးစားလောက်သော နက်ရှိုင်းစွာညှိနှိုင်းပေးနိုင်ပြီး အရည်အသွေးပြည့်စုံသည့် ပညာရှင်များ၏ နည်းပညာပိုင်းပံ့ပိုးမှုများဖြင့် အာဆီယံ၏အဖွဲ့အစည်းများနှင့် အဖွဲ့ဝင်နိုင်ငံများကိုပါ ဝန်ဆောင်ပေးနိုင်မည့် အာဆီယံတွင် အမည်အမျိုးမျိုးဖြင့် အစည်းအဝေးများ ကျင်းပသည့် အတွင်းရေးမှူးချုပ်ရုံးအဖြစ်မျိုးလည်း နဲပါးသွားစေမည့် အတွင်းရေးမှူးချုပ်ရုံးမျိုး လိုအပ်နေပေသည်။

အာနက်စ်နှင့် နာဂျိကို (၂၀၁၃) တို့က အထွေထွေအတွင်းရေးမှူးချုပ်ရုံး၏ စွမ်းဆောင်ရည်ဆွေးနွေးချက်ကို RCEP စေ့စပ်ညှိနှိုင်းမှုဖြင့် ဆက်စပ်ဖော်ပြခဲ့သည်။ အာဆီယံနိုင်ငံများတွင် ကြီးမားသော ကွဲပြားခြားနားချက်များရှိနေသည့် အခြေအနေတွင် အားလုံးနှင့် သက်ဆိုင်သည့် ဘုံအနေအထားတစ်ရပ် ပေါ်ပေါက်လာရန်မှာ အာဆီယံဟူ၍မဖြစ်လာခင်က မူကြီးစွာသော စိမ်ခေါ်မှုကြီး တစ်ရပ်ပင်ဖြစ်သည်။ သုတေသနအဖွဲ့အစည်းများ၏ ပြင်ပမှ အင်အား

စုရင်းမြစ်များဖြင့် ပံ့ပိုးထားသော အတွင်းရေးမှူးချုပ်ရုံး၏ ခိုင်မာအားကောင်းသော သရုပ်ခွဲဆန်းစစ်မှု စွမ်းရည်ဆိုသည်မှာ လိုလားဖွယ်ရာပင် ဖြစ်ပေလိမ့်မည်။ RCEP ကို ၂၀၁၅ ခုနှစ်ကုန်တွင်းမှ ကောက်ချက်ဆွဲကြည့်ရန် ရည်ရွယ်ထားသော်လည်း ဆက်တိုက်ပေါ်ပေါက်လာမည့် အကျိုးဆက်နှင့် ဖြည့်စွက်တည်ရှိလာ မည့်ညှိနှိုင်းမှုများရှိလာသောအခါ အဆိုပါဆန်းစစ်လေ့လာမှု စွမ်းရည်မှာ လိုအပ်မြဲလိုအပ်ဦးမည် ဖြစ်ပြီး RCEP အကောင်အထည်ဖော်မှုကို ထိရောက်စွာ စောင့်ကြည့် ကွက်ကဲရန်အတွက်လည်း လိုအပ်နေဦးမည်ဖြစ်သည်။

(င) အဖွဲ့ဝင်နိုင်ငံများ၏ ဘဏ္ဍာရေးအထောက်အပံ့အတွက် အလျော့အတင်းရှိသော စည်းမျဉ်းများကို စတင်မိတ်ဆက်ပါ။

အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို လုံလောက်သော ဘဏ္ဍာရေးအရင်းအမြစ်များဖြင့် ပံ့ပိုးပေးထားသင့်ပါသည်။ အာဆီယံချာတာစာချုပ်တွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံး ရံပုံငွေအတွက် ညီတူထည့်ဝင်ကြေးမှုဟူ၍ပါဝင်သည်။ (စာပိုဒ် ၃၀-၂)။ ၎င်းထည့်ဝင်ကြေးမှုအောင်အောက်တွင် ဘဏ္ဍာရေးခွန်အားအနည်းဆုံးနိုင်ငံသည် (သို့မဟုတ်ပါက အနည်းဆုံးသာထည့်ဝင်လိုသည့်) မည်သည့်နိုင်ငံဖြစ်စေ၊ အာဆီယံဘတ်ဂျက်၏ အရွယ်အစားကိုလည်း လက်တွေ့တွင် ကန့်သတ်ထားသည်။ ထို့ကြောင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အလျင်အမြန်တိုးတက်သော အခန်းကဏ္ဍနှင့် ကိုက်ညီမှုမရှိတော့ပေ။ ထို့ကြောင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး ခိုင်မာတောင့်တင်းရေးနှင့် အာဆီယံ၏အင်္ဂါရပ်များကို သုံးသပ်ရေးအတွက် ဖွဲ့စည်းထားသည့် အဆင့်မြင့်တာဝန်ရှိ အဖွဲ့အနေဖြင့် ညီတူညီမျှမဟုတ်သော ထည့်ဝင်ကြေးမှုဖြစ်လာနိုင်ချေကို ဆန်းစစ်ကြည့်သင့်ပေသည်။

အာဆီယံမှဆောင်အတွင်း ညီတူညီမျှထည့်ဝင်ကြေးစည်းမျဉ်းနှင့် အဓိကကွဲလွဲမှုမှာ အာဆီယံ အခြေခံအဆောက်အအုံရံပုံငွေ (AIF) ပင်ဖြစ်သည်။[16] ၂၀၁၂ ၌ တည်ထောင်ခဲ့သည်။ မြန်မာမှလွဲလျှင် အဖွဲ့ဝင်နိုင်ငံအားလုံး ၎င်းရံပုံငွေအဖွဲ့သို့ဝင်ခဲ့ကြပြီး ထည့်ဝင်ငွေကြေးမှာမူ ကွာခြားမှုရှိသည်။ မလေးရှားသည် အမေရိကန်ဒေါ်လာ ၁၅၀-သန်း ဖြစ်ပြီး အင်ဒိုနီးရှားက ၁၂၀ သန်းဖြင့် ဒုတိယလိုက်သည်။ ဖိလစ်ပိုင်၊ စင်္ကာပူနှင့် ထိုင်းတို့က အမေရိကန်ဒေါ်လာ ၁၅-သန်းစီ ထည့်ဝင်ကြသည်။ ဘရူနိုင်းနှင့် ဗီယက်နမ်က အမေရိကန်ဒေါ်လာ ၁၀ သန်း ထည့်ဝင်သည်။ မှတ်သားစရာမှာ ကမ္ဘောဒီးယားနှင့် လာအို ပီဒီအာသည်လည်း အလွန်နည်းသော ပမာဏဖြစ်စေ ထည့်ဝင်ကြသည်။[17] ဤဘဏ္ဍာရေးပုံသဏ္ဍာန်သည် မတူညီသော

[16] ADB website: (http://www.adb.org/sites/default/files/linked-docs/45097-001-reg-fa.pdf).
[17] ADB also contributes a significant amount to the AIF, i.e., US$150 million.

စီးပွားရေး အဆောက်အအုံအရွယ်အစား[18] ကို ထည့်သွင်းစဉ်းစားထားပြီး နိုင်ငံရေးမပါ။ စီးပွားရေးအကြောင်းကိစ္စ သက်သက်သာဖြစ်သဖြင့် ယုတ္တိရှိသော ရွေးချယ်မှုပင်ဖြစ်သည်။ ဒေါက်တာဆူရင်ပစ်ဆူဝန် ကောက်ချက်ချသကဲ့သို့ပင် AIF သည် ဖန်တီးထားသော ဘဏ္ဍာရေး ဗိသုကာပုံစံတစ်ခု၊ သီးသန့်ပုံစံဖြင့် အာဆီယံနှင့် ဆီလျော်ညီညွတ်ပြီး ၂၀၁၅ နောက်ဆုံးထား၍ AEC အကောင်အထည်ဖော်မှုအတွက် ငွေကြေးရနိုင်မည့် နည်းလမ်းအမျိုးမျိုးကို ရှာဖွေတွေ့ ရှိရန် အချိန်မီပေါ်ပေါက်လာခြင်းဖြစ်သည်။[19] ညီတူညီမျှထည့်ဝင်ကြေး မူမှ သွေဖည်ပြီး AEC နှင့် ဆက်နွယ်သည့် ရံပုံငွေများထဲတွင် ထူးခြားနေကာ၊ အာဆီယံ ရံပုံငွေရှာဖွေခြင်း အတွက် ဖြစ်နိုင်ချေတစ်ခုကို ကောင်းစွာအကြံပြုလိုက်ခြင်းပင်ဖြစ်သည်။

အာဆီယံက စဉ်းစားကောင်းစဉ်းစားနိုင်သော အခြားပုံစံတစ်ခုမှာ APEC အတွင်းရေးမှူးချုပ်ရုံး ရံပုံငွေပင်ဖြစ်သည်။ ၎င်းသည် စီးပွားရေးအရွယ်အစားကွာခြားချက်ကို ထည့်သွင်းစဉ်းစားပြီး အထက်နှင့်အောက် အကန့်အသတ်များ သတ်မှတ်ခြင်းအားဖြင့် တန်းတူမိတ်ဖက်ဖြစ်မှုကို ထင်ဟပ်နေပေသည်။ အများဆုံးမှာ အမေရိကန်နှင့် ဂျပန်တို့၏ ထည့်ဝင်ငွေဖြစ်ပြီး စုစုပေါင်း ဘတ်ဂျက်၏ ၂၀ ရာခိုင်နှုန်းကို ထည့်ဝင်ကြသည်။ ဗီယက်နမ်ကဲ့သို့ စီးပွားရေး အဆောက်အအုံငယ်များကလည်း ၃ ရာခိုင်နှုန်းထည့်ဝင်ကြသည်။

AEC နှင့် ဆက်နွယ်သော လုပ်ရှားမှုများ တိုးချဲ့လျက်ရှိနေခြင်းမှာ AEC လမ်းညွှန်ပုံစံက နယ်ပယ်များစွာကို ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံနိုင်ခြင်းကြောင့်လည်းကောင်း၊ အာဆီယံ အပေါင်း တစ် FTA များတိုးပွားလာခြင်းကြောင့်လည်းကောင်းဖြစ်သည်။ ၂၀၁၅ ခုနှစ် လွန်ခေတ်အထိလည်း ဆက်လက်တိုးတက်နေပေလိမ့်မည်။ ဘဏ္ဍာရေးလိုအပ်ချက်ကို ပံ့ပိုးရန်အတွက် အာဆီယံ၏ စီးပွားရေးမဏ္ဍိုင်တွင် အလျော့အတင်းရှိသော ဘဏ္ဍာရေး စနစ်ကို မိတ်ဘက်သင်ပေးသည်။ ချာတာ ပြန်လည်ဆန်းစစ်ချက်သည် နိုင်ငံရေးဆိုင်ရာ အကန့်အသတ်များကို ရင်ဆိုင်လျှင်သော်မှ ထိုသို့ပြုလုပ်သင့်ပေသည်။

---

[18] The Malaysia and Indonesia factors should be understood because of their special attention to infrastructure development.

[19] ASEAN Secretariat website: (http://www.asean.org/news/asean-secretariat-news/item/asean-infrastructure-fund-targets-us13-billion-towards-asean-connectivity).

(စ) ပုဂ္ဂလိကကဏ္ဍ၏ပါဝင်မှုကို အထူးသဖြင့်ကဏ္ဍလိုက်အဆင့်တွင် တိုးမြှင့်ပါ။

ပုဂ္ဂလိကကဏ္ဍသည် AEC တည်ဆောက်ရေးတွင် အရေးပါသော အခန်းမှပါဝင်နေပေသည်။[20] အာဆီယံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်လျှက်ရှိရာတွင် အဓိကမှာ စီးပွားရေးမှု ပေါင်းဆောင်ရွက်မှုကို"ဈေးကွက်ကမောင်းနှင်ပို့ဆောင်သည့်" စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဟု ဖော်ပြလေ့ရှိပြီး၊ အထူးသဖြင့် ဥရောပ၏အစိုးရက မောင်းနှင်ပို့ဆောင် ဘုံဈေးကွက်နှင့် နှိုင်းယှဉ်ပြောဆိုရာတွင် သုံးစွဲလေ့ရှိသည်။ အားလုံးမဟုတ်လျှင်သော်မှ အာဆီယံနည်းလမ်း များစွာသည် နိုင်ငံအဆင့် ဒေသတစ်ခုလုံးအဆင့် စီးပွားရေးဝန်းကျင်တိုးတက်ကောင်းမွန် အောင် လုပ်ဆောင်ခြင်းအားဖြင့် ပုဂ္ဂလိက၏ စီးပွားရေးလုပ်ဆောင်ချက်မျးကို ပို၍ ကောင်းမွန်လာစေရန် ရေးဆွဲလုပ်ဆောင်ထားပြီး၊ တဖက်တွင် စီးပွားရေးလုပ်ဆောင် လျှက်ရှိသည်။ ပုဂ္ဂလိကကဏ္ဍဟု ဆိုရာတွင် နိုင်ငံရေးပါဝင်သော လုပ်ငန်းများသာမက အငယ်စားနှင့်အလတ်စားလုပ်ငန်းများ (SME) ပါ ပါဝင်သည်။

AEC ကနဦးဆောင်ရွက်ချက်များတွင် စီးပွားရေးလုပ်ငန်းကဏ္ဍသည် နည်းလမ်းပေါင်းများ စွာဖြင့် ပါဝင်နေသည်။ အစတွင် အာဆီယံချာတာသဘောတူညီချက်၌ စီးပွားရေးအဖွဲ့အစည်း ၂၀ ကျော်ကို ထင်ရှားစွာပင် အသိအမှတ်ပြုဖော်ပြခဲ့သည်။ အာဆီယံ စီးပွားရေးလုပ်ငန်း အကြံပေးကောင်စီ (ASEAN BAC) သည် နှစ်စဉ်ကျင်းပသည့် ဆောင်းဦးရာသီ အာဆီယံ ထိပ်သီးအစည်းအဝေးသို့ မူဝါဒဆိုင်ရာ အကြံပေးချက်များတင်ပြလေ့ရှိသည်။ အာဆီယံနိုင်ငံ ခေါင်းဆောင်များ[21]နှင့် ပုဂ္ဂလိကကဏ္ဍအကြား အဖိုးတန်အခွင့်အရေးများ အလို့ငှာ တိုက်ရိုက် ဆက်သွယ်ပြန်ကြား ပေးလျှက်ရှိသည်။ အများအတွက် အထူးအရေးပါလှသော စနစ်များ အပြင် စက်မှုလုပ်ငန်းများလည်း ကဏ္ဍအထူးပြု ကနဦးဆောင်ရွက်ချက်များတွင် ပါဝင်နေပေ သည်။ ဒေသတွင်းရှိ စက်မှုလုပ်ငန်း အသင်းအဖွဲ့များ တွေ့ဆုံရာဖြစ်သည့် ကဏ္ဍပေါင်းစု ဦးစားပေးမှု (PISS) သည် ထင်ရှားသော သာဓကဟုဆိုနိုင်ပါသည်။ သို့သော် ထိတွေ့ဆက်ဆံ မှု အတိုင်းအတာမှာမူ မူဝါဒနယ်ပယ်များပေါ် မူတည်နေပြီး စီးပွားရေးကဏ္ဍတစ်ခုနှင့် တစ်ခု ကွာခြားမှု ရှိပေသည်။ ဥပမာ တစ်ခုပြရသော် စံချိန်နှင့် စံညွှန်းများဆိုင်ရာ အချို့သော ကုန်စည်အုပ်စုအလိုက် အလုပ်အဖွဲ့များ (PWGS) များသည် ပုဂ္ဂလိကကဏ္ဍ၏ အမြင်ကို အလေးအနက်အသုံးပြုလျှက်ရှိစဉ်၊ အခြားသော PWGS များက စက်မှုလုပ်ငန်းအသင်းအဖွဲ့ များနှင့် ထိတွေ့ဆက်ဆံမှုကို ကန့်သတ်လျှက်ရှိနေပေသည်။

---

[20] Sukma (2014) discusses more broadly in the context of civil society organization involvement in ASEAN towards “people-oriented ASEAN”.

[21] In 2013, however, ABIS was held in the margin of AEM rather than ASEAN Summit due to the limited accommodation capacity of Brunei. It is critical to once again bring up ABIS to the leader-level.

AEC နည်းလမ်းများကို ၂၀၁၅ နှင့် ဝင်းထက်ကျော်လွန်း၍ အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန်မှာ စီးပွားရေးလုပ်ငန်းကဏ္ဍနှင့် အခြားသောအကျိုးတူ ခံစားပါဝင်သူများအကြားပို၍ နက်နဲသော ထိတွေ့ဆက်ဆံမှုများရှိရန်လိုအပ်သည်။ အာဆီယံသည် " လူကိုရှေ့ဦးတည်သော အာဆီယံ" အဖြစ် နှစ်များစွာရွေ့လျားပြောင်းလဲလာခဲ့သည်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်မှုမှာ ၂၀၁၅ ခုနှစ် လွန်မျှော်မှန်းချက်တွင် ပို၍ပင် အရေးပါလာလိမ့်ဦးမည်ဖြစ်သည်။ အချုပ်ဆိုရသော် အာဆီယံ၏ အလုပ်ပိုင်ဆိုင်ရာ မဟာဗျူဟာများနှင့် အင်စတီကျူးရှင်းဆိုင်ရာ တည်ဆောက်ဖွဲ့စည်းပုံတို့တွင် ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်မှုကို ဆုံးဖြတ်ချက်ချမှတ်မှု ဖြစ်စဉ်တွင်း၌ ထည့်သွင်းထားရန် လိုလာပေလိမ့်မည်။ ထို့ကြောင့် မူဝါဒချမှတ်ရာနယ်ပယ်အားလုံး လိုလိုတွင် ပုဂ္ဂလိက ကဏ္ဍများသည် ဒေသတွင်းသွင်းအားစုများပေးပို့ရာဒေသတွင် လုပ်ဆောင်သမျှကို သိရှိနိုင်အောင် အသိပညာပြန့်ပွားရာ ဆက်သွယ်ရေးလမ်းကြောင်းများ အဖြစ်လည်းကောင်း၊ AEC ၏ နည်းလမ်းများကို အကောင်အထည်ဖော်သည့် မိတ်ဖက်များအဖြစ်လည်းကောင်း ပို၍တက်ကြွစွာ ပါဝင်လာရန် အဆိုပြုလိုပါသည်။

ABAC ပြုပြင်ပြောင်းလဲမှုကိုလည်း လေးလေးနက်နက်လုပ်သင့်ပေသည်။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးကဲ့သို့ပင် ABAC အတွင်းရေးမှူးချုပ်ရုံးသည် ကဏ္ဍရေးနှင့် လူစွမ်းအားစာရင်းအဖြစ် ရရှိမှုအကန့်အသတ်ကို ဆိုးဆိုးဝါးဝါးရင်ဆိုင်နေရသည်။ မူဝါဒဆိုင်ရာ ထောက်ခံအားပေးမှုများကြောင့် မိမိရရပြနိုင်သည့် အောင်မြင်မှုများစွာ ရရှိထားသော APEC စီးပွားရေးအတိုင်ပင်ခံကောင်စီ (APEC BAC) နှင့် နှိုင်းယှဉ်ကြည့်ပြီး ABAC သည် APEC BAC ထံမှ လေ့လာသင်ယူနိုင်ကောင်း သည်ဟု ဟျူး(၂၀၁၃) ကအဆိုပြုထားသည်။

(ဆ) အာဆီယံ၏အစိတ်အပိုင်းများနှင့် အင်စတီကျူးရှင်းများ၏ အခန်းနှင့် လုပ်ဆောင်ချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြပါ။

အာဆီယံအဖွဲ့အစည်းများအကြား တာဝန်နှင့် ဆက်နွယ်မှုများကို အသေးစိတ်ချပြရာတွင် ရှင်းလင်းပြတ်သားမှု လိုအပ်ချက်ရှိနေဆဲပင်ဖြစ်သည်။ ဆုက်မ (၂၀၁၃) ၏ လေ့လာမှုသည် အာဆီယံညှိနှိုင်းဆက်သွယ်မှုကောင်စီနှင့် အခြားအာဆီယံကောင်စီနှစ်ခု (AEC နှင့် ASCC) အကြား ပတ်သက်ဆက်နွယ်နှင့် အထွေထွေအတွင်းရေးမှူးချုပ် အစီရင်ခံမှုပုံစံကို အဓိက လေ့လာထားသည်။ AEC နှင့် ဆက်စပ်ကြည့်လျှင် အာဆီယံ၏ အဖွဲ့အစည်းများသည် ဝေဝေဝါးဝါးဖြစ်နေခြင်း (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုနှင့် တစ်ခုထပ်နေနိုင်ချေတို့ ရှိနေ

သည်။ ဉပမာ AEC နှင့် ဆက်နွယ်သော အကြောင်းရင်းများတွင် CPR ၏ အခန်းကဏ္ဍမှာ ရေရေရာရာမရှိလှချေ။ လောလောဆယ်တွင် အမြဲတမ်းကိုယ်စားလှယ်များကော်မတီ (CPR) သည် စီးပွားရေးရှုဒေါင့်မျိုးစုံနှင့် ပတ်သက်နေသည်။ အာဆီယံချိန်ဘက်ညှိနှိုင်းလုပ်ဆောင်မှု ကော်မတီ ACCC တွင် မိမိနိုင်ငံတို့ကို ကိုယ်စားပြုခြင်းအားဖြင့် အချိတ်အဆက်ဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်နေသည်။ ယခုအစီရင်ခံစာတွင် ဆွေးနွေးလိုသောအချက်မှာ ၂၀၁၅ နှစ်လွန်ခေတ်တွင်မျှတမှု အားလုံးလွှမ်းခြုံပါဝင်မှုနှင့် စဉ်ဆက်မပြတ်ဖြစ်ထွန်းမှု အစီအစဉ်များ ကို ပို၍အာရုံစူးစိုက်သင့်သည်ဆိုသော အချက်ပင်ဖြစ်သည်။ အရည်အသွေးမပြည့်မီသော လုပ်သားရွှေ့ပြောင်းမှုကိုလည်း အနာဂါတ်တွင် ထည့်သွင်းစဉ်းစားသင့်သည်။ ဤပြဿနာကို လောလောဆယ်တွင် AEC အနေဖြင့် ကိုင်တွယ်ခြင်းထက် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝိုင်းမဏ္ဍိုင်အနေဖြင့် ကိုင်တွင်ဖြေရှင်းလျှက်ရှိသည်။ ထို့ကြောင့် ၂၀၁၅ လွန် မျှော်မှန်းချက်၏ အစောပိုင်းအကောင်အထည်ဖော်မှုကို သေသေချာချာ ဆောင်ရွက်နိုင်ရန် အတွက် သတ်သတ်မှတ်မှတ် ညှိနှိုင်းပေးမည့် စနစ်တစ်ရပ်ကို တည်ဆောက်သင့်ပေသည်။ ဉပမာ အာဆီယံသည် OECD နည်းလမ်းကို စဉ်းစားကောင်းစဉ်စားနိုင်သည်။ OECD သည် မတူသော ကော်မတီများကို တွဲဘက်၍ လုပ်ငန်းအုပ်စုများ ဖွဲ့စည်းလေ့ရှိသည်။ ဉပမာ- ကုန်သွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်လုပ်ငန်းအုပ်စုဟူ၍ ဖွဲ့စည်းခြင်းမျိုးဖြစ်သည်။

## APEC နှင့် မိတ်ဖက်ခြင်းကို ပို၍နက်ရှိုင်းပါစေ

အင်စတီကျူးရှင်းများအားကောင်းလာစေရန်အပြင်အာဆီယံသည်အာရှပစိဖိတ်ဒေသတွင်ရှိ ပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် အာဆီယံအဖွဲ့ဝင်ခုနစ်နိုင်ငံ ပါဝင်နေပြီးဖြစ်သည့် နိုင်ငံ ၂၁- နိုင်ငံဖြင့် ဖွဲ့စည်းထားသော အာရှပစိဖိတ်စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဖိုရမ် (APEC) ၏ အင်အားစွမ်းများကို ပိုမိုထုတ်ယူသုံးစွဲနိုင်ပါသည်။ APEC ၏ ဘိုဂေါရည်မှန်းချက် ပန်းတိုင်များတွင် အာဆီယံစီးပွားရေးအသိုက်အဝန်း၏ ရည်မှန်းချက်များဖြစ်သော လွတ်လပ်၍ ပွင့်လင်းသော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစနစ် ဆိုသည်မှာအချက်နှင့် အဖွဲ့ဝင်များအကြား လစ်ဟာမှုကင်းသည့် ချိတ်ဆက်မှုဆိုသောအချက်တို့ကို ပို၍ကျယ်ပြန့်သော ပထဝီဝင်ဧရိယာ ထဲ ပါဝင်နိုင်ရန် ဝေမျှအသုံးပြုထားပြီး မည်သည့် ကတိကဝတ်အနှောင်အဖွဲ့များ မလိုအပ်ဘဲ အချင်းချင်းဖိအားပေးမှုနှင့် ဆွေးနွေးမှုများကို ပို၍အားပြုခြင်းဖြင့် ဘိုဂေါရည်မှန်းချက်ပန်းတိုင် များကို ရရှိနိုင်မည်ဖြစ်သည်။ APEC ၏ အဓိကကျသော ကနဦးအစီအမံများသည် AEC လမ်းညွှန်ပုံစံနှင့် MPAC တို့၏ အဓိက နည်းလမ်းများနှင့်ဆင်တူသည် လည်းကောင်းကို တွေ့ရသည်။ ထို့ကြောင့် ဆာဆီယံ၊ အရှေ့အာရှနှင့် ပစိဖိတ်တဝှမ်းပေါင်းစည်းထားသည့် ဒေသတစ်ခုဆီသို့ ရှေ့ရှု၍ APEC နှင့် အာဆီယံသည် တဖွဲ့နှင့်တဖွဲ့ အပြန်အလှန် သင်ယူ နိုင်သကဲ့သို့ တွဲဘက် ချိတ်ဆက်၍လည်း လုပ်ဆောင်နိုင်သည်။

APEC နှင့် အာဆီယံအတူတကွ ဆောင်ရွက်နိုင်သော နယ်ပယ်များမှာ ကုန်သွယ်မှု လျှင်မြန်ချောမွေ့စေခြင်း၊ ထုတ်လုပ်မှုလမ်းကြောင်း အချိတ်အဆက်၊ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ပြုပြင် ပြောင်းလဲမှုနှင့် ပုဂ္ဂလိက ကဏ္ဍ၏အခန်းကဏ္ဍ တို့ဖြစ်သည်။ (ဟျူး - ၂၀၁၃)

• APEC ၏ ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရန် ပြုလုပ်ခြင်းတွင် အကောက်ခွန် လုပ်ငန်းအဆင့်ဆင့် စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ စီးပွားရေးလုပ်ငန်းပြောင်းရွှေ့မှုနှင့် အီလက်ထရောနစ် ကုန်သွယ်ရေးတို့ပါဝင်သည်။ APEC သည် ထင်သာမြင်သာရှိမှု၊ လုပ်ငန်းစဉ်ရှင်းလင်း လွယ်ကူစေရန်ပြုလုပ်ခြင်း၊ ရှေ့နောက် ဆီလျော်ညီညွတ်မှုနှင့် ခန့်မှန်းကြည့်နိုင်စွမ်းနှင့် အကောက်အခွန်နည်းလမ်းများနှင့် ပတ်သက်ရသည်။ အမျိုးမျိုးတွင် တိုင်ပင်ဆွေးနွေးနိုင်မှု တို့ပါဝင်သည်။ အာဆီယံ၏ အမျိုးသားအဆင့် ပြူတင်းပေါက်စနစ်ထူထောင်ခြင်း ထင်သာမြင်သာရှိစေရန်အတွက် အမျိုးသားအဆင့်နှင့် ဒေသအဆင့် ကုန်သွယ်မှု သတင်းအချက်အလက်ဘဏ်တိုက်ထူထောင်ခြင်း သို့သော် APEC ကုန်သွယ်မှုလုပ်ခြင်း ချောမွေ့စေခြင်း လက်တွေ့စီမံလုပ်ဆောင်မှု စီမံချက်များနှင့် ကုန်စည်ထုတ်လုပ်မှုလမ်းကြောင်း အချိတ်အဆက်မှု လက်တွေ့လုပ်ဆောင်မှု စီမံချက်များသည် အာဆီယံ၏ ၂၀၁၅ နှင့် ၂၀၁၅ အလွန်ကာလအတွက် ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရေးကို ပိုမိုပြည့်စုံလာရန် ကူညီနိုင်ပါသည်။

• APEC နှင့် အာဆီယံသည်စံချိန်စံညွှန်းများ ၎င်းတို့ကို တပြေးညီသတ်မှတ်ခြင်း ကိစ္စကို ပို၍အလေးပေးသင့်သည်။ အကြောင်းမှာ ကုန်သွယ်ရေးနှင့် ပတ်သက်သည့် နည်းပညာ အကန့်အသတ်များရှိနေခြင်းသည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးပေါ် အကျိုးသက်ရောက်စေသည့် ပြဿနာဖြစ်နိုင်ဆုံး NTMS ပင်ဖြစ်သည်။ အဖွဲ့အစည်းနှစ်ခုလုံးတွင် အပြည်ပြည်ဆိုင်ရာ စံညွှန်းများနှင့် ပို၍နီးစပ်ကိုက်ညီရန် လုပ်ဆောင်လျှက်ရှိကြသည်။ သို့သော်လည်း ၎င်းသည် ရှုပ်ထွေးသော ကိစ္စဖြစ်ပြီး အထူးသဖြင့် ဖွံ့ဖြိုးမှုအဆင့်ကွာခြားသည့် အဖွဲ့ဝင်နိုင်ငံများတွင် ပို၍ဖြစ်နိုင်သည်။ တချိန်တည်းမှာပင် ပုဂ္ဂလိကကဏ္ဍ၏ ပံ့ပိုးမှု အထူးအရေးပါသော ကိစ္စလည်းဖြစ်သည်။ APEC နိုင်ငံများတွင် ကမ္ဘာ့စီးပွားရေး အဆောက်အအုံ၌ အရေးပါဆုံးနိုင်ငံများ ပါဝင်နေသည့်အတွက် APEC သည် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများကို သိသာထင်ရှားစွာပုံဖော်နိုင်မည်ဟု မျှော်လင့်နိုင်သည်ဖြစ်ရာ အာဆီယံနှင့် အေပက်တို့ စံချိန်စံညွှန်းများ တပြေးညီသတ်မှတ်ခြင်းနယ်ပယ်တွင် ပိုမိုနီးကပ်သည့် လုပ်ငန်းဆိုင်ရာ ပတ်သက်မှုသည် နိုင်ငံအလိုက်အမျိုးမျိုးဖြစ်နေသည့် စံချိန်စံညွှန်းများကို လိုက်နာရခြင်းကြောင့်ဖြစ်ရသည့် အရောင်းအဝယ်စရိတ်များ လျော့ကျရေးအတွက် ဒေသတွင်း နှင့် ကမ္ဘာ့အားထုတ်မှုများကို ထောက်ကူမှုဖြစ်စေပေလိမ့်မည်။

• APEC ၏ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွင် အင်စတီကျူးရှင်းမှုဆောင်များဆိုင်ရာ နယ်စပ်ရှိ အတားအဆီးများကို အနည်းဆုံးဖြစ်စေမည့် ဥပဒေစည်းမျဉ်းများ မူဝါဒများဆိုင်ရာနှင့် စီးပွားရေးလုပ်ငန်းဖော်ဆောင်မှုကို တိုးတက်လာစေမည့် မည်သည့်ပြောင်းလဲမှုမျိုးမဆို ပါဝင်သည်။ APEC ၏ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၏ ဦးစားပေးလုပ်ငန်းစဉ်များမှာ (က) စည်းမျဉ်းဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှု (ခ) ယှဉ်ပြိုင်မှုမူဝါဒ (ဂ) အများနှင့် သက်ဆိုင်သည့် စီမံအုပ်ချုပ်မှုပုံစံ (ဃ) ပြည်သူပိုင်ကဏ္ဍစီမံအုပ်ချုပ်မှုပုံစံ (င) စီးပွားရေးနှင့် တရားဥပဒေရေးရာ အခြေခံအဆောက်အအုံများကို အင်အားတောင့်တင်းစေခြင်းတို့ဖြစ်သည်။ (ဟျူး -၂၀၁၃ စာ - ၁၀) ။ ဤနယ်ပယ်သည် အာဆီယံက APEC ထံမှ များစွာနည်းခံယူနိုင်သည့် နယ်ပယ်ဖြစ်ကြောင်း ထင်ရှားစွာတွေ့ရပေသည်။ ထို့ကြောင့် ဥပမာအားဖြင့် ယခုအစီရင်ခံစာ အခန်း (၇) တွင် ဖော်ပြထားသည့် ပြန်လည်တုန့်ပြန်စွမ်းသော အာဆီယံဆွေးနွေးထားရာ နယ်နိမိတ်နောက်ဖက်နှင့် ပတ်သက်သည့် စည်းမျဉ်းဥပဒေများနှင့် မူဝါဒများ ပိုမိုတိုးတက်လာမှုနှင့် သို့မဟုတ် ပြုပြင်ပြောင်းလဲမှုများပါဝင်လာနိုင်ပေမည်။ APEC ၏ စည်းမျဉ်းဥပဒေပြုပြင်ပြောင်းလဲမှု အစီအစဉ်နှင့် ချိတ်ဆက်မှုရှိသည့် OECD အစိုးရများ၏ နည်းလမ်းတစ်ခုလုံးနှင့် အခန်း (၇) ၌ ဖော်ပြထားသော စည်းမျဉ်းဥပဒေဆိုင်ရာ ပြောဆိုမှုများသည် အတိုင်းအတာတစ်ခုထိ မူကွဲနေနိုင်သည့်တိုင် အထက်ပါအချက်များကိုတော့ ဖော်ပြရှိနေနိုင်ပါသည်။

• ပုဂ္ဂလိက ကဏ္ဍသည် APEC စီးပွားရေးလုပ်ငန်းအကြံပေးဆောင်စီ (ABAC) မှ တဆင့် APEC ကိုပို၍ ထောက်ခံအားပေးသော မိတ်ဖက်အဖြစ် အဖိုးတန်သွင်းအားစုများ ထင်ရှားလေ့လာမှုများဖြင့် ပံ့ပိုးကာ APEC ၏ လက်တွေ့လုပ်ငန်းစံမံချက်များ ဖြစ်ပေါ်ဖွံ့ဖြိုးလာရေးကို များစွာပံ့ပိုးကူညီလျက်ရှိသည်။ အာဆီယံ၏ ပုဂ္ဂလိကကဏ္ဍမှာ အာဆီယံဖြစ်စဉ်၌ ပုဂ္ဂလိကနှင့် အာဆီယံတရား ဝင်နည်းလမ်းအားဖြင့် ပြန်လှန်ဆက်သွယ်နေကြသည်ကလွဲလျှင် APEC တွင်လောက် ထောက်ခံအားပေးမှုမရှိဟု ဆိုရလောက်အောင်ပင်ဖြစ်သည်။ အာဆီယံသည် ဒေသဆိုင်ရာ ပေါင်းစည်းရေးလုပ်ငန်းစဉ်နှင့် ပုဂ္ဂလိကကဏ္ဍမှ နက်ရှိုင်းစွာပါဝင်လာခြင်း အကျိုးကျေးဇူးများရရှိလာစေရန် လုပ်ဆောင်ရာတွင် APEC ၏ အတွေ့အကြုံကို ရယူနိုင်ပါသည်။

အာဆီယံနှင့် APEC အကြား တွဲဘက်လုပ်ဆောင်နိုင်မှုနှင့် အဖွဲ့နှစ်ဖွဲ့အကြား အစွမ်းအစများ ဖလှယ်ရယူနိုင်ဦးမည့် နယ်ပယ်များစွာရှိနေပါသည်။ အာဆီယံအနေဖြင့် ၂၀၁၅ နှင့် ၂၀၁၅ လွန်ကာလများအတွက်ပို၍ နက်ရှိုင်းသော စီးပွားရေးပေါင်းစည်းမှုဖြင့် ပိုမိုကောင်း

မွန်သော စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေတို့အတွက် အစီအစဉ်တွင် အဆိုပါ ခွန်အား အစွမ်းအစများရယူနိုင်သည့် အလားအလာကို အမြင့်မားဆုံးရရှိရန် ဆောင်ရွက်သင့် လှပါသည်။

## ကမ္ဘာ့နိုင်ငံများအသိုင်းအဝန်းအတွင်း အာဆီယံ၏အသံ

စိတ်ချယုံကြည် AEC ၂၀၁၅ ပေါင်းစည်းသော ယှဉ်ပြိုင်ထိုးဖောက်နိုင်စွမ်းသော အာဆီယံ ဖြစ်ရေးသို့ တွန်းပို့ခြင်း (အခန်း - ၃ ရှု)၊ ယှဉ်ပြိုင်နိုင်ပြီး ဘက်စုံအာဆီယံဖြစ်လာစေရေး နည်းလမ်းများကို ပိုမိုအားပေး (အခန်း - ၄ ရှု)၊ အားလုံးပါဝင်သော တက်ကြွရှင်သန် အာဆီယံ (အခန်း - ၅ (က) နှင့် ၅ (ခ) ) နှင့် ယုံကြည်စိတ်ချရသော RECP (ယခုအချိန်၌ အကြံပြုပြောဆိုချက်များကိုရှုရန်) တို့ဖြင့် ကမ္ဘာ့နိုင်ငံများ အသိုင်းအဝန်းအတွင်း၌ အာဆီယံ ၏ တည်ရှိမှုပုံကြမ်းကို ဖော်ပြနိုင်ပေပြီဟု ယုံကြည်မျှော်လင့်ပါသည်။ သို့သော် အာဆီယံသည် AEC နှင့် RCEP တို့ထက် ပိုမိုကျော်လွန်သည်သာ ဖြစ်သည်။ စင်စစ်မည်သို့ဆိုစေကာမူ အာဆီယံ၏ အရေးပါသော အောင်မြင်မှုတို့သည် စီးပွားရေးနယ်ပယ်ဘက် သံခင်းတမန်ခင်း နယ်ပယ်တွင် ရရှိထားသည်သာဖြစ်သည်။ အရာအားလုံးထက် အရေးပါဆုံးဟု ဆိုရမည့် ဖြစ်ရပ်မှာ အစောပိုင်းနှစ်များတွင် အာဆီယံ၏ မူလအဖွဲ့ဝင်များအကြား (အထူးသဖြင့် အင်ဒိုနီးရှား၊ မလေးရှား၊ စင်္ကာပူနှင့် ဖိလစ်ပိုင်တို့အကြား) တွင် ဒေသတွင်း ပြန်လည်သင့် မြတ်ရေးကို တိုးမြှင့်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ဒေသတွင်း ငြိမ်းချမ်းရေးအတွက် ဤအခြေခံ ကျသော အချက်သည် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံတို့ လက်မှတ်ရေးထိုးခဲ့သော ငြိမ်းချမ်းရေးဖန်နှင့် ကနက်ဖျက်သိမ်းရေးသဘောတူစာချုပ်တွင် ရုပ်လုံးပေါ်နေခဲ့ပြီးဖြစ် သည်။ စင်စစ်အားဖြင့် အာဆီယံချာတာ၏ စာပိုဒ် (၁-၁)တွင် အာဆီယံ၏ ရည်ရွယ်ချက်ကို "ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထိမ်းသိမ်းတိုးမြှင့်ရန်နှင့် ဒေသတွင်း ငြိမ်းချမ်းရေးကို ရှေ့ရှုသည့် တန်ဘိုးများ ပိုမိုအားကောင်းလာစေရန်" ဟူ၍ အလေးထား ဖော်ပြထားသည်။ ငြိမ်းချမ်းရေးသည် စဉ်ဆက်မပြတ် စီးပွားရေးတိုးတက်မှုနှင့် အခွင့် ကူးပြောင်းမှုအတွက် အရေးပါပြီး ရရှိလာရန်လိုအပ်သောအခြေအနေဖြစ်သည်။

အာဆီယံတိုးတက်လာသည်နှင့်အမျှ အာဆီယံ၏ ရည်မှန်းချက်များကို အင်ဒိုနီးရှား သမ္မတ ဆူစီလို ဘမ်ဘန်းယူဒိုယိုနိုက ဆိုခဲ့သည့်အတိုင်းပင် အာဆီယံသည် ကျစ်လျစ်ပေါင်းစည်းပြီး အသိုက်အဝန်းတစ်ခုအဖြစ်သို့ အသွင်းပြောင်းလာသည်နှင့်အမျှ "အပြည်ပြည်ဆိုင်ရာစနစ် ကြီးက ရွှေ့လျားမှုကြီးတစ်ရပ်ကို ကြုံတွေ့နေရချိန်ရောက်လာခိုက် အာဆီယံသည် အာရှ နှင့် ကမ္ဘာ့အရေး အရာများတွင်ပို၍ ကြံ့ခိုင်ဖြတ်လတ်သော အခန်းကဏ္ဍကို ရှာဖွေရသည်"

ဟူ၍ ညွှန်ဆိုဖော်ပြခဲ့သည်။ တရုတ်နှင့် ဂျပန်တို့ကဲ့သို့သော များစွာကြီးမားသော စီးပွားရေး အဆောက်အအုံများရှိနေသည့် ဒေသတွင်းဝယ် စုဝေးရာ အဖွဲ့အစည်းတစ်ခုအဖြစ် မလွဲမသွေတည်ရှိနေရပေရာ၊ AEC မှတဆင့် အာဆီယံနိုင်ငံအဖြစ်လည်းကောင်း RCEP မှ တဆင့် အရှေ့ဒေသနှင့်လည်းကောင်း စီးပွားရေးပေါင်းစည်းမှု နက်ရှိုင်းလာရေးကို စွဲစွဲမြဲမြဲ ဆောင်ရွက်နေခြင်းအပြင် ဒေသအတိုင်းအတာအနေနှင့်ကော အပြည်ပြည်ဆိုင်ရာ အတိုင်းအတာ ညီညာစုပေါင်း၍ တစ်ခုတည်းသောအသံဖြင့် ပြောရေးဆိုခွင့်ပိုမိုရရှိလာစေရန် မျှော်လင့်နိုင်ပါသည် ။

၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပသည့် ၁၉ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ခေါင်းဆောင်များသည့် " ကမ္ဘာ့နိုင်ငံများ အသိုင်းအဝန်းတစ်ခုအတွင်းက အာဆီယံအသိုက်အဝန်းဟူသော ဘာလီကြေငြာစာတမ်း-ဘာလီတတိယ သဘောတူညီချက်" ကို လက်ခံခဲ့သည်။ အာဆီယံခေါင်းဆောင်များသည် ကမ္ဘာ့အရေးကိစ္စများဖြစ်သည့် နိုင်ငံရေး လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်များတွင် အောက်ပါလက္ခဏာရပ်များနှင့် ဖြစ်တည်မှု တစ်ခုတစ်ခုအဖြစ် ခေါင်းဆောင်များ လက်ခံခဲ့ကြသည်။

(က) တူညီသော သဘောထားနှင့် စိတ်ဝင်စားရာကမ္ဘာ့အရေးကိစ္စများတွင်ပါ၍ ညီညွတ်ပေါင်းစည်းနေသော အာဆီယံအနေအထား

(ခ) အဓိက ကမ္ဘာ့အရေးကိစ္စများတွင် အာဆီယံပါဝင်တုန့်ပြန်နိုင်မည့် ပိုမိုထက်မြက်လာသောအာဆီယံစွမ်းရည်

(ဂ) စည်းမျဉ်းအခြေပြုတည်ဆောက်ထားသော အဖွဲ့အစည်းတစ်ခုဖြစ်သည် အာဆီယံကို ဗဟိုပြုလျှက် ခိုင်မာတောင့်တင်းလျှက်ရှိသော အာဆီယံအသိုက်အဝန်း

(ဃ) ကမ္ဘာ့နိုင်ငံများ အသိုင်းအဝန်းတွင် အာဆီယံအသိုက်အဝန်း၏မျှော်မှန်းချက်များနှင့် ဖွံ့ဖြိုးတိုးတက်လာမှုကို ပံ့ပိုးကူညီပေးနိုင်ခွင့်ရှိသည့် အင်အားတောင့်တင်းခိုင်မာသော အာဆီယံအတွင်းရေးမှူးချုပ်ရုံး

"ကမ္ဘာ့နိုင်ငံ အသိုင်းအဝိုင်းတစ်ခုတွင်းမှ အာဆီယံဟူသော ဘာလီကြေငြာစာတမ်း ဘာလီတတိယသဘောတူညီချက်" သည် ၁၉၆၀ ခုနှစ်အစောပိုင်းကာလများထက်များစွာ ပို၍

ရင့်ကျက်လာသော အာဆီယံအနေအထားကို ညွှန်းဆိုဖော်ပြနေသည်။ ၎င်းသည် အာဆီယံခေါင်းဆောင်များ အထူးအလေးပေးရာဖြစ်သည်။ ကမ္ဘာ့အရေးအရာများတွင် တိုးမြင့်လာနေသော အာဆီယံ၏ အခန်းကဏ္ဍဟူသည့် အာဆီယံနှင့် AEC တို့၏ အောင်မြင်မှုနှင့် ကတိကဝတ်တို့ကို သာဓက ထင်ရှားပြနေပေသည်။ စော (၂၀၁၃) ကလည်း အာဆီယံသည် တသွေးတသံတည်း ပေါင်းစည်းလိုက်သည့်အခါ သံခင်းတမန်ခင်းကိစ္စ၌ ပေါ်လွင်ထင်ရှားစွာပင် လွှမ်းမိုးလာနိုင်ကြောင်းကို ဖြစ်စဉ်ဖြစ်ရပ်များဖြင့် သာဓကပြခဲ့သည်။ သာဓကတစ်ခုမှာ စစ်အေးတိုက်ပွဲကာလ ကမ္ဘောဒီးယားတွင် ဗီယက်နမ်ရှိနေမှုနှင့် ပတ်သက်၍ တဖွဲ့တည်းသော အာဆီယံ- ၆ -နိုင်ငံအဖြစ် တစ်ညီတညွတ်တည်းရှိခဲ့ခြင်းက ၁၉၉၁ ပါရီငြိမ်းချမ်းရေးသဘောတူညီချက်ကို ကူညီလမ်းကြောင်းပေးခဲ့သည်။ များစွာမကြာသေးသော ဥပမာတစ်ခုမှာ မြန်မာနိုင်ငံ၌ အုပ်ချုပ်ရေးစနစ်ကို တားဆီးပိတ်ဆို့မှုများ ရှိနေခဲ့ချိန်တွင် အာဆီယံသည် US နှင့် EU တို့နှင့် ပူးပေါင်းမည့်အစား အာဆီယံက မြန်မာနှင့် အပြုသဘောဆောင်ပေါင်းစည်းလာခဲ့ခြင်းပင်ဖြစ်သည်။ အပြုသဘောဆောင်ပေါင်းစည်းမှုနှင့် ငြိမ်းချမ်းတည်ငြိမ်သော သံတမာန်ပရိယာယ်တို့သည် မြန်မာနိုင်ငံလွန်ခဲ့သောနှစ်နှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် အသွင်ပြောင်းမှုဖြစ်သည်ကို အထောက်အပံ့ဖြစ်စေသည်ဟု အကြောင်းစရာပင် ဖြစ်သည်။ သို့သော်အာဆီယံသည် ဖွံ့ဖြိုးမှုအဆင့် စီးပွားရေး အဆောက်အအုံဖွဲ့စည်းမှု ပုံသဏ္ဌာန် အရွယ်အစား၊ နိုင်ငံရေး အင်စတီကျူးရှင်းများနှင့် သမိုင်းကြောင်းဆိုင်ရာ အလွှာမျိုးစုံ ကွဲပြားနေသောအဖွဲ့ဝင်နိုင်ငံများနှင့်ဖွဲ့စည်းထားပေသည်။ ထို့ကြောင့် WTO စေ့စပ်ညှိနှိုင်းမှုများတွင် လွယ်လွယ်ဆိုထားသကဲ့သို့ အဖွဲ့ဝင်နိုင်ငံများပေါင်းစည်းပြီး၍ ဘုံသဘောတူအနေအထားတစ်ခု တည်ဆောက်ရန်မှာ လွယ်ကူသောအလုပ် ဘုံသဘောထားထုတ်ဖော်ခွင့်ကို ညတွင်းချင်းတည် ဆောက်မရနိုင်သည့်တိုင် မဖြစ်နိုင်သော ကိစ္စကားမဟုတ်ချေ။ သို့သော် နှစ်ချက်လုံးသည်လည်း သဘာဝတော့မကျချေ။ ထို့ကြောင့် တေ (၂၀၁၃) က အာဆီယံအနေဖြင့် ၎င်းအဖွဲ့ဝင်နိုင်ငံတို့၏ ကွဲပြားသော အနေအထားများကို အသိအမှတ်ပြုရင်းဖြင့်ပင်၊ ၂၀၁၅ ခုနှစ် နောက်ပိုင်းကာလများ၌ ကမ္ဘာနှင့် ဒေသအရေးကိစ္စများ၌ ဘုံသဘောထား ထုတ်ဖေါ်ခွင့်ရရှိနိုင်စေရန် လိုအပ်သည့်အချက်များကို အလေးအထားတင်ပြသည်။ ၎င်းအချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

- ပထမဦးစွာ အာဆီယံ၏ ဘုံသဘောထားထုတ်ဖော်မှုကို အာဆီယံ၏ ဒေသဆိုင်ရာစိတ်ဝင်စားမှုများကို ဖော်ပြရာတွင် ရည်ရွယ်အသုံးပြုသင့်သည်။ သဘောမှာ ပဋိပက္ခအသွင်ဆောင်နေနိုင်သည့် အမျိုးသားရေးအကျိုးစီးပွားပါဝင်နေသည့် အခါမျိုး (ဥပမာ- တရုတ်ပင်လယ်ကိစ္စ) တွင်ခိုင်မာသော အနေအထားတွင် ရပ်တည်နေခြင်းမျိုးကို မိမိ

ကိုယ်တိုင် ကန့်သတ်လိုက်သင့်သည်။ ထိုသို့ပြုမူမည့်အစား မိမိ ပဋိပက္ခဖြေရှင်းရေး အတွက် စံနှုန်းများချမှတ်ပေးရန်နှင့် ငြိမ်းချမ်းသော နည်းလမ်းများပေါ်ပေါက်စေရန် ပံ့ပိုး ကူညီခြင်းတို့သည်သာ အာဆီယံ၏ အဆုံးကဏ္ဍဖြစ်သင့်သည့် စီးပွားရေးနယ်ပယ်တွင် အာဆီယံဆိုသည်မှာ ဒေသတစ်ခုပင်ဖြစ်သည့်အတွက် ပဋိပက္ခများကို ကူညီဖြေရှင်း ပေးရာတွင် သီးသန့်အနေအထားတစ်ခု ရယူလိုက်ခြင်းထက် မည်သည့်ဖက်မှနှင့်မျှ မသက်ဆိုင်သောအဖွဲ့တစ်ခုအဖြစ် ပြဿနာကို ဖြေရှင်းသင့်သည်။

- ဒုတိယအချက်မှာ အထက်အကြောင်းများအရ အာဆီယံသည် ယုံကြည်မှုနှင့် ကြားနေ စိတ်ဓါတ်ကို အသေအချာတည်ဆောက်ရန် ဖြစ်သည်။

- တတိယအချက်မှာ အာဆီယံသည် စည်းလုံးသဘောထားတိုက်ဆိုင်မှုနှင့် ဒေသတစ်ခု လုံးရှင်သန်ထမြောက်ခြင်း မှုများကိုအသိအမှတ်ပြုလျှက် ပြုပြင်ပြောင်းလဲလွယ်ရန် လည်း လိုအပ်သည်။

- စတုတ္ထအချက်မှာ ညှိနှိုင်းဆောင်ရွက်မှုလုပ်ငန်းစဉ်ကို အထောက်အကူပြုစေရန် အခြား သောအာဆီယံ အင်စတီကျူးရှင်းများကို ပြန်လည်သုံးသပ်၊ ပြုပြင်ပြောင်းလဲသင့်သည်။ (ဥပမာ အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို အင်အားတောင့်တင်းစေရမည်။) ဤအချက် ကို ယခုအခန်း၌ " အာဆီယံအင်စတီကျူးရှင်းအင်အားတောင့် တင်းလာစေရေး" အပိုင်းတွင် ဖော်ပြဆွေးနွေးခဲ့ပြီးဖြစ်သည်။

အာဆီယံအသိုက်အဝန်းကို ဖန်တီးခြင်းသည် အာဆီယံ၏ ဘုံသဘောထားထုတ်ဖော်မှု၏ အခြေခံပင်ဖြစ်ပြီး အထူးသဖြင့် စီးပွားရေးနယ်ပယ်တွင်ဖြစ်သည်။ RCEP သဘောထား ရှုဒေါင့်မှ အစောပိုင်းတွင် ရှင်းလင်းခဲ့သည့်အတိုင်း AEC အတွေ့အကြုံသည် အာဆီယံ အတွက် ဒေသအတွင်း အသုံးဝင်သော ဖြစ်တည်မှုကို အဆိုပြုရန် အာဆီယံကို အထူး အနေ အထား ပေးထားသကဲ့သို့ပင်၊ ပို၍ကျယ်ပြန့်သော ပေါင်းစီးမှုအတွက် ပြင်စရာတွင်လည်း အထောက်အကူပေးပေသည်။ ဤအချက်သည် ကုန်သွယ်မှုနှင့် မသက်ဆိုင်သော အခြား သော စီးပွားရေးအစီအစဉ်တစ်ရပ်လည်း ဖြစ်သည်။ အာဆီယံသာ ပိုမိုပေါင်းစည်းမိလာပါက အဖွဲ့ဝင်နိုင်ငံအချင်းချင်းသည် ကမ္ဘာ့ရေးရာများနှင့်ဆိုင်သော မိမိတို့၏ ချဉ်းကပ်ပုံ ချဉ်းကပ် နည်းများတွင် ပို၍နီးစပ်စွာလုပ်ဆောင်လာကြပေမည်။ အချုပ်ဆိုရလျှင် အင်ဒိုနီးရှားသမ္မတ ယူဒိုယိုနိုက အကောင်းဆုံးဖော်ညွှန်းပြခဲ့သည်။ အတိုင်းပင် အာဆီယံသည် အာရှနှင့်

ကမ္ဘာ့အရေးများတွင် ပိုမိုခိုင်ခန့်အားကောင်းသော အခန်းကဏ္ဍကို ရည်ရွယ်ထားပေရာ ထိုအချက်က အာဆီယံသည် ၎င်း၏တော်တန်ရုံဖြစ်သော နိဒါန်းအစမှသည် ပို၍ရင့်ကျင့်လာမှု အဆိုင်းအတာကို တင်ပြနေပြီး ဒေသတွင်း ငြိမ်းချမ်းရေးနှင့် အရှေ့အာရှနှင့် စီးပွားရေး ပေါင်းစည်းမှုကို ပို၍လုပ်ဆောင်ရာ၌ သိသာထင်ရှားသော အောင်မြင်မှုနှင့် ပြိုင်ဘက်ကင်း သော အခန်းမှရပ်တည်နေကြောင်းကိုလည်း ပြသနေပေသည်။ ထို့ကြောင့် အောင်မြင်သော RCEP ဖြစ်ခြင်းနှင့် အာယီယံဗဟိုပြုမှုကိုပါ ပေါ်ပေါက်လာနိုင်စေရန် စိတ်ခေါ်မှုများ အာဆီယံ အင်စတီကျူးရှင်းများ အကောင်းလာမှု တွဲဘက်ဒေသဆိုင်ရာအဖွဲ့များနှင့် မိတ်ဖက်ဖွဲ့မှုများ နှင့် အပြည်ပြည်ဆိုင်ရာ သဲတမန်ရေးရာနယ်ပယ်တွင် အာဆီယံ၏ သဘောထားဖော်ထုတ် မှုဟူ၍ ရရှိလာစေရန်စသည့် အရေးကိစ္စအားလုံးသည်ကား ထွန်းသစ်လာသော အာဆီယံ အဖြစ် မောင်းနှင်ပေးရာမှသည် ကမ္ဘာ့အာဆီယံအဖြစ် အမှန်စင်စစ်ဖြစ်ထွန်းလာရေးအတွက် ရုပ်လုံးဖေါ်ပေးသော အရာများပင်ဖြစ်ပေသည်။

# အခန်း(၇)

# တုံ့ပြန်မှုရှိသော အာဆီယံ

## နိဒါန်း

ဤအခန်းသည် တုံ့ပြန်မှုရှိသော အာဆီယံ (Responsive ASEAN) အား အခြေခံမဏ္ဍိုင်လေးခုအတွက် အဓိကအခြေခံမှု အဖြစ်ဆွေးနွေးသည်။ အများစုသည်သေသပ်သော စည်းမျဉ်းများနှင့် အလိုက်သင့်တုံ့ပြန်နိုင်သော စည်းမျဉ်း၊ စည်းကမ်းလုပ်ကိုင်မည့် စနစ်ဆီသို့ မောင်းနှင်မှုနှင့်အတူ ဒေသတွင်း စီးပွားရေးလုပ်ငန်းနှင့် အရင်းအနှီးပါတ်ဝန်းကျင် တိုးမြှင့်ခြင်းတို့နှင့် ဆက်စပ်နေသည်။ တုံ့ပြန်မှုရှိသော အာဆီယံသည် လုပ်ငန်းစဉ်များ အထူးသဖြင့် stakeholders များ ပါဝင်မှုများပြားခြင်းသည် ဒေသတွင်းဖွဲ့စည်းပုံတည် ဆောက်ရာတွင် စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာစနစ် တိုးမြှင့်နိုင်မှုတွင် မောင်းနှင်မှုတစ်ခုအဖြစ် အရေးပါသည့် အချက်ကို အထူးပြုထားသည်။

ပုဂ္ဂလိကကဏ္ဍသည် "အံ့ဖွယ်အာဆီယံ (ASEAN Miracle)" ကို ကျောထောက်နောက်ခံပြုထားသော ယခင်အခန်းများမှ မျှော်မှန်းထားသော ရေရှည်တည်တံ့ခိုင်မာမှု မြင့်မားခြင်းနှင့် ညီမျှသောတိုးတက်မှုတွင် အဓိကအင်ဂျင်ဖြစ်သည်။ ထို့ကြောင့် ဒေသတွင်း ဆွဲဆောင်နိုင်သော စီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုပါတ်ဝန်းကျင်ကို ဖန်တီးရန် အရေးပါသည်။ အရှေ့ပိုင်းအခန်းများတွင် ဆွေးနွေးခဲ့သော အစပျိုးမှုများနှင့် အကြံပြုချက်များသည် ဒေသတွင်း လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှု ပါတ်ဝန်းကျင်ကိုမြှင့်တင်နိုင်စေရန် ထောက်ပံ့ပေးသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုသည် လက်ရှိကာလများအတွင်း စီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေ သိသိသာသာတိုးတက်မှုရခဲ့သည်မှာ မြင်နိုင်သည်။ မည်သို့ပင်ဆိုစေ စီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုစနစ်အရ အကောင်းဆုံးဆောင်ရွက်နေသော အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကောင်းစွာမဆောင်ရွက်နိုင်သော အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား အထူးသဖြင့်ကွာဟချက် ကျဉ်းမြောင်းသွားစေရန် တိုးတက်မှုရစေမည့် အခန်း (လုပ်ဆောင်ချက်) များစွာရှိသည်။

" Responsive ASEAN" သည် စီးပွားရေးလုပ်ငန်းကဏ္ဍ၏ အကြောင်းကိစ္စများအတွက် သတ်မှတ်သော AMSs ထက်ပိုမိုသည်။ ပိုမိုအခြေခံကျစွာပင် အတိုင်းအတာနှင့် လုပ်ငန်းစဉ်နစ်ခုစလုံးတွင် အလိုက်သင့်တုံ့ပြန်နိုင်သော စည်းမျဉ်းစည်းကမ်းစနစ်ရှိခြင်းပင်ဖြစ်သည်။ အတိုင်းအတာဖြင့်ဖော်ပြသော အလိုက်သင့်တုံ့ပြန်နိုင်သော စည်းမျဉ်း စည်းကမ်းစနစ်သည်

ပုဂ္ဂလိကကဏ္ဍသို့ တုံ့ပြန်ချက်ရှိသည့် ကောင်းမွန်ပြီး သေသပ်သော စည်းမျဉ်း စည်းကမ်း ရှိခြင်းဟု အဓိပ္ပါယ်ရသည်။ လုပ်ငန်းစဉ်ဖြင့်ဖော်ပြသောစနစ်အား စည်းမျဉ်း၊ စည်းကမ်းများ အရ မည်သည့်အချိန်တွင် မည်သို့ကိစ္စများ မှားယွင်းသည်ကို ခွဲခြားနိုင်စေရန် တမူထူးစွာ သတ်မှတ်ခဲ့သည်။ ထို့အပြင် အလိုက်သင့်တုံ့ပြန်နိုင်သော စည်းမျဉ်း စည်းကမ်း လုပ်ဆောင် ရမည့်စနစ်သည် ရည်ရွယ်ချက်များ၊ ဦးစားပေးမှုများနှင့် အခြေအနေများ ပြောင်းလဲရန် တုံ့ပြန်မှုပေးပြီး ထိုမှတစ်ဆင့် စည်းမျဉ်း၊စည်းကမ်းချမှတ်သူများနှင့် စီးပွားရေးလုပ်ငန်းစဉ် တွင် ပါဝင်သူအမျိုးမျိုးအကြား စေ့စပ်ဆက်သွယ်ပေးသည့် စည်းမျဉ်း စည်းကမ်းဆိုင်ရာ ပြောဆိုမှုများ သတင်းပေးရန်အတွက် တောင်းဆိုလာသည်။ ထို့ကြောင့် အလိုက်သင့် တုံ့ပြန်နိုင်သော စည်းမျဉ်း စည်းကမ်းစနစ်သည် ကောင်းမွန်ပြီး သေသပ်သော စည်းမျဉ်းများ သာမက အမှန်ညီမျှမှုရှိစွာဖြင့် စည်းမျဉ်း စည်းကမ်းများတွင် အစိုးရနှင့် တွက်ချက်အကဲဖြတ် ခြင်း (မတိုင်မီ နှင့် အလွန်) တို့တွင် စီးပွားရေးလုပ်ငန်းတွင်ပါဝင်သူများ၊ ပူးပေါင်း ဆောင်ရွက် မှုများနှင့်အတူ ကျယ်ပြန့်သော အကြံပေးချက်များ ပါဝင်သော တုံ့ပြန်မှု လုပ်ငန်းစဉ်များလည်း ပါဝင်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ဖြစ်နိုင်သ၍ စည်းမျဉ်း စည်းကမ်းများ၊ ပေါ်လစီနှင့် ဖွံ့စည်း ပုံဆိုင်ရာ တိုးတက်မှုများအတွက် အစောပိုင်းတွင် ဆွေးနွေးခဲ့သော လိုအပ်ချက်များအဖြစ် အခြေခံကျောရိုးလေးခုမှ အရေးပါသောအရာနှင့် အကြံပေးချက်များကို ပေးထားပြီး လုပ်ငန်း စဉ်သည် ဒေသတွင်း စည်းမျဉ်း စည်းကမ်းဆိုင်ရာစနစ် တိုးတက်စေရန်နှင့် ဖွံ့စည်းတည် ဆောက်ပုံ ခိုင်မာစေရန် အာဆီယံ ဆောင်ရွက်ချက်များတွင် ထည့်သွင်းသည်။ ဤအခန်း သည် သုတေသနနှင့် ပညာရှင်ဆိုင်ရာအဖွဲ့အစည်းများကဲ့သို့ တတိယအဖွဲ့အစည်းများ ပိုမို မျှတစွာ ဆောင်ရွက်မှုများမှ ညှိနှိုင်းပေးခြင်းများအဖြစ်နှင့် ဒေသတွင်း တုံ့ပြန်မှုရှိသော စည်းမျဉ်း စည်းကမ်းစနစ်၏ အဓိကယန္တယားအဖြစ် သက်ဆိုင်ရာအစိုးရအဖွဲ့အသီးသီးနှင့် စီးပွားရေးတွင်ပါဝင်သူ အမျိုးမျိုးတို့အကြား စည်းမျဉ်း စည်းကမ်းအကြောင်းကြားချက်များ အတွက် ပြောဆိုမှုများ၏ အခန်းကဏ္ဍကို မီးမောင်းထိုးတင်ပြထားသည်။

## အာဆီယံရှိလုပ်ငန်းပါတ်ဝန်းကျင် - တိုးတက်မှုနှင့် စိန်ခေါ်မှုများ

စာတမ်းမှ အခန်း(၂-က)သည် အာဆီယံသည် ဒေသတွင်းမြင့်မားသော စီးပွားရေး တိုးတက် မှုနှုန်း ရေရှည်ရရှိစေရန်အလို့ငှာ ဖွံ့ဖြိုးဆဲနိုင်ငံများသို့စီးဆင်းနေသော ကမ္ဘာလုံးရှိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဝေစုများပြားလာစေရန်လိုအပ်သည်ကို အထူးပြုထားသည်။ ထိုသို့ ပြုလုပ်နိုင် ရန် အာဆီယံတွင်း နှိုင်းယှဉ်ခြင်းအားဖြင့် ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်း

ပတ်ဝန်းကျင်လိုအပ်သည်။ အထူးသဖြင့် ဤအခန်းသည် ကမ္ဘာ့ပြိုင်ဆိုင်နိုင်စွမ်းအား အညွှန်းကိန်း၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်နိုင်ရန်လွယ်ကူမှုနှင့် သယ်ယူထောက်ပံ့ရေး ဆိုင်ရာ အခြေအနေ အညွှန်းကိန်းစသော လုပ်ငန်းနှင့်ရင်းနှီးမြှုပ်နှံမှုပါတ်ဝန်းကျင်ရှိလူသိ များသော အညွှန်းကိန်းများတွင် ကမ္ဘာ့အဆင့်သတ်မှတ်မှု၌ အာဆီယံအဖွဲ့ဝင်နိုင်ငံ အားလုံး သည်အပေါ်ဆုံးတစ်ဝက်လောက်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံ အများစုသည် အပေါ်ဆုံး သုံးပုံခန့် ရှိသင့်သည်။

အခြားအရာများအကြား ကမ္ဘာ့ပြိုင်ဆိုင်နိုင်စွမ်းအား အညွှန်းကိန်း၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင် နိုင်ရန်လွယ်ကူမှု နှင့် သယ်ယူထောက်ပံ့ရေးဆိုင်ရာအခြေအနေအညွှန်းကိန်းတို့မှ ရလဒ် သည်အာဆီယံအဖွဲ့ဝင်နိုင်ငံအနည်းငယ်သာ ကမ္ဘာ့အကောင်းဆုံး အခြေအနေတွင်ရှိပြီး အချို့အာဆီယံအဖွဲ့ဝင်များမှာ စီးပွားလုပ်ငန်းနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအတွက် စည်းမျဉ်း၊ စည်းကမ်းနှင့် အဆောက်အအုံဆိုင်ရာ ပါတ်ဝန်းကျင်များအရ ကမ္ဘာ့အောက်ဆုံးအဆင့်တွင် ရှိကြသည်။ စာတမ်းတွင်ပါဝင်သော အခန်း နှစ် ဇယား ၂က.၄ ကပြသသည်မှာ၂၀၁၃ တွင် စီးပွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပါတ်ဝန်ကျင်အတွက် လူသိများသော ကမ္ဘာ့ညွှန်ကိန်း အရ အာဆီယံအဖွဲ့ ဝင်နိုင်ငံများအကြား အရှေ့ပိုင်း ပြေးသွားနေသူများနှင့် နေးကွေးနေသူ များအကြား ကြီးမားသော ကွာဟချက်ကိုဖြစ်သည်။ ထို့ကြောင့်ဥပမာအနေဖြင့် ၂၀၁၃ တွင် ကမ္ဘာ့ပြိုင်ဆိုင်နိုင်စွမ်းအား ညွှန်ကိန်းအဆင့် တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အဆင့်သည် ၂ မှ ၁၃၉ အတွင်းရှိ ပြီး ၂၀၁၂ ခုနှစ် သယ်ယူထောက်ပံ့ရေးဆိုင်ရာ ညွှန်းကိန်းအဆင့်တွင် အဆင့်သည် ၁ မှ ၁၂၉ အတွင်း ရှိ ၍ ၂၀၁၃ အာဆီယံနိုင်ငံများ၏ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန်လွယ်ကူမှုအဆင့်တွင် အဆင့် ၁ မှ ၁၆၃ အတွင်းရှိသည်။

ကမ္ဘာ့ပြိုင်ဆိုင်နိုင်စွမ်းအား ညွှန်ကိန်း (GCI) သည် ယနေ့ အဓိကလူသိများသောညွှန်ကိန်း များအကြား စီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် တိုင်းပြည်တစ်ပြည်၏ဆွဲဆောင် နိုင်မှုကို ဖော်ပြသော ကျယ်ပြန့်သည့် ညွှန်ကိန်းအဖြစ်ထောက်ပံ့ပေးသည်။ဆွေးနွေးမှုများ၏ ကျန်နေသော အပိုင်းတွင် စီးပွားလုပ်ငန်းနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပါတ်ဝန်းကျင်ညွှန်ကိန်း များအဖြစ် GCI ကို ဦးတည်မည်ဖြစ်သည်။

GC ညွှန်ကိန်းအားလုံးသည် အခြေခံလိုအပ်ချက်များ၊ စွမ်းဆောင်ရည်ရှိသော မြှင့်တင်သူ များနှင့် တီထွင်မှုနှင့် ခေတ်မှီသောအချက်အလက်များအတွက် ညွှန်ကိန်းအခွဲများ ပေါင်းစည်းထားသည်။ အခြေခံလိုအပ်ချက်များအတွက် ညွှန်ကိန်းအခွဲများသည် ဖွဲ့စည်းပုံ

ဆိုင်ရာ၊ အခြေခံအဆောက်အအုံ၊ မေကရိုစီးပွားရေးပါတ်ဝန်းကျင်နှင့် ကျန်းမာရေးနှင့် အခြေခံပညာရေး စသည့် အဓိကကျောရိုးလေးခု ပေါင်းစည်းထားသည်။ အဓိကမဏ္ဍိုင် လေးခုမှတစ်ခုစီသည် သက်ဆိုင်ရာ ညွှန်ကိန်းအစုများ ပေါင်းစည်းထားသည်။ တူညီစွာပင်၊ စွမ်းဆောင်ရည်ရှိသော မြှင့်တင်သူများ၏ ညွှန်ကိန်းအခွဲများသည် အဓိကအခြေခံကျောရိုး (၆) ခုဖြစ်သော ပညာရည်မြင့်မားမှုနှင့် လေ့ကျင့်ရေး၊ ဈေးကွက်ကောင်းများ၏ စွမ်းဆောင်ရည်၊ လုပ်သားဈေးကွက် စွမ်းဆောင်ရည်၊ ဘဏ္ဍာရေးဈေးကွက်ဖွံ့ဖြိုးမှု၊ နည်းပညာဆိုင်ရာ အဆင်သင့်ရှိမှုနှင့် ဈေးကွက်အရွယ်ပမာဏတို့ဖြစ်ပြီး အခြေခံမဏ္ဍိုင် (၆) ခုမှ တစ်ခုစီသည် သက်ဆိုင်ရာညွှန်ကိန်းအစု ပေါင်းစည်းထားသည်။ တီထွင်မှုနှင့် ခေတ်မီသော အချက်အလက် များအတွက် အဓိကကျောရိုး (၂) ခုရှိပြီး ယင်းတို့မှာ စီးပွားရေးလုပ်ငန်းများ ခေတ်မီမှုရှိခြင်းနှင့် တီထွင်ခြင်း တို့ဖြစ်သည်။ အခြားကျောရိုးများကဲ့သို့ပင် ယင်းတို့ထဲမှ တစ်ခုစီသည်လည်း သက်ဆိုင်ရာညွှန်ကိန်းအစုပေါင်းစည်းထားသည်။ GCI သည် မျက်မြင်အချက်အလက်များနှင့် ခိုင်မာသော အချက်အလက်များ နှစ်မျိုးစလုံးကိုအသုံးပြုသည်။

ဇယား (၇.၁) သည် ၂၀၀၇-၂၀၀၈ ကာလနှင့် ၂၀၁၃-၂၀၁၄ ကာလအတွက် အာဆီယံအဖွဲ့ ဝင်နိုင်ငံများ၊ တရုတ်၊ အိန္ဒိယတို့၏ စုစုပေါင်းရလဒ်နှင့် အဆင့်တို့ကို ဖော်ပြသည်။ ၂၀၁၃-၁၄ ကာလအတွက် စင်္ကာပူက ကမ္ဘာ့ဒုတိယအဆင့်အဖြစ် မီးမောင်းထိုးပြခဲ့ပြီး အာဆီယံငါးနိုင်ငံ နှင့် တရုတ်တို့၏ အဆင့်သည် ထိပ်ဆုံးသုံးပုံတစ်ပုံ အတွင်းတွင်ရှိသည်။ အာဆီယံလေးနိုင်ငံ နှင့် အိန္ဒိယတို့သည် သုံးပုံနှစ်ပုံတွင်ရှိပြီး အာဆီယံအဖွဲ့ ဝင်နိုင်ငံတစ်နိုင်ငံသည် နောက်ဆုံး သုံးပုံတစ်ပုံတွင်ရှိသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုသည် ၂၀၀၇-၂၀၀၈ ကာလမှ စ၍ အဆင့်သိသိသာသာ တိုးတက်လာသည်မှာ သတိပြုထိုက်ပေသည်။ အဓိကသတိပြုရမည့် နိုင်ငံများမှာ ကမ္ဘောဒီးယား ( အဆင့်၁၁၀ မှ ၈၈)၊ အင်ဒိုနီးရှား ( အဆင့် ၅၄ မှ ၃၈)၊ ဖိလစ်ပိုင် (အဆင့် ၇၁မှ ၅၉) နှင့် စင်္ကာပူ အဆင့်၇ မှ၂) တို့ဖြစ်သည်။ ၂၀၀၈-၀၉ ကာလမှ အဆင့် သတ်မှတ်မှုစခဲ့သော ဘရူနိုင်းဒါရုစလင်သည်လည်း ရလဒ်နှင့်အဆင့်တိုးတက်လာခဲ့သည်။ [1] အဆင့်တိုးတက်လာမှုများသည် ရလဒ်များတိုးတက်မှု၊ ပိုမိုသတိပြုထိုက်သည့် ဘရူနိုင်း ဒါရုစလင်၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်တို့သည် အခြေခံလိုအပ်ချက်များ၊ စွမ်းဆောင်ရည် မြှင့်တင်သူများနှင့် တီထွင်မှုနှင့် ခေတ်မီသောအချက်များ၏ အားလုံးအခြေအနေများ၊ စင်္ကာပူ သည် အခြေခံလိုအပ်ချက်များ၊ စွမ်းဆောင်ရည်မြှင့်တင်သူများနှင့် အင်ဒိုနီးရှားသည် အခြေခံ အားဖြင့် အခြေခံအဖွဲ့အစည်းများစသည့်ရလဒ် များမြှင့်တက်လာမှုကို နောက်ခံထားသည်။

[1] Lao PDR and Myanmar are rated in the latest 2013-2014 only.

သတိပြုရမည်မှာ ဗီယက်နမ်၏ စုစုပေါင်းရလဒ်သည်လည်း အဆိုပါကာလအတွင်းများစွာ အသင့်အတင့်ရှိသော်လည်း မြင့်တက်လာခဲ့သည်။ သို့သော် သူနိုင်ငံ၏အဆင့်သည် အခြား နိုင်ငံများ တိုးတက်မှုမြန်ဆန်လာခြင်း သို့မဟုတ် အသစ်ဝင်ရောက်လာသောနိုင်ငံများ (ဥပမာ- ဘရူနိုင်းဒါရုစလင်) သည် မြင့်မားသော ရလဒ်ရှိခြင်းစသည့် ညွှန်ပြချက်များကြောင့် မဖြစ်စလောက် နိမ့်ကျခဲ့သည်။ အိန္ဒိယ၏ရလဒ်နှင့် အဆင့်သည် သိသိသာသာ နိမ့်ကျလာ ချိန်တွင် တရုတ်သည် အဆင့်နှင့် ရလဒ်နှစ်မျိုးလုံး မြင့်တက်လာသည်။ တူညီစွာပင် ထိုင်းနိုင်ငံ နှင့် တော်တော်လေး နည်းပါးသည့် အတိုင်းအတာဖြင့် မလေးရှားနိုင်ငံတို့၏ အဆင့်နှင့် ရလဒ်သည်လည်း ကျဆင်းခဲ့သည်။ မည်သို့ပင်ဆိုစေ အဆိုပါနှစ်နိုင်ငံသည် ကမ္ဘာတွင် တိုင်းပြည်များအတွင်း ထိပ်ဆုံးလေးပုံတစ်ပုံအတွင်းရှိသော နိုင်ငံများဖြစ်သည်။

## ဇယား ၇.၁ - အာဆီယံ ယှဉ်ပြိုင်မှု ရမှတ်အဆင့်

| Country/Economy | | Brunei Darussalam | | Cambodia | | Indonesia | | Malaysia | | Philippines | | Singapore | | Thailand | | Vietnam | | Lao PDR | Myan-mar | China | | India | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| Year | | 2008 | 2013 | 2006 | 2013 | 2006 | 2013 | 2006 | 2013 | 2006 | 2013 | 2006 | 2013 | 2006 | 2013 | 2006 | 2013 | 2013 | 2013 | 2006 | 2013 | 2006 | 2013 |
| GCI | Score | 4.54 | 4.95 | 3.39 | 4.01 | 4.26 | 4.53 | 5.11 | 5.03 | 4 | 4.29 | 5.63 | 5.61 | 4.58 | 4.54 | 3.89 | 4.18 | 4.08 | 3.23 | 4.24 | 4.84 | 4.44 | 4.28 |
| | | | | | | | | | | | | | | | | | | | | | | | |
| Basic requirements | Score | 5.3 | 5.64 | 3.83 | 4.18 | 4.41 | 4.9 | 5.44 | 5.37 | 4.19 | 4.46 | 6.13 | 6.3 | 4.98 | 4.86 | 4.37 | 4.36 | 4.41 | 3.4 | 4.8 | 5.28 | 4.51 | 4.23 |
| 1st pillar: Institutions | Score | 4.65 | 4.96 | 3.26 | 3.61 | 4.04 | 3.97 | 5.12 | 4.85 | 3.38 | 3.76 | 5.9 | 6.04 | 4.37 | 3.79 | 3.62 | 3.54 | 4 | 2.8 | 3.51 | 4.24 | 4.55 | 3.86 |
| 2nd pillar: Infrastructure | Score | 4.45 | 4.29 | 2.48 | 3.26 | 2.72 | 4.17 | 5.09 | 5.19 | 2.73 | 3.4 | 6.16 | 6.41 | 4.36 | 4.53 | 2.79 | 3.69 | 3.66 | 2.01 | 3.54 | 4.51 | 3.5 | 3.65 |
| 3rd pillar: Macro economy | Score | 6.33 | 7 | 3.87 | 4.53 | 4.52 | 5.75 | 4.97 | 5.35 | 4.45 | 5.34 | 5.67 | 6.01 | 5.1 | 5.61 | 4.63 | 4.44 | 4.41 | 3.74 | 5.72 | 6.29 | 4.12 | 4.1 |
| 4th pillar: Health and primary Education | Score | 5.79 | 6.33 | 5.71 | 5.32 | 6.35 | 5.71 | 6.58 | 6.1 | 6.2 | 5.33 | 6.81 | 6.72 | 6.09 | 5.52 | 6.43 | 5.78 | 5.56 | 5.05 | 6.44 | 6.06 | 5.9 | 5.3 |
| 5th pillar: Higher education and Training | Score | 3.93 | 4.52 | 2.63 | 3.12 | 4.25 | 4.3 | 4.8 | 4.68 | 4.02 | 4.28 | 5.59 | 5.91 | 4.44 | 4.29 | 3.39 | 3.69 | 3.31 | 2.52 | 3.68 | 4.23 | 4.35 | 3.88 |
| 6th pillar: Market efficiency | Score | 3.95 | 4.52 | 3.63 | 4.35 | 4.93 | 4.4 | 5.24 | 5.23 | 4.21 | 4.19 | 5.62 | 5.59 | 4.76 | 4.67 | 4.1 | 4.25 | 4.36 | 3.57 | 4.22 | 4.32 | 5.07 | 4.18 |
| 7th pillar: Technological readiness | Score | 3.64 | 3.75 | 2.56 | 3.22 | 3.17 | 3.66 | 4.64 | 4.17 | 3.32 | 3.58 | 5.69 | 6.01 | 3.67 | 3.56 | 2.85 | 3.14 | 2.98 | 2.03 | 3.07 | 3.44 | 3.52 | 3.22 |
| | | | | | | | | | | | | | | | | | | | | | | | |
| Innovation factors | Score | 3.35 | 3.81 | 3.05 | 3.44 | 4.07 | 4.13 | 4.91 | 4.7 | 3.63 | 3.75 | 5.11 | 5.14 | 4.15 | 3.83 | 3.32 | 3.41 | 3.54 | 2.55 | 3.75 | 4.1 | 4.6 | 4 |
| 8th pillar: Business sophistication | Score | 3.75 | 4.23 | 3.37 | 3.83 | 4.53 | 4.44 | 5.29 | 5.02 | 4.2 | 4.29 | 5.17 | 5.08 | 4.57 | 4.42 | 3.55 | 3.68 | 3.86 | 2.87 | 4.05 | 4.31 | 5.06 | 4.38 |
| 9th pillar: Innovation | Score | 2.94 | 3.38 | 2.72 | 3.05 | 3.6 | 3.82 | 4.53 | 4.39 | 3.05 | 3.21 | 5.04 | 5.19 | 3.74 | 3.24 | 3.1 | 3.14 | 3.22 | 2.24 | 3.44 | 3.89 | 4.14 | 3.62 |

| Country/Economy | | Brunei Darussalam | | Cambodia | | Indonesia | | Malaysia | | Philippines | | Singapore | | Thailand | | Vietnam | | Lao PDR | Myan-mar | China | | India | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| Year | | 2008 | 2013 | 2006 | 2013 | 2006 | 2013 | 2006 | 2013 | 2006 | 2013 | 2006 | 2013 | 2006 | 2013 | 2006 | 2013 | 2013 | 2013 | 2006 | 2013 | 2006 | 2013 |
| GCI | Rank | 39 | 26 | 103 | 88 | 50 | 38 | 26 | 24 | 71 | 59 | 5 | 2 | 35 | 37 | 77 | 70 | 81 | 139 | 54 | 29 | 43 | 60 |
| | | | | | | | | | | | | | | | | | | | | | | | |
| Basic requirements | Rank | 29 | 18 | 100 | 99 | 68 | 45 | 24 | 27 | 84 | 78 | 2 | 1 | 38 | 49 | 71 | 86 | 83 | 135 | 44 | 31 | 60 | 96 |
| 1st pillar: Institutions | Rank | 41 | 25 | 95 | 91 | 52 | 67 | 18 | 29 | 88 | 79 | 4 | 3 | 40 | 78 | 74 | 98 | 63 | 141 | 80 | 47 | 34 | 72 |
| 2nd pillar: Infrastructure | Rank | 39 | 58 | 97 | 101 | 89 | 61 | 23 | 29 | 88 | 96 | 6 | 2 | 38 | 47 | 83 | 82 | 84 | 141 | 60 | 48 | 62 | 85 |
| 3rd pillar: Macro economy | Rank | 2 | 1 | 101 | 83 | 57 | 26 | 31 | 38 | 62 | 40 | 8 | 18 | 28 | 31 | 53 | 87 | 93 | 125 | 6 | 10 | 88 | 110 |
| 4th pillar: Health and primary Education | Rank | 47 | 23 | 98 | 99 | 72 | 72 | 42 | 33 | 82 | 96 | 20 | 2 | 84 | 81 | 56 | 67 | 80 | 111 | 55 | 40 | 93 | 102 |
| 5th pillar: Higher education and Training | Rank | 69 | 55 | 110 | 116 | 53 | 64 | 32 | 46 | 63 | 67 | 10 | 2 | 42 | 66 | 90 | 95 | 111 | 139 | 77 | 70 | 49 | 91 |
| 6th pillar: Market efficiency | Rank | 91 | 42 | 99 | 55 | 27 | 50 | 9 | 10 | 57 | 82 | 4 | 1 | 31 | 34 | 73 | 74 | 54 | 135 | 56 | 61 | 21 | 85 |
| 7th pillar: Technological readiness | Rank | 54 | 71 | 105 | 97 | 72 | 75 | 28 | 51 | 61 | 77 | 2 | 7 | 48 | 78 | 85 | 102 | 113 | 148 | 75 | 85 | 55 | 98 |
| 8th pillar: Business sophistication | Rank | 89 | 56 | 100 | 86 | 42 | 37 | 20 | 20 | 59 | 49 | 23 | 17 | 40 | 40 | 86 | 98 | 78 | 146 | 65 | 45 | 25 | 42 |
| 9th pillar: Innovation | Rank | 91 | 59 | 98 | 91 | 37 | 33 | 21 | 25 | 79 | 69 | 9 | 9 | 33 | 66 | 75 | 76 | 68 | 143 | 46 | 32 | 26 | 41 |

ကောက်နုတ်ချက် - Global Competitiveness Report (2008-2013)

အခြေခံမဏ္ဍိုင်များနှင့် ညွှန်ကိန်းအခွဲများကို ကျောထောက်နောက်ခံထားသော အထူးပြု ညွှန်ကိန်းများပေါ် အချိန်ကိန်းစဉ် အချက်အလက်များကို နီးကပ်စွာကြည့်ရှုခြင်းသည် လွန်ခဲ့သည့် ၇-၈ နှစ်တာကာလအတွင်း နယ်ပယ်အများစုတွင် သိသာထင်ရှားသော တိုးတက်မှုများကို ပြသခဲ့သည်။ သတိပြုထိုက်သည့် တိုးတက်မှုများအကြား အခြေခံအားဖြင့် ဘရူနိုင်း ဒါရုစလင်၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ် (တစ်ခါတစ်ရံ အင်ဒိုနီးရှား) တို့သည် စည်းမျဉ်း၊စည်းကမ်းပေါ် အစိုးရဝန်ထုတ်များကိုလျော့ချခြင်း၊ အခြေခံအဆောက်အအုံ အရည်အသွေး အခြေခံပညာရေးအရည်အသွေး၊ အဆင့်မြင့်ပညာ ဝင်ရောက်လာမှုအရေအတွက်၊ မိုနိုပိုလီ တိုက်ဖျက်မှုထိရောက်ခြင်း မလိုအပ်သော စရိတ်များလျော့ချနိုင်ခြင်း၊ ချေးငွေရရှိနိုင်မှု လွယ်ကူခြင်း၊ နောက်ဆုံးနည်းပညာများရရှိနိုင်မှု၊ လုပ်ငန်းစုဖွံ့ဖြိုးတိုးတက်မှုနှင့် အသိဉာဏ်ဆိုင်ရာ ပိုင်ဆိုင်ခွင့် အကာအကွယ်ပေးခြင်းတို့ကြောင့်ဖြစ်သည်။

သို့သော် အရှေ့ပိုင်းတွင် သတိပြုမိသကဲ့သို့ သိသာထင်ရှားစွာ ရလဒ်များတက်လာသော်လည်း CLMV နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် အကောင်းဆုံးပြုမူဆောင်ရွက်ခဲ့သော ဖိလစ်ပိုင်တို့အကြား ကွာဟချက်သည် ကြီးမားဆဲပင်ဖြစ်သည်။ စင်္ကာပူသည် ပေးထားသော သူ၏ရလဒ်နှင့် အဆင့်များတွင် နယ်ပယ်များစွာတွင် အကောင်းဆုံးအထိ ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ကြောင့် အဆိုပါနိုင်ငံများနှင့် အကောင်းဆုံးအတွေ့အကြုံရှိသူ အကြားကွာဟချက်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့အတွင်း နှစ်ပေါင်းများစွာ ကြီးမားနေဆဲဖြစ်သည်။ အတိုင်းအတာတစ်ခုအနေဖြင့် ဤအရာသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့ ၂၀၁၅ အလွန်ရှေ့ဆက်လုပ်ဆောင်ရမည့် စည်းမျဉ်းစည်းကမ်း ပေါ်လစီနှင့် ဖွဲ့စည်းပုံဆိုင်ရာ တိုးတက်မှုစိန်ခေါ်မှုများကို ဖော်ပြသည်။

စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန် လွယ်ကူခြင်းနှင့် ပါတ်သက်သော ညွှန်ကိန်းများသည် အထူးသဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် (SMEs) အရေးပါသော ရွေးချယ်ထားသော လုပ်ငန်းနယ်ပယ်နှင့် ဆက်စပ်နေသော စည်းမျဉ်း၊စည်းကမ်းများပေါ်တွင် အထူးပြုဦးတည်ထားသည်။ ဤနယ်ပယ်များသည် လုပ်ငန်းစတင်ခြင်း၊ ဆောက်လုပ်ရေး ပါမစ်တောင်းခံခြင်း၊ လျှပ်စစ်ဓါတ်အားရရှိစေရေး၊ ပိုင်ဆိုင်မှုများ မှတ်ပုံတင်ခြင်း၊ ချေးငွေရရှိခြင်း၊ ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးခြင်း၊ အခွန်ပေးခြင်း၊ နယ်စပ်တစ်လျှောက် ကုန်သွယ်ခြင်း၊ ကန်ထရိုက်များ ပြဋ္ဌာန်းခြင်းနှင့် ကြွေးမဆပ်နိုင်မှုကို ပြန်လည်ဖြေရှင်းပြေလည်စေခြင်းတို့ဖြစ်သည်။ ကမ္ဘာ့ပြိုင်ဆိုင်နိုင်စွမ်းအားညွှန်းကိန်းတွင် ရှေ့မှ ပြေးနေသော အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် နောက်ဆုံးတွင်ရှိနေသော အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား

ကျယ်ပြန့်သော ကွာဟချက် - ကမ္ဘာ့အဆင့် တစ်မှ အဆင့်ရှစ်နှင့် နောက်ဆုံး ၁၈၂ အဆင့်တို့အတွင်း - ရှိကြောင်းဖော်ပြသည်။ စင်္ကာပူနှင့် မလေးရှားသည် ထိတ်ဆုံး ၁၀ တွင်ပါဝင်ပြီး ထိုင်းနိုင်ငံသည် ထိပ်ဆုံး၂၀ နှင့် လာအိုပီဒီအာနှင့် မြန်မာတို့သည် နောက်ဆုံး၂၀ ရာခိုင်နှုန်းတွင်ပါဝင်သည်။

စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် လွယ်ကူခြင်းညွှန်းကိန်းသည်လည်း အာဆီယံနိုင်ငံတစ်နိုင်ငံစီသည် အထူးသဖြင့် နောက်ကျကျန်နေပြီး ပိုမိုဦးတည်ချက်ထားရှိရန် လိုအပ်သည့် နယ်ပယ်အချို့ကို ညွှန်ပြသည်။ ညွှန်းကိန်းများသည် သူတို့၏နှုန်းများနှင့် အဆင့်များပေးထားသည့် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နှိုင်းယှဉ်ခြင်းအားဖြင့် ပိုမိုကောင်းမွန်စွာ ပြုလုပ်နေသော အာဆီယံနိုင်ငံများ၏ နယ်ပယ်များကိုဖော်ပြသည်။ ထို့ကြောင့် ဥပမာအနေဖြင့် အဆင့်အားလုံးတွင် မြင့်မားသော်လည်း ထိုင်းနိုင်ငံသည် အထူးသဖြင့် လုပ်ငန်းစတင်ခြင်းနှင့် ချေးငွေရရှိမှုတွင် နောက်ကျကျန်ခဲ့သည်။ အာစီယံနိုင်ငံအများစုသည် အမှန်အနေဖြင့် လုပ်ငန်းစတင်ခြင်းတွင် နောက်ကျကျန်နေတတ်သည်။ ဥပမာ ကမ္ဘာတွင်အနိမ့်ဆုံးအဆင့်ရှိသော မြန်မာနှင့်အတူ ဘရူနိုင်းဒါရူစလင်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင်ဖြစ်သည်။ ထိုင်းနိုင်ငံသည်လည်း ချေးငွေရရှိမှုတွင် နောက်ကျကျန်နေသည်။ သို့သော် အာဆီယံနိုင်ငံ အများစုအတွက် သူတို့၏အဆင့်အားလုံးတွင် သိသိသာသာလွယ်ကူစွာ နှိုင်းယှဉ်နိုင်သည်။ ကမ္ဘာ့နံပါတ်တစ်အဆင့်တွင် ပါဝင်သော မလေးရှားအပါအဝင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့ဖြင့် အကောင်းဆုံး ဥပမာပြနိုင်သည်။ နယ်စပ်တစ်လျောက် ကုန်သွယ်မှုပြုခြင်းအရ အာဆီယံနိုင်ငံအများစုအတွက်လည်း တူညီသည့်အကြောင်းအရာ ဖြစ်သည်။ ၂၀၁၄ စီးပွားရေး လုပ်ငန်းလုပ်ကိုင်ခြင်းစာတမ်းက ဖော်ပြသည်မှာ ဖိလစ်ပိုင်သည် လုပ်ငန်းလုပ်ဆောင်ရန်ဖော်ရွေမှုအရ ၂၀၁၃ ၌ ကမ္ဘာတွင် အတိုးတက်ဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည်။ သို့သော် တိုင်းပြည်သည် စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာ ကွာဟချက် ဆိုလိုသည်မှာ အကောင်းဆုံးအတွေ့အကြုံ "နယ်စပ်" မှ ကွာဟချက်များကို ကျဉ်းမြောင်းစေရန်အလို့ငှာ ပိုမိုပြီးကောင်းမွန်စွာ ပြုလုပ်ရန် လိုအပ်သည်ပင်ဖြစ်သည်။ အာဆီယံနိုင်ငံ အများစုတွင် စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာ ကွာဟချက်သည် စည်းမျဉ်း၊စည်းကမ်း တိုးတက်ရန် ဖိအားနှင့် အတားအဆီးဖြစ်စေပြီး သိသာသော အကောင်းဆုံးအလေ့အထ ရရှိစေရန် ပြုပြင် ပြောင်းလဲမှုများ ပြုလုပ်ပေးရမည်။

အရှေ့တောင်အာရှနိုင်ငံမျိုးစုံတွင် လုပ်ဆောင်ချက်များပြုသော လုပ်ငန်းများ၏ လုပ်ဆောင်ချက်များအတွက် သုံးသပ်ချက်ပြုလုပ်ခြင်းမှ ရလဒ်များသည် ဒေသတွင်း စီးပွားရေးလုပ်ငန်း

ပါတ်ဝန်းကျင်အတွက် သိမြင်နားလည်နိုင်သော အခြားညွှန်ကိန်းများကို ထောက်ပံ့ပေးသည်။ ဥပမာ ၂၀၁၄ ခု အာဆီယံရှုမြင်သုံးသပ်ချက်ရလဒ်များက ဖော်ပြသည်မှာ အမေရိကန်နိုင်ငံ၏နိုင်ငံမျိုးစုံတွင်လုပ်ဆောင်ချက်များပြုသောလုပ်ငန်းများအတွက်အကျင့်ပျက်ခြစားမှုသည် (ဘရူနိုင်းဒါရုစလင်နှင့်စင်္ကာပူမှတစ်ပါး)ထို၏နောက်တွင်ဥပဒေနှင့်စည်းမျဉ်း၊စည်းကမ်းများ နှင့် အခြေခံအဆောက်အအုံတို့သည် အာဆီယံနိုင်ငံအားလုံးနီးပါး သိသိသာသာ အလေးထားစရာကိစ္စဖြစ်သည်။ အာဆီယံနိုင်ငံငါးနိုင်ငံတွင် သိသာသော အရေးထားစရာကိစ္စဖြစ်သော အခြားနယ်ပယ်မှာ ဖိလစ်ပိုင်နှင့် စင်္ကာပူတို့နှစ်နိုင်ငံစလုံးတွင် ခိုင်မာသော အချက်ဖြစ်သော်လည်း လေ့ကျင့်ပေးထားသော လုပ်သားရနိုင်မှုဖြစ်သည်။ ထိုသုံးသပ်ချက်သည် အံ့သြသင့်ဖွယ်ရှိရန် မလိုအောင် စင်္ကာပူသည် နယ်ပယ်အများစုတွင် ခိုင်မာမှုရှိပြီး ထို့နောက် ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံ တို့လိုက်ကြပေသည်။

၂၀၀၈ မှ ၂၀၁၃ ကာလအတွက် ၂၀၁၄ သုံးသပ်ချက်မှ ပြသသည်မှာ မလေးရှားတွင် မှတ်သားဖွယ်တိုးတက်မှုနှင့် ဖိလစ်ပိုင်တွင် အတိုင်းအတာတစ်ခုအတွင်း တိုးတက်မှုရရှိခဲ့သောဒေသအဖြစ် အရင်းခံအားဖြင့် အခြေခံအဆောက်အအုံတိုးတက်မှု ရရှိခြင်း၊ ဖိလစ်ပိုင်တွင် မှတ်သားဖွယ်တိုးတက်မှုရခဲ့သော အရင်းခံအားဖြင့် အစိုးရအကျင့်ပျက်၊ ခြစားခြင်းတွင် တိုးတက်မှုရရှိခြင်းနှင့် ဖိလစ်ပိုင်တွင်ရရှိခဲ့သော တိုးတက်မှုများအရ အရင်းခံအားဖြင့် အခွန်အဆောက်အအုံ တိုးတက်မှုတို့ပင်ဖြစ်သည်။ အဆိုပါသုံးသပ်ချက်မှ ထပ်မံပြသသည်မှာ လွန်ခဲ့သော ငါးနှစ်ကာလအတွင်း စီးပွားရေးလုပ်ငန်းပါတ်ဝန်းကျင် သိသိသာသာ တိုးတက်ခဲ့မှုကို မှတ်တမ်းတင်ခဲ့သော အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ဖိလစ်ပိုင်ကိုပြသခဲ့သည်။ (ဘရူနိုင်းဒါရုစလင်၊ ကမ္ဘောဒီးယား၊ လာအိုပီဒီအာနှင့် မြန်မာနိုင်ငံတို့တွင် ပြောင်းလဲမှုနှင့်ပါတ်သက်သော သတင်းမရှိခဲ့ပေ။ အဘယ်ကြောင့်ဆိုသော အဆိုပါနိုင်ငံများသည် ၂၀၀၈ နောက်ပိုင်းသုံးသပ်ချက်တွင်သာ ပါဝင်သောကြောင့်ဖြစ်သည်။) အာဆီယံစီးပွားရေးလုပ်ငန်းအမြင်သုံးသပ်ချက်ရလဒ်သည် ကမ္ဘာ့ပြိုင်ဆိုင်နိုင်စွမ်းအား အညွှန်းကိန်းမှ ပြသခဲ့သော အချက်များနှင့် ယေဘုယျအားဖြင့် ကိုက်ညီမှုရှိသည်။ ဥပမာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် တစ်ဦးချင်း နိုင်ငံအဆင့်တွင် အခြေခံအဆောက်အအုံဆိုင်ရာ အကြောင်းကိစ္စများ၊ အကောက်ခွန်နှင့် အကျင့်ပျက်ခြစားမှုနှင့်ဖိလစ်ပိုင်ရပ်တည်မှုတွင်သိသာထင်ရှားသောတိုးတက်မှုတို့ဖြစ်သည်။

ဇယား ၇.၂ - လက်ရှိ ပြည်တွင်းစီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်

| Factors | Re-gion-al | BN | KH | ID | LA | MY | MM | PH | SG | TH | VN |
|---|---|---|---|---|---|---|---|---|---|---|---|
| Availability of Low Cost Labour | WS | N | S | S | N | N | WS | S | C | N | S |
| Availability of Raw Materials | N | N | N | N | WS | WS | WS | WS | N | WS | WC |
| Availability of trained Personnel | WS | C | C | WC | C | WS | C | S | S | C | N |
| Corruption (or Lack of) | C | S | C | C | C | C | C | C | S | C | C |
| Ease of Moving Your Product Through Customs | WS | WC | N | C | C | S | C | C | S | WC | C |
| Free Move-ment of Goods within the Region | WS | WS | N | WC | C | WS | C | WS | S | WS | N |
| Housing Cost | WC | WS | S | N | N | N | C | S | C | S | C |
| Infrastruc-ture | WS | WS | C | C | C | S | C | C | S | S | C |
| Laws and Regulation | WC | N | C | C | C | WS | C | C | S | C | C |

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| Local Protectionism (or lack of) | N | N | N | N | C | N | C | N | S | N | N |
| New Business Incentives offered by the government | WS | N | N | C | WC | WS | C | S | S | N | C |
| Office lease cost | N | WS | N | N | N | S | C | S | C | S | WC |
| Personal Security | S | S | S | WS | S | WS | S | S | S | S | S |

- Strength: 50% or greater satisfaction rate
- Concern: 40% or greater dissatisfaction
- rate neutral the plurality is neutral or the factor is inapplicable
- Weak Strength: Plurality is satisfied but satisfaction rate is less than 50%
- Weak Concern: Plurality is dissatisfied but dissatisfaction rate is less than 40%

ဇာစ်မြစ် - AMCHAM Singapore, 2013.

အချုပ်အနေဖြင့် သုံးသပ်ချက်အားလုံးနီးပါးတွင် အာဆီယံနိုင်ငံများအတွက် နယ်ပယ်များတွင် သိသာထင်ရှားသော တိုးတက်မှုကို ရရှိခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ အာဆီယံနိုင်ငံအားလုံး ကမ္ဘာ့အဆင့် ထိပ်ဆုံးတစ်ဝက်တွင် ရှိစေရန်နှင့် ထိုနိုင်ငံများမှ အများစုသည် ၂၀၂၀ ခုနှစ် အစောပိုင်းကာလတွင် ကမ္ဘာ့ထိပ်ဆုံးသုံးပုံတစ်ပုံတွင် ရောက်ရှိစေရန် ဆောင်ရွက်ရမည့် အလုပ်များ များစွာရှိမည်ဖြစ်သည်။

## အလိုက်သင့်တုံ့ပြန်နိုင်သော စည်းမျဉ်း၊စည်းကမ်းချမှတ်မှုစနစ် ៖ အခြေခံမှု [2]

ကမ္ဘာ့အဆင့်မြှင့်တင်ခြင်းသည် အခြားကမ္ဘာပေါ်ရှိတိုင်းပြည်များလည်း ထိုသို့ပြုလုပ်နေသည်ကို ထည့်သွင်းစဉ်းစားပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် စည်းမျဉ်း၊စည်းကမ်း ချမှတ်မှု ဆိုင်ရာ ပါတ်ဝန်းကျင် မြှင့်တင်နိုင်ရန် လိုအပ်လာလိမ့်မည်။ ဤအရာသည် သေသပ်သော စည်းမျဉ်း၊ စည်းကမ်းများနှင့် အလိုက်သင့်တုံ့ပြန်နိုင်သော စည်းမျဉ်းချမှတ်မှုစနစ် အတွက် လိုအပ်ချက်ဟု အဓိပ္ပါယ်ရသည်။

ကောင်းမွန်သော စည်းမျဉ်း၊ စည်းကမ်းများသည် ကောင်းမွန်သော ပါဝင်သည့်အရာများနှင့် လုပ်ငန်းစဉ် လိုအပ်သည်။ စည်းမျဉ်း၊ စည်းကမ်းများသည် ပုဂ္ဂလိကကဏ္ဍသို့ အလိုက်သင့်တုံ့ပြန်နိုင်ရန်လည်းလိုအပ်သည်။ (ကားချပ်-၇.၁) စည်းမျဉ်းချမှတ်သူများနှင့် အစိုးရ အရာရှိများသည် ရှင်းလင်းသော စည်းမျဉ်း၊ စည်းကမ်း ချမှတ်မှုဆိုင်ရာ ရည်မှန်းချက်များရှိရန် လိုအပ်ပြီး ကောင်းမွန်သည့် စည်းမျဉ်းများ၏ လက္ခဏာရပ်များကိုလည်း နားလည်ရန် လိုအပ်သည်။ သို့သော် လုပ်ငန်းအသိုင်းအဝန်းသည် ဖြစ်ရပ်များမည်သည့်အချိန်၊ မည်ကဲ့သို့ မှားယွင်းသည် ကို ခွဲခြား ဖော်ထုတ်နိုင်ရမည်။

ကားချပ် ၇.၁- ကောင်းမွန်သော စည်းမျဉ်း စည်းကမ်းများ၏ အနှစ်သာရ




ဇာစ်မြစ် - Dee (2013c)

[2] This section, with the exception of a few paragraphs, is taken from Dee (2013c).

အထူးသဖြင့် စည်းမျဉ်းချမှတ်မှုဆိုင်ရာ ဝင်ရောက်စွက်ဖက်ခြင်းတွင် ပါဝင်သည့်အရာများမှာ

- ပြိုင်ဆိုင်မှုလိုလားခြင်း
- ရည်မှန်းချက်များနှင့်ညီမျှမှု
- ခွဲခြားဆက်ဆံမှုမရှိခြင်းတို့ ရှိသင့်သည်။

ဈေးကွက်ကိုယ်တိုင်အနေဖြင့် စီးပွားရေးအရ စွမ်းဆောင်ရည်ပြည့်ဝသော ရလဒ်အများစုကို အမြဲတမ်းမထုတ်လုပ်နိုင်ပေ။ သို့သော် ဈေးကွက်မပြည့်ဝမှုများကို ပြုမူဆောင်ရွက်နိုင်သည့် ဝင်ရောက်စွက်ဖက်မှုများ လိုအပ်ပြီး သူတို့အနေဖြင့် ပြိုင်ဆိုင်မှုကို ထိခိုက်မှုအနည်းဆုံး ဖြစ်စေမည့် နည်းလမ်းကို ယေဘူယျအားဖြင့် ပြုလုပ်သင့်ပေသည်။ ဝင်ရောက်စွက်ဖက်မှု သည် ပြဿနာဖြစ်ပွားသည့် တစ်စုံတစ်ရာသော ဈေးကွက်တွင်သာ ဦးတည်ချက်ထားရန် လိုအပ်ပေသည်။ အကယ်၍ စည်းမျဉ်းကန့်သတ်ထားသော ဈေးကွက်တွင် ပြိုင်ဆိုင်မှုသည် ပေါ်လစီရွေးချယ်မှုအားဖြင့် ကန့်သတ်ခံရပါက ပြိုင်ဆိုင်မှုဆန့်ကျင်သော အပြုအမူသည် အိမ်နီးချင်းဈေးကွက်များသို့ မကူးစက်နိုင်စေရန်လည်း လိုအပ်ပေသည်။

ကမ္ဘာ့ဘဏ် Doing Business က အထက်တွင်ဆွေးနွေးခဲ့သော ကောင်းမွန်သည့် စည်းမျဉ်း၊ စည်းကမ်းများ၏ လက္ခဏာရပ်များကို ချဲ့ထွင်ခဲ့သည့် "သေသပ်သော စည်းမျဉ်းများ" လိုအပ် ချက်အရ ကောင်းမွန်သော စည်းမျဉ်းများကိုတင်ပြခဲ့သည်။ ( World Bank, 2013,p.21):

*S သည် ထိရောက်အဆင်ပြေသောစနစ် (Streamlined):* ဆိုလိုသည်မှာ အကျိုးအများဆုံး ရှိသော နည်းလမ်းတွင် လိုအင်ဆန္ဒများ ပြီးမြောက်စေသော စည်းမျဉ်းများ

*M သည် လေးနက်အဓိပ္ပါယ်ရှိခြင်း (meaningful):* ဆိုလိုသည်မှာ ဈေးကွက်တွင် အပြန် အလှန်အကျိုးပြုမှုများ အဆင်ပြေချောမွေ့စေသည့် အပေါင်းလက္ခဏာ အကျိုးသက်ရောက်မှု ကို တိုင်းတာနိုင်သော စည်းမျဉ်းများ

*A သည် လက်ခံနိုင်ခြင်း (adaptable):* ဆိုလိုသည်မှာ ပါတ်ဝန်းကျင်ပြောင်းလဲမှုကို လက်ခံ သည့် စည်းမျဉ်းများ

*R သည် ကိုက်ညီမှုရှိခြင်း (relevant):* ဆိုလိုသည်မှာ ဖြေရှင်းရန်စီစဉ်ပြီးသော ပြဿနာများနှင့် အချိုးညီသည့်စည်းမျဉ်းများနှင့်

*T သည် ပွင့်လင်းမြင်သာမှုရှိခြင်း (transparent):* ဆိုလိုသည်မှာ အသုံးပြုမည့်သူတိုင်းသည် ရှင်းလင်းပြီး နားလည်လွယ်မှုရှိသော စည်းမျဉ်းများ

အစိုးရသည် စီးပွားရေးစွမ်းရည်အပြင် ထပ်ပေါင်းသည့် ရည်မှန်းချက်များသည် ရံဖန်ရံခါရှိသည်။ ဝင်ရောက်စွက်ဖက်မှုများသည် အခြားရည်မှန်းချက် အောင်မြင်စေရန် ပုံစံချရာတွင် စီးပွားရေးစွမ်းရည်ကို လွန်လွန်ကဲကဲ မညှိနှိုင်းရန် အရေးကြီးသည်။ ဘက်စုံရည်မှန်းချက်များ အတွက် ဘက်စုံစည်းမျဉ်း သတ်မှတ်မှုဆိုင်ရာ လက်နက်ကရိယာများ လိုအပ်သည်။ ထို့ကြောင့် သင့်တော်သော စည်းမျဉ်းသတ်မှတ်မှုဆိုင်ရာ လက်နက်ကရိယာများ အရေအတွက်နှင့်အမျိုးအစားကိုရွေးချယ်ရန်အရေးကြီးသည်။ရွေးချယ်သောအခါဝင်ရောက်စွက်ဖက်မှုများသည် သူတို့၏ရည်မှန်းချက်များ အောင်မြင်ရန်လိုအပ်သည်ထက် ဖိစီးမှုမပိုစေရန် အရေးကြီးသည်။

ဖြစ်နိုင်သ၍ ဝင်ရာက်စွက်ဖက်မှုများသည် ဈေးကွက်တွင် ပါဝင်သူများအရေအတွက်သာမက ကိုယ်ပိုင်လက္ခဏာရပ်များအရပါ မလေ့လာဘဲ မဆုံးဖြတ်သင့်ပေ။ ထို့အပြင် မညီမျှသော ကစားကွင်းကိုလည်း မဖန်တီးသင့်ပေ။ ပုဂ္ဂလိကလုပ်ငန်းများနှင့် နှိုင်းယှဉ်ပြီး အစိုးရပိုင်လုပ်ငန်းများကိုလည်း အကျိုးမပြုသင့်ပေ။ နိုင်ငံခြားသားပိုင် လုပ်ငန်းများနှင့် နှိုင်းယှဉ်ပြီး ပြည်တွင်းရှိလုပ်ငန်းများကိုလည်း အကျိုးမပြုသင့်ပေ။ အသစ်ဝင်ရောက်လာသူများနှင့် နှိုင်းယှဉ်ခြင်းအရ လက်ရှိလုပ်ငန်းများကိုလည်း အကျိုးမပြုသင့်ပေ။

အထူးသဖြင့် အဆိုပါစည်းမျဉ်းချမှတ်မှုဆိုင်ရာ ဝင်ရောက်စွက်ဖက်မှုများသည် အောက်ဖော်ပြပါများပါဝင်သော လုပ်ငန်းစဉ်ကိုအသုံးပြုပြီး ဆောင်ရွက်မှုပြုသင့်သည်။

- အကြံဉာဏ်ရယူမှုညှိနှိုင်းတိုင်ပင်မှု ( ပါဝင်သူများအားလုံး)
- ပူးပေါင်းဆောင်ရွက်ခြင်း ( အစိုးရအတွင်း)
- အကဲဖြတ်ခြင်း (မဆောင်ရွက်ခင် နှင့် ဆောင်ရွက်ပြီး)

ပါဝင်သူများအားလုံးနှင့် ကျယ်ပြန့်သော အကြံဉာဏ်ရယူမှု၊ ညှိနှိုင်းတိုင်ပင်မှုသည် ဝင်ရောက်စွက်ဖက်မှုမှ မည်သူသည် အကျိုးရှိသည်၊ မည်သူသည် ဆုံးရှုံးမှုရှိသည်ကို မြင်နိုင် စေရန်နှင့် အဆိုပါအကျိုးကျေးဇူးများနှင့် ဆုံးရှုံးမှုများ၏ အတိုင်းအတာကိုလည်း မြင်နိုင်ရန် အကူအညီပေးသည်။ ဤသတင်းအချက်အလက်မှ ဝင်ရောက်စွက်ဖက်မှုသည် အဖွဲ့အစည်း၊ အသိုက်အဝန်းတစ်ရပ်လုံးအတွက် အသားတင်အကျိုးကျေးဇူးကို ဖန်တီးပေးသည့် အခြေအနေကို တည်ထောင်ရာတွင် အရေးပါသည်။ သို့ဖြစ်သောကြောင့် ဝင်ရောက်စွက်ဖက်မှုမှ ပေါ်ပေါက်လာသည့် အခွင့်ထူးခံအဆင့်ရှိသူများဖြင့်သာ မဟုတ်ဘဲ ပါဝင်သူများ အားလုံးနှင့် အကြံဉာဏ်ရယူမှု၊ ညှိနှိုင်းတိုင်ပင်မှုသည် အရေးကြီးသည်။ အဆိုပါ အကြံဉာဏ်ရယူမှု၊ ညှိနှိုင်းတိုင်ပင်မှုသည် အခြားပါဝင်သူများ ကျယ်ပြန့်သော အကျိုးကျေးဇူး ကို နောက်ခံထား၍ လုပ်ငန်းအုပ်စုများ၏ ဆွဲဆောင်ရန် ကြိုးပမ်းချက်များချမှတ်ရန်အတွက် အခွင့်အလမ်းကို ထောက်ပံ့ပေးသည်။

စီးပွားရေးရာတွင် လိုလားအပ်သော ဝင်ရောက်စွက်ဖက်ခြင်း၏ အတိုင်းအတာသည် အစိုးရဌာနတစ်ခုချင်း၏ဌာနတာဝန်များနှင့် မစီတန်းထားနိုင်ပေ။ ဝန်ကြီးဌာနများ ကိုယ်တိုင်ရံဖန်ရံခါ Stakeholder များဖြစ်ပြီး သူတို့၏ ဗျူရိုကရေစီအဆင့်သည် စီးပွားရေးပြုပြင် ပြောင်းလဲမှုများကြောင့် ကောင်းကျိုး သို့မဟုတ် ဆိုးကျိုး စသည်ဖြင့် အကျိုးသက်ရောက်နိုင်သည်။ ထို့ပြင် အောင်မြင်သော အကောင်အထည်ဖော်ခြင်းသည် ဝန်ကြီးဌာနတစ်ခု ထက်ပိုမိုသော အဖွဲ့အစည်းလိုအပ်သည်။ လုပ်ဆောင်မှုများတွင် ပါဝင်သူများအဖြစ် ဝန်ကြီးဌာနများ၏ ရှုထောင့်အမြင်အားသိရန်နှင့် နားလည်ရန် လိုအပ်သည့်အပြင် သူတို့၏အဖွဲ့အစည်းများသည် အာမခံချက်ရှိစေရန်လိုအပ်သည်။ ဤအရာသည် ညှိနှိုင်းဆောင်ရွက်ခြင်း လိုအပ်သည်။

အသိုင်းအဝန်းအတွက် အသားတင်အကျိုးကျေးဇူးများ ဆောင်ရွက်ပေးနိုင်ရန် အကောင်းဆုံးအခွင့်အလမ်းများရှိသည်ကို သေချာစေရန် အကောင်အထည်ဖော်ခြင်းမတိုင်မီ ဝင်ရောက်စွက်ဖက်မှုအသစ်အား အကဲဖြတ်ပေးရန်လိုအပ်သည်။ ဝင်ရောက်စွက်ဖက်မှုအသစ်သည် သူတို့သည် ရည်ရွယ်ထားသည့်အတိုင်း လုပ်ဆောင်ခဲ့သည်ကို သေချာစေရန် အချိန် တစ်ချိန်ပြီး နောက်တွင်လည်း တွက်ချက်အကဲဖြတ်ရန် လိုအပ်သည်။ ကာလရှည်ရပ်တည်ခဲ့သော ဝင်ရောက်စွက်ဖက်မှုသည်လည်း သူတို့၏ အသုံးဝင်မှုထက် ပိုမိုမလုပ်ဆောင် စေရန်လည်း အကဲဖြတ်ရန်လိုအပ်သည်။ အဆိုပါအကဲဖြတ်မှုများသည် အကြံဉာဏ်ရယူမှု တိုလိုအပ်သည်။ သို့သော် သူတို့သည် အုပ်စုအသီးသီး၏ စရိတ်နှင့် အကျိုးကျေးဇူးများ၏ သေချာစွာသရုပ်ခွဲမှုလည်း လိုအပ်သည့်အပြင် တည်ရှိသော အသိုင်းအဝန်းသို့ အသားတင် အကျိုးကျေးဇူး

ဘက်ညီစေရန်အတွက် သေချာစွာ ဝေဖန်ပိုင်းခြားရန် လိုအပ်သည်။

အကြံဉာဏ်ရယူမှုလုပ်ငန်းစဉ်သည် ဒီဇိုင်းအဆင့် ဥပမာ စည်းမျဉ်း၊ စည်းကမ်းသတ်မှတ်မှု ဆိုင်ရာ အကျိုးသက်ရောက်မှု အကဲဖြတ်ခြင်း (RIAs) ကဲ့သို့ စနစ်ကျသော လုပ်ငန်းစဉ်များမှ တစ်ဆင့်တွင် အရေးပါသည် သာမက စည်းမျဉ်း လေးစားလိုက်နာခြင်းကို သေချာစေရန်နှင့် လက်ရှိ ဝင်ရောက်စွက်ဖက်မှုသည် သူတို့၏အသုံးဝင်မှုထက် ပိုနေသည့် အခြေအနေ သို့မဟုတ် အသုံးဝင်မှုမရှိသည့်အခြေအနေများတွင် လေ့လာရန် အခြေခံဆောင်ရွက်နေမှုများ ပေါ်တွင်လည်း အရေးပါသည်ကို အလိုက်သင့်တုံ့ပြန်မှုရှိသော စည်းမျဉ်း၊ စည်းကမ်းများပေါ် တွင် လေ့လာသော စာပေက အလေးပေးဖော်ပြသည်။

Braithwaite (2011) က စည်းမျဉ်း၊ စည်းကမ်းများသည် စည်းမျဉ်းချမှတ်သူများက လုပ်ငန်း ဆိုင်ရာ အကြောင်းအရာနှင့် ပါတ်ဝန်းကျင်ဆိုင်ရာများတွင် ဆောင်ရွက်သည့် အရွေ့အပြောင်း များကို အလိုက်သင့်တုံ့ပြန်နိုင်ရန် လိုအပ်သည်ဟုတင်ပြခဲ့သည်။ တုံ့ပြန်မှုရှိသော စည်းမျဉ်း၊ စည်းကမ်းများသည် တစ်ခါတစ်ရံ ပိရမစ် ခွင့်ပြုမိန့် (Pyramid sanctions) အယူအဆ (ဆိုလိုသည်မှာဦးစွာ ဥပဒေပြဋ္ဌာန်းချက်များကို အနည်းဆုံးတင်းကြပ်စွာ ချမှတ်ရန်ကြိုးစားပြီး ထို့နောက် လိုအပ်သလောက်သာလျှင် ပိရမစ်ကို မြှင့်တင်သည်။) ကိုခွဲခြား ဖော်ထုတ်နေစဉ် တွင် Braithwaite (2011) က ဤနေရာတွင်ကိုက်ညီမှုရှိသော ကျယ်ပြန့်သည့် အခြေခံမှုများကို ခွဲခြားခဲ့သည်။ ( ကားချပ် ၇.၂)

အကြောင်းအရာများကို စဉ်းစားခြင်းသည် အမှန်ပါဝင်သူများ နှင့် “on the ground” အကြို စစ်ဆေးမှု သီအိုရီများဟုအမိပ္ပါယ်ရသည်။ တက်ကြွစွာ နားထောင်ခြင်း “Listen actively” သည် လုပ်ငန်းဆောင်ရွက်မှုတွင်ပါဝင်သူများ၏ အသံကို နားထောင်ရန်ဖြစ်သည်။ ခံနိုင်ရည် စွမ်းရှိသူများနှင့် စေ့စပ်ညှိနှိုင်းခြင်း “Engaging those who resist” က စည်းမျဉ်း၊ စည်းကမ်း ချမှတ်မှုဆိုင်ရာပုံစံများ မည်သို့တိုးမြှင့်နိုင်စေသည်ကို လေ့လာရန်အခွင့်အလမ်း တစ်ရပ် အဖြစ် သူတို့၏ခံနိုင်ရည်စွမ်းကို အသုံးပြုနိုင်ရန် ခွင့်ပြုခြင်းအားဖြင့် သူတို့ကို ပြသပေးခြင်းဖြစ် သည်။ ထောက်ပံ့ခြင်းနှင့် ပညာပေးခြင်း “Support and education” သည် စည်းမျဉ်း၊ စည်းကမ်းများ အတွက် ကြောင်းကျိုးဆက်စပ်မှုကို အများနားလည်နိုင်မှု တည်ဆောက်ရန်နှင့် လိုက်လျောရန် စွမ်းဆောင်ရည်များနှင့် လှုံ့ဆော်မှုများ တည်ဆောက်ရန် တို့အသုံးပြုနိုင် ရန်ဖြစ်သည်။ အရင်းအမြစ်ရှားပါးသော တိုင်းပြည်များတွင် စက်မှုလုပ်ငန်း အဖွဲ့အစည်းနှင့် NGOs နှင့် စည်းမျဉ်း၊ စည်းကမ်းကို ပြဋ္ဌာန်းခြင်းနှင့် ဒီဇိုင်းများပေါင်းစည်းခြင်း စသည့်

လုပ်ငန်းပါတနာများ၏ ကျယ်ပြန့်သောကွန်ယက်ညှိနှိုင်းမှုသည် အထူးသဖြင့် အသုံးဝင်နိုင်သည်။ (ဥပမာ- စက်မှုလုပ်ငန်းအခြေခံ တရားဝင်အသိအမှတ်ပြုမှု ဖွံ့ဖြိုးမှုပရိုဂရမ်နှင့် စက်မှုအခြေခံ လေ့ကျင့်ခြင်း) Drahos (2004) ကအရင်းအမြစ်အခြေခံပေါ်တွင် ဤအဆိုကိုပြုလုပ်ခဲ့သည်၊ သို့သော် Braithwaite ( 2006) က စည်းမျဉ်း၊ စည်းကမ်းသတ်မှတ်မှု ဆိုင်ရာ ဆွဲဆောင်ခြင်းကို နောက်ခံထားပြီး ကာကွယ်မှုပြုရန်ကိုလည်းသတိပြုမိသည်။ နောက်ဆုံးတွင် လေ့လာရမည့်အရေးပါသည့် အချက်သည် - ကောင်းစွာလုပ်ဆောင်မည့် နည်းလမ်းနှင့် မည်သို့သောစရိတ်သည် အောင်မြင်နိုင်သည်ကို အကဲဖြတ်ရန်နှင့် လေ့လာခဲ့သော သင်ခန်းစာများ ရှင်းလင်းမှုရှိစေခြင်းတို့သည် အရေးပါသည်။

## ကားချပ် ၇.၂ - အလိုက်သင့်တုံ့ပြန်နိုင်သောစည်းမျဉ်း၊စည်းကမ်းများ




ဇာစ်မြစ် - Dee (2013c).

အလိုက်သင့်တုံ့ပြန်နိုင်သော စည်းမျဉ်း၊စည်းကမ်းများသည် RIA လုပ်ငန်းစဉ်မှတစ်ဆင့်ထားရှိရန် ခက်ခဲနိုင်သည့် နှိုင်းယှဉ်ခြင်းအားဖြင့် “ပျော့ပြောင်းသော (soft)” ပုံစံရှိသည့် ထိန်းချုပ်မှု ပါဝင်နိုင်သည်။ မည်သို့ပင်ဆိုစေ ချဉ်းကပ်နည်းသည် RIA မှ လုပ်ဆောင်သည်ထက် ကြိုးနီစနစ်နည်းပါးနိုင်သည်။

‘ညှိနှိုင်းနိုင်သော RIA လုပ်ငန်းစဉ်ကို သိမြင်သော စည်းမျဉ်းဆိုင်ရာစနစ်သစ်၏ ထောက်ခံအားပေးသူတို့အား အမိန့်ပေးမှုနှင့် ထိန်းချုပ်မှု ပုံစံအဟောင်းစနစ်သို့ နီးကပ်နေသော အရာကို ရွေးချယ်ရန် သေသပ်သောစနစ်တစ်ခုနှင့် လွှမ်းမိုးနိုင်မှုလုံးဝမရှိသော အရာတို့ကို

ရေ့ရှုထားရှိရန်အတွက် ကြီးမားသော မဆွဲဆောင်နိုင်မှု ရှိလိမ့်မည်။' (Baldwin .2006, p.205)

အလိုက်သင့် တုံ့ပြန်နိုင်သော ချဉ်းကပ်နည်းသည် စွန့်စားရမှုအသစ်များနှင့် စွန့်စားရမှု ဖန်တီးသူများကို ရွေးယူကောင်းယူလိမ့်မည်၊ ထို့ကြောင့် စွမ်းဆောင်ရည် မြှင့်မားမှုကို ရှာဖွေရာတွင် လူသိများသော စွန့်စားရမှုများကို ဦးတည်သည့် စစ်မှန်သောစွန့်စားရမှု အခြေခံ စည်းမျဉ်း၊ စည်းကမ်းများ၏ ဝေဖန်ချက်များမှ တစ်ခုကို ရှောင်ရှားနိုင်သည်။ နောက်ဆုံးတွင် အလိုက်သင့် တုံ့ပြန်နိုင်သော ချဉ်းကပ်နည်းသည် လုပ်ငန်းခြားနားမှုအရ ထိခိုက်လွယ်ကောင်းလွယ်နိုင်သည်။ ထို့ကြောင့် ဥပမာအားဖြင့် နိုင်ငံမျိုးစုံတွင် အခြေစိုက်သော လုပ်ငန်းများကဲ့သို့ SMEs များကို ထိန်းချုပ်ရန် တူညီသော ချဉ်းကပ်နည်းကို မသယ်ဆောင်နိုင်ပေ။ ( Grabosky 1995)

Buldwin နှင့် Black (2008) က စည်းမျဉ်း၊ စည်းကမ်းချမှတ်သူများသည် စည်းကမ်းထိန်းသိမ်းသူများ လိုက်နာမှုအခြေအနေသို့ အလိုက်သင့်တုံ့ပြန်နိုင်မှုရှိရမည့် အပြင် နောက်ထပ် အချက်(၅)ချက်ဖြင့်လည်း တုံ့ပြန်နိုင်ရမည်။ ထိုအချက်များမှာ-

- လုပ်ငန်းများ၏ကိုယ်ပိုင် လုပ်ဆောင်ချက်များနှင့် သိမြင်လွယ်သော အခြေခံမှုများ (သူတို့၏ 'သဘောထားချမှတ်မှုများ')

- စည်းမျဉ်းများချမှတ်မည့်စနစ်၏ ကျယ်ပြန့်သောဖွဲ့စည်းပုံဆိုင်ရာ ပါတ်ဝန်းကျင်

- စည်းမျဉ်းချမှတ်သည့် ကိရိယာများနှင့် နည်းဗျူဟာများ၏ အတွေးအခေါ် ခြားနားမှုများ

- စနစ်၏ကိုယ်ပိုင် ဆောင်ရွက်မှုနှင့်

- ဤလိုအပ်ချက်တစ်ခုစီ ပြောင်းလဲမှု

ထို့ကြောင့် အလိုက်သင့်တုံ့ပြန်နိုင်သော စည်းမျဉ်း၊ စည်းကမ်းများအနေဖြင့် လုပ်ငန်း စည်းမျဉ်းချမှတ်သူများရှိ ဆက်ဆံရေးသည် လှုံ့ဆော်မှုများကို လိုက်လျောရန် ထိုဆက်ဆံရေး ကိုယ်တိုင် မည်သို့အကျိုးသက်ရောက်နိုင်သည်ကို သတိပြုရပေမည်။ စည်းကမ်းထိန်းသိမ်း

သူများကဲ့သို့ပင် စည်းမျဉ်းချသူများ၏ ကန့်သတ်ချက်များနှင့် အခွင့်အလမ်းများကို အသိအမှတ်ပြုသည်။ ဤတွင် ခြားနားသော စည်းမျဉ်းချမှတ်မှု ဆိုင်ရာ အကြောင်းအရာများ သည် ဥပမာအားဖြင့် မုံလာဥနီနှင့် တုတ်ချောင်းကဲ့သို့ အကြောင်းအရာများ မည်သို့ပေါင်းစည်း သည်ကို သတိထားရပေမည်။ ထိခိုက်လွယ်သော ဆောင်ရွက်မှုသည် ရည်မှန်းချက်ကို နောက်ခံထားပြီး ဆောင်ရွက်မှုကို အကဲဖြတ်ရန် လိုအပ်ပေသည်။ ထို့ပြင် လိုအပ်သလို ကိရိယာများ နည်းဗျူဟာများကို ပြင်ဆင်ရန်လိုအပ်သည်။ ( အကြီးအကျယ်ပင် ဖြစ်ကောင်း ဖြစ်နိုင်သည်။)

နောက်ဆုံးအနေဖြင့် အလိုက်သင့်တုံ့ပြန်နိုင်သော စည်းမျဉ်းများသည် ရည်မှန်းချက်များ၊ ဦးစားပေးမှုများနှင့် အခြေအနေများ ပြောင်းလဲမှုကို တုံ့ပြန်နိုင်ရန်လိုအပ်သည်။ Baldwin and Black (2008, p.75) က ဤအရာသည် စိန်ခေါ်မှုများ ပါဝင်သည်ကို အသိအမှတ်ပြုသည်။

"ချိတ်ဆက်ထားပြီး သေသပ်သော စည်းမျဉ်းချထားမှုစနစ်သည် သဘောတူထားသော အဆင့်နှင့် ချဉ်းကပ်နည်းများအတွင်းသို့ ပါဝင်သောလုပ်ဆောင်သူများကို ပိတ်လှောင် ထားခြင်းသည် အမှန်အန္တရာယ်ရှိသည်။ သို့ဖြစ်၍ သင်ခန်းစာပေးသော ပြုပြင်ပြောင်းလဲမှုများ အကျိုးထိရောက်မှုကို မလုပ်ဆောင်နိုင်ပေ။ ကမ္ဘာ့အကောင်းဆုံးအခြေအနေတွင် စည်းမျဉ်း သတ်မှတ်သော လုပ်ဆောင်သူများ ချိတ်ဆက်မှုအကြား ပြောဆို၊ ဆွေးနွေးမှုများသည် စည်းမျဉ်း၊စည်းကမ်း ဆိုင်ရာညှိနှိုင်းမှုများကိုပြုလုပ်ရန် မျှော်လင့်နိုင်သည်။ ကမ္ဘာ့အကောင်း ဆုံးအခြေအနေ ထက်လျော့နည်းနေသည့်အခါ၌ အဆိုပါ ပြောဆို၊ ဆွေးနွေးမှုများသည် အငြင်းပွားမှုများ၊ ခိုင်မာစွာ စွဲမြဲနေသော အဆင့်သတ်မှတ်မှုများ (entrenched position) နှင့် စည်းမျဉ်းချထားမှုဆိုင်ရာ မပြည့်ဝမှုများနှင့် ဝေဖန်ပြစ်တင်ခြင်းများတို့ကို တုံ့ပြန်ရန် မတတ်နိုင်ခြင်းတို့ကို ဦးဆောင်စေသည်။ လိုအပ်သည်မှာ သင့်တော်သော ပရိုဂရမ်များ ပြုပြင်မွမ်းမံမှုကို အားပေးမည့် နည်းဗျူဟာများဖြစ်ပါသည်။"

အဆိုပါနည်းဗျူဟာသည် စည်းမျဉ်းသတ်မှတ်သော လုပ်ဆောင်သူများ ချိတ်ဆက်မှုအကြား ပြောဆို ဆွေးနွေးမှုများကို ကြားဝင်ဖြန်ဖြေပေးသော အသိအမြင်များသော စည်းမျဉ်း သတ်မှတ်မှုဆိုင်ရာ ပြောဆိုဆွေးနွေးမှုများထားရန်ဖြစ်သည်။ ရိုးသားသော ကြားဝင်သူအဖြစ် ဆောင်ရွက်ပေးသူ ကြားဝင်ဖြန်ဖြေသူတည်ရှိခြင်းသည် ပိုမိုကောင်းမွန်သော ရွေးချယ်မှုများ ခွဲခြားခြင်းတို့သာမက ပြုပြင်ပြောင်းလဲမှုများကို အခွင့်သာစေသော အများဆန္ဒတည်ထောင် ရန်တို့မှ ခိုင်မာစွာစွဲမြဲနေသော အဆင့်သတ်မှတ်မှုများများ ကျော်လွှားစေရန် ကူညီပေးသည်။

## အသိအမြင်များသော စည်းမျဉ်းသတ်မှတ်မှုဆိုင်ရာ ပြောဆိုဆွေးနွေးမှုများ [3]

Andrews (2008) က ပြုပြင်ပြောင်းလဲမှု အမှန်တကယ် ဆောင်ယူနိုင်သော ပါတ်ဝန်းကျင် အမျိုးအစားကို ဖော်ပြခဲ့သည်။ သူက ပြုပြင်ပြောင်းလဲမှုအတွက် လိုအပ်သောလက်ခံနိုင်မှု (acceptance) ရှိခြင်းနှင့် ပြုပြင်ပြောင်းလဲမှုကို သယ်ဆောင်နိုင်ရန် လုပ်ပိုင်ခွင့်နှင့် စွမ်းဆောင်ရည် (authority and ability) တို့ရှိသော ပါတ်ဝန်းကျင်အဖြစ် ‘ ပြုပြင်ပြောင်းလဲမှု နေရာ’ ကို တင်ပြသည်။ အဆိုပါအယူအဆသည် ကားချပ် ၇.၃ တွင် အဓိပ္ပါယ်ဖော်ပြသည်။

### ကားချပ် ၇.၃ - ပြုပြင်ပြောင်းလဲမှုနေရာ

| |
|---|
| Is there acceptance:<br>Of the need for change and reform? Of the specific reform idea?<br>Of the monetary costs of reform?<br>Of the social costs for reformers?<br>Do embedded incentive mechanisms facilitate or hinder acceptance, especially when transitioning from old to new? |
| Is there authority?<br>Does legislation allow people to challenge the status quo and initiate reform?<br>Do formal organisational structures and rules allow reformers to do what is needed?<br>Do informal organisational norms allow reformers to do what is needed? |
| Is there authority?<br>Does legislation allow people to challenge the status quo and initiate reform?<br>Do formal organisational structures and rules allow reformers to do what is needed?<br>Do informal organisational norms allow reformers to do what is needed? |




Reform space, at the intersection of A, A, A, determines how much can be achieved

ဇာစ်မြစ် - Adapted from Andrews (2008), in Dee (2013c)

[3] This section draws on Dee (2013b).

အာရှနှင့် အရှေ့တောင်အာရှ ပြုပြင်ပြောင်းလဲမှုများ အတွေ့အကြုံ လက်ရှိလေ့လာမှုများက ဤအခြေအနေများဖန်တီးရန် ကူညီပေးသော နည်းဗျူဟာအဖြစ် အသိအမြင်များသော စည်းမျဉ်းသတ်မှတ်မှုဆိုင်ရာ ပြောဆိုဆွေးနွေးမှုများ၏ အသုံးဝင်သော အခန်းကဏ္ဍကို ဖော်ပြခဲ့သည်။ အဆိုပါ ပြောဆိုဆွေးနွေးမှုများသည် ပိုမိုကောင်းမွန်သော စည်းမျဉ်း၊ စည်းကမ်းများနှင့် လက်ခံနိုင်သော လုပ်ငန်းစဉ်နည်းလမ်းများ ရရှိနိုင်သည့် အဓိက အတားအဆီးနစ်ခုကို ကျော်လွှားနိုင်စေရန် ကူညီပေးသည်။ - ပိုကောင်းသောဖြေရှင်းမှုများမသိနားမလည်ခြင်း သို့မဟုတ် မိမိအကျိုးအတွက် ပါဝင်ပါတ်သက်ခြင်း (အစိုးရအတွင်း၌ပါဝင်နေသော)

အကယ်၍ ပြဿနာသည် ရွေးထုတ်နိုင်သော ပိုမိုကောင်းမွန်သော ပေါ်လစီများ၏ တစ်ခုဖြစ်ပါက လုပ်ငန်းတွင်ပါဝင်သူများနှင့် ပြောဆိုဆွေးနွေးမှုများ ပါဝင်သည့် ပေါ်လစီ သုံးသပ်မှုဖြစ်စဉ်သည် ပိုမိုကောင်းမွန်သော ရွေးချယ်မှုကို ဖော်ထုတ်ခြင်းဖြင့် နည်းပညာဆိုင်ရာ ဖြေရှင်းမှု ( technical solution) ကို ထောက်ပံ့ပေးနိုင်သည်။ ဤအရာသည် ပေါ်လစီ သုံးသပ်ခြင်း ယန္တယား၏ အစဉ်အလာကိုလိုက်သော နားလည်မှု အခန်းကဏ္ဍပင်ဖြစ်သည်။ (e.g. as in a RIA) အကောင်းဆုံးသုံးသပ်ချက်လုပ်ငန်းစဉ် သည် ကားချပ် ၇.၄ တွင် ဖော်ပြထားသည်။

ကားချပ်၇.၄ - မူဝါဒ ပြန်လည်သုံးသပ်ရန် မရှိမဖြစ် လိုအပ်ချက်များ

**မူဝါဒ ပြန်လည်သုံးသပ်မှု ပြုလုပ်ခဲ့ပါက**

- ပြဿနာ (သို့) အခြေအနေများမှ အရေးယူလုပ်ဆောင်ရန် လိုအပ်ချက်များဖြစ်ပေါ်လာမည်။
- ဆန္ဒရှိသော ရည်မှန်း(များ)
- မူဝါဒဆိုင်ရာရွေးချယ်မှုများ (တရားဝင် နှင့် တရားမဝင်) တွင် မှန်းထားသော ရည်မှန်းချက်ရောက်အောင်သွားမည့် လမ်းကြောင်းများကို ထည့်သွင်းနိုင်သည်။
- စားသုံးသူများ၊ စီးပွားရေး၊ အစိုးရနှင့် အဖွဲ့အစည်းများပေါ် (ကုန်ကျစရိတ်နှင့် အကျိုးအမြတ်) ရွေးချယ်မှုတစ်ခုချင်းစီအလိုက် အကျိုးသက်ရောက်မှုကိုအကဲဖြတ်ခြင်း။
- ဆွေးနွေးညှိနှိုင်းမှုကြေငြာချက် (သက်ဆိုင်သူ အားလုံးပါဝင်သော ဆွေးနွေးညှိနှိုင်းပွဲလုပ်ငန်းစဉ်နှင့် ရလာဒ်များများ)
- အကြံပြုထားသော ရွေးချယ်မှု
- အကောင်အထည်ဖော်ရန် မဟာဗျူဟာ (သင့်တော်သော အတည်ပြုပြဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများကို ထည့်သွင်းစဉ်းစားပြီး) နှင့် စိတ်ကြိုက်ရွေးချယ်ထားသော ရွေးချယ်မှုလမ်းကြောင်းကို ပြန်လည် သုံးသပ်ရန်။



ဇာစ်မြစ် - Dee (2013c).

သို့သော် ဤသဘောထားတစ်လျှောက် အသိအမြင်များသော စည်းမျဉ်းသတ်မှတ်မှုဆိုင်ရာ ပြောဆိုဆွေးနွေးမှုများ ဆောင်ရွက်ခြင်းသည် မိမိအကျိုးအတွက် ပါဝင်ပါတ်သက်ခြင်း (အစိုးရ အတွင်း၌ ပါဝင်နေသော) ကို စီမံခန့်ခွဲရန် နည်းဗျူဟာနှင့် ပြုပြင်ပြောင်းလဲမှုကို အခွင့် သာစေသော ပေါင်းစည်းမှုများ တည်ဆောက်ရန်တို့ကို ဖြစ်စေနိုင်သည်။ နည်းဗျူဟာသည် နည်းလမ်းအမျိုးမျိုးဖြင့် ကူညီနိုင်ပါသည်။

ဦးစွာ အသိအမြင်များသော စည်းမျဉ်းသတ်မှတ်မှုဆိုင်ရာ ပြောဆိုဆွေးနွေးမှုများသည် လုပ်ငန်းစဉ်ချမှတ်ရန် ကူညီပေးသည်။ မည်သူမှပြောဆိုမှုမရှိလျှင် ပေါ်လစီပြောင်းလဲမှုသည် မဖြစ်နိုင်ပေ။ ဒုတိယအချက်အနေဖြင့် လွတ်လပ်သော ပံ့ပိုးပေးသည့်အရာများ ဦးဆောင်သော အသိအမြင်များသော စည်းမျဉ်းသတ်မှတ်မှုဆိုင်ရာ ပြောဆိုဆွေးနွေးမှုများသည် ဝေဖန် ဆွေးနွေးမှုများ၏ ကန့်သတ်ချက်ဘောင်များကို ချမှတ်ပေးနိုင်သည်။ မိမိအကျိုးအတွက် ပါဝင်ပါတ်သက်ခြင်းသည် သူတို့ဖာသာ ပေါ်လစီပြောင်းလဲမှုများ၏ အကျိုးသက်ရောက်မှု များကို ထုံးစံအတိုင်း အသားပေးဖော်ပြနိုင်သည်။ အသိအမြင်များသော စည်းမျဉ်းသတ်မှတ်မှု ဆိုင်ရာ ပြောဆိုဆွေးနွေးမှုများသည် အခြားပါဝင်သူများနှင့် လက်ရှိပေါ်လစီ ချမှတ်ခြင်း၏ အကျိုးအပြစ်ကို စစ်ဆေးနိုင်သည်။ တတိယအချက်အနေဖြင့် နိုင်ငံရေး ကစားကွင်းကို ထုတ်ပယ်ပြီး လွတ်လပ်သော ပံ့ပိုးသည့်အရာများက ဦးဆောင်သည့်အခါ အသိအမြင်များသော စည်းမျဉ်းသတ်မှတ်မှုဆိုင်ရာ ပြောဆိုဆွေးနွေးမှုများသည် တစ်ခါတစ်ရံ နိုင်ငံရေးမဆန်သည့် ဝေဖန်ဆွေးနွေးမှုကို ကူညီပေးသည်။ စတုတ္ထအချက်အနေဖြင့် သူတို့သည် အကောင်းဆုံး ရှေ့ဆက်လုပ်ဆောင်မည့် နည်းလမ်းများဖြင့် ရွေးချယ်မှုများအား အနည်းဆုံး ပေါင်းစည်းမှု အချို့ကို ဦးဆောင်နိုင်ပြီး ပြုပြင်အခွင့်သာစေသော ပြုပြင်ပြောင်းလဲမှုများ ပေါင်းစည်းမှုကို တည်ထောင်ရန် ကူညီပေးသည်။ စိတ်ဝင်စားသူများအားလုံးမှ သွင်းအားစုများကို ဖိတ်ခေါ်သည့်လုပ်ငန်းစဉ်သည် ပြုပြင်ပြောင်းလဲမှု ချန်ပီယံကို ကိုယ်တိုင်ရွေးချယ်ရန် ကူညီနိုင်သည်။ အများစိတ်ဝင်စားမှုကို ခွဲခြားသတ်မှတ်ရန် အုပ်စုများအားလုံး၏ ဆွေးနွေးပွဲ ကို ထောက်ပံ့ပေးပြီး ပြုပြင်ပြောင်းလဲမှုလိုလားသော နည်းဗျူဟာများကို ပူးပေါင်းရန်လည်း သဘောတူသည်။ နောက်ဆုံးအနေဖြင့် လုံလောက်စွာ ကျယ်ပြန့်သော နယ်ပယ် နှင့်အတူ သုံးသပ်သည့်ဖြစ်စဉ်သည် မည်သူမှ ဆုံးရှုံးမှုမရှိခြင်းအောက်တွင် ပေါ်လစီပေါင်းစပ်ခြင်း (combinations) ကို ခွဲခြားသတ်မှတ်ရန် ကူညီနိုင်ပြီး ထို့ကြောင့် အခွင့်သာစေသောပြုပြင် ပြောင်းလဲမှုများအတွက် ကြီးမားသောပေါင်းစည်းမှုကို တည်ထောင်ရန်လည်း ကူညီပေးသည်။ အကယ်၍ အဆိုပါရလဒ်သည် မဖြစ်နိုင်ပါက သူတို့သည် မိမိအကျိုးအတွက် ပါဝင်သူများသို့ စရိတ်နှင့် အကျိုးကျေးဇူးသည် အခြားပါဝင်သူများသို့ စရိတ်နှင့် အကျိုးကျေးဇူးနှင့်

ဆန့်ကျင်စွာ မည်သို့ ချင့်ချိန်တွက်ဆမည်ကို အနည်းဆုံးထုတ်ဖော်နိုင်သည်။

ပြောဆိုဆွေးနွေးချက်များအား လွတ်လပ်သော အေးဂျင့်များမှ အဆင်ပြေချောမွေ့စေသည့် အချက်မှာ အရေးပါသည်။ အဆိုပါအဓိပ္ပါယ်သည် လုံလုံလောက်လောက် လွတ်လပ်သော ပုဂ္ဂလိကပါဝင်သူများဖြင့်သာမက အစိုးရမှ တစ်စုံတရာသော အတိုင်းအတာထိ ပါဝင်ရန် လိုအပ်သည်။ ပံ့ပိုးသူသည် အစိုးရဌာနများ ရပ်တည်ချက်အဖွဲ့ဝင်များအဖြစ် လက်ရှိ အစိုးရ ပေါ်လစီမှ ချည်နှောင်မထားသင့်ပေ။ အမှန်အားဖြင့် အစိုးရဌာနများ ရပ်တည်ချက်သည် တစ်ခါတစ်ရံ သူတို့၏ ကိုယ်ပိုင် လုပ်ပိုင်ခွင့်တွင် stakeholders ဖြစ်သည်။ တူညီစွာပင်၊ လက်ရှိ စီးပွားရေးပေါ်လစီများ အကောင်အထည်ဖော်ရန် စည်းမျဉ်းချမှတ်သည့် လုပ်ပိုင်ခွင့် အပ်နှင်းထားခံရသူများမှ ရံဖန်ရံခါ ပြုလုပ်လေ့ရှိသကဲ့သို့၊ ပံ့ပိုးသူများအနေဖြင့် လက်ရှိ စည်းမျဉ်းချထားမှု အခြေအနေပေါ်မှ မပေါ်လွင်သော ဝေစုရယူခြင်းမျိုး မရှိသင့်ပေ။

ပံ့ပိုးသူများသည် ကျယ်ပြန့်သော စီးပွားရေး အမြင်ဆောင်ယူနိုင်ခြင်းသည်လည်း အရေးကြီးပေသည်။ ကဏ္ဍအလိုက် ကျဉ်းမြောင်းသော စိတ်ဝင်စားမှုကို ကျော်လွှန်၍ ကြည့်မြင်နိုင်ရန် လိုအပ်သည့်အပြင် လုပ်ငန်းတွင်ပါဝင်သူများ အားလုံး၏စရိတ်နှင့် အကျိုးကျေးဇူးများ၏ သတင်းအချက်အလက်များကိုလည်း ထုတ်နုတ်ယူနိုင်ရမည်။ ထိုမှ စီးပွားရေးတစ်ရပ်လုံး၏ အသားတင် အကျိုးကျေးဇူးကို မြင်နိုင်စေရန် ကူညီပေးလိမ့်မည်။ ထိုကဲ့သို့ ကျယ်ပြန့်သော အမြင်ကို သယ်ဆောင်နိုင်ရန် ပိုင်းခြားစိတ်ဖြာနိုင်သော စွမ်းရည်လိုအပ်သည်။

နောက်ဆုံးတွင် ပံ့ပိုးသူသည် အသိအမြင်များသော စည်းမျဉ်းသတ်မှတ်မှုဆိုင်ရာ ပြောဆို ဆွေးနွေးမှုများအား ပွင့်လင်းမြင်သာမှုရှိသော အခြေအနေအောက်တွင် ဆောင်ရွက်ရန် လိုအပ်သည်။ လုပ်ငန်းတွင် ပါဝင်သူများသည် တစ်ချိန်တည်း အတူတူဆောင်ရွက်ရန် မလိုအပ်ပေ။ သို့သော်ပါဝင်သည့် အစုတစ်ခုစီသည် အခြားသူများ၏အမြင်များနှင့် ဝေဖန် ဆွေးနွေးမှုများကို သတိပြုမှုရန် အရေးကြီးသည်။ သို့မှသာ သူတို့သည် ချင့်ချင့်ချိန်ချိန်ဖြင့် တုံ့ပြန်မှုများကို ပေးနိုင်မည်။ ထိုကဲ့သို့ ပွင့်လင်းမြင်သာမှုရှိသော အခြေအနေ အောက်တွင်သာ တုံ့ပြန်မှုရှိသော လုပ်ငန်းစဉ်သည် လုပ်ငန်းတွင်ပါဝင်သူများအား တစ်ဦးနှင့်တစ်ဦး လေ့လာရန်၊ တစ်ဦးနှင့်တစ်ဦး ပိုမိုနားလည်စေရန်နှင့် ရှေ့ဆက်ရမည့် အကောင်းဆုံး နည်းလမ်းများကို အများနားလည်နိုင်မှုတွင် ပေါင်းစည်းနိုင်ရန် ခွင့်ပြုပေးနိုင်သည်။

အရှေ့နှင့် အရှေ့တောင်အာရှ ပြုပြင်ပြောင်းလဲမှု အတွေ့အကြုံလက်ရှိ လေ့လာမှု (Dee 2010 and 2012) က ရံဖန်ရံခါ အောင်မြင်သော ပြုပြင်ပြောင်းလဲမှုတွင် အသိအမြင်များသော စည်းမျဉ်းသတ်မှတ်မှုဆိုင်ရာ ပြောဆိုဆွေးနွေးမှုများသည် အခန်းတစ်ခုအနေဖြင့် လုပ်ဆောင် ခဲ့ကြောင်းအတည်ပြုခဲ့သည်။ Dee (2010) က အရှေ့အာရှဒေသတွင် အဆောက်အအုံဆိုင်ရာ ပြုပြင်မှုကို ကာလအပိုင်းအခြားတစ်ခုအတွင်း တိုးတက်မှုလေ့လာချက်(case studies) ရှစ်ခု ဖြင့် စစ်ဆေးခဲ့သည်။ case studies နှစ်ခုမှာ ဖွံ့ဖြိုးသောဒီမိုကရေစီနိုင်ငံများဖြစ်သော ဂျပန် နှင့် ဩစတြေးလျ တို့ဖြစ်သည်။ လေးခုမှာ ဖွံ့ဖြိုးဆဲဒီမိုကရေစီနိုင်ငံများဖြစ်သော ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ နှစ်ခုမှာ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ပြီး ကိုယ် ကျိုးမျှော်လင့်ချက် အများအပြားကို စီမံခန့်ခွဲရန်နှင့် ပြုပြင်ပြောင်းလဲမှုအတွက် ဥပဒေပြဋ္ဌာန်းမှုကို ထိန်းသိမ်းစောင့်ရှောက်သည့် ဗဟိုအစိုးရများဖြစ်သည့် ဗီယက်နမ်နှင့် တရုတ်ဖြစ်သည်။ ကိစ္စတစ်ခုစီတွင် အတော်များများ တွေ့ရှိရသည်က ပုံမှန်ပေါ်လစီ သုံးသပ်ချက်များကို၊ သို့မဟုတ် အသိပေးပြီးဖြစ်သော စည်းမျဉ်းသတ်မှတ်မှုဆိုင်ရာ ပြောဆိုဆွေးနွေးမှုများကို ဦးစီးဦးရွက်ပြုခြင်းတို့ဖြင့် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များအား ဒေသခံအဖွဲ့အစည်းများမှ အနည်းနှင့်အများ ဆိုသလို ပံ့ပိုးပေးသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ဒေသခံအဖွဲ့အစည်းများရှိ လက္ခဏာရပ်များကို ကြည့်မြင်သင့်ပေသည်။

ဒေသတွင်း စီမံကိန်းချအေဂျင်စီအချို့သည် ပေါ်လစီသုံးသပ်ချက်များကို သယ်ဆောင်နိုင်ရန် ပင်ကိုယ်အရည်အချင်းများ၊ ကျွမ်းကျင်မှုများနှင့် ဥပဒေပြဋ္ဌာန်းမှုများရှိပြီး အကျိုးပြုမှု အခြေခံ ဥပဒေပြဋ္ဌာန်းခြင်း အတွေ့အကြုံမရှိသေးသော်လည်း အသိအမြင်များသော စည်းမျဉ်းသတ်မှတ်မှုဆိုင်ရာ ပြောဆိုဆွေးနွေးမှုများ ဦးစီးဦးရွက်ပြုသည်။ ဥပမာ- ဖိလစ်ပိုင်တွင် နိုင်ငံတွင် စီးပွားရေးနှင့် ဖွံ့ဖြိုးမှု အခွင့်အာဏာ (NEDA) သည် အစိုးရဌာနခွဲအမျိုးမျိုးအကြားတွင် နိုင်ငံနှင့်ဒေသဆိုင်ရာ ဖွံ့ဖြိုးမှုစီမံကိန်းနှင့် ပရိုဂရမ်ဖြစ်သည်။ NEDA ဘုတ်အဖွဲ့သည် အဓိကအစိုးရဌာန ပေါင်းစည်းထားသော ကက်ဘိနက်အဆင့်ဘုတ်အဖွဲ့ဖြစ်ပြီး ဖိလစ်ပိုင်သမ္မတသည် သဘာပတိနေရာတွင်ရှိသည်။ NEDA အတွင်းရေးမှူးအဖွဲ့သည် NEDA ကော်မတီအမျိုးမျိုးသို့ နည်းပညာဆိုင်ရာနှင့် အတွင်းရေးမှူးအဖွဲ့၏ ဝန်ဆောင်မှုများကို ထောက်ပံ့ပေးသည်။ အစိုးရပေါ်လစီ အကောင်အထည်ဖော်ရာတွင် ပြည့်စုံကျယ်ပြန့်သောသတင်းအချက်အလက်များရှိသည့်အပြင် အစိုးရမှထုတ်ပြန်သော ပေါ်လစီများပေါ်တွင် ထင်မြင်သုံးသပ်ချက်အတွက် စွမ်းဆောင်ရည်များလည်းရှိသည်။ Llanto(၂၀၁၀) ၏ အဆို အရ NEDA သည်

ပေါ်လစီဖွံ့ဖြိုးမှု လုပ်ငန်းစဉ်ကို ဦးဆောင်ရန် ဝတ်နေသော စွမ်းရည်များရှိသည်။ သို့သော် ယနေ့အချိန်အထိ အသုံးမချနိုင်သေးပေ။ အလားတူပင် အင်ဒိုနီးရှားရှိ BAPPENAS သည် အသေးစိတ်ပေါ်လစီသုံးသပ်ချက်များနှင့် အသိအမြင်များသော စည်းမျဉ်း သတ်မှတ်မှုဆိုင်ရာ ပြောဆိုဆွေးနွေးမှုများကို တာဝန်ယူဆောင်ရွက်ရန် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အတူ အစဉ်အလာရှိသော စီမံကိန်းအေဂျင်စီ ဖြစ်သည်။ ထို့အပြင် Soesastro, Aswicahyono and Narjoko (2010) အဆိုအရ ပိုမိုထိရောက်မှုလိုလားသော ပေါ်လစီ သုံးသပ်မှု အခန်းကဏ္ဍကို မသယ်ဆောင်နိုင်သေးပေ။ မလေးရှားသည် စီမံကိန်း လုပ်ငန်းစဉ် exante (မဆောင်ရွက်ခင်) နှင့် expost (ဆောင်ရွက်ပြီး) ပေါ်လစီ သုံးသပ်ချက်လုပ်ငန်းစဉ်သို့ အလားအလာရှိစွာ အသွင်ပြောင်းနိုင်သော အခြားစီးပွားရေးပုံစံ ဖြစ်သည်။ စနစ်ကျသော စီမံကိန်းချယန္တယားမရှိသည့် နိုင်ငံများတွင် ဗဟိုအစိုးရ အေဂျင်စီများသည် (အကောက်ခွန် သို့မဟုတ် သယ်ယူပို့ဆောင်ရေး တို့ကဲ့သို့ အေဂျင်စီများနှင့် ဆန့်ကျင်စွာ ငွေတိုက်စာချုပ် သို့မဟုတ် ဘဏ္ဍာရေးအေဂျင်စီ စသည်တို့) ပေါ်လစီသုံးသပ်မှု ယန္တယားကို အောင်မြင်သော ဆောင်ကြဉ်းသူများဖြစ်သည်။

အလားတူပင် ဒေသအတွင်း နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အကြံပေးအဖွဲ့သည် အဆောက် အအုံဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို မြှင့်တင်ရန် သွယ်ဝိုက်သောအခန်းမှ တစ်ဆင့် ဩဇာညောင်းသော အခန်းကဏ္ဍမှ ပါဝင်သည်။ ဥပမာအနေဖြင့် ဖွံ့ဖြိုးမှုပညာ လေ့လာမှု ဖိလစ်ပိုင် အဖွဲ့အစည်းသည် သိသာထင်ရှားသော ပြည်သူ့အကြံဉာဏ်ရယူမှုများ ဆောင်ရွက်ရန် လက်ရှိကာလတွင် မှီငြမ်းစရာမဖြစ်သေးသော်လည်း စာအုပ်များထုတ်ဝေခြင်း၊ ဆွေးနွေးပွဲ များ ကျင်းပပေးခြင်း၊ အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် လွှတ်တော်ဆိုင်ရာ ကော်မတီ အသီးသီးမှ ကြားနာချက်ပေါ်တွင် သက်သေခံခြင်းတို့မှ ပြည်သူ့နယ်ပယ်တွင် လွတ်လပ်သော ပေါ်လစီသုံးသပ်ချက်များ၊ သုတေသနများနှင့် ဆန်းစစ်လေ့လာချက်များကို ဆောင်ရွက်ပေး သည်။ အခြားဒေသဆိုင်ရာဥပမာများမှာ အင်ဒိုနီးရှားရှိ နည်းဗျူဟာနှင့် အပြည်ပြည် ဆိုင်ရာ လေ့လာမှုဗဟိုဌာန၊ ထိုင်းနိုင်ငံဖွံ့ဖြိုးမှုသုတေသနအဖွဲ့အစည်း၊ ထိုင်းနိုင်ငံရှိ ဘဏ္ဍာ ရေးမူဝါဒ သုတေသနအဖွဲ့အစည်း၊ မလေးရှားစီးပွားရေး သုတေသနအဖွဲ့အစည်းနှင့် ဗီယက်နမ်တွင် စီးပွားရေးစီမံခန့်ခွဲမှု ဗဟိုအဖွဲ့အစည်းတို့ဖြစ်သည်။ အဆိုပါ အဖွဲ့အစည်းများသည် သူတို့ ရပ်တည်နေသော စနစ်တကျဖွဲ့စည်းထားသော အစိုးရအဆောက်အအုံအတွင်း သို့မဟုတ် အပြင်ဖက်အတိုင်းအတာအရနှင့် ပေါ်လစီဖွံ့ဖြိုးမှုလုပ်ငန်းစဉ်တွင် သူတို့ထောက်ပံ့မှုများအား အသုံးပြုမှု အတိုင်းအတာအရ ပြောင်းလဲနိုင်သည်။ သို့သော် အားလုံး သည် လွတ်လပ်သော ပေါ်လစီသုံးသပ်ချက် ဖွဲ့စည်းပုံ၏လက္ခဏာများမှ အနည်းဆုံးအချို့သာရှိပြီး အဆိုပါ လုပ်ဆောင်ချက်များမှ အချို့ကို အနည်းဆုံး ပြုမူဆောင်ရွက်သည်။

ထပ်မံ၍ ၁၉၉၀ခုနှစ် များနှင့် ၂၀၀၀ခုနှစ် များတွင် အရှေ့တောင်အာရှ ပြုပြင်ပြောင်းလဲမှု အပေါ် လေ့လာဆန်းစစ်ချက်မှ ဆုပ်ကိုင်ထားသော ပေါ်လစီသုံးသပ်ချက် နည်းဗျူဟာများနှင့် အသိအမြင်များသော စည်းမျဉ်းသတ်မှတ်မှုဆိုင်ရာ ပြောဆိုဆွေးနွေးမှုများသည် ခက်ခဲနေသော နိုင်ငံရေးအခြေအနေများတွင်ပင် ကူညီနိုင်သည်ကို ပြသခဲ့သည်။ Dee (2012) က stakeholders များပါဝင်မှုနှင့် ပေါင်းစည်းအဖွဲ့များ တည်ထောင်ခြင်းတို့စသည့် ပေါ်လစီသုံးသပ်ချက်လုပ်ငန်းစဉ်မှတစ်ဆင့် အရှေ့တောင်အာရှအစိုးရများသည် ခိုင်မာသည့် နိုင်ငံရေး အခြေခံကင်းမဲ့သည့် အစိုးရများပေါင်းစည်းမှုအတွင်း တစ်စုံတစ်ရာသော ပြုပြင်ပြောင်းလဲမှု ကြိုးစားမှုများအား အကျိုးပြုနိုင်သည် ဟုကောက်ချက်ချခဲ့သည်။ အားနည်းချက်များကို တစ်ခါတစ်ရံဖော်ထုတ်ပြီး သူတို့ကိုယ်တိုင်ပင် ပေါ်လစီ အဆိုပြုမှုဆန်းစစ်သည်။ ပညာရပ်ဆိုင်ရာ ပညာရှင်များနှင့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အကြံပေးအဖွဲ့သည် ရည်ရွယ်ချက်များ ထောက်ပံ့ပေးခြင်း၊ လွတ်လပ်သောသုံးသပ်ချက်များနှင့် မိမိအကျိုးအတွက် ပါဝင်ပါတ်သက်နေခြင်းများကို စီမံခန့်ခွဲရန် တစ်ခါတစ်ရံ " ဆောင်ရွက်ချက် လွတ်နေမှုများ (missing in action)" ရှိသည်။ သို့သော် မည်သို့ပင်ဆိုစေ ပြုပြင်ပြောင်းလဲမှုသည် ဆောင်ရွက်ရမည်။

ပေါ်လစီသုံးသပ်ချက်များအတွက် ထောက်ပံ့ပေးခြင်းနှင့် အသိအမြင်များသော စည်းမျဉ်းသတ်မှတ်မှုဆိုင်ရာ ပြောဆိုဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်နေသော ပြုပြင်ပြောင်းလဲမှု ပရိုဂရမ်သည် နှိုင်းယှဉ်ခြင်းအားဖြင့် နှေးကွေးနေသည်။ သို့သော် ကာလရှည်တွင် ရေရှည်တည်တံ့နိုင်ဖွယ်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ဤနည်းဗျူဟာများတွင် ပြုပြင်ပြောင်းလဲမှု ရွေးပိုင်ခွင့်များကို မသတ်မှတ်ရသေးရုံမျှသာဖြစ်ပြီး၊ ရှေ့ဆက်ရမည့် လုပ်ငန်းစဉ်အနေဖြင့် ခိုင်မာစွာ ကူညီပေးသည်။

## ပြဿနာဟုဆိုသင့်ပါသလား?

ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခြင်းမှ ရရှိလာသော စီးပွားရေးတိုးတက်မှုများသည် ကြီးမားများပြား သည်ဟု ဆိုနိုင်ပါသည်။ ထောက်ပံ့ပို့ဆောင်ဆောင်ရေးနှင့် ကုန်သွယ်မှုချောမွေ့လွယ်ကူစေရေးနှင့် ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများအား ERIA မှ သုတေသနပြုလေ့လာချက်များအရ တိုးတက်မှုများပြားလာသည်ဟု ပြောနိုင်ပါသည်။

ထောက်ပံ့ပို့ဆောင်ရေးနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် စည်းမျဉ်းကောင်း (၂) ခုရှိရန်လိုပါသည်။ ပထမတစ်ခုမှာ နိုင်ငံတို့သည် နယ်နိမိတ်ဖြတ်ကျော်သော ကုန်သွယ်ရေး

ဆောင်ရွက်ရာတွင် လုပ်ဆောင်ရမည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများသည် စွမ်းဆောင်ရည်ရှိပြီး၊ ရှေ့နောက် ညီညွတ်၍ လွယ်ကူရှင်းလင်းရန် လိုအပ်ပါသည်။ စွမ်းဆောင်ရည်ရှိသည်ဟု ဆိုရာတွင် မိမိရည်မှန်းထားသည်ကို ဆောင်ရွက်ရာ၌ လိုအပ်သည် ထက်ပို၍ ပင်ပန်းစွာ ဆောင်ရွက်ရသည့်မျိုး မဖြစ်ခြင်းကို ဆိုလိုပါသည်။"ရှေ့နောက် ညီညွတ်၍ လွယ်ကူ ရှင်းလင်းရမည်" ဆိုသည်မှာ စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်း များကို ဆောင်ရွက်ရာတွင် တစ်ခုနှင့်တစ်ခုထပ်၍ မလိုအပ်ဘဲ ထပ်လုပ်နေသည့်မျိုး ရည်ရွယ်ချက် ချင်း အပြန်အလှန် ရောစပ်နေသည့်မျိုး မဖြစ်ခြင်းကိုဆိုလိုပါသည်။ ဒုတိယအချက်မှာ ကုန်သွယ်ရေးကို စွမ်းဆောင်ရည်ရှိရှိ ဆောင်ရွက်နိုင်ရန်အတွက် ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းခွဲများ ကွင်းဆက်မိမိဆောင်ရွက်ပေးနိုင်မှသာ ကောင်းမွန်သော စွမ်းဆောင်ရည်ကို ရရှိမည်ဟု ဆိုနိုင်ပါသည်။ ဤဝန်ဆောင်မှုမျိုးကို ယှဉ်ပြိုင်လုပ်ရှားနိုင်စွမ်းရှိအောင် ဆောင်ရွက် ပေးခြင်းဖြင့် စွမ်းဆောင်ရည်ရှိသော ကုန်သွယ်မှုကိုပြုလုပ်နိုင်မည် ဖြစ်ပါသည်။

ထောက်ပံ့ပို့ဆောင်ရေးနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် စည်းမျဉ်းစည်းကမ်း များသည် လွန်ကဲသော ဝန်ထုပ်ဝန်ပိုးများဖြစ်ကြသောအခါ ကုန်ပစ္စည်းများတင်သွင်း၊ တင်ပို့ ရာတွင် အချိန်အရလည်းကောင်း၊ ငွေကြေးအရလည်းကောင်း၊ ထိခိုက်သော သက်ရောက်မှုများ ဖြစ်လာစေသည်။ ထို့ကြောင့် ASEAN စီးပွားရေးလုပ်ငန်း အသိုက်အဝန်းသည် စွမ်းဆောင်ရည်မရှိသော (သို့မဟုတ်) ရှေ့နောက်ညီညွတ်မှုမရှိသော စည်းမျဉ်း စည်းကမ်း များဖြင့် ဆောင်ရွက်နေသည့် ဝန်ထုပ်ဝန်ပိုးများလွန်းသည်မှာ ပြိုင်ဘက်ကင်းသည်ဟု ဆိုကြပါသည်။ ထောက်ပံ့ပို့ဆောင်ရေးနှင့် ကုန်သွယ်ရေးချောမွေ့လွယ်ကူစေရေးအတွက် ဆောင်ရွက်ရာတွင် လွန်လွန်ကဲကဲ ဖိစီးမှုများဖြစ်နေခြင်းက သက်သေပင်ဖြစ်သည်။

ကုန်သွယ်မှုကို အထောက်အကူဖြစ်စေသော ၂၀၁၂ ခုနှစ်၊ ကမ္ဘာ့စီးပွားရေးဖိုရမ်တွင်၊ အာဆီယံနိုင်ငံများတွင် ဆောင်ရွက်နေကြသော အဓိကစီးပွားရေးလုပ်ငန်း၏ CEO များအား ကုန်သွယ်ရေးတွင် အခက်အခဲအဖြစ် ဆုံးသောအချက်များအား မေးမြန်းကြရာတွင် ဈေးကွက်အင်အားစုများ (ဥပမာ။ ။ အလားအလာရှိသော ဈေးကွက်ကို ဖော်ထုတ်ခြင်း) နှင့် သိသာထင်ရှားသော ကုန်သွယ်မှုအတားအဆီးများ၊ နည်းပညာဆိုင်ရာစံ သတ်မှတ်ချက်များ) အပြင် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အချက်အလက်များသည်လည်း သိသာပေါ်လွင်သော အတားအဆီးများဖြစ်ကြသည်ဟု ဆိုပါသည်။ အခက်အခဲများကို မေးမြန်းရာတွင် ဖြေဆိုသူ များ၏ (၂၀-၆) ရာခိုင်နှုန်းက သွင်းကုန်နှင့်ဆိုင်သော လုပ်ထုံးလုပ်နည်းများသည် ကိုယ်ရော စိတ်ပါ အပင်ပန်းရဆုံးသော အခက်အခဲဖြစ်သည်ဟု ဆိုပါသည်။ (၁၄-၉) ရာခိုင်နှုန်းသော

ဖြေဆိုသူများကမူ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုကြောင့် ဖြစ်စေသည့် နှောင့်နှေးကြန့်ကြာမှုများ၏ စရိတ်မြင့်မားမှုသည် အခြားသိသာထင်ရှားသော ဝန်ထုပ်ဝန်ပိုးများ ဖြစ်သည်ဟု ဆိုကြပါသည်။ (၁၂-၉) ရာခိုင်နှုန်းကမူ နယ်စပ်ကုန်သွယ်ရေးတွင် အကျင့်ပျက်၊ ခြစားမှုများ ရှိကြသည်။ (၁၁.၇) ရာခိုင်နှုန်းသော ဖြေဆိုသူများက ပြည်တွင်းကုန်သွယ်ရေးကြောင့်ဖြစ်စေသည့် နှောင့်နှေးကြန့်ကြာမှုများ၏ စရိတ်မြင့်မားမှုသည်ဟု ဆိုကြပါသည်။ စည်းမျဉ်းစည်းကမ်းများ အားနည်းခြင်းသည် ပြည်တွင်းသယ်ယူပို့ဆောင်ရေးနှင့် အပြည်ပြည်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးစရိတ်များ တိုးလာစေသည့်အပြင် အခြေခံအဆောက်အအုံများတွင် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများကို အားမပေးခြင်းကလည်း ထိုစရိတ်များကို ပိုမိုတိုးလာစေပါသည်။

အာဆီယံ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းကို ပံ့ပိုးပေးသူများသည် ကုန်ပစ္စည်းများ တင်သွင်းခြင်း၊ တင်ပို့ခြင်းလုပ်ငန်းများနှင့် ပို၍အတွင်းကျကျသတ်သက် ဆက်နွယ်ကြပြီး၊ ၎င်းတို့သည် CEO များက ဖော်ထုတ် တင်ပြထားသည့် ပြဿနာများကို ရှင်းလင်းရာတွင် ကူညီနိုင်ကြပါသည်။ ၂၀၀၇ ခုနစ်တွင် အာဆီယံအထွေထွေ အတွင်းရေးမှူးမှ အာဆီယံထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းကို ပံ့ပိုးပေးသူများနှင့် ပတ်သက်၍ ကွင်းဆင်းလေ့လာမှုတစ်ခု ဆောင်ရွက်ခဲ့ပြီး၊ ၎င်းတွင် စည်းမျဉ်းစည်းကမ်းနှင့် ပတ်သက်သည့် ပြဿနာများကို ဖော်ထုတ်တင်ပြခဲ့ပြီး၊ ၎င်းပြဿနာများ၏ အရေးပါမှုအတိုင်းအတာကိုလည်း အဆင့်အလိုက် အဆင့်အလိုက် ဖော်ပြခဲ့ပါသည်။ စာရင်းတွင် ပါဝင်သော အဓိက အမျိုးအစားများကို ကားချပ် (၇.၅) တွင် ဖော်ပြထားပါသည်။ အသေးစိတ်ဖော်ပြချက်များကိုမူ Dee (၂၀၀၃) တွင် အသေးစိတ်ဖော်ပြထားပါသည်။

## ကားချပ် ၇.၅ - အာဆီယံ ထောက်ပံ့ ပို့ဆောင်ရေးလုပ်ငန်းကို ပံ့ပိုးပေးသူများက သတ်မှတ်သည့် ဝန်ထုပ်ဝန်ပိုး

| ဝန်ထုပ်ဝန်ပိုး ဖြစ်စေသော ပို့ကုန် လုပ်ထုံးလုပ်နည်းများ | ပို့ဆောင် ဆက်သွယ်ရေး လမ်းကြောင်းရှိ အချိတ်အဆက်များ ပြိုင်ဆိုင်နိုင်မှုအခြေအနေ |
|---|---|
| • အကောက်ခွန်ဆိုင်ရာ EDI မရှိခြင်း<br>• No de minimis level<br>• သွင်းကုန်လိုင်စင်<br>• ကိုယ်ထိလက်ရောက် စစ်ဆေးမှုနှုန်း<br>• အကောက်ခွန် အယူခံမှု မရှိခြင်း<br>• အကောက်ခွန် ရှင်းလင်းရေး ကြာချိန်<br>• အကောက်ခွန် ကိစ္စ ဆောင်ရွက်မှု ကြာချိန်များ<br>• အကောက်ခွန်တွင် ခွဲခြား ထားသည့် နှုန်းထားများနှင့် စစ်ဆေးမှု လုပ်ငန်းများ<br>• အကောက်ခွန် စာရွက် စာတမ်းများတွင် ပြည်တွင်း ဘာသာစကားကို အသုံးပြုမှု<br>• အစရှိသည်များ | • ကုန်တင်ကားများ မောင်းနှင်မှုအချိန် ကန့်သတ်ထားခြင်းများ<br>• ထောက်ပံ့ ပို့ဆောင်ရေး လုပ်ငန်းများတွင် ညီတူညီမျှ ပါဝင်မှုကို ကန့်သတ်ထားခြင်းများ<br>• ထောက်ပံ့ ပို့ဆောင်ရေး လုပ်ငန်းများ လိုင်စင်ချပေးရာတွင် ကန့်သတ်ချက်များရှိခြင်း<br>• လေကြောင်းပို့ဆောင်ဆက်သွယ်ရေးတွင် Cabotage<br>• ကုန်စည် သယ်ယူခြင်းနှင့် သိုလှောင်ခြင်း လုပ်ငန်းများတွင် နိုင်ငံခြား လေကြောင်းလုပ်ငန်းများကို ကန့်သတ်ထားခြင်း<br>• အလုပ်ထုတ်ရန် ခက်ခဲခြင်း<br>• အကောက်ခွန်ဆိုင်ရာ ကြားပွဲစား ဝန်ဆောင်မှုများကို ကန့်သတ်ထားခြင်း<br>• အစရှိသည်ဖြင့် |

ဇာစ်မြစ် - De Soza, et al. (2007).

ERIA သုတေသနလေ့လာမှုတွင် အလွန်ခက်ခဲပင်ပန်းသော လုပ်ထုံးလုပ်နည်းများကြောင့် စီးပွားရေးစွမ်းဆောင်ရည်ရှိမှုအပေါ်တွင် အနုတ်လက္ခဏာဆောင်သော အကျိုးသက်ရောက်မှု ဖြစ်ပေါ်လာပုံကို အဆင့် ၂ ဆင့်ဖြင့် တိုင်းတာဖော်ပြထားပါသည်။ ပထမအဆင့်သည် အကန့်အသတ်ရှိမှုကို ဖော်ပြသည့် ညွှန်ကိန်းတွက်ချက်မှုနှင့် ပတ်သက်၍ လုပ်ဆောင်ရာတွင် ခက်ခဲပင်ပန်းရသည်များကို တိုင်းတာခြင်းဖြစ်ပါသည်။ ထို့ပြင် ၎င်းညွှန်ကိန်းတွင် အာဆီယံ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းကို ထောက်ပံ့ပေးသူများက ဖော်ထုတ်တင်ပြထားသော ပြဿနာများ၏ အရေးပါမှု အတိုင်းအတာကိုလည်း အဆင့်အလိုက် ဖော်ပြထားပါသည်။ ဤအကန့်အသတ်ရှိမှု ညွှန်ကိန်းများသည် နယ်နိမိတ်နောက်ကွယ်တွင် ကုန်ပစ္စည်း တင်သွင်းခြင်းနှင့် တင်ပို့ခြင်းများ ပြုလုပ်ရာ၌ ကုန်သွယ်မှု လုပ်ဆောင်ချက်များ ပြုလုပ်ကြသော နစ်ဖက်လုံးတွင် အပြန်အလှန်ကုန်သွယ်မှု ပမာဏအပေါ်၌ မည်သို့အကျိုး သက်ရောက်မှု ရှိသည်ကို ခန့်မှန်းခြင်းနှင့် ပတ်သက်ပါသည်။ သက်ဆိုင်ရာနိုင်ငံများ၏ အရွယ်အစားချင်းနှင့် ပတ်သက်ပါသည်။ သက်ဆိုင်ရာ နိုင်ငံများ၏ အရွယ်အစားနှင့် (၂) နိုင်ငံကြားအကွာအဝေး ကဲ့သို့သော အခြားအချက်အလက်များကိုလည်း ထည့်သွင်းစဉ်းစားထားပါသည်။

Econometric လေ့လာဆန်းစစ်မှုအရ ထောက်ပံ့ပို့ဆောင်ရေးနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် ပတ်သက်သော စည်းမျဉ်းစည်းကမ်းများသည် ကောင်းမွန်ပါက ကုန်သွယ်မှုအတွက် ကုန်ကျစရိတ်များအားလုံး (အချိန်နှင့်ငွေ) ကို လျော့ကျသွားစေနိုင်ကြောင်း ဖေါ်ပြပါသည်။ ထို့ပြင် အကောက်ခွန်လုပ်ထုံးလုပ်နည်းများ (၁၀) ရာခိုင်နှုန်း ပိုမိုကောင်းမွန်ပြီး၊ ထောက်ပံ့ပို့ဆောင်မှု မြှင့်တင်ရေးအတွက် ယှဉ်ပြိုင်နိုင်စွမ်းရှိမှုသည် (၁၀) ရာခိုင်နှုန်းပိုမိုကောင်းမွန်လာမည်ဆိုပါက အာဆီယံ၏ ကုန်သွယ်မှုပမာဏသည် (၄၀) ရာခိုင်နှုန်းကျော် (သို့မဟုတ်) အမေရိကန်ဒေါ်လာ (၁၂၀) ဘောက်တိုးလာနိုင်ကြောင်း ဖေါ်ပြထားပါသည်။ ထိုမျှသာမက ယှဉ်ပြိုင်နိုင်စွမ်းရှိမှုသည် အကောက်ခွန်လုပ်ထုံးလုပ်နည်းများကဲ့သို့ပင် အရေးပါကြောင်း တွေ့ရှိရပါသည်။ ယှဉ်ပြိုင်နိုင်စွမ်းရှိမှုတွင် တိုးတက်လာမှုသည် ကုန်သွယ်မှုတွင် (၂၅) ရာခိုင်နှုန်းတိုးတက်လာနိုင်ခဲ့ပြီး၊ အကောက်ခွန်ကိစ္စများ ဆောင်ရွက်ရာတွင် တိုးတက်လာမှုသည် ကုန်သွယ်မှုတွင် (၁၅) ရာခိုင်နှုန်းတိုးတက်လာစေခဲ့ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ကုန်သွယ်မှုတွင် စည်းမျဉ်း စည်းကမ်းနှင့် ပတ်သက်၍ စွမ်းဆောင်ရည်ရှိရေးနှင့် ရှေ့နောက် ညီညွတ်၍ လွယ်ကူရှင်းလင်းမှုရှိရေးသည် အရေးကြီးပါသည်။

## လုပ်ဆောင်နိုင်ပါသလား ?

ERIA ၏ အာဆီယံ စီပွားရေးအသိုက်အဝန်း အကဲဖြတ်မှတ်တမ်း အဆင့်(၃)စီမံချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ထောက်ပံ့ပို့ဆောင်ရေးနှင့် ကုန်သွယ်မှုချောမွေ့လွယ်ကူစေရေးအတွက် ဆောင်ရွက်ရမည့် စည်းမျဉ်း စည်းကမ်းများကို ပံ့ပိုးအကြံပြုပေးရန်အတွက် ERIA သုတေသတအဖွဲ့အစည်းကွန်ယက် (RIN)ကို မေတ္တာရပ်ခံတောင်းဆိုခဲ့ကြပါသည်။ ဤအကြံပေးအဖွဲ့များသည် ထိထိရောက်ရောက် ပံ့ပိုးကူညီပေးနိုင်သူများ ဖြစ်လာစေရန်အတွက် အစိုးရစီမံကိန်းဌာနများအတွင်း ခွဲခြမ်းစိတ်ဖြာလေ့လာနိုင်သည့် စွမ်းရည်ရှိရပါမည်။ လွတ်လပ်မှု အတိုင်းအတာသည်လည်းလုံလောက်မှု ရှိရပါမည်။ ဆောင်ရွက်ရသည့် အခွင့်အာဏာ တူညီသောအဆင့်တွင် မရှိသော်လည်း) အနာဂတ်တွင် ထိုကဲ့သို့သော ကိစ္စရပ်များကို ဆောင်ရွက်ရန် အကောင်းဆုံးစံ နမူနာပြအသင်းအဖွဲ့သည် စီမံကိန်းဌာနများ (သို့မဟုတ်) ဗဟိုအစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် အကြံပေးအဖွဲ့များ ဖြစ်လာမည် ဖြစ်ပါသည်။

RIN မှ ဆောင်ရွက်ပေးရန် အချက်များမှာအောက်ပါအတိုင်း ဖြစ်ပါသည်။

- ဝန်ဆောင်မှုတစ်ခု (သို့မဟုတ်) လုပ်ဆောင်ချက်တစ်ခုကို ရွေးချယ်ရန်။

- ၎င်းလုပ်ဆောင်ချက်တွင် ပါဝင်မည့်ဆောင်ရွက်သူအားလုံးကို သတ်မှတ်ဆုံးဖြတ်ရန်။

- ၎င်းဆောင်ရွက်သူများပေါ်တွင်အကျိုးသက်ရောက်မှုရှိစေမည့်စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ဆုံးဖြတ်ရန်။

- စည်းမျဉ်းစည်းကမ်းတစ်ခုချင်းစီအတွက် ကားချပ်(၄)တွင် ဖော်ပြထားသော အဓိက မေးခွန်းဖြစ်ကြသော၊ ဖြေရှင်းရန် အဆိုပြုထားသော စည်းမျဉ်းစည်းကမ်းသည် မည်သည့် ပြဿနာအတွက်လဲ၊ ရည်ရွယ်ချက်ကဘာလဲ၊ ထိုရည်ရွယ်ချက်ရအောင် အမှန်တကယ် ဆောင်ရွက်နေသည့် လက်ရှိစည်းမျဉ်းသည် မည်သည့်အရာလဲ၊ (တိုင်းပြည်၏ လက်ရှိ ဖွံ့ဖြိုး မှုအခြေအနေအရ) ပို၍ကောင်းမွန်သော နည်းလမ်းရှိပါသလား စသည်တို့ကို မေးမြန်းရန်။

- ဤမေးခွန်းများအားလုံးကို သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံး(stakeholders) များနှင့် ပြောဆိုဆွေးနွေးရန်အတွက် ကူညီပံ့ပိုးပေးရန် ။

ဤဆောင်ရွက်ချက်များ၏ ရလဒ်များကို အာဆီယံစီးပွားရေးအသိုက်အဝန်းအကဲဖြတ်မှတ်တမ်း အဆင့် (၃) စီမံချက်အတွက် တိုင်းပြည်အလိုက်မှတ်တမ်းများတွင် အသေးစိတ်ဖော်ပြထားပါသည်။ တိုင်းပြည်အလိုက် လေ့လာမှုများသည် ပြဿနာများကို အသိအမှတ်ပြုလက်ခံပြီး၊ အဖြေရှာရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးက တူညီသော အဖြေဖော်ထုတ်ရန် လုပ်ဆောင်နိုင်သည့် လုပ်ငန်းစဉ်အမျိုးအစားများကို ဖော်ပြခဲ့ပါသည်။ ထို့ပြင် ၎င်းလေ့လာမှုများသည် ပြုပြင်ပြောင်းလဲမှုများကို အောင်မြင်မှုရရှိအောင် ဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းသို့ဆောင်ရွက်သည့် အမျိုးအစားတစ်ခုချင်းစီမှ ရရှိလာသော အဓိကအချက် (၁၀) ချက်ရှိပါသည်။

## လုပ်ငန်းစဉ်များ ဆောင်ရွက်ရာမှ ရရှိလာသော အဓိကသင်ခန်းစာများ

(၁) စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ ပြောဆိုဆွေးနွေးချက်များမှ ရရှိလာသော အသိအမြင်များသည် ရှေ့တွင် ဆက်လက်လုပ်ဆောင်ရမည့် နည်းလမ်းများအတွက် အများသဘောဆန္ဒကို ဖော်ထုတ်ရာတွင် အမှန်တကယ်ပင် အကူအညီရရှိနိုင်ပါသည်။

(၂) စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ ပြောဆိုဆွေးနွေးချက်များမှ ရရှိလာသော

အသိအမြင်များသည် ပြဿနာတစ်ခုကို ဖြေရှင်းရန်အတွက် လိုအပ်သည့် တုံ့ပြန်မှုများကို ရရှိစေနိုင်ပါသည်။

(၃) စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ပြောဆိုဆွေးနွေးချက်များမှ ရရှိလာသော အသိအမြင်များသည် ပြဿနာကို သတ်မှတ်ဖော်ထုတ်နိုင်ပြီး၊ ၎င်းပြဿနာကို ဖြေရှင်းနိုင်ရန် အတွက် အခြားသောသက်ဆိုင်ရာ အဖွဲ့အစည်းများကိုလည်း သတိပေးနှိုးဆော်နိုင်မည် ဖြစ်ပါသည်။

(၄) အချို့သောကိစ္စရပ်များနှင့် ပတ်သက်၍ RIN မှ ဆောင်ရွက်ရန် ရရှိသောအချိန် သည် တိုတောင်းလွန်းသည့်အခါ (အထူးသဖြင့် ပြောဆိုဆွေးနွေးချက်များကို အစီအစဉ်တကျ ဆောင်ရွက်ရသည့် အခါမျိုးတွင်) ကွာဟချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ထပ်မံ၍ပြောဆို ဆွေးနွေးရန် လိုအပ်ပါမည်။

(၅) အချို့သောကိစ္စရပ်များနှင့်ပတ်သက်၍ ခွဲခြမ်းစိတ်ဖြာလေ့လာနိုင်သည့် စွမ်းရည်ရှိ ရန် လိုအပ်ပါသည်။ သို့မှသာ လက်ရှိဖြစ်ပေါ်နေသော ပြဿနာများ၏ အခြေခံအကြောင်းရင်း များကို ရှာဖွေဖော်ထုတ်ရန်အလို့ငှါ ကျယ်ကျယ်ပြန့်ပြန့် ပြောဆိုဆွေးနွေးရန် လိုအပ်သည်ဟု အသိအမှတ်ပြုနိုင်မည် ဖြစ်ပါသည်။

(၆) အချို့သော ကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်အဆင့်ဆိုင်ရာအစိုးရနှင့် ဒေသ ဆိုင်ရာအဆင့် အစိုးရအသီးသီးတို့ကြားတွင် ပြောဆိုဆွေးနွေးရန် လိုအပ်ပါသည်။ သို့မှသာ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်သည့် အသိအမြင်များရရှိ လာမည် ဖြစ်ပါသည်။

(၇) အချို့သော ကိစ္စရပ်များနှင့် ပတ်သက်၍ စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြောဆို ဆွေးနွေးချက်များမှ ရရှိသော အသိအမြင်များသည် အဖွဲ့အစည်းဆိုင်ရာ ယန္တယားများ လိုအပ်သည့်နယ်ပယ်များကို ဖော်ထုတ်ပေးလာနိုင်မည်ဖြစ်ပါသည်။ သို့မှသာ ဆက်လက်လုပ် ဆောင်မည့် ကိစ္စများအတွက် အကြံပြုချက်များ ရရှိနိုင်မည်ဖြစ်ပါသည်။

(၈) စည်းမျဉ်း စည်းကမ်းများနှင့် ပတ်သက်၍ ပြောဆိုဆွေးနွေးချက်များမှ ရရှိလာသော အသိအမြင်များသည် မိမိအကျိုးပါဝင်ပတ်သက်နေသူများက အထူးထောက်ခံပြောဆိုရန်

အတွက် ဖိုရမ်တစ်ခုကို သေချာပေါက် စီစဉ်ပေးနိုင်မည်ဖြစ်ပါသည်။ သို့သော် အရေးကြီးသည့် အချက်မှာ အခြားသောသူများ၏ သဘောထားများကိုလည်း ကြားနာရန် လိုအပ်ပါသည်။

(၉) စည်းမျဉ်းစည်းကမ်းနှင့် ပတ်သက်၍ ပြောဆိုဆွေးနွေးချက်များမှ ရရှိလာသော အသိအမြင်များသည် မိမိအကျိုးပါဝင်ပတ်သက်နေသူများအတွက် စီးပွားရေးလုပ်ငန်း အခွင့်အလမ်းသစ်များကို ရရှိလာစေနိုင်ပါသည်။ ထိုအချက်သည် ညှိနှိုင်းမှုလုပ်ငန်းများကို လွယ်ကူစေမည် ဖြစ်ပါသည်။

(၁၀) စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သတ်၍ ပြောဆိုဆွေးနွေးချက်များ ရရှိလာသော အသိအမြင်များသည်၊ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို လွယ်ကူအောင် ဆောင်ရွက်နိုင်သည့် အကူအညီများရရှိလာမည့် အခြားညှိနှိုင်းမှု သတ်မှတ်ဆုံးဖြတ်ပေးနိုင်ပါသည်။

## ပါဝင်ရမည့်အရာများနှင့်ပတ်သက်သည့်အဓိကသတင်း အချက်အလက်များ

(၁) အကောင်အထည်ဖော်မည့် ပြုပြင်ပြောင်းလဲမှုများအတွက် အစိုးရအတွင်း ပြုပြင်လဲမှုများကို ရပ်တည်ကာကွယ်သူဖြစ်ရန် လိုအပ်ပါသည်။ ဤလုပ်ဆောင်ချက်ကို ဆောင်ရွက်ရန်အတွက် ဥပဒေအရ ပြဋ္ဌာန်းထားသော ဘုတ်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ပါသည်။

(၂) ပြုပြင်ပြောင်းလဲမှု ရပ်တည်ကာကွယ်သူ ဖြစ်လာစေရန် ရှိနေသော အဖွဲ့အစည်းများအပြင် ထပ်မံတိုးချဲ့ မဲပေးရွေးကောက်ရန် အခွင့်အလမ်းများ ရှိရပါမည်။

(၃) အကယ်၍ အကောင်အထည်ဖော်ရန်အတွက် တာဝန်ယူနိုင်မှုနှင့် အခွင့်အာဏာ မရှိလျှင်၊ ညှိနှိုင်းဆောင်ရွက်သောဌာနသည် ရပ်တည်ကာကွယ်သော ဌာနအဖြစ် မဆောင်ရွက်နိုင်ပါ။

(၄) အကယ်၍ ရပ်တည်ကာကွယ်သောဌာန မရှိလျှင် သက်ဆိုင်ရာအဖွဲ့အစည်းများ အားလုံးအတွက် သွားရမည့်နေရာမရှိဟု ဆိုနိုင်ပါသည်။

(၅) စီမံကိန်းများသည် အလွန်ကောင်းမွန်သော မဟာဗျူဟာမြောက်ပါသည်။ သို့သော် အကောင်အထည် ဖော်နိုင်ခြင်းက အဓိကဖြစ်ပါသည်။

(၆) ကောင်းသော သတင်းအချက်အလက်များ ရှိပါသည်။

(၇) အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်သည် အမြဲတမ်းအပြစ်တင်ရမည့် ကိစ္စမဟုတ်ပါ။

(၈) စွမ်းဆောင်ရည်ရှိသော အကောက်ခွန် ရှင်းလင်းရေးလုပ်ငန်းစဉ်များအတွက်၊ အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များသည် ဝင်ငွေရရှိရာဌာနအဖြစ် ဆောင်ရွက်သည်ထက် ကုန်သွယ်မှုချောမွေ့လွယ်ကူစေရေးအတွက် ဆောင်ရွက်သည်ထက် ကုန်သွယ်မှုချောမွေ့ လွယ်ကူစေရေးအတွက် ဆောင်ရွက်သည့်ဌာနအဖြစ် ဆောင်ရွက်ရန် လိုအပ်ပါသည်။

(၉) လုပ်ငန်းတွင် ကွန်ပျူတာအသုံးချ၍ အကြောင်းအချက်များအားလုံး ကွန်ပျူတာ ထည့်သွင်း အသုံးပြုခြင်းသည် အမြဲတမ်းအကျိုးဖြစ်စေသည် မဟုတ်ပါ။ (အထူးသဖြင့် တစိတ်တပိုင်းသာ အကောင်အထည် ဖော်သည့် အခါမျိုးတွင်)

(၁၀) စည်းမျဉ်း စည်းကမ်းများချို့တဲ့ခြင်းသည် အခြေခံအဆောက်အအုံများ၌ ရင်းနှီး မြှုပ်နှံမှုပြုရာတွင် လိုအပ်သလောက် မဆောင်ရွက်နိုင်ဘဲ အတားအဆီးဖြစ်စေနိုင်ပါသည်။

၂၀၀၅ အလွန် အာဆီယံအတွက် အဓိက သတင်းပေးလိုသည့်အချက်မှာ စည်းမျဉ်း စည်းကမ်းများနှင့် ပတ်သက်၍ ပြောဆိုဆွေးနွေးမှုများသည် ပွင့်လင်းမြင်သာမှုရှိအောင် ဆောင် ရွက်နိုင်မည်ဆိုပါက ၎င်းမှရရှိလာသော အသိအမြင်များသည် သက်ဆိုင်ရာ အဖွဲ့အစည်း အချင်းချင်း ပိုမိုနားလည်လာနိုင်ခြင်း၊ သင်ယူလေ့လာနိုင်ခြင်း၊ ရှေ့တွင် ဆက်လက်ဆောင် ရွက်ရမည့် အကောင်းဆုံးနည်းလမ်းများကို တစ်စိတ်တစ်ဝမ်းတည်း ရွေးချယ်သတ်မှတ်လာနိုင်သည့် ဆွေးနွေးပွဲတစ်ခု ဖန်တီးပေးနိုင်မည်ဟူသော အချက်ပင် ဖြစ်သည်။ ထို့ကြောင့် စည်းမျဉ်း စည်းကမ်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အာဆီယံက ရှေ့တွင်ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစီမံကိန်းမှာအကျိုးရှိရှိပြောဆိုဆွေးနွေးနိုင်မှုမှ ရရှိလာမည့် အသိအမြင်များပါဝင်နိုင်ရေးပင်ဖြစ်ပါသည်။ ထိုကဲ့သို့သော ကိစ္စရပ်များကို အနာဂတ်တွင် ဆောင် ရွက်ရန် စံနမူနာပြုအသင်းအဖွဲ့မှာ စီမံကိန်းဌာနများ (သို့မဟုတ်) ဗဟိုအစိုးရဌာနများနှင့် ပူပေါင်းဆောင်ရွက်ရမည့် အကြံပေးအဖွဲ့များ ဖြစ်ပါလိမ့်မည်။

## ရှေ့တွင်ဆောင်ရွက်ရမည့်နည်းလမ်းများ

လုပ်ဆောင်ရမည့် စည်းမျဉ်းစည်းကမ်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများသည် အခြေခံအားဖြင့် ပြည်တွင်းပြဿနာသလျှင် ဖြစ်ပါသည်။ ထို့ကြောင့် ညှိနှိုင်းဆောင်ရွက်ခြင်းထက်ပိုကောင်းသော နည်းလမ်းမှာ ညီညီညွတ်ညွတ် စုပေါင်းဆောင်ရွက်ထားသောဝါဒ (unilateralism) ဖြစ်ပါသည်။ စည်းမျဉ်းစည်းကမ်းများသည် ပြည်တွင်းအခြေအနေပေါ်မူတည်၍ ပြည်တွင်း ရည်မှန်းချက်များနှင့် ဦးစားပေးမှုများ အောင်မြင်မှုရလာစေရန် အကောင်းဆုံးနည်းလမ်းများ ပင်ဖြစ်သည်။ ကိစ္စအများစုတွင် အဓိကဆောင်ရွက်ရမည့်သူများမှာ ပြည်တွင်းမှပင် ဖြစ်ပြီး၊ တာဝန်ရှိသော ထုတ်လုပ်သူများ၊ အသစ်ဝင်ရောက်ရန်အလားအလာရှိသူများ၊ ရေစုန် ရေဆန် ထုတ်လုပ်သူများ၊ စားသုံးသူများ၊ အကျိုးကျေးဇူးမခံစားရသော အုပ်စုများနှင့် အစိုးရ ဝန်ကြီးရုံးများ စသည်တို့ ပါဝင်ပါသည်။ ဤအုပ်စုများအကြားသဘောထားကွဲလွဲမှုများကို ဖြေရှင်းရမည့် နိုင်ငံအရေးသည် ပြည်တွင်းမှပင် ဖြစ်သည်။ ဝန်ဆောင်မှုကုန်သွယ်ရေးပြုပြင် ပြောင်းလဲမှုများနှင့် ပတ်သက်သည့် အာဆီယံအတွေ့အကြုံအရ ညှိနှိုင်းဆောင်ရွက်ချက် များသည် ပြည်တွင်းပြုပြင်ပြောင်းလဲမှုများလုပ်ရန် ရှေ့သို့ဦးတည်သွားသည်ထက် နောက် ကျန်ရစ်မှုဆီသို့သာ ဦးတည်သွားစေသည်။ ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် ပြည်တွင်းနိုင်ငံရေး အဟန့်အတားများကို ပထမဆုံးဖယ်ရှားပစ်ရန် လိုအပ်သည်ဟူသော အချက်မှာ အရေးကြီး လိုအပ်ပြီး၊ အံ့သြစရာမဟုတ်ပါချေ။ စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် အာဆီယံ၏ နည်းလမ်းသည် ဤအမှန်တရားကို အသိအမှတ် ပြုသင့်ပါသည်။

အာဆီယံစီးပွားရေး အသိုက်အဝန်းစီမံချက်ညွှန်ကိန်းများ အကောင်အထည်ဖော်မှုဆိုင်ရာ ကာလလယ်သုံးသပ်ချက်တွင် ဖော်ပြထားသည့်အတိုင်း သမိုင်းမှတ်တိုင်များ၊ ရည်မှန်းချက် များ သတ်မှတ်ရန် အာဆီယံစီးပွားရေးအသိုက်အဝန်း စီမံချက်နည်းလမ်းသည် ညီညီ ညွတ်ညွတ် စုပေါင်းဆောင်ရွက်ထားသောဝါဒကို ဆောင်ရွက်သင့်သည်။ အဘယ့်ကြောင့် ဆိုသော် တခြားအဖွဲ့ဝင်နိုင်ငံများက ယင်းသို့လုပ်ဆောင်ရန် တောင်းဆိုနေသောကြောင့် ဖြစ်သည်ဆိုသည်မှာ မဟုတ်ပါချေ။ ၎င်းအစား အမှန်တကယ်ဆင်ခြင်တွေးခေါ်ဆောင်ရွက် ရမည့်ကိစ္စမှာ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီအနေဖြင့် အချိန်ကာလတလျှောက် တိုးတက်မှု တစ်စုံတစ်ရာ ရရှိအောင်ဆောင်ရွက်သင့်သည်ဟူသော အချက်ပင်ဖြစ်သည်။ APEC သည် လည်း Bogor ရည်မှန်းချက်များ ဆောင်ရွက်ခြင်းဖြင့် ရည်မှန်းချက်သတ်မှတ်ဆောင်ရွက် သည့် အလားတူနည်းလမ်းမျိုးကို ဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း အာဆီယံသည် ရည်မှန်းချက်ရော သမိုင်းမှတ်တိုင်ပါ သတ်မှတ်ဆောင်ရွက်နိုင်ခြင်းဖြင့် APEC ထက်ပို၍ ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ဤတစ်ချက်သည် ပြုပြင်ပြောင်းလဲမှုကိုထပ်မံ၍ အရှိန်

အဟုန်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ၂၀၁၅အလွန်တွင် လုပ်ဆောင်ရမည့် စည်းမျဉ်း စည်းကမ်းဆိုင်ရာလုပ်ငန်းစဉ်များတွင် ရည်မှန်းချက်နှင့် သမိုင်းမှတ်တိုင် (၂) ခုလုံးပါဝင်သင့်ပါသည်။ အဓိကရည်မှန်းချက်မှာ ဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများ သည် စွမ်းဆောင်ရည်ရှိ၍ ရှေ့နောက်ညီညွတ်ပြီး လွယ်ကူရှင်းလင်းရပါမည်။ ဆောင်ရွက်ရမည့် စည်းမျဉ်း စည်းကမ်းသည် ယှဉ်ပြိုင်မှုကို လိုလား၍ ရည်မှန်းချက်နှင့် ကိုက်ညီပြီး၊ ခွဲခြားခြင်းမပြုဘဲ ဆောင်ရွက်နိုင်မည်ဆိုပါက စွမ်းဆောင်ရည်ရှိမှုကို ရရှိနိုင်မည်ဖြစ်ပါသည်။

ရည်မှန်းချက်ကို ကိန်းဂဏန်းဖြင့်လည်း သတ်မှတ်နိုင်ပါသည်။ ထောက်ပံ့ပို့ဆောင်ရေးနှင့် ကုန်သွယ်မှု ချောမွေ့လွယ်ကူစေရေးနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများပေါ်တွင် ERIA ၏ လက်တွေ့လေ့လာမှုတွင် ဖော်ပြထားသည့်အတိုင်း စီးပွားရေးအဆောက်အအုံ၏ မည်သည့်သီးခြားနယ်ပယ်နှင့်မဆို သင့်လျော်သည့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အတိုင်း အတာများ ရှိကြပါသည်။ စီးပွားရေးစွမ်းဆောင်နိုင်မှုကို တိုင်းတာသည့် အတိုင်းအတာများ လည်းရှိကြပါသည်။ ကိန်းဂဏန်းဖြင့်ဖော်ပြသည့် ရည်မှန်းချက်များကိုလည်း ဝန်ထုပ်ဝန်ပိုး ကို တိုင်းသည့် အတိုင်းအတာ (သို့မဟုတ်) စွမ်းဆောင်နိုင်မှုကိုတိုင်းသည့် အတိုင်းအတာ အဖြစ် သတ်မှတ်ဖော်ပြနိုင်ပါသည်။ သို့သော် စွမ်းဆောင်ရည်ရှိမှုနှင့် ရှေ့နောက်ညီညွတ်ပြီး လွယ်ကူရှင်းလင်းစွာ ဆောင်ရွက်နိုင်မည့် စည်းမျဉ်းစည်းကမ်းများသည် ရွေ့လျားနေသော ရည်မှန်းချက်တစ်ခုဖြစ်ပါသည်။ အကြောင်းမှာ ရည်မှန်းချက်များ၊ ဦးစားပေးမှုများ အခြေ အနေများသည် ပြောင်းလဲနေသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် မည်သည့် ကိန်းဂဏန်း ဆိုင်ရာ ရည်မှန်းချက်မဆို၊ ယာယီသဘောသာဖြစ်ပါသည်။ ရည်မှန်းထားသော ကိန်းဂဏန်း များမှာ အမြဲတမ်းပြောင်းလဲ နေရမည်ဖြစ်ပါသည်။

ပါဝင်ရမည့် အရာများသာမက၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်း ၂၀၁၅ အလွန်လုပ်ငန်းစဉ်တွင် ဆောင်ရွက်ရမည့်အလုပ်များ ပါဝင်သင့်ပါသည်။ ဤအချက် တစ်ချက်သည် အရေးကြီးသော အချက်မှာလည်း အရေးပါသော သမိုင်းမှတ်တိုင်တစ်ခု ဖြစ်သည်ဟူသော အချက်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရည်မှန်းချက်ပြည့်စုံ အောင်မြင်လာအောင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်ကိုပါ ဖြည့်ဆည်းဆောင်ရွက်ခြင်းကြောင့် ဖြစ်ပါသည်။ လုပ်ငန်းစဉ်တွင် ပြောင်းလဲနေသော စည်းမျဉ်းစည်းကမ်းဆိုင်ရာ အခြေအနေ အရည်အသွေးကို ပုံမှန် စစ်ဆေးခြင်း တိုးတက်မှုကို အခါအားလျော်စွာ အကဲဖြတ်ခြင်းမျိုးများ ပါဝင်သင့်ပါသည်။ သို့သော် ၎င်းတွင်စာရေးစားပွဲတွင် သုတေသနပြုနေသည် ထက်ပိုမို၍ပါဝင် ဆောင်ရွက်သင့်ပါသည်။ ထို့ပြင်လုပ်ငန်းစဉ်တွင် ပြဿနာများပေါ်ထွက်လာစေရန်နှင့် ပြုပြင်

ပြောင်းလဲမှုကိုရည်ရွယ်၍ စည်းမျဉ်းစည်းကမ်းဆိုင်ရာ အသိအမြင်တိုးစေမည့် ပြောဆိုဆွေးနွေးမှုများကို ပုံမှန်ဆောင်ရွက်သင့်ပါသည်။ သမိုင်းမှတ်တိုင်များကိုလည်း ကိန်းဂဏန်းများဖြင့် သတ်မှတ်ဆောင်ရွက်သင့်ပါသည်။ ဝန်ထုပ်ဝန်ပိုး (သို့မဟုတ်) စွမ်းဆောင်နိုင်မှုကို တိုင်းမည့် အတိုင်းအတာကို ရည်မှန်းချက်အဖြစ်သာ သတ်မှတ်ဖေါ်ပြနိုင်ပါသည်။ သမိုင်းမှတ်တိုင်များကိုမူ ကျန်အတိုင်းအတာများပေါ်တွင်မူတည်၍ အချိန်ကာလ တလျှောက် ပုံမှန်တိုးတက်မှုများအဖြစ် သတ်မှတ်ဖော်ပြနိုင်ပါသည်။ သို့သော်လည်း ရည်မှန်းချက်ကို ကိန်းဂဏန်းဖြင့် သတ်မှတ်ဖေါ်ပြသကဲ့သို့ပင် သမိုင်းမှတ်တိုင်ကိုလည်း ကိန်းဂဏန်းဖြင့် သတ်မှတ်ဖေါ်ပြရာတွင် တူညီသော စည်းကမ်းချက်ကိုပင် အသုံးပြုကြပါသည်။ ထို့ပြင် ကိန်းဂဏန်းဖြင့် သတ်မှတ်ဖေါ်ပြသည့်သမိုင်းမှတ်တိုင်ကို ဆောင်ရွက်မှုလုပ်ငန်းစဉ်ဟု မဆိုလိုပါ။ လုပ်ငန်းစဉ်သို့ ဦးတည်သည့် သမိုင်းမှတ်တိုင်အဖြစ်သာ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

ရည်မှန်းချက်နှင့် သမိုင်းမှတ်တိုင်များကို ဤနည်းအတိုင်းသတ်မှတ် ဖေါ်ပြသည့်နှင့်အတူ၊ စည်းမျဉ်းနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုပေါ်တွင် ပုံမှန်(ဥပမာ-နှစ်စဉ် သို့ ၂ နှစ် တစ်ကြိမ်) မှတ်တမ်းများဖြင့် စွမ်းဆောင်နိုင်မှုကိုအခါအားလျော်စွာ အကဲဖြတ်မှုများသည် အနာဂတ်တွင်လည်း စည်းမျဉ်းစည်းကမ်းနှင့် ပတ်သက်၍ ပြောဆိုဆွေးနွေးရာတွင် အကျိုးရှိစွာ ဆွေးနွေးနိုင်ပြီး အသိအမြင်များရရှိလာစေမည့် ၎င်းဆွေးနွေးချက်များ၏ ရလဒ်များကို မှတ်တမ်းတွင် ဖော်ပြထားပါသည်။ ပြောဆိုဆွေးနွေးမှုများနှင့် စစ်ဆေးမှုများ၏ ကဏ္ဍအလိုက် သတင်းပေးပို့မှုများသည်လည်း အချိန်ကာလတလျှောက်အလှည့်ကျ ပြုလုပ်သွားမည်ဖြစ်ပါသည်။

ဤမှတ်တမ်းများ၏ ရည်ရွယ်ချက်မှာ အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများ (AMSs) က အချင်းချင်း သုံးသပ်ချက်များပြုရန်အတွက်မဟုတ်ပါ။ အဓိကရည်ရွယ်ချက်မှာ- လက်ရှိအခြေအနေတွင်ရှိနေသော စည်းမျဉ်း၊ စည်းကမ်းစနစ်တွင်ဖြစ်ပေါ်နေသည့် ပြဿနာများကို သတ်မှတ် ဖော်ပြခြင်း၊ ပြုပြင်ခြင်းများပြုလုပ်ရာ၌ ပုဂ္ဂလိကကဏ္ဍမှလည်း ပါဝင်ဆောင်ရွက်ရမည့် အကောင်းဆုံးနည်းလမ်းများ ရှာဖွေနိုင်ရန်အတွက် နိုင်ငံအဆင့်သက်ဆိုင်ရာအဖွဲ့အစည်းများအကြား အသိအမြင်သဘောထားကွာဟချက်များကို ဖြည့်ဆည်းပေးရန်ဖြစ်ပါသည်။ ထို့ကြောင့် လုပ်ဆောင်ရမည့် စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာပြောဆိုင်ရာ ပြောဆိုဆွေးနွေးမှုများမှ ရရှိလာသော အသိအမြင်များကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်နှင့် လုပ်ဆောင်မှု မှတ်တမ်းများကို နောက်ပိုင်းတွင်ထုတ်ဝေမှုများ ဆောင်ရွက်ရန်မှာ လုပ်ငန်းစဉ်၏ အဓိကအစိတ်အပိုင်း ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ၏ အမြင်များကို စိတ်ပါဝင်စားစွာ လေ့လာဆောင်ရွက်ခြင်းနှင့်အသိအမြင်သဘောထားကွာဟချက်များသီးသန့်ဦးတည်ပြုလုပ်သည့် တိုးတက်မှုများ မလွဲမသွေရရှိစေနိုင်မည့် အကောင်းဆုံး နည်းလမ်း ဖြစ်ပါသည်။

# အခန်း (၈)
# ရွေ့လျားပြောင်းလဲလျက်ရှိသောအာဆီယံနှင့် ၂၀၁၅ လွန် နှစ်များဆီရှေ့သို့လှမ်းချီ အေအီးစီ ၂၀၁၅ လွန်၊ အေအီးစီ လမ်းညွှန်ပုံစံ နောက်ဆက်တွဲ ကောက်နုတ်တင်ပြချက်များ ကောက်ချက်များနှင့် အရေးပါသည့် အကြံပြုဆွေးနွေးချက်များ

ယခင်အခန်းများ၌ "အံ့ဖွယ် အာဆီယံ" အဖြစ် နောင်လာမည့် ဆယ်ခုနှစ်နှစ်ခုအတွင်းခန့် အချိန်ကာလအတွင်း စဉ်ဆက်မပြတ်မြင့်မား၍ မျှတသောတိုးတက်မှုကို ရရှိရေးရှေ့ရှု၍ မဏ္ဍိုင်လေးခု အဓိကအခြေခံနှင့် အဆိုပြုချက်များစွာတို့ကို ကျယ်ပြန့်စွာတင်ပြခဲ့သည်။ ယခု အခန်းတွင် ဖော်ပြခဲ့ပြီးသမျှ အခန်းများမှ ကောက်နုတ်တင်ပြချက်များ၊ ကောက်ချက်များနှင့် အကြံပြုဆွေးနွေးချက်များအနက်မှ ၂၀၁၅ လွန် ကာလ AEC လက်ညွှန်းပုံစံ နောက်ဆက်တွဲ ကို ရည်ရွယ်အကြံပြုချက်များကို အလေးပေး စုပေါင်းတင်ပြထားပါသည်။ အိတကုရ(၂၀၁၃) က ပြုလုပ်ခဲ့သည့် အခြေခံအဆင့် သဏ္ဍာန်တူလေ့လာမှု၏ ရလဒ်များပေါ် အခြေပြု၍ အာဆီယံစီးပွားရေး အဆောက်အအုံတို့၏ ၂၀၂၅ နှင့် ၂၀၃၀ တွင် ရှိလာနိုင်သည့် အခြေအနေ နှင့် ဤအခန်းကို အဆုံးသတ်ထားသည်။

## အာဆီယံနှင့် AEC တိုးတက်လာမှုနှင့် စိန်ခေါ်မှုများ

အာဆီယံသည် လွန်ခဲ့သော ဆယ်ခုနှစ်နှစ်ခုခွဲအတွင်း ထင်ရှားသော စီးပွားရေးတိုးတက်မှု နှင့် အသွင်ပြောင်းမှုကိုကြုံတွေ့ခဲ့ပြီး အာဆီယံအဖွဲ့ဝင်များစွာတို့တွင် (အထူးသဖြင့် ထိုင်း၊ စင်္ကာပူ၊ မလေးရှားနှင့် အင်ဒိုနီးရှား) စီးပွားရေးတိုးတက်နှုန်းမြင့်မားလာပြီး စီးပွားရေး အဆောက်အအုံဖွဲ့စည်းမှု ထင်ရှားသော အသွင်ပြောင်းဖြစ်စဉ် ဖြစ်ပေါ်လာပြီး ၁၉၈၅ - ၁၉၉၆ ကို အာဆီယံ၏ ရွှေရောင်ဆယ်ခုနှစ်များဟု မီးမောင်းထိုးပြခဲ့ကြသည်။ ၁၉၉၇-၁၉၉၉ ခုနှစ် အာဆီယံနှင့် ကဏ္ဍာရေးနှင့် စီးပွားရေး အကျပ်အတည်းကာလအပြီး၊ အာဆီယံသည် ဆယ်စုနှင့်တစ်စုအတွင်း အတန်အသင့် ကောင်းမွန်သော တစ်ဦးကျဂျီဒီပီကို ရရှိခဲ့ပြီး၊ ၁၉၉၈ မှ ၂၀၁၁ - ခုနှစ်များအတွင်း ဒေါ်လာငွေကြေးအားဖြင့် ဖော်ပြလျှင်တိုးတက်နှုန်း ၃.၇ ဝယ်နိုင်စွမ်းအား ညီမျှချက် (PPP) အရ ဆိုလျှင် ၂.၁ ဆ တိုးတက်ခဲ့သည်။ များစွာသော အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၌ စီးပွားရေးအဆောက်အအုံကာလအတွင်း စီးပွားရေး အဆောက်အအုံ ဖွဲ့စည်းမှုပုံစံ ပြောင်းလဲမှုကို ကြည့်လျှင် CLMV အထိလည်းကောင်း၊ ဖိလစ်ပိုင်၌ ဝန်ဆောင်မှုက ပါဝင်မှု ၈.၈ ရာခိုင်နှုန်းဝန်းကျင်အထိလည်းကောင်း တက်လာ

d in the

ကြောင်း တွေ့ရသည်။ ခိုင်မာသော စီးပွားရေးတိုးတက်မှုက ဒေသတွင်းဆင်းရဲမှုကိုလျှော့ချနိုင်ခဲ့ပြီး ၁၉၉၀ တွင် ၄၅ ရာခိုင်နှုန်းမှ ၂၀၁၀[1] တွင် ၁၅.၆ ရာခိုင်နှုန်းသို့ လျော့ကျခဲ့သည်။ အလားတူကာလအတွင်း ဆင်းရဲမှု ကွာဟချက်ကို ၁၄ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းထိ မှတ်သားလောက်ဖွယ် လျှော့ချနိုင်ခဲ့သည်။ ထိရောက်သော ဆင်းရဲမှုလျော့ကျခြင်းနှင့်အတူ ဒေသတွင်း လူလတ်တန်းစား သိသာထင်ရှားစွာ တိုးမြင့်လာခဲ့ပြီး၊ ၁၉၉၀ တွင် စုစုပေါင်း လူဦးရေ၏ ၁၅ ရာခိုင်နှုန်းဟူသော အချိုးအစားမှသည် ၂၀၁၀[2] တွင် ၃၇% သို မြင့်တက်ခဲ့သည်။ (ထိုသို့ မဟုတ်ပါကလည်း ၁၉၉၀ တွင် ၁၀ ရာခိုင်နှုန်းခန့်ရှိရာမှ ပို၍ကျယ်ပြန့်သော လူလတ်တန်းစားဟူသော အဓိပ္ပါယ်သက်မှတ်ချက်နှင့် ကိုက်ညီသူမှာ ၂၇ ရာခိုင်နှုန်းရှိလာသည်[3])။ အခြားသော လူမှုဖွံ့ဖြိုးမှု ညွှန်ကိန်းများဖြစ်သည့် မွေးစကလေး အသေပျောက်နှုန်း၊ လူငယ်စာတတ်မြောက်မှုနှုန်း၊ မျှော်မှန်းနိုင် သက်တမ်း၊ လူစွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းနှင့် ကလေးများ၏ မျှော်မှန်းနိုင်သော အတန်းပညာပြီးမြောက်မှုတို့တွင်လည်း အထူးသဖြင့် CLMV နိုင်ငံများတွင် ထင်ရှားသော တိုးတက်မှုရခဲ့သည်။

အာဆီယံစီးပွားရေးအသိုက်အဝန်းကို ရှေ့ရှုသည့် ပြီးခဲ့သောဆယ်စုနှစ်အတွင်း ဒေသ၏ စီးပွားရေးပေါင်းစည်းရန် အားထုတ်မှုများတွင်လည်း အာဆီယံစီးပွားရေးအသိုက်အဝန်း အဖြစ် အပြည့်အဝရောက်ရှိစေရန် ဆောင်ရွက်စရာများစွာ ရှိနေစေကာမူ သိသာထင်ရှားသော အောင်မြင်မှုများကိုလည်း မြင့်တွေ့နေရပြီးဖြစ်သည်။ အာဆီယံဒေသတွင်း CEPT နှုန်းမှ အာဆီယံ - ၆ အတွက် သုညဖြစ်ပြီး ၁၀ - နိုင်ငံပျမ်းမျှ CEPT မှာ ၂၀၁၂ တွင် ၀-၆၈ ရာခိုင်နှုန်း ဖြစ်ခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုတွင် ACIA အရ ပိုမို၍ လွတ်လပ်ခွင့်ပေးလာမည့် ကတိကဝတ်များ ရှိလာခဲ့ရာ အထူးသဖြင့် စက်မှုကုန်စည် ထုတ်လုပ်မှုတွင်ဖြစ်ပြီး AFAS 8 အရ ဝန်ဆောင်မှုတွင် ပိုမိုတိုးချဲ့သော လွတ်လပ်ခွင့်ပေးသော ကတိကဝတ်များရှိလာသည်။ ဒေသတွင်း ကုန်သွယ်မှု ချောမွေ့စေရေးစနစ်ကို ကြည့်လျှင်လည်း CLMV တို့၏ သွင်းကုန်နှင့်

1. Poverty threshold used is US$ 1.25 PPP per capita per day at 2005 prices. The 15.6 percent estimate includes Myanmar. ASEAN-7 poverty rate is 14.2 percent. Myanmar poverty figure based on national poverty line which may differ from the US$ 1.25 PPP per day per capita at 2005 prices used for ASEAN-7 (excluding Myanmar, Singapore and Brunei Darussalam

2. Middle class is defined by income per capita per day between US$ 3 and US$ 12.

3. The stringent definition of middle class is defined by income per capita per day between US$ 4 and US$30, which approximates the METI, Japan definition.

အကောက်ခွန် ရှင်းလင်းရေးတွင် ထင်ရှားသော တိုးတက်မှုများ၊ အာဆီယံအဖွဲ့ဝင် ၆ နိုင်ငံ၏ နိုင်ငံအဆင့် ပြူတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်မှုများ (စင်္ကာပူနှင့် နောက်ထပ် ဖြစ်နိုင်ချေရှိသော မလေးရှားတို့မှလွဲလျှင် ကျန်နိုင်ငံများစွာတို့၌ မပြည့်မစုံပင် ရှိနေသေး သော်လည်း)၊ ASEAN HTN အကောင်အထည်ဖော်မှုများဖြင့် ပိုမိုတိုးတက်လာခဲ့သည်။ လေကြောင်းသွားလာမှုများစွာ ရှိလာခဲ့သည်။ အာဆီယံ၏ အခြားသော စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု သဘောတူညီချက်များတွင်လည်း များစွာတိုးတက်ဖြစ်ထွန်းခဲ့သည်။ ထို့ကြောင့် လုပ်ဆောင်ဖွယ်ရာ များစွာရှိနေသေးသော်ငြား အာဆီယံတွင် မိုပိုနက်ရှိုင်းသော စီးပွားရေးပေါင်းစည်းမှုကို ဦးတည်ကာ အကောင်းမြင်ဝါဒအတွက် ခိုင်မာသော အခြေခံ အကြောင်းအချက်များ ရှိနေပေသည်။ သို့သော်လည်း ထင်ရှားသောစိမ်ခေါ်မှုများလည်း ကျန်ရှိနေသည်။ ၂၀၀၀ ပြည့် နှောင်းပိုင်းအထိ အာဆီယံတွင် ဆင်းရဲသူဦးရေ ၉၅-သန်းခန့် ရှိနေသည်။ မဆင်းရဲသော်လည်း ဆင်းရဲသည်ဟု သတ်မှတ်နိုင်သည့်အဆင့်ကို ရောက်လု ရောက်ခင်ရှိနေပြီး ဝယ်နိုင်စွမ်းအား ညီမျှချက် (PPP) ဖြင့် တိုင်းတာသော တစ်နေ့ တစ်ဦးကျဝင်ငွေ ၁.၂၅ USD ထက် မြင့်စေကာမူ USD ၂- ဒေါ်လာ အောက်ရောက်နေသူ ဦးရေမှာ ၂၀၁၀ ခုနှစ်တွင် သန်း ၁၂၀ ရှိနေသည်။ အဓိပ္ပါယ်မှာ အာဆီယံလူဦးရေ၏ ထိုမျှ ကြီးမားလှသော အစိတ်အပိုင်း၏ စီးပွားရေးအဆင့်အတန်းကို ဒေသဆိုင်ရာ စီးပွားရေး အသိုက်အဝန်းတည်ဆောက်ရာတွင် ထည့်သွင်းစဉ်းစားသင့်ပေသည်။ ထို့ပြင် AMS နိုင်ငံများ အကြား ဆင်းရဲချမ်းသာကွာဟချက် ကြီးမားလှျက်ပင် ရှိပြီး၊ ဝင်ငွေမညီမျှချက်နှင့် ပတ်သက်၍ ရောထွေးနေသော မှတ်တမ်းရှိနေသည်။ တချိန်တည်းမှာပင် အာဆီယံ၏ ယှဉ်ပြိုင်နိုင်စွမ်းကို တိုးတက်စေရန် လုပ်ဆောင်ရဦးမည်ဖြစ်သည်။ အာဆီယံအနေဖြင့် လိုအပ်ချက်များမှာပို၍ ပေါင်းစည်းရန် လုပ်ငန်းအရွယ်အစား ကြီးလာခြင်း အကျိုးကျေးဇူးများကို ရယူရန်နှင့် စက်မှု လုပ်ငန်းဆိုင်ရာ အုပ်စုများပိုမို၍ နက်ရှိုင်းကျယ်ပြန့်စွာ ဖွဲ့စည်းဖြစ်တည်လာစေရန် ပို၍ ပြိုင်နိုင်ရန် ပို၍တီထွင်နိုင်စွမ်းရှိပြီး တီထွင်နိုင်စွမ်းပို ကောင်းလာခြင်းဖြင့် တရုတ်နှင့် အိန္ဒိယ စီးပွားရေး အဆောက်အအုံကြီးများနှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်လာစေရန် လိုအပ်သည်။

ထို့ပြင်ဆိုခဲ့သည့်အတိုင်း အပြည့်အဝလုပ်ဆောင်နိုင်သည့် အာဆီယံစီးပွားရေးအသိုက်အဝန်း တည်ဆောက်မှုကို အပြီးမသတ်နိုင်ဖြစ်ဆဲပင်ဖြစ်သည်။ သို့သော် ထင်ရှားသော သံအမတ်ကြီး တစ်ဦး၏ အာဆီယံအပေါ် အကြံပြုချက်အရဆိုရသော် AEC နှင့် ပတ်သက်သမျှအရာများတွင် AEC ၂၀၁၅ အနေဖြင့် အကြောင်းမဟုတ်သော်ငြား၊ ပို၍ပေါင်းစည်းလွတ်လပ်ယှဉ်ပြိုင်နိုင်ပြီး ပြောင်းလဲတိုးတက်ကာ ပြန်လည်နိုးထနိုင်စွမ်းရှိသည့် ဒေသကို ရှေ့ရှုသည့် ရည်ရွယ်ချက်နှင့် အရှိန်အဟုန်တို့အပြင် အသင်းဖြစ်နေမည့် ပြုပြင်ပြောင်းလဲမှုနှင့် အင်စတီကျူးရှင်း

တည်ဆောက်လိုသည့် အားထုတ်မှုများ - စသည်တို့ကို စိမ်ခေါ်မှုများ တောက်လျှောက် ကြုံတွေ့နေသည့်တိုင် ဆက်လက်လုပ်ဆောင်နေရပေမည်ဟု အကြံပြုထားပေသည်။ ၎င်းလုပ်ငန်းစဉ်ဖြင့် ၂၀၁၅ လွန်သည့်အထိ သွားရဦးမည်မှာ အထင်အရှားပင်ဖြစ်သည်။

## မျှော်မှန်းချက် ရည်ညွှန်းချက်ရလာဒ်နှင့် မူဘောင်

ကျွန်ုပ်တို့၏ အာဆီယံခေါင်းဆောင်များ၏အမြင်ကို ကွာလာလမ်ပူ၌ လက်မှတ်ရေးထိုးခဲ့ သော "အာဆီယံအမြင် ၂၀၂၀"၌ ဖော်ပြထားသည်မှာ ၁၉၉၇ အာရှစီးပွားရေးအကျပ်အတည်း က ပြသလိုက်သည့် မရေရာသော အဖြစ်များကို ရင်ဆိုင်လျှက် မတည်ငြိမ်သော လက်ရှိကမ္ဘာ့ စီးပွားရေး ပတ်ဝန်းကျင်ဝယ် အာဆီယံအနေဖြင့် ၂၀၁၅ ခုနှစ်လွန်နှစ်များအထိလည်း ဆက်လက်ကြုံတွေ့နေရဦးမည်ဖြစ်သည်။ ဝင်ငွေအလည်အလတ်အဆင့်နှင့် ဝင်ငွေမြင့်မား သည့် နိုင်ငံများအဖြစ် ပိုမိုခိုင်မာလာသော အရှေ့တောင်အာရှနိုင်ငံတို့က ပြဇာတ်တစ်ခု အဖြစ် တည်ရှိနေသည်။ အာဆီယံ ပြန်လည်နိုးထလာနိုင်သော ရေရှည်တည်တံ့ပြီး လူကို အဓိကထားသော စီးပွားရေး အသိုက်အဝန်းတစ်ခုအဖြစ် ရည်ရွယ်ထားသည်။ ထို့အပြင် အာဆီယံသည် ခိုင်မာသော အပြင်ကိုရှုမျှော်၍ ကမ္ဘာနှင့်အဝန်းသို့ ချိတ်ဆက်ထားသည့် ဒေသအဖြစ် ဆက်လက် တည်ရှိနေသည်။

အာဆီယံ မျှော်မှန်းချက် ၂၀၂၀ သည် ပိုမိုနက်ရှိုင်းသော ပေါင်းစည်းမှုကနဦး အစီအမံများ အဖြစ် အာဆီယံစီးပွားရေးအသိုက်အဝန်းက အကောင်းဆုံးထုတ်ဖော်ပြခဲ့သည့် အာဆီယံ ချာတာနှင့်တကွ ဒေသအတွင်း အသိုက်အဝန်းသုံးခုကို ဖန်တီးဖြစ်ပေါ်စေခြင်းနှင့် အာဆီယံ ချိတ်ဆက်မှုအတွက် လွှမ်းခြုံရေးဆွဲထားသော စီမံချက်စသည်တို့ကို ခင်းကျင်းတင်ဆက် ပြသခဲ့သည်။ အာဆီယံအသိုက်အဝန်း တည်ဆောက်မှု၏ ထင်ရှားသော တိုးတက်မှုက ဘာလီအတူယှဉ်တွဲမှု တတိယသဘောတူညီချက်သည် အာဆီယံအသိုက်အဝန်းတည် ဆောက်မှုကို ၎င်းတွင်ဖော်ပြပါရှိသည့်အတိုင်း တွဲဘက်တိုးမြှင့်ပြီး အမှန်တကယ်အင်အား တောင့်တင်းစေပြီး၊ ကမ္ဘာလုံးနှင့် သက်ဆိုင်သမျှ ကိစ္စအဝဝတို့အတွက် အမြင်ချင်းဖလှယ် ပူးပေါင်းလုပ်ဆောင်ကြခြင်းမှတဆင့် တိုးတက်မှုများနှင့် အာဆီယံစီးပွားရေးပေါင်းစည်းမှုနှင့် အသိုက်အဝန်းတည်ဆောက်ရန် အားထုတ်မှုတို့၏ ရလာဒ်များကို ပေါ်ထွန်းစေနိုင်ပါသည်။

ခေါင်းဆောင်များ၏ အဓွန့်ရှည်တည်တံ့လိုသော မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်ဖြစ်သည့် ပြုပြင်ပြောင်းလဲလွယ်ပြီး ပြန်လည်ရှင်သန်နိုင်သည့် အများပါဝင်မှုကို ရှေ့ရှုသည့် နက်ရှိုင်းစွာ ပေါင်းစည်းခြင်းဖြင့် ကမ္ဘာနှင့်ချီ၍ အရေးပါသည့် အာဆီယံဟူသည်ကား ဒေသ၏ပေါင်းစည်းမှု

ပြုပြင်ပြောင်းလဲမှု အင်စတီကျူးရှင်းတည်ဆောက်မှု၊ ပူးပေါင်းဆောင်ရွက်ရေး အားထုတ်မှုတို့၏ အရှိန်အဟုန်ကို ပံ့ပိုးပေးပြီး စဉ်ဆက်မပြတ် ရရှိစေရန် အဓိပ္ပါယ်ဖွင့်ဆို သတ်မှတ်နိုင်ပြီး မြင့်မားသော ရည်မှန်းချက်များထားခြင်းကသာ အကောင်းဆုံးလုပ်ဆောင်ပေးနိုင်မည်။ လေ့လာမှုတခုက အဆိုပြုသည်မှာ အာဆီယံတွင် ဆင်းရဲမှု (ဥပမာ ဝယ်နိုင်စွမ်းအား ညီမျှချက်ဖြင့် တိုင်းတာပါက တစ်နေ့လျှင် ၁.၂၅ USD ထက်နိမ့်သောဝင်ငွေဖြင့် အသက်မွေးနေရသူ) ကို ပပျောက်ရေး၊ လူငယ် စာမတတ်မြောက်မှုနှင့် ဆိုးရွားစွာ အဟာရနိမ့်ကျမှုတို့ကို ဖယ်ရှားရန်အပြင်၊ ၂၀၃၀ သို့ရောက်သည့်အခါ ဒေသတစ်ခုလုံး စားနပ်ရိက္ခာအတွက် စိတ်ချလုံခြုံနေသွားနိုင်မည့် ထင်ရှားသော အောင်မြင်မှုတို့ကိုရရန်ကိုပါ ရည်ရွယ်ပါကြောင်း အဆိုပြုထားသည်။ ဤအချက်များအရ ဒေသတွင်းရှိ လောလောဆယ်ဝင်ငွေအဆင့်နိမ့်နှင့် ဝင်ငွေအလယ်အလတ်နိုင်ငံများ၌ မြင့်မားပြီးမျှတသော တိုးတက်မှုရရန်လိုပြီး စီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်အနေအထား၌ အာဆီယံနိုင်ငံများက ကမ္ဘာ့နှုန်းထားနှင့် အဆင့်တွင် များစွာနောက်ကျသေးရာ ၎င်းတို့ကို ထင်ရှားစွာ တိုးတက်စေရမည်ဖြစ်ပြီး ထိုမှတဆင့် ၂၀၂၀ အစောပိုင်းများ ရောက်သည့်အခါ ကမ္ဘာ့ FDI ဝင်ရောက်မှုအစုကို ပို၍မြင့်မားစွာရရှိပြီး အောင်မြင်သော အဆုံးသတ်နှင့် RCEP အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

အထက်တွင်ဖော်ပြထားသော ခေါင်းဆောင်များ၏ မျှော်မှန်းချက်များ၊ လမ်းညွှန်ရလာဒ်များနှင့်ယခုဖော်ပြပါစုပေါင်းအစီရင်ခံစာအခန်း(၂-က)တွင်အကျယ်တဝင့်ဆွေးနွေးခဲ့သည်တို့ကို ရရှိလာစေရန်အတွက် ထွန်းသစ်လာသော အာဆီယံ၏ အံ့ဖွယ်အာဆီယံအဖြစ်ကို ရှေ့ရှုဦးတည်သည့် အခြေခံအုတ်မြစ်တစ်ရပ်၊ မဏ္ဍိုင်လေးခုတို့ဖြင့် ဖွဲ့စည်းထားသည့် မူဘောင်တစ်ခုကို အဆိုပြုထားသည်။ မဏ္ဍိုင်လေးခုမှာ AEC လမ်းညွှန်ပုံစံ၏ မဏ္ဍိုင်လေးခုနှင့် ဆင်တူပြီး ထိုထက်ပို၍ နက်နဲစွာ ချမှတ်ထားသည်။ ၎င်းတို့မှာ " ပေါင်းစည်းပြီး ပြိုင်ဆိုင်နိုင်စွမ်းထားသော အာဆီယံ" "အပြိုင်အဆိုင် ဆောင်ရွက်နိုင်လျှက် ပြုပြင်ပြောင်းလဲရန် လွယ်ကူသော အာဆီယံ" "အားလုံးပါဝင်သည့် ပြန်လည်ထူမတ်နိုင်စွမ်းသော အာဆီယံ" နှင့် "ကမ္ဘာ့အာဆီယံ" ဟူ၍ဖြစ်သည်။ ထို့ပြင် အဆိုပြုထားသော မူဘောင်ထဲတွင် "တုန့်ပြန်နိုင်သည့်အာဆီယံ" ဖြစ်ခြင်းကိုလည်း မဏ္ဍိုင်လေးခု၏ ခိုင်မာတောင့်တင်းသော အောက်ခြေတစ်ရပ်သဖွယ် တည့်သွင်းထားသည်။ အကျယ်အားဖြင့် ယခုလေ့လာမှုက အဆိုပြုသော မူဘောင်နှင့် ယခု စုပေါင်းအစီရင်ခံစာသည် ERIA က အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ပူးတွဲ၍ သမ္မတ ယူဒိုယိုနိုမှတဆင့် အာဆီယံခေါင်းဆောင်များသို့ နိုဝင်ဘာ ၂၀၁၁-ခုနှစ် ဘာလီတွင် ကျင်းပခဲ့သည့် အာဆီယံ ထိပ်သီးအစည်းအဝေးအတွင်း

တင်သွင်းခဲ့သော " Jakarta Framerwork on Moving ASEAN and AEC Forwoard Beyond 2015" ကို အခြေခံ၍ ပိုမိုတိုးချဲ့အသေးစိတ် တင်ပြခြင်းဖြစ်သည်။ မဏ္ဍိုင်လေးခုမှာ သီးခြားစီ မဟုတ်ကြပေ၊ တစ်ခုနှင့် တစ်ခုများစွာ ဆက်စပ်လျှက်ရှိကြသည်။ မဏ္ဍိုင်လေးခုကို ပြည့်မီရန် မလွယ်ကူလှသော အခြေအနေတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံ အနေဖြင့် ရင်ဆိုင်ရမည့် အဓိကစိမ်ခေါ်မှုမှာ ၎င်းတို့ အကြားဟန်ချက်ညီပြီး အမှားကင်းသော ထပ်ကျော့ဖြစ်စဉ်မျိုး ရှိရန်ဖြစ်သည်။

နည်းလမ်းများစွာ ခက်ခဲသောကြောင့်ပင် အုံ့ဖွယ်အာဆီယံအဖြစ် အကျိုးသက်ရောက်လာ စေမည့် စည်းမျဉ်းဥပဒေများဆိုင်ရာနှင့် အင်စတီကျူးရှင်းများ တည်ဆောက်ခြင်း ဖြစ်စဉ်တွင် အကျိုးခံစားထိုက်သူအားလုံးကို ပါဝင်လာစေခြင်းဖြင့် အာဆီယံနိုင်ငံတစ်နိုင်ငံချင်းနှင့် အာဆီယံ အဖွဲ့အစည်းသည် တုန့်ပြန်စွမ်းရှိရန်လိုအပ်သည်။

ပေါင်းစည်းပြီး ပြိုင်ဆိုင်နိုင်စွမ်းကြီးထွားလာသည့် ဒေသတခု (မဏ္ဍိုင်-၁)အနေဖြင့် မယိုင်မလဲ ဆက်လက်တိုးတက်သွားပြီး တီထွင်မှုများကို တိုးပွားလျက်ရှိနေမည့် စက်မှုလုပ်ငန်း အုပ်စု များ (မဏ္ဍိုင်-၂) သည် အောင်မြင်သော RCEP မှ ကျယ်ပြန့်ခိုင်မာသော အရှေ့အာရှအဖြစ် ဆက်လက်ပေါ်ညွှန်းမှုနှင့် ချီတက်မိကာ (မဏ္ဍိုင်-4) တုန့်ပြန်ဆောင်ရွက်ရန် လွယ်ကူသော ဥပဒေစည်းမျဉ်းစနစ်နှင့် တိုးတက်သော ရင်းနှီးမြှုပ်နှံမှု အခြေအနေတို့အရ လုပ်ငန်းလည်ပတ် နေမည်ဖြစ်ရာ (တုန့်ပြန်နိုင်စွမ်းသောအာဆီယံ) ပြည်တွင်းရော ပြည်ပဈေးကွက်များတွင်ပါ ရင်းနှီးမြှုပ်နှံမှုနှင့် ပိုကောင်းသောယှဉ်ပြိုင်မှုများ ရရှိလာနိုင်ပါမည်။ ဤအချက်သည် မြင့်မား သော ပြည်ပကုန်သွယ်ရေးကိုဖြစ်လာစေပြီး၊ အဆုံး၌မြင့်မားသော စီးပွားရေးတိုးတက်မှုနှင့် ဆင်းရဲမှု ပပျောက်သွားစေနိုင်ပါလိမ့်မည်။ ကြံ့ခိုင်သော လယ်ယာထုတ်လုပ်မှု စွမ်းအား တိုးတက်မှု၊ SMES တိုးတက်မှု တိုးတက်မှု အချက်အခြာဒေသများနှင့် ဝန်းကျင်ရှိဒေသများ အကြား ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အချိန်အဆက်များ ပိုမိုကောင်းမွန်လာခြင်း၊ စွမ်းအင်ကို စွမ်းဆောင်ရည်ရှိရှိ အသုံးပြုရန်နှင့် စိမ်းလန်းသောဖွံ့ဖြိုးမှုဖြစ်ရန် တိုက်တွန်းလှုံ့ဆော်မှု၊ သဘာဝအရင်းအမြစ်မှ ပို၍ ရှင်သန်နိုင်မှု (အဆိုပါ အချက်အားလုံးသည် မဏ္ဍိုင် -၃ ပင်ဖြစ်သည်) တို့ကလည်း ကြီးထွားလာသော ယှဉ်ပြိုင်နိုင်စွမ်း၊ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင် နိုင်စွမ်းနှင့် အာဆီယံ၏ ပြုပြင်ပြောင်းလဲလွယ်မှု (မဏ္ဍိုင်-၂)ကို ထောက်ကူပံ့ပိုးနေသည်။ ၎င်းကဲ့သို့ ယှဉ်ပြိုင်နိုင်စွမ်း၊ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်စွမ်းနှင့် အာဆီယံ၏ ပြုပြင် ပြောင်းလဲလွယ်မှု (မဏ္ဍိုင်-2)ကို ထောက်ကူပံ့ပိုးနေသည်။ ၎င်းကဲ့သို့ ယှဉ်ပြိုင်နိုင်စွမ်း ကြီးထွားလာခြင်းနှင့် ပြုပြင်ပြောင်းလဲနိုင်သောဝါဒကို အရည်အတွက်အားဖြင့် စုစုပေါင်း FDI

တွင် အာဆီယံ၏ ရယူမှုအချိုး တိုးတက် မှု၊ ကုန်သွယ်မှုနှင့် ဂျီဒီပီတို့ဖြင့် ယခင်အခန်းခွဲများတွင် ဖော်ပြခဲ့သည်။ ထို့ကြောင့် မဏ္ဍိုင်လေးခုနှင့် အခြေခံအုတ်မြစ်တစ်ခုကိုပေါင်းပြီး အဆိုပါ မှုဘောင်တစ်ရပ် အကောင်အထည်ဖော်ခြင်းသည် ပြီးခဲ့သော အခန်းခွဲများမှ ဖော်ပြခဲ့သည့် လိုလားအပ်သည့် ရည်ညွှန်းရလဒ်များကို ရရှိရေးသို့ ဦးတည်နိုင်ပါလိမ့်မည်။

မှတ်သားလောက်သည့်အချက်တစ်ခုမှာ အဆိုပါ မဏ္ဍိုင်လေးခုကို အောက်ဖော်ပြပါ အဓိက အချက်များဖြင့် ပုံဖော်နိုင်သည်။ ၎င်းတို့မှာ -

- ယှဉ်ပြိုင်နိုင်သော စက်မှုလုပ်ငန်းများနှင့် ပုဂ္ဂလိက ကဏ္ဍကိုပါဝင်မှုကို ရှေ့ရှုသည်။ ပြုပြင်ပြောင်းလဲမှုဝါဒသည် အာဆီယံစီးပွားရေးတိုးတက်မှုနှင့် ဖွံ့ဖြိုးမှု၏အရေးပါသော အချက်ဖြစ်သည်။

- ဟန်ချက်ညီ အားလုံးပါဝင်သည့် တိုးတက်မှုကို လုပ်ဆောင်ရာတွင် ဝင်ငွေခွဲဝေ ဖြန့်ဖြူးမှုနှင့် လူမှုရေးကဏ္ဍမူဝါဒများဖြင့် အဓိကလုပ်ဆောင်ခြင်းထက် ပြုပြင်ပြောင်းလဲ လွယ်သော စီးပွားရေးအင်အားစုများဖြင့် အဓိကလုပ်ဆောင်ရန်သင့်သည်။

- ပြန်လည်ရှင်သန်လာနိုင်သော စိမ်းလန်းသောဖွံ့ဖြိုးမှုကို ဖော်ဆောင်ခြင်းကြောင့် စိမ်းလန်းသော တိုးတက်မှု၊ စွမ်းအင်ဖူလုံမှုနှင့် စားနပ်ရိက္ခာဖူလုံမှုအကြား တွဲဘက်ညီမှုကို ပေါ်ထွန်းလာစေသည်။

- အာဆီယံဗဟိုပြုမှုကို ပြုပြင်ပြောင်းလဲလွယ်ပြီး၊ လက်ဦးမှုရယူစွမ်းဆောင်နိုင်သည့် သံတမန်ပရိယာယ်ဖြင့် ထိမ်းထားသင့်သည်။

*မဏ္ဍိုင် ၁။ ပေါင်းစည်းပြီး အဆင့်မြင့်စွာပါဝင်ယှဉ်ပြိုင်နိုင်သောအာဆီယံ*

သတိပြုစရာမှာ မဏ္ဍိုင်ကို ဖော်ပြရာ၌ " တစ်ခုတည်းသောဈေးကွက်နှင့်ထုတ်လုပ်မှုအခြေခံ" ဟူ၍ ခေါင်းစည်းမတပ်ခြင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တစ်ခုတည်းသော ထုတ်လုပ်မှု အခြေခံဆိုသည့် စကားမှာ AEC ၂၀၁၅ အတွက် မလိုအပ်ဘဲ နိုးဆော်နေခြင်းသော ဖြစ်ပြီး လွတ်လပ်ဖြေလျှော့မှုပေးခြင်းများစွာ အလေးထားနေသည်။ အဆိုပြုထားသော မဏ္ဍိုင်-၁ သည် "တစ်ခုတည်းသောဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံ"ကို ထုတ်လုပ်မှု

ကွန်ယက်များက တွန်းအားပေးနေသည့် ဖွံ့ဖြိုးမှုနှင့် ပေါင်းစည်းမှုမဟာဗျူဟာတို့ဖြင့် ပြန်လည်ဘောင်ကွပ် ပေးထားသည်။ "တစ်ခုတည်းသောဈေးကွက်" ဟူသောစကားလုံးသည် ဖွံ့ဖြိုးမှုအဆင့် အမျိုးမျိုးကွဲပြားသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆီလျော်မှုရှိသည်။ အဓိပ္ပာယ်မှာ တစ်ခုတည်းသောဈေးကွက်ကို ကာလရှည်ရည်မှန်းချက်အဖြစ် ထားရှိပြီး အဆင့်မြင့်မြင့် ပါဝင်ယှဉ်ပြိုင်နိုင်သော ဈေးကွက်နှင့် ပေါင်းစည်းထားသောဈေးကွက် ဆိုသည်မှာ ၎င်းကိုဦးတည်သည့် အလွန်ကြီးမားသော ခြေလှမ်းတစ်ရပ်ဖြစ်သည်။ အဆင့်မြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် ဈေးကွက်ဆိုသည်မှာ (ကုန်စည်ဈေးကွက်တွင်) ဈေးကွက်တွင်းသို့ ကုန်စည်နှင့် ဝန်ဆောင်မှု အဝင်အထွက်တွင် နှိုင်းယှဉ်လွယ်ကူမှုရှိပြီး၊ (ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်နှင့် ဝန်ဆောင်မှုစက်ရုံများ လည်ပတ်ရေးတွင်) လုပ်ငန်းများသည် ဈေးကွက်အတွင်းသို့ နှိုင်းယှဉ်ကြည့်လျှင် လွယ်ကူစွာဖြင့် ဝင်ထွက်နိုင်သော ဈေးကွက်ဖြစ်သည်။ အဆင့်မြင့် ပါဝင်ယှဉ်ပြိုင်နိုင်သော ဈေးကွက်၏ အဆုံးစွန်သောပုံစံမှာ "တစ်ခုတည်းသောဈေးကွက်နှင့် စီးပွားရေး အခြေခံ" ပင်ဖြစ်သည်။ ၎င်းတွင် ကုန်စည်၊ ဝန်ဆောင်မှု၊ လုပ်အားနှင့် အရင်းအနှီးတို့သည် လွတ်လပ် စွာစီးဆင်းနေကြသည်။[4] အသွင်ကူးပြောင်းကာလတွင် "ပေါင်းစည်းထားသော ထုတ်လုပ်မှုအခြေခံ" သို့မဟုတ် အကွပ်မဲ့ထုတ်လုပ်မှုကွန်ယက်များ ဖြစ်မလာစေရန်အတွက် ပေါင်းစည်းရေး အားထုတ်မှုများကို ဦးစားပေးပြီး အင်စတီကျူးရှင်းအချင်းချင်း အချိတ်အဆက်၊ ရုပ်ဝတ္ထုများအချင်းချင်း အချိတ်အဆက်နှင့် စည်းမျဉ်းဥပဒေစနစ်များသည်လည်း ဝန်ဆောင်ချိတ်ဆက်မှု စရိတ်များ လျော့ချနိုင်စေရန် တစ်နေရာတည်း၌ စုပုံမိစေရမည်ဖြစ်သည်။

အာဆီယံသည် ဒေသဆိုင်ရာထုတ်လုပ်မှုကွန်ယက်များ ပို၍ပင် ယှဉ်ပြိုင်ရာ စင်မြင့်သဖွယ်ဖြစ်လာစေရန်ဟူသော မဏ္ဍိုင် -၂ ၏အဓိက အဆိုပြုချက်အရဆိုလျှင် အဆင့်မြင့်ပါဝင်ယှဉ်ပြိုင်နိုင်သော ဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်သွယ်မှုကို ကာကွယ်ပေးခြင်းမဟုတ်သောအကောက်ခွန်မဟုတ်နည်းလမ်းများ NTMS အပြင် အကွပ်အထိန်းမဲ့ကုန်သွယ်မှုချောမွေ့စေရေး ဆောင်ရွက်ချက်များ၊ စံချိန်စံညွှန်းများ တပြေးညီဖြစ်ရေးနှင့် လိုက်နာရလွယ်ကူစေရန် တသမတ်တည်းဖြစ်စေမှု ကျယ်ပြန့်သော ချိတ်ဆက်မှုနှင့် ပိုကောင်းမွန်သော သယ်ယူပို့ဆောင်ရေးချောမွေ့စေမှု၊ ပိုမိုကျယ်ပြန့်သော အရည်အချင်းရှိ လုပ်အားရွှေ့ပြောင်းမှု စသည့်ကိစ္စရပ်များတွင် ပို၍နက်နဲစွာ ပေါင်းစည်းရန်လိုပေသည်။ တိုးတက်မှုများစွာ ရရှိခဲ့သော်လည်း ရှိနေခဲ့သော်လည်း လုပ်ဆောင်ရန်များစွာကျန်ရှိနေပေသည်။

4. Given its popular usage in ASEAN, "single market and production base" may still be used but liberally interpreted as "integrated and highly contestable" in the transition

စင်စစ် ၂၀၁၅ အလွန်တွင် အရေးပါသော လုပ်ဆောင်စရာများစွာရှိသေးသည် "တစ်ခုတည်းသောဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံ" မှ "ပေါင်းစည်းပြီးအဆင့်မြင့်စွာ ပါဝင်ယှဉ်ပြိုင်သော အာဆီယံ" အဖြစ် မှုပြောင်းလာခြင်းသည် ဥရောပသမဂ္ဂကို (တစ်ခုတည်းသော ဈေးကွက်ဖြစ်ခြင်းနှင့် ထုတ်လုပ်မှုအခြေခံအရာ၌ ပုံစံပြုရာမှ တရုတ်နှင့် အိန္ဒိယသည် အာဆီယံအတွက် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့တွင် ပြိုင်ဘက်နေဖြင့်ရော၊ တွဲဘက်အနေဖြင့်ပါဖြစ်လာသည်။ ထို့အပြင် မူဘောင်အနေဖြင့် သဘောတရားပိုင်းဆိုင်ရာကို လျှော့လာခဲ့ပြီး (ဥပမာ "လွတ်လပ်စွာစီးဆင်းမှု") လျှင်မြန်စွာ ပြောင်းလဲနေသော အရှေ့အာရှအနေအထားနှင့် ဆီလျော်သော မူဝါဒဘက်သို့ ပို၍ပြောင်းလဲမှုရှိလာသည်။

ပေါင်းစည်းထားပြီး အဆင့်မြင့်ပါဝင်ယှဉ်ပြိုင်လာနိုင်သော အာဆီယံဖြစ်စေရေးအတွက် ဆိုသည့်အချက်နှင့် ပတ်သက်၍ ၂၀၁၅ နှစ်အလွန်အတွက် AEC ၏ နောက်တိုးလမ်းညွှန်ပုံစံအတွက် အစီရင်ခံစာ၌ဖော်ပြခဲ့ပြီးဖြစ်သည့် မဏ္ဍိုင် ၁ နှင့် ပတ်သက်သော ကောက်နုတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

## *၁။ အကောက်အခွန်မဟုတ်သော နည်းလမ်းများနှင့် အကောက်အခွန်မဟုတ်သော အတားအဆီးများ*

အကောက်အခွန်များအားလုံးနီးနီး ဖယ်ရှားလိုက်သည့်အခါ မူဝါဒရေးရာအနေဖြင့် စဉ်းစားလာကြသည့်အချက်မှာ ကုန်သွယ်မှု အဟန့်အတား အလားအလာရှိသော နည်းလမ်းများနှင့် (NTM) အကောက်ခွန်မဟုတ်သော အတားအဆီးများ (NTB) ပင်ဖြစ်သည်။ အကောက်အခွန်မဟုတ်သော နည်းလမ်းများ (NTM) မှာ ထင်သာမြင်သာရှိမှုပို၍ အားနည်းပြီး၊ ပို၍ရှုတ်ထွေးကာ ကုန်စည်ကုန်သွယ်ပမာဏကိုလည်းကောင်း၊ ဈေးနှုန်းသတ်မှတ်ခြင်းကို လည်းကောင်း အကျိုးသက်ရောက်စေနိုင်သည့် စည်းမျဉ်းစည်းကမ်းမျိုးစုံ ပါဝင်ပတ်သက်နေသည်။ NTM များ၏ ၎င်းအကျိုးသက်ရောက်မှုများသည် ရည်ရွယ်ချက်ဖြင့်ပြုလုပ်ခြင်း ဖြစ်နိုင်သကဲ့သို့ မရည်ရွယ်ဘဲဖြစ်သွားသည်လည်းရှိသည်။ NTM အများစုမှာ မူလအားဖြင့် ကျန်းမာရေး၊ အစားအသောက်နှင့် သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးအတွက် ရည်ရွယ်လိုရင်းဖြစ်ပြီး ကုန်သွယ်ရေးကို တားဆီးကာကွယ်ရန် မဟုတ်ပေ။ ထို့ကြောင့် NTM များသည် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးကို ထိခိုက်စရာအကြောင်း ဖြစ်ပေါ်မလာစေရန်နှင့် သို့မဟုတ်ပါက လည်း NIB များဖြစ်မသွားစေရန်မှာ စိမ်ခေါ်မှုတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် NTM ကို ပြန်လည်သုံးသပ်၍ ဆိုးကျိုးခဲ့ပြီး သဘာဝကျကျ ဖြစ်ပေါ်လာရန်လုပ်ဆောင်ရေး အခြေခံကျသောအချက်ဖြစ်သည်။

အောက်ပါတို့သည် ၂၀၁၅ လွန်ကာလ၌ NTM နှင့်ပတ်သက်သည့် အဓိက အကြံပြုချက်များ ဖြစ်သည်။

(က) စနစ်တကျတည်ရှိနေသည့် အာဆီယံအကြံပေးစနစ် - စီးပွားရေးအရ ပေါင်းစည်းမှုနှင့် ကုန်သွယ်ရေးဆက်စပ်မှုက အာဆီယံကို ပို၍နက်နဲစေသည့်အတွက် အဖြေရှာ ရဦးမည် ကိစ္စရပ်များပို၍ များမြောင်နိုင်ပါသည်။ ထို့ကြောင့် အာဆီယံသည် လောလောဆယ် ရှိနေသည့် "ပြဿနာမက်ထရစ်" ပုံစံထက်ပို၍ လုပ်ဆောင်သွားနိုင်မည့် ကုန်သွယ်မှုနှင့် ရင်းနှီးမှုကိစ္စမှု အဖြေရှာရန် အာဆီယံအကြံပေး (ACT) ကို အပြည့်အဝလုပ်ဆောင်ရန် လိုလာပေမည်။

(ခ) ထိရောက်သောကြီးကြပ်ကွပ်ကဲမှုနှင့် ထင်သာမြင်သာရှိသော NTM စနစ် - အာဆီယံသည် ဒေသတွင်း၌ကျင့်သုံးနေသော NTM ပေါင်းမြောက်များစွာအတွက် ကမ္ဘာ့နိုင်ငံများစွာ လက်ခံကျင့်သုံးနိုင်မည့် သတ်မှတ်ချက်များကို တွန်းအားပေးနိုင်သည်။ ဤအချက်သည် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်ခုချင်းစီရှိ အာဆီယံကုန်သွယ်မှု သတင်းအချက်အလက် ဘဏ်တိုက်၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာနိုင်သည်။

(ဂ) ဆိုးကျိုးနည်းပြီး သဘာဝကျသည့် NTM ဖြစ်ရေးဦးစားပေးသည့် လေ့လာမှု-ပုဂ္ဂလိက၏ တုန့်ပြန်မှုပေါ်အခြေခံ၍ "ပြဿနာမက်ထရစ်" နှင့် အာဆီယံကြီးကြပ်မှုပြုလုပ်ခြင်းသည် ဆိုးကျိုးနည်းနည်းနှင့် သဘာဝကျစေခြင်းကို ရှေ့ရှုသည့် NTM များ ပေါ်ပေါက်ရေးအတွက် ဖြစ်နိုင်ချေနည်းလမ်းများဖြစ်သကဲ့သို့ NTM ကြောင့် ဈေးနှုန်းမြင့်တက်ရသည့် စက်မှုလုပ်ငန်းများကို စာရင်းအင်းပညာရပ်ဖြင့် ဖြစ်ရပ်အလိုက် လေ့လာမှုအားဖြင့် ပို၍ စနစ်ကျသော လေ့လာမှုနည်းလမ်းဖြစ်သည်။ ၎င်းလေ့လာမှုမျိုး၏ ရလဒ်ကို ဖြစ်ရပ်အလိုက် လေ့လာမှုနှင့် ပုဂ္ဂလိကကဏ္ဍ၏ အကြံဉာဏ်ပေးမှုတို့ဖြင့် ပေါင်းစပ်လိုက်ပါက မည်သည့် စက်မှုလုပ်ငန်းစုနှင့် မည်သည့် NTM အမျိုးအစားကို ဦးစားပေး၍ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်နိုင်ကြောင်း သတ်မှတ်နိုင်ပေမည်။

(ဃ) ကုန်သွယ်မှုကို ထိခိုက်နိုင်သည့် နည်းပညာဆိုင်ရာ အတားအဆီးများ (TBTs ) နှင့် SPS s ကို ဖော်ထုတ်ဖြေရှင်းရန် အားထုတ်ခြင်း - ဤအချက်ကို အာဆီယံစံချိန် စံညွှန်းများနှင့် အရည်အသွေးဆိုင်ရာ အကြံပေးကော်မတီ (ACCSQ) တို့က လုပ်ဆောင်သည်။

(င) NTM များကို အဆင်ပြေချောမွေ့စွာ ကျင့်သုံးစေခြင်းသည် ပြည်တွင်း စည်းမျဉ်း

ဥပဒေပြုပြင်ပြောင်းလဲမှုနှင့် တပါတည်းဖေါ်ဆောင်မှုတစ်ရပ်ဖြစ်ခြင်း - နိုင်ငံတော် အဆင့်တွင် ကြည့်ပါက NTM ကို ကုန်သွယ်မှုညှိနိူင်းခြင်း ရှုဒေါင့်ထက်ပို၍ ကောင်းမွန်သော စည်းမျဉ်း တစ်ရပ်ဆိုသည့် ရှုဒေါင့်မှမြင်သည်က အကောင်းဆုံးဖြစ်ပေမည်။ NTM များကို အဆင်ပြေ ချောမွေ့စေခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍက ကျခံရမည့် NTM ကျင့်သုံးလိုက်နာမှုစရိတ်ကို သက်သာစေပြီး NTM မှ ပြန်လည်သုံးသပ်ရာတွင် NTM ကြောင့် ကုန်ကျမည့်စရိတ် NTM ဖြစ်ထွန်းမည့် အကျိုးကျေးဇူးတို့၏ ဟန်ချက်ညီမှုကိုကြည့်ရသည်။ အာဆီယံနိုင်ငံများ၌ ထိုသို့သရုပ်ခွဲလေ့လာနိုင်သော ပံ့ပိုးမှုရှိနေသည်ဟု ယူဆရသည်။ မရှိခဲ့သော်စွမ်းဆောင်ရည် တည်ဆောက်မှုနှင့် နည်းပညာဆိုင်ရာလေ့ကျင့်သင်ကြားမှုတို့ဖြင့် ခိုင်မာသောသုံးသပ်မှုနှင့် အဆင်ပြေချောမွေ့စွာကျင့်သုံးခြင်းကို လုပ်ဆောင်ရန်လိုပေသည်။

## *၂။ ကုန်သွယ်မှုချောမွေ့စေခြင်းနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းအရပ်ရပ်*

စွမ်းဆောင်ရည်ပြည့်ဝသော ကုန်သွယ်မှုချောမွေ့ရေးလုပ်ဆောင်ချက်နှင့် သယ်ယူပို့ဆောင်မှု ဆိုင်ရာလုပ်ငန်းအရပ်ရပ်တို့သည် အဆီးအတားကင်းသော ထုတ်လုပ်မှုအခြေခံနှင့် ပေါင်းစည်းသော အာဆီယံ ဖြစ်လာရေးတွင် လုံးဝလိုအပ်ပြီး အပြိုင်အဆိုင်ကောင်းစွာ ဆောင်ရွက်နိုင်သော ဒေသတွင်းထုတ်လုပ်မှု ကွန်ယက်များအတွက်လည်း အထူးအရေးပါ သည်။ ၂၀၁၁ ခုနှစ်တွင် လုပ်ဆောင်ခဲ့သည့် ERIA ၏လက်တွေ့ ကွင်းဆင်းလေ့လာမှုနှင့် သယ်ယူပို့ဆောင် ရေးဆိုင်ရာလုပ်ငန်းအရပ်ရပ်တို့တွင် ဖြစ်ကြောင်း ဖော်ပြလျက်ရှိသည်။ အာဆီယံကုန်သွယ်မှု ချောမွေ့စေရေး အစီအစဉ်၏ အဓိက အစိတ်အပိုင်းနှစ်ခုမှာ (က) အာဆီယံ ကုန်သွယ်မှု သတင်းအချက်အလက်ဘဏ်တိုက်တည်ဆောက်ရေးနှင့် (ခ) အာဆီယံပြုတင်းပေါက်စနစ် တို့ဖြစ်ပြီး နှစ်ခုစလုံးတွင် ၎င်းတို့၏သက်ဆိုင်ရာအမျိုးသား အဆင့် ကနဦးလုပ်ဆောင်ချက် အစီအမံများရှိသည်။ အဓိက ကနဦးအစီအမံနှစ်ခုကို အပြည့်အဝအကောင်အထည်ဖော်ခြင်းအား အချက်နှစ်ချက်ဖြင့် ဖော်ပြနိုင်သည်။ ၎င်းတို့မှာ ထင်သာမြင်သာ၍ ကုန်သွယ်မှုနှင့် ဆက်သွယ်သော စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ စုဆောင်းထားသည်။ အပြန်အလှန် ဖလှယ်အသုံးပြုနိုင်သော အချက်အလက်တိုင်းနှင့် e-အကောက်ခွန်၊ e-ပါမစ် (e-အထောက် အထားလက်မှတ်များ စသဖြင့်) တို့နှင့် ပြုတင်းပေါက်စနစ် တို့ဖြစ်သည်။

AEC လမ်းညွှန်ပုံစံကို အကောင်အထည်ဖော်မှုနှင့် ပတ်သက်သည့် ကာလအစီအရင်ခံစာ၏ တစိတ်တစ်ဒေသအဖြစ် ERIA အပြုလုပ်ထားသေည့် ပုဂ္ဂလိက ကဏ္ဍကွင်းဆင်းလေ့လာမှု၏ ရလဒ်များတွင် ကာလတိုအတွင်း အရေးတကြီးလုပ်ဆောင်ဖွယ်ရာများကို ညွှန်ကိန်းများဖြင့်

ဖော်ပြထားသည်။ (ERIA, ၂၀၁၂ အေ၊ တွင်-၁၊ စာ(၄)-၁၆-၁၇) ၌ERIA ကွင်းဆင်းလေ့လာမှု ရလဒ်များကို အောက်ပါအတိုင်း ဖော်ပြထားသည်။

• စောင့်ထိန်းလိုက်နာရမည့် ဥပဒေများပေါ်ထွက်လာရန် ထိရောက်၊ ခေတ်မီသော ကွပ်ကဲမှု၊ စနစ်တစ်ခုအချက်အားကောင်းသော ပံ့ပိုးမှု

• အကောက်ခွန်ဌာနမှ ကုန်စည်များ မြန်မြန်ထုတ်ယူလာနိုင်ရန်ဆိုလျှင် ပုံမှန်မဟုတ်ဘဲ ကြုံလျှင်ကြုံသလို ငွေပေးရန် လိုအပ်လေ့ရှိကြောင်း အာဆီယံနိုင်ငံများမှ လက်တွေ့ကွင်း ဆင်းမှုကို ဖြေဆိုသူ ရာခိုင်နှုန်း အတော်များများက ထင်မြင်ချက်ရှိထားသည်။

• တုန့်ပြန်ဖြေဆိုသူအများစုက အကောက်ခွန်နှင့် ကုန်သွယ်ရေးလုပ်ထုံးလုပ်နည်းများတွင် ထားရှိခြင်းက အကောက်ခွန်ရှင်းလင်းရေးအတွက် ပျမ်းမျှကုန်ကျစရိတ်ကို သိသာစွာ လျှော့ပါးစေနိုင်သည်ဟု ထင်မြင်ကြသည်။

အထက်ပါရလဒ်များက ထောက်ပြသောအချက်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးတွင် ခေတ်မီသော ကွပ်ကဲမှုစနစ်၊ ပုံမှန်မဟုတ်သော ကြုံသလိုပေးချေမှုကို ဖယ်ရှားခြင်း အီး-အကောက်ခွန်၊ အီး-ပေးချေစနစ်နှင့် နိုင်ငံအဆင့် ပြူတင်းပေါက်စနစ်ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ရမည် ဆိုသောအချက်ဖြစ်သည်။ မှတ်သားစရာကား နိုင်ငံအဆင့် ပြူတင်းတစ်ပေါက်အဆင့်ကို အကောင်အထည်ဖော်ရာတွင် စီးပွားရေးလုပ်ငန်းများ (ကုန်သွယ်မှုနှင့် ဆက်သွယ်သော အေဂျင်စီများအပါအဝင်) ၏ လုပ်ငန်းစဉ်များ ချော့မွေ့ပြေပြစ်စေခြင်းနှင့် စာရွက်စာတမ်းအထောက်အထား လိုအပ်ချက်ကို လျှော့ချခြင်းလည်း ပါဝင်ပြီး၊ ဤလျှော့ချခြင်းသည် ကုန်စည်တင်သွင်းတင်ပို့ခြင်း ကုန်ကျမည့်အချိန်ကို ထပ်မံလျှော့ကျလာစေနိုင်သည်။ အလားတူ အရေးပါသောအချက်မှာ ထိရောက်၍ စွမ်းဆောင်ရည်ရှိသော စွန့်စားမှုစီမံခန့်ခွဲစနစ်ဖြစ်ပြီး ၎င်းက ကုန်စည်များကို ပကတိအတိုင်းစစ်ဆေးမှုနှုန်းကို သိသာစွာ လျှော့လာစေသည်။ လာအိုနှင့် မြန်မာနိုင်ငံတို့ကဲ့သို့သော အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် စာရွက်စာတမ်းအထောက်အထားများစွာ လိုအပ်လျှက်ရှိခြင်းနှင့် ကုန်ပစ္စည်းများ ပကတိစစ်ဆေးမှုနှုန်းမြင့်မားခြင်းသည် ၎င်းနိုင်ငံများ၏ သွင်းကုန်၊ ပို့ကုန်နှင့် အကောက်ခွန် ကွင်းဆင်းရေးတွင် အချိန်ကြာမြင့်နေရခြင်း၏ အဓိကအကြောင်းရင်းများဖြစ်သည်။ နိုင်ငံအဆင့်နှင့် အာဆီယံကုန်သွယ်မှု သတင်းအချက်အလက်ဘဏ်တိုက်ကို အပြည့်အဝအကောင်အထည်ဖော်ခြင်းဖြင့် စည်းမျဉ်းစည်းကမ်းများကို အဓိပ္ပါယ်ကောက်ယူရာ

တွင် ရှိနိုင်သည့် အယူအဆ ကွဲလွဲမှုများ နည်းသွားနိုင်ပြီး ထိုမှတဆင့် တင်ပို့ခြင်းတင်သွင်းခြင်း ပြုလုပ်ရာတွင် ကုန်မှုနှင့် မဆီလျော်သော ငွေပေးချေမှုများ လျော့ပါးစေပါသည်။

အထက်ဖော်ပြပါတို့အပြင် ပို့၍ကျယ်ပြန့်သော အတိုင်းအတာဖြင့် အာဆီယံအတွင်း အတား အဆီးမဲ့ ကုန်သွယ်မှုချောမွေ့စေရေးလုပ်ဆောင်မှုစနစ်ကို ဦးတည်သည့် ရှေ့လုပ်ငန်းစဉ်များ တွင် အောက်ပါတို့ကို ပါဝင်ပါသည်။

(က) လုပ်ထုံးလုပ်နည်းများကို တပြေးညီစေခြင်း ၊ နိုင်ငံတို့၏ ဖွံ့ဖြိုးမှုအဆင့်အလိုက်ရှိ နေသော NSW များကို အင်အားတောင့်တင်းလာစေရန်နှင့် တပြေးညီစံသတ်မှတ်ရန်နှင့် ဖွံ့ဖြိုးမှုကို မြန်မြန်ဖြစ်ထွန်းလာစေရန် လိုအပ်ပါသည်။

(ခ) အွန်လိုင်းပေးချေမှု - အကြွေးယူခွင့်ကဒ်များသုံး၍ အွန်လိုင်းမှငွေပေးချေမှုစနစ်ကို အကောက်ခွန်လုပ်ငန်းများနှင့် အခွန်ကောက်များ ထမ်းဆောင်ရာတွင်သာမက နည်းပညာ အရ ထိမ်းချုပ်မှုများဆောင်ရွက်ပေးရသော အစိုးရဌာနများမှ လိုင်စင်ထုတ်ပေးရာတွင်ပါ အသုံးပြုထိုက်ပေသည်။

(ဂ) လူပုဂ္ဂိုလ်နှင့် တိုက်ရိုက်ထိတွေ့ရန်မလိုအပ်ပဲ ကိန်းဂဏန်းအမှတ်အသားဖြင့် ကွန်ပျူတာသွင်းထားသော ပံ့ပိုးမှုစနစ်- ထိန်းချုပ်ပေးနေသော အေဂျင်စီများတွင် တစ်နိုင်ငံ လုံးအတိုင်းအတာဖြင့် အထောက်အထားထိမ်းသိမ်းရာတွင် လုပ်ငန်းတွင်ကျယ်စေမည့် ကွန်ပျူတာသွင်း ဒီဂျစ်တယ်စနစ်အစား ပကတိအထောက်အထားပုံစံအတိုင်းသာ ထိန်းသိမ်း ထားနေပါက ပိုမိုချောမွေ့လွယ်ကူစေသော ကိရိယာများဖန်တီးမှုတွင် ရင်းနှီးမြုပ်နှံခြင်းကို နှစ်သက်လက်ခံမှုနည်းပါပေလိမ့်မည်။ ဖြစ်စဉ်တစ်ခုလုံးအလိုလျှောက် လုပ်ဆောင်စနစ် ကျင့်သုံးရေးတွင် ICT အခန်းကဏ္ဍများအရေးပါပေသည်။

(ဃ) အထောက်အထားများကို ကိန်းဂဏန်းစနစ်ဖြင့် ကွန်ပျူတာသွင်းထိမ်းသိမ်းထားခြင်း - အထောက်အထားများကို ကိန်းဂဏန်းစနစ်သုံး၍ ကွန်ပျူတာသွင်းထိမ်းသိမ်းထားခြင်းအား ဖြင့် လွယ်ကူစွာဝေမျှနိုင်ပြီး နောက်ဆုံး၌ လုပ်ငန်းစဉ်ဆောင်မှုစရိတ်ကို ကျစေလာပါသည်။

(င) အီလက်ထရောနစ်ကုန်သွယ်မှုဥပဒေပြဌာန်းခြင်း - ဤသို့ပြုလုပ်ခြင်းသည် အာဆီယံ နိုင်ငံများ၌ ICT အတွက် ရင်းနှီးမြုပ်နှံမှုအားလုံးကို ခံစားနိုင်စေလိမ့်မည်ဖြစ်သည်။

အဆိုပါ ဥပဒေပြုမှုတွင် ဒီဂျစ်တယ်လက်မှတ်ထိုးခြင်း၊ ဒီဂျစ်တယ် အထောက်အထား သက်သေခံနှင့် အီလက်ထရောနစ်အထောက်အထားများကို သင့်လျော်သောပုံစံဖြင့် ပြုစုထိမ်းသိမ်းခြင်းနှင့်ဆိုင်သည့် ရှင်းလင်းထင်ရှားသောပေးရန် တာဝန်များကို ထည့်သွင်းထားရမည်ဖြစ်သည်။

(စ) နယ်စပ်ဖြတ်ကျော်စည်းမျဉ်းများကို လိုက်နာဆောင်ရွက်စေရန် နယ်စပ်ဒေသဆိုင်ရာ စွန့်စားမှုစီမံ ခန့်ခွဲစနစ်ဖြင့် ထိန်းချုပ်မှုကို ကျင့်သုံးခြင်း - ဤအချက်သည် ကုန်တင်မှုအမျိုးအစားသတ်မှတ်ခြင်းနှင့် ကုန်တင်ပို့မှုကို ဒေသတွင်းပို့ဆောင်ပေးနေသော ကုန်သည်များနှင့်ပတ်သက်၍ အသေးစိတ်ထိန်းချုပ်နိုင်စေပါမည်။ ဤအချက်ကြောင့်ပင်သဘောတင်ကုန်စည်နှင့် ဆက်စပ်လာမည့် စွန့်စားမှုဖြစ်နိုင်ချေအားလုံးကို လေ့လာဆန်းစစ်နိုင်စေပါလိမ့်မည်။

အဖက်ဖက်ကကြည့်လျှင် ဖော်ပြပါအကြံပြုချက်များသည် နိုင်ငံအဆင့် ပြူတင်းပေါက်စနစ်ကို အနိမ့်ဆုံးအနေဖြင့် အာဆီယံနိုင်ငံများ၏ အဓိကဆိပ်ကမ်းနှင့် လေဆိပ်တို့တွင် အပြည့်အဝစတင်မိတ်ဆက်သည့်အနေအထားနှင့် ရှေ့ပြေးစမ်းသပ်စီမံချက်ပြီးမြောက်၍ အာဆီယံပြူတင်းပေါက်တစ်ပေါက်၏ နယ်ပယ်ကိုချဲ့ထွက်ခြင်း အနေအထားကို ထင်ဟပ်ပြနေပေသည်။ စင်စစ်ကောင်းစွာဆောင်ရွက်ကျင့်သုံးနိုင်မည့် ASW ဖြစ်ရန်မှာလက်ရှိ ASW စီမံချက်များ၏ နယ်ပယ်ကို ပို၍များပြားသော အကျိုးခံစားထိုက်သူများထိ တိုးချဲ့လာစေပြီး၊ အာဆီယံနိုင်ငံအားလုံးအတွက် အကျိုးသက်ရောက်မှု ရှိစေသော ဥပဒေမူဘောင်ပါသည်။

(ဆ) တင်ကြိုရှင်းလင်းမှုနှင့် အထောက်အထားလက်မှတ်အသုံးပြုမှုကိုအားပေးခြင်း။

ဤအချက်သည် ဆိပ်ကမ်းများ၌ကုန်စည်ပြည့်ကြပ်နေခြင်းကို လျော့စေရန်ဖြစ်ပြီး၊ ကုန်သေတ္တာများ သွက်လက်စွာသယ်ယူရွှေ့ပြောင်းစေနိုင်ပါသည်။ ထို့ပြင်လိုအပ်သော အချက်အလက်များကို ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့တင်ကြိုပေါ်စေပါသည်။ ထို့ပြင်ခေတ်မီသော ကွပ်ကဲမှုစနစ်ကို အကောင်အထည်ဖော်ခြင်းသည် အကောက်ခွန်အမျိုးအစားခွဲခြားစေနိုင်သည် တဆက်တည်းပင် ပင်ရင်းနိုင်ငံ အထောက်အထား လက်မှတ် COO လုပ်ငန်းစဉ်များတွင် ကိုယ်တိုင်အထောက်အထားပြခြင်းကို ဖြစ်နိုင်သရွေ့ အကောင်အထည်ဖော်ခြင်းအပါအဝင် COO ကိုထိရောက်၍ အကျိုးဖြစ်ထွန်းအောင် လုပ်ဆောင်ရေးအတွက်လည်း အရေးကြီးပါသည်။

(ဇ)　　ပုဂ္ဂလိကကဏ္ဍမှပါဝင်မှု - လုပ်ငန်းထိမ်းသိမ်းကြည့်ကြပ်မှုကော်မတီနှင့် နည်းပညာဆိုင်ရာကော်မတီများဖွဲ့စည်း၍ နိုင်ငံနှင့်ဒေသတွင်းအဆင့်များတွင် ပြူတင်းပေါက်စနစ်အတွက် ရည်ရွယ်၍ ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ ညှိနှိုင်းပြောဆိုမှုသို့မဟုတ် ဖိုရမ်ကို ပုံမှန်ကျင်းပသင့်သည်။

(ဈ)　　ရုပ်ဝတ္ထုအခြေခံများအဆင်သင့်ဖြစ်မှု - ၄င်းမှာ ကုန်စည်တင်ပို့တင်သွင်းမှု၊ ကုန်းလမ်း၊ လေကြောင်းနှင့် ဆိပ်ကမ်း အခြေခံအဆောက်အအုံများ မလုံလောက်မှုကြောင့် ကုန်တင်ကားတန်းရှည်များပေါ်လာခြင်းသည်ပုဂ္ဂလိကကဏ္ဍအတွက်အဓိကအကန့်အသတ်အတားအဆီးပင်ဖြစ်သည်။ NSW/ASW နှင့် အကောက်ခွန်ရှင်းလင်းရေးတို့ကို အထူးသဖြင့် နယ်စပ်ဒေသများတွင် ထိရောက်စွာ လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သည့် တိုးတက်လာသော အခြေခံအဆောက်အအုံများဟုဆိုရာတွင် အားကိုးအားထားပြုနိုင်လောက်အောင် လျှပ်စစ်ရရှိမှုနှင့် လုပ်ငန်းလည်ပတ်မှု ရပ်တန့်သွားခြင်းကို ဖယ်ရှားနိုင်မည့် ကျောထောက်နောက်ခံများအပြင် ပိုကျယ်သောလမ်းနှင့် ပို၍များသော ကားရပ်တန့်ရာလမ်းများကို နယ်စပ်ဂိတ်များ၌ ထားရှိခြင်းတို့ပါဝင်သည်။

### *၃။ စံချိန်စံညွှန်းများနှင့် စံသတ်မှတ်ချက်*

ကုန်သွယ်မှုဈေးကွက်ပွင့် အဆင်ပြေရေးလုပ်ဆောင်ချက်နှင့် ကူးသန်းပို့ဆောင်ရေးဆိုင်ရာ ကိစ္စအရပ်ရပ်တို့ပြီးလျှင် စံချိန်စံညွှန်းသတ်မှတ်ချက်များ (S & C) သည် AEC အတွက် ဒုတိယအရေးကြီးဆုံးနယ်ပယ်အဖြစ်အကောင်အထည်ဖော်သင့်ကြောင်းERIAကွင်းဆင်းလေ့လာမှုတစ်ခုက ယူဆသည်။ အဘယ်ကြောင့်ဆိုသော် လုပ်ငန်းများသည် နိုင်ငံခြားသို့ ပို့ကုန်များပို့ရာတွင် နည်းပညာဆိုင်ရာစည်းမျဉ်းဥပဒေများ သို့မဟုတ်စံချိန်များနှင့် သို့မဟုတ်ပါကလည်း စံချိန်ကိုက်ညီကြောင်း အထောက်အထားလက်မှတ်ရရန်အတွက် စရိတ်များရှိသည်။ အာဆီယံသည် AEC ကိုပေါက်မြောက်အောင် ဖော်ဆောင်ရာတွင် စံချိန်များ နည်းပညာဆိုင်ရာ စည်းမျဉ်းဥပဒေများနှင့် စံချိန်ကိုက်ညီမှု အကဲဖြတ်ချက်တို့နှင့် ဆက်စပ်နေသမျှကိစ္စတို့ သည် အတူတူပင်အရေးပါကြကြောင်း သိရှိထားသည်။ အစောပိုင်းက မှတ်ချက်ပြုသကဲ့သို့ပင် NTM အများစုမှာ ကုန်သွယ်ရေးတွင် နည်းပညာဆိုင်ရာ အတားအဆီးများနှင့် SPS တို့တွင် ဖြစ်နေကြသည်။

ပြည်တွင်းနိုင်ငံတကာ စံသတ်မှတ်ချက်များ လက်တွေ့လုပ်ဆောင်မှုများ၊ လမ်းညွှန်မှုများ ဟန်ချက်ညီစေရေးလုပ်ငန်းစဉ်တွင် မဖြစ်မနေလိုက်နာရမည်ဖြစ်သော နည်းပညာဆိုင်ရာ

လိုအပ်ချက်များနှင့် စည်းမျဉ်းများ၏ဟန်ချက်ညီရေးနှင့် စံချိန်ကိုက်ညီမှုအကဲဖြတ်သည့် လုပ်ငန်းအဆင့်ဆင့်တို့ ဟန်ချက်ညီရေး ရှုတ်ထွေးနက်နဲပြီး အချိန်ယူကာစဉ်ဆက်မပြတ် လုပ်ဆောင်ရမည့် ဖြစ်စဉ်ဖြစ်သည်။ ထို့ကြောင့် ASEAN ၏ စံချိန်စံညွှန်းများသတ်မှတ်မှုသည် ၂၀၁၅ ခုနှစ်ကိုများစွာကျော်လွန်ချိန်တွင်မှ သက်ဝင်ကျင့်သုံးရမည်ဖြစ်သည်။

၂၀၁၅ နောက်ပိုင်း AEC လမ်းညွှန်မှုပုံစံနောက်ဆက်တွဲအတွက် အကြံပြုချက်များတွင် အောက်ပါတို့ပါဝင်သည်။

(က) ရလဒ်များထွက်ပေါ်လာရန်အတွက် သွင်းအားစုများထပ်သုံးပါ။ AEC အတွက် S & C သည် အလွန်အရေးပါပြီး ရှုပ်ထွေးနက်နဲမှုလည်းရှိသည့်အားလျော်စွာ ရလဒ်များ ပေါ်ထွက်လာစေလိုပါက SPC အတွက် သွင်းအားစုထပ်သုံးရန်အတွက် အရေးကြီးပေသည်။ အထူးသဖြင့် ASEAN အထွေထွေအတွင်းရေးမှူးချုပ်ရုံး၏ S & C လုပ်ငန်းနယ်ပယ်တွင် လူအင်အားနှင့် ဝန်ထမ်းပံ့ပိုးမှုပို့ပေးရန် အရေးကြီးသည်။ စံချိန်စံညွှန်းသတ်မှတ်မည့် အဆင့်မြင့် တာဝန်ထမ်းအင်အားစုကို ဖြစ်နိုင်လျှင် စီးပွားရေးပေါင်းစည်းမှုအတွက် အဆင့်မြင့် ဝန်ထမ်းအင်အားစုနှင့် မဟာမိတ်ပြုခြင်းအားဖြင့် ပေါင်းစည်းပြီး အဆင့်မြင့်ပြိုင်စွမ်းသည့် အာဆီယံသို့ ဦးတည်ဖော်ဆောင်ပံ့ပိုးနိုင်မည့် S & C ၏ မူဝါဒကောက်ကြောင်းပုံနှင့် မျှော်မှန်းချက်များမဟာ ဗျူဟာများကို ကူညီဖော်ဆောင်ပေးနိုင်ပေလိမ့်မည်။

(ခ) ပြည့်စုံသော S & C များကိုဦးစားပေးပေါင်းစည်းကဏ္ဍများနှင့် ထိုမှတဆင့်ပို၍ ကျယ်ပြန့်စေရန်ပြု လုပ်ပါ။

ASEAN က အထူးတလည်ဆုံးဖြတ်ရမည့် ပထမဆုံးအချက်မှာ အာဆီယံ အကန့်အသတ်ဖြင့် တည်ရှိနေသော စွမ်းအားစုများကို ပို၍ထိရောက်စွာအသုံးချနိုင်ပြီး အကျိုးရလဒ်ပေါ်ထွက်စေနိုင်မည့် ဦးစားပေးပေါင်းစည်းထားသည့် ကဏ္ဍများနှင့် ပတ်သက်သည်။ ဦးစားပေးကဏ္ဍများ၏ S & C ပြဿနာဖြေရှင်းရန် အကြပ်ရိုက်နေမှုကို အပြည့်အဝဖြေရှင်းရန်အတွက် ဆောင်ရွက်စရာများစွာ ကျန်နေသေးသည်။ သို့ရာတွင် ဦးစားပေးကဏ္ဍများတွင် အောင်မြင်မှုသည် ၄င်းထက်ပို၍ S & C ကနဦးအစီအမံများကို တိုးချဲ့တောင်ရွက်ရာတွင် မေးခွန်းတစ်ခုမှာ ဦးစားပေးကဏ္ဍကဲ့သို့ပင် အလားတူသွားမည်လား၊ သို့မဟုတ်ပါက အာဆီယံကုန်စည်

လုံခြုံရေးစည်းမျဉ်း ဥပဒေမူဘောင်ဟူ၍ တီထွင်လိုက်သကဲ့သို့ ရေပြင်ညီနည်းလမ်းအားဖြင့် သွားမည့်လားဆိုသော အချက်ဖြစ်သည်။

(ဂ)　　ဦးစားပေးအတားအဆီးများကိုသတ်မှတ်ဖြေရှင်းပါ။

အတားအဆီးများနှင့် စီးပွားရေးအကျိုးစီးပွားအလားအလာများကို ပြင်ပမှသုံးသပ်ချက်များပေါ် အခြေတည်၍ ဖြေရှင်းရန်အားထုတ်ခြင်းသည် မည်သည့်အတားအဆီးကို ဦးစားပေးသင့်သည်ဆိုသည့်အချက်ကို ပြဋ္ဌာန်းရာတွင် အသုံးပြုဝင်သည်။ ထိုသို့ သုံးသပ်ရာတွင် သုံးလေ့ရှိသော နည်းလမ်းကိုပင် သုံးနိုင်ပြီး ၎င်းသည် ပုဂ္ဂလိကကဏ္ဍကို လုပ်ငန်းစဉ်နှင့် ဆက်စပ်ပေးမည့် စနစ်တစ်ခုအနေဖြင့်လည်း ဖြစ်လာပေမည်။

(ဃ)　　ပုဂ္ဂလိကကဏ္ဍနှင့် ဆက်စပ်ပတ်သက်၍ အကျိုးစီးပွားကိုအမြင့်ဆုံးရယူပါ။

AEC ဖြစ်စဉ်၌ ပုဂ္ဂလိကကဏ္ဍ ဆက်စပ်ပတ်သက်နေမှုအတိုင်းအတာမှာ ရောထွေးနေသည်။ S & C ကိစ္စတွင် ပုဂ္ဂလိကကဏ္ဍသည် အချို့ကုန်စည်မှုများအတွက် လုပ်ငန်းအုပ်စုများတွင် တက်ကြွစွာပါဝင်ခွင့် ပေးထားသော်လည်း တချို့နေရာတွင် မပါဝင်နေပြန်ပေ။ SMEs များသည်လည်း အရှိထက် ကိုယ်စားပြုနိုင်မှုက နိမ့်နေပေသည်။ ထို့ကြောင့် ပုဂ္ဂလိကကဏ္ဍအနေဖြင့် သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ ပြန်လည်တုန့်ပြန်သည့်စနစ်ကို ဖြစ်လာစေခြင်းနှင့် လုပ်ငန်းစဉ်အတွက် အထောက်အပံ့ဟူသော နေရာတို့မှ ပိုမိုပါဝင်လာစေရန် အလေးအနက်ထားရပေသည်။

(င)　　AEC မှရရှိလာမည့်အကျိုးကျေးဇူးများကိုသတ်မှတ်ပါ၊ ဆက်သွယ်တင်ပြပေးပါ။

AEC မှရရှိမည့် အကျိုးကျေးဇူးတစ်ရပ်လုံးအပြင် (S & C) ကနဦးအစီအမံများမှရရှိနိုင်မည့် အကျိုးကျေးဇူးများကို သတ်မှတ်ဖော်ထုတ်ခြင်းသည် အာဆီယံတစ်ခုလုံး၏ စည်းမျဉ်းများ၊ စံချိန်စံညွှန်းများအဖြစ်သို့ ဦးတည်ချက်တစ်ခု ဖြစ်သွားစေနိုင်ပါသည်။ သုတေသနရလဒ်များအတွက် သတင်းအချက်အလက် ကောက်ယူစုဆောင်းခြင်း၊ သရုပ်ခွဲဆန်းစစ်လေ့လာခြင်းနှင့်

ပြန်လည်ဖြန့်ဖြူးတင်ပြခြင်းတို့၌ ရင်းနှီးမြှုပ်နှံခြင်းသည် ထုတ်လုပ်သူနှင့် ဖြန့်ဖြူးရောင်းချသူတို့အား စံချိန်စံညွှန်းသတ်မှတ်ခြင်း ကနဦးလုပ်ဆောင်ချက်များ၏ အကျိုးကျေးဇူးကိုသက်သေသာဓကဖြင့် ပြရန်ပင်ဖြစ်ပါသည်။

(စ) စွမ်းရည်တည်ဆောက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာစေရန်လုပ်ဆောင်ပါ။

ပို၍ဖွံ့ဖြိုးသောစီးပွားရေးအဆောက်အအုံများသည် ဖွံ့ဖြိုးမှုနိမ့်သော စီးပွားရေးအဆောက်အအုံများနှင့် လုပ်ငန်းစဉ်တလျောက်လုံး၌ အတူတကွဆောင်ရွက်ခြင်းအားဖြင့် ၎င်းတို့အကြား အားလုံး၌ အတူတကွ ဆောင်ရွက်ခြင်းအားဖြင့် ၎င်းတို့အကြား ခွဲခြားမှုနှင့် ဖွံ့ဖြိုးမှုနောက်ကျခြင်းတို့ကို မနက်ရှိုင်းစေတော့ပါ။

## *၄။ အဆင့်မြင့်စွာ ယှဉ်ပြိုင်နိုင်သည့် ဝန်ဆောင်မှုဈေးကွက်များ*

ပုံစံပြလေ့လာချက်ရလဒ်များအရ အာဆီယံဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ခြင်းရှိ အတားအဆီးများကို လျော့ပါးစေခြင်းဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အကျိုးကျေးဇူး သိသိသာသာ ဖြစ်ထွန်းပေးလိမ့်မည်။ ထို့ပြင် ထုတ်လုပ်မှုကွန်ယက်များနှင့် တန်ဖိုး မြင့်တင်မှုဖြစ်စဉ်တို့အတွက် ကော်သဖွယ် ဖြစ်သည်။ ခေတ်မီလုပ်ငန်းများမှာ သယ်ယူပို့ဆောင်ရေးကိစ္စအရပ်ရပ်နှင့် သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးလုပ်ငန်းများနှင့် ဘဏ္ဍာရေးတို့ဖြစ်သည်။ တန်ဖိုးမြှင့်ဖြစ်စဉ် ဖြစ်ထွန်းလာသည်နှင့်အမျှ ထုတ်လုပ်မှုတွင် အရည်အသွေးမြင့်ဝန်ဆောင်မှုကို ပိုသုံးရပြီး ပြည်တွင်းပြည်ပသို့ လက်ခွဲလုပ်ဆောင်စေမှုကို တိုး၍ လုပ်ဆောင်လာသည်။

ကုန်စည်ဘဏ္ဍာနှင့် စီးပွားရေး အဆောက်အအုံတစ်ခုလုံးအတွက်၎င်း၊ အများနှင့်ယှဉ်ပြိုင်ရသော တန်ဖိုးမြှင့်ဖြစ်စဉ်ကို အရည်အသွေးမြင့်ရာတွင်လည်းကောင်း စွမ်းဆောင်ရည်ပြည့်ဝန်ဆောင်မှု ကဏ္ဍတစ်ခု၏ အရေးပါသော အခန်းကဏ္ဍအပြင် အောက်ပါမူဝါဒဆိုင်ရာပတ်သက်မှုများလည်း ပါဝင်နေသည်။ (က) ဝန်ဆောင်မှုကဏ္ဍ၏ပါဝင်ယှဉ်ပြိုင်နိုင်မှုကို မြှင့်တင်ခြင်း (လက်ဝါးကြီးအုပ်နည်းလမ်းများအပါအဝင်)၊ (ခ) ဝန်ဆောင်မှုများကို တန်းတူညီမျှ ရရှိရန်လိုအပ်ခြင်း၊ (ဂ) ထင်သာမြင်သာပြီး ပို၍များသော အကျိုးသက်ရောက်မှုများက ပိုမို ပါဝင်ဆောင်ရွက်လာမှု၊ (ဃ) ဝန်ဆောင်မှုကဏ္ဍ၌ ဈေးကွက်စနစ်၏ကျဆုံးမှုကို ဖြေရှင်းနိုင်မည့် စည်းမျဉ်းဥပဒေကောင်းများ စသည်တို့ဖြစ်သည်။

၂၀၁၅ နှစ်လွန်ကာလများသို့ ရှေ့ရှုချီတက်ရာတွင် အောက်ပါတို့ပါဝင်လာသည်။

(က) AFAS 8 ထက်ပို၍ နက်ရှိုင်းကျယ်ပြန့်သော ဝန်ဆောင်မှုနယ်ပယ် (ဥပမာ AFAS 10)

(ခ) 15% အလျော့အတင်းထက်ပို၍ အမျှော်အမြင်ရှိသည့် လုပ်ဆောင်မှု (၂၀၁၅ လွန်လျှင် အလျော့အတင်း ရာခိုင်နှုန်းကို ပို၍လျော့ချခြင်း)

(ဂ) MA နှင့် NT အကန့်အသတ်များအနည်းဆုံးဖြစ်စေရန်

(ဃ) ချိတ်ဆက်လုပ်ဆောင်မှုက အရေးပါသည့် ဝန်ဆောင်မှုလုပ်ငန်းစုများတွင်ပို၍ ပါဝင်ယှဉ်ပြိုင်လာနိုင်စွမ်းကို ဦးစားပေးလုပ်ဆောင်ရန်။

*ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများ*

ဒေသတွင်း ဘဏ္ဍာရေးပေါင်းစည်းရေးကို ချင့်ချင့်ချိန်ချိန်ဖြင့် သတိထားချဉ်းကပ်နည်းဖြင့် လုပ်ရမည် ဖြစ်သည်။ ပို၍ပေါင်းစည်းသော ဘဏ္ဍာရေးဈေးကွက်များသည် နိုင်ငံတစ်ခုအတွင်း ငွေရေးကြေးရေးဘဏ္ဍာရေး ဝန်ဆောင်မှုများတွင်း စွမ်းဆောင်ရည်နှင့် တီထွင်ဖန်တီးမှု ဖြစ်လာစေနိုင်ပြီး၊ ဒေသတွင်းရှိ ရင်းနှီးမြှုပ်နှံမှုများကို ပို၍ကောင်းမွန်စွာ ခွဲဝေအသုံးပြုရန် ကျယ်ပြန့်စွာ နေရာပေးနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုများကိုလည်းပို၍ ဆွဲဆောင်နိုင်စေသည်။ သို့သော် နိုင်းဆချင့်ချိန် ဆောင်ရွက်နိုင်သော ဥပဒေစည်းမျဉ်းဆိုင်ရာ စွမ်းရည်နှင့်စနစ်များ အာဆီယံနိုင်ငံများရှိနေသကဲ့သို့ ဒေသတွင်းဘဏ္ဍာရေး တည်ငြိမ်မှု အခြေခံအဆောက်အအုံမှာလည်း မလုံလောက်နိုင်သေးသည်ဖြစ်ရာ ဘဏ္ဍာရေးပူးပေါင်း ဆောင်ရွက်ရာတွင် စွန့်စားရမှုက အထင်အရှားပင်ရှိနေသည်။ ဘဏ္ဍာရေးဝန်ဆောင်မှုများနှင့် ပတ်သက်၍ အတားအဆီးများ ဖြေလျှော့ပေးရာတွင် AMS များ၏ ရောထွေးလုပ်ဆောင်နေမှုများ ရှိသော်ငြားလည်း၊ ၂၀၂၀ခုနှစ် နောက်ဆုံးထား၍ ABIF သည် ဘဏ်လုပ်ငန်းပေါင်းစည်းမှု ပြုလုပ်ရန် ရည်ရွယ်ထားသည်။ ဘဏ်လုပ်ငန်းပေါင်းစည်းမှုသည် ဘဏ်လုပ်ငန်း၌ အတားအဆီးများ ဖြေလျှော့ပေးမှုထက်ပိုပြီး ၄င်းတွင်ပူးပေါင်း ဆောင်ရွက်ခြင်းနှင့် ဆက်စပ်ညီညွတ်စေခြင်းတို့ပါ ပါဝင်သည်။ ဤအချက်က ဘဏ်လုပ်ငန်းတွင် ချိန်ဆလုပ်ဆောင်မှုသဘော၏ အရေးပါပုံနှင့် အာဆီယံနိုင်ငံများအကြား အထူးသဖြင့် BCLMC တို့၌ ဘဏ္ဍာရေး တည်ငြိမ်မှု အခြေခံ အဆောက်အအုံများ၌ ကွာဟမှုကြီးမားကြောင်းကို ထင်ဟပ်ပြနေသည်။ အာဆီယံနိုင်ငံများသည် ကုန်သွယ်ရေးသံသရာ၏ ဟန်ချက်ညီ့ထိန်း

ပေးမှုကြောင့် ပိုတိုး၍ အပြန်အလှန် ဆက်နွယ်လျှက်ရှိနေသည်ဖြစ်ရာ နိုင်းနိုင်းချိန်ချိန် ဆောင်ရွက်မှုကို လိုလားတောင်းဆိုရာ ရောက်နေသည်။ အာဆီယံအတွင်း ပိုမို ကျယ်ပြန့်သော မေခရိုဘောဂဗေဒမူဝါဒများ စပ်ညီညွတ်စေရန် လည်း လိုအပ်နေသည်။ EU ၏ သင်ခန်းစာများကို ရယူလျှက် အာဆီယံသည် ဘဏ်လုပ်ငန်း ပေါင်းစည်းရေးတွင်ပို၍ သတိကြီးစွာဖြင့် ချဉ်းကပ်နည်းကို လက်ကိုင်ထားကာ စည်းမျဉ်းဥပဒေများ၏ မှုများ ဟန်ချက်ညီရေး၊ ဘဏ္ဍာရေးတည်ငြိမ်မှု အခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ BCLMV တို့အတွက် စွမ်းရည်မြှင့်တင်ရေးနှင့် အာဆီယံအရေအသွေးမှီဘဏ်များ (ASEAN Qualitied Banks) အတွက် ဈေးကွက်ဝင်ရောက်မှုတို့ကို ပို၍အလေးထားပြီး လက်ခွဲ ဘဏ်များနှင့် စတင်ကာ ဆက်လက်၍ ဘဏ်ခွဲများ၌ ကျင့်သုံးလာရန် ရှိပါသည်။

ထို့ကြောင့် အာဆီယံ ၂၀၁၅နှစ်လွန် ဘဏ္ဍာရေးဝန်ဆောင်မှု လုပ်ငန်းများအတွက် အကြံပြု ရာတွင် အောက်ပါတို့ကို ထည့်သွင်းထားပါသည်။ (ဝိဟာဇ၊ ၂၀၁၃)

(က) ဘဏ္ဍာရေးတည်ငြိမ်မှု အခြေခံအဆောက်အအုံတည်ဆောင်၍ ပေါင်းစည်းမှု အပြီး၌ ပင်ကိုယ်ပါဝင်နေသည့် စွန့်စားမှုနှင့် ပေါင်းစည်းမှုအပြီး ကူးစက်သွားနိုင်သည့် အကျိုးသက်ရောက်မှုတို့ကို ထည့်သွင်းရန်။ ၄င်းတွင် ဒေသအလိုက် မေခရိုအဆင့် ဘဏ္ဍာရေးလုပ်ငန်းများကို စောင့်ကြပ်ကြည့်ရှုမှု (AMRO. လက်အောက်)၊ ဒေသတွင်း အကျပ်အတည်း စီမံခန့်ခွဲမှု မူလအစီအစဉ် ဒေသတွင်းပေးချေမှုနှင့် ညှိနှိုင်းမှုစနစ်၊ ဒေသတွင်း ဘဏ္ဍာရေး လုံခြုံမှုကွန်ယက် (ယခု CMIM ၏လက်အောက်)၊ ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်များကို ကာကွယ်ပေးမည့် တရားဥပဒေစနစ်နှင့် အာဆီယံနိုင်ငံများကြား အခွန်သတင်းအချက်အလက်များကို ဖြစ်နိုင်သ၍ အလိုအလျောက်ဖလှယ်မှု စသည်တို့ ပါဝင်သည်။

(ခ) အာဆီယံနိုင်ငံများအကြား ငွေကြေးလုပ်ငန်းဆိုင်ရာ စည်းမျဉ်းများ ဟန်ချက်ညီစေ ရန်။ ဝင်ရောက်မှုဆိုင်ရာအဟန့်အတားများရှိသော်လည်း ခိုင်မာပွင့်လင်းသော ဘဏ္ဍာရေး ကဏ္ဍ မပေါ်ထွန်းမည်တွင် ကြံ့ခိုင်သော ငွေကြေးလုပ်ငန်းဆိုင်ရာ စည်းမျဉ်းများသည် အလုပ် ဖြစ်သော အရာများပင်ဖြစ်သည်။

(ဂ) စွမ်းရည်တည်ဆောက်မှုသည် အလွန်အရေးကြီးသည်။ အထူးသဖြင့် စည်းမျဉ်း ဥပဒေဆိုင်ရာကွာဟချက်ကြီးမားသော BCLMV. တို့တွင် အရေးကြီးပေသည်။

(ဃ)   အာဆီယံနှင့် အာဆီယံအပေါင်းသုံး (တရုတ်၊ ဂျပန်၊ ကိုးရီးယား) တို့အတွင်းရှိ ပို၍ကြီးမားသော မေခရိုဘောဂဗေဒဆိုင်ရာ ဆက်စပ်ညီညွတ်မှု။

(င)   ABIF နှင့် ဒေသတွင်း ဘဏ္ဍာရေးပေါင်းစည်းမှုကို ရှုထောင့်အမြင်ပေါင်းစုံဖြင့် အနီးကပ်လေ့လာမှု ။ ဒေသတွင်း နက်ရှိုင်းသည့် ဘဏ္ဍာရေးဆိုင်ရာ အချိန်အဆက်များ၏ စွန့်စားရမှုနှင့် အကျိုးရလာဒ်များဟူသော အမြင်အရဆိုလျှင် အာဆီယံဘဏ်လုပ်ငန်း ပေါင်းစည်းမှု မူဘောင် (ABIF) ကို အကောင်အထည်ဖော်ခြင်း၏ အကျိုးကျေးဇူးများ၊ အခွင့်အလမ်းများ စရိတ်များနှင့် စွန့်စားမှုများကို ဆန်းစစ်ရန် အရေးကြီးပေသည်။

*၅။ ရင်းနှီးမြှုပ်နှံမှုတွင် အတားအဆီးများ ဖြေလျှော့ပေးခြင်းနှင့် ယှဉ်ပြိုင်မှု မူဝါဒ*
မြင့်မားသော ရင်းနှီးမြှုပ်နှံမှုနှုန်းထားသည် မြင့်မားသော စီးပွားရေးတိုးနှုန်းလျာထားချက်ကို ပြည့်မီစေရန်တွင် အလွန်အရေးပါကြောင်း အစီရင်ခံစာကဆိုသည်။ အာဆီယံသည် မိမိ၏ ယှဉ်ပြိုင်နိုင်သော အခြေခံအုတ်မြစ်ကို ကြံ့ခိုင်လာစေရန်နှင့် တစ်နေ့ထက်တနေ့ ပိုမို ယှဉ်ပြိုင်နေရသော ကမ္ဘာ့ဈေးကွက်အတွင်း မိမိ၏ နည်းပညာဆန်းသစ်မှုကို တိုးမြင့်နိုင်ရန် အတွက် နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု  စီးဝင်မှုအပေါ် များစွာမှီခိုနေရသည်။ ဤ အဓိပ္ပါယ်မှာ အာဆီယံဒေသသည် မိမိဒေသတွင်း ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာစေမည့် အခြေအနေကို ဆက်လက်ထိန်းသိမ်းထားရန်နှင့် အမှန်တကယ်တိုးတက်စေရန် လိုပေ သည်။ ပို၍လွတ်လပ်ပွင့်လင်းသော ရင်းနှီးမြှုပ်နှံမှု မူဝါဒအနစ်တရပ်ဖြင့် ဒေသတွင်း ရင်းနှီး မြှုပ်နှံမှု ဝင်လာစေမည့် အခြေအနေကို ပို၍တိုးတက်နိုင်စေမည်ဟု မျှော်လင့်နိုင်ပါသည်။

ရင်းနှီးမြှုပ်နှံမှုတွင် အတားအဆီးများ ဖြေလျှော့ခြင်းအတွက် ရှေ့လုပ်ငန်းစဉ်မှာ အတော် အတန် ရိုးစင်းပေသည် - ACIA ၏လက်အောက်တွင် အပိုင်းလိုက်ဖြေလျှော့ပေးခြင်း လုပ်ငန်းစဉ်ကို ဆက်လုပ်သွားရန်ဖြစ်သည်။ အာဆီယံနိုင်ငံတို့၏ ခိုင်မာပြတ်သားသော နိုင်ငံရေးဆန္ဒများနှင့် အားလုံးခြုံကြည့်လျှင် ထိုးနှက်တိုက်ခိုက်နိုင်စွမ်းများ ကိုယ်တိုင် ရွေးချယ်မှု ပုံစံနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အကန့်အသက် အဟန့်အတားများကို ဟန့်တား၊ အခြေအနေကောင်းများ ဖြစ်ထွန်းမှုတို့အပြင် CII Peer Review Mechanism ၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် အပိုင်း-၁ အတွက် ရှင်းလင်းသော လမ်းညွှန်ချက်များ ရှိထားသည် ဟူသောအချက်သည် ရင်းနှီးမြှုပ်နှံမှု၏ အဟန့်အတား အနောက်အယှက်များ၏ အတိုင်းအတာကို သိမ်ငယ်စေရန် (သို့) ဖယ်ရှားနိုင်စေသည်။ ကြံ့ခိုင်ဆန်းသစ်၍ ရှေ့သို့ ဆက်လက်ချီတက်စေနိုင်မည့် ယူဆချက်ပင်ဖြစ်သည်။

AECလမ်းညွှန်ပုံစံကိုအကောင်အထည်ဖော်မှုအတွက် ERIA၏ကာလလယ်သုံးသတ်ချက်က အပိုင်း-၂ အောက်ရှိ အနည်းဆုံး ရင်းနှီးမြှုပ်နှံမှုအဟန့်အတား အနှောက်အယှက်များဟူသော အချက်တွင်ပါဝင် သင့်သည့်များ အရာများဆိုင်ရာ လမ်းညွှန်ချက်များနှင့် တတိယ အဖွဲ့အစည်း၏ ကြီးကြပ်ကွပ်ကဲမှုနှင့် သွင်းအားစု ၄င်းတွင် ဖြစ်နိုင်ပါက ERIA နှင့် ERIA RIN အဖွဲ့ဝင်များကဲ့သို့သော အဖွဲ့အစည်းများ၏ အသေးစိတ်ပံ့ပိုးမှုတို့ကို ချမှတ်ရေးအကြံပြု တင်ပြခဲ့သည်။

AEC ၂၀၁၅ကို ရည်ရွယ်၍ ထိုသို့သော အားထုတ်မှုမျိုးဖြင့် ဒေသတွင်း ရင်းနှီးမြှုပ်မှုစနစ်၏ အပိုင်းလိုက် ထပ်မံဖြေလျော့ပေးမှုနှင့်အတူ ရှေ့ဆက်ရေးအတွက် တွန်းအားပေးရန် လိုပေသည်။

### *၆။ ယှဉ်ပြိုင်မှုမူဝါဒ*

၄င်းသည် ဖြေလျော့ပေးခြင်းနှင့် လွယ်ကူချောမွေ့စေရေး ကနဦး အစီအမံများအတွက် အရေးကြီးသောတွဲဘက်တစ်ခုဖြစ်သည်။ ယှဉ်ပြိုင်မှုမူဝါဒသည်တိုး၍ပေါင်းစည်းလာနေသော အာဆီယံအတွက် ပြည်တွင်းဈေးကွက် လုပ်ဆောင်ချက်အားဖြင့်သာမက နိုင်ငံပေါင်းစုံနှင့် ဈေးကွက်များ အနေဖြင့်ပါ ဆီလျော်လာပေသည်။ ယှဉ်ပြိုင်မှုမူဝါဒ၏ အခြေခံပန်းတိုင်မှာ လုပ်ငန်းများအားလုံး ပြည်တွင်းရော ပြည်ပတွင်ပါ တန်းတူပါဝင်စေနိုင်ရေးပင်ဖြစ်သည်။

၂၀၁၅ခုနှစ်လွန်ကာလအတွက် ယှဉ်ပြိုင်မှုမူဝါဒတွင် အောက်ပါတို့ကိုထည့်သွင်းအကြံပြုထား သည်။

(က) ယှဉ်ပြိုင်မှုဥပဒေအကောင်အထည်ဖော်မှု-၂၀၁၅ခုနှစ်ရောက်သည်အထိယှဉ်ပြိုင်မှု ဥပဒေများ မရှိသေးသည့် အာဆီယံနိုင်ငံများကို အားပေးပြီး၊ နည်းပညာအကူအညီများဖြင့် ပံ့ပိုးရန်လိုသည်။

(ခ) စွမ်းဆောင်တည်ဆောက်မှု - ပို၍ သမားရိုးကျဆန်ပြီး ဖွဲ့စည်းပုံစနစ်တကျရှိသော နည်းလမ်းမျိုးကို စွမ်းဆောင်ရည်ဆောက်ရာတွင် ထည့်သွင်း စဉ်းစားရန်လိုသည်။

(ဂ) ယှဉ်ပြိုင်မှု မူဝါဒကို အချင်းချင်းသုံးသပ်ခြင်း - အာဆီယံတွင် ယှဉ်ပြိုင်မှုဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း အသီးသီးတို့၏ လုပ်ဆောင်ချက်များကို လိုက်နာအောင် တွန်းအား

ပေး ကြီးကြပ်ခြင်း မညီမမျှရှိနေရာ ပို၍တိုးတက်ကောင်းမွန်လာစေရန် ယှဉ်ပြိုင်မှု ဥပဒေနှင့် မူဝါဒကို မိမိတို့အချင်းချင်း ပြန်လည်သုံးသပ် ထိုက်ပေသည်။

(ဃ) တွန်းအားပေးကြီးကြပ်မှုတွင် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များ - နက်ရှိုင်းစွာ စီးပွားရေး ပေါင်းစည်းခြင်းနှင့်အတူ ပို၍ကြံ့ခိုင်သော ပူးပေါင်းဆောင်ရွက်မှုကို ယေဘူယျ သတင်း အချက်အလက်ဖလှယ်ခြင်း၊ အမှုခင်းကိုကိုင်တွယ်ပုံ လမ်းညွှန်ချက်များနှင့် ပူးတွဲစုံစမ်း စစ်ဆေးခြင်းစသော တွန်းအားပေးကြီးကြပ်မှုများတွင် ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပေသည်။

(င) ယှဉ်ပြိုင်မှုတွင် ကြားနေရေးသုံးသပ်ချက်နှင့် အကောင်အထည်ဖော်မှု - အာဆီယံ သည် မိမိ၏ စီးပွားရေး ပေါင်းစည်းမှုကို နက်ရှိုင်းစေသည်နှင့်အမျှ အာဆီယံသည် အစိုးရက ထုတ်ပေးသော ဘဏ္ဍာရေးအာမခံချက်များ၊ လုပ်ငန်းများသို့ပေးသော အစိုးရ၏ အကူအညီ များနှင့် ထောက်ပံ့ကြေးများ (အစိုးရပိုင်လုပ်ငန်းများ သို့မဟုတ် အစိုးရနှင့် ချိတ်ဆက်နေသော ကော်ပိုရေးရှင်းများ) နှင့် အစိုးရ၏ ဝယ်ယူမှု စသည်တို့တွင် ယှဉ်ပြိုင်မှုဆိုင်ရာ ကြားနေရေးနှင့် ဆိုင်သော လေ့လာချက်တစ်ရပ်ကို ဆောင်ရွက်ရန် သို့မဟုတ် အဖွဲ့အစည်းဖွဲ့၍ လေ့လာရန် ကို အကြံပြုထားသည်။

(စ) စုပုံရှင်းရောင်းချမှုကို ဆန့်ကျင်ခြင်းနှင့် စည်းမျဉ်းဥပဒေဖြင့် ထိန်းကျောင်းမှု - အာဆီယံ ရှိ စုပုံရှင်းရောင်းချမှု ကိစ္စများကို သုံးသပ်ခြင်းနှင့် ယှဉ်ပြိုင်မှု မူဝါဒ(စားသုံးသူအကျိုးစီးပွားကို အလေးထားသော) နှင့် စုပုံရှင်းရောင်းချခြင်းကို ဆန့်ကျင်သောမူဝါဒ (လုပ်ငန်းများ၏ အကျိုး စီးပွားကို အလေးပေးသော) တို့၏ ဖြစ်နိုင်ခြေရှိသော ဝိရောဓိတို့နှင့်ဆိုင်သည့် လေ့လာမှု တစ်ရပ်ကို လုပ်ဆောင်ရန် လိုကောင်းလိုပေမည်။ ယှဉ်ပြိုင်ခြင်းတွင် ဈေးနှုန်းထိန်းချုပ်ခြင်းများ ကျင့်သုံးခြင်းကဲ့သို့သော် အစိုးရ၏ စည်းမျဉ်းဥပဒေတို့၏ အကျိုးသက်ရောက်မှုကိုလည်း လေ့လာရန် လိုပေမည်။

## *၇။ ကျွမ်းကျင်လုပ်သားပြောင်းရွှေ့မှု*

AEC လမ်းညွှန်ပုံစံတွင် ကျွမ်းကျင်လုပ်သား လွတ်လပ်စွာရွှေ့ပြောင်းမှုကို တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဟူသော မဏ္ဍိုင်၏ အပိုင်းတစ်ခုအဖြစ် ထည့်သွင်းထား သည်။ သို့သော်လမ်းညွှန်ပုံစံမှ နည်းလမ်းများမှာ ကျွမ်းကျင်လုပ်သား ထိန်းကွပ်ရွှေ့ပြောင်းမှု ကိုသာ ပို၍အထောက်အကူပြုနေပေသည်။ ထို့ကြောင့် အကောင်းဆုံးမှာ ကျွမ်းကျင် လုပ်သားပြောင်းရွှေ့မှုကို အာဆီယံ၏ ဆွဲဆောင်ယှဉ်ပြိုင်နိုင်စွမ်းအတွက် (ဥပမာ -

အရည်အသွေး ကျွမ်းကျင်မှု တစ်ခုနှင့်တစ်ခု တွဲဖက်အသုံးပြုနိုင်မှု) ရည်ရွယ်၍ ရှုမြင်ပြီး၊ လူလူချင်း ချိတ်ဆက် မိမှု၏ အရေးပါသော အပိုင်းဖြစ်၊ ၄င်းမှတစ်ဆင့် ချိတ်ဆက်လျက်ရှိသော အာဆီယံ၏ အစိတ်အပိုင်းအဖြစ် အောက်တွင် ဆွေးနွေးထားသည့်အတိုင်း ဖွဲ့စည်း ဖြစ်ပေါ်လာပေသည်။ ၂၀၁၅ခုနှစ်အလွန်အထိ ဆက်လက်သွားနိုင်ရန် အောက်ပါနည်းလမ်းတို့ကို အကြံပြုပါသည်။

(က) အဆင့်မြင့် ပညာအဖွဲ့အစည်းများအကြား ပို၍ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုကို အားပေးရန်နှင့် ကျောင်းသားနှင့် ဝန်ထမ်းများ ဖလှယ်ရေးအစီအစဉ်များ ချောမွေ့စွာ ဖြစ်စေရန်။ အင်္ဂလိပ်ဘာသာစကားအသုံးပြုမှုသည် ကျောင်းသားနှင့် ဝန်ထမ်းများ ဖလှယ်မှု အစီအစဉ်များတွင် အသုံးဝင်ပေသည်။ တစ်ချိန်တည်းမှာ အာဆီယံသည် Europe's Erasmus Programme နှင့် Bologna Process ကဲ့သို့သော အဆင့်မြင့်ပညာကျောင်းသား ဘာသာရပ်အလိုက်ရရှိထားသော ခရက်ဒစ်၊ စသည်တို့ကို လွှဲပြောင်းရယူနိုင်ကာ ဒီဂရီနှင့် ခရက်ဒစ်ကို ညီမျှချက်တစ်ခုဖြင့် ထားသောစနစ်မျိုးကို ကျင့်သုံးနိုင်သည်။

(ခ) အာဆီယံကျွမ်းကျင်ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများ၏ အဝင်နှင့် အလုပ်အကိုင်ရရှိမှုတို့ကို အတားအဆီးဖြေလျော့ပေးရန်နှင့် ချောမွေ့စေရန်။ ဤအချက်နှင့် ဆက်စပ်နေသောဆောင်ရွက်မှုများမှာ ဗီဇာထုတ်ပေးရာတွင် အဆင်ပြေချောမွေ့စေရေး၊ ကျွမ်းကျင်ပညာရှင်နှင့် ကျွမ်းကျင်လုပ်သားများအတွက် အလုပ်လုပ်ခွင့်ပါမစ်များ၊ အလုပ်အကိုင် ရရှိမှုနှင့် ပတ်သက်သည့် ဥပဒေနှင့် မူဝါဒဆိုင်ရာ အကန့်အသတ်များတွင် ထင်သာမြင်သာရှိမှု အာဆီယံအရည်အသွေးအသိအမှတ်ပြုမှု မူဘောင်ဖန်တီးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းနှင့်ဆိုင်သည့် သတင်းအချက်အလက် ကွန်ယက်တိုးတက်မှုနှင့် လွယ်သောလူမှုဖူလုံ အကျိုးခံစားခွင့်စသည်တို့ဖြစ်သည်။

(ဂ) အာဆီယံအဆင့်မြင့်ပညာရပ်ဆိုင်ရာ ဗဟိုဌာန ထူထောင်ရန်။ အရည်အသွေး အပြန်အလှန် အသိအမှတ်ပြုမှုနှင့် ကျွမ်းကျင်ပညာရှင်နှင့် ကျွမ်းကျင်လုပ်သား လွတ်လပ်စွာ ပြောင်းရွှေ့မှုနှင့်အတူ အာဆီယံသည် အဆင့်မြင့်ပညာရပ်ဆိုင်ရာဗဟိုဌာန ပေါ်ထွန်းလာပြီး နိုင်ငံ အသီးသီးရှိ ကဏ္ဍခွဲများနှင့် ဝန်ဆောင်မှုမျိုးစုံတို့၏ အချက်အခြာနေရာများ ဖြစ်လာစေရန် ဆန်းစစ်လေ့လာသင့်သည်။

(ဃ) ပိုမိုထိရောက်သည့် MRA အကောင်အထည်ဖော်မှု။ အချို့သော ASEAN ပညာရှင်

အဆင့်အလုပ်အကိုင်အချို့အတွက် EU ကျွမ်းကျင်ပညာရှင် ကဒ်နှင့် အဆင့်တူညှိနိုင်းမှုကို စမ်းသပ်လုပ်ဆောင်သင့်သည်။

(င) ကျွမ်းကျင်လုပ်သားရွှေ့ပြောင်းမှုနှင့် ပတ်သက်၍ အတွေးအခေါ်ပုံစံပြောင်းသင့်သည်။ ဤအချက်တွင် ကျွမ်းကျင်လုပ်သား ရွှေ့ပြောင်းခြင်းဆိုသည်မှာ ပြည်တွင်းရှိ ပင်ကိုယ်အရည်အသွေးများ အစုအဝေးတွင် အခြားမှအရည်အသွေးများဖြင့် ပိုအစွမ်းသက်လာစေခြင်းဟူ၍ ထင်မြင်စေရန်ဖြစ်သည်။

## *၈။ ချိတ်ဆက်လျက်ရှိသော အာဆီယံ*

ချိတ်ဆက်မိမှုသည် ပေါင်းစည်းသော၊ ယှဉ်ပြိုင်နေသောအာဆီယံအနေဖြင့် ထုတ်လုပ်မှုအခြေခံတစ်ခုအဖြစ်နှင့် ပို၍စည်းလုံးသော အာဆီယံဈေးကွက်တစ်ခုဖြစ်ရေး၏ အချက်အခြာပင်ဖြစ်သည်။ အာဆီယံသည် အာဆီယံချိတ်ဆက်မှု (MPAC) ကို သုံးဘက်သွားဗျူဟာတစ်ခုဖြစ်သည့် ရုပ်ဝတ္ထုချိတ်ဆက်မိမှုအတွက် စွမ်းအားဖြင့် ရုပ်ဝတ္ထုအခြေခံအဆောက်အအုံများအဖြစ်ရရှိခြင်း၊ အင်စတီကျူးရှင်းဆိုင်ရာ ချိတ်ဆက်မိမှုအတွက် ထိရောက်သောအင်စတီကျူးရှင်းများ စနစ်ပုံများနှင့် လုပ်ငန်းစဉ်များရှိစေခြင်းနှင့် လူနှင့်လူချင်း ချိတ်ဆက်မိမှုအတွက်စွမ်းအားပြည့်စုံသော လူများဖြစ်စေခြင်းတို့ကို လွှမ်းခြုံရေးဆွဲထားသည့် စီမံချက်တစ်ခုကို လုပ်ဆောင်နေလျက်ရှိသည်။ ကုန်သွယ်မှုချောမွေ့ရေး၊ အကောက်အခွန်မဟုတ်သောနည်းလမ်းများကို အဆင်ပြေချောမွေ့စွာကျင့်သုံးရေး ဆောင်ရွက်ခြင်းနှင့် ပို၍အထောက်အကူပြုနိုင်မည့် SRC စနစ်ဖြင့်လာစေရေး စသည်တို့အားလုံးသည် အာဆီယံအတွင်း အင်စတီကျူးရှင်းဆိုင်ရာ ချိတ်ဆက်မိမှုကို တိုးမြှင့် စေသည်။ အာဆီယံသည် ဒေသတွင်းသယ်ယူပို့ဆောင်ရေးသဘောတူညီချက်များနှင့် ဒေသတွင်းသယ်ယူပို့ဆောင်ရေးအခြေခံများ တိုးတက်ရေးအတွက် ဘက်စုံဒေါင်စုံမှ အားထုတ်မှု (ဥပမာ-အာဆီယံအဝေးပြေးကွန်ယက်၊ စင်္ကာပူ-မကူမင်းရထားလိုင်း) စသည်တို့ဖြင့် ရုပ်ဝတ္ထုဆိုင်ရာ ချိတ်ဆက်မှုကို မြှင့်တင်လျက်ရှိသည်။

အာဆီယံတွင် အာဆီယံမဟာဗျူဟာမြောက် သယ်ယူပို့ဆောင်ရေးစီမံချက် (ASTP) နှင့် အာဆီယံချိတ်ဆက်မှု (MPAC) အတွက် မဟာစီမံကိန်းကြီးတစ်ခု တိုးမြှင့်အာဆီယံ၏ ရုပ်ဝတ္ထု ချိတ်ဆက်မှုဖြစ်ထွန်းလာစေရန်အတွက် ရှင်းလင်းသော မဟာဗျူဟာမြောက် လုပ်ဆောင် ချက်များရှိသည်။ ၂၀၁၅ အတွက်နှင့် ၎င်းထက်ကျော်လွန်သောကာလအတွက် ရုပ်ဝတ္ထု ချိတ်ဆက်မှု မဖြစ်မနေ အကောင်အထည်ဖော်ရမည့် စိန်ခေါ်မှုရှိနေသည်။

ထို့ကြောင့် ဥပမာ အဓိကကုန်းလမ်းပို့ဆောင်ရေးစာချုပ်နှစ်ခုဖြစ်သည့် AFAEGIZ နှင့် AFSIST တို့ကို လက်တွေ့လက်ဆောင်နိုင်ရန်အတွက် Protocal 2 ကို ၂၀၁၅ နောက်ဆုံးထား၍ လက်မှတ်ရေးထိုးရန် အရေးကြီးသည်။ RIAT ကို ASEAN–X အောက်တွင် လုပ်ဆောင်လျှက်ရှိသည်။ သို့သော် အင်ဒိုနီးရှား မပါဝင်ဘဲနှင့် PIAT အောက်ရှိ အာဆီယံ၏ ချိတ်ဆက်မှုသည် ပြည့်စုံရန် ဝေးပါသေးသည်။ ထို့ကြောင့် စိတ်ခေါ်မှုမှာ အင်ဒိုနီးရှားက RIAT ဝင်လာစေရန် ၎င်း၏ နိုင်ငံရေးစီးပွားရေးအဆောက်အအုံကို ၂၀၁၅ ခုနှစ်နောက်ဆုံးထား၍ မည်သို့တိုးတက် စေရမည်ဟူသောအချက် ဖြစ်သည်။ လောလောဆယ်တွင် SKRL ကို အပြည့်အဝအကောင် အထည်ဖော်ခြင်း သည် ၂၀၁၅ လွန်နှစ်များအထိ ပေါက်မြောက်မည်ဟု မျှော်လင့်နိုင်ပေသည်။

## မဏ္ဍိုင် - ၂ ။ ယှဉ်ပြိုင်သော၊ တုန့်ပြန်ပြောင်းလဲလွယ်သောအာဆီယံ

အာဆီယံကို ကွန်ယက်တွင်းဝင်ရောက်စေပြီး၊ တီထွင်ဖန်တီးမှု လောကနှင့် ဆက်သွယ်စေခြင်းသည် အာဆီယံကို အများနှင့်ယှဉ်ပြိုင်နိုင်ပြီး အပြောင်းအလဲကို တုန့်ပြန်နိုင်စွမ်းစေရန် တွန်းအားပေးခြင်းဖြစ်သည်။ မှတ်သားစရာမှာ အချို့သော အာဆီယံနိုင်ငံများသည် ရောဘတ်ဘော်ဒွင်ဆိုခဲ့သည့် ဒုတိယမြောက် အစည်းပြေဖြစ်ရပ်အဖြစ် ထုတ်လုပ်မှုကွန်ယက်နှင့် ထုတ်လုပ်မှု ဖြစ်စဉ်တစ်လျှောက် ဂုဏ်ချည်းဝင်ရောက်ခြင်းဖြင့် ကမ္ဘာ့ကွန်ယက်နှင့် တပါတည်း ချိတ်ဆက်မိခဲ့ကြသည်။ မှတ်သားစရာ နောက်ထပ်တစ်ခုမှာ ဘော်ဒွင်က ဒုတိယမြောက် အစည်းအဝေးပြေဖြစ်ရပ်သည် ၁၉၈၅ - ၁၉၉၅ ခုနှစ်များအတွင်ဖြစ်ခဲ့သည်ဟု ကာလသတ်မှတ်ပြခဲ့ရာ ၎င်းသည် အာဆီယံက တိုးတက်မှုမြင့်မြင့်နှင့် ထင်ရှားသောစီးပွားရေး အသွင်ပြောင်းမှု၏ ရွှေရောင်ဆယ်စုနှစ်ဟု အတိအကျဆိုနိုင်သည်။ ဟုတ်ပါပေ၏။ အာဆီယံ၊ တရုတ်နှင့် မက္ကဆီကိုတို့သည် ဒေသဆိုင်ရာ ထုတ်လုပ်မှုကွန်ယက်များနှင့် ဒုတိယမြောက်အစည်းအဝေးပြေဖြစ်ရပ်များ၏ ဖွံ့ဖြိုးဆဲကမ္ဘာအတွက် နမူနာများပင်ဖြစ်သည်။

ဒုတိယမြောက်ဖြေလျှော့ခြင်းနှင့် ထုတ်လုပ်မှုကွန်ယက်များသည် စက်မှုထူထောင်ရေးအတွက် အထောက်အကူတစ်ခုပင်ဖြစ်သည်။ စိန်ခေါ်မှုမှာ ဒွန်တွဲ စီးပွားရေးအဆောက်အအုံများ တွင်နေရာတစ်နေရာကွက်၍ စက်မှုထူထောင်ခြင်းတစ်ရပ်ဖြစ်မလာစေရန်ပင်ဖြစ်သည်။ AEC လမ်းညွှန်ပုံစံပါနည်းလမ်းများနှင့် ယခုအစီရင်ခံစာပါ နည်းလမ်းများကို အကောင် အထည်ခြင်းသည် ထိုသို့ဖြစ်ပေါ်ခြင်းမှ တားဆီးကာကွယ်ပေးနိုင်ပေသည်။ စင်စစ်မဏ္ဍိုင်- ၁ ဖြစ်သည့် ပေါင်းစည်းကာ အဆင့်မြင့်ယှဉ်ပြိုင်နိုင်သော ASEAN ဖြစ်ပေါ်စေမည့်

နည်းလမ်းများနှင့် MPAC မှ နည်းလမ်းများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို ဒေသဆိုင်ရာ ထုတ်လုပ်မှုကွန်ယက်များနှင့် ဘက်မိပြီး တိုးတက်စေမည်ဖြစ်သည်။ တချိန်တည်းမှာပင် အစုအဝေးများဖွံ့ဖြိုးလာပြီး အာဆီယံနိုင်ငံတို့၏ ပါဝင်လှုပ်ရှားမှုမျိုးသည် ထုတ်လုပ်မှု ကွန်ယက်များအတွက် ဝယ်ယူအာဆီယံနိုင်ငံတို့၏ ပါဝင်လှုပ်ရှားမှုကို နက်ရှိုင်းစေပြီး ၎င်းကွန်ယက်တို့မှတဆင့် အကျိုးကျေးဇူးများ ပို၍ရယူနိုင်ပါသည်။

*ထို့ကြောင့်မည်သည့်နည်းဖြင့်ဖြစ်စေ၊ AEC လမ်းညွှန်ပုံစံသည် အာဆီယံတွင် စက်မှုဖွံ့ဖြိုးမှုကို ချောမွေ့စွာဖြစ်မြောက်စေသူသာဖြစ်ပြီး ဒေသဆိုင်ရာ ပေါင်းစည်းမှုကို ဖြစ်ထွန်းစေသောအခရာ သက်သက်မဟုတ်ပါချေ။*

ဒေသအလိုက် ထုတ်လုပ်မှုကွန်ယက်များတွင် အာဆီယံနိုင်ငံ များသည်ထက်များအောင် ပါဝင်စေပြီး၊ ပိုများသော ကုန်စည်အမယ်များတွင် ဝင်ရောက်လုပ်ဆောင်လာခြင်းနှင့် ပို၍ ကြံ့ခိုင်သော အာဆီယံစက်မှုလုပ်ငန်းများဒေသစု၊ သို့မဟုတ် ခရိုင်များဟူ၍ အာဆီယံ နိုင်ငံများတွင် တည်ရှိနေပြီး ၎င်းစက်မှုများဒေသစုမျိုးသည် အာဆီယံနိုင်ငံများအကြားနှင့် ကျန်အရှေ့အာရှရှိ အလားတူ စက်မှုဒေသစုများ ဆက်သွယ်ဆောင်ရွက်နိုင်သည်။ ASEAN နှင့် တရုတ်စက်မှု ဒေသစုများ၏ အောင်မြင်မှုဖြစ်ရပ်များမှ သင်ခန်းစာများကို အာဆီယံတွင်း အခြားဒေသများ၊ နိုင်ငံများတွင် လက်ခံကျင့်သုံးနိုင်ပေသည်။ ထိုသို့ ဖြစ်ရန်ဆိုလျှင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ ကောင်းစွာတည် ဆောက်ထားသော စက်မှုဒေသစုများကို အခြေခံသည့် စက်မှုမဟာဗျူဟာကို ဖွံ့ဖြိုးစေခြင်းနှင့် အကောင်အထည်ခြင်းတို့ပါဝင်လာ နိုင်ပေသည်။

ထို့ကြောင့် ဥပမာအောင်မြင်လျှက်ရှိသော ASEAN စက်မှုဒေသစုများမှာ MNC ဦးဆောင် ပို့ကုန်ဦးစားပေးများဖြစ်ပြီး အလွန်ကောင်းသောအဆင့်မှ အထူးကောင်းမွန်သောအဆင့်ရှိ အခြေခံအဆောက်အအုံများရှိပြီး သတင်းအချက်အလက်များနည်းပညာအကြံဉာဏ်များနှင့် ဒေသလုပ်ငန်းများသို့ ထောက်ပံ့မှုများအပြန်အလှန် ဖလှယ်နိုင်သည့် လုပ်ငန်းအချင်းချင်း ချိတ်ဆက်မှုကို တက်ကြွစွာအားပေးလျှက်ရှိပြီး အဆင့်မြင့်သင်တန်းကျောင်းသို့မဟုတ် သီးသန့် အထူးပြုသင်တန်းအစီအစဉ်များရှိကြသည်။ အောင်မြင်သော တရုတ်စက်မှုဒေသစုများသည် ပို့ကုန်ဦးစားပေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အားထက်သရောဖိတ်ခေါ်ကမ်းလှမ်းပြီး၊ အလွန် ကောင်းမွန်သော အဆင့်အခြေခံ အဆောက်အအုံများနှင့် ဒေသအစိုးရ၏ ခိုင်မာသော ကျွမ်းကျင်မှုအရည်အသွေး ဆိုင်ရာသတင်း အချက်အလက်ပံ့ပိုးမှုတို့ဖြင့် အရည်အသွေး အာမခံချက်နှင့် တီထွင်ဆန်းသစ်မှုစသည့် အင်္ဂါရပ်များနှင့် ပြည့်စုံကြပေသည်။

နည်းပညာလွှဲပြောင်းမှု၊ လက်ခံကျင့်သုံးမှုနှင့် တီထွင်ဖန်တီးမှုများသည် ယှဉ်ပြိုင်နိုင်မှုနှင့် အခြေအနေပေါ် မူတည်၍ ဖွံ့ဖြိုးမှုတိုးတက်သည်လည်း အလွန်အရေးပါသည်။ မိုက်ဆိုအဆင့်တွင် အာဆီယံလေ့လာမှုများအရ လုပ်ဖော်ကိုင်ဖက်လုပ်ငန်းများမှ အင်ဂျင်နီယာအကြား တွေ့တွေ့ဆိုင်ဆိုင်တွေ့ကြုံရခြင်းသည် ရောင်းသူဘက်မှ စာရင်းစစ်ခြင်းနှင့် သင်တန်းများထက် နည်းပညာ လွှဲပြောင်းမှုပိုဖြစ်စေကြောင်း ဖော်ပြထားသည်။ ပြင်နိုင်ငံခြားဝယ်လက်သို့ ပစ္စည်းရှာဖွေသော ပြည်တွင်းလုပ်ငန်းများသည် MNCs နှင့် ဖက်စပ်လုပ်ကိုင်လျှင်ဖြစ်စေ၊ သို့မဟုတ် သုတေသနနှင့် ဖွံ့ဖြိုးမှုဘက်၌ ပိုမိုရင်းနှီးမြှုပ်နှံလျှင် ၎င်းသည် အခြားလုပ်ငန်းများထက်လုပ်ငန်း အဆင့်ပိုလုပ်ဆောင်ရသကဲ့သို့ ကုန်စည်တိုးတက်မှုကိုလည်း အခြားလုပ်ငန်းများထက် ပို၍လာသည်။ မေခရိုအဆင့် ကြည့်လျှင် စက်ပူဖြစ် အောင်မြင်မှုအတွေ့အကြုံအရ နည်းပညာလွှဲပြောင်းမှုနှင့် တည်တွင်မှု (FDI လိုင်စင်ယူခြင်း၊ ဖက်စပ်လုပ်ငန်းများလုပ်ကိုင်ခြင်းနှင့် ဖက်စပ်ကော်ပိုရေးရှင်းများ ပြည်တွင်းအဖွဲ့အစည်းများက ပြင်ပလုပ်ငန်းများ ပူးတွဲ၍သုတေသနနှင့် တီထွင်ဖန်တီးမှုအတွက် ပို၍ခိုင်မာစိတ်ချရသော အခြေခံကိုပံ့ပိုးပေးပြီး ဆက်လက်တိုးတက်လျက်ပင်ရှိနေသည်။

အထက်ပါတို့မှ ကောက်ချက်ဆွဲလျှက် ၂၀၁၅-နှစ်လွန်ကာလများအတွက် ASEAN (မဏ္ဍိုင်-၂) ၂၀၁၅ လွန် AEC လမ်းညွှန်ပုံစံ နောက်ဆက်တွဲအတွက် အဓိကအကြံပြုချက်များတွင် အောက်ပါတို့ပါဝင်ပါသည်။

(က) *စက်မှုဆိုင်ရာ အရည်အသွေးမြှင့်တင်ခြင်းနှင့် စက်မှုဒေသစုဖွဲ့စည်းခြင်းနှင့်ဆိုင်သော ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ကို အပေါင်း-၃-နိုင်ငံများ (တရုတ်၊ ဂျပန်၊ ကိုးရီးယား) တို့နှင့် အတူတကွ လုပ်ဆောင်ရန်။* ဒေသအစိုးရအထောက်အကူအစီအစဉ် ကုန်စည်တံဆိပ်နှင့် အရည်အသွေးဖွံ့ဖြိုးမှု၊ စက်မှု ဒေသစုပုံစံ၊ ဖွံ့ဖြိုးမှုနှင့် အကောင်အထည်ဖော်မှု (၎င်းတွင် ဦးစားပေးသက်မှတ်ခြင်း၊ ချိတ်ဆက်မှုများ၊ မူဝါဒစသည်းမျဉ်းဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာ ကိစ္စများ၊ လုပ်သားအင်အားစုဖွံ့ဖြိုးမှုနှင့် ကုန်စည်ထုတ်လုပ်မှုဖြစ်စဉ်တိုးတက်မှု)၊ နည်းပညာလွှဲပြောင်းမှုအစီအစဉ်များ စသည်တို့ကို သင်ကြားရန်နှင့် ၎င်းနယ်ပယ် တို့တွင် လက်တွဲလုပ်ဆောင်မှုများဖြစ်ထွန်းစေရမည်။

(ခ) *ပြည်တွင်းလုပ်ငန်းများကို R&D တွင် ရင်းနှီးမြှုပ်နှံရန်အားပေးပြီး အာဆီယံနိုင်ငံအများစုတွင် R&D အပေါ်ရင်းနှီးမြှုပ်နှံမှုကို နိုင်ငံတော်အဆင့်မြင့်သိသိသာသာတိုးမြှင့်စေရန်။* မချိတ်တ-အုအဲခိ စာတမ်း၌ ဖေါ်ပြသကဲ့သို့ပင် R&D လုပ်လေ့ရှိသည်။ ပြည်တွင်း

လုပ်ငန်းတို့၌ နည်းပညာလွှဲပြောင်းမှု၊ ကုန်စည်နှင့် ကုန်ထုတ်ဖြစ်စဉ်တို့၌ တီထွင်မှုပိုများသည်။ ထို့ပြင် နည်းပညာအဆင့်မြင့်လာခြင်းနှင့် အတူလုပ်ငန်းများနှင့် အစိုးရတို့သည် R2D တွင် ပို၍ရင်းနှီးမြှုပ်နှံကြသည်။

(ဂ) *MNCs များသည် အနာဂါတ်တွင် ကုန်စည်တင်သွင်းသူများဖြစ်လာမည့် (သို့) လက်စွဲကန်ထရိုက်တာများဖြစ်လာမည့်ဒေသခံလုပ်ငန်းများကိုနည်းပညာလွှဲပြောင်းလေ့ရှိရာ နေရာတိုင်း၌ အစိုးရက ပံ့ပိုးပေးမည့် အစီအစဉ်များ* ၎င်းတို့တွင် အစိုးရကလုပ်ငန်းများသို့ ဘဏ္ဍာရေးမက်လုံးများနှင့် ပညာရှင်အတွက်စရိတ်ကို လုပ်ငန်းနှင့်တွဲဘက် ကျခံစေခြင်းဖြင့် ပံ့ပိုးနိုင်ပါသည်။ ဤသို့ ပြုလုပ်ခြင်းသည် ဒေသခံလုပ်ငန်းများအနေဖြင့် MNC များ၏ အရည်အသွေးကိုပြည့်မီလာစေပြီး၊ ကိုယ်တိုင်လည်း တီထွင်လာနိုင်စေသည်။ စင်္ကာပူ၏ ပြည်တွင်းအရည်အသွေးမြင့် အစီအစဉ်နှင့် နီးစပ်ပါသည်။

(ဃ) *အရည်အသွေးတည်ဆောက်မှု၊ လူသားအရင်းအနှီးနှင့် စွန့်ဦးတီထွင်မှုအတွက် မြင်နိုင်သောနှင့် မမြင်နိုင်သော ကောလိပ်များကို ကြံ့ခိုင်အားကောင်းအောင် ပြုလုပ်ပါ။* ဤအချက်က အရည်အသွေးခိုင်စေခြင်း၊ တက္ကသိုလ်-စက်မှုလုပ်ငန်းပူးပေါင်းလုပ်ဆောင်မှု၊ ပုံစံကျပညာရေး အထူးသဖြင့် နည်းပညာ၊ အင်ဂျင်နီယာပညာနှင့် သိပ္ပံနယ်ပယ်တို့တွင် ပြုလုပ်ရန် တောင်းဆိုပါသည်။ ကွန်ယက်အတွင်းပူးပေါင်းလုပ်ဆောင်မှုအားကောင်းခြင်း၊ "ဆိုင်ကြမ်းပြင်" သို့မဟုတ် ကုမ္ပဏီ၏ အရည်အသွေးဆိုင်ရာ သတင်းအချက်အလက် ပိုကြီးမား ကျယ်ပြန့်လာစေရန် အားပေးခြင်း၊ ပီနန်အရည်အသွေးဖွံ့ဖြိုးမှု ဗဟိုဌာနနှင့် 1980 ခုနှစ်များတွင် စင်္ကာပူ၌ ဂျပန်၊ ဂျာမနီ၊ ပြင်သစ်တို့နှင့် ပူးပေါင်း၍ တည်ထောင်ထားသည့် အဆင့်မြင့် နည်းပညာလေ့ကျင့်မှုရေးတက္ကသိုလ်ကဲ့သို့သော လူ့စွမ်းအားဖွံ့ဖြိုးမှုကို အခြေခံသည့် နည်းပညာလွှဲပြောင်းမှုမျိုးလုပ်နိုင်ရန် အတွက် ဖွဲ့စည်းပုံ စနစ်တကျ သတ်မှတ်ထားပြီးဖြစ်သည့် စနစ်တစ်ရပ်တည်ထောင်မှု စသည်တို့ လိုအပ်ပါသည်။

(င) *နည်းပညာလွှဲပြောင်းပေးမှု၊ လက်ခံကျင့်သုံးမှုနှင့် တီထွင်မှုတို့အတွက် မူဝါဒနှင့် အင်စတီကျူးရှင်းဆိုင်ရာကို တိုးတက်စေရန်။* ဤအချက်တွင် အထူးသီးသန့် သုတေသနအဖွဲ့အစည်းများနှင့် သင်တန်းအစီအစဉ်များ တည်ထောင်ခြင်းအတွက် အစိုးရက (ပုဂ္ဂလိကနှင့်) ယှဉ်တွဲ၍ ဘဏ္ဍာငွေထောက်ပံ့မှုအချို့ပါဝင် သည်။ ခိုင်မာသော ဉာဏပစ္စည်းပိုင်ခွင့်လည်းပါဝင်သည်။ စင်စစ် WIPO – ASEAN လေ့လာမှုက ဖော်ပြသည့် ရလာဒ်များအရဆိုလျှင် ချိုးဖေါက်မှုကို ရပ်တံ့စေရန် ထိရောက်သောနည်းလမ်းများမှာ မူပိုင်ခွင့်၊ ကုန်သွယ်မှုအမှတ်

အသားသို့ ကုန်ပစ္စည်းထုတ်လုပ်မှု ဒီဇိုင်းကို လျှောက်ထားရန်ဆုံးဖြတ်ရာတွင် ထင်ရှားသော ပြဿနာမှုများပင်ဖြစ်ပြီး " ရှင်းလင်းလွယ်ကူ၍ ပိုမိုစွမ်းဆောင်ရည် ပြည့်ဝသည့် အစီအစဉ်များ" သည် ကုန်သွယ်မှု အထောက်အထားများ လျှောက်ရာတွင်သာ ထင်ရှားအကျိုးဝင်သည်။

(စ) *AEC လမ်းညွှန်ပုံစံ အကောင်အထည်ဖော်မှု၊ ကာလလယ်အစီရင်ခံစာ (ERIA), ၂၀၁၂, Vol.II) တွင် IPR နှင့် ပတ်သက်၍ တင်ပြထားသော အကြံပြုတင်ပြချက်များစွာသည် ပိုမိုခိုင်မာ သောဒေသတွင်းပူးပေါင်းဆောင်ရွက်မှု IPR အတွက် အဆင်ပြေချောမွေ့အောင် တိုးတက်ဆောင်ရွက်ခြင်းနှင့် မူဝါဒများအတွက်လည်း ဆီလျော်ပေသည်ဟူသော သာဓက ဖြစ်ရလျှင် -*

က။ ASEAN IPR လုပ်ငန်းစီမံချက်ကို အပြည့်အဝအကောင်အထည်ဖော်ပါ။

ခ။ SME များ၏ ဒေသအလိုက်တီထွင်မှုကို အားပေးရန် အထူးဆောင်ရွက်ချက်များကို အစပြုပါ (ဥပမာ- အမြန်ဆန်စစ်ခြင်းနှင့် အခကြေးငွေလျှော့ချခြင်း)

ဂ။ IPR လုပ်ထုံးလုပ်နည်းများကို မူကြမ်းပြဋ္ဌာန်းခြင်းနှင့် လိုက်နာအောင် တွန်းအားပေး ခြင်း တို့တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ပါ။

ဃ။ အုပ်ချုပ်မှုအရည်အသွေးကို ကွပ်ကဲရန် ကိန်းဂဏန်းအချက်အလက်လျာထားချက် များကို မိတ်ဆက်ပါ။

င။ အရေးပါသော ကမ္ဘာ့ IP ကွန်ဗင်ရှင်းများတွင် အဖွဲ့ဝင်ရောက်မှုကို တိုးမြှင့် လုပ်ဆောင်ပါ။

စ။ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များကို ပူးပေါင်း၍ ဖန်တီးရန်နှင့် ဒေသခံတို့၏ ပါဝင်မှုကို အားပေးမြှင့်တင်ရန်အတွက် ပြန်လည်သုံးသပ်ပါ။

ဆ။ ဒေသဆိုင်ရာ အဆင့် IPR ဆက်နွယ်သတင်းအချက်အလက်များကို နှိုင်းယှဉ် သဘောဖြင့် စုစည်းပါ။

ဈ။ IPR နှင့် စပ်လျဉ်းသော ကိစ္စများကို သက်ဆိုင်သူများသို့ ဖြန့်ဝေခြင်းနှင့် ပါဝင်ပတ်သက်စေခြင်းတွင် ပူးပေါင်းဆောင်ရွက်မှုရှိနိုင်မာစေရန် လုပ်ဆောင်ပါ။

ဆ။ *ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းလုပ်ဆောင်မှု အတွက်အထောက်အပံ့ဖြစ်စေသောမူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာဝန်းကျင်ကို အင်အားတောင့်တင်းခိုင်မာစေရန်။* ဤအချက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည့် ပေါင်းစည်းပြီး အဆင့်မြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သော အာဆီယံဒေသတစ်ခုဖြစ်ရေးအတွက် နည်းလမ်းများပါဝင်သည့် ကျယ်ပြန့်သော နယ်ပယ်တစ်ရပ် ပါဝင်နေသည်။ ၎င်းသည် ယခုအစီရင်ခံစာ၊ အခန်း(၇)တွင် ဆွေးနွေးခဲ့သော စီးပွားရေးလုပ်ဆောင်ရာတွင် ပို၍အဆင်ပြေလာခြင်းနှင့် ပို၍တုန့်ပြန်လာစေသော စည်းမျဉ်းဥပဒေစနစ်ကို ဖော်ညွှန်းသည်။ တွဲဘက်တစ်ရပ်အနေဖြင့် FDI ကို အပြင်းအထန် ရှာဖွေခြင်းကာလနှင့် အရေးပါပေသည်။

(ဇ) *ကျွမ်းကျင်သူများ (ဥပမာ-အင်ဂျင်နီယာများ)နှင့် သိပ္ပံပညာရှင်များပိုမိုရွှေ့ပြောင်းလာစေရန် ပံ့ပိုးလုပ်ဆောင်ပေးရန်။*

(ဈ) *R & D အခြေခံအဆောက်အအုံကို ဒေသတွင်းနှင့် အာဆီယံနိုင်ငံများအတွက် အားကောင်းစေရန်။ (e.g AUN – SEEDS)*

(ည) *လွတ်လပ်သော သုတေသန ပတ်ဝန်းကျင်ဖြစ်လာရေးနှင့် ပြည်သူပိုင် ပုဂ္ဂလိက R & D အတွက်ပူးပေါင်းလုပ်ဆောင်မှုကို အားပေးပါ။*

## *မဏ္ဍိုင်- ၃။ အားလုံးပါဝင်သည့် ကြံ့ကြံ့ခံတုန့်ပြန်နိုင်သော အာဆီယံ*

အားလုံးပါဝင်သည့် ပြန်လည်တုန့်ပြန်နိုးထလာနိုင်သော အာဆီယံမဏ္ဍိုင်သည် AEC လမ်းညွှန်ပုံစံ၏ မဏ္ဍိုင် -၃- ဖြစ်သော " မျှတသည့်စီးပွားရေးဖွံ့ဖြိုးမှုဒေသတစ်ခုဆီသို့" နှင့် ဆင်တူသော်လည်း ထိုထက်ပို၍သာ သွားပေသည်။ လေ့လာမှုသည် အာဆီယံတွင် အားလုံးပါဝင်သည့် ပြန်လည်တုန့်ပြန်နိုးထနိုင်မှုနှင့် ဆက်နွယ်နေသည့်အရေးပါသော နယ်ပယ်အနည်းငယ်ဖော် စူးစိုက်လေ့လာထားသည်။ ၎င်းနယ်ပယ်များမှ ဖွံ့ဖြိုးမှုဗဟိုချက်နှင့် ချိတ်ဆက်နေသော ဝန်းကျင်ဒေသများ နှင့် ဖွံ့ဖြိုးမှုကွာဟချက်ကို ကျဉ်းမြောင်းလာစေခြင်း၊ SME များ ဖွံ့ဖြိုးမှုအတွက် မူဝါဒစနစ်များ တိုးတက်ကောင်းမွန်လာခြင်း၊ လယ်ယာကုန်ထုတ်လုပ်မှု စွမ်းရည်မြှင့်တင်ခြင်းနှင့် အာဆီယံနိုင်ငံများ၏ တိုးတက်လာသော

စားနပ်ရိက္ခာ လုံလောက်ခိုင်မာမှု စွမ်းအင်စွမ်းဆောင်ရည်၏ ကာကွယ်မှု အစီအမံများနှင့် သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုစသည်တို့ ဖြစ်သည်။

ပထမအချက်သည် ပထဝီအနေအထားအရ အားလုံးပါဝင်လာမှုဖြစ်ပြီး ဝန်းကျင်ဒေသ(သို့) နိုင်ငံများသည် ဖွံ့ဖြိုးမှုအချက်အခြာများကို ပို၍ချိတ်ဆက်လျက်ဝန်းကျင်ဒေသများ ကိုယ်တိုင်လည်း လာစေသည်။ ချိတ်ဆက်မှုနှင့် ၎င်း၏ အခြေခံအဆောက်အအုံများသည် ပထဝီ အနေအထားအားလုံးပါဝင်ရေးတွင် အချက်အခြာကျသည်။ ငွေရှာနိုင်သော ပရောဂျက်များတွင် ပြည်သူ-ပုဂ္ဂလိက မိတ်ဖက်ပြုမှု (PPP) ကျင့်သုံးခြင်းဖြင့်ငွေကြေးပံ့ပိုးမှု အားနည်းသော အခြေခံအဆောက်အအုံများရှိနေသည့် ဝန်းကျင်းဒေသများတွင် အင်အားစု များကို အခမဲ့သုံးစွဲနိုင်လာမည်ဖြစ်ပြီး၊ ဖွံ့ဖြိုးမှုကို ဖွံ့ဖြိုးမှုအချက်အခြာဒေသများဆီသို့ ဆောင်ယူလာစေနိုင်မည် ဖြစ်သည်။ အစီရင်ခံစာ၌ ဒေသအတွင်း PPP များ ဖြစ်ထွန်း စေနိုင်ခြင်းနှင့် ပတ်သက်သည့် ပြဿနာများနှင့် အကြံပြုချက်များကို အောက်ပါအတိုင်း ဆွေးနွေးထားသည်။

အာဆီယံနိုင်ငံများတွင် အားလုံးပါဝင်နိုင်ခြင်းဆိုသည်မှာ ပို၍ချမ်းသာသော အဖွဲ့ဝင် နိုင်ငံဟောင်းများနှင့် ယခုချိန်ထိ ဆင်းရဲလျက်ရှိသော အာဆီယံအဖွဲ့ဝင်သစ်များအကြား ဖွံ့ဖြိုးမှုကွာဟချက် နည်းစေလိုသောသဘောဖြင့် ပြောဆိုခြင်းဖြစ်သည်။ လွန်ခဲ့သော ဆယ်ခုနှစ် တစ်ခုခွဲကာ ကာလအတွင်း CLV တို့သည် တိုးတက်မှု ဖော်ဆောင်ရာတွင် ကျော်ကြား ထင်ရှားသူများဖြစ်ခဲ့ပြီး ယခုအစီရင်ခံ၌ဆွေးနွေးထားသည်။ မြန်မာအတွက် အားလုံးလွှမ်းခြုံသော ဖွံ့ဖြိုးမှုမျှော်မှန်းချက်သည် မြန်မာနိုင်ငံအား လာမည့်ဆယ်စုနှစ်ခန့် ကာလအတွင်း ထင်ရှားကျော်ကြားသော တိုးတက်မှု ဖော်ဆောင်သူဖြစ်လာစေမည့် အလားအလာကို တင်ပြသည်။

SME ဖွံ့ဖြိုးမှုသည် AEC လမ်းညွှန်ပုံစံ၏ မဏ္ဍိုင်-၃-အတွက် သော့ချက်ဗျူဟာ တစ်ခုဖြစ် သည်။ SME သည် အာဆီယံနိုင်ငံအားလုံး၏ စီးပွားရေး အခင်းအကျင်းကို လွှမ်းမိုးထားသည်။ သဘာဝကျစွာပင် ယှဉ်ပြိုင်ပြီးအပြောင်းလဲကို တုန့်ပြန်နိုင်သည့် အာဆီယံဖြစ်ရန်မှာ ယှဉ်ပြိုင် နိုင်ပြီး အပြောင်းအလဲကိုတုန့်ပြန်နိုင်သည့် SME များလိုအပ်သည်။ ထိုမျှမက အာဆီယံ နိုင်ငံအများစုသည် အလုပ်အကိုင်ဖန်တီးရှင်များအဖြစ် လွှမ်းမိုးထားနိုင်သည့်အတွက် SME တိုးတက်မှုသည် အလုပ်အကိုင်ရရှိမှု အခြေအနေကို အခိုင်အမာတိုးတက်စေရန်အတွက် လိုအပ်ပြီး၊ အားလုံးပါဝင်တိုးတက်မှုအတွက် အချက်အချာနည်းလမ်းတစ်ခုဖြစ်သည်။

ထို့ကြောင့် အာဆီယံအတွင်း SME များကို ပံ့ပိုးပေးမည့် မူဝါဒဝန်းကျင်တစ်ခုရှိရေး၏ အရေးပါမှုကြောင့် ERIA သည် ASEAN SME အလုပ်အဖွဲ့နှင့် OECD တို့ဖြင့်အတူ ASEAN SME မူဝါဒ ညွှန်ကိန်းကို မူဝါဒနယ်ပယ် အတော်များများပေါ် အခြေခံ၍ တည်ဆောက်ခဲ့သည်။ ERIA လေ့လာမှု၏ ကနဦးရလာဒ်မှာ အာဆီယံနိုင်ငံအများစုတွင် အထူးသဖြင့် CLM နိုင်ငံတို့တွင် အထောက်အကူပြုနိုင်လောက်သည့် SME မူဝါဒ ဝန်းကျင်ဟူ၍ များစွာဆောင်ရွက်ထားခြင်းမရှိကြောင်း ထောက်ပြထားသည်။

အာဆီယံ၏အချမ်းသာဆုံးသုံးနိုင်ငံအနက်မှ နှစ်နိုင်ငံဖြစ်သည့် စင်္ကာပူနှင့် မလေးရှားတွင်လည်း အတိုင်းအတာတစ်ခုထိ SME အတွက် အကောင်းဆုံးလက်တွေ့ဆောင်ရွက်နိုင်မည့် စနစ်ကို ရှေ့ရှုကာ အာဆီယံနိုင်ငံများကို ဦးဆောင်နေသည်ကို အံ့သြစဖွယ်တွေ့ရသည်။

လယ်ယာစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာသည် အာဆီယံ၏ အားလုံးပါဝင် ပြန်လည်တုန့်ပြန်ရှင်သန်နိုင်မှုအတွက် တန်းတူအရေးပါသော အရေးကိစ္စများဖြစ်သည်။ လယ်ယာဖွံ့ဖြိုးမှု အထူးသဖြင့် ထုတ်လုပ်မှုစွမ်းအားတိုးတက်မှုသည် CLM နိုင်ငံတို့အတွက် မကွာဝေးသော အနာဂါတ်ကာလအထိ တိုးတက်မှု၏ အရေးပါသော မောင်းနှင်အားအဖြစ် ရှိနေဦးမည် ဖြစ်သည်။

အာဆီယံ၏ ဆက်တိုက်အသွင်ပြောင်းလဲမှုနှင့် အာရှ၏စားနပ်ရိက္ခာစားသုံးမှု၊ ရောင်းဝယ်ဖေါက်ကားမှုနှင့် ထုတ်လုပ်မှုတို့သည် CLM နိုင်ငံများအတွက်သာမက အရွယ်အစားကြီးမားသော လယ်ယာကဏ္ဍကို ပိုင်ဆိုင်ထားသည့် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်တို့အတွက်ပါ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများကို ကမ်းလှမ်းနေပေသည်။

ထုတ်လုပ်မှုစွမ်းအားကို တိုးတက်စေနိုင်သော ရင်းနှီးမြှုပ်နှံမှုဖက်သို့ ပို၍အလေးထားကြည့်ရာတွင် ပို့ကုန်တင်ပို့သောနိုင်ငံနှင့် သွင်းကုန်တင်သွင်းသော နိုင်ငံများအကြားထားရှိသော ကုန်သွယ်မှုစနစ်နှင့် ဆန်ကဲ့သို့သော အခြေခံရိက္ခာသီးနှံများ၏ ဈေးနှုန်းအတက်အကျ မပြင်းထန်စေရန် တားမြစ်သည့် အပြုအမူဆိုင်ရာကျင့်ဝတ်များနှင့် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံတို့တွင် ပို၍ရေရေရာရာရှိသော မြေယာစိုက်ပျိုးလုပ်ပိုင်ခွင့် ရရှိလာမှုသည် ပို၍ပါဝင်လာမှုနှင့် ပြန်လည်ရှင်သန် တက်ကြွလာနိုင်သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးမှု လမ်းကြောင်းတစ်ခု ဒေသအတွင်း၌ ဖြစ်ပေါ်လာမည့် ရှေ့ပြေးနိမိတ်ဖြစ်သည်။

စားနပ်ရိက္ခာဖူလုံမှုသည် အထူးသဖြင့် ၂၀၀၇-၂၀၀၈ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာအကျပ် အတည်း နောက်ပိုင်းတွင် ခေါင်းဆောင်များ၏အဓိက စဉ်းစားလာသောကိစ္စ ဖြစ်သည်။ အာဟာရ ချို့တဲ့မှုနှုန်းနှင့် Rice Bowl Index က အာဆီယံနိုင်ငံအများစုသည် စားနပ်ရိက္ခာ အလွန်အမင်း မဖူလုံမှုရှိနေပြီး၊ စားနပ်ရိက္ခာကို ပြဿနာကို ဖော်ထုတ်အဖြေရှာနိုင်စွမ်းမှာ လည်း အာဆီယံနိုင်ငံများ၌ သိသိသာသာပင် အကန့်အသတ်ရှိနေဆဲဖြစ်သည်။ လေ့လာမှုက အဆိုပြုသည်မှာ Rice  Bowl Index ကို အာဆီယံနိုင်ငံတစ်ခုချင်းစီ၏ စားနပ်ရိက္ခာဖူလုံမှု ကိစ္စကို အဖြေရှာနိုင်မည့် ယန္တရားတစ်ခုအဖြစ် ဖွဲ့စည်းပေါ်ထွန်းလာနိုင်စေရန် အကြံပြုထားသည်။

အာဆီယံဒေသသည် ကမ္ဘာကြီး၏ တိုးတက်မှုမောင်းနှင်အားသဖွယ် ဖြစ်လာသည့်နှင့်အမျှ စွမ်းအင်ဝယ်လိုအားသည် အာဆီယံနှင့် အရှေ့အာရှနိုင်ငံများတွင် နောင်လာမည့်ဆယ်စုနှစ် နှစ်ခုအတွင်း သိသာစွာတိုးလာမည် ဖြစ်သည်။ အာဆီယံနှင့် အရှေ့အာရှသည် ထက်မြက် သော စွမ်းအင်မဟာဗျူဟာနှင့် မူဝါဒတစ်စုံဖြင့် ပို၍ပြန်လည်နိုးထလာနိုင်ပြီး စိမ်းလန်းသော အာဆီယံအဖြစ်သို့ ဦးဆောင်လာနိုင်ကာ တချိန်တည်းမှာပင် ဒေသတွင်းနှင့် ကမ္ဘာတွင်ပါ တိုးတက်မှုမျှော်လင့်ချက်များ မြှင့်တင်လျှက် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို ပိုမိုကောင်းမွန် လာစေရန် တစ်တပ် တစ်အားပါဝင်နေမည်ဖြစ်သည်။ ထက်မြက်သော မဟာဗျူဟာနှင့် မူဝါဒတစ်စုံတွင် စွမ်းအင်စွမ်းဆောင်ရည်၊ နေစွမ်းအင်ကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အထူးသဖြင့် ကျွန်းနိုင်ငံများတွင် တိုးချဲ့အသုံးပြုခြင်း၊ ဂျပန်၏ BOCM ကဲ့သို့ သန့်ရှင်းသည့် ကျောက်မီးသွေးစွမ်းအင် နည်းပညာ သို့မဟုတ် CCT များအသုံးပြုရန်စွဲဆောင်စေမည့် အဖွဲ့အစည်းနှင့် အာဆီယံ ရေနံဖူလုံမှု သဘောတူညီချက်ကို သက်ဝင်လှုပ်ရှားစေခြင်း စသည် တို့ပါဝင်သည်။

အထက်ဖော်ပြပါ အချက်အများစုသည် ပို၍စိမ်းလန်းလာသော အာဆီယံဖြစ်ရေးကို ထောက်ကူစေပြီး လွန်စွာထိရှလွယ်သော အစွန်းရောက်ရာသီဥတုဖြစ်သည့် Super typhoon Haiyan တို့ နောင့်ယှက်မှုခံရသော ဖိလစ်ပိုင်၏ အရှေ့ဝိစယကဲ့သို့သော ဒုက္ခ အရောက်ဆုံးဒေသများရှိနေသည့် အာဆီယံဒေသ၌ စားနပ်ရိက္ခာဖူလုံမှုနှင့် လူမှုရေးမျှတမှုကို ကာလရှည်တွင် ကူညီသွားနိုင်ပေလိမ့်မည်။ အာဆီယံနှင့် အရှေ့အာရှဒေသသည် ကမ္ဘာတွင် သဘာဝဘေးဒဏ် အခံရဆုံးဖြစ်ကြောင်း Super typhoon Haiyan က ပြသနေသည်။ Super typhoon သည် ပြီးခဲ့သောဆယ်ခုနှစ်အတွင်း အဓိကကျရောက်ခဲ့သော သဘာဝဘေး အန္တရာယ်ဖြစ်စဉ်များဖြစ်သည့် ၂၀၀၄ ခုနှစ် အိန္ဒိယသမုဒ္ဒရာ ဆူနာမိ၊ ၂၀၀၈ ခုနှစ် မြန်မာ၌ နာဂစ်ဆိုင်ကလုံး၊ ၂၀၀၈ ခုနှစ် တရုတ်ပြည် ဇီချွမ်ပြည်နယ်ငလျင်၊ ၂၀၀၉ ခုနှစ်

ဆူမတြဲအနောက် ပဒန်းမြေလျောင် နှင့် ၂၀၁၁ ခုနှစ်၊ ဂျပန်တွင် မြေလျောင်နှင့် ဆူနာမိတို့ နောက်ပိုင်း နောက်ဆုံးဖြစ်ပွားခဲ့သော ဘေးအန္တရာယ်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်ကျရောက်လေ့ရှိသော အနေအထားအရ အခြေခံကျသော စိမ်ခေါ်မှုမှာ သဘာဝဘေးမှ ပြန်လည်ရှင်သန်လာနိုင်ရန်နှင့် သဘာဝဘေးကြောင့် အသက်အိုးအိမ် စည်စိမ်ဆုံးရှုံးမှု လျော့ပါးစေရန်နှင့် စီးပွားရေးအဆောက်အအုံနှင့် ပတ်ဝန်းကျင်သို့ ဆန့်ကျင်ဘက် အကျိုးဆက်များ မကျရောက်စေရန်ပင်ဖြစ်သည်။ သဘာဝဘေးနှင့် ဆက်စပ်သည့် စွန့်စားရမှုကို လျော့နည်းစေရေးတွင် ဘေးအန္တရာယ်၏ သဘောသဘာဝနှင့် အမျိုးမျိုးသော ထိရှလွယ်မှုများ ဆက်စပ်ဖြစ်ပေါ်မှုကို သိနားလည်ခြင်း၊ ထိရှလွယ်သောဖြစ်ရပ်များနှင့် တည်ရှိနေသော သဘာဝဘေးကြောင့် စွန့်စားရမှု ဖြစ်နိုင်သောအကြောင်းများကို လျော့နည်းစေခြင်း၊ သဘာဝဘေးကြောင့် စွန့်စားရမှုကို လျော့ကျစေခြင်းသည် အမျိုးသားအဆင့်နှင့် ဒေသအလိုက်မူဝါဒနှင့် အစီအစဉ်များထဲတွင် အသင့်ပါဝင်နေလျှက်ရှိပြီး အဓိကအလေးထား ဆောင်ရွက်နေခြင်း၊ သဘာဝဘေးအတွက် ကြိုတင်ပြင်ဆင်ချက်များဖြစ်သည့် စောစီးစွာ သတိပေးသည့်စနစ်နှင့် ထိရောက်သော သဘာဝဘေးတုန့်ပြန်မှုတို့တွင် ပိုမိုကောင်းမွန်စေခြင်း တို့ပါဝင်သည်။ အာဆီယံဒေသကို သဘာဝဘေးမှ ပို၍ကြံ့ကြံ့ခံပြီး ရှင်သန်လာစေရန် အတွက် Hyogo Framework of Action 2005-2015 ၏ အဓိကဖော်ပြချက်ကို အကြိုစာတမ်း၌ ထည့်သွင်းထားသည်။ ထို့အပြင် ဈေးကွက်များ၊ အစိုးရနှင့် လူထုအသိုင်းအဝန်းတို့ တွဲဘက်လုပ်ဆောင်နေရမည့် ကိစ္စများ ဥပမာ သဘာဝဘေး၏ ဆန့်ကျင်ဘက်အကျိုးသက်ရောက်မှုအနည်းဖြစ်စေရေးအတွက် အာမခံစနစ်ကို တီထွင်အသုံးပြုရေးကဲ့သို့သော ကိစ္စရပ်မျိုး တွင် ယှဉ်တွဲမှုအားကောင်းလာရန် အရေးကြီးပါသည်။

သဘာဝဘေးအတွက် ကြိုတင်ပြင်ဆင်ထားမှုနှင့် သဘာဝဘေးကြောင့်ဖြစ်ပေါ်နိုင်သည့် စွန့်စားရမှုလျော့ပါးစေရေးတွင် နိုင်ငံတော်အဆင့်နှင့် ဒေသခံများ၏ စွမ်းအားနှင့် လက်ဦးမှု အပေါ် များစွာတည်မှီနေသကဲ့သို့ ဒေသဆိုင်ရာဘက်မှလည်း လုပ်ဆောင်စရာများရှိနေပါသည်။ စင်စစ် ASEAN သည် စိမ်ခေါ်မှုများကိုစုစည်းမှုအင်အားဖြင့် ဖြေရှင်းလျက်ရှိရာ ACDM တည်ထောင်ခြင်း AADMER ကို လက်မှတ်ရေးထိုးခြင်းနှင့် Cha-am-Hua Hin ou EAS Disaster Management ကို လက်မှတ်ထိုးခြင်းတို့ဖြင့် သာဓကပြနိုင်ပါသည်။ Cha-am Hua Hin Statement က EAS ခေါင်းဆောင်များ၏ ဒေသတင်းသဘာဝအန္တရာယ်ကိုပို၍ ကြံ့ကြံ့ခိုင်နိုင်ရန်နှင့် ပိုထက်ရောက်သော တုန့်ပြန်မှုများပြုလုပ်ရန် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ခြင်း ညှိနှိုင်းလုပ်ဆောင်ခြင်းတို့ကို အားကောင်းစေမည့် ခေါင်းဆောင်များ၏

သဘောထားပြဌာန်းချက်ကို ဖော်ပြနေပေသည်။ အစီရင်ခံ၌ ၂၀၁၅ ခုနှစ် လွန်ကာလများ အတွက် ASEAN နှင့် အရှေ့အာရှတွင် သဘာဝဘေးအန္တရာယ်ကိုပို၍ ကြံ့ကြံ့ခိုင်လျှက် ရှင်သန်နိုင်ရေး ဦးတည်သော အကြံပြုချက်များကို ထောက်ပြထားပါသည်။

အဆုံးသတ်အနေဖြင့် အစီရင်ခံစာက ညွှန်ပြနေသည်မှာ အာဆီယံနိုင်ငံများစွာတွင် အတော် အတန်လွှမ်းခြုံမှုရှိသော အကျိုးသက်ရောက်မှုများပါဝင်သည့် လူမှုဘဝလုံခြုံစေရေး အထောက်အခံ နည်းလမ်းများစွာ ဉပမာ အလုပ်လက်မဲ့ခံစားခွင့်၊ သက်ကြီးရွယ်အိုပင်စင်၊ လုပ်ငန်းခွင်ထိခိုက်မှု စသည့်တို့ရှိနေပေသည်။ အာဆီယံနိုင်ငံများသည် သက်ကြီးရွယ်အို ပြဿနာကို ရင်ဆိုင်နေရပြီး၊ အချင်းချင်းကော ကမ္ဘာကြီးနှင့်ပါ ဆက်သွယ်နေရသဖြင့် စီးပွားရေးဆိုင်ရာ ရုတ်ချည်းဖြစ်လာမှုများတွင် ပို၍ထိခိုက်လွယ်လာပေရာ ဒေသအနေဖြင့် အနာဂါတ်တွင် လူမှုရေးလုံခြုံမှုအတွက် ကယ်ဆယ်ရေးပြဿနာများကို မည်သို့အဖြေရှာမည် ဆိုသော စိမ်ခေါ်မှုများကို ကောင်းစွာဆန်းစစ်ကောင်း ဆန်းစစ်လာရပေမည်။ နိုင်ငံတကာ အတွေ့အကြုံများအရ အကြံပြုရပါက အာဆီယံနိုင်ငံတွင် ခိုင်မာသော ကျန်းမာရေးအာမခံ စနစ်များကို အလေးပေးရန်လိုပြီး လုပ်အားဈေးကွက်တွင်းဆက်နွယ်မှုများ ပေါ်မှီခိုမနေသည့် ထိရောက်သည့် လွှဲပြောင်းမှုစနစ် ပေါ်ထွန်းလာစေခြင်း၊ လက်ရှိလူမှုဖူလုံရေးစနစ်များကို ခေတ်မီစေပြီး အုပ်ချုပ်မှုစရိတ်များကို ထိန်းချုပ်ခြင်း၊ လူမှုဖူလုံရေးစနစ်များ၏ စွမ်းဆောင် ရည်နှင့် ထိရောက်မှုကို သိသိသာသာတိုးတက်လာစေရန်ဆိုလျှင် ပေါင်းစည်းလျှက် တပါတည်း ရှိနေမည့် ပြုပြင်ပြောင်းလဲမှု၏ စိမ်ခေါ်မှုကို အဖြေရှာခြင်း စသည်ဖြင့် အကြံပြုထားပါသည်။ သို့သော် အားလုံးပါဝင်နိုင်နိုင်ပြီး ပြုပြင်ပြောင်းလဲရန်လွယ်ကူသည့် စီးပွားရေးတိုးတက်မှု မဟာဗျူဟာက ပို၍အရေးကြီးပြီး၊ လူမှုဘဝဖူလုံစေရေး အထောက်ခံ နည်းလမ်းများကို ဒုတိယဆင့်အဖြစ် ရှုမြင်ရန်လိုသည်။

အထက်ပါဖော်ပြချက်များအရ အားလုံးပါဝင်နိုင်ပြီး ကြံ့ကြံ့ခံရှင်သန်သည့် အာဆီယံကိုရှေ့ရှု သည့် ၂၀၁၅ လွန် AEC လမ်းညွှန်ပုံစံနောက်ဆက်တွဲအတွက် အကြံပြုချက်များကို အောက် တွင် ဖော်ပြအပ်ပါသည်။

(က) *ASEAN SME မူဝါဒညွှန်ကိန်းကို အများလက်ခံလာစေမည့် အပေါ်ထပ်အဆောက် အအုံ တည်ဆောက်ပါ။* ဤအချက်သည် အာဆီယံအတွင်း SME များ ကျိုးကြောင်းညီညွတ်စွာ တိုးတက်စေမည့် မူဝါဒနှင့် အပေါ်ထပ် အဆောက်အအုံဝန်းကျင်ရရှိရန် တဆင့်ပြီးတဆင့် ဟန်ချီညှိထိန်းသော ဖြစ်စဉ်အတွက် စနစ်တစ်ရပ်ပင်ဖြစ်သည်။ နည်းပညာဘဏ္ဍာငွေကြေး

ရနိုင်မှုနှင့် လွယ်ကူ၍လျှင်မြန်စွာ SME များ စတင်တည်ထောင်နိုင်မှုတို့သည်လည်း သီးသန့် အလေးပေးရမည့် နယ်ပယ်များ ဖြစ်ကြသည်။

(ခ) *PPP မူဘောင်အတွက် အစိုးရ၏ အာခံမချက်နှင့် အာဆီယံနိုင်ငံတို့၏ PPP စီမံချက်များကို ရွေးချယ်၊ ဖော်ဆောင်၊ စီမံနိုင်စွမ်းကို အင်အားတောင့်တင်းစေရမည်။*

ဤအချက်သည် ဒေသအတွင်း ကူးသန်းဆက်သွယ်မှုနှင့် နိုင်ငံအလိုက်စီးပွားရေးအချက်အချာဒေသများဆီသို့ ဝန်းကျင်ဒေသများမှ ချိတ်ဆက်မှုများအတွက် အခြေခံအဆောက်အအုံဆိုင်ရာ စိမ်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်ဖြစ်သည်။ အခြားအချက်များနှင့်အတူ အောက်ဖော်ပြပါတို့လည်း လည်ပတ်သက်ပါဝင်နေသည်။

(က) အာဆီယံနိုင်ငံများသည် PPP စီမံကိန်းများပြုလုပ်ရန်အတွက် ရံပုံငွေများပိုမိုရင်းနှီးမြှုပ်နှံကြရာ စုစုပေါင်းစီမံချက်စရိတ်စက၏ 5-10 ရာခိုင်နှုန်းရှိပြီး၊ PPP စီမံချက်များမှာ ရှုတ်ထွေးနိုင်သဖြင့် ကျွမ်းကျင်သူအကြံပေးမှုအတွက် ပေးချေမှုစရိတ်ပါဝင်နိုင်စေရန်ဖြစ်သည်။

(ခ) PPP ကိုလေ့လာသင်ယူဆဲအာဆီယံနိုင်ငံများကို ကြီးမားသော PPP များကို ပို၍သေးငယ်ပြီးလွယ်ကူသောစီမံကိန်းများအဖြစ် ခွဲထုတ်လိုက်ပါ။

(ဂ) အာဆီယံဒေသဆိုင်ရာ PPP အကောင်းဆုံးဗဟိုဌာန (သို့မဟုတ်အလားတူ) တစ်ခုကို ဘဏ္ဍာရေးကဲ့သို့သော နယ်ပယ်တွင် အရည်အသွေးမြင့်ကျွမ်းကျင်သူများခန့် လျှက် အာဆီယံနိုင်ငံများက PPP စီမံချက်များကို ရွေးချယ်ခြင်းနှင့်ပေါ် ပေါက်လာစေခြင်း တို့တွင် အကူအညီများ ထောက်ပံ့နိုင်ရန်ထူထောင်ပါ။

(ဃ) စွမ်းဆောင်ရည်ပြည့်ဝသည့် PPP အခြေခံအဆောက်အအုံဆိုင်ရာ ပတ်ဝန်းကျင်တစ်ခုကို အကောင်အထည်ဖော်ပါ။ ဤအချက်သည် PPP ယူနစ်များအနေဖြင့် PPP စီမံချက်များ ရှေ့သို့ ရွှေ့နိုင်စေရန် လိုအပ်သော အာဏာပိုင်အဖွဲ့ အစည်းတစ်ရပ်ကို တောင်း ဆိုနေပေသည်။

(ဂ) *တောင့်တင်းသောထုတ်လုပ်မှုစွမ်းရည်က ဖေါ်ဆောင်ပေးသည့် လယ်ယာ*

*တိုးတက်*မှုကို အာဆီယံနိုင်ငံများစွာ၏ ဆင်းရဲနွမ်းပါးမှုနှင့် ကျေးလက်မြို့ပြကွာဟမှု အတားအဆီး လျော့ပါးစေရေးအတွက် အဓိကကျသောဗျူဟာတစ်ရပ် ဖြစ်စေရန်။

၎င်းတွင်အောက်ပါအချက်များပါဝင်ပါသည်။

က။ CLM နိုင်ငံများအတွက် အထူးသဖြင့် လယ်ယာသည် ကျေးလက်ဒေသ စီးပွားရေး လျှင်မြန်စွာ ဖွံ့ဖြိုးမှုအတွက် အဓိကအဖြစ်တည်ရှိနေဆဲ နေရာဒေသတို့ တွင် ပြည်သူသုံး အခြေခံစီးပွားရေးအဆောက်အအုံများ၊ R&D၊ မြေယာအမည်ပေါက် သတ်မှတ်ခြင်းနှင့် ကျေးလက်ဈေးငွေများမှာ အလွန်အရေးပါသည်။

ခ။ ASEAN-4 တို့အတွက် အလေးပေးရမည့်အချက်များမှာ လုပ်အား၏ ထုတ်လုပ်မှုစွမ်းအားတိုးမြှင့်ရေး၊ လယ်ယာထုတ်လုပ်မှုတွင် စွမ်းဆောင်ရည်ပြည့်ဝ သော အင်အားစုခွဲဝေမှု (အဓိကအားဖြင့် ထပ်ဆင့်တိုးတန်ဘိုးမြှင့်ထုတ်လုပ်မှုကို ရှေ့ရှု၍) နှင့် ဈေးနှုန်း အဆင့်တည်ငြိမ်မှုတို့ဖြစ်သည်။

ဂ။ အာဆီယံဒေသတစ်ခုလုံးအတွက်ဆိုလျှင် ညှိနိုင်းမှုရှိပြီး ယုံကြည်ရ လောက်သော ကုန်သွယ်မှုဆိုင်ရာ စောင့်ထိန်းရမည့် ကျင့်ဝတ်များရှိရန် အရေးကြီးပါ သည်။ သို့မှသာ ဆန်ကဲ့သို့အခြေခံရိက္ခာသီးနှံ ဈေးနှုန်းများ အတက်အကျပြင်းထန်မှု ကို ဟန့်တားစေနိုင်ပြီး လယ်ယာထုတ်ကုန် ရောင်းချမှုဖြစ်စဉ်တစ်လျှောက် ဆက်သွယ်မှု တိုးတက်ကာ R&D ရိက္ခာလုံခြုံမှုနှင့် လယ်သမားတို့အတွက် စွန့်စားမှုစီမံခန့်ခွဲနည်းများ ပိုမိုတိုးတက်စေနိုင်ပါသည်။

(ဃ) *ASEAN Rice Bowl Index* ကို အများလက်ခံကျင့်သုံးလာစေမည့် အပေါ်ထပ် အဆောက်အအုံ တည်ဆောက်ရန်ဖြစ်ပြီး ၎င်းသည် အာဆီယံနိုင်ငံအသီးသီး၏ စားနပ်ရိက္ခာ ဖူလုံမှုသောကကို ဖြေရှင်းနိုင်စွမ်းရည်ကို ပြဌာန်းပေးမည့် စနစ်တစ်ရပ်ဖြစ်ပါမည်။

(င) *စွမ်းအင်ချွေတာရေးကို အားပေးခြင်းသတ်မှတ်ရန်လိုသည်။* ၎င်းတွင်အခြားသော အချက်များနှင့်အတူ အောက်ပါအချက်များ အကျုံးဝင်သည်။

က။ ပြန်ဖြစ်မြဲစွမ်းအင်ကို ပံ့ပိုးသည့်မူဝါဒများကို ပေါ်ထွန်းလာစေပြီး

လိုက်လျောညီထွေ ဖြစ်သည့် လျှာထားချက်များကို သတ်မှတ်ပါ။ ၎င်းမူဝါဒများတွင် Feed-in-Tariff (FIT)၊ ပြန်ဖြည့်နိုင်သော စွမ်းအားအမျိုးမျိုးတို့၏ စံနှုန်းများ (RPS) နှင့် ပြန်ဖြစ်မြဲစွမ်းအင်ဆိုင်ရာ နည်းပညာ ဖွံ့ဖြိုးမှုတို့ကို ထည့်သွင်းနိုင်ပါသည်။

ခ။ သယံဇာတများကို လောက်ငအောင် အသုံးပြုစေနိုင်ရန်နှင့် စွမ်းဆောင်ရည်ပြည့်ဝပြီး ကာဗွန်ထုတ်လွှတ်မှုနဲပါးသည့် နည်းပညာကို ပံ့ပိုးပေးနိုင်မည့် မူဆောင်ကိုဖော်ဆောင်ရန်နှင့် ၎င်းနည်းပညာကို အာဆီယံအနေဖြင့် အသုံးပြုရာတွင် တတ်နိုင်စေရန် နိုင်ငံတကာ ပံ့ပိုးမှုလိုအပ်ပါသည်။ ဂျပန်၏နှစ်နှစ်နိုင်ငံချင်း ချေဖျက်ပေးနိုင်သည့်နည်းစနစ် (BOCM) ပုံစံ မျိုးဖြစ်ပါသည်။

ဂ။ သယ်ယူပို့ဆောင်ရေးတွင် ဇီဝလောင်စာ အသုံးပြုမှု မြှင့်တင်ရန်။ ဤအချက်တွင် ဒေသတွင်း ဇီဝလောင်စာ လွတ်လပ်စွာကုန်သွယ်မှုနှင့် တတိယမျိုးဆက် ဇီဝလောင်စာအတွက် R&D တွင် ရင်းနှီးမြှုပ်နှံရန်ဖြစ်ပါသည်။

ဃ။ ASCOPE ကို စွမ်းအားမြှင့်တင်ပေးရန်။ အာဆီယံရေနံ ဖူလုံမှုသဘောတူညီချက်သစ်ကို အကောင်အထည်ဖော်ရန်အတွက် ရံပုံငွေ ထောက်ပံ့မှုအပါအဝင် ASCOPE ကို စွမ်းအားမြှင့်တင်ပေးရန်ဖြစ်သည်။

(စ) *သဘာဝဘေးစီမံခန့်ခွဲမှု*နှင့် ပတ်သက်၍ ASEAN သို့ အောက်ပါတို့ကို အဆိုပြုပါသည်။

က။ အောက်ပါတို့တွင် ထပ်တိုးလုပ်ဆောင်ရန် (က) ဒေသတွင်း သဘာဝဘေးအန္တရာယ် ကျရောက်မှု လျော့ပါးစေခြင်းနှင့် အရေးပေါ်တုန့်ပြန်လုပ်ဆောင်မှုတို့တွင် ဒေသလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းဆောင်ရွက်ချက် (ခ) သီးသန့်ပညာရပ်အလိုက် ကျွမ်းကျင်သူများ၊ တုန့်ပြန်လုပ်ဆောင်သူများနှင့် ကွင်းဆင်းလက်တွေ့လုပ်ဆောင်သူများအကြားအကောင်းဆုံးလုပ်ဆောင်ချက်များ၊ အတွေ့အကြုံများနှင့် လုပ်ငန်းဆောင်ရွက်မှုလမ်းညွှန်များကို ကွန်ယက်တည်ဆောက်ခြင်းနှင့် ဝေမျှခြင်း (ဂ) သဘာဝဘေးကျရောက်မှုကို တုန့်ပြန်ရာတွင် ပို၍ အံဝင်ခွင်ကျရှိရှိ၊ ထိရောက်မှုရှိရန်အတွက် စံပြုလုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို လုပ်ဆောင်ရန်အသင့်ဖြစ်နေခြင်းနှင့် တိုးမြှင့်လုပ်ဆောင်ခြင်း။

ခ။ အာဆီယံနိုင်ငံများတွင် မူဝါဒနှင့်အစီအစဉ်များတွင် သဘာဝဘေး ကျရောက်ရန် အန္တရာယ်ရှိမှု လျှော့ကျရေးလုပ်ဆောင်မှုများကို ပေါင်းစည်း လုပ်ဆောင်ကြရန်နှင့် အမျိုးသားအဆင့်နှင့် သက်ဆိုင်ရာဒေသအလိုက် လုပ်နိုင်စွမ်းအား တောင့်တင်းလာစေရန်တို့တွင် နိုင်ငံအလိုက် အားထုတ်မှုများကို အရှိန်အဟုန် မြှင့်တင်ရန်ဖြစ်သည်။

ဂ။ နိုင်ငံအလိုက်နှင့် ဒေသအလိုက် စုစုပေါင်းသဘာဝဘေး အန္တရာယ် အတွက် စွန့်စားရမှုများကို အမျိုးအစားခွဲခြားရန်နှင့် ဒေသဆိုင်ရာရံပုံငွေ ကဲ့သို့သော နိုင်ငံစုံမှ စွန့်စားမှု အဖုံဖုံ ပေါင်း စည်းထားသော အစီအစဉ်များနှင့် ရံပုံငွေဇစ်မြစ်တို့ကို အသေးစိတ်တင်ပြထားနိုင်မည်။ တရားဝင်စနစ်ပုံစံများပေါ် ထွက်စေရပါမည်။

ဃ။ ဒေသဆိုင်ရာ သဘာဝဘေးကျရောက်မှု စွန့်စားရမှုအတွက် အချက်အလက်များ ပြုစုထားသောပုံစံများနှင့် အာမခံလုပ်ငန်းများအတွက် ဗဟိုပြဋ္ဌာနတစ်ခု တည်ဆောက်ပါ။ အန္တရာယ်ကို ဖော်ပြသည့် မြေပုံများနှင့် သတင်းအချက်အလက်များ ရရှိနိုင်မှုသည် စွန့်စားမှု ကို အခြေခံဈေးနှုန်းသတ်မှတ်ခြင်းနှင့် စွန့်စားရမှုအတွက် ဘဏ္ဍာငွေကြေးထောက်ပံ့ပေးသည့် အံဝင်ဂွင်ကျ မဟာဗျူဟာများဖြင့် သဘာဝဘေး ကို အချိန်မီ ထိထိရောက်ရောက် တုန့်ပြန်နိုင်မှုအတွက် အလွန်အရေးကြီးပါသည်။

(ဆ) *လူမှုရေးဆိုင်ရာ အကာအကွယ်ပေးခြင်း* အတွက် အလေးထားရန်လိုအပ်သည့် အချက်များကို အောက်ပါအတိုင်း ဖော်ပြပါသည်။

က။ ချင့်ချိန်သုံးစွဲရမည့် ဘဏ္ဍာငွေ အကန့်အသတ်ဖြင့် လူဦးရေပမာဏများကို လွှမ်းခြုံ နိုင်စေမည့် ဦးစားပေးသတ်မှတ်ခြင်းနှင့် အဆင့်အတန်းသတ်မှတ်ခြင်း။

ခ။ အားကောင်းသော ကျန်းမာရေးအာမခံစနစ်များ၊ ထိရောက်သော လက်ပြောင်း လက်လွှဲစနစ် တစ်ခုပေါ် ထွန်းစေခြင်း။

ဂ။ ထိရောက်သော လက်ပြောင်းလက်လွှဲ စနစ်တစ်ခုပေါ် ထွန်းစေခြင်း။

ဃ။ တည်ရှိဆဲလူမှုဖူလုံရေးစနစ်ကို စရိတ်အလိုက်ထိရောက်မှုနှင့် ခေတ်မီ လာစေရန် လုပ်ဆောင်ခြင်း။

မဏ္ဍိုင် (၄) ကမ္ဘာ့အာဆီယံ

ကမ္ဘာ့အာဆီယံ မဏ္ဍိုင်သည် AEC လမ်းညွှန်ပုံစံ၏ မဏ္ဍိုင်ထက် ပို၍နက်နဲပြီး "ကမ္ဘာ့စီးပွားရေး အဆောက်အအုံအတွင်း အပြည့်အဝပေါင်းစည်းထည့်သွင်းရန်အတွက် ရှေ့ရှု၍" ကမ္ဘာ့နိုင်ငံများအသိုင်းအဝန်းထဲတွင် အာဆီယံအတွက် ကိစ္စရပ်များနှင့် စိတ်ဝင်စားမှုကို တင်ပြသည်။

RCEP နှင့် အာဆီယံဗဟိုပြုမှုကို အဓိကထား၍ ဖြစ်စဉ်နှင့် အတိုင်းအတာအရလည်းကောင်း အာဆီယံအင်စတီကျူးရှင်းများမတူသဖြင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးနှင့် အမျိုးသားရေးဆိုင်ရာ ကိုယ်ပိုင်ဆုံးဖြတ်ရပ်တည်ပိုင်ခွင့်အလိုက် အရေးပါမှုတို့ကို အားကောင်းစေရန် လုပ်ဆောင်မည်ဆိုသည့် အချက်များ စသည်အားဖြင့် တင်ပြထားသည်။

အာဆီယံအတက် RECP ကအရေးပါနေရသောအကြောင်းရင်းမှာ ASEAM သည် အရှေ့အာရှပို၍ နက်နက်နဲနဲပေါင်းစည်းမှုသည် ပို၍ပင်အရေးပါလာခြင်းကြောင့်ဖြစ်ပြီး AEC တစ်ခုတည်းကြောင့် ဖြစ်ထွန်းမည့်အကျိုးစီးပွားဆက် အရှေ့အာရှနှင့် ပေါင်းစည်းမှုမှ ရရှိမည့် အကျိုးစီးပွားက ပိုများသောကြောင့် ဖြစ်သည်။ အာဆီယံစီးပွားရေးအဆောက်အအုံ အရှေ့အာရှဒေသရှိ ထုတ်လုပ်မှုကွန်ယက်များနှင့် များစွာပေါင်းစည်းမိနေပြီး၊ အရှေ့အာရှသည် အာဆီယံတစ်ခုတည်းထက်ပို၍ ကျယ်ပြန့်သော ဈေးကွက်ဖြစ်နေခြင်းကလည်း အကြောင်း အရပ်အဖြစ် ထင်ဟပ်ဖော်ပြနေသည်။ အဓိပ္ပါယ်မှာ အာဆီယံစီးပွားရေး ပေါင်းစည်းမှု နက်ရှိုင်းလာစေခြင်းကိုပါ လုပ်ဆောင်သည့် အာဆီယံ၏ မဟာဗျူဟာသည် အံ့ဝင်ခွင်ကျရှိသည်ဟူ၍ ဖြစ်သည်။

တချိန်တည်းမှာပင် RCEP မှရရှိသည့် အကျိုးကျေးဇူးများသည် ဝန်ဆောင်မှုတွင်ရှိသော အတားအဆီးများနိမ့်လာခြင်းနှင့် အရှေ့အာရှတွင် ပို၍လွယ်ကူစွာ ကုန်စည်ဝန်ဆောင်မှု စီးဆင်းမှု တို့ကြောင့်ဖြစ်ပြီး AEC ၏ ပုံသဏ္ဍာန်ပြုလေ့လာမှု (Simulation) ၏ အခြေအတိုင်းပင် ဖြစ်သည်။ AEC ကဲ့သို့ပင် အထူးသဖြင့် ဝန်ဆောင်မှုနှင့် ကုန်သွယ်ပိုဆောင်လုပ်ငန်းအရပ်ရပ် အစရှိသည့် နယ်ပယ်များတွင် ညှိနှိုင်းပြောဆိုရာ၌ အငြင်းပွားဖွယ်များလည်းရှိနိုင်သည်ဟု မျှော်လင့်ရသည်။ သို့သော်ငြားလည်း စွမ်းဆောင်ရည်ပြည့်ဝသော ဝန်ဆောင်မှုများ၊ ကုန်သွယ်မှုချောမွေ့စေရေး ဆောင်ရွက်ချက်များနှင့် ကုန်သွယ်ပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းအရပ်ရပ်တို့မရှိဘဲနှင့် ဒုတိယမြောက် ဖြေလျှော့ခြင်း အကျိုးကျေးဇူးများကိုမူ အပြည့်အဝ မရရှိနိုင်ပါပေ။ ထို့ကြောင့် ဒေသဆိုင်ရာစီးပွားရေးပေါင်းစည်းမှု ဖွံ့ဖြိုးလာရေးတွင် ကုန်သွယ်မှု ချောမွေ့စေရေး လုပ်ငန်းလုပ်ဆောင်ချက်များက အေးဂျင့်သဖွယ်ဖြစ်လာနိုင်ရန်အတွက်

RCEP တွင် ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုချောမွေ့စေရေး လုပ်ဆောင်ချက်များနှင့် ဆိုင်သည့် တွေးခေါ်မှုပုံစံကို ပြောင်းလဲလိုက်ရန် လိုပေသည်။

သို့သော် RCEP ညှိနှိုင်းဆွေးနွေးမှုများအတွက် ဆီလျော်ညီညွတ်မှုရှိသော မူဘောင်နှင့်ချဉ်းကပ်ပုံ ချဉ်းကပ်နည်းတစ်ရပ်ရှိရန်မှာ အာဆီယံအဖွဲ့ဝင်များအတွက် အလွန်အရေးပါပြီး၊ ၎င်းမှ တဆင့် RCEP ၏ ကိုယ်ပုံဖော်နိုင်ပါသည်။ ယခုအစီရင်ခံစာတွင် ASEAN က RCEP အစီအစဉ်ကို ပုံဖော်သော အကြံပြုချက်မျးကို အောက်ပါအတိုင်း တင်ပြပါသည်။

- အကောက်ခွန်ဖယ်ရှားမှုကို အနည်းဆုံး ၉၅ ရာခိုင်နှုန်းအထိ သတ်မှတ်ပါ။ "အများလက်ခံသည့် အခွင့်အရေးလိုက်လျောမှု" ကို လက်ခံကျင့်သုံးပါ၊ နှစ်ဦးနှစ်ဘက်ညီ မျှမှုရှိသော လွတ်လပ်သော ပင်ရင်းနိုင်ငံစည်းမျဉ်းများကို တွင်တွင်ကျယ်ကျယ် အသုံးပြုပါသည်။ ဒေသဆိုင်ရာ ထုတ်လုပ်မှု ကွန်ယက်များတိုးချဲ့မှုနှင့် နက်နဲစေမှုကို အထောက်အကူပြုသောအားဖြင့် အများလက်ခံသည့်စနစ် စနစ်တစ်ရပ်ဖော်ထုတ်ရေးကို အထူးအလေးပေးခြင်းဖြစ်သည်။

- ကုန်သွယ်မှုကိုတားဆီးရန် ရည်ရွယ်၍အသုံးပြု အကောက်ခွန်မဟုတ်သည့် နည်းလမ်းများ (NTMS) ကို အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ပါ။

- RCEP လက်အောက်ရှိ ဝန်ဆောင်မှုတွင် အတားအဆီးများဖြေလျော့ရန် စံပြုချဉ်းကပ်နည်းအဖြစ် ပုံသေနည်းချဉ်းကပ်နည်းအပါအဝင် AFAS ကိုအသုံးပြုပါ။

- အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးရာတွင် တပေါင်းတည်းလုပ်ကိုင် ဆောင်ရွက်နိုင်သော လုပ်ငန်းစဉ်မျိုး ဖြစ်လာစေရန် ပေါ်ဆောင်ပေးပါ။

- တိတိကျကျ၊ သတ်သတ်မှတ်မှတ်ရှိသော ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရေး အစီအစဉ်များ (ASEAN တွင် လုပ်ဆောင်သကဲ့သို့ပင်) ကို အစပြုရန်နှင့် FTA အသုံးပြုခြင်း ဆိုင်ရာ အရေးကိစ္စများကို နည်းလမ်းရှာဖြေရှင်းပါ။

- ပဋိပက္ခဖြေရှင်းသောစနစ်၊ သုံးသပ်ချက်နှင့်အလားတူသော RCEP ၏ ထင်သာမြင်သာရှိမှုကို တိုးမြှင့်လာစေရေးအတွက် WTO သုံးသပ်ချက်ကဲ့သို့ RCEP ကုန်သွယ်မှု သုံးသပ်ချက် ဖြစ်ပေါ်လာနိုင်ခြေနှင့် လွတ်လပ်စွာအဖွဲ့ဝင်ဖြစ်မှုဟူသော စာပိုဒ်ကို

လက်တွေ့လုပ်ဆောင်ချက် ကျင့်သုံးနိုင်သည်အထိ လုပ်ဆောင်ရေးစသည့် RCEP အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စများနှင့် အစီအစဉ်များကိုချမှတ်ပါ။

- ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျသော အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ထောက်ခံမှုဖြင့် RCEP တွင် အားကောင်းသော နည်းပညာနှင့်စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အပိုင်းကို ရှိစေရန် လုပ်ဆောင်ပါ။

အထက်ဖော်ပြပါတို့သည် ဆီလျော်ညီညွတ်မှုရှိသော ချဉ်းကပ်ပုံနည်းလမ်း၏ ထင်ရှားသော အစိတ်အပိုင်းများဖြစ်ကြသည်။ သို့သော် ERIA ၏ ယခင်လေ့လာမှုများက ဖော်ပြသည်မှာ အထက်ဖော်ပြပါအတိုင်း ဆီလျော်ညီညွတ်မှုရှိသည့် နည်းလမ်းများအားလုံးကို ကျင့်သုံးလာရန်မှာ အာဆီယံနိုင်ငံအားလုံးအတွက် မလွယ်ကူလှပေ။ အာဆီယံအတွက် အာရှေ့အာရှတွင် စီးပွားရေးဗိသုကာပုံစံ ပုံဖေါ်တည်ဆောက်ရာတွင် အာဆီယံနှင့် အာဆီယံဗဟိုပြုမှု အပေါ် ယုံကြည် ကိုးစားမှုအတွက် စိမ်ခေါ်မှုများရှိနေပေသည်။

အရှေ့အာရှ၌ စီးပွားရေးဗိသုကာပုံစံကို ပုံဖော်လုပ်ဆောင်ရာတွင် အာဆီယံဗဟိုပြုမှုအား ကောင်းလာခြင်းနှင့် အာဆီယံ၏ပြောရေးဆိုခွင့်ဒေသတွင်းရော နိုင်ငံတကာနယ်ပယ်မှာပါ ပိုမိုမြှင့် တင်ပေးနိုင်ခြင်းသည် အာဆီယံအတွင်းနှင့် အာဆီယံဆုံးဖြတ်ချက်နှင့် နိုင်ငံရေးအရ လိုအားမှု အပြင် ASEAN နှင့် APEC ကနဦးအစီအမံများအချင်းချင်းကြား တိုက်ဆိုင်နေမှုနှင့် တွဲဘက် ဆောင်ရွက်နိုင်မှုကြီးကြီးမားမားရှိနေခဲ့ပြန်ရာ၊ ASEAN သည် ၎င်း၏ AEC နှင့် ပူးပေါင်းမှုကို ခိုင်မာအားကောင်းစေပေလိမ့်မည်။ ASEAN နှင့် APEC ပူးပေါင်းမှုနှင့် ဖက်စပ်လေ့လာသွားနိုင်မည့် နယ်ပယ်များတွင် အောက်ပါတို့ပါဝင်သည်။

- ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းလျှင်မြန်ချောမွေ့စေရေးဆောင်ရွက်ခြင်း

- စံချိန်စံနှုန်းနှင့် တပြေးညီစံသတ်မှတ်လိုက်နာခြင်း

- ထုတ်လုပ်မှုကွင်းဆက်ဖြစ်စဉ်နှင့် ဒေသဆိုင်ရာဆက်သွယ် ချိတ်ဆက်မှုအရေး ကိစ္စများ

- အဆောက်အအုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကိစ္စရပ်များ၊ ဥပမာ-စည်းမျဉ်းဥပဒေ

ပြုပြင်ပြောင်းလဲမှု၊ အများစုပေါင်းကွပ်ကဲအုပ်ချုပ်မှုနှင့် ပြည်သူ့ကဏ္ဍစီမံအုပ်ချုပ်မှု၊ စီးပွားရေးနှင့် ဥပဒေရေးရာ အခြေခံအဆောက်အအုံများ အင်အားတောင့်တင်း ခိုင်မာလာရေး။

- ဒေသဆိုင်ရာစီးပွားရေးပေါင်းစည်းမှု၏ တိုးတက်မှုနှင့် စိမ်ခေါ်မှုများကို ပြည်သူလူထုက ပို၍သတိထားမိလာစေရန်အတွက် ပို၍ကြီးမားသော ထင်သာမြင်သာရှိမှုကို ဖြစ်ထွန်းလာစေရေး။

- ASEAN ဖြစ်စဉ်တွင် ပုဂ္ဂလိက ကဏ္ဍ၏ အခန်းကိုအားကောင်းလာစေရေး

သို့သော် ASEAN သည် အင်စတီကျူးရှင်းဆိုင်ရာ ထင်ရှားသော အကြပ်အတည်းကို ရှေ့တိုး၍ရင်ဆိုင်နေရသည်။ ပြဿနာ၏ တစိတ်တဒေသမှာ အာဆီယံသည် မိမိရင်ဆိုင်နေရသော အဓိကအကြပ်အတည်းကို တေ့တေ့ဆိုင်ဆိုင်ဖြေရှင်းခြင်း မရှိထားပေ။ ဥပမာအားဖြင့် နိုင်ငံတစ်ခုချင်း၏ လုပ်ပိုင်ခွင့်နှင့်ဒေသအတွင်း အမျိုးစုံတည်ရှိနေမှုကို စောင့်ရှောက်ထိန်းသိမ်းလျှက်နှင့်ပင် ဒေသဆိုင်ရာပေါင်းစည်းမှုအတွက် ထိရောက်သည် ဒေသဆိုင်ရာ အဖွဲ့အစည်းများလိုအပ်ချက်ကို မည်သို့ဆက်စပ် တိမ်းညှိပေးနိုင်မည်ဟူသော ကိစ္စမျိုးဖြစ်သည်။ ASEAN ဗဟိုပြုမှုနှင့် ASEAN ၏ ပြောရေးဆိုခွင့်နှင့် နိုင်ငံတကာနယ်ပယ်၌ လွှမ်းမိုးထားနိုင်ရန်ဆိုလျှင် စိတ်ချယုံကြည်ရလောက်သည့် AEC အကောင်အထည်ဖေါ်ဆောင်ရွက်နေမှုနှင့် အရှေ့အာရှနှင့် အာဆီယံအတွင်း နက်ရှိုင်းသော စီးပွားပေါင်းစည်းမှုဖြစ်လိုသော ခိုင်မာသည့် နိုင်ငံရေးဆန္ဒရှိရမည်ဖြစ်ပေသည်။

ASEAN ရင်ဆိုင်ကြုံတွေ့နေရသော အင်စတီကျူးရှင်းဆိုင်ရာ အကြပ်အတည်းကို ကြီးကြီးမားမား ဖော်ထုတ်ဖြေရှင်းစေရန်အတွက် လေ့လာမှုအဖွဲ့က အောက်ဖော်ပြပါအတိုင်း အဓိကအကြံ ပြုတင်ပြချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြပါသည်။

- ဆီလျော်သလို အလျော့အတင်းလုပ်နိုင်သော ဆုံးဖြတ်ချက်ချခြင်းကို ကျင့်သုံးပါ။ အကဲမဆတ်သော ကိစ္စများတွင် မဲပေးစနစ်ကို မိတ်ဆက်ပါ။ အကဲဆက်သော ကိစ္စများအတွက် အများဆန္ဒရယူပါ။

- လွတ်လပ်သော ကြီးကြပ်မှုစနစ်ကို တည်ဆောက်ပါ။ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံး (ASEC) နှင့် တတိယအုပ်စုဝင်များဖြင့် AEC လမ်းညွှန်ပုံစံ ကြည့်ကြည်ကွပ်ကဲ

မှုကို အားကောင်းလာအောင် ပြုလုပ်ပါ။

- အဖွဲ့ဝင်များ၏ ဘဏ္ဍာရေးဆိုင်ရာထည့်ဝင်မှုတွင် အလျော့အတင်းရှိသော စည်းမျဉ်းကိုမိတ်ဆက်စတင်ပါ။ အာဆီယံအခြေခံအဆောက်အအုံရံပုံငွေနှင့် APEC အထွေထွေအတွင်းရေးမှူးရုံးရံပုံငွေများသည်ကဏ္ဍာရေးထည့်ဝင်မှုအလျော့အတင်းမည်သို့ပြုနိုင်ကြောင်း နမူနာများဖြစ်ရာ အာဆီယံသည် အဖွဲ့ဝင်နိုင်ငံတို့၏ အာဆီယံသို့ ထည့်ဝင်ငွေကြေးပုံသေနည်းကို ပြန်လည်ဆန်းစစ်ရာတွင် လေ့လာစမ်းသပ်သင့်ပါသည်။

- စည်းမျဉ်းဥပဒေလိုက်နာစေရန် ကြတ်မတ်ခြင်းနှင့် ပဋိပက္ခဖြေရှင်းမှုများကို တိတိကျကျလုပ်ဆောင်ပေးပါ။ EDSM အားကောင်းအောင်ပြုလုပ်ပါ။ စီးပွားရေးနှင့် မသက်ဆိုင်သော ကိစ္စရပ်မျိုးတွင် လိုက်နာလာစေရန် ကြပ်မတ်မည့် နည်းစနစ်ကို ဖွဲ့စည်းပါ။ ဥပမာ အကဲဖြတ်တာဝန်ယူသည့် လွတ်လပ်သော အင်အားစုကို ဖွဲ့စည်းရန်နှင့် စနစ်အရ ဒဏ်ခတ်ခြင်းကိုကျင့်သုံးပါ။

- အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံးကို အင်အားတောင့်တင်းစေရန် ပြုလုပ်ပါ။ အထွေထွေအတွင်းရေးမှူးချုပ်ရုံးသည် အထွေထွေအတွင်းရေးမှူးချုပ် တစ်ယောက်ကဲ့သို့ပင် နည်းပညာဆိုင်ရာ အင်အားစုတစ်ခုဖြစ်ရန်လိုသည်။ အာဆီယံသည် အထွေထွေအတွင်းရေးမှူးချုပ်ရုံးနှင့် ချိတ်ဆက်လျက် အထူးပြုလုပ်ဆောင်သည့်အဖွဲ့များကို ဗဟိုချုပ်ကိုင်မှု လျှော့ချရာရောက်အောင် အခြားအာဆီယံမြို့တော်များတွင် တည်ထောင်ကောင်းတည်ထောင်ပေမည်၊ သို့သော် တချိန်တည်းမှာပင် အတွင်းရေးမှူးချုပ်ရုံးကို အင်အားတောင့်တင်းခိုင်မာနေစေရမည်။

- ပုဂ္ဂလိက ကဏ္ဍပါဝင်မှုကို တိုးမြှင့်ပါ။ ယခုအစီရင်ခံစာ၌ ပုဂ္ဂလိကကဏ္ဍက အာဆီယံပေါင်းစည်းရေးဖြစ်စဉ်တွင် ထင်ရှားသောအကျိုးစီးပွားများကို ပံ့ပိုးပေးနိုင်မည့် နယ်ပယ်များစွာကို တင်ပြထားသည်။

- အာဆီယံ၏ အင်္ဂါရပ်များ၊ အဖွဲ့အစည်းများ၏ ဆက်စပ်ပတ်သက်မှုနှင့် လုပ်ဆောင်ချက် များကို ရှင်းလင်းစွာဖော်ပြပါ။ ဥပမာအားဖြင့် CRP ၏ အခန်းကဏ္ဍမှာ ရှင်းရှင်းလင်းလင်း မရှိပေ။ အထူးသဖြင့် CPR ကစောင့်ရှောက်ပေးနေသော MPAC တွင် အင်စတီကျူးရှင်းဆိုင်ရာ အချိတ်အဆက်မိမှုသည် အကွာရာကျသော အစိတ်အပိုင်း ဖြစ်သည့်

အချက်ကို ထည့်သွင်းစဉ်းစားပါက စီးပွားရေးမူဝါဒကိစ္စရပ်များတွင် CPR ၏ အခန်းကဏ္ဍမှာ ရှင်းရှင်းလင်းလင်း မပေါ်လွင်ပေ။ အစီရင်ခံစာတွင် အားလုံးပါဝင်မှုနှင့် ကြံ့ကြံ့ခံ ရှင်သန်လာနိုင်မှုကို များစွာအသားပေးဖော်ပြထားသည်။ ဤအချက်က စီးပွားရေးနှင့် လူမှုယဉ်ကျေးမှု အသိုက်အမြုံ အဖွဲ့အစည်းများအကြား ပိုမိုဆက်စပ်ညှိနှိုင်းမှုလိုအပ်နေကြောင်း ဖော်ပြသည်။ အာဆီယံအနေဖြင့် အဆိုပါ အာဆီယံအသိုက်အမြုံအဖွဲ့ အစည်းများအတွက် ဖက်စပ်ကော်မတီများ ဖန်တီးရာတွင် OECD နည်းလမ်းကို စဉ်းစားကောင်းစဉ်းစားနိုင်ပါသည်။

ထို့အပြင် ဥရောပသမဂ္ဂ၏ " အများဆိုင်နိုင်ငံခြားရေးဝါဒ" တစ်ရပ်ပုံစံမျိုးဖြင့် အာဆီယံ၏ "အသံ" ကိုမြှင့်တင်ရန်မှာ အမျိုးမျိုးအဖုံဖုံအသွင်ကွဲသော အာဆီယံနိုင်ငံများရှိနေသည့် အနေအထားအရဆိုလျှင် ဘောင်မဝင်လှပေ။ အာဆီယံ၏အသံနှင့် အာဆီယံဟူသော လျှောက်လမ်းသည် အာဆီယံနိုင်ငံတို့ရယူနိုင်သည့် အပိုကောင်း နောက်ဆက်တွဲနေရာ ထိုင်ခင်းတစ်ခု အပြစ်ရှုမြင်သည်က အကောင်းဆုံးဖြစ်ပေသည်။ ထို့အပြင် အာဆီယံ၏ ဘုံ"အသံ" နှင့် လျှောက်လမ်းသည် အများအတွက် အနိမ့်ဆုံးအဆင့် ရနိုင်သမျှအရာများထဲမှ တစ်ခုကား မဟုတ်ပေ။ စံများကို အသစ်တီထွင်ခြင်းနှင့် တပ်လျော့ခြင်းသာဖြစ်ပြီး၊ အာဆီယံအနေဖြင့် မိမိ၏ ကိုယ်ပိုင်ဩဇာအာဏာ ကိုဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာတွင် အားဖြည့်လိုက်ခြင်း သာဖြစ်သည်။

## အခြေခံအုတ်မြစ် - တုန့်ပြန်မှုရှိသောအာဆီယံ

မဏ္ဍိုင် (၄) ခုအပြင် အစီရင်ခံစာ၏ဘောင်ထဲတွင် မဏ္ဍိုင်(၄)ခုအတွက် အခြေခံအုတ်မြစ်တစ်ခုပါဝင်နေသည်။ ၎င်းမှာ တုန့်ပြန်မှုရှိသော အာဆီယံဖြစ်သည်။

အဆိုပါ အခြေခံအုတ်မြစ်၏ တော်တော်များများသည် ဒေသတွင်းစီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်သည် သွက်လက်ထက်မြက်သော စည်းမျဉ်းစည်းကမ်းများနှင့် တုန့်ပြန်မှုရှိသော စည်းမျဉ်းစနစ်ကို ရှေ့ရှုသော မောင်းနှင်အားတခုဖြင့် ပိုမိုကောင်းမွန်လာစေရေးပင်ဖြစ်သည်။ မှတ်သားစရာက ပုဂ္ဂလိကကဏ္ဍသည် အာဆီယံတွင် ရည်ရွယ်တည်တံ့မြင့်မားပြီး မျှတသည့် စီးပွားရေးတိုးတက်မှုနှုန်း၏ အဓိကကျသော မောင်းနှင်စက်သဖွယ်ရှိသည်။ ထို့ကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံတို့သည် စီးပွားရေးလုပ်ငန်းတို့အတွက် ပေါက်မြောက်၊ ဆွဲဆောင်နိုင်သည့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ဖန်တီးရန် အရေးကြီးပေသည်။

မှတ်သားစရာကား အာဆီယံနိုင်ငံအများစုသည် ကမ္ဘာ့စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကမ္ဘာ့အဆင့်သတ်မှတ်ချက်များဖြစ်သည့် ကမ္ဘာ့ယှဉ်ပြိုင်မှုညွှန်ကိန်း၊ လော်ဂျစ်စတစ် လုပ်ဆောင်မှု ညွှန်းကိန်းနှင့် လုပ်ငန်းလုပ်ကိုင်ရာတွင် လွယ်ကူမှုညွှန်းကိန်းများအရ မှတ်သားဖွယ် တိုးတက်လျှက် ရှိနေကြသည်။ UNCTAD ၏ စုဆောင်းမှုအရ AMS များစွာ တို့သည် MNCs တို့အတွက် ရင်းနှီးမြှုပ်နှံရာ ဦးတည်ချက်များတွင် ထိပ်ဆုံး ၂၀ ၌ စာရင်းဝင်လျှက် ရှိကြသည်။ သို့ရာတွင် AMS တို့အကြား ကွာဟချက်မှာလည်း ကြီးမားပြီး၊ ထင်ရှားသော စိတ်ပင်ပန်းစရာကိစ္စများ (ဥပမာ-အကျင့်ပျက်ခြစား မှု) မှာလည်း ရှိဆဲဖြစ်ရာ၊ ၎င်းကိုဖြေရှင်းနိုင်သောအချိန်တွင် ASEAN ကို ပို၍ပင်ဆွဲဆောင်မှုရှိသော ရင်းနှီးမြှုပ်နှံမှု ဦးတည်ချက်ဖြစ်လာစေမည်ဖြစ်သည်။

အာဆီယံနှင့် AMS တို့၏ ရင်းနှီးမြှုပ်နှံမှုကို နောက်ထပ် ဆွဲဆောင်နိုင်မှုတိုးတက်စေရန် အကြောင်းတစ်ခုမှာ SMART စည်းမျဉ်းများနှင့် တုန့်ပြန်မှုရှိသော စည်းမျဉ်းစနစ်သို့ ရွေ့ရှူစေရန်ဖြစ်သည်။ SMART စည်းမျဉ်းများဆိုသည်မှာ ကမ္ဘာ့ဘဏ်နှင့် IFC တို့၏ Ease of Doing Business Repert for 2014 အရဆိုလျှင် *ထိရောက်အဆင်ပြေသော အဓိပ္ပါယ် လေးနက်သော လက်ခံနိုင် သော ကိုက်ညီဆီလျော်မှုရှိသော ပွင့်လင်းမြင်သာသော စည်းမျဉ်း* ဖြစ်သည်။ ဤအချက်အရ" အကောင်းဆုံးအလေ့အကျင့်" စည်းမျဉ်းတစ်စုံဟုဆိုခြင်းဖြစ်သည်။ DB ၏ ၂၀၁၄ အစီရင်ခံစာ၌ စက်ပူသည် ကမ္ဘာ့အကောင်းဆုံးအလေ့အကျင့် အနားသတ်မျဉ်း၏ အနီးဆုံးသို့ပင် ရောက်ရှိနေပြီး၊ များစွာသော AMS များတွင် ဖြည့်စွက်စရာ စည်းမျဉ်းဥပဒေကွာဟာချက် အလွန်များလျှက်ရှိနေသည်။

စည်းမျဉ်းဥပဒေဆိုင်ရာ အကောင်းဆုံးဆောင်ရွက်နိုင်မှုဆီသို့ သွားကြမည်ဆိုလျှင် စည်းမျဉ်း ဥပဒေတိုးတက်ကောင်းမွန်မှု မရှိမဖြစ်လိုအပ်သည်။ ဤအစီရင်ခံစာ၏ ဘောင်ထဲတွင် တုန့်ပြန်မှုရှိသော စည်းမျဉ်းဥပဒေတို့၏ အခန်းကဏ္ဍနှင့် ဆက်စပ်နေသည့် အသိပညာပေး စည်းမျဉ်းဥပဒေဆိုင်ရာ ပြောဆိုမှုများဖြင့် အကောင်းဆုံးအလေ့အကျင့် အနားသတ်မျဉ်းဆီသို့ ရွေ့ရှူနိုင်မှုကိုအလေးပေးထားသော်လည်းAMSတစ်နိုင်ငံချင်းစီ၏သီးသန့်အခြေအနေများကို လည်းထည့်သွင်းစဉ်းစားထားသည်။

တုန့်ပြန်မှုရှိသော စည်းမျဉ်းသို့မဟုတ် စည်းမျဉ်းစနစ်စသည်တုန့်ပြန်မှုရှိသော အာဆီယံဖြစ် လာရန်တင်ကြိုလိုအပ်မှု တစ်ခုဖြစ်သည်။ တုန့်ပြန်မှုရှိသော စည်းမျဉ်းစနစ်တွင် အောက်ပါတို့ လိုအပ်သည်။

*အကြောင်းအရာပိုင်းကိုတွေးတောပါ။* - အမှန်တကယ်ပါဝင်နေသူများဖြင့်မြေပြင်ကွင်းဆင်း၍ တင်ကြိုစစ်ဆေးမှု သီအိုရီများ။

*တက်ကြွစွာနားထောင်ပါ။* - ဤအချက်ဖြင့် ပါဝင်ပတ်သက်သူအားလုံးကို ပြောရေးဆိုခွင့်ပေးသည်။

*တင်းခံနေသူများနှင့် စေ့စပ်ဆွေးနွေးပါ။* - ၎င်းတို့ကို လေးစားကြောင်းပြပါ။ ၎င်းတို့၏ တင်းခံနေမှုကို အခွင့်အရေးတစ်ခုသဖွယ်ယူ၍ စည်းမျဉ်းဆိုင်ရာ ဒီဇိုင်းမည်သို့တိုးတက်အောင် ပြုလုပ်နိုင်သည်ဟု လေ့လာပါ။

ဆန္ဒကိုပံ့ပိုးပေးပါ။ - စည်းမျဉ်းတို့ချမှတ်ရခြင်းအကြောင်းရင်းကို အများနားလည်မှု တည်ဆောက်ရန် အထောက်အပံ့နှင့် ပညာရေးကို သုံးရန်နှင့်အထောက်အပံ့နှင့် ပညာရေးကိုသုံး ရန်နှင့် လိုက်လျောလာစေအတွက် အစွမ်းအစနှင့် လှုံ့ဆော်မှုကို တည်ဆောက်ပါ။ အရင်း အမြစ်များ ရှားပါးသောနိုင်ငံများတွက် မိတ်ဆက်တို့နှင့် ကျယ်ပြန့်သောကွန်ယက်များတွင် ဝင်ရောက် ဆက်သွယ်ယူပါ။ ၎င်းကွန်ယက်များမှာ စက်မှုအသင်းအဖွဲ့များ NGO များ၊ ဖြစ်ပြီး၊ မူလကရှိနေသူများနှင့် ရောနှော၍ စည်းမျဉ်း ဥပဒေများရေးဆွဲခြင်းနှင့် လိုက်နာအောင် ကြတ်မတ်ခြင်းတို့ကို လုပ်ဆောင်ပါ။ ဥပမာ ရှိပြီးသားလုပ်ငန်းစုကို အခြေခံအသိအမှတ်ပြုသော အစီအစဉ်များနှင့် လုပ်ငန်းစုကို အခြေခံသည့် သင်တန်းပေးခြင်း)

*သင်ယူပါ။* - မည်မျှကောင်းမွန်အောင်လုပ်ဆောင်နိုင်သနည်း။ မည်မျှစရိတ်ကုန်ကျပြီးမှ အောင်မြင်မှုရှိသနည်း။ ပြီးလျှင် ရယူခဲ့သောသင်ခန်းစာများကို အများနှင့် ဆက်သွယ်ပြန့်နှံ့စေရန် ဖြစ်ကြပါသည်။

အသိပညာပေးစည်းမျဉ်းများဆိုင်ရာ ပြောဆိုမှုများသည် တုန့်ပြန်မှုရှိသော စည်းမျဉ်းဥပဒေစနစ်ကို အာမခံချက်ပေးနိုင်သည်။ စည်းမျဉ်းဥပဒေဆိုင်ရာ တိုးတက်မှုနှင့် AMS နှင့် ဒေသအတွင်း ပြေပြစ်ချောမွေ့လာမှုကို ထောက်ပံ့ပေးလျှက် AEC ကို စောင့်ကြည့်ကွပ်ကဲသည်။ ERIA စီမံချက်၏စီမံကိန်းအောက်တွင်နိုင်ငံအသီးသီးရှိ ERIA RIM လေ့လာမှုများသည် သက်ဆိုင်ရာ နိုင်ငံ၏ အကျိုးစီးပွားနှင့်ဆိုင်သည့် သီသန့်စည်းမျဉ်းဥပဒေဆိုင်ရာ ပြဿနာတစ်ခုအပေါ်တွင် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အကျိုးကျေးဇူးမျှဝေခံစားသူများ

အကြား စည်းမျဉ်းဥပဒေဆိုင်ရာ ပြောဆိုမှုများကို ချောမွေ့စေရေးဆောင်ရွက်ပေးခဲ့သည်။ အသိပညာပေးသော စကားပြောဆိုမှုများ ဖြင့် အကျိုးကျေးဇူးမျှဝေခံစားသူများသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်သင်ယူနိုင်ပြီး ပို၍နားလည်မှုများရရှိပြီး၊ အကောင်းဆုံး ရှေ့လုပ်ငန်းစဉ်နှင့် ပတ်သက်၍ တစ်ခုတည်းသောနားလည် လက်ခံမှုဆီသို့ ပေါင်းဆုံ ရောက်ရှိစေပါသည်။

ထောက်ခံသောအဖြေကိုရရှိပြီး၊ စည်းမျဉ်းဆိုဥပဒေဆိုင်ရာ စကားပြောဆိုမှုများပွင့်လင်း မြင်သာစွာလုပ်ဆောင်ခြင်းသည် သရုပ်ခွဲ ဆန်းစစ်ချက်အချို့ပြုလုပ်လျှက် အသိပေးပြန့်စေ၊ စီးပွားရေး အဆောက်အအုံတစ်ခုလုံးအတိုင်းအတာအမြင်နှင့် ပွင့်လင်းမှု စသည်တို့ဖြင့် စည်းမျဉ်းဥပဒေ ပတ်ဝန်းကျင်တိုးတက်လာစေရန် အသုံးဝင်ပြီး၊ သဘောတူညီမှု အတိုင်းအတာတစ်ခုကိုလည်း ဖြစ်ထွန်းလျှက် လက်တွေ့လုပ်ဆောင်ခြင်းနှင့် ပတ်သက်သည့် ပြဿနာ ညှိနှိုင်းမှုပြဿနာတွင်မက စည်းမျဉ်းဥပဒေရှေ့နောက်မညီညွတ်မှု တိုးတက်စေလို သော နယ်ပယ်ကိုထောက်ပြခြင်းအား ဖြင့်အထောက်အကူဖြစ်စေသည်။ အတွေးအခေါ် ပိုင်း အရမှာ စည်းမျဉ်းဥပဒေဆိုင်ရာ စကားပြောဆိုဆွေးနွေးမှုများသည် တစ်ကြိမ်တည်းကိစ္စ မဟုတ်ပေ။ ဆက်တိုက်ပုံမှန်ရှိနေရမည်ဖြစ်သည်။

*အဆိုပြုထားသည့် ၂၀၁၅ နှစ်လွန်စည်းမျဉ်းစည်းကမ်းများဆိုင်ရာ အစီအစဉ်* တွင် လျာထား ချက်နှင့် ထင်ရှားသောမှတ်တိုင်များကို အပြင်အသိပေးသော ဥပဒေစည်းမျဉ်းဆိုင်ရာ ပြောဆိုမှုများ ကျင့်ဝတ်ပါ၊ ပါဝင်သည်။ စည်းမျဉ်းဥပဒေပြုပြင်ပြောင်းလဲမှုသည် အခြေခံအား ဖြင့် ပြည်တွင်းအရေးဖြစ်ရာ တညီတညွတ်အားထုတ်၍ *တစ်ခုတည်းသော သဘောတူညီမှု ရယူခြင်း* သည် ညှိနှိုင်းခြင်း ထက်ပိုမိုကောင်းမွန်ပါသည်။ လျာထားချက်နှင့် ထင်ရှားသော မှတ်တိုင်များချမှတ်ခြင်းတွင် AEC နည်းလမ်းသည် အာဆီယံတွင် ညီညွတ်စုစည်းသော တခုတည်းသော သဘောတူညီချက်ကို မြှင့်တင်ရေးတွင် ကောင်းစွာအသုံးတည့်ပေသည်။ အစီရင်ခံစာ၏ အခန်း ၂ တွင် အဆိုပြုထားသော လျာထားချက်များတွင် AMS အများစုသည် ထိပ်တန်းသုံးပုံတစ်ပုံ၌ ပါဝင်နေခြင်းကို စီးပွားရေးလုပ် ဆောင်လွယ်ကူမှု၊ ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်မှု၊ လော်ဂျစ်စတစ် လုပ်ဆောင်ချက်နှင့် အလားတူ ညွှန်းကိန်းများနှင့် တိုင်းတာရာတွင် AMS များအားလုံးသည် ကမ္ဘာ့အဆင့်၏ထိပ်တန်းတစ်ဝက် အတွင်းရှိကြပြီး၊ AMS အများစုမှာ ထိပ်တန်းသုံးပုံတစ်ပုံအတွင်းကို ပါဝင်နေပြီး မပါဝင်သေးပါက ၂၀၂၀ အစောပိုင်းခုနှစ်များ နောက်ဆုံးထား၍ ပါဝင်လာမည်ဆိုသော အချက်ကိုထည့်သွင်းစဉ်းစားထားနိုင်ပါသည်။ ထို့အပြင် AMS အသီးသီး၏စည်းမျဉ်းဥပဒေအခင်းအကျင်း၏ ကာလအလိုက် တိုးတက်မှုနှင့်

အကျိုးသက်မှုတို့ကို တင်ပြရန်သဘောတူကြရေးကို AMS တို့က အဆိုပြုထားပါသည်။

ဖြစ်စဉ်သည် အရေးပါသကဲ့သို့ ဖြစ်စဉ်ပါအကြောင်းအရာများလည်း အရေးပါပေရာ *၂၀၁၅ ခုနှစ်လွန် အစီအစဉ်တွင် ဖြစ်စဉ်နှင့် ပတ်သက်၍ ကတိပေးထားသောအချက်များ* ပါဝင်သင့်ပေသည်။ အသိပညာပေးစည်းမျဉ်းဥပဒေဆိုင်ရာ စကားပွဲများက တုန့်ပြန်သည့် ဖြစ်စဉ်တစ်ရပ်ကို ကမ်းလှမ်းပြီး နည်းပညာဆန်သည့် အဖြေများကို ပေါ်ထွက်လာရန်သာမဟုတ် ပါဝင်ပတ်သက်ထိုက်သူအားလုံး ပါဝင်ပြီး ပြုပြင်ပြောင်းလဲရေးကို ဖြစ်စေမည့် သဘောတူညီချက်တစ်ခုကို ကူညီဆောင်ရွက်ပေးပါသည်။ အစိုးရစီးပွားရေးလုပ်ငန်းနှင့် အခြားသော ပတ်သက် ဆက်နွယ်သူအားလုံးတွင် အသိပညာရေး စည်းမျဉ်းဥပဒေစကားပြောဆိုမှုများ ဖြစ်ထွန်းစေရန် သုတေသနအဖွဲ့အစည်းများ၊ ပညာရေးနယ်ပယ်မှစသည်တို့ကဲ့သို့သော ကြားခံအဖွဲ့အစည်းများဖြင့် ပံ့ပိုးထောက်ကူပေးရန် လိုပါသည်။ ၎င်းစကားပြောဆိုဆွေးနွေးမှုသည် စည်းမျဉ်း ဥပဒေတစ်ခုချင်း၏ စွမ်းဆောင်ရည်ကို ရရှိစေရန်ရည်ရွယ်ပြီး စည်းမျဉ်းဥပဒေအချင်းချင်းတွင်လည်း ဆီလျော်ဆက်စပ်မှုရှိစေပါသည်။

## အာဆီယံပေါ်ထွန်းလာခြင်း အာဆီယံ! အရှိန်အထက်ဆုံးအချိန်

ဤအရာကား နိုင်ငံရေးအရ လိုလားမှုလည်းရှိထားပြီး AMS စုပေါင်းအားထုတ်မှုနှင့် ယခင်အခန်းများ၌ဖော်ပြခဲ့ပြီးအနှစ်ချုပ်ဖော်ပြထားသောမူဝါဒနှင့်စည်းမျဉ်းဥပဒေပြုပြင်ပြောင်းလဲမှု အကောင်အထည်ဖော်ခြင်းအပေါ် ပုဂ္ဂလိကကဏ္ဍ၏ ပံ့ပိုးမှုအနေအထား၊ အင်စတီကျူးရှင်းများ တည်ဆောက်မှုနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့ ကနဦးအစီအမံများအရ အာဆီယံသည် ပုဂ္ဂလိကကဏ္ဍနှင့် အခြားသော အကျိုးကျေးဇူးခံစားနိုင်စရာရှိသူများကို ကြီးမားသော တိုးတက်မှုအခွင့်အလမ်းများ ကမ်းလှမ်းလျှက် ရှိသည်။ အကောင်းဆုံးသည် အာဆီယံဒေသအတွက်လာနေပြီးဟု အတိုင်းအတာတစ်ခုဆိုနိုင်ပါသည်။

အာဆီယံဒေသတွင်း၌ ၂၀၁၅ တွင် လူဦးရေ ၆၈၅ သန်းရှိလာမည်ဖြစ်ပြီး ၂၀၃၀ တွင် ၂၇၀သန်းရှိလာပေမည်။ AMS အများစု၌ ခိုင်မာသော တစ်ဦးကျဝင်ငွေတိုးတက်မှုရှိပြီး အဆုံးစွန် ဆင်းရဲမှု (တစ်ဦးကျဝင်ငွေတစ်နေ့ ၁.၂၅ USDPPP ထက်လျော့နည်း၍ နေထိုင်ကြရသူများသည် ဤဒေသအတွင်း ၂၀၂၂-၂၀၃၀ ခုနှစ်များအတွင်းသို့ ရောက်လျှင် အတိတ်ကဖြစ်ရပ်သဖွယ် ဖြစ်သွားပေမည်။ ဇယား (၈-၂)က (၂၀၀၇ ဈေးနှုန်းများအရ) ဖြစ်နိုင်ချေ တစ်ဦးကျဝင်ငွေ အတိုင်းအတာကို အခန်း ၂ (အေ)၌ ဖော်ပြခဲ့သည့်

လျှာထားတိုးတက်နှုန်းနှင့် ပြောင်းလဲရန်လွယ်ကူသော GTAP ပုံစံအသုံးပြု၍ တင်ပြထားပါသည်။ လက်ရှိ ကမ္ဘာ့ဘဏ်၏ အလှာခွဲမှုအရ ဇယား (၈-၁)က အောက်ပါတို့ကို အကြံပြုပါသည်။

- အနည်းဆုံးအားဖြင့် ဘရူနိုင်း၊ မလေးရှားနှင့် စင်္ကာပူ AMS သုံးနိုင်သည် ဝင်ငွေမြင့် နိုင်ငံ အများစု၌ ပါဝင်ပြီး၊ ဤအစီရင်ခံစာ အခန်း (၂-အေ) တွင် ဖော်ပြသကဲ့သို့ သိမ်မွေ့သော တိုးတက်နှုန်းထက် သိသာစွာမြင့်မားသော အမှန်တိုးတက်နှုန်းသာရခဲ့ပါလျှင် ထိုင်းသည်လည်း ဝင်ငွေအဆင့်မြင့်အုပ်စုဝင်ဖြစ်နိုင်ချေရှိပါသည်။ [5]

- အနည်းဆုံး AMS နှစ်နိုင်ငံ (အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်) ဝင်ငွေအလယ်အလတ်အုပ်စု၏ အထက်လွှာအုပ်စုဝင်အဖြစ်သို့ တိုးဝင်သွားနိုင်ပါလိမ့်မည်။ (သို့သော် ဖိလစ်ပိုင်၏ စဉ်ဆက်မပြတ်မြင့်မားသော တိုးတက်နှုန်းသည် သမိုင်းတလျှောက် လုပ်ဆောင်မှုထက်များစွာမြင့်မားနေပေသည်။) ဗီယက်နမ်သည် ၎င်း၏အလွန်မြင့်မားသောရင်းနှီးမြှုပ်နှံမှုနှုန်းထားအရများစွာ မြင့်မားသောတိုးတက်နှုန်းကို ရရှိနိုင်ပါမည်။[6]

- ဝင်ငွေနိမ့် AMS များ (ကမ္ဘောဒီယား၊ လာအို၊ ပီဒီအာနှင့် မြန်မာ) တို့၏ အမှန်တစ်ဦးကျ ဝင်ငွေမှာ ၂၀၀၇ ခုနှစ်နှင့် ယှဉ်ပါက အနည်းဆုံးသုံးဆ (သို့) ငါးဆထိပင် ၂၀၃၀ ခုနှစ် နောက်ဆုံးထား၍ တိုးတက်သွားနိုင်ပါသည်။

5. With fast growth and rising wages expected in Cambodia, Lao PDR and Myanmar, Thailand has a much tighter labour reserve to rely on, and thereby may need to markedly upgrade its technological capability and human capital in order to attain high economic growth rate.

6. Viet Nam had an extremely high investment rate (41 % of GDP in 2007), resulting in negative total factor productivity growth in the 2000s. The slow growth of Viet Nam in the model is the result of more sluggish growth in investment in the face of the country’s very high investment to GDP ratio.

ဇယား ၈.၁ တဦးကျ GDP နှင့် GDP တိုးတက်နှုန်း ခန့်မှန်းချက်

| | GDP Per Capita (US $ at 2007 Prices) | | | | GDP Per Capita (US $ at 2007 Prices) | | | |
|---|---|---|---|---|---|---|---|---|
| | 2025 | | 2030 | | 2025 | | 2030 | |
| | Low | High | Low | High | Low | High | Low | High |
| Cambodia | 1523 | 1825 | 2090 | 2671 | 243 | 310 | 396 | 534 |
| Indonesia | 4598 | 6285 | 5971 | 9127 | 191 | 298 | 293 | 501 |
| Laos | 2272 | 2392 | 3249 | 3484 | 341 | 364 | 572 | 621 |
| Malaysia | 12831 | 15849 | 15694 | 20906 | 137 | 193 | 205 | 307 |
| Philippines | 3589 | 4772 | 4657 | 6857 | 195 | 292 | 310 | 504 |
| Singapore | 57065 | 64411 | 65277 | 76942 | 97 | 123 | 134 | 176 |
| Thailand | 6714 | 8204 | 8211 | 10777 | 87 | 128 | 128 | 199 |
| Viet Nam | 1986 | 2717 | 2605 | 3987 | 185 | 289 | 281 | 483 |
| RoSEAsia | 1567 | 1567 | 2165 | 2165 | 216 | 216 | 345 | 345 |

ဇာစ်မြစ် - Itakura (2013).

ဇယားပါ GDP တိုးတက်နှုန်းနှင့် တဦးကျ GDP အရ AMS နိုင်ငံများစွာအတွက် ရည်မှန်းချက်ကြီးစွာထားနေကြောင်းတွေ့ရသည်။ ဇယား (၈.၂) တွင် ဖော်ပြသည့် ရင်းနှီးမြှုပ်နှံမှုတိုးတက်နှုန်းနှင့် ဆက်စပ်လေ့လာကြည့်လျှင် အကောင်းဆုံးဖြစ်ပေသည်။ အထင်ရှားဆုံးကဖိလစ်ပိုင်၏ တိုးတက်နှုန်းဖြစ်ပြီး လွန်ခဲ့သောဆယ်စုနှစ်ခုအတွင်း နှစ်တော်တော်များများ၌ လေးကန်နေခဲ့သောနိုင်ငံ၏ လုပ်ဆောင်မှုကို နှိုင်းယှဉ်သိရှိနိုင်သည်။ ဇယား (၈.၂)

ဖိလစ်ပိုင်၏ ရင်းနှီးမြှုပ်နှံမှုတိုးတက်နှုန်း (အခြားနိုင်ငံများအတွက်ပါ) ကို အကောင်းဆုံး လေ့လာကြည့်ရှုနိုင်ပါသည်။ နိုင်ငံကို ဇယား (၈.၁) ပါအတိုင်း ရည်မှန်းချက်ကြီးမားသော တိုးတက်နှုန်းကို ရရှိစေလိုပါလျှင် လိုအပ်မည့် ရင်းနှီးမြှုပ်နှံမှုတိုးတက်မှုကို ဖေါ်ပြထားသည်။ နိုင်ငံသည် ၂၀၀၇ ခုနှစ် တွင် ရင်းနှီးမြှုပ်နှံမှုနှင့် GDP အချိုးအလွန်နိမ့်ကျခဲ့ပြီး (GDP ၏ ၁၅% ခန့်) သိသာစွာ ဆန့်ကျင်ဘက်ဖြစ်သည့် ဗီယက်နမ်၏ထူးချွန်သော ရင်းနှီးမြှုပ်နှံမှုနှုန်းထားဖေါ်ဆောင်မှု (GDP ၏ ၄၁%) ကို ၎င်းနှစ်အတွင်း တွေ့နိုင်သည်။ အတိုချုပ်အားဖြင့် ဖိလစ်ပိုင်သည် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုရာသီဥတု အနေအထားတိုးတက်မှုနှင့် အရှိန်ပြင်းသော ရင်းနှီးမြှုပ်နှံမှုနှုန်းမြင့်တက်ရန် အားထုတ်မှုများကို ဖိလစ်ပိုင်အနေဖြင့် အလေ့ထားမှသာ ၂၀၂၅-၂၀၃၀ ခုနှစ်များ အတွင်း အဆုံးစွန် ဆင်းရဲနွမ်းပါးမှုကို ဖယ်ရှားနိုင်ပြီး မြင့်မားသော စီးပွားရေးတိုးတက်မှုနှုန်းထား ကို ရနိုင်ပေလိမ့်မည်။ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် မြန်မာ (ROSEA - ကျန်အရှေ့တောင် အာရှ) ဖြင့် မပြည့်မစုံကိုယ်စားပြုထားရတော့မှု[7] တို့လည်း အခန်း (၂က) တွင် ဖော်ပြထား သည့် ဆင်းရဲမှုကို ဖယ်ရှားနိုင်မည့် တိုးတက်မှုနှုန်းထားကို ရရန်မှတ်သားလောက်သည့် မြင့်မားသော ရင်းနှီးမြှုပ်နှံမှုနှုန်း ရရှိရန်လိုသည်။

7. Rest of Southeast Asia (RoSEAsia) is an amalgam of Brunei Darussalam, Myanmar and Timor Leste. Given that the population of Myanmar dwarfs the tiny populations of Brunei Darussalam and Timor Leste, the GDP and investment numbers in Tables 8.1 and 8.2 appear more reflective of Myanmar. Brunei Darussalam, My-anmar and Timor Lester are lumped together in GTAP because there are no separate individual country models for each of them due to data problems.

ဇယား ၈ . ၂ ထပ်တိုးရင်းနှီးမြှုပ်နှံမှုတိုးတက်မှု

| | Investment Growth | | | |
|---|---|---|---|---|
| | 2025 | | 2030 | |
| | Low | High | Low | High |
| Cambodia | 538 | 708 | 849 | 1168 |
| Indonesia | 473 | 882 | 633 | 1288 |
| Laos | 367 | 415 | 607 | 698 |
| Malaysia | 451 | 619 | 596 | 880 |
| Philippines | 1255 | 1870 | 1729 | 2902 |
| Singapore | 402 | 492 | 477 | 619 |
| Thailand | 275 | 406 | 348 | 553 |
| Viet Nam | 55 | 143 | 109 | 251 |
| RoSEAsia | 996 | 991 | 1463 | 1448 |

ဇာစ်မြစ် - Itakura (2013).

ဇယား (၈.၃) တွင် ၂၀၀၇ ခုနှစ်ကို အခြေခံနှစ်ထား၍ ထပ်ဆင့်တိုးပို့ကုန်ပမာဏနှင့် သွင်းကုန်ပမာဏတို့ကို နှိုင်းယှဉ်ဖော်ပြထားသည်။ AMS များစွာအတွက် ပို့ကုန်နှင့် GDP အချိုးနှင့် သွင်းကုန်နှင့် GDP အချိုးနှစ်ခုစလုံးသည် နောက်ထပ် ဆယ်စုနှစ် နှစ်ခုအတွင်း ထပ်မံမြင့်တက်နေမည်။ ၁၉၉၀ ခုနှစ်များနှင့် ၂၀၀၀ ခုနှစ်များနှိုင်းယှဉ်ကြည့်ပါကမူ မသိသောသိမ်သိမ်မွေ့မွေ့သာ တိုးတက်ခဲ့သည်။ ပို့ကုန်ပါဝင်မှုအချိုးအစားမြင့်တက်လာခြင်းသည် ပို့ကုန်နှင့် စုစုပေါင်းစက်ပစ္စည်းနှင့် အလေးစားကြားသုံးစက်မှုကုန်ပစ္စည်းလုပ်ငန်းစုများ၏ GDP တွင်ပါဝင်နှုန်းသည် AMS အများစု၊ အထူးသဖြင့် အင်ဒိုနီးရှား[8] နှင့် ထိုင်းနိုင်ငံတို့တွင် မြင့်မားနေခဲ့ကြောင်း

8. For Indonesia, light manufacturing and other manufactures also have marked increase in export orientation compared to the present.

ဇယား (၈.၄) ၌ ဆွေးနွေးထားချက်က ဖော်ပြနေသည်။ ၎င်းဇယားက အကြံပြုလိုသည်မှာ ပြည်တွင်း ဝယ်လို အားတိုးချဲ့မှုသည် ယနေ့အထိမြင့်မားသော လွတ်လပ်သည့် AMS (ဥပမာ မလေးရှားနှင့် စင်္ကာပူ) တို့အတွက် စုစုပေါင်းဝယ်လိုအားတွင် လွန်စွာကြီးမားသော မောင်းနှင်အား ဖြစ်သည်။

ဇယား ၈ . ၃ ထပ်တိုးပို့ကုန်ပမာဏနှင့် သွင်းကုန်ပမာဏတိုးတက်မှု

| | Export Volume Growth Rate (Cumulative, 2007=100) | | | | Import Volume Growth Rate (Cumulative, 2007=100) | | | |
|---|---|---|---|---|---|---|---|---|
| | 2025 | | 2030 | | 2025 | | 2030 | |
| | Low | High | Low | High | Low | High | Low | High |
| Cambodia | 315 | 380 | 454 | 588 | 202 | 257 | 295 | 396 |
| Indonesia | 205 | 214 | 308 | 369 | 258 | 382 | 360 | 575 |
| Laos | 422 | 451 | 691 | 758 | 415 | 467 | 686 | 791 |
| Malaysia | 119 | 158 | 186 | 261 | 195 | 253 | 280 | 384 |
| Philippines | 283 | 316 | 509 | 617 | 341 | 441 | 527 | 734 |
| Singapore | 87 | 112 | 123 | 163 | 143 | 179 | 185 | 242 |
| Thailand | 103 | 133 | 159 | 221 | 136 | 183 | 190 | 270 |
| Viet Nam | 220 | 317 | 305 | 488 | 157 | 233 | 231 | 368 |
| RoSEAsia | 97 | 100 | 169 | 173 | 443 | 446 | 682 | 685 |

ဇာစ်မြစ် - Itakura (2013).

AMS တို့၌ လာမည့်ဆယ်စုနှစ်-နှစ်ခုအတွင်း တောင့်တင်းသော ခန့်မှန်းတိုးတက်နှုန်းအရ ၎င်းတို့၏စီးပွားရေးအဆောက်အအုံပုံသဏ္ဍာန်များသည် ပြောင်းလဲမည်ဟုခန့်မှန်းရပေသည်။ (ဇယား ၈-၄) ။ သတိထားမိစရာအကောင်းဆုံးပုံစံမှာ အလေးစားကြားသုံးစက်မှုကုန်စည် (ဓာတုပစ္စည်း၊ အခြေခံသတ္တုများနှင့် သတ္တုအခြေခံစက်မှုလုပ်ငန်းများ) စက်ပစ္စည်းလုပ်ငန်းများ (ဥပမာ- ယဉ်အမျိုးမျိုး၊ လျှပ်စစ်နှင့် လျှပ်စစ်မဟုတ်သောတို့၏ GDP တွင်ပါဝင်သော အချိုးအစားမှာ တိုးတက်နေပြီး အထူးသဖြင့် ဖိလစ်ပိုင် (စက်ပစ္စည်းတွင်)၊ အင်ဒိုနီးရှား (နှစ်မျိုးစလုံးတွင်)၊ မလေးရှား (အလေးစားကြားသုံးကုန်စည်တွင်)၊ ထိုင်း (စက်ပစ္စည်းတွင်) ဖြစ်သည်။ သွင်အားစု အခြေခံသော ကဏ္ဍများနှင့် စက်မှုလုပ်ငန်းများ (ဥပမာ လယ်ယာနှင့် ဆင့်တက်ပြုပြင်လုပ်ငန်းများ သတ္တုနှင့် တွင်းထွက် ဆင့်တက်ပြုပြင်ခြင်း၊ အမျှင်နှင့်အထည် အမျိုးမျိုး၊ စွမ်းအင်အခြေပြုစက်မှုလုပ်ငန်းများ) မှာ AMS တော်တော်များ၌ အဓိကကဏ္ဍ အနေဖြင့် ရှိနေဆဲပင်ဖြစ်သည်။ အထူးသဖြင့် လာအို ပီဒီအာ၊ ကမ္ဘောဒီးယား၊ မြန်မာ (ဖြစ်နိုင်ချေရှိ) ဗီယက်နမ်နှင့် အနည်းဆုံးဖြစ်နိုင်ချေမှာ အင်ဒိုနီးရှားဖြစ်သည်။ ဇယားတွင် ဖော်ပြထားသည့် (အရည်အသွေးနိမ့်) လုပ်အားကို စူးစိုက်သုံးသော စက်မှုလုပ်ငန်းများတွင် အဓိကအားဖြင့် အထည်ချုပ်နှင့် ခြေထောက်တွင် ဝတ်ဆင်ရသည့် ပစ္စည်းလုပ်ငန်းများ (အပေါ့စားစက်မှုလုပ်ငန်း)နှင့် အခြားသော စက်မှုလုပ်ငန်းများ တွင် ကမ္ဘောဒီးယားသည် အနဲဆုံးအလားအလာရှိပြီး၊ ဗီယက်နမ်သည် ဒေသတွင်းတွင် ထင်ရှားသော ဖေါ် ဆောင်သူဖြစ်လိမ့်မည်။[9] စိတ်ဝင်စားဖွယ်မှတ်သားရသည်မှာ လုပ်အားစူးစိုက်သုံး အပေါ့စားစက်မှုလုပ်ငန်းများနှင့် အခြားစက်မှုလုပ်ငန်းများ၏ အချိုးအစားနိမ့်ပြီး၊ လယ်ယာနှင့် သဘာဝသံယံဇာတ အခြေပြုစက်မှုလုပ်ငန်းများ၏ အချိုးအစားမှာ မြင့်နေရာ၊ အထူးအားဖြင့် ကမ္ဘောဒီယားနှင့် ဗီယက်နမ်ပင်လျှင် တိုးတက်နှုန်းမြင့်သောအုပ်စုထက် တိုးတက်နှုန်းမြင့် သော အုပ်စုထဲပါဝင်နေသည်။ ၎င်းအချက်က အလုပ်ခများတိုးလာသည် နှင့်အမျှ (အရည်အသွေးနိမ့်) လုပ်အားကို စူးစိုက်အသုံးပြုရသော စက်မှုကုန်စည်များတွင် လယ်ယာနှင့် သဘာဝသယံဇာတက အခြေပြုဆင့်တက်ပြုပြင်စက်မှုလုပ်ငန်းနှင့် နှိုင်းယှဉ်ပါက နှိုင်းယှဉ် အကျိုးကျေးဇူးဆုံးရှုံး သွား ကြောင်းတွေ့ရသည်။

9. Myanmar could likely be another, but the RoSEAsia economic structure in the model is likely largely based on some "synthetic" structure from some comparable countries given the lack of robust sectoral and input-output data from Myanmar (as well as Brunei Darussalam and Timor Leste). Thus, the sectoral results for RoSEA could not probably provide significant insights for Myanmar or Brunei Darussalam.)

လယ်ယာနှင့် သဘာဝသယံဇာတအခြေ ပြုစက်မှုလုပ်ငန်းများသည် အထည်အလိပ်နှင့် ဖိနပ်လုပ်ငန်းများထက်ပို၍ အရင်းအနှီးစူးစိုက်အသုံးပြုထားသည်။ ဇယားက စက်ဘီးပူနှင့် မလေးရှားတို့သည် AMS များထဲတွင် ကုန်သွယ်မှု ဘဏ္ဍာရေးနှင့် စီးပွား ရေးဝန်ဆောင်မှု များတွင် ပို၍ယုံကြည်အားထားရာဖြစ်ကြောင်းလည်း အကြံပြုဖော်ပြနေသည်။

အထူးအလေးပေးဖော်ပြရသည့်အချက်တစ်ရပ်မှာ ဇယား (၈.၄)ရှိ ကဏ္ဍအနက် ခန့်မှန်း ပါဝင်မှုအချိုးအစားမှာ ၂၀၀၇ ခုနှစ်ဝန်းကျင်ရှိစီးပွားရေးပုံသဏ္ဍာန် (အသွင်းအထွက်ဇယားဖြင့် ဖော်ပြသည့်အတိုင်း) နှင့် စီးပွားရေးပုံစံများပေါ် အခြေပြုထားပြီး၊ သွင်းအားစုခွဲဝေမှု၏ ကဏ္ဍ များ အခြားအကျိုးသက်ရောက်မှုမှာ အဓိကအားဖြင့် ကာလတစ်လျှောက်လုပ်ခ ကွာခြားချက် များ ပေါ်ပေါက်လာခဲ့သည်။ ၎င်းပုံစံများသည် အဓိကကျသော နည်းပညာဆိုင်ရာ ရင်းနှီး မြှုပ်နှံမှု ခြောက်ခြားမှုဖြစ်ပေါ်ခြင်း (Shocks) များကို လုံလောက်စွာ ခြုံငုံမိခြင်းမရှိပေ။ ထို့ကြောင့် ဥပမာအားဖြင့် ဗီယက်နမ်သည် လျှပ်စစ်ပစ္စည်းနှင့် ကိရိယာများတပ်ဆင် အခြေစိုက်ရာအဖြစ် မကြာမီကာလများအတွင်း စတင်၍တိုးတက်ဖြစ်ထွန်းလျက်ရှိရာ ၂၀၀၇ ခုနှစ်မှစသော အ သွင်း အထွက်ဇယားသည် ဤအချက်ကိုလက်ဆုပ်လက်ကိုင်မပြနိုင်ပေ။ ထို့ကြောင့် ဗီယက်နမ် အတွက် စက်မှုကုန်စည်၏ GDP တွင် ပါဝင်မှုအချိုးအစားမှာ ဇယား (၈.၄) ရှိ သဏ္ဍာန်ပြုပုံစံမှ ရလာဒ်ထက် ပို၍မြင့်မားနေနိုင်ပါသည်။ ထို့အတူ ဖိလစ်ပိုင်၏ I-O သည်လည်း ၎င်း၏ စီးပွားရေးဖြစ်စဉ်၏ ပြင်ပ၌ ဝန်ဆောင်မှုပေးသော လုပ်ငန်းများ (Outsourcing) တိုးတက်မှုကို လက်ဆုပ်လက်ကိုင် မပြနိုင်မည်မဟုတ်ရာ ကုန်သွယ်ရေး ဘဏ္ဍာရေးနှင့် စီးပွားရေးဝန် ဆောင်မှုလုပ်ငန်းတို့၏ ပါဝင်မှုအချိုးအစားသည် ပို၍မြင့်မား နေနိုင်ချေရှိပြီး စက်မှုကုန်စည်၏ အချိုးအစားမှာ ဇယားတွင် ဖော်ပြထားသည်ထက် နည်းနေ နိုင်ပါသည်။ ထို့ကြောင့် အကောင်းဆုံးမှာ နောက်လာမည့် ဆယ်စုနှစ်နှစ်ခုတွင် ရှိမည့် အာဆီယံစီးပွားရေးအဆောက်အအုံများ၏ ဖြစ်နိုင်ချေရှိသော စီးပွားရေးအဆောက်အအုံ ပုံသဏ္ဍာန်ကို အခြေခံအားဖြင့် ဖော်ညွှန်းခြင်းအဖြစ် ကြည့်ရှုနိုင်ပေသည်။

ရည်ညွှန်းဖော်ပြချက်အနေဖြင့်သာဆိုခဲ့လျှင်လည်း ဇယား (၈.၄) က အကြံပြုသည်မှာ စီးပွား ရေးတိုးတက်မှုမျက်နှာစာနှင့် အာဆီယံတွင် ပွင့်လင်းလွတ်လပ်စွာပေါင်းစည်းထားသော စီးပွားရေး အဆောက်အအုံများ ရှုဒေါင့်မှကြည့်လျှင် စီးပွားရေးအဆောက်အအုံ၏ အချိုး အစားပြောင်းလဲခြင်းမှာ ရှောင်လွှဲမရပေ။ သို့သော် ၎င်းစီးပွားရေးအဆောက်အအုံ၏ အချိုး အစားပြောင်းလဲမှုမှာ မချောမွေ့ရုံမက၊ ထိခိုက်မှုမရှိပေါ်ပေါက်ခဲ့ရသည်လည်း မဟုတ်ပေ။ ထို့ကြောင့် အကောင်းဆုံးက ထိုသို့သော စီးပွားရေး အသွင်ကူးပြောင်းမှုဖြစ်စဉ်ကို ကောင်းစွာ စီမံခန့်ခွဲထားသည်ဆိုသည့်အချက်ပင်ဖြစ်သည်။

အငြင်းပွားစရာမှာ AMS များစွာတွင် စီးပွားရေးအသွင်ပြောင်းမှုကို လမ်းပြမြေပုံ (သို့မဟုတ်) စက်မှုဖွံ့ဖြိုးမှု စီမံကိန်းချအဖြစ်ဖြင့် လုပ်ဆောင်လေ့ရှိပြီး၊ အဓိကပါဝင်ပတ်သက်နိုင်သူများက သဘောတူညီပြီး၊ ကဏ္ဍရေးနှင့် အင်စတီကျူးရှင်းဆိုင်ရာ ပံ့ပိုးမှုတို့အတူတွ ပါဝင်ရပေသည်။ နမူနာအနေဖြင့်၊ ဇယား (၈.၄) ကို အခြေပြု၍ ဖော်ပြရသော်၊ ဖိလစ်ပိုင်သည် နိုင်ငံတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရန်အတွက် AMS များအကြား အကြီးမားဆုံး ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအသွင်ပြောင်းခြင်းကို ဖေါ်ဆောင်ရပေလိမ့်မည်။

အထူးသဖြင့်ရင်းနှီးမြှုပ်နှံမှုနှုန်း သိသာစွာမြင့်တက်မှုအပြင် (တို့ကြောင့် အခြေအနေသာယာနေသော ရင်းနှီးမြှုပ်နှံမှု ရာသီဉတုလိုအပ်သည်) ဖိလစ်ပိုင်အနေဖြင့် ဇယား (၈.၄) အရ ကောက်ချက် ဆွဲရလျှင် စက်မှုကုန်စည်၏ GDP တွင်ပါဝင်မှု သိသိသာသာတို့တက်မှုအရ ၎င်းစက်မှုကုန်စည် ထုတ်လုပ်မှုကဏ္ဍတွင်အဓိကကျသည့်ပြန်လည်ရှင်သန်ရေး လုပ်ငန်းများ လုပ်ဆောင်ရပေလိမ့်မည်။

ဇယား ၈ . ၄ အာဆီယံ တွင် ကဏ္ဍအလိုက် ကုန်ထွက် ပမာဏပါဝင်မှုနှင့်ကဏ္ဍ အလိုက် ခန့်မှန်းပါဝင်မှု

| No. | Sector | Share of Sectoral Output Volumes | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | Cambodia | | Indonesia | | Laos | | Malaysia | |
| | | Low | High | Low | High | Low | High | Low | High |
| 1 | Agriculture and agribased products, Natural resources & Energy | 32 | 40 | 22 | 23 | 49 | 49 | 15 | 16 |
| 2 | Light manufacturing, Other manufactures | 23 | 15 | 4 | 2 | 3 | 2 | 1 | 1 |
| 3 | Heavy intermediates | 3 | 4 | 15 | 15 | 10 | 11 | 17 | 17 |
| 4 | Machinery | 5 | 5 | 10 | 9 | 1 | 1 | 24 | 23 |
| 5 | Utilities, Transportations and communications | 7 | 7 | 7 | 6 | 10 | 10 | 9 | 9 |
| 6 | Trade, Financial and business services | 11 | 11 | 14 | 15 | 9 | 9 | 22 | 22 |
| 7 | Construction and other services, Public services | 19 | 19 | 28 | 31 | 19 | 19 | 12 | 12 |
| | | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 |

| No. | Sector | Share of Sectoral Output Volumes | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | Cambodia | | Indonesia | | Laos | | Malaysia | | RoSE | |
| | | Low | High | Low | High | Low | High | Low | High | Low | High |
| 1 | Agriculture and agribased products, Natural resources & Energy | 11 | 12 | 9 | 9 | 15 | 17 | 38 | 42 | 31 | 31 |
| 2 | Light manufacturing, Other manufactures | 2 | 1 | 0 | 0 | 4 | 3 | 12 | 7 | 2 | 2 |
| 3 | Heavy intermediates | 7 | 7 | 13 | 12 | 14 | 14 | 8 | 8 | 3 | 3 |
| 4 | Machinery | 41 | 38 | 21 | 22 | 30 | 29 | 7 | 7 | 7 | 7 |
| 5 | Utilities, Transportations and communications | 7 | 7 | 15 | 14 | 8 | 8 | 9 | 9 | 10 | 10 |
| 6 | Trade, Financial and business services | 15 | 15 | 24 | 24 | 18 | 18 | 11 | 11 | 19 | 19 |
| 7 | Construction and other services, Public services | 17 | 19 | 18 | 19 | 12 | 13 | 15 | 16 | 28 | 28 |
| | | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 | 100 |

ဇာစ်မြစ် - Itakura (2013).

စိတ်ဝင်စားစရာမှာ ဖိလစ်ပိုင်သည် လွန်ခဲ့သော နှစ်များအတွင်းက အဓိကစက်မှုလုပ်ငန်းရှင်များ၏ တက်ကြွစွာပါဝင်မှုနှင့် အစိုးရလည်းပါဝင်၍ အလေးအနက်ထားကာ အသေးစိတ်ရေးဆွဲထားသောစက်မှုလုပ်ငန်းလမ်းပြမြေပုံကိုအကောင်အထည်ဖော်လျှက်ရှိနေခြင်းဖြစ်သည်။ အံ့ဩစရာကောင်းသည်က PIDS CERIA RIN အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သည်) မှ သုတေသန ပညာရှင်သည် ၎င်းလမ်းပြမြေပုံကို အခြားသော စက်မှုလုပ်ငန်းလမ်းပြမြေပုံများနှင့် ပေါင်းစပ်စုစည်းပြီး အကောင်အထည်ဖေါ်မှုတွင် စီမံခန့်ခွဲရသော တာဝန်ကိုယူထားရသည့် အစိုးရ၏ ထိပ်တန်းအဆင့်ရာထူးတစ်ခုသို့ မကြာသေးမီကပင် တိုးမြှင့်ခန့်ထားခံရသည်။

ဖိလစ်ပိုင်၏ စက်မှုလုပ်ငန်းလမ်းပြမြေပုံကို အာဆီယံနှင့် (အာဆီယံအာရှ ပေါင်းစည်းမှု အတွက်ပြင်ဆင်မှုနှင့် အဆောက်အအုံအသွင်ပြောင်းဖြစ်စဉ်ကို စီမံခန့်ခွဲမှုတွင် နမူနာအဖြစ် ကြည့်ရှုလေ့လာသင့်ပေသည်။ Aldaba (၂၀၁၃) က စက်မှုလုပ်ငန်းလမ်းပြမြေပုံပေါင်းများစွာ ကို စုစည်းထားသည့် ဖိလစ်ပိုင်၏စက်မှုလမ်းပြမြေပုံသစ်ကို တင်ပြခဲ့သည်။ ထူးထူးခြားခြားပင် စက်မှုလမ်းပြမြေပုံအသစ်တွင် ပေါင်းစည်းထားသည့် အာဆီယံဟူ၍ မှတ်ယူထားပြီး ၎င်း၏ အဓိကအချက်များမှာ ရင်းနှီးမြှုပ်နှံမှုပိုမိုရလာအောင် မည်သို့ဆွဲဆောင်ရမည်က ဆက်စပ်ပါ လာသည့် အကန့်အသတ်များကို အဖြေရှာရာတွင် ညှိနှိုင်းမှုနှင့် ချောမွေ့ပြေပြစ်အောင် လုပ်ဆောင်ခြင်းများကို အားကောင်းစေပြီး နိုင်ငံ၏ နှိုင်းယှဉ်အကျိုးကျေးဇူးအခြေအနေ အတိုင်းပင် စက်မှုကဏ္ဍကို အရည်အသွေးမြင့်ရေးရှေ့ရှုရန် ပုဂ္ဂလိကကဏ္ဍအတွက် သင့်လျော်သော ပတ်ဝန်းကျင်အနေအထားကို ဖန်တီးပေးရန်ဖြစ်သည်။ (Aldaba, ၂၀၁၃၊ စာလိုက် -၂)၊ ဖိလစ်ပိုင်၏ ကမ္ဘာ့နှင့် ချိန်၍ ယှဉ်ပြိုင်ခဲ့သည့်စက်မှုကုန်စည် ထုတ်လုပ်မှုကို ရှေ့ရှုသည့် စီးပွားရေးအဆောက်အအုံ၏ ဖွဲ့စည်းပုံ အသွင်ပြောင်းလဲခြင်းတွင် အဆင့် (၃) ဆင့် ရှိသည်။ အဆင့် (၁) ကို ရှိပြီးသားလုပ်ငန်းများကို စွမ်းရည်ပြန်တည်ဆောက်စေ၊ နိုင်ငံ အနေဖြင့် ယှဉ်ပြိုင်အကျိုးကျေးဇူးရှိနေသည့် လုပ်ငန်းသစ်များကို အင်အားတောင့်တင်းစေ ခြင်းဖြင့် အစပြုသည်။ အဆင့် (၂) ကို တန်ဘိုးမြှင့်ထုတ်ကုန်ထုတ် လုပ်ငန်းသို့ ရွေ့ပြောင်း လာသော စက်မှုလုပ်ငန်းများကို ချိတ်ဆက်ခြင်း၊ ပေါင်းစပ်စုစည်းခြင်းနှင့် အထူးသဖြင့် လုပ်ငန်းကြီးများနှင့် SME များအတွင်း၌ ထိုသို့ဖြစ်လာစေသည်။ တတိယအဆင့်တွင် ဒေသအတွင်း ထုတ်လုပ်မှုကွန်ယက်များအတွင်းသို့ အထူးသဖြင့် ယာဉ်အမျိုးမျိုးနှင့် စက်မှု ပစ္စည်းများကဲ့သို့သော လက်ရွေးစင်စက်မှုလုပ်ငန်းများစွာ နက်ရှိုင်းစွာပူးပေါင်းပါဝင်လာသည်။

လမ်းပြမြေပုံလျာထားချက်များနှင့် လုပ်ငန်းစုအလိုက် ဗျူဟာမြောက်လုပ်ဆောင်မှုများ ပါဝင် ပြီး ၎င်းတို့လုပ်ငန်းစုအလိုက် ထုတ်လုပ်မှုဖြစ်စဉ် (သို့) တန်ဘိုးမြှင့်ဖြစ်စဉ်တို့၌ ကွာဟချက် တို့ကို ပိတ်သွားစေမည့် သီးသန့်လုပ်ဆောင်ချက်တို့ပါဝင်ခြင်း၊ လုပ်ငန်းစုအလိုက် ပြည်တွင်း ဈေးကွက်အခြေပြုမှုကို တိုးချဲ့ခြင်းလုပ်ငန်းစုအလိုက် လူ့စွမ်းအားအရင်းအမြစ်နှင့် အရည် အသွေး ဆိုင်ရာသင်တန်းပေးခြင်း၊ SME များဖွံ့ဖြိုးမှုနှင့် တီထွင်မှုတို့ကို အားပေးသည်။ လမ်းပြမြေပုံ အကောင်အထည်ဖော်မှုကို သမ္မတဦးဆောင်သည့် အမျိုးသားရေးဦးဆောင် ကော်မတီက ကြီးကြပ်ကွပ်ကဲပြီး စက်မှုလုပ်ငန်းလမ်းပြ မြေပုံရေးဆွဲရေးဆပ်ကော်မတီနှင့် အတူ စက်မှုကောင်စီများနှင့် အဖွဲ့အစည်းများသည် ညှိနှိုင်းဆက်စပ်မှုများလုပ်ဆောင် ပေးခြင်း၊ သတင်းအချက်အလက် မျှဝေခြင်း၊ ကြီးကြပ်ခြင်းနှင့် လုပ်ငန်းအလိုက် မူဝါဒရေးဆွဲခြင်းများကို လုပ်ဆောင်သည်။ လမ်းပြမြေပုံ အကောင်အထည်ဖော်ရာတွင်

အစိုးရအဖွဲ့အစည်းများ စွာပါဝင်ပြီး သမ္မတအနေဖြင့်လည်း အမျိုးသားဦးဆောင်ကော်မတီ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေ သဖြင့် အဖွဲ့အစည်းများအချင်းချင်း ညှိနှိုင်းလုပ်ဆောင်မှုရှိမည်ဟု မျှော်လင့်နိုင်သည်။

အထက်တွင် အကျဉ်းချုပ်ဖော်ပြခဲ့သော ဖိလစ်ပိုင်၏ စက်မှုထူထောင်ရေးလမ်းပြမြေပုံသည် အားလုံးခြုံငုံမိသကဲ့သို့ အသေးစိတ်လည်းဖြစ်ကာ များစွာသော ပါဝင်ပတ်သက်နိုင်သူများကို အစုလိုက်အပြုံလိုက်ပါဝင်စေလျှက် လမ်းညွှန်မြေပုံ ဒီဇိုင်းနှင့် လုပ်နည်းလုပ်ပုံရေးဆွဲရာတွင် ပါဝင်စေပြီး၊ အစိုးရထံမှ အားကောင်းသော ထင်ရှားမှုတို့လည်းရရှိသည်။ ၎င်းသည် မိမိတို့၏ လမ်းပြမြေပုံဖေါ် ထုတ်ရေးဆွဲလိုသော အခြား AMS တို့အတွက် မိမိတို့စီးပွားရေး အဆောက် အအုံများကို အနာဂါတ်၌ ပေါင်းစည်းသော အာဆီယံနှင့် (အရှေ့အာရှ) ၏ ဝယ်လိုအားများကို ဖြည့်စွမ်းပေးနိုင်မည့် စီးပွားရေးအဆောက်အအုံ ပုံသဏ္ဍာန်အသွင်ပြောင်းမှုကို ပို၍ ကောင်းမွန်စီမံနိုင်ရန် အတွက် ဖြစ်နိုင်ချေရှိသော ပုံစံတစ်ခုဖြစ်ကောင်းဖြစ်နိုင်ပါသည်။

နိဂုံးအားဖြင့် ၂၀၃၀ နောက်ဆုံးထား၍ AMS ၃- နိုင်ငံသို့မဟုတ် ၄- နိုင်ငံသည် ဝင်ငွေ အဆင့်မြင့် နိုင်ငံများ ဖြစ်လာကြပြီး၊ ၂- နိုင်ငံသို့မဟုတ် ၄- နိုင်ငံက ဝင်ငွေအလယ်အလတ်၏ အထက်လွှာတွင် ပါဝင်လျှက် ၃-နိုင်ငံမှ ၄-နိုင်ငံမှာ ဝင်ငွေအလယ်အလတ်၏ အထက်လွှာတွင် ပါဝင်လာရန် အခြေအနေအလွန် ကောင်းမွန်အနေအထားတွင် ရှိပါသည်။ ဤရလဒ်များ သည် မဏ္ဍိုင် ၄-ခုနှင့် အခြေခံအုတ်မြစ်တစ်ခုပါဝင်သည့် မူဘောင်၏ တုန့်ပြန်နိုင်စွမ်းသော အာဆီယံက ရည်ရွယ်ထားသည့်အတိုင်း အံ့ဖွယ်အာဆီယံ၏လက္ခဏာရပ်များပင်ဖြစ်ပါသည်။ ၂၀၃၀ ခုနှစ်သို့ ရောက်သည့်အခါ ၇၂၀ သန်းသော လူဦးရေနှင့်အတူ အာဆီယံသည် ဒေသတွင်း နိုင်ငံအများစု၏ မြင့်မားသော တိုးတက်နှုန်းလျာထားချက်နှင့်အတူ အလွန် ကြီးမားသော ဈေးကွက်ကြီးအဖြစ် အခိုင်အမာကြီးထွားလာရန်ရှိနေပြီး ဖြစ်သည်။ ထို့ကြောင့် အာဆီယံတွင် အခွင့်အလမ်းများစွာ ပေါ်ပေါက်လျက်ရှိပြီး အကောင်းဆုံးအခြေအနေသို့ ရောက်ရှိတော့မည့် ဖြစ်သည်။ ထို့ကြောင့် AMS များသည် ပေါင်းစည်း၍ အဆင့်မြင့်စွာ ယှဉ်ပြိုင်နိုင်သော အာဆီယံအပြိုင်အဆိုင်နှင့် တုန့်ပြန်ပြောင်းလဲလွယ်သော အာဆီယံ အားလုံး ပါဝင်ပြီး ကြံ့ကြံ့ခံ ရှင်သန်နိုင်သော အာဆီယံနှင့် ကမ္ဘာ့အာဆီယံအဖြစ်သို့ ဦးတည်သည့်ပြုပြင်ပြောင်းလဲမှု အင်စတီကျူးရှင်းများ ဖွံ့ဖြိုးမှုတို့၏ အရှိန်အဟုန်ကို ဆက်လက်ထိမ်းကာ အာဆီယံတစ် ခေတ်ဆန်းမည့် အာဆီယံ၏ အရှိန်မြင့်ဆုံးအချိန်ပင် အမှန်စင်စစ်ဖြစ်ပါတော့သည်။

# ရည်ညွှန်းချက်များ


Adam, S. (2010), *Intelectual Property Rights, Innovation and Economic Growth in Sub-Saharan Africa.* Third Biennial Conference of the European Consortium on Political Research Standing Group on Regulatory Governance on 'Regulation in an Age of Crisis'. Dublin: ECPR.

AIFDR Design Document (2009), *Australia-Indonesia Partnerships. Design document: Australia-Indonesia Facility for Disaster Reduction.* 1 January 2009 - 30 January 2013. Available at: http://aid.dfat.gov.au/countries/eastasia/indonesia/Documents/aifdr-design-doc-pd.pdf

Aldaba, R. M. (2013), *AEC 2015 and Philippine new Industrial Policy.* Makati: PIDS.

Amcham (2013), *ASEAN Business Outlook Survey 2014.* Singapore: Amcham Singapore.

Anas, T., and D. Narjoko (2013), *Regional Comprehensive Economic Partnership: Strategic for Market Driven Facilitating Regional Initiatives.* Paper prepared for ERIA's Explicating Jakarta Framework project. (mimeo).

Ando, M. and F. Kimura (2005), 'The Formation of International Production and Distribution Network in East Asia', in Ito, T. and A. K. Rose (eds.), *International Trade in East Asia.* Chicago: University of Chicago Press.

Ando, M. and F. Kimura (2009), 'Fragmentation in East Asia: Further Evidence', ERIA Discussion Paper 2009 no.20. Jakarta: ERIA.

Ando, M. and F. Kimura (2013), 'What Are the Opportunities and Challenges for ASEAN?', ERIA Discussion Paper 2013 no.31. Jakarta: ERIA.

APEC (2004), *2004: Trade Facilitation and Trade Liberalization: From Shanghai to Bogor.* Singapore: APEC Economic Committee Report.

APEC (2011).*Annex D - Strengthening Implementation of Good Regulatory Practices,* Leaders Declaration, Honolulu, Hawaii, United States, 13 Nov 2011. Available at: http://www.apec.org/Meeting-Papers/Leaders-

Declarations/2011/2011_aelm/2011_aelm_annexD.aspx

Andrews, M. (2008), 'Creating Space for Effective Political Engagement in Development', in Odugbemi, S. and T. Jacobsen, *Governance Reform Under Real-World Conditions: Citizens, Stakeholders and Voice.* Washington, D.C.: World Bank, pp.95–113.

Armstrong, S. (2011), *China's Partisipation in the Trans-Pacific Partnership.* East Asia Forum 11 December 2011. Available at: http://www.eastasiaforum.org/2011/12/11/china-participation-in-the-trans-pacific-partnership/

Arndt, S. (2002), 'Production Sharing and Regional Integration', California: Claremont Colleges Working Papers.

ASEAN Secretariat (2007), *ASEAN Petroleum Security Agreement.* Signed on March 1, 2009. Available at: http://www.ascope.org/images/stories/apsa.pdf

ASEAN Secretariat (2008), *ASEAN Economic Community Blueprint.* Jakarta: ASEAN Secretariat. Available at: http://www.asean.org/archive/5187-10.pdf

ASEAN Secretariat(2009), *Roadmap for an ASEAN Community 2009-2015.* Jakarta: ASEAN Secretariat.

ASEAN Secretariat (2011).*Master Plan on ASEAN Connectivity.* Jakarta: ASEAN Secretariat.

ASEAN Secretariat (2013a), *ASEAN Economic Community in Chartbook 2012.* Jakarta: ASEAN Secretariat.

ASEAN Secretariat (2013b).*ASEAN Community in Figures 2012.* Jakarta: ASEAN Secretariat. Available at: http://www.asean.org/images/2013/resources/statistics/web_ACIF2012_e-publish.pdf

Asher, M. and F. Zen (2013), *Social Security System and Fiscal Policy Response in China, India, Indonesia.* ERIA Research Project (fourthcoming).

Asian Development Bank (2013), 'Sector Assessment (Summary): Trade and Industry (Small and Medium-Sized Enterprises)' Available at: http://www.adb.org/sites/default/files/44057-013-ssa.pdf

ARIC ADB Indicator (2013), Asia Regional Integration Center, ADB.Integration Indicator. Available at: http://aric.adb.org/integrationindicators

Baldwin, R. (2006), 'Better Regulation in Troubled Times', *Health Economics, Policy and Law,* 1(3), pp.203–207.

Baldwin, R. (2011). T*rade and Industrialisation After Globalisation's 2nd Unbundling: How Building and Joining a Supply Chain are Different and Why It Matters.* Cambridge: NBER.

Baldwin, R., and J. Black (2008), 'Really Responsive Regulation', *The Modern Law Review,* 71(1), pp. 59–94.

Banerjee, A. and E. Duflo (2007), 'What is Middle Class about the Middle Classes around the World', Massachussetts Institute of Technology Department of Economics Discussion paper, December.

Bank, W. (2011), *Lessons for Reformers: How to Launch, Implement, and Sustain Regulatory Reform.* Washington, D.C.: IFC/World Bank.

Best, M. H. (1999), *Cluster Dynamics in Theory and Practice: Singapore/Johor and Penang Electronics.* Malaysia: ISIS.

British Petroleum (BP) (2012), *Statistical Review of World Energy.* London: BP.

Braithwaite, J. (2011), *The Essence of Responsive Regulation.* Vancouver: University British Columbia.

Briones, R. (2013), *Towards Enhanced Food Security in ASEAN: After rice, Which Commodity Next?* Makati: PIDS.

Cadot, O., E. Munadi, E., and L. Y. Ing (2013), 'Streamlining NTMs in ASEAN: The Way Forward', ERIA Discussion Paper 2013-24. Jakarta: ERIA.

Chia, Y. (2011), 'Free Flow of Skilled Labor in the ASEAN Economic Community', in Urata, S. and M. Okabe (eds.), *Toward a Competitive ASEAN Single Market: Sectoral Analysis.* ERIA Research Project Report 2010-03. Jakarta: ERIA, pp.205-279.

Damuri, Y. R. (2013), 'Service Sector Development And Value Chain Upgrading And Competitiveness Of The Goods Sector', *Paper prepared for the ERIA research project (mimeo).*

De Souza, R., M. Goh, M. Gupta, and L. Lei (2007), *An Investigation into the Measures Affecting the Integration of ASEAN's Priority Sectors Phase 2: the Case of Logistics.* Singapore: REPSF Project No. 06/001d, ASEAN Secretariat.

Dee, P. (2010), *Institutions for Economic Reform in Asia.* London and New York: Routledge.

Dee, P. (2012), *Services Liberalization: Impact and Way Forward. Report prepared for the ERIA.* Jakarta: ERIA.

Dee, P. (2013a), 'Does AFAS have Bite? Comparing Commitments with Actual Practice', mimeo a paper prepared for the ASEAN Economic Community Mid Term Review, ERIA. Available at: https://crawford.anu.edu.au/pdf/staff/phillippa_dee/2013/does-afas-have-bite.pdf

Dee, P. (2013b), *Regulatory Structures in Logistics and Trade Facilitation in ASEAN — Current State of Play and Ways Forward.* Jakarta: ERIA.

Dee, P. (2013c), *Responsive Regulation.* ERIA. (mimeo).

Desker, B., M. A. Caballero and P. Teng (2013), 'Thought/Issues Paper on ASEAN Food Security: Towards a more Comprehensive Framework', ERIA Discussion Paper 2013-20. Jakarta: ERIA.

Djakov, S., C. Freund and C. S. Pham (2006), 'Trading on Time', Bank Policy Research Working Paper 3909. Washington, D. C. : The World.

Drahos, P. (2004), *Towards an International Framework for the Protection of Traditional Group Knowledge and Practice.* UNCTAD - Commonwealth Secretariat Workshop on Elements of National Sui Generis Systems for the Preservation, Protection and Promotion of Traditional Knowledge, Innovations and Practices and Options for an International Framework,. Geneva: UNCTAD.

Dutta, S. and B. Lanvin (2013), *The Global Innovation Index 2013: The Local Dynamics of Innovation.* Geneva, Ithaca, Fountainebleau: Cornell University, INSEAD, WIPO.

Dutta, A., and S. Sharma (2008), *Intelectual Property Rights and Innovation in*

*Developing Countries: Evidence from India.* Washington, D. C. : IFC and World Bank.

ERIA (2010a), T*he Comprehensive Asia Development Plan.* Jakarta: ERIA.

ERIA (2010b), *ASEAN Strategic Transport Plan 2011-2015.* Jakarta: ERIA.

ERIA (2012a), *ASEAN Economic Community Blueprint Mid-Term Review: Integrative Report Volume I & II.* Jakarta: ERIA.

ERIA (2012b), *ASEAN Economic Community Blueprint Mid-Term Review: Executive Summary.* Jakarta: ERIA.

ERIA (2013a), *Asian Potential of Biofuels Markets.* Jakarta: ERIA.

ERIA (2013b), *Study on the Strategic Usage of Coal in the EAS Region.* Jakarta: ERIA.

ERIA (2013c), *ASEAN SME Policy Index.* Jakarta: ERIA

ERIA (2013d), *Myanmar Comprehensive Development Vision.* Submitted to Myanmar Government.ERIA.

Fargher, J. (2012), *Australia Indonesia Facility for Disaster Reduction: Independent Progress Review.* Jakarta: AIFDR and BNPB.

Farrell, D., U. Gersch and E. Stephenson (2006), 'The Value of China's Emerging Middle Class', *the McKinsey Quarterly Special Edition,* pp. 61-69.

Fink, C., and K. Maskus (2005), 'Why we Study Intelectual Property Rights and What We Have Learned', in Fink, C. and K. Maskus, *Intellectual Property and Development: Lessons from Recent Economic Research.* Washington: World Bank, pp.1-18.

Fukunaga, Y. (2013), 'ASEAN MFN and TPP', ERIA. (mimeo).

Fukunaga, Y., and I. Isono (2013), 'Taking ASEAN+1 FTAs towards the RCEP: A Mapping Study', ERIA Discussion Paper Series 2013-02. Jakarta: ERIA.

Fukunaga, Y., D. Narjoko, I. Isono and P. Intal (2013), 'ASEAN as Fulcrum of East ASIA Integration' ERIA.(mimeo).

GFDRR (2012), *Advancing Risk Financing and Insurance in ASEAN Member States: Framework and Options for Implementation.* Washington, D.C.: The World Bank.

Gourdon, J., and A. Nicita (2012), 'Non-Tariff Measures: Evidence from Recent Data Collection', in Cadot, O. and M. Malouche (eds.), *Non-Tariff Measures - A Fresh Look at Trade Policy's New Frontier.* London/ Washington, D.C.: Centre for Economic Policy Research/World Bank.

Grabosky, P. (1995), 'Counterproductive Regulation', *International Journal of the Sociology of Law,* 23(4), pp.347–369.

Guerard, Y., M. G. Asher, D. Park and G. B. Estrada (2012), 'Reducing Disparities and Enhancing Sustainability in Asian Pension Systems', *Lee Kuan Yew School of Public Policy Research Paper* No. 12-15. Singapore.

Hall, B. H. (2010), 'Patent Protection and Technology Transfer- Help or Hindrance?', t*he KDI Conference on Intellectual Property for Economic Development: Issues and Policy Implications.* Seoul: KDI.

Handayani, S. (2010), *Enhancing Social Protection in Asia and the Pacific: The Proceedings of the Regional Workshop.* Mandaluyong City, Philippines: Asian Development Bank.

Hansakul, S. and W. Keng (2013, june 14), *ASEAN Economic Community (AEC) A Potential Game Changer for ASEAN Countries.* DB Research Current Issues Emerging Markets.

Harvie, C., D. Narjoko, and S. Oum (2013), 'Small and Medium Enterprises' Access to Finance: Evidence From Selected Asian Economies', ERIA Discussion Paper 2013-23. Jakarta: ERIA.

Hawke, G. (2013), *Economic Integration with Asia: Bridging the Divide.* Melbourne: Asialink, Sidney Myer Asia Center, the University of Melbourne.

Hew, D. (2013), *AEC Beyond 2015 and APEC Post-Bogor Goals: Exploiting Synergies.* 4th Final Workshop on ASEAN Beyond 2015.Manila: ERIA/ PIDS.

Hill, R. C., and K. Fujita (2007), '"Detroit in Asia": Ideology, the State, and Regional Development Policy in Thailand', Workshop on *Neoliberalism in East Asia.* Singapore: NUS. pp. 22-55.

Hu, A. G. (2009), *The strategic Use of Intelectual Property to Enhance Competitiveness in Select Industries in ASEAN.* Geneva: WIPO.

IEA (2012), *IEA Wind Energy Outlook.* Paris: IEA.

IEA and ERIA (2013), *South East Asia Energy Outlook: World Energy Outlook Special Report.* Paris: IEA.

Intal, P. (2010), 'The Growth of the Middle Class in East Asia', Paper presented at the ERIA RIN Forum, *Toward the Development and Deepening of Community Building in East Asia,* Nara, Japan, 4 July.

Intal, P., D. Narjoko, H. Lim and M. Simorangkir (2011), 'ERIA Study to Further Improve AEC Scorecard and Trade Facilitation', *ASEAN Trade Facilitation Forum.* Manado: ERIA.

Intal, P., et al. (2011). 'Scoring System , Results and Analysis: Investment Liberalization and Facilitation' (mimeo). Research Institute for ASEAN and East Asia (ERIA), Jakarta.

Intal, P., S. Oum and M. Simorangkir (2011), *Agricultural Development, Trade & Regional Cooperation in Developing East Asia.* Jakarta: ERIA.

IRENA (2012), 'Renewable Energy Technologies: Cost Analysis Series', IRENA Working Paper Volume 1- Power Sector, Issue 4/5 Solar Photovoltaics. Bonn: IRENA.

Isono, I., and S. Kumagai (2012), *The Proposed Cilamaya New International Port is a Key for Indonesian Economic Development: Geographical Simulation Analysis.* ERIA Policy Brief, No. 2012-05.

Isono, I., and S. Kumagai (2013), *Dawei revisited: Reaffirmation of the importance of the project in the era of reforms in Myanmar.* Jakarta: ERIA Policy Brief, No. 2013-01.

Itakura, K. (2012), I*mpact of Liberalization and Improved Connectivity and Facilitation in ASEAN for the ASEAN Economic Community Mid Term Review.* Jakarta: ERIA.

Itakura, K (2013), ASEAN Prospects beyond 2015: *A baseline Simulation with GTAP.* Paper prepared for the project. ERIA.

Kanwar, S. (2013), *Innovation, Efficiency, Productivity, and Intelectual Property Rights: Evidence from A BRIC Economy.* Delhi: CDE, Delhi School of Economics.

Kemitraan (2009), *Design Document: Australia-Indonesia Facility for Disaster Reduction 2009-2013.* Jakarta: Kemitraan.

Kimura, F., H. Phounim, and B. Jacobs (eds.) (2012), *Energy Market Integration in East Asia: Renewable Energy and its Deployment into the Power System.* Jakarta: ERIA Research Project Report 2012-26.

Kimura, F., T. Kudo., and S. Umezaki (2011), 'ASEAN- India Connectivity: A Regional Framework and Key Infrastructure Project', in F. Kimura and S. Umezaki (eds.), *ASEAN India Connectivity: The Comprehensive Asia Development Plan, Phase II,* ERIA Research Project Report 2010, No.7. Jakarta: ERIA.

Kimura, S. (ed.) (2013), *Analysis on Energy Saving Potential in East Asia.Jakarta:* ERIA Research Project Report 2012-19. Jakarta: ERIA.

Koh, J., and I. Hogg (2012), *ASEAN Economic Community Blueprint Mid Term Review: Implementing the ASEAN Single Window.* ERIA. (mimeo).

Koopman, R., W. Powers, Z. Wang,and S.-J. Wei (2010), 'Give Credit Where Credit Is Due: Tracing Value Added in Global Production Chains', Cambridge: NBER Working Paper No. 16426.

Kudo, T. (2013), *Growth Strategy for Myanmar - New Reality, New Opportunities and New Challenges.* 2nd meeting of Working Groups for Myanmar Comprehensive Development Vision (MCDV).ERIA.

Kudo, O., S. Kumagai and S. Umezaki (2013), 'Making Myanmar the Star Growth Performer in ASEAN in the Next Decade: A Proposal of Five Growth Strategies', ERIA Discussion Paper 2013-19. Jakarta: ERIA.

Kumagai, S., Gokan, T., I. Isono, K. Hayakawa, K. Tsubota and S. Keola (2013), *Geo Economic Dataset for Asia.* IDE - JETRO.

Kutani, I. (ed.) (2012a), S*tudy on Effective Investment of Power Infrastructure in East Asia through Power Grid Interconnection.* ERIA Research Project Report 2012-23. Jakarta: ERIA. 398

Kutani, I. (2012b), *Study on the Development of an Energy Security Index and an Assessment of Energy Security for East Asian Countries.* ERIA Research Project Report 2012-24. . Jakarta: ERIA.

Lee, C., and Y. Fukunaga (2013), 'Competition Policy Challenges of Single Market and Production Base', Jakarta: ERIA Discussion Paper No. 2013-17. Jakarta: ERIA.

Lee, C. J. and S. Urata (2013), 'Interaction among AEC, RCEP, TPP, and WTO', Paper prepared for ERIA's Explicating Jakarta Framework Project. *(mimeo).*

Lim, H. (2013a), *Government Policies, Technology Transfer, and Innovation in Singapore: Lessons and Recommendations for ASEAN Beyond 2015.* Singapore: Singapore Institute of International Affairs.

Lim, H. (2013b), 'Singaporean Perspective on the WTO Ministerial and Asian Integration', in Fukunaga, Y. J. Riady, and P. Sauve (eds.), *The Road to Bali: ERIA Perspectives on the WTO Ministerial and Asian Integration.* Jakarta: ERIA Research Project Report 2012-31. pp.50-59.

Lim, T. L., G. Powel and A. Chng (2012), *Catching The ASEAN Wave.* Accenture Outlook: The Journal of High Performance Bussiness.

Llanto, G. (2010), 'The Policy Development Process and the Agenda for Effective Institutions in the Philippines', in Dee, P. (ed.), *Institutions for Economic Reform in Asia.* London and New York: Routledge, pp.88–105.

Machikita, T., and Y. Ueki (2013), 'Who Disseminates Technology to Whom, How, and Why: Evidence from Buyer-Seller Business Networks', Jakarta: ERIA Discussion Paper 2013-26. Jakarta; ERIA.

Majuca, R. (2013), 'Managing Economic Shocks and Macroeconomic Coordination in an Integrated Region: ASEAN Beyond 2015', ERIA Discussion Paper 2013-18. Jakarta: ERIA.

Koh, J. and A. F. Mowerman (2013), 'Towards a Truly Seamless Trade Facilitation Regime in ASEAN Beyond 2015', ERIA Discussion Paper 2013-09. Jakarta: ERIA.

MRCS (2010), *MRC Hydropower Database.* Vientiane: Mekong River Commision.

Nakata, H., Y. Sawada and M. Tanaka (2010), 'Entropy Characterisation of Insurance Demand: Theory and Evidence', RIETI Discussion Paper Series 10E-09. Tokyo: RIETI.

Narjoko, D. A. and R. B. Herdiyanto (2012), 'Evaluating ASEAN Framework Agreement on Services (AFAS)', (mimeo). Jakarta: Economic Research Institute for ASEAN and East Asia (ERIA).

OECD (2009), *SME Policy Index 2009.* Paris: OECD.

OECD (2013), OECD *Economic Outlook.* Paris: OECD.

Okabe, M. and S. Urata (2013), 'The Impact of AFTA on Intra-AFTA Trade', ERIA Discussion Paper 2013-05. Jakarta: ERIA.

Pasadilla, G. A. (2011), *Social Security and Labor Migration in ASEAN.* Tokyo: ADB Institute.

Pettman, S. (2013), Standards Harmonisation in ASEAN: Progress, Challenges and Moving Beyond 2015. Jakarta: ERIA Discussion Paper Series 2013-30. Jakarta: ERIA.

Poapongsakorn, N., and I. Nitithanprapas (2013), *Whither ASEAN Agriculture.* Bangkok: Thailand Development Research Institute.

Randall, T. (2012), W*ind Innovations Drive Down Costs, Stock Prices.* Available at: http://go.bloomberg.com/multimedia/wind-innovations-drive-down-costs-stock-prices/

Raschky, P., &Chantarat, S. (2013). *Natural Disaster Risk Financing and Transfer in ASEAN Countries.* ERIA Discussion Paper (fourthcoming).

Rasiah, R. (2002a), S*ystemic Coordination and Human Capital Development: Knowledge Flows in Malaysia's MNC Driven Electronic Clusters.* Maastricht: The United Nations University INTECH.

Rasiah, R. (2002b), 'TRIPs and Industrial Technology Development in East and South Asian Economies', *European Journal of Development Research* 14(1), pp.171-99.

Rasiah, R. (2013), 'Stimulating Innovation in ASEAN Institutional Support, R&D Activity and Intellectual Property Rights', ERIA Discussion Paper 2013-28, Jakarta: ERIA.

Reyes, C., and A. B. Mandap (2011), 'Poverty Belts and Vulnerability Zones in the Philippines: Implications for Crisis Management in the ASEAN Region', in Intal, P., S. Oum and M. Simorangkir (eds.), *Agricultural Development, Trade & Regional Cooperation in Developing East Asia.* Jakarta: ERIA. pp. 557-601.

Sawada, Y., and S. Oum (2012), 'Economic and Welfare Impacts of Disaster in East Asia and Policy Responses', in Sawada, Y. and S. Oum (eds.), *Economic and Welfare Impacts of Disaster in East Asia and Policy Responses.* ERIA Research Project Report 2011-8, Jakarta: ERIA. pp.1-25. 400

Sawada, Y. and F. Zen (2014), 'Disaster Management in ASEAN', ERIA Discussion Paper 2014-03. Jakarta: ERIA.

Schutter, O. D. and M. Sepúlveda (2012), *Underwriting the Poor A Global Fund for Social Protection.* Geneva: OHCHR Briefing Note.

Schwab, Klaus (2013). The Global Competitiveness Report 2013-2014. Geneva: The World Economic Forum.

Schwab, Klaus (2011). The Global Competitiveness Report 2011-2012. Geneva: The World Economic Forum.

Schwab, Klaus (2010). The Global Competitiveness Report 2010-2011. Geneva: The World Economic Forum.

Schwab, Klaus (2009). The Global Competitiveness Report 2009-2010. Geneva: The World Economic Forum.

Schwab, Klaus (2008). The Global Competitiveness Report 2008-2009. Geneva: The World Economic Forum.

Shihido, H., S. Sugiyama and F. Zen (2013), 'Moving MPAC Forward: Strengthening Public Private Partnership, Improving Project Portofolio and in Search of Practical Financing Schemes', ERIA Discussion Paper 2013-21. Jakarta:

ERIA.

Soesastro, H., H. Aswicahyono and D. A., Narjoko (2010), 'Economic Reforms in Indonesia after the Economic Crisis', in Dee, P. (eds), *Institutions for Economic Reform in Asia.* London: Routledge.

Soesastro, H. A. (2010), 'Economic Reforms in Indonesia after the Economic Crisis', Dee, P. (ed.), *Institutions for Economic Reform in Asia.* London and New York: Routledge, pp. 106–120.

Subramanian, U. (2012), *Less Time, More Trade: Results from an Export Logistics Model.* Washington, D. C. : Investment Climate Department, World Bank Group.

Subramanian, U., W. Anderson, and K. Lee (2005), 'Measuring the Impact of the Investment Climate on Total Factor Productivity : The Cases of China and Brazil', Washington, D.C.: World Bank Policy Research Working Paper .

Sukegawa, S. (2013), 'Improving Further the Investment Climate in ASEAN', Paper prepared for the Project. JETRO.

Sukma, R. (2013), A*SEAN Beyond 2015: The Imperatives for Further Institutional Changes. 4th Final Workshop on ASEAN Beyond 2015.* Manila: ERIA/PIDS. Available at: 401 http://dirp4.pids.gov.ph/DPRM/dprm11/wp-content/uploads/2013/11/sukma.pdf

Suzuki, S. (2003), 'Linkage Between Malaysia's FTA Policy and ASEAN Diplomacy', in Okamoto, J. (ed.), *Whither Free Trade Agreements? Proliferation, Evaluation and Multilateration.*Tokyo: IDE.

Syngenta (2012), *The Rice Bowl Index Translating Complexity into an Opportunity for Action.* Singapore: Frontier Strategy Group.

Tambunan, T. (2006), *Development of Small and Medium Scale Industry Cluster in Indonesia.* Jakarta: Kadin Indonesia- JETRO.

Tay, S. (2013), *Growing an ASEAN Voice? : A Common Platform in Global and Regional Governance.* ERIA Discussion Paper 2013-19. Jakarta: ERIA.

Techakanont, K. (2011), 'Thailand Automotive Parts Industry', in Kagami, M. (eds.), *Intermediate Goods Trade in East Asia: Economic Deepening*

*Through FTAs/EPAs.* Bangkok: Bangkok Research Center, IDE-JETRO.

Techakanont, K. (2012), 'New Division of Labor Between Thailand and CLMV Countries: The Case of Automotive Parts Industry', in Ueki, Y. and T. Bhongmakapat (eds.), *Industrial Readjusment in the Mekong River Basin Countries: Toward The AEC.* Bangkok: Bangkok Research Report, IDE-JETRO.

The Conference Board (2013), *2013 Productivity Brief: Key Findings.* New York: The Conference Board, Inc.

The World Bank (2009),*Clusters for Competitiveness: A Practical Guide and Policy Implications for Developing Cluster Initiatives.* Washington: International Trade Departement, The World Bank.

The World Bank (2013), *Doing Business 2013: Smarter Regulation for Small and Medium-size Enterprises.* Washington: The World Bank and the International Finance Corporation.

The World Bank and the International Finance Corporation (2013), *Doing Business 2014: Understanding Regulations for Small and Medium-size Enterprises.* Washington:World Bank and IFC. Available at: http://www.doingbusiness.org/~/media/GIAWB/Doing%20Business/Documents/Annual-Reports/English/DB14-Full-Report.pdf

Tsen, J. K. (2011), *Ten Year of Single Windows Implementation: Lesson Learned for The Future.* Global Trade Facilitation Conference 2011 Connecting International Trade.United Nations. 402

Tullao, T. S. and C. J. Cabuay (2013), 'Education and Human Capital Development to Strengthen R&D Capacity in ASEAN', ERIA Discussion Paper 2013-36, Jakarta: ERIA.

UNCTAD (2009), *Development Impact of Commodity Exchanges in Emerging Market.* New York and Geneva: UNCTAD.

UNCTAD Stat (2013), *Integration Indicator.* Available at; http://unctadstat.unctad.org/TableViewer/tableView.aspx

UN Data (n.d.), World Bank Data, *Povcalnet-World Bank.* Available at: http://iresearch.worldbank.org/PovcalNet/index.htm?0

UNDP (2013). The Rise of the South: Human Progress in a Diverse World. New York. Available at: http://hdr.undp.org/en/2013-report

UNESCAP (2012), S*tatistical Yearbook for Asia and the Pacific 2012.* Bangkok: UNESCAP.

UNISDR (2005) *Hyogo Framework for Action 2005-2015: Building the Resilience of Nations and Communities to Disasters.* World Conference on Disaster Reduction. Kobe: ISDR.

University of Tokyo (2013), *MCDV Strategic Paper on Integrated Energy Policy: Improving Energy Access in Myanmar.* Paper prepared for MCDV project.

Vergano, P. R. (2009), The ASEAN *Dispute Settlement Mechanism and its Role in a Rules-Based Community: Overview and Critical Comparison.* Asian International Economic Law Network (AIELN) Inaugural Conference. Tokyo: University of Tokyo.

Vo, T. Nanh (2013), 'Engendering Industrial Clusters and SME Development in ASEAN', (mimeo).

Warr, P. (2011), 'Household Implications of Production and Price Shocks in Indonesian Agriculture', in Intal, P., S. Oum and M. Simorangkir (eds.), *Agricultural Development, Trade & Regional Cooperation in Developing East Asia.* Jakarta: ERIA, pp.511-556.

Wihardja, M. M. (2013), 'Financial Integration Challenges in ASEAN beyond 2015', ERIA Discussion Paper 2013-27, Jakarta: ERIA.

Zeng, D. Z. (2011), 'How Do Special Economic Zones and Industrial Clusters Drive China's Rapid Development?', The World Bank Policy Research Working Paper 5583.

# ထွန်းတောက်လာသော အာဆီယံ

## ၂၀၁၅ အလွန် အာဆီယံနှင့် အာဆီယံ စီးပွားရေး အသိုက်အဝန်း

"ထွန်းတောက်လာသော အာဆီယံ: ၂၀၁၅ အလွန် အာဆီယံနှင့် အာဆီယံ စီးပွားရေး အသိုက်အဝန်း" စာအုပ်တွင် ဒေသတွင်းရှိ ၂၀၁၅ အလွန် အာဆီယံ၊ အာဆီယံ စီးပွားရေး အသိုက်အဝန်းတို့နှင့် ပတ်သတ်သည့် နယ်ပယ်ပေါင်းစုံမှ (၃၀)ထက် မနည်းသော ကျွမ်းကျင်ပညာရှင်များနှင့် အထူးပြု ပညာရှင်တို့၏ အယူအဆများ၊ အတွေးအခေါ်များနှင့် စာတမ်းများကို အားလုံး စုစည်းဖော်ပြထားပါသည်။ အာဆီယံနှင့် အေအီးစီတို့ ကြုံတွေ့ရမည့် စိန်ခေါ်မှုများ၊ ထိုစိန်ခေါ်မှုများကို ရင်ဆိုင်ရန် နည်းလမ်းများနှင့် အာဆီယံအနေနှင့် ၂၀၁၅ နှင့် ယင်းအလွန် အေအီးစီကာလဆီသို့ မည်သို့မည်ပုံ ချီတက်ရမည်တို့ကို ဆွေးနွေးထားပါသည်။

အာဆီယံသည် ၂၀၃၀ ခုနှစ်တွင် လူဦးရေ လွန်စွာ ထူထပ်လာပြီး သန်းပေါင်း ၇၂၀ ခန့် ရှိလာကာ အလွန်ကြီးမားသော ဈေးကွက်တစ်ခု ဖြစ်လာမည်ဟု ခန့်မှန်းထားကြပါသည်။ ၂၀၃၀ ခုနှစ် လောက်တွင်ပင် အာဆီယံအဖွဲ့ဝင် နိုင်ငံ(၃)ခု သို့မဟုတ် (၄)ခုလောက်သည် ဝင်ငွေမြင့်မားသော နိုင်ငံများ ဖြစ်လာပြီး၊ နိုင်ငံ (၂)ခုမှ (၄)ခုထိသည် အလယ်အလတ် မြင့်မားသော ဝင်ငွေရှိသည့် နိုင်ငံများ ဖြစ်လာနိုင်ချေရှိသည်။ ကျန်ရှိသော နိုင်ငံ (၃)ခုမှ (၄)ခုထိသည်လည်း အလယ်အလတ် မြင့်မားသော ဝင်ငွေရှိသည့် နိုင်ငံများ ဖြစ်လာနိုင်လောက်အောင် အလားအလာများ ရှိနိုင်သည်။ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ပေါင်းစည်း၍ အဆင့်မြင့်စွာယှဉ်ပြိုင်နိုင်သော အာဆီယံ၊ အပြိုင်အဆိုင်နှင့် တုန့်ပြန်ပြောင်း လဲလွယ်သော အာဆီယံ၊ အားလုံးပါဝင်ပြီး ကြံ့ကြံ့ခံရှင်သန်နိုင်သော အာဆီယံနှင့် ကမ္ဘာ့အာဆီယံ အဖြစ်သို့ ဦးတည်သည့် ပြုပြင်ပြောင်းလဲမှု အင်စတီကျူးရှင်းများ ဖွံ့ဖြိုးမှုတို့၏ အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းသင့်ပေသည်။ ထိုမှတဆင့် "ထွန်းတောက်လာသော အာဆီယံ" အဖြစ် အမှန်တကယ် ဖြစ်ပေါ်လာပေမည်။

ယခု "ထွန်းတောက်လာသော အာဆီယံ - ၂၀၁၅ အလွန် အာဆီယံနှင့် အာဆီယံ စီးပွားရေး အသိုက်အဝန်း" အစီရင်ခံစာသည် ERIA မှ အာဆီယံနှင့် အရှေ့အာရှ နိုင်ငံများ၏ ဒေသတွင်း ပေါင်းစည်းမှုအတွက် စဉ်ဆက်မပြတ် ထောက်ပံ့ပေးခဲ့မှုများ၏ နောက်ဆုံး ကြိုးပမ်းအားထုတ်မှု ဖြစ်ပါသည်။ ယခု စာအုပ်တွင် ပါဝင်သော အကြံပြုချက်များသည် အာဆီယံဒေသကို ၂၀၁၅ နှင့် ယင်းအလွန် ကာလများသို့ ယုံကြည်မှု အပြည့်နှင့် လှမ်းချီနိုင်ရန် အထောက်အကူ ဖြစ်ပါစေကြောင်း မျှော်လင့်ပါသည်။

ERIA


Headquarters:
The ASEAN Secretariat Mezzanine Floor 70A
JL.Sisingamangaraja,
Jakarta 12110, Indonesia.
T: 62-21-7262-991

Annex office (mailing address):
Sentral Senayan II 5th & 6th Floors
JL Asia Afrika No.8,
Gelora Bung Karno, Senayan,
Jakarta Pusat 10270, Indonesia.
T: +62-21-5797-4460
F: +62-21-5797-4463
E: info@eria.org
www.eria.org